
www.burmeseclassic.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်ပဉ္စမတွဲ

(မေတ္တာသောက ဗျာပါဒ ဝတ္ထုတိုများ)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုမှ အဆက်မပြတ် စီစဉ်ထုတ်ဝေလျက်ရှိသော ဆရာကြီးရွှေဥဒေါင်း၏ (စုံထောက်မောင်စံရှား၊ စုံထောက်ဦးစံရှား ဝတ္ထုတိုများမှအပဖြစ်သော)ဝတ္ထုတိုလက်ရာ အတွဲများ စုစည်းမှုတွင် **"မေတ္တာသောကဗျာပါဒ ဝတ္ထုတိုများ"**ဟု အမှတ်အသားပြုသော ဤစာအုပ်မှာ ပဥ္စမမြောက်စာအုပ်(ပဥ္စမတွဲ) ဖြစ်ပါသည်။

ဝတ္ထုတိုပေါင်းချုပ်ပထမတွဲအဖြစ် **ဂျမဒါကိုကိုကြီးဝတ္ထုများ**၊ ဒုတိယတွဲအဖြစ် **ဇော်ဟိတ်ဝတ္ထုတိုများ**၊ တတိယတွဲအဖြစ် **ဘဝကြမ္မာဆန်းကြယ်ရာဝတ္ထုတိုများ**၊ စတုတ္ထတွဲအဖြစ် **လူ့ရုပ်ပွဲဇာနေ၊ ထူးဆန်းထွေဝတ္ထုတိုများ** ဟူ၍ ထွက်ရှိခဲ့ပြီး ယခင်(၄)တွဲနှင့် ဆက်၍ တစ်မျိုးတည်း ဖတ်ရှုခံစားသိမ်းဆည်းနိုင်ကြမည် ဖြစ်ပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

BURMESE CLASSIC .com

စိတ်ကူးချိုချိုစာအုပ်

# ရွှေဥဒေါင်း

## ဝတ္ထုတိုပေါင်းချုပ်ပဉ္စမတွဲ

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ် (ဝတ္ထုတိုပေါင်းချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဥဒေါင်း ဝတ္ထုတိုပေါင်းချုပ် ပဉ္စမတွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၁၀၆၀၆ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၉၉၀၆၀၈ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ နိုဝင်ဘာလတွင် တန်ဖိုး ၂၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - တိုမြင့်

# မာတိကာ

၁ – ဂြိုဟ်မွှေတဲ့ငွေ ၁
၂ – အမှိုက်ကစ ပြာသာဒ်မီးလောင် ၃၄
၃ – နိယာမတရား၏ တရားပုံ ၇၂
၄ – မာနကြီး ၈၄
၅ – ဇာတ်လိုက် ၁၀၁
၆ – ကိုယ့်ရှူးကိုယ်ပတ် ၁၁၂
၇ – မသိမကောင်း သိမကောင်း ၁၂၈
၈ – ကြက်တူရွေးနှုတ်သီး ၁၄၈
၉ – ကိုယ်တစ်ကိုယ် ခေါင်းနှစ်လုံး ၁၆၃
၁၀ – ဘုတ္တိုင်း ၁၇၆
၁၁ – ဗိုလ်ပုတက် ၁၉၁
၁၂ – စက္ကူင်း ပတ္တမြားငမောက် ပျောက်ဆုံးသလော ၂၀၃
၁၃ – အမေတို့ အဖေတို့ ၂၂၅
၁၄ – ချစ်ပန်းပွင့် ၂၄၀
၁၅ – အချစ်ကြီးလို့ ၂၈၀
၁၆ – အချစ်ဖိုခနောက်ဆိုင် ၃၀၇
၁၇ – ဖူးစာရေးလင်းနို့ ၃၂၈
၁၈ – အောင်သွယ်ကောင်းသောဆိတ် ၃၄၀
၁၉ – လင်မယားသဘာဝ ၃၆၈
၂၀ – သံပရာတစ်ခြမ်း ၃၈၀
၂၁ – ကျုပ်လူထူး ၄၀၀
၂၂ – လူ့အဝတ် တောင်းအကွပ် ၄၁၈

www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်မွှေတဲ့ငွေ

( ၁ )

လောကီမှုဆိုင်ရာ ပညာရပ်၌ အောက်ကျနောက်ကျရှိနေကြသော လူမျိုးများသည် အနောက်တိုင်းနိုင်ငံများ၌ ပေါ်ပေါက်သော မဂ္ဂဇင်း၊ သတင်းစာ၊ ဘိုင်စကုပ်စသည်တို့ကို ကြည့်ရှုခြင်းအားဖြင့် အပျင်းလည်းပြေ၊ ဗဟုသုတလည်း ပွားများကြသည်ဖြစ်ရာ အဆိုပါအလေ့အကျင့်သည် ကောင်းကျိုးသက်သက်ကို သာလျှင် ဖြစ်စေသည်မဟုတ်၊ ရံဖန်ရံခါ အတုမြင်အတတ်သင်ဟူသော စကားအရ မကောင်းသောအပြုအမူကို အတုခိုးခြင်းအားဖြင့် မကောင်းသောအကျိုးကိုလည်း ပေးတတ်လေသည်။ အချို့သောလူဆိုးများသည် မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆောင်ရွက်ရသော် ထိထိရောက်ရောက် ဆိုးသွမ်းနိုင်သော အစွမ်းသတ္တိ မရှိပါဘဲလျက် အင်္ဂလိပ်ဘိုင်စကုပ်များတွင် ပြသသော လူဆိုးများ၏ ပြုမူပုံကို အတုခိုးနည်းယူခြင်းအားဖြင့် ပုလိပ်အရာရှိများ ရုတ်တရက်ဖမ်းဆီးရန် မတတ်နိုင်သော ပြစ်မှုများကို ကျူးလွန်နိုင်ကြသည်ဖြစ်ရာ လွန်ခဲ့သောနှစ်က သုံးပွင့်ဆိုင်အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သည့် ဥသြအမည်ခံသူ လူဆိုးကြီး၏ ပြုမူကျင့်ကြံခဲ့ပုံများသည် အထက်ပါစကား၏ မှန်ကန်ကြောင်းကို လုံလောက်သော ထောက်ခံချက်ကြီးတစ်ခု ဖြစ်စေခဲ့လေသည်။ ဥသြ၏ ပြုမူပုံများမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နှင့် မင်္ဂလာဆောင်မည့်ဆဲဆဲရှိနေသော သတို့သမီးထံ ရှေးက အခြားသူတစ်ဦးဦးနှင့် ချစ်ကြိုက်ဖူးသည့် အဖြစ်အပျက်ကို ဖော်ထုတ်၍ ပြောလိုက်မည်ဟု ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း၊ လာဘ်စားသော အရာရှိအားလည်း ၎င်းလာဘ်စားသော အဖြစ်အပျက်ကို အထက်လူကြီးထံ တိုင်တန်းမည်ဟု ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း၊ ရှက်ဖွယ်သော အမှုတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တစ်ခါ မှားယွင်းဖူးသည့် ဂုဏ်သရေရှိလူကြီးလူကောင်း တစ်ယောက်ထံသို့လည်း ထိုအပြုအမူကို လူအများသိအောင် ကြေညာလိုက်မည်ဟူ၍ ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း၊ ငွေညှစ်တတ်လေသည်။ ဥသြသည် ထိုကဲ့သို့ ငွေညှစ်သောအခါ၌ စာဖြင့်ရေးသား၍ စာတိုက်မှ ထည့်တတ်သည်ဖြစ်ရာ ထိုကဲ့သို့ ခြိမ်းခြောက်သောအခါများ၌ အချည်းနှီးသက်သက် ကြွားဝါခြိမ်းခြောက်ခြင်း မဟုတ်၊ ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးဖူးသော စာများကို သက်သေခံ အဖြစ်နှင့် ကိုင်ပြနိုင်သည်ဖြစ်ရာ ထိုသူသည် ဥသြတောင်းဆိုသော ငွေကိုပေးခဲ့ပါလျှင် ၎င်းစာများကို ပေးအပ်လေ့ရှိ၏။ အကယ်၍ ထိုငွေကိုမပေးဘဲ ခေါင်းမာသောသူတို့အား ဥသြသည် မိမိခြိမ်းခြောက်သည့်အတိုင်း အရှက်ကွဲအကျိုးနည်းအောင် ပြုတတ်မြဲ ဖြစ်လေသည်။ အကယ်၍ ကာယကံရှင်သည် တောင်းဆိုသော ငွေကိုမပေးဘဲ ထိုစာကို ပုလိပ်များအား ပြသတိုင်တန်းပါမူလည်း ဥသြဆိုသူမှာ မည်သူမည်ဝါဖြစ်သည်ဟု ပုလိပ်များက တပ်အပ်သေချာ မသိရသောကြောင့် အယ်ဆယ်ရန် မတတ်နိုင်ဘဲ ထိုသူမှာ အရှက်ကွဲမြဲတိုင်း ကွဲရသည်သာလျှင် ဖြစ်လေသည်။ လွန်ခဲ့သောနှစ်က ဤနည်းအားဖြင့် အရှက်ကွဲရသောလူများမှာ ပေါများလှသည်ဖြစ်ရာ အရှက်မကွဲစေလိုသဖြင့် လက်သိပ်ထိုး ငွေပေးရသောသူများမှာလည်း သာ၍ပင် ပေါများလှလေသည်။

ကျွန်ုပ်တို့ ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ မင်္ဂလာဆောင်မည့်ဆဲဆဲ ရှိနေသော သတို့သမီးတစ်ယောက်အကြောင်းနှင့် သက်ဆိုင်၏။ ကျောင်းဆရာမ မခင်မြိုင်သည် မြေပိုင်ရှင်သူဌေးဦးထွန်းကျော်၏သား မောင်ညွန့်ဖူးနှင့် လက်ထပ်ရန် ဖိတ်စာများ ရိုက်နှိပ်ပြီး ဖြစ်၏။ မင်္ဂလာမဆောင်မီ ၃ ရက်ခန့်တွင် ဆရာမ မခင်မြိုင်သည် ဥသြထံမှ စာတစ်စောင်ရရှိ၏။ ၎င်းစာ၌ မခင်မြိုင်နှင့် ကျောင်းဆရာ မောင်ကျော်မြင့်တို့ ချစ်ကြိုက်ဖူးသည့် အတ္ထုပ္ပတ္တိကို စုံလင်စွာ သိကြောင်း၊ မခင်မြိုင်က မောင်ကျော်မြင့်ထံ ရေးသားဖူးသော စာနှစ်စောင်မှာ ဥသြ၏လက်၌ရှိကြောင်း၊ တစ်စောင်သောစာမှာ မခင်မြိုင်က မိမိအား လာရောက်ခိုးယူရန် တိုက်တွန်းပူဆာသောစာဖြစ်ကြောင်း၊ မခင်မြိုင်သည် ဥသြ၏စာကို ရပြီးနောက် ၄၈ နာရီအတွင်း ငွေ ၁၀၀၀ိ ပေးပို့ရမည်ဖြစ်ကြောင်း၊ အကယ်၍ မပေးမပို့ဘဲ ရှိနေခဲ့လျှင် ဥသြသည် ၎င်းစာနှစ်စောင်ကို မောင်ညွန့်ဖူးထံသို့ ပေးပို့လိုက်မည်ဖြစ်ကြောင်းနှင့် ပါရှိလေသည်။

မခင်မြိုင်သည် ဥသြ၏စာကို ရပြီးနောက် ၂၄ နာရီအတွင်းတွင် ကြည့်မြင်တိုင် ဘောတံတားမှ ခုန်ဆင်းသေဆုံးခဲ့ရာ ၎င်းသေဆုံးသည့်အဖြစ်အပျက်ကို သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည် မှန်သော်လည်း သေဆုံး



သည့် အကြောင်းရင်းကိုမူ သတင်းထောက်များကိုယ်တိုင် မသိရသောကြောင့်လည်းကောင်း၊ မခင်မြိုင်၏ မိဘဆွေမျိုးများက သိဂှက်၍ ထားသောကြောင့်လည်းကောင်း မဖော်ပြဘဲ ထားခဲ့ကြလေသည်။

ဆရာမ မခင်မြိုင်သေဆုံးပြီးသည်နောက် ၆ လခန့်အတွင်းတွင် မြေပိုင်ရှင် ဦးထွန်းကျော်၏သား မောင်ညွန့်ဖူးသည် အတွင်းဝန်ကြီး၏ ရုံးစာရေးကြီး ဦးတိုက်စိုး၏သမီး မစိန်ရီနှင့် ချစ်ခင်စုံမက်ကြသဖြင့် ဝါကျွတ်သောအခါတွင် လက်ထပ်ရန် စီမံပြီးဖြစ်၏။ ကျွန်ုပ်တို့ ရေးသားဖော်ပြသောအခါသည်ကား သီတင်းကျွတ်လဆန်းစဖြစ်၍ မောင်ညွန့်ဖူးနှင့် မစိန်ရီတို့ မင်္ဂလာဆောင်နှင်းရန် အချိန်နီးကပ်ခဲ့လေပြီ။ ထိုအတောအတွင်း၌ မောင်ညွန့်ဖူးသည် ဥသြထံမှ စာတစ်စောင် ရရှိလေ၏။ ၎င်းစာမှာကား–

မစိန်ရီနှင့် လက်ထပ်ခဲ့လျှင် ရှိသမျှပစ္စည်း ဆုံးရှုံးစေမည်။

ဥသြ

မောင်ညွန့်ဖူးမှာ မြေပိုင်ရှင် သူဌေးဦးထွန်းကျော်နှင့် မိခင်ဒေါ်အေးမေတို့ သေဆုံးပြီးနောက် နှမ မတင်မေနှင့်အတူ ရန်ကုန်မြို့ ၅၂ လမ်းတွင် နေထိုင်လျက်ရှိရာ အမွေရရှိသော လယ်မြေများကို ကိုယ်တိုင်အုပ်ချုပ် လုပ်ကိုင်ခြင်းငှာ ဝါသနာမပါသည်ဖြစ်သောကြောင့် အများအားဖြင့် ရောင်းချ၍ တစ်သိန်းကျော်မျှသော ငွေများကို အင်ပီရီယယ်ဘဏ်တိုက်၌ အပ်နှံထားခဲ့လေသည်။ ဥသြခြိမ်းခြောက်သည့်အတိုင်း 'ရှိသမျှပစ္စည်း ဆုံးရှုံးစေမည်' ဆိုရာ၌ ရောင်းချသော လယ်ကေး ၁နည်းငယ်မျှနှင့် ဘဏ်တိုက်တွင် အပ်နှံထားသော ငွေတစ်သိန်းကျော်ကို ဆိုလိုဟန်လက္ခဏာ ရှိလေသည်။

မောင်ညွန့်ဖူးနှင့် မတင်မေတို့မှာ အထူးသဖြင့် ချစ်ခင်ကြင်နာကြသော မောင်နှမ ဖြစ်လေရကား မိဘနှစ်ပါးပင် သေဆုံးငြားသော်လည်း ပစ္စည်းများကို ခွဲဝေခြင်းမပြုဘဲ မောင်ညွန့်ဖူးကပင် အုပ်ချုပ်ထိန်းသိမ်းလျက် ရှိ၏။ မောင်နှမနှစ်ယောက်လုံးတို့မှာ ဖြူစင်ထွားကျိုင်း၍ အထူးသဖြင့် လှရည်သန့်သော ရုပ်လက္ခဏာ ရှိကြသည်ဖြစ်ရာ အသက်မှာ ၂၅ နှစ်သားနှင့် ၁၈ နှစ်သမီး ဖြစ်ကြလေသည်။ ယင်းကဲ့သို့ အသက်ချင်း ကွာခြားသည့် အတွက်ကြောင့်လည်း နှမ မတင်မေသည် မောင်ညွန့်ဖူးအား မောင်မျှမက ဖခင်ကဲ့သို့ပင် ယုံကြည်အားထားသည်ဖြစ်၍ အမွေခွဲဝေခြင်းမပြုဘဲ တစ်ဦးတည်းအမည်နှင့် ဘဏ်တွင် အပ်နှံထားခဲ့ခြင်း ဖြစ်လေသည်။

မောင်ညွန့်ဖူးသည် ဥသြ၏စာကို ရပြီးနောက် နှမ မတင်မေနှင့် လည်းကောင်း၊ ရည်းစားမစိန်ရီနှင့်လည်းကောင်း တိုင်ပင်ပြီးလျှင် မိမိနှင့် ကျောင်းနေဘက်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်ခဲ့ဖူးသော စုံထောက် အင်စပိတ်တော် မောင်ထွန်းအုံအား အဖြစ်အပျက်ကို ပြောဆိုတိုင်တန်းရန် ဆုံးဖြတ်ကြလေ၏။ သို့ဖြစ်သောကြောင့် သီတင်းကျွတ်လဆန်း ၈ ရက်နေ့ည ၉ နာရီခွဲခန့်တွင် မောင်ညွန့်ဖူးနှင့် မစိန်ရီ၊ မတင်မေတို့သည် ဘိုင်စကုပ်မှအပြန် လွှစ္စလမ်း*၌ နေထိုင်သူ စုံထောက် အင်စပိတ်တော် မောင်ထွန်းအုံ၏ နေအိမ်သို့ ကားတစ်စီးနှင့် ဆိုက်ရောက်လာကြလေ၏။

( ၂ )

စုံထောက် အင်စပိတ်တော်မောင်ထွန်းအုံမှာ ပုလိပ်အမှုထမ်းရိုးရာဖြစ်သည့်အလျောက် အင်္ဂလိပ်ကျောင်းမှ ထွက်သောအခါတွင် မန္တလေးမြို့ဆပ်ကျောင်း၌ ပုလိပ်အတတ်ကို သင်ပြီးနောက် စုံထောက်ဘက်သို့ ကူးပြောင်းအမှုထမ်းရွက်ခဲ့လေသည်။ ထိုသူမှာ သာမညစုံထောက်များထက် ထက်မြက်သောအရည်အချင်းနှင့် ပြည့်စုံသည်ဟု အထက်အရာရှိများက အံ့ယူရှိသည့်အလျောက် နှစ်ပေါင်းများစွာ မကြာမြင့်မီကပင် အင်စပိတ်တော် ရာထူးသို့ တိုးတက်ချီးမြှင့်ခြင်းခံရသည်ဖြစ်ရာ ခက်ခဲနက်နဲသော အမှုများပေါ်ပေါက်သည့်အခါတိုင်း အထက်အရာရှိကြီးများသည် မောင်ထွန်းအုံသို့ လွှဲအပ်စေခိုင်းတတ်ကြလေသည်။

မောင်ထွန်းအုံသည် မောင်ညွန့်ဖူးနှင့် ကျောင်းနေဘက်သူငယ်ချင်းဖြစ်ဖူးရုံမျှမက အထူးသဖြင့်လည်း ချစ်ကျွမ်းဝင်ခဲ့ကြသည်ဖြစ်သောကြောင့် ကျောင်းပိတ်သောရက်များတွင် မောင်ညွန့်ဖူး၏ မိဘများရှိစဉ်က ၎င်းတို့၏နေအိမ်သို့ ညဥ့်အိပ်ညဥ့်နေ သွားရောက်တည်းခို စားသောက်နေထိုင်ခဲ့ဖူးသည်ဖြစ်ရကား မတင်မေနှင့်လည်း ငယ်ရွယ်စဉ်ကပင် သိကျွမ်းခဲ့ကြလေသည်။

ထိုညဥ့်၌ မောင်ထွန်းအုံသည် ရှိုင်ယယ်ဟိုတယ်မှ ဘိလိယက်ကစား၍ ပြန်လာပြီး နောက် ၇-ရက်တစ်ပတ် ဒိုင်ယာရီကို စိစဉ်ရေးသားလျက်ရှိစဉ် ညွှန့်သည်သုံးယောက်တို့သည် တိုက်ပေါ်သို့ တက်လာကြလေ၏။ သူငယ်ချင်းနှစ်ယောက်တို့မှာ တစ်မြို့တည်း၌ အတူနေဖြစ်သော်လည်း အလုပ်အကိုင်ချင်းလည်း မတူ၊ အပေါင်းအသင်းချင်းလည်းမတူသည် ဖြစ်သောကြောင့် မတွေ့ဆုံကြသည်မှာ အတန်ကြာလေပြီ ဖြစ်ရကား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလေ၏။ ၎င်းနောက် မောင်ညွန့်ဖူးက မိမိရည်းစား မစိန်ရီနှင့် အသိအကျွမ်းဖွဲ့ပေး၍ နမ မတင်မေကို ပြသောအခါ မောင်ထွန်းအုံသည် အံ့အားသင့်လျက်ရှိ၏။ အကြောင်းသော်ကား မတင်မေကို နောက်ဆုံးတွေ့မြင်ရသောအခါက ဤမိန်းကလေးမှာ

---

* - ဆိပ်ကမ်းသာလမ်း



ကလန်ကလားနှင့် အချိုးအစားမကျသော သူငယ်မကလေးမျှဖြစ်လေရာ ယခုအခါ၌မူကား လုံးကြီးပေါက်လှနှင့် ကြည်ရွှင်သောမျက်နှာထားရှိလျက် ချစ်ခင်ဖွယ်ကောင်းလှသော မိန်းမပျိုတစ်ယောက် ဖြစ်လာသည်ကို တွေ့မြင်ရပေသောကြောင့်ပေတည်း။ မစိန်ရီ၏ရုပ်အဆင်းမှာမူ ဆိုဖွယ်မရှိတော့ချေ။ မောင်ထွန်းအုံသည် မောင်ညွန့်ဖူးနှင့် လက်ထပ်မည့်ဆဲဆဲရှိသော ဆရာမ မခင်မြိုင်ကို မြင်ဖူးသဖြင့် သူငယ်ချင်းအား "တယ်ကံကောင်းတဲ့ လူတစ်ယောက်ပဲဗျာ" ဟု ချီးမွမ်းဖူးရာ ယခုမှာကား "အထူးကံကောင်းတဲ့ လူတစ်ယောက်ပဲဗျို့" ဟူ၍ ချီးမွမ်းမိပြန်၏။

ထွေရာလေးပါးစကားတို့ကို ရယ်မောပြောဆိုကြသဖြင့် မောင်ထွန်းအုံနှင့်မိန်းကလေးနှစ်ယောက်တို့မှာ အတော်အတန် မိတ်ကျွမ်းတဝင်ရှိလာကြသောအခါတွင် မောင်ညွန့်ဖူးသည် တစ်ခုသောစကားလက်စသတ်ပြီးသည်အဆုံး၌ ဥညြထံမှ ရသောစာအကြောင်းကို ပြောပြလေ၏။ ထိုအခါ မောင်ထွန်းအုံက မိမိသည် သုံးပွင့်ဆိုင်အသင်း၏ခေါင်းဆောင် ဥညြသတင်းကို ကြားရဖူးသော်လည်း ၎င်း၏အမှုနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ စုံထောက်ရသည့် အခွင့်အရေး မကြုံကြိုက်ခဲ့ကြောင်း၊ ဥညြဆိုသူမှာ သာမညလူဆိုးတစ်ယောက်မဟုတ်၊ အင်္ဂလိပ်စာကောင်းစွာ တတ်ကျွမ်း၍ အနောက်နိုင်ငံရှိ လူဆိုးအသင်းများ၏ အတ္ထုပ္ပတ္တိကို အင်္ဂလိပ်စာအုပ်များ၌ ဖတ်ရှုပြီးလျှင် ကျနအောင် နည်းယူထားသော လူတစ်ယောက်ဖြစ်သည်ဟူ၍လည်း ပုလိပ်ဘက်၌ သတင်းဖြစ်ပွားနေကြောင်း၊ မိမိမှာ နက်နဲခက်ခဲသော အမှုများကို စုံထောက်ခြင်း၌ အထူးပင်ဝါသနာပါသည်ဖြစ်သောကြောင့် မိတ်ဆွေတစ်ယောက်၏ကိစ္စကို ဆောင်ရွက်ရင်း ယခုကဲ့သို့ ဥညြကို ဖြေရှာခွင့်အခွင့်ပေါ်ပေါက်လာသည်ကို အထူးပင်ဝမ်းမြောက်ကြောင်း၊ မိမိ၌ ထက်မြက်သောဉာဏ်ရှိသည်ဟု အထက်လူကြီးများ ချီးမွမ်းကြသည့်အတိုင်း ချီးမွမ်းခြင်း ခံထိုက်သူဖြစ်ပါလျှင် ဥညြသည် မည်သူမည်ဝါဖြစ်သည်ကို ပေါ်ပေါက်အောင် စုံထောက်ပေးမည်ဖြစ်ကြောင်း၊ မစိန်ရီနှင့် လက်ထပ်ဖို့ကိစ္စမှာမူ အနည်းငယ်မျှ ဆိုင်းတွဲ့ခြင်းမရှိဘဲ ဆောင်နှင်းမြဲတိုင်း ဆောင်နှင်း ကြဖို့ အကြောင်းနှင့် ပြောပြလေ၏။

မောင်ညွန့်ဖူးကလည်း ဤကိစ္စနှင့်ပတ်သက်၍ ကုန်ကျသမျှ စရိတ်ငွေကိုမိမိက တာဝန်ခံပါမည်အကြောင်းနှင့် ကတိထားရာတွင် မောင်ထွန်းအုံက ဥညြနှင့်ပတ်သက်၍ နောင်ဖြစ်ပျက်သမျှသော အကြောင်းအရာကို မိမိထံ မဆိုင်းလင့်ဘဲ ချက်ချင်းသတင်းပေးပို့ ပါရန် အကြောင်းနှင့် သတိပေးလေ၏။ ၎င်းနောက် ညွှန့်သည်သုံးယောက်တို့သည် အချိန်လင့်ပြီဖြစ်သောကြောင့် မောင်ထွန်းအုံအား နှုတ်ဆက်၍ တိုက်ပေါ်မှဆင်းလာကြလေရာ မောင်ထွန်းအုံလည်း ဆိုက်အောက်သို့ရောက်အောင် လိုက်၍ပို့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ညွန့်ဖူးတို့၏ကား ထွက်သွားပြီးနောက် မောင်ထွန်းအုံသည် တိုက်ရှေ့တွင်ရပ်ကာ ကားကို ငေးမျှော်လျက် ကြည့်နေရာမှ ရုတ်တရက်တိုက်ဖက်သို့ လှည့်လိုက်သည်တွင် ခရီးသွားတစ်ယောက်နှင့်တိုက်မိလေ၏။ မောင်ထွန်းအုံက မိမိငေးသည့်အတွက်ကြောင့် တိုက်မိခြင်းဖြစ်၍ ယဉ်ကျေးသောသူတို့၏ ထုံးစံအတိုင်း တောင်းပန်စကား ပြောကြားမည် ပြုရာတွင် ထိုသူသည် အနည်းငယ်မျှ ရပ်တန့်ဆိုင်းလင့်ခြင်းမပြုဘဲ အရေးကြီးလှသော ကိစ္စရှိသည့်လက္ခဏာနှင့် ခပ်သုတ်သုတ် လျှောက်သွားလေ၏။

ငင်းနောက် မောင်ထွန်းအုံသည် တိုက်ပေါ်သို့တက်လာ၍ အိပ်ရာသို့ ဝင်မည်ဟု ရှပ်အင်္ကျီကို ချွတ်ရာတွင် ရှပ်အင်္ကျီအိတ်ထဲ၌ ခုလုနေသော အရာတစ်ခုကို စမ်းမိလေ၏။ မောင်ထွန်းအုံသည် ထိုအရာကို အင်္ကျီမှ နှိုက်ယူ၍ကြည့်သောအခါ ဂျပန်ဆိုင်၌ရောင်းသော ကျွဲကော်ရုပ်ကလေးတစ်ရုပ်ဖြစ်ကြောင်း တွေ့ရသဖြင့် အံ့ဩလျက်ရှိရာမှ အရုပ်ငယ်၏ ခါးတွင် ပတ်ထားသော စက္ကူရွက်ကို ဖြေကြည့်ရာ အောက်ပါစာကို တွေ့ရလေ၏။

'မဆိုင်သူ ဝင်မစွက်နှင့်'

မောင်ထွန်းအုံသည် ထိုစာကို မြင်ရသောအခါ လက်မှတ်ပင်မပါသော်လည်း ဥညြထံမှ စာဖြစ်ကြောင်း ရိပ်မိသော်လည်း မည်သည့်နည်းနှင့် မိမိအိတ်ထဲသို့ ရောက်နေသည့်အကြောင်းကို ရုတ်တရက်မတွေးနိုင်သောကြောင့် အံ့အားသင့်လျက်ရှိနေ၏။ ထို့နောက်မှ တိုက်ရှေ့တွင် လူတစ်ယောက်နှင့် တိုက်မိသည့်အဖြစ်ကို သတိရ၍ ဥညြဆိုသူသည် နာမည်ကြီးသလောက် ရဲရင့်သောသတ္တိရှိ၍ မနှောင့်မနေး မဆိုင်းမတွဘဲ တွင်ကျယ်အောင် အလုပ်လုပ်မည့် ပုဂ္ဂိုလ်တစ်ဦးပေတကားဟု စိတ်၌ချီးမွမ်းမိလေ၏။

( ၃ )

သီတင်းကျွတ်လဆုတ် ၅ ရက်နေ့သည်ကား မောင်ညွန့်ဖူးနှင့် အတွင်းဝန်ရုံး စာရေးကြီးဦးတိုက်စိုး၏သမီး မစိန်ရီတို့ မင်္ဂလာဆောင်နှင်းမည့်နေ့ဖြစ်လေရာ နံနက် ၁၁ နာရီအချိန်ခန့်တွင် ဦးတိုက်စိုးနေထိုင်ရာဖြစ်သော ကရိလမ်း*၌ မော်တော်ကားများ ရှုပ်ထွေးလျက်ရှိနေ၏။ ၁၂ နာရီအချိန်တွင် အထက်တန်းမြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း ပုဏ္ဏားများကို ပင့်ဖိတ်၍ လက်ထပ်မင်္ဂလာအခမ်းအနားကျင်းပရန်ဖြစ်၏။

---

* – ဗိုလ်မြတ်ထွန်းလမ်း



ယောကျ်ားဧည့်ပရိသတ်များကို အိမ်ရှေ့ရှိ မဏ္ဍပ်ကြီး၌ ဧည့်ခံ၍ မိန်းမပရိသတ်များကိုမူ အိမ်အောက်ထပ်၌ ဧည့်ခံလေ၏။ ၁၁ နာရီခွဲအချိန်ခန့်တွင် သတို့သားသည် အိမ်ပေါ်သို့ တက်သွားလေရာ ၁၂ နာရီထိုးသဖြင့် ပုဏ္ဏားများနှင့် လက်ထပ်ခြင်းအခမ်းအနား ကျင်းပမည်ပြုရာတွင် သတို့သားလည်း မရှိတော့ချေ။ ဧည့်သည်များလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွား၍ နေအိမ်အထက်ထပ်၊ အောက်ထပ်၌ အနှံ့အပြား ရှာဖွေကြပါသော်လည်း သတို့သား၏ အစအနကိုမျှ မမြင်ကြရချေ။ ဧည့်သည်တစ်ယောက်ကမူ ၁၁ နာရီခွဲ အချိန်ခန့်တွင် သတို့သား အိမ်ပေါ်သို့ တက်သွားသည်ကို သတိပြုမိကြောင်းနှင့် ပြောဆိုသဖြင့် အများ သိကြရ၏။ ငင်းမင်္ဂလာဆောင်၌ အင်စပိတ်တော် မောင်ထွန်းအုံလည်း ရှိနေသည် ဖြစ်ရာ ဤသည်ကား ဥညြ၏လက်ချက်ပေတည်းဟု တွေးထင်မိသဖြင့် သူငယ်ချင်းအတွက် များစွာစိုးရိမ်ခြင်းဖြစ်၏။ ဧည့်သည်တို့လည်း နာရီဝက်မျှ ကြာသည့်တိုင်အောင် စောင့်ဆိုင်းနေကြပြီးနောက် သတို့သားသည် နောက်ဆုံးအချိန်တွင်မှ စိတ်ပြောင်းလဲခြင်းဖြစ်၍ တိမ်းရှောင်သွားခြင်း ဖြစ်ချေသည်ဟု တွေးတောကြပြီးလျှင် အသီးအသီး အိမ်သို့ပြန်ကြလေ၏။ ဥညြ၏ လက်ချက်ဖြစ်မည်ဟု တွေးတောမိသူများကား မောင်ထွန်းအုံ၊ မတင်မေနှင့် မစိန်ရီတို့သာလျှင် ဖြစ်လေသည်။ အခြားဧည့်သည်များ ပြန်သွားကြသော်လည်း မောင်ထွန်းအုံသည် တစ်ယောက်တည်း ချန်လှပ်၍ နေရစ်ပြီးလျှင် မိန်းကလေးနှစ်ယောက်တို့အား မိမိ၏ ထင်မြင်ချက်ကို ပြောပြ၍ သူငယ်ချင်းမောင်ညွန့်ဖူးကို ပြန်၍မတွေ့သမျှ ကာလပတ်လုံး မအိပ်မနေ နေ့ရောညဉ့်ပါ ကြိုးစား၍ စုံထောက်ပါမည်အကြောင်းနှင့် ဝန်ခံကတိထားပြီး မှ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် အထက်အရာရှိကြီးအား မောင်ညွန့်ဖူး ပျောက်ဆုံးရခြင်းမှာ သုံးပွင့်ဆိုင်အသင်း၏ လက်ချက်ဖြစ်ကြောင်းနှင့်တကွ အဖြစ်အပျက်ကို ရှေလည်အောင် ပြောပြပြီးလျှင် ထိုအမှုအတွက် မိမိအား လွှဲအပ်ရန် အခွင့်တောင်းလေရာ အထက်လူကြီးသည် တောင်းဆိုသည့်အတိုင်း ခွင့်ပြုလိုက်လေ၏။

( ၄ )

နောက်တစ်နေ့ညနေ၌ မစိန်ရီသည် အင်စပိတ်တော် မောင်ထွန်းအုံ၏ နေအိမ်သို့ လာရောက်၍ မိမိ၏သားရေအိတ်အတွင်းမှတွေ့သော စိန်နားကပ်တစ်ရန်ကို ပြလေ၏။ စိန်နားကပ်မှာ တစ်ဖက်လျှင် ရတီချိန် ၂၀ ခန့်မျှရှိ၍ ပထမတန်းစိန်ဖြင့် ပြုလုပ်ထားသည် ဖြစ်သောကြောင့် သူဌေးတစ်ဦးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တင်သလိုက်သော ခန်းဝင်ပစ္စည်းဖြစ်လောက်ပေသည်။ စင်စစ်မှာ မောင်ညွန့်ဖူးသည် သတို့သမီးမစိန်ရီအား မည်သည့်ပစ္စည်း တင်သမည်ဟူ၍ ဝန်ခံဖူးခြင်းမရှိ၊ မစိန်ရီတို့ သားအဖကလည်း မည်ရွေ့မည်မျှ တင်သရမည်ဟူ၍ တောင်းဆိုခြင်းလည်းမရှိဖူးချေ။ သို့ရာတွင် မောင်ညွန့်ဖူး၏ ရက်ရောသောသဘောကို သိကြပြီးဖြစ်သောကြောင့် 'မရိုင်းပေဘူး' ဟု အောက်မေ့ကာ မင်္ဂလာဆောင်သောနေ့၌ အဖိုးတန်ပစ္စည်း တစ်စုံတစ်ခု တင်သလိမ့်မည်ဟူ၍ အားလုံးကပင် မျှော်လင့်လျက်ရှိကြလေသည်။ သို့ဖြစ်သောကြောင့် ၎င်းစိန်နားကပ်ကြီးမှာ မောင်ညွန့်ဖူးက မစိန်ရီအား ခန်းဝင်ပစ္စည်းအဖြစ်နှင့် တင်သရန် ရည်ရွယ်ဟန် လက္ခဏာရှိလေရာ မောင်ညွန့်ဖူးသည် ထိုနေ့က သုံးပွင့်ဆိုင်အသင်း၏လက်သို့ ရောက်မည့်ဆဲဆဲတွင် မိမိ၏ အိမ်တွင်း၌ရှိသော စိန်နားကပ် ကို မစိန်ရီ၏ သားရေသေတ္တာအတွင်းသို့ ကမျာကယာ အရေးတကြီးနှင့် ထားခဲ့ရခြင်းဖြစ်သည်ဟု မောင်ထွန်းအုံက တွေးထင်မှတ်ရလေသည်။

မောင်ထွန်းအုံသည် မိမိ၏သူငယ်ချင်း မောင်ညွန့်ဖူးကို မတွေ့မချင်း နေ့ညနေ လိုက်လံစုံထောက်ပါမည်အကြောင်းနှင့် ထပ်လောင်း၍ ဝန်ခံရာတွင် မစိန်ရီသည် အိမ်သို့ ပြန်လာခဲ့လေ၏။

မစိန်ရီပြန်သွားပြီးသည့်နောက် ၁၀ မိနစ်ခန့်အတွင်းတွင် မောင်ထွန်းအုံသည် တယ်လီဖုန်းမှ နှိုးစက်သံ ကြားသည်နှင့် နားထောင်ရာ "မောင်ညွန့်ဖူး စာရေးစားပွဲအထက်ဆုံး အံဆွဲကို ချက်ချင်းသွားပြီး ကြည့်စမ်းပါ" ဟု ပြောသံကို ကြားရလေ၏။ ထိုအသံမှာ မောင်ညွန့်ဖူးအသံနှင့် တူသော်လည်း မောင်ညွန့်ဖူးအသံ ဖြစ်သည်ဟု မောင်ထွန်းအုံက မထင်ချေ။

မောင်ထွန်းအုံသည် တယ်လီဖုန်းကို ချထားပြီးနောက် မောင်ညွန့်ဖူး၏ နေအိမ်ရှိရာ ၅၂ လမ်းသို့ တက္ကစီနှင့် ချက်ချင်းသွားရာ မတင်မေနှင့်တွေ့၍ အကျိုးအကြောင်းကို ပြောပြလေ၏။ မတင်မေလည်း မောင်ညွန့်ဖူး စာကြည့်ခန်းတွင်းရှိ စာရေးစားပွဲကို ပြသဖြင့် မောင်ထွန်းအုံက အထက်ဆုံးအံဆွဲကို ဆွဲကြည့်ရာ သော့ခတ်ထားသည်ကို တွေ့ရ၏။ သော့ကို မေးသော်လည်း မတင်မေမသိချေ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် မတင်မေထံ အခွင့်တောင်းပြီးလျှင် အံဆွဲကို အတင်းဖွင့်ရန် စီမံလေ၏။

လက်နက်ကိရိယာများကို ရှာဖွေငှားရမ်းပြီးနောက် မောင်ထွန်းအုံသည် တူ၊ ဆောက်စသော လက်နက်များနှင့် စားပွဲအံဆွဲကို ရိုက်၍ဖွင့်လေ၏။ အံဆွဲတွင် အံပေါက်ငယ်ဖြစ်အောင် ဆောက်နှင့်နက်မိသည်နှင့်တစ်ပြိုင်နက် အတွင်းမှ မီးခိုးများ ပေါ်ထွက်လာသည်ကို မောင်ထွန်းအုံနှင့် မတင်မေတို့သည် အံ့ဩစွာနှင့်



တွေ့ကြရလေရာ အစေခံတစ်ယောက်အား ရေအင်တုံတစ်ခု ယူခဲ့ရန် မှာထားပြီးနောက် မောင်ထွန်းအုံလည်း ဆက်လက်၍ ဖွင့်ပြန်လေ၏။ အံဆွဲ၌ အပေါက်ကျယ်လာလေလေ မီးခိုးများသည် များသည်ထက်များ ထွက်လာပြန်ရာ မောင်ထွန်းအုံလည်း ဆောက်နှင့်လျင်မြန်စွာ ရိုက်နက်သဖြင့် သော့အိမ်ကျိုးပြီးနောက် အံဆွဲကို ဆွဲလိုက်သောအခါ၌ကား အံဆွဲအတွင်း မီးလောင်၍ ပြာကျနေသော စက္ကူများကို တွေ့ရလေ၏။

စာရွက်များမှာ အားလုံးကျွမ်းနေပြီဖြစ်သောကြောင့် မည်သို့ အရေးကြီးသော စာရွက်များ ဖြစ်သည်ကိုမျှ တွေးထင်ရန် မတတ်နိုင်ဘဲ ရှိနေခဲ့လေ၏။ ထို့နောက် မောင်ထွန်းအုံက ဤစာရွက်များသည် မောင်ညွန့်ဖူး၏ ပစ္စည်း၊ ဘဏ္ဍာနှင့် တစ်နည်းနည်းအားဖြင့် ဆက်သွယ်ခြင်း ရှိရမည်ဟု တွေးတောမိသည်နှင့် မတင်မေအား မောင်ညွန့်ဖူး၏ငွေများ အပ်နှံထားသော ဘဏ်တိုက်ကိုမေးမြန်းရာ မတင်မေက အင်ပီရီယယ်ဘဏ်တိုက်တွင် မောင်ညွန့်ဖူးတစ်ဦးတည်းအမည်နှင့် ငွေတစ်သိန်းကျော်မျှ အပ်နှံထားကြောင်းနှင့် ပြောပြလေ၏။

## ( ၅ )

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် အင်ပီရီယယ်ဘဏ်တိုက်သို့ သွားရောက်၍ ဘဏ်တိုက်မန်နေဂျာ၏ အခန်းသို့ဝင်ပြီးလျှင် ၎င်းဘဏ်တိုက်တွင် မောင်ညွန့်ဖူး၏ငွေ မည်ရွေ့မည်မျှ အပ်နှံထားကြောင်း စုံစမ်းမေးမြန်းရာ မန်နေဂျာက မောင်ညွန့်ဖူးသည် ထိုဘဏ်တွင် ငွေပေါင်း ၁၀၅,၄၈၇ မျှ ယခင်က အပ်နှံထားသော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းတွင် ၃ သောင်းနှစ်ကြိမ်၊ ၄ သောင်းတစ်ကြိမ်၊ စုစုပေါင်း ၃ ကြိမ်မျှ ထုတ်ယူသွားသောကြောင့် ဘဏ်တိုက်၌ လက်ကျန်ငွေ ၅,၄၈၇ မျှသာ ကျန်ရှိကြောင်းနှင့် ရှင်းလင်းပြောပြလေ၏။ မောင်ထွန်းအုံသည် မန်နေဂျာအား မိမိသိလိုသောအရာကို ပြောပြသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် ပြောပြီးနောက် ပြန်လာခဲ့ရာ လမ်းခရီး၌ မောင်ညွန့် ဖူးသည် 'ဥဩ'၏ ခြိမ်းခြောက်သောစာအတွက်ကြောင့် ဘဏ်တိုက်၌ အပ်နှံထားသော ငွေအတွက် စိုးရိမ်သည်ဖြစ်၍ လက်ကျန်အနည်းငယ်မျှသာ ချန်ထားပြီးလျှင် ဘဏ်မှထုတ်ယူ၍ မိမိ၏နေအိမ်တွင် မီးခံသေတ္တာအတွင်း၌ ငွေများကို လုံခြုံစွာ သိုထားခြင်းဖြစ်မည်ဟု တွေးတောမိလေ၏။ သို့ဖြစ်၍ မောင်ထွန်းအုံသည် မောင်ညွန့်ဖူး၏နေအိမ်သို့ သွားပြီးလျှင် မတင်မေအား အဖြစ်အပျက်ကို ပြောပြ၍ မီးခံသေတ္တာထားသော နေရာကို မေးမြန်းလေ၏။ မီးခံသေတ္တာမှာ မောင်ညွန့်ဖူး၏ အိပ်ခန်းအတွင်း၌ ထားသည်မှန်သော်လည်း သော့ကား မရှိချေ။ မီးခံသေတ္တာကို ဖွင့်ရန်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ယခင်က အံဆွဲကို ဖွင့်ရခြင်းကဲ့သို့ လွယ်ကူသည် မဟုတ်ချေ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် ထိုမီးခံသေတ္တာဝယ်ယူသောတိုက်သို့သွား၍ မီးခံသေတ္တာများ ဖွင့်ခြင်းအတတ်၌ ကျွမ်းကျင်သော အလုပ်သမားတစ်ယောက်ကို ခေါ်ပြီး ၃ နာရီတိုင်တိုင် ဖွင့်ကြသောအခါတွင် မီးခံသေတ္တာကြီး ပွင့်သွားလေ၏။ သို့ပါသော်လည်းသေတ္တာအတွင်း၌ ငွေစက္ကူနှင့်တူသော စက္ကူတစ်ရွက်မျှ မတွေ့ရချေ။ မောင်ထွန်းအုံ၏ ဉာဏ်ထက်မြက်သော မျက်စိများသည် နံရံ၏ဘေးတွင် တည်နေသော မြူများ၏ အခြေအနေကို မြင်သဖြင့် ထိုသေတ္တာအတွင်း၌ စက္ကူအမြောက်အမြား တစ်ဖန်ထုတ်ယူသွားခြင်းဖြစ်ကြောင်းကို ရိပ်မိသိရှိရလေ၏။

( ၆ )

နောက်တစ်နေ့၌ မစိန်ရီ၏ဖခင် ဦးတိုက်စိုးသည် အစိုးရကိစ္စနှင့် ပဲခူးမြို့သို့သွားရောက်စဉ် မစိန်ရီသည် အစေခံများနှင့် နေအိမ်၌ ကျန်ရစ်ခဲ့၏။ ထိုညဉ့်၌ မစိန်ရီသည် ထွေရာလေးပါးတို့ကို စိတ်ကူးမိသဖြင့် ရတ်တရက်အိပ်မပျော်နိုင်ဘဲ သန်းခေါင်ကျော်သောအခါမှ မှေးခနဲ အိပ်ပျော်၍သွား၏။ ထိုသို့ရှိစဉ် အိမ်ရှေ့ဝရန်တာမှ ချောက်ခနဲအသံကြားသည်နှင့် မစိန်ရီသည် အိပ်ရာမှလန့်နိုး၍ ဓာတ်မီးဖွင့်ပြီးလျှင် ပြတင်းပေါက်မှ ဝရန်တာသို့ မျှော်ကြည့်ရာတွင် ပန်းအိုးများအကြား၌ လူတစ်ယောက်ဝပ်နေသည်ကို တွေ့မြင်ရလေ၏။ သို့ပါသော်လည်း သတ္တိကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် ဟစ်အော်ခြင်းမပြုဘဲ အစေခံဦးသာဒွန်းနှင့် ကားမောင်းသမား မောင်ဘသိန်းတို့ ရှိရာအောက်ထပ်သို့ လျင်မြန်စွာ ဆင်းပြေးပြီးလျှင် ၎င်းတို့အား နှိုးခေါ်ပြီးမှ အိမ်ပေါ်သို့ သုံးယောက်သား အတူတက်လာကြလေ၏။ ၎င်းနောက် မစိန်ရီ၏ ညွှန်ကြားချက်အရ ဦးသာဒွန်းနှင့် မောင်ဘသိန်းတို့သည် တုတ်တစ်ချောင်းစီကိုင်လျက် ပြတင်းပေါက်မှ ဝရန်တာဘက်သို့ မျှော်ကြည့်ကြရာ တစ်စုံတစ်ယောက်သော သူကိုမျှ မတွေ့ကြရချေ။ ထိုအခါမှ ရဲရင့်လာကြ၍ ပြတင်းပေါက်ကို ဖွင့်ပြီးလျှင် ဝရန်တာသို့ ထွက်ကြည့်ရာ ၎င်းတို့သည် ဝရန်တာမှ အောက်သို့ငုံ့ကြည့်မိသည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်သည် ဝရန်တာအောက်မှ ထွက်လာ၍ လမ်းဘေးတွင် ရပ်လျက်ရှိသော မော်တော်ကားတစ်စီးပေါ်သို့ တက်သွားသည်ကို တွေ့မြင်ကြရ၏။ ဦးသာဒွန်းနှင့် မောင်ဘသိန်းတို့လည်း အိမ်ပေါ်မှပြေးဆင်း၍ တံခါးကိုဖွင့်ပြီးလျှင် လမ်းဆီသို့ ပြေးသွားကြပါသော်လည်း မော်တော်ကားမှာ ထွက်သွားပြီဖြစ်သောကြောင့် နောက်ဘက်မှ မီးနီကလေးကို အဝေးမှသာလျှင် မြင်လိုက်ကြရလေတော့၏။



နောက်တစ်နေ့၌ မစိန်ရီသည် မောင်ထွန်းအုံ၏နေအိမ်သို့ သွား၍ ယမန်ညဉ့်က အဖြစ်အပျက်ကို ပြောပြလေ၏။ မောင်ထွန်းအုံသည် နေအိမ်သို့ လိုက်လာ၍ စုံစမ်းကြည့်ရာ မစိန်ရီနိုးနေသောကြောင့် ပစ္စည်းတစ်စုံတစ်ရာမျှ ပါမသွားကြောင်း သိရှိရသော်လည်း ထိုညဉ့်က သူခိုးမှာ အခြားသူမဟုတ် ဥဩဆော် သူတစ်ယောက်သော်လည်းကောင်း၊ ဥဩကိုယ်တိုင်သော်လည်းကောင်း ဖြစ်ရမည်ဟု၍ မောင်ထွန်းအုံ တွေးထင်ချက်ရလေ၏။ မစိန်ရီတို့၏ နေအိမ်၌ ရွှေငွေ ပစ္စည်းများစွာ မရှိသောကြောင့် ဥဩသည် ပစ္စည်းအတွက် လာခြင်းမဟုတ်၊ အခြားသော အကြံအစည်တစ်ခုခုနှင့် လာခြင်းဖြစ်ရမည်ဟူ၍လည်း မောင်ထွန်းအုံ တွေးထင်မိလေ၏။

( ၇ )

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် ရုံးမှပြန်လာ၍ အိမ်သို့ရောက်သော အခါတွင် စာတစ်စောင်ကို တွေ့ရှိရလေ၏။ အစေခံအား မေးမြန်းသောအခါ လူတစ်ယောက်လာ၍ ပေးသွားသည်ဟု ပြောပြလေရာ ၎င်းစာမှာ—

*ကိုညွန့်ဖူးအတွက် တိုင်ပင်ရန် ရှိပါသောကြောင့် ယနေ့ညနေ ကျွန်မ၏အိမ်သို့ ခေတ္တလာရောက်စေလိုပါသည်။*

မစိန်ရီ

စာကိုဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် မောင်ထွန်းအုံသည် မစိန်ရီ၏ အိမ်သို့ လန်ချားတစ်စီးနှင့် သွားရောက်လေရာ နေအိမ်သို့ ရောက်သောအခါတွင် မစိန်ရီမှာ ယခုပင် အပြင်သို့ ထွက်သွားကြောင်း၊ သို့ရာတွင် ဦးထွန်းအုံလာလျှင် စောင့်ဆိုင်း၍နေရန် ပြောပါဟု မှာထားခဲ့ကြောင်းနှင့် အစေခံဦးသာဒွန်းက ပြောပြလေ၏။ မောင်ထွန်းအုံသည် ဧည့်ခန်း တွင်ထိုင်လျက်စောင့်ရင်း ဦးသာဒွန်းနှင့် စကားပြောနေလေ၏။ ၁၅ မိနစ်ခန့်ကြာသော်လည်း မစိန်ရီပြန်မလာသေးဘဲ ရှိသည်ဖြင့် မောင်ထွန်းအုံသည် လက်ပတ်နာရီကို တကြည့်ကြည့်နှင့် ရှိနေသည်တွင်–

ဒွန်း။ ။"အင်စပိတ်တော်မင်းက ရုံးကအပြန် တစ်ခါတည်း တန်းလာခဲ့တယ် မှတ်တယ်"

အုံ။ ။"ဟုတ်တယ်"

ဒွန်း။ ။"ဒါဖြင့် အင်စပိတ်တော်မင်း ဆာနေတော့မှာပေါ့၊ နေဦး ကျွန်တော် ကော်ဖီတစ်ခွက် ဖျော်ပေးဦးမယ်"ဟု ပြော၍ ထသွားပြီးလျှင် အတန်ငယ်ကြာသောအခါတွင် ကော်ဖီကရား၊ နို့ပန်းကန်၊ သကြားခွက်နှင့်တကွ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကန်တစ်လုံးပါ လင်ပန်းနှင့် ပြင်ဆင်ယူခဲ့၍ စားပွဲပေါ်၌ တည်ခင်းပေးလေ၏။ မောင်ထွန်းအုံသည် နွားနို့နှင့်သကြားတို့ကို ပန်းကန်တွင် စိတ်တိုင်းကျထည့်ပြီးမှ ကော်ဖီကို ရေလိုလောင်းထည့်လေ၏။ ကော်ဖီကို ဇွန်းနှင့်မွှေပြီးနောက် မောင်ထွန်းအုံသည် သောက်သောအခါတွင် သက်တက်တက်ရှိသည်ဟု မှတ်ထင်မိသော်လည်း ကော်ဖီမှုန့်များသောကြောင့် ဖြစ်သည်ဟု ထင်မှတ်၍ ကုန်အောင် သောက်လိုက်၏။ ၎င်းနောက် ဦးသာဒွန်းနှင့် စကားဆက်လက်၍ ပြောနေရာ မောင်ထွန်းအုံသည် ငိုက်ခနဲ ငိုက်ခနဲ သတိလစ်၍ သွားသလို တစ်ကြိမ်နှစ်ကြိမ် ဖြစ်ပြီးနောက် ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်၍ သွားလေ၏။

( ၈ )

မောင်ထွန်းအုံသည် အိပ်ရာမှ နိုးလာသောအခါတွင် တံခါးကို ပြင်းထန်စွာ ခေါက်နေသော အသံများကို ကြားရလေ၏။ အသံရပ်စဲသောခဏ၌ကား "ဒီအထဲမှာ ဘယ်သူရှိသလဲ" ဟု ငေါက်ငမ်း၍မေးသောအသံကိုလည်း ကြားရ၏။ မောင်ထွန်းအုံမှာ ထိုအသံများကို ကြားရသော်လည်း ဦးခေါင်းကိုလည်း မထူနိုင် မျက်လုံးများကိုမှ ဖွင့်ရန်မတတ်နိုင်ဘဲ အိပ်ရာ၌ လှဲလျက်သာ နေမိ၏။ အပြင်မှလည်း ခေါက်ချည်တစ်ခါ၊ ခေါ်ချည်တစ်လှည့်နှင့် ပြုလုပ်လျက်ရှိရာ မောင်ထွန်းအုံမှာ "ငါ ဘယ်သို့ ရောက်နေလေသနည်း" ဟု မျက်စိမဖွင့်သေးဘဲ စဉ်းစားလျက်ရှိ၏။ ထို့နောက်မှ မိမိ၌ရှိသော ခွန်အားကို အစွမ်းကုန်ညှစ်ထုတ်၍ အိပ်ရာမှ ရုတ်တရက်ထပြီးလျှင် မျက်စိကိုဖွင့်ကြည့်လိုက်ရာ အလွန်ကျဉ်းမြောင်းလှသော အခန်းကလေးတစ်ခန်းအတွင်းရှိ ခုတင်တစ်ခုပေါ်တွင် ရောက်နေကြောင်း တွေ့ရှိလေ၏။ ဓာတ်မီးတစ်ပွင့်သည် အမိုးပေါ်မှ ဆွဲလျက်ရှိရာ မိမိ၏အင်္ကျီမှာ ခုတင်ခြေရင်းတွင်တင်လျက်၊ ဖိနပ်မှာ ခုတင်နံဘေး၌ ချထားသည်ကိုလည်း တွေ့ရှိလေ၏။ ထိုအတောအတွင်း အပြင်မှ "အထဲမှာ ဘယ်သူရှိသလဲ၊ ဖွင့်စမ်းဟေ့"ဟု ဟစ်အော်ကာ မေးလျက်ရှိသဖြင့် မောင်ထွန်းအုံသည် ခုတင်ပေါ်မှထ၍ တံခါးကို ဖွင့်ရန်ကြိုးစားသော်လည်း သော့ခတ်၍ ထားကြောင်း တွေ့ရ၏။

ထိုအခါ အပြင်မှအသံက "တယ်ကြာတယ်၊ အတင်းဖွင့်ဝင်ကြကွာ" အမိန့်ပေးသံကြားရပြီးနောက် ဒုံးဒုံး၊ ဒိုင်းဒိုင်းဟူသော အသံများသည် နားကွဲမတတ် ဆူညံသွားလေရာ မကြာမီအတွင်းတွင် လက်ယှက်ကျိုး၍ တံခါးလည်း ပွင့်သွားလေ၏။ နောက်တစ်ခဏ၌ ပုလိပ်သားလေးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြလေ၏။ မောင်ထွန်းအုံမှာ စုံထောက်ဘက်မှဖြစ်သောကြောင့် ထိ



အင်ဒပိတ်တော်နှင့် ဌာနချင်းမတူသော်လည်း ဝင်လာသော အင်စပိတ်တော်သည် မောင်ထွန်းအုံကို သိသဖြင့် ၎င်းကိုမြင်သောအခါ၌ အံ့အားသင့်လျက်ရှိ၏။

"ဟင်၊ ကိုထွန်းအုံပါကလား၊ ခင်ဗျားဘယ့်နှယ် ဒီရောက်နေသလဲ"

"နေစမ်းပါဦးဗျ၊ ကျုပ် ဘယ်ရောက်နေတာလဲ ပြောပြစမ်းပါဦး"

"ဒီဟာ အလိန်ရဲ့ကစားဝိုင်းဗျ၊ ကျုပ်တို့ လာဖမ်းတာ၊ ခင်ဗျားဘယ့်နှယ် ဒီရောက်နေရသလဲ"

ထိုအခါ အလိန်ဆိုသူ ကစားဝိုင်းရှင် တရုတ်က–

"သူဘယ့်နှယ်ရောက်မလဲ၊ သူဒီမှာ နေတယ်၊ မတတ်နိုင်ဘူး၊ အင်စပိတ်တော်မင်း၊ ကျွန်တော်အားလုံးဖော်ပြောရတော့မယ်" ထိုအခါ မောင်ထွန်းအုံက ရေဘုံဆိုင်းရန်ပြော၍ ရေတစ်ခွက်ကို တောင်းပြီးလျှင် ဦးခေါင်း၊ လည်ကုပ်၊ မျက်နှာသည်တို့ကို ရေဖြင့်ဆွတ်ဖျန်းပြီးမှ–

အုံး ။ "ဘာပြောတယ် ပေါက်ဖော်၊ တစ်ခါပြန်ပြောပါဦး"

သိန်း ။ "ခင်ဗျား ဟန်လုပ်မနေပါနဲ့၊ အစိုးရဖမ်းလျှင် ခင်ဗျားက သတင်းပေးမယ်ဆိုလို့ ခင်ဗျားကိုကျုပ်တို့ လစဉ်ငွေပေးရတယ်မဟုတ်လား၊ အခုတော့ ခင်ဗျားလုပ်တာ ဘာကောင်းသလဲ။ ကျုပ်တို့အားလုံး ဖမ်းကုန်ပြီ"

ထိုအခါ မောင်ထွန်းအုံသည် ဒေါသကြီးစွာနှင့် တရုတ်ကိုလက်သီးနှင့်ထိုးမည်ပြုသည်တွင် ပုလိပ်အရာရှိသည် ပုလိပ်သားများအား တရုတ်ကိုခေါ်သွားစေ၍ တံခါးကိုပိတ်ပြီးမှ နှစ်ယောက်တည်း မေးမြန်းလေ၏။

သိင်း ။ "မှန်မှန်သာပြောပါတော့ မိတ်ဆွေ၊ ဌာနချင်း မတူသော်လည်း အသိအကျွမ်းချင်းဖြစ်လေတော့ တတ်နိုင်သရွေ့ ကျွန်တော်ကူညီပါမယ်"

ထိုအခါ မောင်ထွန်းအုံက တရုတ်ပြောသော စကားများမှာ တစ်ခွန်းမျှမှန်၊ လုပ်ကြံ၍ပြောခြင်းမျှဖြစ်ကြောင်းနှင့် ပြော၍ မိမိသည် ပျောက်ဆုံးနေသူ မောင်ညွန့်ဖူး၏ ရည်းစားနေအိမ်တွင် ကော်ဖီသောက်ပြီးရာမှ အိပ်ပျော်၍သွားကြောင်း၊ နိုးလာသောအခါတွင် ဤနေရာသို့ ရောက်နေသည်ကို တွေ့ရကြောင်းများနှင့် ပြောပြလေ၏။ သို့ပါသော်လည်း ပုလိပ်အရာရှိသည် မောင်ထွန်းအုံ၏ စကားကို ယုံကြည်ဟန်လက္ခဏာမရှိချေ။ မောင်ထွန်းအုံသည် ထိုအကြောင်းကို သိမိသည်နှင့် ပုလိပ်အရာရှိအား အထက်လူကြီးများထံ ဤအိမ်၌မိမိအားတွေ့ရပုံအဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ အစီရင်ခံဖို့အကြောင်း မိမိက အထက်လူကြီးများ ကျေနပ်အောင်ရှင်းလင်း၍ ပြောပြမည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ပုလိပ်အရာရှိသည်လည်း မောင်ထွန်းအုံပြောသည့်အတိုင်း အထက်သို့ အစီရင်ခံလေရာ မောင်ထွန်းအုံသည် မိမိဌာနမှလူကြီးများအား ဟုတ်တိုင်းမှန်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပြရာတွင် လူကြီးများသည် မောင်ထွန်းအုံ၏ ရိုးဖြောင့်သောသဘော ကို သိပြီးဖြစ်သောကြောင့် အလိန်၏စကားကို မယုံကြည်ဘဲ မောင်ထွန်းအုံ၏ စကားကိုသာလျှင် ယုံကြည်သည်ဖြစ်သောကြောင့် အပြစ်မှချမ်းသာရာရလေ၏။

( ၉ )

မောင်ထွန်းအုံသည် မိမိ၏ အဖြစ်အပျက်ကို ပြန်လှန်၍ ဆင်ခြင်သောအခါ တွင် စာရေးကြီးဦးတိုက်စိုးတို့ အိမ်၌နေသော အစေခံဦးသာဒွန်းသည် ထိုနေ့က မိမိအား ကော်ဖီတိုက်ရာတွင် ကော်ဖီ၌ ဆေးခတ်၍ပေးခြင်းဖြစ်ကြောင်း၊ မိမိအိပ် ပျော်သွားသောအခါတွင်မှ ကားပေါ်၌တင်ပြီးလျှင် ကစားဝိုင်းဖမ်းမည့်အိမ်သို့ ယူ ဆောင်သွားခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုခြင်းမှာလည်း မိမိအား နာမည်ပျက်အောင် ညည်ငွယ်လျက်ပြုလုပ်ခြင်းဖြစ်ဟန်တူကြောင်း၊ အကယ်၍ မိမိတွေးသည့်အတိုင်း ဖြစ်ခဲ့လျှင် မိမိအား ပျက်စီးရာပျက်စီးကြောင်း ကြံစည်သောသူသည် ဥသြပင်ဖြစ် ရမည် အကြောင်း စသည်ဖြင့် စဉ်းစားတွေးတောမိ၏။ အကယ်၍ အထက်ပါအ ချက်များ မှန်ခဲ့ပါလျှင် ဥသြဟူသောလူဆိုးသည် ဦးသာဒွန်းသော်လည်းကောင်း၊ တရုတ်အလိန်သော်လည်းကောင်း ဖြစ်ရမည်ဟူ၍လည်း ဆင်ခြင်မိပြန်၏။

သို့ဖြစ်၍ မောင်ထွန်းအုံသည် ဦးသာဒွန်း၏အကြောင်းကို စုံစမ်းမေးမြန်း ရန် မစိန်ရီ၏နေအိမ်သို့ သွားရောက်ရာ ဦးတိုက်စိုးသည် ပဲခူးမှပြန်ရောက်နေနှင့် လေပြီ။ မောင်ထွန်းအုံက ဦးသာဒွန်းရှိပါသလားဟုမေးရာ မစိန်ရီက ဦးသာဒွန်းမှာ ယမန်ညဉ့်ကပင် ထွက်သွား၍ ယခုတိုင်ပြန်မလာသေးကြောင်းနှင့် ပြန်ပြောလေ၏။

အုံ။ ။"မစိန်ရီအာ ကျုပ်ကို မနေ့ညက စာရေးပြီးခေါ်သလား"

ရီ။ ။"မခေါ်ရပါကလားရှင်"

အုံ။ ။(စာတစ်စောင်ကိုအိတ်မှထုတ်၍)"ဒီလက်ရေး မစိန်ရီလက်ရေးမဟုတ် ဘူးလား"

ရီ။ ။(အံ့သြစွာနှင့်)"ဒီစာတော့ ကျွန်မလက်ရေးပဲ၊ သြော် တန်တော့ ကျွန်မ သတိရပြီ၊ ဟိုနေ့က ရှင့်ဆီကို ကျွန်မ စာတစ်စောင်ရေးဖူးတယ်၊ ရေးပြီးမှ ကိုထွန်းအုံလည်း လာမှာပဲလေဆိုပြီး စာကိုမပို့ဘဲ တင်ထားမိတယ်၊ နေပါဦး ဒီစာ ရှင့်ဆီ ဘယ့်နှယ်ရောက်သလဲ"

ထိုအခါ မောင်ထွန်းအုံသည် ယမန်ညဉ့်က မိမိ၏ အဖြစ်အပျက်များကို ပြောပြလေရာ သားအဖနှစ်ယောက်တို့မှာ အံ့သြစွာနှင့် နားထောင်နေကြလေ၏။

စိုး။ ။"တယ်ခက်ကုန်ပါပြီ။ ဥသြကဖြင့် ကျုပ်တို့ကို ကောင်းကောင်းဒုက္ခပေး တော့တာပဲ။ သမက်လောင်းပျောက်လိုပျောက်၊ ကျုပ်မရှိတုန်း အိမ်က်



ဆူခိုးတက်လိုတက်၊ ကျုပ်တို့ကို ကူညီမယ့်မိတ်ဆွေကို နှိပ်စက်လိုနှိပ်စက်၊ တန်း တော့ ဒီဟာတွေဟာ ဦးသာဒွန်းလက်ချက်ချည်းနဲ့ တူတယ်၊ ကြည့်လိုက်တော့ ဦးသာဒွန်းနဲ့မို့ သနားလို့လက်ခံမိပါတယ်ဗျာ၊ သူရောက်တာ ၆ လလောက်ရှိပါ သေးတယ်"

၎င်းနောက် သားအဖနှစ်ယောက်တို့နှင့် မောင်ထွန်းအုံသည် ဥသြဆိုသူမှာ ဦးသာဒွန်းဟုတ်နိုင်၊ မဟုတ်နိုင်ကို တိုင်ပင်ဆွေးနွေးလျက်ရှိကြလေ၏။

မောင်ထွန်းအုံသည် ဦးသာဒွန်းကို ရှာဖွေဖို့ကြိုးစား၍ ကစားဝိုင်းထောင်မှု ဖြစ်နေသော အလိန်အားလည်း ဥသြအကြောင်းနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းပါ သော်လည်း ကျေနပ်လောက်အောင် သတင်းမရချေ။ အလိန်ကမူ မိမိဘာမျှ မသိရ ကြောင်းနှင့် ဘုရားကွယ်လျက် ရှိလေ၏။

( ၁၀ )

အင်းစပိတ်တော် မောင်ထွန်းအုံ၏နေအိမ်မှာ လွှစ္စလမ်းရှိ ၄ ထပ်တိုက် တစ်တိုက်၏ တတိယအထပ်ဖြစ်လေရာ ဦးတိုက်စိုး၏နေအိမ်မှ ပြန်လာပြီးသည့် နောက်တစ်နေ့နံနက်၌ မောင်ထွန်းအုံသည် အိပ်ရာမှထ၍ မျက်နှာသစ်ပြီးနောက် ချက်နှာကို မျက်နှာသုတ်ပဝါနှင့်သုတ်ရင်း လမ်းဘက်သို့ မျှော်ကြည့်သည်တွင် မီးကာအကျီဝတ်လျက် ဦးထုပ်ဆောင်းကာ လမ်းလျှောက်သွားနေသော လူတစ် ယောက်ကိုမြင်သဖြင့် မြင်ဖူးပါသည်ဟူ၍ အောက်မေ့မိ၏။ ၎င်းနောက် သေချာစွာ စိုက်၍ ကြည့်မိခဲ့သောအခါ၌ကား ပျောက်နေသော မိမိ၏သူငယ်ချင်း မောင်ညွန့်ဖူး ဖြစ်သည်ဟု ထင်သည်နှင့် ဟစ်အော်ကာ လက်ခုပ်တီးလျက် ခေါ်သော်လည်း ထိုသူသည် မော်၍မကြည့်ချေ။ မောင်ထွန်းအုံသည် မှန်ပြောင်းကို လှမ်းယူ၍ သေချာစွာ ကြည့်ပြန်ရာတွင် ဦးခေါင်းငုံ့ပုံ၊ လက်ယမ်းပုံ၊ ခြေလှမ်းပုံမှစ၍ မောင်ညွန့် ဖူးအစစ်ဖြစ်ကြောင်းကို ကျမ်းကိုင်၍ပြောဝံ့လောက်အောင် တပ်အပ်သေချာထင်ပြန် သည်နှင့် "ကိုညွန့်ဖူး၊ ကျွန်တော် ဒီမှာဗျို့" ဟု ဟစ်အော်၍ ခေါ်ပြန်၏။ သို့ပါသော် လည်း ထိုသူသည် အခြားဘက်ရှိ တိုက်များကိုသာ မော်ကြည့်ရင်း လျှောက်သွား လေ၏။ မောင်ထွန်းအုံ၏စိတ်ထဲ၌ ထိုသူသည် မိမိက ခေါ်သောအခါ၌ ရှေးက ထက်ပင် လျင်မြန်စွာ လျှောက်သွားသည်ဟု ထင်မိ၏။ ထိုအခါ မောင်ထွန်းအုံ ဟုတ်လျှင်ဟုတ်စေ၊ မဟုတ်လျှင်လည်း သေချာစွာသိရစေဟု အောက်မေ့လျက် ထိုသူနှင့်တွေ့ရန် တိုက်ပေါ်မှ ပြေးဆင်းလာရာ မြေကြီးသို့ရောက်သောအခါတွင် ထိုသူသည် ကားတစ်စီးပေါ်သို့ တက်ဆဲရှိနေ၏။ မောင်ထွန်းအုံ ပြေး၍လိုက် သောအခါ၌ကား မော်တော်ကားသည် အရှိန်ရ၍ ထွက်သွားနှင့်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းအုံမှာ အတွေးခက်လျက်ရှိ၏။ ထိုသူသည် မောင်ညွန့်ဖူးဖြစ်ကြောင်းကိုကား အနည်းငယ် ယုံမှားခြင်းမရှိချေ။ မောင်ညွန့်ဖူးသည် မိမိအားယုံကြည်အားထားသည်မှန်ပါလျက် အိမ်ရှေ့သို့ ရောက်သောအခါမှ မသိဟန်ပြု၍ လျှောက်သွားရုံမျှမက မိမိက လိုက်၍ခေါ်သည်ကိုပင် ရှောင်တိမ်း၍ ထွက်သွားခြင်းမှာ မစဉ်းစားတတ်အောင် ရှိနေရစ်လေ၏။

ထိုနေ့၌ မောင်ထွန်းအုံသည် မတင်မေ၏နေအိမ်သို့ သွားရောက်၍ နံနက်က အဖြစ်အပျက်ကို ပြောပြသောအခါ နှမဖြစ်သူမတင်မေမှာ မောင်ထွန်းအုံကဲ့သို့ပင် အံ့ဩခြင်းဖြစ်သည်မှန်သော်လည်း မိမိ၏မောင်သည် အသက်ရှင်လျက်ရှိ၍ လွတ်လပ်စွာ လမ်းလျှောက်နေနိုင်သည့်အဖြစ်ကို သိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရှာ၏။ ၎င်းနောက် မောင်ထွန်းအုံနှင့် မတင်မေတို့သည် မောင်ညွန့်ဖူး၏အကြောင်းကို ဆက်လက်တိုင်ပင်ပြောဆိုကြစဉ် မောင်ထွန်းအုံသည် ဧည့်ခန်းပြတင်းပေါက်မှ လမ်းဘက်သို့ မျှော်ကြည့်လိုက်သောအခါ၌ မျက်စိစူးသော စုံထောက်အရာရှိတစ်ယောက် ဖြစ်သည့်အတိုင်း လမ်းပေါ်၌ရှိသော လူတစ်ယောက်ကို သတိမကောင်းဖြစ်လာ၏။ ထိုသူသည် မတင်မေရှိရာ အိမ်အပေါ်ထပ်သို့ ရံဖန်ရံခါ မော်ကြည့်လျက် ဆေးပြင်းလိပ်ကို ပါးစပ်တွင်ခဲကာ၊ အကျီအိတ်တွင် လက်နှိုက်၍ အိမ်ရှေ့လမ်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်ကို မောင်ထွန်းအုံသတိပြုမိ၏။ ထိုအခါ မောင်ထွန်းအုံက "မတင်မေ တိုက်ရှေ့ပြတင်းပေါက်နားမကပ်ဘဲ ၁၅ မိနစ်လောက် တိုက်တွင်းမှာ ထိုင်နေရစ်စမ်းပါ၊ ကျုပ်မကြာခင် ပြန်လာခဲ့မယ်" ဟု ပြောပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေ၏။ မတင်မေမှာ မောင်ထွန်းအုံ၏ အကြံအစည်ကို မရိပ်မိသော်လည်း မှာခဲ့သည့်အတိုင်း ပြတင်းပေါက်နားသို့ မကပ်ဘဲ ထိုင်နေရစ်ခဲ့လေ၏။

မောင်ထွန်းအုံသည် တိုက်ပေါ်မှ ဆင်းလာ၍ ထိုသူရှိရာသို့ လျှောက်သွားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် မောင်ထွန်းအုံကိုကျောခိုင်းလျက် ရှေ့မှလျှောက်သွားလေ၏။ မောင်ထွန်းအုံသည်လည်း ထိုသူကိုမီအောင် လိုက်လေရာ အနီးသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် မောင်ထွန်းအုံနှင့် မျက်နှာချင်းမဆိုင်လိုသော သဘောနှင့် မောင်ထွန်းအုံကို ကျောခိုင်းကာ တစ်ဘက်သို့ ကူးသွားလေ၏။ မောင်ထွန်းအုံလည်း တစ်ဘက်သို့ ကူးလိုက်၍–

"ဟေ့ ဘသီ၊ မင်း ဘယ်တုန်းက လွတ်လာသလဲ"

"လူမှားပြီထင်တယ်၊ ကျွန်တော် ဘသီမဟုတ်ပါလား၊ ကျွန်တော့်နာမည် မောင်ဟန်ပါတဲ့"

"မင်း ဘာလုပ်နေတာလဲ"



"မိတ်ဆွေတစ်ယောက် စောင့်နေပါတယ်"

"မင်းမိတ်ဆွေကလည်း လာခဲ့လုချေတကား၊ ကိုင်း သူမလာခင်၊ ငါ နောက် ခဏလိုက်ခဲ့စမ်း၊ ယီးတီးယားတား မလုပ်နဲ့နော်၊ ဟောဒီမှာ ခြောက်လုံးပြူ မြင်ရဲ့လား၊"

"မဟုတ်ပါဘူး၊ ခင်ဗျားမှားပါလိမ့်မယ်။ ကျွန်တော် ဘသီမဟုတ်ရပါဘူး" ဟု ပြောရင်း မောင်ထွန်းအုံမျက်နှာထားကို မြင်သည်နှင့် ဟန်ဆောင်ခြင်းအလုပ်ကို ပက်လျှော့လိုက်၏။ ထို့နောက် "ဘာကိစ္စတုန်းဆရာ၊ ဆရာတို့လူစုက လူတစ်ယောက်သားကို ထောင်ကလွတ်ပြီးနေရင် မကြိုက်ချင်ဘူးမှတ်တယ်၊ ကျွန်တော့်ကို ဘာအပြစ်ရှိလို့ ဆရာ ခေါ်နိုင်သလဲ"

"ဟေ့ မင်းလာမလား၊ မလာဘူးလား"

"လာပါမယ်ခင်ဗျား" ဟုပြော၍ မောင်ထွန်းအုံ၏နောက်မှ လိုက်လာလေ၏၊ သို့ရာတွင် မောင်ထွန်းအုံသည် ထိုသူအား မိမိနောက်မှထား၍ လမ်းလျှောက်ခြင်းကို စိတ်မချသည်နှင့် အတူယှဉ်၍လျှောက်ရန်ပြောလေရာ ဘသီကလည်း ရင်ဘောင်တန်းလျှောက်လေ၏။ ဘသီမှာ အသားနက်ကြုတ်ကြုတ်၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလကောင်းသူတစ်ယောက် ဖြစ်သဖြင့် အတော်ပင် ကြောက်ဖွယ်ရာ ကောင်း၏။

ဘသီသည် မောင်ထွန်းအုံနှင့်အတူလိုက်လာစဉ် ပုလိပ်များနှင့် စုံထောက်များသည် ထောင်ထွက်များကို အပြစ်ရှာ၍ ညှဉ်းလိုကြကြောင်းများကို ညည်းတွားပြောဆိုသည်တွင် "တိမ်စမ်းပါကွယ် ဘသီ" ဟု မောင်ထွန်းအုံက ငေါက်လိုက်သည်နှင့် တိတ်သွားလေ၏။ ၎င်းအချိန်၌ ထိုလမ်းတွင် အတော်ပင် လူပြတ်လျက်ရှိရာ ဘသီသည် မောင်ထွန်းအုံနှင့်အတူ ယှဉ်တွဲလျက်လိုက်သွားစဉ် ဘာမပြောညာမပြောနှင့် ရုတ်တရက် မောင်ထွန်းအုံ၏ဘက်သို့ ဖျတ်ခနဲလှည့်ပြီးနောက် မောင်ထွန်းအုံ၏ ပါးချိတ်ကို လက်သီးနှင့်အားကုန်ကျုံး၍ ကော်သတ်လိုက်လေ၏။ သို့ရာတွင် မောင်ထွန်းအုံသည် ဘသီ၏အကြောင်းကို သိပြီးဖြစ်၍ သတိနှင့်လျှောက်လာခြင်းဖြစ်သောကြောင့် ဦးခေါင်းကို မော့၍ပေးလိုက်ရာ ဘသီ၏လက်သီးသည် လေထဲ၌ ဝီခနဲမြည်လျက် ဗလာလွတ်ထွက်သွားလေ၏။ နောက်တစ်ခဏ၌ မောင်ထွန်းအုံသည် ဘသီ၏ခြေသလုံးကို မိမိ၏ဒူးနှင့်တေးထား၍ လည်ပင်းကို တွန်းလှန်လိုက်ရာ ဘသီသည် မြေပေါ်၌ ပက်လက်လန်လျက် လဲသွားလေ၏။ ဘသီသည် မြေကြီးကို နောက်စေ့နှင့်ရိုက်မိသဖြင့် မူးဝေခြင်းမပျောက်မီပင် မောင်ထွန်းအုံသည် ဘသီ၏လက်များကို လက်ထိပ်ခတ်လျက် ဖြစ်နှင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ဌာနသို့ ရောက်သောအခါတွင်ပုလိပ်များသည် ဘသီ၏ အကျီအိတ်များကို ရှာဖွေရာ ၆ လက်မခန့်ရှိသော မောင်းချဓားကြီးတစ်စင်းကို တွေ့ရှိရလေ၏။ မောင်ထွန်းအုံက ဘသီအား မသင်္ကာမှုနှင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း ပြောပြပြီးလျှင် အမည်ပျက်ဖူးသော လူဆိုးတစ်ယောက်ဖြစ်သဖြင့် တရားသူကြီးက အနည်းဆုံး [illegible]နှစ်မျှ ထောင်ချမည်ဖြစ်သောကြောင့် ထောင်ချမခံလိုလျှင် ဥသြနှင့် ဦးသာဒွန်းတို့၏ ဆက်သွယ်ပုံအကြောင်းကို ပြောပြဖို့ တိုက်တွန်းလေ၏။ သို့ရာတွင် ဘသီမှာ အမှုအခင်းကြုံဖူးသော လူဆိုးတစ်ယောက်ဖြစ်သည်နှင့် "မင်းတို့ တတ်နိုင်လျှင် လုပ်ကြ" ဟူသော အနေမျိုးဖြင့် စကားတစ်ခွန်းမျှ မပြောဘဲ ဆိတ်ဆိတ်နေလေ၏။ အချို့သော ပုလိပ်အရာရှိတို့သည် ဤသို့သောအမှုမျိုး၌ မစင်ရေကိုဖျော်တိုက်ခြင်း၊ ရိုက်နှက်ညှင်းဆဲခြင်း စသည်ဖြင့် ပြုလုပ်စစ်ဆေးကြမည်ဖြစ်ရာ မောင်ထွန်းအုံမှာမူ ထိုသို့ပြုလုပ်ခြင်းကို ဝါသနာမပါသည်နှင့် အားမပေးဘဲနေရာတွင် ဘသီထံမှ တစ်ခုံတစ်ရာမျှ သဲလွန်စမရဘဲ ရှိနေခဲ့လေ၏။

## ( ၁၁ )

ဥသြအမည်ခံသောလူဆိုးမှာ မည်သူပင်ဖြစ်စေ ထိုသူသည် ရန်ကုန်မြို့ဆေါ်ရှိ လူဆိုးလူမိုက်ကြီးများနှင့် ဆက်သွယ်ခြင်းရှိ၍ ဥသြသည် ထိုသူများကို ခိုင်းလိုရာ၌ အသုံးပြုနိုင်ကြောင်းမှာကား ထင်ရှားခဲ့လေပြီ။ စုံထောက်မောင်ထွန်းအုံသည်လည်း ထိုအကြောင်းကို စဉ်းစားမိသည်ဖြစ်၍ နာမည်ကျော်လူဆိုးကြီးများနှင့် တွေ့ဆုံသည့်အခါတိုင်း ဥသြ၏အကြောင်းကို စုံစမ်းမေးမြန်းလေ့ရှိ၏။ အချို့တို့မှာ ဥသြအကြောင်းကို ကြားဖူးသော်လည်း မည်သူမည်ဝါဖြစ်သည် တပ်အပ်သေချာသိဟန်မရှိကြချေ။ အချို့မှာလည်း သိဟန်ရှိလျက်နှင့် ပြောလိုဟန်မရှိ၊ အချို့မှာလည်း ပြောလိုလျက်နှင့် ပြောဝံ့ဟန်မရှိကြောင်း တွေ့ရ၏။ မောင်ထွန်းအုံက ထိုကဲ့သို့ ကြောက်ရွံ့သည့်အတွက်ကြောင့် မပြောဝံ့သော သူများအား ပုလိပ်အရာရှိများက နေ့ရောညဥ့်ပါ ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိထားသော်လည်း ထိုသူတို့က ပုလိပ်သာမက စစ်တပ်ကြီးတစ်တပ်နှင့် ဝိုင်းကာ၍ ထားစေကာမူ ဥသြ၏လက်ချက်မှ လွတ်နိုင်မည်မဟုတ်သောကြောင့် မိမိကိုယ်နှင့်အမျှ ရွှေများကို ချိန်၍ပေးမည်ဆိုစေကာမူ မပြောဝံ့ကြောင်းနှင့် ငြင်းဆန်လျက်ရှိကြ၏။ သို့ဖြစ်သောကြောင့် မောင်ထွန်းအုံမှာ လူဆိုးများ၏ ကူညီခြင်းအားဖြင့် 'ဥသြ'ကို ပေါ်ပေါက်စေသည့် အကြံကို လက်လျှော့၍ ကိုယ်စွမ်းဖြင့်သာလျှင် ပေါ်ပေါက်အောင် စုံထောက်ရန် ဆုံးဖြတ်လိုက်ရ၏။



တစ်ညနေ၌ မောင်ထွန်းအုံသည် ရုံးမှအိမ်သို့အပြန် လမ်းလျှောက်၍လာသည်တွင် အသစ်တည်ဆောက်လျက်ရှိသော တိုက်ကြီးတစ်တိုက်အနီးမှကပ်၍ လျှောက်လာ၏။ တိုက်နံဘေးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အုတ်ခဲတစ်ခဲသည် မောင်ထွန်းအုံ၏ ဦးခေါင်းအနီးမှ သီခနဲကျလာ၍ မြေပေါ်၌ အစိတ်စိတ်အမွှာမွှာ ကြေမွ၍သွားလေ၏။ မောင်ထွန်းအုံသည် အပေါ်သို့မော်ကြည့်သောအခါတွင် တစ်ခုံတစ်ယောက်သောသူကိုမျှ မတွေ့မြင်ရချေ။ သို့ဖြစ်၍ အဆင်သင့်ထောင်ထားသော ဝါးလှေကားမှ တည်ကာစဖြစ်သော တိုက်ပေါ်သို့တက်ပြီးလျှင် ထိုမှ၍မှ ကြည့်ရှုပါသော်လည်း တိုက်သည်အမိုးလည်းမရှိ၊ ကြမ်းလည်းမရှိ၊ နံရံများသာလျှင် ဟင်းလင်းပြင်ဖြစ်လျက် တစ်စုံတစ်ယောက်သောအလုပ်သမားကိုမျှ မတွေ့ရဘဲရှိလေရကား မောင်ထွန်းအုံမှာ 'ဥသြ'သည် မိမိ၏အသက်ကို ထိထိရောက်ရောက် ရန်ရှာချေပြီတကားဟု ရိပ်မိရုံမျှသာလျှင် ရှိလေ၏။ မောင်ထွန်းအုံမှာ စုံထောက်အရာရှိတစ်ယောက်ပင်ဖြစ်သော်လည်း လက်နက်ကိုင်ဆောင်ခြင်းကို ဝါသနာမပါသူတစ်ယောက်ဖြစ်လေရာ ထိုနေ့ကစ၍မူ ခြောက်လုံးပြူးသေနတ်ကို အစဉ်မပြတ် ခါးတွင်ဆောင်ဖို့ သတိပြုခဲ့လေ၏။

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် မိမိ၏အမည်နှင့် စာတိုက်မှလာသော စာများအနက်တွင် အောက်ပါစာတစ်စောင်ကို တွေ့ရှိရလေ၏။

*"ကရုဏာအလျောက် သတိပေးခြင်းဖြစ်ပါသည်။ မောင်ညွန့်ဖူးအမှုမှာ ခင်ဗျားဝင်မရှုပ်ပါနှင့်၊ နောက်ဆုံး မုချသတိပေးခြင်းဖြစ်သည်။ နားမထောင်လျှင် ဒုက္ခရောက်မည် ဆတ်ဆတ်တည်း"*

*ဥသြ*

မောင်ထွန်းအုံသည် ထိုစာကို ရသောအခါ၌ စွန့်စားခြင်းအလုပ်ကို ဝါသနာပါသူတစ်ယောက် ဖြစ်သည့်အတိုင်း နောက်သို့ ဆုတ်မည့်အစား ရှေးကထက်ပင် ပို၍ကြိုးစားအားထုတ်ချေဦးမည်ဟူ၍ သန္နိဋ္ဌာန်ချလိုက်လေ၏။

ထိုနေ့ညနေ၌ မောင်ထွန်းအုံသည် မစိန်ရီ၏အိမ်သို့လည်းကောင်း၊ မတင်အေး၏အိမ်သို့လည်းကောင်း သွားရောက်၍ ဥသြသည် မိမိအားပင် စာဖြင့်ရေးသားခြိမ်းခြောက်ပြန်ကြောင်းနှင့် ပြောဆို၍ ထိုကဲ့သို့ခြိမ်းခြောက်သည့်အတွက်ပင် ရှေးကထက်ပို၍သူငယ်ချင်းအတွက် ကြိုးစားဦးမည်ဖြစ်ကြောင်းများနှင့် မိန်းကလေးများအား ပြောဆိုအားပေးပြီးလျှင် ညရှစ်နာရီအချိန်ခန့်တွင်မှ အိမ်သို့ ပြန်လာခဲ့လေ၏။

လွှစ္စလမ်းရှိ မိမိ၏တိုက်ခန်းသို့ရောက်သောအခါ မိမိ၏အစေခံသူငယ်ကဆိုသူမှာ ဦးခေါင်းတွင် အဝတ်ဖြူကြီး ပတ်စည်းထားသည်ကို တွေ့ရလေ၏။ အကျိုးအကြောင်းကို မေးမြန်းရာတွင် ဘိုးကဲသည် ဦးခေါင်းကိုပြ၍ပြရာ နမ္မးဘူး

www.burmeseclassic.com

www.burmeseclassic.com



သုံးလက်မခန့်ရှိသော ဒဏ်ရာကြီးကို မောင်ထွန်းအုံ တွေ့မြင်ရလေ၏။ မောင်ထွန်းအုံသည် အဖြစ်အပျက်ကို မေးမြန်းသောအခါ၌ ဘိုးကဲက ခုနစ်နာရီထိုးသဖြင့် မီးထွန်းစအချိန်တွင် အခန်းတံခါးကို အပြင်မှခေါက်သံကြားရကြောင်း၊ မိမိက "ဘယ်သူလဲ"ဟု မေးရာတွင် အပြင်မှလူက "ဟေ့အကောင် ဘာလုပ်နေတာလဲ မြန်မြန်ဖွင့်ကွဲ့"ဟု ပြောသဖြင့် မိမိက ဆရာထင်မှတ်၍ဖွင့်ပေးကြောင်း၊ ထိုအခါ လူသုံးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ တစ်ယောက်သောသူက ဆောင်တယ်ထားသော ကြိမ်တုတ်နှင့်မိမိ၏ ဦးခေါင်းကိုရိုက်လိုက်ရာတွင် မူး၍လဲသွားကြောင်း၊ သုံးယောက်အနက် တစ်ယောက်သောသူမှာ ဦးတိုက်စိုး၏ အစေခံဦးသာဖွန်းဖြစ်ကြောင်း မိမိသည် သတိရလာ၍ လဲရာမှထကြည့်လိုက်သောအခါ လူသုံးယောက်မှာ ဆင်းသွားနှင့်ပြီဖြစ်၍ တစ်ခန်းလုံးမှာ စာရွက်များ၊ စာအုပ်များနှင့် ရှုပ်ထွေးလျက်ရှိကြောင်းများနှင့် ပြောပြပြီးလျှင် ကြမ်းပေါ်တွင် ဖရိုဖရဲကြဲပြန့်လျက်ရှိသော မောင်ထွန်းအုံ၏စာရွက်များ၊ စာအုပ်များကို ပြလေ၏။ မောင်ထွန်းအုံက ထိုသူများသည် ဥသြ၏ လူများသော်လည်းကောင်း၊ ဥသြကိုယ်တိုင်သော်လည်းကောင်း ဖြစ်မည်အကြောင်းကို တွေးတောမိသော်လည်း မိမိ၏စာရွက်များ စာအုပ်များကို မည်သည့်အကြံအစည်နှင့် မွှေနှောက်ရှာဖွေကြသည့် အကြောင်းကိုကား မစဉ်းစားတတ်အောင် ရှိလေ၏။ ဥသြသည်ကား တစ်နေ့ထက်တစ်နေ့ အလွန်ရဲရင့်လာသည်ဖြစ်၍ မောင်ထွန်းအုံသည်လည်း စိတ်မာန်ထွက်ပြီးလျှင် အံကြိတ်ကာ အကြံယူလျက်ရှိလေ၏။

( ၁၂ )

တစ်ညသ၌ မောင်ထွန်းအုံသည် ကတ်ကြေးကိုက်ခါးပိုက်နှိုက်မှစ၍ ဓားပြတိုက်မှုတိုင်အောင်ကျူးလွန်ဖွဲ့သော လူဆိုးကြီးများကျက်စားရာဖြစ်သော ဘိန်းခန်းတစ်ခန်းသို့ ရုပ်ဖျက်၍ဝင်သွားပြီးလျှင် ဘိန်းတစ်ကြိတ်ကိုမှာယူ၍ တရုတ်ကလေးတစ်ယောက်ကို ဘိန်းထိုးပေးရန်ခေါ်ပြီးမှ ချောင်ကျသောနေရာတစ်ခုသို့ သွားလေ၏။ မောင်ထွန်းအုံသည် ဘိန်းစားတစ်ယောက်မဟုတ်သော်ငြားလည်း ဟန်ဆောင်ခြင်းအတတ်၌ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ရကား ဘိန်းစားဝါရင့်ကြီးများနှင့် မခြားနားအောင် တရုတ်ကလေးထိုးပေးသော ဘိန်းများကို စတိုင်ကျကျ ရှုလျက်



နေလေ၏။ ဘိန်းစားများသည် ဝါးကိုအလုံးလိုက်ထုရိုက်၍ ရက်လုပ်ထားသော တရုတ်ဖျာများပေါ်၌ အလျားလိုက်ခင်းကာ နှစ်ယောက်တစ်တွဲ ဘိန်းရှုလျက် ရှိကြရာ မောင်ထွန်းအုံ၏အနီး၌ကား မြန်မာသုံးယောက်တို့သည် တစ်ယောက်အခေါင်းကို တစ်ယောက်ခေါင်းအုံးလျက် မီးခွက်ကလေးကို ဝိုင်းဖွဲ့ကာ တစ်ယောက်တစ်လှည့် ဘိန်းရှုလျက် ရှိနေကြလေ၏။ ထိုသူတို့သည် မောင်ထွန်းအုံ ဝင်လာသောအခါ၌ ခေါင်းထောင်၍ကြည့်ကြပြီးနောက် မောင်ထွန်းအုံ၏ ဟောင်းနွမ်းစုတ်ပြတ်၍ ဂိုက်မကျသော အဝတ်အစားများကို မြင်ကြသဖြင့် "တောကနေနဲ့တူပါရဲ့ကွယ်"ဟုပြော၍ ဂရုမစိုက်ဘဲ ဆက်လက်ရှုရှိုက်ကြပြန်လေ၏။ မောင်ထွန်းအုံမှာ ထိုသူများကို ကျောခိုင်းကာအိပ်လျက် တရုတ်ကလေးထိုးပေးသော ဘိန်းများကို ရှိုက်နေသော်လည်း ထိုသူသုံးယောက် ပြောစကားကို နားစိုက်လျက်ရှိလေ၏။

တစ်ယောက်။ ။"အခုတလော သတင်းစာတွေကဖြင့် ဥသြအကြောင်းချည်း ပါကလားဟေ့ သူငယ်ချင်းတို့"

တစ်ယောက်။ ။"စာဖွဲ့မယ်ဆို ဖွဲ့လောက်တဲ့လူတစ်ယောက်ပါပေပဲကွယ်၊ စုံထောက်ကိုထွန်းအုံအိမ်ကိုတောင် တစ်နေ့က တက်ကြတယ်ဆိုပါကလား"

တစ်ယောက်။ ။"ဟေ့ မင်းဘယ်ကကြားသလဲ၊ သတင်းစာထဲမှာလည်း မပါပါဘဲကလား"

တစ်ယောက်။ ။"နေပါဦးကွဲ့၊ ဥသြဆိုတာ တကယ်ရှိသတဲ့လား"

တစ်ယောက်။ ။"ရှိတာပေါ့ကွဲ့"

တစ်ယောက်။ ။"မင်းသိသလား"

တစ်ယောက်။ ။"သိတာပေါ့ကွဲ့"

တစ်ယောက်။ ။"ဘယ်မှာလဲဟေ့ သူငယ်ချင်း"

တစ်ယောက်။ ။"သစ်ပင်ပေါ်မှာလေ နွေကာလတော့ ပေါ်လာလိမ့်မယ်"

တစ်ယောက်။ ။"ငါက ကောင်းကောင်းမေးပါတယ်"

တစ်ယောက်။ ။"ရှိဘိလားသူငယ်ချင်း၊ သူတို့ပုလိပ်တွေ ဥဏ်သွားတယ်ဆိုတာ ဥသြအိပ်နေသလောက် ရှိပေသေးတယ်။ ဒီလူက ဆေးသေးနုပ်နုပ်ကြံတဲ့လူမဟုတ်ဘူးကွဲ့။ တကယ်ချက်ကောင်းမှ ချိုင်တဲ့လူပဲ၊ သူတပည့်တွေဟာလည်း ပြည့်နေတာပဲ။ သက်န်းဝတ်လည်းရှိတယ်၊ ပုလိပ်သားထဲကလည်းရှိတယ်၊ စာရေးစာချီထဲကလည်း ရှိတယ်။ တကယ်လို့ သူတပည့်ထဲက သက်န်းဝတ်ဖို့လိုနေလို့ သက်န်းဝတ်ရတဲ့အကောင်ကျလျှင်လည်း ညတိုင်းကားဝတ်တက်ရတယ်၊ အာပတ်ဖြေရတယ်၊ တစ်ယောက်တည်းနေပကောသို့

www.burmeseclassic.com

www.burmeseclassic.com



စိပ်ပုတီးမစိပ်ဘဲများ မနေနဲ့။ တစ်ခါတုန်းက သူ့တပည့်သင်္ကန်းဝတ်တစ်ယောက်ဟာ ညထွက်ပြီး ခေါက်ဆွဲစားတယ်ကြားတော့ ဥသြက ဆားပိတ်ပြီးလက်သီးနဲ့ ထိုးထားတာ ဆယ်ရက်လုံးလုံး မင့်လူဆေးရုံတက်ယူရသတဲ့။ ဥသြက ဆရာကြီးလုပ်ပြီး တိုက်တစ်တိုက် ငှားနေသတဲ့။ အလှည့်ကျရင်လည်း အားလုံးက သူ့ကို အရိုအသေပေးပြီး ဆရာကြီးခေါ်ရသတဲ့၊ သူက မော်တော်ကားမောင်းတဲ့လူ အလှည့်ဖြစ်စေ၊ သဘော်ကုလီအလုပ်ဖြစ်စေ၊ ဟန်ဆောင်ပြီးလုပ်ဖို့လိုတဲ့အခါကျပြန်လျှင်လည်း ဒီပြင်လူဘယ်သူမှမရှိဘဲ သူတို့အချင်းချင်း စည်းဝေးတဲ့အခါမှာဆောင် သူက အရိုအသေပေးပြီးစကားပြောတယ်။ ကုန်ကုန်ပြောမယ်ကွယ်၊ သူက သင်္ကန်းဝတ်ပေးတဲ့ သူ့တပည့်ရဟန်းတုကိုတောင် သူက နှစ်ယောက်တည်းဆွေးသည်ဖြစ်စေ၊ လက်အုပ်ချီပြီးမှ စကားပြောသတဲ့။ သဏ္ဌာန်လုပ် သရုပ်နဲ့တူဆနေမယ်ဆိုဘဲ စကားအတိုင်း အရေးအကြောင်းရှိလို့ အလုပ်လုပ်တဲ့အခါမှာ တာယ်ကို သရုပ်ပါအောင် လုပ်တဲ့လူတစ်ယောက်ဆိုကပဲကွဲ့.”

တစ်ယောက်။ ။“နေပါဦးကွဲ့။ ဒီ ဘုန်းကြီးယောင်ဆောင်ရ၊ ကုလီယောင်ဆောင်ရနဲ့ ဘာလုပ်ဖို့ ဆောင်ရတာလဲ၊ ပုလိပ်တို့ ရှောင်ဖို့လား”

တစ်ယောက်။ ။“ဘာဟုတ်မလဲကွယ်၊ ပုလိပ်လောက်ရှောင်ဖို့များတော့ ဥသြတို့က ထိုင်ရာမထ လွတ်အောင်ရှောင်နိုင်သေးရဲ့။ ဟန်ဆောင်တာတွေက ငွေရပေါက်ထွင်တာတွေကွဲ့။ ဆိုပါတော့ သူဌေးအိမ်တစ်အိမ်က ဘုန်းကြီးကြည်ညိုတယ်ဆိုလျှင် ဥသြက သူကိုယ်တိုင်ဖြစ်စေ၊ သူ့တပည့်တစ်ယောက်ကိုဖြစ်စေ ဘုန်းကြီးယောင်ဆောင်ပြီး ဒီအိမ်နဲ့ ရင်းနှီးအောင် ပေါင်းရတာပေါ့ကွဲ့။ ဥသြအကြောင်းများ ပြောရလျှင်တော့ မိုးသာလင်းမယ် စကားမဆုံးဘူး၊ စာနဲ့ရေးလျှင်လည်း စာအုပ်သာပြည့်မယ် သူ့အကြောင်းမဆုံးဘူး။ ဒီလောက်ပရိယာယ်ဉာဏ်များတဲ့ လူတစ်ယောက်ပါပဲကွယ်၊ ရှုကြဦးကွယ်၊ ငါတော့ ဝပြီ”

ၡင်းနောက် ထိုသူများသည် ဘောလုံးအကြောင်း၊ မြင်းပွဲအကြောင်းမှစ၍ ရန်ကုန်သားများ အရေးယူလေ့ရှိသော ပွဲများအကြောင်းကို ဆက်လက်၍ ပြောကြပြန်လေရာ မောင်ထွန်းအုံမှာ ထပ်မံ၍ဟန်ဆောင်ရန်အတွက် ဘိန်းရှူရန် မတတ်နိုင်တော့ပြီဖြစ်သောကြောင့် ပိုက်ဆံပေး၍ ထွက်လာခဲ့လေ၏။

မောင်ထွန်းအုံသည် ဘိန်းခန်းမှထွက်လာခဲ့ပြီးနောက် လသာလမ်း*ထိပ်ရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင်ထိုင်လျက် ခေါက်ဆွဲစားနေရာ လူတစ်ယောက်သည်

---

* – လသာလမ်း



မိမိ၏ ကျောကိုပွတ်၍ လျှောက်သွားသဖြင့် လှည့်ကြည့်လိုက်ရာတွင် ယခင်က ဘိန်းခန်းတွင် ဘိန်းရှူနေကြသော လူသုံးယောက်အနက် တစ်ယောက်ဖြစ်သည်ကို တွေ့မြင်ကြရ၏။ ထိုသူသည်လည်း မိမိအား မှတ်မိသောအနေဖြင့် ပြုံးစိစိသွားသည်ဟု မောင်ထွန်းအုံ ထင်မှတ်မိ၏။

မောင်ထွန်းအုံသည် အိမ်သို့ပြန်ရောက်သဖြင့် အဝတ်များ လဲလှယ်မည်ပြုသည်တွင် အိတ်ထဲ၌ ခုလုလုနေသော အရာတစ်ခုကိုတွေ့သည်နှင့် ထုတ်ယူကြည့်ရာ စက္ကူလုံးကလေးတစ်လုံးဖြစ်နေကြောင်း တွေ့ရ၏။ ၎င်းကို ဖြန့်၍ကြည့်သောအခါ၌ကား အောက်ပါစာကို တွေ့ရ၏။

‘တောသားကြီးနဲ့ တူပါပေ့’

ဥသြ

ထိုစာကိုဖတ်ရသောအခါ၌ မောင်ထွန်းအုံ အံ့သြချေမည်ကား ဖတ်ရှုသူတို့တွေးထင်ပြီး ဖြစ်၏။ သို့ရာတွင် မောင်ထွန်းအုံ၏ တွေးထင်ချက်မှာ ထိုသူသုံးယောက်တို့အနက်တွင် ဥသြဆိုသူပါလေဟန်ရှိ၏။ အကယ်၍ ပါခဲ့လျှင် ဥသြ၏ အကြောင်းကို အများဆုံးပြောသောသူသည် ဥသြပင်ဖြစ်တန်ရာ၏။ ဖြစ်ခဲ့လျှင်လည်း ခေါက်ဆွဲဆိုင်၌ မိမိ၏အိတ်ထဲသို့ ထိုစာကိုထည့်လိုက်သောသူပင်လျှင် ဥသြဖြစ်ရမည်။ ထိုသူကိုကား မိမိမမြင်ဖူးချေ။ မောင်ထွန်းအုံသည် နာမည်ကျော်လူဆိုးဟူသမျှနှင့် ပြစ်မှုကြီးနှင့် ထောင်ကျဖူးသောလူဟူသမျှကို မျက်နှာမြင်ကာမျှနှင့် သိသူတစ်ယောက်ဖြစ်လေရာ မိမိမမြင်ဖူးသည်ကို ထောက်သည်ရှိသော် ဥသြသည်ကား ထောင်ကျဖူးသော လူတစ်ယောက် မဟုတ်နိုင်ဟူ၍ တွေးတောမိပြန်၏။ မောင်ထွန်းအုံမှာ မိမိအရေးကြီးစွာနှင့် ရှာဖွေလျက်ရှိသော ဥသြဆိုသူနှင့် ဆုံနေသည်တွင် ကျောချင်းကပ်ကာ တစ်ဖျာတည်းလှဲနေရသည်တစ်ကြိမ်၊ ခေါက်ဆွဲဆိုင်တွင် မျက်နှာချင်းခေတ္တမျှဆိုင်လိုက်ရသည်ကတစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် နီးကပ်စွာရှိနေပါလျက်နှင့် မိမိမသိရသည့်အတွက်ကြောင့် မဖမ်းဆီးနိုင်ဘဲ ရှိနေသည့်အဖြစ်ကို များစွာခံပြင်းလျက် ရှိနေခဲ့လေ၏။

( ၁၃ )

စာရေးကြီးဦးတိုက်စိုး၏ သမီးမစိန်ရီသည် မိမိ၏ ရည်းစား မောင်ညွှန့်မှုံး ပျောက်ဆုံးနေသည့်အတွက်ကြောင့် စိတ်မချမ်းမသာရှိခဲ့ရာ စိတ်ပြေလက်ပျောက်ရှိစေခြင်းငှာ တွံတေးသို့ ခေတ္တသွားရောက်လည်ပတ်လျက် ရှိနေ၏။ ဦးတိုက်စိုးမှာ စာရေးကြီးတစ်ယောက်မျှသာ ဖြစ်သော်ငြားလည်း လက်ရှိပစ္စည်းများစွာ ကြွယ်ဝ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ဖြစ်သဖြင့် အရာရှိတစ်ယောက်နှင့် မခြားမနားသားနားတင့်တယ်စွာ နေထိုင်နိုင်သည့်ပြင် တွံတေးမြို့၌လည်း ဆိပ်ကမ်းအနီးတွင် ကျယ်ဝန်းသောခြံတစ်ခြံအတွင်း သပ်ရပ်သောအိမ်တစ်ဆောင်နှင့် အပျင်းပြေခရီးသွားလာနိုင်ရန် သမ္ဗန်တစ်စင်းလည်း ရှိလေသည်။ မစိန်ရီသည် ထိုအိမ်ကိုသွားရောက်နေထိုင်သည့်နေ့၌ မောင်ထွန်းအုံထံ လာရောက်၍ မောင်ညွန့်ဖူး၏သတင်းကို ကြားရသည့်အခါတိုင်း မိမိထံ သံကြိုးရိုက်၍အကြောင်းကြားရန် မှာထားခဲ့ရာ မောင်ထွန်းအုံကလည်း သတင်းရသည်နှင့်တစ်ပြိုင်နက် မစိန်ရီထံအကြောင်းကြားရန် တာဝန်ခံရုံမျှမက လျှင်မြန်စွာ ပြန်လည်တွေ့ရှိဖို့အတွက်ကိုလည်း အစွမ်းကုန်ကြိုးစားအားထုတ်ပါမည်ဟူ၍ ဝန်ခံကတိထားလိုက်လေ၏။

နောက်တစ်နေ့ညနေ၌ စာရေးကြီးဦးတိုက်စိုးသည် မောင်ထွန်းအုံ၏တိုက်သို့ လာရောက်၍ မောင်ညွန့်ဖူးပျောက်ဆုံးခြင်းကိစ္စအကြောင်းနှင့်ပတ်သက်၍ တိုင်ပင်ရာတွင် မိမိ၏နေအိမ်မှ ထွက်သွားသူအစေခံဟောင်း ဦးသာဒွန်း၏အကြောင်းကိုလည်း ပြောပြလေ၏။ အစေခံတို့မည်သည်မှာ ဆရာ၏နေအိမ်၌ အတူတကွ အလုပ်လုပ်ကိုင်ကြသည့်အခါ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဆရာကိုလိမ်ကြရန် သဘောတူအားထုတ်ကြ၍ အစေခံတစ်ဦးတစ်ယောက် ထွက်သွားသည့်အခါမှ ကျန်ရစ်သော အစေခံများသည် ထွက်သွားသူအစေခံ၏ မကောင်းသတင်းကို ဆရာအား တိုင်တန်းပြောဆိုလေ့ရှိကြောင်း ဦးသာဒွန်း ထွက်သွားပြီးနောက်မှ ဘားမောင်းသမား မောင်ဘသိန်းသည် ဦးသာဒွန်း၏ မကောင်းသတင်းများကို မိမိအား ပြောပြကြောင်း၊ မောင်ဘသိန်းက ပြောပြသည်မှာ ဦးသာဒွန်းသည် မိမိတို့ သားအဖနှစ်ယောက် အိမ်၌မရှိသည့်အခါများ၌ ၎င်း၏မိတ်ဆွေများကို အိမ်သို့ဖိတ်ခေါ်၍ ဆရာထိုင်သော ကုလားထိုင်များ၌ ထိုင်ပြီးလျှင် ဆရာစားသော စားပွဲ၌ အိမ်ရှင်သဖွယ် ခံ့ညားစွာ သောက်စားမူးယစ်လေ့ရှိကြောင်း၊ ဦးသာဒွန်းသည် ထိုသို့သောအခါများ၌ စာရေးစာချီနှင့်တူသော လင်မယားနှစ်ယောက်တို့ကို ဖိတ်ခေါ်၍ ကောင်းမွန်စွာ ချက်ပြုတ်ထားသော စားဖွယ်များကို စားပွဲ၌ ကျွေးမွေးပြီးလျှင် ဝီစကီနှင့်ဆိုဒါများကိုပင် ဝယ်ယူတိုက်ကျွေးလေ့ရှိကြောင်း၊ ဧည့်သည်ယောက်ျားမှာ အသက်သုံးဆယ်ကျော်အရွယ်မျှရှိ၍ သပ်ရပ်တင့်တယ်စွာ ဝတ်ဆင်လေ့ရှိရာ မယားဖြစ်သူမှာ နှစ်ဆယ်ကျော်အရွယ်မျှရှိ၍ ရုပ်ရည်ချောမောလှပသူ တစ်ယောက်ဖြစ်ကြောင်း၊ ၎င်းတို့သည် စားပွဲထိုင်ပြီးသည့်အခါတွင် ဧည့်ခန်းတွင် ထိုင်လျက် အရေးကြီးသောကိစ္စနှင့် တိုင်ပင်သည့်အနေဖြင့် စကားပြောနေတတ်ကြသည့်ပြင် ဦးတိုက်စိုး၏ အလုပ်စားပွဲ၌လည်း စာများထိုင်၍ရေးတတ်ကြကြောင်း၊ ၎င်းတို့စကားပြောနေကြစဉ် မောင်ဘသိန်းက မယောင်မလည်လုပ်၍



နားစွင့်နားထောင်ရာတွင် မောင်ညွန့်ဖူးဟူသောအမည်ကို ရံဖန်ရံခါ ရတတ်ကြောင်း၊ တစ်နေ့သ၌လည်း ၎င်းတို့သည် စာတစ်စောင်ကို ရေးပြီးနောက် မင်နှိပ်ဖြင့်နှိပ်ရာ မောင်ဘသိန်းသည် ထိုမင်နှိပ်ကို ၎င်းတို့မရှိသည့်နောက် ကောက်ယူကြည့်ရှုရာတွင် အခြားသောစာလုံးများကို ထင်ရှားအောင် မမြင်ရသော်လည်း မောင်ညွန့်ဖူးဟူသော အမည်တစ်ခုမှု မင်နှိပ်၏အစွန်း၌ ထင်ထင်ရှားရှားကြီး တွေ့မြင်ရဖူးကြောင်း၊ မောင်ဘသိန်းသည် ထိုအကြောင်းများကို ဦးတိုက်စိုးအား ထိုသို့အခါကပင် တိုင်တန်းပြောဆိုလိုသော်လည်း အစေခံကြီးနှင့် အစေခံကလေးဖြစ်သည့်ပြင် ဦးသာဒွန်းကိုယ်တိုင်မှာလည်း ဆရာက အထူးသဖြင့် ယုံကြည်စိတ်ချသော အစေခံတစ်ယောက်ဖြစ်သောကြောင့် မိမိ၏စကားကို မယုံကြည်ဘဲ အလုပ်ပြုတ်ရုံမျှ ရှိချေမည်ဟု စိုးရိမ်မိသည့်အတွက်ကြောင့် မပြောဝံ့ဘဲ သိုဝှက်၍ထားခဲ့ကြောင်းများနှင့် ပြောပြလေ၏။

ထို့ပြင် အရေးကြီးသော အချက်တစ်ခုကို ဦးတိုက်စိုး ပြောပြပြန်သည်မှာ မောင်ညွန့်ဖူးက မစိန်ရီသို့ ခန်းဝင်ပစ္စည်းအဖြစ်နှင့် တင်သသော စိန်နားကပ်ကြီးသည် မစိန်ရီ တွံတေးသို့သွားမည့်နေ့၌ပင် ပျောက်ဆုံး၍သွားကြောင်း၊ မစိန်ရီသည် ၎င်းစိန်နားကပ်ကို အခြားလက်ဝတ်လက်စားများနှင့်အတူ သေတ္တာငယ်ကလေးတစ်လုံး၏အတွင်း၌ထည့်၍ ၎င်းသေတ္တာကလေးကို မီးခံသေတ္တာအတွင်း၌ ထည့်ထားကြောင်း၊ တွံတေးသို့သွားမည့်နေ့၌ မစိန်ရီသည် မီးခံသေတ္တာသော့ကို မိမိထံမှ တောင်း၍ သေတ္တာကလေးကို ထုတ်ယူဖွင့်ကြည့်ရာတွင် အခြားသော လက်ဝတ်လက်စားများမှာ နေရာမပျက် တွေ့ရှိရသော်လည်း စိန်နားကပ်ကြီးမှာမူ မရှိတော့ကြောင်း၊ မီးခံသေတ္တာ၌လည်းကောင်း၊ သေတ္တာကလေး၌လည်းကောင်း၊ အတင်းဖွင့်သည့် အထိမ်းအမှတ် တစ်စုံတစ်ရာမျှ မတွေ့ရကြောင်း၊ မီးခံသေတ္တာမှသော့မှာ ဦးတိုက်စိုးကိုယ်တိုင် သိမ်းဆည်းသောကြောင့် သေတ္တာနှစ်လုံးကို အတင်းမဖွင့်ဘဲနှင့် စိန်နားကပ်ကိုရအောင် ဖွင့်ယူသွားခြင်းမှာ အံ့ဩဖွယ်ရာကောင်းကြောင်း၊ ထို့ပြင် သူခိုးသည် အခြားသောလက်ဝတ်လက်စားများကို မယူဘဲ ချန်ထားခဲ့၍ မောင်ညွန့်ဖူးတင်သသည့် နားကပ်တစ်ရန်တည်းသက်သက် ခိုးယူသွားခြင်းမှာလည်း အံ့ဩဖွယ်ရာတစ်ရပ်ဖြစ်ကြောင်း၊ ဦးတိုက်စိုးက မိမိသည် ပစ္စည်းပျောက်ဆုံးသည်ကို သိသည်နှင့်တစ်ပြိုင်နက် ဌာနသို့ဖြစ်စေ၊ ယုတ်စွအဆုံး မောင်ထွန်းအုံသို့ဖြစ်စေ၊ တိုင်တန်းလိုသော်လည်း မစိန်ရီကမူ မောင်ညွန့်ဖူးတင်သသည့် စိန်နားကပ်တစ်ရန်တည်း ရွေး၍ခိုးယူသွားခြင်းမှာ အလွန်ထူးခြားလှသည်ဖြစ်သောကြောင့် အကယ်၍ မိမိတို့က ပုလိပ်များအားတိုင်တန်းခဲ့ပါမူ မောင်ညွန့်ဖူးအပေါ်၌ လူဆိုးများက ဘေးအန္တရာယ်ပြုလိမ့်မည်ဟူ၍ မစိန်ရီက တွေးတောသည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မိမိအား နှုတ်ပိတ်၍ထားကြောင်း၊ ထို့ကြောင့်သာလျှင် မိမိက မောင်ထွန်းအုံကိုမျှ မတိုင်တန်းဘဲ ရှိနေခဲ့ကြောင်း၊ သို့ရာတွင် ယခုမှာမူ မစိန်ရီ၏ တွေးတောချက်သည် အဓိပ္ပာယ်မရှိဟူ၍ ယူဆသည်ဖြစ်သောကြောင့် ဤကဲ့သို့ မောင်ထွန်းအုံအား တိုင်ကြားခြင်းဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

မောင်ထွန်းအုံသည် ဦးတိုက်စိုး၏ စကားကိုကြားရသောအခါ ဆေးတံကိုဖွာလျက် အတန်ကြာအောင် စဉ်းစားစိတ်ကူးနေပြီးမှ မီးခံသေတ္တာကို ကြည့်လိုကြောင်းနှင့် ဦးတိုက်စိုးအား ပြောရာတွင် ဦးတိုက်စိုးက နေအိမ်သို့ လိုက်ခဲ့ရန်ခေါ်လေ၏။

ဦးတိုက်စိုးနှင့် မောင်ထွန်းအုံတို့သည် အညောင်းပြေ ခြေကျင်လျှောက်လာကြ၍ ဦးတိုက်စိုး၏နေအိမ်သို့ ရောက်ကြသောအခါတွင် မီးခံသေတ္တာထားသော နေရာကို ကြည့်ရှုကြလေ၏။ ထိုအချိန်၌ကား မှောင်ပြီဖြစ်သောကြောင့် အိမ်တွင်း၌ ဓာတ်မီးများ ဖွင့်ထားပြီဖြစ်ရာ မီးခံသေတ္တာမှာ ဦးတိုက်စိုး၏ အိပ်ခန်းအတွင်း ခုတင်၏ ခေါင်းရင်းဘက်၌ ရှိ၏။

ဦးတိုက်စိုးသည် အိပ်ခန်းမှ ဓာတ်မီးကို ဖွင့်ပြီးနောက် မောင်ထွန်းအုံအား အိပ်ခန်းတွင်းသို့ခေါ်သွားရာ မောင်ထွန်းအုံသည် မီးခံသေတ္တာတံခါး၏ လက်ကိုင်တို မှန်ဘီလူးဖြင့် သေချာစွာကြည့်ရှု၏။ ထို့နောက် သေတ္တာကိုဖွင့်၍ လက်ဝတ်လက်စားများထားသော သေတ္တာကလေးကိုလည်း မှန်ဘီလူးဖြင့် ကြည့်ပြန်ရာ ၎င်းအမျှော်လင့်သည့်အတိုင်း လက်ရာခြေရာတစ်စုံတစ်ရာမျှ ထင်ထင်ရှားရှား မတွေ့ပြန်သဖြင့် သေတ္တာကို ပြန်ထည့်ပြီးနောက် တံခါးကိုပိတ်ထားလိုက်လေ၏။ ထို့နောက် မောင်ထွန်းအုံသည် အိပ်ခန်း၏အခြေအနေကို ဓာတ်မီးရောင်တွင်ကြည့်၍ တံခါးတစ်ခုကို ညွှန်ပြလျက်–

"ဒီတံခါးက ဘယ်ဘက်သွားတဲ့ တံခါးလဲ ဦးရဲ့"

"ဘယ်ဘက်မှသွားတာ မဟုတ်ပါ။ တိုက်တည်ကတည်းက အုတ်နံရံမှာ မြှုပ်ပြီးလုပ်ထားတဲ့ ဗီရိုတံခါးဖြစ်ပါတယ်မောင်"

"အလို ဒီဟာတွေက ဘယ့်နယ်ဟာတွေလဲ ဦးရဲ့၊ ကြည့်စမ်းပါဦး"

ထိုအခါ ဦးတိုက်စိုးနှင့် မောင်ထွန်းအုံတို့သည် ကြမ်းပေါ်၌ ဒူးထောက်ကာ သေချာစွာကြည့်ရှုကြရာတွင် ၎င်းဗီရိုအတွင်းမှ သွေးစက်တစက်စက် ယိုစီးလျက်ထွက်နေသည်ကို တွေ့မြင်ကြရ၏။ ၎င်းနောက် မောင်ထွန်းအုံ၏ စေခိုင်းချက်အရ ဦးတိုက်စိုးသည် သော့တွဲကိုယူ၍ ဗီရိုကိုဖွင့်ပြီးမှ တံခါးကိုဆွဲလိုက်ရာတွင် လူတစ်ယောက်သည် ဗီရိုအတွင်းမှ ငိုက်၍ကျလာပြီးနောက် ကြမ်းပေါ်တွင်



ခေါက်လျက်နေလေ၏။ မောင်ထွန်းအုံသည် ထိုသူကို ပက်လက်လှန်၍ မျက်နှာကို ကြည့်ရာတွင် ပျောက်ဆုံးနေသော အစေခံဦးသာဒွန်းဖြစ်ကြောင်း တွေ့ရသည်ပြင် ရင်ဘတ်ကို စမ်းကြည့်သောအခါ၌ကား အသက်မရှိတော့ကြောင်း သိရှိရလေ၏။

( ၁၄ )

မောင်ထွန်းအုံသည် ဦးသာဒွန်း၏အလောင်းကို သေချာစွာကြည့်ရှုရာတွင် ထက်ဝဲဘက်ရင်ဘတ်၌ ဓားမြှောင်ဖြင့် ထိုးစိုက်ထားသော ဒဏ်ရာတစ်ခု တွေ့ရှိရလေရာ ဒဏ်ရာသည် နှလုံးသားကို ဖောက်ထွင်းသည့်လက္ခဏာရှိသောကြောင့် ချက်ချင်းပြီးသေဆုံးဟန်တူ၏။ လက်ဝဲဘက်လက်၌မူကား ဒန်လက်ပတ်နာရီတစ်လုံး ပတ်ထားရာ လက်ကောက်ဝတ်၌ တုတ်အစရှိသော အသွားမရှိသည့် လက်နက်ဖြင့် ရိုက်ထားသည့်အလား ညိုမည်းနေသော ဒဏ်ရာတစ်ခုကိုလည်း တွေ့ရသည့်ပြင် လက်ပတ်နာရီမှာ မှန်ကွဲလျက်ရှိ၏။ ထို့ပြင် လက်ပတ်နာရီသည် ခြောက်နာရီနှင့် လေးဆယ့်ငါးမိနစ်တွင် ရပ်နေကြောင်း တွေ့ရပြန်သည်ဖြစ်ရာ မောင်ထွန်းအုံသည် မိမိ၏နာရီကိုကြည့်သောအခါ ခုနစ်နာရီနှင့် ဆယ်မိနစ်မျှရှိကြောင်း တွေ့ရသောကြောင့် ဦးသာဒွန်းသေဆုံးခြင်းမှာ နှစ်ဆယ့်ငါးမိနစ်မျှသာ ကြာသေးကြောင်း သိရှိရလေ၏။ တစ်စုံတစ်ယောက်သောသူသည် ဦးသာဒွန်းကို တုတ်နှင့်ရိုက်သောအခါတွင် ဦးသာဒွန်းက လက်ဝဲဘက်လက်နှင့်ကာလိုက်သဖြင့် လက်ကောက်ဝတ်နှင့် နာရီကို ရိုက်မိပြီးမှ ရင်ဝကို ဓားမြှောင်နှင့်သေအောင် ထိုးသတ်ခြင်းဖြစ်ဟန်လက္ခဏာရှိချေ၏။ ဓားမြှောင်မှာမူကား အလောင်း၌မရှိချေ။ ထို့နောက် မောင်ထွန်းအုံသည် သေသူ၏အကျီအိတ်များကို နှိုက်ကြည့်ရာ ငွေစက္ကူ ၁ဝ တန်နှစ်ချပ်၊ ငွေသား ၃–၉–၆ ပြား၊ ဆေးပြင်းလိပ်နှစ်လိပ်၊ မီးခြစ်ဘူးတစ်လုံးနှင့် သားရေအိတ်ငယ်တစ်ခုကို တွေ့ရှိရလေ၏။ သားရေအိတ်ကိုဖွင့်ကြည့်သောအခါ၌ စိန်နားကပ်တစ်ရန်ကို တွေ့ရှိရလေရာ ၎င်းမှာ မောင်ညွှန့်ဖူးကတင်သသော စိန်နားကပ်ဖြစ်သည်ဟု ဦးတိုက်စိုးက ပြောပြ၏။ ထို့နောက် နာရီအိတ်ကို နှိုက်ကြည့်သောအခါ၌မူကား အိတ်တစ်လုံးကို တွေ့ရှိရ၏။ အတွင်း၌ကား ခဲတံနှင့်ရေးသားသောစာတစ်စောင် ပါရှိ၏။ ထိုစာမှာ အဆုံးမသတ်ဘဲ တစ်ပိုင်းတစ်စမျှသာ ရေးထားခြင်းဖြစ်သည့်ပြင် လက်မှတ်လည်း ရေးထိုးထားခြင်းမပြုရသေးသည်ဖြစ်သောကြောင့် ဦးသာဒွန်းသည် ထိုစာကိုရေးနေရာတွင် အနှောင့်အယှက်တစ်စုံတစ်ခုကြောင့် အပြီးသတ်အောင် မရေးရဘဲရှိသည်ဟု မောင်ထွန်းအုံက တွေးတော၏။ ထိုလက်ရေးမှာ ဦးသာဒွန်း၏ လက်ရေးဖြစ်သည်ဟူ၍ ဦးတိုက်စိုးက ပြောပြသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင်ထွန်းအုံ၏ တွေးတောချက်သည် ဟုတ်မှန်ဟန်လက္ခဏာ ရှိချေ၏။ သို့ရာတွင် မောင်ထွန်းအုံ နားမလည်သောအချက်တစ်ခုမှာ စိန်နားကပ်သည် ယမန်နေ့က ပျောက်ဆုံးခြင်းဖြစ်သောကြောင့် ဦးသာဒွန်းသည် စိန်နားကပ်ကို ခိုးယူသူဖြစ်ခဲ့ပါလျှင် စိန်နားကပ်သည် ထိုသူ၏လက်တွင်းသို့ တစ်ရက်လုံးလုံးရောက်နေပြီဖြစ်ပါလျက် အဘယ်အတွက်ကြောင့် တစ်ဖန်ပြန်၍ ယူလာခဲ့ချေပါသနည်းဟူသော အချက်ပင်ဖြစ်လေသည်။ ထိုအတောအတွင်း၌ ဦးတိုက်စိုးသည် ဌာနာသို့ တယ်လီဖုန်းဆက်၍ တိုင်တန်းပြီးဖြစ်သောကြောင့် ပုလိပ်အရာရှိများ ရောက်လာကြ၍ အလောင်းကို ဆေးရုံကြီးသို့ ပို့လျက်ရှိကြ၏။

၎င်းနောက် ပုလိပ်အရာရှိနှင့် မောင်ထွန်းအုံတို့က ဦးသာဒွန်းသည် စိန်နားကပ်ကိုခိုးယူပြီးမှ အိမ်ပြင်သို့ထွက်ရန် အခွင့်မသာသည်နှင့် တစ်နေ့ပတ်လုံး အိမ်တွင်း၌ ပုန်းအောင်းနေခြင်းဖြစ်ချေမည်လောဟု စဉ်းစားမိကြ၍ ဦးသာဒွန်း ပုန်းအောင်းနေလောက်သောနေရာကို အတူတကွ ရှာဖွေကြလေ၏။ ဦးတိုက်စိုး၏ နေအိမ်နှစ်ထပ်တိုက်ဖြစ်လေရာ ယခင်က ဦးသာဒွန်းနေဖူးသောအခန်းမှာ အောက်ထပ်၌ ထောင့်ခန်းကလေးတစ်ခန်း ဖြစ်လေသည်။ မောင်ထွန်းအုံသည် ထိုအခန်းဆီ ဦးတိုက်စိုးထံမှ သော့နှင့်ဖွင့်၍ အတွင်းသို့ဝင်ကြသောအခါတွင် ခုတင်ကလေးတစ်ခု၏ အောက်၌ သံကွင်းတစ်ကွင်းကို တွေ့ရှိကြ၏။ ထိုသံကွင်းသည်ကား မြေတိုက်သို့ဆင်းသော တံခါး၌တင်ထားသော သံကွင်းနှင့် သဏ္ဌာန်တူချေ၏။ ဦးတိုက်စိုးကမူ အစေခံများနေသော အခန်းတွင်းသို့ ဝင်၍လည်းမကြည့်ဖူး၊ ဤတိုက်၌ မြေတိုက်တစ်ခုရှိကြောင်းကိုလည်း မသိကြောင်းနှင့် ထွက်ဆို၏။ ပုလိပ်အရာရှိနှင့် မောင်ထွန်းအုံတို့သည် ခုတင်ကိုဖယ်ရှားပြီးနောက် သံကွင်းကိုဆွဲကြည့်ရာတွင် တွေးထင်သည့်အတိုင်း မြေတိုက်အတွင်းသို့ဆင်းသော တံခါးဝဖြစ်ကြောင်း တွေ့ကြရလေ၏။ တံခါးကို ဖွင့်ကြသောအခါ၌ အောက်သို့ဆင်းသော လှေကားတစ်ခုပေါ်လာရာ အရာရှိနှစ်ယောက်တို့သည် အောက်သို့ဆင်းသက်ကြရာတွင် အခြားပစ္စည်းတစ်စုံတစ်ရာမျှမတွေ့ရဘဲ ဗြှန်ဒီဝါးဝီစကီသေတ္တာတစ်လုံးကိုသာလျှင် တွေ့ကြရလေ၏။ ပုလိပ်အရာရှိသည်လည်း သေတ္တာအဖုံးကို ဓားမကြီးတစ်ချောင်းနှင့် ကလန့်၍ကြည့်ရာ ကောက်ရိုးပတ်ထားသော ဝီစကီပုလင်းများကို တွေ့ရလေ၏။ ဦးတိုက်စိုးက ထိုပစ္စည်းများသည် မိမိ၏ပစ္စည်း မဟုတ်ကြောင်း၊ ယခင်ကနေခဲ့ဖူးသော အိမ်ရှင်၏ပစ္စည်း ဖြစ်တန်ကြောင်းနှင့် ပြော၏။ မောင်ထွန်းအုံက မည်သူ၏ပစ္စည်းပင်ဖြစ်စေ တွေ့သောသူ၏ကုသိုလ်ကံဖြစ်ကြောင်းနှင့် ပြုံးရယ်ကာ ပြောသောအခါ ဦးတိုက်စိုးက ရှေးအဘိုးကြီးပီပီ သူတစ်ပါး၏ပစ္စည်းကို အပ်တိုတစ်ချောင်းမျှ မထိလိုကြောင်း၊ သူတစ်ပါး ထိလိုသည်ကိုလည်း ခွင့်မပြု



ကြောင်းနှင့် ပြောဆိုပြီးလျှင် ထိုပစ္စည်းကို ပိုင်ရှင်သို့ပြန်အပ်ရန် ကြော်ငြာမည်ဖြစ်ကြောင်းနှင့်ပြော၍ မြေတိုက်တံခါးကို ပိတ်ထားစေလေ၏။

ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ပြီးနောက် မောင်ထွန်းအုံသည် ပုလိပ်အရာရှိ နှင့်မိမိ၏နေအိမ်သို့ ခေါ်သွား၍ ဦးသာဒွန်း၏အိတ်ထဲမှ တွေ့ရသောစာကိုပြပြီးလျှင် အတူတကွ ဆင်ခြင်စဉ်းစားကြ၏။ ၎င်းစာမှာ အောက်ပါအတိုင်း ဖြစ်၏။

"စာရေးလိုက်ပါသည်။ ဥညြနိုင်းစေသမျှကို မျက်စိမှိတ်၍လုပ်ရသော အလုပ်မျိုး ကျုပ်မနှစ်သက်ပါ။ သို့ဖြစ်၍ မောင်တို့အလုပ်ထဲမှာ ကျုပ်မပါဝင်လိုတော့ပါ။ ထိုက်တန်သမျှ ငွေကိုသာ ပေးပါတော့။ ကျုပ်ထွက်ပါတော့မည်။ တွေ့ဆုံနေရာမှာ မောင့်ကိုမတွေ့လျှင် ဒီစာကိုကျုပ်ထားခဲ့မည်။ မောင်တို့အကြံ--" စာမှာ အပြီးမသတ်ဘဲ ထိုနေရာ၌ ဆုံးလျက်ရှိ၏။

မောင်ထွန်းအုံနှင့်ပုလိပ်အရာရှိတို့သည် ထိုစာကိုဖတ်ပြီးနောက် တွေးတောကြသည်မှာကား ဦးသာဒွန်းသည် ထိုစာကို ရေးပြီးသည်နောက် ဥညြနှင့် သူကိုယ်တိုင်တွေ့ဟန်ရှိ၏။ ဥညြက စိန်နားကပ်ကို ခိုးယူရန် အကြံပေးဟန်ရှိ၏။ ထိုအကြံအတိုင်း ဥညြနှင့် ဦးသာဒွန်းတို့သည် ဦးတိုက်စိုး၏ တိုက်သို့အတူတကွ လာခိုးယူကြရာတွင် အချင်းဖြစ်ပွား၍ ဥညြသည် ဦးသာဒွန်းကို သတ်ဖြတ်ဟန်တူ စသည်ဖြင့် စဉ်းစားကြ၏။ သို့ရာတွင် စိန်နားကပ်ပျောက်ခြင်းကား တစ်ရက်ကျော်လွန်မှ ကျ၍ အခြားပစ္စည်းကိုကား မယူဘဲ စိန်နားကပ်တစ်ရန်ကိုသာ ယူသွားသည့် အချက်ကိုမူကား အရာရှိနှစ်ယောက်တို့သည် ကျေနပ်အောင် မစဉ်းစားတတ်ဘဲ ရှိနေကြလေ၏။

( ၁၅ )

ဦးတိုက်စိုး၏ သမီး မစိန်ရီသည် တွံတေးသို့ အလည်သွားလျက်ရှိ၍ မိမိ၏နေအိမ်အတွင်း၌ ပျောက်ဆုံးနေသူ အစေခံဟောင်း ဦးသာဒွန်း၏အလောင်းတွေ့ရှိကြောင်းနှင့် မောင်ထွန်းအုံထံမှ ကြေးနန်းရသည်နှင့် ထိုနေ့၌ပင် တွံတေးမှ ရန်ကုန်သို့ပြန်လာခဲ့လေ၏။ ရန်ကုန်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် မစိန်ရီသည် မောင်ထွန်းအုံအား မိမိ၏နေအိမ်သို့ လာရောက်ရန် စာဖြင့်ရေးသားမှာထားလိုက်ရာ မောင်ထွန်းအုံသည် ထိုစာကိုရသောအခါ ယခင်ကတစ်ကြိမ် ထိုစာမျိုးရေး၍တွင် ဦးသာဒွန်းက ကော်ဖီတွင် ဆေးခတ်၍တိုက်ဖူးသည့်အဖြစ်ကို သတိရသဖြင့် ပြုံးရယ်မိ၏။ မောင်ထွန်းအုံသည် မစိန်ရီတို့၏ တိုက်သို့ရောက်သောအခါ အစေခံမောင်ဘသိန်းက တံခါးဖွင့်ပေး၍ ၎င်းက မိမိ၏ဆရာ ဦးတိုက်စိုးအား အမည်မသိလူတစ်ယောက်က အိမ်တွင်းသို့ဝင်လာပြီးလျှင် စကားတစ်ခွန်းမျှ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းမပြုဘဲ ဦးတိုက်စိုး၏မျက်နှာကို ကြာပွတ်နှင့်ရိုက်ပြီးနောက် ထွက်ပြေးသွားကြောင်းနှင့် ပြောပြလေ၏။ ထိုအချိန်က မောင်ဘသိန်းမှာ နေအိမ်၌မရှိသဖြင့် ဆရာအား ကူညီရန် မတတ်နိုင်ကြောင်း၊ ဦးတိုက်စိုးမှာလည်း ယခုအခါ အပြင်သို့ သွားနေခိုက်ဖြစ်၍ မစိန်ရီသာလျှင် ရှိကြောင်းနှင့် မောင်ဘသိန်းက ပြောပြလေ၏။

မောင်ထွန်းအုံသည် မစိန်ရီတိုက်ပေါ်မှ ဆင်းလာသည်ကို မြင်သောအခါ ညှိုးငယ်သောမျက်နှာရှိသည်ဟူ၍ သတိပြုမိ၏။ မစိန်ရီသည် မောင်ထွန်းအုံအား နှုတ်ဆက်ပြီးသည့်နောက် ကုလားထိုင်ပေါ်သို့မထိုင်ဘဲ လွန်မင်းစွာစိတ်ရှုပ်လှသော အမူအရာနှင့် မောင်ထွန်းအုံ၏လက်မောင်းကိုဖက်လျက် "ကျွန်မဖြင့် သေသာသေချင်တော့တာပါပဲ ကိုထွန်းအုံရှင်" ဟု ရှိုက်ကာ ငိုကြွေးလေရာ မောင်ထွန်းအုံမှာ အံ့အားသင့်လျက်ရှိ၏။ မောင်ထွန်းအုံကလည်း ချစ်ခင်လှသော သူငယ်ချင်း၏ ရည်းစားဖြစ်သူ မစိန်ရီအား နှမကလေးကဲ့သို့ ကြင်နာခြင်းဖြင့် အားပေးစကားပြောကြားပြီးလျှင် စိတ်ပြေလက်ပျောက်ရှိစေရန် ရန်ကုန်၌မနေဘဲ အခြားတစ်မြို့တစ်ရွာသို့ သွားရောက်လည်ပတ်နေထိုင်ရန် အကြံပေးလေ၏။

ထိုအခါ မစိန်ရီက "ရှင့်ကို ကျွန်မက အစ်ကိုကြီးလို သဘောထားပြီး အသဲမှာ ရှိတာတွေ အကုန်လုံးဖွင့်ပြီး ပြောလိုက်စမ်းချင်ပါဘိတယ် ကိုထွန်းအုံရှင်" ဟု ပြောရာတွင် မောင်ထွန်းအုံမှာ အံ့ဩသည်ထက်အံ့ဩစွာနှင့် စိုက်ငေးကာ ကြည့်နေလေ၏။ မစိန်ရီကလည်း စကားဆက်လက်၍ ပြောတော့မည်ပြုပြီးမှ "ဟော ဖေဖေပြန်လာပြီ" ဟု ပြော၍ ကုလားထိုင်တွင် ထိုင်နေရာမှ ဦးတိုက်စိုးသည် တိုက်တွင်းသို့ဝင်လာလေ၏။ ဦးတိုက်စိုး၏ မျက်နှာ၌ကား ရဲရဲနီသော အစင်းကြီးတစ်စင်းသည် မျက်ခုံးတစ်ဖက်မှ မေးစေ့သို့တိုင်အောင် ကန့်လန့်ဖြတ်ထင်လျက်ရှိရာ အတော်ပင်ပြင်းထန်သော ဒဏ်ရာပေတကားဟု မောင်ထွန်းအုံ စဉ်းစားမိလေ၏။

မောင်ထွန်းအုံသည် ဦးတိုက်စိုး၏ဒဏ်ရာကြီးကို မြင်သဖြင့် ဝမ်းနည်းစကားပြောပြီးလျှင် ၎င်းဒဏ်ရာသည် ဥသြ၏လက်ချက်ပင် ဖြစ်လေသလောဟု ဦးတိုက်စိုးအား မေးမြန်းရာတွင် ဦးတိုက်စိုးမှာ အမျက်ပြင်းစွာထွက်ဟန် လက္ခဏာရှိသော်လည်း ကြုံးဝါးခြင်းအလျှင်းမပြုဘဲ ရှုံ့ကြောက်လှသော အမူအရာဖြင့် ထိုဒဏ်ရာအကြောင်းကို ပြောဆိုလိုသည့် လက္ခဏာမရှိဘဲ သေဆုံးသူဦးသာဒွန်း၏ အမှုအကြောင်းကိုသာလျှင် ဆက်လက်၍ ပြောပြလျက် လူမိသောကျီးကဲ့သို့ ကြောင်တောင်တောင်ကြီး ရှိနေသည့်အဖြစ်ကို မောင်ထွန်းအုံ တွေ့မြင်ရသဖြင့် နားမလည်နိုင်အောင် ရှိနေလေ၏။ ဦးတိုက်စိုးသည် စာရေးကြီးတစ်ယောက်မျှသာ ဖြစ်သော်လည်း အရာရှိတစ်ဦးတစ်ယောက်ကဲ့သို့ ခမ်းနားတင့်တယ်စွာ နေထိုင်



လေ့ရှိသည့်အပြင် အရာရှိတစ်ယောက်ကဲ့သို့ပင် စိတ်ကြီးဝင်လျက် ဟန်ကြီးပန်ကြီး လုပ်တတ်သူတစ်ယောက်ဖြစ်ခဲ့ရာ ထိုနေ့မှစ၍ ဟန်ကြီးသောအမူအရာလုံးလုံး ပျောက်ကင်းလျက် နှိမ့်ချကျိုးနွံသော မျက်နှာထားရှိသည့်အဖြစ်ကို မောင်ထွန်းအုံ သတိပြုမိလေ၏။ သို့ရာတွင် ရိုက်နှက်ခြင်း ခံရရုံမျှနှင့် တစ်ခါတည်း စိတ်နေသဘောထားပြောင်းလဲသွားမိသည့် အကြောင်းကိုမူ ထိုအခါ မစဉ်းစား မတွေးတောနိုင်သေးဘဲ ရှိနေခဲ့လေ၏။

( ၁၆ )

မောင်ထွန်းအုံသည် မတင်မေ၏ အိမ်ရှေ့၌ အစောင့်ထားသော ဘသီကို ထားသည့်နေ့မှစ၍ လူဆိုးများသည် မတင်မေအပေါ်၌ အကြံအစည်တစ်စုံတစ်ရာ ရှိကြောင်းကို ရိပ်မိသည်ဖြစ်၍ ထိုလမ်း၌လှည့်လည်သော ပတ်တရောင်များအား မတင်မေ၏အိမ်ကို သတိပြု၍ ကြည့်ရှုစောင့်ရှောက်ဖို့အကြောင်းနှင့် မှာထားပေးသည်။ ထိုကဲ့သို့ တင်ကြို၍ စောင့်ရှောက်ခြင်းမှာလည်း အချည်းနှီးအကြောင်းမဲ့ ဖြစ်ကြောင်းကို အောက်ပါအဖြစ်အပျက်များအားဖြင့် ထင်ရှားပေ၏။

တစ်ညသ၌ မတင်မေသည် အိပ်ရာသို့ဝင်ပြီးသည့်နောက် ၎င်း၏အစေခံ မောင်တင်ဦးတို့ လင်မယားနှစ်ယောက်သည် မောင်ထွန်းအုံက သတိပေးထားခဲ့သည့်အတိုင်း အိပ်ခန်းသို့ပင် ဝင်ကြသော်လည်း သတိဝီရိယနှင့် နေကြ၏။ မောင်ထွန်းအုံက မတင်မေထိတ်လန့်မည်စိုးသည့်အတွက် မိန်းကလေးကိုယ်တိုင်အား သတိမပေးသော်လည်း ထိုလင်မယားနှစ်ယောက်အားမူ ညအခါတွင် သတိနှင့် အိပ်ကြ၍ တတ်နိုင်ခဲ့လျှင် တစ်ယောက်တစ်လှည့် စောင့်နေကြဖို့ပင် မှာထားဖူး၏။ ထိုည၌ မောင်တင်ဦးသည် မိမိကိုယ်တိုင် ခပ်စောစောအိပ်ရာသို့ဝင်အိပ်၍ ၁၂ နာရီထိုးသည်နှင့်တစ်ပြိုင်နက် မယားအား အိပ်စေဖို့အလှည့်ပေးပြီးလျှင် ၎င်းကိုယ်တိုင် ထိုင်၍စောင့်နေ၏။ မောင်တင်ဦးသည် မဂ္ဂဇင်းတစ်အုပ်ကိုဖတ်ရင်း အိပ်ခန်း၌စောင့်နေရာ နာရီပြန် ၂ ချက်အချိန်တွင် နောက်ဖေးမီးဖိုဆီမှ ချောက်ချောက်အသံကြားသည်နှင့် ထိုင်ရာမှထ၍ တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ နောက်ဖေးချောင်သို့ လျှောက်လာခဲ့၏။ အခန်းမကြီးသို့ရောက်လျှင် ဓာတ်မီးခလုတ်ကို ဖွင့်လိုက်သဖြင့် မီးဖိုချောင်ရှိ ဓာတ်မီးပွင့်သည် ထိန်ထိန်လင်းလျက်ရှိရာ မီးဖိုပြတင်းပေါက်သည် ပွင့်နေသည်ကို မြင်ရ၏။ ထိုအခါ မောင်တင်ဦးက မိမိ၏မယားပေါ့လျော့သည့်အတွက်ကြောင့် မပိတ်ဘဲ မေ့ထားခဲ့သည်ထင်မှတ်၍ တံခါးကိုပိတ်ဖို့ရန် မီးဖိုခန်းသို့ ဝင်သွားသည်နှင့်တစ်ပြိုင်နက် ဝီခနဲမြည်သံကြားရပြီးနောက် မာချောသော အရာဝတ္ထုတစ်ခုသည် မောင်တင်ဦး၏ ခေါင်းပေါ်သို့ အပြင်းအထန် ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သက်ထိခိုက်ရာတွင် မောင်တင်ဦးသည် ကြမ်းပေါ်တွင် ဟပ်ထိုးလဲ၍ မူးသွားလေ၏။ ၎င်း၏မယား မရင်သည် အိပ်ရာမှလန့်နိုး၍ အခန်းတွင်းသို့ ဝင်လာသူကို မိမိ၏လင်ယောကျ်ားမှတ်သဖြင့် "ကိုတင်ဦး၊ ထမင်းထပြီး စားတယ်မှတ်တယ်" ဟု ပြောဆဲတွင် လက်ခနဲရှိသော အရာဝတ္ထုတစ်ခုကို မြင်လိုက်ရ၍ ဓားမြှောင်မှန်း သိသည်နှင့် အံ့အားသင့်နေစဉ် "မအော်နဲ့နော်၊ ဓားထဲ အသက်ပါသွားမယ်" ဟု ခြိမ်းခြောက်သံကို ကြားသည်တွင်မှ ဆိတ်ဆိတ်နေလိုက်ရ၏။

မတင်မေသည် အအိပ်ဆတ်သော သူငယ်မတစ်ယောက်ဖြစ်သည့်အတိုင်း အိပ်ခန်းအပြင်ဘက်မှ ခြေသံများကြားသည်နှင့် အိပ်ရာမှလန့်နိုး၍ လူးလဲကာ ထိုင်ပြီးလျှင် "ဘယ်သူလဲ" ဟု မေးလိုက်၏။ အပြင်မှအသံက "ကျွန်တော်ပါ ခင်ဗျာ၊ ကိုတင်ဦးလေ" ဟု ပြောလေ၏။ "ဘာကိစ္စလဲ" ဟု မေးပြန်ရာ "မရင် နေမကောင်းလို့ ထကြည့်ပါဦး" ဟု ပြောလေ၏။ ထိုအခါ မတင်မေသည် မောင်တင်ဦး၏အသံမဟုတ်ကြောင်း သိသော်လည်း ဟန်ဆောင်လျက် "နေဦး ကိုတင်ဦးရေ၊ ကျွန်မ တံခါးဖွင့်လိုက်မယ်" ဟု ပြော၍ ဓာတ်မီးကိုဖွင့်ပြီးလျှင် မိမိ၏ကြေးခုတင်ကြီးကို အခန်းတံခါးဆီသို့ လျင်မြန်စွာ ရွှေ့ပြီးမှ တံခါးနှင့်ကပ်ထားလိုက်၏။ "ဖွင့်ပါဗျ၊ မြန်မြန်လုပ်ပါ မတင်မေ" ဟု အပြင်မှ ပြောသောအခါ "ဖွင့်ပါမယ် အင်္ကျီဝတ်ပါရစေဦး" ဟု ပြောပြောဆိုဆိုနှင့် ကြေးခုတင်နှင့် နံရံအကြားတွင် မှန်တင်စားပွဲကို ရွှေ့ထားလိုက်ပြန်၏။ သို့ဖြစ်သောကြောင့် တံခါးကိုတွန်းစေကာမူ ခုတင်နှင့် မှန်တင်စားပွဲသည် နံရံနှင့်တံခါးအကြားတွင် ညပ်လျက်ခံနေသည် ဖြစ်သောကြောင့် ရုတ်တရက်ဖွင့်၍ ရနိုင်မည်မဟုတ်ချေ။ အပြင်မှလူသည် တံခါးကို ဖွင့်ပေးမည်မဟုတ်ကြောင်း သိသည်နှင့် တရုတ်ကတ်ကို ချိုးပြီးလျှင် မင်းတုံးကို လက်နှင့်စမ်းလေ၏။ မတင်မေသည် မှန်တင်စားပွဲမှ သနပ်ခါးတုံးကိုယူ၍ လျှို ထားသောလက်ကို အားကုန်ထုရိုက်လိုက်ရာ "အမယ်လေးဗျ" ဟု အော်ကာ လက်ကို နုတ်သွားလေ၏။ ထိုအခါ၌ လမ်းပေါ်မှ ဓာတ်မီးတလက်လက်မြင်သည်နှင့် မတင်မေသည် အိမ်ရှေ့ပြတင်းပေါက်သို့သွား၍ "သူခိုးပါရှင့် သူခိုးပါ" ဟု ဟစ်အော်ရာတွင် ပတ်တရောင်များလည်း ပြေးလာကြလေ၏။ ထိုအခါ မတင်မေ၏ အခန်းအပြင်မှ ခြေသံများလည်း နောက်ဖေးဆီသို့ ပြေးသွားကြလေ၏။ ပတ်တရောင်လှည့်သော စန္ဒလီကုလားလေးယောက်တို့သည် အိမ်ရှေ့မှ တံခါးဖွင့်ရန် ဟစ်အော်လျက်ရှိစဉ် မရင်သည် မိမိအား ဓားနှင့်ရွယ်ထားသော သူခိုးထွက်ပြေးပြီ ဖြစ်၍ အိမ်ရှေ့တံခါးကို ဖွင့်ပေးလေ၏။ ပတ်တရောင်များသည် အိမ်တွင်းသို့ ဝင်လာကြသောအခါ သူခိုးထွက်ပြေးပြီဖြစ်၍ အိမ်ရှေ့တံခါးကို ဖွင့်ပေးလေ၏။ ပတ်တရောင်များသည် အိမ်တွင်းသို့ ဝင်လာကြသောအခါ သူခိုးများမှာ နောက်



ပေါက်မှ ခုန်ဆင်းပြေးကြပြီဖြစ်၍ မီးဖိုထဲ၌ မူး၍လဲနေသော မောင်တင်ဦးသာလျှင် တွေ့ကြရလေ၏။

မတင်မေသည် ပတ်တရောင်တစ်ယောက်အား မောင်ထွန်းအုံ၏ အိမ်သို့ သွား၍ နိုးခေါ်ရန် စေလွှတ်လိုက်ရာ မောင်ထွန်းအုံသည် မကြာမီအတွင်းတွင် ...တစ်စီးနှင့် ရောက်လာလေ၏။ မောင်ထွန်းအုံသည် အဖြစ်အပျက်ကို ကြားရသောအခါ ထိုသူခိုးသည် ပစ္စည်းခိုးရန်အတွက်သက်သက်လာကြသော သူခိုးများ မဟုတ်ကြောင်း၊ မောင်ညွန့်ဖူးထွက်ပေါ်လာစေရန်အတွက် မတင်မေကို ပြန်...ပ်ဖို့ ခိုးယူရန်လာကြခြင်းဖြစ်တန်ရာ၏ဟု တွေးတောမိ၏။ ထိုအတိုင်း မှန်ခဲ့လျှင် မောင်ညွန့်ဖူးမှာ ဥသြလက်တွင်း၌ မရှိ၊ မိမိ၏သဘောအလျောက် ငွေတစ်...နှင့်တကွ ဥသြတို့လူစု မတွေ့ရလေအောင် ပုန်းရှောင်၍နေခြင်း ဖြစ်ရမည်ဟု ...သည်း တွေးတောချက်ရပြန်၏။ ယင်းသို့ဖြစ်လျှင် မောင်ညွန့်ဖူးသည် အဘယ်အရပ်၌ ရှိနေလေသနည်း။

( ၁၇ )

နောက်တစ်နေ့၌ မတင်မေသည် မစိန်ရီထံမှ ၎င်းနှင့်အတူ တွံတေးသို့ ...ခဲ့ပြလက်ပျောက် လာရောက်နေထိုင်ရန် ဖိတ်ကြားလိုက်သည့် စာတစ်စောင်ကို ရရှိလေ၏။ အကြောင်းကိုဆိုသော် မစိန်ရီသည် မိမိတို့နေအိမ်အတွင်း၌ ဦးသာ...၏ အလောင်းကိုတွေ့စဉ်အခါက ရန်ကုန်မြို့သို့ ခေတ္တပြန်လာပြီးနောက် တွံတေးသို့တစ်ဖန်ပြန်သွား၍ တူးမြောင်းအနီးရှိ ဖခင်၏ခြံကြီးအတွင်းတွင် အိမ်စေမကြီးတစ်ယောက်နှင့် နေထိုင်လျက် ရှိလေ၏။ မတင်မေသည် ထိုစာကိုရသောအခါ မောင်ထွန်းအုံအား စာကိုပြ၍ တိုင်ပင်လေရာ မောင်ထွန်းအုံက တွံတေးသို့ သွားခဲ့လျှင် မတင်မေကို ဥသြ၏ဘေးရန်မှ မိမိကာကွယ်ရန် တတ်နိုင်တော့မည် မဟုတ်သည့်အတွက်ကြောင့် မသွားစေလိုသည်မှန်သော်လည်း မတင်မေ၏ သွားလိုသောဆန္ဒကို သိသည်တစ်ကြောင်း၊ တင်းတင်းကြပ်ကြပ် တားဆီးနိုင်ရန် အခွင့်အရေးမပိုင်သည်လည်းတစ်ကြောင်းကြောင့် မိန်းကလေး၏အလိုအတိုင်း သွားစေခွင့်ပြုလိုက်ရလေ၏။

မတင်မေသည် ယောက်မကောင်းဖြစ်သော မစိန်ရီရှိရာ ခြံကြီးသို့လိုက်သွားသောအခါ မိန်းကလေးနှစ်ယောက်တို့သည် သိကျွမ်းကြသည်မှာ အတန်ကြာသော်လည်း အတူတကွနေထိုင်ကြဖူးသည် မရှိသေးသောကြောင့်တစ်ယောက်အားတစ်ယောက် ပြောပြရန် စကားမကုန်နိုင်ဘဲ ညဉ့်နက်သည့်တိုင်အောင် အတူယဉ်တွဲကာအိပ်ရင်း စကားပြော၍ နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



မတင်မေသည် အိပ်ရာမှနိုး၍ မျက်စိကိုဖွင့်ကြည့်သောအခါတွင် နေမြင့်လှလေပြီ။ ထမင်းချက်သော မိန်းမကြီးကို မေးသောအခါ ၁၀ နာရီထိုးပြီးကြောင်းနှင့် ပြော၍ မစိန်ရီမှာလည်း သမ္ဗန်တစ်စင်းနှင့် ထွက်သွားကြောင်း ပြောပြ၏။ မတင်မေသည် ဤမျှလောက် နေမြင့်အောင် အိပ်ပျော်နေမိသည်ကို အံ့သြလျက် လက်ဖက်ရည်သောက်ရင်း လမ်းဘက်သို့ မျှော်ကြည့်ရာတွင် မစိန်ရီသည် သမ္ဗန်ကလေးတစ်စင်းကို ကိုယ်တိုင်လှော်ခတ်၍ လာနေသည်ကို တွေ့မြင်ရလေ၏။ မစိန်ရီသည် သမ္ဗန်ကို ကမ်းတွင်ဆိုက်ထားခဲ့၍ အိမ်ပေါ်သို့ တက်လာသောအခါ မတင်မေက အံ့သြသောမျက်နှာနှင့်–

"အလို မစိန်ရီ မျက်နှာ ဘာဖြစ်တာလဲ"

"ဟိုဘက်ကမ်းမှာ လမ်းလျှောက်ရင်း သစ်မြစ်နဲ့ခြေနဲ့ငြိပြီး လဲခဲ့လို့ပါ" ဟု ပြောသော်လည်း မျက်နှာ၌ရှိသော ဒဏ်ရာမှာ လဲသောကြောင့် ခိုက်မိသော ဒဏ်ရာနှင့်မတူသည့်ပြင် လက်ချောင်းရာများကိုလည်း နုထွတ်သောပါးပြင်၌ မြင်မိသည်ဟူ၍ မတင်မေ အောက်မေ့မိ၏။

ထိုနေ့ နံနက်စာစားရင်း မစိန်ရီက နက်ဖြန် တနင်္ဂနွေနေ့တွင် မိမိ၏ဖခင်ဦးတိုက်စိုးသည် အလည်လာမည့်အကြောင်းနှင့် တယ်လီဖုန်းဖြင့် မှာလိုက်သည်ဟူ၍ ပြောပြ၏။ မတင်မေသည် ထမင်းစားသောက်ရင်း မစိန်ရီ၏အကဲကိုခတ်သွက်၍ရာ မစိန်ရီမှာ အခါတိုင်းကဲ့သို့ ရွှင်ရွှင်ပျပျမရှိဘဲ ထိတ်လန့်ကြောက်ရွံ့သော အမူအရာရှိလျက် ရံဖန်ရံခါ ထမင်းစားရင်း နားစွင့်၍ထောင်နေသည်ကိုပင် မြင်မိသည်ဟူ၍ မတင်မေ၏စိတ်၌ အောက်မေ့မိ၏။

"ဘာဖြစ်တာလဲ မစိန်ရီ"

"ဘာမှမဖြစ်ပါဘူး မတင်မေ။ ကျွန်မ စဉ်းစားနေတာပါ။ ကျွန်မက တစ်ခါ တစ်ခါ ဒီလိုပဲ စဉ်းစားတတ်တယ်။ ကိုင်း လာ၊ ကျွန်မတို့အခန်းသွားကြစို့"

မစိန်ရီသည် အထူးသဖြင့် ကြင်နာယုယသော အမူအရာနှင့် မတင်မေ၏ လက်ကိုကိုင်ဆွဲလျက် အခန်းတွင်းသို့ ခေါ်သွား၍ ကုတင်နံဘေးရှိ ကုလားထိုင်ပေါ်၌ ထိုင်မိကြသောအခါ မှန်တင်စားပွဲအံဆွဲမှ ဆင်စွယ်ရိုးနှင့် မိုးကြိုးကွင်းထားသော ဓားမြှောင်ကလေးတစ်စင်းကို ထုတ်၍ပြလေ၏။

"မတင်မေ၊ ဓားမြှောင်ကိုင်တတ်ကဲ့လား"

"ဒီလို ကိုင်ရတယ် မဟုတ်လား"

"မဟုတ်ဘူး ဟောဒီလိုကိုင်ပြီး ရန်သူကို ဟောဒီလို ထွက်ရတယ်၊ ရှေ့ကတည့်တည့် မထိုးရဘူး ညီမရဲ့"ဟု ပြောလျက် မစိန်ရီသည် ရန်သူနှင့်တွေ့သော



အခါ၌ ဓားမြှောင်သုံးပုံ၊ ကိုင်ပုံတို့ကို သင်ပြလေရာ မတင်မေမှာ အံ့သြစွာနှင့် အာရုံမှတ်သားလျက် ရှိနေလေ၏။

ထိုနေ့ တစ်နေ့လုံး မစိန်ရီသည် မတင်မေအား ဘေးအန္တရာယ်နှင့် တွေ့ကြုံသည့်အခါများ၌ မိမိကိုယ်ကို မည်ကဲ့သို့ ကာကွယ်ရပုံအကြောင်းများကို သင်ပြသွက်ရှိရာ မတင်မေက ဘေးအန္တရာယ်တစ်စုံတစ်ရာ စိုးရိမ်စရာရှိပါသလောဟု မေးမြန်းသောအခါ၌ မစိန်ရီက ကိုယ့်ကိုယ်ကို ကာကွယ်သည့်နည်းကို တတ်ထားခြင်းမှာ လွန်နိုင်သည်မရှိကြောင်းနှင့်သာလျှင် ဖြေဆိုလေ၏။

ထိုညဉ့်၌ အိပ်ရာသို့ဝင်ကြသောအခါ မစိန်ရီသည် ဓားမြှောင်ကလေးကို မတင်မေ၏ ခေါင်းအုံးအောက်၌ ထား၍အိပ်စေ၏။ ယမန်ညဉ့်က အိပ်ပျက်ကြသည်ဖြစ်သောကြောင့် မတင်မေမှာ အိပ်ရာသို့ဝင်ပြီးနောက် မကြာမီအတွင်းတွင် အိပ်ပျော်ခြင်းသို့ ရောက်လေရာ သန်းခေါင်ကျော်အချိန်ခန့်တွင် နိုးလာသောအခါ၌ကား မိမိ၏အနီး၌ မစိန်ရီမရှိတော့သည့်ပြင် တစ်ခန်းလုံးမှောင်လျက် အခန်းတွင်း၌ တစ်စုံတစ်ယောက် ရောက်နေသည်ဟု မတင်မေ ထင်မိ၏။ မတင်မေသည် ခေါင်းအုံးအောက်မှ ဓားမြှောင်ကို ဆုပ်ကိုင်ပြီးနောက် အိပ်ရာမှ ထလိုက်ရာ "မီးခြစ်နဲ့ ဒုက္ခဖြစ်သွားမယ်" ဟု ခုတင်ခြေရင်းမှ ပြောသံကို ကြားရလေ၏။

"ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ကိုင်း ထ– လိုက်ခဲ့"

မတင်မေသည် ဓားမြှောင်ကို စီစီပါအောင် ဆုပ်ကိုင်လျက် ခုတင်ခြေရင်း၌ အသံကြားရာသို့ မစိန်ရီသင်ပြထားသည့်အတိုင်း ဓားမြှောင်နှင့် ယောင်ယမ်း၍ ထွက်လိုက်ရာ "အလယ်လယ်၊ ဟော့ မလုပ်နဲ့၊ အလိုလေးဗျ" ဟူသော အသံများကို ကြားရလေ၏။ နောက်တခဏ၌ မတင်မေသည် ခုတင်ပေါ်မှ ခုန်ဆင်း၍ မြားတာသို့ ထွက်သောတံခါးကို လျင်မြန်စွာ ဖွင့်ထွက်ပြီးလျှင် ဝရန်တာကို ကျော်၍ တိုင်ကိုဖက်လျက် အောက်သို့လျှောဆင်းပြေးလေ၏။ မြေသို့ရောက်သည်နှင့်တစ်ပြိုင်နက် မတင်မေသည် ကမ်းတွင်ဆိုက်ကပ်ထားသော သမ္ဗန်ကလေးကို သတိရ၍ ကမ်းဆီသို့ ပြေးသွားလေ၏။

ထိုခဏ၌ အိမ်ပေါ်မှ ဆင်းပြေးလာသော ခြေသံများကို ကြားလေရာ မတင်မေသည် မည်သူမည်ဝါဖြစ်သည်ဟု လှည့်၍မကြည့်ဘဲ ရေဆိပ်သို့ အစွမ်းကုန် ပြေးသွားလေ၏။ ခြေသံသည်လည်း နောက်မှ တဖုတ်ဖုတ်ပြေး၍လိုက်လာရာ မတင်မေသည် သမ္ဗန်ပေါ်သို့ ခုန်တက်၍ သံကြိုးကိုဖြုတ်ပြီးနောက် လှေကိုပြင်းဆွဲယက်စပြုသည်နှင့်တစ်ပြိုင်နက် လူနှစ်ယောက်သည် ရေစပ်သို့ ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဘယ်လဲ မသွားနဲ့ ပြန်လာခဲ့၊ ဘယ့်နှယ်မှ မလုပ်ဘူး"

မတင်မေသည် ရပ်ဆိုင်းခြင်းမရှိဘဲ မိုင်တစ်ဝက်ခန့်မျှဝေးသော တွံတေးမြို့သို့ လှော်ခတ်လေရာ လူနှစ်ယောက်တို့လည်း ရေထဲသို့ခုန်ဆင်း၍ ရေကူးလျက်လိုက်လာကြ၏။ ကံအားလျော်စွာ ဒီရေသည်လည်း ရေတက်ဖြစ်သောကြောင့် တွံတေးမြို့ဖက်သို့ စီးလျက်ရှိ၏။

သမ္ပန်နှင့် ခတ်လှော်ခြင်းသည် ရေကူးခြင်းထက် လျင်မြန်သည်ကားမှန်၏။ သို့ရာတွင် မတင်မေမှာ ကောင်းစွာလှော်ခတ်တတ်သူတစ်ယောက် မဟုတ်ချေ။ ထို့ပြင် ထိုသူနှစ်ယောက်တို့သည် လက်ကိုမြှောက်၍ ခြေခတ်ပုံတို့ကို ထောက်ချင့်ရသော် ရေကူးခြင်း၌ အလွန်ကျင်လည်ဟန် လက္ခဏာရှိကြ၏။ လှော်ခတ်ရန်ခရီးမှာ မိုင်တစ်ဝက်ခန့်မျှသာ ရှိသည်ဖြစ်ရာ မတင်မေ၏ အကြံမှာ မြို့နှင့်နီးလာသောအခါ၌ အော်ဟစ်ရန် ဖြစ်လေ၏။

မတင်မေသည် မလှော်တတ် လှော်တတ်နှင့် ရေလယ်သို့ သမ္ပန်ဦးကိုချိန်ပြီးနောက် ရေလယ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြို့ဘက်သို့ စုန်ဆင်းလေရာ လူနှစ်ယောက်တို့လည်း ကမ်းဘက်မှ ဝိုင်းရံကာ ရေကူး၍လိုက်လာကြလေ၏။ အတန်ငယ်လှော်မိလေလျှင် မတင်မေသည် ထိတ်လန့်ကြောက်ရွံ့သည်ကတစ်ကြောင်း၊ ကောင်းစွာမကျင်လည်သည်က တစ်ကြောင်းကြောင့် သမ္ပန်ဦးကို လိုရာသို့ တည့်တည့်မလှည့်စေနိုင်ဘဲ ထိုမှဤမှ လှည့်လည်၍ သွားသဖြင့် သမ္ပန်သည် တစ်ဖြောင့်တည်း မသွားဘဲ ကွေ့ကောက်ကာ သွားလျက်ရှိရာ ရေကူးသောလူနှစ်ယောက်တို့သည် တဖြည်းဖြည်းနီးကပ်၍ လာကြလေ၏။ ထိုအကြောင်းကို မတင်မေသိမြင်သောအခါတွင် ရှေးကထက် အားခဲ၍လှော်ပြန်ရာ သမ္ပန်သည်လည်း ရှေးကထက်ကောက်၍ သွားပြန်လေ၏။ မြို့မှာမူကား မိုင်တစ်ဝက်ခန့် လိုချေသေး၏။

မတင်မေသည် ရှိသမျှခွန်အားကို စိုက်ထုတ်၍ လှော်ခတ်ခြင်းဖြစ်သောကြောင့် မကြာမီအတွင်း လက်ပန်းကျ၍ လာခဲ့ရာ လူနှစ်ယောက်တို့သည် သမ္ပန်နောက်မှ ၅ တောင်ခန့်မျှသာလျှင် ကွာဝေးလေတော့၏။ ထိုကိန်းအတိုင်း သွားခဲ့မူ သမ္ပန်သည် တွံတေးသို့မရောက်မီ လူနှစ်ယောက်တို့သည် သမ္ပန်ကို မီတော့မည်မုချမလွဲ ဖြစ်လေရာ ထိုခဏ မတင်မေသည် သမ္ပန်ဦးနှင့် ဆယ်တောင်အကွာလောက်တွင် မည်းမည်းကြီးရှိသော အရာဝတ္ထုတစ်ခုကို တွေ့မြင်ရ၏။ နောက်တစ်ခဏ၌ ထိုအရာသည် ကျောက်ချ၍ထားသော တုံကင်းကြီးတစ်စင်းဖြစ်ကြောင်းကို သိသည်နှင့် မတင်မေသည် "ကယ်ကြပါရှင့် ကယ်ကြပါ"ဟု ဟစ်အော်ရင်း တုံကင်းနံဘေးသို့ လှော်ခတ်ရန် ကြိုးစားလေရာ နံဘေးသို့မရောက်ဘဲ တည့်တည့်ကြီး



...၍ ဘိုက်မိသဖြင့် သမ္ပန်သည် စောင်းငဲ့ကာ မှောက်သွားလေ၏။ နောက်...အခါ၌ သန်စွမ်းသောလက်တို့ဖြင့် မတင်မေ၏လက်မောင်းများကို ဆွဲယူလျက် ...ကင်းပေါ်သို့တင်ရင်း "တင်မေ့အသံမှတ်တယ်"ဟု ပြောလိုက်သောအသံကိုကြား...ပြီးနောက် မတင်မေသည် ရေမွန်းသော ဝေဒနာကြောင့် သတိလစ်သွားလေ၏။

( ၁၈ )

မောင်ထွန်းအုံသည် ဦးတိုက်စိုး၏ နေအိမ်ကို ဒုတိယအကြိမ် သူခိုးများ ဖောက်ထွင်း၍ ဝင်ပြန်ကြောင်းနှင့် သတင်းရသဖြင့် ဌာနာအုပ်တစ်ယောက်နှင့်အတူ ဦးတိုက်စိုး၏နေအိမ်သို့ သွားရောက်ကြည့်ရှုကြပြန်လေ၏။ အိမ်ကို ဖောက်ထွင်းသောအမှုမှာ စင်စစ်အားဖြင့် ဌာနာအုပ်သာလျှင် စစ်ဆေးရန် ဝတ္တရားရှိသည်မှန်သော်လည်း စုံထောက်ဘက်ဌာနက မောင်ထွန်းအုံအား ဥသြနှင့်ပတ်သက်သော အမှုမှန်သမျှကို မောင်ထွန်းအုံကိုယ်တိုင် စုံထောက်၍ ဥသြဆိုသူကို ပေါ်ပေါက်အောင် ထောက်လှမ်းစုံစမ်းဖို့ တာဝန်လွှဲထားခဲ့သည်ဖြစ်သောကြောင့် မောင်ထွန်းအုံမှာ ထိုအိမ်ဖောက်မှု၌ ဌာနာအုပ်နှင့်အတူ လိုက်ပါသွားခြင်း ဖြစ်လေသည်။

ဦးတိုက်စိုး၏တိုက်ကို ဒုတိယအကြိမ် ဖောက်ထွင်းသောညဉ့်၌ ဦးတိုက်စိုးမှာ တနင်္ဂနွေနေ့ဖြစ်သောကြောင့် တွံတေးသို့ အလည်သွားနေခိုက်ဖြစ်ရာ တိုက်ကိုဖောက်ထွင်းသည့် သတင်းကို အစေခံမောင်ဘသိန်းက တိုင်တန်းသဖြင့် ပုလိပ်အရာရှိတို့ သိရှိရခြင်း ဖြစ်လေသည်။

မောင်ဘသိန်း၏အဆိုမှာလည်း ညဉ့်၌ ၎င်းတိုက်တွင် ဦးတိုက်စိုးနှင့် ...မိန်းရိတို့မရှိခိုက်အတွင်း မိမိတစ်ယောက်တည်း စောင့်၍အိပ်ကြောင်း၊ သူခိုးများသည် တိုက်အတွင်းသို့ ဖောက်ထွင်း၍ဝင်သွားသည်ကို မိမိအလျှင်းမနိုးသဖြင့် ...သိလိုက်ရကြောင်း၊ သန်းခေါင်ကျော်လောက်မှ ပတ်တရောင်များသည် တိုက်တံခါးပွင့်နေသည်ကို မြင်ကြ၍ တိုက်ထဲသို့ ဝင်လာပြီးလျှင် မိမိအားနှိုးသောအခါမှ တိုက်ကို လူဖောက်သွားကြောင်း သိရကြောင်း၊ မောင်ဘသိန်း၏အထင်မှာ မိမိမှာ အလွန်တရာ အအိပ်ဆတ်သူတစ်ယောက်ဖြစ်ပါလျက် ထိုကဲ့သို့ မနိုးဘဲရှိနေရခြင်းမှာ ဆေးမိထားသောကြောင့် ဖြစ်သည်ဟု တွေးထင်ကြောင်း၊ ထိုညဉ့်၌ ကော်ဖီတစ်ခွက်ဖျော်၍ တစ်ယောက်တည်းသောက်ရာတွင် ကော်ဖီသည် အလွန်ခါးလှသည်ဟု မိမိထင်မိကြောင်းများနှင့် ပြောပြလေသည်။

ဌာနာအုပ်နှင့် မောင်ထွန်းအုံတို့သည် မောင်ဘသိန်း၏ အထင်ပေါ်စကားတို့ကို ကြားရပြီးနောက် တိုက်ကိုဖောက်ထွင်းပုံနှင့် မည်သည့်ပစ္စည်းများပါသွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို စစ်ဆေးကြည့်ရှုမည်ပြုဆဲတွင် ဦးတိုက်စိုးသည် တဲ့တေးမှ ပြန်ရောက်လာ၍ တိုက်ထဲသို့ ဝင်လာလေ၏။ ဦးတိုက်စိုးသည် တိုက်ကို လူဖောက်သည့်သတင်းကို ကြားရသောအခါတွင် အလွန်တရာ စိတ်ရှုပ်သောအမူအရာနှင့် နဖူးကို လက်ဝါးနှင့်ရိုက်ကာ ညည်းတွားလေ၏။

ဌာနာအုပ်နှင့် မောင်ထွန်းအုံတို့သည် သူခိုးများ ဖောက်ဝင်ပုံကို စုံစမ်းကြည့်ရှုကြပြီးနောက် ယခင်က အစေခံအခန်းကိုလည်း ဖွင့်၍မြေတိုက်တံခါးကို ဖွင့်ကြလေ၏။ ထိုသို့ပြုရခြင်းမှာ သူခိုးများသည် မြေတိုက်ဘက်မှ ဥမင်လိုဏ်ခေါင်းတူး၍ ဝင်လေသလောဟု ကြည့်ရှုခြင်းဖြစ်၏။ မောင်ထွန်းအုံသည် မြေတိုက်တံခါးကိုဖွင့်ပြီးနောက် လက်နှိပ်ဓာတ်မီးနှင့် အောက်သို့ထိုးကြည့်ရာမှ–

"ဟော– မရှိဘူးဗျို့"

"ဘာမရှိတာလဲ မောင်"

"ဦးရဲ့ ဝိစကိသေတ္တာလေ၊ ပြန်ပို့လိုက်လို့လား"

"မပို့ရသေးပါဘူးမောင်၊ ခက်ကုန်ပါပြီဗျ" ဟု ပြောလျက် ဦးတိုက်စိုးသည် နဖူးကို လက်ဝါးနှင့် ရိုက်ပြန်လေ၏။

"ဘာကြောင့်ခက်တာလဲ ဦးရဲ့၊ ဝိစကိသေတ္တာပျောက်တာနဲ့ ဒီလောက်အောင် ခြစ်ရသလား"

"ကျုပ်ပစ္စည်း မဟုတ်လို့ပါမောင်"

ထိုအခါ မောင်ထွန်းအုံက ဦးတိုက်စိုးသည် သူတစ်ပါး၏ ဝိစကိသေတ္တာပျောက်ဆုံးသည့်အတွက် ဤမျှလောက် စိတ်ဒုက္ခရောက်ရသည်ကို ထောက်သည်ရှိသော် မျက်နှာကို ကြာပွတ်နှင့်အရိုက်ခံရပြီးသည်မှစ၍ ဦးတိုက်စိုးမှာ စိတ်ကမောက်ကတက် ဖြစ်နေရှာသည်ဟု တွေးထင်မိလေ၏။ မောင်ဘသိန်းမှာမူ ပုလိပ်အရာရှိများနှင့်အတူ မြေတိုက်ကို ကြည့်နေရာမှ ပျောက်ကွယ်၍သွားလေ၏။

ဦးတိုက်စိုးမှာမူ မည်သို့သောအကြောင်းကြောင့်မသိ ဒူးများဆတ်ဆတ်ခါအောင် တုန်လှုပ်လျက် တောင်ကြည့်မြောက်ကြည့်နှင့် ရှိနေရာမှ ဤတိုက်တွင် မနေရစ်ဝံ့သောကြောင့် ပုလိပ်အရာရှိများနှင့် အတူလိုက်ပါရစေဟု တောင်းပန်လေ၏။ ဌာနာအုပ်နှင့် မောင်ထွန်းအုံတို့လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ဤလူကြီးကား ရူးသွပ်ချေပြီဟု မှတ်ထင်ကြ၏။ သို့ရာတွင် အတူလိုက်လိုခြင်းကို မငြင်းဆန်နိုင်သည်ဖြစ်သောကြောင့် ခေါ်သွားကြရလေရာ မောင်ဂိုမာရီလမ်း*ထောင့်သို့ ရောက်သောအခါတွင် ဌာနာအုပ်သည် ပုဇွန်တောင်ဘက်သို့

* – ဗိုလ်ချုပ်အောင်ဆန်းလမ်း



သွား၍ ဦးတိုက်စိုးမှာ မောင်ထွန်းအုံနှင့်အတူ ဘူတာရုံဘက်သို့ လျှောက်သွားကြလေ၏။

စတော့ကိတ်လမ်း*ထောင့်သို့ ရောက်သောအခါ လူတစ်ယောက်သည် မော်တော်ဆိုင်ကယ်စီးသမားများ တပ်ဆင်လေ့ရှိသော မျက်မှန်ကြီးတပ်လျက် အရှေ့မှ အနောက်သို့ မော်တော်ဆိုင်ကယ်တစ်စီးကို စီးလာရာ အလွန်မြန်လှသော ဆိုင်ကယ်မျိုးဖြစ်သောကြောင့် တစ်လမ်းလုံး တဖုံးဖုံးနေအောင် ဆူညံသွားလေ၏။ မောင်ထွန်းအုံတို့၏အနီးသို့ ရောက်သောအခါ ထိုလူသည် ၎င်းတို့နှစ်ယောက်အနီးမှကပ်၍ စတော့ကိတ်လမ်းဘက်သို့ ချိုးသွားလေရာ ဦးတိုက်စိုးမှာ ဆိုင်ကယ်တိုက်မိမည်စိုးသောကြောင့် မောင်ထွန်းအုံဘက်သို့ ဖိ၍ရှောင်တိမ်းလိုက်၏။ မောင်ထွန်းအုံသည်လည်း မိမိ၏ဘက်သို့ ရုတ်တရက်အိ၍ကျလာသော ဦးတိုက်စိုး၏ ကိုယ်ကြီးကို တွန်းဖယ်၍ တည့်မတ်အောင်ထူပေးရာတွင် ဦးတိုက်စိုး၏ကိုယ်သည် ထူ၍မရနိုင်ဘဲ ကွေးညွတ်၍ ကျလေ၏။ ထိုအခါ မောင်ထွန်းအုံသည် အံ့ဩလှစွာနှင့် ဦးတိုက်စိုး၏ မျက်နှာကို ကြည့်လိုက်ရာတွင် မျက်တောင်များ ငင်းလျက် အသက်မရှိတော့သည့်အဖြစ်ကို သိရှိရလေ၏။ ဦးတိုက်စိုး၏ ရင်ဝ၌ ဘား သေနတ်မှန်ထားသောဒဏ်ရာမှ သွေးများယိုစီးလျက် ထွက်နေသည်ကိုလည်း တွေ့မြင်ရလေ၏။

( ၁၉ )

မောင်ထွန်းအုံသည် မတင်မပျောက်သွားသဖြင့် တဲ့တေးသို့ အမြန်လာခဲ့ အကြောင်းနှင့် မစိန်ရီထံမှ တယ်လီဖုန်းဆက်၍ ပြောလိုက်သဖြင့် သဘောင်ဆိပ်သို့ တက္ကစီနှင့် ပြေးသွားရာမှ တဲ့တေးသသင်္ဘောသည် လွန်ခဲ့သော ငါးမိနစ်ခန့်ကပင် ထွက်သွားနှင့်လေပြီ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် ရေကြောင်းဘက် ပုလိပ်အရာရှိများထံ အကျိုးအကြောင်းကို ပြောပြ၍ မော်တော်ဘုတ်တစ်စင်းကို ငှားပြီးလျှင် တဲ့တေးသို့ စက်ကုန်မောင်းနှင်၍ လာခဲ့လေ၏။

မစိန်ရီတို့၏ခြံသို့ ရောက်သောအခါ ခြံတွင်းအိမ်မှာ လူတစ်ယောက်မှမရှိဘိသကဲ့သို့ တိတ်ဆိတ်စွာ ရှိနေရာ မောင်ထွန်းအုံသည် အိမ်ပေါ်သို့တက်သွား၍ တစ်အိမ်လုံးကို ရှာဖွေသောအခါတွင် အိပ်ခန်းအတွင်း ကြိုးများနှင့်တုပ်နှောင်ထားသော မစိန်ရီကို တွေ့ရလေ၏။ မစိန်ရီမှာ မျက်နှာ၌ ရိုက်နှက်ထားသောဒဏ်ရာများဖြင့် ညိုမည်းလျက်ရှိသည့်ပြင် သတိကောင်းစွာမရဘဲ ညည်းညူလျက်

* – သိမ်ဖြူလမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။ မောင်ထွန်းအုံသည် ကြိုးများကိုဖြေပြီးနောက် မျက်နှာကို ရေနှင့်ပက်ဖျန်းသောအခါမှ မစိန်ရီသည် မျက်လုံးများဖွင့်ကြည့်၍–

“ကိုထွန်းအုံ”

“မတင်မေကော၊ ဘယ်မှာလဲ”

“ကျွန်မလည်း တတ်နိုင်သလောက် ကူညီပါတယ်ရှင်။ နို့ပေမယ့် သူတို့လက်တွင်းဖြစ်လေတော့…”

“ဘယ်သူ့လက်တွင်းလဲ ဥဩလား”

“ဟုတ်ပါတယ်”

“မစိန်ရီ မှန်မှန်ပြောစမ်း၊ ဥဩနဲ့ခင်ဗျားနဲ့ ဘယ်လိုဆက်သွယ်ခြင်းရှိသလဲ”

“ဥဩက ကျွန်မတို့ဆရာ၊ ဦးသာဒွန်းရဲ့ဆရာ၊ ဦးတိုက်စိုးရဲ့ ဆရာပါရှင်၊ ဦးတိုက်စိုးကိုလည်း သူစီရင်တော့မှာပဲ”

“စီရင်ပြီးပြီ၊ ဦးတိုက်စိုးသေပြီ”

“အို ဖြစ်ရလေ”

“ဦးတိုက်စိုးဟာ ခင်ဗျားအဖေ မဟုတ်ဘူးလား”

“ဘာမှ မတော်ပါဘူးရှင်၊ ဆရာတပည့်ပါ”

“နေပါဦး၊ ဥဩဆိုတာ ဘယ်သူလဲ”

“ဒါတော့ ကျွန်မ မပြောပါရစေနဲ့ရှင်၊ သည်းခံပါ၊ ရှင်လည်းစုံထောက်ပဲ၊ ရှင့်ဘာသာ ပေါ်အောင်စုံထောက်ပါတော့။ ကျွန်မ သစ္စာမဖောက်ပါရစေနဲ့”

“မစိန်ရီကို ရိုက်ပြီးကြိုးနဲ့တုပ်သွားတာ ဥဩမဟုတ်လား”

“မှန်ပါတယ်”

“ဒါနဲ့တောင် ဖော်မပြောဘူး”

“မပြောဝံ့လို့ပါရှင်”

“ဘယ်အပြစ်ကြောင့် မစိန်ရီကို ရိုက်သလဲ”

“မတင်မေကို အားမွှောင်ကိုင်ပုံ သင်ပေးမိတာကတစ်ပြစ်၊ ရှင့်ဆီကို တယ်လီဖုန်းဆက်တာ မိသွားတာကတစ်ပြစ်၊ နှစ်ပြစ်ပါရှင်”

“မစိန်ရီက ဥဩတပည့်ဆိုလျှင် ဘယ့်နှယ်ကြောင့် ကျုပ်တို့နဲ့ ပူးပေါင်းသလဲ”

“အစတုန်းကတော့ ကိုညွှန့်ဖူးပစ္စည်းကို လိမ်ယူကြဖို့ သဘောတူကြံစည်ကြပါတယ်။ နောက်တော့ ကျွန်မက ကိုညွှန့်ဖူးကို တကယ်မေတ္တာရှိလေတော့ သူတို့အကြံအစည်ပျက်အောင် ကြံဝံ့သလောက် ကြံခဲ့ရပါတယ်။ သို့သော် ဥဩ



ကြောက်သည့်အတွက်ကြောင့် ရှင့်တို့ကို အကြောင်းစုံဖွင့်မပြောဘဲ တတ်နိုင်သလောက် ကူညီခဲ့ရပါတယ်”

“ကောင်းပြီမစိန်ရီ ဒီမှာခဏနေဦး၊ မတင်မေကို ကျုပ် လိုက်ရှာရဦးမယ်၊ မောင်မေကို သူတို့ဖမ်းသွားသလား သို့မဟုတ် ဘယ်လိုလဲ”

“သူတို့ ဖမ်းလို့မိတယ် မထင်ပါ။ သမ္ဗန်ကလေးနဲ့ လှော်ပြေးပါတယ်”

“ကောင်းပြီ၊ နေရစ်ဦး”

၎င်းနောက် မောင်ထွန်းအုံသည် မော်တော်ဘုတ်သို့ဆင်း၍ တွံတေးချောင်းအတွင်း ခေါက်တုံ့ခေါက်ပြန် စုံစမ်းရှာဖွေရာ မတင်မေစီးသော သမ္ဗန်ကိုသာတွေ့၍ မောင်မေကိုကား မတွေ့ရချေ။ သို့ဖြစ်၍ မောင်ထွန်းအုံ မစိန်ရီထံသို့ ပြန်သွား၍ စိန်ရီမှာ လူဆိုးများနှင့်ပူးပေါင်း၍ မောင်ညွှန့်ဖူး၏ ပျက်စီးကြောင်းကို ကြံစည်ခဲ့သည်မှန်သော်လည်း နောက်ဆုံး၌ မောင်ညွှန့်ဖူးကို မေတ္တာရှိပါသည်ဟူ၍ ဝန်ခံသောစကားကို ကြားရသည့်အတွက်ကြောင့် ဖမ်းဆီးခြင်းမပြုဘဲ ဥဩကို မိမိကိုယ်တိုင် တွေ့အောင်ရှာမည်ဖြစ်ကြောင်း၊ အကြောင်းရှိက မိမိထံ အကူအညီ တောင်းနိုင်ကြောင်းများနှင့် မှာထားပြီးလျှင် မော်တော်ဘုတ်နှင့် ရန်ကုန်သို့ပြန်လာခဲ့လေ၏။

လမ်းခရီး၌ မောင်ထွန်းအုံသည် ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ရှူဖွာရင်း ခေါင်းစားတွေးတော၍လာရာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လုခါနီးမှ “အောင်မယ်လေးဗျ ထူလိုက်တဲ့ငါ၊ အ လိုက်တဲ့ငါ”ဟု ရေရွတ်လျက် ကမ်းသို့ဆိုက်သည်နှင့် တစ်ပြိုင်နက် ဌာနသို့ပြေးသွားလေ၏။ ဌာနအုပ်အား အံ့ကျိုးအကြောင်းကို ပြောပြ၍ ပုလိပ်သား ခြောက်ယောက်ခန့်နှင့် ဦးတိုက်စိုး၏ အိမ်သို့သွားပြီးလျှင် မောင်ဘသိန်းကို ရှာသော်လည်း မတွေ့ရတော့ချေ။

“ဘာပြုလို့ မောင်ဘသိန်းကို ရှာတာလဲ ကိုထွန်းအုံ”

“ဥဩဆိုတာ မောင်ဘသိန်းပဲဗျ”

( ၂၀ )

မောင်ထွန်းအုံသည် မိမိ၏နေအိမ်၌ ထိုနေ့က အဖြစ်အပျက်များကို အစီရင်ခံစာ ရေးသားလျက်ရှိစဉ် တပည့်ဘိုးကဲက မိန်းမငယ်သည်တစ်ယောက် ရောက်လာသည်ဟု ပြောလာ၏။ မောင်ထွန်းအုံလည်း မတင်မေထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာနှင့် ဧည့်ခန်းသို့ထွက်လာရာတွင် မတင်မေ မဟုတ်၊ မစိန်ရီကို တွေ့ရလေ၏။

မစိန်ရီက ဥဩသည် မိမိ၏အသက်ကို ရန်ရှာမည်ဟု စိုးရိမ်ရသည့်အတွက် ဤအိမ်၌အိပ်ခွင့်ပေး၍ ကိုထွန်းအုံက ကာကွယ်ပါမည့်အကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



သနားစဖွယ် တောင်းပန်ရာတွင် မောင်ထွန်းအုံမှာ မစိန်ရီသည် လူဆိုးအသင်းဝင်တစ်ယောက်ပင်ဖြစ်သော်လည်း အကျဉ်းအကျပ်၌ ကျရောက်နေခြင်းကို ကရုဏာဖြစ်သည့်အတွက် တတ်နိုင်သမျှကူညီရန် ကတိထားရလေ၏။ မောင်ထွန်းအုံ၏ အိမ်၌ မိန်းမအစေခံဟူ၍ မရှိဖြစ်ရကား တစ်ခန်းတည်း၌ အတူအိပ်ရမည်ကို လူကဲ့ရဲ့ဖွယ် ဖြစ်မည်ကိုလည်း စိုးရိမ်မိ၏။

သို့ဖြစ်၍ ထိုညဥ့်၌ တပည့်ဘိုးကဲကို လေ့ခါးအတက်စ တံခါးဝတွင် အိပ်ရာပြင်ပေး၍ မစိန်ရီအားမူ ဧည့်ခန်းအတွင်း ဆိုဖာပေါ်တွင်အိပ်စေလျက် မောင်ထွန်းအုံကမူ အိပ်ခန်းအတွင်း မိမိ၏အိပ်ရာ၌ အိပ်လေ၏။ မောင်ထွန်းအုံက မစိန်ရီအား အခန်းထဲသို့ဝင်အိပ်စေ၍ မိမိက ဧည့်ခန်းမှာအိပ်ဖို့ပြောသော်လည်း မစိန်ရီကသူတစ်ပါး၏အိပ်ရာကို လုယ၍မအိပ်လိုကြောင်းနှင့်ပြော၍ ဆိုဖာပေါ်၌သာလျှင် အိပ်သတည်း။

မောင်ထွန်းအုံမှာ မစိန်ရီအတွက် စိုးရိမ်ကြောင့်ကြသောကြောင့် စောစော၌ အိပ်မပျော်ဘဲ ရှိနေသော်လည်း စိတ်မောကိုယ်မောဖြစ်သော ရက်ပေါင်းများလှပြီဖြစ်၍ သန်းခေါင်မတိုင်မီ အိပ်ပျော်သွားလေ၏။

မောင်ထွန်းအုံသည် အအိပ်ဆတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း နောက်ဖေးအုတ်နံရံ၌ ချောက်ချောက်မြည်သံ ကြားသည်နှင့် လန့်နိုး၍ နာရီကိုကြည့်ရာ နှစ်နာရီခွဲနှစ်ချက်ထိုးလျက် ရှိသည်ကို တွေ့ရ၏။ ထို့နောက် ချောက်ချောက်မြည်သော အသံကို နားစွင့်ကာထောင်လျက် အသက်ကိုအောင့်ထားစဉ် နောက်ဖေးပြတင်းပေါက်မှ မှန်သည် 'ခွမ်'ခနဲ ကွဲ၍သွား၏။ မောင်ထွန်းလုံလည်း အိပ်ရာမှ လူးလဲထသဆဲတွင် ၎င်း၏အိပ်ခန်းအတွင်း ကြမ်းပေါ်သို့ တစ်စုံတစ်ခုသော အရာဝတ္ထုသည် 'ဒုံး'ခနဲ ကျသံကို ကြားလိုက်ရ၏။ လျင်မြန်သောဉာဏ်ရှိကြောင်းနှင့် အထက်အရာရှိများ၏ ချီးမွမ်းခြင်းကိုခံရသော မောင်ထွန်းအုံသည် ထိုအသံကို ကြားသည်နှင့်တစ်ပြိုင်နက် မည်သည့်အရာမျိုး ဖြစ်တန်ရာ၏ဟု ရုတ်ခနဲ သွားမိသဖြင့် အိပ်ရာသို့ချက်ချင်းပြန်လှဲပြီးလျှင် ကိုယ်ကို မွေ့ရာဖြင့် ပတ်ထားလိုက်၏။ နောက်တစ်ခဏ၌ 'ဒိုင်း'ခနဲအသံကို ကြားရပြီးနောက် မှန်ပြတင်းများ၊ မှန်တင်စားပွဲများ၊ ကုလားထိုင်များစသည့် အိပ်ခန်းတွင်းရှိ ပစ္စည်းများသည် 'တဂျုံးဂျုံး၊ ဘလျှင်းလျှင်း' ကျိုးပဲ့ပျက်စီးကြလေ၏။

တစ်ခဏကြာသောအခါ မောင်ထွန်းအုံသည် ရစ်ပတ်ထားသော မွေ့ရာအတွင်းမှ ထွက်လာ၍ ဓာတ်မီးခလုတ်ကို နှိပ်လေရာ ဓာတ်ကြိုးလည်း ပြတ်သွားချေပြီ။ ထိုအတောအတွင်း ယခင်က မြည်ဟိန်းသော အသံကြီးကြောင့် တစ်ရပ်လုံးနိုးလာ၍ အုတ်အုတ်ကျက်ကျက်ရှိနေကြရာ မောင်ထွန်းအုံသည် တံခါးကိုဖွင့်၍



ကြည့်ရာ ကြည့်ရာ... အိုကဲထဲမှ မီးခြစ်ကိုတောင်း၍ မီးအိမ်ကိုထွန်း၏။ အိပ်ခန်းအတွင်းဝင်၍ ကြည့်လိုက်သောအခါ တစ်ခန်းလုံး ရစရာမကောင်းအောင် ပျက်စီးနေကြောင်း တွေ့ရ၏။ ဒိုင်းခနဲ မြည်သောအရာမှာ အခြားမဟုတ်၊ အိန္ဒိယကုလားလူမျိုးများသည် ဘုရင်ခံချုပ်ကို ပစ်သတ်ဖို့ ကြိုးစားသောလက်ပစ်ဗုံးမျိုး ဖြစ်လေသည်။ ပစ္စည်းပစ္စည်းပြင် ပျက်စီးစေကာမူ မစိန်ရီကိုလည်းကောင်း၊ အိမ်သားများကိုလည်းကောင်း ထိခိုက်နာကျင်ခြင်းမရှိသည့်အတွက် ဝမ်းသာရကြောင်းနှင့် မောင်ထွန်းအုံက လာရောက်မေးမြန်းကြသူ ဧည့်သည်များအား ပြောပြလျက်ရှိလေ၏။

( ၂၁ )

ညကိုးနာရီအချိန်ခန့်တွင် ကျွန်ုပ်တို့ ဘုံဘေပျော်ပွဲစားရုံအတွင်း အခန်းငယ်လေးတစ်ခန်းတွင် စားပွဲ၌ထိုင်ကာ ပြုံးစိစိမျက်နှာထားနှင့် သတင်းစာဖတ်လျက်ရှိသော လူတစ်ယောက်ကို မြင်ကြရသော် ထိုသူသည် မောင်ထွန်းအုံရှာဖွေလျက်ရှိသော အစေခံမောင်ဘသိန်းဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ တွေးထင်နိုင်ကြမည် မဟုတ်တော့ချေ။ အသစ်ရောင်မညှိုးသေးသော တာဖက်ရင်ဖုံးအကျႌ၊ ရွှေဖလားကြယ်သီးတပ်... ဘန်ကောက်လုံချည်၊ တောက်ပပြောင်လက်သော ဆက်ဖုံးဖိနပ်နှင့် သက္ကလတ်ခြေအိတ်၊ သပ်ရပ်စွာပေါင်းထားသော သနပ်ခါးရောင်ပဝါနှင့် တစ်မိုက်ရှည်ရှည်ထားသော ခေါင်းပေါင်းစသည်တို့ဖြင့် ဆင်ယင်ဝတ်စားထားသော ထိုသူကို မြင်ရသော် ဘိအေမြို့အုပ်ကလေးလော၊ မင်းတိုင်ပင် အမတ်ကလေးလောဟု တွေးထင်မိကြမည်ဖြစ်ပေ၏။ ၎င်းမောင်ဘသိန်းသည် ဦးတိုက်စိုးအိမ်၌ အစေခံအလုပ်ကိုလုပ်လျက်ရှိသော်လည်း ဦးတိုက်စိုးနှင့်တကွ သမီးယောင်ဆောင်သော မစိန်ရီတို့သည် ၎င်း၏တပည့်များဖြစ်ကြ၍ မောင်ညွန့်ဖူးကို ထောင်၍ဖမ်းရန်အတွက်သာလျှင် ထိုကဲ့သို့သောပရိယာယ်နှင့် နေထိုင်ကြခြင်းဖြစ်လေသည်။ စင်စစ်မှာ ဦးတိုက်စိုးသည် အရပ်ထဲ၌ အတွင်းဝန်ရုံးစာရေးကြီးဟူ၍ သတင်းပြေးသော်လည်း စာရေးကြီး အစစ်မဟုတ်ချေ။ အတွင်းဝန်ရုံးစာရေးမှာလည်း ပေါများလှသည်ဖြစ်သောကြောင့် စာရေးအစစ်များနှင့် တွေ့စေကာမူ ထိုသူအား စာရေးကြီးမဟုတ်ဟူ၍ ငြင်းခုံနိုင်ကြမည် မဟုတ်ချေ။ မောင်ထွန်းအုံမှာ ဒီအကြောင်းများကို ဦးတိုက်စိုးသေဆုံးသောအခါမှ စုံစမ်းသဖြင့် သိရှိရခြင်းဖြစ်၏။

မောင်ဘသိန်း သို့မဟုတ် ဥဩသည် သတင်းစာတွင် ဖော်ပြထားသော မိမိ၏ အင်္ဂါရုပ်နှင့် ထိုအခါ ဝတ်ဆင်ထားသော မိမိ၏ရုပ်အဆင်းတို့၏ ခြားနားပုံကို မှန်ကြီးတွင် ကြည့်ကာ ပြုံးပြီးနောက် မိမိစားသော မုန့်ဖိုးနှင့်တကွ ဘွိုင်ကုလား

www.burmeseclassic.com

www.burmeseclassic.com



ကို ရက်ရောစွာအပိုပိုက်ဆံပေးရာတွင် ဘိုင်ကုလားသည် ခြေသို့ဦးခိုက်မတတ် ရှိသေစွာဆလံပေးလေ၏။ ၎င်းနောက် ကုလားထိုင်၌ချိတ်ထားသော မိမိ၏တုတ်ကောက်ကို လှမ်းယူ၍ ဟိုတယ်အပြင်သို့ စတိုင်ပါပါ ထွက်လာပြီးလျှင် တက္ကစီပေါ်သို့တက်၍ 'ကျုံးကြီးလမ်းဘက်မောင်းစမ်း၊ ငါက အရပ်မခိုင်းဘဲ မရပ်နဲ့ ကြားလား' ဒရိုင်ဘာအားပြောရာတွင် မော်တော်ကားလည်း ထွက်သွားလေ၏။ မောင်ဘသိန်းမှာမူ နောက်သို့ခပ်မှိုမှိုထိုင်လျက် စီးကရက်သောက်ကာ လိုက်ပါသွားလေ၏။

ကျုံးကြီးလမ်းရှိ တိုက်တစ်တိုက်ရှေ့၌ ခတ်မီးတိုင်ကိုမှီကာ တစ်စုံတစ်ယောက်ကို စောင့်နေသည့်အနေဖြင့် ရပ်ဆိုင်းကာ ဆေးတံသောက်နေသူတစ်ယောက်ကို မောင်ဘသိန်း မြင်လေလျှင် ကားကိုမရပ်စေဘဲ ဒရိုင်ဘာအား မော်တင်လမ်း*ဘက်သို့ ဆက်လက်မောင်းနှင်ရန် အမိန့်ပေးလေ၏။ ထိုလမ်းကိုရောက်ပြန်သောအခါ၌လည်း လူနှစ်ယောက်တို့သည် လမ်းဆော်၌ရပ်ကာ တစ်စုံတစ်ရာသောအကြောင်းကို တိုင်ပင်သည့်အနေမျိုးဖြင့် စကားပြောနေသည်ကို မောင်ဘသိန်းမြင်ပြန်လေသော် "တယ်လာတဲ့ မောင်ထွန်းအုံပါတကား၊ ငါ့စားကျက်တွေ အကုန်သိပြီ လူဆောင့်တွေနဲ့ချည်း ဖြစ်ကုန်ပါပကောလား" ဟု တီးတိုးပြောလျက် မော်တော်ကားဒရိုင်ဘာအား ကြည့်မြင်တိုင်ဘက်သို့ မောင်းနှင်စေပြန်လေ၏။

ဗားကရာလမ်းဘက်သို့ရောက်သောအခါ မောင်ဘသိန်းသည် ကားကိုရပ်စေ၍ ဒရိုင်ဘာအား ရက်ရောစွာပိုက်ဆံပေး၍ လွှတ်လိုက်ပြီးမှ စမ်းချောင်းဘက်သို့ ခြေကျင်လျှောက်သွားလေ၏။ ထိုအချိန်၌ကား ၁၀ နာရီခွဲကျော်ပြီဖြစ်၍ များစွာသောအိမ်တို့မှာ အိပ်ကြလေပြီဖြစ်ရာ အချို့အလုပ်သမား အိမ်များ၌သာလျှင် ကျောက်များအကွက်ချလျက် ရှိကြလေ၏။ မောင်ဘသိန်းသည် ကုလားလူမျိုးများနေထိုင်သည့် ချောင်ကျသောရပ်ကွက်တစ်ခုသို့ လျှောက်သွား၍ မော်တော်ကားထားသော ရုံတစ်ခုသို့ရောက်သောအခါ မိမိတို့၏အိတ်မှ သော့တစ်ချောင်းကိုထုတ်၍ ကားရုံဖွင့်လေ၏။ အတွင်းသို့ရောက်သောအခါ မီးအိမ်တစ်လုံးထွန်း၍ မိမိဝတ်ထားသည့်အဝတ်သစ်များကို လဲလှယ်ပြီးလျှင် ဗီရိုကလေးတစ်လုံးတွင် ထည့်၍ တက္ကစီမောင်းသမားများ ဝတ်တတ်သည့် သင့်လျော်ရုံမျှသော အဝတ်များကို ဝတ်လေ၏။ ၎င်းနောက် ထိုရုံ၌ထားသော ကားပေါ်သို့တက်၍ ကားအပြင်သို့ထုတ်ပြီးမှ တစ်ဖန်ဆင်း၍ မီးအိမ်ကို ငြိမ်းပြီးလျှင် ကားရုံကိုလည်း ပိတ်ထားလိုက်၏။ ထို့နောက်တစ်ဖန် ကားပေါ်သို့တက်ပြီးလျှင် ကားကိုစက်နှိုး၍ ကြည့်

* - လမ်းသစ်လမ်း



မြင်တိုင်ဘက်သို့ မောင်းသွားလေ၏။ ဘောတံတားသို့ရောက်သောအခါ မောင်ဘသိန်းသည် ကားကို ကုန်ရုံကြီးနှစ်ရုံ၏အကြားသို့ မောင်းသွင်း၍ မီးများကို ငြိမ်းပြီးနောက် ကားပေါ်မှ ဆင်းလာခဲ့လေ၏။

ထိုညဥ့်သည်ကား လပြည့်ကျော် ဆယ်ရက်နေ့ဖြစ်သောကြောင့် လမ်းထွက်ဘဲရှိရကား ခတ်မီးထွန်းထားသော လမ်းမကြီးပေါ်မှတစ်ပါး မြစ်ကမ်းနားတစ်လုံးမှာ မှောင်မည်းလျက် ရှိနေ၏။ မောင်ဘသိန်းသည် ဘောတံတားကြီးသို့ ရောက်သောအခါ ရေလယ်၌ မီးတလက်လက်ရှိနေသောနေရာကို မျှော်ကြည့်၍ "တော်ပါသေးရဲ့၊ နေရာမပြောင်းပေသေးဘူး၊ ဒီနေရာမှာပဲ ရှိသေးတယ်" ဟု ပြောလျက် တံတားအောက်သို့ ဆင်းပြီးလျှင် ချည်ထားသော သမ္ဗန်ကလေးတစ်စင်းကို သော့ဖွင့်၍ဖြုတ်ပြီးနောက် မီးရောင်ရှိရာ ရေလယ်သို့ တက်နှင့်ဖြည်းဖြည်း လှော်ယက်လေ၏။ မောင်ဘသိန်းမှာ သာမညလူဆိုးတစ်ယောက်မဟုတ်သဖြင့် ပညာစုံတတ်လေရကား သမ္ဗန်ကိုလည်း လိုရာသို့ရောက်အောင် ကောင်းမွန်စွာ လှော်ခတ်နိုင်လေ၏။

မောင်ဘသိန်းသည် မီးရောင်တလက်လက်မြင်ရသော နေရာသို့ ချိန်လျက် သမ္ဗန်ကို လှော်ခတ်ခဲ့ရာ မီးရောင်နှင့်နီးလာသောအခါ၌ လှော်တက်ကို အသံမမြည်စေရအောင် အထူးသတိပြု၍ လှော်ခတ်လေ၏။ ရေလယ်၌ မီးတလက်လက်မြင်ရသောအရာမှာ ကျောက်ဆူးချထားသည့် တုံကင်းကြီးတစ်စင်းဖြစ်လေရာ မောင်ဘသိန်းသည် တုံကင်းဦးသို့ရောက်သည်နှင့်တစ်ပြိုင်နက် တွဲရရွဲကျလျက်ရှိသော ကြိုးတစ်ချောင်းကို ကိုင်ဆွဲ၍ သမ္ဗန်နှင့်တုံကင်းတို့ မထိခိုက်စေရအောင် အငြိမ်နေလေ၏။ တုံကင်းပေါ် အခြားသောနေရာတို့မှ အသံမကြားရဘဲ ပဲ့ပိုင်းရှိ အခန်းအတွင်းမှ စကားပြောသံများကို ကြားရလေ၏။

ထိုအခါ မောင်ဘသိန်းသည် တုံကင်းပေါ်သို့ ဖြည်းညင်းစွာတက်၍ အင်္ဂလိပ်သင်္ဘောသားတစ်ယောက်ထံမှ အရက်တိုက်၍ ယူထားသော ခြောက်လုံးပြူးသေနတ်ကိုကိုင်ကာ အသံကြားရာသို့ ခြေဖျားထောက်လျက် လျှောက်လာခဲ့လေ၏၊ ပဲ့ပိုင်းသို့ ရောက်လာ၍ မိုးကာအတွင်းသို့ ချောင်းကြည့်လိုက်သောအခါ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် မောင်ဘသိန်းရှိရာသို့ ကျောခိုင်းလျက် ကုလားထိုင်၌ထိုင်ကာ စကားပြောနေကြလေ၏။

ယောကျ်ား။ ။"ဒီတုံကင်းဟာ ကိုကို့တုံကင်းဖြစ်တယ်ဆိုတဲ့အကြောင်းကို သိသွားပြီထင်တယ် မတင်မေရဲ့"

မိန်းမ။ ။"သိချင်လည်း သိစေတော့ကိုကို၊ တခြားမှာနေရတာထက် ကိုကိုနဲ့နေရတာ ကျွန်မစိတ်ထဲမှာ လုံခြုံတယ်လို့ အောက်မေ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်" ဟု ပြောရာမှ မိမိတို့၏နောက်မှ ရယ်သံကြားသည်နှင့် နှစ်ယောက်စလုံးတို့သည် နောက်သို့ရုတ်တရက်လှည့်၍ ကြည့်ကြလေ၏။

"ထိုင်မြဲတိုင်း ထိုင်နေကြ။ မလှုပ်ကြနဲ့၊ ပစ်လိုက်မယ် နားလည်လား၊ ကိုညွန့်ဖူးမှတ်တယ်" ဟုပြောလျက် မောင်ဘသိန်းသည် ခြောက်လုံးပြူးသေနတ်နှင့် ချိန်ရွယ်ထားလေရာ မောင်နှမနှစ်ယောက်လုံးတို့မှာ မလှုပ်ဝံ့ကြဘဲ ငြိမ်ဝပ်စွာ ထိုင်နေကြရလေ၏။

( ၂၂ )

သိန်း။ ။"ခင်ဗျားလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

ဖူး။ ။"မြို့ထဲ သွားကြတယ်"

သိန်း။ ။"ဘာမှတော့ ယူမသွားကြဘူးထင်ပါရဲ့။ ယူသွားကြလျှင်တော့ ခင်ဗျား ဒီကနေ့ည ရေအောက်မှာ အိပ်ဖို့ရှိတာပဲ"

ဖူး။ ။"ခင်ဗျားလူနဲ့ကော"

သိန်း။ ။"ဦးသာဒွန်းတို့၊ ဦးတိုက်စိုးတို့လား အားလုံး ကြွကုန်ကြပြီ"

ဖူး။ ။"ဘယ်ကြွတာလဲ"

သိန်း။ ။"နတ်ရွာကို ကြွပြီးစံနေကြတာပေါ့ဗျ၊ ကိုင်း ကိုညွန့်ဖူး ကျုပ်ရေငတ်တယ်ဗျာ၊ ခင်ဗျား ဗွန်ဒီဝါးနည်းနည်းလောက် သောက်ရအောင်၊ ခင်ဗျား သေတ္တာကြီး ဘယ်မှာထားသလဲ"

ဖူး။ ။"ကမ်းကို ပို့လိုက်ပြီ"

သိန်း။ ။"ကျုပ်ကို မညာနဲ့။ ဒီတဲ့ကင်းပေါ်မှာ ရှိတယ်။ ကျုပ်သိတယ်။ ခင်ဗျား လိုက်ပြရမယ်"

ဖူး။ ။(အမျက်ပြင်းစွာ ထွက်သည်နှင့်နှုတ်ခမ်းများ ဆတ်ဆတ်တုန်လျက်) "မပြဘူး"

သိန်း။ ။"ဒါတော့ ခင်ဗျားသဘောပေါ့ဗျာ၊ မပြလို့ရှိရင် ယောဒီက ခင်ဗျားနှမကို ပထမတစ်ချက် ပစ်သတ်၊ နောက်ပြီးတော့မှ ခင်ဗျားကို ပစ်သတ်ပြီး နှစ်ယောက်လုံးသေတော့မှ ကျုပ်ဘာသာကျုပ် ရှာယူမှာပေါ့၊ ဘယ့်နှယ်လဲ"

မောင်ညွန့်ဖူးသည်လည်း မတုန်မလှုပ်နှင့် ရှိနေလေ၏။

သိန်း။ ။"ခင်ဗျားက ခေါင်းမာမယ် ကြံသလား၊ ကျုပ်ကိုတော့ မစမ်းနဲ့ဆရာကြီး၊ ကျုပ်က အလကားခြောက်တဲ့အကောင် မဟုတ်ဘူး။ တကယ်လုပ်တဲ့အကောင်ဆိုတာ ခင်ဗျားလဲ ကြားဖူးပါလိမ့်မယ်။ ကိုင်း တစ်ကစပြီး တစ်ဆယ်အထိ ကျုပ်



ရေမယ်။ တစ်ဆယ်ရောက်လို့မှ ခင်ဗျား မလှုပ်လျှင် ခင်ဗျားနှမကို ကျုပ်ပစ်သတ်လိုက်မယ်။ ၁... ၂.... ၃..."

ဖူး။ ။"တော်ပါတော့ မရေပါနဲ့တော့၊ ကျုပ်နှမလည်း လိုက်ရဦးမှာလား"

သိန်း။ ။"သူပါလိုက်ရမယ်။ မတော်တဆ ကျုပ်မရှိတုန်း အော်လား၊ ဟစ်လား လုပ်လျှင် ဘယ့်နှယ်လုပ်မလဲ"

ထိုအခါ မောင်ညွန့်ဖူးသည် နှမ မတင်မေကိုခေါ်လျက် ရှေ့မှလျှောက်သွားလေရာ မောင်ဘသိန်းလည်း သေနတ်ကိုကိုင်လျက် နောက်မှလိုက်သွားလေ၏။ တဲကင်းဝမ်းခေါင်းထဲသို့ရောက်သောအခါ နံရံတွင် လျှို့ဝှက်ထားသော ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် ဗီရိုတစ်လုံး ပွင့်သွား၍ အတွင်း၌ကား အရက်သေတ္တာတစ်လုံး ပေါ်လာလေ၏။ မောင်ဘသိန်းသည် မောင်ညွန့်ဖူးအား သေတ္တာကို အပြင်သို့ ထုတ်စေလေ၏။ မောင်ညွန့်ဖူးသည် အရက်သေတ္တာကို ဗီရိုအပြင်သို့ ထုတ်စေ၍ မောင်ဘသိန်း၏ အမိန့်အတိုင်း အဖုံးကိုဖွင့်လေရာ ကောက်ရိုးစွပ်ထားသည့် ပုလင်းများ ပေါ်လာလေ၏။

သိန်း။ ။"နောက်ဆုတ်ပြီး ငြိမ်ငြိမ်ရပ်နေကြစမ်း" ဟု အမိန့်ပေးသဖြင့် မောင်နှမ နှစ်ယောက်တို့သည် ရပ်တန့်ကြည့်နေကြစဉ် မောင်ဘသိန်းသည် ၎င်းတို့နှစ်ယောက်ကို တစ်ခဏကလေးမျှ မျက်နှာမလွှဲဘဲ ကောက်ရိုးစွပ်တစ်ခုကို ကောက်ယူ၍ ဖြေကြည့်ရာတွင် အတွင်း၌ကား ပုလင်းမပါဘဲ ငွေစက္ကူများ အခေါက်လိုက်ထားဘဲ ပုလင်းသံဖွယ် ရှိနေအောင် ခွေလျက်ထည့်ထားခြင်း ဖြစ်လေ၏။ မောင်ဘသိန်းသည် မိမိ၏အကြံအစည် အထမြောက်ချေပြီဟူသောအနေဖြင့် ရွှင်ပျသောမျက်နှာထားနှင့် အကျီအိတ်အတွင်းမှ ပိုးကြိုးနှင့်ထိုးထားသော ကွန်ကြာအိတ်တစ်လုံးကို ထုတ်ပြီးလျှင် ကောက်ရိုးစွပ်များကို တစ်ခုစီဖြေ၍ ငွေစက္ကူများကို အိတ်ထဲသို့ ပြောင်းထည့်လေ၏။ ထိုအတောအတွင်း၌ မောင်ဘသိန်း၏ မျက်လုံးများမှာ ထိုမောင်နှမနှစ်ယောက်တို့ကိုသာလျှင် ကြည့်လျက်ရှိလေ၏။

တစ်ထောင်မျှသော ငွေစက္ကူအချပ်များကို ကွန်ကြာအိတ်ထဲသို့ ပြောင်းထည့်၍ ပြီးစီးလတ်သော် မောင်ဘသိန်းသည် ကုန်းနေရာမှ ခါးကိုဆန့်လျက်–

သိန်း။ ။"ကိုင်း၊ ငွေတော့ဖြင့် ရပေပြီ။ လုံခြုံအောင်လုပ်ဖို့ အရေးပဲ ကျန်တော့တယ်။ ခင်ဗျားတို့ကို ဒီအတိုင်း ထားခဲ့လျှင် ကျုပ်ကိုဖော်ကြမယ် အမှန်ပဲ"

ဖူး။ ။"ဒီတော့ကာ ကျုပ်တို့က ဖော်မပြောနိုင်အောင် ကျုပ်တို့နှစ်ယောက်ကို သတ်သွားမယ် ဆိုပါတော့"

သိန်း။ ။"ဒါမှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူး။ ။"ကျုပ်တို့ကို ခင်ဗျားသတ်ပေမယ့် မစိန်ရီရဲ့ သက်သေခံစာတွေက ရှိသေးတယ်ဗျ"

သိန်း။ ။"ဘယ်မှာလဲ ဘာများသက်သေခံထားသလဲ"

ဖူး။ ။"ခင်ဗျားကိုယ်တိုင် ဖတ်ကြည့်တော့လေ။ ဟောဒီမှာ"ဟု ပြောလျက်

မောင်ညွန့်ဖူးသည် ဗီရိုသို့ လက်လှမ်းယောင်ပြု၍ မီးခွက်ကို ရုတ်တရက် ငြိမ်းသတ်ပြီးမှ ကြမ်းပေါ်သို့ပစ်လှဲလျက် "တင်မေ လှဲအိပ်လိုက်"ဟု အော်ဟစ်လိုက်လေ၏။ နောက်တစ်ခဏ၌ မောင်ညွန့်ဖူး၏ဦးခေါင်းသည် မောင်ဘသိန်း၏ ဒူးနှစ်လုံးအကြားသို့ ပစ်ဝင်လိုက်သဖြင့် နှစ်ယောက်လုံးတို့သည် မှောင်နှင့်မည်းမည်း ရှိနေသော တံကင်းဝမ်းခေါင်းအတွင်းသို့ လိမ့်သွားကြလေ၏။ မောင်ဘသိန်း၏ လက်မှ သေနတ်သည်လည်း တထိန်းထိန်းနှင့် မြည်ထွက်လျက်ရှိလေ၏။

မောင်ဘသိန်းမှာ ဘယ်အခါမှ အလစ်ကိုချောင်း၍ မိဖူးသော လူတစ်ယောက်မဟုတ်ပါဘဲလျက် ယခုတစ်ကြိမ် အလစ်မိသွားသည်တွင် အံ့အားသင့်လျက် ရုတ်တရက်မည်သို့မျှ မခုခံဘဲ သေနတ်ကိုသာလျှင် အရမ်းပစ်ခတ်လျက် ရှိလေ၏။ လူနှစ်ယောက်တို့သည် ကြမ်းပေါ်၌ လူးလိမ့်ကာ သူတစ်ပြန်ငါတစ်ပြန် အပေါ်ရောက်ချည်၊ အောက်ရောက်ချည်နှင့် ရှိနေကြရာမှ မောင်ညွန့်ဖူးသည် အပေါ်သို့ရောက်သောအလှည့်တွင် မောင်ဘသိန်း၏သေနတ်ကိုင်ထားသော လက်မောင်းပေါ်တွင် ဒူးထောက်လျက် တစ်ဖက်သောလက်ဖြင့် သေနတ်ကိုလုယူ၍ ကျန်တစ်ဖက်နှင့် လည်မျိုကို ဖျစ်ညှစ်လေ၏။

သို့ရာတွင် ထိုကဲ့သို့ မောင်ညွန့်ဖူးက အနိုင်ရခြင်းမှာ တစ်ခဏမျှ ဖြစ်လေသည်။ မောင်ဘသိန်းသည် အံ့သြခြင်းပြေပျောက်ပြီးသည်နောက် အောက်သို့ ရောက်နေသော အဖြစ်မှ တွန့်လိမ်ကာ ရုန်းဖယ်၍ ထွက်သွားပြီးလျှင် မောင်ညွန့်ဖူး၏ လက်မှလွတ်သည်နှင့်တစ်ပြိုင်နက် မှောင်မိုက်ထဲတွင် ယောင်ယမ်း၍ လက်သီးနှင့် ကော်သတ်လိုက်လေ၏။ ထိုလက်သီးချက်သည် ချိန်ရွယ်၍ ထိုးလိုက်သည့်ပမာ မောင်ညွန့်ဖူး၏ ပါးချိတ်ကို တည့်တည့်ကြီးထိုးမိသဖြင့် မောင်ညွန့်ဖူးသည် ငိုက်ယိုင်ကာ လဲကျသွားလေ၏။ ထိုအခါ မောင်ဘသိန်းသည် ကြမ်းပေါ်၌ ကျနေသော မိမိ၏သေနတ်ကို ကောက်ယူ၍ ဝမ်းခေါင်းအတွင်းမှ ငွေအိတ်ကြီးကို ပိုးလျက် တက်လာပြီးလျှင် သမ္ဗန်ပေါ်သို့ ငွေအိတ်ကိုပစ်ချလိုက်လေ၏။ ထိုခဏ၌ မောင်ညွန့်ဖူးသည်လည်း နောက်မှလိုက်လာ၍ မောင်ဘသိန်းအား ကိုင်ဖမ်းမည်ပြုရာတွင် မောင်ဘသိန်းသည် ကျင်လည်စွာရှောင်တိမ်း၍ မောင်ညွန့်ဖူး၏နဖူးကို သေနတ်ဒင်နှင့် ဆောင့်လိုက်လေ၏။ မတင်မေသည်လည်း ထိုအခါ၌ ပြေးလိုက်



[illegible]ခဲ့၍ ကြမ်းပေါ်၌ ထိုးလဲနေသော မိမိ၏မောင်ကို ပွေ့ထူရခြင်းအတွက်ကြောင့် [illegible]ဆိုးအား ဖမ်းဆီးမှုအတွက် တစ်စုံတစ်ရာ မကူညီနိုင်ဘဲ ရှိနေခဲ့လေ၏။

မောင်ဘသိန်းမှာမူ တံကင်းပေါ်မှ သမ္ဗန်သို့ခုန်ဆင်း၍ ချည်ထားသော [illegible]ကို ဖြုတ်ပြီးလျှင် ဘောတံတားအောက်သို့ ခတ်လှော်ပြေးလေ၏။ ဘောတံ[illegible]သို့ ရောက်သောအခါ သမ္ဗန်ကို တံတားအောက်တွင် ချည်ထားခဲ့၍ မော်တော်[illegible]ကထားရာသို့ သွားပြီးလျှင် ငွေအိတ်ကို လူထိုင်သောနေရာသို့ အပေါက်မှ [illegible]သွင်းပြီးမှ ကားပေါ်သို့တက်၍ မောင်းနှင်လာခဲ့လေ၏။

စမ်းချောင်းရပ်၌ရှိသော ကားရုံကိုရောက်သောအခါ မောင်ဘသိန်းသည် [illegible]ကိုကားရုံအတွင်းသို့ သွင်းပြီးမှ လူထိုင်သောနေရာ၌ထားသော ငွေအိတ်ကို [illegible] ကားပေါ်မှ ဆင်းလာခဲ့လေ၏။ "ဒီကနေ့ည တော်တော်ကလေး အသားပါ[illegible]ညပဲ"ဟု မောင်ဘသိန်း၏ စိတ်၌အောက်မေ့၏။

မောင်ဘသိန်းသည် ကားနောက်သို့ လျှောက်လာ၍ ထိုင်ခုံပေါ်မှ ငွေအိတ်[illegible]ယူရန် တံခါးကိုဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ခြောက်လုံးပြူးသေနတ်တစ်[illegible] ပြောင်းဝကိုမြင်ရပြီးနောက် "မင့်လက်ကို အဲဒီမှာပဲထား"ဟု ပြောသံကို [illegible]ရ၍ ကားပေါ်မှ သေနတ်ကိုင်ကာ အေးအေးဆေးဆေးနှင့် ဆင်းလာသော [illegible]ထွန်းအုံနှင့် ပုလိပ်အရာရှိတစ်ယောက်ကို မြင်လေ၏။

[illegible] ။"ဘယ့်နှယ်လဲဟေ့ ငါ့လူ၊ တံကင်းက လူတွေကို မင်းဘယ့်နှယ် လုပ်ထားခဲ့သလဲ"

[illegible] ။"ခင်ဗျားဟာ ခင်ဗျား နောက်တော့ သိမှာပေါ့"

[illegible] ။"နောက်တော့ သိမှာပေါ့လေကွယ်၊ ကိုင်း ကိုဘထွန်း ဒီလူကို ခင်ဗျား လက်ထိတ်ခတ်၊ ကျုပ်က သေနတ်နဲ့ ချိန်ထားမယ်။ အင်မတန် ညဏ်[illegible]ကဲ့လူဗျ၊ သတိနဲ့ ကိုင်လေနော်"

[illegible] ။(လက်ထိတ်ခတ်ခံရင်း)"ခင်ဗျားတို့ ကျုပ်ကားပေါ်ကို ဘယ့်နှယ်ရောက်နေကြသလဲ"

[illegible] ။"မင့်နောက်က နောက်ယောင်ခံပြီးလိုက်လာတော့ မင်းဝှက်ထားခဲ့တဲ့ ကားကို တွေ့တာပေါ့ကွဲ့။ တွေ့လို့ ငါတို့ ရေလယ်ကိုလိုက်မယ်လုပ်တုန်း [illegible]န်ရောက်လာတယ်။ ဒီတော့ ငါတို့က ကားထဲအသာကလေးဝင်ပြီး ပုန်းနေ[illegible]ယ်၊ မင်းက ကားတံခါးကို ဟိုတုန်းကဖွင့်လို့ရှိရင် မင့်ကို ဟိုမှာ ဖမ်းကြဖို့ပဲ၊ [illegible]တော့ မင်းက ကားတံခါးကိုမဖွင့်ဘဲ အိတ်ကြီးကိုပစ်သွင်းပြီး မောင်းလာ[illegible] ငါတို့က ဖြည်းဖြည်းမှ ဖမ်းတော့မယ်ဆိုပြီး အသာကလေး နောက်က [illegible]လိုက်လာကြတာပေါ့၊ ဒီရောက်တော့မှ မင့်ကို အခုဖမ်းတာပဲ၊ ဘယ့်နှယ်လဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ သပ်ရပ်ကဲ့လား" ဟု မေးလေလျှင် မောင်ဘသိန်းသည် မည်သို့မျှ ပြန်မပြောဘဲ "ဂိုးတူဟဲလ်" ဟု အင်္ဂလိပ်လို ဆဲလိုက်၏။

ဎင်းနောက် မောင်ထွန်းအုံနှင့် ပုလိပ်အရာရှိတို့သည် မောင်ဘသိန်း၏ ခြောက်လုံးပြူးကို ထုတ်ယူကြပြီးမှ ၎င်းကို ကားပေါ်၌တင်၍ ဌာနာသို့ မောင်းနှင်ကြပြီးလျှင် အချုပ်ခန်းသို့ ပို့လိုက်ကြလေ၏။

နောက်တစ်နေ့ညနေ၌ မောင်ထွန်းအုံနှင့် မောင်ညွန့်ဖူး မောင်နှမနှစ်ယောက်တို့သည် ၎င်းတို့၏နေအိမ်၌ ပျော်ရွှင်စွာ တွေ့ဆုံကြလေရာ မောင်ညွန့်ဖူးသည် မိမိ၏အဖြစ်အပျက်များကို အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

"ဒီလိုဗျ ကိုထွန်းအုံရဲ့။ ကျုပ်ပထမရည်းစား မခင်မြိုင် မသေမီတစ်လလောက်မှာ ဦးတိုက်စိုးနဲ့ သိကျွမ်းခဲ့ကြတယ်။ မခင်မြိုင်သေပြီးတဲ့နောက် ဦးတိုက်စိုးက သူ့အိမ်ကို အလည်လာဖို့ ဖိတ်လေတော့ သူ့သမီးဆိုတဲ့ မစိန်ရီနဲ့ တွေ့ကြပြီး ချစ်ကြိုက်ကြတယ်။ စင်စစ်မှာ မစိန်ရီဟာ လူဆိုးတွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး ကျုပ်ပစ္စည်းကိုရဖို့ ကြံစည်တာမှန်သော်လည်း နောက်ကိုတော့ နောင်တရပြီး ကျုပ်နှမ မတင်မေကို ကယ်ဆယ်တာလည်း သူပေါ့ဗျ။ ကျုပ်ပုန်းအောင်းပြီးနေတဲ့ အဖြစ်အပျက်ကို ဟုတ်မှန်တဲ့အတိုင်း သူ့လူများကို ဖွင့်မပြောပေတာလည်း သူ့ကျေးဇူးပေဗျ"

"ဥဩဆိုတဲ့ လူအကြောင်းတော့ အရင်က သူလိုငါလို သတင်းစာထဲမှာ တွေ့ရှုရုံလောက် သိတာပေါ့ဗျ။ မခင်မြိုင်သေပြီးတဲ့နောက် ကျုပ်ကို ပစ္စည်းတွေအားလုံး ဆုံးရှုံးအောင် လုပ်မလေးဘာလေးနဲ့ ခြိမ်းခြောက်တဲ့စာတွေကို ရတာကိုးဗျ"

အုံး။ "နေပါဦးဗျာ၊ မစိန်ရီက သူတို့လူဖြစ်လျက်နဲ့ မစိန်ရီကို မယူဖို့ဘာကြောင့် သူတို့က ခြိမ်းခြောက်ရသလဲ"

ဖူး။ "သူတို့အကြံက ဒီလိုဗျ၊ ကျုပ်ဟာ ခေါင်းမာတဲ့လူတစ်ယောက်ပဲလို့ သူတို့သိတယ်။ ဒီတော့ကာ သူတို့က ဒီလိုခြိမ်းခြောက်လေလေ ကျုပ်က သာပြီးမယူဘဲ မနေလေလေဆိုတဲ့အကြောင်းကို သူတို့သိလေတော့ မယူဘဲမနေအောင် လှန့်ပြီးပေးတဲ့နည်းကိုးဗျ၊ ဒို့ပြင်တစ်ကြောင်းကတော့ သူတို့က ဒီလိုလှန့်ပေးလိုက်လို့ရှိရင် ကျုပ်က ဘဏ်မှာထားတဲ့ငွေအတွက်နဲ့ ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သွားစေဖို့ ရည်ရွယ်တာကိုးဗျ။ သူတို့ ရည်ရွယ်တဲ့အတိုင်းပဲ ကျုပ်က တုန်လှုပ်သွားပေတယ်။ ဒီတော့ ကျုပ်က ဒီအကြောင်းကို ယောက္ခမလောင်း ဦးတိုက်စိုးကို တိုင်ရောဗျ၊ တိုင်ပင်တဲ့အခါမှာ သူက ကျုပ်ကို လန့်သည်ထက်လန့်အောင် လှန့်ပြီးပေးပြန်ရောဗျ၊ ဥဩဆိုတဲ့လူရဲ့ဉာဏ်သွားပုံတွေကို ကျုပ်



ကြောက်လောက်အောင် ချဲ့ထွင်ပြီး ပြောလားပြောရဲ့။ သူကတော့ အတွင်းဝန်ကြီးရဲ့ လုယုံတော်မို့လို့ ဥဩအကြောင်းကို သူများသိသည်ထက် ပိုပြီးသတဲ့ဗျ၊ ဘဏ်မှာထားတဲ့ငွေကို သူက ဉာဏ်ဆင်ပြီး ထုတ်ယူသွားဖူးလို့ လူဘယ်နှဦး မဆိုနိုင်ဘူး ဆုံးရှုံးရရှာကြဖူးသတဲ့။ ဒီသတင်းတွေကို သတင်းစာမှာ မထည့်ရအောင်ဟာ အနိုင်ရက သတင်းစာတိုက်တွေနဲ့ ပူးပေါင်းပြီး ဟန့်တားထားရသတဲ့ဗျ၊ သူကတော့ အတွင်းဝန်ကြီးရဲ့ လူမို့လို့ သိရသတဲ့။ ဘာညာပြောလေတော့ ကျုပ်ကိုယ်တိုင် ယောင်ချာချာဖြစ်သွားမိပေတယ်ဗျ၊ ခင်ဗျားတို့ကတော့ ကျုပ်ကို အပြစ်တင်ကြမှာပဲ၊ သို့သော်လည်း ဦးတိုက်စိုးနေပုံထိုင်ပုံကိုလည်း ကြည့်ဦးဗျ၊ အရာရှိကြီးတစ်ယောက်နဲ့ ဘာမှမခြားဘူး။ ဒီအပေါ်မှာ ယောက္ခမလောင်းလည်း ဖြစ်နေပြန်တယ်။ ဒီတော့ကာ ယုံကြည်မယ်ဆိုလျှင် ယုံကြည်ထိုက်မနေဘူးလားဗျာ၊ အမှန်ပြောရမှာဖြင့် မစိန်ရီတစ်ယောက်ကတော့ ဟိုကတည်းကိုက ကျွန်တော့်ကို တိုက်တွန်းတဲ့အထဲမှာ မပါရှာပေဘူးဗျ၊ သူကတော့ဖြင့် သတိတောင်ပေးရှာပါပေတယ်။ ကိုင်း အတိုတိုပြောတော့မယ် ကျုပ်က ဦးတိုက်စိုးစကားကို ယုံကြည်ပြီး ဘဏ်တိုက်မှာထားတဲ့ ငွေတစ်သိန်းကျော်ကို သုံးလီ လီထုတ်ပြီး ဦးတိုက်စိုးအိမ်မှာ အပ်ထားခဲ့တယ်ဗျ၊ အပ်ထားတော့ကာ သူက ကျုပ်ကို ငွေရကြောင်း ပြေစာလက်ခံတစ်ခု ပေးထားတယ်။ ဒီပြေစာက အစိုးရတံဆိပ်တွေ ဘာတွေနဲ့ သူဘယ်က ရထားတယ် မပြောတတ်ပါဘူးဗျ"

အုံး၊ ။ "ပြေစာကို စားပွဲအံဆွဲမှာ ခင်ဗျားသိမ်းထားတယ် မဟုတ်လား"

ဖူး၊ ။ "ဟုတ်တယ်"

အုံး၊ ။ "မီးလောင်သွားပြီ"

ဖူး၊ ။ "သတင်းစာမှာ ကျုပ်တွေ့လိုက်ပါတယ်။ စက္ကူကို အလိုလိုမီးလောင်အောင် ဘာဓာတ်ရည်နဲ့များ စိမ်ပေးလိုက်တယ်မဆိုနိုင်ပါဘူး။ ဒါနဲ့ တိုတိုပြောတော့မယ်။ မစိန်ရီနဲ့လက်ထပ်တဲ့နေ့မှာ ကျုပ်က ကျုပ်ဝါသနာအတိုင်း ဘယ်အရာမျိုးမဆို ထင်ထင်ရှားရှားကြီး မလုပ်ချင်လေတော့ မစိန်ရီပေးဖို့ စိန်နားကပ်ကို သူ့သားရေအိတ်ထဲ သွားထည့်တာကိုးဗျ၊ စိန်နားကပ်ကိုထည့်ရင်း ကျုပ်ကိုပေးဖို့ ကျုပ်နာမည်နဲ့ လိပ်တတ်တဲ့ စာတစ်အိတ်ကို တွေ့လေတော့ ဖွင့်ဖတ်မိတယ်။ စာကို ဖတ်ဖတ်ချင်းပဲ ဥဩဆီကပဲလို့ ကျုပ်သိတယ်။ စာထဲမှာပါတာကတော့ "ခင်ဗျားသည် ကျုပ်စကားကို နားမထောင်ဘဲ မစိန်ရီကို လက်ထပ်ခဲ့လေပြီ။ ခင်ဗျား၏ငွေကို ဦးတိုက်စိုးထံ အပ်နှံထားကြောင်း ကျုပ်တို့သိသည်။ ယနေ့ည ကျုပ်တို့ရအောင် ခိုးယူမည်"လို့ ပါသဗျ၊ ၎င်းစာနဲ့အတူ ပူးတွဲပြီး စာရွက်ကလေးတစ်ရွက်လည်းပါတယ်။ ဒီစာရွက်မှာ ရေးထားတဲ့ စကားကတော့ "မစိန်ရီက

www.burmeseclassic.com

www.burmeseclassic.com

ပူးတွဲပါစာကို မောင်ညွန့်ဖူး၏ခေါင်းအုံးမှာ ယနေ့ည တွယ်အပ်နှင့် ထိုးထားရမည်၊ မနက်ဖြန် နံနက်စောစော ရေကျော်ဈေးအနီးမှ ကားနှင့်စောင့်နေမည်။ မောင်ညွန့်ဖူး၏ကိစ္စ အေးသွားသည့်တိုင်အောင် မစိန်ရီက ရှောင်တိမ်းနေရမည်။ မောင်ညွန့်ဖူးက နှောင့်ယှက်ခဲ့လျှင် သူ့ကိုငါစီရင်မည်" တဲ့ဗျ၊ ဒီစာနှစ်စောင်ကိုဖတ်ရလျှင်ရချင်း ကျုပ်တော့ဖြင့် လူယုံသတ်ပြီလို့ တစ်ခါတည်းသိတာပဲဗျ၊ ပထမတော့ ကျုပ်က အိမ်အောက်ဆင်းပြီး ပရိသတ်တွေရှေ့မှာ အဖြစ်အပျက်တွေကို အားလုံးရှင်းပြပြီး သူတို့ကို စွပ်စွဲဖို့ ကြံစည်မိတယ်။ သို့သော်လည်း ငါဒီလိုပြောလို့ ငါ့ကိုဘယ်သူက ယုံမလဲ၊ လူတွေအားလုံးက အရှုးရယ်လို့ ဝိုင်းပြီးစွပ်စွဲရုံသာရှိမယ်။ ပစ္စည်းတော့ ဆုံးမြဲတိုင်း ဆုံးမှာပဲလို့ ကျုပ်စဉ်းစားမိတယ်။ ဒီတော့ကာ ကျုပ်ပစ္စည်းကို သူတို့က ကောက်ကောက်ကွေ့ကွေ့နဲ့ ယူကြလို့ရှိရင် ကျုပ်ကလည်း ကောက်ကောက်ကွေ့ကွေ့နဲ့ပဲ ပြန်ရအောင်လုပ်ဖို့ သန္နိဋ္ဌာန်ချပြီး နောက်ဖေးလှေကားကဆင်း ဝင်းထရံဘော်၊ တက္ကစီတစ်စီးခေါ်ပြီး တစ်ခါတည်းကျုပ်ထွက်သွားခြင်းဖြစ်တယ်။ ကျုပ်မှာ သားသားနားနားနေဖို့ထိုင်ဖို့ ပြင်ဆင်ထားတဲ့ တဲကင်းတစ်စင်းရှိတယ်။ ဒီတော့ ရန်ကုန်က ထွက်သွားပြီး ဒီတဲကင်းနဲ့ တွံတေးတစ်ခွင်မှာ အသာခိုပြီး ကျုပ်အကြံ ထုတ်နေခဲ့တယ်"

**အုံး** ။ "ဒါဖြင့် ဦးတိုက်စိုးတိုက်ကို ဖောက်ဝင်တဲ့ လူဟာ ခင်ဗျားပေါ့"

**ဖူး** ။ "အစစ်ပေါ့ဗျ"

**အုံး** ။ "ခင်ဗျားနှယ်ဗျာ ပုလိပ်ကို တိုင်လိုက်လျှင် ကျုပ်တို့ရှာပေးမှာပေါ့ဗျာ"

**ဖူး** ။ "ပုလိပ်ကိုတိုင်လျှင် ကျုပ်စကားကို ယုံမလား၊ ဦးတိုက်စိုးစကားကို ယုံမလား၊ ခင်ဗျား စဉ်းစားကြည့်လေ၊ သက်သေသက္ခာယလည်း တစ်ယောက်မှ မရှိဘူးဗျ၊ ပြီးတော့ ကျုပ်ဝါသနာကိုကလည်း ခက်ခက်ခဲခဲအလုပ်မှာ စွန့်စွန့်စားစားနဲ့ ကိုယ်တိုင်ကြံဖို့ အထုံပါလာခဲ့တာကလည်း တစ်ကြောင်းရှိတယ်ဗျ"

**အုံး** ။ "ငွေစက္ကူတွေကို အရက်သေတ္တာထဲမှာ ထားတယ်ဆိုတာ ခင်ဗျား ဘယ့်နယ်သိသလဲ"

**ဖူး** ။ "ဒါတော့ ကျုပ်မသိဘူး။ သို့သော် ဒီတိုက်မှာ မြေတိုက်ရှိတယ်ဆိုတာ ကျုပ်သိတယ်။ ဒီတော့ ဒီတိုက်မှာ သူတို့ဝှက်ထားလျှင် မြေတိုက်ထဲမှာ ထားမှာပဲဆိုပြီး မြေတိုက်ရောက်အောင် ကျုပ်ဖောက်ဝင်ပြီး ယူခဲ့တယ်။ ပထမတော့ ကျုပ်ကိုယ်တိုင် အရက်သေတ္တာမှတ်ပြီး ထွက်တော်မူမယ်အလုပ်မှာ ဟုတ်လိုဟုတ်ငြား ကြည့်ဦးမယ်လေဆိုပြီး ဖွင့်ကြည့်တော့မှ မောင်မင်းကြီးသားများက ကောက်ရိုးတွေနဲ့ ပတ်ထားတော်မူကြတာကိုးဗျ"



**အုံး** ။ "မတင်မေနဲ့ ခင်ဗျားတွေ့ပုံကကော"

**ဖူး** ။ "ကျုပ်က ကံအားလျော်စွာ တွံတေးနားမှာ တဲကင်းကို ကျောက်ဆူးချပြီး ဆိုက်ထားတုန်း တင်မေကို သူတို့လူစုကအလိုက် တင်မေက သမ္ဗန်ကလေးနဲ့ လှော်အပြေးမှာ ကျုပ်တဲကင်းကို ဝင်တိုးမိလို့ ကျုပ်တို့ ဆွဲတင်ထားလိုက်ရတာပေါ့ဗျ၊ ကိုင်း ဘာများ မေးချင်သေးသလဲဗျာ"

**အုံး** ။ "မေးစရာမရှိပါဘူးဗျာ ရှင်းပါပြီ"

* * *

မောင်ညွန့်ဖူးက မစိန်ရီသည် လူဆိုးများနှင့် ပူးပေါင်းကြံစည်ခဲ့ဖူးကြောင်းကို သိရှိသည်မှန်သော်လည်း မစိန်ရီသည် မိမိအပေါ်၌ စင်စစ်မေတ္တာထားကြောင်းကို အမျိုးမျိုးသော သက်သေခံချက်တို့ဖြင့် ထင်ရှားစေသည်ဖြစ်ရကား တစ်နေ့သ၌ မိမိမူလ ရည်ရွယ်ချက်အတိုင်း မစိန်ရီကို ထိမ်းမြားလက်ထပ်ခဲ့လေ၏။

မောင်ထွန်းအုံးနှင့် မတင်မေတို့မှာလည်း မကြာမီအတွင်း လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့်အကြောင်းမှာ ဖတ်ရှုသူတို့ တွေးထင်သည့်အတိုင်းပင် ဖြစ်လေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# အမှိုက်ကစ ပြာသာဒ်မီးလောင်

စုံထောက်ကြီး မောင်စံရှား၏ မိတ်ဆွေ ကိုသိန်းမောင်၏ ကျေးဇူးကြောင့် ကျွန်တော်၏ အမည်ကို သူရိယမဂ္ဂဇင်း ဖတ်ရှုသူ မိတ်ဆွေအပေါင်းတို့သည် ကြားကြပေလိမ့်မည်။

ကျွန်တော်မှာ အစိုးရစုံထောက်ဘက်ဆိုင်ရာ အင်စပိတ်တော်မောင်အုန်းမောင်ဖြစ်ရာ မိတ်ဆွေကြီး ကိုသိန်းမောင် စုံထောက်ကြီးဦးစံရှားတို့နှင့် တစ်နေ့သောညနေခင်းအချိန်တွင် လောက၌ အရေးမကြီးသောအကြောင်းငယ်တစ်ခုမှစ၍ ကြီးကျယ်သော အကျိုးတရားများ ဖြစ်ပွားတတ်ကြောင်းကို စပ်မိစပ်ရာပြောဆို၍ နေကြရာတွင် အောက်ပါအဖြစ်အပျက်များကို မိတ်ဆွေများအား ပြောကြားမိသဖြင့် မိတ်ဆွေကြီးကိုသိန်းမောင်က ထိုအဖြစ်အပျက်များသည် အတော်ပင် ထူးဆန်းကောင်းမွန်သည်ဖြစ်၍ အများမိတ်ဆွေတို့ သိရှိထိုက်ကြောင်းနှင့် ပြောဆိုသည်ဖြစ်သောကြောင့် ၎င်း၏ တိုက်တွန်းချက်အရ ဝတ္ထုသွားအဖြစ်ဖြင့် ရေးသားပေးပို့လိုက်ရခြင်းဖြစ်ပါသည်။

* * *

ကျွန်တော်သည် မြန်မာပြည် အထက်ပိုင်း ကသာမြို့၌ ဌာနာအုပ်အဖြစ်ဖြင့် လုပ်ကိုင်စဉ်အခါက မောင်သန်းစိန်အမည်ရှိ ပုလိပ်သားတစ်ယောက်သည် ကျွန်တော်၏ လက်အောက်၌ အမှုထမ်းရွက်လျက်ရှိခဲ့ဖူးလေ၏။



၎င်းမောင်သန်းစိန်သည် သာမည ပုလိပ်အမှုထမ်းပင်ဖြစ်သော်လည်း အမူအရာ သိမ်မွေ့ခြင်း၊ ဝတ်ပုံစားပုံ သပ်ရပ်သိပ်သည်းခြင်း၊ နဖူးရေ ဒူးရေမှစ၍ ရုပ်အသွင်အထာ၏ကောင်းမွန်ခံ့ညားခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ရာထူးပင် သေးနုပ်သော်လည်း သာမညလူတစ်ယောက်မဟုတ်ဟု ဌာနာတစ်ခုလုံးကပင် မှတ်ထင်ကြလေ၏။

၎င်းနှင့်အကျွမ်းဝင်သူမင်းမှုထမ်းတို့က မောင်သန်းစိန်အား ၎င်း၏ မွေးဖွားရာ ဇာတိအကြောင်းမှစ၍ အမျိုးအဆွေများအကြောင်းအား မေးမြန်းကြည့်သောအခါ မောင်သန်းစိန်သည် ရံဖန်ရံခါ ဆိတ်ဆိတ်သာနေခဲ့၍ ရံဖန်ရံခါ၌လည်း ...ငှဲ့လျော်သလိုသာလျှင် ဖြန်းသန်း၍ ပြောတတ်လေသည်။

မောင်သန်းစိန်သည် အသက် ၂၆ နှစ်အရွယ်ခန့်ရှိ၍ အလုပ်ဝတ္တရားများကို ...တစ်ပါးတို့ထက် ကောင်းမွန်ကျိုးနွံစွာ ထမ်းရွက်ခဲ့သည့်ပြင် အထက်အရာရှိများ၏ စကားကိုလည်း အလွန်တရာသေဝပ်စွာ လိုက်နာခဲ့သည်ဖြစ်သောကြောင့် ကျွန်တော်၏ ထောက်ခံချက်အရ မကြာမီအတွင်း၌ပင်လျှင် ရဲဇဝတ်ကြပ်ရာထူး... ချီးမြှင့်ခန့်ထားခြင်း ခံရလေ၏။

ယင်းကဲ့သို့ ချီးမြှင့်ခြင်းခံရသော်လည်း မောင်သန်းစိန်သည် ဝမ်းမြောက်...သောဖြစ်ခဲ့ဟန် မရှိချေ။ စင်စစ်သော်ကား မောင်သန်းစိန်သည် ရာဇဝတ်ဝန်ကြီး... ...ဖြင့် ချီးမြှင့်ခန့်ထားခြင်း ခံရစေကာမူ ဝမ်းသာအားရ ရှိမည်မဟုတ်ချေ။

၎င်း၏ သဘောမှာ လွှဲအပ်သမျှသော တာဝန်ဝတ္တရားကို ကျေပွန်အောင် ...ဆောင်ရွက်ရာတွင် ရာထူးကြီးမြင့်ခြင်း၊ နိမ့်ကျခြင်းမှာ မိမိအလုပ်မဟုတ်၊ ဝမ်းမြောက်ဖွယ်လည်းမရှိ၊ ဝမ်းနည်းဖွယ်လည်း မဟုတ်ဟု ထင်မြင်ဟန် လက္ခဏာ...လေ၏။

ကျွန်တော်သည် မောင်သန်းစိန်ကို မြင်သည့်အခါတိုင်း ၎င်း၏အကြောင်း... သိလိုသောစိတ်သည် တိုး၍တိုး၍ ဖြစ်ပေါ်ခဲ့ရာ တစ်နေ့သ၌ ကျွန်တော်၏ ...လက်အောက်ရှိ အခြားရာဇဝတ်ကြပ်တစ်ယောက်နှင့် ၎င်း၏အကြောင်းကို စကား...ပြီးပြောမိကြလေ၏။

ကျွန်တော်။ ။"နေပါဦးကွယ်၊ မောင်သန်းစိန်တစ်ယောက် အလုပ်ကောင်းကောင်း လုပ်ကဲ့လားဟေ့"

ကြပ်။ ။"သိပ်တော်တဲ့လူပဲဆရာ၊ အလုပ်လုပ်တဲ့နေရာမှာတော့ ပထမတန်းပါပဲ"

ကျွန်တော်။ ။"ဘယ်နေရာတော့ ဒုတိယတန်းလဲကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကြပ်။ ။"သည်လူက မာနကြီးလို့လား မသိဘူး။ ဘယ်သူ့ကိုမှ အဖက် လုပ်ပြီး စကားပြောတယ်လို့ မရှိဘူးဆရာရဲ့"

ကျွန်တော်။ ။"စကားနည်းတဲ့လူမို့ ထင်ပါရဲ့ကွယ်"

ကြပ်။ ။"ကျွန်တော်တော့ဒီလိုမထင်ဘူးဆရာ၊ ကေ့နဲ့ ဒီလူဟာ တစ်စုံစုဖြစ် ခဲ့ဖူးတယ် ထင်တယ်"

ကျွန်တော်။ ။"ဘယ်လိုဟာလဲကွဲ့"

ကြပ်။ ။"ဘယ်လိုဟာရယ်လို့တော့ ကျွန်တော်မပြောတတ်ဘူးဆရာ၊ သို့ သော် သူကြည့်ရတာ ကေနဲမှုချ လူမသိစေချင်တဲ့ အဖြစ်အပျက် တစ်ခုံတစ်ခု ဖြစ်ပျက်ခဲ့ဖူးတယ်လို့ ကျွန်တော်ထင်တယ်"

ထိုအခါ၌ မောင်သန်းစိန်သည် ကျွန်တော်တို့ စကားပြောနေကြသောနေရာ နှင့် မနီးမဝေးမှ လျှောက်သွားသည်ကို မြင်လိုက်ရလေရာ ကျွန်တော်သည် ၎င်း အားမေးမြန်းရန် ကိစ္စမရှိသော်လည်း ၎င်း၏အကြောင်းကို သိလိုသောဆန္ဒများ ဖြစ်ပေါ်ခဲ့သည်နှင့် ခေါင်းညိတ်၍ခေါ်လိုက်သည်ဖြစ်ရာ မောင်သန်းစိန်လည်း သွက် လက်စွာ အနီးသို့ လာခဲ့လေ၏။

ကျွန်တော်။ ။"မောင်သန်းစိန် ဘောလုံးကစားတတ်သလား"

စိန်။ ။"တော်တော်ကစားဖူးပါတယ်ခင်ဗျာ"

ကျွန်တော်။ ။"ဒါဖြင့် နေရာကျပြီ၊ ဒီနှစ်က သာမြို့မှာ ပုလိပ်အသင်းတည်မယ်လို့ ရာဇဝတ်ဝန်ကလေးက ပြောနေတယ်။ ဘယ်နေရာက ကစားတတ် သလဲ"

စိန်။ ။"ဖော်ဝပ်က ကစားဖူးပါတယ်ခင်ဗျား"

၎င်းနောက် ကျွန်တော်သည် ရာဇဝပ်ကြပ်နှစ်ယောက်တို့နှင့် ဆက်လက် ၍ ပြောရာတွင် မောင်သန်းစိန်၏ မျိုးရိုးဇာတိအကြောင်းကို သိလိုသည်ဖြစ်၍ တိုက်ရိုက်မေးမြန်းခြင်းမပြုဘဲ လှည့်ပတ်သွယ်ဝိုက်ကာ ရံဖန်ရံခါ အမှတ်မဲ့ ရတ တရက် မေးမြန်းလေ၏။

သို့ပါသော်လည်း မောင်သန်းစိန်သည် ကျွန်တော့်အကြံအစည်ကို ရိပ်မိ သိရှိသည့်လက္ခဏာနှင့် ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ကျွန်တော်၏မေးခွန်းများကို သင့်လျော်ရုံမျှသာ ဖြေဆိုလေ၏။

နောက်ဆုံး၌ ကျွန်တော်သည် မောင်သန်းစိန်၏အကြောင်းကို ရေးကထက် စိုးစဉ်းမျှတိုးတက်ပိုမို၍မသိဘဲ မောင်သန်းစိန်ကသာလျှင် ကျွန်တော်၏အကြံကို ရိပ်မိ၍သွားလေရာ ကျွန်တော့်မှာ လူတစ်ဖက်သားက ကျွန်တော့်အပေါ်၌ အနိုင်ရ ၍ သွားသည်ကို မခံနိုင်သောစိတ် ဖြစ်ပေါ်လာခဲ့လေ၏။



သို့ရာတွင် ယင်းကဲ့သို့ပြောဆိုရခြင်းအားဖြင့် မောင်သန်းစိန်မှာ သာမည်လူ တစ်ယောက်မဟုတ်သည်ကိုကား ရှေးကထက်ပိုမို၍ စိတ်ထဲ၌ ထင်မြင်သဘောကျ ခဲ့လေ၏။

ယင်းသို့ရှိနေလျှင် ကျွန်တော်သည် ထိုသူ၏အကြောင်းကို မသိရလျှင် နေမှာ၍ စိတ်တွင်း၌ သန္နိဋ္ဌာန်ချမိလေ၏။

တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်တော်သည် ဝန်ကလေးဦးမောင် အောင်နှင့်တကွ အမှုလိုက်အင်စပိတ်တော် ကိုသန်းဖေနှင့် ကလပ်တွင် ဘောလုံး ကစားခြင်း၏အကြောင်းကို စကားစပ်မိသဖြင့် ပြောဆိုလျက်ရှိစဉ် မောင်သန်းစိန် ၏ အကြောင်းကိုလည်း ပြောမိကြလေ၏။

အမှုလိုက်အင်စပိတ်တော်ကိုသန်းဖေသည် ကသာမြို့လုံးဆိုင်ရာ ဘော လုံးအသင်းအတွက် ကပ္ပတိန်ဖြစ်လေရာ မကြာမီအတွင်းတွင် ဗန်းမော်မြို့အသင်း နှင့် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်၍ အထူးပင် ဝီရိယစိုက်ထုတ်လျက်ရှိလေ၏။

သန်း။ ။"ဒါထက် နေပါဦးဗျာ ကိုအုန်းဖေ၊ ခင်ဗျားဌာနမှာ ဘောလုံးတော် တော် ကစားကောင်းတဲ့ အမှုထမ်းတစ်ယောက်ရှိတယ်လို့ ကျုပ် ကြားမိတယ် ဟုတ်ကဲ့လား"

ကျွန်တော်။ ။"ရာဇဝတ်ကြပ် မောင်သန်းစိန် ထင်ပါသလား"

သန်း။ ။"ဩော်– ဟုတ်တယ်ဗျို့။ ဒီနာမည်ပဲ။ တစ်နေ့ညနေက ဘောလုံး ကစားတာတော့ ကျုပ်မမြင်ရဘူး၊ ကိုးသွင်းကျင့်နေကြတာ ကျုပ်မြင် ခဲ့တယ်၊ ခြေစကလေး တော်တော်ကောင်းပုံရတယ်ဗျ"

ကျွန်တော်။ ။"ကျွန်တော်တော့ မမြင်ရဘူး။ သို့သော် မနေ့က မေးကြည့်တော့ ဖြင့် ကစားတတ်တယ်လို့ပြောတယ်"

ထိုအခါ ရာဇဝတ်ဝန်ကလေးသည် ဘောလုံးဝါသနာပါသူဖြစ်၍ ရုတ် တရက် စိတ်ပါလာသည့်လက္ခဏာနှင့်–

ဝန်။ ။"တစ်နေ့ကပင် ရာဇဝတ်ကြပ် ခန့်လိုက်တဲ့ သန်းစိန်လား"

ကျွန်တော်။ ။"မှန်ပါ"

ဝန်။ ။"ဒါဖြင့် ပုလိပ်အသင်းဖွဲ့ရင် ဒီကောင်ပါစေရမယ်"

ကျွန်တော်။ ။"ဒါထက် ဒီလူကို ခင်ဗျားစကားပြောဖူးသလား ကိုသန်းဖေ"

သန်း။ ။"သူ့ခြေစခြေနကလေး ကြိုက်တိုက်တိုက်ရှိတာနဲ့ တစ်နေ့က သူ့ကို ကခေါ်ပြီး မေးကြည့်တယ်။ ဘောလုံးကစားတာ မင်းဘယ်က သင်ခဲ့သလဲမေးတော့ သူ့ရွာက တတ်ခဲ့သလိုလို ဘာလိုလို ယီးတီးယားတား ပြောတယ်။ ဘယ့်နှယ်လူလဲဗျ ဒီလူ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ ။"ဒီလိုပဲဗျ၊ အင်မတန် စကားနည်းတဲ့လူ၊ သူ့ ဘာသိဘာသာ
နေတာပဲ၊ ဘယ်သူနဲ့မှ အပေါင်းအသင်းတယ်မလုပ်ဘူး"

ထို့နောက် ကျွန်တော်သည် မောင်သန်းစိန်အကြောင်းကို ကိုသန်းဖေနှင့် ဆက်လက်ပြောလိုသေးသော်လည်း ဝန်ကလေးရှိနေသည်ဖြစ်၍ မလျော်သေးသည်နှင့် အခြားစကားများကို ဖြတ်၍ပြောဆိုလိုက်ရလေ၏။

ကလပ်မှ ဆင်းလာသောအခါ၌ ကိုသန်းဖေနှင့် နှစ်ယောက်တည်း လှေကားရင်းတွင် တွေ့ဆုံကြသည်နှင့်–

ကျွန်တော်။ ။"နေစမ်းပါဦးဗျာ ကိုသန်းဖေ၊ မောင်သန်းစိန်အကြောင်းကို ခင်ဗျား
ဘယ်လို အကဲခတ်မိသလဲ"

ဖေ။ ။"ကျုပ်နဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောကြည့်လို့ အကဲခတ်ကြည့်ရ
တာဖြင့် ဒီလူဟာ ပုလိပ်အမှုထမ်းအလုပ်နဲ့တန်တဲ့လူမဟုတ်ဘူးလို့
ကျုပ်ထင်တယ်။ စကားနည်းပေမယ့် ပြောပုံဆိုပုံ အာစလျှာစမည့်ဘူးဗျ၊ လူပုံလူပန်းကလည်း တော်တော်ပဲရည်မွန်ပေတယ်၊ ဘာကြောင့် မေးတာလဲ၊ သူ့အကြောင်း ခင်ဗျားဘာများသိလို့လဲ"

ကျွန်တော်။ ။"သိလို့မဟုတ်ဘူးဗျ၊ ကျွန်တော်လည်း ခင်ဗျားထင်သလိုပဲ ထင်
လို့ မေးကြည့်တာပေါ့"

* * *

ကျွန်တော်သည် မောင်သန်းစိန်နှင့်နှစ်ယောက်တည်း တွေ့ဆုံခွင့်ရရှိသည့်အခါတိုင်း ဇာစ်မြစ်ကိုပေါ်အောင် စုံစမ်းမေးမြန်းခဲ့ရာ မောင်သန်းစိန်မှာ ပါးနပ်သော လူတစ်ယောက်ဖြစ်၍ မျိုးရိုးဇာတိပေါ်လောက်သောစကားတို့ကို ဘယ်အခါမှ မပြောဘဲ သေလောက်သော အမှုကဲ့သို့ လျှို့ဝှက်သိုသိပ်ခဲ့လေသည်။

တစ်နေ့သောနံနက်၌ ကိုသန်းဖေသည် ကျွန်တော်၏နေအိမ်သို့ ပျာယီးပျာယာပေါက်လာပြီးလျှင်–

ဖေ။ ။"သိပ်ခွကျတာပဲဗျို့ ကိုအုန်းဖေ"

ကျွန်တော်။ ။"ဘာများလဲဗျာ"

ဖေ။ ။"ဒီကနေ့ညနေ ဗန်းမော်မြို့က အသင်းနဲ့ဘာစားရမယ့်နေ့ဗျ၊ ဒီက
နေ့မှပဲဗျာ ဖော်ဝပ်ကစားတဲ့လူတစ်ဦးက ငှက်ပျောခွံ နင်းမိလို့
ချော်လဲပြီး ခြေမျက်နေလို့ မကစားနိုင်တော့ဘူးတဲ့ဗျာ"

ကျွန်တော်။ ။"ဒါဖြင့် ဘယ့်နှယ်လုပ်ပါ့မလဲ"



[illegible] ။"ခင်ဗျားလူ မောင်သန်းစိန်ကော နေရာမကျပေဘူးလား"

[illegible]တော်။ ။"ကစားပုံတော့ တော်တော်ကောင်းတယ်လို့ ပြောကြတယ်။ သို့
သော် ကစားလား မကစားဘူးလားတော့ ကျွန်တော်အမှန်မပြော
[illegible]ဘူး၊ ဒီလူက အင်မတန်ကြပ်တဲ့လူတစ်ယောက်ပဲ။ သူများလိုဖြင့် ခုလိုဘောပွဲ[illegible]မှာ ကစားရမယ်ဆိုရင် သွက်သွက်ကြီး ကစားမှာပေါ့ဗျာ၊ သူကတော့ ဒီလို[illegible]ချင်မှဟုတ်မယ့်လူ၊ သူ့အလုပ်ဝတ္တရားကလွဲရင် ဝန်ကြီးကိုယ်တိုင် အမိန့်ပေး[illegible]ည့် သူကစားချင်မှ ကစားမယ့်လူဗျ၊ သို့သော် ခင်ဗျားပြန်တော့လေ၊ ကြည့်[illegible]တိုက်တွန်းစမ်းပါဦးမယ်၊ ပြီးတော့ အကြောင်းပြန်လိုက်မယ်ပေါ့"

[illegible] ။"လုပ်စမ်းပါဦးဗျာ၊ ရှုံးများရှုံးရင် ရှက်စရာကြီးဖြစ်ကုန်တော့မယ်"

ကိုသန်းဖေ ပြန်သွားပြီးနောက် ကျွန်တော်သည် မောင်သန်းစိန်ကိုခေါ်ပြီး[illegible] ဘာသာမြို့အသင်းအတွက် ယနေ့ညနေ ဘောလုံးကစားမည်လောဟု မေးရာ [illegible]သန်းစိန်သည် ရုတ်တရက်အားဖြင့် ဝမ်းသာမိသကဲ့သို့ဖြစ်သွားပြီးမှ ဦးခေါင်း[illegible]လျက်–

[illegible] ။"ကျွန်တော် မကစားပါရစေနဲ့ခင်ဗျာ"

[illegible]တော်။ ။"ဒီလိုငြင်းပယ်လို့ မတော်ဘူးထင်တယ် မောင်သန်းစိန်၊ အင်စပိတ်
တော်မင်း ကိုသန်းဖေက အင်မတန်အားကိုးပြီး နေရှာတယ်"

ကျွန်တော့်မှာ မောင်သန်းစိန်ကို မြင်ဖူးသည်မှစ၍ မည်သို့သောအကြောင်း[illegible]ခသိ၊ ထိုသူနှင့်ပတ်သက်သမျှကို အလေးဂရုပြုမိသည်ဖြစ်ရာ ထိုနေ့ညနေ[illegible]သန်းစိန်ဘောလုံးကစားသည်ကို ကြည့်လိုသောဆန္ဒသည် များစွာဖြစ်ပေါ်[illegible]ည်ဖြစ်၍ မကစားလိုသော်လည်း အားနာလောက်သော စကားတို့ဖြင့် ပြောဆို[illegible]တွန်းခဲ့လေ၏။

နောက်ဆုံး၌ မောင်သန်းစိန်သည် နှုတ်ခမ်းကိုက်ကာ စဉ်းစားပြီးလျှင် [illegible]ါတော့မည်ဟု ဝန်ခံပြီးနောက် အိမ်ပေါ်မှဆင်းသွားလေ၏။

အထက်တွင် ဖော်ပြပြီးသည့်အတိုင်း လောက၌ လေးနက်လှသော [illegible]ကြောင်းငယ်ကလေးတစ်ခုသည် ကြီးစွာသောအကျိုးအပြစ်ကို ပေးစေနိုင်၏။

ယခုရေးသားလတ္တံ့သော အဖြစ်အပျက်၌ သူငယ်ကလေးတစ်ယောက် [illegible] ငှက်ပျောသီးကိုစားပြီးလျှင် အခွံကို တိုက်ရှေ့သမဲတလင်းပေါ်တွင် အမှတ်မဲ့ [illegible]။

ဘောသမားမောင်ဘဦးသည် ၎င်းအခွံပေါ်သို့ နင်းမိသဖြင့် [illegible]ချော်၍ [illegible]ငြင် ခြေမျက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေမျက်သောကြောင့် ဘောလုံးမကစားနိုင်သဖြင့် ၎င်း၏နေရာတွင် မောင်သန်းစိန် ဝင်ရောက်ကစားရ၏။

၎င်းကစားရသည်မှစ၍ အပြစ်မရှိသော လူတစ်ယောက်သည် အချည်းနှီး သေဆုံးရရှာသည့်တိုင်အောင် မည်မျှလောက် အရေးကြီးသော အကျိုးတရားများ ကံအားလျော်စွာ ဖြစ်ပွားရသည်များကို အဆုံးတိုင်ဖတ်ရှုရသည့်အခါ၌ သိရှိကြပေလိမ့်မည်။

ထိုနေ့ညနေခင်းအချိန်တွင် ဈေးအနီး၌ရှိသော ဘောလုံးကွင်းကြီးတွင် ဇန်းမော်မြို့မှ လာရောက်သော ဘောလုံးအသင်းနှင့် ကသာမြို့ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ မကစားမီ တစ်နာရီကျော်ကျော် အချိန်ကပင် ယောကျ်ား၊ မိန်းမတို့သည် လေးမျက်နှာပတ်လည်၌ စုရုံးဝိုင်းဖွဲ့ကာ စောင့်ဆိုင်းလျက် ရှိနေကြလေ၏။

ကျွန်တော်သည် မိတ်ဆွေနှစ်ယောက်တို့နှင့် ဘောလုံးကွင်းသို့ ဆိုက်ရောက်လာသောအခါ ဘောလုံးပွဲမှာ အစပြုနှင့်ပြီးဖြစ်ရာ မည်သည့်ဘက်ကမျှ တစ်ဂိုးမျှ မသွင်းနိုင်သေးဘဲ အကြိတ်အနယ် လုယက်ပြေးလွှားကစားလျက် ရှိနေကြလေ၏။

ကသာမြို့အသင်းတွင် ပုလိပ်ဘက်ဆိုင်ရာ ဘောလုံးသမား လေးယောက်မျှ ပါရှိလေရာ ကပ္ပတိန်ဖြစ်သော အင်စပိတ်တော်ကိုသန်းဖေသည် ဖူးလ်ဘက်မှ ကစား၍ ရာဇဝတ်ကြပ်မောင်သန်းစိန်မှာမူ ရှေ့ဆုံးငါးယောက်တန်း၏ အလယ် (ခင်တာဖော်ဝပ်)နေရာမှ ကစားလေသည်။

ကျွန်တော်သည် မောင်သန်းစိန်ကစားပုံကိုကြည့်လိုလှသည်ဖြစ်၍ ၎င်းအား ဂရုစိုက်၍ကြည့်နေရာ မောင်သန်းစိန်မှာ ဘောလုံးကစားခြင်းနှင့်ဝေးနေသဖြင့် အကျင့်မရသေးသောကြောင့် ခြေမတွေ့သေးသည့်လက္ခဏာနှင့် ဤမျှသာ ကစားနိုင်သည်ကို တွေ့ရှိရလေ၏။

၁၀ မိနစ်ခန့် ကြာရှိလေလျှင် ဇန်းမော်မြို့မှ 'ဖော်ဝပ်သမား'တစ်ယောက်သည် ဂိုးတိုင်နှင့် ပေ ၁၀၀ ခန့်မှနေ၍ ဂိုးသွင်းလိုက်ရာ ဘောလုံးသည် အပြင်သို့ ထွက်သွားမည်ပြုပြီးမှ လေနှင့်ဝေ့ပြီးလျှင် လက်ဝဲဘက်တိုင်အနီးမှပွတ်၍ ဂိုးတွင်းသို့ ဝင်သွားလေ၏။

ထိုအခါ ဇန်းမော်မှ ပါလာသူလူတစ်စုတို့သည် ဆူညံစွာ ဟစ်အော်လျက် သြဘာပေးကြလေရာ ကသာမြို့သားတို့မှာမူ လောကဝတ်အနေနှင့်မျှ လက်ခုပ်တီးခြင်းငှာ မတတ်နိုင်ဘဲ ဂိုးသမားကို အပြစ်တင်သူကတင်၊ ကြိမ်းမောင်းအော်ဟစ်သူကလည်း အော်ဟစ်လျက် ညည်းညူရှုံ့မဲ့ကာ ရှိနေကြလေ၏။



၎င်းနောက်ဆက်လက်၍ တစ်ဖန်ကစားကြပြန်လေရာ ၅ မိနစ်ခန့်အတွင်း၌ပင် ဇန်းမော်မြို့ဘက်မှ တစ်ဂိုးထပ်သွင်းပြန်သဖြင့် ဇန်းမော်သားတို့မှာ ဝမ်းမြောက်ဝမ်းသာ လက်ခုပ်လက်ဝါးတီးကာ ရှိစေကြလေ၏။

ကသာမြို့သားတို့မှာမူ ညည်းညူရန်မျှ ခွန်အားမရှိတော့ဘဲ စိတ်ပျက်သည့်လက္ခဏာနှင့် ရှုံ့မဲ့ကာ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် နေကြလေ၏။

ထို့နောက် ၅ မိနစ်ခန့်ကြာသောအခါ မောင်သန်းစိန်သည် အတော်အတန် ခြေတွေ့လာသည့်လက္ခဏာနှင့် ဝင်းမှပေးလိုက်သောဘောလုံးကို ဦးခေါင်းနှင့် ထိန်း၍လျှင် တစ်ခါတည်းယူပြေး၍ ဖူးလ်ဘက်များကို လိမ်ပြီးနောက် ဂိုးတွင်းသို့ ကန်သွင်းလိုက်လေ၏။

ထိုအခါမှ ကသာမြို့သားတို့သည် လေထုတ်ရန်ခွန်အားရှိလာကြ၍ အော်ဟစ်ကြွေးကြော်ကြလေကုန်၏။

၎င်းနောက် ၈ မိနစ်ခန့်ကြာပြန်လျှင် မောင်သန်းစိန်သည် မိမိထံသို့ ပို့လိုက်သော ဘောလုံးကို ခြေနှင့်သတ်ပြီးနောက် 'ဟပ်ဘက်'များ ဖူးလ်ဘက်များကို ထိတန်လျှင်လိမ်၊ ကွေ့ကောက်ကာပြေးတန်လျှင်ပြေးပြီးလျှင် ဘောလုံးရော လူပါ ဂိုးတွင်းသို့ တစ်ခါတည်းလုံး၍ ဝင်သွားလေ၏။

ထိုအခါ၌ကား ကသာမြို့သားတို့သည် နားကွဲမတတ် ဟစ်အော်ကြွေးကြော်လျက် အချို့မှာ မြေပေါ်၌ ကျွမ်းသုံးလေးပတ် ထိုးကြလေသည်။

ကပ္ပတိန်ဖြစ်သူ ကိုသန်းဖေလည်း ဝမ်းသာအားရရှိလှသည်နှင့် မောင်သန်းစိန်၏လက်ကို အကြိမ်ကြိမ် ဆွဲ၍လှုပ်ခါလေ၏။

မောင်သန်းစိန်မှာမူ ကျနေသော မိမိ၏လက်ကိုင်ပုဝါအဖြူကိုကုန်း၍ ကောက်သည့်အခါ၌ တွေ့ရှိရသော သူ၏မျက်နှာထားကဲ့သို့ များစွာထူးခြားခြင်းမရှိဘဲ ခပ်အေးအေးသာလျှင် ရှိနေခဲ့လေ၏။

ကျွန်တော်သည် ဘောလုံးကွင်း၏အနောက်ဘက်ရှိ အရာရှိများကြည့်ရန် ဆောက်လုပ်ထားသော အဆောက်အအုံအတွင်းမှ ကြည့်ရှုလျက်ရှိရာ ကျွန်တော်၏ပခုံးကို ဆွဲ၍လှုပ်လိုက်သဖြင့် နောက်သို့လှည့်၍ ကြည့်လိုက်သည်တွင် နယ်ချဲ့အငြိမ်းစားရာဇဝတ်ဝန်ထောင်း ဦးဘိုးသော်ကို တွေ့မြင်ရလေ၏။

၎င်းဦးဘိုးသော်မှာ ကျွန်တော်နှင့် တစ်မြို့တည်းဖွား ပခုက္ကူသားဖြစ်၍ ကျွန်တော် ငယ်ရွယ်စဉ်အခါကပင် သိကျွမ်းခဲ့သူတစ်ဦး ဖြစ်လေသည်။

၎င်းနှင့်အတူ အသက် ၂၀ ကျော်အရွယ်ရှိ၍ ရုပ်ရည်အလွန်တင့်တယ်ရာ ချောမောလှသော မိန်းမတစ်ယောက်လည်း ပါရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သော်။ "ခုနင်ကတည်းက မြင်နေတာ လူများများသလားလို့ ကြည့်နေရသေးတယ်၊ မောင် ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ၊ ဟော့ မခင်မိ ဟောဒီမှာ ငါတို့သူငယ်ချင်း ဦးကံပေါရဲ့သား ကိုအုန်းဖေပေါ့ကွဲ့"

ဟုပြော၍ အသိအကျွမ်းဖွဲ့ပေးလေရာ ကျွန်တော်မှာ ၎င်းတို့အကြောင်းကို ကြားရဖူးသည်ဖြစ်၍ ဝန်မင်းကတော်နှင့် သိကျွမ်းရသည်မှာ ဝမ်းမြောက်လှပါကြောင်း ပြောဆိုရလေ၏။

ဦးဘိုးသော်မှာ သက်တမ်းမစေ့မီ ပင်စင်ယူပြီးနောက် သားမယားဆုံး၍ မုဆိုးဖိုကြီးအဖြစ်နှင့် အတန်ကြာအောင် နေခဲ့ပြီးမှ ပုသိမ်သူတစ်ယောက်နှင့် အကြောင်းပါခဲ့ကြောင်း၊ ၎င်း၏မိန်းမမှာ ရုပ်ဆင်းလှပချောမော၍ သမီးအရွယ်ခန့်မျှသာ ရှိကြောင်း၊

ထိုမိန်းမမှာ ရည်းစားရှိဖူး၍ ရည်းစားကိုစွန့်ပြီးလျှင် ရာထူးကြီးသော အဘိုးအိုနှင့် မိဘများက စေ့စပ်သည်ကို နားဝင်ခဲ့ကြောင်းများနှင့် ပခုက္ကူသို့ အလည်ရောက်သည့်အခါ ကြားခဲ့ရဖူးလေသည်။

ဦးဘိုးသော်သည် အရွယ်အားဖြင့်လည်း နုနယ်၍ ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မိမိ၏မယားလေးအား အလွန်တရာကြင်နာချစ်ခင်ဟန် လက္ခဏာ ရှိလေ၏။

ကျွန်တော့်အနီး၌ ကုလားထိုင်တွင် မယားအားထိုင်စေပြီးနောက် ရာဇဝတ်ဝန်ကြီးနှင့် နှုတ်ဆက်ရန် ထွက်သွားလေရာ ကျွန်တော်သည် ဝန်ကတော်နှင့် ဤတစ်ကြိမ်မျှသာ တွေ့မြင်ဖူးသော်လည်း ထိုက်သည့်အားလျော်စွာ စကားပြော၍ နေရစ်ရလေ၏။

ဝန်မင်းနှင့် ဝန်ကတော်တို့မှာ ဗန်းမော်မြို့မှ ထိုနေ့စာပို့သင်္ဘောနှင့်ပါလာကြ၍ ဝန်ကလေးအိမ်၌ တည်းခိုပြီးလျှင် နောက်တစ်ပတ် သင်္ဘောနှင့် အောက်သို့ ဆက်လက်၍ စုန်ဆင်းကြရန် ကြံရွယ်ကြကြောင်းနှင့် သိရှိရလေ၏။

မိ။ "ဝန်မင်းနဲ့တော့ ကောင်းကောင်းကြီး ကျွမ်းကြတယ်မှတ်တယ်"

ကျွန်တော်။ "မှန်ပါ၊ ငယ်ငယ်ကတည်းက ဝန်မင်းလက်ပေါ်ကြီးခဲ့ရဆိုသလို အင်မတန်ပဲ အကျွမ်းဝင်ကြပါတယ်။ သို့သော် တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြတာ တော်တော်ကြာသွားပါပြီ။ တွေ့မယ့်တွေ့တော့ မင်းကတော်နှင့်တကွ အစုံအညီတွေ့ကြရတာ အထူးပဲဝမ်းမြောက်လှပါတယ်"

မိ။ "ဝန်မင်းနဲ့ တစ်ရပ်တည်းသားဖြစ်ကြလို့ ဝန်မင်းလိုပဲ စိတ်သဘောထား ကြီးမယ်လို့ဆိုရင် ဌာနာအုပ်မင်းမှာ ရာထူးတိုးတက်ဖို့ အများကြီး နည်းလမ်းရှိတာပေါ့"



ကျွန်တော်။ "မှန်ပါ၊ ဝန်မင်းအကြောင်းကို ကောင်းကောင်းသိလို့မို့ တတ်နိုင်သမျှ အတုခိုး နည်းယူလျက်ရှိပါတယ် မင်းကတော်"

ကျွန်တော်တို့သည် ယင်းကဲ့သို့ စကားပြောဆိုလျက်ရှိကြစဉ် ၅ နှစ်သားအရွယ်သူငယ်ကလေးတစ်ယောက်နှင့် ၄ နှစ်သမီးအရွယ် သူငယ်မကလေးတစ်ယောက်သည် လက်တွဲကာ အနီးသို့ ပြေးလာကြရာ သူငယ်မကလေးမှာ ဝန်ကလေးမောင်မောင်၏သမီးဖြစ်ကြောင်းသိရ၍ သူငယ်ကလေးမှာမူ ဦးဘိုးသော်နှင့် ခင်မိတို့၏ သားကလေးဖြစ်ကြောင်း သိရှိရလေ၏။

သူငယ်နှင့် သူငယ်မတို့လည်း ယနေ့မှပင် တွေ့ကြဖူးသော်လည်း ကလေးတို့ဘာဝ အလွန်တရာချစ်ကျွမ်းဝင်ကြလျက် တစ်ယောက်၏လည်ပင်းကို တစ်ယောက်ကဖက်ကာ ကစား၍နေကြသည်ကို မင်းကတော် မခင်မိမြင်ရသောအခါ အလွန်တရာ ကြင်နာချစ်ခင်လှသော မျက်နှာထားနှင့် သားကလေးအားကြည့်၍ ငေးနိုင်အောင် ရှိနေလေ၏။

ထိုခဏ၌ မောင်သန်းစိန်သည် တတိယဂိုးသွင်းပြန်သဖြင့် ဆူညံစွာ ဩဘာပေးကြပြီးနောက် နားရန် ခရာမှုတ်လိုက်သောအခါတွင် ဘောသမားတို့သည် အသီးသီးမိမိတို့လူစုများရှိရာသို့ လင်မနစ်များသောက်ရန် သွားကြလေ၏။

ထိုအခါ မောင်သန်းစိန်သည် ကပ္ပတိန်လုပ်သူ ကိုသန်းဖေနှင့်အတူ ကျွန်တော်တို့အနီးသို့ လျှောက်လာကြရာ ကျွန်တော်က မောင်သန်းစိန်ကို လက်ညှိုးညွှန်လျက်–

ကျွန်တော်။ "အင်မတန် ဘောကစားကောင်းတဲ့လူတစ်ယောက်ပဲ၊ ဒီလောက် မတော်သေဘူးမှတ်တယ်။ သိပ်ပြီးနေရာကျတဲ့လူပဲ။ သူကယ်လို့သာ၊ သူမပါခဲ့လို့ရှိရင် ကသာဘက်က အပြတ်ရှုံးပြီးသားပဲ" ဟု ပြောလျက်ရှိစဉ် မင်းကတော်မခင်မိသည် မောင်သန်းစိန်ကို အစေးမှုစိုက်၍ကြည့်နေရာမှ အလွန်အခင်းအံ့ဩလှသည့်လက္ခဏာနှင့် မျက်လုံးများပြူး၍ သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

မိ။ (တုန်တုန်ယင်ယင်ရှိသောအသံနှင့်) "ဌာနာအုပ်မင်းပြတဲ့လူဟာ ဘယ်သူလဲ၊ နာမည်ဘယ့်နှယ်ခေါ်သလဲ"

ကျွန်တော်။ "မောင်သန်းစိန်ပါတဲ့ မင်းကတော်"

မိ။ "ဘာလုပ်သလဲ"

ကျွန်တော်။ "ရာဇဝတ်ကြပ်တစ်ယောက်ဖြစ်ပါတယ်"

မိ။ (သက်သာရာရသောမျက်နှာထားနှင့်) "ဒါဖြင့် မဟုတ်နိုင်ပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတွေ့ဖူးတဲ့လူလားလို့၊ သို့သော်တူလို့ပါ။ ဒီနာမည်လည်း မဟုတ်ပါဘူး။ ဟိုလူက ဒီလိုအလုပ်လည်း လုပ်မယ့်လူမဟုတ်ပါဘူး"

၎င်းနောက် ကျွန်တော်တို့သည် အခြားစကားများကို ဆက်လက်ပြောဆိုလျက်ရှိကြပြန်ရာ မခင်မိမှာမူ ဘောသမားများ လင်မနစ်သောက်နေသောနေရာသို့ မကြာခဏလှမ်း၍ ကြည့်နေလေ၏။

ယင်းသို့ကြည့်သောမျက်နှာထားကို ကျွန်တော်မြင်တွေ့ရသောအခါ ကောန်မှချ အရေးကြီးသော အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ချေပြီဟု ကျွန်တော် မှတ်ထင်မိလေ၏။ သို့ရာတွင် မင်းကတော် မခင်မိသည် အရေးမကြီးလှသည့် အမူအရာနှင့် ခပ်အေးအေးပင် ရှိနေခဲ့လေ၏။

ယင်းကဲ့သို့ ဟန်လုပ်၍နေကြောင်းကို ကျွန်တော် သိရလေလေ မည်သို့သောအကြောင်းဖြစ်သည်ကို သိလိုသော သဘောဖြစ်လေလေ ရှိနေပြီးလျှင် ကျွန်တော်သည် နားမျက်စိတို့ကို ကောင်းကောင်းကြီး ဖွင့်၍နေခဲ့လေ၏။

ထို့နောက် အချိန်စေ့ရောက်သဖြင့် ဘောသမားတို့သည် ဆက်လက်၍ ကစားကြပြန်ရာ ဇန်းမော်မြို့ဘက်မှ တစ်ဂိုးသွင်း၍ ကသာမြို့ဘက်မှ သုံးဂိုးမျှ သွင်းနိုင်ပြန်လေသည်။

၎င်း ၃ ဂိုးအတွက် ၂ ဂိုးမှာ မောင်သန်းစိန်သွင်းသောဂိုးများဖြစ်လေသည်။ မခင်မိမှာမူ မောင်သန်းစိန်ပြေးရာသို့ အစဉ်မပြတ် မျက်စိဖြင့်လိုက်လျက် မည်သို့မျှ စကားပြောဖော်မရတော့ဘဲ တုန်လှုပ်သောအမူအရာနှင့် ငြိမ်ဝပ်စွာသာလျှင် ရှိနေခဲ့လေ၏။

ဝန်မင်းဦးဘိုးသော်မှာမူ ရာဇဝတ်ဝန်ကြီး မစ္စတာပွိုက်တင်းတို့နှင့်အတူ ထိုင်လျက် စကားပြောနေသည်ဖြစ်သောကြောင့် ကျွန်တော်တို့ရှိရာသို့ ပြန်၍မလာတော့ချေ။

ဘောလုံးပွဲပြီးသောအခါ ရာဇဝတ်ဝန်ကြီး မစ္စတာပွိုက်တင်းသည် ပုလိပ်ဘက်မှ လူတစ်ယောက်၏အစွမ်းကြောင့် ကသာမြို့ဘက်မှအနိုင်ရသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် ထိုင်ရာမှထ၍ ကွင်းထဲသို့ ထွက်ပြီးနောက် မောင်သန်းစိန်၏ လက်ကိုဆွဲကာ ချီးမွမ်းစကားပြောလေ၏။

ဦးဘိုးသော်မှာလည်း ဘောလုံးကစားခြင်း၌ ငယ်စဉ်က များစွာဝါသနာပါခဲ့ဖူးသူဖြစ်၍ မစ္စတာပွိုက်တင်းနှင့် အတူလိုက်ပြီးလျှင် မောင်သန်းစိန်၏ အခြားလက်ကို ဆွဲကိုင်လေ၏။

ယင်းသို့ချီးမြှင့်ကြပြီးနောက် စကားပြော၍နေကြစဉ် မောင်သန်းစိန်သည် ထိုသူနှစ်ဦးတို့အလယ်၌ လက်ပိုက်ကာ ရပ်လျက်ရှိရာ ၎င်း၏ကျစ်လစ်မြင့်မား



သောကိုယ်လုံးကိုယ်ပေါက်သည် စွပ်ကျယ်ဝတ်၍နေသည့်အခါ၌ အထူးပင်ကြည့်၍ ကောင်းလှပေသည်ဟု ကျွန်ုပ်၏စိတ်၌ အောက်မေ့မိလေ၏။

အခြားသောသူတို့မှာ ယင်းကဲ့သို့ မိမိ၏အထက်အရာရှိကြီးများ ကိုယ်တိုင်က ချီးမြှင့်မြှောက်စားခြင်းခံရသည့်အခါ အလွန်အကြူး အထူးပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်ဖြစ်လေရာ မောင်သန်းစိန်မှာမူ အရေးမကြီးလှသော လက္ခဏာနှင့် ခပ်အေးအေးလက်ပိုက်ကာ ရှိနေလေ၏။

ထိုခဏ၌ ကျွန်တော်သည် မင်းကတော် မခင်မိမျက်နှာကို လှမ်း၍ကြည့်လိုက်ရာ မခင်မိမှာ မိမိအား မောင်သန်းစိန်မမြင်စေလိုသည့်လက္ခဏာဖြင့် မျက်နှာကို လက်ကိုင်ပုဝါဖြင့် ခပ်ကွယ်ကွယ်ကိုင်၍ ထားလေ၏။

ကျွန်တော်။ ။"ဘယ့်နှယ်လဲ မင်းကတော် လူမှားလို့လား၊ နို့မဟုတ်ရင် မင်းကတော် တွေ့ဖူးတဲ့သူပဲလား"

မိ။ ။"မမှားပါဘူးရှင် သူပါပဲ၊ ဒါထက် ဝန်မင်းကို တစ်ဆိတ်ခေါ်ပေးပါ ဥာနာအုပ်မင်း၊ ကျွန်မ ခေါင်းကိုက်လို့ ပြန်ချင်ပြီလို့ ပြောလိုက်ပါရှင်"

ထိုအခါ ကျွန်တော်သည် ထိုင်ရာမှသွက်လက်စွာထ၍ ဦးဘိုးသော်ရှိရာသို့ သွားလေရာ ဦးဘိုးသော်သည် ဘောလုံးကစားကောင်းသူများကို ချီးမွမ်းလိုသည့် သဘောရင်းရှိသည့်အတိုင်း မောင်သန်းစိန်အား အကြိမ်ကြိမ် ချီးမွမ်း၍ အသက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဘောလုံးအသင်းတို့ ကစားကြရာတွင် မောင်သန်းစိန်ကို ပါစေရအောင် မစ္စတာပွိုက်တင်းက တတ်အားသမျှ ကြိုးစားပေးရန် တိုက်တွန်းလျက်ရှိလေ၏။

မိမိကိုယ်တိုင်ကလည်း မန္တလေးမြို့ရှိ ဘောလုံးကော်မတီလူကြီးတို့အား မောင်သန်းစိန်၏ အကြောင်းကိုထောက်ခံ၍ပြောခဲ့ပါမည်ဟု တာဝန်ခံလျက်ရှိလေ၏။

ကျွန်တော်သည် ၎င်းတို့အနီးသို့ရောက်သောအခါ ဦးဘိုးသော်အား မင်းကတော် ခေါင်းကိုက်သည့်အကြောင်းကို ပြော၍ ပြန်လိုသည်ဟု မှာလိုက်ကြောင်းနှင့် ပြောဆိုသည်တွင် ဦးဘိုးသော်သည် မယားအား ကြင်နာချစ်ခင်သူဖြစ်သည့်အတိုင်း ပျာယီးပျာယာနှင့် လိုက်ပါလာခဲ့လေ၏။

၎င်းနောက် ဝန်မင်းဦးဘိုးသော်နှင့် ဝန်မင်းကတော် မခင်မိတို့သည် ကား ဆီသို့တက်ကြမည်အပြုတွင် မောင်သန်းစိန်သည် အနီးသို့ရောက်လာခိုက်နှင့် ကြုံနေသဖြင့် ဦးဘိုးသော်ကပင် ခေါ်ငင်ပြန်၍ ဘောလုံးရှူးတစ်ယောက်ဖြစ်သည့်အတိုင်း မောင်သန်းစိန်၏ပခုံးကိုပုတ်ပြီးလျှင် အထက်မြန်မာပြည်အတွက် ကစား

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရနိုင်ရန် မိမိနှင့်တကွ မစ္စတာဝှိုက်တင်းတို့က တတ်နိုင်သမျှ ကြိုးစားပါမည့် အကြောင်းနှင့် အားရဝမ်းသာပြောဆိုလျက် ရှိလေ၏။

မောင်သန်းစိန်မှာမူ ဦးဘိုးသော်ပြောသော စကားများကို တစ်ခွန်းမျှကြား ဟန်မတူဘဲ မင်းကတော်မခင်မိအား စိုက်ငေးလျက် ကြည့်နေရာ မခင်မိမှာမူ မျက်နှာကို လက်ကိုင်ပဝါဖြင့် မကြာခဏ ချွေးသုတ်ကာ ရှိနေလေ၏။

ငင်းနောက် လင်မယားနှစ်ယောက်တို့သည် ကားပေါ်သို့တက်ကြ၍ ကား လည်းထွက်သွားရာ မောင်သန်းစိန်မှာ ထိုနေရာမှ လက်ပိုက်ကာ ငေးမှော်လျက် ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် ဝန်မင်းဦးဘိုးသော် လင်မယားထံ သွား ရောက်လည်ပတ်ရာ ဦးဘိုးသော်သည် မောင်သန်းစိန်၏အကြောင်းကို ပြော၍ ဆုံးနိုင်အောင် အားရပါးရ ချီးမွမ်းပြောဆိုလျက်ရှိလေ၏။

မခင်မိမှာမူ အနီး၌ရှိနေသည်ဖြစ်၍ သနားဖွယ်ကောင်းလှသော မျက်နှာ ထားနှင့် ကျွန်တော့်အား ရံဖန်ရံခါ လှမ်း၍ကြည့်လေ၏။

ကျွန်တော်သည် အနည်းငယ်ရိပ်မိသည်ဖြစ်၍ စကားကိုပြတ်စေရန် အခြား စကားတို့ကို သွတ်သွင်းပြောဆိုသော်လည်း ဦးဘိုးသော်သည် မောင်သန်းစိန်၏ အကြောင်းကိုသာ ထပ်ကာထပ်ကာ ချီးမွမ်းပြောဆိုပြန်လေရကား နောက်ဆုံး၌ လက်လျှော့ရလေ၏။

ငင်းနောက် ဦးဘိုးသော်သည် မောင်သန်းစိန်၏ကစားပုံအကြောင်းကို စကားဖြတ်၍ မောင်သန်းစိန်အကြောင်း သက်သက်ကို ဆက်လက်မေးမြန်းပြန် လေရာ–

သော်။ ။"ဒီသူငယ်ဟာ ရာဇဝတ်ကြပ်ဆို ဟုတ်ကဲ့လား၊ ဒီအလုပ်နဲ့ သူနဲ့မတော်ပါ ဘူး မောင်ရယ်။ ဘောလုံးကစားပြီး စားမယ်ဆိုရင် စားနိုင်လောက်တဲ့ လူတစ်ယောက်ပါပေပဲ။ သို့သော် ရာထူးတိုးတက်အောင် မစ္စတာဝှိုက်တင်းကို တျှပ်ဟတ်နိုင်သမျှ ပြောဦးမှတော်မယ်"

မိ။ ။(စိတ်ရှုပ်သောအမူအရာနှင့်)"တော်ပါတော့ ဝန်မင်း၊ တွေ့ကတည်းက မောင်သန်းစိန်အကြောင်းချည်း ပြောလိုက်ရတာ မမောနိုင်သေးဘူးရှင့်"

ထိုအခါ ဦးဘိုးသော်သည် ရုတ်တရက်အံ့အားသင့်သော မျက်နှာထားနှင့် မိမိ၏ ဇနီးအား လှမ်းကြည့်လိုက်ရာ မခင်မိက ပြုံးရယ်လိုက်သည်ကို မြင်သဖြင့်–

"ဟုတ်ပါရဲ့၊ နားညည်းစရာလိုဖြစ်နေပါပြီ။ သို့သော်လည်း ကိုယ်တိုင် တော့ ဘောလုံးကစားမယ့်အရွယ်လွန်ခဲ့ပေမယ့် ကောင်းကောင်းကစားတတ်တဲ့လူ ကို တွေ့ရင် ရီးတိုးရှုတဖြစ်လွန်းလို့ပါ ခင်ရယ်"



ကျွန်တော်တို့သည် အခြားစကားများကို အတန်ကြာအောင် ပြောဆိုကြ ပြီးနောက် ဝန်မင်းတို့လင်မယားကို နှုတ်ဆက်၍ အိမ်ပေါ်မှဆင်းလာခဲ့ရာတွင် မခင်မိသည် လှေကားသို့လိုက်လာ၍–

မိ။ ။"ကိုအုန်းဖေ ရိပ်မိရဲ့မဟုတ်လား"

ကျွန်တော်။ ။"မှန်ပါ တွေးမိပါတယ်ခင်ဗျာ"

မိ။ ။"တစ်ဆိတ်ကလေးပါရှင်၊ ကျွန်မကို သနားလို့ရှိရင် သူတို့နှစ် ယောက် ကျွန်မရှေ့မှာ မျက်နှာချင်းမဆိုင်မိကြရအောင် တတ်နိုင် သမျှ ကြိုးစားပါရှင်။ နောက်များ အခွင့်ကြုံရင် ရှင့်ကိုဒီအကြောင်း ပြောပါဦးမယ်၊ ကျွန်မအပြစ်လည်း မဟုတ်ရပါဘူးရှင်။ သို့သော် အခုတော့ဖြင့် ကျွန်မတို့ အကြောင်းကို ဝန်မင်းမသိစေဖို့လောက် အရေးကြီးတာပါပဲရှင်။ ဝန်မင်းဟာ ကျွန်မ အပေါ်မှာအင်မတန်ကောင်းရှာတဲ့အတွက် သူ့ကိုသနားတာလောက် ရှိတာပါပဲရှင်"

ဝန်ကတော် မခင်မိသည် ကျွန်တော်နှင့် သူစိမ်းပြင်ပြင်ဖြစ်ပါလျက် မိမိ၏ အတွင်းစကားကို ကျွန်တော့်အား အဘယ်ကြောင့် ဤမျှလောက် ဖွင့်ဟပြောဆို သည်ကို မတွေးတောတတ်ချေ။ အကြံအိုက်လျက် ခိုကိုးရာမဲ့ရှိနေရှာသည်နှင့် ကြုံမိပြောရာ ပြောရှာဟန်ရှိပေ၏။

ထိုခဏ၌ ဌာနာမှ ပုလိပ်သားတစ်ယောက်သည် ဝင်းတွင်းသို့ လျှင်မြန်စွာ ပြေးဝင်၍လာပြီးလျှင် ဦးဘိုးသော်၏ သားကလေးနှင့် ဝန်မင်းဦးမောင်မောင်၏ သမီးကလေးတို့စီးသွားသော ဒေါက်ကပ်ရထားသည် မှောက်သွားကြောင်းနှင့် အလန့်တကြား လာရောက်ပြောဆိုလေ၏။

ငင်းနောက် အကျိုးအကြောင်းကို မေးမြန်းသဖြင့် သိရှိရသည်မှာ သူငယ် နှင့် သူငယ်မတို့သည် ဒေါက်ကပ်စီးရန် ဆိုက်ကုလားနှင့် ထွက်သွားကြသောအခါ မီးရထားအနီးသို့ရောက်သည်တွင် မြင်းသည်လန့်၍ထွက်ပြေးသွားကြောင်း။

ပိတ်ထားသော မီးရထားတံခါးအနီးသို့ ရောက်သောအခါ မီးရထားသည် လမ်းပေါ်မှ ခုတ်လျက်ရှိနေကြောင်း၊ မြင်းသည် အရှိန်မသတ်ဘဲ တံခါးဆီ ပြေးသွားပြီးလျှင် အကယ်၍ တံခါးနှင့်တိုက်မိသည်ဖြစ်စေ၊ တံခါးကျိုးသဖြင့် မီးရ ထားနှင့် တိုက်မိသည်ဖြစ်စေ ကလေးတို့မှာ သေဆုံးကြရမည် ဖြစ်ကြောင်း။

ထိုခဏလူတစ်ယောက်သည် လမ်းဘေးမှ ရုတ်တရက်ပြေးထွက်လာပြီး လျှင် မြင်း၏ဇက်ကို ဆွဲလိုက်ကြောင်း၊ မြင်းသည် တံခါးနှင့် တိုက်တော့မည့်ဆဲ ဆဲ ရှိနေသည်တွင် အရှိန်သေ၍သွားကြောင်း၊ ကလေးတို့မှာ ထိခိုက်နာကျင်ခြင်း မရှိသော်လည်း ထိုသူမှာ ခါးရိုးကျိုးသွားကြောင်းနှင့် ပြောဆိုသဖြင့်သိရှိကြရ သော၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မခင်မိက မိမိသားငယ်၏အသက်ကို ကယ်ဆယ်သူသည် မည်သူဖြစ်ပါသနည်းဟု မေးမြန်းသောအခါ ရာဇဝတ်ကြပ်မောင်သန်းစိန်ဖြစ်ကြောင်းနှင့် သိရှိရပြန်လေ၏။

မောင်သန်းစိန်မှာ ဆေးရုံသို့ထမ်းစင်နှင့် တင်ယူသွားနှင့်ပြီးဖြစ်လေရာ မခင်မိသည် ကိုယ်တိုင်လိုက်ပါလိုသော်လည်း ကျွန်တော်က ရှေးဦးစွာ ကျွန်တော်တစ်ယောက်တည်း သွား၍ကြည့်ပါရမည်အကြောင်း တောင်းပန်တားဆီးသည်တွင် မျက်ရည်ဝိုင်းလျက် ကျန်နေရစ်လေ၏။

ထိုခဏ၌ ဆိုက်ကုလားသည် ကလေးနှစ်ယောက်နှင့် ပြန်လာကြရာ မခင်မိလည်း သေတွင်းမှ လွတ်ခဲ့သော သားငယ်အား ကောက်ယူနမ်းရှုပ်လေ၏။

ဆေးရုံသို့ရောက်သောအခါ ကျွန်တော်သည် ဆရာဝန်ကြီးနှင့်တွေ့၍ အကျိုးအကြောင်းကို မေးမြန်းရာတွင် လူနာသည် နံရိုးနှစ်ချောင်း ကျိုးသွားသည့်ပြင် ခါးရိုးမှာလည်း ခွေကောက်၍သွားသဖြင့် အသက်မသေစေခဲ့ကာမူ တစ်သက်လုံး ခါးကုန်း၍ နေရှာတော့မည့်အကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မခင်မိက လူနာကို မည်သည့်နည်းနှင့်မဆို ကြည့်လိုကြောင်းနှင့် အတင်းပြောလေရာ ကျွန်တော်က မလျော်ကြောင်းနှင့် တောင်းပန်ပါသော်လည်း မရနိုင်ဘဲ နောက်ဆုံး၌ မခင်မိသည် ကျွန်တော်နှင့်အတူ ဆေးရုံသို့ တိတ်တဆိတ်လိုက်ပါလာခဲ့လေ၏။

လမ်းခရီး၌ မခင်မိက မိမိသည် ထိုသူနှင့် ရည်းစားဖြစ်ခဲ့ဖူးကြောင်း၊ ၎င်း၏အမည်ရင်းမှာ မောင်သန်းစိန်မဟုတ်၊ မောင်ဘဖြူဖြစ်ကြောင်း၊ ချစ်ကြိုက်နေကြသည်အတွင်း မောင်ဘဖြူ၏ဖခင်သည် ပစ္စည်းဥစ္စာ ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ ၎င်းနောက် မိဘများစေ့စပ်ပေးစားသဖြင့် ဝန်မင်းဦးဘိုးသော်နှင့် လက်ထပ်ထိမ်းမြားခဲ့ရကြောင်း။

ထိုနေ့ကစ၍ မောင်ဘဖြူနှင့်ကွဲခဲ့ကြရာ ဘောလုံးပွဲတွင်မှ ပထမအကြိမ်တွေ့ဆုံခဲ့ကြရကြောင်း၊ ယခုတွေ့မြင်လိုခြင်းမှာ ရည်းစားဦးဖြစ်ဖူး၍မဟုတ်၊ မိမိသားငယ်၏အသက်ကို ကယ်ဆယ်သူတစ်ဦးတစ်ယောက်အား အသက်မသေမီ ကျေးဇူးတင်စကားပြောကြားလိုခြင်းကြောင့်ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။

ဆေးရုံသို့ရောက်ကြသောအခါ မခင်မိကို အောက်တွင်ထားခဲ့၍ ကျွန်တော်သည် ဆရာဝန်ကြီးနှင့်တွေ့ရန် တက်သွားလေရာ ဆရာဝန်ကြီးက လူနာသည် သတိရ၍လာပြီဖြစ်ကြောင်းနှင့် ပြောလေ၏။



ထိုအခါ ကျွန်တော်က အသက်ကို ကယ်ဆယ်ခြင်းခံရသော ကလေးငယ်၏ မိခင်သည် ကျွန်တော်နှင့် အတူပါလာကြောင်း ၎င်းသည် လူနာကိုကြည့်လိုကြောင်း ပြောပြလေ၏။

"မဖြစ်နိုင်ဘူး ကိုအုန်းဖေ၊ သည်ဟာတော့ ကျုပ်ခွင့်မပြုနိုင်ဘူး" ဟု ပြောဆဲတွင် မခင်မိသည် အပေါ်သို့တက်လာ၍–

"ဘာကြောင့်လဲ ဆရာဝန်ကြီး၊ ကျွန်မ သူ့ကို မကြည့်ရရင် မနေနိုင်ဘူး၊ ကလေးများအသက်ကို ကယ်ဆယ်တဲ့အကြောင်းအပြင် အခြားအကြောင်းလည်း ရှိပါတယ်။ ကျွန်မ ကြည့်ပါရစေရှင်"

"ဝမ်းနည်းပါတယ်ဗျာ၊ သို့သော် ကျွန်တော် ခွင့်မပြုနိုင်ဘူး၊ ခုလိုနေရာမှာ သူ့မယားကလွဲလို့ ဘယ်သူ့ကိုမှ ကျွန်တော်ကြည့်ဖို့ခွင့်မပြုနိုင်ဘူး"

"ကျွန်မ မမိုက်ခဲ့လို့ရှိရင် အခုအနေမှာ ကျွန်မ သူ့မယားပဲရှင်" ဟု ပြောသည်တွင် ဆရာဝန်သည် အံ့အားသင့်လျက်ရှိရာ မခင်မိသည် လူနာရှိသောအခန်းတွင်းသို့ ပြောပြောဆိုဆိုနှင့် ဝင်သွားလေ၏။

ဆရာဝန်နှင့် ကျွန်တော်တို့မှာ တားဆီးခြင်းမတတ်နိုင်ဘဲ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ လှေကားအတက်စ၌ ကျန်ရစ်ကြလေ၏။

တစ်ခဏမျှကြာသောအခါ ကျွန်တော်သည် ဆရာဝန်နှင့် စကားပြောနေရာမှ ခြေသံကြားသဖြင့် လှည့်လိုက်သည်တွင် ဝန်မင်းဦးဘိုးသော်သည် အခြားလှေကားမှတက်လာ၍ လူနာရှိရာအခန်းပေါက်၌ ရပ်နေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်က–

"အကျိုးနည်းကုန်ပြီဗျို့၊ ဝန်မင်းလိုက်လာပြီ" ဟုပြော၍ ၎င်းရှိရာသို့ ပြေးသွားလေရာ လူနာမှာ လိုက်ကာကွယ်နေသဖြင့် အနီး၌ရှိသော မခင်မိကို ဦးဘိုးသော်မမြင်နိုင်သော်လည်း ဦးဘိုးသော်သည် ပြောနေသောစကားသံကို ကြားရသည်ဖြစ်၍ ကျောက်ရုပ်ကဲ့သို့ မလှုပ်မရှား ကြက်သေသေလျက် ရှိနေလေ၏။

အခန်းပေါက်အနီးသို့ ကျွန်တော် ရောက်သွားသောအခါ မခင်မိ၏အသံမှာ–

"မမေ့ပါဘူး ကိုဘဖြူရယ်။ ဘဝရေစက်မပါကြလို့ မပေါင်းသင်းကြရသော်လည်း ရှင့်ကိုတော့ မမေ့နိုင်ဘူး ကိုဘဖြူရှင့်"

ဟု ပြောလျက်ရှိသည်ကို ကြားရလေ၏။

ဦးဘိုးသော်သည် ရှေးက ဒီမျှလောက် ရုပ်မိဖူးသည်ကို ကျွန်တော် မမြင်ဖူးချေ။

မခင်မိသည် ရည်းစားထားဖူးကြောင်းကိုကား ကြားဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၎င်းရည်းစားသည် မောင်သန်းစိန်ဖြစ်သည့်အကြောင်းကိုကား မည်သည့်နည်းနှင့်မျှ တွေးတောခဲ့ဟန်မရှိချေ။

သို့ဖြစ်သောကြောင့် မခင်မိ၏ အသံကို ကြားရသောအခါ၌ ၎င်း၏ ရည်းစားဦးသည် မောင်သန်းစိန်ပင်ဖြစ်၍ ထိုသူသည် အသက်ကိုစွန့်၍ မိမိသားငယ်၏အသက်ကို ကယ်ဆယ်ခဲ့ကြောင်း သိရှိရသည်တွင် ငရဲ၌ရှိသော သတ္တဝါသည် ထိုခဏ၌ ဦးဘိုးသော် အခံခက်ဘိသကဲ့သို့ အခံခက်မည်ဟု ကျွန်တော်မထင်ချေ။

ထိုနေရာ၌ ရပ်နေစဉ်အတွင်းတွင် ဦးဘိုးသော်မှာ ၁၀ နှစ်ခန့်အိုမင်းရင့်ရော်သွားသည်ဟု ကျွန်တော်ထင်မိပေ၏။

သို့ရာတွင် အလွန်တရာ သဘောကြီးသော လူတစ်ယောက်ဖြစ်သဖြင့် ရင်တွင်း၌ လှိုက်ဖိုလောင်ကျွမ်းလျက်ရှိသော ဝေဒနာကို အောင့်အည်းပြီးလျှင် မိမိ၏ မယားကို တွေ့သောအခါ၌ တစ်စုံတစ်ရာမှ မရိပ်မိ မသိရှိဘိသကဲ့သို့ အခြေအမှုက်ပြောဆိုသည့်ပြင် မောင်သန်းစိန်အားလည်း သားငယ်၏အသက်ကို ကယ်ဆယ်သည့်အတွက် ဆပ်၍မကုန်လောက်အောင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် ပြောဆိုလေ၏။

* * *

အထက်ပါအခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် ခြောက်လခန့်အတွင်းတွင် ဦးဘိုးသော်သည် မြစ်ထဲ၌ ရေနစ်၍သေဆုံးသည်ဟု ကြားသိရလေရာ ၎င်းမှာ အလွန်တရာ ရေကူးကျင်လည်သူတစ်ယောက်ဖြစ်သဖြင့် အချို့သောသူတို့က ရေချိုးနေခိုက်တွင် မူးဝေ၍သွားဟန်ရှိ၏ဟုလည်းကောင်း–

အချို့ကမူ ခြေကျင်သောကြောင့် ရေမကူးနိုင်ဘဲ နစ်မြုပ်၍သွားသည်ဟုလည်းကောင်း တွေးတောပြောဆိုကြ၏။

သို့ရာတွင် ဦးဘိုးသော်၏ ကြီးရင့်မြင့်မြတ်သော စိတ်သဘောကို သိရှိရ၍ ထိုလင်မယားတို့၏ အဖြစ်အပျက်အလုံးစုံကိုသိသော ကျွန်တော့်မှာ ထိုကဲ့သို့ မတွေးသင့်ချေ။ ‘ငါသည် လူ့ပြည်၌ အပိုသက်သက်ဖြစ်သော လူတစ်ယောက်ပေတည်း’ ဟု ဆုံးဖြတ်လိုက်သည်ဟူ၍သာ တွေးထင်မိပေ၏။

မောင်သန်းစိန်သို့မဟုတ် မောင်ဘဖြူသည် အသက်မသေသည့်ပြင် ခါးလည်းမကုန်းဘဲ ထူးကဲသောအရည်အချင်းနှင့်ပြည့်စုံသူတစ်ယောက်ဖြစ်၍ ရာထူး



အနေအရ တိုးတက်ခဲ့ပြီးလျှင် များမကြာမီအတွင်းတွင် အင်စပိတ်တော်ရာထူးဖြင့် ချီးမြှင့်ခန့်ထားခြင်း ခံရလေ၏။

အင်စပိတ်တော်ကတော်မှာမူကား မည်သူဖြစ်သည်ကို ထုတ်ဖော်ရေးသားရန် လိုတော့မည်မဟုတ်ချေ။

တစ်ယောက်သောသူငယ်သည် ငှက်ပျောခွံကို သမ်သလင်းပေါ်၌ အမှတ်မဲ့ပစ်ထားခဲ့ချေက ဘောသမားတစ်ဦးသည် ခြေနာမည်မဟုတ်၊ တစ်ဦးခြေမနာခဲ့လျှင် မောင်သန်းစိန်သည် ဘောလုံးကစားမည်မဟုတ်၊ မောင်သန်းစိန် ဘောလုံးကစားခဲ့လျှင် မခင်မိနှင့် တွေ့ကြမည်မဟုတ်။

မတွေ့ကြလျှင် ဦးဘိုးသော်လည်း အသက်ဆုံးရှုံးမည်မဟုတ်၊ သို့ဖြစ်သောကြောင့် လောက၌ သိမ်ငယ်သေးနုပ်လှသော အကြောင်းငယ် တစ်ခုသည် ကြီးကျယ်လေးနက်သော အကျိုးတရားများကို ဖြစ်ပွားစေနိုင်ခဲ့ပေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# နိယာမတရား၏ တရားပုံ

ယုတ်မာဆိုးသွမ်းသော သူများသည် နောက်ဆုံးတစ်နေ့၌ ဘေးတွေ့ရမည်ဟု ပြောရိုးစကား ရှိကြငြားသော်လည်း အချို့သောသူတို့မှာ ထင်ထင်ရှားရှား ဆိုးရွားညစ်ညမ်းကြပါလျက် တစ်သက်ပတ်လုံး ဘေးအန္တရာယ်ဟူ၍ မတွေ့ရဘဲ နိယာမသဘောတရားကြီးကို လှည့်စားနိုင်ကြဟန် ရှိပေ၏။ ထိုသို့သော သူမျိုးကို တွေ့မြင်ရသောအခါ "နတ်သိကြားများ ဘယ်သွားနေကြသလဲ" ဟူ၍ပင် ညည်းတွားပြောဆိုတတ်ကြ၏။ ထိုသို့သော သူများမှာ သံသရာ ခရီးလမ်းမကြီးဝယ် တစ်နေရာတစ်ကွေ့၌ ကြွေးဟောင်းများ ပေးဆပ်ကြရမည် မလွဲဖြစ်သော်လည်း လက်ငင်းဒိဋ္ဌ ကြွေးတောင်းမခံကြရခြင်းကိုပင် မြင်ရသူတို့က မကျေနပ်နိုင်အောင် ရှိတတ်ကြလေ၏။

ရှည်လျားသော သံသရာအားဖြင့် ကောင်းကျိုးကို စံရခြင်း မကောင်းကျိုးကို ခံရခြင်းတည်းဟူသော ဗုဒ္ဓဘာသာ အယူဝါဒအားဖြင့်ကြည့်သော် ဆိုးရွားပါလျက်နှင့် လက်ငင်းဒိဋ္ဌ အပြစ်ဒဏ်မခံရသောသူများအတွက် ခုနှိမ်ဖွယ်ရာ သံသရာလမ်းကြောင်းကြီး ရှိနေသော်လည်း ယခုဘဝမှ လူဖြစ်လာ၍ စာရင်းပိတ်သွားသည့် အယူဝါဒယုံကြည်သူများကမူ ကျေနပ်လောက်အောင် စာရင်းရှင်းတမ်းလုပ်ဖို့ ခဲယဉ်းကောင်း ခဲယဉ်းပေလိမ့်မည်။



ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ အကြွေးမထားဘဲ လက်ငင်းပေးဆပ်ရသော အခြင်းအရာမျိုး ဖြစ်ပေ၏။ ပါဝင်သူ ဇာတ်ကောင်ရှင်များမှာမူ အင်္ဂလိပ်လူမျိုးတစ်ဦး၏ နှုတ်ထွက်ဖြစ်သည့်အလျောက် အင်္ဂလိပ်ကို အသားပေး၍ ဖော်ပြပေလိမ့်မည်ဟု မျှော်လင့်ရပေမည်။ ဂျာမန်လူမျိုးတို့က ပြောပြသောအဖြစ်အပျက် အချင်းအရာများတွင်လည်း ထိုနည်းတူစွာ ဂျာမန်ကို အသားပေးလိမ့်မည်ဟူ၍ပင် တွေးထင်ဖွယ်ရာ ရှိပေသည်။

အောက်ပါအခြင်းအရာများမှာ အင်္ဂလိပ်အရာရှိတစ်ယောက်နှင့် ဂျာမန်အရာရှိတစ်ယောက်အကြောင်းကို အင်္ဂလိပ်ထံမှ ကြားရသည့်အတိုင်း ဖော်ပြခြင်းဖြစ်ရာ ကိုယ့်လူမျိုးကို ကိုယ်ဂုဏ်တင်မည့် ဓမ္မတာသဘောကိုလည်း ထည့်သွင်းချင့်ချိန် ယူဆကြရာသည်။ ကမ္ဘာ့ပေါ်တွင် အကြီးဆုံးသော ကစားဝိုင်းကြီးများ အမြဲဖွင့်ထားသည့် မွန်တီကာလိုကစားရုံကြီးရှေ့တွင် တစ်နေ့သ၌ အင်္ဂလိပ်လူမျိုး နှစ်ယောက်တို့သည် စကားပြောလျက် ရှိကြ၏။ လှပကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားသော မိန်းမ၊ ယောကျ်ားများသည် ပျားပန်းခတ်သကဲ့သို့ ၎င်းတို့အနီးအပါး၌ တုံ့ပြန်လူးလာပျော်ရွှင်စွာ ရှိနေကြ၏။

ထိုသူနှစ်ဦးအနက် တစ်ဦးမှာ ကြည်လင်ရွှင်ပျ ဝမ်းမြှုးလှသော အမူအရာနှင့် စီးကရက်တစ်လိပ်ကို အငွေ့ချောင်းချောင်းထအောင် ရှူဖွာလျက်ရှိရာ ကျန်တစ်ယောက်မှာမူ ခပ်သုန်သုန် မျက်နှာထားနှင့် မိမိ၏လက်သည်းများကိုကိုက်လျက် ဆွံ့စားစိတ်ကူးဟန်ရှိနေ၏။

ရွှင်ပျသောသူ။ ။"စိတ်မညစ်ပါနဲ့ ဂျယ်ရီရယ်။ မိန်းကလေးကိုလည်း အချိန်ပေးဦးမှပေါ့ကွဲ့။ တစ်နေ့နေ့တော့ မုချမင်းဆီကို လည်လာမှာပါကွယ်၊ စိတ်သာချနေပါ"

ညစ်နေသောသူ။ ။"မထင်ပါဘူး ချာလီရယ်၊ ငါက မင့်လို လူချောတစ်ယောက်လည်းမဟုတ်၊ နှုတ်ကလည်း ခပ်လေးလေးနဲ့ မျှော်လင့်ဖို့ ရှိသေးပေါင်ကွယ်"

ရွှင်သူ။ ။"ရုပ်မချောတာချောတာ အပထား၊ မင့်လို စတိုင်ကောင်းတဲ့လူမျိုး ဒီပြင်တစ်ယောက်လိုက်ရှာရင် ထမင်းထုပ်သိုးရင်သာ သိုးမယ်၊ တွေ့မယ်လို့ ငါမထင်ဘူး။ နှုတ်လေးတယ် ဆိုတာမတော့ စက်တောင်ဆီထည့်ရင် ချောလာသေးတာပဲ သူငယ်ချင်းရယ်"

ညစ်သူ။ ။"တန်ပါ ချာလီရယ်။ နောက်မနေစမ်းပါနဲ့"

ရွှင်သူ။ ။"ငါက မင်း ရယ်ရယ်မောမော ဖြစ်လာအောင် ပြောရတာပါကွယ်၊ မင့် မျက်နှာကြီးရှစ်ခေါက်ချိုးနဲ့ ဒီနေရာထိုင်နေရင် မတော်တော်ကြာ

www.burmeseclassic.com

www.burmeseclassic.com



ငနဲမက ဟိုငနဲနဲ့ လက်ဖက်ရည်သောက်ပြီး ထွက်လာလို့ မြင်သွားမှဖြင့် မင်းကို ဘုန်းကြီးဝတ်ဖို့များ တိုက်တွန်းနေပါဦးမယ်ကွယ်"

မှိုင်းသူ။ ။"တစ်ခွက်လောက် သောက်ချေကြစို့လို့ ဆိုလိုက်တဲ့ သဘောပေါ့လေ ဟုတ်စ"

ရွှင်သူ။ ။"ငါ့လူ တော်တော်ပါးသားပဲ။ ငါ့စိတ်ကို ရိပ်မိသလို မေ့စိတ်ကို မင်း ရိပ်မိရင် တော်ပြီကောကွယ်"

မှိုင်းသူ။ ။"လာပါကွယ်၊ မင်းသောက်ချင်ရင် တိုက်ပါ့မယ်"

ရွှင်သူ။ ။"ဒီလိုမှပေါ့ကွဲ့။ အူကလေးခပ်ရွှင်ရွှင်နဲ့ နှုတ်ရဲရဲ အာရဲရဲဆိုတာလို နှု လိုက်ရရင် ဟိုအကောင်ပစ်ပြီး ငါ့လူဖက်ပါမှာ စောန်ပါကွယ်။ လာပါ"

သူငယ်ချင်းနှစ်ယောက်တို့သည် အရက်ရောင်းသော'ဘားဆလွန်း'သို့သွားကြစဉ်-

မှိုင်းသူ။ ။"ဟေ့လူ မှန်မှန်ပြောစမ်းပါကွယ် မေစီက ဟိုငနဲဖက် ပါမယ်ထင်သလား၊ ဘယ့်နှယ်လဲ"

ရွှင်သူ။ ။"နေစမ်းပါကွယ်၊ ဒီကနေ့ သဘောကပွဲကို မေစီလာမယ်မဟုတ်လား ကွဲ့၊ ဘာမှမပြောနဲ့။ မာတ်မီးရောင်က လင်းလင်း။ မင့်ယူနီဖောင်းက ပြောင်ပြောင်နဲ့ ဘယ်လောက် ပနာစားသလဲ။ မင်းကသာ လျှာသွက်သွက်နဲ့ နှု လိုက်ရရင် မပါဘဲ ဘယ်မိန်းမမျိုး နေနိုင်မလဲကွဲ့"

ဤနေရာ၌ ရှင်းလင်းရန်လို၏။ စစ်ကြီးမဖြစ်မီအခါက မြေထဲပင်လယ်၌ ခနန်းချထားသော အင်္ဂလိပ်စစ်သင်္ဘောများသည် ပင်လယ်ကမ်းခြေရှိ စည်ကားသော မြို့တစ်မြို့သို့ တစ်နှစ်နှစ်ကြိမ် သွားရောက်၍ တစ့်လခန့်မျှ ပျော်မြူးကြသော ထုံးစံရှိ၏။ ယခုအဖြစ်အပျက်များ ရေးသားနေသည့်အချိန်တွင် အင်္ဂလိပ်စစ်သင်္ဘောများသည် အထက်ပါထုံးစံအတိုင်း ဗီလီဖရင်မြို့တွင် ဆိုက်ကပ်၍ ရေကြောင်းဘက် အရာရှိများ ရွှင်မြူးလျက် ရှိကြ၏။ မြို့သူမြို့သားများသည် ရေကြောင်းဘက်အရာရှိများအား ဧည့်ခံကျွေးမွေးခြင်း၊ ကပွဲများ ကျင်းပခြင်း စသည်ဖြင့် ဖျော်ဖြေကြရာ အရာရှိများသည် တစ်နှစ်ပတ်လုံး ကုပ်၍ အလုပ်လုပ်ခဲ့ရလေသမျှ ထိုတစ်လနှင့် ကျေလည်အောင် ချေတတ်ကြ၏။ မောပန်းသောအခါ သင်္ဘောသို့ ဆင်းအိပ်၍ မျက်စိနှစ်လုံး ပွင့်သည်နှင့်တစ်ပြိုင်နက် ကမ်းသို့တက်၍ ပျော်မြူးကြ၏။

သူငယ်ချင်းနှစ်ယောက်အနက် မှိုင်းသောသူမှာ တော်ပီဒိုအရာရှိ ဂျယ်ရီ ဝင်တန်ဖြစ်၍ ထိုသို့ပျော်မြူးခွင့်ရသောသူများအနက် တစ်ယောက်အပါအဝင် ဖြစ်၏။ ရွှင်သောသူမှာ အင်ဂျင်နီယာအရာရှိ ချာလီလော်ဆင်ဖြစ်ရာ သူငယ်ချင်း



ဝင်တန်၏ မှိုင်ငေးခြင်းအကြောင်းရင်းကို ရိပ်မိသဖြင့် ဖျော်ဖြေအားပေးနေသူဖြစ်၏၊ ဝင်တန်၏ မှိုင်ငေးခြင်း အကြောင်းရင်းမှာကား ဤသို့တည်း။

၎င်းမြို့ ဟိုတယ်တစ်ခု၌ အမေရိကန်ပြည်မှ ခရီးသည် သားအဖသုံးယောက် တည်းခိုလျက်ရှိရာ အမည်မှာ မော်လီဆင်ဖြစ်၏။ မော်လီဆင် လင်မယားသည် ပစ္စည်းကြွယ်ဝ၍ အသိအကျွမ်းလည်း များ၏။ သမီးကလေး မေစီမော်လီဆင်မှာ ဝတ်ပုံစားပုံ ဂိုက်ကျသလောက် ရုပ်ရည်လည်း ချောလှ၏။ မေစီအား ထုံးစံအတိုင်း အရာရှိဟူသမျှ ပိုးပန်းကြရာ တကယ်ဖွဲလမ်း တပ်မက်နေသောသူမှာ ဂျယ်ရီဝင်တန်ဖြစ်၏။ အခြားအရာရှိများသည် ဝင်တန်၏ အဖွဲ့အလမ်းအကြီးပုံကို ရိပ်မိကြသောအခါ ရှောင်ဖယ်ပေးကြ၏။ ဝင်တန်မှာ လူလတ်အရွယ်ပိုင် ရောက်ပြီဖြစ်၍ အစိမ်းကလေးသက်သက်မဟုတ်သော်လည်း ယခင်အတွေ့အကြုံများမှာ သာမန်ကာလျှံကာ ချစ်ကြိုက်ခြင်းမျိုးဖြစ်၍ ပြီးပြီးပျောက်ပျောက် သဘောထားနိုင်ခဲ့၏။ မေစီနှင့်တွေ့သောအခါတွင်မူကား ဝင်တန်မှာ ဣန္ဒြေ ဆည်နိုင်လောက်အောင် ဥပါဒါန်အားကြီးလှ၍ ၎င်း၏အကြောင်းကို အရာရှိ ချင်းချင်း မျက်ကွယ်၌ လှောင်ပြောင်ပြက်ရယ် ပြုကြ၏။ ဝင်တန်၏ရှေ့၌ လှောင်ပြောင်ခဲ့လျှင် ယမ်းအိုးထဲသို့ မီးချသကဲ့သို့ ဖြစ်မည်ကို ရိပ်မိကြသဖြင့် မျက်နှာတိုးသော နေထိုင်ကြ၏။

အခြားသောအင်္ဂလိပ်အရာရှိများသည် အချင်းချင်းဖြစ်သည့်အလျောက် အရေးကြီးသူကို အရေးမကြီးသူများက အသာပေးရသော ထုံးစံအတိုင်း ရှောင်ဖယ်ပေးကြသော်လည်း ထိုကဲ့သို့ ရှောင်မပေးနိုင်သော လူမျိုးခြားတစ်ယောက် ရှိသေး၏။ ထိုသူမှာ ဂျာမန်ရေကြောင်းဘက် အရာရှိတစ်ဦးဖြစ်သည့် ဗွန်ဒရက်ဆလာဆိုသူဖြစ်၏။ ဗွန်ဒရက်ဆလာသည် မှူးမတ်မျိုးနွယ်ဖြစ်၍ မနုဉ္စာလည်း ပိုင်လုံး၏။ ထိုသူသည် ဝင်တန်တို့သင်္ဘော မဆိုက်ရောက်မီကပင် ဟိုတယ်၌ တည်းခိုလျက်ရှိသောကြောင့် မေစီကိုချစ်ကြိုက်စုံမက်ရာ၌ ဝင်တန်ထက်ပင် အလျှင် ရှိသေးသည်။ ရုပ်လည်းချော၊ အမျိုးလည်းကြီး၊ ဥစ္စာလည်းပေါ၊ အချိန်အားဖြင့် လည်း ဦးထားနှင့်သေးသော ဒရက်ဆလာနှင့် နှိုင်းယှဉ်လိုက်သော် ဝင်တန်မှာ မျှော်လင့်ချက်မရှိသလောက် ဖြစ်နေ၏။ ထို့ကြောင့်လည်း ဝင်တန်မှာ တမှိုင်မှိုင် တွေတွေ ရှိနေရခြင်း ဖြစ်လေသည်။ ထိုနေ့၌ ဂျာမန်အရာရှိ ဒရက်ဆလာသည် မော်လီဆင်တို့၏ ဖိတ်ကြားချက်အရ ၎င်းတို့နှင့်အတူ လက်ဖက်ရည်သောက်လျက်ရှိစဉ် ဝင်တန်မှာမူ သူငယ်ချင်းလော်ဆင်နှင့် တိုင်ပင်နေကြခြင်းဖြစ်လေသည်။ ဝင်တန်နှင့် လော်ဆင်တို့သည် 'ဘားဆလွန်း' သို့ သွားကြ၍ ကော့တေးလ်ခေါ် အရက်သွန့်ပေါင်းစပ်ကို 'ဝမ်းပက်'စီ သောက်လျက်ရှိကြစဉ် အရှင်သော လော်ဆင်

www.burmeseclassic.com

www.burmeseclassic.com



က "ကြိတ်လိုက်စမ်းပါ ငါ့လူရယ်၊ မျက်နှာထားကလေး ဘာကလေး ရွှင်ရွှင်ပျပျနဲ့ ဆိုရင် ကိုယ့်လူက ဒီလောက်အရုပ်မဆိုးလှပါဘူး။ ကိုင်း ကိုင်း မြင်ရသူ ဘဝင်ခွဲလောက်အောင်"

တန်။ ။"မလုပ်ပါနဲ့ကွယ်၊ လူတွေကြားသွားရင် တဏှာရူးတွေ မှတ်နေပါ့မယ်။ ဟော့လူ ဘာချောင်းကြည့်နေတာလဲကွဲ့"

လော်ဆင်သည် မှန်ပြတင်းပေါက်မှ လက်ဖက်ရည်ခန်းမကြီးအတွင်းသို့ ချောင်းကြည့်နေရာမှ 'ကြည့်လာစမ်းဟော့၊ ကြည့်လာစမ်း' ဟု ဝင်တန်အား လက်ယပ်ခေါ်လေ၏။ လက်ဖက်ရည်ခန်းကြီးအတွင်း တစ်ခုသောစားပွဲတွင် မော်လီဆင်တို့သားအဖသုံးယောက်နှင့် ဂျာမန်အရာရှိ ဒရက်ဆလာတို့ လက်ဖက်ရည်သောက်နေသည်ကို တွေ့မြင်ရလေ၏။

တန်။ ။(အံကြိတ်လျက်)"ကြည့်စမ်း၊ ကြည့်စမ်း၊ ခွေးမသားက မေစီ့ဘက်များ သူ့ကိုယ်ကြီးကိုင်းလိုက်လို့ သူပိုင်ပြီးသား ထင်အောင်လို့ပေါ့လေ၊ တယ်ဟုတ်တဲ့ အကောင်ပဲကွယ်"

ဆင်။ ။"တော်တော့ကွယ်၊ ဒီလောက်ကြည့်ရ တော်ရောပေါ့၊ တစ်ခွက်စီသောက်ပြီး အပြင်ထွက်စို့ကွယ်၊ ငါပြောသလိုဟော့နော်၊ ဘာမှ ဂရုမစိုက်တဲ့ဟန်၊ အရေးမကြီးတဲ့ဟန် ပါပေစေနော်။ တော်တော်ကြာ သူတို့ ထွက်လာကြလိမ့်မယ်"

တန်။ ။"မျက်နှာချင်းဆိုင်ရမှာကို ငါဖြင့် ရင်ထဲ တဒိတ်ဒိတ်နဲ့ကွယ်"

ဆင်။ ။"တစ်ခွက်ဆင့်လိုက်ရင် ပျောက်ကရောပေါ့ကွယ်"

၎င်းနောက် သူငယ်ချင်းနှစ်ယောက်တို့သည် အပြင်သို့ ထွက်လာကြလေ၏။

၁၀ မိနစ်ခန့်ကြာသောအခါ လျှော်ခေတ်စီမံရာ၌ ဗိုလ်ဗွဲခဲ့သော လောဆင်၏ လှုံ့လပယောဂအစွမ်းကြောင့် တိုက်ရှေ့ရှိ ဥယျာဉ်ကလေးအတွင်း လူသုံးစုံတို့သည် တစ်စုံနှင့်တစ်စုံ မလှမ်းမကမ်း စကားပြောလျက် ရှိကြ၏။ ပထမအစုံမှာ ဝင်တန်နှင့် မေစီတို့ ဖြစ်၏။ ဝင်တန်သည် ရှုံ့ရှက်တတ်ခြင်း လုံးလုံးပျောက်ဟန်ရှိ၍ မေစီ၏ မျက်နှာကို စေ့စေ့ကြည့်ကာ အလွမ်းသယ်လျက်ရှိ၏။ ဒုတိယအစုံမှာ လော်ဆင်နှင့် အမေလုပ်သူ မစ္စက်မော်လီဆင်တို့ ဖြစ်၏။ လော်ဆင်သည် လူမှုရေး ဘာမျှနားမလည်သော မစ္စက်မော်လီဆင်၏ စကားများကို ဘုရားဟောများသဖွယ် စိတ်ပါဝင်စားလေဟန်နှင့် မှတ်သားလျက်ရှိ၏။ တတိယအစုံမှာ ဂျာမန်အရာရှိ ဒရက်ဆလာနှင့် မစ္စတာမော်လီဆင်တို့ဖြစ်၏။ ဒရက်ဆလာသည် ငါးသေတ္တာလုပ်နည်း၊ ရောင်းနည်းများအကြောင်း အားရပါးရ ပြောလျက်ရှိသော မော်လီဆင်၏ စကားကိုကြားဟန်မရှိဘဲ မေစီနှင့် ဝင်တန်တို့ ရှိရာသို့သာ တစေး



နှင့် ကြည့်နေ၏။ ဤသို့ လူစုကွဲအောင် စီမံပေးသော လော်ဆင်အားလည်း ဒရက်ဆလာက သတ်ပစ်ချင်ဟန်နှင့် မျက်စောင်းတထိုးထိုး ကြည့်သေး၏။

* * *

ထိုညဉ့်သည်ကား ဝင်တန်၏ သင်္ဘောပေါ်တွင် ကပွဲကြီး ကျင်းပမည်ဖြစ် သင်္ဘောတစ်စင်းလုံး ဓာတ်မီးတိုင်ဖြင့် ထိန်ထိန်ဝင်းလျက်နှင့် အမြောက်ကြီး တော်ပီဒိုများ စသည်တို့မှာ ပျော်ရွှင်ပွဲနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မြင်ရစေအောင် တောက်ပဆန်းကြယ်သော အလံကြီးများနှင့် ဖုံးလွှမ်းထား၏။ ခု လူကြီးလူကောင်းများအား မိုတာဘုတ်ကလေးနှင့် ခေါက်တုံ့ခေါက်ပြန် ယ်ယူလျက်ရှိရာ မိုတာဘုတ်မောင်းသူမှာ အနားရတော့သည်မရှိချေ။ ဧည့်သည် အနက် မော်လီဆင်သားအဖသုံးယောက်လည်း ပါဝင်လေရာ ၎င်းတို့နှင့် ဘယ် ခု မခွဲသော ဒရက်ဆလာလည်း ပါလာလေ၏။

ဝင်တန်မှာ လော်ဆင်၏အကြံပေးချက်အတိုင်း ယူနီဖောင်းအပြည့်အစုံ ဆင်ကာ ကြိုဆို၍ ကပွဲတစ်ချီပြီးသည်နှင့် တစ်ပြိုင်နက် အခွင့်ကောင်းကို ချယ်လျက် နေ့လယ်ကတည်းက ကြည့်ထားသော ချောင်ကလေးတစ်ချောင် မေစီအားခေါ်သွားလေ၏။ ဝင်တန်၏ ပိုးပန်းခြင်းအခြင်းအရာကို တစ်သင်္ဘော သိကြပြီးဖြစ်ရကား ချောင်း၍ကြည့်ကြသူ၊ နားထောင်ကြသူများလည်း မရှား ချေ။ ထိုသူတို့၏ ပြောစကားအရမှာ ဝင်တန်သည် နာရီဝက်ခန့်မျှကြာအောင် စီနှင့် တစ်ယောက်ချင်း နှုးနှပ်ခွင့်ရခဲ့သော်လည်း နောက်ဆုံး၌ ဟန်ကျဟန် တွေ့ဟာ မရှိချေ။ မှုန်သုန်သည်ထက် မှုန်သုန်နေသော ဝင်တန်၏ မျက်နှာထား မြင်ရသော လော်ဆင်သည် မတွေ့သောအဖြစ်ကို တစ်ခါတည်း အကဲခတ်မိ သ၏။

၁၂ နာရီခန့်ရှိသောအခါ ယောက်ျားဟူသမျှသည် ရက်ရောစွာဧည့်ခံသော သင်္ဘောအရာရှိများ၏ ကောင်းမှုကြောင့် အူရွှင်လျက်ရှိကြ၏။ အချို့ယောက်ျား မှာ ဤသို့သော အခြေမျိုး၌ ဘာမဟုတ်သည်ကို ဟက်ဟက်ပက်ပက် ရယ် တတ်ကြ၏။ အချို့ကား ရန်လိုတတ်ကြ၏။ ဒရက်ဆလာမှာ တတိယအမျိုး တွင် ပါဝင်သူတစ်ယောက်ဖြစ်၍ ထစ်ခနဲဆို ရန်ဖြစ်လိုဟန် ရှိနေ၏။

ဧည့်သည်များနှင့် 'အိမ်ရှင်' သင်္ဘောအရာရှိများသည် ခန်းမကြီးအတွင်း နေကြစဉ် လော်ဆင်သည် ခပ်မှိုင်မှိုင်ရှိနေသေသာ ဝင်တန်၏ ပခုံးကို ပုတ် "ဟော့လူ သတိထားမှပေါ့ကွဲ့၊ လူတွေရိပ်မိကုန်ပါ့မယ်" ဟု တိုးတိုးသတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးရသေး၏။ ဒရက်ဆလာသည် မေစီနှင့်ဝင်တန်တို့ လူပျိုစကားပြောခြင်း 'မစွံခြင်း'တို့ကို ရိပ်မိဟန်နှင့် ဝင်တန်အား 'မာန်စောင်'နေကြခြင်းကို ဖျဉ်ဖြေလိုသော သဘောနှင့် ထိုသူနှစ်ယောက် ရောနှောပေးဖို့ ကြိုးစား၏။ သုံးယောက်မျက်နှာချင်းဆိုင်ကြစဉ် လော်ဆင်က ဖဲကစားဖို့ ဆွယ်သေး၏။ ဒရက်ဆလာသည် လှောင်ပြောင်လိုသော မျက်နှာထားနှင့် ဝင်တန်အား ကြည့်လျက်

လာ။ ။"မစ္စတာဝင်တန်တော့ ဖဲကစားရင် နိုင်ချင်နိုင်မယ်ဗျ"

တန်။ ။"ဘာကြောင့်လဲဗျာ"

လာ။ ။"လူဆိုတာ တစ်နေရာမှာ ကံမကောင်းရင် ဒီပြင်တစ်နေရာမှာ ကံကောင်းတယ်လို့ ပြောကြပါတယ်"

ဆိုလိုရင်းမှာ မေစီ့ကိစ္စ၌ ဟန်မကျခြင်းကို စောင်းချိတ်လိုက်ခြင်း ဖြစ်၏။

တန်။ ။(ဖျတ်ခနဲ မော့ကြည့်၍) "ဒီလိုအပြောမျိုးဟာ ခင်ဗျားတို့ ရေကြောင်းတပ်မှာတော့ ပွဲကျမလား မဆိုနိုင်ဘူး။ ကျုပ်တို့ဆီမှာတော့ ဒါမျိုးကို အလေးကလားကျတယ်လို့ သဘောထားကြတယ်။ ဒီတော့ ကျုပ်တို့ဆီလာတဲ့ အခိုက်မှာ ဒီအပြောမျိုးတွေ ခင်ဗျား ဆင်ခြင်ရင် ကောင်းမယ်ထင်တယ်"

ထိုခဏ၌ ဧည့်ခန်းမကြီးအတွင်း၌ ရှိသောပရိသတ်အားလုံးသည် မိမိတို့ ပြောရာစကားများကို ရပ်ဆိုင်း၍ တစ်ခန်းလုံး တိတ်ဆိတ်လျက် ထိုသူနှစ်ယောက်ကို အားလုံးငေး၍ ကြည့်နေကြလေ၏။

လာ။ ။(တစ်မျက်နှာလုံး နီမြန်းသွားလျက်)"ဒူးနေရာဒူး၊ တော်နေရာတော်တဲ့၊ မစ္စတာဝင်တန်၊ ကျုပ်ဦးလေးက ဂျာမန်မင်းသားတစ်ပါး ဖြစ်တယ်ဆိုတာ မစ္စတာ ဝင်တန် မသိဘူးမှတ်တယ်"

တန်။ ။"ဦးလေးဖြစ်သူက မင်းသားဖြစ်ပေမဲ့ တူလုပ်တဲ့လူက ဂုဏ်သရေရှိသူ အချင်းချင်း စောင့်စည်းအပ်တဲ့ စည်းကမ်းနည်းလမ်းကို နားမလည်တော့ ခက်သားပဲ"

လာ။ ။(ဒေါသတကြီးနှင့် 'အိမ်ရှင်' အရာရှိအားလုံးကို သိမ်းကျုံးကာ ကြည့်လျက်)"ဂုဏ်သရေရှိသူဆိုတာ ဈေးဆိုင်ထွက်တဲ့ ဈေးသည်တွေကို ဆိုလိုတာမှတ်တယ်"(အင်္ဂလိပ်လူမျိုးများအား ဈေးသည်လူမျိုးဟူ၍ ဥရောပတစ်တိုက်လုံး ပြောင်လှောင်ပြောရိုးရှိ၏။)

ထိုစကားသည် အရာရှိအားလုံးကို ထိခိုက်သော စကားဖြစ်လေရကား အချို့အရာရှိများသည် မူးယစ်စလည်း ရှိသဖြင့် 'ဒမ်'ဟူသော စကားနှင့်ထွက်လာကြမည်ပြုလေ၏။ သို့ရာတွင် ဝင်တန်က လက်ညှိုးထောင်လျက် သတိပေး၏။



[illegible]န်။ ။"သတိထားပါ မိတ်ဆွေတို့၊ ဒီလူက ကျုပ်တို့ ဧည့်သည်ဗျနော်" ဟု ပြောပြီးနောက် ဒရက်ဆလာဘက်သို့ လှည့်၍ "ခင်ဗျားက ကျုပ်တို့ [illegible]ည့်သည်ဖြစ်တဲ့အတွက် ဘေးကင်းရန်ကင်း စော်ကားနိုင်ပေသဗျာ"

[illegible]။ ။(နီမြန်းရာမှ ပြာ၍လာသောမျက်နှာနှင့်)"ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးတွေသာ ဘေးကင်းရန်ကင်းရှိဖို့ ဂရုစိုက်တယ်။ ကျုပ်တို့လူမျိုး ဒီလိုမဟုတ် [illegible] ထို ခင်ဗျားလို လူမျိုးတွေနဲ့ အဖက်လုပ်ပြီး စကားပြောနေလို့ လေကုန်တယ်။ [illegible]နေ့တော့ စစ်ဖြစ်ပါစေဦးဗျာ၊ စစ်ဖြစ်ပြီဆိုတော့မှ ဒီလူစုတွေကို ဘယ်လိုလုပ်[illegible]ယ်ဆိုတာ သိကြရောပေါ့"

"ဘာသိကြရမှာလဲ၊ ဗွန်ဒရက်ဆလာ" ဟု ကြည်လင်ပြတ်သားသော [illegible]ံဖြင့် ပြောလိုက်သည်ကို ကြားကြရသဖြင့် အရာရှိအားလုံးသည် အသံကြား[illegible]သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်ကြသောအခါ ရေကြောင်းစစ်ဗိုလ်ချုပ်ကြီး ဝင်လာ[illegible]ည်ကို တွေ့မြင်ကြရလေ၏။

တစ်ခဏ၌ ဒရက်ဆလာ၏ နီမြန်းပြာလဲ့သော မျက်နှာသည် ဖြူဖပ်ဖြူ[illegible] ဖြစ်သွား၏။ သို့ရာတွင် မာနကြီးသူတစ်ယောက်ဖြစ်သည့်အလျောက် ချက်[illegible]င် ဣန္ဒြေဆည်လျက်–

[illegible]။ ။"ဘယ်သူက ရှုံးလို့၊ ဘယ်သူက နိုင်မယ်၊ ဘယ်သူက ဒူးထောက်တောင်းပန်ရမယ်ဆိုတာ တစ်ကမ္ဘာလုံးက သိကြရမှာပေါ့။ ကြည့်နေပါ၊ [illegible]ည့်သာနေကြပါ"

[illegible]ကြီး။ ။(ခပ်အေးအေးအသံမျိုးနှင့်) "ဗွန်ဒရက်ဆလာပြောတဲ့ ပြဿနာဟာ တကယ်အရေးကြီးတဲ့ ပြဿနာကြီးပေပ။ သို့သော် ဒီအကြောင်းတွေကို [illegible]သဖြင့် ဒီလိုနေရာ၊ ဒီလိုအခါမျိုးမှာ ဆွေးနွေးကြလို့ မလျော်ဘူးထင်တယ်။ [illegible]သည်ဝတ္တရား၊ အိမ်ရှင်ဝတ္တရားရယ်လို့ အသီးသီးရှိကြတဲ့နေရာမှာ ဒီစကားမျိုး[illegible] တဆိတ်စည်းကမ်းလွန်ကြတယ်မှတ်တယ်။ ကိုင်း ဒီတော့ ဧည့်သည်အဖြစ်[illegible]မြန်စခန်းသိမ်းကြရင် ကောင်းလိမ့်မယ်။ လက်ဖတင်နင် ဝင်တန်၊ ဗွန်ဒရက်[illegible]အတွက် မော်တော်ဘုတ် ခေါ်ပေးလိုက်ပါ"

မော်တော်ဘုတ် ဆိုက်ကပ်လာ၍ ဒရက်ဆလာသည် မော်တော်ဘုတ်ပေါ[illegible] ဆင်းတော့မည်အပြုတွင် အနီး၌ လက်ပိုက်ကာရပ်နေသော ဝင်တန်အား [illegible]တော့မလိုမျက်နှာထားမျိုးနှင့် လှမ်း၍ကြည့်သေး၏။ ထိုခဏ၌ မစ္စတာ [illegible] [illegible]ဆင် ရောက်လာ၍–

"ဘယ့်နှယ်လဲ ဒရက်ဆလာ ပြန်တော့မလို့လား"

[illegible]။ ။"ဟုတ်တယ်၊ ဒီလူစုနဲ့ ကျွန်တော်နဲ့ မတည့်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လီ။ ။ "ဒါဖြင့် ကျုပ်တို့လည်း လိုက်ပါရစေခင်ဗျာ။ ကျုပ်မိန်းမက ခေါင်းမူးလို့တဲ့။ လာကြဟေ့ သမီးမေစီ"

သို့ဖြစ်၍ မော်လီဆင် သားအဖသုံးယောက်တို့သည် ဒရက်ဆလာနှင့်အတူ မော်တော်ဘုတ်ပေါ်သို့ တက်ကြလေ၏။ ဒရက်ဆလာသည် မေစီနှင့်အတူ သွားရမည်ဖြစ်သောကြောင့် ဝင်တန်အား "ဟေ့အကောင်၊ ဘယ့်နှယ်ရှိစ" ဟူသော မျက်နှာမျိုးနှင့် လှမ်းကြည့်ရာ ဝင်တန်မှာ နှုတ်ခမ်းကိုသာ ကိုက်နေရလေ၏။

မော်တော်ဘုတ်ပေါ်သို့ မေစီဆင်းခါနီးတွင် ဝင်တန်သည် အနီးသို့ ချဉ်းကပ်၍ "မျှော်လင့်စရာ လုံးလုံးမရှိတော့ဘူးလား မေစီ" ဟု တီးတိုးမေးရာ–

"ရှိမထင်ပေါင် ဂျယ်ရီ၊ သို့သော် ရောက်တဲ့အခါ ဝင်သေးတာပေါ့"

မော်တော်ဘုတ် ထွက်ခွာသွားသောအခါ ဒရက်ဆလာသည် မေစီအနီးတွင်ထိုင်ကာ ဝါကြွားလိုသောဟန်နှင့် ဝင်တန်အား 'ဂွတ်နိုက် မစ္စတာဝင်တန်' ဟု ပြောင်လှောင်ကာ နှုတ်ဆက်လိုက်ရာ ဝင်တန်က ပြန်ပြောသော စကားမှာ နှုတ်တရက်ကောက်၍ တီးသော ဘင်သံကြောင့် မကြားနိုင်သဖြင့် ရိုင်းရာမကျတော့ပေ။

* * *

အထက်ပါအခြင်းအရာများဖြစ်ပျက်ပြီးနောက် ၂ နှစ်ခန့်ကြာသောအခါ ဒရက်ဆလာ၏ ဆုတောင်းပြည့်ခဲ့လေပြီ။ အင်္ဂလန်ပြည်သည် ဂျာမနီပြည်နှင့် စစ်ဖြစ်ရန် ကြေညာပြီးလေပြီ။ အင်္ဂလိပ် စစ်သင်္ဘောတပ်သည် 'နော့ဆီး' ပင်လယ်၌ တင်းစောင့်လျက် ရှိ၏။ ဂျာမန်စစ်သင်္ဘောများမှုကား ထွက်ပေါ်လာခြင်း မရှိချေ။ ဂျာမန်တို့သည် ရေငုပ်သင်္ဘောများကိုသာ စေလွှတ်ကြ၏။ စစ်သင်္ဘောချင်းမူကား ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုချေ။

တစ်နေ့သ၌ တော်ပီဒိုဖျက်သင်္ဘောတစ်စင်းသည် အိုင်ယာလန်ကမ်းခြေကို မှေးမှိန်စွာမြင်နိုင်သော ပင်လယ်ခရီးတွင် စက်ကုန်နှင်လျက် ခုတ်နေ၏။ သင်္ဘောတံတားပေါ်၌ မျှော်ကြည့်နေသော အရာရှိသည် မိမိသင်္ဘော၏ အဟုန်ကို ကျေနပ်သောဟန်မရှိသဖြင့် မြန်သည်ထက်မြန်အောင် နှိုးဆော်လျက်ရှိ၏။ ထိုသူမှာ ဂျယ်ရီဝင်တန်ပင်ဖြစ်၏။ ဝင်တန်သည် အထူးတိုးတက်၍ တိုပီဒိုဖျက်သင်္ဘောကို ကြီးကျယ်အုပ်ချုပ်ရလေပြီ။ ဝင်တန်သည် မိမိ၏လက်တွင် မှန်ပြောင်းတစ်ခုကိုကိုင်လျက် ပင်လယ်တစ်ပြင်လုံး လှည့်ပတ်ကာ ရေငုပ်သင်္ဘောများ ရှာဖွေလျက်ရှိ၏။



ဝင်တန်သည် အားလပ်ခြင်းမရှိအောင် အလုပ်ဝတ္တရားများ ဆောင်ရွက်နေသော်လည်း မေစီကို မမေ့နိုင်ချေ။ ယခင်က မေစီနှင့် တွေ့ဆုံသော ဆိပ်ကမ်းမြို့မှ ထွက်ခွာမည်အပြုတွင် ဝင်တန်သည် မေစီအကြောင်းကို စုံစမ်းကြည့်ရာ ဒရက်ဆလာနှင့် လက်ထပ်တော့မည်လို သတင်းမျိုးကြားရသဖြင့် အချစ်ကို မျိုသိပ်အောင် ချုပ်တည်းကာ ထွက်ခွာခဲ့ရ၏။ မေစီကို သတိရတိုင်း ဒရက်ဆလာကိုလည်း သတိရသဖြင့် ၎င်းပြောဖူးသည့်အတိုင်း ရင်ဆိုင်ဆုံမိပါစေ ဟူ၍လည်း ဆုတောင်းမိ၏။

ဝင်တန်သည် ရှေးဟောင်းနှောင်းဖြစ်များ စိတ်ကူးလျက်ရှိစဉ် အစောင့်သင်္ဘောသားက "လက်ဝဲဘက်မှ လှေတစ်စင်း" ဟု ပြောသောကြောင့် မြင်ရာအရပ်သို့ စက်ကုန်နှင်စေ၏။ အတန်ငယ် ချဉ်းကပ်လာသောအခါ လှေတွင်း၌ လူအချို့ ကျက်အများ ပါရှိသည်ကို တွေ့မြင်ကြရ၏။

စက်ကုန်ခုတ်နှင်၍ အနီးသို့ရောက်ကြသောအခါ လှေဆီမှ ညည်းတွားသံများ ကြားကြရ၏။ လှေထဲ၌ မိန်းမများနှင့်ကလေးများ ပါရှိရာ အချို့မှာ လှေဝမ်းတွင် ဒဏ်ရာများနှင့် လဲလျက်ရှိ၏။ လှေ၏ပဲ့ပိုင်း၌ကား မိန်းမတစ်ယောက်သည် မှိုင်တွေချကာ ထိုင်လျက်ရှိရာ ဝင်တန်သည် ၎င်းမိန်းမကို မြင်သည်နှင့် တစ်ပြိုင်နက် အံ့အားသင့်သွား၏။ ပထမ၌ မဟုတ်တန်ရာဟုထင်မိ၏။ ထို့နောက် မျက်နှာချင်းဆုံမိကြရာတွင်မှ မေစီစင်စစ် ဖြစ်နေကြောင်းတွေ့ရ၏။

သင်္ဘောသားများသည် အခြားလူနာများကို ကယ်ဆယ်လျက်ရှိစဉ် ဝင်တန်သည် မေစီ့ထံသို့ ခုန်ချဆင်းပြေး၏။ အကျိုးအကြောင်း စုံစမ်းသောအခါ ဂျာမန်ရေငုပ်သင်္ဘောတစ်စင်းက ၎င်းတို့၏ သင်္ဘောကို နှစ်မြှုပ်လိုက်ကြောင်း၊ ခရီးသည်များကို လှေပေါ်သို့တင်၍ လွှတ်လိုက်ကြပြီးနောက် အဝေးမှ ဗုံးဖြင့် ပစ်သွားသောကြောင့် မေစီ၏မိခင်ရော ဖခင်ပါ ရေနစ်သေဆုံးကြကြောင်း ရေငုပ်သင်္ဘော၏ နံပါတ်မှာ U 99 ဖြစ်ကြောင်းနှင့် သိရှိရလေသည်။

"လက်ဝဲဘက်မှာ ရေငုပ်သင်္ဘောတစ်စင်း" ဟု အစောင့်သင်္ဘောသားက အော်ကြွေးကြော်လိုက်ရာ တစ်သင်္ဘောလုံး ဆူညံသွားတော့၏။ အကြောင်းမှာ ဝင်တန်၏ သင်္ဘောမှ အမြောက်အများသည် ရေငုပ်သင်္ဘောကို တစ်ပြိုင်နက် ပစ်ခတ်ကြသောကြောင့် ဖြစ်ပေသည်။ အမြောက်တစ်ချက်သည် ရေငုပ်သင်္ဘော၏ နံဘေးကို ထိမှန်လေရကား ရေငုပ်သင်္ဘောသည် ရေ၌ ငုပ်လျှိုးခြင်းငှာ မတတ်နိုင်တော့ဘဲ ငါးသေကောင်ကဲ့သို့ ပေါလောကြီး ပေါ်နေလေ၏။ နောက် ထို့ထဲ၌ ရေငုပ်သင်္ဘောထဲသို့ ရေများဝင်သဖြင့် နစ်တော့မည်အကြောင်း သိရှိသောကြောင့် ဂျာမန်သင်္ဘောသားများသည် ရေထဲသို့ ခုန်ချ၍ ဝင်တန်၏ သင်္ဘောသို့ ကူးလာကြလေ၏။ ထူးဆန်းသော အခြင်းအရာမှာ ၎င်းရေငုပ်သင်္ဘောသည်

www.burmeseclassic.com



မေစီတို့၏ သင်္ဘောကို နှစ်မြှုပ်လိုက်သော U 99 ပင် ဖြစ်၏။ ဂျာမန်သင်္ဘောသားများသည် ဝင်တန်၏ သင်္ဘောပေါ်သို့ ကူးတက်လာကြသောအခါ မိမိတို့နှစ်မြှုပ်လိုက်သော သင်္ဘောမှ ခရီးသည်များနှင့် မျက်နှာချင်းဆိုင်မိကြလေ၏။

ဝင်တန်မှာမူ အခြားသင်္ဘောသားများကို ကြည့်ရန်အချိန်မရဘဲ ရေငုပ်သင်္ဘော၏ ကွန်မင်ဒါအရာရှိကိုသာလျှင် ငေးကြည့်နေလေ၏။ အကြောင်းကား ထိုသူမှာ အခြားမဟုတ်၊ ဒရက်ဆလာပင် ဖြစ်နေသောကြောင့်ပေတည်း။ ဝင်တန်၏ စိတ်ထဲ၌ လွန်ခဲ့သော ၂ နှစ်ခန့်က ဒရက်ဆလာ ပြောဖူးသော စကားသည် ဘွားခနဲ ပေါ်၍လာ၏။

ဝင်တန်သည် ဦးခေါင်းလျှိုးကာ ရပ်နေသော ဒရက်ဆလာအနီးသို့ ချဉ်းကပ်၍—

တန်။ ။"ဘယ့်နှယ်လဲ ဗွန်ဒရက်ဆလာ၊ ခင်ဗျားဆုတောင်း ပြည့်ပါကောလား။ ဆုတောင်းပြည့်တော့ ဘယ့်နှယ် ရှိစလေ။ ဒါထက် ဟိုဟာတွေ ခင်ဗျားလတ်ချက် မဟုတ်လား" ဟု မေးလျက် လှေထဲမှ တင်ယူထားသော အလောင်းများကို ညွှန်ပြလေ၏။

လာ။ ။"မဟုတ်ပါဘူး"

တန်။ ။"ခွေးမသား၊ ဒီကောင်လိမ်တယ်။ မဟုတ်ရင် ကျုပ်သက်သေပြမယ် လာခဲ့။ U 99 ကို မြင်လိုက်တဲ့သူ ရှိတယ်။ ဘာပြောချင်သေးသလဲ"

လာ။ ။"ခင်ဗျားညာတာ"

တန်။ ။"ညာတယ်၊ မညာဘူးသိရအောင် ကျုပ်ပြမယ်။ ကြည့်စမ်း၊ ဟိုဟာ ဘယ်သူလဲ"

မေစီသည် ဒရက်ဆလာ၏အသံကို ကြားသောကြောင့် ဒယီးဒယိုင်နှင့် ၎င်းတို့ရှိရာသို့ လျှောက်လာလျက်ရှိစဉ် ဝင်တန်က ညွှန်ပြလိုက်ခြင်း ဖြစ်လေသည်။ ဒရက်ဆလာသည် မေစီကို မြင်သောအခါ ကြောင်တောင်ငေး၍ ကြက်သေသေနေ၏။

ထိုခဏ၌ သိဟောင်းကျွမ်းဟောင်း သုံးယောက်တို့သည် မျက်နှာချင်းဆိုင်လျက်ရှိကြ၏။ မေစီသည် လက်တွင်ဝတ်ထားသော လက်စွပ်ကို ရုတ်တရက် ချွတ်ပြီးနောက် "နင်ပေးတဲ့လက်စွပ် သွားရော့" ဟု ပြောပြောဆိုဆိုနှင့် ရေထဲသို့ ပစ်ချလိုက်၏။ ထို့နောက်အနီးတွင်ရှိသော သံတန်ဆာတစ်ခုကိုကောက်ယူ၍ မေစီသည် ဒရက်ဆလာအနီးသို့ ချဉ်းကပ်ပြီးလျှင် "ဟောဒါက ငါ့အမေသတ်တဲ့အတွက် တစ်ချက်၊ ဟောဒါက အဖေ့သတ်တဲ့အတွက် တစ်ချက်" ဟု ပြောလျက် ဒရက်ဆလာ၏မျက်နှာကို နှစ်ချက်တိတိ ရိုက်နှက်လေ၏။ ၎င်းနောက် မေစီသည်



ဒရက်ဆလာ၏ တောင်းပန်စကားများကို နားမထောင်တော့ဘဲ ချက်ချင်းလှည့်၍ ထွက်သွားလေ၏။

ဒရက်ဆလာသည် မျက်နှာက ဒဏ်ရာမှ စီးကျသော သွေးများကို လက်ကိုင်ပဝါနှင့် သုတ်လျက်ရှိစဉ် ဝင်တန်၏ မျက်နှာ၌ သနားကရုဏာစိတ် အလျဉ်းပင် မမြင်ရချေ။

"တယ် ငါလေ၊ တိုင်မှာကြိုးနဲ့ချည်ပြီး မသေမချင်းအရိုက်ခိုင်းပြန်တော့မယ်" ဟု ဝင်တန်က ကြုံးဝါးသောအခါ ဒရက်ဆလာသည် တကယ်ပြုတော့မည် အထင်ဖြင့် စိတ်ကို တင်းထား၏။ ထိုအခြင်းအရာကို မြင်သောအခါ ဝင်တန်က "စိတ်ချပါ ဒရက်ဆလာ၊ ကျုပ်လက်တွင်းမှာ အကျဉ်းသမားဖြစ်နေတဲ့အခါ ကျုပ်စိတ်လုပ်ချင်ဦးတော့ မလုပ်ဝံ့ပါဘူး" ဟု မကျေမချမ်း ပြောမိသေး၏။

မေစီမှာ ဒရက်ဆလာနှင့်လက်ထပ်ရန် ကြောင်းလမ်းပြီးဖြစ်သော်လည်း မစ္စက်ဒရက်ဆလာဖြစ်မည့်အစား မစ္စက်ဝင်တန်ဖြစ်သွားသည်ဟု ထုတ်ဖော်ရေးသားရန် လိုတော့မည် မထင်ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

# မာနကြီး

မောင်ဘမြိုင်သည် ကုန်သည်လမ်းတစ်လျှောက် လျှောက်သွားစဉ် ၎င်းအား တွေ့မြင်ရသော သူတို့သည် ထူးခြားသော အခြင်းအရာတစ်စုံတစ်ရာမျှ တွေ့ရှိသတိပြုမိကြသည် မဟုတ်ချေ။ မောင်ဘမြိုင်၏ ရုပ်အင်္ကျီမှာ ဖြူစင်စွာရှိ၍ မန္တလေးလုံချည်နှင့် သက္ကလတ်အင်္ကျီတို့မှာလည်း သပ်ရပ်စွာ ခေါက်သိမ်းထားရာမှ ဝတ်လာခဲ့ဟန် လက္ခဏာရှိပေ၏။ မောင်ဘမြိုင်၏ လမ်းလျှောက်ပုံမှာ မိမိ၏အချိန်ကို မိမိအစိုးသော လူတစ်ယောက်အနေဖြင့် ခပ်အေးအေး ခပ်မှန်မှန် ရှိချေ၏။

အဝတ်အစားတို့မှာ သာမညဖြစ်သော်လည်း မောင်ဘမြိုင်၏ မျက်နှာမှာမူကား သာမညမဟုတ်ချေ။ တည်ငြိမ်စွာ ကြည့်တတ်၍ ရှုးစိုက်ကြည်လင်သော မျက်လုံးများနှင့် ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ အဆင်ပြေလှသော မျက်နှာပေါက်နှင့် မည်းနက်ဖြောင့်တန်းသော မျက်ခုံးများ ရှိလေရကား မောင်ဘမြိုင်အား စေ့စေ့ကြည့်၍ အကဲခတ်သောသူတို့သည် ဤသူကား တစ်စုံတစ်ခု၌ စိတ်ပြဋ္ဌာန်းပြီးခဲ့လျှင် အထမမြောက်မချင်း မနေမနား စိတ်အားထက်သန်စွာနှင့် ဆုံးခန်းတိုင်အောင်မြောက်၊ ပေါက်ရောက်အောင် ဆောင်ရွက်မည့် လူပေတည်းဟု ဆုံးဖြတ်ကြရမည်ဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်အခါ၌ မောင်ဘမြိုင်၏ ပါးများနှင့်မျက်လုံးများသည် ပြည့်ဖြိုးဖောင်းမောက်သင့်သလောက် မဖောင်းမောက်ဘဲ တစ်စုံတစ်ခုသော အကြောင်းကြောင့် ချိုင့်ခွက်ပိန်ဟောက်လျက်ရှိ၏။ မောင်ဘမြိုင်သည် နှားထဲ၌ တဇီဇီ တဝီဝီ မြည်သံကို ကြားရ၍ ၎င်း၏ဒူးများသည်လည်း ရဲဖန်ရဲခါ



ထွက်ကျွေးတော့မည်ကဲ့သို့ ဖြစ်သွား၏။ ဘုရင်မပန်းခြံထောင့်သို့ ရောက်သောအခါ မောင်ဘမြိုင်သည် ခေတ္တဝင်ရောက် နားနေလိုက်သော်လည်း ဂျူဒါအိစကာယ်လမ်းသို့ မရောက်မချင်း မနားမူ၍ အားခဲလျက်ပင် လျှောက်သွား၏။

ပန်းဆိုးတန်းလမ်းထောင့်သို့ ရောက်သောအခါ မော်တော်ကားများသည် လမ်းပေါ်၌ ပိတ်ကျပ်လျက် ရှိနေသဖြင့် လမ်းစောင့်ပုလိပ်သည် အရှေ့နှင့်အနောက်သွားသော ခရီးသည်များကို တားဆီးထား၍ တောင်နှင့်မြောက်သွားသော ခရီးသည်များကိုသာ သွားခွင့်ပြုသဖြင့် မောင်ဘမြိုင်သည် လမ်းပေါ်၌ တန့်ရပ်လျက်ရှိသော မော်တော်ကားသစ်ကြီးတစ်စင်းအနီးမှ ရပ်လျက်စောင့်နေရာ ကားသစ်ကြီးပေါ်၌ကား ဘိုဆန်ဆန်ဝတ်ဆင်ထားသော မိန်းမတစ်ယောက်သည် ဒရိုင်ဘာနေရာ၌ထိုင်လျက် ၎င်းထက်အသက်နှစ်နှစ်ခန့်ငယ်၍ နှစ်ဆယ်ခန့် အရွယ်မျှရှိသော သူငယ်တစ်ယောက်သည် မိန်းမ၏အနီး၌ ထိုင်လျက်ရှိ၏။ မောင်ဘမြိုင်သည် မောင်နှမနှင့်တူသော ထိုသူနှစ်ယောက်ကို စောင့်ရှင်းကြည့်မိရာ သူငယ်ကိုကား မြင်ဖူးသလိုလို ရှိသည်ဟု ထင်မှတ်မိ၏။ ထိုခဏ၌ အထုပ်ကြီးတစ်ထုပ် ထမ်းလာသော ဂေါ်ရင်ဂျီကုလားကူလီတစ်ယောက်သည် မောင်ဘမြိုင်ကို ဝင်တိုးမိသဖြင့် မောင်ဘမြိုင်မှာ လဲတော့မလိုဖြစ်သွား၍ ကားသစ်ကြီးကို လှမ်း၍ကိုင်လိုက်၏။ ကားပေါ်၌ ထိုင်နေသော သူငယ်သည် အူယားဖားယား ဝမ်းမြောက်ဝမ်းသာရှိသော အမူအရာနှင့် မောင်ဘမြိုင်၏ လက်မောင်းကိုဆွဲလျက် "ဟယ်လို ကိုဘမြိုင်၊ ခင်ဗျား ဘယ်နေ့က ရောက်နေသလဲ။ ဝမ်းသာလိုက်တာဗျာ။ ဒါကတော့ အစ်မ မစိန်ညွန့်လေ" ဟု အားရသော မျက်နှာထားနှင့် နှုတ်ဆက်လေ၏။

မောင်ဘမြိုင်သည် ကျောင်းနေဖက်သူငယ်ချင်းမောင်တင့်ဆွေ၏ အစ်မကို အခါကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသည်နှင့် ဘိုဆန်သော ကောလိပ်ကျောင်းသူတို့၏ ထုံးစံအတိုင်း ဦးခေါင်းညွှတ်ကာ အသိအမှတ်ပြုလေရာ မစိန်ညွန့်လည်း ကျွန်တော့်ကျောင်းထွက်ဖြစ်သဖြင့် ဦးခေါင်းညွှတ်ကာပင် ပြန်လည်၍ အသိအမှတ်ပြုကာ မောင်ဘမြိုင်အားကြည့်လျက် အကဲခတ်လေ၏။

မစိန်။ ။(ခပ်ပြုံးပြုံးမျက်နှာနှင့်)"ကျွန်မ မောင်က သူ့သူငယ်ချင်းကိုဘမြိုင်၊ ကိုဘမြိုင်နှင့် ခဏခဏပြောလွန်းလို့ ကျွန်မတို့မှာ လူကိုမမြင်ဖူးဘဲနှင့် မြင်ဖူးတွေ့ဖူးသလောက် သိနေပါပြီရှင်"

ရှေးခေတ်အခါကမူ မောင်နှင့်နှမတို့မည်သည်မှာ ကားပေါ်၌ဖြစ်စေ၊ ရထားပေါ်၌ဖြစ်စေ တွဲလျက်ထိုင်ကြသည် မရှိသော်လည်း ကောလိပ်ကျောင်းထွက် ကွန်ဗင့်ကျောင်းထွက် များလှသော ယခုခေတ်ကြီး၌မူ ထိုသို့သော အပြုအမူကို ကဲ့ရဲ့ဖွယ်ရာတစ်ခုဟူ၍ မမှတ်ထင်ကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွေ။ ။"လာဗျာ၊ ကိုဘမြိုင်၊ တက်ဗျာ။ ဘုံဘေရဲစ်တော့ရင်း သွားပြီး စားရအောင် မောင်းတော့လေ မမ၊ လမ်းပိတ်ဆို့မှုနဲ့ ဖမ်းသွားလိမ့်ဦးမယ်"

မြိုင်။ ။"မလိုက်ပါရစေနဲ့ မောင်တင့်ဆွေ။ ကျုပ်မှာ ကိစ္စကလေးတစ်ခု အရေးကြီးနေသေးလို့ပါ"

ဆွေ။ ။"ခင်ဗျားကိစ္စက ဘယ်သွားရမယ့် ကိစ္စလဲ"

မြိုင်။ ။"ဂျူဒါအီစကယ်လမ်းမှာ"

ဆွေ။ ။"ခုချက်ချင်း သွားမှာပဲလား"

မြိုင်။ ။"ချက်ချင်းသွားမှ အချိန်မီမယ်"

ဆွေ။ ။"ဟိုမှာ ဘယ်လောက်ကြာမလဲ"

မြိုင်။ ။"ကြာတော့ မကြာပါဘူး"

ဆွေ။ ။"ကိုင်း ဒါဖြင့် ခင်ဗျားကိစ္စရှိရာ ကျုပ်တို့လိုက်ပို့မယ်။ ပြီးပြီးချင်း ထွက်လာခဲ့။ ကျုပ်တို့ အပြင်က စောင့်နေမယ်။ ဂျူဒါအီစကယ်လမ်းကို မောင်းပေတော့ မမ"

မောင်ဘမြိုင်သည်ကား နောက်ပိုင်းမှထိုင်လျက် လန်ချား၊ မော်တော်ကားမြင်းရထားစသည်များကို ကျင်လည်စွာ တိမ်းရှောင်မောင်းနှင်လျက်ရှိသော မစိန်ညွန့်အားလှမ်းကြည့်ရင်း ကူရှင်ပေါ်သို့ ခပ်မှိုမှိုထိုင်၍လိုက်စဉ် ၎င်း၏စိတ်ထဲ၌ ငါသည် မော်တော်ကားအသစ်ကြီးတစ်စီးပေါ်၌ ထိုင်လျက်လိုက်ပါနေသည်ဟူ၍ အိပ်မက်မြင်မက်ခြင်း ဖြစ်လေသလောဟူ၍ပင် တွေးတောမိ၏။ ၎င်းနောက် မိမိ၏ အခြေအနေကို သတိရမိပြန်သဖြင့် မောင်ဘမြိုင်သည် တစ်ယောက်တည်းပြုံးရယ်မိသေး၏။ မောင်တင့်ဆွေက "နံပါတ်ဘယ်လောက်လဲကိုဘမြိုင်" ဟုမေးလိုက်သောအခါမှ မောင်ဘမြိုင်သည် ကယောင်ကတမ်းနှင့်ထထိုင်၍ အင်္ကျီအိတ်ထဲမှ စာရွက်ငယ်တစ်ခုကို ထုတ်ယူကြည့်ရှုပြီးလျှင် "နံပါတ် ၄၅၀ မှာ ရပ်ပေတော့၊ ဟောဟို တိုက်ပဲ" ဟု ပြောရာတွင် မော်တော်ကားလည်း တိုက်ရှေ့၌ ဆိုက်ရပ်လေ၏။

ဆွေ။ ။"မြန်မြန်လုပ်ဗျာ ကိုဘမြိုင်။ ကျုပ်တော့ ဆာလှပြီ"

မောင်ဘမြိုင်သည် ကားပေါ်မှဆင်း၍ တိုက်ကြီးထဲသို့ ဝင်သွားလေ၏။ မောင်နှမနှစ်ယောက်တည်း ကားပေါ်၌ ကျန်ရစ်ခဲ့သောအခါ

ဆွေ။ ။(စီးကရက်တစ်လိပ်ကို မီးညှိရင်း)"မထင်ဘဲနှင့်လာပြီး တွေ့ရတယ် မေရယ်၊ ကျောင်းက ထွက်သွားကတည်းက ဒီလူနှင့် တစ်ခါမှ မတွေ့ရဘူး"

ညွန့်။ ။"မင်းပြောတော့ တောင်ငူသားဆို၊ ရန်ကုန်မှာ သူဘာလုပ်နေသလဲ"

ဆွေ။ ။"ဘယ်သိဦးမှာလဲ မမရယ်။ ကျောင်းတုန်းက အင်မတန်တော်တဲ့လူတစ်ယောက်ပဲ။ ခုလောက်ရှိရင် သူဌေးဖြစ်မည်ဆို ဖြစ်လောက်ကရောပေါ့"



ညွန့်။ ။"သူဌေးဖြစ်မယ့်လူကလည်း အဝတ်အစားများတယ်ပြီး မပြောင်မရောင်ပါကလား"

ဆွေ။ ။"အဝတ်အစား မပြောင်ရောင်လို့ သူ့ခေါ်ခဲ့တာ မမက ရှက်သလား၊ မန္တလေးလုံချည်တစ်ပတ်နွမ်း ဖြစ်ရင်ကော ဘာပြုတတ်သလဲ။ ဒီလူက ကျွန်တော့်အသက်ကို ကယ်ဆယ်ခဲ့ဖူးတဲ့ အဖြစ်ကို အပထားပြီး ဒီလူက မတစ်သောင်း တစ်ကောင်ဖွား ရှာမှရှားတဲ့လူမျိုး မမရဲ့။ သူ့အဝတ်အစားက နံ့လို့ မမ မလိုက်ချင်ရင် နေလေ။ သူနှင့်ကျွန်တော် နှစ်ယောက်တည်း သွားစားမယ်။ မမ ပြန်နှင့်ပေတော့"

ညွန့်။ ။(မောင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်)"မောင်တင့်ဆွေ မင်းတယ်မိုက်တဲ့ လူပါကလား၊ ဘယ်ဒင်းဟာ အရေးကြီးတယ်၊ ဘယ်ဒင်းဟာ အရေးမကြီးဘူးဆိုတာ ငါမသိတတ်ဘူးလို့ မင်းထင်သလား"

ဆွေ။ ။"သိသိ မသိသိလေ။ မမ လိုက်မလား မလိုက်ဘူးလား။ ဒါကိုသာ ပြောပါ"

ညွန့်။ ။"ငါမလိုက်ချင်ဘူးလို့ ဘယ်တုန်းက ပြောဖူးလို့လဲ။ ဒါ့ထက် မင်းသူငယ်ချင်းဟာ တော်တော်မာနကြီးတဲ့ လူတစ်ယောက်နှင့်တူတယ်"

ဆွေ။ ။"ဘာကို အကဲခတ်မိသလဲ မမ"

ညွန့်။ ။"သူ့မျက်လုံးကို ကြည့်စမ်းပါလား"

ဆွေ။ ။"မာနကြီးတယ်ဆိုပေမဲ့ အခြောက်တိုက် စိတ်ကြီးဝင်ပြီး ဟန်ကြီးသန်ကြီး အထဲက မဟုတ်ဘူး မမရဲ့"

ညွန့်။ ။"ဒီသူငယ် တယ်ခက်နေပါပြီ။ ဒီလောက်ဟာကို ငါမသိဘူးလို့ မင်းထင်နေသလား။ ငါဆိုလိုတာက"

ထိုခဏ၌ မောင်ဘမြိုင်သည် တိုက်ထဲမှထွက်၍ ကားဆီသို့ လျှောက်လာသေး၏။

ဆွေ။ ။"ကိစ္စပြီးခဲ့ပြီလား ကိုဘမြိုင်"

မြိုင်။ ။(ခပ်ပြုံးပြုံးနှင့်)"ပြီးခဲ့ပါပြီဗျာ"

ဆွေ။ ။"ကိုင်း ဒါဖြင့် တက်ဗျာ။ ဘုံဘေရဲစ်တောရင့်ကို မောင်းပေတော့မမ"

ဘုံဘေရဲစ်တောရင့်သို့ ရောက်ကြသောအခါ မစိန်ညွန့်သည် ကားကို နံ့ဘေးတွင် ဆိုက်ကပ်၍ "သွားစမ်း မောင်တင့်ဆွေ၊ ချောင်ကျကျ အခန်းတစ်ခန်း သွားရှာစမ်းချေ။ မရရင်ပြန်လာခဲ့။ ဆဗွိုင်းဟိုတယ်သွားမယ်" ဟု ပြောလိုက်လေလျှင် လိုက်သဖြင့် မောင်တင့်ဆွေ ဆင်းသွား၍ ကားပေါ်၌ နှစ်ယောက်တည်း ကျန်နေခဲ့ကြရာတွင်—

www.burmeseclassic.com

www.burmeseclassic.com



ညွန့်။ ။(ကားပေါ်မှ နောက်ပြန်လှည့်လျက်)“မောင်တင့်ဆွေကဖြင့် ဖေဖေနှင့်ကျွန်မကို သူ့သူငယ်ချင်း ကိုဘမြိုင်အကြောင်း ပြောလွန်းလို့ နားငြီးမတတ်ပါပဲရှင်”

မြိုင်။ ။“မောင်တင့်ဆွေက တစ်ဆိတ်ကို တစ်အိတ်ဖြစ်အောင် ပြောတတ်တဲ့လူတစ်ယောက်ပဲ”

ညွန့်။ ။“ကိုယ့်အသက်ကို ကယ်ဆယ်ဖူးတဲ့ ကျေးဇူးရှင်ဆိုတာ ကြားရတဲ့လူများက ငြီးစေကာမူ ပြောရတဲ့လူက မငြီးနိုင်ဘူးဆိုတာ ဟုတ်လည်း ဟုတ်ပါလိမ့်မယ် ထင်ပါရဲ့”

မြိုင်။ ။“အရေးမကြီးလှပါဘူး၊ သူ့နေရာမှာ ကျွန်တော် ရောက်နေခဲ့လို့ ရှိရင်လည်း သူက ဒီလိုပဲ ကယ်ဆယ်မှာ မုချပါပဲ”

ထိုခဏ၌ မောင်ဘမြိုင်သည် နားထဲ၌ တဒီဒီမြည်သော အသံကို ရေးကထက် ကျယ်လောင်စွာ ကြားရပြန်၍ မိုက်ခနဲဖြစ်သွားသည်နှင့် ရှေ့တန်းမှ နောက်မှီကို လက်ဖြင့် ဆွဲလိုက်မိ၏။ ၎င်းနောက် ထိုအခြင်းအရာကို မစိန်ညွန့်မြင်လေသလောဟု မျက်နှာကို လှမ်းကြည့်လိုက်ရာ မြင်တဲ့လက္ခဏာမရှိသည်နှင့် တော်သေးရဲ့ဟု မောင်ဘမြိုင် အောက်မေ့မိ၏။ အကယ်၍ မစိန်ညွန့်က နေထိုင်မကောင်းပါသလောဟု မေးမြန်းပါမူ မောင်ဘမြိုင်မှာ ရှက်လွန်းလှသည်နှင့် ထိုင်ရာမှပင် ထပြေးကောင်း ထပြေးချေမည်ဖြစ်၏။ ထိုအချိန်၌ မောင်တင့်ဆွေ ထွက်လာ၍–

ဆွေ။ ။“ထောင့်ထဲက အခန်းကို ရပါတယ် မမ။ ကြွကြပါတော့ ဆာလှပါပြီ၊ စားဖို့သောက်ဖို့ မှာခဲ့ပါပြီ”

ကားပေါ်မှဆင်းလာကြ၍ ထောင့်ခန်းတစ်ခန်း၌ ထိုင်မိကြသောအခါ–

ညွန့်။ ။“စားစရာ ဘာများ မှာထားသလဲ မောင်တင့်ဆွေ”

ဆွေ။ ။“ကက်တလိတ်သုံးပွဲနှင့် အိုက်စ်ကရင်သုံးပွဲ”

ညွန့်။ ။“ငါ့ကို မမေးဘဲနှင့် ဘာပြုလို့ မှာရသလဲ။ ငါ အင်မတန်ဆာတယ်။ ဒီလောက်နှင့် မဝဘူး။ ငါ့အတွက် ဒံပေါက်ထမင်းတစ်ပွဲနှင့် ကြက်ကလေးတစ်ကောင် ရှိ့စ်မှာပေဦး။ မင်းတို့တော့ မင်းတို့သဘောနှင့် မင်းတို့ ဘာပဲမှာမှာ”

ဆွေ။ ။“မမကလည်း လွန်လှချေကလား၊ နေ့လယ်စာ စားတဲ့ဥစ္စာပဲ၊ ဒံပေါက်နှင့် ကြက်ကလေးတစ်ကောင်တောင် ကုန်နိုင်ပါမလား”

ညွန့်။ ။“စကားမရှည်နှင့်ကွယ်၊ မှာဆိုတာ မှားပေးပါ။ ကိုဘမြိုင်ကော ဒီဟိုတယ်က ဒံပေါက် ကောင်းတယ်ရှင့်။ ကြက်ကလေးရှိ့စ်နှင့် အင်မတန်လိုက်တယ်။ စားကြည့်စမ်း”

မြိုင်။ ။“စားကြည့်ရတာပေါ့ဗျာ”



ညွန့်။ ။“ကိုင်း ငါမပြောဘူးလား။ မြန်မြန်မှာကွယ် မောင်တင့်ဆွေ။ ဒံပေါက်နှင့်ပွဲ၊ ကြက်ကလေးရှိ့စ်ကောင်၊ ကက်တလိတ်သုံးပွဲ၊ အိုင်စ်ကရင်သုံးပွဲ”

ထိုအခါ မောင်တင့်ဆွေသည် မည်သည့်အခါမှ အစားမကြီးသော မိမိ၏အစ်မမျက်နှာကို လှမ်းကြည့်ပြီးနောက် ဘွိုင်ကုလားကိုခေါ်၍ အထက်ပါအတိုင်း စားရာများကို မှာလေ၏။ ထို့နောက် မောင်တင့်ဆွေသည် မနေနိုင်သော ကိစ္စလေးအတွက် အခန်းတွင်းမှ ထွက်သွားလေရာ မစိန်ညွန့်သည် လက်ဆွဲအားရေအိတ်ငယ်ကို ဖွင့်ကြည့်လျက်–

ညွန့်။ ။“ဟော ကျွန်နေရစ်ခဲ့ပြီ။ အကြွေတစ်ပြားမှ မပါခဲ့ဘူး။ ကိုဘမြိုင်မှာ ဆယ်တန်လဲစရာ အကြွေများ မပါဘူးလား”

မြိုင်။ ။“အကြွေတော့ ကျွန်တော့်အိတ်ထဲမှာ”

ညွန့်။ ။“သြော် နေပေစေတော့။ ဒီမှာ လဲနိုင်သားပဲ”

မောင်ဘမြိုင်မှာမူ သက်ပြင်းချလျက်ရှိ၏။ ၎င်းနောက် မောင်ဘမြိုင်သည် စားရောဖောရောနှင့် အချို့သောသူတို့၏ သတိမေ့တတ်ခြင်းအကြောင်းများကို ရယ်ရွှင်ဖွယ်ရာဖြစ်အောင် ပြောလေရာ များစွာအထမမြောက်ခဲ့ချေ။ ထိုခဏ၌ မောင်တင့်ဆွေဝင်လာသဖြင့်–

ညွန့်။ ။“ဘယ့်နှယ်လဲကွဲ့။ မရသေးဘူးလား။ ဆာလှပါပြီ ဆိုနေမှပဲ”

ဆွေ။ ။“ကြော်ရလှော်ရသေးတယ် ခင်ဗျားကြီးရဲ့။ အစိမ်းစားမလား မမ၊ ခင်ဗျားတို့ မှာထားတာတွေ ခင်ဗျားတို့ ကုန်အောင်စားရင် စားပိုးနင့်မသေစေရာ ကျုပ်ပြောချင်တိုင်းပြော”

မောင်တင့်ဆွေသည် မိမိ၏အစ်မအား ကြည့်လိုက်သောအခါ အခါတိုင်းကဲ့သို့ နှုတ်သွက်အာသွက်မရှိတော့ဘဲ ခပ်ဆိတ်ဆိတ် ရှိနေသည်ကို တွေ့ရသဖြင့် အနည်းငယ်မကျေမနပ် ရှိနေ၏။ မောင်တင့်ဆွေ၏ စိတ်၌မူကား မိမိချစ်ခင်လှစွာသော ကျောင်းနေဖက်သူငယ်ချင်းနှင့် တွေ့ဆုံရသောအခါတွင် မိမိ၏အစ်မအား နှုတ်လျှာသွက်သွက်နှင့် ချည့်ခံစကားပြောစေလို၏။ ယင်းသို့ရှိသည်အတွင်း မောင်တင့်ဆွေသည် ကုလားထိုင်၌ ခပ်ကုပ်ကုပ်ထိုင်၍ မိမိနောက်ဧရာကို မိမိပွတ်သပ်လျက်ရှိသော မောင်ဘမြိုင်၏ ရုပ်အင်္ကျီလက်တို့မှာ အစွန်းအဖျားတို့၌ ခပ်ဖွာဖွာရှိနေသည်ကို မြင်လိုက်ရသဖြင့် အံ့သြမိ၏။ မောင်တင့်ဆွေသည် တစ်နေရာရာ၌ အခင်းတစ်ခု ချွတ်ယွင်းနေသည့်အဖြစ်ကို ရိပ်မိသည်နှင့် စကားစ မပြတ်စေရန် ဟာလေးပါးစကားမျိုးတို့ကို ကရားရေလွှန်ပြောလေရာ စားသောက်ကြသောသူတို့မှာ ဒံပေါက်တစ်ပွဲစီနှင့် ကြက်ကလေးရှိ့စ်တစ်ကောင်စီကို တစ်ခါတည်းနှင့်လေပြီ။ ထိုအခါ၌မူကား မောင်ဘမြိုင်မှာ မျက်နှာရွှင်ပြုံးဖြစ်လာ၍

www.burmeseclassic.com



ရေးကမိမိသိကျွမ်းဖူးသောမောင်ဘမြိုင်အတိုင်း ဖြစ်လာပြီးလျှင် ရယ်ရွှင်ဖွယ်ရာပုံတိုပတ်စများကို လက်ဟန်ခြေဟန်ကျနစွာနှင့် ပြောပြလျက်ရှိကြောင်း မောင်တင့်ဆွေ တွေ့မြင်ရလေ၏။ ထိုအခါမှ မောင်တင့်ဆွေ၏ စိတ်ထဲ၌ မောင်ဘမြိုင်သည် နေ့လယ်စာ မစားရမီအခါက ခပ်ကုပ်ကုပ်ခပ်နွမ်းနွမ်းရှိနေသည့်အဖြစ်ကို စဉ်းစားမိ၏။

ဆွေ။ ။(မိမိ၏ ကက်တလိတ်ကို စားရာမှ လှမ်းကြည့်လျက်)"ဘယ့်နယ်လဲမမ လွန်လှချေကလား။ ဒံပေါက်တစ်ပွဲကြီး ကုန်သွားပြီ။ ကြက်တစ်ကောင်လည်း ကျွတ်တော့မယ်။ စားနိုင်ပါပေ့ဗျာ။ ဒါထက် ကိုဘမြိုင်ကော ဘယ်မှာ လုပ်နေသလဲ။ မေးတောင် မမေးမိသေးပါဘူးဗျာ။ ခင်ဗျားကြည့်ရတာ သိပ်ပင်ပင်ပန်းပန်းကြီး အလုပ်လုပ်ထားတယ်မှတ်တယ်။ သိပ်ပြီးတော့လည်း အပင်ပန်းမခံနိုင်လေဗျာ။ မှန်မှန်လုပ်မှပေါ့။ ဒါထက် ကျွန်တော်တို့အိမ်ကို အလည်လိုက်ခဲ့ပါဦးလား။ ဘတော်ကြီးက ခင်ဗျားကို သိပ်တွေ့ချင်တယ်"

မောင်ဘမြိုင်သည် မိမိအား အလုပ်သိပ်မလုပ်ရန် သတိပေးသည်ကို ကြားရသောအခါတွင် ရယ်မောချင်လှသဖြင့် ပြုံးမိသေး၏။ မစိန်ညွှန့်က ဒံပေါက်ထမင်းနှင့် ကြက်သားရိုးစ်ကို မှာထားရန် စိတ်ကူးရခြင်းအတွက်လည်း မောင်ဘမြိုင်သည် ကျေးဇူးတင်မိ၏။ မောင်တင့်ဆွေ ဖိတ်ကြားသည့်အတိုင်း အလည်လိုက်၍ သွားခဲ့သော် သုံးလေးရက်တန်သည်ဖြင့် ထမင်းဝဝစားရဖို့ စိတ်ချရမည်ဖြစ်၍ လိုက်လိုသည်မှန်သော်လည်း ခါးကအဝတ်မှတစ်ပါး အားလုံးသော အဝတ်ကောင်းများမှာ အပေါင်ဆိုင်သို့ ရောက်နေသည်ဖြစ်သောကြောင့် လိုက်ရန်မဖြစ်နိုင်ချေ။

မြိုင်။ ။"အခုတော့ မလိုက်နိုင်သေးပါဘူး မောင်တင့်ဆွေ။ နောက် ဖြည်းဖြည်းတော့ လာလည်ရသေးတာပေါ့"

ညွှန့်။ ။"တစ်ညနေလောက်ကလေးပဲရှင်၊ ရှင့်အလုပ်တွေက ဒီလောက်မှ မဆိုင်းနိုင်ဘူးလား၊ အပြန်တော့ ကားနှင့်မောင်တင့်ဆွေ လိုက်ပို့မှာပေါ့"

မောင်ဘမြိုင်သည် ဂျူဒါအီစကယ်လမ်း၌ အလုပ်ဝင်၍လျှောက်ခဲ့စဉ်က တိုက်အုပ်ဘိုကြီးက "မရှိဘူး၊ လစ်လပ်တဲ့နေရာမှာ လူသစ်ခန့်လိုက်ပြီ သွား၊သွား၊ မြန်မြန်ထွက်"ဟု ငေါက်ငမ်းထုတ်လိုက်ခြင်း ခံရသည့်အဖြစ်ကို စိတ်ထဲ၌ ပေါ်လာသဖြင့် ပြုံးမိသေး၏။ ၎င်းနောက် မောင်ဘမြိုင်သည် မစိန်ညွှန့်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ရာတွင် မိန်းကလေး၏မျက်နှာကိုမြင်ရသဖြင့် ရင်ခုန်ခြင်းသည် တစ်ချက်မျှ တန့်ရပ်ရာမှ နောက်ခဏ၌ ရှေးကထက် ပြင်းထန်သော အဟုန်ဖြင့် တဒိန်းဒိန်းလှုပ်ခုန်လျက် ရှိလေ၏။ ထိုအခါ မောင်ဘမြိုင်မှာ တစ်နေ့တစ်ရက် ကလေးမျှဖြစ်စေ ထိုမိန်းကလေး၏ အနီးအပါးတွင် နေလိုသောစိတ် ဖြစ်ပေါ်လာခဲ့၏။



မြိုင်။ ။"ဒီတစ်ရက်လောက်တော့ လိုက်နိုင်ကောင်းပါ ထင်ပါရဲ့ဗျာ"

ဆွေ။ ။"နေရာကျလိုက်လေဗျာ၊ သိပ်ဟန်ကျတာပဲ။ စားကြဗျာ၊ သွားကြစို့။ ဘတော်ကြီးက ကျွန်တော်ပြောထားတာနှင့် ခင်ဗျားကို သိပ်တွေ့ချင်နေတယ်"

ညွှန့်။ ။(ငွေစက္ကူထုတ်ပေး၍) "ရော့ မောင်တင့်ဆွေ။ ဘီလ်အတွက် ရှင်းပေးလိုက်ကွယ်"

ဟိုတယ်မှ ထွက်လာကြ၍ ကားပေါ်သို့ တက်ကြသောအခါတွင် မောင်တင့်ဆွေသည် ရှေ့မှထိုင်၍ ကားမောင်းလျက် မောင်ဘမြိုင်နှင့် မစိန်ညွှန့်တို့သည် နောက်မှထိုင်ကြ၏။

ညွှန့်။ ။"ကျွန်မတို့ဖေဖေက မောင်တင့်ဆွေကို အင်မတန် အလိုလိုက်၊ အင်မတန် ချစ်လေတော့ သူ့သားအသက်ကို ကယ်ဆယ်တဲ့လူဆိုပြီး ရှင့်ကိုလည်း"

ဟု၍သာပြောလိုက်ပြီးနောက် မစိန်ညွှန့်သည် အပိုဒ်ဆုံးအောင်မပြောဘဲ ရှေ့သို့ မျှော်ကြည့်လျက်ရှိနေရာ မောင်ဘမြိုင်မှာမူကား ကားပေါ်၌ လက်ပိုက်ကာထိုင်လျက် လှိုင်းတံပိုးပြင်းထန်စွာသော မြစ်ပြင်ကြီး၌ ရေကူးခဲ့ရသော ရေကူးသမားသည် လှိုင်းလေငြိမ်သက်သဖြင့် ရေစီးမှန်သောနေရာသို့ ရောက်လာသောအခါ၌ သက်သာခွင့်ရသည့်နည်းတူ အသက်မှန်စွာရှူလျက် ကျေနပ်ချမ်းမြေ့သော အမူအရာနှင့် လိုက်ပါလာလေ၏။ နက်ဖြန်တိုင်ရောက်သောအခါတွင် အလုပ်လက်မဲ့ဖြစ်၍ ကြေးငွေလက်ကိုင်မရှိသော သူတို့၏ ဆင်းရဲဒုက္ခများကို ရှေးနည်းအတူ ခံစားဦးမည်ဖြစ်သော်လည်း ဤတစ်နေ့အဖို့၌ သက်သာရာ ရချေပြီတကားဟု စိတ်ချလက်ချ ရှိနေလေ၏။

မော်တော်ကားသည် ဓာတ်မီးလုံးကြီးဖြင့် သားနားလှပစွာတပ်ဆင်ထားသော ဝင်းတံခါးကြီးမှ ဝင်လာခဲ့၍ ကျယ်ဝန်းသာယာသော ဝင်းကြီးတစ်လျှောက် ဖြတ်မောင်းပြီးလျှင် ခံ့ညားကြီးကျယ်လှသော အိမ်ကြီးတစ်ဆောင်၏ ရှေ့၌ ဆိုက်ကပ်လေ၏။ မောင်ဘမြိုင်သည် သပ်ရပ်စွာ ပြင်ထားသော တင်းနစ်(၈)ကွတ်နှင့် မိန်းခိုလှပသော သစ်ပင်ပန်းမန်များကို မြင်ရသောအခါတွင် သက်ပြင်းချမိ၏။

ဖခင်ဖြစ်သည့် မြေပိုင်ရှင်နှင့် လွှစက်ပိုင်ရှင် ဦးကျော်ဟိုးသည် မိမိ၏တစ်ယောက်တည်းသော သားမောင်တင့်ဆွေ၏အသက်ကို ကယ်ဆယ်ဖူးသော မောင်ဘမြိုင်အား ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုပြီးနောက် လေးယောက်သားတို့သည် အိမ်နံဘေးရှိ တင်းနစ်(၈)ကွတ်အနီးတွင် ကြိမ်ကုလားထိုင်များနှင့် ထိုင်လျက် လည်ပင်းခံရင်း ဦးကျော်ဟိုး၏ တောင်းပန်တိုက်တွန်းချက်အရ ယူနီဗာစီတီ အသင်း၌ မောင်ဘမြိုင်နှင့် မောင်တင့်ဆွေတို့ ပါဝင်ကြစဉ်က လှေမှောက်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘမြိုင်က မောင်တင့်ဆွေ၏အသက်ကို ကယ်ဆယ်ခဲ့ရပုံများကို မောင်ဘမြိုင်က ပြောပြရလေ၏။

ညအခါ ထမင်းစားချိန်နီးသောအခါ မောင်တင့်ဆွေသည် မောင်ဘမြိုင်အား ရေချိုးရန်အတွက် ရေချိုးခန်းသို့ လိုက်ပို့၍ ပြန်ထွက်လာရာတွင် မစိန်ညွန့်သည် မောင်တင့်ဆွေအား လက်ယပ်ခေါ်လျက် "လာစမ်း မောင်တင့်ဆွေ၊ မင်းနှင့်ဖေဖေ့ကို ငါပြောချင်တဲ့စကားတစ်ခုရှိတယ်"ဟု ပြောသဖြင့် မောင်တင့်ဆွေလည်း အံ့ဩစွာနှင့် လိုက်သွားလေ၏။ ဖခင်ဦးကျော်ဟိုးမှာ အိမ်ရှေ့ဧည့်ခန်းမှ စောင့်ဆိုင်းလျက်ရှိရာ သားအဖသုံးယောက် ဆုံမိကြသောအခါတွင် ကုလားထိုင်၌ အသီးအသီး ထိုင်ကြလေ၏။

ဆွေ။ ။"ဘာများလဲ မမရဲ့၊ ဆိုစမ်းပါဦး"

ညွန့်။ ။"ရွှေလီချောင်းမှာ ဖေဖေ သစ်အလုပ်လုပ်တုန်းက ကျွဲသမားတစ်စုဟာ ရိက္ခာမရောက်လေတော့ ထမင်းသုံးလေးနပ် ငတ်တာကို ကျွန်မမြင်ရဖူးတယ်"

ထိုအခါ မောင်တင့်ဆွေနှင့် ဦးကျော်ဟိုးတို့သည် ကျွဲသမားတစ်စု ရှေးအခါက ထမင်းငတ်ဖူးခြင်းနှင့် မိမိတို့ ဘယ်ကဲ့သို့ ဆက်သွယ်ခြင်းရှိသည်ကို နားမလည်နိုင်သဖြင့် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် ရှိကြ၏။

ညွန့်။ ။"ဒီကနေ့လည်း ကျွန်မ မြင်ရပြန်ပြီ။ ဒီဟာမျိုးကို မမြင်ဖူးတဲ့လူကတော့ မသိပေဘူး။ ကျွန်ကတော့ မြင်ဖူးလို့ သိတယ်ဖေဖေ။ ဟေ့ မောင်တင့်ဆွေ ဒီပေါက်ထမင်းနှင့် ကြက်သားရိုစ်ကို ဘာပြုလို့ ငါမှာတယ်ထင်သလဲ။ ငါစားချင်လုလို့ မဟုတ်ဘူးကွဲ့။ ဟိုခများအတွက် ငါမှာတာ။ မင့်လူ ထမင်းမစားရတာ နှစ်ရက်ထက် မနည်းဘူး။ ငါထင်တယ် မင်းရိပ်မိရဲ့လား"

ဆွေ။ ။(ပါးစပ်ကိုဟ၍ မျက်လုံးများပြူးလျက်)"မဟုတ်နိုင်တာ မမရယ်"

ဟိုး။ ။"ငါ့သမီး အထင်လွဲပါလိမ့်မယ် ထင်ပါရဲ့သမီးရယ်"

ညွန့်။ ။"ကျွန်မ ဘယ်တော့မှ လူကဲခတ် လွဲတဲ့ကောင်မ မဟုတ်ဘူး။ ပန်းဆိုးတန်းလမ်းထောင့်မှာ သူနှင့်တွေ့တွေ့ချင်း တစ်ကြိမ် ကျွန်မသိရတယ်။ ဂျူဒါအီကယ်လမ်းမှာ ကားပေါ်က သူဆင်းသွားပုံ မြင်လိုက်ရတော့ တစ်ကြိမ် သတိရတယ်။ ဘုံဘေရဲ့စ်တောရင့်တိုက်ဆားမှာ စောင့်နေကြတုန်းက တစ်ကြိမ် ကျွန်မ သေသေချာချာ သိရတယ်။ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ကျွန်မ သိတယ်။ ဘယ်နည်းနှင့် သိသလဲတော့ မမေးကြနှင့်တော့။ မရှိတာတော့ စကန်ပဲ။ ဒီလူဟာ မောင်တင့်ဆွေအသက်ကို ကယ်ဆယ်ဖူးတဲ့လူဖြစ်တယ်။ ဒီတော့ သူ့အတွက် ကျွန်မတို့ ဘယ်ပုံဘယ်နည်း လုပ်ပေးကြမယ်ဆိုတာ စိမ်ကြစို့"



[illegible]။ ။"ဖြစ်ရလေကွယ်။ ဒီလိုမှန်းမှ မသိရဘဲဟာကိုးကွဲ့။ သမီးပြောတာ မှန်တယ်။ သူ့အတွက် ငါတို့ဘယ်လိုလုပ်ပြီး ကူညီရမလဲ စဉ်းစားကြစမ်း[illegible]တို့"

[illegible]။ ။"နေပါဦး မမရဲ့၊ မမ ထင်တာက သေချာရဲ့လား"

[illegible]။ ။"အို သေချာပါတယ်ကွယ်။ ငါမလွဲပါဘူး မောင်တင့်ဆွေ"

[illegible]။ ။"နို့ မမက အလုပ်အကြောင်းတွေ ဘာတွေ ဘာကြောင့် ပြောတာလဲ"

[illegible]။ ။"မင့်လူက မာနတော်တော်ကြီးတဲ့လူကွဲ့။ သူ့အဖြစ်ကို ငါတို့က ရိပ်မိလို့ ကျွေးချင်မွေးချင်လို့ခေါ်မှန်း သူသိရင် လုံးလုံးလိုက်မယ့်လူ မဟုတ်ဘူး[illegible]ဒါကြောင့် ငါက သူ့အလုပ်တွေ ဘာတွေထည့်ပြီး ပြောရတာပါ"

[illegible]။ ။"ဒါဖြင့် မဖြစ်ဘူး။ သူ့အတွက် အလုပ်ကောင်းကောင်းတစ်ခုတော့ ရှာပေးမှ၊ တော်တော်နဲ့ အလုပ်မရသေးခင်လည်း ဒီအိမ်မှာ နေစေရမယ်[illegible]လေဗျာ၊ အံ့ဩပါရဲ့။ ကိုယ့်လူနှယ် ဒီအခြေရောက်နေတာတောင်မှ ဒီအကောင်[illegible] မပြောဘူးဗျာ"

[illegible]။ ။"ငါခုနင်က ပြောတဲ့အတိုင်း မာနကြောင့်ပေါ့ကွဲ့။ သူမလိုက်ချင်တာက အလုပ်အတွက်ကြောင့် မဟုတ်ဘူး။ ဒီ့ပြင် အဝတ်လဲစရာ သူ့မှာမရှိလို့နဲ့[illegible]တယ်။ တစ်ခုတော့ သတိထားကြနော်။ သူ့ကို သနားသဖြင့် အလုပ်တစ်ခုခု[illegible]ပေးတယ်ဆိုတဲ့အကြောင်းကို သူရိပ်မိလို့ရှိရင် အလုပ်ကို လက်ခံမှာ မဟုတ်ဘူး[illegible]တော့"

[illegible]။ ။"မောင်ဘသန်းကတော့ သူ့နေရာမှာ လူစားရှာထားဖို့ ငါ့ကို တစ်နေ့က ပြောတော့ ပြောဖူးတာပဲ"

[illegible]။ ။"ဟာ ဒါဖြင့် နေရာကျပြီဖေဖေ။ ဘယ့်နှယ်လဲ မမ၊ ကိုဘမြိုင်နှင့် ကိုဘသန်းအလုပ်နှင့် မတော်ပေဘူးလား"

[illegible]။ ။"နေပါဦးကွယ်။ မင်းတို့လူက တန်တွက်နည်းတွေဘာတွေ နားလည်ပါ့မလား"

[illegible]။ ။"ဒီဟာက ဘာအရေးကြီးလို့လဲဖေဖေ၊ မောင်တင့်ဆွေရဲ့ အသက်ကို [illegible]ယ်ဆယ်ဖူးတဲ့လူတစ်ယောက်ဟာ အလုပ်အကိုင်မရှိလို့ ရင်နီးစရာ ငွေကြေး[illegible]ဆိုတဲ့ အကြောင်းသိရရင် တော်ပြီမဟုတ်လား။ မောင်တင့်ဆွေ ဟိုတုန်းက [illegible]ယိမ်းပါးဖြစ်သွားရင် ဖေဖေရော ကျွန်မရော ဘယ်လောက်ဒုက္ခရောက်ကြ[illegible]ဖေဖေ၊ ဒီ့ပြင်ဟာတွေ မစဉ်းစားပါနှင့်။ ဒီဟာကိုသာ စဉ်းစားကြည့်ပါဖေဖေ"

[illegible]။ ။(ပြုံးရယ်လျက်)"ဟုတ်ပါရဲ့လေ။ ကိုင်း ဒါဖြင့် ကောင်းပြီ။ ငါ့[illegible]မှာ မန်နေဂျာအလုပ်ကို လက်ခံမလားလို့ သူ့ကို ငါမေးကြည့်မယ်။ တန်တွက်

www.burmeseclassic.com



တို့ ဘာတို့တော့ ယခုမတတ်သေးချင်နေ။ နောက်တော့ တဖြည်းဖြည်း သင်ယူတာပေါ့။ ငါ့သဘောအရတော့ ဒီသူငယ်ဟာ လူတွေဘာတွေ စီမံအုပ်ချုပ်တဲ့နေရာမှာ ဆော်လိမ့်မယ်ထင်တယ်"

ဆွေ။ ။"အတော်ဆုံးလူတစ်ယောက်ပါဖေဖေ၊ စိတ်ချပါ"

ညွန့်။ ။"သို့သော် နေဦး ဖေဖေ၊ ဒီအကြောင်းကို ကျွန်မအရင်ဆုံး စကားဝယ်ပြီး ပြောနင့်မယ်၊ နောက်တော့မှ ဖေဖေနှင့်မောင်တင့်ဆွေက ဝင်ပြောကြ။ ဒီလူသဘောကို ကျွန်မသိတယ်။ ဖေဖေတို့ပြောပုံမျိုးနှင့် မရဘူး။ ကျွန်မ လက်ဦးပြောမယ်"

ဟိုး။ ။"ကောင်းပြီ သမီးကြီးရယ်"

ညွန့်။ ။"ဘယ်နည်းနှင့်မဆို ဒီကနေ့ညတော့ သူ့ကို ဒီမှာ အိပ်စေရမယ်။ သူလိုတာရှိရင် မောင်တင့်ဆွေက ကြည့်ပေးနိုင်တာပေါ့။ ယော ကိုဘမြိုင်လာပြီ။ တန့်ကြ၊ တန့်ကြ။ ကျွန်မတို့တိုင်ပင်တဲ့အကြောင်းကို လေသံမှမဟပ်စေနှင့်"

ယင်းကဲ့သို့သတိပေးခဲ့ပြီးနောက် မစိန်ညွန့်သည် မောင်ဘမြိုင်အား လေသာရင်းမှ ဆီးကြို၍—

ညွန့်။ ။"ကိုဘမြိုင်၊ ဒီကနေ့ည ဒီမှာပဲ အိပ်သွားပါတော့ရှင်၊ မောင်တင့်ဆွေမှာ ကိစ္စလေးတစ်ခုရှိလို့ လိုက်မပို့အားလို့ပါ။ လိုချင်တာရှိရင် မောင်တင့်ဆွေ ပေးပါလိမ့်မယ်"

ဆွေ။ ။"လိုတာရှိရင်ပြောနော် ကိုဘမြိုင်၊ ကျွန်တော် ပေးနိုင်ပါတယ်"

ကိုဘမြိုင်သည် စောင်ကိုအပေါင်ဆိုင်သို့ ထားပြီးသဖြင့် စောင်မရှိ၊ အိပ်ရာခင်းစုတ်နှင့် လွှမ်းထားသော မိမိ၏အိပ်ရာကို သတိရသည်နှင့် ယနေ့အဖို့၌ ထိုဒေါက်လေခြင်းဟူ၍ အောက်မေ့မိ၏။

မြိုင်။ ။"ဒီကနေ့အဖို့တော့ ခင်ဗျားတို့ စီမံချင်သလို ခံပါတော့မယ်ဗျာ။ ကျွန်တော့်အလုပ်ကတော့ တစ်ရက်တလေ ကျွန်တော်မရှိပေမဲ့ ကိစ္စမရှိတန်ကောင်းပါဘူးထင်ပါရဲ့"

မောင်ဘမြိုင်သည် ထမင်းပွဲ၌ ထမင်းစားကြစဉ် မစိန်ညွန့်ကို ကြည့်မိတိုင်း ယောကျ်ားတို့၌ ဖြစ်ပေါ်တတ်သော ထုံးစံအတိုင်း ငါသည် ငါ၏တစ်သက်တာတွင် အရေးအကြီးဆုံးဖြစ်သည့် မိန်းမကို တွေ့ချေပြီတကားဟူသော စိတ်ကူးဖြစ်ပေါ်မိ၏။ မိန်းကလေး၏ အခြေအနေနှင့် မိမိ၏အခြေအနေမှာ မနှိုင်းယှဉ်နိုင်အောင် ကွာခြားသည်ဖြစ်၍ ၎င်းစိတ်ကူးကို ချိုးနှိမ်ဖျောက်ဖျက်ပါသော်လည်း တိုး၍တိုး၍သာလျှင် ဖြစ်ပေါ်လာချေတော့၏။ မောင်ဘမြိုင်သည် မစိန်ညွန့်၏ ဆံထုံးနံဘေးမှ ထွက်ပြူလျက်ရှိသော ဆံပင်ကောက်ကောက်ကလေးကို စိုက်ငေး



ကြည့်နေမိသည်ဖြစ်သောကြောင့် မစိန်ညွန့်က လှမ်း၍ပြောလိုက်သောစကားကို ဘဲ ရှိနေလေ၏။

။(ရှက်ကိုးရှက်ကန်းနှင့်)"ဘာတဲ့ဗျာ။ စိတ်က တခြားရောက်သွားလို့ မကြားမိလို့ပါ မစိန်ညွန့်"

။"ကျွန်မတို့ဖေဖေ့ လွှစက်မှာ မန်နေဂျာလုပ်တဲ့ ကိုဘသန်းဆိုတဲ့ လူတစ်ယောက်က အလုပ်ထွက်ချင်လို့တဲ့။ သူ့နေရာလုပ်နိုင်တဲ့လူများကို ကိုဘ တ်ဆွေထဲက မရှိဘူးလားလို့ ကျွန်မ မေးပါတယ်"

။"မောင်ဘသန်းက အလုပ်ထွက်ဖို့ နို့တစ်ပေးထားတယ် မောင်ဘမြိုင်။ သူ့နေရာက လခ တစ်လ ၁၅၀ိ။ အိမ်လည်း နေဖို့ရတယ်"

မောင်ဘမြိုင်၏ နားထဲ၌ "တစ်လ ၁၅၀ိ အိမ်လည်းရတယ်။ တစ်လ အိမ်လည်းရတယ်" ဟု တစီစီမြည်သကဲ့သို့ ကြားလျက်ရှိ၏။ ထိုနံနက်၌ မြိုင်သည် တစ်လလျှင် လခ ၈၀ိ မျှသောအလုပ်ကို လျှောက်ထားရာ၌ ထုတ်ခြင်းကို ခံခဲ့ရသေး၏။

။"အလုပ်က တယ်ပြီးခက်ခက်ခဲခဲ မဟုတ်လှပါဘူး။ ပညာခံ အသင့်အတင့်နှင့် စိတ်သဘောကြီးကြီးထားပြီး ရိုးရိုးမတ်မတ် လုပ်သွားမယ့်လူမျိုး လုပ်နိုင်တာပါပဲ"

။"ကိုဘမြိုင် လက်ခံနိုင်ရင်လည်း နေသားကျသွားနော်။ ခင်ဗျားတို့ မြို့ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နှင့်ဗျာ။ ကျွန်တော့်လိုသာများဖြစ်ရင် ချောင် ရှိနှင့်နေရာ နေမှာပေါ့ဗျာ"

။(မောင်ဘမြိုင်အား အကဲခတ်သော မျက်နှာထားမျိုးနှင့်ကြည့်လျက်)

"မောင်ဘမြိုင်ကိုယ်တိုင်တော့ လက်ခံပါ့မလား မဆိုနိုင်ဘူးပေါ့လေ။ သို့ သူကများ လက်ခံမယ်ဆိုရင်တော့ ကိုယ့်သားအသက်ကို ကယ်ဖူးတဲ့ လူက ပြောစရာရှိလိမ့်မလဲ။ သဘောကျပြီးပေါ့"

မောင်ဘမြိုင်မှာမူ မည်သို့မျှ ပြန်၍မပြောဘဲ ရှေ့တည့်တည့်သို့ စိုက်ငေး ငေးစားစိတ်ကူးဟန်နှင့် ရှိနေ၏။ ၎င်းနောက် မောင်ဘမြိုင်သည် မစိန်ညွန့် လှမ်း၍ကြည့်လိုက်ရာ မစိန်ညွန့်သည် မိမိအား စိတ်အားထက်သန်သော နှင့် စိုက်၍ကြည့်နေသည်ကို တွေ့မြင်ရ၏။ မောင်တင့်ဆွေအား ကြည့် သော် ထိုသူငယ်သည် စီးကရက်တစ်လိပ်ကို မီးညှိလျက်ရှိ၏။ မောင်ဘ ထိုအလုပ်ကို မိမိလုပ်လိုက ချက်ချင်းထားမည်အကြောင်းကို သိရှိသော ဆိုင်းလင့်နှောင့်နှေးခြင်း ဖြစ်လျက်ရှိ၏။ မောင်ဘမြိုင်နားထဲ၌ တစ် သော "လက်ခံလေ၊ ဘာနှောင့်နှေးစရာရှိသလဲ။ လက်ခံလိုက်ပါတော့လား။"

www.burmeseclassic.com

www.burmeseclassic.com



နောင်ခါကျတော့ ရယ်သလိုမောသလို ကိုယ့်အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ
ဖွင့်ပြောချင်ပြောသေးတာပေါ့။ လက်ခံလိုက်ပါ။ စဉ်းစားမနေပါနှင့်" ဟု ပြောသံထ
ကြားရလေရာ အခြားသောအသံတစ်သံကမူ "မင့်ကိုယ်ကို သူတစ်ပါးအထင်မှား
လေအောင် ဟန်တစ်လုံးပန်တစ်လုံးနဲ့နေတဲ့အတွက် ဒီအလုပ်ကို ပေးခြင်းဖြ
တယ်။ သူတို့လည်း မင်းကို ကိုယ့်အလုပ်အကိုင်ကြီးနှင့် နေနိုင်တယ်ထင်လို့ ဒီ
အလုပ်ကိုပေးခြင်းဖြစ်တယ်။ ဒီအလုပ်ကို မင်းက ဒီအတိုင်း လက်ခံလို့ရှိရင် မင်း
ဟာ လိမ်လည်လှည့်ဖြားရာ ရောက်တာပေါ့" စသည်ဖြင့် မနေမနားပြောလျက်
မောင်ဘမြိုင်သည် အတန်ကြာအောင် တစ်စုံတစ်ရာမျှ မပြောဘဲ စဉ်းစားစိတ်ကူး
နေပြီးနောက် ဦးကျော်ဟိုး၏ဘက်သို့ လှည့်လျက် တည်ကြည်ပြတ်သားသော
အသံဖြင့် ပြန်ပြောလေ၏။

မြိုင်။ ။"ဦးက ကျွန်တော့်ကို အလွန်သင့်လျော်ကောင်းမွန်လှတဲ့ အလုပ်တစ်
ကို ချီးမြှင့်ပေးကမ်းခြင်း မှန်ပါတယ်။ သို့သော် ဦးသည် ကျွန်တော့်အ
အနေ အဖြစ်အပျက်ကို လုံးလုံးကြီး မသိရဘဲနှင့် ချီးမြှင့်ခြင်းဖြစ်ပါတယ်။ ဒီက
နေ့က မောင်တင့်ဆွေ၊ မစိန်ညွန့်တို့နဲ့ တွေ့ရစဉ်က ကျွန်တော်ဟာ တစ်လ ၈ဝ
အလုပ်ကို လျှောက်ထားမယ်လို့ သွားဆဲဖြစ်ပါတယ်။ ဟိုရောက်တော့ ဒီနေရာ
လျှောက်တဲ့လူပေါင်း ၁၂ဝ ယောက်အနက် တစ်ယောက်သောလူကို ရွေးချယ်
ထားပြီးဖြစ်ကြောင်း ကျွန်တော်သိခဲ့ရပါတယ်။ ကျွန်တော်ဟာ ရန်ကုန်မြို့ရော
တာ ငါးလရှိပါပြီ။ ဒီအတောအတွင်း ဟိုတိုက်မှာလျှောက်၊ ဒီရုံးမှာလျှော
ဘယ်တိုက် ဘယ်ရုံးမှာမှ အလုပ်မရခဲ့တဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒီငါး
အတွင်း ပါလာသမျှ ငွေကလေးရော၊ အဝတ်အစားရော နောက်ဆုံးမှာ စောင်
လေး တစ်ထည်တောင် ချန်မထားနိုင်ဘဲ အားလုံးကုန်ရောင်းလိုရောင်း၊ ပေါင်
ပေါင် ပြုလုပ်စားသောက်ခဲ့ရပါတယ်။ မှန်တဲ့အတိုင်း ပြောပြရင် ထမင်းနဲ့ဟင်း
ရယ်လို့ မစားရတာဟာ ငါးရက်ထက်နည်းမည် မထင်ပါ။ နောက်ဆုံး စားသော
ရတဲ့ အာဟာရမှာ မနေ့နံနက် ဟိန္ဒူဆိုင်မှ ဝယ်ရတဲ့ ပူတီနှစ်ပြားဖိုးဟာ နောက်
ဘားရခြင်းဖြစ်ပါတယ်။ ဒီကနေ့နံနက် ဝမ်းထဲကဆာဆာနဲ့ အလုပ်လျှောက်
အသွားမှာ မောင်တင့်ဆွေတို့နဲ့ တွေ့လေတော့ သူတို့ကျွေးမွေးတဲ့ အစားအစာ
နွားငတ်ရေကျဆိုသလို မဟားတရားကြီး မရှိလွန်းအောင် ဟန်ဆောင်ပြီး စား
ပါတယ်။ မောင်တင့်ဆွေကခေါ်တော့ အလုပ်အကိုင်ပဲ ရှိနေသလိုလို ဟန်လုပ်
ငြင်းမိပါတယ်။ စင်စစ်မှာတော့ ကျွန်တော့်မှာ ဘာအလုပ်မှ မရသေးတဲ့လူ
ယောက် ဖြစ်ပါတယ်။ ဒီလိုဟန်လုပ်ပြီးပြောစဉ်ကတော့ ခုလိုကိစ္စမျိုး ဖြစ်ပေါ်
လိမ့်မယ်လို့ မတွေးမိတာလည်း မှန်ပါတယ်။ ယခုမှာတော့ ကျွန်တော့်ကို ဦး



ာယ့်တကယ် လူတစ်လုံးသူတစ်လုံးမှတ်ပြီး မန်နေဂျာအလုပ်ကို ပေးခြင်းဖြစ်ပါ
တယ်၊ ဒီအတိုင်း ကျွန်တော် လက်ခံခဲ့လို့ရှိရင် လိမ်ညာလှည့်ဖြားရာ ရောက်ပါ
မယ်။ မူလကတည်းက မှန်တဲ့အတိုင်း မပြောမိတဲ့အတွက် လိမ်လည်လှည့်ဖြား
တဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်။ သို့သော် နောက်ဆုံး ကျွန်တော်
လိုတာကတော့ ယခုလို ကျွန်တော် ဒုက္ခတွေ့ရခြင်းဟာ မရိုးသား မဖြောင့်မတ်
ဟုတ်ရပါဘူး ဦးခင်ဗျာ။ ထူတဲ့အတဲ့အတွက် အိမ်ကပါလာခဲ့တဲ့ ငွေကလေး
သူလိမ်ခံရတဲ့အတွက် ဒီလိုဆင်းရဲဒုက္ခမျိုးနဲ့ ကျွန်တော် တွေ့ရခြင်းဖြစ်ပါတယ်
င်ဗျာ။

။(စားပွဲကို လက်သီးနှင့်ထုလျက်)"ခင်ဗျားကို ကျုပ်တို့မသိဘဲ နေပါ့မ
လားဗျ။ ဒီဟာတွေအားလုံး လျှောက်ပြီးပြောနေဖို့ ဘာလိုသလဲဗျ။ အံ့ဩ
ကိုဘမြိုင်ရယ်။ ဒါနဲ့များတောင် ကျုပ်တစ်ယောက်လုံးကို ခင်ဗျားသတိမရ
အံ့ဩပါရဲ့ဗျာ"

။(ပြုံးလျက်)"ကျုပ်ဝါသနာက သူတစ်ပါးဆီမှာ အသနားမခံတတ်ဘူး
မောင်တင့်ဆွေရဲ့။ ကရုဏာနဲ့ကျွေးတဲ့ထမင်းကို မျိုလို့မကျဘူး မောင်တင့်
" ဟု ပြော၍ မောင်ဘမြိုင်သည် မစိန်ညွန့်အား လှမ်း၍ကြည့်လိုက်ရာ မစိန်
မှာမူ ပြတင်းပေါက်သို့သွား၍ အပြင်သို့ ငေးမျှော်လျက်ရှိနှင့်လေပြီ။ ထိုအခါ
ကျော်ဟိုးက–

။"ဦးလည်း မောင်တင့်ဆွေရဲ့ ဖခင်ပါမောင်ရယ်။ ဦးစကားကိုလည်း လက်
ခံပါဦး။ မောင့်မှာ လူလိမ်ခံရတာနဲ့ ဦးပေးတဲ့အလုပ်နဲ့ ဘာဆိုင်ပါသလဲ
င်ရယ်"

။"ဦးက ကျွန်တော့်ကို လူတစ်လုံးသူတစ်လုံးထင်ပြီး ဒီအလုပ်ကို ပေးတာ
ကိုး ဦးရဲ့"

။"မထင်ပါဘူးဗျာ၊ မထင်ပါဘူး" ဟု ပြောပြီးမှ မောင်တင့်ဆွေသည်
အမှားကို မိမိမြင်သဖြင့် ပြောမိသောစကားအတွက် လျှာကိုဖြတ်လိုး၍
၏။ သို့ရာတွင် မောင်ဘမြိုင်သည် ရိပ်မိခဲ့လေပြီ။

။"ဩော် ဒါဖြင့် ခင်ဗျားတို့က အစကတည်းက ရိပ်မိပြီးသားလား။ လက်
စသတ်တော့ ကရုဏာသဘောကိုးဗျ။ ကျွန်တော့်ကို သနားကြလို့ ချီးမြှင့်
လို့ စီမံကြတာကိုး" ဟု ပြော၍ ထိုင်ရာမှ ထလေ၏။ ထိုအခါ မစိန်ညွန့်သည်
ပေါက်အနီးမှ ပြန်လာ၍ တည်ငြိမ်သောအသံဖြင့်–

။"ကိုဘမြိုင် စွပ်စွဲခြင်းဟာ နည်းလမ်းမကျဘူးလို့ ကျွန်မထင်ပါတယ်၊
ကျွန်မတို့ဖေဖေ သိပြီးတာတော့ မှန်ပါတယ်။ ကျွန်မကပဲအားလုံးပြောပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ ရှင့်မျက်နှာနဲ့ ရှင်လမ်းလျှောက်ပုံကို ကျွန်မမြင်လိုက်ရကတည်း
ရှင့်အခြေအနေကို ကျွန်မ ရိပ်မိပါတယ်။ ထမင်းမစားရဘဲ ရက်ပေါင်းများစွာ
တဲ့လူမျိုးကို လူတိုင်း မမြင်ဖူးပါဘူး။ ကျွန်မ မြင်ဖူးပါတယ်။ ဒါကြောင့် ကျွ
သိပါတယ်။ သို့သော်လည်း ဖေဖေဟာ ကရုဏာသဘောသက်သက်နဲ့ ရှင့်
ဒီအလုပ်မှာ ခန့်ထားလိုခြင်း ဖြစ်တယ်လို့ စွပ်စွဲခြင်းဟာကတော့ ရှင့်ကိုယ်ကို
လည်း ရှင်နှပ်ဖွဲ့အောင် ပြုလုပ်ရာရောက်ပါတယ်။ ကျွန်မတို့ကိုလည်း နှပ်ဖွဲ့အော
ပြုလုပ်ရာ ရောက်ပါတယ်။ ရှင်က ဟိုလူဒီလူတွေဆီမှာ အလုပ်လျှောက်ခဲ့တ
ဟုတ်စ။ အကယ်၍ ဟိုလူများက ရှင့်ကို ရွေးချယ်ခန့်ထားခဲ့လို့ရှိရင် ကရု
သဘောအလျောက် ခန့်ထားခြင်းဖြစ်တယ်လို့ ရှင်စွပ်စွဲနိုင်မလား။ ဒါနဲ့တော
ကျွန်မတို့ ဖေဖေက ထိုက်တန်တယ်ထင်လို့၊ သင့်တော်တယ်ထင်လို့၊ လုပ်နိုင်
ထင်လို့၊ ရှင့်ကို ဒီအလုပ်ပေးတော့ ရှင်က ယုန်ထင်ကြောင်ထင် ထင်ပြီး လက်
ဘူး လုပ်နေတယ်။ ဒီအလုပ်ကို ရှင်က သေးနုပ်တယ်ထင်လို့ လက်မခံရင်
ကျွန်မ မပြောတတ်ပေဘူးပေါ့ရှင်"

ထိုခဏ၌ မောင်ဘမြိုင်၏နောက်မှ တံခါးပိတ်သံလိုလို ကြားရသော်လ
မောင်ဘမြိုင်သည် လှည့်၍မကြည့်ချေ။

မြိုင်။ "မဟုတ်ရပါဘူး မစိန်ညွန့်ရာ။ ဒီလိုတော့ မထင်လိုက်ပါနဲ့၊ သည်းခံပါ
မစိန်ညွန့်တို့ဖေဖေ ပေးတဲ့အလုပ်ကို ကျုပ် ဒီလို ထင်ဝံ့ပါ့မလားဗျာ။
နိုင်ပါမလားဗျာ"

ညွန့်။ "ရှင်က ဘယ်လိုထင်တာမထင်တာ ကျွန်မ အရေးမကြီးပါဘူး။ သို့
လည်း ကျွန်မ သိရသလောက်မှာတော့ ဖေဖေက ရှင့်ကို အကြံတစ်ခု
တယ်၊ ရှင်က ဒီအကြံကို ကရုဏာသဘောလေး၊ ဘာလေးနဲ့ပြောတယ်။
ကျွန်မသိတယ်။ ရှင်ထင်တာက ဒီလိုမဟုတ်ဘူးဆိုရင် ရှင့်ဟာရှင် ရှင်းလင်း
တစ်ခါပြန်ပြီး ပြောဦး"

ထိုအခါ ရက်ပေါင်းအတော်ကြာကာ အာဟာရမမှီဝဲခဲ့ရသော မောင်ဘ
မှာ ဦးခေါင်းထဲ၌ ရှုပ်ထွေးမူးနောက်ခြင်း ဖြစ်သည်နှင့် မည်သို့မျှ တုံ့ပြန်ချေ
မပြုနိုင်တော့ဘဲ ကုလားထိုင်ပေါ်သို့ ပြန်ထိုင်၍ လက်ဝါးနှစ်ဖက်ဖြင့် မျက်
အုပ်ပြီးလျှင် ကလေးသူငယ်ကဲ့သို့ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ မစိန်ညွန့်
ကြင်နာသနားခြင်းကြီးလှသော မျက်နှာထားနှင့် မောင်ဘမြိုင်အား ကြည့်လျ
လေ၏။

ထိုခဏ၌ မောင်တင့်ဆွေ၏ မျက်နှာသည် ပြတင်းပေါက်မှ ပြူကြည့်
ရာ မစိန်ညွန့်က လက်ပြ၍ နှင်လိုက်၏။ မစိန်ညွန့်သည် လူမှုလူရေးကို နား



ျမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း မည်သို့မျှ မပြောဘဲ ဆိတ်ဆိတ်သာ
ကြည့်နေရာ မောင်ဘမြိုင်သည် ငိုယို၍ အားရသောအခါတွင် လက်ဝါးများ
ဖယ်ရှားမော့ကြည့်လိုက်၏။

မြိုင်။ "မစိန်ညွန့်က ဒါကြောင့်မို့လို့ ဒံပေါက်တွေ၊ ကြက်သားရိုးစ်တွေ မှာခိုင်း
တယ်လား"

ညွန့်။ "ဒါကြောင့်ပေါ့ရှင်၊ ကောင်းလည်း ကောင်းတဲ့ဒံပေါက်ပါပေရှင်၊ မကောင်း
ဘူးလား"

မောင်ဘမြိုင်သည် ထိုင်ရာမှထ၍ မစိန်ညွန့်ဘက်သို့လှည့်လျက် တည်ငြိမ်
သောအသံဖြင့်–

မြိုင်။ "ကိုယ်မိုက်တဲ့အတွက်ကိုတော့ ဆင်ခြေမပေးလိုတော့ပါဘူးခင်ဗျာ။ ဒီပြင်
လူလို့ဆိုရင် ဆင်ခြေပေးမိပါသေးရဲ့။ မစိန်ညွန့်ကိုတော့ ဆင်ခြေမပေးတော့ပါဘူး
မစိန်ညွန့်လို မိန်းမကိုလည်း တစ်ခါမှ မတွေ့ဖူးဘူး။ မှန်ပါတယ်။ တကယ့်ကို
ဆော်ပါပေတယ်။ ချီးမွမ်းပါရဲ့။ တကယ်တော်တဲ့ မိန်းမတစ်ယောက်ဖြစ်သည့်အ
တွက် ကျွန်တော်ပြောပြမယ့် စကားများကိုလည်း နားလည်ပါလိမ့်မယ်။ မစိန်ညွန့်
တို့ဖေဖေက ပေးတဲ့အလုပ်ကို ဒီက လက်မခံခြင်းဟာ တခြားအကြောင်းကြောင့်
မဟုတ်ပါဘူး မစိန်ညွန့်။ မှန်တဲ့အတိုင်း ပြောရမယ်ဆိုရင် မစိန်ညွန့်ကို မြင်ရတဲ့
အချိန်ကစပြီး အခြားဘယ်မိန်းမအပေါ်၌မှ မဖြစ်ပေါ်ခဲ့ဖူးတဲ့ စိတ်ထားမျိုး ဖြစ်ပေါ်
လာခဲ့သည့်အတွက် ဦးပေးတဲ့အလုပ်ကို ငြင်းပယ်ရခြင်း ဖြစ်ပါတယ်။ ဦးကိုတော့
ဒီအကြောင်းကို မပြောဘူးပလေ။ သို့သော် မစိန်ညွန့်ကိုတော့ ဟုတ်မှန်တဲ့အတိုင်း
သိပါစေလို့ သဘောထားပြီး ပြောရခြင်းဖြစ်ပါတယ်။ ဒီကအတွက် ဒီကနေ့ မစိန်
ညွန့် ဆောင်ရွက်ပုံတွေဟာ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူး။ မေ့လည်း မမေ့နိုင်ပါ
ဘူး မစိန်ညွန့်"

ထိုစကားကို နားထောင်လျက်ရှိသည့် မစိန်ညွန့်သည် အချို့သော မိန်းက
လေးများကဲ့သို့ မျက်နှာကို အောက်သို့ချခြင်းမရှိဘဲ မျက်နှာကို စေ့စေ့ကြည့်လျက်
နားထောင်လျက်ရှိ၏။

ညွန့်။ "ဒါဖြင့် ကိုဘမြိုင် နက်ဖြန် ပြန်မယ်ပလေ"

မြိုင်။ "မီးရထားခ မပါခဲ့လေတော့ မစိန်ညွန့်တို့ မောင်နှမ ကားနဲ့လိုက်ပို့ရင်ဖြင့်
ပြန်နိုင်ဖို့ ရှိပါတယ်"

ညွန့်။ "မီးရထားခလည်းမရှိဘူး၊ ကျွန်မအတွက် ဆရာဝန်ခပေးဖို့လည်း မရှိဘူး
ဆိုပါတော့"

မောင်ဘမြိုင်သည် နားမလည်သော မျက်နှာထားနှင့် ငေး၍ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညွန့်။ ။"တယ်ထူတဲ့လူတစ်ယောက်ပဲ။ ရှင်နဲ့ရန်ကုန်လိုက်ပြီး နေ့တိုင်းနေ့တိုင်း ဒံပေါက်တစ်ပွဲနဲ့ ကြက်တစ်ကောင်စားနေရလို့ရှိရင် အစာမကြေတာနဲ့ ဆရာဝန်ခေါ်လို့ လောက်နိုင်ပါတော့မလားရှင့်။ လိုက်လည်း မလိုက်ချင်ပါဘူး။ ဒီတော့ ကျွန်မ ဘယ့်နှယ်လုပ်မလဲ ရှင်သိလား။ ဖေဖေ့ကိုခေါ်ပြီး မန်နေဂျာအလုပ် ရှင်လက်ခံပါပြီလို့ ပြောလိုက်မယ်။ တယ်ထူတဲ့ အတဲ့လူပဲ။ ဟိုတယ်မှာတုန်းက ရှင့်ဆီမှာ အကြွေမရှိဘူးလားလို့မေးတော့ ရှင့်မျက်နှာထားဖြစ်သွားပုံကို ကျွန်မ မြင်ရကတည်းက ကျွန်မစိတ်ထဲမှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ရှင်မသိတာ မမြင်တာများ အံ့သြပါရဲ့ရှင်" ဟု ပြော၍ မစိန်ညွန့်သည် ကြောင်တောင်ကြီး ငေးကြည့်နေသော မောင်ဘမြိုင်ကို ထားခဲ့ပြီးလျှင် တံခါးရှိရာသို့သွား၍–

"ဖေဖေ ကိုဘမြိုင်က ဟိုအလုပ်ကို လက်ခံပါ့မယ်တဲ့"

ဟိုး။ ။"ကောင်းပါ့လေ သမီးရယ် ကောင်းပါလေ့။ ဒို့ထက်ကောင်းတာ မရသေးခင် လက်ခံမယ်ဆိုပါတော့"

ညွန့်။ ။(ခပ်ပြုံးပြုံးနှင့် မောင်ဘမြိုင်အားကြည့်လျက်)"ဒို့ထက်ကောင်းတာ မရသေးခင် လက်ခံမယ်တဲ့။ ဒီအတိုင်းပဲ မဟုတ်လား ကိုဘမြိုင်"

# ဇာတ်လိုက်

ဖဲသုံးချပ်ဇာတ်ကားကို ဘုရင့်ရုံ၌ ဆင်ဆာလူကြီးများအား ပြသသော အခါတွင် ရုပ်ရှင်ကုမ္ပဏီ၏ ဖိတ်ကြားချက်အရ ဝတ်လုံတော်ရကြီးများ၊ သတင်း စာအယ်ဒီတာများ၊ စာရေးဆရာများ၊ ဘိုင်စကုပ်ဇာတ်လိုက်များမှစ၍ မြို့ပေါ်ရှိ လူကြီးလူကောင်းများနှင့် ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ပညာသည်များ လာရောက် ကြည့်ရှုကြသည်ဖြစ်ရာ အဆိုပါပရိသတ်များသာလျှင်မက အခြားကုမ္ပဏီပိုင်ရှင် ကြီးများကပင်လျှင် ဖဲသုံးချပ်ဇာတ်ကားမှာ ထိုအချိန်အခါထိ မြန်မာဇာတ်ကားများ အနက်တွင် ခေတ်အဆန်ဆုံး၊ အဆင့်အတန်းအမြင့်ဆုံး အခမ်းနားဆုံး ဖြစ်ပေ ကြောင်းနှင့် ဝန်ခံခဲ့ကြဖူးလေသည်။

၎င်းဇာတ်လမ်း၌ အကြီးအမှူးဖြစ်သော ပုဂ္ဂိုလ်များမှာ ဇာတ်လိုက်မင်း သား မောင်စိုးတင့်၊ မင်းသမီး ခင်မြတင်နှင့် လူကြမ်းမောင်တင်ဖေတို့ ဖြစ်လေရာ ၎င်းတို့အသီးသီးမှာလည်း 'အက်တင်'၌လည်းကောင်း၊ အလွမ်းအသော၌လည်း ကောင်း ပရိသတ်တို့၏စိတ်ကို ဆွဲငင်စွဲငြိစေလောက်အောင် စွမ်းဆောင်နိုင်သူများ ဖြစ်ကြပေသည်။ ဇာတ်လမ်းဇာတ်ကွက်မှာလည်း အလွန်တရာ ဇွဲလှသည်ဖြစ် သောကြောင့် ပရိသတ်တို့၏ စိတ်ထဲ၌ အကျယ်ရဲ့လွန်းလှသည် ညည်းညူဖြစ် အောင်မွှယ်ရာ အခန်းမျိုးလည်း မပါဘဲ ဇာတ်လမ်းပြီးဆုံးမည်ကိုပင် စိုးရိမ်ခြင်း၊ နှမြောခြင်းဖြင့် လည်ပင်းတမော့မော့နှင့် ကြည့်နေကြရသော ဇာတ်လမ်းမျိုး ဖြစ်ချေသည်။

နောက်ဆုံးဖြစ်သော အခန်း၌ လူကြမ်းမောင်တင်ဖေမှာ ဗီလိန်တို့၏သွား ရာလမ်းကြောင်းအတိုင်း သုတ်သင်ရှင်းလင်းပြီးပြီဟူ၍ ဇာတ်လိုက်နှင့်ယောက်တို့

www.burmeseclassic.com

www.burmeseclassic.com



က စိတ်ချလက်ချနှင့် ဖုံပေါ်တွင် အတူယှဉ်တွဲကာထိုင်လျက်၊ အစေခံအား စားစရာများ ယူခဲ့ရန်အမိန့်ပေးထား၏။

အစေခံထွက်လာရမည့် တံခါးပေါက်မှ အစေခံမပေါ်လာဘဲ ဗီလိန်သည် ခြောက်လုံးပြူးတစ်လက်ကိုကိုင်လျက် ဝင်လာရာ ဇာတ်လိုက်နှစ်ယောက်မှာ ကား လှည့်၍မကြည့်သဖြင့် မသိသေးဘဲ တစ်ဦးနှင့်တစ်ဦး ကျီစယ်လျက်ရှိကြ၏။

နောက်တစ်ခဏ၌ သုံးဦးသား မျက်နှာချင်းဆိုင်မိသောအခါတွင် သုံးဦးလုံးတို့၏ မျက်နှာထားမှာ ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောလှသည်ဖြစ်သောကြောင့် ကျွန်တော်နှင့်တကွ ပညာသင်များ မချီးမွမ်းဘဲ မနေနိုင်အောင် ရှိကြ၏။ ခင်မြတင်သည် မိန်းမသားပီပီ ကြီးစွာသော အံ့သြခြင်းဖြင့် မျက်လုံးပြူးလျက်ကြည့်နေရာ ဇာတ်လိုက်မောင်စိုးတင့်သည် တစ်ခဏကလေးမျှ မဝေခွဲနိုင်အောင် ရှိနေပြီးနောက် ယောကျ်ားကောင်းပီသစွာ ဗီလိန်ကို ခုခံရန် ကြိုးစား၏။ သို့ရာတွင် ဗီလိန်၏လက်ချက်ဦးသောကြောင့် ဇာတ်လိုက်သည် ရှေ့သို့ အလျားမှောက်လဲသွားရာ နောက်တစ်ခဏ၌ ဗီလိန်သည် မိမိကိုယ်ကို အစတုံးအောင် စီရင်လိုက်၏။

ကျွန်တော်သည် ဖဲသုံးချပ် ဇာတ်ကားတွင် ပါရှိသော ဇာတ်လမ်းအကြောင်းကို ဤမျှလောက် ပိုမိုဖော်ပြရန် အလိုမရှိ။ ရည်ရွယ်ချက်လည်း မဟုတ်ချေ။ ဤမျှလောက် ရေးသားဖော်ပြရခြင်းမှာ ရုပ်ရှင်လုပ်ငန်းဆက်၌ ကိုယ်တိုင်လုပ်ကိုင်ခဲ့ဖူးသူတစ်ယောက်နှင့် ဟိုတယ်၌တွေ့ဆုံ၍ ၎င်းဇာတ်ကားအကြောင်းကို ဆွေးနွေးကြရာတွင် ထိုလူ၏စကားများမှာ ယုံကြည်ထိုက်၊ မယုံကြည်ထိုက်ကြောင်းကို ဖတ်ရှုသူတို့ ချင့်ချိန်နိုင်ရန်အတွက်မျှသာလျှင် ထိုမျှအထိ ဖော်ပြရခြင်း ဖြစ်ချေသည်။

ထိုည၌ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၏ စီမံချက်အရ ဇာတ်လိုက်မင်းသားနှင့် မင်းသမီးတို့သည် ဘုရင့်ရုံသို့ လူကိုယ်တိုင် လာရောက်၍ ဇာတ်ကားအဆုံးတွင် လူကြီးလူကောင်းများ၏ ချီးမြှောက်ထောက်ခံစာများကို ဝမ်းမြောက်ဝမ်းသာ ကြားရလျက်ရှိစဉ် ဖူးဖူးဝါးဝါးရှိအောင် ဟစ်အော်ရယ်မောလိုက်သော အသံတစ်သံကို ကြားရသဖြင့် ကုမ္ပဏီပိုင်ရှင်က တည်ခင်းကျွေးမွေးသော လက်ဖက်ရည်ကို သောက်နေကြသော လူကြီးလူကောင်းများသည် အသံကြားရာသို့ ရုတ်တရက် လှည့်၍ကြည့်ကြ၏။

ကျွန်တော်သည် ၎င်းဇာတ်ကား မပြီးမီကပင် ထိုသူကို မြင်ရသဖြင့် ဤမျှလောက် နွမ်းနယ်ပေကျံသော အဝတ်အစားများကို ဝတ်ဆင်ထားသူတစ်ယောက်သည် လူကြီးလူကောင်းပရိသတ်အတွက် သက်သက်ဖိတ်ကြားထားသော ဤပွဲ



နားကို မည်သည့်နည်းနှင့် ဝင်ခွင့်ရသည်ကို စဉ်းစားမရချေ။ ထိုခဏ၌ ၎င်းသည် နောက်ဆုံးကုလားထိုင်တန်းမှ မတ်တတ်ရပ်ကာ လှောင်ပြောင်သောမျက်နှာထားဖြင့် ပရိသတ်အားလုံးကိုကြည့်လျက် "ဗီလိန်ကိုင်လာတဲ့ ခြောက်လုံးပြူးဟာ သမ်းတောင့်မပါမှန်းသိလျက်သားနဲ့ ကြောက်ချင်ယောင်ဆောင်ရတာဟာ ဘာအဓိပ္ပာယ်လဲကွ၊ ထို့ ဒါနဲ့များ လက်ခုပ်တသောသောတီးပြီး ချီးမွမ်းလိုက်ကြတာ အားလုံးလူရူးတွေချည်းပဲ" ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ ပရိသတ်များအနက် တစ်ယောက် "ဘယ်က အရူးကို သွင်းထားကြသလဲ၊ ဆွဲထုတ်ပါစေလား" ဟု အော်လိုက်၏။ သို့ရာတွင် ထိုသူသည် ထိုသူကိုမျှ ဂရုစိုက်ရန်လက္ခဏာ မရှိဘဲ "ဇာတ်လမ်းမှာပါတဲ့ မိန်းမဟာ တကယ့်သတ္တိကောင်း ပြထားတာကတော့ အရေးကြုံတဲ့အခါမှာ ကြောက်ချေးပါတော့မလိုဖြစ်နေတယ်။ ဒီဟာကို ခင်ဗျားတို့က ကားကောင်းခေါ်ကြသလား၊ အလကားလူတွေချည်းပဲ" ဟု ဟစ်အော်ပြန်၏။

ထိုအခါ တစ်ယောက်သောသူက "ခင်ဗျား ဘယ့်နှယ်သိသလဲ" ဟု မေးရာ အဝတ်ဟောင်းများနှင့်လူက "ဒီဟာ ထိုးဇာတ်မဟုတ်ဘူး။ တကယ့်အဖြစ်အပျက်၊ မှုရင်းဖြစ်ပျက်ပုံကို ကျုပ်သိတယ်။ ဒီမိန်းမမျိုးမဟုတ်ဘူး။ ကြောက်ခွေသွားလျှင် ဇာကနာနဲ့ နုတ်ပစ်မယ်ဆိုတဲ့ မိန်းမမျိုး။ ကျုပ် ၎င်းသေချာချာသိတယ်" ဟု ရဲဝံ့စွာ ပြောလေ၏။ ၎င်းနောက် ထိုသူသည် ထွီခနဲ တံတွေးထွေးလျက် ပြင်သို့ ထွက်သွားလေရာ ပရိသတ်များမှာ လူရူးဟူ၍လည်းကောင်း၊ လူဆန်းဟူ၍လည်းကောင်း အမျိုးမျိုးတွေးတောပြောဆိုကာ ကျန်နေရစ်ကြလေ၏။

ကျွန်တော့်မှာ လူရူးတစ်ယောက်နှင့်မတူသော ထိုသူ၏အမူအရာကို မြင်ရသဖြင့် စုံစမ်းအံ့ဟု အကြံဖြစ်ပြီးလျှင် ရုံပြင်သို့ ချက်ချင်းထွက်၍ လိုက်သွားရာ ဘွမ်းယာဆိုင်ရှေ့တွင် မီးသည်နှင့် ပခုံးကိုပုတ်လျက် ကွန်တီနင်တယ်သို့ လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်၏။

(ဒေါသတကြီးနှင့်)"ခင်ဗျားဘယ်သူလဲ။ ခင်ဗျားကို ကျုပ်မသိပါကလား"

ထိုသူမှာ ဟောင်းနွမ်းသော အဝတ်အစားရှိသော်ငြားလည်း မျက်နှာထားမှာ မာနကြီးဟန်ရှိသောကြောင့် ကျွန်တော့်မှာ သာ၍ပင် သိကျွမ်းလိုသော စိတ်ဆန္ဒဖြစ်ပေါ်လာ ၏။

"ကျွန်တော်လည်း စာရေးဆရာတစ်ယောက်ပါပဲ။ ဘုရင့်ရုံထဲမှာ ခင်ဗျားတင်က ပြောသွားတဲ့စကားကို ကျွန်တော် ကြားလိုက်ရပါတယ်။ ကျွန်တော့်စိတ်သဘောအရမှာတော့ ဒီနေရာမှာ ဇာတ်လိုက်မင်းသမီးဟာ ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း ပြခြင်းဟာ မှန်တယ်လို့ ကျွန်တော် ထင်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော့်အား ရှုတ်ချဟန်ကြည့်လျက်)

"ခင်ဗျား ဒီလိုထင်ရင် ခင်ဗျားမှားတာပေါ့။ ဒါဖြင့်လာ ခင်ဗျားတိုက်တဲ့ လက်ဖက်ရည်ကိုသောက်ပြီး ခင်ဗျားနားလည်အောင် ကျုပ်ရှင်းပြမယ်"

ကျွန်တော်တို့သည် ကွန်တီနင်တယ်ဟိုတယ်သို့ ဝင်ကြပြီးနောက် စားစရာများကို မှာယူကြရာ ထိုသူသည် ကုန်ခြွေမဆည်နိုင်အောင် လျှင်မြန်စွာ စားသောက်သည်ကို တွေ့ရသဖြင့် အံ့သြစွာဖြင့် ထပ်လောင်းမှာယူရပြန်၏။

"ကျုပ်စားပုံကို ခင်ဗျားမအံ့သြနဲ့။ ကျုပ်အဖြစ်မျိုး ခင်ဗျားကြုံရရင် ကျုပ်လိုပဲ ခင်ဗျားစားမှာပါ။ ပါးစပ်နဲ့ စားစရာ မတွေ့ရတာ နာရီပေါင်း လေးဆယ်ကျော်ကြာသွားပြီဗျ။ တမြန်နေ့ညက ညစာဟာ ကျုပ်မှာ နောက်ဆုံးစားရခြင်းပဲ ခင်ဗျ"

ထိုအခါ ကျွန်တော့်မှာ ကရုဏာဖြစ်သည်နှင့် မုန့်ချိုများသာလျှင်မက ဘီစကိတ်၊ ကက်တလိတ် အစရှိသော ဆိုက်ဒစ်များကို မှာယူကျွေးမွေးရလေ၏။ ဝစေဝအောင်စားပြီး၍ ဆေးပြင်းလိပ်ကို မီးညှိပြီးနောက် ထိုသူသည် အလွန်ကျေနပ်သော အမူအရာနှင့် ကုလားထိုင်၌မှီကာ ပြုံးရွှင်စွာသော မျက်နှာထားဖြင့် ကျွန်တော့်အား စိုက်လျက်ကြည့်နေ၏။

"ကိုင်း ကျွေးမွေးခလေး ကျေအောင် ပြောပြရတာပေါ့ဗျာ"

(ခပ်တင်းတင်းမျက်နှာနှင့်)"ဒီလိုတော့ သဘောမထားနဲ့ဗျာ၊ ကျွန်တော်က ကရုဏာနဲ့ ကျွေးတာပါ။ အဖိုးအခရယ်လို့ သဘောမထားပါနဲ့။ ခင်ဗျားပြောချင်မှ ပြောပါ"

"သည်းခံပါမိတ်ဆွေ၊ ကျုပ်က စိတ်ချဉ်ပေါက်နေတဲ့လူတစ်ယောက်ဖြစ်လေတော့ ကော်ချင်ခတ်ချင်တဲ့ သဘောတွေအားကြီးနေလို့ပါ။ ရှေးအခါက ကျုပ်ကောင်းကောင်းစားစဉ်ကတော့ ဒီလိုသဘောမျိုး မဟုတ်ပါဘူးဗျာ၊ အကြံအစည် အပေါက်အလမ်းမတည့်တော့ လူဆိုတာ ကော်ချင်ခတ်ချင်တတ်တာမျိုးလားဗျ သည်းခံဗျာ"

"ကိစ္စမရှိပါဘူးဗျာ။ တောင်းပန်ရလောက်အောင် မဟုတ်ပါဘူး"

"ခုတင်က ကြည့်ခဲ့ရတဲ့ကားကို ခင်ဗျား ဘယ့်နှယ်သဘောရသလဲ"

"ကောင်းတာပေါ့ဗျာ၊ သိပ်ကောင်းပေတာပဲ"

"အဲဒါ ကျုပ်ရေးတဲ့ ဇာတ်လမ်းပဲ"

"ဘယ့်နှယ်ပြောတယ်"

"ဒီဇာတ်လမ်းကိုလည်း ကျုပ်ရေးခဲ့တယ်၊ မူလဇာတ်လမ်းတုန်းကလည်း ကျုပ်ကိုယ်တိုင် ဇာတ်လိုက်လည်း လုပ်ခဲ့တယ်"



"မူလဇာတ်လမ်းကိုဆိုတာ ဘယ့်နှာလဲဗျ။ ဒီဇာတ်လမ်းကို ဒီတစ်ခါပဲ ရိုက်ဖူးသေးတယ် မဟုတ်လား"

"တစ်ပိုင်းက ဟုတ်တယ်၊ တစ်ပိုင်းက မဟုတ်ဘူး။ တစ်ပိုင်းဟာက ရှေးတုန်းက တစ်ခါရိုက်ဖူးပြီ။ ခုတောင် ကော်ပီရှိသေးတယ်"

"ဒီအကြောင်းကို အခု ကုမ္ပဏီပိုင်ရှင်က သိသလား"

"သိသလား မသိသလား မဆိုနိုင်ဘူး၊ နို့ပေမယ့် ရိုက်ဖူးတဲ့ဇာတ်လမ်းဟာက ပြတော့မှာ မဟုတ်လေတော့ အကြောင်းမထူးလှပါဘူး"

"ဘယ်အပိုင်းက ခင်ဗျားပါဖူးသလဲ"

"ဇာတ်လိုက်မင်းသား စိုးတင့်နေရာဟာ ကျုပ်နေရာပေါ့ဗျ၊ ကျုပ်ကိုယ်တိုင် ဇာတ်လိုက်မင်းသား လုပ်ခဲ့ဖူးတယ်"

ထိုအခါ ကျွန်တော့်မှာ ပါးချောင်ကျကျ မျက်တွင်းဟောက်ဟောက်နှင့် ဆေးလိပ်သောက်လျက်ရှိသောလူကို စေ့စေ့ကြည့်လျက် မည်သို့မျှ မပြောဘဲ ဆိတ်ဆိတ်နေခဲ့၏။

"ကျုပ်လူပုံကိုကြည့်ပြီး ဇာတ်လိုက်လုပ်ဖူးတယ်ဆိုလို့ ခင်ဗျားက မယုံနိုင်သေးဘူးပေါ့။ သို့သော် ဟိုတုန်းက ကျုပ် ဒီလိုမဟုတ်ဘူးဗျ။ နေဦး အစကစပြီး ကျုပ်ပြောပြမယ်။ ခင်ဗျားနားထောင်"

ထိုလူသည် ဆက်လက်၍မပြောသေးမီ ဘီယာခွက်ကို ကျိုက်ချ၍ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိပြန်လေ၏။

"ဒီလိုဗျ။ ကျွန်တော်က ရုပ်ရှင်လုပ်ငန်းဘက်မှာ ဝါသနာပါလေတော့ အခုလို ကားကြီးတွေ မဟုတ်သေးဘဲ တောက်တီးတောက်တဲ့ ကားကလေးတွေ ရိုက်တဲ့ လက်ထက်ကတည်းက ဇာတ်ထုပ်ကလေးတွေလည်း ရေးခဲ့တယ်၊ ကိုယ်တိုင်လည်း ဝင်ပြီး ဇာတ်လိုက်လုပ်ခဲ့တယ်။ ဇာတ်လမ်းရေးတဲ့ဘက်မှာ ဟိုတုန်းက တော်တော်ကလေး နာမည်ရခဲ့ပါရဲ့။ အခုတော့ လူမသိကြပါဘူး။ နောက်ပေါ်တဲ့လူတွေ ခေတ်စားပြီး ကျုပ်တို့လူစု မြုပ်ကုန်ပါပြီ။ ဘယ်လိုနာမည်နဲ့ ရေးတယ်ဆိုတာလည်း မမေးပါနဲ့တော့။ မထူးပါဘူး။ တစ်နေ့သ၌တော့ မန္တလေးက ရုပ်ရှင်ကုမ္ပဏီတစ်ခုက ကျုပ်ကို ဒါရိုက်တာအလုပ်နဲ့ ငှားတယ်ဗျ။ ဇာတ်ထုပ်နာမည်တော့ ကျုပ်မေ့နေပြီ။ သို့သော် အဲဒီဇာတ်ထုပ်မှာ ဒါရိုက်တာအဖြစ်နဲ့ ကျုပ်လုပ်စဉ်က ဇာတ်လိုက်မင်းသမီး ခင်မြင့်မြင့်ဆိုပါတော့။ အဲ... သူနဲ့ကျုပ်နဲ့ ခင်မြင့်ချင်းဆိုသလို ချစ်ကြိုက်ကြတယ်"

ထိုသူသည် ခပ်ပြုံးပြုံးမျက်နှာနှင့် ကျွန်တော့်အား ကြည့်နေပြီးမှ ဆက်လက်၍...

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချစ်ကြိုက်တဲ့မိန်းမဆိုတာ ချောတယ်လှတယ်လို့ ထင်မှတ်ကြစမြဲပဗျာ။ သို့သော် ခင်မြင့်မြင့်ဟာကတော့ ကျုပ်တစ်ယောက်တည်း ထင်မြင်ချက်မဟုတ်၊ မန္တလေးမြို့ပေါ်ရှိ အင်္ဂလိပ်ကျောင်းသားတိုင်း၊ ဗျေးသူဗျေးသားတိုင်း၊ ရှုံးသူရှုံးသားတိုင်းက ချောတယ်လှတယ်လို့ ထင်မြင်ချက်အတိုင်း တနင်္ဂနွေနေ့များဆိုရင် သူ့အိမ်ရှေ့လက်ဖက်ရည်ဆိုင်မှာ တသောသော တဝုန်းဝုန်း တရုန်းရုန်းနေတာပဲဗျာ။ ချောလည်း ချောပါပေတယ်။ မြင်ရသူတိုင်း အသက်ရှူမှားမတတ်ပါပဲ။ ခုတင်က မြင်ခဲ့ရတဲ့ ခင်မြတင်လည်း တော်ပါရဲ့။ သို့သော် ခင်မြင့်မြင့်နဲ့စာလိုက်တော့ တောသူကြီးလို ကြမ်းထော်ထော်ကြီး ဖြစ်သွားမှာပေါ့ဗျ၊ ဒါထက်အပြင်ဘက်က ပိုးကြပန်းကြတဲ့လူတွေ ထားလိုက်ပါဦးတော့၊ ကျုပ်တို့ဇာတ်လမ်းထဲမှာ လူကြမ်းဗီလိန်လုပ်တဲ့ မြေလတ်သားဘဂျမ်းဆိုတဲ့ အကောင်ကလည်း ခင်မြင့်မြင့်ကို ပိုးနေတာကိုးဗျ။ ဒီငနဲက ကျုပ်ရန်သူပဲ...

ဘိုင်စကုပ်ဇာတ်ကားတွေဆိုတာမျိုးဟာ ကိုယ့်ဇာတ်ကွက် မရောက်သေးတဲ့အခါမှာ ရယ်ရယ်မောမော၊ ရောရောနှောနှော နေတတ်ကြတာမျိုးလားဗျ၊ ကျုပ်မှာတော့ ဒါရိုက်တာဖြစ်လေတော့ ဒီလူနဲ့လဲပါရ၊ ဟိုလူနဲ့လဲပါရ၊ သူတို့တစ်တွေအတော့တိုယ့်အလှည့်မဟုတ်ရင် လူအားတွေဖြစ်လေတော့ ဘယ်အခါမဆို လှည့်ကြည့်လိုက်ရင် ဘဂျမ်းဆိုတဲ့ကောင်က ခင်မြင့်မြင့်အနားမှာ တပွတ်သပ်သပ်ချည်းပဲဗျ။ ကျုပ်မှာတော့ အလုပ်သာလုပ်နေရ စိတ်ကို မဖြောင့်နိုင်ဘူး။ မပြုံးနဲ့ဗျ၊ ခင်ဗျားက ခင်မြင့်မြင့်ကို မမြင်ဖူးလိုက်ရလို့ မြင်ဖူးရင်လည်း ကားထဲမှာဖြစ်လိမ့်မယ်။ အပြင်ရုပ်က ကားထဲမှာထက် ဆယ်ပြန်မက ချောတဲ့မိန်းကလေးဗျ"

"ယုံပါတယ်ဆရာကြီးရယ်။ ပြောသာပြောပါ"

"အမှန်ပြောရမှာဖြင့် မူလတုန်းက တစ်ဘီးလိမ့်ဆိုတဲ့စကားလို ကျုပ်ကသက်သက်ချစ်ကြိုက်နေရတာပဲ ရှိသေးတယ်။ ဒါရိုက်တာနဲ့ဆိုင်ရာစကားကလွဲလို့ ခင်မြင့်မြင့်နဲ့ကျုပ်နဲ့ စကားနှစ်ခွန်းပြည့်အောင် မပြောရသေးဘူး။ ဒါကြောင့်မို့လည်း ဘဂျမ်းကောင်ကို ကျုပ်က သာပြီးငြူစူတာပလေ။ ကျုပ်သိရသလောက်မှာလည်း ခင်မြင့်မြင့်က ဘဂျမ်းကိုအားပေးအားမြှောက် ပြုဟန်မတူပါဘူး။ ဟိုအကောင်ကသာ ဇာတ်သားတိုင်း မေးငေါ့လောက်အောင် တစ်ရစ်ထဲရစ်ပြီးတပွတ်သပ်သပ် လုပ်နေတာပါ။ ဒီအကောင်က ဒီလိုလုပ်လေ ကျုပ်က သူ့ကိုရွံလေမုန်းလေဆိုတာလည်း သူသိသဗျ၊ ဒါမျိုးဟာ ဝိုင်ယာလက်ထက်ထောင် ဆိုးသေးတယ်။ တစ်ယောက်တစ်ယောက် အင်မတန်သိတာကလားဗျာ"

"အသိဆုံးပဗျာ၊ ဆိုပါဦး"



"ရှေးဦးစွာ ဘဂျမ်းနဲ့ကျုပ်နဲ့ ဘယ်လိုတည်ရသလဲဆိုတော့ ဗီလိန်ဘဂျမ်း ...ခရာနားကပ်ပြီး တစ်ယောက်တည်း ဓာတ်ပုံရိုက်ခံစေတဲ့အခိုက်မှာ ခင်မြင့် ... အဆေးကလူတစ်ယောက်နဲ့ စကားပြောနေရာကနေပြီး ရယ်လိုက်တယ်ဗျ၊ ...မြင့်ရယ်သံကြားလိုက်ရရင်ပဲ ဘဂျမ်းဟာ ဓာတ်ပုံရိုက်ခံနေရာက ဂနာမငြိမ် ... လှမ်းကြည့်လိုက်တယ်။ ဒီတော့ ဒီကားပျက်သွားတာပေါ့ဗျာ။ ကျုပ်က ...ဓာတ်ပုံရိုက်ခံနေတုန်း တောင်ကြည့်မြောက်ကြည့်မလုပ်ဖို့ ဘဂျမ်းကိုကြိမ်း ...တော့ ဘဂျမ်းက ကျုပ်ကိုနိုင်တုန်း... ထောင်းရမလားလို့ ရန်ငြိုးကြီးဖွဲ့တာကိုး ...ခဲ့တာတုန်းက ဘဂျမ်းက ကျုပ်ကိုပွတ်ချေလို့ရရင် ပွတ်ချေပစ်ချင်တယ်။ ...ောက်ပဲ မုန်းဟန်ရှိပါရဲ့။ သို့သော် သူ့အမုန်းနဲ့ ကျုပ်အမုန်းဟာတော့ဖြင့် ...ချင်းတယ်ကွာလှမယ် မဟုတ်ဘူးထင်တယ်..."

"အဲဒီနေ့ကစပြီး ဘဂျမ်းဟာ ကျုပ်ကို မခေါ်နိုင်မပြောနိုင် မျက်စောင်း ...ထိုးနဲ့ တရှုရှု တအောင့်အောင့် လုပ်နေတော့တာပဲဗျာ။ တစ်နေ့သ၌တော့ ...ဆိုးဖို့အကြောင်း ဖြစ်ပေါ်လာပြန်ပါရောဗျာ။ မင်းကွန်းဘက်မှာ စခန်းချပြီး ...ရိုက်နေကြတုန်းမှာ ညနေခင်းအချိန် ကိုယ်လက်သုတ်သင်ဖို့ ချုံကွယ်ရာ ...မှာ လားလားဗျာ... ဘဂျမ်းဟာ အင်မတန်ယုတ်ညံ့တဲ့အကောင်ဗျ။ ...မြင့်ကို သူက ချုံကွယ်ကနေစောင့်ပြီး ထွေးလားလုံးလား ဖြစ်နေကြတာကိုး ...ရောက်သွားတော့ ဘာမှမပြောနဲ့ ဘဂျမ်းလည်ကုပ်ကို လက်တစ်ဖက်နဲ့ ...ပြီး လက်သီးနဲ့မျက်နှာကို တည့်တည့်ကြီးထိုးလိုက်တာ ခင်ဗျားအကောင် ...တင် ဖင်ထိုင်ရက်လဲပြီး စေတီပျက်နဲ့ နောက်စေ့နဲ့ဆောင့်မိလိုက်တာ ဆန့်ငင် ...င်နဲ့ မထနိုင်ဘူးဗျာ"

"မိန်းကလေးကော ပြေးရောလား"

"ဘယ်က အပြေးခံမလဲဗျာ၊ ဒီလိုနေရာမျိုးလောက် အခွင့်သာတာ ဘယ် ...ဦးမှာလဲ။ သူ့ကိုစော်ကားတဲ့ လူဆိုးလက်က ပူပူနွေးနွေး ကယ်ဆယ်ပြီးစ ...တော့ လက်ကလေးအသာကိုင်ပြီး ချစ်ကြောင်းကြိုက်ကြောင်း ပြောတာ ...သေဗျာ"

"ဘဂျမ်းနဲ့တုန်းကလို ရန်းသေးသလား"

"ဒီကအကောင်က အတင်းအဓမ္မမှ မဟုတ်ဘဲ။ ဘာရန်းမှာလဲဗျ။ ဩော် ...မြင့်... ခင်မြင့်မြင့်"

ဤနေရာ၌ ထိုလူသည် ရှေးဖြစ်ဟောင်းများကို စိတ်ထဲတွင် တစ်ဖန်ပေါ် ...ရှိနေဟန်ဖြင့် ဆေးပြင်းလိပ်ကို ဆိတ်ငြိမ်စွာဖွာလျက် ရှိနေ၏။

ထို့နောက်မှဆက်လက်၍...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ကြိုက်လို့သာ လင်မယားအဖြစ် ရောက်ကြတာပေါ့လို့ ပြောတော့ ပြောကြမှာပဲ။ သို့သော် ချစ်ကြိုက်ကြပုံချင်းတော့ မတူသေးဘူးမှတ်တယ်ဗျာ ကျုပ်ကိုပဲ ကဲကိုကဲလွန်းတယ်မှတ်တယ်။ ခင်မြင့်မြင့်ပါးစပ်က ချစ်ပါတယ်၊ ကြိုက် ပါတယ်လို့ ဖွင့်ဟပြောဆိုခြင်းကို ကြားရတဲ့အချိန် ဒီနေရာကစပြီး ကျုပ်စိတ်ထဲ ကမ္ဘာလောကကြီးတစ်ခုလုံးဟာ ဘယ်လိုပြောင်းလဲနည်း ပြောင်းလဲသွားတယ် မဆိုနိုင်ဘူး။ ချွေးဟောင်းသံဟာလည်း ကျုပ်နားထဲမှာ သာယာတာပဲ။ ချုံကလေး တွေဟာလည်း ကျုပ်မျက်စိထဲမှာ လှတာပဲ၊ ညနေစောင်း မြူကလေးသမ်းပြီး နှင်းကလေးရစ်လာတာကို ကြည့်ရတာကို အူရွှင်လွန်းလို့ အော်ဟစ်ပြီး ရယ်လိုက် ချင်တယ်။ ဩော်... မေတ္တာ... မေတ္တာ"

"လဲနေတဲ့ ဘဂျမ်းကောဗျ"

"ခင်မြင့်မြင့်က လန့်အော်လိုက်လို့ ဘဂျမ်းကို လှည့်ကြည့်လိုက်တော့ ချွေးမသားက စေတီပျက်က အုတ်ချပ်တစ်ချပ်ကို ဆွဲနုတ်နေတာ မြင်ရတာကိုးဗျ သူ့အကြံက ကျုပ်နောက်ကနေပြီး ခဲနဲ့ပေါက်မလို့ဟာ။ ကျုပ်နဲ့မျက်နှာချင်းဆိုင် ဒြစ်နေတာမြင်လေတော့ ဗလချင်းမတုဝံ့တာနဲ့ ယီးတီးယားတားလုပ်ပြီး အုတ်ချပ် ကိုပြန်ချ၊ ဘာလိုလိုနဲ့ ယောင်ချာချာလုပ်ပြီး သုတ်သုတ်သုတ်သုတ်နဲ့ ထွက်သွား ပါရောဗျာ"

"ကျေတော့ မကျေဘူးပလေ"

"ဘယ်က ကျေလိမ့်မလဲဗျာ။ နောက်တော့ ခင်ဗျားကြားရပါလိမ့်မယ်။ ခင်မြင့်မြင့်ကတောင် သူ့မျက်နှာထားကြီးကို ကြောက်လှပါတယ်ဆိုလို့ ကျုပ်တစ် ယောက်လုံး ရှိနေသမျှ ကာလပတ်လုံး ဘဂျမ်းတစ်ယောက်တည်းမကသေးဘဲ ဒီအကောင်မျိုးတစ်ရာတစ်ထောင်ကိုပင် မကြောက်ထိုက်ကြောင်း သမီးရည်းစား ထုံးစံအတိုင်း အားပေးရတာပလေဗျာ"

"နေပါဦးဗျာ၊ ဒါထက် ဒီကနေ့ညနေ ကျုပ်တို့မြင်ခဲ့ရတဲ့ကားနဲ့ ခင်ဗျား အဖြစ်အပျက်နဲ့ ဘယ်လိုသက်ဆိုင်သလဲ"

"နေပါဦးဆရာကြီး၊ ရောက်လာပါလိမ့်မယ်။ နိဒါန်းရှိပါသေးတယ်။ ဖဲ သုံးချပ်ဇာတ်လမ်းကို ပြောခဲ့ပြီမဟုတ်လား။ ဒီလိုဗျ။ မန္တလေးက ရုပ်ရှင်ကုမ္ပဏီ မှာ ဒါရိုက်တာအဖြစ်နဲ့ ကျုပ် အလုပ်လုပ်ပြီး ခင်မြင့်မြင့်နဲ့ ချစ်ကြိုက်နေစဉ် ဒီဇာတ် လမ်းကို ကျုပ်ရေးတယ်။ ရေးပြီးခင်မြင့်မြင့်ကို ပြတော့ သူက ကျုပ်တို့ အတူတူ အလုပ်လုပ်နေကြတဲ့ ကုမ္ပဏီပိုင်ရှင်ကို ပြကြည့်ဖို့ အကြံပေးတယ်။ ပြီးတော့လည်း ဖဲသုံးချပ်ဇာတ်ကားမှာ ကျုပ်က ဒါရိုက်တာမလုပ်ဘဲ ကိုယ်တိုင်ဇာတ်လိုက်မင်း သားလုပ်ပြီး ခင်မြင့်မြင့်နဲ့တွဲဖို့ ခင်မြင့်မြင့်ကပဲ အကြံပေးတယ်။ ဟိုတုန်းက စိတ်



...ဉ်လိုက်ကြတာတွေများ ပြန်ပြောရရင်တော့ဗျာ စာတစ်အုပ်ရေးလို့တောင် ...မဟုတ်ဘူး"

"စိတ်ကူးယဉ်တွေဖယ်ပြီး အဖြစ်အပျက်လောက်သာ ပြောပါတော့ဗျာ"

"ကောင်းပါပြီဗျာ၊ ခင်မြင့်မြင့်အကြံပေးတဲ့အတိုင်း ဖဲသုံးချပ်ဇာတ်ကားကို ...ပိုင်ရှင်ပြကြည့်တော့ သူက အင်မတန်နှစ်သက်ပြီး ချက်ချင်းဝယ်ယူဖို့ ...ဘတူရုံမက ခင်မြင့်မြင့်နဲ့ ကျုပ်နဲ့တွဲဖို့ အကြံကိုပါ သဘောတူလိုက်ပါရော ...နှစ်ယောက်သားလက်တွဲပြီးတောင် ကမိကြသေးတယ်။ သူ့ဌေးက ဗီလိန်နေ ...တော့ ဘဂျမ်းကိုပဲ အသုံးပြုဖို့ပြောတယ်။ ကျုပ်ကတော့ သဘောမကျလှ ...၊ သို့သော် သူ့စာချုပ်နဲ့သူဖြစ်လေတော့ ကျုပ်တို့က ကန့်ကွက်ဖို့ တာဝန် ...ကိုးဗျ။ ဒါနဲ့ ခင်မြင့်မြင့်က စိတ်လေးလေးနဲ့ပဲ ဘဂျမ်းပါစေဖို့ကို သဘော ...တူရတယ်။ ဘဂျမ်းရဲ့အမူအရာကလည်း ဟိုနေ့က ဟိုလိုဖြစ်ပြီကတည်း ...ကျုပ်တို့နှစ်ယောက်ကို ဖော်ဖော်ရွေရွေ ပျူပျူငှာငှာပဲဗျ။ ကျုပ်နဲ့ ခင်မြင့်မြင့်ဟာ ...တွဲတိနေလို့ မကြာမီ ထိမ်းမြားလက်ထပ်တော့မယ်ဆိုတာကိုလည်း တစ်ဇာတ် ...သိကြတယ်ပေါ့။ ဖဲသုံးချပ်ဇာတ်ကားရိုက်ပြီးပြီးချင်း ကျုပ်တို့ မင်္ဂလာ ...ကြဖို့ စီမံထားတယ်။ ဘဂျမ်းက ဒီအကြောင်းကြားရလို့ ဝမ်းမြောက်တဲ့ ...ကြောင်းများတောင် ကျုပ်ကို ပြောသေးတယ်ဗျ။ အာဂအကောင်ပဲဗျ။ ဒီဇာတ် ...ကို ကျုပ်ရေးမိခြင်းဟာ ကျုပ်ရည်းစားသေဖို့ ရေးမိတာပါပဲဗျာ"

"အစဉ်လိုက် ပြောစမ်းပါဗျာ၊ ရှေ့ကို ကျော်ကျော်ပြီး မပြောစမ်းပါနဲ့"

"သည်းခံပါဗျာ၊ ဆုံးလဲဆုံးလုနီးပါပြီ။ သေသေချာချာနားထောင်နော်၊ ...က ကြည့်ခဲ့တဲ့ဇာတ်လမ်းမှာ ဇာတ်လိုက်မင်းသားနဲ့မင်းသမီးဟာ ဗီလိန်တို့ ...သင်ပြီးပြီအမှတ်နဲ့ စိတ်ချလက်ချ ဖုံပေါ်မှာထိုင်နေကြပြီး အစေခံကို စားစရာ ...ခဲ့ဖို့ ခိုင်းလိုက်တယ်မဟုတ်လား။ ဖဲသုံးချပ်ဇာတ်လမ်းကို မူလဦးစွာရိုက်ခဲ့ ... ကျုပ်က ဇာတ်လိုက်ဗျ။ ခင်မြင့်မြင့်က မင်းသမီးဗျ။ ရိုက်ခဲ့တာကတော့ ...င်းအတော်ကြာပြီ။ နို့ပေမယ့် မနေ့က ရိုက်ခဲ့ရသလို ကျုပ်စိတ်ထဲမှာ စွဲပြီး ...ခဲနေတုန်း ရှိသေးတယ်ဗျာ။ လက်ထပ်ဖို့ရက်ကလည်း သန်ဘက်ခါဖြစ်လေ ... ခင်မြင့်မြင့်နဲ့ ဖုံပေါ်မှာ အတူတူတွဲပြီး ထိုင်နေလိုက်ရတာကို ကျုပ်စိတ်ထဲမှာ ...ည်းစိမ်ရှိနေတာပဲ...

"ဒါရိုက်တာလုပ်တဲ့လူကလည်း ဗီလိန်ဘဂျမ်းကို ခြောက်လုံးပြူး ဘယ် ...ကိုင်ရမယ်၊ ဘယ်လိုဟန်ပန်နဲ့ ဝင်ခဲ့ရမယ်၊ ဘယ်လိုမျက်နှာထားနဲ့ လာရမယ် ...ကို သင်ပြနေတုန်း ကျုပ်တို့နှစ်ယောက်က ဖုံပေါ်မှာ စည်းစိမ်နဲ့ထိုင်ပြီး ...ည့်နေကြတာပေါ့ဗျာ။ အလုံးစုံသင်ပြပြီးတဲ့အခါကျတော့ ကင်မရာလည်းလှည့်

www.burmeseclassic.com

www.burmeseclassic.com



ရော ဘဂျမ်းလည်း ခြောက်လုံးပြူးကြီးကိုကိုင်ပြီး ဝင်လာပါရောဗျာ၊ ဝင်လာ
တော်တော်နေရာကျတယ်ဗျို့။ ကျုပ်တို့ကို မုန်းထားပုံမျက်နှာထားဟာလ
တကယ်စင်စစ်ပဲလို့တော့ ဆိုလောက်ပါပေတယ်။ သို့သော်လည်း သူ့မျက်နှ
ကျုပ်ကြည့်ရင်းကြည့်ရင်း ဘယ်လိုဖြစ်လာသလဲဆိုတော့ ဒီအကောင်ဟာ
လမ်းဓာတ်ကွက်အလျောက်သာ ကျုပ်တို့ကို မုန်းခြင်းမဟုတ်၊ အကယ်စင်
မုန်းခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း သူ့မျက်နှာထားမှာ ပြနေတယ်လို့ ကျုပ်
မိတာကိုးဗျ။ ဒီတော့ နည်းနည်းရင်ထဲက ထိတ်ခနဲဖြစ်သွားတယ်...

"သို့သော် ကျုပ်တို့ ဓာတ်ပုံရိုက်ဖို့ အလှည့်ကျတဲ့အတွက် ကင်မရာ
ကျုပ်ဘက်လှည့်လိုက်သော ဓာတ်ကွက်နဲ့ဆိုင်ရာ မျက်နှာထားမျိုးကိုသာ
လိုက်ရတော့တာကိုးဗျ။ ဘဂျမ်းက ခြောက်လုံးပြူးကိုင်ပြီး ကျုပ်တို့ဆီလာ
ကျုပ်က ထိုင်ရာကထ၊ ဘဂျမ်းက ကျုပ်ကိုခြောက်လုံးပြူးနဲ့ချိန်၊ ချိန်လိုက်သ
နှင့် တစ်ပြိုင်နက် သူ့ခြောက်လုံးပြူးမှာ မူလစီစဉ်ထားတဲ့အတိုင်း ဗလာယ
တောင့်မဟုတ်၊ ကျည်ဆန်ပါတဲ့ ယမ်းတောင့်ထိုးထားကြောင်းကို ကျုပ်ရော
ခြင့်မြင့်ပါ တစ်ပြိုင်တည်းသိကြတာကိုးဗျ။ သူက ကျုပ်ကို ဒီနည်းနဲ့သတ်ဖို့
ထားကြောင်း သူ့မျက်နှာထားက ထင်ရှားစွာပြနေတယ်။ ငါ့အကြံအောင်ပြ
နင်တို့သေပေတော့လို့ ထုတ်ဖော်ပြီးမပြောသော်လည်း ပြောတိသကဲ့သို့ ကျုပ်
နှစ်ယောက်လုံးက ရိပ်မိတဲ့အတွက် ကျည်ဆန်ကိုရှောင်ဖို့ ကြမ်းပေါ်ကိုဝမ်း
ထိုးပြီး အိပ်လည်းအိပ်လိုက်ကရော ဒိုင်းခနဲမြည်ပြီး ဗိုက်ထဲကနွေးခနဲဖြစ်ပြီး သ
လစ်သွားပါရောဗျာ"

ထိုလူသည် ဆက်လက်၍ မပြောသေးဘဲ ဆေးပြင်းလိပ်ကို မီးညှိလေ
ငှင်း၏ လက်များမှာ တုန်လျက်ရှိ၏။

"ခင်မြင့်မြင့်ရော"

"နေဦးလေဗျာ ပြောပါမယ်။ ဓာတ်ပုံဆရာက ကျုပ်မှာ သေနတ်မှန်သေ
လည်း ကယောင်ချောက်ချားဖြစ်ပြီး ကင်မရာကို မရပ်ဘဲရိုက်မြဲတိုင်း ဆက်ရိ
နေတာကိုးဗျ။ သူရိုက်ထားတဲ့ပုံတွေကို နောက်ခြောက်လလောက်ကြာလို့ ဆေ
က ဆင်းတဲ့အခါမှာ ကျုပ်မြင်ခဲ့ရတယ်။ သတ္တိကောင်းလိုက်တဲ့မိန်းမဗျာ။ ဇာ
လမ်းအတိုင်းမှာတော့ ခင်မြင့်မြင့်က သေနတ်ကိုမြင်တဲ့အခါမှာ အထိတ်ထိ
အလန့်လန့်နဲ့ တုန်တုန်ယင်ယင်ဖြစ်သွားဖို့ ဒါရိုက်တာက သင်ထားတယ်။ နို့
မယ့် ဘဂျမ်းက ကျည်ဆန်အစစ်ပါတဲ့သေနတ်နဲ့ ကျုပ်ရင်ဘတ်ကို ချိန်တာ
တစ်ပြိုင်နက် ကျုပ်ရှေ့ကဝင်တဲ့ပြီး ထိုးကာလိုက်တာ သူ့မှာတော့ ရင်ဘတ်
မှန်ပြီး နေရာတွင် ပွဲချင်းပြီးရော၊ ကျုပ်မှာတော့ ဗိုက်ကိုမှန်ရော၊ ဓာတ်ပုံကို ကျ



သေသေချာချာ ကြည့်ခဲ့တယ်။ ကြောက်ခြင်းလန့်ခြင်းဆိုလို့ တစ်ဆိတ်ကလေးမှ
တွေ့ရဘူးဗျာ။ ရည်းစားအသက်ကို ကိုယ့်အသက်နဲ့ ကာကွယ်တဲ့ ဒီလိုမိန်းမမျိုး
ကို ဘယ်တော့ကျွန်တော် တွေ့ရဦးမှာလဲ မိတ်ဆွေ"

ထိုသူသည် ဆက်လက်၍ စကားမပြောသေးဘဲ ဆိတ်ငြိမ်စွာ နေခြင်းကို
အတန်ကြာအောင် ကျွန်တော်စောင့်ပြီးမှ...

"ဘဂျမ်းကောဗျ"

"တတိယယမ်းတောင့်နဲ့ သူ့ကိုယ်သူ ပစ်သတ်လိုက်တယ်။ သူတို့နှစ်
ယောက်ကတော့ သွားကုန်ကြပြီ။ ကျုပ်ပဲကျန်နေတော့တယ်။ ကျုပ်လည်း မကြာ
တော့ပါဘူး။ လိုက်ရုံသာရှိပါတော့တယ်။ အခုတောင်မှ ဖဲသုံးချပ်ဓာတ်ကားကို
အခြားကုမ္ပဏီက ပြန်ရိုက်တယ်ဆိုလို့ ဟိုကျရင်ခင်မြင့်မြင့်ပြောပြရအောင် ကျုပ်
လာကြည့်တာပဲ။ ကျေးဇူးတင်ပါတယ်ဗျာ၊ ဝမ်းလည်းတောင့်ပြီး ခွင့်ပြုပါဦး၊ ကျုပ်
သွားလိုက်ပါဦးမယ်"

ထိုကဲ့သို့ ပြောပြောဆိုဆိုနှင့် ထွက်သွားလေရာ ကျွန်တော့်မှာ စိတ်ထဲက
တွေနပ်သေးသည်နှင့် အပေါက်မှ မျှော်ကြည့်သောအခါ ထိုသူသည် တံတား
ပေါ်၌ မိန်းကလေးတစ်ယောက်နှင့် တွဲ၍သွားနေသလို မီးရောင်တွင် မထင်မရှား
ရေးရေးမျှမြင်လိုက်ရ၏။

ထိုမိန်းမ၏ အဝတ်အစားများမှာ ထိုသူကဲ့သို့မဟုတ်ဘဲ သစ်သစ်လွင်လွင်
နှင့် အရောင်တောက်ပစွာ ရှိသည်ဟုထင်မှတ်၍ ခင်မြင့်မြင့်ကို သတိရသည်နှင့်
ကြည့်ရင်းပင် ကြက်သီးများထလာမိသေးပေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရှူးကိုယ်ပတ်

မောင်တင်ဖေသည် အစိုးရဘာက်၌ အမှုထမ်းတစ်ယောက်ဖြစ်၍ ကိုယ်ကျိုးစီးပွားသက်သက်ကိုသာ အစဉ်မပြတ်ကြည့်လျက် မြှောက်သင့်သူကို မြှောက်၊ အဆင်းတွန်းသင့်သူကို တွန်းတတ်သောသူတို့၏ ထုံးစံအတိုင်း အတော်ပင် ကြီးပွားလာခဲ့၏။ ထို့ပြင် မကြာသေးမီက ကာလကတ္တားရိန်းကျားထီတွင် ဒုတိယဆုရခဲ့သူဖြစ်၍ မိမိ၌ရှိသော ကားဟောင်းကို မရောင်းချသေးမီ ကားသစ်တစ်စီးကိုဝယ်ယူပြန်သဖြင့် တစ်စီးသောကားကို မိမိအား မသိရသော ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့ထားခဲ့၏။ ၎င်းအကြံအစည်မှာကား မိမိက တစ်သက်ပတ်လုံး ရန်သူကြီးအဖြစ်နှင့် သဘောထားလာခဲ့သော သူငယ်ချင်း မောင်ဘမြင့်ကို သတ်ဖြတ်ရန် ဖြစ်ချေ၏။

ထိုည၌ မောင်တင်ဖေသည် ဝိုင်အမ်ဘီအေအသင်းတိုက်တွင် အခြားအသင်းသားများနှင့်အတူ ဝိုင်းဖွဲ့၍စကားပြောကြစဉ် သတင်းစာတိုက်တစ်တိုက်တွင် အလုပ်လုပ်သော အသင်းသားတစ်ယောက်က လူသတ်မှုအကြောင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ပြောဆိုသည်ကို ကြားခဲ့ရ၏။ ထိုသူ၏ စကားအရမှာ လူသတ်မှုဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် ပုလိပ်အရာရှိတို့သည် သတ်ခြင်း၏ အကြောင်းရင်းဟု ဆိုအပ်သောရည်ရွယ်ချက်ကို ရှေးဦးစွာ စုံစမ်းရှာဖွေတတ်ကြ



ကြောင်း၊ သူရူးတစ်ယောက်သာလျှင် ရည်ရွယ်ချက်မရှိဘဲလျက် သတ်ဖြတ်နိုင်ပြီဖြစ်ကြောင်း၊ ရည်ရွယ်ချက်ဆိုသည်မှာ မုန်းခြင်းကြောင့်ဖြစ်စေ၊ ရည်းစားလုမှုကြောင့်ဖြစ်စေ၊ သေသူ၏ငွေကို ရရန်ဖြစ်စေ တစ်ခုခုကို ဆိုလိုကြောင်း၊ အဆိုပါရည်ရွယ်ချက်များအနက် တစ်ခုခုကြောင့် ဖြစ်သည်ဟူ၍ တပ်အပ်သေချာ သိသာခြင်းမရှိသောအခါတွင် လက်သည်ကို ရှာဖွေရန်လွယ်ကူတတ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဖော်ပြလေ၏။ ၎င်းစကားများကို အခြားအသင်းသားများနှင့်အတူ နားထောင်လျက်ရှိသော မောင်တင်ဖေသည် မိမိအားသတိပေးဘိသကဲ့သို့ ရှိပေသည်ဟု သဘောရလျက် အသင်းတိုက်မှ ဆင်းကြသောအခါတွင် ဖြောင့်သက်လိုသော မောင်ဘမြင့်နှင့်အတူ ရင်းနှီးစွာ ယှဉ်တွဲခဲ့ကြလေသည်။ မောင်တင်ဖေနှင့် မောင်ဘမြင့်တို့မှာ အလွန်တရာ ချစ်ကျွမ်းဝင်ကြသော သူငယ်ချင်းဟူ၍ အခြားသော အသင်းသားများက မှတ်ယူကြပြီး ဖြစ်လေရကား ထိုကဲ့သို့ ရင်းနှီးသောအပြုအမူမှာ တစ်စုံတစ်ရာ ထူးခြားခြင်းရှိသည်ဟူ၍ မှတ်ထင်ကြမည် မဟုတ်ချေ။

မောင်တင်ဖေမှာ အလွန်တရာ ပါးနပ်သောလူတစ်ယောက်ဖြစ်သဖြင့် မောင်ဘမြင့်အပေါ်၌ မုန်းထားခြင်းတည်းဟူသော မိမိ၏သဘောထားကို အခါခပ်သိမ်းလျှို့ဝှက်သိုသိပ်နိုင်ခဲ့သည်ဖြစ်သောကြောင့် တစ်ဦးတစ်ယောက်သောသူမျှ ၎င်း၏ အကြံအစည်ကို မရိပ်မိနိုင်ခဲ့ချေ။ မောင်ဘမြင့်ကိုယ်တိုင်ကလည်း သူငယ်ချင်းမောင်တင်ဖေသည် မိမိကောင်းစားသည်ကိုသာ မြင်လိုသည့်အကောင်းဆုံးသော မိတ်ဆွေတစ်ဦးဟူ၍ စိတ်ချယုံကြည်ခြင်း ရှိခဲ့၏။ နက်ဖြန်တိုင်ရောက်၍ မောင်ဘမြင့်သည် မောင်တင်ဖေ၏ စိတ်နေသဘောထားကို သိရသောအခါတွင် အကြီးအကျယ်အံ့သြခြင်း ဖြစ်မည်မှာ မုချမလွဲပေတည်း။

မောင်တင်ဖေမှာ မောင်ဘမြင့်သည် ထောက်ကြံ့၌ရှိသော ၎င်း၏အိမ်ကြီးသို့ တစ်ယောက်တည်းသွားမည်ဟု သိရှိရကတည်းက တစ်သက်ပတ်လုံး အချက်ကောင်းကို စောင့်နေသူဖြစ်သည့်အလျောက် သူငယ်ချင်း၏အသက်ကို ဖြတ်ရန် ဝံမလျက်ရှိ၏။ မောင်တင်ဖေ၏ အကြံမှာ ပါးနပ်သောလူတစ်ယောက်၏ အကြံဖြစ်သည့်အားလျော်ညီစွာ အလွန်တရာ ကျနသေချာခြင်း ရှိချေ၏။ မည်မျှလောက်ကျနသေချာခြင်း ရှိသည်ဆိုသော် အကယ်၍တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိ၏ အကြံအစည် အထမမြောက်ရှိခဲ့စေကာမူ တစ်ဦးတစ်ယောက်သောသူများ သော်လျှင် သတ်ဖြတ်ရန်ကြိုးစားအားထုတ်မှုနှင့် မောင်တင်ဖေအား စွပ်စွဲနိုင်မည် မဟုတ်ချေ။ မိမိအပေါ်သို့ ရောက်လာမည်ဖြစ်သော ဘေးရန်အပေါင်းတို့ကို မောင်တင်ဖေသည် ကြိုတင်ကာကွယ်ပြီး ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာ မောင်တင်ဖေသည် မောင်ဘမြင့်သေဆုံးကြောင်းကို လူအများ သိရှိကြသောအခါ၌ တစ်ဦးတစ်ယောက်သောသူကမျှ လူသတ်မှုဟူ၍ မတွေးတောနိုင်လောက်အောင် စီမံထားခဲ့၏။ ပုလိပ်အရာရှိများနှင့်တကွ ကြားရသူဟူသမျှတို့သည် မတော်တဆ ထိခိုက်သေဆုံးခြင်း ဖြစ်သည်ဟူ၍သာလျှင် တွေးတောစေဖို့ကိုလည်း စီစဉ်ထားခဲ့၏။

မောင်ဘမြင့်သေဆုံးသောအခါတွင် မောင်တင်ဖေသည် ကျန်ရစ်သူမုဆိုးမ မသန်းမေထံသို့ ခရီးရောက်မဆိုက် သွားရောက်ပြီးလျှင် ချစ်လှစွာသော သူငယ်ချင်း သေဆုံးခြင်းအတွက် မိမိကိုယ်တိုင် ဖြေဆည်၍မနိုင်အောင် ဝမ်းနည်းကြောင်း ပြောပြ၍ မုဆိုးမ မသန်းမေအားလည်း ပူဆွေးခြင်း ပြေပျောက်စေလောက်သော စကားတို့ဖြင့် ချော့မော့ပြောဆိုရန်ကိုလည်း စီစဉ်ထား၏။ မသန်းမေ၏ပူဆွေးဒုက္ခ ဖြစ်ရခြင်းသည် မိမိအားလည်း မည်မျှလောက်ပူဆွေးဒုက္ခ ရောက်စေသည် မည်ကြောင်းကိုလည်း ပြောပြဖို့ ကြံစည်ထား၏။ ထိုမှတစ်စတစ်စ မုဆိုးမကလေးကို နှစ်သွင်း ချော့မော့ပြီးလျှင် မောင်ဘမြင့်၏ ကိုယ်စား လင်ယောကျ်ားအဖြစ်သို့ ရောက်အောင် စီမံဖို့ကိုလည်း အကြံပြုခဲ့၏။ ထိုကိစ္စမျိုး၌ အလျင်စလိုပြုခဲ့သော် မိမိအပေါ်၌ မသင်္ကာဖွယ်ရာဖြစ်မည့် အကြောင်းကိုလည်း မောင်တင်ဖေ သိပြီးဖြစ်သောကြောင့် 'သိန္နေ့ပဗ္ဗတံ၊ သိန္နေ့ကူတ္တိယံ'ဟူ၍ပင် ပြုံးရယ်ကာ စပ်၍ထားသေး၏။ သို့ဖြစ်၍ ခြောက်လတန်သည် တစ်နှစ်တန်သည် စသည်ဖြင့် မနီးမဝေး စောင့်ဆိုင်းရန် အတွက်ကိုလည်း အသင့်ပြင်ဆင်ပြီးဖြစ်၏။

မောင်တင်ဖေ၏စိတ်၌ မိမိသည် မသန်းမေကို အပျိုစင်စစ်ဘဝကတည်းက ရချင့်ရှိပါလျက် မောင်ဘမြင့် ဝင်ရောက်နှောင့်ယှက်သဖြင့် ဖူးစာ မဆုံခဲ့ခြင်း အတွက်ကြောင့် အခဲမကျေအောင် ရှိခဲ့၏။ မသန်းမေ၏ အကြောင်းကို သတိရတိုင်းရတိုင်း မောင်တင်ဖေသည် နဖူးမှချွေးများပြန်လျက် လက်သီးဖြင့် လေထုကို ထိုးကြိတ်မိ၏။ သို့ရာတွင် ထိုညကမူ မောင်တင်ဖေသည် ဒေါသအမျက်တို့ မည်သည်မှာ ဦးခေါင်းကို ရှုပ်ထွေးနောက်ကျိခြင်း ဖြစ်စေတတ်ကြောင်း သတိပြုမိသည် ဖြစ်သောကြောင့် ကြည်လင်သော ဦးခေါင်းဖြင့် အကြံထုတ်ရန်လိုသော မိမိ၏ကိစ္စတို နှောင့်ယှက်မည်စိုးသဖြင့် အမျက်ကိုချုပ်တည်း၍ ထားရ၏။ လူတစ်ဦးတစ်ယောက်၏အသက်ကို လက်သည်မပေါ်ပေါက်စေဘဲ သတ်ဖြတ်ရခြင်းတည်းဟူသော ကိစ္စမှာ ခက်ခဲနက်နဲလှသောကိစ္စကြီးဖြစ်သဖြင့် မောင်တင်ဖေသည် အကြည်လင်ဆုံးသော ဦးခေါင်းကိုသာလျှင် အသုံးပြုအံ့ဟု ဆုံးဖြတ်ပြီးဖြစ်၏။

သတ္တိလည်းရှိစေ၊ ဉာဏ်လည်းရှိစေ၊ ကြေးငွေနှင့်လည်း ပြည့်စုံစေဖြစ်ခဲ့ပါလျှင် လက်သည်မပေါ်ပေါက်အောင် သတ်ဖြတ်ခြင်းသည် ခဲယဉ်းသော အလုပ်



တစ်ခုမဟုတ်ဟူ၍ မောင်တင်ဖေ ယုံကြည်၏။ ထို့ပြင် ဉာဏ်ထုတ်၍ စီစဉ်ခြင်းတည်းဟူသော အလုပ်သည် စင်စစ်စိတ်ပါဖွယ်ရာ ကောင်းလှသော အလုပ်ပေတည်းဟူ၍လည်း ထင်မြင်မိ၏။

* * *

ထိုည၌ မောင်တင်ဖေသည် ဝိုင်အမ်ဘီအေအသင်းတိုက်မှ ပြန်လာပြီးနောက် လူပျိုကြီးဖြစ်သော်လည်း တစ်ကိုယ်တည်းငှားရမ်းနေထိုင်လျက်ရှိသော မိမိ၏အခန်းအတွင်း၌ အထက်ပါအတိုင်း စကြံလျှောက်ရင်း အကြံထုတ်လျက် ရှိ၏။ ယင်းသို့ ရှိစဉ် အသင်းတိုက်၌ သတင်းစာအယ်ဒီတာ ပြောသွားသော စကားတစ်ခွန်းကို အဖန်တလဲလဲ စားမြုံ့ပြန်ကာ ဆင်ခြင်လျက် ရှိ၏။ ၎င်းစကားမှာကား "လူတစ်ယောက်ကို သတ်ဖို့ တင်ကူးစီစဉ်တဲ့လူဟာ ဘယ်လိုပင်ဉာဏ်ရှိစေ၊ ဘယ်လိုပင် သေချာစေ့စပ်စေကာမူ နောက်ဆုံးကျတော့ သူမမြင်မိတာကလေး၊ သူသတိမပြုမိတာကလေးတစ်ခုခုကစပြီး ပေါ်ပေါက်ရတာချည်းပဲဗျ၊ ကိုယ့်အိုယ်ကိုတော့ လုံလှပြီထင်တာပဲ။ ဘေးကကြည့်တဲ့လူကတော့ သူလစ်သွားတာကလေး တစ်ကွက်ကို မြန်းဆိုမြင်တဲ့ပြီး သဲလွန်စရသွားပါရောဗျ၊ ဒီလိုချည်းလူသတ်မှုတွေ ပေါ်ရတယ် မဟုတ်လား" စသည်ဖြင့် ပြောသွားသည်ကို မောင်တင်ဖေ၏နားထဲ၌ စွဲလျက်ရှိလေ၏။

သို့ဖြစ်၍ မောင်တင်ဖေသည် မိမိစီစဉ်ပြီးသော အကြံကို အနုလုံပဋိလုံ ပြန်၍စစ်ဆေးရာ နောက်ဆုံးမည်သည့်နည်းနှင့်မျှ သဲလွန်စမပေါ်ပေါက်နိုင်ကြောင်း နှင့် ဆုံးဖြတ်ချက်ချလိုက်၏။

မောင်တင်ဖေနှင့် မောင်ဘမြင့်တို့မှာ ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြ၍ ကျောင်းသားဘဝကပင် မောင်တင်ဖေသည် မောင်ဘမြင့်အား မုန်းထားခဲ့၏။ လူလားမြောက်လာကြသောအခါတွင်လည်း မသန်းမေကို လုယက်ကြံစည် အတွက်ကြောင့် ထိုထက်ပိုမို၍ ရန်ငြိုးကြီးခဲ့၏။ မောင်ဘမြင့်နှင့် မသန်းမေတို့ လက်ထပ်ထိမ်းမြားသောနေ့၌ကား မောင်တင်ဖေသည် မောင်ဘမြင့်ကို တစ်နေ့နေ့၌ သတ်ရန်ဆုံးဖြတ်ချက်ချလိုက်လေသည်။

ထိုနေ့မှစ၍ မောင်တင်ဖေသည် မောင်ဘမြင့်သေစေမှုအတွက် အမျိုးမျိုးသော အကြံအစည်တို့ကို ပြုခဲ့၏။ သို့ရာတွင် ၎င်း၏အကြံအစည်များမှာ ကိုယ်တိုင်မကျေနပ်နိုင်အောင် ရှိသည်ဖြစ်စေ၊ အခွင့်မသာဘဲ ရှိသည်ဖြစ်စေ ဖြစ်ခဲ့၏။ ယခု လူတစ်ယောက်ကို သတ်ဖြတ်ခြင်း၏ အပြစ်ဒဏ်မှာ သေစားသေရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဖြစ်၏။ မောင်တင်ဖေမှာလည်း မိမိကိုယ်တိုင် ကြိုးစင်သို့တက်ရန် ရည်ရွယ်ချက်မရှိသောကြောင့် ပေါ်ပေါက်လာသမျှသော အကြံအစည်များအတိုင်း အလျင်စလိုဆောင်ရွက်ရန် နှောင့်နှေးခြင်းရှိခဲ့၏။ သို့ရာတွင် လွန်ခဲ့သော သုံးရက်ခန့်ကမူ မောင်တင်ဖေသည် မောင်ဘမြင့်၏နေအိမ်၌ ၎င်းတို့လင်မယားနှင့်အတူ လက်ဖက်ရည်သောက်လျက်ရှိစဉ် ထောက်ကြံ့၌ရှိသော မောင်ဘမြင့်၏ ခြံနှင့်အိမ်ကြီး အကြောင်းကို စကားစပ်မိကြ၏။ ၎င်းအိမ်ကြီးပျက်စီးယိုယွင်းလျက်ရှိသည်ကို လက်သမားများ ပြင်ဆင်ပြီးကြောင်းနှင့် ကန်ထရိုက်တာထံမှ ထိုနေ့ပင် ကြားသိရ၏။ လက်ဖက်ရည်သောက်နေကြစဉ် မောင်ဘမြင့်က—

မြင့်။ ။"အိမ်ကြီးပြင်ပြီးတာလည်းကြည့်ရင်း၊ သေနတ်လည်း ပစ်ရင်းဆိုတာလို ဒီတနင်္ဂနွေတော့ ထောက်ကြံ့ဘက်ကို သွားဦးမှပဲ။ ဟိုဘက်ဆီမှာ အမဲတော်တော်ပေါ်တယ်။ ခင်ဗျားလည်း အားသားပဲ၊ လိုက်ခဲ့ပါလားဗျာ ကိုတင်ဖေ။ သန်းမေကတော့ ဒီတနင်္ဂနွေမှာ ဂျူဗလီဟောက လက်ထပ်ပွဲသွားရမှာမို့ မလိုက်နိုင်ဘူး၊ ခင်ဗျားလိုက်ခဲ့ရင် ကောင်းတယ်ဗျ၊ စားဖို့သောက်ဖို့တော့ ကျုပ်စီမံခဲ့ပါ့မယ်ဗျာ"

ထိုအခါ၌ မောင်တင်ဖေသည် မောင်ဘမြင့်အားသတ်ရန် အခွင့်သာသည့်အကြောင်းကို မရိပ်မိသေးချေ။ မသန်းမေလိုက်ခဲ့ပါမူ မောင်တင်ဖေ လိုက်လို၏။ သန်းမေမပါသောကြောင့် မလိုက်လိုချေ။ သို့ဖြစ်၍—

ဖေ။ ။"တော်သေးပြီဗျာ၊ နောက်များတော့ လိုက်သေးတာပေါ့။ ဒီတနင်္ဂနွေတော့ ကျုပ်က ပဲခူးသွားဖို့ ချိန်းထားပြီးဖြစ်နေတယ်။ သည်းခံပါ"

ထို့နောက် မောင်ဘမြင့်လည်း ဆက်လက်တိုက်တွန်းခြင်း မပြုတော့သဖြင့် ၎င်းစကားမှာ ဤမျှနှင့်ပင် ပြီးပြတ်ခဲ့၏။ မောင်တင်ဖေမှာလည်း ရံဖန်ရံခါ ပဲခူးသို့သွားတတ်ခြင်းဖြစ်သောကြောင့် ချိန်းထားပြီးဖြစ်သည်ဆိုခြင်း၌ တစ်စုံတစ်ရာ ထူးခြားခြင်းမရှိချေ။ သို့ရာတွင် မောင်တင်ဖေသည် မောင်ဘမြင့်၏ နေအိမ်မှ ပြန်လာခဲ့သောအခါတွင် အကြံတစ်ခုပေါ်လာခဲ့၏။ မောင်တင်ဖေသည် ပဲခူးသို့ သွားမည်ဟု ရည်ရွယ်ချက်မရှိဘဲလျက်နှင့် မသန်းမေ၏ရှေ့တွင် ပြောခဲ့မိ၏။ မောင်ဘမြင့်သည်လည်း တနင်္ဂနွေနေ့၌ ထီးထီးကြီးရှိနေသော အိမ်ကြီးသို့ တစ်ယောက်တည်း သွားမည်ဟု ပြောလိုက်၏။ မောင်တင်ဖေသည် ထောက်ကြံ့အိမ်ကြီးသို့ ရောက်ဖူးသဖြင့် အိမ်ကြီး၏အကြောင်းကို သိ၏။ ထိုအိမ်ကြီးမှာ ကျယ်ဝန်းသော ခြံကြီး၏ အလယ်၌တည်ရှိ၏။ အခြားသောအိမ်များနှင့် အတော်ပင်ဝေးကွာ၏။ မသန်းမေက ထိုအိမ်ကြီးကို ရောင်းလိုက်စေလို၏။ မောင်ဘမြင့်ကမူ မိဘအငုတ်အရင်းဖြစ်သောကြောင့် ခင်တွယ်သဖြင့် မရောင်းလိုချေ။ တစ်နေ့သ၌ မသန်းမေက



"ရောင်းပစ်လိုက်ပါ ကိုကိုမြင့်ရယ်။ အိမ်ကြီးက ထီးထီးကြီး၊ ခေါင်ကလည်း ခေါင်ပါဘိသနှင့်၊ တစ္ဆေတို့၊ သရဲတို့၊ လူသတ်မှုတို့ဆိုတာမျိုးတွေဟာ ဒီလိုအိမ်ကြီးတွေ ဖြစ်တတ်တာထင်ပါရဲ့။ ရောင်းသာရောင်းပစ်လိုက်ပါ" ဟု မောင်ဘမြင့်အား တိုက်တွန်းဖူးသည်ကို မောင်တင်ဖေကြားလိုက်ရဖူး၏။

သို့ဖြစ်၍ ထိုညက မောင်တင်ဖေသည် 'တစ္ဆေတို့၊ သရဲတို့၊ လူသတ်မှုတို့' ဟူသောစကားကို ဖြုန်းခနဲ သတိရလာ၍ မိမိ၏အကြံဟောင်းသည်လည်း ဘွားခနဲ ပေါ်လာ၏။ မသန်းမေ၏စကားသည် နိမိတ်ဖတ်ခြင်းဖြစ်လေသလောဟူ၍ပင် တွေးတောမိ၏။ ထိုအချိန်မှစ၍ မောင်တင်ဖေသည် မောင်ဘမြင့်အား သတ်ဖြတ်ရန်တည်းဟူသော အကြံဟောင်းကို တွေတွေတင်တင် စီစဉ်ချက်ထုတ်ရာ နောက်ဆုံးဖြစ်သော စနေနေ့ည၌မူကား မိမိစီမံထားသော အစီအစဉ်များကို အပြစ်အနာအဆာရှာလျက် စစ်ဆေးကြည့်ရှုကာ ရှိနေ၏။ မောင်တင်ဖေမှာ ထိုအချိန်သို့တိုင်အောင် ရာဇဝတ်ပြစ်မှုနှင့် ငြိစွန်းသော အပြုအမူ တစ်စုံတစ်ခုမျှ မပြုရသေးသည်ဖြစ်သောကြောင့် ဆုတ်သာတက်သာ ရှိနေသေး၏။ မောင်တင်ဖေသည် မိုင်ကားနှစ်စီးအနက် တစ်စီးကို ရွှေ့ပြောင်းထားရုံမျှထား၍ အသင်းသား မိတ်ဆွေများအားလည်း တနင်္ဂနွေနေ့တွင် ပဲခူးမြို့သို့သွားမည်ဖြစ်ကြောင်း ပြောပြီးသည် မှန်၏။ သို့ရာတွင် ထိုမျှလောက်နှင့် မဆုတ်သာလောက်အောင် မရှိချေ။ အကယ်၍ မောင်ဘမြင့်အား သတ်ဖြတ်ရန် အကြံအစည်ကို လက်လျှော့လိုက်ခဲ့လျှင် ရွှေ့ထားသောကားကို ပြန်ယူ၍ ပဲခူးသို့ မသွားဘဲနေနိုင်သေး၏။

မောင်တင်ဖေသည် မောင်ဘမြင့်အား သေကြောင်းကြံစည်ခြင်း ကိစ္စအတွက် စီမံဆောင်ရွက်ထားသည့် အခြားသော အချက်နှစ်ခုမှာ ကြည်လင်သောဆေးရည်ပါရှိသည့် ပုလင်းကလေးတစ်လုံးနှင့် သားရေကြိုးလေးချောင်းကို ဝယ်ယူသိုဝှက်ထားခြင်းပင် ဖြစ်လေသည်။ ၎င်းပစ္စည်းများမှာလည်း စင်စစ်အားဖြင့် လူသတ်မှုနှင့် ပတ်သက်၍ လူအများရိပ်မိနိုင်ဖွယ်ရာ မဟုတ်သေးချေ။ ဆေးရည်မှာလည်း အဆိပ်မဟုတ်ချေ။ မောင်တင်ဖေသည် ပါးနပ်လှသူတစ်ယောက်ဖြစ်သောကြောင့် အဆိပ်ကဲ့သို့ ကြမ်းတမ်းသော လက်နက်မျိုးကို အသုံးမပြုလိုချေ။ ဆေးရည်မှာ လူကို အိပ်အောင်ပြုလုပ်ရုံမျှ အစွမ်းရှိ၍ သားရေကြိုးဆိုသည်မှာလည်း မည်သူမဆို ဝယ်ယူတတ်သော ပစ္စည်းမျိုးဖြစ်ချေ၏။ ထိုစနေနေ့ည၌ မောင်တင်ဖေသည် မိမိ၏ စီမံချက်များကို အပြစ်အနာအဆာ ရှာ၍မတွေ့နိုင်သည်ဖြစ်သောကြောင့် စိတ်ကျေနပ်စွာနှင့် မီးကို ငြိမ်းပြီးနောက် အိပ်ရာသို့ ဝင်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့နံနက်၌ မောင်တင်ဖေသည် အိပ်ရာမှစောစောထ၍ ကားရုံသို့ သွားပြီးလျှင် အိဒင်ကားသစ်ကို ထုတ်ယူမောင်းနှင်သွားလေ၏။ စကော့ဈေးသစ်ကြီး*သို့ ရောက်သောအခါ မောင်တင်ဖေသည် ကားကိုဈေးရုံဘေးရှိ လမ်းကလေးတွင် ဆိုက်ထားခဲ့၍ တက္ကစီတစ်စီးပေါ်သို့ တက်ပြီးလျှင် ဒုတိယအပ်နှံထားသော ကားရုံသို့ မောင်းနှင်စေ၏။ ကားရုံသို့ရောက်လျှင် မောင်တင်ဖေသည် တက္ကစီကို အခပေး၍ လွှတ်လိုက်ပြီးနောက် ရုံရှင်အား ပဲခူးသို့အလည်အပတ်သွားမည့်အကြောင်းနှင့် ပြော၍ မိမိအပ်ထားသောကားကို ထုတ်ယူမောင်းနှင်လာခဲ့လေ၏။

ကမာရွတ်သို့ရောက်သောအခါ မောင်တင်ဖေသည် မိမိ၏ကားမှမဂ္ဂနက်တို့ကို ဝက်အူလှည့်တစ်ချောင်းနှင့် ကျင်လည်စွာ ဖျက်ဆီးပြီးနောက် အနီးအနားရှိ ထားပြင်သော ဆိုင်တစ်ဆိုင်ကို သွားရောက်လေ၏။ စက်ဆရာအား မိမိ၏ကား ပျက်နေကြောင်းနှင့် ပြောပြခေါ်ငင်ခဲ့ပြီးလျှင် ကားကိုပြသရာ စက်ဆရာသည် မဂ္ဂနက်တို့ပျက်ကြောင်းကို သိရှိ၏။ သို့ရာတွင် စက်ဆရာတို့ ထုံးစံအတိုင်း အလွယ်တကူနှင့် ပြင်ပေးလိုက်သောအခါ များများမရမည့်အကြောင်းကို သိရှိသည်နှင့် အချိန်အတန်ကြာ ပြင်ဖို့လိုကြောင်းနှင့် ပြောပြ၏။ ဤသည်ကား မောင်တင်ဖေ၏အကြိုက်ဖြစ်သောကြောင့် မိတ်ဆွေတစ်ယောက်အိမ်သို့ လည်ချေဦးမယ်ဟု ပြော၍ ကားကိုပြင်ဆင်ရန် အပ်ထားခဲ့၏။ မောင်တင်ဖေက အဆင်မသင့်ဖြစ်သောကြောင့် အလျင်စလိုမပြင်ဆင်ဖို့ အကြောင်းနှင့်လည်း မှာထားခဲ့လေ၏။

မောင်တင်ဖေသည် ကားပြင်သောဆိုင်မှ အတော်အတန် ဝေးသည်တိုင်အောင် ခြေကျင်လျှောက်လာ၍ အင်းစိန်ဘက်မှ ဘတ်စ်ကားတစ်စီးလာသောအခါတွင် ရန်ကုန်သို့ ၎င်းဘတ်စ်ကားနှင့် လိုက်လာခဲ့ပြန်၏။ မောင်တင်ဖေ၏အကြံမှာ စကော့ဈေးသစ်၌ ဆိုက်ထားသောကားနှင့် ထောက်ကြံ့သို့သွားရန် ဖြစ်လေရာ မောင်ဘမြင့်၏အိမ်ကြီးကိုလည်း သိပြီးဖြစ်သောကြောင့် မိမိ၏ကားကို ၎င်းအိမ်ကြီးနှင့် မနီးမဝေးတွင် ဆိုက်ထားရန်နေရာကိုလည်း မျက်စိထဲ၌ မြင်ပြီးဖြစ်လေသည်။ ထောက်ကြံ့၌ ကားဝှက်ထားမည့်နေရာမှာ အတော်ပင်ချောင်ကျ၍ အခြားသူသတိပြုမိမည်မဟုတ်သော နေရာမျိုးဖြစ်လေသည်။ ထောက်ကြံ့၌ ကိစ္စပြီးသောအခါတွင် မောင်တင်ဖေသည် ကားကို ရန်ကုန်သို့မောင်းနှင်လာ၍ စကော့ဈေးသစ်၌မထားဘဲ ရုံးအနီး၌ဖြစ်စေ နေရာလွှဲ၍ ဆိုက်ထားခဲ့ရန် ဖြစ်လေသည်။ ထိုမှတစ်ဖန် ကမာရွတ်သို့ပြန်လာ၍ ကားပြင်သောဆိုင်၌ အပ်ထားသော မိမိ၏

* – ဗိုလ်ချုပ်အောင်ဆန်းဈေး



ကားကိုရွေးယူရန် ဖြစ်လေသည်။ မောင်တင်ဖေသည် ဤအကြောင်းအရာ ...စ်ကားပေါ်တွင် ထပ်မံစီစဉ်စိတ်ကူး၍ သွား၏။ မောင်တင်ဖေသည် ကား ... တစ်ရုံစီခွဲ၍ ထားခြင်းအားဖြင့် ပဲခူးမြို့သို့ သွားရောက်ကြောင်းကို သက် ...တ်တစ်ခုရစေရန် စီမံခြင်းဖြစ်လေသည်။ မိမိ၏ စိတ်ကူးအတိုင်း မောင်ဘ ... သတ်ဖြတ်ပြီးလျှင် ပဲခူးမြို့၌ မိမိအား မြင်လိုက်တွေ့လိုက်သောသူများ ...ကိုလည်း တင်ကြိုစိတ်ကူးပြီး ဖြစ်သည်။

သို့ဖြစ်၍ မောင်တင်ဖေသည် မိမိ၏မော်တော်ကားနှင့် ထောက်ကြံ့သို့ ...င်သွား၍ မူလရည်ရွယ်ချက်အတိုင်း မောင်ဘမြင့်အိမ်ကြီးနှင့် အတော် ...ဆေးကွာသည့်လူပြတ်သော ချောင်တစ်ခုတွင် ကားကိုဝှက်ထားခဲ့ပြီးလျှင် ...က်သို့ ခြေကျင်လျှောက်ခဲ့လေ၏။ ယင်းသို့လျှောက်လာစဉ်တွင် မောင်တင် ...အကြံကို ကူညီဘိသကဲ့သို့ လမ်းသွားလမ်းလာတစ်ဦးတစ်ယောက်မျှ မတွေ့ ...

မောင်ဘမြင့်၏ဇနီး မသန်းမေသည် နောက်ဆုံး၌ စိတ်သဘောပြောင်းလဲ ...င်ယောကျ်ားနှင့်အတူ လိုက်လာသည်ဖြစ်စေ၊ သို့တည်းမဟုတ် မကြံရွယ် ... အခြားသူတစ်ဦးတစ်ယောက် လိုက်ပါလာသည်ဖြစ်စေ ဖြစ်နိုင်သေး၏။ ...ဖြစ်ခဲ့ပါလျှင် မောင်တင်ဖေမှာ မိမိ၏အကြံအစည် အထမမြောက်ရုံမှတစ် ...အပေါ်သို့ တစ်စုံတစ်ရာမျှ စွပ်စွဲနိုင်သော အချက်မရှိချေ။ အကယ်၍ အဖော် ...ောက်ပါလာသည်ကို တွေ့ရပါလျှင်မူ မောင်တင်ဖေက ပဲခူးသို့ မသွားဖြစ် ...ကြောင့် မောင်ဘမြင့်၏ အိမ်ကြီး ပြင်ဆင်ပြီးစီးသည်ကို လာရောက်ကြည့် ...ဖြစ်ကြောင်းနှင့် ပြောရုံမျှသာ ရှိလေသည်။

မောင်ဘမြင့်၏ အိမ်ကြီးရှေ့၌ ၎င်း၏တူးဆီးတာကား ဆိုက်ထားသည်ကို ...တင်ဖေ တွေ့မြင်ရလေရာ မောင်ဘမြင့်ကိုယ်တိုင်သည်လည်း မောင်တင်ဖေ ...မြင်ရသောအခါတွင် ဝမ်းမြောက်ဝမ်းသာ အိမ်ရှေ့လှေကားမှ ပြေးဆင်းကြိုဆို ...၏။

"ဟယ်လို နေရာကျလိုက်လေ ကိုတင်ဖေ၊ ခင်ဗျားလိုက်လာသကိုး။ ကျုပ်က ခင်ဗျားပဲခူးသွားမယ်ဆိုလားလို့ဗျာ"

"မနေ့ညတုန်းကတော့ သွားမယ်လို့ စိတ်ကူးတာ၊ မနက်ကျတော့ စိတ် ...သွားပြီး ခင်ဗျားဆီ လိုက်လာခဲ့တယ်"

"နို့ ခင်ဗျား ကားကောဗျ"

"ရောက်ခါနီးမှ ကားဘီးပေါက်သွားလေတော့ လမ်းဘေးမှာ ဆိုက်ပစ်ထားခဲ့ရတယ်ဗျာ။ တော်တော်ကြာမှပဲ ဘီးလဲပြီးတပ်ရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်။ ။"သိပ်မဝေးလှဘူး မဟုတ်လားဗျ၊ ကိစ္စမရှိပါဘူး မနက်စာထမင်း
တော့ ကျုပ်နှင့်အတူတူ သွားပြင်ကြတာပေါ့၊ ကျုပ်တော့ ဆာလှပြီ
မနက်စာကလေးပါတာ စားလိုက်ကြဦးစို့၊ ပြီးတော့မှ သွားယူကြတာပေါ့"

ဖေ။ ။"မသန့်မေ တစ်ယောက်ကောဗျ"

မြင့်။ ။"မလိုက်နိုင်ဘူးလို့ ကျုပ်ပြောထားသားပဲ"

ဖေ။ ။"ဒီပြင်ကော ဘယ်သူများ ပါသေးသလဲ"

မြင့်။ ။"တစ်ကိုယ်တည်းပဲ ဆရာရေ့၊ ဘယ်သူမှ မပါဘူး"

ထိုခဏ၌ မောင်ဘမြင့်သည် မိမိ၏ကားထဲ၌ ထည့်ယူလာခဲ့သော လ
ဆွဲချိုင့်ကို ထုတ်ယူလျက်ရှိရာ မောင်တင်ဖေကမူ မျက်နှာလွှဲလျက်ရှိ၏။ မော
တင်ဖေ၏ မျက်နှာထားမှာ မိမိ၏အကြံအစည် အထမြောက်ချေတော့မည်တ
ဟု ရွှင်ပျအားရစွာ ရှိနေသည်ဖြစ်သောကြောင့် မိမိ၏အကြောင်းမဲ့ ရွှင်ပျမြင်
သူငယ်ချင်း မမြင်စေလိုသောကြောင့် ဖြစ်ချေ၏။

မြင့်။ ။(လက်ဆွဲချိုင့်နှင့် ခြင်းတောင်းတစ်ခုကို ကိုင်လျက်)"လာဗျာ၊ ကို
ဖေ၊ အိမ်ပေါ်တက်ပြီး ထမင်းစားကြရအောင်၊ တစ်ယောက်စာဆိုပေ
ကျုပ်မိန်းမက လောဘကြီးကြီးနှင့် ပြင်ထည့်ပေးလိုက်တာ သုံးယောက်စား
လောက်နိုင်ပါဘူး"

အိမ်ရှေ့ခန်းသို့ တက်မိကြသောအခါ မောင်ဘမြင့်သည် လက်ဆွဲချိုင့်
ခြင်းတောင်းကို စားပွဲပေါ်တွင် တင်ထားခဲ့၍ ဖန်ခွက်ရှာရန် ကြောင်အိမ်ရှိရာ
ထွက်သွားလေ၏။ လက်ဆွဲချိုင့်ထဲ၌လည်း နံနက်စာအတွက် ထမင်းဟင်း
ပါရှိလေရာ ခြင်းတောင်းထဲ၌မူကား ရေထည့်ထားသော သာမိုဘူးတစ်လုံး၊ ဝီ
ပိုင့်တစ်ပုလင်း၊ ဘီယာတစ်ပုလင်းနှင့် အခြားတိုလီမိုလီပစ္စည်းကလေးများ ပါရှိ
မောင်တင်ဖေသည် မောင်ဘမြင့်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် မိမိ၏အ
အိတ်ထဲမှ ပုလင်းကလေးကို ထုတ်ပြီးလျှင် သာမိုဘူးကိုဖွင့်၍ ဆေးရည်အားလုံ
ရေဘူးထဲသို့ လောင်းထည့်လိုက်လေ၏။ ၎င်းနောက် ပုလင်းအလွတ်ကို မိမိအ
အိတ်ထဲသို့ ပြန်ထည့်၍ပြတင်းပေါက်အနီးသို့သွားကာ အပြင်သို့မျှော်ကြည့်လျ
ရှိ၏။ အတန်ငယ်ကြာလတ်သော် မောင်ဘမြင့်သည် ဖန်ခွက်နှစ်လုံးကို ကိုင်လျ
အိမ်ရှေ့ခန်းသို့ထွက်လာ၍–

မြင့်။ ။"တစ်အိမ်လုံး လက်သမားတွေလုပ်ကိုင်သွားလိုက်တာ ပွလို့ဗျို့၊ ကို
စားကောင်းသောက်ကောင်းကလေးရှိအောင်ဟာ တစ်ခွက်စီလော
ကြိတ်ကြစို့ဗျာ"



မောင်ဘမြင့်သည် ဝီစကီပုလင်းကိုဖွင့်၍ ဖန်ခွက်နှစ်ခုထဲသို့ လောင်းထည့်
...တွင်–

"ကျုပ်တော့ မနက်စောစောက ဘီယာနည်းနည်းကြိတ်လာခဲ့လို့ ဘီယာ
လက်စနှင့် ဘီယာကိုသာ သောက်ပါရစေဗျာ၊ နှစ်ခုစပ်ရင် ကျုပ်က ခေါင်း
...တတ်လို့ပါ"

"သဘောပေါ့ဗျာ၊ နို့ပေမယ့် ဘီယာကတော့ ခင်ဗျားမြင်တဲ့အတိုင်း တစ်
လုံးတည်း လိုလိုမည်မည် ကျုပ်ထည့်ယူခဲ့တယ်"

"အခုကလေး ပါလာတော့ တစ်လုံးဆိုရင်လည်း မခေပါဘူးလေ။ ဝီစကီ
တော့ ခင်ဗျားသာ သောက်ပါ"

မောင်ဘမြင့်သည် ဘီယာပုလင်းကို မောင်တင်ဖေအတွက် ဖွင့်ပေးပြီး
ဝီစကီအနည်းငယ်ကိုသာ သာမိုဘူးထဲမှ ရေနှင့်ရောစပ်၍ မောလာသူဖြစ်
...လျောက် လျှင်မြန်စွာပင် ကျိုက်ချလိုက်၏။

"လက်သမားတွေကဖြင့် တော်တော်စေ့စပ်တဲ့ လူတွေဗျို့၊ ကျုပ်အကြံက
တော့ အလုပ်က ပင်စင်ယူတဲ့အခါမှာ ဒီအိမ်ကြီးလာနေပြီး အေးအေးသာ
...ခင်ကလေးဘာကလေး စိုက်ပျိုးနေကြဖို့ ကြံစည်တာကိုးဗျ"

"ဒီအရပ်က အမဲတော်တော်ပေါတယ်ဆို"

"သိပ်ပေါတာပေါ့ဗျာ၊ တစ်ခါလောက်တော့ ခင်ဗျားတို့လူစုကို သက်
သက်ဖိတ်ပြီး ပျော်ပျော်ကြီး လာကြဦးမယ်၊ မကောင်းဘူးလားဗျာ"

"ကောင်းလှပေါ့ဗျာ"

မောင်တင်ဖေသည် ဘီယာခွက်ကို တဖြည်းဖြည်းကျိုက်ချရင်း မောင်ဘ
...နှာကို ကြည့်လျက်ရှိ၏။

(မိုက်ခနဲ့ဖြစ်သွားဟန်နှင့်)"အလို ဘာဖြစ်ပါလိမ့်။ နောက်ကျိုကျိုရှိလိုက်
တာ"

"တစ်ခွက်လောက် ထပ်ကျိုက်လိုက်ပါလားဗျာ၊ နေပူလွန်းလို့ ထင်ပါရဲ့"

"အလဲ့ ပြောရင်းဆိုရင်း မိုက်ခနဲ မိုက်ခနဲ ဖြစ်လိုက်လေဗျာ၊ မနက်
စောစော သောက်လို့များလား"

ထိုကဲ့သို့ပြောဆိုရင်းပင် မောင်ဘမြင့်သည် မျက်စိများ မှေးလာ၍ ဦးခေါင်း
...တ်ဖြစ်လာပြီးနောက် အားခဲ၍ရုတ်တရက် ထလိုက်ရာ မဟန်နိုင်သော
... ကုလားထိုင်ပေါ်သို့ တစ်ဖန်ထိုင်ချလိုက်ရပြန်တော့၏။ နောက်ခဏ၌မူ
...ောင်ဘမြင့်သည် ကုလားထိုင်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ဖေမှာမူ မိမိ၏အကြံအစည် အထမြောက်ချေတော့မည်ဟု
ရွှင်သော မျက်နှာထားနှင့် ထိုင်ရာမှထလေ၏။ မောင်တင်ဖေသည် ဤကိစ္စအတွ
ထိုမျှလောက်ထက် ခဲခဲယဉ်းယဉ်း ပြုလုပ်ရလိမ့်မည်ဟု တွက်ကိန်းချထားသ
ဤမျှလောက်လွယ်ကူခြင်းအတွက် အားရဝမ်းမြောက်ခြင်း ဖြစ်ခဲ့၏။ သို့ရာ
ဆောင်ရွက်ရန်ကိစ္စတစ်ခုနှစ်ခုကား လိုချေသေး၏။

ရှေးဦးစွာ မောင်တင်ဖေသည် သားရေလက်အိတ်တစ်ခုကို အကျီအိတ်
ထုတ်၍ မိမိ၏လက်တွင် စွပ်ပြီးနောက် မိမိကိုင်၍သောက်ထားသော ဖန်ခွက်
လက်ကိုင်ပဝါနှင့် ပွတ်တိုက်၏။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ ဖန်ခွက်တွင် ထင်
သော လက်ရာများကို မှန်ဘီလူးဖြင့် ကြည့်ရှုခြင်းအားဖြင့် သတ်သောသူကို
ပေါက်စေနိုင်ကြောင်းနှင့် အနောက်တိုင်းပြည်များမှ သတင်းစာများတွင် ဖတ်ရှု
သောကြောင့် ဖြစ်လေသည်။ မြန်မာပြည်ပုလိပ်များသည်လည်း ထိုမျှလော
ကျွမ်းကျင်ကြမည်ကို အမှန်မသိရသော်လည်း ပါးနပ်လှသော မောင်တင်ဖေသ
တစ်စုံတစ်ရာမျှ သဲလွန်စမကျန်ရစ်ခဲ့စေရန် ကြိုတင်စီမံပြီးဖြစ်၏။ မောင်တင်
သည် မိမိသုံးသော ဖန်ခွက်ကို သေချာစွာ ပွတ်တိုက်လိုက်ပြီးနောက် နောက်
ချောင်ရှိ ကြောင်အိမ်ထဲသို့ နေရာတကျထည့်ထားလိုက်၏။ ၎င်းနောက် ဝီ
ပုလင်းနှင့် သာမိုဘူးထဲမှရေကို ပြတင်းပေါက်မှ သွန်ချလိုက်ပြီးနောက် မောင်
ခြင့်၏အနီး၌ ၎င်း၏ဖန်ခွက်နှင့်အတူ ယှဉ်၍ချထား၏။ မောင်တင်ဖေသည် အ
ကို သွန်ပစ်လိုက်ခြင်းမှာ မောင်ဘမြင့်သည် ဝီစကီပိုင့်ပုလင်း တစ်လုံးလုံး
သောက်ထားသဖြင့် မူးယစ်လျက် ရှိသည်ဟူ၍ ပုလိပ်အရာရှိတို့ ထင်မှတ်
သောကြောင့် ဖြစ်လေသည်။

ထို့နောက် မောင်တင်ဖေသည် အဝတ်တွင်းမှ ရင်ဘတ်တွင်ပတ်၍ ဝှက်
ခဲ့သော သားရေကြိုးများကို ထုတ်၍ မောင်ဘမြင့်၏ ခြေထောက်နှင့်လက်များ
ကုလားထိုင်၏ ခြေထောက်နှင့်လက်တင်များတွင် ခိုင်မြဲစွာ ပူးကပ်ချည်တုပ်
၏။ မောင်ဘမြင့်လည်း; မည်မျှလောက်ကြာအောင် အိပ်ပျော်နေမည့်အကြော
အမှန်မတွက်နိုင်သဖြင့် တတ်နိုင်သမျှ လျင်မြန်စွာ ချည်နှောင်ရ၏။

ချည်နှောင်ခြင်းကိစ္စ ပြီးစီးသောအခါ မောင်တင်ဖေမှာ နောက်ဆုံးဆော
ရွက်ရန် ကိစ္စတစ်ခုမျှသာကျန်ချေတော့၏။ မောင်တင်ဖေသည် အခန်း၏ထော
ထောင်ထားသော နှစ်လုံးပြူးသေနတ်ကိုယူ၍ ယမ်းတောင့်တစ်တောင့်ကို ထိုး
ထား၏။ မောင်ဘမြင့်မှာမူ အိပ်ပျော်လျက်ပင် ရှိနေ၏။ အလုံးစုံ ပြင်ဆင်ပြီး
အခါတွင် မောင်တင်ဖေသည် အနည်းငယ်မျှ ဆုတ်ဆိုင်းခြင်း ရှိနေခဲ့၏။ သို့
တွင် ဤအချိန်၊ ဤနေရာ၊ ဤအခွင့်မျိုးသည်ကား မိမိကိစ္စအတွက် အကောင်း



ခြင်သောကြောင့် ဆိုင်းတွဖင့်နွဲ့လိုသော စိတ်ကို နှင်ထုတ်လိုက်လေ၏။ သို့ရာတွင်
မောင်တင်ဖေသည် မောင်ဘမြင့်အပေါ်၌ တစ်သက်ပတ်လုံး မုန်းလာခဲ့ခြင်းဖြစ်
သောကြောင့် မောင်ဘမြင့်သေရုံမျှနှင့် အရသာမရှိသေးချေ။ မိမိအား မည်သူသတ်
သည်ကို မသေမီက သိသွားရမှလည်း သတ်ရခြင်း၏ အရသာကို ပြည့်စုံစွာ
ခံစားနိုင်မည်ဖြစ်၏။ အိပ်ပျော်နေသော ရန်သူကို သေနတ်ဖြင့် ပစ်သတ်ရခြင်း
သည် အကောင်းဆုံးသော လက်စားချေနည်းမဟုတ်သေးချေ။ မောင်တင်ဖေသည်
မောင်ဘမြင့်၏ ထိတ်လန့်တုန်လှုပ်သော မျက်နှာထားကို မြင်လို၊ ကြည့်လိုသေး
၍ မသန်းမေ၏အကြောင်းကိုလည်း ခနဲ့၍ပြောလိုသေး၏။

သို့ဖြစ်၍ မောင်တင်ဖေသည် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်တွင် စီးက
ရက်သောက်ရင်း ထိုင်ကြည့်နေကာ စောင့်ဆိုင်း၍ နာရီဝက်ခန့်မျှ ကြာသောအခါ
တွင် မောင်ဘမြင့်သည် ကုလားထိုင်ပေါ်တွင် လှုပ်ရှားတွန့်လိမ်လာပြီးနောက်
မျက်စိများကိုဖွင့်၍ အခန်းပတ်လည် ဦးခေါင်းငဲ့၍ ကြည့်၏။

မြင့်။ ။"ကျုပ် ဘယ်ရောက်နေတာလဲ၊ ဘာဖြစ်တာလဲဗျို့၊ ကိုတင်ဖေ"

ဖေ။ ။"ရောက်တာကတော့ ခင်ဗျား ထောက်ကြံ့ရောက်နေတယ်။ ဖြစ်တာကတော့ ခင်ဗျားကို ကျုပ်က အိပ်မွေ့ချဆေး တိုက်ထားလေတော့ အိပ်ပျော်သွားတယ်"

မြင့်။ ။(နားမလည်နိုင်သေးသော အမူအရာနှင့်)"ကျုပ်ကို ချည်တုပ်ထားရတာက ဘယ်အတွက်လဲဗျ"

ဖေ။ ။"ခင်ဗျားအသက်ကို ကျုပ်မသတ်မီ ခင်ဗျားနှင့်စကားပြောစရာလေး ရှိတဲ့အတွက် ငြိမ်ငြိမ်ဆိမ်ဆိမ် နေစေလိုလို့ ချည်တုပ်ထားရပါတယ် ကိုဘမြင့်"

ထိုအခါ မောင်ဘမြင့်သည် မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် မောင်တင်ဖေအား ကြည့်နေ၏။ မောင်တင်ဖေသည် မိမိအား မည်သို့သောအကြောင်းကြောင့် သတ်လိုရချေသနည်း။ ထိုသူသည် ရူးနေသလော၊ သို့တည်းမဟုတ် မိမိတို့ နှစ်ယောက်လုံးပင် ရူးလေသလောဟု စဉ်းစားမိ၏။

ဖေ။ ။"ကိုဘမြင့် ခင်ဗျားကြည့်ရတာ အံ့သြနေပုံရတယ်။ အိပ်မက်မက်တာများလေလားလို့ စဉ်းစားမိဟန်ရှိတယ်။ အိပ်မက်မဟုတ်ဘူး ဆရာကြီး။ ဘာကယ့်အဖြစ်အပျက်ဆိုတာ စိတ်ချယုံကြည်လိုက်တော့"

မြင့်။ ။"ခင်ဗျားက ကျုပ်ကိုပြောင်နေတာလား ကိုတင်ဖေ။ နောက်ပြောင်တာ ဖြစ်ရင်လည်း ဒီလောက်လုပ်ရရင်တော်ပါပြီဗျာ၊ တကယ်ပေါ်က သေနတ်ကြီးက ဘာလို့တင်ထားရတာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"သေနတ်အကြောင်းကို အချိန်တန်တော့ သိရပါလိမ့်မယ်" ဟု ပြောပြီးနောက် မောင်တင်ဖေသည် စားပွဲပေါ်သို့ တံတောင်နှစ်ဖက်ထောက်ကာ ထိုင်လျက် မောင်ဘမြင့်အား လှိုက်လှိုက်လှဲလှဲ မုန်းထားလှသော မျက်နှာထားဖြင့် စေ့စေ့ကြီး ကြည့်၍ "ခွေးမသား ဘမြင့်၊ နင် ဒီတစ်ခါ ငါ့လက်ထဲက လွတ်နိုင်သေးရဲ့လား"

မောင်ဘမြင့်မှာ စကားတစ်ခွန်းမျှ မပြောနိုင်တော့ချေ။ မိမိမှာ လူရူးတစ်ယောက်၏ လက်တွင်းသို့ ကျရောက်လျက်ရှိ၍ ကုလားထိုင်၌ ချည်တုပ်ပြီးဖြစ်နေသောကြောင့်လည်း မည်သို့မျှ ခုခံရန် မတတ်နိုင်တော့ပြီဟူ၍ စဉ်းစားမိ၏။ မောင်တင်ဖေသည် မောင်ဘမြင့်၏ အကြံကို ရိပ်မိဟန်လက္ခဏာနှင့်–

ဖေ။ ။"ကျုပ်ကို ခင်ဗျားက ရူးတယ်ထင်သလား၊ ကျုပ်မရူးဘူး ကိုဘမြင့်။ ဒီတစ်ခါလို ဦးခေါင်းကြည်လင်တာမျိုး ဘယ်တော့မှ မကြုံခဲ့ဖူးဘူး။ မရူးမသွပ် ဦးခေါင်းကြည်ကြည်လင်လင်နှင့် ခင်ဗျားကိုသတ်ဖို့ စီမံထားခြင်းဖြစ်တယ်။ နေဆောင်၊ ခင်ဗျားကို ကျုပ်မုန်းနေတာ နှစ်ပရိစ္ဆေဒ ရှည်ကြာလှပြီ ကိုဘမြင့်။ ဘယ်တုန်းက စသလဲဆိုရင် ကျောင်းသားဘဝက စခဲ့တဲ့ရန်ငြိုးဗျ၊ ကျောင်းမှာတုန်းက ရန်ဖြစ်ကြတော့ ကျုပ်ကို တစ်မျက်နှာလုံး သပြေသီးရောင်ဖြစ်အောင် ခင်ဗျား ထိုးကြိတ်ထားတာ မှတ်မိသေးလား"

မြင့်။ ။"ဒီတုန်းက ခင်ဗျားက ရှားနှစ်တုတ်ကြီးနှင့် ရိုက်မယ်လုပ်တာကို"

ဖေ။ ။"တုတ်ကိုင်တာ မကိုင်တာ ကျုပ်နားမလည်ဘူး။ ကျုပ်ကို အညိုအမည်း ဖြစ်အောင် ခင်ဗျားလုပ်တာကိုသာ ကျုပ်မှတ်မိတယ်။ ဒီကတည်းကိုက ဒီကောင်ကို တစ်နေ့နေ့မှာ ပြန်ပြီးလက်စားချေမယ်လို့ သန္နိဋ္ဌာန်ချထားခဲ့တယ်"

မြင့်။ ။"ဒီလို သန္နိဋ္ဌာန် ချထားခဲ့ရင်လည်း နောက်တစ်နေ့မှာ ကျုပ်က ကျွေးတဲ့မုန့်ကို စားသေးသကိုး 'ဘောသော'ရဲ့"

ဖေ။ ။"ခင်ဗျားကို နိုင်အောင် မချတဲ့အတွက် ကျုပ်ကို တစ်ကျောင်းလုံးက 'ဘောသော'ကြီးလို့ ခေါ်ကြတယ်။ ဒါကြောင့် ခင်ဗျားကို ကျုပ် သာပြီးတော့ မုန်းတာပဲ။ ဟိုတုန်းက မနိုင်တာရှိစေတော့ ဒီတစ်ခါတော့ ကျုပ်လက်ထဲက ခင်ဗျား လွတ်သေးရဲ့လား ကိုနိုင်ကြီး"

မြင့်။ ။"အကောက်ကြံပြီး နိုင်ရတာ ဘာအသုံးကျသလဲ။ ခင်ဗျား သတ္တိရှိရင် ကျုပ်ကို လွှတ်ပေးစမ်းပါ ခင်ဗျားက ဓားကိုင်၊ ကျုပ်က လက်ချည်းပဲ နိုင်အောင် သတ်ပါ့မယ်"

ဖေ။ ။"မလိုချင်ဘူး။ သေချာတဲ့နည်းနှင့်မှ ကျုပ်က စီရင်ချင်တယ်။ နေဦး ဒါ့ထက် ကျုပ်ပြောစရာရှိသေးတယ်။ ကျောင်းမှာနေခဲ့သမျှ ကာလပတ်လုံး



ခင်ဗျားဟာ ကျုပ်ကို ကြောခဲ့တာချည်းပဲ။ အတန်းထဲမှာလည်း ခင်ဗျားပထမရတယ်၊ ဘောလုံးကစားရာမှာလည်း ခင်ဗျားပဲ ကပ္ပတိန်ဖြစ်ခဲ့တယ်။ မော်နီတာဆိုရင်လည်း ခင်ဗျားပဲ။ ဘာပဲလုပ်လုပ် ခင်ဗျားချည်းပဲ ခေါင်းဆောင်လုပ်ရတယ်၊ ဒီဟာတွေကို ကျုပ်က ကျေနိုင်မယ်ထင်သလား။ မကျေဘူး။ ဟောဒီဘက်မှာအစိုင်အခဲကြီး ဖြစ်နေတယ်" ဟုပြောလျက် ရင်ဘတ်ကို လက်သီးနှင့်ထု၍ ပြလေ၏။

မြင့်။ ။"တော်တော်လဲ ယုတ်မာတဲ့လူပါကလား၊ ဒါနဲ့ဗျာ ကျုပ်အိမ်ကို ဝင်လာထွက်လာ၊ စားလာသောက်လာ လုပ်နိုင်ပါပေ့ဗျာ၊ သူ့အစွမ်းသတ္တိနှင့်သူ့ဘာသာ ခွျန်တာကို ဒီလောက်များ မနာလိုဝန်တိုဖြစ်ပြီး ရန်ငြိုးကြီးရပါပေ့ဗျာ"

ဆရာ။ ။"ဒါတင် ဘယ်ကမလဲဆရာကြီး၊ ဒါ့ထက်မက ဆိုးတာကြီးတွေ ရှိသေးတယ်။ အရင်းအမြစ်ကစပြီး ကျုပ်ပြောပြချင်တဲ့အတွက် ဒီဟာတွေပါသည့်ပြီး ပြောပြပါတယ်။ စင်စစ်အရေးအကြီးဆုံးကတော့ မသန်းမေဗျ၊ မသန်းမေ"

ထိုအခါ မောင်ဘမြင့်မှာ လူရူးတစ်ယောက်နှင့် တွေ့ဆိုင်နေရခြင်းမဟုတ်၊ မနာလိုဝန်တိုစိတ်အားကြီးလှသောလူယုတ်မာကြီးတစ်ယောက်နှင့် တွေ့ဆုံနေရခြင်းတည်းဟူသော အဖြစ်ကို စဉ်းစားမိသဖြင့် စကားမပြောနိုင်တော့ဘဲ ဆိတ်ငြိမ်စွာ ထိုင်လျက်ရှိ၏။

ဆရာ။ ။"မသန်းမေကို အပျိုဘဝတုန်းက ကျုပ်ကြိုက်နေတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား။ ကျုပ်က ကြိုက်နေသော်လည်း သူက မေတ္တာတုံ့ပြန်ခြင်း မရှိသေးဘူးဆိုတာ မှန်တယ်။ သို့သော် ခင်ဗျားပေါ်မလာခဲ့ရင် တဖြည်းဖြည်းတော့ ကျုပ်ကို မေတ္တာရှိမှာမုချပဲ။ တစ်သက်လုံး ခင်ဗျားက ကျုပ်ကို နှောင့်ယှက်တယ်။ ကျောင်းမှာ နှောင့်ယှက်လို့အားမရနိုင်သေးဘဲ ကျောင်းကထွက်ပြီး ညီးစားလုကြပြန်တော့လည်း ပါနေတယ်။ နိုင်တော့လည်း ခင်ဗျားပဲနိုင်တယ်၊ ဒီတော့ကာ ခင်ဗျားကို ကျုပ်စိတ်မဆိုးရင် ဘယ်သူ့ကိုဆိုးရဦးမှာလဲ ကိုဘမြင့်"

မြင့်။ ။"ဒါကြောင့် ခင်ဗျားက ကျုပ်ကို သတ်ဖို့ ကြံစည်တယ်လား၊ သတ်တာတော့ဟုတ်ပြီ ဆရာကြီးရယ်။ ကျုပ်သေတော့ကော မသန်းမေက ခင်ဗျားကို ယူမှာတဲ့လား"

မောင်ဘမြင့်မှာ အချိန်ဆွဲလိုခြင်းအတွက် စကားပြောခြင်းဖြစ်ချေ၏၊ စကားပြောစဉ်အတွင်းလည်း လွတ်မြောက်ရန်နည်းလမ်းကို တွေးတောလျက်ရှိ၏။

ဆရာ။ ။"ချက်ချင်းတော့ ဘယ်ဟုတ်မလဲဆရာကြီးရယ်၊ ကွယ်လွန်သူ့ သူငယ်ချင်းဗျာပနကိစ္စမှာ ကိုယ်ဖိရင်ဖိဆိုတာလို ဆောင်ရွက်ပြီး ကိစ္စပြီးတဲ့အခါလည်း မုဆိုးမကလေးကို ကရုဏာရှိတဲ့သဘောနှင့် မကြာမကြာ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



လည်ပတ်၊ တတ်နိုင်သမျှ ကူညီစောင့်ရှောက်တဲ့သဘောမျိုးနှင့် လုပ်ရရင် ကြာကြာကြီး ဘာခံနိုင်မှာလဲဗျ"

မြင့်။ ။"ကျုပ်ကို သတ်တဲ့အတွက်တော့ ခင်ဗျားမှာ မင်းပြစ်မင်းဒဏ်များ မသင့်ပေဘူးလား"

ဆေး။ ။"တော်လိမ့်မယ်မှတ်တယ်၊ တယ်ညံ့သေးတဲ့လူတစ်ယောက်ပဲကိုး၊ ခင်ဗျား သေရခြင်းဟာ လူသတ်လို့သေရခြင်းမဟုတ်၊ မတော်တဆ သေနတ်မှန်လို့ သေရခြင်းဖြစ်အောင်ဟာ ကျုပ်စီမံပြီးပြီဗျ။ ကျုပ်ဟာ ဒီကနေ့အဖို့မှာ ပဲခူးမှာ ရှိနေတယ်လို့ လူသိသူသိဖြစ်အောင် စီစဉ်ထားပြီးပြီ ဆရာကြီးရဲ့"

မြင့်။ ။"ခင်ဗျားက ဘယ်လိုစီမံဦးတော့ ကျုပ်ကို ခင်ဗျားသတ်ရင် ခင်ဗျားတော့ ကြိုးစင်တက်ရပြီ မှတ်ထား"

ဆေး။ ။"ဒီဟာ က ခင်ဗျားအပူမဟုတ်ပါဘူးလေ၊ ကျုပ်အပူပါဗျ၊ ဒီအတွက်ကို ရှေးမဆွက ကြိုတင်ပြီး အလုံးစုံကျုပ် စဉ်းစားတွက်ချက်ပြီးဖြစ်ပါတယ်။ ကျုပ်ဒီကိုလာရခြင်းဟာလည်း ခြေရာဖျောက်ပြီးဗျ၊ စားပွဲပေါ်မှာ ဖန်ခွက်နှစ်လုံးတွေ့ပြန်ရင်လည်း တောင်တောင်မြောက်မြောက် တွေးတောကြမှာစိုးလို့ ဖန်ခွက်တစ်လုံးကို ကျုပ်ပြန်သိမ်းထားလိုက်ပြီးပြီ။ ခင်ဗျားကို မူးတယ်ထင်စေရအောင်လည်း အရက်တွေကို အားလုံးကျုပ်သွန်ပစ်ထားပြီ"

မြင့်။ ။"မူးတော့ ဘာဖြစ်သလဲ"

ဆေး။ ။"မူးယစ်တဲ့လူများဟာ ခြေချော်လက်ချော်ဖြစ်တတ်တယ် မဟုတ်လား၊ ခင်ဗျားသေရခြင်းဟာ မူးယစ်တဲ့အတွက် သေနတ်ကိုကိုင်ရင်း မတော်တဆ ကျည်ဆန်ချော်ထွက်သွားခြင်းဖြစ်တယ်လို့ ထင်စေဖို့ ကျုပ်စီမံပြီးဖြစ်တယ်"

မြင့်။ ။(အာခြောက်လာသော နှုတ်ခမ်းကို လျှာဖြင့်လျက်၍) "တော်ပါတော့ ကိုတင်ဖေ၊ ကျီစားတာကလည်း လွန်လွန်းတယ်ဗျာ"

ဆေး။ ။"ကျီစားတာမဟုတ်ဘူးဆရာကြီး၊ တကယ်ပြောနေတာဗျ၊ တော်တော်ကလေးကြာတော့ စားပွဲပေါ်က သေနတ်က ကျည်ဆန်ကာ ခင်ဗျားမျက်နှာကိုမှန်ပြီး ရုပ်ပျက်ဆင်းပျက်သေဖို့ရာသာ ပြင်ထားပေတော့၊ ခင်ဗျားမသာကို သင်္ဂြိုဟ်ခြင်းကိစ္စပြီးတဲ့နောက် ခြောက်လအတွင်းမှာ ခင်ဗျားမယားမသန်းမေဟာ ကျုပ်နှင့်လက်ထပ်မင်္ဂလာဆောင်နှင်းရစ်လိမ့်မယ်လို့ စိတ်နှလုံး တုံးတုံးကြီး ချသွားပေတော့"

"ခွေးမသား" ဟု နှုတ်မှ ရေရွတ်လျက် မောင်ဘမြင့်သည် မိမိအား ချည်နှောင်ထားသော သားရေကြိုးများမှ လွတ်မြောက်စေရန် ကြိုးစားအားထုတ်ရန်းကန်လေရာ နဖူးမှ အကြောများပြိုင်းပြိုင်းထလာ၍ ချွေးများလည်း တစ်မျက်နှာလုံး



ဒိုင်းကျဆင်းလေ၏။ ထိုခဏ၌ မောင်တင်ဖေသည် စားပွဲပေါ်တွင်တင်ထားသော သေနတ်ကို ကောက်ယူလေ၏။ မောင်ဘမြင့်မှာမူ သတ္တိကောင်းသော သူတို့၏ ထုံးစံအတိုင်း အစွမ်းရှိသမျှ ရုန်းကန်၍မရကြောင်းသိရှိရသည်နှင့်တစ်ပြိုင်နက် ရဲရဲကြီးအသေခံတော့မည်ဟု ဆုံးဖြတ်ပြီးသော လက္ခဏာနှင့် မောင်တင်ဖေအား မထီလေးစား ကြည့်နေလေ၏။

ဆေး။ ။"ခင်ဗျားအလောင်းကို သူတို့တစ်တွေ တွေ့ကြတဲ့အခါမှာ သားရေကြိုးတွေဘာတွေကို ကျုပ်က ဖြုတ်ထားပြီးပြီ။ သေနတ်ကြီးဟာလည်း ခင်ဗျားအနားမှာ ချလျက်သားတွေ့ကြမယ်။ သေနတ်ကလည်း ခင်ဗျားသေနတ်ဖြစ်တယ်၊ ဒီတော့ကာ ကျုပ်အပေါ်မှာ အပြစ်လာစရာ ဘာမှမရှိဘူး။ သူ့ဘာသာသူ မတော်တဆဖြစ်ရှာတယ်လို့ လူတိုင်းက တွေးရမယ်မဟုတ်ဘူးလား"

မောင်ဘမြင့်ကမူ တတ်နိုင်သရွေ့ မထီလေးစား မျက်နှာထားမျိုးဖြင့် မောင်တင်ဖေအား စက်ဆုပ်ရွံရှာဟန်ကြည့်လျက်ရှိ၏။

ဆေး။ ။(သေနတ်ကိုကိုင်ရင်း)"ခင်ဗျားက ကျုပ်ကိုလှောင်ချင်ပြောင်ချင်သေးတယ်။ ဟင်း အာဂလူပါတကား၊ နေနှင့်ဦးလေ၊ သေနတ်ပြောင်းဝနှင့် ခင်ဗျားမေးစေ့နှင့် ဟောဒီလိုတေ့ပြီး ခလုတ်ပေါ်မှာ ကျုပ်လက်က ဟောဒီလိုတင်ထားတဲ့အခါကျတော့ ခင်ဗျားက ပြောင်နိုင်လှောင်နိုင် မထီလေးစားနိုင်ဦးမလားကြည့်ကြဦးစို့ဗျာ" ဟုပြောလျက် သေနတ်ပြောင်းဝကို မိမိ၏ မေးအောက်တွင် ဆော့ထား၍ မောင်းခလုတ်ကို လက်ညှိုးဖြင့်တေ့၍ ပြ၏။

"ကိုဘမြင့်၊ အို ကိုဘမြင့်၊ ဘယ်ကလဲဗျာ" ထိုအသံမှာ အိမ်ရှေ့မှ ဟစ်အော်၍ ခေါ်လိုက်သည့် ယောကျ်ားတစ်ယောက်၏အသံဖြစ်လေရာ မောင်တင်ဖေသည် ထိုအသံကိုကြားရသောအခါတွင် ဆတ်ခနဲလန့်၍ သွားလေ၏။ ထိုခဏ၌ သေနတ်ခလုတ်ပေါ်တွင် တင်၍ပြထားသော လက်ညှိုးသည် ဆတ်ခနဲလှုပ်၍ သွားလေရကား ဒိုင်းခနဲမြည်သောအသံကို ကြားလိုက်၏။ နောက်တစ်ခဏ၌ လှေကားပေါ်မှပြေးဆင်း၍ အိမ်ပေါ်သို့တက်လာသော ဧည့်သည်သည် ကုလားထိုင်ပေါ်တွင် ချည်တုပ်လျက် သတိမေ့လျော့နေသော သူငယ်ချင်းကိုဘမြင့်နှင့် လူရုပ်မပီသသည့်တိုင် မျက်နှာတစ်ခုလုံး စိစိညက်ညက်ကြေလျက်ရှိသော မောင်တင်ဖေ၏အလောင်းကို တွေ့ရလေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# မသိမကောင်း သိမကောင်း

ဝတ်လုံကတော်ကြီး ဒေါ်သန်းရင်သည် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်လျက် နှုတ်ပုဝါကြီးကို အနေအထားကျနစွာ ပြင်ဆင်ကာ ခြုံပြီးနောက် နောက်ဆုံးပြင်ဆင်သောအနေဖြင့် မျက်နှာဖြင့် တို့ပတ်ရိုက်ပြီးလျှင် အိမ်ကြီးအောက်ထပ်သို့ဆင်းလာခဲ့သည်။ အောက်ထပ်၌ကား ဝတ်လုံကြီးဦးကျော်ဒင်နှင့် သမီးမိမိကြည်၊ မိမိရီတို့သည် အသစ်လွင်ဆုံးသော အဝတ်အစားများဖြင့် ဘုရင်ခံဆာသာကယ်ရိုက်၏ 'ဂါးဒင်းပါတီ'ခေါ် ဥယျာဉ်ပွဲသို့ သွားကြရန် အသင့်ပြင်ထားကြ၏။ ထိုခေတ်အခါက ဘုရင်ခံများ၏ ဂါးဒင်းပါတီများမှာ အထက်တန်းစား အစိုးရအရာရှိကြီးများနှင့် မင်းပေါင်းကောင်းသော ထိပ်တန်းကုန်သည်ပွဲစားကြီးများကိုသာ ဖိတ်ခေါ်သည်ဖြစ်သောကြောင့် တိုင်းပြည်၌ ကျင်းပသော ဧည့်ခံပွဲအပေါင်းတို့သည် အကြီးအကျယ်ဆုံးဟူ၍ အသိအမှတ်ပြုတတ်ကြလေသည်။

ဂါးဒင်းပါတီ တစ်ကြိမ်ကျင်းပတိုင်း ဖိတ်ခေါ်ခံရသည့် ကုန်သည်ပွဲစားသည် ပီတိဖြစ်ခြင်းနှင့်အတူ ဖိတ်ခြင်းမခံရသည့် အရာရှိငယ်များနှင့် ကုန်သည်ပွဲစားများ၏ အသည်းနှလုံး ပူဆွေးလောင်ကျွမ်းခြင်းများသည်လည်း မရေမတွက်နိုင်အောင် ရှိကြလေသည်။

ဝတ်လုံတော်ရ ဦးကျော်ဒင်နှင့် သမီးနှစ်ယောက်တို့သည် လှေကားမှ ဝတ်လုံကတော်ကြီး ဆင်းလာသည်ကို မြင်ကြသောအခါ ဝတ်လုံတော်ရကြီးက "တကတည်းဗျာ အမေလုပ်တဲ့လူကလည်း ပြင်ဆင်ထားလိုက်တာ သမီးတွေထက်တောင် သာပါသေးကလား၊ ဘယ်လိုပြင်ပြင် ဘိုးကျော်ဒင်၊ ဘိုးကျော်ဒင်ပါပဲ" ဟု ပြောရာတွင် သမီးအကြီးမိမိကြည်က "ပြင်မယ်ဆိုလည်း ပြင်ထိုက်တာ



...သေး၊ ကျွန်မတို့မေမေက မြေးတစ်ယောက်ရပေမယ့် ကျွန်မတို့တွေထက်တောင် ...သေးတာကိုး" ဟု ပြော၏။ ဤစကားကို ကြားရသော ဒေါ်သန်းရင်မှာ ...တ်ငါးဆယ်ကျော်ခါစဖြစ်သော မိန်းမကြီးများ၏ထုံးစံအတိုင်း နှပျို့သည်ဆို...ကို ပီတိဖြစ်လျက် ခြုံထားသော နှုတ်ပုဝါကို လည်ကုပ်တွင် ချွေးမစွန်းစေရန် ...ကိုသို့ မြှောက်တင်ပေးလိုက်သေးသည်။ ၎င်းနှုတ်ပုဝါမှာ ကွယ်လွန်သူ သမက်...ဘဦးက ယောက္ခမကြီးအတွက် အထူးတလည် ဝယ်ယူတင်ပို့လိုက်သော ပုဝါ...ဖြစ်၍ တရိုတသေ သိမ်းဆည်းထားခဲ့ရာ ပထမအကြိမ်ထုတ်၍ ခြုံခြင်းဖြစ်...သော ဤပွဲတွင် သွားလေသူသမက်ကလေး ကိုဘဦး မမြင်ရရှာချေ တကားဟု ...ကမ်မေ့ကာ သမက်ကို သတိရသည်နှင့် သမီးမိမိရီကို လှမ်း၍ကြည့်လိုက်၏။ ...ဘဦး၏ဇနီး မိမိရီမှာမူ သုံးလခန့်အတွင်းကမှ လင်ယောကျ်ား ကွယ်လွန်ခြင်း...ခံပါလျက် ဂါးဒင်းပါတီအခမ်းအနားအတွက် မျက်နှာချေအရောင်တင်နှင့်တကွ ... စိန်ရွှေများပါ ညွတ်လုအောင် ဆင်ယင်ဝတ်စားထားသည် ဖြစ်သောကြောင့် ...ခင်ဒေါ်သန်းရင်သည် သမီးကို လှမ်းကြည့်ရင်း သက်ပြင်းချမိသည်။

...။"ငါ့သမီးက ပြင်ဆင်ထားလိုက်တာ ကြော့နေပါကောလား" •

...။"ဝတ်ရတာပေါ့မေမေ၊ သီလရင်ဝတ်ရမှာလည်း မဟုတ်၊ သူသေသွားလို့ ကိုယ်ပါ လိုက်သေမှာလည်းမဟုတ်၊ ညှိုးညှိုးငယ်ငယ်နေလို့ ပြန်ရှင်လာ...လည်း မဟုတ်၊ ဘာလုပ်ဖို့ ဟန်လုပ်နေရဦးမှာလဲ မေမေ"

...။"ခြောဲ လူဆိုတာ ဆီလိုအပေါက်ရှာပြီး ကဲ့ရဲ့တတ်တာမျိုး သမီးရဲ့၊ လင်အလောင်းတောင်မှ မပုပ်သေးဘူး ဇာတ်မင်းသမီးရှုံးအောင် ပြင်နိုင်ဆင်နိုင်ပါပေရဲ့လို့ ပြောကြမှာပေါ့ သမီးရယ်"

...။"ဘာဖြစ်သေးလဲ မေမေ၊ သေတဲ့လူသေပြီးဟာ ကျန်ရစ်တဲ့လူက တစ်သက်လုံးလုံး တမှဲ့မှဲ့နဲ့နေလို့ ဘာထူးဦးမှာလဲ မေမေ၊ မေမေတို့ ရှေးလူကြီး...က သိပ်ဟန်လုပ်တာပဲ၊ ကိုယ့်ဝမ်းထဲက ပျော်ချင်တောင် လူမြင်မကောင်းလို့ ...ခြင်ရဦးတော့မလိုလို၊ ကိုယ့်စိတ်ကပျော်ရင် ပျော်တာပေါ့မေမေ၊ ဘယ်သူ့...နှာ ကြည့်နေရဦးမှာလဲ"

...။"အေးလေ ညည်းတို့လက်ထက်ကတော့ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ကိုယ်ထင်ရာ ကိုယ်လုပ်မယ်ဆိုတဲ့ လက်ထက်ပါပဲ၊ သို့သော် လျှော်သည် မလျှော်သည် သိတတ်ခြင်းဟာ ကောင်းမြတ်တဲ့ အထိမ်းအမှတ်တစ်ခုလို့ ...သည်ရသေးတယ် သမီးရဲ့"

ထိုအတောအတွင်း မိသားဖသားတစ်စုတို့သည် ဂါးဒင်းပါတီသို့ထွက်ရန် ...ချိန်အနည်းငယ် လိုသေးသည်ဖြစ်၍ အိမ်ရှေ့ဧည့်ခန်းအတွင်းရှိ ဆိုဖာကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင်ထိုင်ကာ ချစ်ခင်ကြင်နာသော အိမ်သူအိမ်သားများဖြစ်ကြသည့်အတိုင်း တစ်ယောက်ကိုတစ်ယောက် အရိပ်ကြည့်လျက် ရှိကြ၏။ ဒေါ်သန်းရင်သည် သမီးများနှင့် စကားပြောရင်း သွားလေသူ ကိုဘဦးကို သတိရသည်နှင့် ၎င်း၏ဓာတ်ပုံကို ချိတ်ထားသောနေရာသို့ မော့ကြည့်လိုက်ရာ ကိုဘဦး၏ဓာတ်ပုံကို မမြင်သဖြင့်–

ရင်။ ။"အလို မောင်ဘဦးဓာတ်ပုံ ဘယ်ရောက်သွားလဲ"

ရီ။ ။"ကျွန်မ ဖြုတ်ထားလိုက်တယ် မေမေ"

ရင်။ ။"ဘာကြောင့်လဲ သမီးရယ်"

ရီ။ ။"ဘာလုပ်ဖို့လဲ မေမေ၊ နိမိတ်မရှိ နမာမရှိ"

ရင်။ ။"ဟဲ့ ဘယ့်နှယ်ပြောတာလဲ သမီးရဲ့"

ရီ။ ။"သေပြီးတဲ့လူပုံကို အိမ်မှာချိတ်တာ ကျက်သရေမရှိပါဘူး မေမေ"

ရင်။ ။"ဒါဖြင့် ညည်းဘိုးဘိုးနဲ့ ဘွားဘွားတို့ ဓာတ်ပုံတွေကော ဆုတ်ပစ်ဦးမှာလား"

ရီ။ ။"အို ဒါကတော့ လူကြီးတွေကိုး၊ အရိုအသေ ထားရတာပေါ့"

ဒေါ်သန်းရင်သည် မိမိရီအား မည်သို့မျှ ပြန်မပြောဘဲ မိမိကြည်သို့ လှမ်းကြည့်လိုက်၏။ သားအမိနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ခြင်းဖြင့် မိမိရီ၏ စိတ်သဘောကို အပြစ်ဆိုကြဟန် တူလေသည်။

ဝတ်လုံကတော်ကြီး ဒေါ်သန်းရင်သည် ဟုမ္မလင်း၌ မြို့အုပ်ကိုဘဦး သေဆုံး၍ မိဘများထံသို့ မိမိရီပြန်လာကတည်းက သမီးမိမိရီ၏ အမူအရာမှာ ထူးဆန်းသည်ဟု အောက်မေ့မိ၏။ ဟုမ္မလင်းနယ်မှာ ချင်းတွင်းဒိစကြိတ်တွင် မြောက်ဒွန်ဆုံးနယ်ဖြစ်၍ ရက်သတ္တတစ်ပတ်မှ တစ်ကြိမ် သင်္ဘောများ ရောက်သဖြင့် ကူးသန်းသွားလာရန် အလွန်ခဲယဉ်းသည်ဟုဆိုကာ မိမိရီသည် ကိုဘဦးကွယ်လွန်သောအခါကလည်း မိဘများထံသို့ အကြောင်းကြားရုံမျှကြား၍ ရျာပနကိစ္စကို ပြီးစီးအောင် စီမံလိုက်သည်။ ကိစ္စပြီးနှင့်ပြီးဖြစ်သောကြောင့်လည်း မိမိရီ၏ မိခင်ဖခင်များ သွားရောက်ကြခြင်း မရှိချေ။ ကိုဘဦးဘက်မှမူ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ဖြစ်သောကြောင့် အကြောင်းကြားရန် မလိုဟုဆိုကာ လျင်မြန်စွာ သင်္ဂြိုဟ်လိုက်သည်။ မိဘများထံသို့ သမီးကလေး ညွန့်ညွန့်နှင့် ပြန်ရောက်လာသည့်နောက် ဒေါ်သန်းရင်သည် သမီးမိမိရီအား အသက်ကလေးငယ်ငယ်နှင့် မုဆိုးမဖြစ်ရရှာသည်ဆိုကာ ကရုဏာရှေ့ထား၍ ကြင်နာသောအမူအရာ ဖော်ပြသော်လည်း သမီးမိမိရီသည် မိခင်၏ကရုဏာကို ကောင်းစွာလက်မခံဘဲ ရှုပ်သည်ဆိုသော အမူအရာမျိုးနှင့် ဖယ်ရှားလေ့ရှိသည်။ ပမာဆိုသော် ဒေါ်သန်းရင်က



...အား "ငါ့သမီးကလေးရဲ့" ဟုဆိုကာ ပွေ့ဖက်၍ ငိုကြွေးသည်ကို မိမိရီက "...မ်းပါမေမေရယ်" ဆိုကာ မိခင်၏ရင်ခွင်ထဲမှ ရုန်းထွက်ကာ ထသွားလေ...၊ သို့ဖြစ်၍ မိခင်ဒေါ်သန်းရင်သည် မိမိ၏ကရုဏာကို လက်မခံသည့်အတွက် ...အားသင့်စွာနှင့် ငေးကြည့်နေရှာလေသည်။

ဤအတောအတွင်း ဝတ်လုံဦးကျော်ခင်သည် ထိုင်ရာမှထလျက် မိမိကိုယ်...တ်ထားသော ကြေးနီရောင် ဘန်ကောက်တောင်ရှည်ကို မှန်ထဲတွင်ကြည့်လျက် ...ခေါင်း၌ ပေါင်းထားသော ခရမ်းရောင်ပုဝါနှင့် လိုက်ပါ၏လောဟု သမီးအကြီး...ကြည်အား ထင်မြင်ချက်တောင်းရာ မိမိကြည်က "လိုက်ပါတယ်ဖေဖေ သိပ်...ည့်ကောင်းသားပဲ" ဟု ထောက်ခံချက်ပေးသော်လည်း မိမိရီကမူ သားအဖနှစ်...ောက် အပြန်အလှန် ပြောကြသော စကားများကို စိတ်မဝင်စားသော မျက်နှာ...နှင့် နားထောင်လျက်ရှိသည်။

ဝတ်လုံတော်ရ ဦးကျော်ခင်ကား ဝတ်လုံများအနက်တွင် လူရိုးကြီးတစ်...ောက်ဟူ၍ နာမည်ရသူ ဖြစ်လေသည်။ ဘိလပ်ပြန်ဝတ်လုံဖြစ်သော်လည်း ဆံပင်... အရှည်ထား၍ ကျယ်ဝန်းသော နဖူးပြင်အထက်၌ သျှောင်ကလေးထုံးကာ ...တို ခွေထိုးပေါင်းလျက် ရွှေမျက်မှန်အထက်မှ လှမ်းကြည့်လိုက်သည်တွင် ...သက်သေများသည် ဖိန့်ဖိန့်တုန်မျှ ကြောက်လန့်ကြ၍ ရှေ့နောက်မညီ...သော အစစ်ခံချက်များကို ထွက်ဆိုမိကြလေသည်။

ဦးကျော်ခင်သည် မိမိထံသို့ ရောက်လာသောအမှုများအနက် အမှုမှန်များ...သာ လက်ခံလေ့ရှိ၏။ ကောက်တီးကောက်ကွေ့၊ ညစ်တီးညစ်ပတ် ပရိယာယ်...ဆင်၍ရောက်လာသော အမှုသည်များကိုကား ဦးကျော်ခင်သည် ငွေပုံ၍ပေး...ဆိုသော်လည်း လက်မခံချေ။ ထိုကဲ့သို့သော အမှုသည်များကိုကား ဦးကျော်...သည် စာတစ်ရွက်ပေါ်တွင် နာမည်နှင့်လိပ်စာကိုရေး၍ အမှုသည်၏လက်သို့ ...ပ်လျက် "ဒီအမှုကိုတော့ ကျွန်တော်လက်မခံပါရစေနဲ့၊ သို့သော် ဟောဒီလိပ်...အတိုင်း သွားပါလေ၊ ကျွန်တော်က လွှတ်လိုက်တယ်လို့ ပြော၊ သူတတ်နိုင်... ကြည့်လုပ်ပေးပါလိမ့်မယ်" ဟု ပြောလေ့ရှိလေသည်။

... ။(မိမိကြည်ဘက်သို့လှည့်လျက်)"ဘယ့်နှယ်လဲသမီးရဲ့၊ ဖေဖေ့ရုပ်အင်္ကျီက ဒီအတိုင်း တော်လောက်ပြီလားကွဲ့၊ ရုပ်လက်မာတစ်ထည် ရှိသေး...ဟုတ်လား။ အဲဒါဝတ်ဦးမှ ထင်တယ်"

...။ ။"မလုပ်ပါနဲ့ဖေဖေရယ်။ ရုပ်လက်မာတို့ ဘာတို့ဆိုတာ စာရေးစာချီတွေဝတ်တာပါ၊ ဖေဖေတို့ကတော့ အရာရှိကြီးဂိုက်မျိုးဝတ်မှ တော်မှာပေါ့"

... ။"နယ်ပိုင် ဝန်ထောက်ဦးသာလုလည်း ရုပ်လက်မာဝတ်တာပဲ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြည်။ ။"ဒီလူကြီးက ကလေးကလားလူကြီးပါဖေဖေရယ်။ သိက္ခာရှိတာ မဟုတ်ပါဘူး"

ခင်။ ။"အေးလကွယ်၊ တို့လူကြီးတွေကတော့ ဒါမျိုးတွေ နားမလည်တော့ဘူး။ ငါ့သမီးခြယ်လှယ်သရွေ့ပါပဲ"

ရင်။ ။"ဘယ့်နှယ်လဲဟေ့ သမီးများ၊ အချိန်မနီးသေးဘူးလားကွဲ့"

ကြည်။ ။"နည်းနည်းလိုပါသေးတယ် မေမေ၊ လေးနာရီ ဖိတ်ထားတာပဲ။ အခု သုံးနာရီခွဲပြီးခါစ ရှိပါသေးတယ်။ နောက်ပြီးတော့ လေးနာရီဆိုပေမယ့် သိုးထိုးချင်း ရောက်သွားရင် လာချင်အားကြီးနဲ့ လာကြတယ်လို့ အထင်ခံရပါဦးမယ်။ ဆယ့်ငါးမိနစ်လောက်ခွာပြီး လေးနာရီဆယ့်ငါးမိနစ်လောက်မှာ ရောက်သွားကြရင် တော်ရောပေါ့၊ ဆိုက်ကုလားကိုလည်း လေးနာရီတိတိမှာ လာခေါ်ဖို့ ကျွန်မ ပြောထားပါတယ်"

မိမိကြည်မှာ သမီးအကြီးဖြစ်၍ အသက်သုံးဆယ်သို့ ချဉ်းကပ်လျက် ရှိသည်ဖြစ်သော်လည်း အပျိုကြီးဘဝ၌ပင် ရှိနေသေး၏။ မိဘမျိုးရိုးအားဖြင့်လည်း ဆိုစရာမရှိ၊ ရုပ်ရည်မှာလည်း သနားကမားရှိပါလျက် ဤအသက်အရွယ်တိုင်အောင် အပျိုကြီးဖြစ်နေရသည်မှာ 'အရမကြိုက် အကြိုက်မရ' ဆိုတတ်ကြသည့် အပျိုကြီးများ၏ သဘာဝအတိုင်း ဖြစ်လေတော့သည်။ အိမ်မှုရေးရာ၌ ချက်ချက်ချာချာရှိ၍ အိမ်ထောင်ကို ဦးစီးနိုင်သူတစ်ယောက်ဖြစ်ပါလျက် ယောကျ်ားများသည် ဘယ်ဆိုမှာ မျက်စိလျှံနေကြသနည်းဟု ဒေါ်သန်းရင် အောက်မေ့မိသည်။ အရုပ်အနည်းငယ် မြင့်လွန်း၍ ရှေ့သွားကလေးများ အနည်းငယ်ရှည်လွန်းခြင်းသည် တစ်ပါး ချောက်ပြစ်ကင်းဖြစ်သည်ဟု မိခင်ဒေါ်သန်းရင်က ဆုံးဖြတ်ချက်ချမိ၏။ ယခုအခါ၌ အသက်သုံးဆယ်ချဉ်းကပ်ပြီဖြစ်သော်လည်း ယခုကဲ့သို့ ဝတ်စားဆင်ပြင်ထားသည့်အခါတွင် အသက်နှစ်ဆယ်ကျော်လောက်သာ ထင်ရလောက်အောင် နုရေဖတ်ရေရှိသည်ဟူ၍လည်း ဒေါ်သန်းရင်က အကဲဖြတ်၏။ သို့သော် ပြောချေသော ပြောရသည် မိမိကြည်အိမ်ထောင်မကျသည့်အတွက် မိမိ၌ များစွာ သက်သာရာ ရပေသည်ဟူ၍လည်း နောက်ဆုံးပိတ် ဆုံးဖြတ်ချက် ချလိုက်သည်။

ထို့နောက် တစ်ဖန် သမီးငယ်ဖြစ်သော မိမိရီကို လှမ်းကြည့်လိုက်ပြန်ရာ တွင် ပုပုဝဝနှင့် အသက် ၂၈ နှစ်မပြည့်မီ ကလေးတစ်ယောက်၏အမေအဖြစ်နှင့် မုဆိုးမဖြစ်ရရှာသည်ဆိုကာ နောက်အိမ်ထောင်ကျရန်အတွက် မျှော်လင့်ချက် နည်းရှာသည်ဟူ၍ စဉ်းစားမိပြန်၏။ ဖြူဖြူနွဲ့နွဲ့ဖြစ်၍ မိမိနှင့်တူသော မိမိကြည်ကိုဘဲ ဦး သဘောကျခဲ့ခြင်းအတွက်လည်း ဒေါ်သန်းရင်အံ့ဩမိသည်။ သမီးနှစ်ယောက်ရှိသည့်အနက် တစ်ယောက်စွံ၍ လက်မှလွှတ်ပေပြီဟု အောက်မေ့ခဲ့ရာ



တစ်ဖန် နှစ်ယောက်လုံး ပြန်ရောက်နေသဖြင့် သာ၍တာဝန်ကြီးလေးပြန်ဦးမည်ဟု စဉ်းစားမိသဖြင့်လည်း ဒေါ်သန်းရင် သက်ပြင်းချမိသည်။ အပျိုကဘဝ၌ မိမိရီမှာ ညိုပင်ညိုသော်လည်း 'ယဉ်စစ' ရှိသည်ဟု ဆိုနိုင်သေးရာမှ ဘဝတွင် ပုပုကွကွနှင့် ဝသည်ထက် ဝလာသောကြောင့် လည်ကုပ်တိုတို ခေါက်ထူထူနှင့် မေးစေ့နှစ်ဆင့်ဖြစ်နေသော ဤရုပ်ရည်ကို ဒုတိယမောင်ဘဦး သောက် ပေါ်ပေါက်နိုင်ပါဦးမည်လောဟု စိတ်ပျက်မိလေသည်။ ဤအတော တွင်း မိမိရီသည် မုဆိုးမအဖြစ်နှင့် အိမ်သို့ပြန်ရောက်လာကတည်းက တစ်အိမ် ကို စိတ်ကောက်နေသည့်လက္ခဏာနှင့် မေးသော်လည်း ပြောချင်မှပြော့ခြင်း၊ သော်လည်း ထူးချင်မှထူးခြင်း၊ အပေါက်ဆိုးပြောခြင်းအစရှိသည့် အငေါ်တွား အခြင်းအရာများ ဖြည့်စွက်ပါလာခဲ့သည်ဖြစ်သောကြောင့် မိခင်ဒေါ်သန်းရင် သာ၍ပင် စိတ်ပျက်လေသည်။ တစ်ခါတစ်ရံတွင် ဒေါ်သန်းရင်သည် မိမိရီ၏ များကို မကျေနပ်သဖြင့် ကြိမ်းမောင်းမည်ကြံသော်လည်း သွားလေသူ မောင်ဘဦး၏မျက်နှာကို မြင်မိသည့်ပြင် ကံနည်းသူမုဆိုးမကလေးဟူ၍ ထားခဲ့ရလေသည်။

* * *

မိမိကြည်သည် နာရီကြီးကို မော့ကြည့်ရာမှ ညီမမိမိရီအား လှမ်းကြည့်

"သြော် ဒါထက် ဘက်ဒမင်တန်ရိုက်ပွဲတုန်းက ခင်ခင်ညွန့်ပြောလိုက်တဲ့ စကားတစ်ခွန်းနဲ့ ပတ်သက်လို့ ရီ့ကို မေးစရာရှိတယ်"

မိမိကြည်မှာ အစိတ်ပြည့်၍ အပျိုဟိုင်းဖြစ်လာသည့်အချိန်မှစ၍ ကြက် ရိုက်ခြင်းစသည့် မြန်မာမိန်းမ မပီသဟု ထိုခေတ်က ဆိုကြသည့် ကစား ၊ ဘိုင်စကယ်စီးခြင်းများစသည်တို့ကို ဗိုလ်ကပြားမလေးများနှင့်အတူ ရှိလေသည်။ မိခင်ဒေါ်သန်းရင်က "ဣန္ဒြေရခြင်း၊ မိန်းမပီသခြင်း စသည် ပတ်သက်၍ သူတစ်ပါးကဲ့ရဲ့မည်ကို အလျှင်းပမာမပြု ဂရုမစိုက်ဘဲ လွတ် ဗိုလ်ဆန်ဆန် နေတတ်လေသည်။ ဒေါက်ကတ်ထားသောခေတ်က မိမိ သည် ကျုံးထိပ်တန်းလမ်းတွင် ကပြားမလေးနှင့်အတူ ဒေါက်ကတ်ပင် ခဲ့ဖူးလေသည်။

"ကြက်တောင်ရိုက်ကြတော့ ခင်ခင်ညွန့်ကို ကြည်က နိုင်ခဲ့လို့လား"

ခင်ခင်ညွန့်မှာ အရှေ့နယ်ပိုင်ဝန်ထောက် ဦးအာယု၏ သမီးဖြစ်၍ မိမိ လို ဗိုလ်ဆန်သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြည်။ ။"နိုင်တာ မနိုင်တာ ပြောချင်လို့မဟုတ်ပါဘူး။ ရီ့အကြောင်းကို သူပြော လိုက်တာ ရီ သိစေချင်လို့ပါ"

ဤတွင် မိမိရီသည် မြက်ထဲ၌ ကစားနေသော သမီးကလေး ညွန့်ညွန့်ကို ပြတင်းပေါက်မှ မြင်လိုက်သည်နှင့်—

ရီ။ ။"သမီးကလေးကို ကော်ဖီတိုက်ရစ်ဖို့ မိထူးကို မှာထားပြီးပြီလား မေမေ"

ရင်။ ။"မှာခဲ့ပါပြီ၊ ဒါထက် ခင်ခင်ညွန့်က ဘာပြောလိုက်လို့လဲ ကြည်ရဲ့"

ကြည်။ ။"ခင်ခင်ညွန့် ဖေဖေက ကင်းတပ်က ပြောင်းလာတာ မေမေရဲ့၊ ဟူမွှလင်း နယ်အဖြစ်အပျက်ကို သူတို့ကောင်းကောင်းသိတယ်"

ရင်။ ။"ကင်းတပ်မှာ နယ်ပိုင်ဝန်ထောက်ဆိုတော့ မောင်ဘဦးရဲ့အထက်ကပေါ့"

ကြည်။ ။"ဟုတ်တာပေါ့မေမေ၊ ရီတို့ ကိုဘဦးတို့ကို သူတို့က ကောင်းကောင်း သိတာပေါ့"

ဤအတောအတွင်း မိမိရီသည် စိတ်ဝင်စားခြင်းမရှိသော အမူအရာနှင့် ထိုင်ရာမှထ၍ လုံချည်ကို ပြင်ဝတ်ကာ အောက်သို့ငုံ့ကြည့်နေသည်ကို ဒေါ်သန်း ရင် မြင်လိုက်သဖြင့် အံ့ဩမိသည်။

ကြည်။ ။"နေပါဦးရီရဲ့၊ ကိုဘဦးသေတာ ငှက်ဖျားနဲ့သေတယ်လို့ ဘာကြောင့် တစ်အိမ်လုံးကို လိမ်ပြောရတာလဲ"

ဤတွင် မိမိရီသည် မိမိကြည်၏ မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လိုက် သော်လည်း မည်သို့မျှ ပြန်မပြောဘဲ နှုတ်ခမ်းကိုကိုက်လျက် ရှိသည်။ ဦးကျော်ခင် နှင့် ဒေါ်သန်းရင်တို့ကမူ အံ့ဩသောအမူအရာနှင့် မိမိကြည်အား လှမ်းကြည့်လျက် "ဘယ်လိုပြောလိုက်တာလဲ ကြည်ရယ်" ဟု မေးကြသည်။

ကြည်။ ။"ခင်ခင်ညွန့်ကပြောတယ်၊ ကိုဘဦးဟာ ဖျားလို့သေတာမဟုတ်ဘူးတဲ့ သူ့ကိုယ်သူ သတ်သေတာတဲ့မေမေ"

ဒေါ်သန်းရင်သည် မျက်လုံးများပြူးလျက် "မြတ်စွာဘုရား ကယ်တော်မူ ပါ" ဟု လန့်အော်လိုက်ရာ ဦးကျော်ခင်ကမူ—

ခင်။ ။"သူတို့ပြောတာ ဟုတ်သလားရီရယ်"

ရီ။ ။"ဟုတ်တယ်"

ခင်။ ။"ဟဲ့–ဒါဖြင့် ငါတို့ကို ဘာကြောင့် မပြောတာလဲ"

ရီ။ ။"ဘာကြောင့်မှ မဟုတ်ဘူး၊ သမီးကလေး ညွန့်ညွန့်ကြောင့်ပဲ၊ အမှန်အ တိုင်း သိသွားတာထက် ဖျားပြီးသေတယ်ဆိုတာ တော်သေးတယ်ထင်လို့ ကျွန်မဒီလိုပြောတာပဲ"



ကြည်။ ။"ကိုင်း မေမေ့သမီးလုပ်ပုံ ကြည့်ပါတော့၊ တစ်တိုင်းပြည်လုံးက သိနေတဲ့ အဖြစ်အပျက်ကို ကျွန်မတို့မသိအောင် ဖုံးထားတာ ကောင်းနိုင်သေးရဲ့လားမေမေ၊ ကျွန်မတို့ကို အရူးလုပ်ရာမကျဘူးလား၊ တကယ်ဆိုတော့"

ရီ။ ။"ဒါကြောင့် ကြက်တောင်ရိုက်ပွဲမှာ စိတ်မကောင်းဖြစ်ပြီး မမရှုံးသွားရော တဲ့လား"

ခင်။ ။"ဟဲ့ ငါ့သမီး ဘယ့်နှယ်ပြောလိုက်တာလဲ"

ရီ။ ။"ဘယ့်နှယ်ပြောရမှာလဲ ဖေဖေ၊ ကျွန်မကိစ္စထဲမှာ ဘယ်သူမှ ဝင်ရှုပ်ဖို့ မလိုပါဘူး၊ ပြောသင့်သလောက်ပြော၊ ဖုံးသင့်သလောက် ဖုံးထားတာကို ဘယ်သူက ဘာအပြစ်ဆိုစရာ ရှိသလဲ"

ခင်။ ။"ဒီပြင်လူကို ထားပါတော့သမီးရယ်၊ မိခင်လုပ်တဲ့လူကိုတော့ တိုးတိုး တိတ်တိတ် ပြောပြသင့်ပါတယ်ကွယ်"

မိမိရီသည် မည်သို့မျှ ပြန်မပြောဘဲ နှုတ်ခမ်းစူလျက် နေလေသည်။

ကြည်။ ။"ရီက ဘယ်လိုဖုံးပေမဲ့ တစ်နေ့တော့ ပေါ်လာလိမ့်မယ်ဆိုတာ မသိဘူး လားရီရယ်"

ရီ။ ။"မသိနိုင်ဘူး မမရေ့၊ လောကမှာ လူတွေဟာ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အလုပ် ကိုယ်လုပ်မနေကြဘဲနဲ့ သူတစ်ပါးအကြောင်းတွေကို ဆေါက် ဆေါက်ရှာရှာ ပြောနေကြလိမ့်မယ်လို့ မသိနိုင်ဘူး မမရေ့"

ကြည်။ ။"တစ်နယ်တည်းမှာ အတူနေခဲ့ကြတဲ့ လူအချင်းချင်းဖြစ်လေတော့ ကိုဘ ဦးတို့ ရီတို့အကြောင်းကို ခင်ခင်ညွန့်က ပြောမိတယ်ဆိုတာဟာ မွေတာ ပေါ့ ရီရဲ့"

ခင်။ ။"ဒါက မဆိုင်ပါဘူးလေ၊ တကယ်ဆိုတော့ ကိုယ့်မိဘကို ဟုတ်တိုင်းမှန် ရာ ပြောပြဖို့ ကောင်းတာပေါ့၊ ဒီတော့မှ မိဘလုပ်တဲ့လူက ဘယ်လိုလုပ် ရင် ဘယ်ဆိုတာကို ချင့်ချိန်နိုင်တာပေါ့၊ လောကအကြောင်း နားလည်တဲ့ဖခင် ကောင်းပေါက်အနေနဲ့ ပြောရမယ်ဆိုရင် မှန်တဲ့အတိုင်း ဖွင့်မပြောဘဲ ဖုံးကွယ်ထား ခြင်းဟာ ရေရှည်ကျတော့သာပြီး ဆိုးတတ်တယ်သမီးရဲ့"

ဤတွင် ဒေါ်သန်းရင်သည် မျက်လုံးများကို လက်ကိုင်ပုဝါနှင့်တို့လျက် "သြော် မောင်ဘဦး၊ ဖြစ်မှ ဖြစ်ရပလေကွယ်၊ ဘယ်လိုအတွက်ကြောင့် ကိုယ့်ကိုယ်ကို ရက်ရက်စက်စက် စီရင်လိုက်ပါလိမ့်မလဲ လူကလေးရယ်" ဟု ရေရွတ်ညည်း ညူနေလေသည်။

ခင်။ ။"ကိုင်းလေ၊ ညည်းညူမနေပါနဲ့တော့ ကိုယ့်သမီးကိုသာ အကြောင်းခြင်း ရာကို မေးကြည့်စမ်းပါဦး အမေကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရင်။ ။"ပြောစမ်းပါဦး သမီးရယ်၊ မေမေတို့ကို"

ရီ။ ။"မမပြောပါလိမ့်မယ်"

မိမိကြည်သည် ရုတ်တရက်မပြောနိုင်သေးဘဲ ဆိုင်းတွလျက်ရှိ၏။ မိမိကြားခဲ့ရသောသတင်းမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ မြို့၏မျက်နှာဖုံးဖြစ်နေသော အိမ်သူအိမ်သားများ၌ ဤကဲ့သို့ ဖြစ်ရသည်မှာ အလွန်ဆိုးရွားလှသည်။ နောက်ဆုံး၌–

ကြည်။ ။"ခင်ခင်ညွန့်ပြောတော့ သူ့လည်ပင်းကို လှီးဖြတ်လိုက်တယ်တဲ့ မေမေ"

ဒေါ်သန်းရင်သည် "အလိုလေးတော့"ဟု ရေရွတ်လျက် ထိုင်ရာမှထသွားပြီးလျှင် သမီးကလေး မိမိရီ၏ပခုံးကိုကိုင်ကာ "ဖြစ်မှဖြစ်ရလေသမီးရယ်"ဟု ပြောသည်တွင် မိမိရီသည် မိခင်၏လက်ကိုဖယ်ရှားလျက် "နေစမ်းပါ မေမေ၊ ကျွန်မကို ပွတ်သီးပွတ်သပ် မလုပ်စမ်းပါနဲ့"ဟု ပြောလိုက်၏။

ခင်။ ။"ဟဲ့ မိရီ ဘယ့်နှယ်ဟာလဲ"

မိမိရီလည်း အဖြေမပေးဘဲ သုန်မှုန်လျက်ရှိ၏။

ဒေါ်သန်းရင်သည် သမက်ကို သနားခြင်းနှင့်အတူ သမီး၏ အမူအရာကို အံ့ရခက်သည်နှင့် လက်ကိုင်ပဝါဖြင့် မျက်လုံးများကိုဖိနှိပ်ကာ ငိုကြွေးစပြုလေရာ မိမိကြည်က "မလုပ်နဲ့လေမေမေ ဂါးခင်းပါတီ သွားခါနီးမှာ ငိုလားရယ်လားနဲ့၊ မျက်လုံးတွေ နီကုန်တော့မပေါ့၊ ဟုတ်တော့လည်းဟုတ်တာပဲ၊ ရီ့လုပ်ပုံက လွန်လွန်းတယ်ကွယ်၊ ကိုယ့်သမက်တစ်ယောက်လုံး ဘယ်ပုံဘယ်နည်း သေတယ်ဆိုတာကို သူများပြောမှသိရတယ်ဆိုတော့ မေမေတို့ဖေဖေတို့မှာသိပ်ခွကျကုန်တာပေါ့ ညီမရယ်။ ဒါ့ထက် ခင်ခင်ညွန့်ကပြောတယ်၊ ဟိုအချိန် ရီတို့သားအမိနှစ်ယောက်က အိမ်မှာမရှိဘူးဆို အိမ်ပြန်ရောက်လာတော့မှ အလောင်းကို တွေ့ရတယ်ဆို"

ခင်။ ။"ဟင် ဟုတ်လား၊ ဩော် ငါ့သမီး၊ ငါ့သမီး"

မိမိရီလည်း မည်သို့မျှမပြောဘဲ လည်ပင်း၌ ဆွဲထားသော ရွှေဆွဲကြိုးကို လက်ဖြင့် ဆလျက်ရှိ၏။

ကြည်။ ။"ပြီးတော့ ဒီ့ပြင်တစ်ခု မေးစရာရှိသေးတယ်"

မိမိရီသည် ဆွဲကြိုးကိုင်ဆလျက်ရှိရာမှ မိမိကြည်၏ မျက်နှာကို တည်ငြိမ်သော မျက်နှာဖြင့် လှမ်းကြည့်လိုက်၏။

ကြည်။ ။"ခင်ခင်ညွန့်က ပြောတယ်၊ ကိုဘဦးဟာ သိပ်သောက်တယ် ဆိုပါလား"

ရင်။ ။"အလို မြတ်စွာဘုရား၊ ဒီတော့ သမီးက ဘယ့်နှယ်ပြန်ပြောခဲ့သလဲ"

ကြည်။ ။"မဟုတ်နိုင်ပါဘူးလို့ ကျွန်မ ငြင်းခဲ့ပါတယ် မေမေ"



ခင်။ ။"အဲဒါကြောင့် ငါမပြောဘူးလား၊ ဟုတ်မှန်တဲ့အတိုင်း ဖွင့်မပြောရင် ဆိုးဆိုးရွားရွား သတင်းတွေ ဖြစ်ပေါ်လာတတ်ပါတယ်လို့ ငါမပြောဘူးလား"

ကြည်။ ။"ခင်ခင်ညွန့်က ပြောတယ်၊ ကိုဘဦးဟာ အမူးလွန်ပြီး ဘာလုပ်ရမှန်းမသိဘဲနဲ့ ကိုယ့်ကိုယ်ကို သတ်သေလိုက်တယ် ဆိုပါကလား၊ ဒီလောက်[illegible]တဲ့ သတင်းကိုတော့ ငါ့ညီမက မဟုတ်ဘူးဆိုတာ ထုတ်ပြောဦးမှပေါ့ ရီရဲ့"

ခင်။ ။"ဒီစကားကတော့ မဟုတ်နိုင်ပါဘူးကွယ်၊ ငါတို့သိရသလောက်တော့ မောင်ဘဦးဟာ လုံးဝသောက်တဲ့လူမှ မဟုတ်ဘဲ"

ရီ။ ။"ဒီမှာတော့ ဟုတ်ပါတယ်"

ခင်။ ။"နို့ ဒါဖြင့် သူသောက်လား"

ရီ။ ။"မိုးလင်းတယ် မရှိဘူး"

မိမိရီသည် အထက်ပါစကားကိုပြောရာ၌ ဝမ်းနည်းသော အမူအရာမရှိဘဲ [illegible]ပါးရ ပြောလိုက်ခြင်းဖြစ်လေရကား အိမ်သားအားလုံးတို့မှာ မျက်လုံးမျှား[illegible]သွားကြလေသည်။

ခင်။ ။"ဟဲ့ မိမိရီ၊ ကွယ်လွန်တဲ့ ကိုယ့်ယောကျ်ားအကြောင်းကို ဒီလိုပြောရသလားဟဲ့၊ ဘယ်လိုမိန်းကလေးပါလိမ့်။ ဟုမ္ဘလင်းကပြန်ရောက်လာကတည်းက ညည်းလုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံတွေကို မေမေ နားမလည်နိုင်ပါဘူးကွယ်၊ [illegible]ယောကျ်ားတစ်ယောက်လုံးသေတာကို ကိုယ့်သမီးက ဒီလိုပြောနိုင်နေနိုင်တာ [illegible]လို့မကုန်နိုင်ပါဘူးကွယ်"

ခင်။ ။"နေပါဦး အမေကြီးရယ်၊ ဒီအကြောင်းတွေကိုတော့ နောက်မှားမှ ပြောကြစို့"

ဦးသာခင်သည် ပြတင်းပေါက်သို့သွား၍ အပြင်သို့မျှော်ကြည့်မိရာမှ တစ်[illegible]ပြန်လာပြီးလျှင် မျက်မှန်ကို အိမ်မှထုတ်ကာ လက်ကိုင်ပဝါဖြင့် ပွတ်တိုက်သော်[illegible]ည်း မျက်နှာသို့မတပ်ဘဲ အိမ်ထဲသို့ပင် ပြန်ထည့်ထားလိုက်၏။ မိမိရီသည် [illegible]၏ မျက်နှာကို လှမ်းကြည့်စဉ် ၎င်း၏မျက်နှာထားမှာ ဝမ်းနည်းခြင်း အလျှင်း[illegible]ဘဲ သုန်မှုန်လျက်သာ ရှိ၏။ ဦးသာခင်သည် မိမိရီကိုပြန်ကြည့်၍ သမီး၏မျက်[illegible]ထားကို မကျေနပ်သော်လည်း မိမိရီအား မည်သို့မျှမပြောဘဲ မိုးတိုးမတ်တတ်[illegible]နေသော မိမိကြည်အား "ဟဲ့ သမီး ထိုင်စရာ ကုလားထိုင်မရှိလို့လား"ဟု [illegible]ပြောလိုက်သဖြင့် မိမိကြည်သည် မိခင်အနီး၌ ဆိုဖာပေါ်၌ ထိုင်လေ၏။ ဤ[illegible] [illegible]သာခင်သည် မိမိရီ၏ ရှေ့တည့်တည့်သို့သွား၍ရပ်ကာ–

ခင်။ ။"မောင်ဘဦး သေတာဟာ ဖျားလို့သေခြင်းဖြစ်တယ်လို့ ဘာကြောင့်လိမ်ပြောတယ်ဆိုတာကို ငါနားလည်တယ်၊ သို့သော် ဒီလိုလိမ်ခြင်းဟာ မှား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါမျိုးကို ဖုံးလို့မရဘူး၊ တစ်နေ့နေ့မှာ ပေါ်ရမှာပဲ၊ ကိုင်း ဒီတော့ လွန်ပြီးတာကို အသာထားပြီး အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ပြောပြစမ်းပါဦးသမီးရယ်"

မိမိရီသည် ချက်ချင်းပြန်မပြောသေးဘဲ အတန်ကြာ စဉ်းစားနေပြီးမှ "ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောတော့လည်း ဖေဖေတို့ စိတ်ချမ်းသာစရာ မဟုတ်ပါဘူး"

ဤတွင် ဒေါ်သန်းရင်နှင့် မိမိကြည်တို့ကလည်း မည်သည့်နည်းမဆို မိမိရီအတွက် ကြင်နာရမည်ဖြစ်သောကြောင့် ပြောသာပြောပါဟု တိုက်တွန်းကြလေသည်။ မိမိရီက သားအဖသုံးယောက်တို့အား လှမ်းကြည့်လိုက်သော မျက်နှာထားမှာ ခိမ်းကားသောအမူအရာ ရှိသည်ဟု အားလုံးကပင် ထင်မိကြသည်။

* * *

မီး ။ "ကိုဘဦးနဲ့ကျွန်မ လက်ထပ်တော့ နှစ်နှစ်ကာကာကြီး စုံမက်တာ မဟုတ်ဘူးဆိုတာကို မေမေတို့အားလုံး သိကြမှာပေါ့"

ဤတွင် ဒေါ်သန်းရင်သည် ကန့်ကွက်မည်ပြုသော်လည်း ဦးကျော်ဒင်က လက်ပြလိုက်သဖြင့် တိတ်ဆိတ်နေလိုက်ရသည်တွင် မိမိရီက ဆက်လက်ပြောပြလေသည်။

မီး ။ "ကိုဘဦးနဲ့ လက်ထပ်တော့ ကျွန်မအသက် ၂၄ နှစ်ရှိလို့ အပျိုဟိုင်းကြီးဖြစ်နေပြီမဟုတ်လား။ ဒီအခါမှာ ကိုဘဦးက ၄၁ နှစ်ရှိလို့ မုဆိုးဖိုကြီးမဟုတ်လား။ နို့ပေမယ့် အရာရှိတစ်ယောက်ဆိုတော့ ဒီ့ထက်သာတာ ကျွန်မရနိုင်ဘူးဆိုပြီး ယူလိုက်ရတော့တာပဲ"

မိမိရီက ထိုကဲ့သို့ ပြောင်တင်းစွာ ပြောသည်ကို ဒေါ်သန်းရင်က ကန့်ကွက်မည်ပြုသေး၏။ သို့ရာတွင် ဦးကျော်ဒင်က လက်ပြလိုက်ပြန်သဖြင့် ဆိတ်ဆိတ်နေလိုက်ရပြန်သည်။

မိခင်ဒေါ်သန်းရင်၏ မျက်စိထဲ၌ကား ကိုဘဦးသည် ဝဝတုတ်တုတ် နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အလွန်ခံ့ညားသော လူတစ်ယောက်ဖြစ်သည်။ ပြောရေးဆိုစလည်း ရှိသည်။ မိမိကိုလည်း အလွန်ဂရုစိုက်သည်။ သို့ဖြစ်၍ မန္တလေးသို့ ရောက်လာခိုက်တွင် မိမိတို့နေအိမ်သို့ ထွက်ထွက်ဝင်ဝင်ပြုလုပ်ရာ၌ မိမိရီကို ချစ်ကြိုက်ဟန်ရှိသည်ဟု ဒေါ်သန်းရင် အကဲခတ်မိသောအခါတွင် သမက်လောင်းကို အထင်ကြီး၍ သဘောတူခဲ့သည်။ သမီးအကြီး မိမိကြည်က ကိုဘဦးအား ဟန်ကြီးလွန်းသည်ဟု အကဲဖြတ်သောအခါတွင် ဒေါ်သန်းရင်က–



"ယောကျ်ားဆိုတာ ဒီလိုမှခံ့ညားတယ် သမီးရဲ့"ဟု ပြန်ပြောဖူးသည်။ ယောကျ်ားဟူသည်မှာ ကိုယ့်ကိုယ်ကို အထင်ကြီးနိုင်မှ အရာရောက်သည်ဟု ဒေါ်သန်းရင် အယူရှိခဲ့သည်။ မိမိရီသည် မိမိ၏သဘောကို ရိပ်မိ၍ မိခင်ကလည်း ...သည် ကိုဘဦးကို ငြင်းပယ်လိမ့်မည် မဟုတ်ဟု အကဲခတ်မိသည်။ ကိုဘဦး ... အခွင့်သုံးလ ခံယူ၍ မန္တလေးသို့ ပြန်လာခဲ့ခြင်းဖြစ်ရာ ထိုအချိန်အတောအတွင်း ...လုံ့ဦးကျော်ဒင်တို့၏ နေအိမ်သို့ နေ့စဉ်အမျှ လည်ပတ်၍ ခွင့်ရက်စေ့ခါနီးတွင် ...နှင့်လက်ထပ်၍ ဟုမ္မလင်းသို့ ပြန်ခြင်းဖြစ်လေသည်။ စင်စစ်မှာ ကိုဘဦးသည် ...ခုပ်များအနက်တွင် နာမည်ပျက်တစ်ခုရှိသည်ဖြစ်၍ တိုင်းပြည်၏ အရှေ့ခွန်းမှ ...အနောက်စွန်းသို့ ပြောင်းရွှေ့ကာ ချောင်ကျသော နယ်များမှာချည်း ခန့်ထားခြင်းခံ ...ရသူတစ်ယောက် ဖြစ်လေသည်။ ပထမ၌ မိမိရီသည် မြို့အုပ်ကတော်အဖြစ်နှင့် ...ဟုမ္မလင်းသို့ လိုက်ပါသွားရာတွင် နယ်သူနယ်သားများက 'မင်း'ဆိုလျှင် ရှိသေ...ကြမြဲဖြစ်သည့်အတိုင်း နှစ်သိမ့်ကျေနပ်ခဲ့လေသည်။

မီး ။ "ပထမတော့ ပျော်စရာကြီးပဲ မေမေရဲ့၊ ယစ်မျိုးဆိုင်ထိုင်အရာရှိ၊ တောအုပ်တို့၊ ပုလိပ်အင်စပက်တော်တို့ဆိုတဲ့ အရာရှိတွေ ဝင်ကြထွက်ကြ၊ ...ကြကမ်းကြ၊ ကျေးကြမွေးကြနဲ့ သိပ်နေရာကျတာပဲ။ ကိုဘဦးကို သူတို့အရာရှိ...ချင်းက အရက်တွေဘာတွေ တိုက်ပေမယ့် ကိုဘဦးဟာ လုံးလုံးမသောက်...ဘူး မေမေရဲ့။ ကျွန်တော် လူသစ်တစ်ယောက်ဖြစ်လာပြီလို့ ပြန်ပြောတယ်ဆို...ပါရဲ့။ ဟိုလူတွေကတော့ ရယ်ကြသတဲ့။ ဘာကြောင့်ရယ်တယ်လို့တော့ ...ဟိုတုန်းက မရိပ်မိဘူး။ နယ်ပိုင်ဝန်ထောက်ကလည်း နယ်လှည့်လာရာမှာ ...နဲ့တွေ့တော့ မင်းကတော်လေး အထိန်းအသိမ်းကောင်းတာနဲ့ ကိုဘဦးတစ် ...ကြောက် နေရာကျသွားတာ ဝမ်းသာသဗျာတဲ့"

ဤအတောအတွင်း သားအဖသုံးယောက်တို့သည် မိမိရီပြောသော ...စကားများကို စိတ်ဝင်စားသော အမူအရာနှင့် နားထောင်လျက်ရှိကြ၏။

မီး ။ "ဟိုတုန်းကတော့ ကျွန်မက ကောင်းကောင်းမသိဘူး။ ကင်းတပ်မြို့ကို တစ်ခေါက် သွားလည်တော့မှ ကိုဘဦးအကြောင်းတွေကို ကျွန်မ ကြား...ခဲ့ရတာကိုး။ လက်စသတ်တော့ ကိုဘဦးခွင့်ယူပြီး မန္တလေးပြန်လာခြင်းဟာ ...တစ်ယောက်ယောက်ယူဖို့ အကြံအစည်နဲ့ဆိုကိုး၊ ဘယ်သူဖြစ်ဖြစ် ယူတော့ ...ပဲတဲ့၊ ကျွန်မတို့က ကြိုးစားပမ်းစားနဲ့ ကိုဘဦးကို မျှားလိုက်ကြတာ လ...သတ်တော့ အပိုပါပဲ မေမေရဲ့"

မိမိရီသည် အထက်ပါစကားကို ငေါ့တော့တော့ အမူအရာနှင့် ပြောလိုက်...သည်တွင်–

www.burmeseclassic.com

www.burmeseclassic.com



ရင်။ ။"ဟဲ့ သမီး ဘယ့်နှယ်ပြောတာလဲ၊ ညည်းကိုသူက ကြိုက်လို့ ယူတာ မဟုတ်လား"

မိမိရီသည် မိခင်အား ပြန်မပြောဘဲ ရေစွတ်သောခွေးသည် ကိုယ်ကိုလှုပ်ခါ၍ ချခြင်းကဲ့သို့ အမူအရာမျိုးဖြင့် လည်ပင်းကလေးကို ဆန့်လိုက်သေးသည်။ ထို့နောက်–

ရီ။ ။"လက်စသတ်တော့ ကိုဘဦးက ယစ်ထုပ်ကြီးကိုး မေမေရဲ့။ မိုးလင်းတယ်လို့မရှိဘူး။ အိပ်ရာထဲမှာတောင် အရက်ပုလင်းဖက်အိပ်တဲ့လူတဲ့။ အရေးပိုင်မင်းကတောင် အသောက်မလျှော့ရင် အလုပ်ထွက်ခိုင်းရလိမ့်မယ်လို့ သတိပေးရဖူးသတဲ့။ ခွင့်ယူပြီး မန္တလေးပြန်၊ မိန်းမတစ်ယောက်ယောက် ယူနိုင်ဖို့ဟာလည်း အရေးပိုင်မင်းက ပေးလိုက်တဲ့အကြံအစည်တဲ့။ ကျွန်မနဲ့ရလို့ ကိုဘဦး အရက်ပြတ်တော့ ဘယ်လောက်ကြာကြာဖြတ်နိုင်မလဲလို့ သူတို့အရာရှိအချင်းချင်း အလောင်းအစားတောင် လုပ်ကြသေးဆိုကပဲ"

ရင်။ ။"ဘယ်သူက ဘာပြောပြော သမီးရယ်၊ ညည်းကို ယူတာတော့ သူစုံမက်လို့ ယူတာပါကွယ်။ ရပြီးတဲ့နောက်တောင် ညည်းအကြောင်းတွေကို ချီးကျူးပြီး မေမေ့ဆီကို စာခဏခဏ ရေးရှာပါတယ်ကွယ်"

မိမိရီသည် ထိုစကားကိုကြားရသောအခါ လက်ထပ်စအချိန်က ကိုဘဦးနှင့် ချစ်ကြည်စွာနေထိုင်ခဲ့ရဖူးသော အချိန်ကာလကို သတိရသဖြင့် သက်ပင့်ရှိုက်သေးသည်။ မိမိရီ၏ စိတ်ကူး၌ပေါ်လာသော အခြင်းအရာများသည်ကား–

ဟုမ္မလင်းသို့ မိမိတို့သင်္ဘောဆိုက်ကပ်သောအခါ၌ မြို့အုပ်ကလေး ကိုသန်းတင်ဦးစီးသည့် ကြိုဆိုရေးအဖွဲ့က မိမိတို့လင်မယားအား သောင်းသောင်းဖျဖျ ကြိုဆိုကြခြင်း၊ ၎င်းနယ်၌ရှိသော ဌာနာပိုင်ကတော်၊ ယစ်မျိုးဆိုင်ထိုင် အရာရှိကတော်၊ တိရစ္ဆာန်ဆရာဝန်ကတော်၊ တောအုပ်ကတော်၊ ကျောက်ထိုးအင်စပက်တော်စသော မိန်းမများက မိမိတို့၏အိမ်သို့ ဝင်ကြထွက်ကြ၊ ကူးသန်းကြ၍ 'မင်းကတော်' ဟူသော နာမပညတ်ဖြင့် အထပ်ထပ် သုံးနှုန်းကာ နှုတ်ဖျားတွင် သီးလျက်ရှိကြခြင်း၊ နယ်လှည့်သောအခါများ၌ လိုက်ပါသွား၍ ရွာသူရွာသားများက ရောက်လေရာအရပ်၌ ခယဝပ်တွားပြုစုကြခြင်း၊ ကောင်းပေ့ဆိုသော ဟင်းလျာများဖြင့် ချက်ပြုတ်ကျွေးမွေး၍ ကိုဘဦးကလည်း အရိုးကင်းသော သားတစ်ငါးတစ်များကို ရွေးချယ်ကာ မိမိပန်းကန်ထဲသို့ ထည့်ပေးခြင်း၊ ခရီးပမ်းသည်ဆိုလျှင် နှိပ်နယ်ပေးမည့်မိန်းမပျိုရွာသူကလေးများ ခြံရံလျက် ကျေးရွာအကြောင်းများကို တွတ်တီးတွတ်တာပြောကြခြင်း၊ ချင်းတွင်းမြစ်ကို လောင်းလှေဖြင့် စုန်ဆန်သော



[...]များတွင် ကမ်းတစ်ဖက်တစ်ချက်၌ ကျေးငှက်များပြည့်နှက်လျက်ရှိသော တော[...]င်များ၏ သာယာသောရှုခင်းကို ရှုမျှော်ရခြင်းအစရှိသော အခြင်းအရာများ[...] မိမိရီ၏ စိတ်ထဲ၌ ပေါ်လာတော့သည်။

မြို့အုပ်မင်း၏ နေအိမ်မှာလည်း ပန်းဥယျာဉ်ကလေးခြံရံလျက် ဖွန်၊ စံပယ်[...]သော ပန်းမန်များကို အရာရှိကတော်များ၊ အရပ်သူကလေးများနှင့်အတူ[...]ွတ်ကြ သီကုံးကြ၍ ပန်ဆင်ကြခြင်းသည်လည်း လွမ်းဆွတ်ဖွယ် ပေါ်လာ[...]တော့သည်။ နံနက်စာအတူစား၍ ကိုဘဦးရုံးတက်သောအချိန်တွင် တရေးတ[...]အိပ်ပြီးနောက် ဝတ္ထု၊ မဂ္ဂဇင်းနှင့်သတင်းစာများဖတ်ကာ အရပ်သူကလေးများ[...] တခေါခေါ ရယ်မောကြခြင်းသည်လည်း ကြည်နူးစဖွယ်ဖြစ်တော့သည်။ ညနေ[...]ချိန်များတွင်လည်း မြို့အုပ်ကလေး ကိုသန်းတင်နှင့်ကိုဘဦးတို့သည် လိုင်း[...]လောက်ကိုသောက်ရင်း ကျားထိုးကြစဉ် မိမိက ကမ်းနားဘက်သို့ အရာရှိ[...]တော်များ ခြံရံကာ တစ်ရွှေကြီးလမ်းလျှောက်ကြခြင်းများသည်လည်း ပျော်စ[...]ကောင်းလှသည်။ ကိုဘဦးက အမှုစစ်ဆေးသောအခါများ၌ အမှုသည်များ[...]ည်းကောင်း၊ ရုံးသူများအားလည်းကောင်း ပြောပုံဆိုပုံနှင့် ဆက်ဆံပုံများမှာ[...]သိုက်မြိုက်၍ လူကြီးပီသသဖြင့် မိမိစိတ်ထဲ၌ ချီးကျူးမိခဲ့သေးသည်။

တစ်ညနေ၌ အစိုးရကိစ္စနှင့် ဆိုက်ရောက်လာသော အရာရှိနှစ်ယောက်တို့[...]သည် ကိုဘဦး၏နေအိမ်၌ တည်းခိုကြ၏။ ထိုလူနှစ်ယောက်မှာ ကျောင်းနေဖက်[...]ယ်ချင်းများဖြစ်၍ ကိုဘဦးသည် ညစာတည်ခင်းကျွေးမွေးရာတွင် ပျော်ပျော်[...]ရွှင် ဧည့်ခံရမည်ဟုပြောသည်နှင့် မိမိရီသည် အတူမစားဘဲ ရှောင်ပေးရသည်။ [...]ခင်းအားပွဲတွင် မြို့အုပ်ကလေး ကိုသန်းတင်လည်း ပါဝင်၍ စားသောက်ပြီးသည့်[...]နောက်တွင် လူလေးယောက်တို့သည် ဧည့်ခန်းတွင် ပိုကာဆွဲကြလေသည်။ မိမိရီ[...] ခပ်စောစောပင် အိပ်ရာသို့ဝင်ခဲ့ရာ ဧည့်ခန်းဆီမှ စကားတပြောပြောနှင့် တ[...]ခေါ ရယ်မောကြသော အသံများသည် မိမိ၏နားထဲသို့ဝင်လာ၏။ သန်းခေါင်[...]ကျော်သောအခါမှ ကိုဘဦးသည် အိပ်ခန်းထဲသို့ ခြေဖျားထောက်လျက် ဝင်လာရာ[...]အိပ်ရာသို့ ဝင်မည်ပြုပြီးမှ တစ်ဖန်ထ၍ ရေချိုးခန်းသို့သွားလေသည်။ အခန်းအ[...]တွင် ခါးပန်းနှင့်တိုက်၍ ဟပ်ထိုးလဲသဖြင့် ဂျုံးခနဲကြားလိုက်ရသော်လည်း [...]သည် အိပ်ချင်ပြု၍ နေလိုက်သည်။ ဦးခေါင်းမှစ၍ လေးငါးဆယ်ခွက် လောင်း[...] မျက်နှာသုတ်ပဝါနှင့် ပွတ်တိုက်၍ အိပ်ရာသို့ဝင်လာသောအခါမှ မိမိရီ[...]နံ့လှသဖြင့် ပျို့ချင်မတတ်ဖြစ်သော်လည်း အောင့်၍သာနေလိုက်သည်။ [...]လင်းသောအခါ၌ ဆူလိုက်မည်ဟု အောက်မေ့သော်လည်း မိမိရီသည် ဧည့်[...]များကို အားနာသည်တစ်ကြောင်း၊ ဣန္ဒြေကြီးနှင့် ဟန်လုပ်နေသော ကိုဘဦး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုမြင်ရ၍ ရယ်ချင်လှသည်တစ်ကြောင်းကြောင့် မဆူဘဲ ကျိတ်၍နေလိုက်ရသည်။

ဧည့်သည်များသည် ၎င်းနေ့ ညနေတွင် ထွက်သွားကြ၍ ကိုဘဦးက သောက်ပွဲကျင်းပခြင်း မပြုလုပ်သောကြောင့် မိမိရီသည် ဤတစ်ကြိမ်နှင့်ပြီးလျှင် ရှိပါစေတော့ဆိုကာ မျိုသိပ်ထားလိုက်လေသည်။ ကိုဘဦးကလည်း ဧည့်သည်များအား တားဆီးခြင်းမပြုဘဲ မယားအလိုသို့လိုက်ကာ အလိုက်သိစွာ နေလိုက်သည်။

နောက်များမကြာမီ ကိုဘဦးမှာ တောမှအပြန်တွင် ငှက်ဖျားဖျား၍ အဖျားပျောက်သောအခါတွင် ခွန်အားကုန်သည်ဟုအကြောင်းပြကာ အရက်ကိုပြန်သောက်ပြန်သည်။

သို့ရာတွင် မိမိရီရှေ့၌ သောက်စားခြင်းမဟုတ်သောကြောင့် မရိပ်မိချေ။

တစ်နေ့သ၌ မြို့အုပ်ကလေး ကိုသန်းတင်သည် ကိုဘဦးမရှိခိုက်တွင် ကို[illegible]ဘဦးအကြောင်းကို လာ၍ပြော၏။

ကိုသန်းတင်သည် မြို့အုပ်ကြီးကိုဘဦးအပေါ်တွင် စေတနာကောင်း[illegible]သည်ဖြစ်၍ မိမိရီအား အရိပ်အမြွက်ပြောပြလေရာ မိမိရီက ချုအောက်မေးမြန်းရာတွင် ရုံးခန်းထဲ၌ ပုလင်းထောင်သည်ဟူသော အခြင်းအရာကို ပြောပြလေသည်။

ယခုတလော၌ ကိုဘဦးသည် အလုပ်များသည်ဆို၍ ရုံး၌မိုးချုပ်အောင် ထိုင်လေ့ရှိရာ တစ်ညနေတွင် မိမိရီသည် ရုံးသို့လိုက်သွား၏။

ရုံးခန်းထဲ၌ကား ကိုဘဦးသည် ဝီစကီပုလင်းကို စားပွဲပေါ်တွင်ထောင်လျက် ရုံးပြာတာနှင့် စာရေးကလေးများအား စီးကရက်တဖွာဖွာနှင့် အရောတဝင် စကားပြောလျက်ရှိ၏။

မိမိရီတက်သွားသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ရုံးသားများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေရာ မိမိရီသည် အခန်းဝမှရပ်လျက် "ကိုကို... ဘာလုပ်နေသလဲလို့ လာကြည့်တာ" ဟု ပြောလိုက်၏။

ကိုဘဦးသည် သားမယားကို အလေးပြုသောနေရာတွင် ဘိုဆန်သူတစ်ယောက်ဖြစ်သည့်အတိုင်း ထိုင်ရာမှထကာ "ရီလားဟေ့... လာကွယ်... ထိုင်ပါဦးလား၊ ကိုကို အလုပ်များလွန်းလို့ကွယ်" ဟု ပြောသော်လည်း ယိုင်တိုင်တိုင်ဖြစ်သွားသည်ကို မိမိရီ မြင်လိုက်ရသည်။

ရီ။ ။"ကိုကို အရက်သောက်ပြီး မူးနေတယ်ပေါ့လေ"

ဦး။ ။"သောက်မိတာကတော့ မှန်ပါတယ်ကွယ်၊ မူးတယ်ဆိုတာကတော့ မဟုတ်ရပါကလား ရီရယ်"



မိမိရီသည် ဝမ်းထဲ၌ရှိသမျှဖော်ထုတ်ကာ ကလော်တုတ်လိုက်မည်ဟု [illegible]ပြီးမှ မပြောရက်သည်နှင့် ကုလားထိုင်ပေါ်တွင် ထိုင်၍ ငိုတော့သည်။

ကိုဘဦးသည် မိမိရီငိုသည်ကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ ဝီစကီ[illegible]င်းကို စားပွဲပေါ်မှယူ၍ ရုံးပြင်သို့ လွှင့်ပစ်လိုက်ပြီးလျှင်–

။"ကိုကိုမှားပါပြီရီရယ်၊ နောက်တစ်ခါမသောက်တော့ပါဘူး၊ ဟောဒီ ငှက်ဖျားကြောင့် ပြန်သောက်မိတာပါကွယ်" ဟု ကတိပေးလေသည်။

။"နောက်တစ်ခါ မသောက်တော့ပါဘူးလို့ ကိုကိုသစ္စာပြုမလား"

။"သစ္စာပြုပါတယ် ရီရယ်၊ ဒီဟာဆိုရင် တစ်ခါတည်း ရှုံပြီး မှန်းသွားပါပြီ"

ဤတွင် မိမိရီက မိမိ၌ ပဋိသန္ဓေရှိနေပြီဖြစ်ကြောင်းပြောရာ ကိုဘဦးက [illegible] ဒီလိုဆို နေရာကျတာပေါ့ကွယ်၊ မွေးလာမယ့်ဟာ သားကလေးလား၊ [illegible]ကလေးလား သူ့မျက်နှာကိုထောက်ပြီး ကိုကို မသောက်တော့ပါဘူးကွယ်"

ဤတွင် မိမိရီမှာ ဝမ်းသာ၍မဆုံးနိုင်အောင် ရှိတော့သည်။

* * *

သားဖွားသောအချိန်တွင် မိမိရီသည် ကင်းတပ်မြို့သို့သွား၍ ကိုစွပ်ငြိမ်းသ[illegible] ဆရာမတစ်ယောက်နှင့်အတူ ဟုမ္မလင်းသို့ ပြန်လာသောအခါ ကိုဘဦးအသည်[illegible]ကမ်းမှ ကြိုဆိုလျက်ရှိ၏။

သင်္ဘောဆိုက်ကပ်သောအခါ၌ ကိုဘဦးသည် မြို့အုပ်ကလေးနှင့် စကား[illegible]ပြောလျက်ရှိရာ မိမိရီမှာ လင်ယောကျ်ားအတွက် စိတ်မချနိုင်သည်နှင့် သင်္ဘော[illegible]မှ လှမ်းကြည့်လိုက်သည်တွင် ကိုဘဦး၏ ခြေဟန်လက်ဟန်ကိုမြင်ခြင်းအား[illegible] အရက်သောက်ထားပြန်သည်ဟု သိရလေသည်။

မိမိရီသည် အထက်ပါအကြောင်းအရာများကို မိခင်ဖခင်နှင့် အစ်မများ[illegible] ပြောလျက်ရှိစဉ်...

"ဘာမှမပြောနဲ့တော့ မမေ၊ ကျွန်မဖြင့် မူးနေတာ မြင်မြင်ချင်း မွေးထားတဲ့[illegible]ကလေးကို ရေထဲလွှင့်ပစ်ပြီး ကိုယ်ပါခုန်ချလိုက်ချင်တော့တာပဲ" ဟု ပြောလေသည်။

။"ပြီးတော့ကော ဘာဖြစ်ကြသေးလဲ"

။"အိမ်ရောက်တော့ ရီက ဆူတာပေါ့လေ၊ ဆူသမယ့် သိပ်ကရုဏာ [illegible] ထွက်လုပ်တော့တာပဲ မမရယ်"

။"ဒီလိုဆို သူ့ပစ်ထားခဲ့ပြီး ပြန်လာခဲ့ရောပေါ့ ညီမရယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှီ။ ။"ဒီလိုဆိုတော့လည်း မလွယ်ဘူးမမရဲ့။ ပစ်ရမှာလည်း အဆီနဲ့ရဲရဲဆိုတဲ့ စကားပုံလို ဖြစ်နေတာပဲ။ မူးတဲ့အခါတော့သာ မူးတာ၊ မမူးတဲ့အခါကျ တော့လည်း သူ့လိုယောကျ်ား ရှားရှားပါပဲ မမရယ်။ သားမယားကို သိပ်ကြင်နာ တာပဲ။ ပြီးတော့ ကိုယ့်သဘောနဲ့ကိုယ်ယူပြီး နေရာမကျတော့မှ လူကြီးမိဘထံ အပူကပ်တာမျိုးလည်း ကျွန်မက မကြိုက်ဘူး။ ကျွန်မက နားပူလွန်းအားကြီး လေးငါးခြောက်လလောက်တော့ ပြတ်သွားပါသေးရဲ့။ ဒီနောက်တော့ ငှက်ဖျားဖြ ပေါ်လာတယ်ဆိုပြီးတော့ သောက်မြဲတိုင်းသောက်ပြန်တာပဲ မမရဲ့။ ဒီတစ်ခါ သာဆိုးတော့တာပဲ။ အလုပ်လည်း ကောင်းကောင်းမလုပ်ဘူး။ ရုံးလည်း မှန်မှန် မတက်တော့ဘူး။ နယ်ပိုင်ဝန်ထောက်က သတိပေးတဲ့စာတစ်စောင် ကျွန်မဆီ လိုက်လို့ ကျွန်မက သူ့ပြတော့ လခစားချင်းအတူတူ ဟန်ကြီးပန်ကြီးလုပ်သလေ ဘာလေးနဲ့ သူက ကြုံးဝါးသေးတယ်။ ဒါပေမဲ့ နှစ်လသုံးလလောက်တော့ ပြတ် သွားသေးတယ်မမရဲ့။ ပြီးတော့မှ ခွင့်ခံပြီး ကျွန်မတို့ မန္တလေးပြန်လာကြတယ် မဟုတ်လား"

ဒင်။ ။"ဒီမှာနေတုန်းကတော့ တော်ပေသားပဲ သမီးရယ်"

ရှီ။ ။"မှန်ပါတယ်ဖေဖေ၊ ဒီမှာနေတုန်းတော့ မခုတ်တတ်တဲ့ကြောင်လို ကုပ် ကုပ်ကလေးပါပဲ။ ပြီးတော့လည်း ပြောလို့သာပြောရတယ် ကျွန်မတို့ သားအမိကိုတော့ ကိုဘဦးက တကယ်ကြင်နာတာပဲဖေဖေ၊ သူ့စိတ်ကိုသူမနိုင်လို့ တစ်တံ့တစ်တံ့မှာ ပြန်ဖောက်သော်လည်း ကျွန်မစိတ်မချမ်းသာမှာကိုတော့ သူ တကယ်စိုးရိမ်ရှာပါတယ်။ နောက်ဆုံးမှာ သူ့ကိုဘယ်လိုပြောထားရသလဲဆိုတော့ "ကိုဘဦးမူးတာကိုတွေ့ရင် ကျွန်မတို့သားအမိနှစ်ယောက် ဖေဖေတို့ဆီ တစ်ခါ တည်းပြန်သွားမယ်၊ သမီးကလေးမျက်နှာကိုလည်း ရှင်ဘယ်တော့မှ မမြင်ရတော့ ဘူး"လို့ ပြောရတယ်။ ဒီစကားကိုတော့ သူသိပ်ကြောက်တာပဲ။ ရုံးကပြန်လာရင် လည်း သမီးကလေးမျက်နှာကိုမြင်ရမှ စိတ်ကြည်ရွှင်နိုင်တဲ့လူတစ်ယောက်ဖြစ်လေ တော့ သမီးနဲ့ခွဲရမှာကိုတော့ သူသိပ်ကြောက်တာပဲ။ ဒီစကားပြောထားတဲ့နေ့က စပြီး ကိုဘဦးမူးတာကို မမြင်ရပေပါဘူး။ ကျွန်မကလည်း အားပေး၊ သူကလည်း ကြိုးစား လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အင်မတန်ကျေနပ် ပြီး တော်တော်ကြာ မသောက်ဘဲနေပါပေတယ်...။ ဒီလိုနဲ့နေခဲ့ပြီး သမီးကလေး သုံးနှစ်အရွယ်ကျတော့ မကျန်းမမာဖြစ်တာနဲ့ ဟုမ္မလင်းဆရာဝန်ကို အားမလိုအား မရလို့ ကင်းတပ်မြို့သွားပြီး ကုသရတယ်မေမေရဲ့။ တစ်လကျော်ကျော်လောက် ကုသလို့ သမီးကလေး ရောဂါပျောက်ကင်းပြီး သားအမိနှစ်ယောက် သင်္ဘောနဲ့ ပြန်လာကြတော့ သင်္ဘောဆိပ်မှာ ကိုဘဦးကို လှမ်းကြည့်လိုက်တော့ သူ့ကိုလည်း



တွေ့၊ ကြိုဆိုမယ့်သူဆိုတော့ တစ်ယောက်မှမတွေ့တော့ ဒိတ်ခနဲဖြစ်သွားမိတယ်။ မြို့အုပ်ကလေး ကိုသန်းတင်ရဲ့နေရာမှာ ကိုဘအောင်ဆိုတဲ့ အလုပ်သင်မြို့အုပ် လေး ရောက်လာတာကလည်း နယ်လှည့်ထွက်သွားလို့ ဟုမ္မလင်းမှာ မရှိဘူး နောက်တော့မှ သိရတယ်။ လာကြိုနေကျ ထုံးစံအတိုင်း ကိုဘဦးလာမကြို တော့ ထိတ်ထိတ်ပျာပျာနဲ့ အိမ်ကိုကတိုက်ကရိုက် လျှောက်လာခဲ့ကြတော့ အိမ် လည်း ကျိုးနဲ့ဘုတ်ဆိုတာလို တိတ်ဆိတ်လို့။ လူ့အစအနတောင် မမြင်ရဘူး မေရဲ့။ ဒါနဲ့ သမီးကလေးလည်း တပိုတပါး သွားချင်တယ်ဆိုလို့ မိထူးနဲ့ အိမ်နောက်ဖေး သွားနေကြတုန်း ကျွန်မက အိမ်ပေါ်တက်သွားတော့ အိမ်ရှေ့ခန်း ဘယ်သူမှမတွေ့တာနဲ့ အိမ်ခန်းထဲဝင်သွားတော့ လားလားမေမေရယ်။ အိမ် မှာ ကိုဘဦးက အကျႌတုံးလုံးနဲ့ ပက်လက်ကြီးအိပ်နေတာကိုး။ ခုတင်နားက ကလေးပေါ်မှာ အရက်ပုလင်းနဲ့ ဖန်ခွက်နဲ့ မြင်ရပြန်တော့ ဒေါသဖြစ်လိုက် တာ၊ မေမေ့သမီး မိုးမမြင်လေမမြင်ဖြစ်သွားတော့တာ။ ဘာမှမပြောနဲ့တော့ ဖက်ကိုင်တဲ့ပြီး လှုပ်လိုက်တာ မျက်စိတောင် ဖွင့်ကြည့်ဖော်မရဘူး။ ဒါနဲ့ ကဆွဲဆောင့်၊ နားနားမှာ ကပ်ပြီးအော်၊ ဗိုက်ပြင်းကြီးဆွဲလိမ်၊ အမျိုးမျိုး လုပ် တောင်မှ ဂူးဝါးဂူးဝါးလောက်သာလုပ်ပြီး စကားမေး မရတော့ဘူး မေမေ

ကြည်။ ။"ဖြစ်မှဖြစ်ရလေ ညီမရယ်။ ကြည့်လိုသာဆိုရင် သူ့ဟာသူပစ်ထားလိုက် ပြီး အမူးပြေတော့မှ ပြောစရာရှိတာ ပြောရောပေါ့ကွယ်"

။"ကျွန်မကတော့ ဒီလိုဟုတ်ရိုးလားလေ၊ တစ်ကိုယ်လုံး သွေးပွက်ပွက်ဆူပြီး ခေါင်ငင်လို့မရတော့ ထရံကို လှမ်းကြည့်လိုက်ရာမှာ ဂေါ်ရခါးဓား ကြီး ချိတ်ထားတာ မြင်လိုက်ရတာသာ သတိရပြီးနောက် တစ်ခဏမှာ ဘဦးလည်ပင်းမှာ သွေးတွေဝေါက်ဝေါက် ပန်းထွက်နေတော့တာကိုး မေမေ

ကြည်။ ။(ထိုင်ရာမှထခုန်လျက်)"မြတ်စွာဘုရား၊ ဘယ့်နှယ်ပြောလိုက်တာလဲ ရှီ ရယ်" ဟုမေးရာ မိခင်ဒေါ်သန်းရင်မှာမူ စကားပင်မပြောနိုင်ဘဲ ပါးစပ်ကို ဟ၍ မျက်လုံးပြူးလျက် ကြည့်နေတော့သည်။

။"ဓားကောက်ကြီးလည်း အိပ်ရာပေါ်ရောက်၊ လည်ပင်းက သွေးတွေ ဝေါက်ဝေါက်ပန်းနေတုန်းမှာ ကိုဘဦးက မျက်လုံးဖွင့်ကြည့်လိုက်တဲ့ အကြည့်ကို သမီးကလေးရဲ့ မျက်လုံးပါပဲ မေမေ"

ဒင်။ ။"ဟဲ... မိမိရှီ ဘယ့်နှယ်ပြောတာလဲဟဲ့။ ဒီလောက်မူးနေတဲ့လူတစ်ယောက် က သူ့ဟာသူ သတ်သေလို့ ဖြစ်နိုင်ပါ့မလားဟယ်"

www.burmeseclassic.com

www.burmeseclassic.com



မိမိရီလည်း ဆက်လက်၍ မပြောဘဲ ကြောင်တောင်ငေးလျက်ရှိသည်။ မိမိကြည်သည် ညီမ၏လက်ကိုကိုင်လှုပ်လျက် "ဘယ်လိုလုပ်လိုက်လို့ ဘယ်နယ်ဖြစ်သွားတာလဲ၊ ပြောစမ်းပါဦး ရီရဲ့"

ရီ။ ။(ကိုင်ထားသောလက်ကိုရုန်းဖယ်လျက်)"ထရံမှာ ချိတ်ထားတဲ့ဓား အိပ်ရာပေါ်ရောက်နေပြီး ကိုဘဦးက ပါးစပ်တစ်ချက်ဟပြီး သေသွားတာပဲ။ ဘယ်လိုဖြစ်တယ် ကျွန်မ မသိဘူး"

ဒင်။ ။(ထိုင်ရာမှထခုန်လျက်)"ဟဲ... မိမိရီ နင့်ဥစ္စာ လူသတ်မှုပါလားဟဲ့"

ရင်။ ။"ဟုတ်သလားသမီးရယ်၊ ငါ့သမီး မလုပ်ဘူး မဟုတ်လား သမီးရယ်"

ရီ။ ။(တင်းမာသောမျက်နှာထားနှင့်)"ကျွန်မ မလုပ်၊ ဘယ်သူလုပ်ဦးမှာလဲ"

ဤတွင် သားအဖသုံးယောက်သည် "မြတ်စွာဘုရား... ကယ်တော်မူပါ" ဟု တစ်ပြိုင်တည်း ဆိုလိုက်ကြသည်။ နောက်ဆုံး၌...

ကြည်။ ။"ဒီတော့ ဘာဖြစ်သလဲ ညီမရဲ့။ ပြောပြစမ်းပါဦး"

ရီ။ ။"သွေးတွေပန်းထွက်နေတာမြင်တော့ ကျွန်မက ကုန်းအော်၊ မိထွေးက ကလေးချထားခဲ့ပြီး ပြေးလာ၊ ထမင်းချက်တဲ့ ဘိုးအေးလည်းရောက်လာ သူတို့အားလုံး အိမ်ပေါ်ရောက်ကြတော့ "နင်တို့ဆရာ သူ့ဟာသူ သတ်သေပြီဟဲ့" လို့ အော်ပြောလိုက်တော့ ပျာယီးပျာယာ ပြေးဆင်းကုန်ကြတော့တာပါပဲ။ အဲဒီ ညနေမှာ မြို့အုပ်လေးကိုဘအောင် ပြန်ရောက်လာလို့ အဖြစ်အပျက်ကိုပြောပြ တတ်နိုင်သမျှ ကူညီဖုံးဖိပေးကြပေလို့ပေါ့၊ ကိုဘဦးအလောင်းကို ညတွင်းချင်း သင်္ဂြိုဟ်ပြီးလိုက်ကြတာပါပဲ။ ကိုဘအောင်ကလည်း အလုပ်သင်ခါစဆိုတော့ ဘာမှ နားမလည်ရှာပါဘူး၊ ကျွန်မပြောသမျှ အကုန်ဆောင်ရွက်ပေးတာပါပဲ။ ကျွန်မ မရှိခိုက်မှာ ကိုဘဦးဟာ ရုံးတောင်မှ မှန်မှန်မတက်ဘဲ တမူးတည်းမူးနေ တယ်ဆိုတာ အားလုံးသိကြလေတော့ အမူးလွန်ပြီး သူ့ဟာသူ လုပ်မိလုပ်ရာ လုပ်ဟန်တယ်လို့ ကျွန်မပြောတာကို ယုံကြပြီး ကတိုက်ကရိုက် သင်္ဂြိုဟ်လိုက်ကြ တော့တာပါပဲ။ နယ်ပိုင်ဝန်ထောက်မင်းနဲ့တကွ အရေးပိုင်မင်းတို့ကလည်း ကျွန်မကို သနားပြီး အစစအရာရာ ဖုံးဖုံးဖိဖိ ဆောင်ရွက်ကြလို့ သတင်းစာတွေထဲမှာတောင် ဒီအကြောင်းမပါစေဘူး။ ဟုမ္မလင်းဆိုတာကလည်း ပြည်စွန်ပြည်ဖျား ဖြစ်လေတော့ ထိပ်ဆုံးအရာရှိကြီးက ဖုံးဖိပေးတယ်ဆိုရင် တစ်နယ်လုံး ငြိမ်သွားတာကိုး"

ဤတွင် သားအဖလေးယောက်တို့သည် လည်ကုပ်များကို ကျိုးကျသကဲ့သို့ ဦးခေါင်းငုံ့လျှိုးကာ စကားမပြောနိုင်ဘဲ ရှိကြလေတော့သည်။ နောက်ဆုံး၌...



ခင်။ ။"ခွကျတာပဲ သမီးရယ်၊ ငါတို့က ဥပဒေသမားဖြစ်လေတော့ ဝတ္တရားကလည်း ရှိနေသေးတယ်။ အမှုလက်ခံတာတောင် ကောက်တီးကောက်ကော့ အမှုမျိုးကို ငါလက်မခံခဲ့ဘူး။ ဒီတစ်ခါမှ ခွကျတော့တာပဲ"

ကြည်။ ။"ဒါဖြင့် ဘယ်နှယ့်လုပ်ပါ့မလဲ"

ခင်။ ။"ဒီဥစ္စာ လူသတ်မှုဟဲ့။ ငါက ထိမ်ချန်ထားလို့ တော်နိုင်ပါ့မလား"

ရှင်။ ။"အဖေကြီးက မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့။ ကိုယ့်သမီးကို ကိုယ်ကဖော်လို့ တော်နိုင်ပါ့မလားရှင်"

ခင်။ ။"အဲဒါကြောင့် ခွကျတယ်လို့ပြောတယ်မဟုတ်လား"

မိမိရီကမူ မိမိနှင့်မသက်ဆိုင်သကဲ့သို့ ဆွဲကြိုးကလေးကို လက်ဖြင့်ဆွဲလျက် ငေးကြည့်နေပြီးနောက်...

ရီ။ ။"ဒါကြောင့် ရီက မပြောဘဲနဲ့ ဖုံးထားတာ၊ ဝိုင်းပြီးပြောအောင်လုပ်ကြတာကိုး၊ ကျွန်မ တစ်ယောက်တည်း ကျိတ်ခံခဲ့ရတာ ကြာလှပြီ။ အခုတော့ တစ်အိမ်လုံး ဝိုင်းပြီးခံကြပေဦးတော့"

ထိုခဏ၌ ကိုယ်ပိုင်ရထားလုံးသည် အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်လာ၍ ဒရိုင်ဘာက အချိန်တန်ပြီဖြစ်ကြောင်း ဆင်းသက်၍ အစီရင်ခံလေ၏။

ရှင်။ ။"အဖေကြီးတို့ သွားကြပေတော့။ ကျွန်မတော့ ဒီအဖြစ်ကို ကြားပြီးတဲ့နောက် ဘယ်အခမ်းအနားမှ မလိုက်ချင်တော့ပါဘူးရှင်။ မျက်နှာဘယ်လိုလုပ် ထားရမှန်း မသိတော့ပါဘူး"

ခင်။ ။"ဟုတ်ပါရဲ့ အမေကြီးရယ်၊ ကျုပ်လည်း သွားချင်စိတ် မရှိတော့ပါဘူး၊ ဘုရင်ခံနဲ့ မျက်နှာချင်းဆိုင်ရမှာ ကိုယ့်သိက္ခာ ကိုယ်မလုံတော့ပါဘူး အမေကြီးရယ်"

ရီ။ ။"ကိုင်း... ဒါဖြင့် မသွားဘဲနေကြရုံပဲ" ဟုဆိုကာ ဆံထုံးကို ဖြေချလိုက်ရာ ဂါးဒင်းပါတီအတွက် နေ့ရက်များစွာမှ ကြိုတင်ပြင်ဆင်လာခဲ့သော အပိုကြီးကြည်ခများမှာ ခဲလေသမျှ သဲရေကျရတော့သည်ဟု အောက်မေ့ကာ ဒရိုင်ဘာအား...

"ဒရိုင်ဘာ... မေမေ နေမကောင်းလို့ မသွားကြတော့ဘူး" ဟု အမိန့်ပေးလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ကြက်တူရွေးနှုတ်သီး

ပြစ်မှုကျူးလွန်သော တရားခံတစ်ဦးတစ်ယောက်သည် ကြံရည်ဖန်ရည် အတာယ်မျှလောက်ကောင်းသည်ကို အမှုပေါ်ပေါက်သောအခါမှ ထင်ရှားစွာသိနိုင်၏၊ အချို့သောရာဇဝတ်ကောင်များသည် ကြံရည်ဖန်ရည် ရှိလှသည်မဟုတ်၊ တော်ရိလျော်ရိ လူစားမျိုးလည်း ရှိ၏။ အချို့မှာမူ ကြံရည်ဖန်ရည်ကောင်းလှ၍ ခြေရာဖျောက်ကာ ပုလိပ်ကို လှည့်စားနိုင်ပါလျက် နောက်ဆုံးတွင်ပုလိပ်၏အစွမ်းကြောင့် မဟုတ်၊ ကံမကောင်းအကြောင်းမလှခြင်းသက်သက်ကြောင့် အမှုပေါ်ပေါက်၍ အပြစ်ဒဏ်ခံရခြင်းများလည်း ရှိပေသည်။

ဖော်ပြလတ္တံ့သော မထွန်းမယ်မှာ ဒုတိယအမျိုးအစားတွင် ပါဝင်သည့် တရားခံမျိုး ဖြစ်ပေ၏။ ပုလိပ်အရာရှိများ၏ ပါးနပ်ခြင်း၊ ကြံရည်ဖန်ရည်ရှိခြင်း အပန်းခံ၍ ထောက်လှမ်းစုံစမ်းခြင်းတို့သည် လင်ယောကျ်ားကိုသတ်သည့် မထွန်းမယ်အား ပြစ်မှုထင်ရှားအောင် ရုံးတော်သို့တင်ပြရန် မတတ်နိုင်ဘဲ နောက်ဆုံး၌ မထွန်းမယ် အပြစ်ရခြင်းမှာ ၎င်း၏ကံဇာတာ မကောင်းသည့်အတွက်ကြောင့်ဟူ၍ ဆိုထိုက်ပေသည်။

ဆိုးယုတ်သော မိန်းမများသည် လင်ယောကျ်ားကို သေကြောင်းကြံစည် သောအခါ အဆိပ်ကို အသုံးပြုတတ်ကြပေရာ လင်ကို သေနတ်နှင့်ပစ်သတ်သော မိန်းမမျိုးဟူ၍ ခပ်ရှားရှားရှိပေလိမ့်မည်။ မထွန်းမယ်မူကား ရှားပါးသော မိန်းမများ ထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ပေ၏။



အခြားသော ထူးခြားချက်တစ်ခုမှာ မထွန်းမယ်သည် လင်ယောကျ်ားကို သေကြောင်းကြံစည်ရာ၌ ယောကျ်ားရာဇဝတ်ကောင်များ စိမ်လေ့ရှိသည့်နည်းအတိုင်း သေမည့်လူကို ပုလိပ်များ တွေ့စေလိုသည့်နေရာသို့ရောက်အောင် ဖြားယောင်းခေါ်ဆောင်ကာ နေရာတကျ ဖန်တီးစီစဉ်ထားတတ်ခြင်းပင် ဖြစ်လေသည်။

မောင်တင်ဦးဆိုသည်မှာ ကသာမြို့ သစ်ကုန်သည်တစ်ဦး၏ တစ်ဦးတည်းသောသားဖြစ်၍ အသက် ၁၄ နှစ်အရွယ်တွင် မိခင်ကွယ်လွန်ခဲ့လေသည်။ မောင်တင်ဦး၏ဖခင်သည် မယားရှိစဉ်အခါ၌ အထိုက်အလျောက်မျှသာ စီးပွားဖြစ်၍ မယားသေဆုံးပြီးသည့်နောက်တွင်မှ ဒီရေတက်သကဲ့သို့ ဖြိုးဖြိုးဝေအောင် စီးပွားတက်ခဲ့၏။ မောင်တင်ဦးမှာ ကသာမြို့ဟိုက်စကူးကျောင်း၌ ပညာသင်ပါသော်လည်း ခပ်ထိုင်းထိုင်း သူငယ်တစ်ယောက်ဖြစ်၍ တစ်တန်းလျှင် အနည်းဆုံးနှစ်နှစ်ကျနေသဖြင့် ၁၈ နှစ်အရွယ်တိုင် ရောက်သောအခါ၌ပင် ငါးတန်းမျှ မအောင်ခဲ့ချေ၊

မောင်တင်ဦး၏ဖခင် ဦးသာခံသည် စီးပွားတက်သောအခါတွင် မောင်တင်ဦးမွေးဖွားသည့် ပျဉ်ထောင်အိမ်ကို ဖျက်လဲ၍ တိုက်ခံအိမ်ကြီးဆောက်ပြီးလျှင် ကောင်းမွန်ခမ်းနားသော အိမ်ထောင်မှုပစ္စည်းများကို ရန်ကုန်မြို့မှမှာယူ၍ အရှေ့ပိုင်ကြီးတမျှ နေထိုင်သဖြင့် သစ်တောအရာရှိများသည် ဗိုလ်တဲ၌မတည်းခိုဘဲ ဦးသာခံ၏နေအိမ်၌ တည်းခိုတတ်ကြလေသည်။ ဦးသာခံသည် အရာရှိများ တည်းခိုခြင်းအတွက် အားရဝမ်းမြောက်၍ လက်ဝဲလက်ယာဘက်ရှိ မြေကွက်များကို ဝယ်ယူပြီးလျှင် မာလီကုလားနှစ်ယောက်ထား၍ ဥယျာဉ်ကြီးဖြစ်အောင် ပြုစုထားသဖြင့် ကျယ်လှပသာယာသော အိမ်ဝင်းကြီးဖြစ်လာတော့သည်။ အခြားမြို့မှ ရောက်လာသော ဧည့်သည်များသည် ဦးသာခံအိမ်ကြီးကို မြင်ကြ၍ အရေးပိုင်မင်း၏ အိမ်ကြီးလော၊ သစ်တောဝန်၏အိမ်ကြီးလောဟု မေးကြသည်ဆိုလျှင် ဦးသာခံ ကျေနပ်၍ ခန်းဆီးအသစ်အဆန်းများ ထပ်မံမှာယူ ပြင်ဆင်တော့လေသည်။

ဦးသာခံသည် အိမ်သစ်ကြီး ဆောက်လုပ်ပြီးကတည်းက အိမ်ထောင်ထူထောင်ပြုရန် အကြံရှိသော်လည်း စီးပွားတက်သဖြင့် ဘဝမြင့်သည့်အလျောက် ထောက်လှမ်း'လွန်းသဖြင့် ဈေးမတည့်ဘဲ 'အကြိုက်မရ အရမကြိုက်' ဆိုဘိသကဲ့သို့ ဖြစ်နေတော့သည်။ ကသာမြို့သို့ ပြောင်းရွှေ့လာသော အရေးပိုင်တစ်ယောက်၏ ဘိအေသင်နေသော သမီးချောကလေးတစ်ယောက်ပါလာရာ ဦးသာခံသည် ထိုသူငယ်မကျမှ တန်းတန်းစွဲကြိုက်နေတော့သည်။ သူငယ်မကလည်း ရုပ်ချော ပညာတတ်၍ ခေတ်ဆန်သူဖြစ်သောကြောင့် ဦးသာခံ၏ စီးပွားမျှလောက်ကို ဂရုစိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကသာမြို့၌ လူသတ်မှုကြီးတစ်ခုဖြစ်၍ ရန်ကုန်မြို့မှ အထူးတလည် ငှားရမ်းခေါ်ယူသောမိန်းမဝတ်လုံတစ်ယောက်ကိုလည်း ဦးသာဖံ မျက်စိကျဖူး၏။ ၎င်းမှာလည်း ဈေးမတည့်ဘဲ လွဲရလေတော့သည်။ ဤတွင် ဦးသာဖံသည် သားစိတ်မယားစိတ်ကုန်သည်ဆို၍ မိမိ၏နေအိမ်၌ ရေဒီယို၊ ဂရာမာဖုန်း၊ ပီယာနိုစသော ကိရိယာများထားကာ အဆိုသမား၊ အတီးသမားများ ဖိတ်ခေါ်၍ တစ်နည်းတစ်ဖုံ ပျော်ပျော်ကြီးနေလေတော့သည်။

ဦးသာဖံ၏နေအိမ်တွင် ကွယ်လွန်သူဇနီး၏ ဆွေမဲ့မျိုးမဲ့များနှင့်ဦးသာဖံ၏ 'ပါးရှား'သော ဆွေမျိုးများသည် လာရောက်တည်းခိုနေထိုင် စားသောက်ကြလေရာ မောင်တင်ဦးမှာ နှစ်ဖက်သောဆွေမျိုးများ၏ 'ဖူးဖူးမှုတ်' ခြင်းခံရ၍ လွန်စွာကျေနပ်ပျော်ရွှင်လျက်ရှိ၏။ ဦးသာဖံကလည်း သားကလေးပျော်လျှင် ပြီးစေဆို၍ ဆွေမျိုးတစ်ကျိပ် မှီခိုစားသောက်ကြစေကာမူ ကြည်ဖြူစွာ ကျွေးမွေး၏။ မောင်တင်ဦးမှာ နဂိုကတည်းက ခပ်ထိုင်းထိုင်းဖြစ်ရသည့်အထဲတွင် ဆွေမျိုးများ အလယ်တွင် ပျော်နေ၍ စာမကျက်ဘဲ ကျောင်းတက်ချင်မှ တက်တော့သည်။

ဖခင်ဦးသာဖံကလည်း သူ၏ သစ်လုပ်ငန်းတွင် ခြေရာခံရမည့်သားဖြစ်၍ အင်္ဂလိပ်စာ၌ အတန်းမရချင်နေ ကိစ္စမရှိဘူးဟု အောက်မေ့သည်နှင့် တိုက်တိုက်တွန်းတွန်း မရှိလှချေ။ မောင်တင်ဦးသည် ဖခင်ထံမှ ၅ဝိ၊ ၁ဝဝိ မျှသာ ငွေကို အလွယ်တကူ တောင်းယူရရှိသည်ဖြစ်၍ မြို့ထဲမှ တေလေဂျပိုးများနှင့် ပေါင်းသင်းကာ ဘိလိယက်ခုံ၊ တရုတ်ဟိုတယ်စသည်များတွင် အချိန်ကုန်လွန်စေရကား ဦးသာဖံမှာ ပုလိပ်ရောဂါနှင့် ရုတ်တရက်ကွယ်လွန်သည့်အခါ၌ မောင်တင်ဦးသည် အသက် ၂၁ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း ၇ တန်းမျှလည်းမအောင်၊ သစ်လုပ်ငန်း၌လည်း ဘာတစ်ခုမျှ နားမလည်ချေ။

မောင်တင်ဦးသည် ဦးသာဖံ ကွယ်လွန်သောအခါတွင် အိမ်နှင့်ဝင်းခြံအပြင် ၅ သောင်းခန့် အရင်းဝင်ထားသည့် သစ်လုပ်ငန်းနှင့် တိုလီမိုလီအတွင်းပစ္စည်း သုံးသောင်းခန့်မျှ အမွေရလိုက်၏။ သစ်လုပ်ငန်းမှာ အလိုလိုက်သော ဦးလေးတစ်ယောက်က ဦးစီးအုပ်ချုပ်၍ မောင်တင်ဦးလိုသလောက် ထုတ်ပေးသော အဒေါ်တစ်ယောက်က အတွင်းပစ္စည်းများကို ထိန်းသိမ်းလေသည်။

မူလကတည်းက ချုပ်ချယ်ခြင်းမခံခဲ့ရသော မောင်တင်ဦးမှာ ဖခင်ကွယ်လွန်သောအခါတွင် ဖြစ်ချင်တိုင်းအရမ်းဖြစ်၍ လုပ်ချင်ရာလုပ်လေတော့သည်။ သို့ရာတွင် ထိုသူငယ်သည် မိန်းမပိုးပန်းခြင်းအလုပ်တစ်ခုတွင် ဝါသနာမပါသည်နှင့် ၎င်းကိုချန်လှပ်၍ စားခြင်းသောက်ခြင်း၊ ပိုက်ကာဆွဲခြင်း၊ ပွဲကြည့်ခြင်းစသော ပျော်ပါးမှုတို့တွင် အချိန်ရှိသမျှ ဇိမ်ယူလေတော့သည်။



သူငယ်ချင်းမိတ်ဆွေ(အများအားဖြင့် ဂျပိုးများ)ကို ဖိတ်ခေါ်၍ တရုတ်ဟိုတယ်မှ အကောင်းဆုံးသော စားစရာများကို စားပွဲကြီးပေါ်၌ တည်ခင်းကာ ဘီယာပုလင်းများကို ဒါဇင်လိုက်ရေခဲစိမ်လျက် တဈိုးဈိုး သောက်စားကြသော အချိန်ကို တစ်နေ့အဖို့စုတွက်လိုက်သော် ၁၆ နာရီခန့်ရှိပေလိမ့်မည်။ သို့ဆိုလျှင် အိပ်သောမျက်စိလောက်သာ ချန်လှပ်ပေတော့သည်။ ဦးလေးနှင့်အဒေါ်တို့ကား ပြောလည်းမပြောဝံ့၊ ပြောလျှင်လည်း နားယူမည့်သူငယ် မဟုတ်သည့်အတူတူ တစ်အိမ်လုံး ပျော်ပျော်ပါးပါး စားသောက်နေထိုင်ဟန်တူပေသည်။

တစ်နေ့သ၌ မောင်တင်ဦးသည် ဆယ်ယောက်ထက်မနည်းသော သူငယ်ချင်းများနှင့်အတူ ဧည့်ခန်းစားပွဲကြီးပေါ်တွင် အရက်ပုလင်းများထောင်လျက် စားပွဲပေါ်၌ မီးအိုးတင်၍ ကျိုရသော တရုတ်ဘဲပေါင်းဟင်းချိုနှင့်မြည်းကာ ရယ်မောစားသောက်နေကြစဉ် မထွန်းမယ်သည် ဧည့်ခန်းဝမှရပ်လျက် တစ်ချက်တည်းလှမ်းကြည့်လိုက်လျှင်ပင် အထက်တွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်မောင်တင်ဦး၏ အခြေအနေနှင့် အကြောင်းခြင်းရာအလုံးစုံကို 'မှန်တီဟင်း'ကဲ့သို့ ကွက်ကွက်ကွင်းကွင်း မြင်နိုင်လေပြီ။ မထွန်းမယ်ကား ပရူဒင်ရှယ်အသက်အာမခံကုမ္ပဏီတွင် အသက်ပေါင်သူအများဆုံးရအောင် တရားဟောနိုင်သည်ဟု အာမခံကုမ္ပဏီလောက၌ နာမည်ကြီးလျက်ရှိသော အသက်အာမခံကိုယ်စားလှယ်ဖြစ်လေသည်။

မည်သည့်အရာရှိ၊ မည်သည့်ပွဲစား၊ မည်သည့်ကုန်သည်သည် မည်မျှလောက် ကပ်ကပ်သပ်သပ်၊ ကုတ်ကုတ်ပတ်ပတ်ရှိသည်ဆိုစေ မထွန်းမယ်ကို တွေ့လိုက်လျှင် အသက်ပေါင်မထားဘဲ မနေနိုင်ဟု ပြောကြ၏။

မထွန်းမယ်သည် မောင်တင်ဦးအကြောင်းကို ကြားဖူး၍ အသက်ပေါင်ထားဖို့ တိုက်တွန်းရန် ရောက်လာခြင်းဖြစ်လေသည်။ အသက် ၃၀ ကျော်ပြီဖြစ်သော်လည်း မထွန်းမယ်မှာ ငါးရံ့ကိုယ်ကလေးနှင့် သပ်သပ်ရပ်ရပ် ဖီးလိမ်းတတ်သည့်ပြင် မိန်းမချောမိန်းမလှတစ်ယောက်လည်း ဖြစ်ပေရကား အသက်နှစ်ဆယ်ကျော်အရွယ်လူပျိုကလေးများ၏ မျက်စိ၌ ကြီးရင့်သည်ဟု မထင်ရပေ။ မထွန်းမယ်၏ ရုပ်လက္ခဏာနှင့် ပတ်သက်၍ ချွတ်ယွင်းချက်တစ်ခုရှိသည်ကား ရုတ်တရက်ကြည့်လိုက်သည့်အခါ၌ အလွန်ချောလှသည်ဟု မှတ်ထင်ကြရစေကာမူ နီးနီးကပ်ကပ် စေ့စေ့စပ်စပ်ကြည့်သောအခါတွင် လက်ဝဲဘက်မျက်စိထောင့်၌ အဖြူပေါ်တွင် အနက်ပြောက်ကလေးများ စွန်းထင်းလျက်ရှိသည်ကို မြင်နိုင်သဖြင့် ပိတ်ဖြူတွင် မှင်စည်းစွန်းပေခြင်းကဲ့သို့ လှပသော အဆင်းမှတစ်ဝက်တစ်ပျက် နုတ်ယူသွားသည်ဟု ထင်ကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မထွန်းမယ်သည် အခန်းဝမှရပ်ကာ သောက်စားပျော်ပါးနေကြသော
ငယ်များကို ကြည့်၍ ရွံ့ရှက်သောမျက်နှာထား ဖြစ်ပေါ်ခြားသော်လည်း ရွံ့
သော အမူအရာသည် ချက်ချင်းပင်ကွယ်ပျောက်၍ မိမိဇက်ကိုင်ဖို့ အကြွက်
တစ်ခု ပေါ်ချေပြီဟု သိမြင်ခဲ့လေပြီ။ မထွန်းမယ်သည် လူ့လောကအကြောင်း
မည်မျှကျွမ်းကျင်နားလည်လေသနည်းဆိုသော် မောင်တင်ဦးထံမှ အသက်
ကိစ္စ အောင်ပြီးရုံသာမက တစ်လအတွင်း၌ပင် မောင်တင်ဦးနှင့်ထိမ်းမြား လက်
ရသော အဖြစ်သို့ရောက်အောင် လှော်ခတ်နိုင်ပေသည်။

*   *   *

မထွန်းမယ်သည် မောင်တင်ဦးအား အပျိုစင်ဖြစ်ပါသည်ဟု လှည့်
လိမ်လည်၍မပြော၊ အောက်သူဖြစ်၍ အောက်ရွာ၌အိမ်ထောင်ကျပြီး
ယောက်ျား သေဆုံးသည့်မုဆိုးမဖြစ်ပါသည်ဟု အမှန်အတိုင်း ပြောပြလေသည်
ထူးဆန်းသော အခြင်းအရာမှာ မထွန်းမယ်၏ ပထမယောကျာ်းသည်လည်း
တင်ဦးအမည်ပင်ဖြစ်၍ မောင်တင်ဦးထက် မိမိက ဆယ်နှစ်တိတိကြီးသည့်နည်း
ပထမယောကျာ်း ကိုတင်ဦးက မိမိထက် ဆယ်နှစ်တိတိ ကြီးသည်ဟူ၍လည်း
ဖော်ထုတ်ပြောဆိုလေသည်။

မထွန်းမယ်က မောင်တင်ဦးအား မိမိ၏အဖြစ်အပျက်ကို ရိုးသားစွာ
ထုတ်ပြောပြသည့်နည်းတူ မောင်တင်ဦးကလည်း မထွန်းမယ်အား မိမိမသိ နား
လည်ခြင်းတည်းဟူသော အခြင်းအရာကို ရိုးသားစွာဖွင့်ဟပြောပြ၏။ အမှန်
မောင်တင်ဦးက ဖွင့်မပြောလျှင်လည်း မထွန်းမယ်က ဖွင့်ထားသောစာအုပ်
ဖတ်ရခြင်းကဲ့သို့ မောင်တင်ဦးကို လွယ်ကူစွာအကဲခတ်နိုင်မည်သာ ဖြစ်လေသည်
မောင်တင်ဦးသည် ဖခင်၏သစ်လုပ်ငန်းကို အမွေဆက်ခံရသော်လည်း အလုပ်
ဘာမျှနားမလည်၊ ဦးလေးတစ်ယောက်က စီမံခြယ်လှယ်လျက်ရှိခြင်းများကို
ဖော်ထုတ်ပြောပြလေသည်။

လက်မထပ်မီအချိန်၌ မောင်တင်ဦးက စီးပွားရေးအခြေအနေအကြောင်း
ပြောပြသည့်အခါ မထွန်းမယ်သည် ငွေကိုဂရုမစိုက်၊ လူကိုစုံမက်၍ ချစ်ကြိုက်ခြင်း
ဖြစ်သည့်အနေမျိုးဖြင့် နားရှိ၍သာ ကြားရသည် မိမိကား ငွေရေးကြေးရေး
လုံးဝအရေးမလုပ်လေဟန် အမှတ်မဲ့သာ နားထောင်လေသည်။ သို့ရာတွင် လက်
ထပ်ပြီး၍ ရက်သတ္တတစ်ပတ်မပြည့်မီ၌ပင် မထွန်းမယ်သည် ရွှေတိုငွေစအတွင်း
ပစ္စည်းအကြောင်းနှင့် သစ်လုပ်ငန်းအခြေအနေကို ခရေစေ့တွင်းကျစစ်ဆေး



သည်၊ စာရင်းအင်းအလုပ်၌ မွတ်ပြီးသော မိန်းမတစ်ယောက်ဖြစ်သည့်အ
သစ်လုပ်ငန်းကို စစ်ဆေးသောအခါတွင် မူလက ငါးသောင်းတန်သည်ဟု
ခဲ့သော သစ်လုပ်ငန်းသည် ထိုအချိန်တွင် သုံးသောင်းမျှပင် မတန်တော့
ကို တွေ့ရ၏။ ငွေသားနှင့် အတွင်းပစ္စည်းဆိုသည်မှာလည်း သုံးသောင်းဖိုးမှ
ောင်းမပြည့်တပြည့်မျှသာ ကျန်တော့သည်ကို တွေ့ရလေသည်။ သစ်လုပ်
င် စီမံအုပ်ချုပ်ခြင်း ညံ့ဖျင်းသည့်အတွက်ကြောင့် ယိုဖိတ်ခြင်း၊ ဆုံးရှုံးခြင်းများ
တွေ့ရလေသည်။ များမကြာမီအတွင်း မထွန်းမယ်သည် အတွင်းပစ္စည်း
ကို ကိုယ်တိုင်ထိန်းသိမ်း၍ သစ်လုပ်ငန်းတွင်လည်း မယိုမဖိတ်စေရအောင်
ကြပ်ပေး ပြုလုပ်၏။ ဦးလေးတော်သူက ကန့်ကွက်ချင်သော်လည်း မထွန်း
တစ်ခွန်းငေါက်လိုက်လျှင် ပျော့ကျသွားသည့်လူစားမျိုး ဖြစ်လေတော့
။

ထိုအချိန်မှစ၍ မထွန်းမယ်သည် မောင်ကလေး၊ သားကလေး၏ပစ္စည်းကို
သောအစ်မကြီးတစ်ယောက်က ထိန်းသိမ်းအုပ်ချုပ်ပေးသည့် အနေမျိုးဖြင့်
န်မယို မဖိတ်တန်မဖိတ်ရအောင်ဆို၍ စီမံပေတော့ရာ မှိုခိုကပ်ရပ်စားသောက်
သော ခွေမွဲမျိုးမွဲများကိုလည်း မောင်းထုတ်၍ မောင်တင်ဦးသောက်ချင်လျှင်
သည်ဆိုကာ သောက်ဖော်သောက်ဖက် ကပ်ပါးရပ်ပါး သူငယ်ချင်းများကို
ထုတ်လေတော့သည်။ ဤအိမ်မျှလောက်တွင် အစေခံထားဖို့မလို မိမိထိန်း
ဆောင့်ရှောက်နိုင်သည်ဆို၍ တိုလီမိုလီ အစေခံမိန်းကလေးတစ်ယောက်ကိုပင်
ဆုံးတွင် ပယ်ထုတ်လိုက်လေသည်။

မထွန်းမယ်သည် အချောင်ထိုင်၍ မစားလို၊ အလုပ်လုပ်ရမှ နေတတ်သည်
ပြော၍ အသက်အာမခံကုမ္ပဏီတွင် လုပ်မြဲတိုင်း ဆက်လက်လုပ်ကိုင်သည်ဖြစ်၍
ကြောင်းကြီးငယ်ရှိသည့်အခါ လွယ်ကူစေရန်ဆို၍ တယ်လီဖုန်းတပ်ဆင်လိုက်
၏။ ရန်ကုန်မှ ကုမ္ပဏီတိုက်ရင်းနှင့် ခဏခဏကြေးနန်းဆက်ရခြင်းထက်
ယ်လီဖုန်းက သက်သာသည်ဟု အကြောင်းပြလေသည်။ စင်စစ်မှာ မောင်တင်
ဦးအဖို့မှာ ဘာမျှအကြောင်းပြဖို့မလို၊ ကောင်းကောင်းစားရအောင် ချက်ပြုတ်ကျွေး
၍ ရေခဲစိမ်ဘီယာသောက်ရလျှင် မထွန်းမယ် လုပ်ချင်ရာလုပ် ကျေနပ်ခြင်းသ
လေသည်။

မထွန်းမယ်သည် မောင်တင်ဦး၏ကျန်းမာရေးအတွက် ဒိတ်ချ
ဆရာဝန်အားပြသ၍ မောင်တင်ဦး၏ စားရေးသောက်မှုနှင့် အချိန်မှန်
လမ်းလျှောက်မှု၊ လှုပ်ရှားမှုများအတွက်ပါ ဂရုစိုက်၍ စီမံပေး
င်ဘန်ကလပ်သို့လည်း မောင်တင်ဦး ပါဝင်စေရန် တိုက်တွန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုသည်မှာ သေနတ်မပစ်တတ်လျှင် နုံချာသည်ဟုပြော၍ သေနတ်လိုင်းစင်လျှောက်တောင်းခြင်း၊ အလေ့အကျင့်သဘောနှင့် ငှက်ပစ်ထွက်ခြင်းစသော အလုပ်များကိုလည်း မထွန်းမယ်ကပင် စီစဉ်ပေးလေသည်။

လက်မထပ်မီအချိန်မှ မောင်တင်ဦးအတွက် အသက်အာမခံကုမ္ပဏီတွင် ငွေ ၅၀၀၀ိ မျှနှင့် အသက်ပေါင်ထားပြီးဖြစ်သော်လည်း နည်းသေးသည်ဆို၍ ထပ်မံ၍ ပေါင်သည်နှင့် စုစုပေါင်း သုံးသောင်းဖိုးမျှ အသက်ပေါင်ပြီးဖြစ်သွား ပြီး ၅၀၀၀ိ ဖိုးပေါင်စဉ်က ဆရာဝန်အား အတော်ပြောရသော်လည်း မထွန်းမယ်၏ ပြုစုစောင့်ရှောက်မှုကြောင့် မောင်တင်ဦးမှာ ကောင်းစွာကျန်းမာလာသည်နှင့် နောက် ထပ်ပေါင်သည့်အခါ ဆရာဝန်က ချောမောစွာထောက်ခံချက်ပေးလေသည်။

မထွန်းမယ်မှာ အာမခံကုမ္ပဏီ၌ အလုပ်လုပ်သောကြောင့်ပေလားမဆို နေရာတကာတွင် အာမခံထားချင်၏။ အခြားလူများအဖို့ လုပ်ရိုးထုံးစံမရှိသည့် အသေးအဖွဲပစ္စည်းမျိုးကိုပင် အာမခံကုမ္ပဏီမန်နေဂျာအား ကိုယ်တိုင်ပြော အပေါင်ထား၏။ ပမာဆိုသော် မောင်တင်ဦး၏ဖခင် ဦးသာဇံ၏ မိခင်မှာ သီပေါ ဘုရင်လက်ထက်၌ 'နန်းတော်သူ'အပျိုတော်ဖြစ်၍ မိဖုရားပေးသနားတော်မူဖူးသည့် တရုမက်သားယပ်တောင်၊ ပယင်းကြုတ်ကလေးအစရှိသည့် တိုလီမိုလီပစ္စည်းများ သည် 'ရာဇဝင်တန်ဖိုး'ရှိသည်ဆို၍ အာမခံကုမ္ပဏီတွင် ငွေ ၁၅၀၀ိ နှင့် အာမခံ လုပ်ထားလေသည်။ အာမခံရပုံမှာ ၎င်းပစ္စည်းများကို လူခိုးသည်ဖြစ်စေ၊ မီးထဲသို့ ပါသွားသည်ဖြစ်စေ ကုမ္ပဏီက ငွေ ၁၅၀၀ိ လျော်ရမည်ဖြစ်လေသည်။ မောင်တင်ဦး ၏ သစ်လုပ်ငန်းမှရရှိသော အမြတ်ငွေကလေးနှင့် မထွန်းမယ်ရရှိသော ကော်မရှင် တို့သည် အာမခံကြေးနတ်လိုက်သောအခါ၌ မစားလောက်မသောက်လောက် ဖြစ်နေသော်လည်း မထွန်းမယ်သည် အရှည်ကိုကြည့်သောမိန်းမဖြစ်၍ ဂရုမစိုက် ဟု ပြောကြ၏။

အသက်သုံးဆယ်ကျော်ပြီဖြစ်သော မထွန်းမယ်နှင့် အသက်နှစ်ဆယ် ကျော်သာရှိ၍ အူကြောင်ကြောင်ရှိသော မောင်တင်ဦးတို့သည် ကျယ်ဝန်းသော ခြံကြီးအတွင်း ခမ်းနားသော တိုက်ခံအိမ်ကြီး၌ အတူတကွ နေထိုင်ကြရာတွင် သင့်မြတ်ကျေနပ်ခြင်းရှိမရှိကိုမူ အရပ်က အကဲမခတ်နိုင်ကြပေ။ သို့သော် ဆူဆူ မရှိခြင်းကိုမူ သက်သေခံနိုင်ကြလေသည်။

လက်ထပ်ပြီး၍ တစ်နှစ်အတွင်း၌ပင် မောင်တင်ဦးမှာ နမိုးနီးယားရောဂါ ဖြစ်၍ မထွန်းမယ်က ပြုစုစောင့်ရှောက်လေသည်။ ပင့်ခေါ်ထားသော ဆရာဝန် သည် မည်သို့သော အကြောင်းကြောင့်ဟူ၍ ဖော်ထုတ်မပြောဘဲ မောင်တင်ဦး ဆေးရုံသို့ မပို့လျှင် မိမိမကုသနိုင်ဆို၍ တစ်ခါတည်း မပေါ်လာဘဲ နေတော့သည်။



မောင်တင်ဦးမှာမူ မထွန်းမယ်က သဘောမတူသောကြောင့် ဆေးရုံမတက်ဘဲ ဆရာဝန်မလာချင် နေပေစေဆို၍ အိမ်၌ပင် ဆက်လက်ဆေးစားလေသည်။ ဆရာ ဝန်သည် အကြောင်းမှန်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုသော်လည်း မထွန်းမယ်က ရောဂါတိုးအောင် တမင်လုပ်နေသည်ဟု မသင်္ကာသည့် အတွက်ကြောင့် ဆေးရုံပို့ သည်ဟု တိုက်တွန်းဟန် တူပေသည်။ နောက်ဆုံးတွင် မထွန်းမယ်သည် မိမိအား ဆရာဝန် မသင်္ကာသည့်အဖြစ်ကို ရိပ်မိသည်နှင့် မောင်တင်ဦးကို ဆေးရုံသို့ပို့လေရာ ကြာမီအတွင်း မောင်တင်ဦးမှာ ရောဂါပျောက်၍ အိမ်သို့ ပြန်ရောက်လာလေ၏။

ထိုအချိန်တွင် မောင်တင်ဦးတို့အိမ်၌ အတိုအထွာ ခိုင်းစေရန်အတွက် ငှား ထားသော သူငယ်ကလေးတစ်ယောက်ရှိသေးရာ မထွန်းမယ်က ငွေရေးကြေးရေး ချွေတာသည်း၍ သူငယ်တစ်ယောက်ကို ထမင်းကျွေးရသော တာဝန်သည် မသေး သော်လည်းဆိုကာ ၎င်းသူငယ်ကို မောင်းထုတ်လိုက်လေသည်။ ရှေ့အဖို့၌ မထွန်းမယ် ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်းအလုပ်များကို ဆောင်ရွက်၍ မောင်တင်ဦးက ခြံမြက်လှည်းခြင်းမှစ၍ အသေးအဖွဲအလုပ်များကို ဆောင်ရွက်ရသော်လည်း ပင်ပန်းလှသည်မထင်လည်းမတွားလုပ်ပေသည်။ မထွန်းမယ်သည် အသန့်ရှင်းကြိုက်သည်ဆို၍ ဝင်း ထဲ၌ အမှိုက်တစ်ပင်မရှိရလေအောင် မောင်တင်ဦးအား ရှင်းလင်းသုတ်သင်စေသည့် ပြင် သစ်ပင်ကလေးများ ရွှေ့ပြောင်းစိုက်ပျိုးရန်အတွက် ကျင်းတူးခြင်းအလုပ်ကို လည်း နာလန်ထူခါစဖြစ်သော မောင်တင်ဦးကို ချော့မြှောက်၍ ခိုင်းလေသည်။

မောင်တင်ဦးမှာမူ မိမိအားအလုပ်ကြမ်းဖြင့် သေအောင်သတ်နေသော မယားမထွန်းမယ်၏အကြံကို မရိပ်မိရှာဘဲ မျက်နှာချိုသွေး၍ ချော့ခိုင်းတိုင်း ခိုင်းလားငါလားအလုပ်လုပ်ရှာ၏။ ဤတွင် မောင်တင်ဦးမှာ မထွန်းမယ်မျှော်လင့် သည့်အတိုင်း အလုပ်သတ်၍မသေသည့်ပြင် စားကောင်းသောက်ကောင်းနှင့် ဝဝ ဖြိုးဖြိုးလင်ဖြစ်လာချေသေး၏။ ထိုအခြင်းအရာကို မထွန်းမယ်မြင်ရသောအခါ အကြံ အစ်မျိုးထုတ်၍ သချိုင်းသို့ အမြန်တွန်းပို့နည်းကို စီစဉ်ရလေသည်။

။"မောင်လေးရေ'

။"ဗျာ ဘာလဲ အစ်မကြီး"

။"အလုပ်ကြမ်းတွေကို မောင်လေးကိုယ်တိုင် လုပ်နေရတာ မပင်ပန်းဘူး လား"

။"ပင်ပန်းပေါင်ဗျာ သာတောင်စားသောက်ကောင်းသေး၊ ကိစ္စမရှိပါဘူး"

။"မောင်လေး မပင်ပန်းဘူးပြောပေမယ့် အစ်မကြီးက ရှုရက်နိုင်ဘူး။ ဒီ တော့အစေခံထားနိုင်အောင် ငွေရတဲ့နည်းလမ်းထွင်ရင်မကောင်းဘူးလား"

။"ဘယ်လိုလဲ အစ်မကြီး"

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ။"ဟောဟိုဗီရိုထဲက တိုလီမိုလီပစ္စည်းကလေးတွေကို လူခိုးရင် အစ်မကြီး တို့ ငွေ ၁၅ဝဝိ ရမယ်မောင်လေးရဲ့"

ဦး။ ။"ဟုတ်လား၊ ဒါပေမဲ့ လူမခိုးတာက ခက်တယ်"

မယ်။ ။"တကယ်သူခိုးက မခိုးရင် ခိုးတယ်ထင်အောင် လုပ်လို့ဖြစ်တာပေါ့"

ဦး။ ။"ဪ နားလည်ပြီ ကိုယ့်ပစ္စည်းကိုယ်ခိုးထုတ်ပြီး မြစ်ထဲပစ်ချ၊ နို့ပြီးတော့ မှ ငွေ ၁၅ဝဝိ တောင်းယူ ဒါကိုလား"

မယ်။ ။"မောင်လေးက ပါးသားပဲ"

ဦး။ ။"ပါးအားကြီးပြီး ပေါက်တောင်သွားဦးမယ်။ ကောင်းတယ်အစ်မကြီး ဒီကနေ့ည လုပ်ကြစို့လား"

မယ်။ ။"နေဦး မောင်လေးရဲ့၊ ဒါမျိုးဆိုတာ အလျင်စလို မလုပ်ရဘူး ကြိုတင်ပြီး စီမံရသေးတယ်၊ ဒီကနိုင်းသလို မောင်လေးလုပ်နော်"

ဦး။ ။"စိန်လိုက်ဗျာ စိတ်ချ၊ တစ်သဝေမတိမ်းစေရဘူး"

တစ်ညသ၌ မထွန်းမယ်သည် မောင်တင်ဦး၏ နောက်ပိတ်ဖိနပ်ကိုစွပ်၍ မြစ်ကမ်းသို့သွားပြီးလျှင် ပိန်းကောကလေးတစ်စင်းကိုဖြုတ်ယူခဲ့၍ မိမိတို့အိမ်အနီးရှိရေဆိပ်၌ ချည်ထားခဲ့၏။ မောင်တင်ဦးသည် ရေဆိပ်အနီးမှ စောင့်ကြို၍ ဗီရိုထဲမှ ထုတ်ယူလာခဲ့သော တိုလီမိုလီပစ္စည်းများကို လွယ်အိတ်တစ်လုံးထဲတွင် ထည့်လျက် မထွန်းမယ်သို့ပေးအပ်ပြီးနောက် ဝင်းခြံထဲပြန်သွား၍ အိမ်ထဲသို့ တံခါးပေါက်မှ မဝင်ဘဲ ပြတင်းပေါက်မှ ဝင်လေသည်။ မောင်တင်ဦး၏အထင်မှာ မထွန်းမယ်သည် ပစ္စည်းများကို မြစ်လယ်သို့ပစ်ချလိမ့်မည်ဟု ထင်ရာ၏။ မထွန်းမယ်ကမူ လှေထဲ၌ အတန်ကြာနေခဲ့ပြီးနောက် ပစ္စည်းလွယ်အိတ်ကို ဝင်းခြံထဲသို့ ပြန်ယူလာခဲ့၍ ဝင်းအလယ်၌ ချထားလေသည်။ သူ၏ အကြံကား သူခိုးသည် ပစ္စည်းများကို ဗီရိုထဲမှ ထုတ်ယူလာခဲ့ပြီးနောက် ကတိုက်ကရိုက် ထွက်ပြေးသည်နှင့် ကျနေရစ်သည်ဟု ပုလိပ်တို့ တွေးထင်စေရန် ဖြစ်လေသည်။ မထွန်းမယ်ကား မဖြစ်စလောက် အာမခံကြေး ၁၅ဝဝိ မျှကို ရလို၍ ညဏ်ဆင်သည်မဟုတ်ချေ။

လှေခိုးစဉ်က မောင်တင်ဦး၏နောက်ပိတ်ဖိနပ်ကို စွပ်ခြင်းမှာ လှေသူခိုးသည် ယောကျ်ားတစ်ယောက်ဖြစ်သည်ဟု ထင်စေလိုသောကြောင့်ဖြစ်၏။ မထွန်းမယ်သည် အိမ်သို့ပြန်ရောက်လာသောအခါ မောင်တင်ဦး၏ နောက်ပိတ်ဖိနပ်၌ ပေကျံနေသော ရွှံ့နွံများကို ပွတ်ဖျက်၍ ဆေးသုတ်ထားလေသည်။ ထို့နောက် လင်မယားနှစ်ယောက်တို့သည် ဗီရိုတံခါးကို ဖွင့်ထားလျက် အိမ်ပေါ်သို့တက်၍ အိပ်ရာသို့ဝင်ကြလေသည်။ မကြာမီ မထွန်းမယ်သည် ဌာနာသို့ တယ်လီဖုန်း



ဆက်၍ "ဌာနာပိုင်ရှိသလားရှင်၊ ကျွန်မတို့အိမ်အောက်မှာ သူခိုးဝင်နေတယ်ထင် ပါတယ်၊ ကျွန်မတို့ ဆင်းမကြည့်ဝံ့ပါဘူး၊ ကြောက်ပါတယ်၊ ခဏကလေး စောင့် ပါဦးရှင်၊ ကျွန်မယောကျ်ား စကားပြောပါလိမ့်မယ်" ဟုပြောပြီးနောက် မောင်တင် ဦးကို တယ်လီဖုန်းလှမ်းပေးလိုက်ရာ မောင်တင်ဦးကလည်း သွန်သင်ထားသည့် အတိုင်း "ဟုတ်ပါတယ်ခင်ဗျာ၊ သူခိုးဝင်နေတယ်ထင်ပါတယ်၊ ကျွန်တော့်မှာ ခြောက်လုံးပြူးရှိပါတယ်။ ကျွန်တော် အိမ်အောက်ဆင်းပြီး ကြည့်လိုက်ပါဦးမယ်။ ခင်ဗျားတို့လည်း တစ်ဆိတ်လောက် မြန်မြန်ကလေး လာကြစမ်းပါခင်ဗျာ" ဟု ပြောလေသည်။

ထို့နောက် မောင်တင်ဦးသည် မထွန်းမယ်သင်ပေးသည့်အတိုင်း ယမ်း တောင့်ထိုးပြီးဖြစ်သော ခြောက်လုံးပြူးကိုယူ၍ အိမ်အောက်သို့ ဆင်းသွားလေ၏။ ဆင်းခါနီးတွင် မထွန်းမယ်က "အစ်မကြီးဆင်းလာပြီး အချက်မပေးမချင်း စောင့် နေနော်" ဟု မှာထားလိုက်၏။ မောင်တင်ဦးဆင်းသွားလျှင် ဆင်းသွားချင်း မထွန်း မယ်သည် ကုတင်အောက်မှ ရှက်ဖျင်ဖုံးသော သေတ္တာဖောင်းကြီးတစ်လုံးကို ဆွဲထုတ်၍ ၂ လုံးပြူးသေနတ်တစ်လက်ကိုထုတ်ကာ ပြောင်းတပ်ဆင်ပြီးလျှင် ယမ်းတောင့်ထိုးထည့်လေ၏။ မထွန်းမယ်သည် မောင်တင်ဦးနှင့် လက်ထပ်စဉ်က ဤသေတ္တာကြီးတစ်လုံး ပါလာခဲ့ရာ မောင်တင်ဦးကမူ သေတ္တာထဲ၌ မည်သည့် ပစ္စည်းများ ပါခဲ့သည်ကို မေးမြန်းစုံစမ်းခြင်းမပြုဖူးချေ။ ထို့နောက် မထွန်းမယ်သည် သေနတ်ကိုကိုင်လျက် အိမ်အောက်သို့ ဆင်းလာခဲ့၏။

မောင်တင်ဦးမှာမူ အိမ်အောက်ထပ်မှ ခြောက်လုံးပြူးကို လက်တစ်ဖက် တွင်ကိုင်၍ အခြားလက်တစ်ဖက်တွင် ဖယောင်းတိုင်ကိုင်လျက် စောင့်နေ၏။

မထွန်းမယ်ရောက်လာ၍ "ကိုင်းပစ်တော့" ဟုပြောသည်နှင့်တစ်ပြိုင်နက် မောင်တင်ဦးသည် မထွန်းမယ်သင်ကြားမှာထားသည့်အတိုင်း ဗီရိုအနီး၌ရှိသော နံရံကို သေနတ်ဖြင့် တစ်ချက်ပစ်လိုက်၏။ အဓိပ္ပာယ်မှာ မောင်တင်ဦးက ဗီရိုအနီး၌ရှိသောသူခိုးကို သေနတ်နှင့်ပစ်ရာတွင် သူခိုးကိုမထိမှန်ဘဲ နံရံ၌ ထိမှန်သည်ဟု အထင်ပေးလိုခြင်း ဖြစ်ပေသည်။

မောင်တင်ဦး၏ သေနတ်မှာ ကျည်ဆန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် မထွန်းမယ်သည် မောင်တင်ဦးနောက်တွင် ရပ်နေရာမှ မောင်တင်ဦးရှေ့သို့ ရုတ်တရက် တက်လာ၍ နဖူးသို့ကျည်ဆန်နှစ်တောင့်လုံး ပစ်ထည့်လိုက်လေ၏။ ၎င်း နောက် မထွန်းမယ်သည် သေနတ်မှ ယမ်းတောင့်အခွံများကို နုတ်၍ သေနတ် ကို ဗီရိုအနီး၌ချထားခဲ့ပြီးလျှင် အိမ်ပေါ်သို့ တက်လာလေ၏။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မထွန်းမယ်သည် ယခင်က စမ်းသပ်စီစဉ်ပြီးဖြစ်သည့်အလျောက် အခန်းတံခါးတွင်မှ တံခါးကိုဆွဲဆောင့်လိုက်ရာ မင်းတုပ်ကျသွားသဖြင့် အခန်းထဲတွင် ပိတ်လျောက်ပြီးဖြစ်နေတော့သည်။(မင်းတုပ်မှာ အချို့သောမြန်မာအိမ်များ၌ ပြုလုပ်လေ့ရှိသည့်အတိုင်း ကြမ်း၌ဖောက်ထားသော အပေါက်ထဲသို့ ထိုးဝင်ခြင်းအားဖြင့် တံခါးပိတ်ရသော မင်းတုပ်မျိုးဖြစ်လေသည်။)အခန်းတွင်း၌ တံခါးပိတ်ဖြစ်နေသောအခါ မထွန်းမယ်သည် ယမ်းတောင့်ခွံနှစ်ခုကို တစ်နေရာ၌ ခေတ္တဝှက်ထားလိုက်လေသည်။

ထို့နောက် မထွန်းမယ်သည် ဌာနာသို့ တယ်လီဖုန်းဆက်ပြန်၍ အရေးကြီးသဖြင့်တုန်ရီသောအသံမျိုးဖြင့် "မြန်မြန်လုပ်ကြပါရှင့်၊ ဘယ့်နှယ်လဲ ခုတောင်မရောက်လာကြသေးပါလား၊ အိမ်အောက်မှာ သေနတ်သံကြားပါတယ်၊ မောင်တင်ဦးကို ပစ်ကုန်ကြပြီလား မဆိုနိုင်ပါဘူး၊ ကျွန်မမှာလည်း မောင်တင်ဦးအနီး ရိမ်အားကြီးနဲ့ တံခါးပိတ်ထားခဲ့လို့ အပေါ်ထပ်မှာ ဒီအတိုင်းငုတ်တုတ်နေရပါတယ်။ လုပ်ကြပါရှင် မြန်မြန်ဆန်ဆန်" ဆိုကာ နှိုးဆော်လေရာ ဂါတ်စာရေးက ဌာနာအုပ်နှင့် ပုလိပ်များထွက်သွားကြပြီဖြစ်ကြောင်း ပြန်ပြောလေသည်။

* * *

ပုလိပ်များ ရောက်လာကြသောအခါ မထွန်းမယ်ကို အပေါ်ထပ်ရှိ အခန်းထဲမှ တံခါးဖွင့်၍ ထုတ်ယူကြရလေသည်။ ဌာနာအုပ်သည် မောင်တင်ဦးအတွက် အသက်ပေါင်သုံးသောင်းထားသည့်အဖြစ်ကို ညဥ့်၌မသိသေးသည်ဖြစ်၍ တစ်စုံတစ်ရာသက်သာမကင်းဖွယ်မရှိ ရှင်းလင်းသောအမှုဟူ၍ ယူဆလေသည်။ ဤအကြောင်းကို သိသောအချိန်၌မူ မထွန်းမယ်သည် ကျည်ဆံခွံများကို စွန့်ပစ်ပြီးဖြစ်၍ မည်မျှရှာဖွေစုံစမ်းသည်ဖြစ်စေ၊ မထွန်းမယ်အပေါ်သို့ အမှုပတ်စေနိုင်သည့် သက်သေခံပစ္စည်းတစ်စုံတစ်ရာ တွေ့နိုင်တော့မည် မဟုတ်ချေ။

မောင်တင်ဦး သေဆုံးခြင်းအတွက် မထွန်းမယ်၌ အကျိုးခံစားခွင့်ရှိသည်ဖြင့် 'မိန်းမလည်'တစ်ယောက်ဟူ၍လည်း ယူဆသည့်အတွက်ကြောင့် ပုလိပ်အရာရှိများသည် မထွန်းမယ်အပေါ်တွင် သက်ာလုံးဝ ကင်းရှင်းသည်မဟုတ်၊ စိတ်ထဲ၌ စနှောင့်စနင်း ရှိနေကြ၏။ သို့ရာတွင် မည်သည့်အချက်တွင်မှ သဲလွန်စမဆွဲမိဘဲ ရှိနေရကား မထွန်းမယ်မှာ အကြံအစည် အောင်မြင်သွားလေတော့သည်။

သို့ရာတွင် စလုံးစခု ဖြစ်နေသော အချက်ကလေး တစ်ခုတလေကား ရှိ၏။ ပမာဆိုသော် ဗီရိုကို ခွဲယူသည်မဟုတ်၊ သော့နှင့်ဖွင့်ယူသည်ကို တွေ့ရ



သော သော့မှာ အတူမရှိသောသော့မျိုးဖြစ်၍ သူခိုးသည် သော့ကို ဘယ်ကရလေသနည်း။

ဤအချက်ကို မထွန်းမယ်က ရှင်းလင်းသည်မှာ မောင်တင်ဦးသည် မကြာသေးမီက မြစ်ဆိပ်သို့ ရေချိုးသွားရာတွင် သော့ကိုရေဆိပ်၌ မေ့ထားခဲ့ပါသည်။ ၂ ရက် ၃ ရက်ကြာသောအခါမှ တစ်ယောက်ယောက်က သော့တွဲကို အိမ်ရှေ့သို့ ဘာ၍ပစ်ထားသဖြင့် ပြန်ရပါသည်။ ထိုသူသည် သော့တွဲမှသော့များကို ဖယောင်းနှိပ်ယူထားမည်ဆိုက ဖြစ်နိုင်စရာ ရှိပေရကား မထွန်းမယ်၏ ရှင်းလင်းချက်ကို ကျေနပ်ရလေသည်။

ဤအမှု၌ မောင်တင်ဦးအလောင်းအနီးတွင် တွေ့ရသော နှစ်လုံးပြူးသေနတ်သည် အရေးကြီးသော သဲလွန်စဖြစ်၍ ၎င်းသေနတ်ကို ခြေရာကောက်နိုင်လျှင် ဤအမှုပေါ်ပေါက်ရမည်ဟု ပုလိပ်များသည် နားလည်၏။ ထို့ကြောင့် သေနတ်အကြောင်းကို စုံစမ်းကြရာပထမတွင် အလွယ်တကူ ခြေရာကောက်နိုင်မည့်ပုံ ပေါ်လေ၏။

သေနတ်၏အသက်မှာ နှစ်ပေါင်းသုံးဆယ်ခန့်ရှိရမည်ဟု ခန့်မှန်းနိုင်သည်ဖြင့် အမျိုးကောင်းအဖိုးတန် သေနတ်တစ်လက်လည်း ဖြစ်၏။ သေနတ်တွင် ခါတ်များပါရှိ၍ လုပ်သောကုမ္ပဏီ၏အမည်များလည်း အထင်အရှားတွေ့ရ၏။ ထို့ပြင် သေနတ်ဒင်၌ ကြက်တူရွေးနှုတ်သီးပမာအကွဲသို့ ကောက်တောက်တောက်တွေးတေးတေးရှိသော အမှတ်အသားတစ်ခုလည်း ထင်ရှားပေါ်လွင်နေ၏။ ဒင်၏အခွန်း၌လည်း အင်္ဂလိပ်အက္ခရာဖြင့် (O.H)ဟူသော စာလုံးများ ထွင်းထားသည်ကို တွေ့မြင်နိုင်ပေသည်။

ပုလိပ်များသည် ရန်ကုန်သို့ဆင်းလာ၍ သေနတ်ရောင်းသော ကုမ္ပဏီတိုက်များကို စုံစမ်းရာတွင် ကုမ်းကုမ္ပဏီမှရောင်းသော သေနတ်ဖြစ်သည်ကို တွေ့ရ၏၊ သေနတ်စာရင်းတွင် တောအုပ်တစ်ယောက်ကို ရောင်းရသည်ဟု ဖော်ပြထား၏၊ ၎င်းတောအုပ်မှာ ကွယ်လွန်ပြီဖြစ်သော်လည်း သေနတ်မှာ ပျဉ်းမနားမြို့သခ်ကုန်သည်ကြီးတစ်ဦး၏လက်သို့ ရောက်သွားသည်ဟု ခြေရာခံနိုင်သေး၏။ သခ်ကုန်သည်မှာလည်း ကွယ်လွန်ပြီဖြစ်ရာ ၎င်း၏လက်၌ရှိစဉ် အိမ်ကိုဓားပြတိုက်၍ သေနတ်ကိုလုယူသွားသည်ဟု သားသမီးများက ထွက်ဆိုကြလေသည်။ ထို့နောက်တွင်မူကား သေနတ်သည် မှတ်ပုံတင်စာရင်းမှ ကွယ်ပျောက်၍ မည်သူ၏လက်ဝယ်သို့ ရောက်သွားသည်ဟု ခြေရာကောက်ရန် မတတ်နိုင်ဘဲ ရှိလေတော့သည်။ မောင်တင်ဦး၏အိမ်ကို ဖောက်ထွင်းဝင်ရောက်သောသူသည် သေနတ်ပုန်းဖြစ်သည်ဟု သိ၍ ပစ်ထားခဲ့သော်လည်း ယမ်းတောင့်ခွံများမှ ခြေရာခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ခြည်ဟု နိုးရိမ်သည့်အတွက်ကြောင့် ၎င်းတို့ကို သေနတ်မှတမင် ထုတ်ယူသွားခြင်းဖြစ်လိမ့်မည်ဟူ၍ ပုလိပ်တို့တွေးတောကြလေသည်။

* * *

မထွန်းမယ်သည် မောင်တင်ဦး၏အသက်ပေါင်ငွေ သုံးသောင်းကိုထုတ်ယူ၍ အိမ်ကြီးကိုလည်း ရောင်းချသည့်ပြင် သစ်လုပ်ငန်းတစ်ခုလုံးကိုလည်း ကုန်သည်ကြီးတစ်ဦးသို့ အဖိုးဖြတ်၍ ရောင်းလိုက်သည်နှင့် စုစုပေါင်း ငွေခြောက်သောင်းခန့်ပိုက်၍ ရန်ကုန်သို့ ဆင်းသွားတော့သည်။ ပညာစုံသော မိန်းမတစ်ယောက်ဖြစ်၍ လက်ရေးတိုအတတ်သင်ကျောင်းတစ်ကျောင်းတွင် တစ်နေ့ ၂ နာရီသင်ပြသော ဆရာမအလုပ်တစ်ဖက်နှင့် တိုက်ခန်းတစ်ခန်းတွင် သိုက်မြိုက်စွာနေထိုင်လေသည်။ အိမ်တွင် ထမင်းချက်မိန်းမကြီးတစ်ယောက်ထား၍ အပျော်အပါးကြိုက်သောမိန်းမဖြစ်သည့်အတိုင်း ဘိုင်စကုတ်နှင့်ဟိုတယ်ကြီးများတွင် ဗိုလ်ကပြားများနှင့် ကျက်စားသည်ဟုပြောကြ၏။ ထိုအတောအတွင်း အသက်အာမခံကုမ္ပဏီမန်နေဂျာ မျက်နှာဖြူတစ်ယောက်နှင့် ရင်းနှီး၍ မထွန်းမယ်၏တိုက်ခန်းသို့ဝင်ထွက်သည့်ပြင် ဘိုင်စကုတ်ရုံများသို့ အတူတွဲ၍သွားလေ့ရှိလေသည်။

တစ်နေ့သ၌ မထွန်းမယ်နှင့်မန်နေဂျာသည် ဂလုပ်စီနီမားဒရက်စ်ဆာကယ်အတန်းမှကြည့်၍ စတင်းဟိုတယ်၌ ဒင်နာစားကြပြီးနောက် မျက်နှာဖြူက မထွန်းမယ်အား ဘရုကင်းလမ်း*သို့ လိုက်ပို့၏။ တက္ကစီရပ်၍ တိုက်ပေါ်သို့ အတူတက်ကြမည်ပြုဆဲတွင် ပုလိပ်အရာရှိနှစ်ယောက်သည် မထွန်းမယ်ကို ဖမ်းကြလေသည်။ မျက်နှာဖြူက "မောင်မင်းတို့ အရမ်းမလုပ်နှင့် ဒုက္ခရောက်သွားကြမည်၊ ဘာပြစ်မှုရှိလို့ဖမ်းနိုင်သနည်း" ဟု ခပ်တင်းတင်းမေးသောအခါ ပုလိပ်အရာရှိက လွန်ခဲ့သော တစ်နှစ်ကျော်ခန့်တွင် ကသာမြို့၌ လင်ယောကျ်ားမောင်တင်ဦးကို သတ်မှုနှင့် ဖမ်းမည်ဟုပြန်ပြောလေသည်။

မထွန်းမယ်၏လူသတ်မှုကို ပုလိပ်များခြေရာကောက်နိုင်သည်မှာ ၎င်းတို့အစွမ်းလည်းမဟုတ်၊ မထွန်းမယ်ညံ့သောကြောင့်လည်းမဟုတ်၊ ကံသက်သက်ဖြစ်သည်ဟု ဆိုရပေမည်။ အောက်ပါအဖြစ်အပျက်ကို ဖတ်ရှုရသည့်အခါ စာဖတ်သူတို့ သဘောပေါက်ပေလိမ့်မည်။

မောင်တင်ဦး သေဆုံး၍ မထွန်းမယ်လည်း ကသာမြို့မှပျောက်ကွယ်သွားသည့်နောက်တွင် ၎င်းမြို့၌ ဧရာဝတီကုမ္ပဏီကိုယ်စားလှယ် မစ္စတာမင်နယ်လ်၏

* – ဘိုကလေးဈေးလမ်း



အိမ်သို့ သူခိုးများဖောက်ထွင်း၍ ပစ္စည်းများပါသွား၏။ ပျောက်ဆုံးသောပစ္စည်းများအနက်တွင် သေနတ်တစ်လက်လည်း ပါရှိလေသည်။ ထိုည၌ပင် ပုလိပ်များကင်းလှည့်ရာတွင် လူတစ်စုနှင့်တွေ့၍ မသင်္ကာသဖြင့် ရပ်ကြရန်အမိန့်ပေးသည်တွင် ထိုလူစုသည် ပါလာသောပစ္စည်းများကိုချ၍ လက်လွတ်ထွက်ပြေးကြ၏။ ပုလိပ်များသည် လူများနောက်သို့လိုက်သော်လည်း မမိလိုက်သည်နှင့် ပစ္စည်းများကို ယူလာခဲ့ပြီးလျှင် ဌာနာအုပ်သို့ ပေးအပ်ကြ၏။ သဘောအကိုယ်စားလှယ်က ရာဇဝတ်ဝန်သို့ တိုင်တန်းသည့်အခါ ရာဇဝတ်ဝန်သည် ကိုယ်စားလှယ်အား လမ်းမှတွေ့သော ပစ္စည်းများကိုပြရန် ဌာနာသို့ ဆင့်ခေါ်လေသည်။

ရာဇဝတ်ဝန်သည် သေနတ်ထားသော ဗီရိုကိုဖွင့်၍ ကိုယ်စားလှယ်မင်နယ်လ်သည် မိမိ၏သေနတ်ကို ကောက်ပြနိုင်သည့်ပြင် ဗီရိုထဲ၌ သိမ်းထားသည့်အခြားသေနတ်တစ်လက်ကိုပြ၍ အံ့ဩစွာနှင့် "အိုင်ဆေး ဒီသေနတ်ကျုပ်သိတယ်၊ ဘယ့်နယ်ဒီရောက်နေသလဲ" ဟုမေး၏။

ထိုအခါ ရာဇဝတ်ဝန်ကလည်း အံ့ဩစွာဖြင့် "ခင်ဗျား ဘယ့်နယ်သိသလဲ" ဟု ပြန်မေးရာ ကိုယ်စားလှယ်က "ကျုပ်က မသိဘဲနေမလား၊ ဟိုက ဒင်မှာကြက်တူရွေးနှုတ်သီးလိုကောက်ကောက်ကြီးဟာ တခြားကြောင့်မဟုတ်ဘူး၊ ကျုပ်ကြောင့် ဖြစ်ရတာပဲ။ ကျုပ်နဲ့ ကျုပ်သူငယ်ချင်း အိုဟာရာ တောလည်ကြတော့ သူ့သေနတ် လှည်းပေါ်ကကျပြီး ကျုပ်မြင်းက တက်နင်းမိလို့ ခွာရာကြီးထင်သွားတာပဲ။ ဒီသေနတ်ဟာ အိုဟာရာသေနတ်ပါ။ ကျုပ် မှတ်မိပါတယ်"

"အိုဟာရာ ဘယ်ရောက်နေသလဲ"

"အိုဟာရာက သူ့ကိုယ်သူသတ်သေရှာတယ်"

"ဘာကြောင့်တဲ့လဲ၊ စိတ်ညစ်လို့တဲ့လား၊ ဘယ်လိုကြောင့် စိတ်ညစ်တာလဲ"

"သေပုံတော့ ခပ်ဆန်းဆန်းပဲ၊ စိတ်ညစ်တယ်ဆိုရလောက်အောင် စီးပွားရေးလည်း နေရာကျသားပဲ၊ သူ့မိန်းမ မျောက်မွေးလို့လားတော့ မဆိုနိုင်ဘူး။ သေနတ်ခလုတ်ကို ကြိုးချည်ပြီး မောင်းဖြုတ်တယ်ဆိုတာပဲ။ သူ့မိန်းမက အသက်ပေါင် ငွေနှစ်သောင်း ထုတ်ယူသွားလေရဲ့။ ပုလိပ်က မိန်းမကိုတော့ တယ်ပြီးသင်္ကာဘူး၊ နို့ပေမယ့် သူ့လင်သေတဲ့အချိန်မှာ မိန်းမကို အခန်းထဲမှာပိတ်ပြီး အပြင်က သော့ခတ်ထားလေတော့ အမှုက ရှင်းနေပေတာကိုး"

"အမှုဖြစ်တာက ဘယ်မှာလဲ"

"ဟသာ်ာတမြို့မှာပဲ"

"သူ့မိန်းမက ဘယ်လိုဟာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာမိန်းမပဲ၊ ရုပ်တော်တော်လှတယ်။ အိုဟာရာနဲ့လက်ထပ်တော့ အပျို မဟုတ်ဘူး၊ မုဆိုးမဆို ထင်ပါရဲ့"

"ပုံပန်းပြောပြစမ်းပါဦး"

"အသားလတ်လတ်၊ အရပ်ခပ်ပုပု၊ အင်္ဂလိပ်လို ကောင်းကောင်းကြီးပြော တတ်တယ်၊ ကပြားတောင်ထင်ရတယ်။ ထူးခြားတဲ့အချက်တစ်ခုကတော့ သူ့မျက်လုံးထောင့်တစ်ထောင့်မှာ အနက်ကလေးတွေ ပါတယ်"

မထွန်းမယ်သည် အမှုစစ်ဆေးသောအခါ၌ မိမိ၏ကံဆိုးသည့်အတွက်ကြောင့် အမှုပေါ်ပေါက်ရသည်၊ ကံဆိုးသည်မှာ ပြေး၍မလွတ်နိုင်ဟု သဘောပေါက်သည်နှင့် ဖြောင့်ချက်ပေးတော့ရာ အိုဟာရာသေပြီးနောက် ဓားပြတစ်ယောက်နှင့် အကြောင်းပါသေးကြောင်း၊ အိုဟာရာ၏သေနတ်မှာလည်း အစိုးရသေနတ်စာရင်းမှ ပျောက်၍ သေနတ်ပုန်းအဖြစ်နှင့်ငင်း၊ ဓားပြလက်ဝယ်သို့ ရောက်သွားကြောင်း၊ ၎င်းဓားပြ ကြိုးတင်ရသောအခါ၌ မိမိကသေနတ်ကို ဆက်လက်ဖွက်ထားခဲ့ကြောင်းနှင့် ဖော်ထုတ်အစစ်ခံလေသတည်း။

■

# ကိုယ်တစ်ကိုယ် ခေါင်းနှစ်လုံး

ကသာမြို့၏မြောက်ဘက်စွန်း မြစ်နဖူးတွင် တင်ထားဘိသကဲ့သို့ အဝေးမှ ပင် မြင်နိုင်လောက်အောင် ပေါ်လွင်ထင်ရှားစွာ ဆောက်လုပ်ထားသည့် ရိုးရာအ ခြေအနေ ရှိ ဘိုအိမ်ကြီးတစ်ဆောင်ရှိ၏။ ထိုအိမ်ကြီးမှာ ယခုခေတ်အခါ၌ တွေ့ရ ဆောက်လုပ်မတတ်ရှိသော အုတ်တံတိုင်းများဖြင့် ဝိုင်းရံလျက်ရှိရာ ၎င်းအုတ်တံတိုင်း ၏ အပေါ်ဘက်တွင် ဖန်ချွန်ဖန်ကွဲများဖြင့် စိုက်ထောင်လျက်ရှိ၏။

စင်စစ်မှာ အုတ်တံတိုင်းသည် အတွင်းဘက်ရှိ အိမ်ကြီးထက် နှစ်ပေါင်း များစွာ အသက်ကြီးရင့်၍ အချို့နေရာများတွင် မကြာမီအတွင်းက ပြင်ဆင်ထား သည့်အထိမ်းအမှတ်များ တွေ့မြင်ရသည်ဖြစ်ရာ ၎င်းနှင့်အတူ မူလက ဆောက် ထားသော အိမ်ကြီးကိုဖြိုဖျက်၍ ခေတ်ဆန်သောတစ်ထပ်တိုက်တစ်လုံး ပြင်ဆင် ဆောက်လုပ်ထားခြင်း ဖြစ်သောကြောင့် ၎င်းအုတ်တံတိုင်း၏အသက်သည် အိမ် ကြီးလုံး၏အသက်နှင့် ညီမျှခဲ့လေသည်။

တစ်နေ့သော ညနေမီးထွန်းချိန်တိုင် ရောက်သည်နှင့်တစ်ပြိုင်နက် မြို့ပေါ် ရှိ အရာရှိများသည် မော်တော်ကားကိုယ်စီ မယားကိုယ်စီနှင့် ထိုအိမ်ကြီးသို့ ဆိုက် ရောက်လာကြ၏။ ဝင်းတံခါး၌ ဘူးလ်တယ်ရီယာခေါ် ဘိုခွေးကြီးတစ်ကောင်ကို ကြိုးကြီးတစ်ချောင်းဖြင့်ကိုင်ကာ စောင့်လျက်ရှိသော ဒရဝမ်ကုလားသည် ရောက် လာသော ဧည့်သည်များကို အိမ်ဝသို့ရောက်အောင် လိုက်ပို့၍ ဧည့်သည်များအား လည်း မိမိတို့၏ ကားဒရိုင်ဘာများအား ညဆယ်နာရီအချိန်မှ လာရောက်ကြိုဆို

www.burmeseclassic.com



ရန် မှာထားပြန်လွှတ်လိုက်သဖြင့် အသီးသီး စီးနင်းလာကြသော ကားများလည်း ပြန်သွားကြလေ၏။

၎င်းအိမ်ကြီးမှာ ကသာမြို့အစိုးရဆရာဝန်ကြီးဖြစ်သော ဒေါက်တာဘနာ ဂျီ၏အိမ်ဖြစ်ရာ ဆရာဝန်ကြီးသည် ရန်ကုန်မြို့မှ ဆိုက်ရောက်လာသည့် မိမိ၏ မိတ်ဆွေ မစ္စတာချက်တာဂျီအား ချီးမြှင့်သောအားဖြင့် ကသာမြို့ပေါ်ရှိ အစိုးအရာရှိ များအား မိမိ၏နေအိမ်သို့ ပင့်ဖိတ်၍ ညစာထမင်းတည်ခင်းကျွေးမွေးပြီးလျှင် အသိအကျွမ်းဖွဲ့ပေးရန် စီမံထားသော ညနေဖြစ်လေသည်။

ဧည့်သည့်များသည် နေအိမ်သို့ရောက်လာကြ၍ ဧည့်ခန်းတွင် ဝိုင်းဖွဲ့ကာ အတွထိုင်လျက် စကားပြောနေသည်။ ကျွန်ုပ်တို့သည် အိမ်ရှင်ဒေါက်တာနှင့် ဧည့် သည်များ၏အကြောင်းကို အနည်းငယ်မျှစီ ဖော်ထုတ်ရေးသားရန် လိုပေ၏။ တစ်ထောင့်၌ တရုတ်ကပြား လယ်ဝန်မစ္စတာ ဘာဘာသည် ၎င်း၏ဇနီးနှင့်အတူ ထိုင်လျက်ရှိရာ နှစ်ယောက်စလုံးမှာ ကပြားများဖြစ်ကြသော်လည်း အထက်တန်း စားလူများဖြစ်ကြသည့်အလျောက် လူရည်သန့်လျက် စကားချေင်ခြင်းရှိ၏။ ၎င်း တို့အနီး၌ကား ရာဇဝတ်ဝန်ဦးအုန်းဖေလင်မယားနှစ်ယောက် ထိုင်လျက်ရှိရာ ၎င်း ဦးအုန်းဖေမှာ အင်စပိတ်တော်ဘဝ၌ ရန်ကုန်မြို့တွင် စုံထောက်ကြီးဦးစံရှားနှင့်မျှ ဖွာသော အမှုများတွင် တွဲဖက်စုံထောက်ခဲ့ရသူ ဖြစ်လေသည်။ ဦးအုန်းဖေသည် ဦးစံရှား၏ ဆင်ခြင်စဉ်းစားပုံများကို နည်းနာကျကျ မရခဲ့စေကာမူ ဟုတ်သင့်သော တရားခံတစ်ယောက်ကို စည်းလွတ်ဒုံးလွတ် တွေးတောရာ၌ အတော်ပင် ဖြောင့် တန်းအောင် တွေးတောနိုင်သော အစွမ်းရှိ၏။

ထို့ကြောင့်လည်း ဦးအုန်းဖေမှာ အသက်လေးဆယ်ကျော်ခန့်အရွယ်တွင် ဒိစတြိတ်တစ်ခုလုံး၏ အကြီးအမှူးပုလိပ်အရာရှိဖြစ်သော ရာဇဝတ်ဝန်ရာထူးဖြင့် ချီးမြှင့်ခန့်ထားခြင်း ခံခဲ့ရခြင်းဖြစ်ပေသည်။

အခြားသောထောင့်၌ကား အစိုးရဟိုက်စကူးကျောင်းအုပ်ကြီးကိုဘညွန့် နှင့် ၎င်း၏ဇနီးဒေါ်ကြည်ရင်တို့ ထိုင်လျက်ရှိရာ ၎င်းတို့အနီး၌ ဇရာဝတီကုမ္ပဏီ ၏ ကသာမြို့ကိုယ်စားလှယ် မောင်သိန်းစံ ထိုင်လျက်ရှိ၏။ မောင်သိန်းစံမှာ ခေတ်ကာလအင်္ဂလိပ်ပညာ၌ အဆင့်အတန်းမြင့်စွာ မအောင်မြင်ခဲ့သော်လည်း ဖျတ်လတ်သွက်လက်ခြင်း၊ ပါးနပ်လိမ္မာခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းစသော ဂုဏ် ထူးများအတွက်ကြောင့် အသက်သုံးဆယ်မပြည့်သေးမီ ကိုယ်စားလှယ်အလုပ်ကို လက်ခံရရှိခဲ့သည်။

ထိုအချိန်အခါ၌ မောင်သိန်းစံမှာ ငွေဝင်အတော်ကောင်းသော လခစားတစ် ယောက်ဖြစ်သည့်ပြင် အိမ်ထောင်ရက်သား မပြုသေးသော လူပျိုတစ်ယောက်ဖြစ်



သောကြောင့် ကသာမြို့ပေါ်၌ မျက်နှာအလွန်တရာ ပွင့်လန်းသူတစ်ယောက် ဖြစ် လေသည်။

မောင်သိန်းစံ၏အနီး၌မူ ရန်ကုန်မြို့မှ ဆိုက်ရောက်လာသော အသက်အာ မခံကိုယ်စားလှယ် မစ္စတာချက်တာဂျီ ထိုင်လျက်ရှိရာ ထိုသူမှာ အသက်အာမခံ လုပ်ငန်းတွင် ငွေဝင်အများဆုံးလူတစ်ယောက်ဖြစ်ကြောင်းနှင့် နာမည်ကြီးလျက်ရှိ ၏။ ချက်တာဂျီသည် အသက်လေးဆယ်အရွယ်ခန့်ရှိ၍ စကားပြောကောင်းလှသူ တစ်ယောက်ဖြစ်ရာ ဧည့်ပရိသတ်များသည် ထိုသူ၏စကားကြောင့် တဟားဟား နှင့် ရယ်မောလျက်ရှိကြ၏။

ဒေါက်တာဘနာဂျီသည် မြို့ပေါ်ရှိအစိုးရအရာရှိများကို မိမိနေအိမ်သို့ ညစာထမင်း ပင့်ဖိတ်ကျွေးမွေးခြင်းမှာ အသက်အာမခံမထားရသေးသော အရာရှိ များအား အသက်ပေါင်တရားဟောကြားဖို့ ဖြစ်သည်ဟုတွေးထင်ကြသဖြင့် အပေါင်မထားလိုသောသူတို့သည် မည်ကဲ့သို့ငြင်းပယ်ရမည်ကို ဆင်ခြေများ အသင့်ပြင်ဆင်လျက်ရှိ၏။

ချက်တာဂျီမှာ အသက်ပေါင်အလုပ်၌ တရားဟောကောင်းတစ်ယောက် ဖြစ်သည့်အလျောက် ကော်မရှင်အမြောက်အမြားရခဲ့ဖူးရာ ၎င်း၏အသက်ကိုလည်း ငွေငါးသောင်းနှင့်အပေါင်ပြုလုပ်ထား၍ သူငယ်ချင်းဒေါက်တာဘနာဂျီအား အမွေခံ အဖြစ်နှင့် အမည်တင်သွင်းထားသည်ဟူ၍လည်း သတင်းဖြစ်ပွားလျက်ရှိ၏။

အခန်း၏အလယ်၌မူကား အရေးပိုင်ဦးထွန်းသိန်းတို့သားအဖသုံးယောက် ထိုင်လျက်ရှိကြ၏။ ဦးထွန်းသိန်းမှာ ခန့်ညားစွာ၍ မျက်နှာထားအလွန်တင်းသူတစ် ယောက်ဖြစ်ရာ ၎င်း၏ဇနီး ဒေါ်ခင်ကြီးမူကား ချိုပြုံးရွှင်ပျသော မျက်နှာထားဖြင့် ခင်သားဖြစ်သူ၏တင်းမာခြင်းကို မဲတင်းပေးသကဲ့သို့ ပြုတတ်ချေ၏။ သမီးဖြစ် သူခင်ခင်ဆွေမှာမူ ဖခင်၏တင်းမာသောမျက်နှာထားနှင့် မိခင်၏မာနကြီးသော ဓာတ်သားတို့ကို အမွေခံလျက်ရှိပေသောကြောင့် အမြင်တင်းသလောက် မောက်မာ သောသဘောမျိုးမရှိသည်ဖြစ်၍ မြင်သူတိုင်းက မချစ်ခင်ဘဲ မနေနိုင်လောက်အောင် ရှိခဲ့၏။ အရုပ်အရည်မှာ မိန်းမချောတစ်ယောက်ဟု မခေါ်နိုင်လောက်စေကာမူ ကြည့်၍ကောင်းလှသော မျက်နှာမျိုးရှိလေရကား မောင်သိန်းစံသည် ချက်တာဂျီ ၏ စကားကို နားစိုက်လျက်ရှိသော်လည်း မျက်စိမူကား ခင်ခင်ဆွေ၏ မျက်စိနှင့် မကြာခဏပင် တွေ့ဆုံမိကြ၏။ စင်စစ်မှာမူ မောင်သိန်းစံသည် ခင်ခင်ဆွေတို့ ကသာသို့ ရောက်လာသောနေ့မှစ၍ ခင်ခင်ဆွေနှင့် မျက်နှာချင်းဆုံမိဖို့ အခွင့်အ လမ်းများကို အမြဲကြိုးပမ်းရှာမှီးလျက်ရှိရာ အရေးပိုင်ဦးထွန်းသိန်းမှာ မိမိ၏သမီး အတွက် ဤမျှထက်ကြီးမြင့်သော ရည်ရွယ်ချက်များ ရှိထားပြီးဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းစံ၏ ပိုးပန်းခြင်းများကို အနည်းငယ်မျှ အားမပေးခဲ့ချေ။ ထိုနေ့ညနေ၌ လည်း ဦးထွန်းသိန်းသည် မောင်သိန်းစံ၏ အမူအရာနှင့် မျက်နှာထားကို မကျေနပ် လှသောအနေဖြင့် မျက်စောင်းတထိုးထိုး ကြည့်လျက်ရှိ၏။

အိမ်ရှင်ဒေါက်တာဘနာဂျီမှာ အရေးပိုင်ဦးထွန်းသိန်းနှင့် ချက်တာဂျီတို့၏ အကြားတွင် ထိုင်လျက်ရှိရာ ထိုသူမှာ ကုလားလူမျိုးများအနက်တွင် လူထူးတစ် ယောက်ဖြစ်ပေသည်။ အကြောင်းကိုဆိုသော် ၎င်းဒေါက်တာသည် ကုလားလူမျိုး တို့ထုံးစံအတိုင်း ကြေးငွေစုဆောင်းမှုတွင် ဝါသနာမပါဘဲ အကောင်းဆုံးသော အိမ်ထောင်ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲခြင်း၊ မြင်းလောင်းခြင်း၊ ဖဲကစားခြင်း ကားကောင်းစီးခြင်း၊ အဝတ်ကောင်းဝတ်ခြင်း၊ အစားကောင်းစားခြင်း စသည် ငွေကုန်များသော ဝါသနာမျိုးတို့၌ မွေ့လျော်သူတစ်ယောက်ဖြစ်ပေသည်။

ထိုအချိန်အခါ၌ ဒေါက်တာဘနာဂျီသည် ၎င်း၏သားငယ်နှစ်ယောက်နှင့် ယောက်ဖြစ်သူတို့အား အိန္ဒိယသို့အလည်အပတ်လွှတ်ထားခိုက်ဖြစ်သဖြင့် ၎င်းအိမ် ကြီး၌ လူပျိုကြီးသဖွယ် အစေခံများနှင့် နေထိုင်လျက်ရှိလေသည်။

ဧည့်သည်များနှင့် အိမ်ရှင်ဒေါက်တာဘနာဂျီတို့သည် နာရီဝက်ခန့်မျှ စကားပြောနေကြပြီးနောက် ခုနစ်နာရီခွဲသည်နှင့်တစ်ပြိုင်နက် ထမင်းစားခန်းသို့ ဝင်ကြ၏။ ဒေါက်တာဘနာဂျီသည် ဥရောပတိုက်သားတို့ စားနည်းမျိုးအတိုင်း စားစရာများကို တစ်ပွဲပြီးတစ်ပွဲ ကျွေးမွေးရင်း ရယ်ရွှင်ဖွယ် ပုံတိုပတ်စများကို မနေမနားပြောဆိုလျက်ရှိရာ ၎င်းအားသိကျွမ်းသူတို့က ထိုနေ့ကဲ့သို့ ဒေါက်တာ ဘနာဂျီစကားပြောသောနေ့မရှိသေးဟူ၍ အသီးသီးဆုံးဖြတ်မိကြ၏။

ထမင်းစားပြီးကြသောအခါ ဒေါက်တာဘနာဂျီသည် ဧည့်သည်များကို ဧည့်ခန်းသို့ တစ်ဖန်ဝင်ကြစေ၍ ရန်ကုန်မြို့မှ မကြာမီအတွင်းက မှာယူထားသော ရေဒီယိုအသံလွှင့်စက်ကို ဘတ္တရီဖြင့် တပ်ဆင်လျက်အမြို့မြို့အပြည်ပြည်မှ တီးသံ မှုတ်သံ တေးသီချင်းများဖြင့် ဧည့်သည်များအား ဖျော်ဖြေလေ၏။ ဧည့်သည်များမှာ မူ ဆယ်ငါးမိနစ်ခန့် အတူတကွ နားထောင်နေကြပြီးနောက် အချို့မှာ ဥယျာဉ်ထဲ သို့ လေညင်းခံရန် ထွက်သွားခြင်း၊ အချို့မှာ လေစပ်တည့်ရာ မိတ်ဆွေနှင့်တွဲ၍ ချောင်ကောင်းကောင်း၌ထိုင်ခြင်း၊ အချို့မှာ သတင်းစာများမှ အရုပ်များကို လှန် လှော၍ ကြည့်ရှုခြင်းစသည်ဖြင့် အသီးသီးသဘောရှိရာ ပြုလုပ်ကြလေ၏။

ထိုအတောအတွင်း ဧည့်ခန်း၌ရှိသော ရေဒီယိုအသံကမူ မရပ်မနား မြည် အော်လျက်ရှိနေသည်။

ကိုးနာရီအချိန်ခန့် ရောက်လတ်သော် ဧည့်ခန်း၌ကျောင်းအုပ်ကြီးနှင့်အတူ ထိုင်လျက် ပြီးခဲ့သော ရွေးကောက်ပွဲများအကြောင်း ဆွေးနွေးလျက်ရှိသော အရေး



...ထွန်းသိန်းသည် မိန်းမပိုင်းတွင် မိမိ၏သမီးကို မမြင်သည့်အပြင် ကိုယ်စား ...မောင်သိန်းစံကိုလည်း အခန်းတွင်း၌ မတွေ့သဖြင့် သင်္ကာမကင်းသောစိတ် ...ထိုင်ရာမှထ၍ အိမ်ပြင်သို့ထွက်လာခဲ့လေသည်။

အိမ်ဝသို့ရောက်သည်နှင့်တစ်ပြိုင်နက် ဦးထွန်းသိန်းသည် အိမ်တွင်းသို့ ...ပျာယာ ဝင်လာနေသော မိမိ၏သမီးခင်ခင်ဆွေနှင့် ရင်ဆိုင်တွေ့လေ၏။ ...ရာတွင် ဦးထွန်းသိန်းသည် သူတစ်ပါး၏နေအိမ်တွင်း မိမိ၏သမီးကို ကြိမ်း ...ခြင်းမပြုလိုသောကြောင့် ဧည့်ခန်းသို့ဝင်သွားသောခင်ခင်ဆွေအား တားဆီး ...မပြုတော့ဘဲ အိမ်ပြင်၌ မည်သူရှိနေကြောင်း စုံစမ်းရန် ဆက်လက်ထွက်ခွာခဲ့ ...၊ အပြင်သို့ရောက်လတ်သော် အခြားသောအပေါက်မှ အိမ်တွင်းသို့ ခပ်သုတ် ...ဝင်မည်ပြုနေသော မောင်သိန်းစံကိုမြင်သည်နှင့် ၎င်းရှိရာသို့ ဒေါသကြီးစွာ ...လျှောက်သွားလေ၏။

ထိုခဏ၌ ဦးထွန်းသိန်းသည် မြက်ခင်းပေါ်တွင် တစ်စုံတစ်ခုသောအရာ ...ခြေနှင့်တိုက်မိသဖြင့် ဟပ်ထိုးဖြစ်သွားပြီးနောက် တစ်ဖန်နောက်သို့ လှည့်ကြည့် ...ရာ လဆန်းခုနစ်ရက် လရောင်တွင် အလျားမှောက်လဲနေသော လူတစ် ...ကို တွေ့မြင်ရလေ၏။ ဦးထွန်းသိန်းသည် မည်သူမည်ဝါဖြစ်သည်ကို ...သေဘဲ သေချာစွာ ချဉ်းကပ်ကြည့်ရှုရာတွင် အနီးအပါး၌ သွေးများအိုင်ထွန်း ...ရှိသည်ကို တွေ့ရသဖြင့် "လာပါဦးဗျို့" ဟု လွှတ်ခနဲအော်လိုက်မိလေ၏။

* * *

ဧည့်ခန်း၌ရှိနေသော ဧည့်သည်များနှင့် အိမ်ရှင်ဒေါက်တာဘနာဂျီတို့သည် ...သံကြားသဖြင့် ပြေးထွက်လာကြသောအခါ ဦးထွန်းသိန်းက မီးအိမ်ယူခဲ့ရန် ...လိုက်သောကြောင့် ဒေါက်တာဘနာဂျီသည် အစေခံတစ်ယောက်အား လက် ...မီးအိမ်တစ်လုံး ထွန်းယူခဲ့ရန် အမိန့်ပေးလိုက်လေ၏။

၎င်းနောက် လူအားလုံးတို့သည် လဲနေသောလူကို လက်ဆွဲမီးအိမ်၏ ...ရောင်၌ ဝိုင်းဝန်းကြည့်ကြပြီးနောက် ရာဇဝတ်ဝန်ဦးအုန်းဖေက လဲနေသော လူကို ...လိုက်ရာ ဦးခေါင်းသည် မြေပေါ်၌ ပြုတ်ကျန်နေရစ်သည်ကို တွေ့ကြရလေ ...၊ ထိုအခါ ကတော်အားလုံးတို့သည် အိမ်တွင်းသို့ဝင်ပြေးကြလေရာ ယောက်ျား ...သည် အလောင်းကို သေချာစွာကြည့်ရှုကြသည်တွင် သေသူမှာ ကုလားလူမျိုး ...ကောင်းဘီဝတ်ဖြစ်ကြောင်း၊ အဝတ်များမှာ သပ်ရပ်သစ်လွင်စွာရှိနေသော်လည်း ...ခေါင်မှာမူ ဖရိုဖရဲရှိနေကြောင်း၊ သေသူ၏မျက်နှာမှာ မည်သူမျှမမြင်ဖူးသော မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း တွေ့ရှိကြရလေ၏။ ဦးစံရှား၏ စနစ်နည်းနာများကို လေ့လာ သော ဦးအုန်းဖေသည် အလောင်းကိုလည်းကောင်း၊ အလောင်းပတ်ဝန်းကျင် လည်းကောင်း သေချာစွာကြည့်ရှုရာ အလောင်းမှာ လည်ပင်းပြတ်နေသော ဒဏ် မှတစ်ပါး ကိုယ်၌ ထိခိုက်ပွန်းပဲ့သော ဒဏ်ရာတစ်စုံတစ်ခုမျှ မရှိသော်လည်း မျက် မှု တုံးသောလက်နက်တစ်ခုဖြင့် ထိခိုက်မိသည့် လက္ခဏာဖြင့် နဖူး၊ ပါးပြင် စသော နေရာများ၌ အပွန်းအပဲ့များ အနှံ့အပြားရှိနေသည်ကို တွေ့မြင်ရလေ၏။ အလော ၏ အနီး၌ကား ကုက္ကိုသစ်ကိုင်းတစ်ခုကို ဓားနှင့်ခုတ်ဖြတ်သကဲ့သို့ နှစ်ပိုင်းပြ လျက်ရှိသည်ကို တွေ့မြင်ရလေရာ အနီးအပါး၌ ကုက္ကိုပင်ကိုမူကား မရှိချေ။ ဦး အုန်းဖေသည် ကုက္ကိုကိုင်းကို ကောက်ယူကြည့်ရှုပြီးနောက် သေသူနှင့် ဆက်သွ ခြင်းရှိမည်မထင်ဟန်နှင့် လွှင့်ပစ်လိုက်လေ၏။

နောက်ဆုံး၌ ဦးအုန်းဖေသည် အလောင်းကို ဆေးရုံသို့ပို့စေပြီးနော ယောက်ျားသည်သည်များသည် ဒေါက်တာဘနာဂျီ၏အလုပ်ခန်းသို့ဝင်၍ အ အပါးလာကြရာတွင် လူသတ်မှုနှင့်ကြုံနေသည့်အတွက် မရွှင်ပျသော မျက် ထားများဖြင့် တိုင်ပင်ရန် ဝိုင်းဝန်းထိုင်မိကြလေ၏။ ထိုအခါမှ လယ်ဝန်ဦးဘာ က ရုတ်တရက်သတိရလာဟန်ဖြင့် "အလို ခင်ဗျားမိတ်ဆွေ ချက်တာရီတ ယောက်ကော ဒေါက်တာ၊ မမြင်ပါလားဗျ… ဘယ်ရောက်နေသလဲ" ဟု မေးလို မိ၏။ ထိုအခါ ဒေါက်တာဘနာဂျီက "မိန်းမတွေရှိတဲ့ ဧည့်ခန်းထဲများ သွားသေ ရော့သလားဗျာ၊ ကျွန်တော်သွားခေါ်ပါဦးမယ်" ဟုပြော၍ ဧည့်ခန်းသို့ကူးသွာ လေ၏။

အတန်ကြာလတ်သော် ဒေါက်တာဘနာဂျီတစ်ယောက်တည်း ပြန်ဝင် လာ၍ "ဧည့်ခန်းမှာလည်း မရှိဘူး၊ ဒီလူဘယ်ရောက်နေပါလိမ့်မလဲ" ဟုပြော ကျောင်းအုပ်ကြီးနှင့် ကိုယ်စားလှယ်သိန်းစံတို့က ချက်တာဂျီကို မမြင်မိသည်မှာ အတန်ပင် ကြာသွားပြီဖြစ်ကြောင်း၊ ယခုမှသတိပြုမိကြကြောင်းနှင့် ပြောကြ၏။ ထိုအခါဘနာဂျီသည် အစေခံကိုခေါ်၍ ဧည့်သည်ချက်တာဂျီကို အနှံ့အပြားရှာ ရန် စေခိုင်းရာ ဆယ်မိနစ်ခန့် ကြာသောအခါ အစေခံပြန်လာ၍ ချက်တာဂျီ မည် သည့်နေရာ၌မျှ မတွေ့ခဲ့ကြောင်းနှင့် ပြောလေ၏။ ထိုအခါ ဧည့်သည်များသည် ရာဇဝတ်ဝန် ဦးအုန်းဖေ၏ မျက်နှာကို တစ်ပြိုင်နက်တည်း လှမ်းကြည့်လိုက်ကြ ဦးအုန်းဖေမှာ ဉာဏ်ကြီးရင့်သော မျက်နှာထားဖြင့် မတုန်မလှုပ်ထိုင်လျက်ရှိ၏။

အကြောင်းကား အားလုံးသော ဧည့်ပရိသတ်က ချက်တာဂျီကို မသင်္ကာ ဖြစ်၍ ဦးအုန်းဖေကိုယ်တိုင်လည်း ထိုနည်းအတူ သဘောထားရှိပေသောကြောင့် ပေတည်း။



ထိုအခါ ဒေါက်တာဘနာဂျီသည် မိမိ၏ဧည့်သည်တစ်ယောက်အား …ကောင်းရှိနေခြင်းကို မခံချင်ဟန်လက္ခဏာဖြင့် ကိုယ်တိုင်ထသွား၍ ချက်တာ …ည်းများကို သွားရောက်ကြည့်ရှုရာ ၎င်း၏ သားရေအိတ်မှာ ထားသော …အတိုင်း ရှိနေသော်လည်း မကြာသေးမီက မိုင်းသားတစ်ယောက်ထံမှ ချက် …ဝယ်ယူလိုက်သော လင်းကင်းဓားအိမ်ကြီးမှာ အိမ်သာလျှင်ကျန်နေတော့၍ …ရှိတော့ကြောင်းနှင့် ပြန်လာတိုင်တန်းလေ၏။ ထိုအခါ ဦးအုန်းဖေက အရေးပိုင် …အား…

…။ "အရေးပိုင်မင်း ဘယ်လိုသဘောရပါသလဲ"

…။ "ကျုပ်အထင်တော့ဖြင့် ဧည့်သည်ခန်းမှာ ကျုပ်တို့တတွေ ဝိုင်းပြီးစကား ပြောနေတုန်း ချက်တာဂျီက ရန်သူဝင်လာတာကိုမြင်လေတော့ အမှတ်တမဲ့ …သွားပြီး ဓားနဲ့ခုတ်သတ်ပုံရတာပဲ။ ခုတ်သတ်လဲပြီးရော သူ့ဓားသူယူပြီး …ပြေးရော၊ ကျုပ်တော့ အဲဒါပဲ ခင်ဗျားကော"

…။ "တွေးတော့ တွေးစရာပ… သို့သော် ဒေါက်တာ ဝင်းပေါက်မှာ ဒရဝမ် စောင့်နေတယ်မဟုတ်လား"

…။ "စောင့်နေတယ် ခေါ်မေးမလား"

…။ "ခေါ်စမ်းဗျာ၊ တစ်ဆိတ်…"

ဒရဝမ်ဝင်လာသဖြင့် ဦးအုန်းဖေနှင့် ဦးထွန်းသိန်းတို့က စစ်ဆေးရာ ဒရဝမ် …ချက်တာဂျီထွက်သွားသည်ကိုလည်း မမြင်ကြောင်း၊ ဝင်းတွင်းသို့ဝင်ရန် …အပေါက်မရှိကြောင်း၊ အုတ်ဝင်းထရံကို ကျော်ဖြတ်ဝင်ရန်မှာလည်း ဖန်ကွဲ …စိုက်ထောင်ထားသောကြောင့် ခဲယဉ်းမည်ဖြစ်ကြောင်းနှင့် အစစ်ခံလေ၏။

ထိုခဏ၌ ဆေးရုံသို့ အလောင်းပို့သွားသော အစေခံများသည် မီးအိမ်များ …ပြန်လာကြလေရာ ၎င်းတို့လက်ဝယ်၌ လင်းကင်းဓားကြီးတစ်စင်းနှင့် အထုပ် …ထုပ် ပါလာကြလေ၏။ ဓားမှာ သွေးများစွန်းပေလျက်ရှိရာ ဘနာဂျီသည် …ကိုယူကြည့်ပြီးနောက် ယမန်နေ့က ချက်တာဂျီဝယ်ယူလိုက်သော လင်းကင်း …ပင်ဖြစ်ကြောင်းနှင့် ထွက်ဆိုလေ၏။ ၎င်းနောက် အစေခံများသည် အထုပ်ကို …ပြကြလေရာ ဧည့်သည်အားလုံးတို့မှာ တွန့်ဆုတ်၍သွားကြလေ၏။

အကြောင်းကား အထုပ်ထဲမှ သွေးတစက်စက်ကျစီးလျက်ရှိသော… …ပြတ်တစ်လုံး ထွက်လာသည်ကို တွေ့မြင်ကြရပေသောကြောင့်တည်း။

…။ "ဟိုက်၊ ခင်ဗျားလူ ရူးသွားပြီ။ တွေ့ကရာလူတွေကို … ထင်တယ်၊ မင်းတို့ ဒီခေါင်းပြတ်ကြီးကို ဘယ်က…ခဲ့ကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အစေခံ။ ။"မြစ်ထဲက ဒိုက်ပုံပေါ်မှာ ဒီခေါင်းကြီးတင်နေတာ တံငါသည်တွေ တွေ့
လေတော့ ဒီအိမ်မှာ ရာဇဝတ်ဝန်ကြီး ရှိတယ်ဆိုလို့ လာပြကြတယ်"
ဖေ။ ။"သူတို့ကော"
အစေခံ။ ။"ဝင်းပေါက်မှာ"
ဖေ။ ။"ခေါ်လိုက်စမ်း"

တံငါသည်နှစ်ယောက်လိုက်လာ၍ အစီရင်ခံသည်မှာ ပိုက်တန်းရန်အတွက် တံငါလှေကလေးနှင့် မြစ်ပြင်သို့ထွက်မည်အပြုတွင် ဒိုက်ပုံပေါ်၌ တင်နေသော ဦးခေါင်းပြတ်ကို တွေ့ရှိသဖြင့် ဌာနာသို့ပို့ရန် အလာတွင် ရာဇဝတ်ဝန်ကြီး ဤမှာရှိသည်ဟူ၍ အစေခံများက ခေါ်သောကြောင့် လိုက်လာရခြင်းဖြစ်ကြောင်းနှင့် အစစ်ခံကြလေ၏။

ဦးအုန်းဖေလည်း ၎င်းတို့၏အမည်နေရပ်ကို မေးမြန်းရေးသားလျက်ရှိစဉ် အရေးပိုင်ဦးထွန်းသိန်းက...

သိန်း။ ။"အိုင်ဆေး... သေသေချာချာ ကြည့်ကြစမ်း၊ ဒီဟာဘယ်သူလဲ"
လယ်ဝန်။ ။"ဟုတ်ပါရဲ့ ကျွန်တော်လလည်း တူတယ်လို့ ကြည့်နေတယ်"
ကျောင်းအုပ်။ ။"အစစ်ပါပဲဗျာ၊ သူပါပဲ"
ဖေ။ ။"ဘယ်သူလဲဗျ၊ ဘာနဲ့တူတာလဲ"
သိန်း။ ။"ကြည့်တော့လေခင်ဗျာ"

ဦးအုန်းဖေသည် လှည့်ကြည့်လိုက်ရာတွင် ရေးနေသောကလောင်တံ လွှတ်လိုက်မိ၏။ အကြောင်းမူကား ဦးခေါင်းပြတ်မှာ အခြားမဟုတ်။ ထွက်ပြေးနေသည်ဆိုသော ချက်တာဂျီ၏ ဦးခေါင်းဖြစ်သည်ကို တွေ့ရပေသောကြောင့်တည်း။

သိန်း။ ။"ဒီကနေ့ တစ်နေ့တည်း ဦးခေါင်းပြတ်တဲ့လူ သုံးယောက်ဖြစ်နေတာ ပေါ့"
ဖေ။ ။"ခင်ဗျာ... တစ်ယောက်က ဘယ်သူလဲ"
သိန်း။ ။"နဘားဘူတာရုံမှာ ပေါ်တယ်ကုလား မီးရထားကြိတ်မိလို့ ခေါင်းပြတ်သွားတာ ခင်ဗျားမသိဘူးလား"
ဖေ။ ။"ကျွန်တော် ဒီကနေ့မှ တောကရောက်လာလို့ မကြားမိဘူး အရေးပိုင်မင်း၊ ဘယ်အချိန်ကလဲ"
သိန်း။ ။"မနက်စောစောကပဲ။ အလောင်းကို ဆေးရုံပို့လိုက်တယ်မဟုတ်လား ဒေါက်တာ"
ဂျီ။ ။"ဟုတ်တယ်၊ ရင်ခွဲရုံ တင်ပြီး ဒီကနေ့ပဲ မြေမြှုပ်လိုက်ပြီးပြီ"



ဦးအုန်းဖေမှာ စာရေးလျက်ရှိရာမှ တစ်စုံတစ်ခုကို သတိရသည့်လက္ခဏာနှင့် တွေဝေကာရှိနေပြီးမှ ဆက်လက်၍ရေးမြဲတိုင်းရေးပြီးလျှင် တံငါသည်များအား ထွက်သွားခွင့်ပေးလိုက်ပြီးနောက် အစေခံများအား ဦးခေါင်းကို ဆေးရုံသို့ ပို့စေလေ၏။

ဧည့်သည်များ၏ မော်တော်ကားများ ဆိုက်ရောက်လာကြသဖြင့် ဧည့်သည်များသည် ဒေါက်တာဘနာဂျီအား နှုတ်ဆက်၍ အသီးသီး မိမိတို့၏ ကားနှင့် ပြန်သွားကြလေရာ ဦးအုန်းဖေသည် မိမိ၏ဇနီးကို နေအိမ်၌ချထားခဲ့ပြီးနောက် အရေးပိုင်ဦးထွန်းသိန်း၏နေအိမ်သို့ ညတွင်းချင်း ဆက်လက်သွားရောက်လေ၏။ ဦးထွန်းသိန်းမှာ အိပ်ရာသို့ဝင်တော့မည်ပြုနေရာမှ ဦးအုန်းဖေကို မြင်သည်နှင့် အံ့အားသင့်ကာ အကျိုးအကြောင်းမေးမြန်းရာ ဦးအုန်းဖေက မိမိနှင့်အတူ ခေတ္တလိုက်ခဲ့ရန် ခေါ်ဆိုသဖြင့် အံ့ဩစွာနှင့် ၎င်း၏ ကားပေါ်သို့ တက်လိုက်သွားရလေ၏။

* * *

ဦးအုန်းဖေသည် ဆေးရုံသို့ရှေးဦးစွာ မောင်းနှင်စေ၍ လက်ထောက်ဆရာဝန်ဒေါက်တာသောင်းတင်ကို နှိုးပြီးလျှင် မီးရထားကြိတ်သေဆုံးသော ပေါ်တယ်ကုလားအကြောင်းကို မေးမြန်း၏။ ဒေါက်တာသောင်းတင်က အလောင်းကို ဆရာဝန်ကိုယ်တိုင်ရင်ခွဲ၍ ခေါင်းနှင့်ထည့်ပြီးလျှင် သုသာန်သို့ပို့လိုက်ကြောင်းနှင့် ပြော၏။

၎င်းနောက် ဦးအုန်းဖေသည် သုသာန်သို့မောင်းနှင်စေ၍ သုဘရာဇာနှင့်တွေ့ဆုံပြီးလျှင် ပေါ်တယ်၏အလောင်းကို ကြည့်လိုသောကြောင့် တူးဖော်ပြဖို့အကြောင်းပြောရာတွင် သုဘရာဇာက အမိန့်စာမပါဘဲ မလုပ်ဝံ့ကြောင်း ငြင်းပယ်၏။ ထိုအခါ ဦးအုန်းဖေက အရေးပိုင်မင်းတစ်ယောက်လုံး ပါလာလျက်နှင့် ဘာကြောက်ဖို့ရှိသလဲဟု တိုက်တွန်းခေါ်ငင်မှ သုဘရာဇာနှစ်ယောက်သည် မြေပုံသို့လိုက်လာကြ၏။

မြေပုံသို့ရောက်ကြသောအခါ လူနှစ်ယောက်တို့သည် မြေကြီးများကို တူးဖော်ကြလေရာ ယနေ့ပင် ဖို့ထားသော မြေဖြစ်သောကြောင့် မကြာမီအတွင်း၌ပင် ခေါင်းပေါ်အောင် တူးဖော်နိုင်ကြလေ၏။ နောက်ဆုံး၌ ဦးအုန်းဖေက သုဘရာဇာများအား ခေါင်းကိုဖွင့်ရန် အမိန့်ပေးသည့်အတိုင်း ၎င်းတို့သည် သံချောင်းများကို ကော်လှန်ကြရာ ခေါင်းသည်ပွင့်သွားလေ၏။ ဦးအုန်းဖေသည် ဖုံးထားသော

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကိုလှန်ကြည့်ရာ အလောင်းမှာ ဦးခေါင်းမပါဘဲ ကိုယ်ချည်းသက်သက် ရှိနေသည်ကို တွေ့မြင်ရလေ၏။ အရေးပိုင်သည် ထိုအခြင်းအရာကို အံ့သြဟန် လက္ခဏာရှိသော်လည်း ဦးအုန်းဖေကမူ "ငါထင်သည့်အတိုင်းပဲ" ဟူသော မျက်နှာ မျိုးဖြင့် ရှိနေ၏။ ၎င်းနောက် သုဘရာဇာများသည် အလောင်းကို ပြန်ဖုံးကြလေရာ ဦးအုန်းဖေနှင့် အရေးပိုင်တို့မှာမူ မော်တော်ကားနှင့် ထွက်လာခဲ့ကြလေ၏။

လမ်းခရီး၌ ဦးထွန်းသိန်းသည် ဒရိုင်ဘာကြားမည်စိုးရိမ်သောကြောင့် အမှုအကြောင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ မေးမြန်းခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ စိတ်ကူးရင်း လိုက်ပါလာလေ၏။ ဦးထွန်းသိန်း၏အိမ်ရှေ့သို့ ရောက်သောအခါ ဦးအုန်းဖေသည် ဦးထွန်းသိန်းဆင်းရန်အတွက် ကားသို့ဆိုက်ရပ်ပေးရာ ဦးထွန်း သိန်းက "နေဦးဗျာ ဦးအုန်းဖေ၊ ဒီအကြောင်းကို ကျုပ်မသိရရင် တစ်ညလုံး စဉ်းစား နေတာနဲ့ ကျုပ်အိပ်လို့ပျော်နိုင်မယ် မထင်ဘူး။ တစ်ဆိတ်လောက်ဆင်းပြီး ရှင်း လင်းစမ်းပါဦးဗျာ" ဟု ပြောသောကြောင့် ဦးအုန်းဖေသည် ဒရိုင်ဘာအား စောင့်နေ ရန် မှာထားပြီးနောက် ဦးထွန်းသိန်းနှင့်အတူ အိမ်တွင်းသို့ ဝင်သွားလေ၏။

အိမ်သားများလည်း အိပ်ကုန်ကြပြီဖြစ်ရာ မိတ်ဆွေနှစ်ယောက်တို့သည် တိတ်ဆိတ်စွာရှိနေသော အိမ်ကြီး၏ဧည့်ခန်း၌ ထိုင်ကြပြီးနောက် ဦးအုန်းဖေက စတင်၍—

ဆေး။ "ကိုင်း... အရေးပိုင်မင်း... ညဉ့်လည်းနက်ပြီ။ သိချင်တာလောက်ကိုသာ တိုတိုတုတ်တုတ် မေးပေတော့။ ကျွန်တော် တတ်နိုင်သလောက် ရှင်းလင်း ပြောပြပါ့မယ်"

သိန်း။ "တစ်ခုချင်း မေးမယ်ဗျနော်။ လူသတ်မှုဖြစ်တာ အမှန်ပဲလား"

ဆေး။ "ကျွန်တော့်သဘောကတော့ အမှန်ပဲလို့ ထင်တယ်"

သိန်း။ "ဒီပြင်နည်းနဲ့မသတ်ဘဲ ဦးခေါင်းပြတ်အောင် ခုတ်သတ်တာက၊ ဘယ် အတွက်ကြောင့်လဲဗျာ"

ဆေး။ "ဩော်... ဒီအကြောင်း အရေးပိုင်မင်းမရိပ်မိသေးဘူးလား။ ဒီကိစ္စက ဒီပြင်နည်းနဲ့ သတ်လို့မရဘူးခင်ဗျ။ ဦးခေါင်းကိုတိတိပြတ်အောင် ခုတ် သတ်မှ အလုံးစုံနေရာကျမယ့် ကိစ္စမို့လို့ပ ခင်ဗျာ"

သိန်း။ "ဘာကြောင့်လဲဗျာ"

ဆေး။ "ဒီပြင်မေးခွန်း မေးပါဦး။ ဒီဟာနောက်တော့ ပေါ်လာပါလိမ့်မယ်"

သိန်း။ "ဓားကြီးနဲ့ခုတ်နေရက်နဲ့ အခုတ်ခံရတဲ့လူက ဘာကြောင့်မအော်ဟစ်ရ သလဲဗျာ၊ သူ မအော်လို့သာပ၊ အော်ရင် ကျုပ်တို့ကြားမယ်မဟုတ်ဘူး လား"



ဆေး။ "ဒီမေးခွန်းကိုတော့ ကျွန်တော် ယခုအတွေးနဲ့ပဲ ဖြေရဦးမယ်။ သို့သော် တော်တော်ကြာလို့ မေးကြည့်တော့လည်း ကျွန်တော် တွေးတဲ့အတိုင်းပဲ …တ်နေမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုခင်ဗျ၊ အလောင်းနားမှာ ကုက္ကိုကိုင်း …ဓားနဲ့တိတိခုတ်ဖြတ်ထားတဲ့ အပိုင်းတစ်ပိုင်းမတွေ့ပါလားခင်ဗျာ"

သိန်း။ "ဟုတ်တယ် ခင်ဗျားတောင် ကိုင်ကြည့်သေးတယ်"

ဆေး။ "ကျွန်တော်တောင်မှ ကိုင်ကြည့်တုန်းက မတွေးမိဘူး။ နောက်တော့မှ တွေးမိတယ်။ ဒီလိုခင်ဗျ၊ သတ်မယ့်လူက လင်းကင်းဓားစွမ်းအကြောင်း …ပြောပြလိမ့်မယ်၊ ပြောနေရင်း လက်ထဲကနေ ကုက္ကိုကိုင်းကို မြှောက်ပြပြီးအကျမှာ …နဲ့ခုတ်ပြလိမ့်မယ်။ ခုတ်လိုက်လို့ တိတိပြတ်ကျသွားတော့ သေသွားတဲ့လူက …ကိုင်းပြတ်မပြတ်ကို ငုံ့ကြည့်လိုက်မယ်။ အဲဒီလိုငုံ့ကြည့်နေတုန်းမှာ သတ်တဲ့ …က လည်ပင်းကို ဆတ်ခနဲတစ်ချက်တည်း ခုတ်ပိုင်းလိုက်လိမ့်မယ်"

သိန်း။ "ဟုတ်နိုင်လောက်ပါရဲ့၊ တွေးစရာပါပေပဲ၊ ဒါထက် ဝင်းပေါက်မှာ ဒရဝမ် စောင့်နေလျက် သေသူဟာ ဒရဝမ်မမြင်အောင် ဘယ်နည်းနဲ့ဝင်နိုင်သလဲ ဗျာ"

ဆေး။ "ဘယ်သူဝင်လို့လဲ အရေးပိုင်မင်း"

သိန်း။ "သေတဲ့ကုလားဟာလေ၊ သေတဲ့ကုလားက ကျုပ်တို့လူစုမဟုတ်ဘူးဗျ၊ သူကအပြင်ကဝင်လာတဲ့ သူစိမ်းမဟုတ်လားဗျ"

ဆေး။ "ဘယ်က သူစိမ်းရမှာလဲ အရေးပိုင်မင်း"

သိန်း။ "ခက်တဲ့လူပဲဗျာ၊ သေတဲ့လူက ကျုပ်တို့လူထဲကလို့ ဆိုချင်သလားဗျာ၊ ဒါဖြင့်..."

ဆေး။ "ဒီပြင်မေးခွန်း မေးပါဦး အရေးပိုင်မင်း"

သိန်း။ "ချက်တာကျိုဟာ လူသတ်ပြီး ဒရဝမ်မမြင်အောင် ဘယ်နည်းနဲ့ သူထွက် ပြေးနိုင်သလဲဗျာ"

ဆေး။ "ဘယ်သူထွက်ပြေးလို့လဲ"

သိန်း။ "ခက်ပါပြီ၊ ဒီလူ ဘာဖြစ်နေပါလိမ့်၊ ခင်ဗျားဆရာ ဦးစံရှား ရှင်းပြတဲ့အခါ ကျတော့ ဒီလိုပဲ ဝေ့လည်လည်ပဲလားဗျာ"

ဆေး။ "ကျွန်တော်က သူ့လိုရှင်းအောင်လည်း မပြောတတ်ဘူး။ တစ်ထပ်ပြီး တစ်ထစ် အဆစ်အပိုင်း ကျအောင်လည်း မစဉ်းစားတတ်ဘူး။ …ပေမယ့် ကျွန်တော့်ဟာလည်း နောက်ဆုံးကျတော့ မှန်တာပဲ"

သိန်း။ "ဘာမှန်တာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"သူ့ခေါင်းနဲ့သူ့ကိုယ် အစစ် မဟုတ်ဘူးဆိုတာလေ"

သိန်း။ ။(အံ့သြစွာနှင့်)"ဘယ့်နှယ်ပြောတယ် ဦးအုန်းဖေ"

ဖေ။ ။"ဦးခေါင်းကတခြား၊ ကိုယ်ကတခြားလို့ ကျွန်တော်ပြောတယ်"

သိန်း။ ။"တခြားစီတော့ ဟုတ်တာပေါ့ဗျ၊ ပြတ်နေမှင့် တခြားစီပေါ့ဗျ"

ဖေ။ ။"ကျွန်တော်ပြောလိုတာက ဦးခေါင်းဟာ သူ့ကိုယ်က ဦးခေါင်းမဟုတ်ဘူးလို့ ကျွန်တော်ပြောတယ်"

သိန်း။ ။"ဘယ်က ဦးခေါင်းလဲဗျာ"

ဖေ။ ။"ဦးခေါင်းက မီးရထားကြိတ်ဖြတ်ထားတဲ့ ပေါ်တယ်ကုလားရဲ့ဦးခေါင်း"

သိန်း။ ။"ကိုယ်ကကောဗျာ၊ ဘယ်သူ့ကိုယ်လဲ"

ဖေ။ ။"ကိုယ်က ချက်တာဂျီရဲ့ကိုယ်"

သိန်း။ ။"ဒါဖြင့် ခုတ်သတ်တဲ့လူက ဘယ်သူလဲ"

ဖေ။ ။"ပေါ်တယ်ကုလားရဲ့ခေါင်းထဲက ဦးခေါင်းကိုဘယ်သူ ထုတ်ယူထားနိုင်သလဲ"

သိန်း။ ။"ဒေါက်တာ ဘနာဂျီပဲ ဖြစ်မှာပေါ့"

ဖေ။ ။"ဒါဖြင့် သူပဲရှိမှာပေါ့"

ဦးထွန်းသိန်းသည် အံ့သြလှစွာသော အမှုအရာဖြင့် အတန်ကြာအောင် ဆေးနေပြီးနောက် အချိတ်အဆက်များကို စဉ်းစားမိသည့်လက္ခဏာနှင့် ထိုင်ရာမှ ရုတ်တရက်ထ၍...

သိန်း။ ။"ဟုတ်ပြီဗျို့...ဟုတ်ပြီ၊ ဒီလူက အသုံးအစွဲ ပက်စက်တယ်၊အကြွေးလည်း ထူတယ်၊ သူ့နာမည်နဲ့ချက်တာဂျီက ငွေငါးသောင်းနဲ့ အသက်အပေါင်လည်း ထားတယ်၊ ဟုတ်ပြီဗျို့... သူ့ပဲဖြစ်ရမှာပဲ၊ ဒါထက် ချက်တာဂျီ ဦးခေါင်း ဘယ့်နှယ်ကြောင့် မြစ်ထဲက ဒိုက်ပုံပေါ်ရောက်နေရသလဲဗျ"

ဖေ။ ။"ဘနာဂျီက ချက်တာဂျီကို ဦးခေါင်းခုတ်ဖြတ်သတ်ပြီး ဦးခေါင်းရော ဓားပါ မြစ်ထဲရယ်လို့ ပစ်ချလိုက်တာ၊ သူ့ကံဆိုးချင်တော့ မြစ်ထဲမကျဘဲ ဒိုက်ပုံပေါ်တင်နေတာကိုး အရေးပိုင်မင်းရဲ့"

သိန်း။ ။"ပြီးတော့မှ ဘနာဂျီက ဆေးရုံက သူ ယူလာခဲ့တဲ့ ပေါ်တယ်ကုလား ဦးခေါင်းကို ချက်တာဂျီရဲ့ကိုယ်မှာ တပ်ပေးတာဆိုပါတော့ ဟုတ်စ"

ဖေ။ ။"အစစ်ပဲ"

သိန်း။ ။"တယ်ဉာဏ်သွားတဲ့ ဒေါက်တာပါလားဗျာ၊ ကိုင်း... ဒါဖြင့်လာဗျို့ ညတွင်းချင်း သွားဖမ်းကြမှတော်မယ်"



ဖေ။ ။"ကျွန်တော်လည်း ဒီဟာ စဉ်းစားမိနေတာပဲ။ သူ့ဟာသူ လုံလောက်ပြီ အောက်မေ့လို့ ထွက်မပြေးပေဘူးလားလို့၊ မနက်မှဖမ်းတော့မလို့ ကျွန်တော်စဉ်းစားနေတယ်"

သိန်း။ ။"ဒီလိုလုပ်လို့ ဘယ်ရမလဲဗျာ၊ လာ ချက်ချင်းသွားကြမယ်"

ၚင်းနောက် အရာရှိနှစ်ယောက်တို့သည် ဌာနာသို့သွားရောက်၍ ဌာနာအုပ်နှင့် ပုလိပ်သားတစ်ယောက်အား လက်ထိပ်နှင့်တကွ လိုက်ခဲ့ရန် ခေါ်ငင်ပြီးလျှင် ဒေါက်တာဘနာဂျီ၏နေအိမ်သို့ သွားကြလေ၏။

ဝင်းစောင့်ဒရဝမ်သည် အိပ်ချင်မူးတူးဖြင့် ဝင်းတံခါးကို ဖွင့်ပေး၍ အခြားအစေခံများကို နှိုးပြီးလျှင် ဒေါက်တာအား အလွန်အရေးကြီးသော ကိစ္စနှင့် တွေ့လိုကြောင်း ပြောကြလေ၏။ အစေခံသည် မှန်အိမ်ကိုဆွဲလျက် ဒေါက်တာ၏အိပ်ခန်းကို ခေါက်လေရာ မည်သူမျှမထူးချေ။

လေးငါးကြိမ်ခေါက်သော်လည်း မထူးဘဲရှိလေလျှင် ပုလိပ်သားနှင့် ဌာနာအုပ်တို့သည် ဦးအုန်းဖေ၏အမိန့်အရ အိပ်ခန်းတံခါးကို တွန်းချိုးကြလေ၏။

တံခါးပွင့်သွားသဖြင့် ဦးအုန်းဖေသည် အစေခံ၏လက်မှ မှန်အိမ်ကို ဆွဲယူ၍ အခန်းတွင်းသို့ ဝင်ပြီးလျှင် မီးအိမ်ကို မြှောက်ကာ အိပ်ရာပေါ်သို့အလင်းရောက်သည်နှင့်တစ်ပြိုင်နက် လူးလိမ့်လျက်ရှိသော ဒေါက်တာကိုတွေ့မြင်ကြရလေ၏။

စင်စစ်မှာ ဒေါက်တာဘနာဂျီသည် သူပြုမိသော အမှုအတွက်ကြောင့် စိတ်မလုံဘဲ နားတစွင့်စွင့်ရှိနေရာတွင် ဦးအုန်းဖေနှင့် ဦးထွန်းသိန်းတို့၏ အသံကို ကြားသည်နှင့် အဆင်သင့်ဆောင်ထားသော အဆိပ်ရည်များကို လွန်ခဲ့သော တစ်မိနစ်အတွင်းတွင်မှ သောက်နှင့်ခြင်းဖြစ်လေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# ဘုတ္တိုင်း

ရွှေဘိုတောင်ဘက် မန်ကျည်းတုံရွာမှာ မူးမြောင်းမဖောက်လုပ်မီအခါက ကြီးချည်ငယ်ချည် ဖြစ်ခဲ့ဖူးသော ရွာတစ်ရွာဖြစ်၏။

ထိုစဉ်ကမူ တောင်သူလယ်သမားများသည် မိုးကိုသာအားကိုး၍ လယ်လုပ်ကြရသည်ဖြစ်သောကြောင့် မိုးကောင်းသောနှစ်များတွင် ဖွံ့ဖြိုးစည်ကားသော ရွာကြီးဖြစ်လာ၍ မိုးခေါင်သောနှစ်တွင် ခြောက်ကပ်ငတ်ပြတ်သော ရွာငယ်ကလေးဖြစ်သွားပြန်၏။ နှစ်နှစ် သုံးနှစ်မျှ ဆက်လက်၍ မိုးခေါင်ရာတွင်မူကား ရွာသူရွာသားများသည် ရွာနီးချုပ်စပ်သို့ ခေတ္တသဘောဖြင့် ပြောင်းရွှေ့နေရုံနှင့်မပြီးတော့ဘဲ ရွာကိုစွန့်ပစ်ကာ အောက်ပြည်အောက်ရွာ(ပဲခူး၊ သာယာဝတီစသော နယ်များ)သို့ တစ်ခါတည်းပြောင်းရွှေ့သွားတတ်ကြလေသည်။ ထိုအချိန်ကာလမျိုးတွင် မန်ကျည်းတုံရွာသည် ကျပ်တည်းဆင်းရဲခြင်းကို လိမ်ပိန်၍ခံနိုင်သည့် အိမ်ထောင်အနည်းငယ်ဖြင့် လေး၊ ငါး၊ ဆယ်အိမ်မျှသာ ကျန်ရှိလေတော့သည်။

၁၉၀၇ ခုနှစ်လောက်တွင်က မိုးရေကာတာကြီးပြီး၍ မူးမြောင်းများပေါက်လာသည်တွင် မန်ကျည်းတုံရွာမှာ ကြီးလိုက်ငယ်လိုက် မဟုတ်တော့ဘဲ တစ်သမတ်တည်း ကြီးလာသည့် ရွာတစ်ရွာဖြစ်လာ၏။ ထိုအချိန်မှစ၍ ပေလမ်းမကြီးလည်း ပေါက်လာသည်ဖြစ်ရာ ပေလမ်းတောင်ဘက်၌ မင်းလက်ဝဲသုန္ဒရမွေးဖွားသည့် ရွာဟောင်းတစ်နေရာတွင် တစ်အိမ်မျှပင် မရှိဘဲဖြစ်ခဲ့ရာမှ အိမ်များပေါက်လာ၍ ယခုအခါ၌မူ တောင်ရွာ၊ မြောက်ရွာ၊ တိုက်ကုန်းဟူ၍ သုံးပိုင်းခွဲလျက် မှည့်ခေါ်ထားကြလေသည်။ မင်းလက်ဝဲသုန္ဒရ၏ မွေးဖွားရာဌာနမှာ တောင်ရွာတွင်တည်ရှိသည်။



မူးမြောင်းပေါက်၍ တောင်ရွာတွင် ရှေးဦးစွာရောက်လာသော လေးငါးအိမ်အနက် တောင်ဘက်အစွန်ဆုံးသောအိမ်(အမှန်မှာတဲကလေး)တွင် ကိုညဏ်ကျယ်နှင့် မနန်းပေါတို့ လင်မယားနေထိုင်ကြ၏။

၎င်းတို့လင်မယားမှာ နွားတစ်ရှဉ်းနှင့် လှည်းမှတစ်ပါး ကိုယ်ပိုင်လယ်မြေမရှိသဖြင့် သူတစ်ပါး၏ လယ်မြေတွင် သီးစားလုပ်ကိုင်ကြရ၏။ လုပ်ကိုင်သောလယ်မြေမှာ ဆယ်ဧကခန့်ရှိ၍ ထိုခေတ်က စပါးဈေးမှာ လေးဆယ်ကျပ်၊ ငါးဆယ်ကျပ် ရှိလေသည်။ ၎င်းမှထွက်ရှိသော စပါးကို မြေရှင်နှင့်တစ်ဝက်စီ ခွဲယူရသော်လည်း စားသောက်ကုန်များ ဈေးနှုန်းမကြီးမြင့်လှသေးသောကြောင့် သီးစားလုပ်ကိုင်သော ကိုညဏ်ကျယ်တို့ လင်မယားပင်လျှင် မချောင်ချိဆကာမူ အလျဉ်မိအောင် စားသုံးနိုင်၍ သားကိုအထိုက်အလျောက် ရှင်ပြုနိုင်ကြသေးသည်။

ကိုညဏ်ကျယ်နှင့် မနန်းပေါတို့လင်မယား၌ သားကလေးတစ်ယောက်ရှိ၏။ ကိုညဏ်ကျယ်သည် စာဖတ်တတ်သူဖြစ်၍ အနည်းအကျဉ်း စာတတ်သည်နှင့် ၎င်း၏သားကလေးအမည်ကို (ပါဠိဆန်ဆန်)သိဒ္ဓိဟု မှည့်ခေါ်ထား၏။ တစ်ယောက်တည်းသော သားကလေးဖြစ်သည့်အတိုင်း အလွန်ချစ်ခင်သော မိဘများသည် သိဒ္ဓိအား ကျွဲကျောင်း၊ နွားကျောင်းအလုပ်မျိုး၌ မခိုင်းစေဘဲ ရွာထဲ၌ စားနိုင်သောက်နိုင်သော မြေပိုင်ရှင်များ၏ သားများကဲ့သို့ ဘုန်းကြီးကျောင်းတွင် ကြာရှည်နေထားကာ စာပေသင်ကြားစေ၏။

ကျောင်းမှပြန်လာလျှင် အိမ်မှုကိစ္စများကိုပင်မခိုင်းဘဲ ဖူးဖူးမှုတ်ထားသည်ဆိုရမတတ် ရပြီးသောစာများကိုသာ ရွတ်ဆို၍ပြစေလေသည်။ ရပြီးသောစာများဟူသည်မှာလည်း ကကြီးခခွေးကပင်မတက်ချေ။ သိဒ္ဓိမှာ အတော်ထွားကျိုင်းသော အရပ်အမောင်းရှိလေရာ သူ၏ကိုယ်လုံးနှင့်မလိုက်လျောအောင်ပင် ကြီးမား၍ ဖွက်ကျယ်သောခြေလက်များနှင့် ကုပ်တိုကြမ်းတမ်းသော ခြေချောင်းလက်ချောင်းများရှိ၏။ ၎င်းမျက်နှာမှာလည်း အလျားထက်အနံကောင်းလှသည်ဖြစ်ရာ နှာခေါင်း၊ မျက်စိ၊ နဖူးနှင့် ပါးပြင်တို့မှာလည်း ပြီးဆုံးအောင် မထုရသေးဘဲ လောင်းရုံမျှသာ လောင်းထားသည့် ပန်းပုရုပ်နှင့် တူလှသည်။ သျှောင်ပေစူးကလေးကို ကျစ်လစ်အောင် ထုံးထားသော သိဒ္ဓိသည် အခါခပ်သိမ်းမပီမသ ပြုံးနေတတ်သော မျက်နှာထားရှိသည်ဖြစ်၍ လူတိုင်းက သဘောကောင်းသည်ဟု ယူဆကြ၏။ သဘောကောင်းခြင်းကား ဟုတ်ကောင်းဟုတ်ပေမည်။ သို့ရာတွင် သူ၏ကြည့်ပုံကြည့်နည်းမှာ ထုံထိုင်းသောအမူအရာနှင့်အတူ ကိုယ့်အဖို့တော့ နားလည်တတ်ခြင်းကို ဖော်ပြလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်း၌ရှိစဉ် သိဒ္ဓိမှာ ကကြီးမှ အထိအောင် ရွတ်ဆိုတတ်ရန် ခြောက်လမျှ သင်ရ၏။ ထို့နောက်စာလုံးများကိုမှတ်မိအောင် တစ်နှစ်ခန့်သင်ရ၏။

ဤတွင် ဆရာတော်ကြီးက "နင့်မှာ... နာမည်ဘုန်းကြီးတွေက ဖိစီးနေတယ်။ နင့်အဖေနာမည်ကလည်း ညဏ်ကျယ်တဲ့၊ နင့်နာမည်ကလည်း ပိဋကတ်သုံးပုံထဲက နာမည်ကြီးမျိုးဖြစ်နေတယ်။ ဒီအတိုင်းဆိုရင် နာမည်ပိပြီး နင်ပြားဖို့သာ ရှိတယ်။ ဒါကြောင့် နင်နဲ့ကိုက်အောင် ဘုတ်ထိုင်းလို့ ငါမှည့်မယ်။ သို့သော် နင့်အဖေကျေနပ်အောင် ပါဠိဆန်ဆန်နဲ့ လုံးဆင့်ပြီး ဘုတ္တိုင်းလို့ ရေးကြစို့" ဟု မိန့်တော်မူရာ ထိုနေ့မှစ၍ ကျောင်း၌သာမက ရွာထဲတွင်လည်း သိဒ္ဓိမှသည် ဘုတ္တိုင်းသို့ ကူးပြောင်းသွားလေတော့သည်။

ဘုတ္တိုင်းမှာ ဘုန်းကြီးကျောင်း၌ ငါးနှစ်တင်းတင်းပြည့်ခါမှ သင်ပုန်းကြီးကုန်လေတော့သည်။ ရှင်ပြုခါနီး၌ သကိန်းတောင်းတစ်ပုဒ်ကို တစ်နှစ်လုံးချယူရသည်။ ကိုညဏ်ကျယ်နှင့် မနန်းပေါတို့သည် သားကလေးအား(ရွာသူရွာသားများ၏ အယူဝါဒအတိုင်း) သာသနာ့ဘောင်၌ တည်မြဲလျှင် မိဘများအဖို့ မြတ်သည်ဟု သဘော၍ ရှင်ပြုပြီးသည့်နောက်တွင် လူမထွက်စေဘဲ ဆက်လက်၍နေစေပြီးလျှင် အရွယ်ရောက်သောအခါ၌ ရဟန်းခံရန် စိတ်ကူးကြသေး၏။ သို့ရာတွင် ရွာဘုန်းတော်ကြီးသည် ဤမျှလောက် ညဏ်တိုင်း၍ ထုံဖျင်းသောလူကို ရဟန်းခံပေးခြင်းအားဖြင့် သာသနာတော်အတွက် အကျိုးများမည်မထင်သည်နှင့် တစ်ဝါတွင်းမျှလောက်သာ ကိုရင်အဖြစ်နှင့် နေစေပြီးကာ လူထွက်ဖို့တိုက်တွန်းလိုက်လေသည်။

မိဘများသည် ဘုန်းကြီးကျောင်း၌ ကြာရှည်လေးမြင့် စာသင်စေခြင်းဖြင့် အကျိုးမရှိကြောင်း သိမြင်လာကြ၍ ဆယ့်ငါးနှစ်သားရှိလာပြီဖြစ်သော ဘုတ္တိုင်းအား ကျောင်းမှထွက်၍ တောင်သူနှင့်ဆိုင်ရာ တိုလီမိုလီအလုပ်များ၌ ခိုင်းစေ၏။ ဘုတ္တိုင်းသည် ခိုင်းသောအလုပ်ကိုသာလုပ်၍ ဖွဲနု၊ ဆန်ကွဲစသည်များကို တောင်းယူကာ ဝက်များကိုကျွေး၍ ကျွေးကာ ခိုင်း၍ကောင်းသော သူငယ်ကလေးဟုဆိုကာ တစ်ရွာလုံးက ပိုလျှံသော ဆန်ကွဲ၊ ဖွဲနု၊ ထမင်းရည်နှင့် ထမင်းကျန်များကိုပါ ဘုတ္တိုင်းသို့ ပေးကြ၏။ ဘုတ္တိုင်းသည် မိဘများ၏ အလုပ်ကို ဘာတစ်ခုမျှ မလုပ်သော်လည်း ဝက်စာအတွက်ရဖို့မူကား တစ်ရွာလုံးအတွက် ကျွန်ခံသည်ဟု ဆိုရမတတ် လိုလိုချင်ချင် လုပ်ပေးလေသည်။ မိဘများကမူ တစ်စုံတစ်ရာ ညည်းတွားခြင်းမရှိဘဲ သားကလေးကျေနပ်ခြင်းအတွက်ပင် ဝမ်းထဲက နှစ်သိမ့်လျက် ရှိရှာကြလေသည်။

ဝက်ကလေးခြောက်ကောင် ကြီးလာပြန်သောအခါ ဝက်လက်မှ ဦးလေး၏ အကြံပေးချက်အရ လေးကောင်ကို ငွေငါးဆယ်ကျပ်နှင့် ရောင်းချလိုက်သည်။



မိဘများသည် ဆင်းရဲသူများဖြစ်သော်လည်း အိမ်မှုအိမ်တာအတွက် ဘာမျှအလုပ်မလုပ်သော ဘုတ္တိုင်းထံမှ ငွေတောင်းယူဖို့မကြံဘဲ ၎င်းအကဲကို ကြည့်နေကြရာ ဘုတ္တိုင်းသည် ငွေနှစ်ဆယ့်ငါးကျပ်ဖြင့် ဝက်ခြံတစ်ခုဆောက်၍ ကျန်ရှိသော ငွေနှစ်ဆယ့်ငါးကျပ်ကို မိဘများလက်သို့ ပေးအပ်လိုက်၏။ မိဘနှစ်ပါးတို့သည် ကျပ်တည်းဆင်းရဲသူများဖြစ်သော်လည်း ငွေနှစ်ဆယ့်ငါးကျပ်ကို သုံးစွဲကြဘဲ မုန့်သေတ္တာပုံးတစ်ခုကို ဂဟေဆော်၍ အပေါက်ကလေးတစ်ခု ဖောက်ပြီးလျှင် ထည့်ထားလိုက်၏။

၎င်းငွေမှာ ဘုတ္တိုင်း အိမ်ထောင်ကျသောအချိန်၌ လက်ဖွဲ့ရန်အတွက်ဟု ဘုတ္တိုင်းအား ပြောပြရာ ဘုတ္တိုင်းသည် အလွန်သဘောကျသောအမူအရာနှင့် "ဟဲ ဟဲ ဟဲ" ဟု ရယ်မော၏။ သို့သော် ဘာမျှမပြောချေ။

ထို့နောက် ကျန်ရှိသောဝက်များမှ ပေါက်ဖွားပြန်၍ ခြောက်ကောင်မျှချန်ပြီး ရောင်းချပြန်ရာ ငွေရရှိပြန်၏။ ဤတစ်ကြိမ်တွင်မူ ဝက်စာအတွက် ငွေနှစ်ဆယ့်ငါးကျပ်မှတစ်ပါး ကျန်သောငွေငါးဆယ်ကို မိဘများလက်သို့ မအပ်တော့ဘဲ မုန့်သေတ္တာပုံးထဲသို့ သူ့ဘာသာထည့်လိုက်လေတော့သည်။ သို့ရာတွင် မိဘများအား တစ်စုံတစ်ရာမျှ မပြောရှာကြချေ။ စိတ်ထဲ၌မူ အောင့်သက်သက်ဖြစ်ရှာကြပုံ ရပါသည်။

နွားတိရစ္ဆာန်တစ်ကြိမ်မွေးလျှင် တစ်ကောင်မျှသာ မွေးတတ်ပါလျက် အချို့သောကုလားများသည် ဘာဘူကြီးများဖြစ်လာကြသေးရာ ဝက်တိရစ္ဆာန်များအား တစ်ကြိမ်လျှင် ၁၀ ကောင်အထိ မွေးတတ်သောကြောင့် "ကြွေးတင်လျှင် ဝက်မွေး" ဟူသော မြန်မာစကားပုံပင် ရှိသေးသည်။ ဘုတ္တိုင်းမှာလည်း ဝက်ထီးကြီး တစ်ကောင်မျှနှင့် ဝက်မခြောက်ကောင်မှ ရှစ်ကောင်အထိမျှသာချန်ကာ အရွယ်ရောက်လာသော ဝက်ဟူသမျှ မကြာခဏရောင်းချလေတော့ရာ သုံးလေးနှစ်ခန့်ကြာသောအခါ သူ၏မုန့်သေတ္တာပုံးမှာ ပြည့်လုမတတ်ဖြစ်လာလေတော့သည်။

ဝက်များရောင်းသည့်အခါတိုင်း ဘုတ္တိုင်းသည် မိဘများအား တစ်ပြားတစ်ချပ်မျှမပေးတော့ဘဲ ဝက်စာဖိုးမျှလောက်သာ ချန်ထားပြီး ငွေအားလုံးကို ပုံးထဲသို့ ထည့်လိုက်လေသည်။ တစ်ခါတစ်ရံတွင် မိခင်မနန်းပေါက "ငါ့သားမှာ ငွေတွေ အများကြီးရပြီနော်။ သူဌေးကြီးတစ်ယောက်ဖြစ်နေပြီဟေ့၊ ဟိုဘက်ရွာက မြေပိုင်ရှင်ကြီး ဦးလူတုတ်တောင် ငါ့သားလောက်ငွေဒင်္ဂါးများများ မရှိပါဘူး" ဟု ပြောသောအခါ ဘုတ္တိုင်းက "ဟဲဟဲ...ဟဲ" ဟု ရယ်ရုံမျှတစ်ပါး ဘာမျှပြန်မပြောချေ။

သို့ရာတွင် သူ၏ငွေသေတ္တာကို ယခင်ကထက် နက်လှအောင် တူး၍မြှုပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုတ္တိုင်း၏ဖခင် ကိုညာဏ်ကျယ်မှာ စာကလေးမတောက်တခေါက် သင်ဖူး၍ တရားစကားပြောချင်သူတစ်ယောက်ဖြစ်လေရာ ဒုမင်္ဂလ သုမင်္ဂလကိစ္စများ၌လည်းကောင်း၊ သီတင်းနေ့ဥပုသ်ဇရပ်၌လည်းကောင်း ဝိုင်းဖွဲ့ပြီးစကားပြောရလျှင် အကျေနပ်ကြီးကျေနပ်သူတစ်ယောက် ဖြစ်၏။

လယ်လုပ်ရာ၌ အခြားတောင်သူများကဲ့သို့ နောက်ချေး(မြေဩဇာ)ချခြင်း၊ မြေကြီးကို အထူးညက်အောင် ထွန်ယက်ခြင်း၊ မူးရေကို သူတစ်ပါးနည်းတူ စောင့်ယူခြင်းအစရှိသော လုံ့လဝီရိယမျိုး မရှိသည့်အတွက်ကြောင့် သူ၏လယ်မှာ စပါးထွက်အနည်းဆုံးဖြစ်နေ၏။ သူတစ်ပါးရသလောက် မရသောအခါတွင် "ညာဏ်ကျယ်တို့က ကာမာဝစရ ကုသိုလ်ပေး တယ်ညံ့ပေသကိုး" စသည်ဖြင့် ကံကိုသာ ကွင်တွင်ကြီးချ၍ ပြောတတ်လေသည်။

သို့ဖြစ်၍ ကိုညာဏ်ကျယ်တို့လင်မယားမှာ မကြုံဖူးအောင် မိုးကောင်း၍ တစ်နယ်လုံး စပါးအထွက်ကောင်းသောနှစ်က ဘုတ္တိုင်းအား ရှင်ပြုလိုက်နိုင်ခဲ့ခြင်းမှတစ်ပါး မည်သည့်နှစ်တွင်မျှ ချောင်ချောင်ချိချိ မရှိခဲ့ကြပေ။ သို့ရာတွင် ဘုတ္တိုင်းကမူ တစ်ပြားတစ်ချပ်မှထုတ်၍ မပေး၊ မိဘများကလည်း ဖွင့်ဟ၍မတောင်းခဲ့ကြသေး။

ကိုညာဏ်ကျယ် သီးစားလုပ်သော လယ်မြေပိုင်ရှင် ဦးဖိုးကြွယ်သည် လုံ့လဝီရိယနည်းပါးသော ကိုညာဏ်ကျယ်ကို သဘောမကျသော်လည်း တောရွာထုံးစံမှာ လုပ်နေကျသီးစားတစ်ယောက်ကိုဖြုတ်ပြီး အခြားတစ်ယောက်အား ချထားမှု မရှိသဖြင့် အောင့်အည်း၍ နေခဲ့ရ၏။

ဦးဖိုးကြွယ် မကျေနပ်ခြင်းမှာ သီးစားနှင့်လယ်ရှင်သည် လယ်မှထွက်သော စပါးကို တစ်ဝက်စီခွဲယူကြရသည်ဖြစ်ရာ သီးစားလုပ်သူ၏ ဝီရိယနည်းပါးမှုကြောင့် စပါးထွက်နည်းခဲ့လျှင် မြေပိုင်ရှင်အဖို့လည်း နစ်နာသည်ဟု နားလည်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဦးဖိုးကြွယ်သည် ကိုညာဏ်ကျယ်အား ကြိုးစား၍ အလုပ်လုပ်ဖို့ အကြိမ်ကြိမ်တိုက်တွန်းပါလျက် ထူးခြားမှုမရှိကြောင်း တွေ့ရသည့်အခါ သီးစားလုပ်သူလက်ပြောင်းရလိမ့်မည်ဟု ကိုညာဏ်ကျယ်အား ခြိမ်းခြောက်ဖူး၏။ သို့သော်လည်း ကိုညာဏ်ကျယ်မှာ ထူးခြားခြင်းမရှိဘဲ မြေရှင်၏စကားကြောင့် စိတ်မကောင်းဖြစ်ရခြင်းသာ အဖတ်တင်လျက်ရှိသည်။ တစ်နေ့သ၌ ဘုတ္တိုင်းသည် ငွေသေတ္တာမြှုပ်ထားသောနေရာ တူးဖော်လျက်ရှိရာ မိဘများက ကိစ္စကိုမေးသည်နှင့် လယ်ဝယ်မည်ဖြစ်ကြောင်း ပြော၏။



"ဘယ်က လယ်ကို ဝယ်မှာလဲ သားရယ်"

"ဦးဖိုးကြွယ်ဆီက"

"သူတို့ဆီက ဘယ်လယ်လဲ"

"ခင်ဗျားတို့လုပ်တဲ့ လယ်လေ"

ကိုညာဏ်ကျယ်နှင့် မနန်းပေါတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကြ၏။ ထို့နောက် ကိုညာဏ်ကျယ်က ဆက်လက်၍...

"သူက ရောင်းမှာတဲ့လား"

"ကျုပ် ပြောပြီးပြီ"

"ဘယ်လောက်တဲ့လဲ"

"တစ်ဧက ငါးဆယ်တဲ့"

ဤတွင် မိဘနှစ်ပါးသည် ဘုတ္တိုင်း၏အမြော်အမြင်ရှိခြင်းကို ချီးကျူး၍ အားရ ပြောကြား၍ ကျေနပ်ရင်သပ် ပြုလုပ်ကြရာ ဘုတ္တိုင်းသည် မိဘများ၏ စကားကိုဖယ်လျက်...

"ကျုပ်ဝယ်ပြီးရင် ကျုပ်လယ်ဖြစ်ပြီ၊ လယ်ထောက်ခကို ကျုပ်ပေးရမယ်"

မိဘများသည် ရုတ်တရက် အံ့ဩဝမ်းနည်းခြင်းဖြစ်ကြသော်လည်း သူတစ်ပါးအား ပေးရခြင်းထက် ကိုယ့်သားအားပေးရခြင်းက ကောင်းသေးသည်ဟု အောက်မေ့ကာ "ပေးပါ့မယ် လူကလေးရယ်" ဟု ပြောရှာကြသည်။

ဘုတ္တိုင်းသည် ငွေသေတ္တာထဲမှ ငွေငါးရာကျပ်ကို ဖခင်အား ရေတွက်ခေ၍ (သူကိုယ်တိုင် မရေတတ်)ဖယ်ထားပြီးလျှင် ကျန်သောငွေများကို မြှုပ်ထားလိုက်၏။

စပါးပေါ်ချိန်နီးသောအခါ ဘုတ္တိုင်းသည် ဝင်းခြံထောင့်တစ်နေရာတွင် ကျီတစ်လုံးဆောက်၍ ဖခင်ထံမှရရှိသော လယ်ထောက်ခစပါးကို ကျီထဲသို့ သွင်းလိုက်လေသည်။ ထိုအချိန်အရွယ်သို့တိုင်အောင် ဘုတ္တိုင်းသည် အိမ်သုံးစရိတ်အတွက် တစ်ပြားတစ်ချပ်မျှ မထည့်ဖူးသော်လည်း မိဘများသည် သား၏ အပြုအမူကို ကြင်နာမှုနည်းသည်ဟု သဘောမထားကြဘဲ နားမလည်ရှာသောကြောင့်သာဖြစ်သည်ဟု သည်းခံကြ၏။ သား၏ပစ္စည်းများသည် မိဘများ၏ ပစ္စည်းဖြစ်သည်ဟု မှတ်ထင်ကြလေသလောဟု မပြောတတ်ချေ။ ထိုအချိန်၌မူ ဘုတ္တိုင်းသည် ဝက်မွေးမြူခြင်းအလုပ်ကို အကြီးအကျယ်လုပ်လျက်ရှိလေပြီ။ ၎င်းတို့၏ နေအိမ်မှာ ရွာသချိုင်းနှင့် မလှမ်းမကမ်းတွင် တည်ရှိ၍ သချိုင်းအနီး၌ ဝက်ခြံကြီးတစ်ခုလုပ်ပြီးလျှင် ဝက်ကောင်နှစ်ဆယ်သုံးဆယ်မျှ မွေးမြူလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကာတ[illegible]ခြင်း၊ ဝက်ကျွေးခြင်းအလုပ်များကိုလည်း သူတစ်ယော[illegible] ဘည်း ခနိုင်တော့သည်ဖြစ်၍ ဘုတ်ဆုံအမည်ရှိ မိန်းကလေးတစ်ယောက်ကို [illegible] ရင်းငှားအဖြစ်နှင့် ငှားထား၏။ ဘုတ်ဆုံမှာ အခြားရွာတစ်ရွာမှရောက်လာ[illegible] ကောက်စိုက်ပျိုးနုတ်အလုပ်မျိုးလုပ်ကာ မြေပိုင်ရှင်ဦးဖိုးကြွယ်၏ နေအိမ်၌ ကပ်[illegible] မှီခိုရသော မိန်းကလေးတစ်ယောက်ဖြစ်ရာ ဘုတ္တိုင်းသည် ဘုတ်ဆုံကို အချိန်[illegible] မငှားဘဲ လိုသောအချိန်တွင်မှ ခေါ်ခိုင်းပြီး အထိုက်အလျောက်ပေးကမ်းကာ ဦး[illegible] ကြွယ်၏အိမ်၌ပင် နေမြဲနေစေလေသည်။

ဝက်ခြံကြီး လုပ်ပြီးသည့်နောက် နှစ်နှစ်ခန့်အကြာတွင် ဘုတ္တိုင်းသ[illegible] မိမိတို့နေခဲ့သော တဲကိုဖျက်၍ သပ်သပ်ရပ်ရပ်ရှိသော အိမ်တစ်လုံးဆောက်လုပ်[illegible] ကိုညက်ကျယ်နှင့် မနန်းပေါ်တို့လည်း တပြုံးပြုံးရှိနေကြ၏။ သို့ရာတွင် အိမ်[illegible] စရိတ်အတွက်မှ (တစ်ခါတစ်ရံ ကြက်တစ်ကောင်တလေ ဝယ်ချက်ခြင်းမှတစ်[illegible] တင်ပြားတစ်ချပ်မျှ မပေးဘဲ ယခင်အတိုင်းပင် နေခဲ့ကြ၏။ ကြက်သားဟင်းချ[illegible] သော အချိန်၌လည်း ရင်အုပ်နှင့်ပေါင်သားကို ဘုတ္တိုင်းကိုယ်တိုင် ကြော်စား[illegible] မိဘများမှာ အရိုးဟင်းကိုသာ ကိုက်ကြရသည်။ ထိုအခါမျိုးတွင် ကိုညက်ကျ[illegible] က "ကြက်ဆိုတာ အရိုးမှချိုတာပါ ရှင်မရယ်" ဟု ပြောရာ မနန်းပေါ်က "ကျုပ်[illegible] အသားမကြိုက်တတ်ပါဘူး၊ တော်ကျေနပ်ရင် ပြီးတာပါပဲ" ဟု ပြန်ပြောလေသည်။

အိမ်သစ်ဆောက်လုပ်ပြီးသောအခါ ကိုညက်ကျယ်နှင့် မနန်းပေါ်တို့အား အကောင်းဆုံးအခန်းပေး၍ ဘုတ္တိုင်းမှုကား အိမ်ရှေ့ကြမ်းပြင်၌သာ အိပ်လေ[illegible] သည်။

* * *

တစ်နေ့သော ညနေမိုးချုပ်နီးပါးအချိန်တွင် ဘုတ္တိုင်းနှင့် ဘုတ်ဆုံတို့သည် သချိုင်းကုန်းအနီး၌ ဝက်စာကျွေးလျက်ရှိကြရာ ဘုတ္တိုင်းသည် ဝက်စာကျင်း၌[illegible] ကာ ဝက်စာများကိုနယ်လျက်ရှိရာမှ ခါးဆန့်လိုက်သည်တွင် သူ၏ဦးခေါင်းသည် ဘုတ်ဆုံ၏ ကြီးမားမောက်ဖြိုးသော ရင်အုံသားနှင့် တိုက်မိ၏။ ဘုတ်ဆုံ၏ မျက်နှာကို မော့ကြည့်လိုက်သောအခါ ပြုံးဖြဲဖြဲကြီး လုပ်နေသည်ကို မြင်ရသည်နှ[illegible] ဘုတ္တိုင်းက "ဟဲဟဲ…ဟဲ" ဟု ရယ်လိုက်၏။ ထို့နောက် ဆက်လက်၍ ဝက်စာကျွေး ကြပြန်ရာတွင်လည်း ဘုတ်ဆုံ၏ရင်အုံသည် ဘုတ္တိုင်း၏ ကျောနှင့်သော်လည်း ကောင်း၊ ပခုံးနှင့်သော်လည်း၊ တံတောင်နှင့် သော်လည်းကောင်း ခဏခဏ တိုက်မိ သည်ချည်းဖြစ်နေရာ ဘုတ်ဆုံက ဘုတ္တိုင်း၏ ကျောကို ပြုံးဖြီးဖြီးကြီးလုပ်ကာ အသာအယာထုလိုက်တိုင်း ဘုတ္တိုင်းလည်း ဟဲဟဲ…ဟဲ ဖြစ်နေလေတော့သည်။



ထိုနေ့တွင် အတော်မိုးချုပ်မှ ဝက်ခြံမှပြန်လာကြရာ သူတို့နှစ်ယောက်၏ [illegible]ကို မလစ်တမ်းစောင့်ကြည့်လာခဲ့သော မနန်းပေါ်၏မျက်စိ၌ ဘုတ္တိုင်းရော ဘုတ်ဆုံပါ မျက်နှာပျက်လာသည်ဟု ထင်မိ၏။

ထိုအခါ၌ ဘုတ္တိုင်းမှာ အသက်နှစ်ဆယ့်ငါးနှစ်မျှရှိ၍ ဘုတ်ဆုံမှာ အသက် [illegible]ဆယ်ခန့်ရှိလေပြီ။ ဘုတ်ဆုံမှာ ပုပုကွကွ၊ နဖူးမောက်မောက်၊ နှာရောင်ကောက် [illegible]ကက်၊ အသားမည်းမည်း၊ နှုတ်ခမ်းတွဲတွဲရှိလေရာ ကျယ်ပြန့်ဖုထစ်သော တင်ပါး [illegible]ကြီးနှင့် တစ်လုံးတည်းသော အုန်းသီးကို တင်ထားသည့်နှယ် ရှေ့သို့ငေါ်ထွက် [illegible] မောက်ဖြိုးတင်းမာသော ရင်အုံကြီးမှတစ်ပါး (ထိုအခြင်းအရာမျိုးကို ကြိုက် [illegible]တတ်သူများအတွက်ဆိုလိုသည်)မက်မောလောက်စရာ တစ်ကွက်မျှမရှိသူတစ် [illegible]ယောက် ဖြစ်၏။ သို့သော် ဘုတ်ဆုံအတွက် ပြောရန်တစ်ကွက်ရှိပေသည်မှာ [illegible]ရွာမှ ကာလသားလူလည်များသည် ဘုတ်ဆုံ၌ မက်မောစရာ မျက်နှာမျိုးမရှိ [illegible]သော်လည်း သူ၏တင်ပါးနှင့် ရင်သားတို့ကို မျက်စိကျသည့်အတွက်ကြောင့် [illegible]မျှော်သဘောနှင့် လှည့်စားဖြားယောင်းကြဖူးသည်များကို ပြင်းပြင်းထန်ထန် [illegible]နှင်းကန်ဖယ်ရှန်းခဲ့သည်ချည်း ဖြစ်ပေသည်။

ဘုတ်ဆုံပြန်သွားသည့်နောက် ဘုတ္တိုင်းသည် ကိုညက်ကျယ်နှင့် မနန်းပေါ်တို့အား စကားပြောစရာရှိသည်ဆိုကာ အိမ်ထဲသို့ခေါ်လေရာ မိဘများလည်း [illegible]တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ကွပ်ပျစ်ကလေးပေါ်၌ ထိုင်ကြ၏။

[illegible]ိုင်း။ ။"ကိုင်း… အဖေတို့ အမေတို့ ကျုပ် မိန်းမယူတော့မယ်"

[illegible]ေါ်။ ။"ဘယ်သူနဲ့လဲ သားရယ်၊ ဘုတ်ဆုံလား"

[illegible]ိုင်း။ ။"ဟဲ…ဟဲ…ဟဲ… ဟုတ်တယ်"

[illegible]ေါ်။ ။"တစ်ရွာသူကို မယူချင်ပါနဲ့ လူကလေးရယ်၊ ဟိုဘက်အိမ်က တင်ဦးနဲ့ တော်ပါတယ်ကွယ်၊ မိန်းကလေးက ဆင်းရဲပေမယ့် လိမ္မာပါဘိသနဲ့"

[illegible]ိုင်း။ ။"လိမ္မာတာ ကျုပ်က မကြိုက်ဘူး၊ ကျုပ် လုပ်တဲ့အလုပ်ကို ကူလုပ်တဲ့ဟာမျိုးမှ ကြိုက်တယ်။ တင်ဦးက ဟန်ကြီးပန်ကြီးနဲ့ လှလှပပဝတ်ချင်တယ်။ ဝက်ဆိုရင် သူက ရွံတတ်တယ် မဖြစ်ဘူး"

[illegible]ယ်။ ။"မယားယူပြီးရင် မင်းတို့ ဘယ်မှာနေမလဲ"

[illegible]ိုင်း။ ။"ဒီမှာနေမှာပေါ့ဗျ။ ကျုပ်ဆောက်ထားတဲ့အိမ်ပဲ"

[illegible]ေါ်။ ။"အခန်းက တစ်ခန်းတည်းသားရယ်" —

[illegible]ိုင်း။ ။"အခန်းထဲမှာ ကျုပ်တို့နေမယ်။ ခင်ဗျားတို့ အပြင်ထွက်အိပ်ကြပေါ့"

မကြာမီ ဘုတ္တိုင်းနှင့် ဘုတ်ဆုံတို့ မင်္ဂလာဆောင်ကြရာ [illegible] [illegible]ထင်မယားက အထိုက်အလျောက် အကျွေးအမွေးကလေးနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘုတ္တိုင်းက "ဘာလုပ်ဖို့ ပိုက်ဆံကုန်ခံရမှာလဲဗျ" ဟု ဆိုကာ သကြားခွေနှင့် လက်ဖက်ရည်ကြမ်းမျှလောက်ကို ရွာလူကြီးလေးငါးယောက်လောက်အား ဖိတ်ကြားကျွေးမွေးခြင်းဖြင့် ကိစ္စပြီးစေလေ၏။ မင်္ဂလာမဆောင်မီ မီးဖိုတဲကလေးနှင့် ကပ်လျက် အဖီကလေးချပေးပြီး မိဘများအား ပြောင်းရွှေ့စေရာ မိဘများမှာ ရင်ထဲက နာရှာကြသော်လည်း ထုံထိုင်းသောသားကလေးဖြစ်၍ မသိတတ်ရှာဟု ဆိုကာ ပြောင်းရွှေ့ရှာကြလေသည်။

ချွေးမဘုတ်ဆုံရောက်လာသည့်နောက် ဘုတ္တိုင်းသည် အိုးခွဲ၍စားကြလျှင် အကုန်အကျများလိမ့်မည်ဟုဆိုကာ မိမိတို့လင်မယားနှစ်ယောက်အတွက် တစ်လလျှင် ငွေနှစ်ဆယ်ကျပ်ထည့်၍ အတူတကွပင် စားသောက်ကြ၏။ မီးဖိုချောင်ကိစ္စမှာ မနန်းပေါ၏တာဝန်ဖြစ်၍ ဘုတ်ဆုံက ပန်းကန်ခွက်ယောက်ဆေးကြောခြင်း၊ မောင်းထောင်းခြင်း၊ ဆန်ဖွပ်ခြင်းစသော အလုပ်မျှလောက်သာ ကူညီကာ ဝတ်ကိစ္စကို လင်မယားနှစ်ယောက်လုံး လုပ်ကိုင်ကြလေသည်။ အားလပ်သောအချိန်များတွင် ဘုတ်ဆုံသည် တံမြက်လှည်းခြင်းစသော အလုပ်လောက်ကိုပင် မလုပ်ချင်တော့ဘဲ လင်မယားနှစ်ယောက် အခန်းထဲသို့ဝင်၍ အိပ်ကြလေသည်။

မနန်းပေါသည် ချွေးမဘုတ်ဆုံအပေါ်၌ မကျေနပ်နိုင်သည်ဖြစ်၍ အိမ်သူအိမ်သားများမှာ တစ်နေ့တခြား စိတ်ဝမ်းကွဲပြားလာကာ တကျက်ကျက်ဖြစ်လာကြလေ၏။ မနန်းပေါက တံမြက်စည်းကလေးမှ မလှဲချင်ကောင်းလေဟု ဘုတ်ဆုံအား ဆူပူသည့်အခါ ဘုတ္တိုင်းသည် ဘာမျှမပြောဘဲ တံမြက်စည်းကို သူကိုယ်တိုင်ကိုင်၍ လှဲလေတော့သည်။ လယ်ထွန်၍ ပြန်လာသော ကိုညဏ်ကျယ်က နွားများကို ထွန်မှဖြုတ်ရန် ဘုတ်ဆုံကိုခေါ်သောအခါ ဘုတ္တိုင်းက ထ၍ဖြုတ်ပေးလိုက်လေသည်။

တစ်နေ့သ၌ လေးယောက်သား ထမင်းထိုင်၍ စားကြစဉ် ဘုတ်ဆုံက ပါးစပ်တပျတ်ပျတ် မြည်သည်နှင့် မနန်းပေါက "လင်နေသားမွေး အရွယ်ကြီးရောက်လို့တောင် စားတာသောက်တာ ကလေးလို တပျတ်ပျတ်နဲ့ မရှက်ဘူးလား" ဟု ပြောလိုက်မိရာ...

ထိုင်း။ ။"ဘာဗျ၊ အမေက ဘုတ်ဆုံကို ရှုံ့လို့လား"

ပေါ။ ။"ရှုံ့လို့တော့ ဟုတ်ပေါင်ကွယ်၊ လူမြင်မကောင်းလို့ ပြောတာပါ"

ထိုင်း။ ။"သူစားတတ်သလို စားမှာပဲဗျ၊ ခင်ဗျားတို့က အတူတူမစားနိုင်ရင် တခြားစီ စားကြရုံ ရှိတာပဲ၊ ခင်ဗျားတို့လင်မယား မီးဖိုထဲမှာ စားကြဖို့ ဒါပဲ ရှိတာပဲ"



ထိုနေ့မှစ၍ ဘုတ္တိုင်းတို့လင်မယားက အိမ်ရှေ့မှာစားကြ၍ မနန်းပေါတို့လင်မယားမှာ မီးဖိုချောင်တွင် စားကြရလေသည်။ ဘုတ္တိုင်း၏ ဝါသနာတစ်ခုမှာ တစ်ခွန်းပြောပြီးလျှင် မည်သူတောင်းပန်၍မျှ ပြင်တော့သည်မဟုတ်ချေ။ နှစ်ကွဲစားရလျှင် အကုန်အကျများသည်ဟု မနန်းပေါက ကန့်ကွက်သော်လည်း "ဒါဖြင့် တစ်လ နှစ်ဆယ့်ငါးကျပ်ထည့်မယ်ဗျာ" ဟု ဘုတ္တိုင်းက ဆုံးဖြတ်ချက်ချလိုက်လေ၏။

မသင့်မြတ်မှုသည် တစ်နေ့တခြား ကြီးထွားလာလေရာ နောက်ပိုင်း၌မူ မနန်းပေါနှင့် ဘုတ်ဆုံတို့မှာ မခေါ်နိုင်မပြောနိုင်သော အဖြစ်သို့ရောက်လာလေ၏။ အားလပ်သောအချိန်များ၌ မနန်းပေါလင်မယားက အိမ်နောက်ဖေး၌ထိုင်ကြ၍ ဘုတ္တိုင်းလင်မယားက အိမ်ခန်းထဲသို့ ဝင်အိပ်သည်ဖြစ်စေ၊ အိမ်ရှေ့၌ထိုင်၍ တစ်ယောက်နှင့်တစ်ယောက် သန်းရှာပေးခြင်း၊ ပွတ်သီးပွတ်သပ်လုပ်ခြင်း စသည်ဖြင့်ဖြစ်စေ နေကြလေသည်။

ဘုတ်ဆုံက "ကိုဘုတ္တိုင်း ကျုပ်ကျောကို ဖျောက်ပေးစမ်းတော်၊ ယားလွန်းလို့" ဟု ပြောသည်နှင့် ဘုတ္တိုင်းက "ဟဲ...ဟဲ...ဟဲ" ရယ်ကာ ဘုတ်ဆုံ၏ကျောကို အယားပြေအောင် ဖျောက်ပေးခိုက်တွင် မနန်းပေါဝင်လာ၍ မြင်သည်နှင့် "ထွီ‌ခနဲ" တံတွေးထွေးကာ လှည့်ထွက်သွားလေရာ ဘုတ္တိုင်းက "ဟဲ...ဟဲ...ဟဲ" ဟု ကျယ်လောင်စွာ ရယ်လိုက်လေသည်။ အခြားတစ်ချိန်၌လည်း ဘုတ္တိုင်းတို့ လင်မယား အိမ်ခန်းထဲ၌ရှိစဉ် ကိုညဏ်ကျယ်သည် ဖွင့်ထားသော တံခါးအနီးမှ လျှောက်သွား၍ ပက်လက်လှန်နေသော ဘုတ်ဆုံ၏ ပေါင်နှစ်ဖက်ကို ဘုတ္တိုင်းက နင်းပေးသည်ကို မြင်ခဲ့ရသည်နှင့် မနန်းပေါအား "မင့်သားကို သွားကြည့်စမ်းပါဦး" ဟု ပြော၍လွှတ်လိုက်၏။

မနန်းပေါလည်း အခန်းပေါက်မှသွားကြည့်ပြီးနောက် ရင်ဘတ်ကိုစုံထုကာ ငိုပြန်လာလေသည်။ ဤတွင် အခန်းထဲမှ "ဟဲ...ဟဲ...ဟဲ" ဟူသော ဘုတ္တိုင်း၏ ရယ်သံကို ကြားလိုက်ရသည်။

* * *

တစ်နှစ်ခန့်ကြာသောအခါ ဘုတ်ဆုံ၌ သမီးကလေးတစ်ယောက် မွေးဖွားလေသည်။

ဤအချိန်မှစ၍ ဘုတ်ဆုံသည် အိမ်မှုအိမ်တာကိုလည်းကောင်း၊ ဝတ်ကိစ္စကိုလည်းကောင်း ဘာမျှမလုပ်တော့ဘဲ ကလေးကိစ္စနှင့်ပင် အချိန်ကုန်လေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ မနန်းပေါမှာ မောင်းထောင်းခြင်း၊ ရေခပ်ခြင်းစသော အလုပ်များကိုတ
တစ်ယောက်တည်းလုပ်ရတော့သည်။ ဤအခြင်းအရာတို့ကို ကိုညာဏ်ကျယ်
လည်းသိ၍ မကျေမချမ်းရှိနေရာ ဘုတ္တိုင်းသည် မိဘများ၏မကျေနပ်ခြင်းကို သိ
သော်လည်း ဂရုစိုက်သည့်လက္ခဏာ မရှိချေ။

သို့နှင့်ပင် ကိုညာဏ်ကျယ်နှင့် မနန်းပေါတို့သည် "သားရှုးသားမိုက်
ကလေး"သာဖြစ်၍ အောင့်အည်းသည်းခံကာ နေကြရသည်။ သမီးကလေး လေး
ဖက်သွားသောအရွယ်တွင် ဘုတ္တိုင်းတို့လင်မယား အိပ်နေခိုက် မနန်းပေါက ပြောင်း
ပွးဆေးလိပ် လိပ်ရင်းမြေးကလေးကို ထိန်းကျောင်းနေလေရာ မြေးကလေးသည်
တစ်တောင်သာသာမြင့်သော ခုတင်ပေါ်မှ အောက်သို့ထိုးကျသွားသည်နှင့် ကွီးနေ
အော်ငိုလိုက်၏။ မနန်းပေါလည်း မြေးကိုကောက်ယူချော့မော့မည်ပြုဆဲတွင်
ဘုတ္တိုင်းလင်မယား ပြေးထွက်လာကြ၍ "ဘာဖြစ်တာလဲ" ဟု မေးကြရာ မနန်းပေါ
က ဖြစ်ပုံကိုပြောပြ၏။ ထိုအခါ ဘုတ္တိုင်းသည် မိခင်ကို မျက်စောင်းထိုးကြည့်ပြီး
ကလေးကို မိခင်၏လက်ထဲမှ လုယူသွားလေသည်။

နောက်တစ်နေ့၌ ကိုညာဏ်ကျယ်သည် လယ်တောမှ ပြန်လာသောအခါ
ဘုတ္တိုင်းသည် မိခင်ရောဖခင်ပါ စကားပြောစရာရှိသည်ဟု ခေါ်သဖြင့် နှစ်ယောက်
လုံးဆင်းလာကြ၍ ကွပ်ပျစ်ပေါ်၌ ထိုင်ကြ၏။ ဘုတ်ဆုံမူကား အိမ်နောက်ဖေးတွင်
ကလေးနှင့်အတူ ထွက်နေလေသည်။

ထိုင်း။ "အမေတို့ အဖေတို့"

ပေါ။ "သားရေ"

ကျယ်။ "လူကလေးရေ"

ထိုင်း။ "ခင်ဗျားတို့နဲ့ ကျုပ်တို့နဲ့ အတူနေလို့တော့ မဖြစ်ဘူးဗျို့"

ပေါ။ "ဘယ့်နှယ်လုပ်မလဲ သားရယ်"

ထိုင်း။ "ဘယ့်နှယ်မှမလုပ်ဘူး၊ ခင်ဗျားတို့ ထွက်ကြပေတော့"

ပေါ။ "အလိုလေးတော်"

ထိုင်း။ "မလိုလေးနဲ့တော့၊ ကျုပ်ဆုံးဖြတ်ပြီးပြီ"

ပေါ။ "အမေတို့ ဘယ်မှာနေရမလဲကွယ်"

ထိုင်း။ "မဆိုနိုင်ဘူးလေ၊ ဒီအိမ်ကတော့ ကျုပ်ဆောက်တဲ့အိမ်ပဲ၊ ကျုပ်တို့ နေမှာ ပေါ့"

ပေါ။ "အမေတို့မှာ နေစရာအိမ် မရှိဘဲနဲ့ ထွက်သွားလို့ ဖြစ်ပါ့မလား ငါ့သား ရယ်"



။ "ဒီလိုလုပ်ကြစို့၊ ဟိုဘက်ရွာက ကိုထွန်းရှင်တို့လင်မယားက သူတို့တဲ
ကလေးရောင်းပြီး အောက်ပြည်အောက်ရွာ ပြောင်းမလို့တဲ့။ နှစ်ဆယ့်ငါး
သုံးဆယ်လောက်နဲ့ ဝယ်ရရင် ကျုပ်ဝယ်ပေးမယ်၊ ခင်ဗျားတို့ ပြောင်းနေကြ
တော့၊ ကိုင်း... ဒါပဲ"

နောက်ဆုံး၌ ဘုတ္တိုင်းသည် တဲအိမ်ကလေးကို သုံးဆယ့်ငါးကျပ်နှင့်ဝယ်၍
များအား ပြောင်းရွှေ့နေထိုင်စေလေ၏။ ဘုတ္တိုင်းမှာ ဝက်များတင်ရန်အတွက်
နှင့်နွားနှင့်ဖြစ်နေလေရာ မိဘများ၏ တိုလီမိုလီပစ္စည်းကလေးများကို မိမိ
ဖြင့်တင်၍ ကိုညာဏ်ကျယ်လင်မယားကလည်း ပစ္စည်းအချို့ကို မိမိတို့လှည်း
တင်လျက် မောင်းထွက်လာကြ၏။ ထွက်ခါနီး၌ မနန်းပေါသည် မြေးကလေး
နမ်းရှုပ်သော်လည်း ဘုတ်ဆုံကိုကား နှုတ်မဆက်ချေ။

တဲအိုကလေးသို့ရောက်သောအခါ ဘုတ္တိုင်းသည် မိမိ၏လှည်းပေါ်မှ
များကို ချရုံသာချပေး၍ နေရာချထားရာ၌ မကူညီဘဲ "ကိုင်း ကျုပ်ပြန်တော့
လိုတာရှိ ပြောကြပေါ့ဗျာ...ဟဲဟဲ" ဟုဆိုကာ ပြန်လာခဲ့လေ၏။ မနန်းပေါတို့
မယားသည် မျက်ရည်ဝိုင်းလျက် ဘာမျှမပြောနိုင်ကြဘဲ "ဩော်...လူကလေး၊
လေး" ဟု တတွတ်တွတ် ရေရွတ်ကာ ကျန်နေရစ်ကြရှာလေသည်။

ဘုတ္တိုင်းသည် ဘုတ်ဆုံအပေါ်၌ ကြင်နာစိတ်ရှိလှသည် မဟုတ်ဘဲ
ရောရှိသောအလုပ်ကို မညှာမတာ ခိုင်းတတ်သော်လည်း သမီးကလေးကိုမူ
တော်ချစ်ခင်ကြင်နာပုံရသည်။ မနန်းပေါတို့ရှိစဉ်က အမေကြီးလုပ်လိမ့်မည်ဆို၍
ကို တပင်တပန်းမခိုင်းသော်လည်း မိဘများပြောင်းရွှေ့သွားပြီးနောက်၌
ဆုံမှာ ချက်ရပြုတ်ရ၊ မောင်းထောင်းရ၊ ရေခပ်ရ၊ နူးခပ်ကျွေးရ၊ ဆေးရကြောရ
အလုပ်များကို ကလေးတစ်ဖက်နှင့် လုပ်ရတော့သည်။ ဤအထဲတွင် ဝက်
လည်း ကူညီရသေး၏။

တစ်ခါတစ်ရံ ဘုတ်ဆုံက သူရင်းငှားတစ်ယောက်လောက် ထားရန်ပြော
အခါ ဘုတ္တိုင်းက "ဘာလဲ... နင်က မြေပိုင်ရှင်သူဌေးကြီးများမှတ်နေသလား"
ဆောက်ငန်းလေ့ရှိ၏။

ပြောမည့်သာပြောသည်။ မြေပိုင်ရှင်ဆိုသူများ၌ ဘုတ္တိုင်းကဲ့သို့ ငွေသား
ငါးထောင်ကို မြှုပ်နှံထားနိုင်ကြသည် မဟုတ်ချေ။ ဘုတ္တိုင်းသည် စိတ်ကြည်
သောအခါများတွင် သမီးကလေးကို ထိန်းခြင်းအားဖြင့် ဘုတ်ဆုံ၏ အလုပ်
ကူညီတတ်၏။

မိမိလက်တွင် ငွေ့ချိထားသော အခါများ၌ကား ဘုတ္တိုင်းသည် သမီး
ကလေးကို တစိမ့်စိမ့်ကြည့်ကာ နမ်းရှုပ်တတ်ပေရာ မြင်ရသူများက "သူ့မွေးတာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော့ သူချစ်တတ်လိုက်တာ၊ အဖေအမေကိုတော့ စိမ်းစိမ်းကားကား" ဟု ရွံ့မဲ့ကာ ကဲ့ရဲ့တတ်ကြလေသည်။ အချို့ကလည်း "ဟဲ့...ဘုတ္တိုင်း နင့်သမီးကလေးက ချစ်လိုက်တာလား" ဟု မေးရာ၊ ဘုတ္တိုင်းက "ချစ်တာပေါ့ဗျ...ဟဲဟဲ" ဟု ပြန်ပြော၏။

"နင့်အဖေနဲ့ အမေကောဟဲ့"

"ဘာဆိုင်လဲဗျ၊ အဖေအမေက အဖေအမေ၊ သမီးက သမီးပဲ၊ ဟဲ...ဟဲ"

"တော်စမ်းပါဟယ်၊ နင့်တော့... နို့... နင့်မယားကော"

"သမီးလောက်တောင် ချစ်ပေါင်"

* * *

တစ်နေ့သ၌ ဘုတ္တိုင်းသည် ဝက်ခြံသို့သွား၍ ရောင်းဖို့သင့်တော်သော ဝက်များကို ရွေးချယ်လျက်ရှိစဉ် ဘုတ်ဆုံသည် မီးဖိုထဲ၌ ကလေးတစ်ဖက်နှင့် ချက်ပြုတ်လျက်ရှိ၏။ ထိုအခိုက်တွင် နွားလွတ်တစ်ကောင်သည် ခြံထဲသို့ဝင်လာ၍ တင်းကုပ်၌ချည်ထားသော နွားတစ်ကောင်ကို ဝှေ့သည်နှင့် ရန်းရင်းဆန်ခတ် ဆူညံလျက်ရှိရာ ဘုတ်ဆုံသည် သမီးကလေးကို မီးဖိုအနီး၌ ချထားခဲ့၍ နွားလွတ်ကို ခြောက်ထုတ်ရန် ပြေးထွက်လာခဲ့၏။ ချည်ထားသော မိမိတို့၏နွားမှာလည်း ကြိုးပြတ်၍ နွားနှစ်ကောင်သည် အကြိတ်အနယ် ဝှေ့နေသောကြောင့် ဘုတ်ဆုံမှာ ဖျန်ဖြေရန် မလွယ်ကူဘဲ ဖြစ်နေ၏။

ထိုအခိုက်၌ သမီးကလေး အော်ငိုသံကြားရလေရာ ဘုတ်ဆုံသည် နွားများကို ပစ်ထား၍ မီးဖိုသို့ပြန်ပြေးလာ၏။ အနီးသို့ရောက်သောအခါ ဘုတ်ဆုံသည် "အမယ်လေး လုပ်ကြပါဦးတော့ သေပါပြီတော့" ဟု ကုန်း၍အော်လေ၏။ အကြောင်းမူကား လေးဖက်သွားတတ်သော သမီးကလေးသည် ဖိုခနောက်ပေါ်၌ တည်ထားသော ငါးကြော်ဒယ်အိုးကို လက်နှင့်နှိုက်သဖြင့် လက်ရောမျက်နှာပါ ဆီပူတွေလောင်ကုန်သည်ကို တွေ့ရသောကြောင့်ပေတည်း။

ဘုတ်ဆုံဟစ်အော်သောအသံကို ဝက်ခြံမှ ဘုတ္တိုင်းကြား၍ အပြေးအလွှား ပြန်ရောက်လာခဲ့သည်။ ဘုတ္တိုင်းသည် အဖြစ်အပျက်အလုံးစုံကို သိရှိရသောအခါ ဘုတ်ဆုံကို သတ်ပစ်မည်ဆိုကာ ပြောင်းရိုးစင်းသော ဓားမကြီးကို ပြေးဆွဲသည်နှင့် ရွာသားများက အတင်းဆွဲယူ ဖျန်ဖြေလိုက်ကြ၏။

ထို့နောက် ဖျပ်ဖျပ်လူးနေသော ကလေးနှင့် ဘုတ္တိုင်းတို့အား ကရုဏာသက်သော ရွာသားများက ဆေးမြီးတိုပေးလိုပေး၊ မနန်းပေါတို့လင်မယားကို



ပြေးခေါ်သူကခေါ်နှင့် ပျာပျာသလဲ ကူညီကြပါပေသည်။ အချို့ကလည်း ရွှေဘိုမှ ဆရာဝန်ခေါ်ပြီးကုမှ တော်ပေမည်ဟု အကြံပေးကြ၏။ မနန်းပေါတို့လင်မယားကို ပြေးခေါ်သောလူငယ်တစ်ယောက် ပြန်ရောက်လာ၍ မနန်းပေါတို့လင်မယားမှာ ဆီဆာစောကပင် တောင်ရိုးသို့ လှည်းနှင့်ထင်းခွေရန် ထွက်သွားကြောင်း ပြောပြလေ၏။

ကျေးရွာသားတို့၏ ထုံးစံအတိုင်း ဘုတ္တိုင်းတို့၏အိမ်၌ ရွာသူတွေ ဝိုင်းအုံကာ ထိုင်စရာမရှိအောင် ပြည့်ကျပ်လျက်ရှိရာ ဘုတ္တိုင်းမှာမူ သမီးကလေးကို ပေါင်ပေါ်မှ မချဘဲ အံတကြိတ်ကြိတ်နှင့် ဘုတ်ဆုံကိုမျက်စောင်းတထိုးထိုးလုပ်နေသောကြောင့် ဘုတ်ဆုံမှာ အနီးသို့မကပ်ဝံ့ဘဲ ချောင်ထဲ၌ ကုပ်နေရ၏။ သူ၏ပါးစပ်ကလည်း "ကမြင်းမ... နင့်ကြောင့်၊ ဗိုင်းတာမ၊ နင့်ကြောင့်" ဟု တတွတ်တွတ် ရေရွတ်လျက်ရှိသည်။

သမီးကလေးမှာ မျက်နှာတစ်ခြမ်းနှင့် လက်တစ်ဖက် ကျွမ်းလုမတတ်ရှိ၍ အတိလစ်ကာ မအော်နိုင်ရှာတော့ဘဲ တစ်ချက်တစ်ချက်၌ ညည်းရှုံ့မှုညည်းသံ ကြားရလေရာ ဘုတ္တိုင်းမှာ ညစာထမင်းလုံးဝ မစားနိုင်ဘဲ သမီးကလေးကိုသာ ငုံ့ငုံ့ကြည့်ကြည့်နေလေတော့၏။ ဗဟုသုတရှိသော ရွာသားတစ်ယောက်က အနာရပြင်းထန်သောကြောင့် ဆေးမြီးတိုလောက်နှင့် မဖြစ်နိုင်၊ ရွှေဘိုမှ ဆရာဝန်ပင့်ခေါ်၍ ကုမှတော်မည်ဟု အကြံပေးကြရာ ဘုတ္တိုင်းက "ဆရာဝန်ခေါ်ပေးကြပါဗျာ ငါးဆယ်၊ တစ်ရာ ကုန်ချင်ကုန်ပါစေ" ဟု ပြော၏။ ဤတွင် ရွာသားတစ်ယောက်က "ကျုပ်ခေါ်ပေးမယ်၊ ခင်ဗျားလှည်းပေးလိုက်" ဟု ပြော၏။ အခြားတစ်ယောက်ကလည်း "အဝေးပင့်တယ်ဆိုတော့ ငွေပါမှဖြစ်မယ်၊ ပိုက်ဆံတစ်ခါတည်း ပေးလိုက်ပါလား" ဟု ပြော၏။ ဘုတ္တိုင်းက "ပိုက်ဆံဘယ်လောက်ပေးလိုက်ရမလဲ" ဟု မေး၍တစ်ယောက်က "တစ်ရာလောက် ပေးလိုက်ပေါ့" ဟု ပြောလိုက်၏။ ဘုတ္တိုင်းက "ဒါဖြင့်နေဦး... ကလေးကို ချီထားကြစမ်းပါ" ဟု ပြော၍ မိန်းမကြီးတစ်ယောက်၏လက်သို့ အပ်ထားခဲ့ပြီးလျှင် တူရွင်းတစ်ချောင်းကို ယူ၍ အခန်းထဲသို့ ဝင်သွား၏။

ဘုတ္တိုင်းတို့အိပ်သော ကုတင်အောက်၌ မြေကြီးများအနည်းငယ် ပွလျက်ရှိသော်လည်း သမီးအတွက်ကြောင့် မှုန်လျက်ရှိသော ဘုတ္တိုင်းသည် ထိုအခြင်းအရာကို သတိမပြုမိဘဲ ကုန်း၍တူးလေ၏။ ငွေသေတ္တာမူကား မရှိတော့ချေ။

သေတ္တာထဲ၌ ငွေသားရော စက္ကူပါ ငါးထောင်ကျော်ဖိုးလောက် ရှိလေသည်။ "အမယ်လေး လာကြပါဦး" ဟု တစ်ခွန်းအော်ပြီး ဘုတ္တိုင်းလည်း ငိုင်လျက်ရှိရာ ရွာသူရွာသားများ ပြေးဝင်လာ၍ အကြောင်းခြင်းရာကို အံ့သြရလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံး၌ မြေပိုင်ရှင် ဦးဖိုးကြွယ်ထံမှ ငွေတစ်ရာချေး၍ ရွှေဘိုသို့ ဆရာဝန်ခေါ်ရန် လူတစ်ယောက်ကို စေလွှတ်လိုက်လေသည်။ ဘုတ္တိုင်းမှုကား လုံး ညည်းတွားရေရွတ်ခြင်း မပြုတော့ဘဲ တစ်ညလုံး တိတ်ဆိတ်စွာ ငိုင်လျက်သာ ရှိတော့သည်။

နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်၌ ဆရာဝန်ရောက်လာ၍ မီးလောင်သော ဒဏ်ရာများကို ကုသ၏။ (ထိုစဉ်အခါက ဝက်လက်မြို့၌ ဆေးရုံမရှိသေးချေ) အကယ်၍ ချက်ချင်းလက်ငင်း လောလောဆယ် ကုသရပါလျှင် ခဲယဉ်းခြင်းရှိ သော်လည်း ယခုမူ စိုးရိမ်ရသော အခြေသို့ ရောက်နေလေပြီ။ ရွာသားတစ်ယောက် သည်လည်း (မနန်းပေါတို့လင်မယားကို သနားသည့်အတွက်) နံနက်စောစော တည်းက မနန်းပေါတို့လင်မယားကိုခေါ်ရန် မြင်းတစ်စီးနှင့် တောင်ရိုးသို့ တက် သွားခဲ့လေသည်။

ထိုနေ့ညနေတွင် ကလေးမမှာ သတိမရဘဲရှိနေရာမှ အပြင်းဖမ်း၍ လာ လေသည်၊ ဆရာဝန်လည်း တတ်နိုင်သမျှ ကြိုးစားပါ၏။ သို့သော် မတတ်နိုင် တော့ဘဲ ကလေးမမှာ အပြင်းဖမ်းရာမှ ငြိမ်သွားပြီး ဇီဝိန်ချုပ်သွားရှာလေပြီ။ သမီးကလေး အသက်မရှိတော့ကြောင်း သိရ၍ ဘုတ်ဆိုက တအားလွှတ်၍ ဟစ် အော်ငိုကြွေးလိုက်သည်နှင့်တစ်ပြိုင်နက် အိမ်ရှေ့၌ လှည်းတစ်စီးဆိုက်လာ၍ ကိုညဏ်ကျယ်နှင့် မနန်းပေါတို့သည် လှည်းပေါ်မှ ဆင်းပြေးလာကြလေရာ ဘုတ္တိုင်း ဘာမပြောညာမပြောနှင့် အိမ်ထဲမှထွက်ပြေးပြီး မိဘနှစ်ပါးတို့၏ ခြေ ထောက်များကို ဆံပင်နှင့် တစ်လှည့်စီ ပွတ်လေတော့သည်။

ဘုတ္တိုင်းကား သမီးတော့ ဆုံးရ၏။

သို့သော် မိဘနှစ်ပါးကိုကား ပြန်၍ ရလေတော့သည်။

■

# ဗိုလ်ပုတက်

ဂျပန်တို့ကိုမောင်းထုတ်စဉ်က ဘီဒီအေတပ်ခွဲကလေးတစ်ခုသည်ဟင်္သာတ အတွင်း ရွာကလေးတစ်ရွာအနီး၌ စခန်းချလျက်ရှိစဉ် မြန်မာစစ်သား ယောက်တို့သည် ဝိုင်းဖွဲ့ကာ စကားပြောလျက်ရှိကြ၏။ ၎င်းတို့အနက်မှ ည်ရင်း မောင်ဘသာဆိုသူမှာ အလွန်အရပ်ပုသည်ဖြစ်၍ ဗိုလ်ပုတက် ဟု တပ်လုံးက အမည်ပေးထားကြရာ တစ်နေ့ကုန်သော်လည်း စကားတစ်ခွန်း ပြောသည့်တိုင်အောင် နှုတ်ဆိတ်နေသူဖြစ်ပါလျက် ၎င်းည၌မူ အထူးစကား ချင်သောကြောင့် သူငယ်ချင်းများက... "ဗိုလ်ပုတက် ခင်ဗျားဘာဖြစ်တာလဲ၊ နေ့ အာရွှင်လှချေလား" ဟူ၍ပင် ပြောမိကြသေး၏။

အချို့လူများအဖို့ အရက်အနည်းငယ်သောက်သောအခါ၌ ဖြစ်စေ၊ အကြံ ည်အပေါက်အလမ်း တည့်သောအခါ၌ဖြစ်စေ၊ ဥတုရာသီညီညွတ်သောအခါ၌ စေ အထူးစကားများတတ်သည်ဟု အဆိုရှိလေရာ ဗိုလ်ပုတက်မှုကား သေရ ည်ကိုသိသဖြင့် တစ်သက်လုံးဖုံးကွယ်ထားခဲ့သော အဖြစ်အပျက်တစ်ခုကို မပြော ဘဲနေနိုင်အောင် အူထမှယားနေသည်ဖြစ်၍ အထူးစကားပေါနေခြင်းဖြစ်ပေ၏။

ဗိုလ်ပုတက်က "ကျုပ်တော့ နက်ဖြန် ကျသေရမှာဗျ၊ ကျုပ်ကိုယ်ကျုပ် သိတယ်။ ခင်ဗျားတို့ မယုံဘူးလား" ဟု ပြောသောအခါ အခြားစစ်သားများက " ဟုတ်နိုင်တာဗျာ၊ ခင်ဗျားက နက်ဖြန်ဖြစ်မယ့်အကြောင်းအရာကို ဘယ်လိုသိရ အောင်ဟာ ဘာဉာဏ်များရထားလို့လဲ" ဟု မေးကြသော်လည်း ဗိုလ်ပုတက်က

www.burmeseclassic.com

www.burmeseclassic.com



"မယုံချင်နေကြဗျာ၊ နက်ဖြန်တော့ ခင်ဗျားတို့ သိလိမ့်မယ်၊ သေမှာမှ ဒီပြင်အ
မဟုတ်ဘူး။ ဟောဒီအချိန်လောက်မှာ သေလိမ့်မယ်ဗျ" ဟူ၍ပင် ထပ်ဆင့်၍
လိုက်သေး၏။

ထူးခြားသောအခြင်းအရာတစ်ခုမှာ ဗိုလ်ပုတက်သည် သေရမည်ကို အ
သိသည်ဆိုသော်လည်း အနည်းငယ်မျှ ညှိုးငယ်ဟန်လက္ခဏာမရှိဘဲ အထူး
လျက်ရှိသည့်ပြင် တစ်သက်လုံး နှုတ်ဆိတ်ခဲ့သမျှကို ထိုနေ့ညတွင်မှ အကုန်သ
တော့မည့်လက္ခဏာနှင့် စကားအမျှင်မပြတ် ပြောလျက်ရှိလေ၏။

နောက်ဆုံး၌ ဗိုလ်ပုတက်က "ကိုင်း... သူငယ်ချင်းတို့ ဘယ်တုန်း
ကျုပ်မပြောဖူးဘဲ ဖုံးဖိထားတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ဒီကနေ့ည နော
ဆုံးပြောပြခဲ့စမ်းပါရစေဗျာ၊ တစ်ဆိတ် နားထောင်ကြစမ်းပါ" ဟု ပြောသော
သူငယ်ချင်းများသည် သေမည်ဆိုခြင်းကို မယုံကြည်သော်လည်း နှုတ်ဆိတ်
တစ်ယောက်က ပြောလိုသောစကားမှာ ဧကန်မုချ ထူးထူးဆန်းဆန်းဖြစ်ရမည်
သဘောရကြသည်နှင့် "ကိုင်း... ပြောပါဗျာ၊ ကျုပ်တို့ နားထောင်ပါ့မယ်"
သူငယ်ချင်းများက တညီတညွတ်တည်း ပြောလိုက်ကြလေ၏။

ပု။ ။"သေမယ်ဆိုတာကို သိတာဟာ ကျုပ်တို့အဖို့မှာ ဘိုးစဉ်ဘောင်ဆက်
ဖြစ်နေတယ်ဗျ။ ကျုပ်အဘိုးလည်း သိတာပဲ၊ ကျုပ်အဖေလည်း သိ
ကျုပ်အဖေဆိုတာများတော့ သူ့ကိုယ်သူ ကြိုးပေးခံရမှာ သိလေတော့ ကြေ
လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့။ ဒါနဲ့တောင် နောက်ဆုံးကျတော့ သူသိ
အတိုင်း ကြိုးပေးခံရသေးတာပဲဗျ"

တစ်ဦး။ ။"ဘာအပြစ်တုန်းဗျ"

ပု။ ။"ကျုပ်အမေကို သတ်တဲ့အပြစ်ပေါ့ဗျ"

တစ်ဦး။ ။"ဩော်... ဒါဖြင့် ခင်ဗျားဟာ အဖေရော အမေရော တစ်ပြိုင်တည်
ဆုံးတာပေါ့လေ"

ပု။ ။"ဟုတ်တာပေါ့၊ ဒါပေမဲ့ ကျုပ်အဖေကို ကျုပ်ကယ်နိုင်တယ်ဗျ၊ မ
ချင်လို့ ပစ်ထားလိုက်တာပဲ"

တစ်ဦး။ ။"အလို ဆန်းလှချေလားဗျာ၊ အဖေတစ်ယောက်လုံး ကြိုးပေးခံရ
ကယ်နိုင်ရက်သားနဲ့ ခင်ဗျားကမကယ်ဘူး။ တော်တော်ရက်စက်တဲ့
ကိုး"

ပု။ ။"ဆိုချင်ဆိုကြတော့လေ၊ ခင်ဗျားတို့လည်း ကျုပ်နေရာမျိုးရောက်ရင်
လိုပဲ လုပ်ကြမှာပဲလား မဆိုနိုင်ဘူး"

တစ်ဦး။ ။"ကိုင်း... ကိုင်း... ပြောစမ်းပါဦးဗျ၊ ခင်ဗျားအဖြစ်အပျက်"

BURMESE CLASSIC .com



။"ဒီလိုဗျ၊ တစ်နေ့တော့ မနက်စောစောအချိန်မှာ နွားနို့သည်ကုလားက
အိမ်ဝင်ပြီး... နွားနို့ပေးမယ်လုပ်တော့ တံခါးပိတ်ထားတာ တွေ့သတဲ့။
လည်းမရဘူး။ ပြတင်းပေါက်ကသွားကြည့်တော့ အိမ်ထဲမှာကိုးရိုးကားရား
ခြင်ရလို့ ပုလိပ်ကိုသွားတိုင်၊ ဒါနဲ့ ပုလိပ်တွေလိုက်လာပြီး အိမ်ထဲဝင်ကြည့်
ကြမ်းပေါ်မှာ မိန်းမတစ်ယောက် အလျားမှောက်ရက်လဲ သေနေပြီး သူ့လည်
သွေးတွေ ကြမ်းပေါ်မှာ အိုင်ထွန်းနေတာရယ်၊ အဲဒီအခန်းထဲက စားပွဲနား
လူတစ်ယောက် အရက်မူးပြီးလဲနေတာနဲ့ လက်တစ်ဖက်မှာ အရက်ပုလင်း
တစ်ဖက်မှာတော့ ခြောက်လုံးပြူးကိုင်ပြီး ပြောင်းဝက မိန်းမဘက်လှည့်
ခြောက်လုံးပြူးမှာ ကျည်ဆန်တစ်ခု ထွက်ထားတာရယ်၊ အခန်းထောင့်မှာ
သူငယ်လေးတစ်ယောက် ကြမ်းပေါ်မှာလဲပြီးနေတာကို တွေ့သတဲ့။ ဒီတော့
က ဆရာဝန်ခေါ်ပြီး စုံစမ်းကြရာမှာ သူငယ်ကလေးမှာတော့ ခေါင်းကွဲနေပေ
သေတော့မသေသေးဘူး၊ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေပွလို့၊ မိန်းမ
လည်ပင်းမှာ သေနတ်မှန်ထားတဲ့ ဒဏ်ရာအပြင် တစ်ကိုယ်လုံးမှာလည်း
တ်ကန်ကြောက်ထားတဲ့ ဒဏ်ရာတွေနဲ့၊ ကုလားထိုင်ပေါ်ကလူကို ပုလိပ်က
အရက်မူးပြီး အိပ်ပျော်နေတာဖြစ်လို့ နိုးလာတော့ ပုလိပ်က ဘယ်လိုယူဆ
ရင် သားကလေးရော၊ မယားရော နှိပ်စက်ချင်တိုင်းနှိပ်စက်ပြီး နောက်ဆုံး
မရနိုင်သေးလို့ သေနတ်နဲ့ပစ်သတ်တယ်ဆိုပြီး ရုံးတင်လိုက်ကြတာကိုး
နဲ့အမှုကို ရုံးမှာစစ်ဆေးတော့ အစိုးရရှေ့နေကလည်း ဒီအမှုဟာ မျက်မြင်
သမရှိသော်လည်း ဒီမိန်းမကို ဒီယောကျ်ားသတ်တယ်ဆိုတာ အင်မတန်
နေပါတယ်ဆိုတဲ့အကြောင်း လျှောက်လဲတာပေါ့ဗျာ၊ ဒီလူဟာလလည်း
နဲ့ ကလေးကို ခဏခဏရိုက်ပါတယ်လို့ အိမ်နီးချင်းတွေက သက်သေခံကြ
တော့ တရားသူကြီးရဲ့စိတ်ထဲမှာ ဧကန္တအပြစ်ရှိတယ်လို့ ယူဆပေမှာပေါ့ဗျ၊
ခင်ဗျားတို့ဖော တရားသူကြီး လုပ်ကြည့်ကြစမ်းပါ၊ ဘယ်လိုဆုံးဖြတ်ကြ
"

။"မျက်မြင်သက်သေတော့ မရှိဘူး။ ဒါပေမဲ့ ဒီလူသတ်တယ်လို့ ယူဆ
ရလိမ့်မယ် ထင်တယ်"

သူ။ ။"ပြောစမ်းပါဦးဗျာ၊ တရားသူကြီးက ဘယ်လိုစီရင်သလဲလို့"

။"ကျုပ်မေးတာ ဖြေစမ်းပါဦး၊ ခင်ဗျားတို့ ဘယ့်နှယ်ထင်သလဲ"

။"ဒီလိုဗျာ၊ လူသတ်မှုဆိုတာမျိုးဟာ ကျုပ်ကြားဖူးတာကတော့ မျက်မြင်
သက်သေ တပ်အပ်မရှိရင် ယုံမှားသံသယရှိနိုင်တယ်တဲ့၊ သံသယနှင့်ရှင်
ခံနိုင်ဘူးလို့ ကြားဖူးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပု။ ။"မျက်မြင်သက်သေရှိတယ်ဗျ၊ တခြားလူမဟုတ်ဘူး၊ ကျုပ်ပဲ။ အစအဆ
အကုန်မြင်တယ်"

တစ်ဦး။ ။"ဆိုစမ်းပါဦးဗျာ၊ ကျမ်းကိုင်ပြီး မလိမ်ချင်လို့ မှန်တဲ့အတိုင်း ခင်ဗျာ
ပြောလိုက်သလား၊ သို့မဟုတ် မပြောဘဲနေသလား"

ပု။ ။"ခွန်အားနည်းတဲ့လူ ကို အနိုင်ကျင့်ချင်တဲ့လူများဟာ အပြစ်ခံစရာရှိ
သိပ်ကြောက်တာပဲဗျ၊ ကျုပ်ဖြင့် ဒီလိုအဖေမျိုးရဲ့သားတော်ရတာ သိပ်
တာပဲဗျာ။ ဒါနဲ့ ကျုပ်ကို ပုလိပ်တွေက ဆေးရုံပို့လိုက်ပြီး ပျောက်တဲ့အခါကျ
ကျုပ်အဖေစစ်ဆေးတဲ့ ရုံးခန်းထဲကို ခေါ်သွားကြတယ်။ ပုလိပ်တွေက ထွက်
စရာရှိသမျှ ထွက်ဆိုပြီးကြတဲ့နောက်မှာ တရားသူကြီးက ကျုပ်အဖေကို ဘာ
စရာရှိသလဲလို့ မေးလိုက်တော့ 'သူဟာ ဟိုနေ့က အရက်မူးနေပါတယ်တဲ့။
လက်ထဲမှာတွေ့တဲ့ သေနတ်ဟာ သူ့သေနတ်တော့ မှန်ပါတယ်။ ဒါလည်း
ဝတ်အုပ်တစ်ယောက်ဖြစ်လို့ သေနတ်လိုင်စင်ရပါတယ်။ ဟိုနေ့တုန်းက အင်မ
ကြီး အရက်မူးနေလို့ သူဘာလုပ်မိတယ်ဆိုတာကို လုံးလုံးမသိရပါဘူးဆိုတာ
ဒီလောက်တောင် လူမှန်းမသိမူးနေတဲ့ လူတစ်ယောက်ဟာ လူတစ်ယောက်ကို
အောင် ခြောက်လုံးပြူးသေနတ်နဲ့ ပစ်နိုင်ဖို့ အင်မတန်ခဲယဉ်းပါတယ်။ ဒါကြော
သူပစ်·ါတယ် မထင်ပါဘူး'လို့ လျှောက်လဲတာကိုးဗျ...

ဒီတော့ တရားသူကြီးက မိန်းမကို သတ်ပြီးတဲ့နောက် အရက်တွေ သိ
အောင် သောက်တာဖြစ်နိုင်တယ်၊ မသတ်ခင်ကတည်းက အင်မတန်မူးနေပါတ
ဆိုတာ ထင်ရှားအောင် သက်သေပြနိုင်သလား မေးပါရောဗျာ။ ဒီတော့ ကျုပ်အ
က ကျုပ်ဘက်ကို ဖျတ်ခနဲလှမ်းကြည့်လိုက်တယ်ဗျ။ တရားသူကြီး မေးပုံထော
တော့ သူ့အဖို့ မျှော်လင့်စရာ ရှိတယ်လို့ အောက်မေ့ဟန်တူတယ်။ ဒါနဲ့ သူ
ကျုပ်မျက်နှာကို ကွက်ခနဲလှမ်းကြည့်ပြီး... "ကျွန်တော်မျိုးရဲ့သားကလေးဟာ
ညက အခန်းထဲမှာရှိပါတယ်။ သူ့ကိုမေးကြည့်ရင် ကျွန်တော်မျိုး ဘယ်လောက်
နေတယ်ဆိုတာ သိနိုင်ပါတယ်" လို့ လျှောက်တာကိုးဗျ...

ဒီတော့ တရားသူကြီးက ကျုပ်ကိုခေါ်ပြီးစစ်ရော၊ ပြောချင်တဲ့နေ
လောက်ထိအောင်တော့ ပွင့်ပွင့်ကြီးပြောလိုက်တယ်ဗျ၊ ကျုပ်က ဘယ့်နှယ်ပြော
လဲဆိုတော့ 'ကျွန်တော်မျိုး မှတ်မိသလောက်မှာ ဖခင်ဟာ အမြဲအရက်မူးပြီး အ
မယားကို နေ့တိုင်းနှိပ်စက်ပါတယ်။ ကျွန်တော်မျိုးရဲ့မိခင်ကို တုတ်နဲ့ရိုက်၊ ကြာ
နဲ့ရိုက်၊ ခါးပတ်နဲ့ချွတ်ရိုက်၊ လက်သီးနဲ့ထိုး၊ နေ့ရှိသမျှ နှိပ်စက်ပါတယ်။ တ
တလေမှာ လက်သီးနဲ့ထိုးလိုက်လို့ မူးလဲသွားရာမှာ ခြေထောက်နဲ့ ထပ်ကန်
သေးတယ်။ ကျွန်တော်မျိုးကိုလည်း နေ့တိုင်းအကြောင်းမဲ့ရိုက်ပါတယ်။ တ



ဘလေမှာ လည်ပြီးအခိုးခိုင်းတာကို မခိုးချင်ဘူးပြောလို့ ရိုက်ပါတယ်။ တစ်ခါ
ဘလေမှာ လခထုတ်ပြီး ငွေရှင်လာတဲ့အခါ စားစရာတွေ ဝယ်လာပါတယ်၊
မိခင်က ချက်ပြုတ်နေတုန်းမှာ သူက အနားက ရပ်ကြည့်နေပါတယ်။ ကျက်တာ
နဲ့တစ်ပြိုင်နက် ဘဲသား၊ ကြက်သားတွေကို အသားတွေချည်း အရက်နဲ့မြည်း၊
ခြေထောက်နဲ့လည်ချောင်းရိုးတွေကို ကျွန်တော်မျိုးတို့သားအမိကို ပစ်ပေးပါတယ်၊
ဟိုညတုန်းကတော့ အရက်မူးပြန်လာပြီး လက်ထဲမှာ ပုလင်းတစ်လုံးပါလာပါ
တယ်။ စားစရာမပါခဲ့ပါဘူး။ ဒီတော့ အမေ့ကို အမြည်းယူခဲ့လို့ခိုင်းတော့ အမေက
အိမ်မှာ ဘာမှမရှိဘူးလို့ပြောပါတယ်။ သားအမိနှစ်ယောက်မှာ အဲဒီညက ထမင်း
ကလေးကို ဆီဆမ်းဆားဖြူးပြီး စားရပါတယ်လို့ ပြောလိုက်တော့ အဖေက အမေ့
ကို ခြေထောက်နဲ့ ကန်လှဲလိုက်ပါတယ်။ ကြမ်းပေါ်က လူးပြီးထမယ်လုပ်တော့
ထပ်ထပ်ပြီး ကန်လှဲပါတယ်။ အမေ့ကိုရိုက်လို့ အားရတော့ အဖေက ကျွန်တော့်ဆီ
လှည့်လာပြီး နင်လည်းအတူတူပဲ၊ အမြည်းကလေးတောင် ရှာမပေးနိုင်ဘူးလားဆို
ပြီး... ကျွန်တော်မျိုးက ထွက်ပြေးမယ်လုပ်လို့ ခြေထောက်နဲ့ တအားကျုံးကန်လိုက်
ပါတယ်။ ကျွန်တော်မျိုး ကြမ်းပေါ်လဲသွားတော့ ကောက်ယူပြီး လွှင့်ပစ်လိုက်တာ
နံရံနဲ့ရိုက်ပြီး ကြမ်းပေါ်မှာ လဲနေပါတယ်။ ဒီတော့မှ အဖေက တုတ်ဓာ
ကောက်တဲ့ပြီး ရိုက်ဦးမယ်လုပ်ရာမှာ အမေက ကြမ်းပေါ်က လူးလဲထပြီး
ကိုအတင်းဆွဲပါတယ်။ ဆွဲရမလားဆိုပြီး တုတ်နဲ့ဆက်ကာဆက်ကာ ဆင့်
ကိုတော့ စားပွဲနားမှာ ထိုးလဲသွားပါတယ်။ လဲနေရာမှာ လေးငါးချက်လောက်
ဆင့်ကန်ပြီးတဲ့နောက်မှ စားပွဲမှာထိုင်ပြီး အရက်ပုလင်းထဲက ငှဲ့သောက်ပါတယ်...

ကျွန်တော်မျိုးတော့ ခဏတစ်ဖြုတ် သတိလစ်သွားတယ် ထင်ပါတယ်၊
သတိရလို့ မျက်စိဖွင့်ကြည့်လိုက်ရာမှာ အဖေကတော့ အရက်သောက်တုန်း၊ အမေ
ကတော့ ကြမ်းပေါ်ခေါင်းထောင်ထပြီး တံတောင်နဲ့ လူးထနေတာကို တွေ့ရပါ
တယ်။ ဒီအထိပဲ ကျွန်တော်မျိုး ပြောပါရစေ၊ ဒီနောက်တော့ ကျွန်တော်မျိုးမြင်တာ
တွေကိုတော့ ရိုက်စစ်လို့လည်း မပြောပါဘူး။ ထောင်ချမယ်ဆိုလို့လည်း မပြော
ပါဘူး" လို့ တရားသူကြီးကို လျှောက်တာကိုးဗျ။ ဒီတော့ကာ ပုလိပ်တွေ၊
တရားသူကြီးတွေက ဘယ့်နှယ်ထင်ကြသလဲဆိုတော့ ကျုပ်မြင်ရသမျှကို ဖွင့်ပြော
ရင် ကျုပ်အဖေ ကြိုးစင်တက်ရမှာစိုးလို့ မြုံနေတာပဲလို့ ထင်ကြတာကိုး။

ဒါနဲ့ ကျုပ်ကိုတော့ အတင်းအကျပ် မမေးကြတော့ပါဘူး။ သူတို့ထင်သ
ည့် အဓိပ္ပာယ်မျိုး သူတို့ကောက်ယူပြီး ဥပဒေအတိုင်း အလုပ်လုပ်ကြတာကိုး။
သေနတ်ဟာလည်း အဖေ့လက်ထဲမှာရှိလေတော့ ကျုပ်အမေဟာ ကိုယ့်ကိုယ်ကို
သတ်သေတာမဟုတ်နိုင်ဘူးလို့ တစ်ထစ်ချ ယူဆကြတာကိုးဗျ။ ဘာကြောင့် သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ သတ်သေတာဖြစ်ရင်လည်း ကျုပ်က မြို့နေမှာမဟုတ်ဘူး။ အဖေကြီး အသက်ချမ်းသာရာရအောင် ဖော်ပြောမှာပဲလို့ သူတို့က ယူဆကြတယ်။ နောက်ဆုံးမှာ တရားသူကြီးက ကျုပ်အဖေကို လူသတ်မှုနဲ့ စွဲချက်တင်ပြီး အချုပ်ထောင်ပို့လိုက်တော့ အဖေကြီးလည်း "သူမဟုတ်ရပါဘူး၊ မသတ်ရပါဘူး" နဲ့ အော်ဟစ်ငိုယိုပြောရင်း ပုလိပ်တွေက ဆွဲခေါ်သွားပါရောဗျ"

တစ်ဦး။ ။"ကိုင်း... ကိုင်း... တော်ပါတော့ ကိုပုတက်၊ စကားမပြောစဖူးပြောရတာ ဖြစ်လေတော့ ဒီလောက်ဆိုရင် ခင်ဗျားမောရောပေါ့၊ ကိုင်း... အိပ်ပါတော့"

ပု။ ။"နေပါဦးဗျ... မဆုံးသေးပါဘူး။ ပြောလက်စနဲ့ ဆုံးအောင်ပြောပါရစေ။ နားထောင်ကြစမ်းပါဦး၊ နက်ဖြန်ခါ ဒီအချိန်ဆိုရင် ကျုပ်မြေကြီးအောက်ရောက်တော့မှာ၊ ကျုပ်အမေသေသလိုပဲ လည်ပင်းသေနတ်မှန်ပြီး ကျုပ်သေရမှာဗျ၊ ပြောစရာရှိတာကလေး ဆုံးအောင်ပြောခဲ့ပါရစေဦး။ ကျုပ်အဖေအကြောင်း ကျုပ်မပြောရရင် သေလို့တောင်မဖြောင့်နိုင်ဘဲ ရင်ဘတ်ထဲမှာနင့်ပြီး သွားပါလိမ့်မယ်"

တစ်ဦး။ ။"ကိုင်းဗျာ၊ ဒီလောက်ပြောချင်တာ ပြောပါတော့ ကျုပ်တို့ နားထောင်နေပါတယ်"

တခြားလူ။ ။"နားထောင်လိုက်ကြပါ သူငယ်ချင်းတို့၊ ကဲ ပြောဗျာ၊ ကျုပ်တို့က ဆုံးပြီမှတ်လို့ အိပ်ခိုင်းတာပါ"

"ဒီလိုဗျ နားထောင်ကြ၊ ဆုံးရမှာထားလို့ ခုမှပြောကောင်းတုန်း ရှိသေးတယ်။ ဒါနဲ့ ရုံးမင်းက စွဲချက်တင်ပြီး အဖေ့ကို ချုပ်ထားတော့ အဖေနဲ့တွေ့ပါရစေဆိုပြီး ကျုပ်က ပုလိပ်အရာရှိတွေကို ခဏခဏနားပူတယ်။ နောက်ဆုံးကျတော့ အဖေနဲ့ သူတို့နဲ့ ပုလိပ်အချင်းချင်းဖြစ်လေတော့ ကျုပ်အလိုလိုက်ပြီး တွေ့ရှာပါစေဆိုပြီး ကျုပ်နဲ့အဖေနဲ့တွေ့ရအောင် စီစဉ်ပေးကြတယ်...

ဒါနဲ့ကျုပ်က အဖေ့အခန်းထဲ ဝင်သွားကာရှိသေး၊ ကျုပ်အဖေက ကျုပ်ကို ပွေ့တဲ့ဖက်တဲ့ပြီး နမ်းလိုက်ရှုပ်လိုက်တာဗျာ၊ တစ်သက်လုံး ကျုပ်ကို လက်ဖျားနဲ့တောင် မထိရက်ပါဘူးဆိုတဲ့ သဘောမျိုးပေါ့လေ။ သူက ကျုပ်ကို သိပ်ချော့တာပဲ၊ 'ငါ့သား လူကလေးရယ်၊ သားဆိုပေမယ့် လူကလေးက အသက်သခင်ပါ၊ အဖေ့အသက်ကို ကယ်ဆယ်တဲ့ သားကောင်းရတနာကလေးတစ်ယောက်ဆိုပြီး တစ်ကမ္ဘာလုံး ဟိုးဟိုးကျော်သွားပါလိမ့်မယ်၊ ကြိုးပေးခံရလိမ့်မယ်လို့ သူ့ကိုယ်သူ တစ်သက်လုံးထင်လာခဲ့မိတာ၊ ခုဒီအမှုဖြစ်တော့ ထင်တဲ့အတိုင်း မှန်တော့မယ်လို့ အင်မတန်အကြောက်ကြီးကြောက်နေပါတယ်တဲ့၊ ဒါကြောင့်မို့ ငါ့သားလူကလေးက အဖေ့ရဲ့အသက်ကို ကယ်ရအောင် အခုလာတာမဟုတ်ပါလား'လို့ ပြောပြီး ကျုပ်ကို ပွေ့လိုက်ဖက်လိုက် နမ်းလိုက်ရှုပ်လိုက်တာ လူကိုမွန်းသွားတာပဲဗျ...



ဒီတော့ ကျုပ်က 'ဟုတ်ပါတယ်အဖေ၊ အဖေ့ကို ကယ်ဆယ်ရအောင် ကျွန်တော်လာခဲ့ပါတယ်။ ဟိုညတုန်းက တစ်လောင်းမကဘူး၊ နှစ်လောင်းပြိုင်သေတာ နည်းနည်းကလေးလိုပါတော့တယ်။ အဖေ့သဘောအတိုင်းဆိုရင် အမေတင်တော့ဘူး၊ ကျွန်တော်ပါ အသက်ထွက်လောက်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်လုံး အဖေကန်ထားလို့ မေ့နေတုန်းမှာ အမေက သတိရလာလို့ သူ့သားဘက်လှမ်းကြည့်လိုက်တော့ ထရံနားမှာ ခွေခွေကလေး ကျွန်တော်လဲနေတာကိုမြင်ရလေတော့ ကျွန်တော်သေနေပြီလို့ အောက်မေ့သွားတယ်'လို့ ပြောလိုက်တော့ အဖေက ကျုပ်ကိုပွေ့ပြီး... 'ဟုတ်လားကွယ် ငါ့သား၊ မင့်အမေက မင်းသေနေပြီမှတ်တာနဲ့ အားကျုးမရဖြစ်ပြီး သူ့ကိုယ်သူ သတ်သေလိုက်တယ်ဆိုပါတော့ ဟုတ်လား'လို့ မေးပြီး—ကျုပ်ကို ကျောသပ်ရင်သပ် လုပ်လိုက်တာလေ၊ ဒီတော့မှ ကျုပ်က 'နားထောင်ဦး အဖေ၊ ကျွန်တော့်အမေက သတိရလာပြီးတော့ ကျွန်တော့်ဘက်ကိုလှည့်ကြည့်ရာမှာ ကျွန်တော် သေနေပြီထင်လို့ ဝမ်းနည်းပက်လက်ဖြစ်ရာကနေပြီး အဖေ့ကို လှမ်းကြည့်လိုက်သေးတယ်။ ရသမျှလခငွေကို အကုန်အရက်သောက်ပစ်ပြီးပိုက်ဆံတစ်ပြားမျှ မပေးနိုင်ပေမယ့် ဟိုအိမ်ဒီအိမ်က ချေးငှား၊ ပိုက်ဆံကလေးရရင် ချေးဆိုပြေ၊ သားကလေးငါးကလေးဝယ်၊ ပျာယီးပျာယာချက်ပြုတ်၊ လင်ပြန်လာတဲ့အချိန်မှာ စားပွဲရှေ့ရောက် နူးခပ်ကျွေးလာခဲ့တဲ့ ကျွန်တော့်အမေက အဖေ့ကို လှမ်းကြည့်လိုက်တဲ့အခါမှာ သူ့မျက်နှာထားဟာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ အဖေမြင်စမ်းစေချင်တယ်။ အမေ့မျက်နှာထားကို ကျွန်တော်အခု တွေးကြည့်ရင် ကျောထဲစိမ့်တက်လာပါသေးတယ် အဖေရယ်'လို့ ပြောလိုက်တော့ ကျုပ်အဖေက—

'သူကြည့်တာကို အဖေမမြင်ဘူးမဟုတ်လား၊ ငါက အရက်တွေမူးပြီး သတိမရဖြစ်နေတယ်မဟုတ်လား။ သေနတ်နဲ့ပစ်ဖို့ မဆိုထားနဲ့ အဲဒီအချိန်က အဖေ့လက်ကိုတောင် အဖေမမြှောက်နိုင်ဘူးမဟုတ်လား၊ လူကလေးရယ်'လို့ ချွဲချွဲပျစ်ပျစ်နဲ့ ကျုပ်ကိုချော့မော့ပြောတယ်ဗျ၊ ဒီတော့ ကျုပ်က... 'အဖေပြောတာဟုတ်ပါတယ်၊ ဒီအခါမှာ အရက်တွေမူးပြီး သတိမရဖြစ်နေပါတယ်။ ဒါကြောင့်မို့ အမေ့မျက်နှာထားကိုလည်း အဖေမမြင်လိုက်ရဘူး။ ကြမ်းပေါ်မှာ လဲနေရာကဖင်ထောင်နဲ့ဒူးကိုတဲပြီး မနိုင့်တနိုင်ကုန်းပြီး အမေထရှာတာကိုလည်း အဖေမမြင်လိုက်ရဘူး'လို့ ပြောလိုက်တော့ ကျုပ်အဖေက.. 'ငါမမြင်လိုက်ပေမယ့် ငါ့သားက မြင်တယ်မဟုတ်လား လူကလေးရယ်'လို့ မေးတယ်၊ ဒီတော့ ကျုပ်က—

'ကျွန်တော်တော့ မြင်တာပေါ့အဖေ၊ အားလုံးကုန် ကျွန်တော်မြင်တာချည်းပဲ အမေ ဘာလုပ်သလဲသိလား၊ အမေကလေ ကြမ်းပေါ်က ခနေကြီးကုန်းထပြီး အဖေ့ခါးမှာ ချိတ်ထားတဲ့ ခြောက်လုံးပြူးသေနတ်ကို အသာကလေး ကုန်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်၊ စားပွဲနားကိုလာ...’ အဲဒီလိုပြောခါရှိသေး ကျုပ်အဖေက ‘အောင်မလေး ဟုတ်ကဲ့လား လူကလေးရယ်၊ ပြောစမ်းပါဦး သားကြီးရဲ့။ တော်ပါသေးရဲ့ကွယ် ငါ့သားကြီး မြင်ပေလို့ ကိုင်း... ကိုင်း... ပြောစမ်းပါဦးသားရယ်’တဲ့... မေးလိုက်သေးသဗျ၊ ကျုပ်က ‘နားထောင်ဦးအဖေ၊ အမေက သေနတ်ကိုဖြုတ်ယူလာတဲ့ပြီး ရေတော်ရှာလို့ထင်ပါရဲ့ သောက်ရေအိုးဆီကို လေးဖက်တွားပြီး ရေသွားသောက်ရှာသေးသဗျ၊ ပြီးတော့မှ လက်တစ်ဖက်က သေနတ်ကိုကိုင်၊ တစ်ဖက်က အုတ်ထရံကိုမှီပြီး... ကျွန်တော့်ကို လှမ်းကြည့်ရှာသေးတယ်။ ပြီးတော့ သူ့ပါးစပ်က ဘာပြောသလဲဆိုတော့.. **သေရှာပြီ၊ ငါ့သားကလေးခမျာ သေရှာပြီ** တဲ့၊ ဒီလိုပြောပြီး အဖေ့ဘက်ကို လှမ်းကြည့်လိုက်ပြန်ရောဗျ၊ အဲဒီတုန်းက အမေကြည့်လိုက်တဲ့ မျက်နှာထားကို အဖေမြင်စေချင်လိုက်တာဗျာ၊ မြင်လိုက်ရရင် နေ့ရောညရော အိပ်နေရေး၊ နိုးနေနေ အမေ့မျက်စိထဲ ထွက်နိုင်မှာမဟုတ်ဘူး။ နောက်ဆုံးပြောလိုက်မယ်ဗျာ၊ အဖေကြိုးစင်တက်တော့တောင် အမေ့မျက်နှာကို အဖေ မေ့နိုင်မှာမဟုတ်ဘူး လို့ ပြောလိုက်တော့ အဖေက...

‘မဟုတ်တာ လူကလေးရယ်၊ ငါ့သားက ကယ်မှာပဲ၊ အဖေဘာကြောင့် ကြိုးစင်တက်ရမှာတုံး၊ ဒါ့ထက်နေစမ်းပါဦးကွယ်၊ နို့ငါ့သားက သေမှမသေဘဲနဲ့ မင်းအမေကို ဘာကြောင့်လှမ်းပြီးစကားမပြောရတာလဲကွဲ့၊ ဘယ်လိုအကြံအစည်နဲ့ ငါ့သား သေချင်ယောင်ဆောင်နေရတာလဲလို့’ လို့ မေးသေးသဗျ။ ဒီတော့ ကျုပ်က ‘ကျွန်တော် သေချင်ယောင်ဆောင်တာက တခြားကြောင့်မဟုတ်ဘူး။ ကျွန်တော် သေပြီထင်ပြီး အမေက အမေ့ကို သေနတ်နဲ့ပစ်သတ်စေချင်လို့ဗျ၊ ကျွန်တော်က လှမ်းခေါ်လိုက်ရင် မသေတာသိလေတော့ အမေ့ကို မပစ်ဘဲနေမှာစိုးလို့ဗျ၊ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုအကြံရှိထားသလဲ အဖေသိလား၊ အမေက အမေ့ကိုပစ်သတ်ရင် အဖေဟာသူ့ကိုယ်သူပစ်သတ်တယ်လို့ သက်သေခံမလို့ဗျ၊ ဒါကြောင့် ကျွန်တော်က သေချင်ယောင်ဆောင်ပြီး မျက်စိကလေး မှိတ်တမှိတ်နဲ့ ချောင်ထဲမှာ အသာခွေနေလိုက်တာဗျာ’ လို့ ပြောလိုက်တဲ့အခါမှာ အဖေက ‘ဆိုစမ်းပါဦး သားရယ်၊ ပြောစမ်းပါဦး’ တဲ့...

ဒီတော့ ကျုပ်က ‘ကျုပ်ကိုကြည့်ပြီးတဲ့နောက် အမေဟာ အဖေရှိတဲ့နေရာကို ဒယီးဒယိုင်နဲ့ လျှောက်သွားပါလေရော။ အဖေကတော့ ကုလားထိုင်ပေါ်မှာ အိပ်ပျော်ပြီး ဟောက်များတောင် နေလိုက်သေးသဗျာ၊ ဘယ်ဘက်လက်မောင်းပေါ်မှာ ခေါင်းတင်လို့ ဘယ်ဘက်လက်က အရက်ပုလင်းကိုင်လို့ ညာဘက်လက်က စားပွဲပေါ်ဆန့်လိုက်လို့ တရှူးရှူးနဲ့ အိပ်နေတာပေါ့လေ။ ဒါနဲ့ အမေက တကုန်းကုန်းနဲ့ အဖေ့အနားသွားပြီး အဖေ့ရဲ့ညာဘက်လက်ကို ဖြည်းဖြည်းကလေး



ချွပေးပြီး ခြောက်လုံးပြူးသေနတ်ကို အဖေ့လက်ထဲ ထည့်ပေးပြီး အဖေ့လက်ညှိုးကိုလည်း သေနတ်မောင်းပေါ်မှာ အသာကလေး တင်ပေးထားတယ်။ အဲဒါတွေမြင်ရတော့ အမေဘာလုပ်နေပါလိမ့်မလဲလို့ သိပ်အံ့သြပြီး ငေးကြည့်နေတာပဲ၊ ရင်ထဲမှာလည်း တဒိန်းဒိန်းနဲ့ပေါ့လေ။ ကျွန်တော် တွေးမိတယ်။ အဖေသေပြီး လက်ထဲမှာ သေနတ်တွေ့ရင် သူ့ဟာသူပစ်သတ်တယ်လို့ ပုလိပ်တွေက ထင်ကြမှာကိုးဗျ...”

ဒီအခါမှာ အမေ့စိတ်ကူးကလေးကို ကျွန်တော်သဘောကျပြီး ကြိတ်ထိုက်စမ်းအမေ လို့ အော်တောင် အော်လိုက်ချင်သေးတယ်ဗျာ။ နို့ပေမယ့် သူ့အကြံပျက်မှာစိုးလို့ အသာကလေး မြဲနေလိုက်ရတာကိုး အဖေရဲ့၊ ဒါနဲ့ သေနတ်ကို အဖေ့လက်ထဲမှာ ထည့်ပြီးတဲ့နောက် အမေက စားပွဲကို ပတ်လာခဲ့ပြီး အဖေနဲ့ မျက်နှာချင်းဆိုင်နေရာကိုရောက်တော့ ကြမ်းပေါ်မှာ ဒူးထောက်လိုက်တယ်ဗျ၊ ဒီအခါမှာ အမေ့ပခုံးနဲ့ ညီနေလေတော့ ပြောင်းဝနဲ့ သူ့လည်ပင်းနဲ့ တည့်နေတယ်ဗျ၊ ဒီတော့မှ ကျွန်တော်ကလည်း ဘာလုပ်မှာလိမ့်လို့ အံ့အားသင့်ပြီး ကြည့်နေတုန်း အမေ့ရဲ့ညာလက်ကို သူ့လက်နှစ်ဖက်နဲ့ကိုင်၊ သေနတ်မောင်းပေါ် တင်ထားတဲ့ အမေ့လက်ညှိုးကို အမေ့လက်မနှစ်ချောင်းနဲ့ တေ့ထားလိုက်ရာမှာ ကျွန်တော်က သန့်တဲ့ပြီး...

**အို... အမေ ဒီလိုမလုပ်ပါနဲ့** လို့ အော်လိုက်မိသေးတယ်။ ဒါပေမဲ့ ကျွန်တော်အော်တာ နောက်ကျသွားပြီအဖေ၊ ကျွန်တော့်ပါးစပ်က အသံလည်းထွက်သွားရော သေနတ်က ဒိုင်းခနဲမြည်ပြီး အမေလည်း ပက်လက်လန်လဲသွားပါရော၊ ကြမ်းပေါ်လဲသွားတာတောင် အမေက လွန့်တက်ပြီး စားပွဲနဲ့နည်းနည်းဝေးသွားအောင် တစ်လွန့်နှစ်လွန့်တွန့်ပြီး လိမ့်သွားသေးသဗျာ၊ ဒီတော့မှ သူ့အကြံကို ကျွန်တော်ရိပ်မိတာကိုးဗျ၊ ကျွန်တော်သေနေပြီထင်ပြီး အမေက သေရှာကိုလိုက်ရှာတော့တာပဲ။ အမေ့ကိုတော့ အလောင်းနှစ်လောင်းရယ်၊ လက်ထဲကသေနတ်ရယ်၊ အမေ့ထိုက်နဲ့ အမေ့ကံ ရှင်းနိုင်ရင် ရှင်းရစ်ပေတော့ ပစ်ထားခဲ့တော့တာပဲ အဖေ’ လို့ ကျုပ်က ပြောပြလိုက်တော့ အဖေက...

‘သိပ်ယုတ်မာတဲ့ ကောင်မပဲ၊ ဒါပေမဲ့ မင်းအမေက ငါ့ကို ဘယ်လိုချောက်ချခဲ့ပေမယ့် ငါ့သားတစ်ယောက်လုံး ရှိသေးတာပဲကွယ့်နော်၊ ကံကောင်းလို့သာပေါ့ လူကလေးရယ်၊ ငါ့သားများမရှိရင် မင့်အမေလုပ်ပုံနဲ့တော့ အဖေ့မှာ ဒုက္ခကြီးပဲ’ တဲ့၊ ဒီတော့ ကျုပ်က ‘စိတ်ချပါအဖေ၊ အဖေ့သားရှိနေလို့ အကုန်မြင်လိုက်ရပြီ မြင်တဲ့အတိုင်း ခုပြောပြနေတာပဲ’ လို့ ပြောလိုက်ရတယ်။ ကျုပ်က ဒီလိုလည်း ပြောပြီးရော ကျုပ်အဖေက ကျုပ်ကို သူ့အခန်းထဲက သွားစေချင်လှပြီဗျ၊ သူ့အကြံ

www.burmeseclassic.com

www.burmeseclassic.com



က ဘာလဲဆိုတော့ ကျုပ်ပြောပြတဲ့အကြောင်းအရာတွေကို သူ့ရှေ့နေကို ပြောပြမယ်ပေါ့လေ...

ဟုတ်လဲဟုတ်တာပဲ၊ သူ့အချုပ်ခန်းကပြန်လာပြီး အိမ်ရောက်လို့မကြာသေးဘူး၊ အမေ့ရှေ့နေက ကျုပ်ဆီ ချက်ချင်းရောက်လာသဗျ၊ မျက်နှာထားရွှင်ရွှင်ပြုံးပြုံးနဲ့ ကျုပ်အနားကပ်တဲ့ပြီး...'ဟုတ်ကဲ့လား လူကလေးရယ်၊ ဟိုနေ့ကမပြောချင်ဘူးဆိုပြီး ဒီကနေ့တော့ အကုန်လုံးဖွင့်ပြောတယ်ဆို၊ နေရာကျလိုက်လေ လူကလေးရယ်၊ ကိုင်း... ကိုင်း မင့်အဖေကို မင်းပြောခဲ့တဲ့အတိုင်း ဘကြီးကို သေသေချာချာ ပြောပြစမ်းပါဦးကွယ်'လို့ ပြောတဲ့ပြီး သူ့အိတ်ထဲက ဖောင်တိန်တွေ မှတ်စုစာအုပ်တွေ ထုတ်ကိုင်တော့တာကိုးဗျ...

'ပြောသာပြောပါကွယ့်၊ ဘကြီးကို မကြောက်ပါနဲ့'တဲ့၊ အားပေးလိုက်သေးတယ်။ ဒီတော့ ကျုပ်က ဘာလုပ်သလဲသိလား၊ သူပြောတဲ့စကားကို တစ်လုံးမှနားမလည်တဲ့သဘောနဲ့ သူ့မျက်နှာကို စိန်းစိန်းကြီးကြည့်နေလိုက်တာကိုးဗျ၊ ပြီးတော့မှ ကျုပ်က 'အဖေ့ကို ကျုပ်က ဘာပြောခဲ့လို့တုံး'လို့ မေးလိုက်တယ်။ ဒီတော့ ရှေ့နေက 'လုပ်ပါကွယ် လူကလေး၊ သို့သော် သေသေချာချာ ကျကျနနပြောနော်၊ မင့်အမေက သေနတ်ကိုယူပြီး မင်းအဖေလက်ထဲ ထည့်ပေးလိုက်တယ်ဆို၊ ကိုင်း... ကိုင်း လုံးစေ့ပတ်စေ့ ပြောပြစမ်းပါဦးကွယ် ဘကြီးကို'တဲ့...

ဒီတော့ ကျုပ်က သူ့မျက်နှာမော့ကြည့်ပြီး 'ကျွန်တော့်အမေ ဘာလုပ်လို့တုံးဗျ'လို့ မေးလိုက်တယ်။ ဒီတော့ ရှေ့နေက 'ဘကြီးပြောတာ လူကလေးကြားသားပဲ'တဲ့။ ဒီတော့ ကျုပ်က 'ကြားတော့ကြားပါရဲ့။ ဒါပေမဲ့ ခင်ဗျားစကားကို ကျုပ်တစ်ခွန်းမှ နားမလည်ဘူး'လို့ ပြောလိုက်တယ်။ ဒီတော့ ရှေ့နေကြီးက 'ဒီလိုမလုပ်ပါနဲ့ လူကလေးရယ်၊ မင်းအဖေက ငါ့ကို ပြောလိုက်ပါတယ်၊ ဟိုတစ်နေ့က မင်းအမေ လုပ်တာကိုင်တာတွေကို မင်းအားလုံးမြင်တယ်ဆိုပါကလား။ သေနတ်ကို သူ့လက်ထဲထည့်ပြီး မင့်အမေက သူ့ဟာသူ ပစ်တာဆို'တဲ့။ ဒီတော့ ကျုပ်က ခပ်ပြုံးပြုံးလုပ်ပြီး ခေါင်းကလေးတခါခါနဲ့ 'ဟုတ်မထင်ပေါင်ဗျာ၊ ကျွန်တော့်အဖေက အချုပ်ထောင်ထဲရောက်နေတာနဲ့ ထင်မိထင်ရာတွေ လျှောက်ပြီးအိပ်မက် မက်နေထင်ပါရဲ့'လို့ ပြောလိုက်တယ်။ ဒီတော့ မောင်မင်းကြီးသားရှေ့နေက ကျုပ်ကို မျက်လုံးကြီးဖြဲပြီး ကြည့်လိုက်သေးဗျာ၊ နောက်ပြီးတော့မှ သူက 'ဒီလိုဆိုရင် မင့်အဖေက ငါ့ကိုလိမ်လွှတ်လိုက်တာပေါ့လေ'...

'ဒီလိုတော့ ဟုတ်မထင်ပေါင်ဗျာ၊ အိပ်မက် မက်ရှာထင်ပါရဲ့'လို့ ကျုပ်က ပြောလိုက်တယ်။ ဒီတော့ ရှေ့နေက သာပြီးမျက်လုံးပြူးသွားသေးဗျာ၊ ဒီလိုနဲ့ ကျုပ်ကို အတန်ကြာအောင် စိုက်ကြည့်ပြီး 'အိပ်မက်ဆိုရမှာကလည်း ဒီအသေးအဖွဲ



ကလေးတွေ စုံလှစေ့လှပါကလား လူကလေးရယ်'တဲ့။ မေးလိုက်သေးသဗျ၊ ကျုပ်က 'သူ့အိပ်မက်ကို ခင်ဗျားတော့ပြောပြီး ကျွန်တော့်တော့ ဘာမှမပြောပါလားဗျာ'လို့တောင် ပြောလိုက်ရသေးတယ်။ ဒီတော့မှ ရှေ့နေက ကျုပ်ကို အဖေပြောပြလိုက်တဲ့အတိုင်း လုံးစေ့ပတ်စေ့ ပြန်ပြောလေရောဗျာ၊ အဆုံးသတ်တော့မှ ကျုပ်က 'ဘာကယ်အံ့သြစရာကောင်းတဲ့ အိပ်မက်ပဲ'လို့ ပြောလိုက်ရတယ်။ ဒီတော့ သူက 'ဒီအိပ်မက်မျိုးကို မင်းကောမမက်ဘူးလား'တဲ့။ 'ကျုပ် ဘယ်တော့မှ အိပ်မက်မမက်ဘူး'လို့ ပြောလိုက်တယ်"

ဗိုလ်ပုတက်၏စကားအဆုံးတွင် နားထောင်လျက်ရှိသော စစ်သားသုံးယောက်တို့သည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဗိုလ်ပုတက်၏ မျက်နှာကို ငေးကြည့်နေကြပြီးနောက်...

ဘစ်ဦး။ ။"နေစမ်းပါဦး ဆရာရယ်၊ ခင်ဗျားနဲ့ ခင်ဗျားအဖေနဲ့ မျက်နှာချင်းဆိုင်မမေးကြတော့ဘူးလား"

။"မေးကြပြီလားဗျာ၊ ကျုပ်အဖေကို ကျုပ်ပြောပြခဲ့တဲ့ စကားအတိုင်း ကျုပ်ကို လုံးစေ့ပတ်စေ့ပြောပြပြီး ကျုပ်ခြေထောက်ကို သူ့ခေါင်းနဲ့တိုက်ကာ ပျော့လိုက်တာဗျာ။ မှန်တဲ့အတိုင်းပြောပြီး သူ့အသက်ကို ကယ်ပါတဲ့။ အမြဲတမ်းနဲ့ သူခံရပါတော့မယ်တဲ့၊ သားတော်မောင်တစ်ယောက်သာ သူ့ကို ကယ်နိုင်သူရှိတော့တယ်တဲ့။ ငိုကာတစ်လှည့်၊ မဲ့ကာတစ်လှည့်နဲ့ ရှိုက်ကြီးတငင်နဲ့ တောင်းပန်လိုက်တာမှ ဘာပြောကောင်းမလဲဗျာ"

ဘစ်ဦး။ ။"ဒီတော့ ခင်ဗျား ဘယ့်နှယ်လုပ်သလဲ"

။"သူ တောင်းပန်ပေမယ့် ကျုပ်က သူ့မျက်နှာကို မမြင်ဘူး။ ဟိုညက အမေ့မျက်နှာကိုသာ မြင်တော့တာပဲ၊ ဒါကြောင့်မို့ အဖေ့အနားမှာ ရပ်ကြည့်နေတဲ့ ရှေ့နေကြီးဘက်ကိုလှည့်တဲ့ပြီး 'အိပ်မက်မက်ရှာတုန်းပဲ'လို့ ပြောလိုက်တယ်။ ဒီတစ်ခါတော့ ရှေ့နေကြီးက ဘာမပြောညာမပြောနဲ့ ချာခနဲလှည့်ထွက်သွားပါလေရောဗျာ၊ နောက်ဆုံးကျတော့ ကျုပ်အဖေက သူ ထင်ထားတဲ့အတိုင်း ကြိုးစင်မှာ ဘဝတုံးရတာပါပဲ"

ဘစ်ဦး။ ။"ဟော့လူ နေစမ်းပါဦး၊ ကျုပ်ကို မှန်မှန်ပြောစမ်းပါ။ ဟိုနေ့က ခင်ဗျားအဖေကို ပြောခဲ့တဲ့ စကားအတိုင်း အမှန်ပဲဖြစ်ပျက်တာလား၊ သို့မဟုတ် သူ့ကို လက်သက်ညှင်းပန်းချင်လို့ ခင်ဗျားထွင်ပြီး ပြောခဲ့တာလား ဆိုစမ်းပါဦး ဆရာကြီးရယ်"

ထိုအခါ ဗိုလ်ပုတက်က...

www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်လှပြီဗျာ၊ ကျုပ်လည်း အိပ်ချင်ပါပြီ" ဆို၍ မတုန်မလှုပ်ရှိနေလေ၏။

နောက်တစ်နေ့ညသ္ဘ ဘီဒီအေတပ်ခွဲနှင့် ဂျပန်တို့ တိုက်ကြရသောအခြင်းအရာမှာ လူတိုင်းသိကြပြီးဖြစ်ရာ ထူးဆန်းသော အခြင်းအရာမှာကား ဗိုလ်ပုတတ်၏ အလောင်းကို လည်ပင်းတွင် ဒဏ်ရာနှင့် ၎င်း၏သူငယ်ချင်းများ တွေ့ကြရလေတော့သတည်း။

■

BURMESE CLASSIC .com

# စက္ကင်းပတ္တမြားမောက် ပျောက်ဆုံးသလော

သားသမီးကို ပညာတတ်စေလိုသော စေတနာထားမှုအရာတွင် ကျွန်ုပ်၏ ...များကဲ့သို့သော မိဘမျိုး ရှားလိမ့်မည်ထင်မိသည်။ ကျွန်ုပ် ၇ နှစ်သားအရွယ် ... မန္တလေးမြို့ ရန်နှင်တံခါးအနီး၌ နေထိုင်လျက်ရှိရာ အိမ်တော်ရာဘုရား တောင် ...ရှိ ဒက္ခိဏာဝံတိုက် ဘိတ်ကျောင်း (မြိတ်ဘုန်းကြီးကျောင်း)၌ ပညာသင်ရန် ...ထားသည်။ ကျောင်းအိပ်ကျောင်းစားမဟုတ်၊ နေ့ကျောင်းသားအဖြစ် အပ်နှံ...ခဲ့၏။

ကျွန်ုပ်တို့၏ နေအိမ်တည်ရှိသော ရန်နှင်တံခါးနှင့် အိမ်တော်ရာဘုရားမှာ ...ပြ (လမ်း)ကွာလှမ်းသည်ဖြစ်ရာ မန္တလေးမှ တစ်ပြ(တစ်လမ်း)ဆိုလျှင် သေချာ... သွားရသည်ဟု ရန်ကုန်သားများ ပြောတတ်ကြခြင်းကို ထောက်ခြင်းအား ...၇ ပြဆိုသောခရီးမှာ မနီးလှဟူ၍ နားလည်နိုင်ကြပေလိမ့်မည်။

ကျောင်းအပ်ခါစ၌ ကျွန်ုပ်သည် ရွှေတချောင်းမြောင်းပေါင်တစ်လျှောက် ...အပြန် နေ့တိုင်းလမ်းလျှောက်ရ၏။ အတန်ငယ် လူရည်လည်လာသော ...မြောင်းပေါင်ကြီးအတိုင်း လမ်းမလျှောက်တော့ဘဲ အခြားသော ... ...တစ်လျှောက် လမ်းလျှောက်၍ မြင်းရထားနောက်မြီး ခိုးစီးသော... ...တတ်လာခဲ့လေပြီ။ သို့ရာတွင် သူငယ်ချင်းချင်း နောက်ပြောင်...ကြောင်...ဖွဲ့ဖူးရောင်ခြင်းများ၊ ကျော၌ အရိုးများ မကြာခဏ ရခဲ့...။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်ကြပုံမှာကား မြင်းရထားနောက်မြီးရှိ ထိုင်ခုံကလေးပေါ်
ဝမ်းလျားမှောက်ကာ တွယ်ကပ်လိုက်လာစဉ် လမ်းခရီး၌ သူငယ်တစ်ယော
ယောက်က "ဟေးဂယ်ရီဝါလား နောက်မှာ ကောင်ကလေးပါတယ်"ဟု အော်
လိုက်ရာတွင် မြင်းရထားကုလားက အမိုးပေါ်မှကျော်ပြီး ကျာပွတ်နှင့် ရှီးခနဲ
လိုက်၏။ အများအားဖြင့်မူကား လမ်းပေါ်မှသူငယ်ကလေး အော်သံကြားသည်
တစ်ပြိုင်နက် လျှောဆင်းနှင့်ပြီးဖြစ်၍ ကျာပွတ်ချက်မှ လွတ်တတ်ပါ၏။

တစ်ခါတစ်ရံ၌မူ ထိုကဲ့သို့ အော်၍မပြောဘဲ သူငယ်တစ်ယောက်က
ပေါ်မှ ဦးခေါင်းငုံ့ခြင်း၊ လက်ညှိုးညွှန်ခြင်းဖြင့် အချက်ပေးလိုက်ရုံနှင့် မြင်းရ
ကုလားက ကျာပွတ်ဖြင့် ရှီးခနဲရိုက်လိုက်ရာ ကျာပွတ်ကြိုးအဆုံးတွင် ပါရှိ
အထုံးသည် ဦးခေါင်းပေါ်သို့ ကျသဖြင့် ရုတ်တရက်လျှောဆင်းပြီး ဖူးရောင်
ဒဏ်ရာကို လက်ဖြင့်ပွတ်သပ်ရသည်ဖြစ်စေ၊ ကျောကို ရိုက်မိလျှင်လည်း တွန့်
ကာ လျှောဆင်း၍ ကျောမှအရှိုးကို ပွတ်သပ်ပေးရသည်ဖြစ်စေ ပြုလုပ်ရ
အချက်ပေးသော သူငယ်မှာရွယ်တူချင်းဖြစ်ပါလျှင်လည်း ပြေးလိုက်ပြီး တစ်ချီ
ပွဲ လက်ဗျော့ထိုးခဲ့ရသေး၏။ ကိုယ့်ထက်ကြီးသူဖြစ်လျှင်မူကား ဒဏ်ရာကိုပွတ်
အောင့်အည်းသည်းခံခဲ့ရလေသည်။

ဘုန်းကြီးကျောင်းမှအိမ်သို့ပြန်သောအခါတွင် အခြားတစ်နည်းရှိသေး
ထိုခေတ်၌ နွားတစ်ကောင်တည်းတပ်သည့် မြူနီစပယ်အမှိုက်လှည်းများ ရှိသေ
၎င်းတို့သည် ညနေခင်းအချိန်များတွင် ဈေးချိုမှ(၎င်းတို့နေသည့်)မြောက်ပြင်အ
သို့ ရွှေတချောင်းမြောင်းပေါင်ကြီးတစ်လျှောက် မောင်းနှင်ပြန်လေ့ရှိသည်။

အများအားဖြင့် ကျောင်းဆင်းချိန်နှင့် အမှိုက်လှည်းများပြန်ကြသော
သည်တိုက်ဆိုင်တတ်၏။ ကျွန်ုပ်က စောလျှင်လည်း စောင့်နေတတ်သည်။
မှာ ကလေးသူငယ်တို့ဘာဝအတိုင်း လှည်းမောင်းချင်တတ်သည့်အလျှော
အမှိုက်လှည်းမောင်းဖို့ ခွင့်တောင်း၍ မောင်းတတ်သောအခါတွင် အမှိုက်လှည်း
မားသည် ကျွန်ုပ်အား လှည်းမောင်းစေ၍ သူကိုယ်တိုင်မှာ ခြေသြောင်းလက်
လမ်းလျှောက်၍ လိုက်တတ်သည်။ သို့ဆိုလျှင် သူ့မှာလည်း အနားရ၍
အဖို့မှာလည်း လှည်းမောင်းရသော 'ဂုဏ်'ကတစ်မျိုး၊ ခြေသြောင်းသက်သာ
က တစ်မျိုးကြောင့် နှစ်ဦးနှစ်ဝ ဟန်ကျလျက်ရှိကြလေတော့သည်။

တစ်ညနေ၌ ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသား၏ ထုံးစံအတိုင်း
ကြီးနှင့်အတူ သချိုင်းသို့ အသုဘရှုလိုက်ခဲ့ရ၍ ငှက်ပျောသီးနှစ်ဖီး ဝေစုရခဲ့သည်
လျှိုကာထမ်းပြီးလျှင် အမှိုက်လှည်းနှင့် ဆုံတွေ့သောအခါတွင် ထုံးစံအ
လှည်းမောင်းလျက် လာကြသည်။ လှည်းသမားအားလည်း ငှက်ပျောဖီးမှ



ံုးခွေ၍ မိတ်ဖြစ်ဆွေဖြစ် ကျွေးလိုက်သေးသည်။ ရွှေတချောင်းမြောင်းပေါင်
လျှောက် တအိအိမောင်းနှင်လာကြ၍ မဲအိုးတန်းရပ်ကွက်သို့ ရောက်ကြရာတွင်
ထိမ်ဖိုထဲမှ လူတစ်ယောက် ပြေးထွက်လာ၍ သူ့ရှေ့မှလည်း ခိုတစ်ကောင်
က်သွားသည်ကို မြင်လိုက်ရ၏။ ထိုသူက "ပြီးပါပြီဗျ၊ သောက်ကျိုးနည်းပါ
ငမောက်ပတ္တမြား ပါသွားပါပြီဗျ၊ လုပ်ကြပါဦးဟ လိုက်ကြပါဦးဟ" စသည်
ဆူညံစွာ အော်ဟစ်ကာ တောင်ပြေးမြောက်ပြေး ခုန်ပေါက်ပြေးလွှားလျက်
န်းထိမ်ဖိုထဲမှလည်း အခြားလူများထွက်လာကြ၍ ခိုနောက်သို့ပြေးလိုက်ကြ
၏၊ သို့ရာတွင် ခိုမူကား မြောက်ဘူးဘူးသို့ ပျံသွားပြီဖြစ်၍ ခြေကျင်မဆိုထားဘိ
ိုလိုက်သော်လည်း (ထိုခေတ်က မော်တော်ကားမပေါ်သေး)မမီနိုင်ရုံသာမက
ည်ပြတ်၍ သွားလေပြီ။ **ပျံထွက်သွားသောခိုမှာ အညိုရောင်ကိုယ်လုံးရှိ၍**
**င်းဖြူသည်ဟု ကျွန်ုပ် သတိပြုလိုက်မိသည်။**

နောက်တစ်ခဏတွင် မဲအိုးတန်းတစ်ရပ်လုံးမှ လူများ ပြေးလာကြ၍
ထိမ်ဆရာအား ဖြစ်ပျက်ပုံကိုမေးကြရာ အမှိုက်လှည်းသမားမှာ ကျွန်ုပ်ကဲ့သို့
င်စားခြင်းမရှိသဖြင့် လှည်းမရပ်ဘဲ မောင်းဖို့ပြောသည်တွင် ကျွန်ုပ်သည်
ုံးလျှိုသော ငှက်ပျောနှစ်ဖီးကို လှည်းပေါ်မှချ၍ အစအဆုံးနားထောင်ရန်
က် လှည်းပေါ်မှဆင်းနေရစ်လေသည်။ အရပ်သားများက တစ်ယောက်
း မေးမြန်းကြ၍ ပန်းထိမ်ဆရာက ပြန်ဖြေသည်မှာ ခင်လေးဆင်အပ်သော
ြားလက်စွပ်ကို ခေတ်ဆန်ဆန်ပြန်၍ကွင်းရန် ကျောက်ကိုဖြုတ်၍ ကြေး
်းကလေးထဲ၌ ထည့်ထားပြီး လက်ဖက်ရည်အိုး ဝေကျသည်နှင့် လက်ဖက်
ခပ်ဖို့ ထသွားလိုက်မိ ရာတွင် ခိုတစ်ကောင်က ပတ္တမြားကို မျိုသွားကြောင်း၊
အရပ်က လာသည့် ခိုမှန်းလည်း မသိကြောင်း၊ ဤမျှလောက် အရည်
သော ပတ္တမြားကို မိမိလည်း လျော်နိုင်မည်မဟုတ်သောကြောင့် ခင်လေး
ှင့် စကားများပြီး ဘယ်အဖြစ် ရောက်ရဦးမည်မသိကြောင်း၊ ညကတည်းက
်မကောင်း မြင်မက်၍ သတိထားနေရာ တစ်နေ့လုံး မျက်ခုံးလည်း ခဏခဏ
ကြောင်း စသည်များဖြင့် ပြောပြရင်း ရင်ဘတ်ကို ခဏခဏထုလေရာ အရပ်
းလည်း စုတ်တသပ်သပ်နှင့် နားထောင်လျက်ရှိကြလေသည်။

ကျွန်ုပ်သည် အထက်ပါအကြောင်းအရာများကို သိရ၍ တော်လောက်ပြီ
ဖြတ်ကာ ပြန်တော့မည်ဟု ငှက်ပျောနှစ်ဖီးကို ဝါးလုံးလျှိုလျက်ရှိစဉ် မိန်းမ
်ယောက်နှင့် လူကြီးတစ်ယောက်သည် ကပျာကသီရောက်လာကြ၍
သလား၊ ဟုတ်သလား" ဟု မေးကြရာ ပန်းထိမ်ဆရာက "ဟုတ်ပါတယ်
" ဟု ပြောလိုက်သဖြင့် မိန်းမကြီးသည် ရင်ဘတ်ကို စုံထုကာ "ကိုယ်ကျိုး

www.burmeseclassic.com

www.burmeseclassic.com



နည်းပါပေါ့လားရှင်တို့"ဟု ရေရွတ်မြည်တမ်းလေတော့သည်။ ထိုမိန်းမကြီးကား ပတ္တမြားလက်စွပ်ရှင် ခင်လေးဆင်ပင်ဖြစ်သည်ဟု အခြားလူများ ပြောပြ၍ ကျွန်ုပ် သိရသည်။ ထို့နောက် ခင်လေးဆင်က "ဘယ်ကနိုလဲ၊ ကိုရင်မောင်ရဲ့အိမ်ကနို လား"ဟု မေးရာ ပန်းထိမ်ဆရာက "အိမ်ကနိုဖြစ်ရင် သတ်ပြီးစလုတ်က ထုတ်ယူ မှာပေါ့ ခင်လေးရယ်၊ ဘယ်ကနိုမှန်းမသိရလို့ ခက်နေတာပေါ့"ဟု ပြန်ပြော၏။ ဤတွင် တစ်ယောက်သောအရပ်သားက "ညောင်ပင်ဈေးနားက နိုသမားကိုကျော့ ရဲ့ခို့တွေနဲ့တူတယ်၊ သူ့ခို့တွေက ဒီကိုခဏခဏ လာတတ်တာပဲ"ဟု ပြောသဖြင့် ခင်လေးဆင်က "သူ့မှာခို့ဘယ်နကောင်လောက် ရှိသလဲ"ဟုမေးရာ အရပ်သား က "နည်းဘူးဗျ၊ ကိုးဆယ်တစ်ရာလောက်ရှိမယ်ထင်တယ်"ဟုပြော၏။ ခင်လေး ဆင်က ပန်းထိမ်ဆရာအား "ပတ္တမြားမျိုသွားတဲ့ခို့က ဘယ်လိုအသွေးအရောင်လဲ" ဟု မေးရာ ပန်းထိမ်ဆရာက "ဦးခေါင်းဖြူနဲ့ခို့ညိုပဲခင်ဗျ"ဟု ပြန်ပြော၏။ "ကိုင်း ဒါဖြင့်လာ၊ ခို့မွေးသူ ကိုကျော့အိမ်လိုက်ပြီး အကျိုးအကြောင်းပြော၊ ဝယ်တန် ဝယ်ယူရအောင်"ဟု ခင်လေးဆင်က ပြော၍ ပန်းထိမ်သည်နှင့်အတူ ထွက်သွားကြ လေရာ လူစုကွဲ၍ ကျွန်ုပ်လည်း ငှက်ပျောဖီးထမ်းလျက် ပြန်လာခဲ့လေတော့သည်။

ကျွန်ုပ်သည် အတန်မိုးချုပ်မှ အိမ်သို့ပြန်ရောက်၍ မိဘများက ဘာကြောင့် အောင်ခါနီးမှ ပြန်ရောက်ရသနည်းဟု ထုချေလွှာတောင်းကြရာတွင် ပတ္တမြားကို ခို့မျိုသ သို့အခြင်းအရာကြောင့် နားထောင်နေမိသဖြင့် နောက်ကျရကြောင်း ဖြေဆို ချက်ပေးရာတွင် မိခင်က–

"နေပါဦးဟဲ့၊ ပတ္တမြားရှင်က ခင်လေးဆင်တဲ့လား"

"ဟုတ်တယ် အမေ"

"အသားခပ်ဖြူဖြူ အရပ်ပျပ်ပျပ်လေ"

"ဟုတ်တယ်အမေရဲ့"

"သူ့ယောကျ်ားကော လိုက်လာသေးလား"

"ယောကျ်ားတစ်ယောက်တော့ ပါလာတယ်အမေ"

"ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးကောင်းကောင်း သျှောင်ကြီးနဲ့လေ"

"မဟုတ်ဘူးအမေရဲ့၊ ပုပုပျပ်ပျပ် ခေါင်းတုံးနဲ့လူပဲ"

"ဒါဖြင့်မဟုတ်ဘူး၊ သူ့ယောကျ်ား မောင်မောင်တင့်က ဖဲဝိုင်းကမထနိုင်ဘူး ထင်တယ်"

"သူတို့ကို အမေသိသလား"

"သိတာပေါ့ဟယ်၊ နန်းတော်ထဲမှာ အတူနေခဲ့ရတဲ့ သူငယ်ချင်းတွေပေါ့"



ကျွန်ုပ်၏မိခင်မှာ သီပေါဘုရင်၏ စာတော်ဖတ်ဖြစ်ခဲ့ဖူး၍ ခင်လေးဆင် အား သိသည်ဟုပြောခြင်းဖြစ်ရာ ကျွန်ုပ်သည် ခင်လေးဆင်အကြောင်း မိခင်သိခဲ့ပုံ အခြင်းအရာများကို ဆက်လက်မေးမြန်းသဖြင့် မိခင်က ပြန်ပြောလေသည်။ အ ကျဉ်းချုပ်မှာကား သီပေါရှင်ဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့ကို ဗြိတိသျှအစိုးရ၏ ခစ်တပ်ဗိုလ်ချုပ်စလေဒင်က နန်းတော်ထဲ၌ ဖမ်းဆီးသည့်အခါ ဘုရင့်ပစ္စည်းအချို့ ကို စစ်ဗိုလ်မှူးက ခိုးဝှက်၍ယူကြကြောင်း၊ အချို့သော ပန်ချာပီစစ်ဗိုလ်ကလေး များသည် မိဖုရား၏ ဝတ်လဲတော်(ထမီ)များကို ဦးခေါင်း၌ရစ်ပတ်ကာ 'ပေါင်း' ၍ ထွက်လာကြခြင်းကို မြင်ရသဖြင့် မိခင်တို့လူစုမှာ 'ငိုအားထက်ရယ်အားသန်' ဆိုသော စကားကဲ့သို့ အရှင်နှစ်ပါး ပါတော်မူမည့်အရေးထဲ၌ပင် ရယ်မိကြရသေး ကြောင်း၊ အချို့သောအပျိုတော်များသည်လည်း ဘဏ္ဍာတိုက်ထဲသို့ဝင်၍ ရွှေသင် ဖြူးများကို အလိပ်လိုက်ဝှက်ယူရန် မဖြစ်နိုင်သည်နှင့် ကတ်ကြေးဖြင့်ကိုက်ညှပ်ကာ ခါးကြားသို့သွင်းဝှက်၍ ယူကြကြောင်း၊ မိဖုရားသည် မိမိ၏အပျိုတော်များအား မိမိတို့နှင့်အတူလိုက်လိုသူ ရှိပါသလောဟု မေးမြန်းရာ ခင်လေးဆင်နှင့် အခြားအပျို တော်တစ်ယောက်နှစ်ယောက်တို့က လိုက်ပါမည်ဟု လျှောက်ထားကြ၍ မိဖုရား က ပစ္စည်းများကို အပ်နှံကြောင်း၊ အခြားသောအပျိုတော်များ လိုက်ပါသွားကြ သော်လည်း အပျိုတော်ခင်လေးဆင်မှာ လိုက်ပါတော့မည်ကဲ့သို့ ဟန်ပြင်ပြီးမှ မိဖုရား၏ပစ္စည်းထုပ်နှင့် ချန်နေရစ်ခဲ့သူဖြစ်ကြောင်း၊ အင်္ဂလိပ်မင်းလက်ထပ်၌ ခင် လေးဆင်သည် သံတော်ဆင့်တစ်ယောက်၏သား မောင်မောင်တင့်နှင့် အကြောင်း ပါ၍ ဘာမျှမလုပ်ဘဲ ထိုင်စားနိုင်ကြကြောင်း၊ သို့သော် ထိုင်စားရုံနှင့် မကျေနပ်ဘဲ နေ့ရှိသမျှ ဂျင်၊ ဖဲကစားကြသဖြင့် အတော်ရှုံး၍ ပစ္စည်းများကို ထုခွဲရောင်းချသည် ဟု ကြားရကြောင်း၊ ယခုပျောက်သည်ဆိုသော ပတ္တမြားမှာ ငမောက်ကြီးမဟုတ်၊ ငမောက်ကလေးဖြစ်လိမ့်မည်ထင်ကြောင်း၊ ငမောက်ကြီးမှာ စလေဒင်၏လက်သို့ ပါသွားသည်ဟု ကြားရကြောင်း စသည်ဖြင့် ပြောပြလေသည်။ နိဂုံးချုပ်၌ မိခင်က–

"မတရားသဖြင့်ယူထားတဲ့ ပစ္စည်းဆိုတာမျိုးဟာ ဘယ်မှာအဖတ်တင်မ လဲ ငါ့သား၊ တတိတတိနဲ့ပြုတ်ပြီး နောက်ဆုံးမှာ ငမောက်ကလေးတောင် ပြောင် တော့တာပေါ့"

"နေပါဦးအမေရဲ့၊ ခင်လေးဆင်တို့တော့ရတယ်၊ အမေတော့ ဘာမှမရ လိုက်ဘူးလား"

"ခင်လေးဆင်ကမိဖုရားနဲ့လိုက်ပါမယ်ဆိုပြီး မလိုက်ဘဲနဲ့ချန်နေရစ်တာကွဲ့"

"နေပါဦးလေ၊ ခုနင်က ရွှေသင်ဖြူးတွေကို ကတ်ကြေးနဲ့ကိုက်ညှပ်ယူတဲ့ နည်းကော အမေတို့မလုပ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွဲ့ ငါ့သား၊ အမေက ဟိုတုန်းက ၁၈ နှစ်သမီးရှိသေးတယ်။ ငယ်ရွယ်သူဖြစ်လေတော့ ဘာမှလိုချင်ရကောင်းမှန်း မသိဘူး။ စစ်တပ်တွေမြင်ရပြီး ကြောက်ချေးပါနေရတော့တာပဲ။ ခုနင်က လုပ်တာမျိုးက အပျိုတော်ကြီးတွေ၊ သခင်ကြီးတွေမှ စိတ်ကူးရကြတာကိုး၊ ရိုးရိုးပြောရရင် မလိုချင်လို့တော့ မဟုတ်ဘူး၊ ကြောက်အားကြီးပြီး မလုပ်ဝံ့တာကြောင့်ပါပဲ"

(မိခင်၏စကားမှာ ဟုတ်မှန်ပုံရသည်။ ကျွန်ုပ်တို့မှာ ကြွယ်ဝချမ်းသာသော အပိုင်းထဲမှ မဟုတ်ချေ။)

* * *

နောက်တစ်နေ့၌ ကျွန်ုပ်သည် ကျောင်းသို့သွားသောအခါ မဲအိုးတန်းပန်းထိမ်ဖိုရှေ့မှဖြတ်သွားပြီး ပန်းထိမ်ဖိုဘက်သို့ လှမ်းကြည့်လိုက်သောအခါ ခင်လေးဆင်နှင့် ပန်းထိမ်ဆရာအပြင် အခြားလူသုံးလေးယောက်တို့သည် တိုင်ပင်စည်းဝေးလျက်ရှိကြရာ ၎င်းတို့၏ ခြေဟန်လက်ဟန်များကို မြင်ရခြင်းအားဖြင့် စိတ်အားထက်သန်စွာ ငြင်းခုံလျက် ရှိကြပုံရ၏။ ဘာတွေငြင်းနေကြသည်ဟု သိလိုသော်လည်း ကျောင်းနောက်ကျမည်စိုး၍ နားထောင်ချင်လျက်နှင့် ထွက်လာခဲ့ရသည်။ သို့သော် ပျောက်ဆုံးသော ငမောက်ပတ္တမြားမှုကား ပြန်တွေ့သေးဟန်မတူဟု ကျွန်ုပ် အကဲခတ်ခဲ့မိသည်။

ညနေကျောင်းဆင်းလာသောအခါ ကျွန်ုပ်သည် ငမောက်ပတ္တမြားအကြောင်းကို ဈေးဇေက်မှ ကြားခဲ့ရသည်။ ကြားရပုံကား ဤသို့တည်း။ ကျွန်ုပ်ခုနှိုးနှစ်ပြားရသည့်အနက်မှ နေ့ခင်းအချိန်တွင် တစ်ပြားဖိုးသာ ဝယ်စား၍ ကျန်သော တစ်ပြားကို ဈေးချိုထဲမှ ပဲကြီးလှော်ဝယ်၍ ခါးပိုက်၌ထည့်ကာ လမ်းတစ်လျှောက်လုံး တချွတ်ချွတ် ဝါး၍ စားသွားတတ်သည်။ ဤသို့မလုပ်ခဲ့လျှင် ၁၇ ပြခရီးကို လမ်းလျှောက်ရခြင်းမှာ နုံးချည့်လှသည်။ ထိုနေ့ညနေက ဈေးချိုထဲသို့ ဝင်၍ ပဲလှော်ဝယ်လျက်ရှိစဉ် အနီးအပါးရှိ ဈေးသည်များသည် 'စက္ကင်းငမောက်ပတ္တမြား' အကြောင်းကို သူ့ထက်ငါအလုအယက် ပြောပြလျက်ရှိကြ၏။ (ထိုခေတ်၌ အင်္ဂလိပ်လို တတ်သူတစ်ယောက်တလေက အင်္ဂလိပ်စကားလုံး ညှပ်ပြောလိုက်လျှင် အခြားသူများကလည်း လိုက်ရောပြီး ပြောတတ်ကြခြင်းကြောင့် ထိုစကားလုံးပင် 'တွင်'သွားတတ်သည်။ ထို့ကြောင့် စက္ကင်းစိန်သုံး၊ စက္ကင်းဖိုးစိန်ခသည်ဖြင့် သုံးနှုန်းတတ်ကြသည်နည်းတူ 'စက္ကင်းငမောက်' ဟူသော စကားလုံးပင် တီထွင်ထားကြလေပြီ)ပဲလှော်ဝယ်ရင်း ကျွန်ုပ်နားထောင်လျက်ရှိစဉ်–



ဈေးသည်တစ်ယောက်။ ။"ခိုးချီသွားတဲ့ ပတ္တမြားက ငမောက်ကြီးမဟုတ်သေးဘူးတဲ့၊ ငမောက်ကလေးဆိုတော့ စက္ကင်းငမောက် ခေါ်ရမှာပေါ့လေ၊ ငမောက်ကြီးဟာ ဝါဂွမ်းတစ်ပိဿာလောက်ထဲ ထည့်လိုက်ရင် ဂွမ်းတွေအားလုံး နီရဲသွားရောတဲ့။ စက္ကင်းငမောက်ကတော့ ဂွမ်းအစိတ်သားလောက်သာ နီနိုင်တယ်ဆိုပါကလား"

အခြားတစ်ယောက်။ ။"ငုံတယ်ခေါ်ရတယ်တော့။ ငမောက်ကြီးက တစ်ပိဿာငုံတယ်။ စက္ကင်းငမောက်က အစိတ်သားငုံတယ် ဒီလိုပြောရတယ်"

အခြားတစ်ယောက်။ ။"ဒါထက် ခိုသမားကိုတားက တယ်အကြံပိုင်ပါကလား။ ခိုမွေးသူကိုကျော့ဆီက ခိုခေါင်းဖြူရှိသမျှ ၁၀ ကောင်ကို သိမ်းကျုံးပြီး ဝယ်သွားဆိုပါကလား"

တစ်ယောက်။ ။"ဟုတ်လိုက်လေဗျာ၊ ခင်လေးဆင်နဲ့ ပန်းထိမ်ဆရာတို့က ချက်ချင်းလိုက်သွားတာတောင် ရောင်းကုန်ပြီးနှင့်ပြီတဲ့လား"

ဘစ်ယောက်။ ။"ဟုတ်သတဲ့တော့။ ခိုသမားကိုတားက ခို ၁၀ ကောင်ကို ငွေ ၂၅ ပေးဝယ်လို့ ရောင်းလိုက်ပြီတဲ့"

ဘစ်ယောက်။ ။"နို့၊ ဒါဖြင့် ဘယ့်နှယ်လုပ်ပ၊ ကိုတားဆီကို ခင်လေးဆင်တို့က မလိုက်ကြဘူးတဲ့လား"

ဘစ်ယောက်။ ။"လိုက်ပြီလားတော်၊ လိုက်ပေမဲ့ ဘာရမလဲ ကိုတားအာလူပါးကပဲ၊ ဒီယုန်မြင်လို့ ဒီချုံထွင်ထားတာ၊ ဘယ်ကလာရောင်းတော့မှာလဲ"

ဘစ်ယောက်။ ။"မြန်လည်း မြန်လိုက်ပါပေ့တော်၊ ခုချက်ချင်းလိုက်တာတောင် မမီလိုက်တော့ဘဲကိုး၊ လွန်ပဲလွန်လွန်းတယ်"

ဘစ်ယောက်။ ။"မလွန်နဲ့လေ၊ ပန်းထိမ်သည်က ခင်လေးဆင်ဆီ လူလွှတ်ပြောနေတုန်း ခိုသမားကိုတားက ကြားလို့မို့ ချက်ချင်းဆြေ ဘယ်ထားဟန်တူတယ်"

ဘစ်ယောက်။ ။"ခင်လေးဆင်တို့ လိုက်သွားတော့ ကိုတား[illegible]ပြောသတဲ့လဲ"

ဘစ်ယောက်။ ။"သူ့ပစ္စည်းကို သူရောင်းချင်မှ ရောင်း[illegible]တဲ့၊ လိုချင်ရင် ၅၀၀၀ ပေးရမတဲ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။ ။"လွန်လွန်းလှချေတော်။ ၂၅ ကျပ်နဲ့ ဝယ်ထားတာကို ၅၀၀ဝ တောင်းတာများတော့ မကဲလွန်းဘူးလား တော်တို့"

တစ်ယောက်။ ။"မပြောနဲ့လေ၊ ဒါကတော့ ငမောက်က တစ်သောင်းကျော်တန်တယ်ဆိုတာကိုး"

ဤတွင် ဈေးဝယ်သူများ အစုလိုက်ရောက်လာသည်နှင့် ဈေးသည်များမှာ စကားပြတ်သွားလေရာ ကျွန်ုပ်လည်း ပဲလှော်ဝါးရင်း ထွက်လာခဲ့ရလေတော့သည်။ မဲအိုးတန်းသို့ရောက်၍ ပန်းထိမ်ဖိုသို့ လှမ်းကြည့်လိုက်သောအခါ ကာလသားခေါင်းကိုလေးတာရောက်နေ၍ စတိုင်ပါပါနှင့် စကားပြောနေသည်ကို အခြားလူများက ဝိုင်းရံကာ နားထောင်လျက်ရှိကြသည်ကို မြင်ခဲ့ရသည်။ ဘာတွေ ပြောနေကြသည်ဟု သိလိုလှသော်လည်း ဈေးချိုထဲ၌လည်း အတော်အချိန်ကုန်ခဲ့ပြီဖြစ်သောကျွန်ုပ်မှာ မိုးချုပ်မည်စိုးသည်နှင့် လှည့်တကြည့်ကြည့်နှင့် ဆက်လက်လျှောက်လာခဲ့ရသည်။ ထိုလူစုထဲတွင် ယူနီဖောင်းဝတ် ပုလိပ်တစ်ယောက်နှစ်ယောက်ကိုလည်း မြင်ခဲ့ရသည်။

* * *

ဤနေရာ၌ ထိုခေတ်က ခိုများ ရေပန်းစားပုံကို ဖော်ပြပေဦးမည်။ နံနက်ခင်း၊ ညနေခင်းအချိန်များ၌ မန္တလေးမြို့လမ်းများပေါ်တွင် လျှောက်သွားပါက 'လာ...လာ...လာ...လာ' ဟူသော အသံများကို တစ်ရပ်၌မကြားလျှင် တစ်ရပ်၌ကြားရတတ်ပေသည်။ ဤအသံများကား ခိုသမားများ 'ခိုကျင့်'သည့်အသံများပင် ဖြစ်သည်။ ခိုကျင့်ခြင်းဟူသည်မှာ ခိုငှက်သတ္တဝါသည် မည်သည့်နေရာမှ လွှတ်လိုက်သည်ဖြစ်စေ၊ မိမိနေအိမ်(ယင်း)သို့ ပျံလာတတ်သည်ဖြစ်ရာ ခိုကို တစ်နေရာမှလွှတ်လိုက်ပြီးနောက် ခိုအိမ်အနီးမှ သခင်ကရပ်၍ 'လာ...လာ...လာ...လာ' ဟု အသံကုန်ဟစ်ကာ ခေါ်ရခြင်းဖြစ်လေသည်။ ထိုကဲ့သို့ သုံးလေးလတန်သည်ဖြင့် လေ့ကျင့်ပြီးသောအခါ ကျင့်သားရသော ခိုအချင်းချင်း အလောင်းအစားနှင့် ပြိုင်ကြခြင်းဖြစ်လေသည်။ ခိုပြိုင်ပုံကား အောက်ပါအတိုင်းပေတည်း။

ကျွန်ုပ်ကိုယ်တိုင် မြင်ဖူးသော ခိုပြိုင်ပွဲတစ်ခုကို ဖော်ပြရပေဦးမည်။ မန္တလေးမြို့ ၂၈ လမ်း'ယင်း'ရှိသော ခိုတစ်ကောင်နှင့် လမ်း ၂၀ 'ယင်း'ရှိသော ခိုတစ်ကောင်ပြိုင်ကြရာတွင် အလယ်ဗဟိုကျသော ၂၄ လမ်းတွင် အုပ်ဆောင်းတစ်ခုချထား၏။ အဆိုပါ ခိုနှစ်ကောင်ကို ရန်ကင်းတောင်သို့သွား၍ တစ်ပြိုင်တည်းလွှတ်လိုက်ရာ ခိုများသည် မိမိ၏ယင်းသို့ အသီးသီးပျံလာကြ၏။ ယင်းသို့ရောက်သည်



နှင့်တစ်ပြိုင်နက် ယင်းအနီးမှ စောင့်နေသောအပြေးသမားတစ်ယောက်သည် ခိုကိုဖမ်း၍ အုပ်ဆောင်းရှိရာသို့ ပြေးသွား၏။ ၂၈ လမ်းရှိ ခိုကိုလည်းကောင်း၊ လမ်း ၂၀ ရှိ ခိုကိုလည်းကောင်း ဗဟိုချက်ဖြစ်သော ၂၄ လမ်းရှိ အုပ်ဆောင်းဆီသို့ အပြေးသမားအသီးသီးက ကိုင်လျက်ပြေးကြလေသည်။ ခိုယင်းများနှင့် အုပ်ဆောင်းရှိသော ၂၄ လမ်းမှ လေးပြ(၄လမ်း)ကွာဝေးလေရကား အပြေးသမားသည် ဤမျှလောက်ဝေးလံစွာ တစ်ဆက်တည်း တစ်တန်းတည်း မပြေးနိုင်ကြသောကြောင့် တစ်ပြလျှင် အပြေးသမားတစ်ယောက်စီ စောင့်လျက်ရှိကြ၏။ သို့ဖြစ်၍ ခိုတစ်ကောင်အတွက် အပြေးသမားလေးယောက်စီ ပါဝင်ကြရလေသည်။

များစွာသော ခိုပွဲများ၌ အုပ်ဆောင်းဆီသို့ ခိုကိုင်လျက် ပြေးလာသော အပြေးသမားနှင့် အခြားတစ်ဖက်က ပြေးလာသော အပြေးသမားတို့မှာ ၁၀တောင်၊ ၁၅ တောင် စသည်ဖြင့် ကွာလှမ်းတတ်သောကြောင့် ခိုကို ယင်းထဲသို့ ထည့်သွင်းရန် အခက်အခဲမရှိဘဲ အလွယ်တကူနှင့်ပင် ထည့်နိုင်လေသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌မူ ခိုချင်းလည်း အပျံတူ၍ အပြေးသမားချင်းလည်း ခြေတူကြသည့်အခါများလည်း ရှိတတ်သေး၏။ ထိုသို့သောအခါများ၌ (ဖြစ်တော့လည်း ဖြစ်ခဲ့သည်၊ ယခုသော် ကျွန်ုပ်ကြည့်ရသော ခိုပွဲ၌ကား ဤအတိုင်းဖြစ်ခဲ့သည်။)အုပ်ဆောင်းသို့ ထည့်ရသော အပြေးသမားမှာ အပြေးကောင်းရုံသာမက အလုအယက်ထည့်နိုင်သည်း ရှိနိုင်သေးသောကြောင့် ဗလကောင်း၍ လက်ဖော့သတ်တတ်ဖို့လည်း လိုသေးသည်။ အထက်ပါခိုပွဲ၌ အပြေးသမားရှစ်ယောက်ရှိသည့်အနက် နောက်ဆုံး အပြေးသမားနှစ်ယောက်မှာ အရေးအကြီးဆုံး ဖြစ်ကြလေသည်။

အထက်ပါခိုပွဲ၌ ကျွန်ုပ်သည် အိမ်မှကျောင်းသို့အသွား စိန်ပီတာကျောင်းအနီး၌ ကြုံကြိုက်ခဲ့ရသည်ဖြစ်ရာ အုပ်ဆောင်းအနီး၌ လူအမြောက်အမြား စောင့်ကြည့်နေကြခြင်းကို တွေ့ရခြင်းအားဖြင့် ခိုပွဲကြီးဖြစ်သည်ဟု သိရသည်နှင့် ကျောင်းနောက်ကျ၍ ဘုန်းကြီးရိုက်မည်ကို မစိုးရိမ်နိုင်တော့ဘဲ လူအုပ်ကြီးထဲသို့ဝင်၍ ကြည့်လိုက်ရသည်။ ကြည့်နေကြသော ပရိသတ်သည် ရွှေဘချောင်းမြောင်းပေါင်ပေါ်တစ်ချက်သို့ ကြည့်သူများက ကြည့်ကြ၍ ကောင်းကင်သို့ မျှော်ကြည့်သူများကလည်း ကြည့်နေကြသည်။ ပြိုင်ခိုများရှိကြသော ၂၈ လမ်းနှင့် လမ်း ၂၀ တို့၌မူ ခိုရှင်များက 'လာ လာ လာ လာ' ဟူသော ခေါ်သံများဖြင့် ဆူညံနေသည်ဖြစ်ရာ၊ အုပ်ဆောင်းထားသော ၂၄ လမ်းကမူ ထိုအသံများကို မကြားနိုင်သော်လည်း ကျွန်ုပ်အနီး၌လည်း အချင်းချင်း စကားပြောကြသော အသံများကို ကြားရ၏။

"ခိုတွေကို ရန်ကင်းတောင်ရောက်အောင် ဘယ်လိုလုပ်ယူသွားကြသလဲ"

"ဘိုင်စကယ်တွေနဲ့ တင်ယူကြသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခိုတွေ နွမ်းကုန်တော့မှာပေါ့"

"ဘာနွမ်းမလဲဗျ၊ လက်နဲ့ကိုင်တာ မဟုတ်ဘူး၊ ချိုးထည့်တဲ့အိမ်မျိုးနဲ့ ထည့်ယူရတယ်"

"သွားလွှတ်ကြတာ ဘယ်လောက်ကြာပြီတဲ့လဲ"

"မနက် ၇ နာရီကတည်းကတဲ့"

"ဒါဖြင့် ရောက်လုကြရော့ပေါ့ဗျ"

ယင်းသို့ပြောလျက်ရှိကြစဉ် ပရိသတ်ကြီးသည် (အနည်းဆုံး လူလေးငါးရာလောက် ရှိမည်ထင်သည်) လှုပ်လှုပ်ရွရွဖြစ်လာကြ၍ တောင်ဘက်သို့ ကြည့်သူကြည့်၊ မြောက်ဘက်သို့ မျှော်သူမျှော်ဖြစ်နေကြ၍ တစ်ပြခန့်အကွာအဝေးတွင် တောင်ဘက်ရော မြောက်ဘက်ပါ လူတစ်ယောက်စီ ပြေးလာကြသည်ကို မြင်ကြရသည်။

အပြေးသမားနှစ်ယောက်တို့သည် ခိုကောင်ကိုယ်စီကိုင်လျက် အုပ်ဆောင်းဆီသို့ ခြေကုန်သုတ်လာကြရာ တစ်ဖြည်းဖြည်း နီးသည်ထက် နီးလာကြ၍ တောင်ဘက်က နိုင်လိမ့်မည်၊ မြောက်ဘက်က နိုင်လိမ့်မည် စသည်များဖြင့် ထင်မြင်ချက်ပေးလျက်ရှိကြ၏။ တောင်ဘက်မှ ပြေးလာသောလူမှာ ဖြူဖြူတုတ်တုတ် အရပ်ပုပုဖြစ်၍ မြောက်ဘက်ကလူမှာ မည်းမည်းရှည်ရှည်ဖြစ်လေရာ နှစ်ယောက်လုံးတို့မှာ ခါးတောင်းမြှောင်လုအောင် ကျိုက်ထား၍ အကျီ်ုတုံးလုံးဖြစ်ကြ၏။ ပရိသတ်တို့လည်း သူ့လူ၊ ငါ့လူ၊ သူ့ဘက်၊ ငါ့ဘက် အားပေးလျက်ရှိကြသဖြင့် ကျွက်ကျွက်ညံလျက်ရှိ၏။

အပြေးသမားများလည်း ခိုကိုယ်စီနှင့် ပြေးလာကြရာ တစ်ယောက်ကို တစ်ယောက် လှမ်း၍မြင်နိုင်သောနေရာသို့ ရောက်ကြသောအခါ အလုအယက်ဝင်ရမည်ဖြစ်ကြောင်း သိကြ၍ တိုးပြီးညှစ်ထုတ်ပြေးလာကြ၏။ တောင်ဘက်မှ ပြေးလာသောဖြူဖြူအပြေးသမားသည် အုပ်ဆောင်းအနီးသို့ရောက်၍ လက်၌ကိုင်ထားသော ခိုကိုအုပ်ဆောင်းထဲသို့ ထည့်မည်အပြုတွင် မြောက်ဘက်မှပြေးလာသော မည်းမည်းအပြေးသမားသည် ဖြူဖြူလူကို ဒူးပုံနှင့်ပစ်၍ တိုက်လိုက်တော့သည်။ သို့ရာတွင် ပါးနပ်သော ဖြူဖြူလူကလည်း ဦးခေါင်းကိုငုံ့ပြီး ကိုယ်ကိုကျုံ့ပေးလိုက်ရသောကြောင့် လူချင်းမတိုက်မိဘဲ ခြေဖျားကလေးဖြင့်သာ ပခုံးကိုရှပ်သွားလေသည်။

ဤတွင် မည်းမည်းလူသည် လူချင်းတစ်ကိုယ်လုံးတိုက်ဖို့ ပြင်ဆင်ပြီး ဇွတ်ဝင်လိုက်ပါလျက် ခြေဖျားကလေးမျှသာ ထိခိုက်မိသွားသည့်အတွက်ကြောင့် အားလွန်ပြီး တလိမ့်ခေါက်ကွေး ကျသွားလေရကား မြေကြီးပေါ်တွင် နှစ်လိမ့်သုံး



လိမ့် လိမ့်သွားပြီး လက်ထဲမှ ခိုမှာလည်း လွတ်သွားသဖြင့် ပျံထွက်သွားလေတော့သည်။ ဖြူဖြူလူမှာလည်း (ခိုကိုင်ထားသော လက်ဘက်မှ ပခုံးကို ခတ်မိခြင်းဖြစ်သောကြောင့်)ခိုလွတ်သွားသဖြင့် ပျံတက်သွားလေပြီ။ သို့ရာတွင် ဖြူဖြူလူသည် ခိုကို သတိမရနိုင်ဘဲ မြေပေါ်၌လဲနေသော မည်းမည်းလူဆီသို့ ပြေးကာ တစ်ကိုယ်လုံးအုပ်စီးလိုက်ရာ မည်းမည်းလူက ရင်ဘတ်ကို ခြေထောက်နှင့်ဆီး၍ တားလိုက်သောကြောင့် မြေပေါ်၌ ဖင်ထိုင်လျက်ကျသွား၏။ နောက်တစ်ခဏ၌ လူဖြူနှင့်လူမည်းတို့သည် တစ်ပြိုင်နက်တည်း ထကြ၍ လက်ဝှေ့သတ်ကြလေရာ ပရိသတ်နှင့်ပုလိပ်များက ဖျန်ဖြေပြီး လူခွဲပေးလိုက်ရလေသည်။ ခိုပွဲမှာ အမိန့်ခံ၍ ကျင်းသရခြင်းဖြစ်သောကြောင့် ပုလိပ်အစောင့်အရှောက်ရသည်ဟု ကြားရဖူးသည်။

ကျွန်ုပ်သည် ကျောင်းသို့ကတိုက်ကရိုက်ထွက်လာခဲ့ရာ လမ်းခရီး၌ လူအများပြောသံကို ကြားရခြင်းအားဖြင့် ၎င်းခိုပွဲမှာ သရေပွဲဖြစ်သွားကြောင်း၊ သို့ရာတွင် ဒိုင်လူကြီးများမှုကား အကောက် ၁၅၀ ကျပ်ကို လက်လွှတ်ကြလိမ့်မည်မဟုတ်ကြောင်း၊ ကြားရခြင်းအားဖြင့် လောင်းကြေးမှာ ၁၅၀၀ ကျပ်ကြေး ဖြစ်သည်ဟု သိရလေသည်။ ခိုပွဲမှာလည်း လှေပွဲ၊ လှည်းပွဲစသည်များကဲ့သို့ နီးစပ်ရာတစ်ရပ်လုံးက ဝိုင်း၍လောင်းကြခြင်းကြောင့် အချို့မှာ ၅၀၀၀ ကျပ်အထိ လောင်းကြေးရှိသည်ဟု ကြားရဖူးလေသည်။ သို့သော် ဒိုင်လူကြီးများလည်း ပုလိပ်များနှင့် ဆစားရသည်ဟုလည်း ပြောသံကြားရဖူးလေသည်။

ထိုနေ့ညနေ၌ ကျွန်ုပ်သည် 'ပဲကြီးလှော်ဝယ်ရန် ဈေးချိုသို့ဝင်ရင်း ဈေးဆိုင်တစ်ခုက်ကို နားထောင်ခဲ့ရသေးသည်။ ဈေးသည်များသည် ခိုပွဲအကြောင်းကို ပြောကြသော်လည်း ၎င်းထက် 'စက္ကင်းငမောက်'အကြောင်းကိုသာ သာ၍စိတ်ဝင်စားကြ၏။

တစ်ယောက်။ ။"စက္ကင်းငမောက်အကြောင်း ဘယ်လိုများ ကြားကြသေးသလဲ"

တစ်ယောင်။ ။"ခင်လေးဆင်တို့က ခိုသမား ကိုတားဆီသွားပြီး ရင်ဘတ်စည်တီးနဲ့ ခိုတွေတောင်းလို့လည်းမရ၊ ၂၅ ကျပ်နဲ့ ဝယ်ထားတဲ့ခို ၁၀ ကောင်ကို ၁၀၀ ပေးပါမယ်ဆိုလို့လည်း မရောင်းဘူးတဲ့တော့၊ ခင်လေးဆင်တို့ ကျွမ်းပြန်နေတာပဲတဲ့"

တစ်ယောက်။ ။"နို့၊ ဘယ့်နှယ်လုပ်ပါ့မလဲ တရားမစွဲဘူးလား"

တစ်ယောက်။ ။"ဘယ့်နှယ်လုပ်စွဲမလဲ၊ ကိုတားကလည်း ငွေပေးပြီး ဝယ်ထားတဲ့ မို့ သူ့ခိုတွေဖြစ်နေပြီဟာ သူရောင်းချင်မှ ရောင်းမှာပေါ့"

တစ်ယောက်။ ။"ကျုပ်ကတော့ သတင်းတစ်မျိုး ကြားတယ်တော်ရေ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။ ။"ဘယ်လိုတဲ့လဲတော်"

တစ်ယောက်။ ။"ခိုတွေကို အစုလိုက်မရောင်းဘဲ တစ်ကောင်စီ လေလံပစ်မယ် ဆိုပါကလား၊ စပြီးလေလံပစ်ကတည်းက တစ်ကောင်ကို ၁၀၀ ကျပ်စီထားပြီး ပစ်မှာတဲ့တော့"

တစ်ယောက်။ ။"တစ်ကောင် ၁၀၀ ကျပ်စီဆိုတော့ ဆယ်ကောင်အတွက် ငွေ ၁၀၀၀ ကျပ် ရမှာတဲ့တော့"

တစ်ယောက်။ ။"တစ်ကောင်ကို ၁၀၀ ကျပ်စပစ်တော့ ဘယ်လောက်အထိ မြှင့်ဆွဲကြမှန်းမှ မသိနိုင်တာ"

တစ်ယောက်။ ။"ဒီလိုဆိုဆယ်ကောင်အတွက် ငွေတွေနည်းဘူးကြီးနေမှာပဲနော်"

တစ်ယောက်။ ။"ကိုတားဆိုတဲ့လူက ခိုသမားလည်း ဟုတ်တယ်၊ ဖဲသမားလည်း ဟုတ်တယ်၊ လောင်းကစားဆိုရင် အားကြီးဝါသနာပါတယ်၊ သူ့အမေကိုက မြန်မာမင်းလက်ထက်က ထီရုံစာရေးတဲ့တော့"

တစ်ယောက်။ ။"ဘယ်နေ့မှာ လေလံပစ်မှာတဲ့လဲ"

တစ်ယောက်။ ။"ချက်ချင်း မပစ်သေးဘူး၊ တစ်မြို့လုံးသိအောင် မောင်းကြေးနင်းခတ်ဦးမှာတဲ့တော့"

တစ်ယောက်။ ။"အင်္ဂလိပ်မင်းက ခွင့်ပြုပါ့မလားတော်"

တစ်ယောက်။ ။"ဘာလုပ်မပြုရမှာလဲ။ ကိုတားက ကာလသားခေါင်း ကိုလေးတာတို့၊ ကိုဘသာတို့နဲ့ ကပ်ထားတယ်"

တစ်ယောက်။ ။"တယ်အကြံပိုင်တဲ့ လူပါလား"

(ထိုခေတ်က မန္တလေးမြို့၌ အလွန်တန်ခိုးကြီးသော ကာလသားခေါင်းများဖြစ်သည့် ကိုဘသာနှင့် ကိုလေးတာတို့ ရှိကြသည်။ ကာလသားများသည် ထိုလူနှစ်ယောက်အား အရာရှိများထက်ပင် ကြောက်ရွံ့ရိုသေကြ၏။ လူငယ်လူလတ်ပိုင်းဆိုလျှင် သူတို့ပြီးက ပြီးကြရ၏။ လူငယ်လူလတ်တစ်ယောက်ကို အိမ်သို့ခေါ်၍ ရိုက်နှက်ဆုံးမနိုင်ကြ၏။ လူနှစ်ယောက်တို့၏ ဩဇာကောင်းခြင်းကို အင်္ဂလိပ်အစိုးရ သိရှိရာတွင် အလွန်ပါစားပေးထား၏။ ထိုလူနှစ်ယောက်ကလည်း အင်္ဂလိပ်အရာရှိများအား အလိုက်သိစွာနှင့် ရိုရိုသေသေလေးလေးစားစားရှိကြသေရာ အင်္ဂလိပ်အရာရှိကြီးများကလည်း ၎င်းတို့အား နားလည်မှုနှင့် အခွင့်အရေးများပေးထား၏။ ထိုလူနှစ်ယောက်တို့သည် အရေးပိုင်၊ ရာဇဝတ်ဝန်ကြီးမျှလောက်ကိုသာ အဖက်လုပ်ကြ၍ ဌာနာအုပ်စသော အရာရှိငယ်များကမူ 'အစ်ကိုကြီး'ဟု ခေါ်လေ့ရှိကြ၏။ ရာဇဝတ်မှုအသေးအဖွဲ့များ၊ ဖဲဒိုင်ခံခြင်းများ စသည်လောက်ကို ထိုသူတို့၏ အလိုအတိုင်း ပြီးစီးနိုင်ကြပေသည်။)



နောက်နေ့များ၌ လူစည်ကားသောနေရာများတွင် မောင်းတဒူဒူနှင့် ဟစ်အော်ကြေးကြော်လျက်ရှိရာ အဓိပ္ပာယ်မှာ ထိုနေ့မှသုံးရက်မြောက်သော ဥပုသ်နေ့တွင် ရွှေပြည်ခါးပြတ်၌ရှိသော ခိုသမားကိုတား၏ နေအိမ်၌ရှိသော ခိုညိုခေါင်းဖြူ ၁၀ ကောင်ကို တစ်ကောင်စီလေလံပစ်မည်ဖြစ်ကြောင်းပင် ဖြစ်လေသည်။ ထိုအချိန်၌ကား စက္ကင်းငမောက်ပတ္တမြားအကြောင်းကို တစ်မြို့လုံး သိကြပြီဖြစ်၍ ခိုညိုခေါင်းဖြူဆိုသည်မှာ ငမောက်ပတ္တမြားနှင့် ဆက်သွယ်ခြင်းရှိသည်ဟု နားလည်ကြပြီဖြစ်သည်။

* * *

ခို ၁၀ ကောင်ကို လေလံပစ်မည့် ဥပုသ်နေ့မတိုင်မီ အဖိတ်နေ့၌ မိခင်၏ဆောင်တစ်ဝမ်းကွဲတော်စပ်သော ကျွန်ုပ်၏ဦးလေး ပန်းထိမ်ဆရာတစ်ယောက်သည် မိခင်ထံသို့ လာရောက်၍ ခင်လေးဆင်၏ ငမောက်ပတ္တမြားအကြောင်းကို စုံစမ်းမေးမြန်းလေသည်။ ဦးလေးသည် လေလံပစ်မည့်အကြောင်းကို မောင်းသမားထံမှ ကြားရ၍ ခိုတစ်ကောင်လောက်ဖြစ်စေ လေလံဆွဲရလျှင် တော်မည်လောဟူသော ရည်ရွယ်ချက်ဖြင့် ပတ္တမြားအကြောင်းကို စုံစမ်းခြင်းဖြစ်လေသည်။

ထိုနေ့နံနက်ပိုင်းက ဦးလေးသည် ရွှေပြည်ခါးပြတ်ရှိ ခိုသမားကိုတား၏ အိမ်အနီးသို့ ရောက်ခဲ့၍ အိမ်နီးချင်းတစ်ယောက်ထံမှ စနည်းနာကြည့်ရာ ခို ၁၀ ကောင်အနက် တစ်ကောင်သောခိုမှာ ကောင်းစွာအစာမစားဘဲ မှိုင်၍မှိုင်၍နေသည်ဟု ကြားခဲ့ရ၏။ သို့ဆိုလျှင် ၎င်းခိုသည် ပတ္တမြားကို မျိုထားသည့်အတွက်ကြောင့် အစာမကြေနိုင်သဖြင့် မှိုင်နေခြင်းဖြစ်တန်ရာသည်ဟု တွေးဆသည်နှင့် ပတ္တမြားတန်ဖိုးကို မိခင်ထံမေးမြန်းခြင်း ဖြစ်လေသည်။ နေမကောင်းသောခိုမှာ ခိုညိုခေါင်းဖြူများအနက်တွင် အမြီးတစ်ပင်ဖြူသည်ဟူ၍လည်း သိခဲ့ရသည်။ ဦးလေးသည် ပတ္တမြားအကြောင်းကို မိခင်ထံ စုံစမ်းသောအခါ မိခင်က ထိပ်စုဖုရားတော် ဝတ်ဆင်ထားခြင်း မြင်ဖူးရုံသာမက တစ်ခါက အပျိုတော်များအား လက်မှချွတ်၍ ပြမှုးရာ နေရောင်တွင် ထောင်ကြည့်သောအခါ၌ အရည်တစက်စက် ယိုစီးကျလာသကဲ့သို့ ထင်ရကြောင်း၊ ကာလတန်ဖိုးအားဖြင့် သုံးလေးသောင်းတန်မည်ထင်ကြောင်း၊ ၎င်းပတ္တမြားမှာ ငမောက်ကြီးကဲ့သို့ အရွယ်မကြီးဘဲ ငွေ[illegible]လေးမျှလောက်သာ ရှိသော်လည်း အရည်မှာ ငမောက်ကြီးထက် သာသည်ဟူ၍ ပန်းထိမ်တော်များက အကဲဖြတ်ဖူးကြောင်း ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးလေးသည် မိမိ၌ ငွေ ၃၀၀ ကျပ်မျှရှိရာ အမြီးတစ်ပင်ဖြူသော ခိုကို ၎င်းအဖိုးနှင့်လေလံဆွဲ၍ ရနိုင်ပါက ဝယ်ယူလိုသဖြင့် နက်ဖြန်လေလံပွဲသို့ သွားမည်ဖြစ်ကြောင်း ပြောလေရာ ကျွန်ုပ်မှာလည်း ဥပုသ်နေ့ဖြစ်၍ ကျောင်းပိတ်သည်နှင့် လိုက်ပါရစေဟု တောင်းပန်ထားလေသည်။

ဥပုသ်နေ့နံနက်၌ ကျွန်ုပ်တို့တူဝရီးသည် ထမင်းစောစောစား၍ ရွှေပြည်ခါးပြတ်သို့ သွားကြလေသည်။ ခိုသမားကိုတား၏အိမ်ရှေ့တွင် ပရိသတ်လေးငါးဆယ်ခန့် ရောက်လျက်ရှိကြသည့်ပြင် အနီးအပါးအိမ်များ၌ အသိမိတ်ဆွေရှိ၍ ဝင်ထိုင်နေကြသောပရိသတ်မှာလည်း လေးငါးဆယ်ထက်မနည်းချေ။ သို့နှင့်ပင် လူများသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် ဆိုက်ရောက်လျက်ပင် ရှိကြသေး၏။ များစွာသော ပရိသတ်တို့မှာ ဦးလေးနှင့်သိကြ၍ အများအားဖြင့် ပန်းထိမ်ဆရာများ၊ ကျောက်ကုန်သည်များ၊ ရွှေဆိုင်ငွေဆိုင်ထွက်သူများ၊ ကျောက်စိမ်းသမားများ၊ ဘာဘူကုလားများ ဖြစ်ကြလေသည်။ ကျွန်ုပ်တို့သည် ဦးလေး၏အသိအိမ်သို့ ဝင်ထိုင်ကြ၍ ဦးလေးအားသတင်းပေးသောလူနှင့် စကားပြောကြရာအသိက 'နေရာကျပါသည့်'ဟူသောအနေဖြင့် ဦးခေါင်းညိတ်၍ ပြ၏။ ထိုအခါက ဦးလေးက "နေရာကျလျှင်တော့ ခင်ဗျားအတွက် ထောင်ထုပ်ဆုချမှာ" ဟု ပြုံးလျက်ပြောသည်။

၉ နာရီထိုးသည်နှင့်တစ်ပြိုင်နက် လေလံပစ်တော့မည်ဟု မောင်းထု၍ အချက်ပေးလိုက်ရာ ဤအိမ်ထိုအိမ်များမှ လူများထွက်လာကြ၍ ခိုသမား ကိုတား၏ အိမ်ရှေ့၌ စုရုံးကြလေသည်။ ပရိသတ်အနက်တွင် ခင်လေးဆင်နှင့် ၎င်း၏ယောကျ်ား မောင်မောင်တင့်အပြင် မဲအိုးတန်းမှ ပန်းထိမ်သည် ကိုရင်မောင်တို့လည်း ပါဝင်ကြသည်။ လူအားလုံးသည် အလွန်စိတ်ဝင်စားသော အမူအရာနှင့် လှုပ်လှုပ်ရွရွဖြစ်နေကြရာ အလှုပ်ရွဆုံးမှာ ခင်လေးဆင်တို့ လင်မယားပင် ဖြစ်၏။ အထူးသဖြင့် ခင်လေးဆင်မှာ ဖက်ဖြူလိပ်ကြီး တဖွာဖွာနှင့် နေမထိထိုင်မထိ ရှိ၍ သာမက ခိုအားလုံးကို မိမိအား မရောင်းကောင်းလေသလောဟု ဒေါပွသည့်အနေဖြင့် ရေရွတ်လျက်ရှိသည်။

"ဒါပဲနော်၊ ပရိသတ်အားလုံးကို ကျွန်မ သတိပေးထားမယ်၊ ခိုထဲက ပတ္တမြား တွေ့တဲ့လူဟာ ကျွန်မကို တစ်ဝက်ပေးရမယ်၊ လေလံဆွဲချင်မှ ဆွဲကြ"ဟု ခင်လေးဆင်က ပြော၏။ သို့ရာတွင် လေလံဆွဲမည့်ပရိသတ်သည် ၎င်း၏စကားကို ဂရုစိုက်ကြဟန်မတူဘဲ ပြုံး၍သာနေကြလေသည်။ တစ်ယောက်သောလူက "ကိုတားဆီကမှ ရအောင်မတောင်းနိုင်ဘဲနဲ့ ကျုပ်တို့ဆီကတော့ ဝေးသေးတယ်ဗျ" ဟု ခပ်တင်းတင်းပြန်ပြောသံ ကြားလိုက်ရသည်။



ကျွန်ုပ်သည် လေလံပစ်မည့်လူဝိုင်းကို လှည့်ကြည့်လိုက်သောအခါ ခိုရှင် ကိုတားကိုယ်တိုင်က ပစ်မည်ဖြစ်၍ သူ့အနီး၌ ကာလသားခေါင်း ကိုလေးတာ အပြင် ပုလိပ်အရာရှိနှစ်ယောက် သုံးယောက်တို့လည်း ရှိကြလေသည်။ ခို ၁၀ ကောင်မှာမူ ချိုးမွေးသော ဝါးလှောင်အိမ်ကလေးများ၌ တစ်ကောင်စီထည့်ထားလေသည်။ ခိုသမားကိုတားသည် လေလံပစ်တော့မည်ဟုပြင်ဆင်လိုက်ရာတွင် မင်းစေတစ်ယောက်ရောက်လာ၍ ကိုတားအား စာတစ်စောင်ပေးလိုက်သည်။ ကိုတားသည် စာအိတ်ကို ဖောက်ကြည့်ပြီးနောက် ကာလသားခေါင်း ကိုလေးတာလက်သို့ ပေးလိုက်၏။ ကိုလေးတာသည် စာကိုဖတ်ကြည့်ပြီးနောက်–

"အရေးပိုင်မင်းဆီက စာတစ်စောင် ပေးလိုက်တယ်၊ ပတ္တမြားမျိုထားတဲ့ခိုကို လေလံပစ်၍ရောင်းခြင်းသည် ထီဖွင့်သည့်သဘောသက်ရောက်၍ ရပ်ဆိုင်းထားဖို့ အမိန့်ပေးသည်တဲ့။ ကိစ္စမရှိဘူး။ အရေးပိုင်မင်းကို ကျွန်တော် သွားတွေ့မယ်။ ခဏလောက် စောင့်ကြည့်ပါ၊ တစ်နာရီအတွင်း ပြန်ရောက်ပါစေ့မယ်"

ထို့နောက် ကိုလေးတာသည် မြင်းရထားတစ်စီးနှင့် ထွက်သွားလေရာ လေလံဆွဲမည့်သူများမှာ ဟန်မှဟန်ပါ့မလားဟု တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ကာ စိတ်ပျက်သော မျက်နှာထားများ ဖြစ်ပေါ်လာကြ၏။ သို့သော် လူနှစ်ယောက်သုံးယောက်မှတစ်ပါး စိတ်ရှည်လက်ရှည် စောင့်မျှော်လျက်ရှိကြသည်။ ထိုလူများကား ပတ္တမြားပါသောခိုကို ဝယ်မိလျှင် သောင်းချီ၍ မြတ်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် စောင့်မျှော်လျက်ရှိကြ၏။ တစ်နာရီခန့်ကြာသောအခါ မြင်းရထားဆိုက်လာ၍ ဝမ်းမြောက်ဝမ်းသာ ဆင်းလာသော ကိုလေးတာ၏ မျက်နှာကို မြင်ကြရသဖြင့် လက်ခုပ်လက်ဝါးတီးကြ၏။

ကိုလေးတာက "ကိစ္စမရှိဘူး။ အားလုံးချောမောခဲ့ပြီ။ လေလံပစ်သာပစ်ပါ" ဟု ပြောလိုက်သည်နှင့် ခိုသမားကိုတားလည်း ပြင်ဆင်ပြန်လေသည်။

ဦးလေးနှင့်ကျွန်ုပ်မူကား ခို ၁၀ ကောင်အနက် အမြီးတွင် အဖြူမွေးတစ်ပင်ပါသော ခိုကိုသာ မျက်ခြည်မပြတ်ရအောင် ကြည့်နေကြသည်။

ကိုတားသည် ချိုးအိမ်များတွင် ထည့်ထားသော ခို ၁၀ ကောင်အနက် တစ်ကောင်ကို (ချိုးအိမ်နှင့်တကွ) ဆွဲယူလိုက်ရာ ကျွန်ုပ်နှင့်ဦးလေးတို့မှာ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားကြ၏။ အကြောင်းမူကား ၎င်းခိုမှာ အမြီး၌အဖြူမွေးတစ်ပင်ပါသောခိုပင်ဖြစ်နေသောကြောင့်ပေတည်း။ သို့ရာတွင် ကျွန်ုပ်တို့သာမက ပရိသတ်ထဲမှ ဘာဘူကုလားတစ်ယောက်နှင့် ပန်းထိမ်သည်နှစ်ယောက်သုံးယောက်တို့လည်း ကျွန်ုပ်တို့ကဲ့သို့ပင် စိတ်ဝင်စားကြပုံရသည်ဟု ကျွန်ုပ်ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တား။ ။"ပရိသတ်ကို ကျွန်တော် တစ်ခုပြောချင်ပါတယ်။ ကျွန်တော်ဟာလည်း ကံစမ်းဖို့ ဝါသနာပါတဲ့လူတစ်ယောက်ပဲ။ ဒါကြောင့် ခို ၁၀ ကောင်ရှိတဲ့ အနက် ၉ ကောင်ကို လေလံပစ်ပြီး လူအများမကြိုက်တဲ့ ခိုတစ်ကောင်ကိုတော့ ကျွန်တော့်အတွက် ချန်ထားချင်ပါတယ် သဘောတူကြပါရဲ့လား"

တစ်ယောက်။ ။"ဒါကတော့ ခင်ဗျားသဘောပေါ့"

အခြားတစ်ယောက်။ ။"ချန်တော့ ချန်ပါ၊ သို့သော်လည်း ခင်ဗျားမရွေးရဘူး၊ ထုံးအတိုင်း လေလံပစ်ပြီး ကျန်ချင်တဲ့ခို ကျန်ပါစေ"

တား။ ။"ကောင်းလှပါပြီ၊ သဘောတူပါတယ်"

ဦးလေးနှင့် ကျွန်ုပ်တို့မှာ အမြီး၌အဖြူမွေးတစ်ပင်ပါသော ခိုကို ချန်ထားလိမ့်မည်ထင်၍ ရင်တဖိုဖိုဖြစ်နေဆဲတွင် ဘဘူကြီးတစ်ယောက်က "ခင်ဗျားလက်ထဲကခိုကို အလျင်ဆုံး လေလံပစ်ပါ" ဟု ပြောလိုက်သည်နှင့် ကျွန်ုပ်မှာ ငါတို့သိသလို သူလည်းသိထားသလောဟု ထိတ်လန့်သွားသည်။

တား။ ။"ကောင်းပါပြီ၊ အများသဘောအတိုင်း ကျွန်တော်လိုက်နာပါတယ်" ဟု ပြောကာ လက်ထဲရှိခိုကို လေလံပစ်တော့သည်။

တား။ ။"ကြေညာထားတဲ့အတိုင်း ၁၀၀ ကျပ်ကစပြီး ပစ်လိမ့်မယ်နော်"

တစ်ယောက်။ ။"တစ်ဆယ်ကျပ်ကစပြီး ပစ်ပါ"

လူအများ။ ။"ဟုတ်သားပဲ၊ ဟုတ်သားပဲ၊ ဟုတ်သားပဲ၊ လူတိုင်းဆွဲနိုင်အောင် လုပ်ပါ"

တား။ ။"ကောင်းပါပြီ။ လူအများရဲ့ဆန္ဒကို ကျွန်တော် မပယ်ပါဘူး။ သို့သော် အပိုအချိန်ကုန်ရုံ ရှိမှာပါပဲ"

အားလုံး။ ။"လုပ်သာလုပ်ပါ၊ လုပ်ပါ၊ လုပ်ပါ"

တား။ ။"ကိုင်း၊ စတော့မယ်နော်၊ ဟောဒီခိုကို ရှေးဦးစွာ ပစ်မယ်၊ ၁၀ ကျပ်ဗျ"

တစ်ယောက်။ ။"၂၀ ကျပ်..."

တစ်ယောက်။ ။"၅၀ ကျပ်..."

တစ်ယောက်။ ။"၁၀၀ ကျပ်..."

ပန်းထိမ်သည်တစ်ယောက်။ ။"၁၅၀ ကျပ်..."

ဘဘူကြီး။ ။"၂၀၀ ကျပ်..."

ခင်လေးဆင်။ ။"၂၅၀ ကျပ်..."

ဦးလေး။ ။"၃၀၀ ကျပ်..."

ဆင်။ ။"၄၀၀ ကျပ်..."

ဘူ။ ။"၅၀၀ ကျပ်..."



(ကျွန်ုပ်က ဦးလေးအား "ဦးလေး မလိုက်ဘူးလား"ဟု မေးရာ ဦးလေးက 'ငါ့မှာ ဒါအကုန်ပဲ' ဟု ဝမ်းနည်းစွာ ပြန်ပြောသည်။)

ဆင်။ ။"၆၀၀ ကျပ်..."

ဘူ၊ ။"၇၀၀ ကျပ်..."

ခင်လေးဆင်သည် ၎င်း၏လင် မောင်မောင်တင့်နှင့် တိုင်ပင်လျက်ရှိ၏။

တား၊ ။"၇၀၀ ကျပ်တစ်ခါ..."

ဆင်နှင့်တင့်နှင့် တိုင်ပင်ဆဲရှိ၏။

တား၊ ။"၇၀၀ ကျပ်နှစ်ခါ..."

ဆင်နှင့်တင့် တိုင်ပင်ပြီး၍ ခင်လေးဆင်က မော့ကြည့်လိုက်ဆဲတွင်–

တား၊ ။"၇၀၀ ကျပ်သုံးခါ..." ဟု ဆိုကာ ပစ်ချလိုက်တော့သည်။

ခင်လေးဆင်က ကန့်ကွက်သေး၏။ သို့သော် ကိုလေးတာက ဖျန်ဖြေပြီး ဘဘူကြီးသို့ ပေးလိုက်စေသည်။

ဘဘူကြီးသည် ငွေ ၇၀၀ ကျပ်ကို ချက်ချင်းထုတ်ချေ၍ ခိုအိမ်ကို လှမ်းယူပြီးလျှင် ခိုကောင်ကို အိမ်ထဲမှ ဆွဲထုတ်လေသည်။

တား၊ ။"ဘာလုပ်မလို့လဲ"

ဘူ။ ။"ဘာလုပ်လုပ် ကျုပ်ခိုဖြစ်ပြီ"

တား၊ ။"နေပါဦး၊ ဘယ့်နှယ်လုပ်မှာလဲ"

ဘူ။ ။"စလုတ်ကို ထုတ်ကြည့်မှာပေါ့"

တား၊ ။"ဟာ ဒီလိုတော့ အလုပ်မခံနိုင်ဘူး၊ ပတ္တမြားတွေ့သွားရင် ကျန်တဲ့ခိုတွေကို ဘယ်သူက လေလံဆွဲဦးမှာလဲ"

ဘူ။ ။"နားမလည်ဘူး အစက ဘာစည်းကမ်းမှ မထားဘူး၊ ကျုပ် လုပ်ချင်သလို လုပ်နိုင်တယ်"

ကိုတားမှာ ကန့်ကွက်ရန် မတတ်နိုင်ဘဲရှိရာတွင် ဘဘူကြီးသည် ခို၏လည်ပင်းကို လိမ်ချိုး၍ လည်ချောင်းကိုဓားနှင့်ခွဲပြီးလျှင် စလုတ်ကို ခွဲထုတ်လေရာ ပရိသတ်လည်း ဝိုင်း၍ကြည့်နေကြ၏။ "ဘာမှမပါဘူးဟ" ဟု လူတစ်ယောက်က အော်လိုက်ရာ လေလံသမားများလည်း ဝမ်းသာကြည်နူးလက္ခဏာနှင့် လေလံပွဲကို စိတ်ဝင်စားလာကြပြန်သည်။ ဤတွင် ကိုတားသည် အခြားခိုတစ်ကောင်ကိုအိမ်မှ ထိုင်မြှောက်ပြန်ရာ ခင်လေးဆင်က "ခိုအားလုံးကို ၃၀၀၀ဝိ နဲ့ ကျုပ်ကိုရောင်းပါတော့" ဟု ပြောသေး၏။ သို့ရာတွင် ကိုတားက ဦးခေါင်းယမ်းလေသည်။

တား။ ။"ခင်ဗျားတို့အားလုံး မြင်ကြတဲ့အတိုင်း ငွေတစ်ဆယ်ကစပစ်လို့ အချိန်သာကုန်တော့မယ် မထူးပါဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။ ။"သဘောပါပဲ"

တား။ ။"၁၀၀ ကပဲ စပစ်မယ်နော်"

တစ်ယောက်။ ။"လုပ်သာလုပ်ပါ"

ထိုအခိုက်၌ ငွေ ၇၀၀ နှင့်ဆွဲပြီး ပတ္တမြားမတွေ့သော ဘာဘူကုလားသည် စိတ်ပျက်စွာနှင့် ရေရွတ်ကျိန်ဆဲကာ လေလံပွဲမှထွက်သွားတော့သည်။ (ထိုသူကား ဘာဘူမဟုတ်၊ ဘင်္ဂါလီမူဆလင်တစ်ယောက်ဖြစ်သည်ဟု နောင်မှ ကျွန်ုပ်သိရသည်)

တား။ ။"ကိုင်း ပစ်ပြီ ၁၀၀၊ ၁၀၀၊ ၁၀၀"

တစ်ယောက်။ ။"၁၀၅ ကျပ်"

ခင်လေးဆင်။ ။"၁၁၀ ကျပ်"

တစ်ယောက်။ ။"၁၁၅ ကျပ်"

ဤနည်းဖြင့် တဖြည်းဖြည်းတက်သွားရာ ၎င်းဒုတိယခိုမှာမူ ၃၂၅ ကျပ်ဖြင့် ပစ်ချလိုက်ရသည်။ ၎င်းခိုကို ပန်းထိမ်သည်တစ်ယောက်ရ၍ ခွဲကြည့်ရာ ပတ္တမြား မပါချေ။

တား။ ။"ကျွန်တော် ခုနင်က မေ့သွားတယ်။ ဒီတစ်ခါတော့ လေလံဆွဲလို့ရတဲ့ ခိုကို ဒီမှာမသတ်ရဘူး။ အိမ်ကိုယူသွားပြီး လုပ်ချင်သလို လုပ်နိုင်တယ်။ သဘောတူကြရဲ့လား"

အားလုံး။ ။"တူပါတယ်"

တတိယခိုကို ခင်လေးဆင်က ၂၀၀ ကျပ်အထိပေး၍ ကျောက်ကုန်သည် တစ်ယောက်က ၂၁၀ ကျပ်နှင့် ဝယ်ယူသွားသည်။ ခိုကို အိမ်သို့ယူသွားပါမည်ဟု ကတိပေးသော်လည်း ပရိသတ်ဝိုင်းပြင်ဘက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခွဲကြည့်ရာ ဘာမျှမတွေ့ရချေ။ ပရိသတ်လည်း ဤအကြောင်းကို သိသည်နှင့် လေလံပွဲတွင် စိတ်ဝင်စားလျက်ပင် ရှိ၏။

ဆက်လက်၍ လေလံပစ်ရာ စတုတ္ထခိုအတွက် ၁၈၀ ကျပ်၊ ပဥ္စမခိုအတွက် ၁၉၀ ကျပ်၊ ဆဋ္ဌမခိုအတွက် ၂၂၀ ကျပ်၊ သတ္တမခိုအတွက် ၂၅၀ ကျပ် ရရှိသဖြင့် ခိုသုံးကောင်သာ ကျန်လေတော့သည်။ ၎င်းခိုသုံးကောင်အနက် တစ်ကောင်မှာ ကိုတားအတွက် ချန်ထားမည်ဖြစ်သောကြောင့် နှစ်ကောင်မျှသာ လေလံပစ်ဖို့ ရှိလေတော့သည်။ ခင်လေးဆင်မှာ ခိုတိုင်းအတွက် လိုက်၍လိုက်၍လေလံဆွဲသော်လည်း လက်မတင်ကလေးမျှ လွတ်၍လွတ်၍သွားသဖြင့် တစ်ကောင်မျှ မရလိုက်ချေ။ လေလံဆွဲ၍ ဝယ်ကြသူများသည် ရသောခိုကို အိမ်သို့ရောက်အောင် မယူကြဘဲ လမ်းပေါ်တွင်သာ ခွဲ၍ကြည့်ကြ၏။ အိမ်သို့ရောက်အောင် ယူသွားလျှင်



အတယ်၍ ပတ္တမြားမတွေ့ပါက လေလံပွဲကို လက်လွတ်သွားမည် စိုးသောကြောင့် ဖြစ်လေသည်။

ကျန်သော ခို သုံးကောင်အနက် နှစ်ကောင်ကိုသာ လေလံပစ်ရန်ဖြစ်ရာ ကိုတားက ပြောသည်မှာကား "ဒီတစ်ခါတော့ လေလံဆွဲပြီးတဲ့နောက် ခိုကို ချက်ချင်းမအပ်နိုင်ဘူး၊ ငွေချေပြီး ဖယ်ထားမယ်၊ နှစ်ကောင်လုံး ပစ်ပြီးတဲ့နောက်မှ သူ့ခိုနဲ့သူ ယူသွားနိုင်တယ်၊ သဘောတူကြရဲ့လား"

လူအများ။ ။"ကောင်းပါပြီ"

တား။ ။"ကိုင်း ဒါဖြင့် ပစ်တော့မယ်" ဆိုကာ ခိုတစ်ကောင်ကို (ခိုအိမ်ပါ)လက်ဖြင့်မြှောက်လျက် "၁၀၀၊ ၁၀၀၊ ၁၀၀" ဟု အော်လိုက်၏။

"၂၀၀ ကျပ်"

"၃၀၀ ကျပ်" စသည်ဖြင့် ချက်ချင်းတက်၍ပေးကြ၏။ အကြောင်းမူကား ခိုသုံးကောင်အနက်မှ တစ်ကောင်ကောင်တွင် ပတ္တမြားပါဖို့ရန်မှာ ယခင်ကထက် အလမ်းများသောကြောင့်ပေတည်း။

၎င်းခိုကို ခင်လေးဆင်က ၅၀၀ ကျပ်အထိလိုက်ပေး၏။ သို့ရာတွင် ကျောက်ကုန်သည်တစ်ဦးက ၅၅၀ ကျပ်နှင့်ဆွဲ၍ ရသွားလေသည်။ ကျောက်ကုန်သည်က ငွေ ၅၅၀ ကျပ် ပေးချေပြီးသော်လည်း ကိုတားက ငွေကိုယူပြီး (စည်းကမ်းချက်အတိုင်း)ခိုကို ဖယ်ထားလိုက်လေသည်။ အားလုံးပြီးမှ ပေးအပ်ရန် ဖြစ်၏။

ကိုတား၏ ခိုတစ်ကောင်မှတစ်ပါး နောက်ပိတ်ဆုံးခိုအလှည့်သို့ ရောက်လေပြီ။ ကိုတားက ခိုအိမ်ကိုမြှောက်လျက် "၁၀၀ ကျပ်၊ ၁၀၀ ကျပ်၊ ၁၀၀ ကျပ်" ဟု အော်လိုက်ရာတွင်–

"၂၀၀ ကျပ်"

"၃၀၀ ကျပ်"

"၄၀၀ ကျပ်"

ဆင်။ ။"၅၀၀ ကျပ်"

တရုတ်တစ်ယောက်။ ။"၆၀၀ ကျပ်"

ဆင်။ ။"၆၅၀ ကျပ်"

တရုတ်ကား ဆိုင်း၍သွားလေပြီ။ ခင်လေးဆင်သည် ငွေချေဖို့ပင်ပြင်နေ၏။

တား။ ။"၆၅၀ ကျပ်တစ်ခါ၊ ၆၅၀ ကျပ်နှစ်ခါ"

တရုတ်။ ။"၇၅၀ ကျပ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ကား ခင်လေးဆင် မျက်လုံးပြူးသွား၍ လက်လျှော့တော့မည့်ကဲ့သို့ ဖြစ်နေရာတွင်–

တား။ ။"၇၅၀ ကျပ်တစ်ခါ၊ ၇၅၀ ကျပ်နှစ်ခါ၊ ၇၅၀ ကျပ်သုံးခါ"ဟု ပစ်ချလိုက်လေ၏။ ထိုအခါ မြင်းရထားတစ်စီးဆိုက်လာ၍ ယူနီဖောင်းဝတ် ပုလိပ်အရာရှိ တစ်ယောက်ဆင်းလာပြီးလျှင် ကိုတားနှင့် ကိုလေးတာတို့အိမ်ဆီသို့ သွားလေရာ လူအားလုံး ငေးကြည့်နေကြ၏။

လိပ်။ ။"ခို ဘယ်နကောင် ကျန်သေးသလဲ"

တား။ ။"တစ်ကောင်တည်း ကျန်ပါတယ် ခင်ဗျာ"

လိပ်။ ။"ကောင်းပြီ၊ လေလံပစ်ပြီးတာတွေ ရှိစေ၊ ကျန်တဲ့ခိုတစ်ကောင်ကို ဘဏ္ဍာတော်အဖြစ် သိမ်းတယ်"

ကိုလေးတာ။ ။"ဘယ်သူ့အမိန့်လဲ"

လိပ်။ ။"ရာဇဝတ်ဝန်အမိန့်ပဲ"

တား။ ။"အရေးပိုင်မင်းဆီက ကျွန်တော် အမိန့်ရခဲ့ပြီးပါ"

လိပ်။ ။"သည်းခံပါအစ်ကိုကြီး၊ ဝန်မင်းက လွှတ်လိုက်လို့ပါ"

ဤတွင် ပုလိပ်အရာရှိသည် ကိုတားအတွက် ချန်ထားသော ခိုကို သိမ်းယူလေရာ လေလံပစ်ပြီးသော ခိုများတို့မှာ ဆွဲပြီးသော လူများသို့ ပေးအပ်လိုက်လေသည်။ လူအုပ်ကြီးသည် ခိုတစ်ကောင်ရသော ကျောက်ကုန်သည်နောက်သို့ အချို့လိုက်၍ တရုတ်နောက်သို့ အချို့က လိုက်ကြည့်ကြ၏။ ဦးလေးနှင့်ကျွန်ုပ်ကား တရုတ်နောက်သို့ လိုက်မကြည့်မီ မြင်းရထားပေါ်သို့တက်သွားသော ကိုလေးတာနှင့်ခိုအိမ်ကိုင်လျက် တက်သွားသော ပုလိပ်အရာရှိကို လှမ်း၍ကြည့်လိုက်ကြသေးသည်။

တရုတ်သည် သစ်ပင်ရိပ်တစ်ခုသို့သွား၍ ခိုသတ်ပြီးခွဲကြည့်ရာ ဘာမှမတွေ့ရသဖြင့် "ကန်းနိနဲ"ဟု ကျိန်ဆဲလျက်ရှိ၏။ ကျောက်ကုန်သည်နောက်သို့ လိုက်ပါသွားကြသော လူအုပ်အနက် လမ်းခရီးတွင် တစ်ယောက်ကိုတွေ့၍ ဦးလေးက မေးကြည့်ရာ "ဗလာ"ဟူ၍ ပြန်ပြောသွားလေသည်။ ထိုအခါ ကျွန်ုပ်တို့နှင့်တကွ ဤအကြောင်းကို သိသောလူများက ငမောက်ပတ္တမြားကား ဘဏ္ဍာတော်ဖြစ်သွားလေပြီဟု ဆုံးဖြတ်ချက်ချလိုက်ကြတော့သည်။

* * *



ထို့နောက် ရက်သတ္တတစ်ပတ်ခန့်ကြာရှိသောအခါ ခင်လေးဆင်သည် ကျွန်ုပ်၏မိခင်နှင့် သူငယ်ချင်းဖြစ်သည့်အတိုင်း မိခင်ထံသို့ လာရောက်လည်ပတ်လေသည်။ ကျွန်ုပ်လည်း ငမောက်ပတ္တမြားကြောင့် ခင်လေးဆင်ကို စိတ်ဝင်စားလျက်ရှိသည်နှင့် အနီးမှမခွာဘဲ ထိုင်နေ၏။ သို့ရာတွင် ခင်လေးဆင်က မိခင်အား မျက်ရိပ်ပြလိုက်သည်နှင့် မိခင်က ကျွန်ုပ်အား "ဟော့ ငါ့သား ကွမ်းမရှိဘူး၊ ကွမ်းသွားဖိုး သွားဝယ်စမ်းချေ"ဟု ခိုင်းလိုက်၏။ ကျွန်ုပ်သည် အိမ်ပေါ်မှဆင်းလာသော်လည်း ကွမ်းဆိုင်သို့မသွားဘဲ ထရံပေါက်မှချောင်း၍ နားထောင်လေ၏။ သို့ရာတွင် နေရာဝေးရသည်နှင့် အနည်းငယ်နောက်ကျသွား၍ စကားအစကို ကြားလိုက်ရချေ။

မိခင်။ ။"တတ်လည်း တတ်နိုင်ပါပေ့ သူငယ်ချင်းရယ်"

ခင်။ ။"ဘယ့်နှယ်လုပ်မလဲ သူငယ်ချင်း၊ မောင်မောင်တင့်က တရှုံးတည်း ရှုံးနေတော့ ကြံမိကြံရာ ကြံရတော့တာပဲ"

မိခင်။ ။"ဒါဖြင့် ဘယ်ကိုသွားရောင်းမှာလဲ"

ခင်။ ။"ကုလားပြည်က မဟာရာဇာတွေက အဖိုးကောင်းကောင်း ပေးနိုင်တယ် ပြောတယ်၊ တတ်နိုင်တော့ဘူး၊ စရိတ်ရအောင် ကြံရတော့တာပဲ သူငယ်ချင်းရေ့"

မိခင်။ ။"ဒါတွေက ဘယ်သူ့ဉာဏ်လဲ"

ခင်။ ။"ပန်းထိမ်ဆရာ ကိုရင်မောင်ရဲ့ဉာဏ်ပေါ့သူငယ်ချင်း"

မိခင်။ ။"ကိုလေးတာတို့လည်း ပါတာပေါ့ဟုတ်စ"

ခင်။ ။"သူ့ကိုလည်း ၅၀၀ ကျပ်ပေးရတယ်"

မိခင်။ ။"ဘယ်တော့ဆီလောက် ကုလားပြည်သွားမလဲ"

ခင်။ ။"တစ်လလောက်အတွင်း သွားမယ်"

မိခင်။ ။"ဟိုရောက်တော့ စုဖုရားလတ်နဲ့များ တွေ့ပါဦးမယ် ခင်လေးရယ်"

ခင်။ ။"ကြံကြံစည်စည်ခင်လေးကလည်း ကုလားပြည်ဆိုတာ အကျယ်ကြီးပါဟဲ့"(သူတို့အချင်းချင်း ခင်လေးဟုလည်း ခေါ်တတ်ကြသည်။)

မိခင်။ ။"သွားတော့မလား၊ ကွမ်းစားဦးလေ၊ ဟော ကွမ်းကလည်း တကယ့်ကို မရှိပါပဲကလား၊ ဟေ့ မောင်ဖေသိန်း၊ မလာသေးဘူးလားဟေ့"

ကျွန်ုပ်လည်း ကွမ်းဆိုင်သို့ ကပျာကယာပြေး၍ ဝယ်ခဲ့ရသည်။ ခင်လေးဆင်သည် ကွမ်းတစ်ယာစားပြီးနောက် ကျွန်ုပ်ကိုလည်း လှမ်းကြည့်၍ "ဟဲ့ ဒီသူငယ် ငါမြင်လိုက်ပါတယ် ခင်လေးသားလား"

www.burmeseclassic.com

www.burmeseclassic.com



မိခင်။ ။"ဟုတ်ပါတယ် ခင်လေး"

လေလံပွဲမှာ တွေ့ဖူးသည်ဟု ပြောမည်ပြုပြီးမှ ကျွန်ုပ်မြို့နေလိုက်သည်။

ခင်လေးဆင်းပြန်သွားပြီးနောက် ကျွန်ုပ်သည် မိခင်အားချဉ်းကပ်၍ပတ္တမြား အကြောင်းကို မေးကြည့်ရာ မိခင်က "မသိချင်ပါနဲ့တော့ သားရယ်၊ ဟိုနေ့က မင်းဦးလေး ကံကောင်းလို့ ငွေ ၃၀၀ ကျပ် မဆုံးတာပါကလား" ဟူသည်ထက် ပိုပြီးမပြောဘဲ ဤအကြောင်းကို ယတိပြတ် ဖြတ်လိုက်လေတော့သတည်း။

■

# အမေတို့ အဖေတို့

မျက်နှာဖြူဆိုလျှင် 'မီးကျွေးကိုယ်'တမျှ သဘောထားကြရသည့် ဒိုင်အာ လောက်ထက် မီးထွန်းစအချိန်တွင် မန္တလေးမြို့ ဧရာဝတီဆိပ်ကမ်း၌ ဆိုက်ကပ်ထား သော ဗန်းမော်စာပို့'တာပင်'(Taping)သင်္ဘောကြီးပေါ်၌ အညာသွား ခရီးသည် များသည် သူ့ထက်ငါ နေရာကောင်းရအောင် 'ဦး'လျက်၊ ရပြီးသော နေရာများ တွင် တံမြက်လှည်းခြင်း၊ ဝန်စည်စလယ်များကို နေရာတကျ ချထားခြင်း၊ အိပ်ရာ နေရာ ခင်းကျင်းပြင်ဆင်ခြင်း၊ နေရာမရသေးသူများက ဦးပိုင်းမှ ပဲ့ပိုင်း၊ ပဲ့ပိုင်းမှ ဦးပိုင်း ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ကြခြင်း စသည်ဖြင့် သင်္ဘောတစ်စင်းလုံး လှုပ်လှုပ်ရွရွ ဆူဆူညံညံ ရှိနေလေသည်။

သင်္ဘောကြီးပေါ်၌ ဦးပိုင်းတွင် ပထမတန်း၊ ပဲ့ပိုင်းတွင် ဒုတိယတန်း၊ အလယ်တွင် တတိယတန်း စသည်ဖြင့် သူ့နေရာသူ ပိုင်းခြားကန့်သတ်လျက် အတော်မီးများ ဝင်းထိန်စွာ ထွန်းထားသည်များကို ဆင်ခြင်အောက်မေ့လိုက်သည့် အခါ စည်းမရှိ ကမ်းမရှိ အချိန်ကန့်သတ်ခြင်းမရှိ ရှုပ်ချင်တိုင်း ရှုပ်ပွလျက် ရောပြွမ်း သောင်းပြွမ်း 'ပေါက်ပန်းဈေး'စီးနင်းလိုက်ပါကြရသော ယခုခေတ် ရေကြောင်းခရီးသည် များအဖို့မှာ နတ်ဘုံနတ်နန်းသဖွယ် လွမ်းဆွတ်တမ်းတလောက်ပါပေ၏။ ပိုက်ဆံ တတ်နိုင်သူများအဖို့မှာ ဒုတိယခန်း၊ ပထမခန်း ရှိကြသည့်ပြင်၊ တတိယတန်းသည်ပင် ခင်းရစေကာမူ စောစောသွားနိုင်လျှင် နေရာကောင်းရနိုင်၍ ယခုခေတ်သို့ ခင်းပြီး နေရာယူထားသူတို့ထံမှ ပိုက်ဆံနှင့် နေရာဝယ်ယူရသည့် ဖြစ်ရပ်များ ရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ထိုစဉ်အခါက ကသာဒိစကြိုက် ကမ်းနီရွာတွင် အင်္ဂလိပ်ကျောင်း တည်ထောင်ဖွင့်လှစ်၍ တစ်ရပ်တစ်ကျေးသို့ မပို့လိုသော ကုန်သည်များ၏ သားသမီးများအား အင်္ဂလိပ်စာ တစ်ဘာသာတည်း သင်ပြလျက်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့ လင်မယားသည် မန္တလေးမြို့သို့ အလည်အပတ် လာရာမှအပြန် စာပို့သင်္ဘောကြီးသို့ ဆင်း၍အိပ်ကြရ၏။ စာပို့သင်္ဘောကြီးပေါ်၌ ပွဲပိုင်းတွင် ဒုတိယတန်းခရီးသည်များအတွက် အခန်းလေးခန်း ပါရှိလေရာ ကျွန်ုပ်တို့ရောက်သွားသော အချိန်၌ ဗိုလ်ကပြားလင်မယားတစ်စုံနှင့် မြန်မာအရာရှိ လင်မယားတစ်စုံတို့ ရောက်နှင့်ကြပြီးဖြစ်၍ စတုတ္ထအခန်းတစ်ခန်းသာလျှင် လွတ်လပ်လျက် ရှိသေးတော့သည်။

ကျွန်ုပ်တို့ ဝန်စည်စလယ်များကို နေရာတကျ ချထားပြီးနောက် မျက်နှာချင်းဆိုင်ရှိနေသော အခန်းများ၏ အလယ်၌ရှိသော စားပွဲကြီး၌ထိုင်ကာ ခရီးသည် အချင်းချင်း မိမိတို့ကိုယ်ကို မည်သူမည်ဝါ ဖြစ်သည်ဟု ပြောပြလျက် မိတ်ဆက်နေကြစဉ် တောင်းများ၊ ပလုံးများ၊ ခြင်းများကို ရွက်သူကရွက်လျက်၊ အထုပ်အပိုးများနှင့် ကျွန်းသေတ္တာကြီးကို ထမ်းသူကထမ်း၍ တက်လာကြသော တောသူတောသား ခရီးသည်တစ်စုသည် ဒုတိယတန်းခရီးသည်များအတွက် ကန့်ထားသော ပွဲပိုင်းသို့ ဝင်လာကြလေ၏။ ထိုအခါ ဗိုလ်ကပြားလင်မယားသည် နှာခေါင်းရှုံ့လျက်ရှိကြရာ အရာရှိလင်မယားကမူ "ဗျို့၊ ဘကြီးတို့ ဒီနေရာမဟုတ်ဘူး ခင်ဗျားတို့ မှားနေကြပြီထင်တယ်။ ခင်ဗျားတို့ ဟိုဘက်မှာ စီးရလိမ့်မယ်" ဟု ပြောလိုက်သည်တွင် ရှေ့ဆုံးမှ လွယ်အိတ်ကြီးနှင့်တက်လာသော ငါးဆယ်ကျော် ခြောက်ဆယ်တွင်းအရွယ် လူကြီးတစ်ယောက်က-

"ကိစ္စမရှိတန် ကောင်းပါဗျာနော်။ သင်္ဘောစာရေးကြီးကို ကျုပ်တို့ ပြောပြီးသားပါဗျာ။ တော်တော်ကြာတော့ သူလိုက်လာပါလိမ့်မယ်ဗျာ" ဟု ပြောနေသည်ဖြင့် ဗိုလ်ကပြားက-

"မဟုတ်ဘူး အဘိုးကြီး၊ ဒီနေရာမှာ ခင်ဗျားတို့ စီးဖို့မဟုတ်ဘူး၊ ဟိုဘက်မှာ ခင်ဗျားတို့ နေရာရှာထားကြပါ။ မဟုတ်ရင် ဒုက္ခရောက်ကုန်လိမ့်မယ်" ဟု ဝင်၍ပြောလေ၏။

ထိုအခါ တောင်းပလုံးများ ရွက်ထားသော မိန်းမများနှင့် အထုပ်များ ထမ်းပိုးလျက် ရပ်နေကြသော ယောက်ျားများသည် ထိုင်ရမလို ထရမလိုနှင့် ယောင်လည်လည်ဖြစ်နေကြစဉ် သင်္ဘောစာရေးကြီး ဝင်လာ၍ လွတ်လပ်လျက်ရှိသော စတုတ္ထအခန်းကို ဖွင့်ပေးလိုက်သည်တွင်မှ ကျွန်ုပ်တို့ အားလုံးမှာ တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့အားသင့်လျက် ရှိကြလေ၏။ ဗိုလ်ကပြား



လင်မယားမှာမူ ကျေနပ်ဟန်မတူသော အမူအရာရှိကြ၍ ယောက်ျားဖြစ်သူသည် သင်္ဘောဦးပိုင်းရှိ ပထမတန်း အခန်းများသို့ပင် သွားရောက်စုံစမ်းသေးရာ ၎င်းအခန်းများတွင် အရေးပိုင်၊ သစ်တောဝန်၊ ပညာမင်းကြီး စသော ဘိလပ်သားအစစ် မျက်နှာဖြူများနှင့် ပြည့်လျက်ရှိသောကြောင့် မကပ်နိုင်ဘဲ ပြန်လာခဲ့ရလေ၏။ မြန်မာအရာရှိ လင်မယားတို့ကမူ ကပြားလင်မယားကဲ့သို့ ထင်ရှားသော အမူအရာမျိုး မဖော်ပြသော်လည်း မျက်နှာထား ခပ်အိုအို င် ရှိကြလေသည်။ သို့ဖြစ်၍ ထိုလင်မယားနှစ်စုံတို့သည် စားပွဲတွင် မထိုင်ကြတော့ဘဲ ပွဲအစွန်းလက်ရန်းအနီး၌ရှိသော ကုလားထိုင်များသို့ ပြောင်းရွှေ့ကာ ထိုင်နေကြလေတော့သည်။

ကျွန်ုပ်တို့ လင်မယားမှာ အခါခပ်သိမ်း ဒုတိယတန်းဖြင့် ခရီးသွားကြသည်မဟုတ်ဘဲ အအိပ်အနေ ဆင်းရဲမည်စိုးသဖြင့်သာ ရံဖန်ရံခါ အခွင့်သာသည့်အလျောက် စီးနင်းလိုက်ပါသူများဖြစ်ကြ၍ ထိုလင်မယားနှစ်စုံတို့၏ သွေးကြီးမှုကြီး အမူအရာကို ကျောခိုင်းလျက် နောက်တက်လာသော ခရီးသည်များကိုသာ စိတ်ဝင်စားစွာနှင့် ကြည့်နေကြလေ၏။ တက်လာကြသော တောသူတောင်သားများမှာ ၁၀ ယောက်ထက်မနည်းသော်လည်း တကယ်ခရီးသွားမည့်သူတို့မှာ လွယ်အိတ်နှင့်ရပ်လျက် စကားပြောသော အရပ်ခပ်မြင့်မြင့်လူကြီးနှင့် ထန်းခေါက်တောင်းတစ်လုံးကို ရွက်လာသည့် ၎င်း၏ဇနီးတို့သာ ဖြစ်လေသည်။

စာရေးကြီး ဆင်းသွားသည့်နောက် လူတစ်စုတို့သည် ခရီးသည်အဘိုးကြီးလင်မယားတို့၏ ဝန်စည်စလယ်များကို ၎င်းတို့၏ အခန်းထဲတွင် နေရာတကျ စည်းညီချထားပေးကြပြီးနောက် အချို့ကား ရေချိုးခန်းသို့ဝင်ကြည့်ကာ အံ့သြသော မျက်နှာထားများနှင့် ထွက်လာကြခြင်း၊ အချို့လည်း ဓာတ်မီးခလုတ်ကို ဖွင့်ချည် ပိတ်ချည် လုပ်ကြည့်ခြင်း၊ အချို့ကား ပန်ကာကို ဖွင့်ကြည့်ခြင်း၊ အချို့ကား ဖြူစင်သန့်ရှင်းသော အိပ်ရာခင်းကိုကြည့်လျက် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်ခြင်း စသည်ဖြင့် အနည်းနည်းအဖုံဖုံ စမ်းသပ်အံ့သြနေကြလေရာ ကျွန်ုပ်မှာလည်း ၎င်းတို့၏ မျက်နှာထားများကို မြင်ရခြင်းအားဖြင့် အရသာတစ်မျိုး ပေါ်ပေါက်လျက် ရှိပေတော့သည်။ အပျိုဖြန်းအရွယ် သူငယ်မတစ်ယောက်က ၎င်း၏ အဖော်အား "နေရာကျလိုက်တာအေရယ်၊ သူတို့အခန်းထဲမှာတောင် ဓာတ်ခလုတ်နဲ့တော့၊ အသာကလေး နှိပ်လိုက်ရင် ထိန်သွားတာပဲ" ပြောရာ ၎င်း၏အဖော်က "ဟုတ်သတော့ တပို့တပါး သွားချင်တော့လည်း ချုံရှာမနေရဘူး၊ ဟိုဘက်အခန်းထဲ ဝင်ထိုင်ရုံပဲ။ ရေချိုးတာတောင် မှန်ကြီးနဲ့တော့၊ သိပ်ဟုတ်တာပဲအေရယ်" ဟု ပြန်ပြောလေ၏။ ကာလသားအရွယ် လူငယ်တစ်ယောက်ကလည်း ၎င်း၏အဖော်အား "နှိပ်လိုက်လေသကွာ အိပ်ရာကြီးကလည်း ဖွေးလို့နေမိပဲဟေ့" ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



ဘာ အဖော်က "လေရဟတ်ကြီး ကြည့်လိုက်ပါဦးကွာ၊ ခုတင်ခေါင်းရင်းနားတင်ကပ်လို့။ ဘကြီးတို့တော့ သိပ်နိပ်တာပဲဟေ့" ဟု ပြန်ပြောလေ၏။

ခရီးသွားမည့်အဘိုးကြီး လင်မယားတို့ကို လိုက်ပို့ကြသော လူများသည် တစ်နာရီကျော်ခန့်မျှ ကြာသည့်တိုင်အောင် တစ်သင်္ဘောလုံး လှည့်ကြည့်သူက ကြည့်၊ ဒုတိယတန်းအခန်းတွင်းသို့ ဝင်ချည်ထွက်ချည် လုပ်သူကလုပ်၊ ဦးပိုင်း၌ ပထမတန်း အကန့်အတွင်းသို့ ငဲ့မိသဖြင့် ဝေါက်ထုတ်ခြင်း ခံရသူကခံရပြီးသည်နောက် စည့်သည်အားလုံးတို့သည် ပြန်ကြတော့အံ့ဟု နှုတ်ဆက်ကြရာတွင် "လူကလေးကို ပြောလိုက်ပါနော် ဘကြီး၊ ကျုပ်တို့က ခဏခဏ သတိရပါတယ်လို့ ပြောလိုက်ပါနော်၊ ကြီးတော်က တစ်ခေါက်လောက် ရွာကို အလည်လာခဲ့ပါဦးလို့ မှာလိုက်တယ်ပြောပါနော် ဘကြီး" စသည်ဖြင့် တစ်ယောက်တစ်ခွန်း ပြောဆိုနှုတ်ဆက်ကြလေ၏။

သင်္ဘောပေါ်မှ ဆင်းသွားကြသောအခါ လူကြီးလင်မယားသည်လည်း သင်္ဘောစက်ခေါင်းပေါ်သို့သွား၍ လက်ရန်းကိုကိုင်ကာ ၎င်းတို့၏ ရွာသူရွာသားများကို မျှော်ကြည့်နေကြလေရာ ကျွန်ုပ်လည်း ၎င်းတို့၏ အပြုအမူများကို စိတ်ဝင်စားလျက် ရှိသည်နှင့် ၎င်းတို့နောက်မှကပ်၍ ကမ်းပေါ်သို့ မျှော်ကြည့်မိသေး၏။ လူများသည် လှည်းနှစ်စီးပေါ်သို့ တက်ကြစဉ် ၎င်းတို့၏မျက်နှာများသည် သင်္ဘောဖက်သို့ချည်း လှည့်လျက်ရှိကြသဖြင့် တစ်ယောက်က "ဟောဟိုမှာ ဘကြီးတို့ ကြီးတော်တို့၊ မြင်ကြလား" ဟု ပြောလိုက်သည်တွင် ကျန်လူများသည် လူကြီးလင်မယားကို မြင်ကြ၍ "သွားကြတော့ ဘကြီးတို့နော်၊ လူကလေးကို ပြောလိုက်ပါနော်" စသည်ဖြင့် သံပြိုင်ဟစ်အော် နှုတ်ဆက်လိုက်ကြသဖြင့် ကမ်းတစ်ခုလုံး ဆူညံသွားလေတော့သည်။

ပဲ့ပိုင်းဘက်သို့ လူကြီးလင်မယား ပြန်ရောက်လာကြသောအခါ၌ လင်မယားနှစ်စုံတို့သည် ကျွန်ုပ်၏ဇနီးသည်နှင့်အတူ စားပွဲထိုင်လျက် ရှိကြလေရာ လူကြီးလင်မယားသည် လင်မယားနှစ်စုံတို့၏ ခပ်တန်းတန်းလုပ်နေကြသော မျက်နှာထားများကို မရိပ်မိဟန်လက္ခဏာနှင့် လူကြီးက စကားရောဖောရော ပြောသေးရာ မိန်းမကြီးကမူကား ၎င်းတို့ အခန်းတွင်းသို့ တန်း၍ ဝင်သွားလေတော့သည်။ လူကြီးသည် ခရီးမထွက်စဖူး ထွက်လာခဲ့ရ၍ တစ်သက်မှတစ်ခါ မမျှော်လင့်ဖူးသော အခြင်းအရာကို ကြုံတွေ့ခံစားနေရသဖြင့် အလွန်တရာ ကြည်နူးရွှင်မြူးလှသော အမူအရာဖြင့် တာပင်သင်္ဘောကြီး၏ ခံ့ညားပုံ၊ လှပပုံ၊ အချိုးအစားကျနပုံ၊ ဓာတ်မီးတွေ ထိန်ထိန်ဝင်းလျက်ရှိပုံ၊ ရေချိုးခန်းနှင့် အိမ်သာပူးတွဲစီမံထားသည့်အတွက် နေရာကျလှပုံ၊ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်များ ဖြူစင်သန့်ရှင်းပုံ၊ ခလုတ်နှိပ်လိုက်



ချင် ဓာတ်မီးရော လေရဟတ်ပါ လိုရာရပုံများအကြောင်းကို အားရပါးရ ချီးကျူးပြောဆိုလေရကား လင်မယားနှစ်စုံတို့သည် တစ်စုံ၏မျက်နှာကို တစ်စုံကြည့်ကာ ရယ်မပြုံးလုပ်နေကြရာမှ "ကောင်းလိုက်တဲ့ သင်္ဘောကြီးဗျာ၊ တစ်သောင်းလောက် ကုန်ပါလိမ့်မယ်ထင်ပ" ဟု ပြောလိုက်ရာတွင်မူကား မရယ်ဘဲမနေနိုင်အောင် ဖြစ်လာကြလေ၏။

လူကြီး။ ။"ဘာလုပ်ရယ်ကြတာလဲဗျာ၊ များသလား ဆိုနိုင်ပေါင်ဗျာ၊ ကျုပ်တို့တောသားတွေ အရမ်းတွေးရတာပါပဲ၊ ဖိုးထွန်းဦးရဲ့ ဆန်စက်ဟာအောင် တစ်သောင်းကျော် ကုန်တယ်ဆိုတော့ ဟိုစက်လို ဆန်မကြိတ်နိုင်ပေမဲ့ဒီလောက်တော့ ကုန်လိမ့်မယ် မှတ်တာပါပဲ"

နံ။ ။"ဖိုးထွန်းဦးရဲ့ ဆန်စက်က ဘယ်မှာလဲ ဘကြီးရဲ့"

လူ။ ။"ကျုပ်တို့ ရွာပေါက်က ဆန်စက်လေ"

နံ။ ။"ဘကြီးတို့ရွာက ဘယ်မှာလဲ"

လူ။ ။"ပုသိမ်ကြီးပေါ့ဗျ၊ နန်းတော်ကြီးရဲ့ အရှေ့ဘက်ဆိမှာလေ၊ ကျုပ်တို့ရွာမှာတော့ ဖိုးထွန်းဦး ဆန်စက်ဆိုရင် လူတိုင်းသိတာပေါ့၊ ဟိန်းလို့ဗျာ..ညည်ထားလိုက်တဲ့ စက်ကြီးမှ ဧရာမဟာကြီးပဲ"

နံ။ ။"ဒါမှ တစ်သောင်းကျော် ကုန်သတဲ့လား ဘကြီးရဲ့"

လူ။ ။"အဲလေ ဟုတ်ပါရဲ့၊ သောင်းဆိုလား သိန်းဆိုလား ပြောတတ်ပေါင်မောင်ရယ်၊ 'သ'တော့ ပါတာပါပဲ"

အရာရှိ။ ။"ဒီလိုဆိုရင် သန်းဖြစ်ချင်ဖြစ်နေပါ့မယ် ဘကြီးရယ်"

လူ။ ။"အေးလေ ဒါလဲ မဆိုနိုင်ဘူး၊ ကျုပ်တို့တော့ စပါးတစ်ရာ၊ နှစ်ရာ၊ ငွေတစ်ရာ၊ နှစ်ရာ ဒါလောက် ရေတတ်တွက်တတ်တော့ ဒီ့အထက်ဆိုရင်ရှုပ်ကုန်ပြီ၊ လူကလေးတော့ တွက်တတ်မှာပဲ"

လူကြီးသည် ၎င်းပြောသောစကားများကို ကျွန်ုပ်မှတစ်ပါး အခြားခရီးသည်များ စိတ်ဝင်စားကြဟန်မရှိသည်ကို ရိပ်မိသည်နှင့် ထိုင်ရာမှထ၍ ဗိုလ်ကပြားသင်မယားဘက်သို့လှည့်ကာ ဦးခေါင်းညွှတ်လျက် "ဂွတ်ဒမောနိန်း သခင်ကြီး" ဟု နှုတ်ဆက်ပြီးလျှင် ၎င်း၏အခန်းထဲသို့ ဝင်သွားလေ၏။ ကျွန်ုပ်တို့လည်းပြုံးရယ်လျက် ကျန်ရစ်ကြလေရာ ထိုလူကြီးအား "ဂွတ်ဒမောနိန်း ဆရာကြီး" ဟူ၍ နာမည်ပေးထားကြလေတော့သည်။

နောက်တစ်နေ့နံနက်တွင် တာပင်သင်္ဘောသည် မန္တလေးဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ရာ ဂွတ်ဒမောနိန်းဆရာကြီးသည် ကျွန်ုပ်တို့အိပ်ရာမှ ထလာကြသောအချိန်တွင် သင်္ဘောပဲ့ပိုင်းစွန်း၌ထိုင်လျက် အနောက်တောင်ရိုးတန်းကြီးကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားသော အမူအရာနှင့် ငေးမှော်ကာ ကြည့်နေလေ၏။ မင်းကွန်းဘုရားကြီး မြင်ရသောအခါ ကုလားထိုင်ပေါ်မှဆင်းကာ ဒူးတုပ်၍ကန်တော့ပြီးနောက် "တော ခေါက်လောက်ရောက်စမ်းချင်တာ တစ်ခါမှ မသွားဖြစ်ပါဘူးဗျာ၊ အားလပ်တယ် လို့ကို မရှိနိုင်ပါဘူး" ဟု ကျွန်ုပ်အား ပြောပြသဖြင့် ကျွန်ုပ်သည် ခရီးဆောင်မှ ပြောင်းကို အခန်းထဲမှယူ၍ လူကြီးလက်သို့ ပေးလိုက်လေ၏။ လူကြီးသည် မှန် ပြောင်းရသော အချိန်မှစ၍ သင်္ဘောပွဲစွန်းမှ မခွာတော့ဘဲ အရှေ့ဘက်နှင့်အနောက် ဘက်ကမ်းများကို တစ်လှည့်စီကြည့်ရာမှ ၎င်း၏'ရှင်မ'ကိုလည်း မကြာခဏ ခေါ် ၍ပြလေ၏။ "နေရာကျလိုက်လေ မောင်ရယ်၊ သိပ်ဟုတ်တာပါလား၊ အနားသွား ကြည့်တာလိုပဲလား မောင်ရင်ရယ်၊ ရေကြောမြေကြော ရှုနိုင်တယ်ဆိုတာ ဒီဟာ များ ထင်ပါရဲ့၊ ကျေးဇူးများလိုက်တာ မောင်ရင်" ဟူ၍ အားရပါးရ အမူအရာနှင့် လင်မယားနှစ်ယောက်လုံးက ပြောရှာကြပါပေသည်။

လက်ဖက်ရည်သောက်ကြသောအခါ လူကြီးလင်မယားသည် ကျွန်ုပ်တို့ နှင့်အတူ တစ်စားပွဲတည်းတွင်ထိုင်လျက် ဟန်ရပန်ရ သောက်ရှာကြ၏။ ကြွပ် အောင်ကင်၍ ထောပတ်သုတ်ထားသော ပေါင်မုန့်(တို့စ်)ကို လက်ဖက်ရည်တွင် နှစ်ပြီးမှ စားသည့်အတွက် လက်ဖက်ရည်တွင် ထောပတ်ဆီ'ဝေ့'ကျန်ရစ်သဖြင့် ကပြားလင်မယားတို့၏ ပြုံးရယ်ခြင်းခံရရုံမှတစ်ပါး အရှပ်ဆိုးလှအောင် မရှိသေး 'ရှင်မ'ကမူ ပေါင်မုန့်ကင်မှာ 'အချိုပေါ့'သည့်အတွက် နို့ဆီကလေးနှင့် သုတ်စား လိုသဖြင့် ၎င်း၏ဆန္ဒ ပြည့်စိမ့်သောငှာ ဘွိုင်ကုလားကို ကျွန်ုပ်ကပင် ခေါ်ယူတောင်း ပေးလိုက်ရ၏။

ကျွန်ုပ်သည် အရာရှိလင်မယားတို့၏ မျက်နှာထားနှင့် ဗိုလ်ကပြားမောင် နှံတို့၏ အမူအရာများကိုကြည့်ကာ စာရေးဆရာတို့၏ သဘာဝအတိုင်း စိတ်ဝင် စားသော အရသာကို ခံစားလျက်ရှိရာ ကပြားလင်မယားတို့ နှာခေါင်းရှုံ့သည်ကို မြင်သဖြင့် အရာရှိလင်မယားတို့က မြန်မာအတွက် လိုက်၍ရှက်ကြဟန်တူ၏။ ကပြားလင်မယားတို့မှာလည်း မြန်မာသွေးပါသည့်အဖြစ်ကို အရာရှိလင်မယားတို့ စဉ်းစားမိဟန်မတူချေ။ စင်စစ်မှာ မြန်မာတောသူတောင်သားများ၌ အထက်တန်း စားလူများ၏ အမူအရာမျိုး မရှိသည့်အတွက် အင်္ဂလိပ်မြန်မာကပြားများရှေ့တွင် တစ်စုံတစ်ရာမှ ရှက်ဖို့မရှိသင့်ပေ။

သို့ရာတွင် နံနက်စာ စားကြသောအခါ၌မူကား အတော်ကလေး ခွကျ သော အခြင်းအရာများ ကြုံတွေ့ရ၏။ အရာရှိလင်မယားတို့သည် လူကြီးလင်မ မယားတို့အတွက်ကြောင့် နံနက်စာစားချိန်တိုင် ရောက်မည်ကိုပင် ပူပင်နေကြဟန် တူပေရာ ကျွန်ုပ်တို့မှာမူ 'နေသာသပ လေညာက' ဟူသော စကားအတိုင်း ထိုအ



ကျောက်ကြောင့် မရှက်ဘဲရှက်ဟန်တူသော အရာရှိလင်မယားတို့အတွက်သာလျှင် အားနာမိ၏။ ဘိလပ်သားအစစ်များရှေ့တွင်ဆိုပါမူ ကျွန်ုပ်သည်လည်း ရှက်ကောင်း ရှက်မိ၍ လူကြီးလင်မယားအား တစ်နည်းတစ်လမ်းအားဖြင့် အကြံပေးကောင်း ပေးမိပေမည်။ ယခုမှာမူ မြန်မာသွေးပါသော ကပြားများသာဖြစ်သောကြောင့် ရှက်နေဖို့မရှိဟု ကျွန်ုပ်အောက်မေ့မိ၏။ အရာရှိလင်မယားတို့ကား မည်သည့်နည်း နှင့် ခဉ်းစားကြသည်မဆိုနိုင်၊ ရှက်သလိုလို အားနာသလိုလို ဖြစ်နေရှာလေတော့ သည်။

နံနက်စာ စားချိန်တိုင်ရောက်သောအခါ ဘွိုင်ကုလားသည် စားပွဲတွင် အဝတ်ခင်း၍ ဇွန်း၊ ခက်ရင်း၊ ဓား စသည့် ကိရိယာတန်ဆာများကို စားပွဲပေါ်တွင် အစီအစဉ်အတိုင်း လူရှစ်ယောက်အတွက် တည်ခင်းနေသဖြင့် ကျွန်ုပ်တို့သည် ကိုယ့်နေရာ၌ကိုယ် ထိုင်ကြလေရာ လူကြီးလင်မယားတို့လည်း မိမိတို့နေရာတွင် ထိုင်ကြလေ၏။

ပေါင်မုန့်နှင့်ထောပတ်တို့ကို စားပွဲအလယ်တွင် တည်ခင်း၍ လိုသလောက် ဖြတ်ယူစားသောက်ကြရန် ဖြစ်လေရာ အခြားစားစရာများကိုမူ ဥရောပတိုက် သားများ ထုံးစံအတိုင်း လူအသီးသီးရှေ့၌ တည်ခင်းပေးလေသည်။ ရှေးဦးစွာ စားပွဲရောက်လာသောအခါ၌ လူကြီးလင်မယားသည် ဓား၊ ခက်ရင်း၊ ဇွန်းတို့နှင့် အစ်ကြိမ်မျှ စားဖူးဟန်မတူသော်လည်း အတော်အတန် ပါးရည်နပ်ရည် ရှိသူများ ဖြစ်သည့်အလျောက် အခြားလူများ ကိုင်ပုံတွယ်ပုံကိုကြည့်လျက် ကြိုးစား၍ လိုက် စားကြ၏။ ငါးအတွက် ဓားတစ်မျိုးပေးထားသည်ကိုပင် မမှားအောင် ရွေးချယ် အသုံးပြုကြသည့်အတွက် ကျွန်ုပ်စိတ်ထဲ၌ ချီးကျူးမိ၏။ ပေါင်မုန့်ကိုလည်း ကျွန်ုပ် တို့နည်းတူ လက်နှင့် လှမ်းယူကိုင်တွယ် စားသောက်ကြ၏။ အနည်းငယ် အကိုင် အတွယ်မကျင်လည်ရုံမှတစ်ပါး ပြောဖွယ်ရာမရှိချေ။ သို့ရာတွင် ကြက်သားပွဲ ရောက်လာသောအခါတွင်ကား 'ရှင်မ'သည် ကြက်ပေါင်ကို အရိုးနှင့်အသား တစ် ခြားစီဖြစ်အောင် ဓားနှင့်လှီးဖြတ်ရန် ရှေးဦးစွာ အခက်အခဲတွေ့လေရာ ထိုနောက် တွင် လူကြီးသည် ပေါင်ရိုးကို ဓားနှင့်ကြိတ်၍ လှီးဖို့ကြိုးစားသည်တွင် ကြက် ပေါင်သည် ပန်းကန်ပြားထဲမှ ချော်ထွက်၍ စားပွဲပေါ်သို့ စင်ထွက်သွားလေ၏။ အရာရှိလင်မယားတို့ကမူကား မျက်နှာများကို အောက်သို့ငုံ့လျက် ခြေခြင်ပြုံး ကြလေရာ ကပြားလင်မယားလည်း ရယ်မောကြလေ၏။ လူကြီးမှာမူ မိမိ၏ ကျင်လည်မှုအတွက် အနည်းငယ်ရှက်ကိုးရှက်ကန်းဖြစ်ရှာ ... သွားသော ကြက်ပေါင်ကို လက်ဖြင့်ကောက်ယူ၍ ဓားကိုလုံး... အက်နှင့်ပင် ကိုင်တွယ်စားသောက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တတ်သလို ကိုယ်စားပါ ရှင်မရယ်" ဟု ပြောလိုက်သဖြင့် ၎င်း၏ ဇနီးမှာလည်း ၎င်းနည်းတူ လက်နှင့်ပင် ကိုင်တွယ်စားသောက်လေရာ နောက်ထပ် ရောက်လာသော စားစရာများကိုလည်း ဤနည်းအတိုင်း ပယ်ပယ်နယ်နယ် ကိုင်တွယ်စားသောက်ကြလေ၏။

ကျွန်ုပ်သည် ထိုလူကြီးလင်မယားတို့၏ အမူအရာကိုမြင်သဖြင့် များစွာ အံ့ဩမိ၏။ အခြားသော တောသူတောင်သားတို့မှာ ဤသို့သောနေရာ၊ ဤသို့သော ပရိသတ်ရှေ့၌ ဇွန်း၊ ခက်ရင်းဖြင့် စားသောက်ခြင်းကို အဝေးမှ ရှောင်ကွင်းကြမည်ဖြစ်ရာ ၎င်းတို့မှာမူ ရောနှောရန်ကြိုးစား၍ အထမမြောက်သောအခါ၌လည်း အလွန်အမင်း ရှက်လှသည်မရှိဘဲ၊ ခပ်အေးအေးပင် ရှိနေကြ၏။ "တတ်နိုင်သမျှ ကြိုးစားတာပဲ၊ မဖြစ်တာတော့ ကျုပ်တို့အပြစ်မဟုတ်ဘူး" ဟုဆိုလိုသော အမူအရာကိုသာ ပြကြလေသည်။ ဟန်ဆောင်ချင်သော တောသားတစ်ယောက် ဖြစ်ခဲ့ပါမူ ဖြူစင်သော စားပွဲခင်းကြီးပေါ်သို့ ကြက်ပေါင်ကြီး လွင့်စင်သွားသဖြင့် စွန်းပေသွားသော တစ်ခဏ၌ လဲသေချင်မတတ် ရှက်ကြမည်ဖြစ်ရာ ထိုလူကြီးမှာ ရှက်ပြုံးပြုံးလိုက်ခြင်းမှတစ်ပါး ထူးခြားသော မျက်နှာထားမျိုးမပြချေ။

ရှေ့အဖို့၌ လူကြီးလင်မယားသည် လက်နှင့်ပင် ကိုင်တွယ်လျက် မိမိတို့ နေအိမ်၌ကဲ့သို့ လွတ်လပ်စွာ စားသောက်နေကြသည်ကို တွေ့ကြရသောအခါ အခြားပရိသတ်များမှာ တစ်မျိုးတစ်ဖုံ အမူအရာ ပြောင်းလဲသွားကြ၏။ ဗိုလ်ကပြား လင်မယားသည် ရယ်မောချင်သော အပြုအမူမျိုး မရှိတော့ချေ။ အရာရှိလင်မယား သည်လည်း လူကြီးလင်မယားအတွက် ယခင်ကဲ့သို့ ရှက်သောမျက်နှာထားမျိုး မပြတော့ချေ။ ကျွန်ုပ်မှာလည်း ၎င်းတို့အတွက် ယခင်ကတည်းက မရှက်လှသည့် အထဲတွင် ယခုမှာမူ လုပ်ချင်သည့်အတိုင်း ဘွင်းဘွင်းကြီး လုပ်တတ်ကြသည်ဖြစ် သောကြောင့် သဘောကျလိုလိုရှိ၏။ စကတည်းက လက်နှင့်ကိုင်စားကြပါမူ ကျွန်ုပ်သည် ကဲ့ရဲ့မိကောင်း ကဲ့ရဲ့မိပေမည်။ ယခုမှာ တတ်နိုင်သမျှ ကြိုးစားကြပြီး နောက် မဖြစ်နိုင်ကြောင်း တွေ့ရသောအခါမှ 'ဇာမချဲ့ဘဲ' လွတ်လပ်စွာ စား သောက်ကြခြင်း ဖြစ်သည့်အတွက် ဤလူကြီးစုံတွဲသည်ကား တစ်ထောင်တွင် တစ်ယောက် တွေ့ရခဲလှသော လင်မယားပေတည်းဟု အောက်မေ့မိလေတော့ သည်။

နေ့လယ်လက်ဖက်ရည်သောက်ကြသောအခါ၌ လူကြီးလင်မယားသည် ကျွန်ုပ်တို့၏ မျက်နှာများကို အကဲခတ်ရင်း စားသောက်ကြလေရာ ကျွန်ုပ်သာမက ဗိုလ်ကပြားစုံတွဲနှင့် အရာရှိလင်မယားတို့သည် ၎င်းအပေါ်တွင် အထင်အမြင်ကြီး ၍ ကရုဏာသက်လာကြလေပြီ။ ကပြားကတော်သည် မိန်းမကြီးအတွက် ပေါင်



မုန့်ကို ယိုနှင့်ထောပတ်များသုတ်ပေး၍ အရာရှိကတော်က ၎င်းတို့ အဆင်သင့် သောက်ရန် လက်ဖက်ရည် ဖျော်ပေးလေ၏။ လူကြီးလင်မယားသည် မိမိတို့ တောမွမ်းကျင်သည့်အတွက် သင်ပြပေးကြသည်ဟု ရှက်သောမျက်နှာထားမျိုးမပြဘဲ ကျေးဇူးတင်စွာနှင့် စားသောက်ကြလေသည်။ ညနေစောင်းအချိန်၌ အခြားခရီးသည်များသည် သင်္ဘောပေါ်တွင် လှည့်လည်ကြည့်ရှုနေကြစဉ် ကျွန်ုပ် သည် လူကြီးအနီးတွင်ထိုင်၍ စကားစမြည်ပြောကြ၏။

လူကြီး။ ။"တစ်ခုမေးပါရစေ မောင်ရယ်၊ ဒီနေရာမှာစီးရင် သူတို့ထမင်းဟင်းကို မစားလို့ မဖြစ်ဘူးလား မောင်ရယ်"

...င်း။ ။"ဖြစ်တာပေါ့ ဘကြီးရဲ့၊ ကိုယ်စားချင်မှ စားရတာပေါ့၊ ဘာကြောင့် မေးတာလဲ ဘကြီး"

...း။ ။"ဗိုလ်လိုစားရတာ မဝပါဘူးမောင်ရယ်၊ ကျုပ်တို့က ဗမာထမင်းဟင်း စားချင်တာပါ။ မစားဘဲ မဖြစ်ဘူးဆိုလားလို့ စားမိတာပါ မောင်ရင်"

...င်း။ ။*"ဘာဟုတ်မလဲ ဘကြီး၊ စားချင်မှ စားရတာပေါ့၊ ဗမာထမင်းဟင်း လည်း ပါသားကပဲ"*

...း။ ။"ပြောတတ်ပေါင်မောင်ရင်၊ စာရေးကြီးက ကျုပ်တို့ထမင်းဖိုးအတွက်ပါ ပေးပြီးသားဆိုလို့ စားမိကြတာပါ၊ ညစာကျရင်တော့ ထမင်းဆိုင်မှာ ဝယ် စားပါတော့မယ်၊ တော်ပါပြီ။ ကျုပ်တို့နဲ့ မတန်ပါဘူး"

...င်း။ ။"ဒီလိုဆိုရင် စိတ်ချဘကြီး၊ ကျွန်တော် လိုက်ပြပေးမယ်။ လူတစ်ယောက် မှ ၈ဲ ပေးရပါတယ်"

...း။ ။"ဒီမှာတော့ ဘယ်လောက်လဲ မောင်ရင်"

...င်း။ ။"လက်ဖက်ရည် ၈ဲ၊ နံနက်စာ ၁ိ ၈ဲ၊ ညစာ ၅ိ ကျတယ် ဘကြီး"

...း။ ။"အလိုလေးဗျာ များပေါ့၊ ဒီလိုဆိုရင် တစ်ရက်စာအဲတွက်ကို ကျုပ်တို့ တောမှာ တစ်လစားလောက်တာပါကလား"

ညစာစားချိန်တွင် ကျွန်ုပ်သည် လူကြီးလင်မယားကို သင်္ဘောပေါ်၌ ဝါ သော မြန်မာထမင်းဆိုင်သို့ လိုက်ပို့ခဲ့၍ ကျွန်ုပ်တို့လူစုချည်း ညစာ စား သောက်ကြလေရာ လင်မယားနှစ်စုံတို့က ထိုလူကြီးလင်မယားအကြောင်းကို ပြောကြသော်လည်း ၎င်းတို့မရှိသည့်အတွက် စိတ်သက်သာ ရကြပါနဲ့တော့။

လမ်းတစ်လျှောက်လုံးတွင် မိန်းမကြီးသည် ၎င်းတို့၏ အခန်းပြင်သို့ ထွက်လှသည်မရှိဘဲ လူကြီးကမူ မမြင်ဖူး မရောက်ဖူးသော အရပ်ဒေသသို့ ကျွန်ုပ် ရောက်သွားသော မုန့်ပြောင်းကလေးဖြင့် မြစ်ကမ်းတစ်ဖက်တစ်ချက်ကို ကြည့်ရှုနေ ရင်းက ကြည့်၍မပြီးနိုင်အောင် ရှိနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့်၌ သင်္ဘောသည် ကြာညှပ်အထက်၌ရှိသော မောင်းကုန်းဆိပ်ကမ်းတွင်အိပ်၍ တစ်ညဥ့်လုံး ထင်းများတင်လေရာ လူကြီးသည် ကျွန်ုပ်တို့နှင့်အတူ သင်္ဘောပဲ့ပိုင်းတွင်မထိုင်ဘဲ ထင်းကူလီများနှင့် စကားလက်ဆုံဝင်လျက် ရှိလေ၏။ ကျွန်ုပ်သည် လူကြီးကို သဘောကျလျက်ရှိသဖြင့် ၎င်းရှိရာသို့ လိုက်သွား၍ မနီးမဝေးမှ အကဲခတ်နေလေ၏။ လူကြီးသည် ဆိပ်ကမ်းသို့တက်၍ 'ထင်းကား'များစီထားသောနေရာအနီး ထင်းတုံးတစ်တုံးပေါ်ထိုင်လျက် ထင်းလုပ်ငန်းသမားများအား မေးလားမြန်းလားရယ်လားမောလားဖြင့် စကားပြောမိသည်တွင် နာရီတစ်မတ်မျှ မကြာသေးမီ ဟိုကဘကြီး၊ ဒီကဘကြီးနှင့်အကျွမ်းတဝင် ဖြစ်နေကြသည်ကို တွေ့ရလေ၏။ တစ်နာရီခန့်ကြာ၍ လူကြီးတက်လာသောအခါတွင် 'အပြန်ဝင်ခဲ့ဦးနော် ဘကြီး' 'ဘယ်တော့ပြန်ခဲ့မှာလဲဦးကြီး' စသည်ဖြင့် ဝိုင်းဝန်းနှုတ်ဆက်ကြသည်များကို တွေ့မြင်ရသောအခါ ဤလူကြီးကား တောသားအချင်းချင်းအနက်တွင် လူချစ်လူခင်ပေါမည့် ပုဂ္ဂိုလ်ကြီးပေတကားဟု ကျွန်ုပ်အောက်မေ့မိလေသည်။

နံနက်စောစော သင်္ဘောထွက်ခွာ၍ လက်ဖက်ရည်သောက်ပြီးကြသဖြင့် ကျွန်ုပ်တို့လင်မယားသုံးစုံတို့သည် စားပွဲတွင်ဝိုင်းဖွဲ့ကာ ထိုင်လျက် စကားပြောနေကြစဉ် လူကြီးသည် ၎င်း၏အခန်းမှ ထွက်လာ၍ ကုလားထိုင်တစ်လုံးတွင် ထိုင်ပြီးလျှင်–

လူကြီး။ ။"ကျုပ်တစ်ခု ပြောပါရစေဗျာ၊ သခင်ကြီးလင်မယားရော၊ မြို့အုပ်မင်းရော ကျောင်းဆရာရော တစ်ဆိတ်ကလေး ခွင့်ပြုကြပါ။ ကျုပ်က ပြောချင်တဲ့စကားကို ဖွင့်ပြီးပြောလိုက်ရမှ ရင်ထဲမှာ လင်းသွားတတ်တဲ့ ဝါသနာရှိလို့ပါ။ ကျုပ်တို့ အခု ဒီနေရာက ဒွိဟတန်းဆိုလား၊ ဒွိတရတန်းဆိုလား စီးနိုင်ခြင်းဟာ ကျုပ်တို့ အစွမ်းမဟုတ်ပါဘူး။ ကျုပ်တို့လင်မယားဟာ ခင်ဗျားတို့ အတန်းအစားထဲက မဟုတ်ပါဘူး။ လူကလေးက အမေကြီး အဖေကြီး သူ့ဆီအလည်လာဖို့ မှာတဲ့အခါမှာ တစ်သက်မှာ တစ်ခါခေါ်နိုင်ခြင်း ဖြစ်တယ်ဆိုပြီး သင်္ဘောစာရေးကြီးကို လက်မှတ်ဖိုးရော၊ တိုလီမိုလီဖိုးရော၊ စရိတ်ရော၊ သူ့လက်ထဲငွေအပ်လိုက်လို့ စာရေးကြီးကိုယ်တိုင် ကျုပ်တို့ရွာကို လာခေါ်ခြင်းဖြစ်ပါတယ်။ ကျုပ်တို့သဘောအတိုင်းဆိုရင် ငွေနှမြောပြီး ဘယ်နည်းနဲ့မှ ဒီလိုနေရာမျိုးမှာ မစီးဘူးဆိုတာ လူကလေးက သိလေတော့ စာရေးကြီးလက်ကို ငွေအပ်လိုက်ပါတယ်။ ကျုပ်တို့ လင်မယားမှာ ဒီလိုနေရာမျိုး မဆိုထားနဲ့၊ ဟိုဘက်က တတ္တရာတန်းမှာတောင် မစီးနိုင်လို့ လူကလေးဆီ သွားချင်လျက်နဲ့ နှစ်တွေအများကြီးအောင့်ပြီး နေကြရပါတယ်။ ဒီနှစ်ကျတော့မှ လူကလေးက ရာထူးတိုးလို့ဆို ထင်ပါရဲ့ စာရေးကြီးကို မှာလိုက်လို့ ကျုပ်တို့ လိုက်လာကြရပါတယ်။ ကျုပ်ကို ခင်ဗျားတို့နေရာမျိုး စီးနိုင်လို့



ဘာသူဌေးလား၊ မြေပိုင်ရှင်ကြီးလား အောက်မေ့နေကြမှာစိုးလို့ အခုလိုဖွင့်ပြောခြင်း ဖြစ်ပါတယ်"

ခင်။ ။"လူကလေးဆိုတာက ဘယ်သူလဲ ဘကြီးရဲ့"

ဘူ။ ။"လူကလေးဆိုတာ ကျုပ်သားပေါ့မောင်ရယ်၊ ကျုပ်က မြေကလေး လေးငါးရှစ်ဧကနဲ့ လုပ်စားလာတဲ့ တောသားလယ်သမားဖြစ်ပေမဲ့ အင်္ဂလိပ်စာတတ်တာဟာ စာရေးစာချီဖြစ်နိုင်တယ်လို့ သိတယ်။ လူကလေးက သေးသေးသွယ်သွယ်မို့လို့ ကျုပ်တို့လို ရွံ့ထဲမှာ နွားနဲ့ဖက်ပြီး ရုန်းရတဲ့အလုပ်မျိုးနဲ့ မတော်ပါဘူးလို့လည်း ကျုပ်သဘောရတယ်။ ဒါကြောင့် ကျုပ်တို့လင်မယား ချဉ်ပေါင်ဟင်းနဲ့ နေပြီး လူကလေးကို အင်္ဂလိပ်ကျောင်း ထားခဲ့ပါတယ်။ ခါတိုင်းတော့ လယ်ကရတဲ့ စပါးကလေးနဲ့ ချွေချွေတာတာ စားလောက်ရုံ ရှိကြရဲ့။ လူကလေးကို အင်္ဂလိပ်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားထားတော့ သူ့ကျောင်းလခနဲ့ စာအုပ်ဖိုးနဲ့ ထမင်းဖိုးနဲ့ဆိုတော့ လယ်လုပ်လို့ရတဲ့ စပါးနဲ့ ကောင်းကောင်းမလောက်တော့လို့ ကျုပ်တို့လင်မယား တောင်ရိုးပေါ်မှာ ထင်းခုတ်ပြီး မြို့ထဲသွားရောင်းရပါတယ်။ ထင်းလှည်းတစ်စီး တစ်ကျပ်ခွဲနှစ်ကျပ်ဆိုပေမယ့် သားကလေး သရေအိုးရရ၊ ဘုတ်အုပ်ဖိုးရရဆိုပြီး ကောက်ကြီးတလင်း တက်တယ်ဆိုရင်ပဲ ကျုပ်တို့လင်မယား တောင်ရိုးကို နှစ်တိုင်းထင်းခုတ်ထွက်ခဲ့ကြပါတယ်။ သို့သော် သားကလေးက တော်ရှာပါတယ်။ ကျုပ်တို့က ထင်းဖိုးကလေးရရင် သူ့ကျောင်းဝင်ပြီးပေးခဲ့ပေမယ့် ကျောင်းပိတ်တဲ့အခါတိုင်း သူ့အမေဖို့ တဘက်၊ ကျုပ်ဖို့ ဖိနပ်ဆိုတာလို လာတိုင်း ပါခဲ့ရှာပေတယ်။ မပါဘူးဆိုရင် အနည်းဆုံး သူ့အမေဖို့ ပင်နီတစ်ထုတ်စာနဲ့ ကျုပ်ဖို့ ပဝါတစ်ပိုင်းတော့ ဝယ်လာရှာတာချည်းပါပဲ"

ခင်။ ။"ဘကြီးသားက နောက်တော့ ဘယ်နှတန်းအောင်သလဲ"

ဘူ။ ။"ဟိုက်စကူးဖိုင်တွဲဆိုလား၊ မဲသားတစ်ကျူလေးဂျင်းဆိုလား မခေါ်တတ်ပေါင်မောင်ရယ်၊ ၉ နှစ်လားထင်ရဲ့။ ကျောင်းမှာသင်ခဲ့ရတာပါပဲ။ တစ်နှစ်မှ စာမေးပွဲမကျပေဘူး၊ နှစ်တိုင်းအောင်ရှာပါပေတယ်။ နောက်ဆုံးမှ အဲဒီဖိုင်တွဲစာမေးပွဲအောင်လာတော့ သစ်တောဘက်ဆိုထင်ပါရဲ့။ ဘိုကြီးတွေငှက်ပစ်လာကြတော့ လူကလေးက သေနတ်ထမ်းပြီးလိုက်ဖော်ရတာနဲ့ "မင်းဘာအလုပ်ရှိသလဲ" မေးတော့ အလုပ်မရှိသေးပါဘူးလို့ ပြောရာမှာ "ငါတို့ သစ်တောဘက်မှာ လုပ်ချင်ရင် အလုပ်ပေးနိုင်တယ်" ဆိုပြီး လက်မှတ်တစ်စောင် ရေးပေးခဲ့ပါတယ်။ အဲဒီလက်မှတ်နဲ့ စတီးဘဒါးသားဆိုလား အဲဒီကုမ္ပဏီမှာ လျှောက်လိုက်ချင်းပဲ ကသာနယ် ရွှေလီဝက်အင်းရွာဆိုတဲ့ရွာမှာ သစ်ဘက်က လက်ထောက်လုပ်ဖို့ ခန့်စာရပါရောဗျာ။ ကသာဆိုတော့ ကျုပ်တို့က ငှက်တောခွေးတောဆိုပြီး လန့်ရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထဲမှာ မဲဇာတို့၊ ရွှေလီတို့ဆိုတော့ ဘာပြောကောင်းမလဲ။ လက်ဝဲသုန္ဒရအရေး ကြီးကို ပြည်နှင်ဒဏ်ပေးလို့ ပို့ထားတဲ့အရပ်ဆိုပြီး ကျုပ်တို့က သိပ်ကြောက်တာ သို့ပေမဲ့ သားကလေးကြီးပွားရေးကို မတားဆီးတော့ပါဘူးဆိုပြီး သွားခွင့်ပြုလိုက် ကြရပါရောဗျာ"

နုပ်။ ။"ဒါ ဘယ်နှနှစ်ရှိပြီလဲ ဘကြီး"

လှူ။ ။"ကျောင်းသားတွေ သပိတ်မှောက်ကြတဲ့နှစ်ကပါပဲ မောင်ရင်၊ ရှစ်ရာ လောက် ရှိသွားထင်ပ၊ ဒီအတောအတွင်းမှာ မိဘများဆီကို လူကလေး တစ်ခေါက်တည်း လာနိုင်ရှာတယ်။ အခု ကျုပ်တို့ သားမျက်နှာကို မမြင်ရတာ လေးနှစ်ရှိသွားပြီ။ လာခဲ့မယ် လာခဲ့မယ်နဲ့ ခွင့်ကိုပဲ မရနိုင်ရှာဘူးတဲ့။ နောက်ဆုံး ကျတော့ သူ့တော့ဖြင့် မလာနိုင်တော့ဘူး။ အဖေတို့ အမေတို့ပဲ လိုက်ခဲ့ကြပါတော့ တဲ့ မှာလိုက်ပြီး သင်္ဘောစရိတ်ကြီးလက်ထဲ ငွေထည့်လိုက်ရရှာတယ်။ ဒီနှစ်တော့ သားက ရာထူးတိုးပြီး ဟိုရွှေလီထဲက ကျွန်းချောင်းဆိုလား အဲဒီရွာမှာ တိုက်ထိုင် အရာရှိကလေး ဖြစ်နေသတဲ့။ ကျုပ်တို့လိုက်လာကြမယ်ဆိုလို့ ရွှေလီဝက ဆီးကြို နေလိမ့်မယ်"

နုပ်။ ။"နို့ နေပါဦးခင်ဗျာ၊ ဘကြီးတို့ဟိုရောက်ရင် ဘယ်လောက်ကြာကြာ နေကြမှာလဲ၊ ဒို့ပြင် သားသမီးမရှိတဲ့ လင်ကိုယ်မယားနှစ်ယောက်တည်း ဆိုတော့ သားနဲ့အတူနေကြဖို့ ရှိတော့တာပေါ့နော်။ သားကတိုက်ထိုင်ဆိုတော့ လခတော်တော်ကောင်းပါလိမ့်မယ်။ သားအဖသုံးယောက်တော့ ကောင်းကောင်း စားလောက်ပါလိမ့်မယ်"

လှူ။ ။"စိတ်မကူးပါဘူးမောင်ရယ်၊ ကိုယ့်ဟာကိုယ် လုပ်ကိုင်စားသောက်နိုင်ပါ သေးရဲ့နဲ့ သားသမီးလုပ်စာကို ထိုင်စားရမယ်ဆိုလို့ မျိုမကျနိုင်ပါဘူး။ သူ့မှာလည်း အိမ်ထောင်ပြုရေး ရှိပါသေးတယ်။ အမှန်ပြောရရင် အငြိမ်းထိုင်စားရ မယ်ဆိုလို့ နေလည်း မနေတတ်ပါဘူး။ ကိုယ့်လယ်ကလေး ကိုယ်လုပ်စားရတာ လောက် မြိန်လိမ့်မယ်လည်း မထင်ပါဘူး၊ ဒီတော့ ဟိုရောက်လို့ သူနဲ့တွေ့ပြီး သင်္ဘောတစ်ပတ်လောက်နေရင် ကျုပ်တို့ပြန်ကြမှာပါ မောင်ရင်"

နုပ်။ ။"ဘကြီးတို့က ပြန်ချင်ပေမဲ့ သားက တားဦးမှာပေါ့ ဘကြီး"

လှူ။ ။"ဘယ်လိုတားတား ကျုပ်တို့ မနေနိုင်ပါဘူးမောင်ရင်၊ လယ်သမားဆို တဲ့ လူမျိုးဟာ ရွံ့ထဲမှာနေရမှ ပျော်နိုင်တယ်ဆိုတာကို လူကလေးလည်း သိပါတယ်"

နုပ်။ ။"မန္တလေးဆိပ်ကမ်းမှာတုန်းက လိုက်ပို့ကြတဲ့ လူစုတွေဟာ ဘကြီးတို့ရွာ ကလား"



လှူ။ ။"ဒါပေါ့မောင်ရင်၊ အိမ်နီးပါးချင်းတွေပေါ့၊ ပုသိမ်ကြီးဆိုတာ နီးတဲ့ခရီး မဟုတ်ပါပေဘူး၊ ညကြီးသန်းခေါင်မှာ လိုက်ပို့ရှာကြတာ၊ အင်မတန် ခင်မင်ရှာကြလို့ပါပေပဲ၊ ဒါတောင် တစ်ရွာလုံး လိုက်ပို့ကြမလို့ဟာ ဘုန်းကြီးဖုံ့ရှိ နေလို့ ဘုန်းကြီးစိတ်ဆိုးနေရော့မယ်ဆိုပြီး တောင်းပန်ထားခဲ့ရတယ်"

ထိုကဲ့သို့ ရှင်းလင်းပြောပြနေသည့်အခိုက်တွင် အဒေါ်ကြီးသည် အခန်းထဲမှ ထွက်လာ၍ ကုလားထိုင်တစ်လုံး၌ ထိုင်ကာ လင်ယောကျ်ား၏ မျက်နှာကို အပြုံးပြုံးနှင့် ကြည့်နေလေရာ လူကလေးအကြောင်းကို ပြောသောအခါတွင်မူကား နံရံတွင် တင်ထားသော တဘက်ကလေးဖြင့် ၎င်း၏မျက်လုံးများကို မကြာခဏ သုတ်ပေးလေ၏။

ကျွန်ုပ်တို့လင်မယားသုံးစုံသည် လူကြီး၏ ရှင်းလင်းပြောပြသည်များကို ကြားကြရပြီးသောအခါတွင် ထိုလင်မယားနှစ်ယောက်အပေါ်၌ ကျေနပ်သည်ထက် ကျေနပ်သောစိတ် ဖြစ်ပေါ်လျက်ရှိကြလေရာ ဗိုလ်ကပြားလင်မယားတို့ကလည်း တောက်မဟုတ်ဆို၍ ရှောင်ကွင်းလိုခြင်း၊ နှာခေါင်းရှုံ့လိုခြင်း စသောအမူအရာမျိုး အလျဉ်းမရှိတော့သည့်ပြင် အရာရှိစုံတွဲတို့ကလည်း ၎င်းတို့အတွက် ရှက်ရမည် အစား ဂုဏ်ယူချင်သော စိတ်မျိုးပင် ဖြစ်ပေါ်နေကြသည့် လက္ခဏာ ရှိ၏။ ကျွန်ုပ် တို့လင်မယားမှုကား ပရိယာယ်ဟန်ဆောင်ခြင်းကင်း၍ လူချစ်လူခင်ပေါများဟန် ရှိသော ထိုလင်မယားအား ကြည်ညိုလေးစားခြင်းရှိလျက် အားလုံးသော မြန်မာ တောသားများသည် ဤလင်မယားကဲ့သို့ အကင်းပါး၍ ရိုးသားကြလျှင် ကောင်း လေစွဟု အောက်မေ့မိ၏။

ကျွန်ုပ်တို့ ခရီးသွားကြသောကာလမှာ တပေါင်းလနွေရာသီဖြစ်၍ မြစ်ရေ နည်းလှသဖြင့် ရေကြောင်းအလွန်ကျပ်လှပေ၏။ သောင်ကုန်းများသည် တစ်မြစ် လုံးတွင် အနှံ့အပြား ပေါ်ထွန်းလျက်ရှိရာ ဧရာဝတီအထက်မြစ်ညာတွင် အကြီး ဆုံး၊ အလှဆုံးဖြစ်သော 'တာပင်'သင်္ဘောကြီးသည် စည်းတိမ်၊ သောင်တိမ်များကို လွတ်အောင်ခဲယဉ်းစွာ တိမ်းရှောင်ခုတ်မောင်းရလေ၏။ သို့နှင့် သင်္ဘောသည် ဘကောင်းမှခွာခဲ့၍ ဆယ်မိုင်ခန့်ရောက်လာသောအခါတွင် သင်္ဘောပေါ်၌ မတ် ဘတ်ရပ်လျက် နေမိသူအပေါင်းတို့ ဟပ်ထိုးလဲကျသွားတော့မတတ်ဖြစ်ကြပြီးလျှင် "ဘုရားကယ်တော်မူပါ" ဟူသော ယောင်ယမ်းအော်ဟစ်သံများဖြင့် ဆူညံသွား လေ၏။ အကြောင်းမူကား သင်္ဘောကြီးသည် မြစ်လယ်၌ရှိသော စည်းတိမ်တစ်ခု ပေါ်သို့ ထိုးတင်လျက် ရှိပေသောကြောင့်တည်း။

သင်္ဘောသည် စက်ကိုနောက်ပြန်ခုတ်၍ သောင်မှကျွအောင် ကြိုးစားပါ သော်လည်း မရဘဲရှိလေ၏။ မွန်းတိမ်းသည်တိုင်အောင် အနည်းနည်းစမ်းသပ်

www.burmeseclassic.com

www.burmeseclassic.com



ခုတ်နှင်ပါသော်လည်း မရဘဲရှိရာတွင် လူကြီးလင်မယားတို့မှာ သားကိုတွေ့ရ တော့အံ့ဟု နာရီကို လက်ချိုးရေတွက်ခဲ့ကြရာမှ အချိန်ရွှေ့ဆင်းသွားပြန်သည် အတွက် မျက်နှာမသာမယာ ရှိနေကြရှာလေသည်။ ရွှေလီဝသို့ ထိုနေရာမှ မည်မျှ ဝေးပါသေးသနည်းဟု ကျွန်ုပ်အားမေးကြလေရာ ၎င်းတို့အကြဲကို ရိပ်မိသဖြင့် ထိုနေရာမှ သမ္မန်ဖြင့် ဆန်တက်ရန် ခရီးကွာလှမ်းလွန်းသည့်အကြောင်း ပြောပြ၏။ "တွေ့ရလှပါပြီ ရှင်မရယ်၊ ကြာလှ တစ်ရက်ပေါ့" ဟု မယားဖြစ်သူကို အားပေးရသော်လည်း ၎င်း၏မျက်နှာမှုကား မရွှင်လှရှာပေ။

ညနေစောင်းလုနီးအချိန်တွင် အစိုးရသင်္ဘောတစ်စင်းသည် အဆင်သင့် ရောက်လာ၍ စာပို့သင်္ဘောကြီးကို ကြိုးနှင့်ချည်ပြီးလျှင် နှစ်စင်းလုံး တစ်ပြိုင်နက် တည်း စက်ကုန်နှင်ကြလေရာ အုန်းဆံကြိုးတစ်ချောင်းနှင့် သံနန်းကြိုးကြီးတစ် ချောင်း ပြတ်ပြီးသောအခါမှ လျှော့ကျသွားလေတော့သည်။ ထိုအခါ သင်္ဘောကြီး တစ်ခင်းလုံးအနက်တွင် လူကြီးလင်မယားကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သောသူ သည် မရှိဟူ၍ ကျွန်ုပ်တို့ ယုံကြည်မိ၏။ သည်းလှိုက်အူလှိုက်အမူအရာမျိုး ဖြစ်ခဲ့ လှသော အဒေါ်ကြီးသည်ပင်လျှင် တဘက်ကလေးကို ရောမြှောက်၍ ရမ်းလေ၏။

သင်္ဘောသည် ထီးချိုင့်တွင် ဆိုက်ကပ်၍ ၎င်းအရပ်မှ ထွက်ခွာလာသော အချိန်တွင် မှောင်မိုက်နေပြီဖြစ်၍ ဆက်(ချ်)လိုက် ခါတ်မီးဖြင့် ခုတ်နှင်ရလေ၏။ နောက်ဆိုက်မည့်စခန်းမှာ ရွှေလီဝခေါ် အင်းရွာဆိပ်ကမ်းပင်ဖြစ်ရကား လူကြီးလင် မယားတို့မှာ အထုပ်အပိုးများ ပြင်ဆင်ကာ ဂနာမငြိမ် ရှိနေကြလေတော့၏။ ကျွန်ုပ် တို့လင်မယားမှာ ၎င်းဆိပ်ကမ်းမှာပင် ဆင်းကြမည်ဖြစ်သော်လည်း ထိုည၌အချိန် တွင် သင်္ဘောသည် အင်းရွာဆိပ်ကမ်းမှာပင် အိပ်ရမည့်အဖြစ်ကို သိပြီးဖြစ်သဖြင့် ခပ်အေးအေး ထိုင်နေကြလေသည်။

သင်္ဘောသည် အင်းရွာဆိပ်ကမ်းသို့ ချဉ်းကပ်လာရာတွင် ခပ်လှမ်းလှမ်း ဆိပ်ကမ်းဆီသို့ ဓာတ်မီးနှင့် တည့်တည့်ထိုးလိုက်သဖြင့် ကမ်းပေါ်၌ စောင့်မျှော် လျက် ရှိကြသောလူများကို လှုပ်လှုပ်ရွရွ တွေ့မြင်နိုင်ကြပေ၏။ အချို့လူများ၏ အဝတ်အစားမှာ ဓာတ်မီးရောင်နှင့် ပန်းမိသည့်အခိုက်အတန့်တွင် ဝင်းခနဲလက်ခနဲ အရောင်ကလေးများ ထွက်ပေါ်လာသည်ကိုလည်း မြင်ကြရ၏။

နောက်ဆုံး၌ သင်္ဘောသည် စက်ကိုလျှော့၍ ကမ်းဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လျက်ရှိရာတွင် လူကြီးလင်မယားသည် သင်္ဘောနံဘေးမှရပ်လျက် လည် ပင်းကိုဆန့်တန်းပြီးလျှင် ကုန်းပေါ်မှ လူတန်းကြီးကို ခေါက်တုံ့ခေါက်ပြန် စူးစိုက် ကာ လှမ်းမျှော်ကြည့်ရှုနေကြလေရာ ကျွန်ုပ်တို့လင်မယားသုံးစုံသည်လည်း အဘိုး ကြီးလင်မယားကိုသာ အာရုံစိုက်လျက် ကြည့်နေကြလေတော့သည်။ နောက်ဆုံး



၌ ကုန်းပေါ်မှ လူတစ်ယောက်၏အသံဖြင့် "အမေတို့၊ အဖေတို့..." ဟု တုန်တုန် ယင်ယင် ခေါ်လိုက်သည်တွင် "ဟော့... ငါ့သား၊ လူကလေးရေ..." ဟု သံပြိုင်ထူး လိုက်ကြလေရကား ကျွန်ုပ်တို့မှာ မိဘချင်း၊ သားသမီးချင်း စာနာသောအားဖြင့် မျက်ရည်ကိုယ်စီ ဝိုင်းလျက် ရှိကြလေတော့သည်။

များမကြာမီအတွင်း တပည့်သုံးလေးယောက်တို့၏ ရှေ့မှ သပ်ရပ်စွာ ဝတ်စားဆင်ပြင်လျက် အလွန်တရာ အဆင်ပြေလှသော မျက်နှာနှင့် မွန်ရည်သော ရုပ်လက္ခဏာရှိသည့် လူတစ်ယောက်သည် သင်္ဘောပွဲပိုင်းသို့ ပြေးလာ၍ "အမေ တို့၊ အဖေတို့" ဟု ဟစ်အော်ကာ အဒေါ်ကြီးကို ရှေးဦးစွာ ပွေ့ဖက်လေရကား ကျွန်ုပ်တို့သည် အိမ်၌ကျန်ရစ်သော မိဘများကိုလည်းကောင်း၊ သားသမီးများကို လည်းကောင်း ဆိုင်ရာဆိုင်ရာ သတိရလာကြသည့် လက္ခဏာနှင့် သင်္ဘောပေါ်မှ ဆင်းလာခဲ့ကြလေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ပန်းပွင့်

မိုးဥတုရာသီ၏ တစ်နေ့သောညနေခင်းတွင် ကောင်းကင်အလုံး ပိတ်ဆိုင်း မှိုင်းဝေနေပြီးလျှင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် တောက်ထွန်းထွက်ပေါ်လျက် ရှိသော နေမင်းသည် ထိုမှုဏ်မှ သွားလာလှုပ်ရှားလျက် ရှိကုန်သော လူသူအပေါင်း တို့အား သွားတော့မည့်ဟန် နှုတ်ဆက်သည့်လက္ခဏာဖြင့် တစ်ထောင်မျှသော ရောင်ခြည်တို့ကို အစွမ်းကုန် စွန့်လွှတ်လျက် ရှိလေသည်။ အလွန်ပင် ကြည်နူးသာ ယာစွာရှိသည့် ထိုအခိုက်တွင် အသက် ၂၅ နှစ်အရွယ်ခန့်ရှိ လူငယ်တစ်ယောက် သည် ရန်ကုန်မြို့ ရှိုင်ယယ်ဟိုတယ်ဘက်မှ ထွက်လာ၍ လမ်းလျှောက်တုတ် လေးကိုယမ်းကာ သာယာလှသော ရာသီဥတု၏ အခြေအနေကိုကြည့်ရှုရင်း ခပ် ပြုံးပြုံးမျက်နှာထားနှင့် ရုပ်တန့်ကာ စဉ်းစားစိတ်ကူးလျက် ရှိနေလေ၏။

ထိုသူငယ်မှာ အရပ်အမောင်း မနိမ့်မမြင့် မကြုံမလှီရှိလျက် အသားမှာ မဖြူမညိုရှိသဖြင့် ဝင်လုဆဲဆဲနေရောင်တွင် ခပ်ဝါဝါဖြစ်နေ၏။ ဆေးတံကလေး တစ်ဖွာနှစ်ဖွာ ရှူရှိုက်လျက် လက်ဝဲလက်ဖြင့် ရေးရေးမျှရှိသော နှုတ်ခမ်းမွေး တဖြည်းဖြည်းသပ်ရင်း ဝင်းပသော မျက်နှာထားဖြင့် စဉ်းစားကာသာ တုတ် ကောက်ကိုယမ်းလျက် ရှိလေ၏။ ၎င်းသူငယ်မှာ ဘဝဘဝက ကုသိုလ်အဟုန် ကြောင့် အစွမ်းကုန်လှပသော ရုပ်အဆင်းနှင့် ပြည့်စုံသည့်ပြင် ဖခင်ဖြစ်သူ မြေပိုင် ရှင်သူဋ္ဌေးကြီး ဦးကျော်ကလုံးမှာလည်း တစ်ဦးတည်းသော သားကလေးအား လွန်မင်းစွာ အလိုလိုက်ထားလေ၏။ မောင်တင်ညွန့် ဘီအေအောင်မြင်ပြီးနောက်



ရန်ကုန်မြို့၌ ဥပဒေတန်းတက်လျက် ဖခင်က တစ်လလျှင် ၁၅၀ိ ကျတင်ပို့သော ငွေဖြင့် လှလှကြီးသုံးစွဲနေထိုင်လျက် ရှိလေ၏။

၎င်းမောင်တင်ညွန့်မှာ အဆင်း၏ကောင်းခြင်း၊ အမိအဖအမျိုးအနွယ်၏ ကောင်းခြင်း၊ ပညာ၏ကောင်းခြင်း၊ ဥစ္စာခနေပေါများခြင်း၊ အရွယ်၏ကောင်းခြင်းမှ စ၍ အမျိုးမျိုးသော ကောင်းခြင်းတို့နှင့် ပြည့်စုံခဲ့သည့်ပြင် ဝတ်စားဆင်ယင်ပုံမှာ အလွန်ပင် သေသပ်သိုက်မြိုက်၍ မျက်နှာပေးမှာလည်း ချိုချိုအေးအေးနှင့် သွေးကြီး သည့်အသွင် အလျင်း ကင်းမဲ့လေသည်။

ယောကျ်ားသူငယ်ချင်းအပေါင်းတို့မှာ ၎င်းအား အလွန်တရာ ချစ်ခင်လေး မြတ်ခြင်းရှိပြီးလျှင် ရှုမြင်သူမိန်းမအပေါင်းမှာလည်း သက်ပြင်းချလုခမန်းပင် ရှိ သောက်သည့် သူငယ်တစ်ယောက်ဖြစ်ပေ၏။

မောင်တင်ညွန့်မှာ ယင်းကဲ့သို့ အကျိုးပေးကောင်းလှသဖြင့် လှပြည်တွင် ပွင့်သောက ကြောင့်ကြစိုးရိမ်ရန် တစ်ခုမျှ ရှိသည့် အမူအရာဟန်နှင့် အေးအေး ကြည်ကြည် မထီတရီရှိသော မျက်နှာထားဖြင့် လမ်းလျှောက်နေသူ ခရီးသည်တို့ အား ကြည့်ရှုလျက်ရှိနေစဉ် လူခပ်ချောချော နှုတ်ခမ်းမွေးခပ်ကောင်းကောင်းနှင့် အသက် ၂၇ နှစ်ခန့်ရှိ လူတစ်ယောက်လည်း ဟိုတယ်ပေါက်မှ ထွက်လာ၍—

"ဟဲလို ကိုတင်ညွန့် မသွားသေးဘဲကိုး။ ဘာများ စိတ်ကူးပြီး ဟာဒယ ရွှင်နေတာ၊ လာပါဗျာ ဘိလိယက်တစ်ပွဲလောက် စမ်းကြဦးစို့၊ ဒီတစ်ခါတော့ ခင်ဗျားနိုင်မှာပါပဲ"

ညွန့်။ ။"တော်ပါပြီ ကိုသိန်းတန်၊ နောက်များမှ စမ်းကြသေးတာပေါ့။ ဒီကနေ့ ကျုပ်က အရှုံးပေးပါပြီဗျာ"

မောင်တင်ညွန့်နှင့် မောင်သိန်းတန်တို့သည် မကြာသေးမီက ဘိလိယက် ခန်းပွဲမျှ ကစားကြရာတွင် မောင်တင်ညွန့်က ရှုံးသဖြင့် ကတိအတိုင်း ကြည့်ရှုသူ သူငယ်ချင်းအပေါင်းတို့အား အရက်နှစ်ခွက်စီ တိုက်ခဲ့ရသော်လည်း မောင်တင်ညွန့် မှာ တစ်စက်မျှ မသောက်ဘဲ ထွက်လာခဲ့၏။ ငွေ ၁၀ိ ကျော် ကုန်ကျခဲ့ပြီဖြစ်၍ ယနေ့အဖို့ သင့်တော်ပြီဟူ၍ ဆုံးဖြတ်ပြီးလျှင် ထွက်လာခဲ့ခြင်းဖြစ်သည်။

သိန်း။ ။"လာပါဗျာ၊ ဒီတစ်ပွဲတည်းပါဗျ၊ အစောကြီးရှိသေးတာကပဲ"

ညွန့်။ ။(ဦးခေါင်းကိုယမ်းလျက်)"တော်ပြီလေကိုသိန်းတန်၊ ခင်ဗျားတို့ကတော့ အလုပ်နဲ့အကိုင်နဲ့မို့ တတ်နိုင်တယ်ဗျ၊ ကျွန်တော်တော့ဖြင့် ဒီလောက်သုံးရ ရင် တော်လောက်ပြီလေ။ နောက်များမှကစားကြသေးတာပေါ့ဗျာ၊ တွေ့ကြဦးမှာပဲ"

သိန်း။ ။"ဒါဖြင့်လည်း ရှိပါစေလေဗျာ" ဟု ပြောပြီးနောက် မောင်တင်ညွန့်၏ မျက်နှာကို ခပ်စောင်းစောင်းကြည့်လျက်—

www.burmeseclassic.com

www.burmeseclassic.com



"ခြော် ဒါထက် ကိုယ့်လူက ရှုံးတာဒီလောက်ပဲ အရေးမကြီးလှပါဘူး။ ရီရီတို့အိမ်ကိုမသွားဘဲ နေရမှာစိုးလို့မှတ်တယ်"

ညွန့်။ ။(မျက်နှာပိုးသတ်လျက်) "မဟုတ်ပါဘူး ကိုသိန်းတန်၊ ဒီကနေ့လည်း ရီရီတို့အိမ်ကို သွားမယ်မကြံပါဘူး"

သိန်း။ ။"ကောင်းပြီနော်၊ တော်တော်ကြာ ဟိုကျတော့ တွေ့နေရင်ဒါပဲ"

ညွန့်။ ။"ဒီကနေ့ တွေ့ရင်တော့ ပြောချင်တိုင်းပြောပေါ့ဗျာ ကျုပ်မလိမ်ပါဘူး"

သိန်း။ ။"ကိုင်း ကိုင်း ဒါဖြင့် သွားပေဦးတော့၊ ကျုပ်လည်း တစ်ပွဲလောက် ကစား ကြည့်ဦးမယ်" ပြောသဖြင့် မောင်တင်ညွန့်သည် ဟိုတယ်မှထွက်လာခဲ့ လေသည်။ မောင်သိန်းတန်လည်း မောင်တင်ညွန့် လျှောက်သွားရာသို့ မချစ်မနှစ် သက်သော မျက်နှာထားဖြင့် စောင်းငဲ့ကာ တစ်ချက်ကြည့်ပြီးနောက် နှုတ်ခမ်းများ ကိုကိုက်လျက် ဟိုတယ်အတွင်းသို့ ပြန်ဝင်သွားလေ၏။

မောင်တင်ညွန့်သည် ကုန်သည်လမ်းတစ်လျှောက်မှ အနောက်သို့ လျှောက်လာခဲ့၍ ဆူးလေဘုရားဘက်သို့ ချိုးကွေ့ပြီးနောက် တခြားသော လူငယ် ရွယ်တို့နှင့် မတူသည်ဖြစ်၍ ဘာသာတရားကို အတန်ငယ်ရိုသေကိုင်းရှိုင်းသူ ဘက်ဖြစ်သည့်အတိုင်း မီးထွန်းချိန်တိုင် ဘုရား၌ ဆီမီးပူဇော်ကန်တော့ လျက် [illegible]လေ၏။

ဆူးလေဘုရားမှထွက်လာပြီးလျှင် မောင်တင်ညွန့်မှာ ယခင်က မောင်သိန်း တန်မေးမြန်းသည့် ရီရီဆိုသူ သူငယ်မကလေး၏အကြောင်းကိုသာ စဉ်းစားကာ စိတ်ကူးလျက် ရှိနေလေသည်။ ၎င်းရီရီဆိုသူ သူငယ်မကလေးမှာ မင်းကြီးကတော် မလှမေ၏တူမတစ်ယောက် ဖြစ်သည်။ အမိအဖ သေဆုံးပြီးသည့်နောက် အဒေါ် ဖြစ်သူ မင်းကြီးကတော်ထံတွင် သမီးအမှတ်အဖြစ်လည်းကောင်း လာရောက်နေ ထိုင်လျက် ရှိလေ၏။

ရီရီမှာ အသက် ၁၈ နှစ်မျှရှိလျက် ရုပ်ရည်မှာ အထက်တန်းစား အမ်း အဖဲ့တို့မှ ပေါက်ဖွားဆင်းသက်ခဲ့သည့်မိန်းကလေးပီပီ လှရည်သန့်လျက် ခံ့ညား၍ လုပတင့်တယ်လေသည်။ ၎င်းအပြင် စိတ်သဘောမှာလည်း အလွန်လျှင် မာန ကြီးသော သူငယ်မတစ်ယောက် ဖြစ်လေသည်။

မင်းကြီးကတော် မလှမေမှာ မုဆိုးမပင်ဖြစ်သော်လည်း ရာထူးကြီးမြင့်သူ ပုဂ္ဂိုလ်တစ်ဦး၏ ကတော်တစ်ယောက်ဖြစ်ခဲ့လေသည်။ အလွန်တရာမှလည်း 'လူပေါင်းဆံ့'သဖြင့် အရာရှိကြီးငယ်အပေါင်းတို့နှင့် အကျွမ်းတဝင် ရှိလှသူဖြစ် လေသည်။ ဝတ်လုံပေါက်စ၊ မြို့အုပ်ပေါက်စ အစရှိသည့် ပုဂ္ဂိုလ်တို့သည် မင်းကြီး ကတော်ထံ လာရောက်လည်ပတ်ကြသည်တွင် ရီရီ၏ ရုပ်အဆင်းကိုမြင်သဖြင့်



ချစ်ခင်စုံမက်ကြသည်သာလျှင် ဖြစ်ကြကုန်၏။ ယင်းကဲ့သို့ ဂုဏ်သရေရှိ မိကောင်း ဖခင်သားတို့နှင့်တကွ အရာရှိပေါက်စတို့သည် ရီရီအား တပ်မက်မောကြသဖြင့် ပိုးကြပန်းကြသော်လည်း ရီရီသည် ၎င်းတို့ကို များစွာပမာမပြု၊ အမှုမထားဘဲ ရှိလေသည်။ မောင်တင်ညွန့်နှင့်သိကျွမ်းသည့်အခါမှ စိတ်သဘောထားတစ်မျိုး ပြောင်းလဲဘိသကဲ့သို့ ရှိခဲ့ရလေသည်။ သို့ပင်ရှိခဲ့သော်လည်း ၎င်းတို့နှစ်ဦးမှာ သမီးရည်းစားအဖြစ် ရောက်ကြသေးသည် မဟုတ်ချေ။

မောင်တင်ညွန့်သည်လည်း ရီရီ၏အပေါ်၌ ယောကျ်ားတို့၏ လေးနက် သော ချစ်ခြင်းဖြင့် ချစ်ခင်ခဲ့သေးသည်မဟုတ်၊ အဆင်းအင်္ဂါပြည့်စုံလျက် မိမိ၏ အပေါ်၌ အလွန်တရာလည်း လောကဝတ်ကောင်းသည့်ပြင် သူတစ်ပါးတို့ 'ပိုး' သောကြောင့်သာလျှင် ယောင်ယမ်းကာ ပိုးမိခြင်းဖြစ်လေသည်။ လူအများ 'ပိုး'ကြရ သည့် အကြောင်းရင်းမှာ ရီရီသည် ရုပ်အဆင်းနှင့် ပြည့်စုံသည်တစ်ကြောင်း၊ မင်းကတော်ကြီးမှာလည်း အခြားသောအမွေစားအမွေခံ မရှိသဖြင့် များစွာပင် ချော်လင့်ဖွယ်ရှိသည်တစ်ကြောင်း၊ အထက်အရာရှိကြီးများနှင့် အရေးဘဝင် ဆက် ဆံပေါင်းသင်းနိုင်သည်ဖြစ်၍ ရီရီ၏ ခင်ပွန်းသည်အား ရာထူးတိုးတက်အောင် ကူညီစောင်မနိုင်သည်ဟု ထင်မှတ်ကြသည်တစ်ကြောင်းကြောင့်သာ ဖြစ်ရလေ သည်။ မောင်တင်ညွန့်မှာ ယင်းကဲ့သို့ နက်နဲစွာတွေးတောပြီး 'ပိုး'ခဲ့သည် မဟုတ် ချေ။ သူတစ်ပါးယောင်၍ ယောင်ခြင်းမျှသာ ဖြစ်လေသည်။

မောင်တင်ညွန့်သည် မီးထွန်းစအချိန်ခန့်၌ ဆူးလေဘုရားမှ ထွက်လာ၍ ရီရီ့အကြောင်းကို စဉ်းစားရင်း မဂိုလမ်း*အတိုင်း လျှောက်လာခဲ့ရာ ၂၉ လမ်းထိပ် အရောက်တွင် မော်တော်ကားတစ်စီးသည် ၂၉ လမ်းမှ ရုတ်တရက်ထွက်လာပြီး လျှင် ဒါလဟိုဇီလမ်း+ပေါ်၌ ရုတ်တရက်လက်ယာဘက်သို့ ကွေ့လိုက်သည်တွင် ဘာဘက်ကလေးကို ခေါင်းပေါ်တင်ကာ လျှောက်လာသည့် သူငယ်မကလေးတစ် ယောက် နောက်ကျောကို တိုက်မည့်ဆဲဆဲ ရှိနေလေ၏။

သူငယ်မကလေးသည် တစ်စုံတစ်ခုကို စဉ်းစားစိတ်ကူးလာသည့် အနေအ ထားနှင့် ဖြည်းဖြည်းလမ်းလျှောက်လာ၍ လမ်းအကူးကို ဖြတ်ကျော်မိသောကြောင့် မော်တော်ကားကို မမြင်ခြင်းဖြစ်ပေမည်။ ၎င်းအား မော်တော်ကားသည် တိုက်ခါ နီးဆဲဆဲတွင် မျက်စိလျင်လှသော မောင်တင်ညွန့်လည်း အပြေးပင်ဆွဲငင်လိုက် သည်ဖြစ်၍ သူငယ်မ၏ကျောကို ပွတ်ရုံမျှသာ ပွတ်သွားလေ၏။ ယင်းသို့ပွတ်ရုံ

* - ယခု ရွှေဘုံသာလမ်း
+ - ယခု မဟာဗန္ဓုလလမ်း

www.burmeseclassic.com

www.burmeseclassic.com



မှုပင်ရှိသော်လည်း ဖမ်းတော်ကားမှာ အရှိန်ပြင်းလှသည်ဖြစ်၍ သူငယ်မမှာ မဟန်နိုင်ရှာဘဲ မောင်တင်ညွန့်၏လက်မှလွတ်၍ မြေသို့လဲကျသွားသည်။ မောင်တင်ညွန့်လည်း သူငယ်မကို မြေမှထူကာ ပွေ့ယူလိုက်သည်တွင် ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်ထားသော်လည်း သာမညရုပ်အဆင်းမဟုတ်၊ မိဖုရားဖြစ်ထိုက်သူတမျှ တင့်တယ်ရှုချင်စဖွယ် ရှိလှသော သူငယ်မကလေးတစ်ယောက်ဖြစ်ကြောင်းကို တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့သည် မည်ကဲ့သို့သော လူမျိုးပင်ဖြစ်စေ ဒုက္ခဝေဒနာ ခံစားရမည်ကို တွေ့ကြုံရသည့်အခါ သနားကရုဏာရှိတတ်ကြမြဲဖြစ်သည်။ ထို့ပြင်လည်း ယင်းကဲ့သို့ ဝေဒနာခံစားနေရသူမှာ အဆင်းအင်္ဂါနှင့် ပြည့်စုံကြောင်းသိရသည့်အခါ သနားကရုဏာစိတ်သည် ဆတက်ထမ်းပိုး တိုးတက်လာကြမည်ဖြစ်သည်။ မောင်တင်ညွန့်သည်လည်း သူငယ်မကလေးအပေါ်၌ အလွန်တရာ ကရုဏာသက်လှလျက် ဝိုင်းအုံလာကြသူတို့အား "နေပါစေ၊ ကိစ္စမရှိပါဘူး"ဟု ပြောဆို၍ဖယ်ရှားပြီးလျှင် နံဘေးမှ လူလျှောက်သောလမ်းပေါ်သို့ ပွေ့တင်၍ မျက်စိမှိတ်လျက်ရှိသော သူငယ်မအား "မိန်းကလေး ဘယ့်နှယ်နေသေးသလဲ နှမ၊ ဖြစ်မှဖြစ်ရလေကွာ၊ ငါ့ကိုက အင်မတန်နှေးတဲ့အကောင်ပါလေ၊ ဘယ့်နှယ်ရှိသလဲ သတိရပြီလား" ဟု စသည်ဖြင့် ယုယကြင်နာစွာ မေးမြန်းလျက်ရှိလေသည်။

( ၂ )

ငင်းနေ့ ညနေ ၅ နာရီကျော်ခန့်အချိန်တွင် ရန်ကုန်မြို့ ယောက်လမ်း*ရှိ တစ်ခုသော အိမ်ကြီးအတွင်း အလွန်တရာလှပသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသူ သူငယ်မတစ်ယောက်သည် အပျိုကလေးတို့ ဖြီးလိမ်းဝတ်စားပြင်ဆင်သော အခန်းတစ်ခုအတွင်းရှိ မှန်ကြီးတစ်ခု၏ရှေ့၌ရပ်လျက် အလွန်သပ်ရပ်ချောမောစွာ ထုံးထားသော ပုဇွန်တောင်ဆံထုံးကိုလည်းကောင်း၊ ပေါင်ဒါအရောင်တင်တို့ဖြင့် ဖြူဖွေးညီညာစွာ လိမ်းကျံခြယ်လှယ်၍ထားသော မိမိ၏ မျက်နှာကိုလည်းကောင်း ကြည့်ရှုပြင်ဆင်လျက်ရှိသည်။ အနီးတွင်ရှိသော အခိုင်းအစေ သူငယ်မလေးတစ်ယောက်အား "ဟဲ့ မိတင့် ညည်းမိန်းမ လာပါဦးမလားအေ၊ ကြည့်စမ်း၊ အခုတောင် ငါ အဝတ်မလဲရသေးဘူး။ ၄ နာရီလာမယ်ဆိုပြီး အခု ငါးနာရီကျော်သွားပြီ။ ပွဲထိုင်က ခြောက်နာရီသွားရမယ်။ ဒေါ်ဒေါ်ဖြင့် ဝတ်စားတောင် ပြီးကုန်ပြီမှတ်တယ်၊

× – ယခု ယောမင်းကြီးလမ်း.



ငါဖြင့် ကြည့်စမ်း ဘာမှ မလဲမဝတ်ရသေးဘူး။ ဒါကြောင့်မို့ အောက်တန်းစားမိန်းမတွေကို ငါ စက်ဆုပ်တာပဲ။ ဘယ်တော့မှ ကတိမတည်ဘူး။ တန်ပါအေ နောက်များ" ဟု ကြိမ်းမောင်းလျက်ရှိ၏။ ၎င်းမှာ အခြားမဟုတ်၊ မင်းကြီးကတော်လေးမေ၏တူမ ရီရီပင် ဖြစ်လေသည်။

ထိုအခါ မတင့်က "လာပါလိမ့်မယ် မမရယ်။ လာလုပါပြီ မမရဲ့။ လာခါနီးပါပြီ"

ရီ။ ။"လာလုပြီ လာလုပြီနဲ့ ဘယ်လောက်ကြာပြီလဲအေ့၊ လုံချည်ကလေး အပွင့်ထိုးတာ ဒါလောက်ကြာရသလား၊ ဒါကြောင့်ငါက ရှိုးတိုက်မှာ အပ်ပါရစေဆိုတာ ညည်းက ရှည်ပြီး"

"တိုက်များမှာအပ်ရင် သည်အဖိုးမရဘူးမမရဲ့။ သည့်ထက် ၃ ဆလောက် ပိုပေးရမှာပဲ မမရဲ့"

"ပေးရရင် ဘာဖြစ်သလဲ၊ အချိန်မီတာလိုရင်း၊ ပိုက်ဆံဘာလုပ်ဖို့လဲ" ဟု ပြောသော်လည်း ရီရီမှာ မိမိပိုင်ဆို၍ တစ်ပြားတစ်ချပ်မျှ ရှိသည်မဟုတ်၊ မိမိအဒေါ်အားသာလျှင် မှီခိုနေထိုင်ရသူ ဖြစ်လေသည်။

၎င်းနောက် ရီရီက ဆက်လက်၍–

"ငွေ ဘာလုပ်ဖို့လဲ။ ကြွေးတင်ရင် ရှင်ဘုရင်ဆပ်လိမ့်မယ်။ ညည်းကရှည်ပြီး သနားပါသလေး ဘာလေးနဲ့ အပ်ချင်လိုက်ရတာ၊ ဒါတွေကြောင့် ငါအခုတာ ပြောသားပဲ"

"ဒီလုံချည်မရရင်လည်း ဒီ့ပြင် လုံချည်ဝတ်တာပေါ့ မမရယ်။ လုံချည်တွေ အများကြီး ရှိသားကပဲ"

"ဘာလုပ်ဝတ်ရမှာလဲ၊ ဒါဆိုရင် ဒါမှ ငါက ကြိုက်တာ၊ အချိန်မီအောင်လာရင် လာပါစေ၊ မလာရင်" ဟု ပြောစဉ်တွင် သူငယ်မတစ်ယောက်သည် စာက်ဖြင့် ထုပ်ထားသော အထုပ်ငယ်တစ်ခုကိုပိုက်လျက် အခန်းတွင်းသို့ ဝင်လာရာ ၎င်းကိုမြင်သဖြင့်

ရီ။ ။"အောင်မယ် လာပဲလာသေးတယ် အမိရယ်။ အံ့ဩပါရဲ့။ လေးနာရီလာပါ့မယ်ဆိုပြီး အခု ငါးနာရီခွဲတော့မယ် ကြည့်စမ်း"

သူငယ်မ။ ။"ကျွန်မလည်း မီအောင်ကြိုးစားပါတယ်ရှင်၊ ဒီအပွင့်ထိုးမျိုးက အင်မတန်လက်ဝင်ပါတယ်ရှင်၊ မနေ့ညက တစ်ညလုံး ကျွန်မ မအိပ်ရပါဘူး။ ဒီကနေ့လည်း တစ်နေ့လုံး ထိုင်ရာကမထရပါဘူးရှင်၊ ဒီအလုပ်မျိုး"

ရီ။ ။"သိနိုင်ဘူး သိနိုင်ဘူး၊ အမိတို့ မအိပ်ရတာ ကျုပ်တို့ မသိနိုင်ဘူး။ ကျုပ်တို့က ဒီအချိန်ဆို ဒီအချိန်မှ ကြိုက်တယ် နောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်မ။ ။"ကျွန်မလည်းပဲ အချိန်မီအောင်၊ နာမည်မပျက်အောင် အင်မတန် ကြိုး
စားပါတယ်ရှင်"

ရီ။ ။"နားမလည်ဘူး၊ နားမလည်ဘူး၊ နောက်ကို ကျုပ်ဆီက ဘာအလုပ်မှ
အပ်လိမ့်မယ် မထင်နဲ့တော့၊ ကျုပ်တင်မကဘူး ဟိုဘက်အိမ်က ဝန်
ထောက်ကတော်ရော၊ ဒီဘက်က ဝတ်လုံတော်ရကတော်ရော နောက်ဆို ညည်းဆီ
ဘယ်သူမှမအပ်အောင် ကျုပ်အကုန်ပြောလိုက်မယ်" ဟု ပြောရင်း ရီရီသည် ထဲ
ချည်ကိုဝတ်ဆင်ပြီး ကိုယ်လုံးပေါ်မှန်ကြီးတွင် ကြည့်လျက်ရှိ၏။ သူငယ်မလည်း
အနီးသို့ချဉ်းကပ်၍ "ဒီအပွင့်နဲ့ ဒီအနားကို ဒီဘက်မှာထားပြီး ဝတ်ရပါတယ်ရှင်
သာမကောင်းပေဘူးလားရှင်" ဟုပြောရာ ရီရီလည်း သူငယ်မအား တစ်ချက်လှမ်း
ကြည့်ပြီးနောက် သူငယ်မပြောဆိုသည့်အတိုင်း ပြင်ဆင်စမ်းသပ်ဝတ်ဆင်လျက်
ရှိ၏။

ယင်းကဲ့သို့ရှိစဉ် သူငယ်မနှစ်ယောက်တို့၏ ရုပ်အဆင်းများသည် ကိုယ်
လုံးပေါ်မှန်ကြီး၌ နှစ်ယောက်စလုံး ယှဉ်ပြိုင်ပေါ်ထွက်လျက်ရှိ၏။ ၎င်းတို့ နှစ်
ယောက်မှာ အသက်အားဖြင့် ရွယ်တူမျှရှိလျက် ရုပ်အဆင်းတွင် ရီရီမှာ နှမ်း
ညားညားကြီးနှင့် လှပချောမောသည် မှန်သော်လည်း အထည်ချုပ်သူ သူငယ်မ
ကို မမီပေ။ အထည်ချုပ်သူ သူငယ်မသည် လှပစွာ ပြင်ဆင်ခြယ်လှယ်လိုက်
ရသော် ရီရီ့ထက်ပင် လှပချေဦးမည်ဟု မိတင်၏စိတ်၌ မှတ်ထင်အောက်မေ့
လေ၏။

ရီရီသည် အဝတ်လဲလှယ် ပြီးလေသော်–

"ကိုင်း ကိုင်း ရှိပေစေ၊ ဘြော် ပိုက်ဆံလည်း အလွယ်မရှိသေးဘူး။ နောက်
တစ်ခေါက်မှလာယူလှည့်ပေတော့၊ အိမ်နီးရဲ့မဟုတ်လား" ဟု ပြောလျှင် သူငယ်မ
လည်း "အိမ်တော့ မနီးပါဘူး၊ ကိစ္စမရှိပါဘူး" ဟု အလွန်ပင်အသုံးလိုလှသော်
လည်း ရီရီစိတ်ဆိုးပြေစေရန် ပြောပြီးနောက် အိမ်ပေါ်မှဆင်းလာ၍ မိမိအိမ်သို့
ပြန်ခဲ့လေ၏။

လမ်းခရီး၌ သူငယ်မသည် မိမိမှာ ၎င်းအလုပ်ဖြင့် အသက်မွေးရရှာသည်
ဖြစ်သောကြောင့် မိမိ၏ဖောက်သည်ဂေါင်းဖြစ်သူ ဝန်ထောက်ကတော်နှင့် ဝတ်
လုံကတော်အစရှိသူတို့သည် ရီရီ့ကြောင့် လက်လွှတ်ရချေတော့မည်လောဟု ဝမ်း
နည်းလှသောစိတ်ဖြင့် စဉ်းစားစိတ်ကူးရင်း ဖြည်းဖြည်းလျှောက်လာရာ ၂၉ လမ်း
ထောင့်တွင် မော်တော်ကားတစ်စီးနှင့် တိုက်မိသဖြင့် သတိမရဘဲ မောင်တင်ညွန့်၏
လက်ပေါ်တွင် မေ့မြောကာ နေရှာလေ၏။



( ၃ )

၅ မိနစ်ခန့်ကြာလျှင် သူငယ်မသည် သတိရလာသည်ဖြစ်၍ မျက်စိကို
ဖွင့်၍ကြည့်လိုက်သည်တွင် မိမိမသိသော လူတစ်ယောက်လက်ပေါ်တွင် ရောက်
နေကြောင်း သိရှိရသဖြင့် ထိတ်လန့်သောမျက်နှာထားနှင့် ရုတ်တရက်ထလျက်
ရှိစဉ်–

ညွန့်။ ။"နေသာပြီလား မိန်းကလေးရယ်၊ သတိရပြီလား၊ ကျွန်တော့်စိတ်မှာ
စိုးရိမ်လိုက်ရတာဗျာ"

သူငယ်မ။ ။"ကျေးဇူးကြီးလှပါတယ်ရှင်"

ညွန့်။ ။"ဒါနဲ့ မိန်းကလေးမှာ တစ်ယောက်တည်းလား၊ မိုးချုပ်လှချည့်လားဗျာ၊
အိမ်က ဘယ်နားမှာလဲ၊ ကျွန်တော် လိုက်ပို့မယ်လေ"

သူငယ်မ။ ။"ရှိပါစေရှင် ရှိပါစေ၊ ကျေးဇူးတင်ပါရဲ့။ ကျွန်မ ပြန်ဝံ့ပါတယ်" ဟု
ပြောလျက်ရှိစဉ် မိန်းကလေးသည် ဦးခေါင်းကို လက်ဖြင့်စမ်းသပ်လိုက်သည်တွင်
သွေးထွက်၍ သွေးစွန်းသွားသည်ကို မောင်တင်ညွန့်မြင်လိုက်သဖြင့်–

ညွန့်။ ။"အလို ခေါင်းမှာ ခိုက်မိသွားပါကလား၊ ကြည့်ပါဦးတော့ ကျွန်တော်
မမြင်မိဘူးဗျာ၊ ကိုင်း ကိုင်း မဖြစ်ဘူး ကျွန်တော်လိုက်ပို့မှဖြစ်မယ်"

သူငယ်မ။ ။"နေပါစေရှင် ဒုက္ခမရှာပါနဲ့"

ညွန့်။ ။"ဘယ့်နှယ်ဒုက္ခမရှာရမလဲခင်ဗျာ၊ မဟုတ်ပါဘူးလေ၊ မတော်ပါဘူး။
ခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့ မတော်ပါဘူးခင်ဗျာ" ဟု ပြော၍ မော်တော်
ကားတစ်စီးကို လက်ယပ်ခေါ်ပြီးနောက် အပေါက်ဖွင့်၍ပေးရာ သူငယ်မမှာ မည်
ကဲ့သို့ပင် ငြင်းဆန်ရမည်မသိဘဲ မော်တော်ကားပေါ်သို့ အတင်းတက်ရရှာလေ၏။

ယင်းသို့ မငြင်းခြင်းမှာ သူငယ်မသည် မော်တော်ကားဖြင့် မတိုက်မိမီဆဲဆဲ
တွင် မောင်တင်ညွန့်ကို ရုတ်တရက်မြင်လိုက်သဖြင့် မိမိအား ကယ်ဆယ်သူသည်
ဤသူဝင်ဖြစ်ကြောင်း သိရသည်လည်းတစ်ကြောင်း၊ မောင်တင်ညွန့်၏မျက်နှာကို
လည်း တစ်ကြိမ်မြင်ခါမျှနှင့် မိကောင်းဖခင်၏ သားတစ်ယောက်ပီပီ မတော်မတ
ရာ အကြံအစည်ဖြင့် ကြံစည်မည်မဟုတ်ဟု ယုံကြည်စိတ်ချနိုင်လောက်သည်
လည်း တစ်ကြောင်း။ ဤကဲ့သို့ ယုံကြည်လောက်သော လူတစ်ယောက်၏ ကူညီ
ဆောင်မခြင်းကို ငြင်းဆန်ရန် ခက်လှသည်တစ်ကြောင်းကြောင့် ဖြစ်ပေရကား သူငယ်
မအပေါ်၌ သဘောလွယ်သည်ဟု အပြစ်တင်ဖွယ်ရာ မရှိပါပေ။

မော်တော်ကားပေါ်သို့ရောက်လျှင် မောင်တင်ညွန့်သည် သူငယ်မအား–

ညွန့်။ ။"ဘယ်မောင်းရမလဲဗျာ"

သူငယ်မ။ ။"ဖိုမြေရှင့်"

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားဖြင့် ထွက်လာကြရာ မောင်တင်ညွန့်သည်လည်း မော်တော် ကားပေါ်၌ တစ်ထောင့်တွင်ထိုင်ပြီး သူငယ်မလည်း တစ်ထောင့်မှကုပ်၍ လိုက် လာသည်။ မောင်တင်ညွန့်မှာ သူငယ်မ၏ အလွန်အကြူး အထူးလှပသော အဆင်းကြောင့်လည်းကောင်း၊ မိမိ၏လက်ပေါ်မှာ ငါးမိနစ်မျှ မွေ့ပိုက်လျက် နာချင်းနီးကပ်စွာဖြင့် အသေအချာ ကြည့်လိုက်ရခြင်းကြောင့်လည်းကောင်း ငါး နစ်မျှကိုပင် ငါးနှစ်မျှ သိကျွမ်းရသည် ထင်မှတ်လျက် မည်သည့်မိန်းမအပေါ် မဖြစ်ဖူးသောစိတ်မျိုးသည် ၎င်းသူငယ်မအပေါ်၌ ဖြစ်ပေါ်လျက်ရှိသည်။ အဝတ် မှာ သရက်ထည်လုံချည်ကလေးနှင့် ပင်နီအင်္ကျီကလေးမျှသာဖြစ်သဖြင့် ဆင်း ရှာသည့် သဏ္ဌာန်ရှိသော်လည်း ၎င်း၏အပြုအမူ၊ အပြောအဆို၊ အမူအရာ တကွ ရုပ်အဆင်းတို့မှာ အောက်တန်းစားသူငယ်မမျိုးနှင့် မကိုက်ညီအောင် ရှိ သည်။ အခြားသော သူငယ်မများကဲ့သို့ ကောင်းမွန်လှပစွာသော အဝတ်အ များနှင့်တကွ စိန်၊ ရွှေ အစရှိသည့် ရတနာတို့ဖြင့် မွမ်းမံခြယ်လှယ်လိုက်ရ အခြားသော မိန်းကလေးများထက်ပင် မည်မျှလောက် ချောမောလှပချေမည်န ပဥ္စမြားမှန်လျက်နှင့် နှံ့နစ်၍ နေရှာပြီတကား စသည်ဖြင့် စဉ်းစားစိတ်ကူးလျ ရှိလေ၏။

ဗို့မြေသို့ရောက်သဖြင့် သူငယ်မ၏ နေအိမ်အနီးသို့ ရောက်လေ သူငယ်မသည် "တော်ပါပြီရှင် တော်လောက်ပါပြီ၊ ကျွန်မ ပြန်ဝံ့ပါပြီရှင် ရပ် တော့" ဟု ပြော၍ မော်တော်ကားကလည်း ရပ်၍ပေးလိုက်ရာ မောင်တင် သည် သူငယ်မ၏အကြောင်းကို ထပ်လောင်း၍ သိလိုသည်ဖြစ်သောကြောင့် ညွန့်။ ။"ရိုင်းတယ်လို့ မအောက်မေ့ပါနဲ့ခင်ဗျာ၊ ကျွန်တော့်နာမည်က

မောင်တင်ညွန့်ပါတဲ့၊ နမနာမည်က ဘယ့်နှယ်"

သူငယ်မ။ ။"ဩော် မသန်းမေပါတဲ့ရှင်၊ ကိုင်း ကျွန်မ သွားပါဦးမယ်ရှင်၊ကျေ

ကြီးလှပါတယ်" ဟု ပြော၍ ထွက်သွားလေသည်။ မောင်တင်ညွန့်လ မော်တော်ကားတံခါးလက်ကိုင်ကို ကိုင်လျက် ခြေတစ်ဖက်ကိုတင်ကာ ရပ်ပြီး သူငယ်မ၏နောက်သို့ စိုက်ကြည့်ရင်း ရပ်နေသည်။ သူငယ်မ ဝင်သွားသော လူကြီးတစ်ယောက်သည် အပြင်ထွက်လာ၍ မိမိရှိရာသို့ ကြည့်၍နေသည်ကို လျှင် မောင်တင်ညွန့်လည်း ထိုလူ မိမိအား တွေ့လိုကြောင်းကို သိသဖြင့် အိမ် သို့ သွားလေ၏။ ထိုသူသည် မောင်တင်ညွန့်၏အသွင်ကို မြင်သောကြောင့် သည့်လူစားမျိုးဖြစ်ကြောင်း ရိပ်မိသည့်အတွက် "ကျေးဇူးပါပဲမောင်ရယ်၊ ဝင် လား မောင်ရယ်၊ ထိုင်ပါဦး" ဟု ပြောသည်တွင် ထိုသူ၏ပါးစပ်မှ အရက် ထောင်းခနဲရသဖြင့် မောင်တင်ညွန့်လည်း စိတ်ပျက်ပျက်နှင့် အိမ်ဘက်သို့ လ



ည့်လိုက်ရာ မသန်းမေသည် မဝင်လာပါမည့်အကြောင်းကို ခေါင်းယမ်း၍ ပြနေ ၏။

ညွန့်။ ။"နောက်များမှ ကျွန်တော်"

သူ။ ။"မောင်တို့က တယ်လည်း သွေးကြီးတာကိုး။ ကျုပ်တို့လိုအိမ်ထဲ"

ညွန့်။ ။"မဟုတ်ပါဘူးခင်ဗျာ၊ ဒါကြောင့် မဟုတ်ပါဘူး။ ကိစ္စတစ်ခု ရှိသေးလို့

ပါ။ နက်ဖြန်လောက်မှ ကျွန်တော် တစ်ခေါက်လာကြည့်ပါဦးမယ်။ ခွင့်ပြု

ခင်ဗျာ"

သူ။ ။"သဘောပမောင်ရယ်၊ သဘောပ" ဟု ပြော၍ ထိုသူလည်း အရောတဝင် ထားသော မောင်တင်ညွန့်၏လက်ကို လွှတ်လိုက်ရာ မောင်တင်ညွန့်လည်း န်းမေဘက်သို့ တစ်ချက်မျှလှည့်ကြည့်ကာ နှုတ်ဆက်ပြီးနောက် ထွက်၍လာ ကားပေါ်သို့ တက်သွားလေ၏။

လမ်းခရီးတွင် မောင်တင်ညွန့်သည် တစ်ယောက်တည်းစိတ်ကူးလျက် င်း ဒီတစ်ခါဖြင့် ခက်ပေါ့။ စက်သူဌေးသမီးတွေ၊ ဝန်ထောက်သမီးတွေနဲ့ စပ် ပ်ကြတုန်းကတော့ ငါဘယ့်နှယ်မှ မရှိ၊ ရိုရိုကလေးနဲ့တောင်မှ သူများယောင် ယောင်ခဲ့ရ၊ ငါဒီလောက် မရှိခဲ့ဘူး။ ဒီတစ်ခါမှ ငါ အကျပ်ကျချေပေါ့။ ဩော် င်ညွန့်၊ မောင်ညွန့် မင်းဘယ့်နှယ်ဖြစ်တာလဲကွယ် ငါ့လူရယ်။ ရုပ်ကလေးတော့ ဘက်မရှိအောင် ချောပေရဲ့၊ လှပေရဲ့။ အမူအရာကလည်း သနားစရာလေးပါ သို့သော် အမျိုးအနွယ်ကတော့ ယုတ်ညံ့တဲ့ အထဲကနဲ့တူတယ်။ အဖေဆိုတဲ့ ကြီးက ယစ်ထုပ်ကြီးနဲ့တူတယ်။ သူနဲ့ငါနဲ့ အခုမှသာတွေ့ကြတာ၊ လက်ဆွဲ ဘာလားနဲ့ အလကားလူကြီးမှုချုပဲ။ ဂုဏ်ဒြပ်ဆိုတာတော့ ဝေးပါသေးရဲ့လေ။ ခြအနေကလည်း အနုပ်စုတ်ကုပ်စုတ်၊ ဘာမဟုတ်တဲ့ဟာတွေ ထင်ပါရဲ့လေ။ လေးမကလေးကတော့ တကယ့်သနားစရာကလေးပါပဲ။ ဘယ်လိုဝမ်းထဲမှာ ဆင်စားပါလိမ့်မလဲ ကလေးမရယ်။ ပိုက်ဆံမရှိတာ ငါဒီလောက် အရေးမကြီး ဘူး။ ဂုဏ်မရှိ၊ ဒြပ်မရှိ၊ အမျိုးမကောင်း၊ အနွယ်မကောင်း၊ အဲဒါက သာခက်လှ ယ်။ မဖြစ်နိုင်ဘူးလေ၊ မတော်နိုင်ပါဘူး" စသည်ဖြင့် သက်ပြင်းချကာ စဉ်းစား င်း မောင်တင်ညွန့်သည် လွှစ္စလမ်း*ရှိ မိမိနေအိမ်သို့ ဆိုက်ရောက်လာလေ၏။

မောင်တင်ညွန့်မှာ ၎င်းညဉ့်၌ ကောင်းမွန်စွာ ပြင်ဆင်၍ထားသော စား သောက်ဖွယ်ရာတို့ကို ခါတိုင်းကဲ့သို့ မြိန်ရှက်စွာ မစားနိုင်ဘဲ အိပ်ရာသို့ဝင် ကာ၍လည်း အိပ်မပျော်နိုင်ဘဲ လူးလိမ့်ကာ စိတ်ကူးရင်း မသန်းမေ နှာ

---

* - ယခု ဆိပ်ကမ်းသာလမ်း

www.burmeseclassic.com

ကလေးသည် မိမိ၏မျက်နှာအနီး၌ တဝဲဝဲ တလည်လည် ရစ်သီရစ်သီဖြစ်၍ ...
လာခဲ့လေ၏။

## ( ၄ )

မင်းကတော်ကြီး ဒေါ်လှမေမှာမူကား အထက်တွင်ဖော်ပြသည့်အတိုင်း မိမိအိမ်၌ဂုဏ်သရေရှိ လူကြီးလူငယ်အပေါင်းတို့ လာရောက်၍ လည်ပတ်ကြသည်များကို လောကဝတ်ပျူငှာနှင့် ဧည့်ခံကျွေးမွေးလေ့ရှိသည်။

မောင်တင်ညွန့်မှာ ၎င်းဧည့်သည်အပေါင်းတို့တွင် အချစ်ဆုံးတစ်ယောက် ဖြစ်လေသည်။ နောက်တစ်နေ့နံနက်တွင် မောင်တင်ညွန့်သည် တနင်္ဂနွေနေ့ဖြစ်၍ မင်းကြီးကတော်၏နေအိမ်သို့ နံနက်ထမင်းစားသောက်ပြီးစအချိန်တွင် သွား ရောက်လည်ပတ်သည်တွင် မင်းကတော်ကြီးက "အလို မောင်တင်ညွန့်ပါလား အခန့်သင့်လိုက်တာမောင်ရယ်။ ကိုင်း ဒေါ်ဒေါ့်မှာ မန္တလေးကဧည့်သည်တွေ ဒီ နေ့မနက်ပဲ ရောက်လာလို့ ကန်တော်ကြီးကို သွားကြမလို့ လိုက်ခဲ့ရလိမ့်မယ် မောင်ရေ့၊ ဒါပဲ" ဟု ပြောလျှင် တူမရီရီကလည်း "လိုက်ခဲ့ပါရှင်၊ တပျော်တပါး ကြီး စုစုဝေးဝေးကြီး သွားရအောင်ရှင်" ဟု ထပ်လောင်း၍ ပြောလိုက်သဖြင့် မောင်တင်ညွန့်မှာ မငြင်းဆန်နိုင်တော့ဘဲ လိုက်ပါသွားရလေ၏။

ကန်တော်ကြီးသို့ရောက်လျှင် နေ့စာစားသောက်ကြပြီးနောက် နှစ်ယောက် တစ်တွဲ ... းယောက်တစ်တွဲ စသည်ဖြင့် တွဲလျက် လှည့်ပတ်ကြည့်ရှုကြလေ၏ မင်းကြီးကတော်နှင့် ရီရီ၊ မောင်တင်ညွန့်တို့လည်း ကံအားလျော်စွာ သုံးယောက် တစ်တွဲ တွဲမိလျက် လှည့်ပတ်ကြည့်ရှုကြလေ၏။

တစ်ခုသော အရိပ်ကောင်းရာ ကျွန်းဆွယ်သို့ ရောက်ကြလေလျှင် သုံးဦး သားတို့လည်း ခုံရှည်တစ်ခုပေါ်၌ နားနေကာ ရယ်စရာမောစရာတို့ကို ပြောနေရာမှ မင်းကြီးကတော်က "အလို ဟောဟိုမှာ ဝတ်လုံကတော်တို့ လူစုပါလား နေဦး ရီရီဖို့ စိန်နားကပ်တစ်ရန် မေးထားတာ ဘယ့်နှယ်နေလဲ မသိဘူး။ သွားမေး လိုက်ဦးမယ်၊ နေရစ်ဦးနော်" ဟု ပြော၍ ထွက်သွားလေ၏။

ရီရီနှင့် မောင်တင်ညွန့်တို့မှာလည်း နှစ်ယောက်တည်း ကျန်ရစ်လေလျှင် မျက်နှာငုံ့ကာ သက်ပြင်းချပြီး–

"ကိုတင်ညွန့် ရန်ကုန်မှာနေရတာ ပျော်ရဲ့လား"

ညွန့်။ ။"တယ်ပြီး ပျော်လှတယ်မဟုတ်လှပါဘူး ရီရီ၊ တစ်ခါတစ်ခါ ပျော်မိပါရဲ့ တစ်ခါတစ်ခါလည်း မျက်စိရှုပ်မိသလိုလို ရှိတယ်ရီရီရဲ့"



ရီ။ ။"ဟုတ်ကဲ့လား၊ အခုလို ဒီနေရာမျိုးမှာပျော်တတ်ပါဘူး ဒေါ်ဒေါ် သေးရဲ့လား"

ညွန့်။ ။"ဘာရှုပ်မလဲ ရီရီ"

ရီ။ ။"နို့ ပျော်ရဲ့လား ကိုတင်ညွန့်"

ညွန့်။ ။"ပျော်ပါတယ်ရီရီ၊ ရီရီကော ပျော်ရဲ့လားဗျ"

ရီ။ ။(မောင်တင်ညွန့်မျက်နှာကို တစ်ချက်မျှ လှမ်းလှမ်းကြည့်ပြီး သင့်လျော်ပါရဲ့။ အောက်ချလျက်)"ကျွန်မတော့လား၊ ကျွန်မပျော်ရွှင်မှုမှာပဲ မဟုတ်ပေဘူး ရီရီရဲ့။ ... တင်ငြိမ်ရာအရပ်မှာ နှစ်ယောက်တည်းသာ စိတ်အေးလက်အေး ခက်သားကလား၊ ဒါထက် ... ပြောပြီးနေရရင် နတ်ပြည်ကို အရှင်လတ်လတ် ... ပါတော့ ကိုတင်ညွန့်" ဟု ပြောလျှင် မောင်ဝ... အနည်းငယ်မေတ္တာသက်ဝင်နေသည်ဟု ရုံဖန်ရံခါထင်မှတ်... ...သော်လည်း ယခုကဲ့သို့ ပြောဆိုခြင်းမှာမူ မိမိအားချစ်ကြိုက်လာ၍ပြောကြားခြင်း ... ကားပြောဆိုနေရခြင်းသည် လူ့ပြည်တွင် အပျော်ဆုံးဖြစ်ပါသည်ဟု ... ပြောဘိသကဲ့သို့ ရှိသဖြင့် အံ့သြစွာနှင့် ရီရီ၏မျက်နှာကို ကြည့်လိုက်ရာ ရီရီ ... ...ည်း အမှတ်တမဲ့ထွက်မိထွက်ရာ ထွက်မိသောစကားမျှဖြစ်သဖြင့် စေ့စေ့ကြည့်... ...ည်တွင် အလွန်ချောမောလှပသော သူငယ်မကလေးတစ်ယောက်ပေတကားဟု ...တ်တွင်အောက်မေ့ပြီးလျှင် မသန်းမေကို အလျှင်းမေ့လျော့သွားလေ၏။

ညွန့်။ ။"ရီရီ"

ရီ။ ။"ကိုတင်ညွန့်"

"တယ် စကားကောင်းနေကြသကိုးဗျို့၊ အခန့်သင့်လိုက်တာဗျာ" ဟု ရုတ် ...ရက်ပြောလိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာတွင် မောင်သိန်းတန်ဖြစ်ကြောင်း ...တွေ့ရလေ၏။

ကျွန်ုပ်တို့သည် မောင်သိန်းတန်၏အကြောင်းကို အနည်းငယ်မျှ ရေးသား ...ပြပြီးဖြစ်ရာ ၎င်းသူငယ်မှာကား စစ်ကဲကြီးတစ်ဦး၏ သားဖြစ်၍ မိမိကိုယ်တိုင် ...လည်း စာတော်ပြန်မြို့အုပ်မင်းတစ်ယောက်ဖြစ်လေရာ ထိုသူငယ်မှာ မောင်တင် ညွန့်နှင့် နှိုင်းဆလိုက်သော် ဂုဏ်ဒြပ်နှင့် အလုပ်အကိုင် အခြေအနေအားဖြင့် မောင် သိန်းတန်က သာသည်ဟု ဆိုသင့်ပေ၏။ သဘောဖြူသည့် အရာ၌နတွင်မူကား ...မည်းသည် မြေဖြူနှင့် ကွာခြားသကဲ့သို့ ကွာခြားခြင်း ရှိလေ၏။

၎င်းမောင်သိန်းတန်မှာလည်း ရီရီအား ပိုးကြသော သူငယ်တို့တွင် တစ် ယောက်အပါအဝင် ဖြစ်လေရာ ယင်းကဲ့သို့သော 'အချစ်ရေး'၌ ဝင်ရောက် နှောင့် ...ယှက်သကဲ့သို့ ရှိနေရာ၌ ရီရီသည် ၎င်းအပေါ်တွင် မေတ္တာမရှိရာမှ မုန်းထား

ကလေးသည် မိမိ၏မျက်နှာအနီး ဖြစ်ပေါ်ခဲ့သော်လည်း လူမှုရေး၌မူ ကျွ

လာခဲ့လေ၏။ ဘက် ဖြစ်သဖြင့် ရီရီနှုတ်ခမ်းကို မသိမသာ ကိုက

, သက်ဆိုင်သော စကားများကို သုံးယောက်သား

ဘာ်လည်း ရောက်လာလေ၏။

မင်းကတော်ကြီး သိန်းတန်၊ ဝတ်လုံကတော်တို့နဲ့ ပါလာသလား"

မိမိအိမ်၌ဂုဏ်သရေရှိ လူ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့က မခေါ်တော့၊ ခေါ်တဲ့လူနဲ့ လိုက်

များကို လောကဝတ်ပျူငှာ နိုင်ဘူး မောင်ရေ့၊ မောင်တင်ညွန့်တောင် အခန့်သ

မောင်တင်ညွန့်မှာ ၎င် လာတာမောင်"

ဖြစ်လေသည်။ နောက်တစ်နေ့ ကို အိမ်တိုင်ရာရောက် မဖိတ်ကောင်းလားလို့ စ

မင်းကြီးကတော်၏ နေ့ မှတ်တယ်။ နေပါဦးရှင် နောက်များမှ"

ရောက်လည်ပ ရွှင်သောမျက်နှာဖြင့်ပြုံးလျက်)"ကျေးဇူးပါပဲ ရီရီ"

အခန့်သ ၎င်းနောက် မင်းကြီးကတော်နှင့်ရီရီတို့လည်း ရှေ့မှလမ်းလျှောက်လာ

နေ မောင်သိန်းတန်နှင့် မောင်တင်ညွန့်တို့မှာ နောက်မှလိုက်လာကြရာ ၎င်းတို့

ဦးမှာ တစ်ဦးကိုတစ်ဦး မသိဘိသကဲ့သို့ စကားတစ်ခွန်းမျှ မပြောဘဲ လိုက်လာ

လေသည်။ ရီရီသည် အဝတ်အစားများ လဲလှယ်ပြီးနောက် မိမိအခန်းတွင်းသို့

၍ ခုတ ပေါ်တွင်ထိုင်ကာ အလိုမကျသည့် မျက်နှာထားနှင့် သုန်သုန်မှုန်မှုန်ရှိ

ရာ ခဏကြာလတ်သော် မင်းကြီးကတော်လည်း အခန်းတွင်းသို့ ဝင်လာ၍ ချစ်

စွာသော တူမလေး၏ ကျောကိုသပ်ကာ–

"ဘာဖြစ်တာလဲတူမကြီးရဲ့။ မျက်နှာ မှုန်လှချည့်ကလား"

ရီ။ ။(မျက်ရည်လည်ရာမှ ပြုံးလျက်)"ဘာမှ မဖြစ်ပါဘူး ဒေါ်ဒေါ်"

ကတော်။ ။"ဒေါ်ဒေါ်ကိုမလိမ်ပါနဲ့လေ။ ပျိုရာက အိုခဲ့တာကပဲ။ မသိဘဲ နေမလား

ရီရီရယ်။ ဒါထက် စကားမစပ်မေးရဦးမယ်။ ရီရီ့အသက် ဘယ်လောက်

ရှိပြီလဲ"

ရီ။ ။"၁၈ နှစ် ပြည့်ခဲ့ပြီဒေါ်ဒေါ်"

ကတော်။ ။"အင်း ကာလဆုတ်ကပ်ဆိုတော့ ၁၈ နှစ်ဆိုတဲ့အရွယ်ဟာ ငယ်တဲ့အ

ရွယ်မဟုတ်ကြဘူး တူမရေ့။ အိမ်ထောင်ပြုမယ်ဆိုရင် ပြုထိုက်လှပြီ။

ဒေါ်ဒေါ်လည်း ငါ့တူမ နေရာတကျရှိတာကို မြင်ချင်လှပြီ တူမရယ်။ မောင်သိန်း

တန်ကလေးတစ်ယောက် အတော်သားနော်။ ရုပ်ရည်ကလည်း ဆိုစရာမရှိ။ အလုပ်

အကိုင်နဲ့ အမျိုးအနွယ်ဆိုလည်း အရာရှိ။ အရွယ်ကလည်း အရွယ်ကောင်း၊ ပြော

ရေးဆိုရေးကလည်း မညံ့လှဘူး။ ဘယ့်နှယ်လဲ တူမကြီး"



ရီ။ ။(မျက်ရည်ဝိုင်းလျက်)"ဟုတ်ကဲ့ မပြောတတ်ပါဘူး ဒေါ်ဒေါ်"

ကတော်။ ။(တူမမျက်နှာကို အသေအချာကြည့်လျက်)"ဒေါ်ဒေါ်က ရိပ်မိပါတယ်

လေ၊ တော်တော့ တော်ပါရဲ့၊ မောင်တင်ညွန့်လောက် မတော်ဘူးဆိုချင်

တယ်မဟုတ်လား"

ရီ။ ။"အို ဒေါ်ဒေါ်ကလဲ"

ကတော်။ ။"ဒေါ်ဒေါ်သိပါတယ် ရီရီ၊ သူကလေး မရိုင်းလှဘူး သင့်လျော်ပါရဲ့။

တော်ပါတယ်။ သို့သော် အလုပ်အကိုင်က လက်ရှိမဟုတ်ပေဘူး ရီရီရဲ့။

ကိုင်း ရှိပါစေလေ၊ မိန်းကလေးဆိုတာမျိုးဟာက ခက်သားကလား၊ ဒါထက်

ဒေါ်ဒေါ်မေးရင် မှန်မှန်ပြောနော်"

ရီ။ ။"ပြောပါ့မယ်ဒေါ်ဒေါ်"

ကတော်။ ။"မောင်တင်ညွန့်နဲ့ ရီရီနဲ့ ဘာများပြောပြီးကြပြီလဲ"

ရီ။ ။"မဟုတ်တာတွေ ဒေါ်ဒေါ်ကလဲ ထူးထူးထွေထွေ ဘာမျှမပြောကြဘူး

ဒေါ်ဒေါ်"

ကတော်။ ။"ဟုတ်ကဲ့လားအေ၊ ဒီနှစ်ယောက်တော့ ပိန်မသာ လိမ်မသာပါပဲ။ ငြင်း

ဖို့မရှိပါဘူး။ သို့သော် မိန်းမဆိုတာမျိုးဟာ သိထားမှတော်တယ်တူမရဲ့။

ဘယ်နေရာမှ လူမှုရေး မနိမ့်စေနဲ့ ကြားလား"

ရီ။ ။(မျက်နှာပျက်လျက်)"ကြားပါတယ် ဒေါ်ဒေါ်"

ကတော်။ ။"ကိုင်း စဉ်းစားရစ်ဦး၊ ဒေါ်ဒေါ်သွားဦးမယ်"

( ၅ )

ကန်တော်ကြီးမှပြန်လာပြီးနောက် မောင်တင်ညွန့်သည် အိမ်သို့ခဏဝင်

လျက် ရေမိုးချိုးပြီးလျှင် အဝတ်လဲ၍ မှန်ကြည့်ကာ ပဝါပေါင်းရင်း "ကံကောင်းလို့

ဗျာ၊ မောင်မင်းကြီးသား ပေါက်လာပေလို့၊ နို့မဟုတ်ရင် စကားတွေလွန်ပြီး အားနာ

စရာ ဖြစ်နေတော့မယ်။ တကယ်ဆိုတော့ ရီရီကို ဟိုသူငယ်မလောက် ငါမကြိုက်

ဘဲနဲ့ အားနာတာနဲ့ အားပါတော့မလို့ နည်းနည်းလိုတော့တယ်။ ရီရီက ဂုဏ်ရှိရဲ့၊

အမျိုးကောင်းရဲ့၊ ပြောရေးဆိုစကလေးလည်းရှိရဲ့၊ ရုပ်လည်းမချောဘူးမဟုတ်

ချောရဲ့၊ ချောပေမယ့် ဟိုသူငယ်မတော့ မမီဘူးလေ။ ဂုဏ်ရှိတာမရှိတာလည်း

အရေးမကြီး၊ ကိုယ်စုံမက်တာသာ မူလရင်းပဲ၊ ကိုင်း ဘယ့်နှယ်ရှိရှိ ဖြစ်လိုရာဖြစ်

စေတော့ ဘာစ်ခေါက်တော့ သွားပြီးမေးလိုက်ဦးမှပဲ။ တစ်ခေါက်လောက်သွားကြည့်

ရုံနဲ့လည်း မလွန်နိုင်ပါဘူး" ဟု တွေးနေ၏။ ထို့နောက် မောင်တင်ညွန့်သည်

မြင်းရထားစီးကာ ဖို့မြေသို့ ထွက်ခဲ့လေသည်။

www.burmeseclassic.com



သူငယ်မ၏နေအိမ်သို့ရောက်လျှင် မသန်းမေလည်း အင်္ကျီတို့ကို အဖွင့် ထိုးလျက် နေရာမှထ၍ နေရာထိုင်ခင်း ပြင်ဆင်ပေးမည်ပြုရာ မောင်တင်ညွှန့်က–

"နေပါစေဗျာ၊ နေပါစေ၊ မထပါနဲ့ နေပါစေ၊ ကျွန်တော်က ခေါင်းကဒဏ်ရာ က အင်မတန်များ ကြီးသလားလို့ စိုးရိမ်လိုက်တာ မသန်းမေ၊ နေ့လယ်တော့ လည်း မအားတာနဲ့ဘဲ ညနေလောက်မှ လျှောက်ပြီးမေးဦးမယ်လို့ ထွက်လာခဲ့ ပါတယ်"

သန်း။ ။"ကျေးဇူးကြီးလှပါပေတယ်ရှင်၊ ဒီလောက် ဒုက္ခခံပြီး လာမေးရတာ အား နာစရာကြီး ပါကလားရှင်"

ညွှန့်။ ။"ကျွန်တော်က လူအားပဲဗျာ၊ အားနာဖို့မရှိပါဘူး။ ဒါထက် မသန်းမေ အင်္ကျီအပွင့်ထိုးတတ်သကိုး၊ ဇာထိုးများကော တတ်သလား"

သန်း။ ။"ဇာလည်း ထိုးတတ်ပါတယ်ရှင်"

ညွှန့်။ ။"အင်္ကျီက မသန်းမေ ဝတ်ဖို့လား"

သန်း။ ။"မဟုတ်ပါဘူးရှင်၊ အငှားထိုးပါတယ်ရှင်"

ညွှန့်။ ။(ကရုဏာသံဖြင့်)"ဒါဖြင့် ကျွန်တော့်ခေါင်းအုံး ဇာမြိတ်တပ်ဖို့ အပ်ဦး မယ်ဗျာ" ဟု စကားပြောဆိုကြပြီးလျှင် မောင်တင်ညွှန့်မှာ ရိုင်းရာလည်း မကျစေဘဲ မိန်းကလေး၏ နေရေးထိုင်ရေး အခြေအနေစသည်တို့ကို မေးမှန်းသေ မေးမြန်းခဲ့ရာ မသန်းမေမှာ အမိမရှိ၊ အဖဖြစ်သူ မုဆိုးဖိုကြီးနှင့်နှစ်ယောက်တည်း နေရကြောင်း၊ အဖဖြစ်သူမှာ ပွဲစားတစ်ယောက်၏ စာရေးဖြစ်သော်လည်း ရသော ငွေကလေးကို သမီးအားမအပ်နှံဘဲ ပုလင်းဖိုးနှင့်သာ ကုန်ဟန်လက္ခဏာရှိကြောင်း အိမ်လခနှင့်တကွ သားအဖနှစ်ယောက် စားစရာအတွက်မှာ မသန်းမေ၏ တာ ဝန်ဖြစ်သဖြင့် သူငယ်မကလေးမှာ အလျဉ်မိစေရန်ကို နေ့ရောညပါ လုပ်ကိုင်ရှာရ ရကြောင်းများကို ရိပ်မိသိရှိရလေ၏။

ယင်းကဲ့သို့ စကားပြောကြရ၍ အကျွမ်းတဝင်ဖြစ်ကြပြီး မောင်တင်ညွှန့် သည် မသန်းမေ၏ အိမ်ကို မသွားပါတော့ဟု သန္နိဋ္ဌာန်ချပါသော်လည်း မနေနိုင် ညနေတိုင်းပင်လျှင် သွားရောက်ကာ စကားပြောဆိုမိသည်ဖြစ်ရာ အဖဖြစ်သူမှာ အလုပ်သွားနေခိုက်ချည်းဖြစ်၍ မောင်တင်ညွှန့်နှင့် တစ်ခါမျှ မတွေ့ချေ။

ဤကဲ့သို့ဝင်ထွက် သွားလာခဲ့သဖြင့် ၁၀ ရက်ခန့်မျှရှိလေလျှင် တစ်နေ့သ၌ မောင်တင်ညွှန့်သည်လည်း သူငယ်မနှင့် မိတ်ဆွေတို့ဘာဝ စကားပြောဆိုကြပြီး နောက် ပြန်တော့မည်ဟု ထိုင်နေရာမှအထတွင် မသန်းမေ၏ဖခင်လည်း ခပ်ယိုင် ယိုင်နှင့် တက်လာ၍ "ဝမ်းသာတယ်မောင်၊ အများကြီး ဝမ်းသာတယ်။ အလည် လာသလား၊ ပြန်တော့မလို့လား" ဟု မေးပြီးနောက် မိမိ၏သမီးနှင့် အကျွမ်းတဝင်



စကားပြောဆိုနေသည့် လက္ခဏာကို မြင်ရသဖြင့် အကြံတစ်ခုရသည့်ဟန်ဖြင့်–

"မောင် မြို့ထဲပြန်မယ်ဟုတ်စ၊ အခန့်သင့်တယ်မောင်၊ ကျုပ်လည်း ကိစ္စ တစ်ခုရှိသေးတယ်။ လိုက်ခဲ့ဦးမယ်။ ထမင်းစားနှင့်တော့သမီး မစောင့်နဲ့နော်" ဟု ပြော၍ ရှေ့မှဆင်းလာလေလျှင် မောင်တင်ညွှန့်လည်း မည်သို့မျှငြင်းဆန်ရန် မတတ်နိုင်တော့ဘဲ နောက်မှလိုက်ပါလျက် မသန်းမေ၏မျက်နှာကို တစ်ချက်လှည့် ကြည့်မိရာ သူငယ်မမှာ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းလှသော လက္ခဏာဖြင့် မျက်ရည်လည်ကာ ကျန်ရစ်ရှာလေ၏။

မောင်တင်ညွှန့်လည်း မြင်းရထားတစ်စီးကိုခေါ်၍ အတူတကွ စီးနင်းလာ ကြရာ ထိုသူလည်း အရက်ခပ်မူးမူးနှင့် မိမိမှာ ယခုကဲ့သို့ ကံဇာတာမကောင်းသ ဖြင့် သူတစ်ပါးတို့၏ အစေခံအဖြစ်နှင့် လုပ်ကိုင်ရသော်လည်း အခါကောင်းမီခဲ့သူ တစ်ယောက်ဖြစ်ကြောင်းများကို လေမပြတ်အောင် ပြောဆိုလျက် လိုက်ပါလာခဲ့ လေ၏။ အရက်ဆိုင်တစ်ဆိုင်၏ရှေ့သို့ရောက်လျှင် ထိုသူက "တစ်ခွက်တည်းပါ မောင်ရယ်၊ တစ်ခွက်တည်း သောက်ပါရစေ၊ ခဏလောက်ရပ်ပါဦး" ဟု ပြောလျှင် မောင်တင်ညွှန့်က "အရက်ဆိုင်ထဲကို ကျွန်တော် မဝင်ပါရစေနဲ့ မတော်ပါဘူး၊ ခင်ဗျားသောက်ချင်ရင် ဟိုတယ်ကိုလိုက်ခဲ့ပါ" ဟု ပြောပြီး ဟိုတယ်သို့ မောင်းစေ လေ၏။

ဟိုတယ်သို့ရောက်ကြလေလျှင် မောင်တင်ညွှန့်သည် ထိုသူ၏အတွက် အရက်ကို မှာပေး၍ စောင့်ဆိုင်းလျက်ရှိစဉ် ထိုသူလည်း အရက်ကိုသောက်ရင်း မောင်တင်ညွှန့်ပခုံးကိုကိုင်ပြီး "ကျေးဇူးပါပဲမောင်ရယ်၊ အင်မတန် ကျေးဇူးတင်ပါ၏ ကျုပ်ခါတိုင်း ဒီလောက်မသောက်ပါဘူး၊ ဒီတစ်ခါတော့ စိတ်ညစ်လွန်းတာနဲ့ ဒီ လောက်သောက်တာပါပဲ။ ယုံပါတော့ မောင်ရင်၊ ကျုပ်ဒုက္ခကို မောင်မသိဘူးနော်။ ကျုပ်တော့ တကယ့်အကျပ်ကြီးထဲ ကျနေပြီမောင်ရဲ့။ နက်ဖြန် ကျုပ်ခက်တော့ မယ်။ ကျုပ်အတွက် ဒီလောက်မပူလှပါဘူး။ ဟိုက သမီးကလေးမသန်းမေအတွက် သာပြီးပူတာပါပဲ မောင်ရယ်၊ ကျုပ်မရှိရင် ဒင်း ဘယ့်နှယ်နေရစ်ရမယ်"

ညွှန့်။ ။"ဦးက ဘယ်သွားမလို့လဲ"

ထိုသူ။ ။"မမေးပါနဲ့မောင်ရယ်။ နက်ဖြန်ခါ ကျုပ်အချုပ်ထောင် ရောက်တော့မယ် မောင်ရဲ့"

ညွှန့်။ ။"ဘာဖြစ်လို့လဲခင်ဗျာ၊ ဘာမှုလဲ"

ထိုသူ။ ။"ပွဲစားငွေကလေး သွားပြီးမြင်းလောင်းမိလို့ပါမောင်ရယ်၊ နက်ဖြန်စာရင်း ရှင်းရတော့မယ်၊ ဒီငွေ မဖြည့်နိုင်ရင်ဖြင့် အလွဲသုံးစားမှုနဲ့ ကျုပ်တော့ ထောင်ကို တန်းနေတာပဲ။ တတ်နိုင်ရင်လည်း ကယ်ပါမောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ညွန့်။ ။"ငွေက ဘယ်လောက်လဲ ခင်ဗျာ"

ထိုသူ။ ။"တစ်ရာငါးဆယ် မောင်ရယ်။ မောင်တတ်နိုင်ရင်လဲ ဒီငွေလောက်တော့ တစ်ဆိတ်လှည့်ပါ မောင်ရယ်။ လခထုတ်တော့ တဖြည်းဖြည်းကျုပ် ဆပ်ပါ့မယ်" ဟု ပြောလျှင် မောင်တင်ညွန့်လည်း ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်ပြီးနောက် "ကဲ လာ ခင်ဗျား ကျွန်တော်နဲ့အတူလိုက်ခဲ့" ဟု ဆိုကာ ခေါ်သွားလေ၏။

မောင်တင်ညွန့်သည် မိတ်ဆွေတစ်ဦးအိမ်သို့သွား၍ ထိုသူကို အောက်မှ စောင့်ဆိုင်းစေပြီး ငွေ ၁၅၀ ကိုချေး၍ ဆင်းလာပြီးလျှင်-

"ကိုင်း ဟောဒီမှာ ငွေ ၁၅၀၊ နေဦး ကျွန်တော့်အိတ်ထဲမှာ ဘယ်လောက် ရှိသေးသလဲ၊ ဩော် ၉ ကျပ် ရှိသေးတယ်။ ရော့ ဒါပါယူသွား၊ ကိုင်း နောက် မြင်အောင် လောင်းနဲ့နော်"

"မလောင်းပါဘူးမောင်ရယ်။ စိတ်ချပါ။ ကျေးဇူးပါပဲ။ နောက်တော့ ကျုပ် ပြန်ပြီးပေး..."

"မပေးပါနဲ့ခင်ဗျာ ရှိပါစေ၊ ကိုင်း ကိုင်းပြန်လေတော့၊ ဒီရထားနဲ့ပဲ စီးသွား ကျွန်တော် ခြေကျင်လျှောက်တော့မယ်။ အိမ်မဝေးပါဘူး၊ ကိုင်း မောင်းပေတော့"

မောင်တင်ညွန့်သည်လည်း အိမ်သို့အပြန် လမ်းလျှောက်ရင်း "မိမိသည် မသန်းမေအပေါ်၌ မည်မျှပင် ချစ်ခင်စုံမက်သည်မှန်သော်လည်း မိမိ၏အချစ်ကို မျိုသိပ်ပြီးလျှင် မသန်းမေ၏အိမ်သို့ ယနေ့မှစ၍ ဘယ်တော့မျှ မသွားတော့ပါ" ဟူ၍ သန္နိဋ္ဌာန် ချမိပြန်လေ၏။

မသန်းမေ၏ဖခင်လည်း ငွေရသည်နှင့် အိမ်သို့ရုတ်တရက်မပြန်သေးဘဲ လှည့်လည်နေပြီးနောက် ၁၁ နာရီအချိန်ခန့်မှ အိမ်သို့ရောက်လာရာ မသန်းမေ လည်း ရှိသမျှဟင်းကလေးများနှင့် ထမင်းပွဲပြင်ကာ စောင့်နေရာမှ အဖေကို မြင် သဖြင့် "မိုးချုပ်လှချည်ကလားအဖေ၊ ထမင်းပြင်ပြီးပြီလေအဖေ၊ ဟောဒီမှာ လက် ဆေးဖို့"

"ငါစားပြီးခဲ့ပြီဟဲ့" ဟု ပြောလျှင် မသန်းမေလည်း ဖခင်မျက်နှာကို မသက်သာသော အမူအရာဖြင့်ကြည့်လျက်-

"ကိုတင်ညွန့်နောက်ကို အဖေဘာကိစ္စနှင့်လိုက်သွားသလဲအဖေ"

"နင့်အပူ မဟုတ်ပါဘူးလေ၊ အိပ်ချေတော့ သွား"

"ငွေများ ချေးခဲ့သလား အဖေ"

"ကောင်မလေး မဟုတ်တရုတ်နဲ့၊ သွားအိပ်ချေတော့ ညဥ့်နက်လှပြီ"



မသန်းမေလည်း မချမ်းသာသောစိတ်ဖြင့် အိပ်ရာသို့ဝင်ရှာလေလျှင် ဖခင် ဖြစ်သူလည်း အင်္ကျီအိတ်ထဲမှ ငွေ ၁၅၀ ထုတ်၍-

"အင်း တယ်နမြောဖို့ ကောင်းတယ်နော်၊ အကော်တင်လိုက်ရရင် တစ် ချက်ပဲ၊ ပြန်ပေးလိုက်ရင်လည်း ဆုံးတော့မှာပဲ။ လက်ထဲမှာ မကျန်ရစ်တော့ဘူး။ ကော်ဖြန့်ခါလည်း စနေနေ့ မြင်းပွဲရှိတယ်။ အကော်တင်ပြီးနိုင်မှ သူ့ငွေဆပ်ရရင် ဘာမကောင်းဘူးလား၊ ဟုတ်ပြီ၊ဟုတ်ပြီ နေရာကျပြီ။ တစ်ချက် အကော်တင်လိုက် ဦးမယ်။ ဘယ့်နှယ်ရှိရှိ" ဟု ပြောပြီးလျှင် ငွေများကိုသိမ်း၍ အိပ်ရာဝင်လေ၏။

( ၆ )

နောက်တစ်နေ့ နေ့လယ်၌ မောင်တင်ညွန့်သည် မသန်းမေ၏အကြောင်း ကိုလည်းကောင်း၊ ရီရီ၏အကြောင်းကိုလည်းကောင်း စိတ်တွင် စဉ်းစားစိတ်ကူး လျက် မဝေခွဲနိုင်အောင် ရှိနေသည်တွင် မောင်တင်ညွန့်၏ဖခင်လည်း ပြည်မြို့မှ ရောက်လာခဲ့လေ၏။

မောင်တင်ညွန့်၏ဖခင် ဦးကျောက်လုံးမှာ ပြည်မြို့တွင်နေထိုင်လျက် လယ် သာ၊ ချောင်းမြေ အမွေအနှစ်မြောက်မြားစွာရရှိသဖြင့် သစ်အလုပ်၌လည်းကောင်း ပေါ်ပဲစသည့် ကောက်ပဲသီးနှံတို့ကို မြောက်မြားစွာ သိုလှောင်ခြင်းဖြင့်လည်း ကောင်း၊ အလုပ်အကြီးအကျယ် လုပ်ကိုင်သူ သူဌေးတစ်ဦးဖြစ်လေသည်။ ဦး ကျောက်လုံးမှာ မုဆိုးဖိုကြီးဖြစ်သည့်ပြင် သားတစ်ယောက်တည်း ရှိသည်ဖြစ်၍ ကြေးငွေအရာ၌ သားကလေးအား လိုလေသေးမရှိအောင် ထောက်ပံ့ပေးပို့ လျက် အလွန်တရာလည်း ချစ်ခင်ကြင်နာခဲ့လေသည်။ သားအဖနှစ်ယောက်တို့ သည်လည်း မတွေ့သည်မှာ ကြာပြီဖြစ်၍ သူငယ်ချင်းသဖွယ် အကျွမ်းတဝင် စကားပြောဆို ရယ်မောကာ ရှိနေကြပြီးနောက်-

သား။ ။"အဖေ ဘာကိစ္စလာသလဲ"

အဖေ။ ။(မည်သို့သော အကြောင်းကြောင့်မသိ မျက်နှာပျက်လျက်)"ကိစ္စတစ်ခု ရှိလို့ပါ သားရယ်။ ဒါထက် ငါ့သား ငွေများလိုသေးသလား"

သား။ ။"ဩော် ဟုတ်ကဲ့ အဖေ၊ နည်းနည်းလောက် ပေးခဲ့ပါဦး"

အဖေ။ ။"ဘယ်လောက်လဲ"

သား။ ။"၅၀၀ လောက် တော်ပါပြီ"

အဖေ။ ။"တစ်နေ့က ငွေ ၁၅၀ ပို့လိုက်တာ ကုန်ပြီလား သားရယ်"

သား။ ။"ကုန်ပြီပေါ့အဖေ၊ ရန်ကုန်မှာ နေတယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



အဖ။ ။(သက်ပြင်းချလျက်)"ဟုတ်ပါတယ်သားရယ် ဟုတ်ပါတယ်၊ ကဲ ပြန်ခါနီး ရစေမယ်ပေါ့"

သား။ ။"ဘယ်တော့ ပြန်မှာလဲ အဖေ"

အဖ။ ။"နက်ဖြန်ညနေလောက် ပြန်ရမယ်"

၎င်းညနေ၌ ဖခင်ဦးကျောက်လုံးလည်း ကိစ္စတစ်ခုရှိသည်ဟု ပြောခဲ့ပြီးလျှင် နေအိမ်မှ တစ်ယောက်တည်းထွက်လာ၍ မဂိုလမ်းရှိ တစ်ခုသော အလုပ်တိုက်သို့ ဝင်ရောက်ပြီးနောက် ပွဲစားကြီး ဦးဖိုးဝင်းရှိပါသလားဟုမေးရာ အခန့်သင့်ပင် တွေ့ရှိသဖြင့် နှစ်ယောက်သား စကားစမြည်ပြောလျက် ရှိကြလေ၏။ ဦးဖိုးဝင်းနှင့် ဦးကျောက်လုံးတို့မှာ ပြည်မြို့ဇာတိဖြစ်ကြလျက် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြပေရာ ဦးကျောက်လုံးမှာ ငယ်စဉ်မှစ၍ ချမ်းသာခဲ့ပြီး ဦးဖိုးဝင်းမှာ ဆင်းရဲခဲ့ဖူးလေသည်။

သို့ရာတွင် ဦးဖိုးဝင်းမှာ ဥစ္စာရှာဖွေသည့်နေရာ၌ အလွန်တံရာ အစွမ်းကောင်းလှလေသည်ဖြစ်၍ ရန်ကုန်သို့ဆင်းလာပြီးလျှင် တစ်စတစ်စနှင့် အပတ်တကုပ်ရှာဖွေစုဆောင်းခဲ့လေရာ ယခုအခါ၌မူ သိန်းပေါင်းများစွာ ကြွယ်ဝလျက် ရှိခဲ့လေသည်။ ဦးကျောက်လုံးမှာမူ မူလဗိဇမှစ၍ ချမ်းသာခဲ့သည်မှန်သော်လည်း ခပါးကုန်ကူးရာ၌ ဆုံးရှုံးရသည်ပြင်က တစ်ကြောင်း၊ သစ်ဖောင်တို့မှာ အကုသိုလ်ကံ ဖိစီးသဖြင့် အကြိမ်ကြိမ် ပျက်စီးရပြန်သည် တစ်ဖုံ၊ အစုံစုံသော အကြောင်းကြောင့် ထိုအခါ၌မူ 'ဟန်သာရှိ၍ အဆန်မရှိ' ဆိုသည့်စကားကဲ့သို့ လယ်ယာချောင်းမြေတို့မှာ ဦးဖိုးဝင်း၏လက်သို့ ပေါင်နှံ၍ထားရသည်သာလျှင် များလေ၏။

ထို့ပြင် ၎င်းဦးဖိုးဝင်းနှင့် ဦးကျောက်လုံးတို့မှာ ငယ်စဉ်အခါက မောင်တင်ညွန့်၏မိခင်အား နှစ်ယောက်ပြိုင်၍ လူပျိုလှည့်ကြရာတွင် ဦးဖိုးဝင်းမှာ ၎င်းနှင့် စကားကြောင်းလမ်းပြီး ဖြစ်ပါလျက် ဦးကျောက်လုံးနောက်သို့ လိုက်ပြေးသည်တွင် ဦးဖိုးဝင်းသည် အကျိတ်အခဲ မကျေနိုင်အောင် ရှိပြီးလျှင် ယခုဦးကျောက်လုံး အကျပ်ကျသည့်အခါတွင် ဝမ်းမြောက်စွာ အပေါင်ခံလျက် ရှိလေ၏။

ဝင်း။ ။"ဘယ့်နှယ်လဲ လာရပြန်ပြီလား၊ သူငယ်ချင်း"

ကျောက်။ ။"လာရပြန်ပြီ သူငယ်ချင်းရေ့"

ဝင်း။ ။"ဒီတစ်ခါတော့ ဘာပေါင်မလဲ"

ကျောက်။ ။"ဒီတစ်ခါတော့ တိုက်ပဲရှိတော့တယ်"

ဝင်း။ ။"ဘယ်လောက်လိုချင်သလဲ"

ကျောက်။ ။"တစ်သောင်း တော်ပါပြီ"



ဝင်း။ ။"ကောင်းပြီ ရစေ့မယ်။ ဒါထက် ဒီလယ်တွေ၊ တိုက်တွေ ပေါင်ရတာ သားမောင် သိသလား"

ကျောက်။ ။"ဘယ်သိရှာမလဲ သူငယ်ချင်း၊ သူ့ခမျာ မသိရှာလို့ သုံးလိုက်တာ တစ်နေ့ကပဲ ငွေ ၁၅ဝဝ တင်လိုက်သေးတယ်။ အခု ငွေ ၅ဝဝဝ လောက် လိုချင်ပြန်ပြီတဲ့။ ဘယ့်နှယ်လုပ်မလဲ သုံးချင်တဲ့အရွယ်ပေကိုး သုံးပစေလေ။ သူမသုံးလဲ ကျုပ်ရှုံးလို့ ကုန်မှာပါပဲ။ ဒါထက် ကျုပ်သား မောင်တင်ညွန့်ကို မြင်ဖူးသလား၊ ဘယ်ချောတဲ့သူငယ်ဗျ။ ကြီးလေကြီးလေ သူ့အမေနဲ့တူလေပဲ" ဟု ပြောလျှင် ဦးဖိုးဝင်းလည်း မိမိအား စကားပျက်၍ ပစ်သွားသောမိန်းမတစ်ယောက်၏ အကြောင်းကို သတိပေးဘိသကဲ့သို့ရှိသဖြင့် မပျက်ကွက်သည့်ဟန်ဖြင့် "တော်စေ့ဗျာ ခင်ဗျား၊ ဒီမိန်းမအကြောင်း ကျုပ်ကို စကားစပ်ပြီး ပြောရက်တာ တော်ပေဗျား ပြောတော့လေ ခင်ဗျားက နိုင်၊ ကျုပ်က ရှုံးတဲ့လူကိုဗျ၊ ရက်စက်ပေသဗျာ။ ရှိစေ၊ ရှိစေ"

ကျောက်။ ။"ကျုပ် သတိမေ့လို့ပါဗျ။ စိတ်မရှိပါနဲ့။ သားကြီးသမီးကြီးတွေ ရလို့မှ မမေ့နိုင်ဘူးလားဗျ။ လွန်တာ လွန်ပါစေဗျာ"

ဝင်း။ ။"ခင်ဗျားကတော့ မေ့မှာပေါ့ဗျ။ နိုင်တဲ့သူကိုး။ ကျုပ်က ရှုံးတဲ့လူဗျ၊ မမေ့နိုင်ဘူး"

ကျောက်။ ။"ခင်ဗျားကော ခင်ဗျားမိန်းမနဲ့ ပြန်မပေါင်းဘူးလား"

ဦးဖိုးဝင်းမှာ မိန်းမရပြီးနောက် သမီးတစ်ယောက်ရသည်တွင် ဦးဖိုးဝင်း၏ နှိပ်စက်မှုကို မခံနိုင်သည်ဖြစ်၍ လင်နှင့်မယား ကွဲခဲ့ကြသည်ဖြစ်ရကား ၎င်းအကြောင်းကို ဦးကျောက်လုံးက သတိပေးပြန်လျှင် သာလွန်အမျက်ထွက်လျက်—

ဝင်း။ ။"မဟုတ်ပါဘူး၊ ခင်ဗျားက သူများအထဲ ဘာဝင်ရှုပ်ရတာလဲဗျ၊ ကျုပ်အမှုနဲ့ ကျုပ်ရှိပါစေ၊ ခင်ဗျားမေးစရာ မဟုတ်ပါဘူးဗျ၊ ကျုပ်ဆီက ငွေလည်း ချေးချင်သေးရဲ့။ ကျုပ်ကိုလည်း စိတ်ထွက်အောင် ပြောချေသေးရဲ့၊ ခင်ဗျား ဘယ့်နှယ်လူလဲ"

ကျောက်။ ။"စိတ်ထွက်တာကို သည်းခံပါတော့ မိတ်ဆွေ၊ သို့သော် ငွေချေးတယ် ဆိုတာမတော့ အလကားချေးတာ မဟုတ်ပါဘူး။ အတိုးရချင်လို့ ချေးတာပါ။ ချစ်တီးကောင်တွေဆီမှာ ယူရင်လည်း ရတာပါပဲ။ လူသိမှာ စိုးလေတော့ ခင်ဗျားဆီ ကျုပ်လာတာပါ။ ပဲတွေရောင်းပြီး ကျုပ်ရွေးမှာပါ သူငယ်ချင်း"

ဝင်း။ ။(အမျက်ကိုသိုသိပ်၍ အတွင်းကောက်ကြံလျက်)"ကိုင်းဗျာ၊ ရှိပါစေ ကျုပ်က စိတ်တိုတတ်လို့ပါ။ ငွေ ၁ဝဝဝဝ ဟုတ်စ"

ကျောက်။ ။"ဟုတ်ကဲ့၊ ငွေ ၁ဝဝဝဝ ဆိုရင် တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်လုံးလည်း ဦးဖိုးဝင်းထံမှ ငွေ ၁၀၀၀ဝိ ကို ယူခဲ့ပြီးလျှင် မိမိသား တောင်းခံသည့်အတိုင်း ငွေ ၅၀ဝိ ပေးကမ်းခဲ့ပြီး နောက်တစ်နေ့တွင် ပြည်မြို့သို့ ပြန်သွားလေ၏။

( ၇ )

မောင်တင်ညွန့်မှာ မသန်းမေ၏အိမ်သို့ မသွားတော့ပါဟူ၍ ဆုံးဖြတ် ပြဌာန်းခဲ့ငြားသော်လည်း သူငယ်မအပေါ်၌ ချစ်ကြိုက်သည့်စိတ်အာရုံသည် အခွင့် ကုန်ရှိုးဆော်တိုက်တွန်းလျက် ရှိရကား မသွားဘဲမနေနိုင်သည်ဖြစ်၍ နောက်တစ် နေ့ညနေ၌ ထွက်လာခဲ့မိပြန်လေ၏။ မသန်းမေ၏အိမ်သို့ ရောက်လေလျှင် လူနှစ် ယောက်တို့လည်း အပြင်မှ စောင့်ဆိုင်းလျက်ရှိကြရာ မောင်တင်ညွန့်သည် ၎င်းတို့ အား အရေးမစိုက်ဘဲ အိမ်ပေါ်သို့ တက်သွားသည်တွင် မသန်းမေသည် အလုပ်ကို ချလျက် မျက်ရည်စက်လက်နှင့် ရှိနေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရလေ၏။

ညွန့်။ ။"ဘယ့်နှယ်ဘာဖြစ်သလဲနှမ၊ ဘာအတွက်ကြောင့်လဲဗျာ၊ ဦးကော"

သန်း။ ။"ကျွန်မ အဖေတစ်ယောက် ဆုံးပေါ့ကိုတင်ညွန့်၊ ဘာဖြစ်လို့ ကျွန်မတို့ ပစ်သွားတယ်ဆိုတာ မပြောတတ်ပါဘူး။ ကိုတင်ညွန့်နောက်လိုက်သွား ပြီး နောက်တစ်ရက် ပျောက်သွားတာပဲ။ ဟောဒီစာကိုသာ ကြည့်ပါတော့ရှင်"ဟု

ပြော၍ စာတစ်စောင်ကိုပြရာ မောင်တင်ညွန့်လည်း အောက်ပါအတိုင်းဖတ်လေ၏။

*သမီး မသန်းမေ*

*ဖေဖေ့မှာ ဒုက္ခကြီးစွာ ရသဖြင့် ဤအရပ်မှာ မနေတတ်တော့ ပြီ။ အဝေးသို့လွှင့်ရချေတော့မည်။ သမီးမှာ လက်မှုပညာနှင့် အသက် မွေးနိုင်သေး၏။ အဖေ့ကို အားကိုးသော်လည်း အပိုပင်ဖြစ်တော့မည်။ အလုပ်ကိုသာ အားကိုးရစ်လေတော့သမီး။*

စာကိုဖတ်ပြီးနောက် "တယ်ရိုင်းတဲ့လူကြီးဗျာ။ ကြည့်ပါဦးတော့။ သမီး တစ်ယောက်တည်း ပစ်သွားပြီးလုပ်မှလုပ်ရက်ပလေဗျာ"ဟု ပြောလျက်ရှိစဉ် ကုလားတစ်ယောက်လည်း တက်လာ၍ "မမ အိမ်လခပေးပါ။ အခု ဆယ်ရက် တောင်ကျော်သွားပြီ၊ မခံနိုင်ဘူး မမ"

သန်း။ ။"ဟဲ့ အဖေ့ကို ငါပေးလိုက်ပြီ မရသေးဘူးလား"

ကုလား။ ။"အဖေ့ကိုပေးတာ ကျုပ်ကိုပေးတာ မဟုတ်ဘူး။ ကျုပ်မရဘူး။ မခံနိုင် ဘူး ပေးပါ"

ညွန့်။ ။"ဘယ်လောက်လဲ ဘိုင်"

ကုလား။ ။"၁ဝိ ပါ ဆပ်"



မောင်တင်ညွန့်လည်း အိတ်ကိုနှိုက်လေလျှင် မသန်းမေလည်း မျက်နှာ ...ကြက်လျက် "အို နေပါစေရှင် ကိုတင်ညွန့်၊ နေပါစေ၊ ကျွန်မမှာ ရှိပါသေးတယ်" ...ပြော၍ သားရေအိတ်ငယ်တွင် ကြည့်ရာ ငွေခြောက်ကျပ်ကျော်ကျော်မျှသာ ရှိ ...သေး၏။

ကုလားကလည်း ပြေလည်အောင် ပေးရမည်ဟု တောင်းခံလေလျှင် မောင် တင်ညွန့်က "ကိုင်း ကိုင်း ကျွန်တော်က ချေးပါရစေခင်ဗျာ။ နောက်တော့ ပြန်ပေး ...ပေါ့"ဟုပြော၍ ကုလားအား ငွေ ၁ဝိ ပေးဆပ်လိုက်လေ၏။

ကုလားဆင်းသွားသည်နှင့်တစ်ပြိုင်နက် ယခင်က အိမ်အောက်မှစောင့်နေ ...သူ လူနှစ်ယောက်တို့လည်း တက်လာကြပြီး–

"ဦးသာလှ မရှိဘူးလား"

သန်း။ ။"မရှိပါဘူးရှင်၊ ထိုင်ကြပါဦးရှင်၊ ဘာကိစ္စရှိလို့လဲရှင်"

...။ ။"ကျုပ်တို့ ကြာကြာမထိုင်နိုင်ဘူး။ ကျုပ်ငွေလိမ်သွားလို့ လိုက်လာတာပဲ။ အဘိုးကြီးမို့ သနားလို့ တစ်လ ၅ဝိ ပေးပြီး ခိုင်းခနေတာ။ ကျေးဇူးမတင် ...ဘူး၊ ကျုပ်ငွေ လိမ်သွားတယ်"

သန်း။ ။"အို ဖြစ်ရလေတယ်ရှင်"

...။ ။"ဖြစ်ရလေက ကိစ္စမရှိဘူး။ ငွေဆုံးတာက ခက်တယ်၊ မိန်းကလေးက ဘာတော်သလဲ"

သန်း။ ။"သမီးပါရှင်"

...။ ။"ဩော် ဟုတ်ကဲ့လား၊ သမီးတော့ သနားပါရဲ့။ သို့သော်လည်း ခံစရာ ရှိရင် ဒီလိုချည်းပဲ ခံနေရလိမ့်မယ်။ သည်းခံတာ သုံးခါရှိပြီ။ ကျေးဇူးမတင် ...ဘူး။ ဒီတစ်ခါတော့ မခံနိုင်ဘူး ဂါတ်ပဲအပ်လိုက်တော့မယ်။ ကိုင်း ကျုပ်တို့ ...သွားဦးမယ်"ဟု ပြော၍ အိမ်ပေါ်မှဆင်းမည်ပြုလေလျှင် မောင်တင်ညွန့်လည်း–

"တစ်ဆိတ်ကလေး သည်းခံပါဗျာ၊ ငွေက ဘယ်လောက်လဲ"

...။ ။"၁၅ဝိ ပါဗျာ၊ ဒီငွေ ဒီကနေ့ရရင်ရ မရရင် အလွဲသုံးစားမှုနဲ့ နက်ဖြန်တိုင် ချက်ဖေးလိုက်မယ်"ဟုပြောပြီး အိမ်ပေါ်မှဆင်းမည်အပြုတွင် မောင်တင် ...ညွန့်လည်း မျက်ရည်လည်လျက်ရှိသော မသန်းမေ၏မျက်နှာကို တစ်ချက်မျှ လှမ်း ကြည့်ပြီးနောက် "နေကြပါဦး အလျှင်မလိုကြစမ်းပါနဲ့။ ခင်ဗျားတို့ငွေရရင် ပြီး ...တာ မဟုတ်လား"ဟု ပြောလျက် ဖခင်ထံမှ ရလိုက်သော ငွေ ၅ဝ၀ိ အနက်မှ ၁၅ဝိ ကို ထုတ်၍ပေးလေ၏။

ထိုသူတို့လည်း ငွေကိုယူ၍ အိမ်ပေါ်မှဆင်းသွားကြလျှင် မသန်းမေသည် မျက်ရည်အပြည့်ဝိုင်းလျက်ရှိသော မျက်စိဖြင့် မောင်တင်ညွန့်အား ကြည့်လျက်–

www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်ညွန့်ကျေးဇူး ကျွန်မ ဘယ့်နှယ်ဆပ်ရမလဲရှင်။ အင်မတန်ကျေးဇူး ကြီးပါတယ်"

ညွန့်။ ။"မဖြစ်လောက်ပါဘူးနှမရယ်။ သည်လောက်များတာလည်း မဟုတ်ပါ ဘူး။ နှမအတွက်ဆိုရင် နှမမှာ စိတ်ချမ်းသာမယ်ဆိုလို့ ရှိခဲ့ပါလျှင် ဒီငွေ မှု မကပါဘူး၊ အသက်ပါစွန့်လိုက်ရဦးတော့ ပျော်ပျော်ကြီး စွန့်စားပြီး နေဝံ့ပါတယ် နှမရယ်။ ဒီအတွက် မစိုးရိမ်ပါနဲ့"

သန်း။ ။"အို အဖေအဖေ ပြုရက်လေခြင်း အဖေရဲ့နော်။ ကျွန်မတစ်ယောက်တည်း ပစ်ထားခဲ့သလား အဖေရဲ့။ စိမ်းကားပါပေရဲ့အဖေ"

ညွန့်။ ။"တစ်ယောက်တည်းမဟုတ်ပါဘူး နှမရယ်။ အားမငယ်ပါနဲ့ မောင်ကြီး တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

သန်း။ ။"ကိုတင်ညွန့်ကလည်း ဓားခုတ်ရာလက်လျှိုဆိုတဲ့ စကားလိုကျွန်မတို့ ဒုက္ခနဲ့ကျွန်မ မနေစေဘဲနဲ့ ဘာကြောင့်ဝင်ပြီး ဒုက္ခခံရသလဲရှင်၊ ကိုယ့်အား သာကိုယ်နေရင် အကောင်းသားနဲ့ ဒီဒုက္ခထဲဝင်ပြီး"

ညွန့်။ ။"နှမကို ကူညီရတာများ ဒုက္ခမထင်ပါဘူး"

သန်း။ ။"အံ့ပါရဲ့ရှင်၊ ကျွန်မဖြင့် အားနာလို့မဆုံးနိုင်ဘူး။ ဒီဒုက္ခထဲ ရှင်ဘာပြုလို့ ဝင်ပါချင်ရတာလဲရှင်"

ညွန့်။ ။"ဘာကြောင့် ပါချင်ရတယ်ဆိုတာမှ မရိပ်မိဘူးလား"

သန်း။ ။(မောင်တင်ညွန့်၏မျက်နှာကို တစ်ချက်မျှလှမ်းကြည့်ပြီးနောက်)"ဘာဖြစ် လို့"

ညွန့်။ ။"နှမကို ချစ်လွန်းလို့၊ ကြိုက်လွန်းလို့၊ မေတ္တာရှိလွန်းလို့၊ ဒါကြောင့်မို့ပါ ပေါ့ နှမရယ်။ မရိပ်မိဘူးလား။ နှမကတော့ မောင်ချစ်သလို မချစ်သော် လည်း နည်းနည်းကလေးမှ မချစ်နိုင်ဘူးလား"

သန်း။ ။"မတော်တာ ကိုတင်ညွန့်ရှင်၊ ကျွန်မက လူလိမ်ကြီးရဲ့သမီး၊ ရှင်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်"

ညွန့်။ ။"ဂုဏ်သရေရှိရုံမကလို့ ဘုရင်ကြီးဖြစ်ပေစေ၊ နှမကို မရရင်ဖြင့် မောင်မနေ နိုင်တော့ဘူး နှမရေ့"

သန်း။ ။"မတော်ပါဘူး ကိုတင်ညွန့်၊ ကျွန်မမှာ"

ညွန့်။ ။"မတော်တာ တော်တာ နားမလည်ဘူး နှမရေ့၊ ချစ်တယ်မချစ်ဘူးဆို တာကိုသာ ကြားပါရစေတော့၊ နည်းနည်းလောက်တော့ ချစ်ပါတယ် ထင် ပါရဲ့နှမရယ်။ ဘယ့်နှယ်လဲ မချစ်နိုင်ဘူးလား"



သန်း။ ။(မျက်နှာကို အောက်ချလျက်)"နည်းနည်းမကဘူး အစ်ကိုကြီးရယ် များများကြီး ချစ်ပါရဲ့၊ ဒါပေမဲ့"

ညွန့်။ ။"တော်ပြီ တော်ပြီ ဒါပဲလိုချင်တယ်။ ကိုင်း နှမဒီအိမ်မှာ ဘယ်သူများ ရှိသေးသလဲ"

သန်း။ ။"တပည့်လက်သားလေးတစ်ယောက်ပဲ ရှိတယ်။ ဘာဖြစ်လို့လဲ"

ညွန့်။ ။"နှမ ဒီအိမ်မှာ နေလို့မတော်ပါဘူးနှမရယ်။ ဒီထက်ကောင်းတဲ့အိမ်"

သန်း။ ။"အိုရှင် မတော်ပါဘူး" ဟု ပြောသော်လည်း စိတ်တွင်း၌မူ မောင်တင် ညွန့်အပေါ်၌ တကယ်စင်စစ် နက်နက်နဲနဲ လှိုက်လှိုက်လှဲလှဲ ချစ်ကြိုက်ပြီးဖြစ်သည့် ပြင် ကျေးဇူးလည်း များစွာတင်ရှိသည်လည်း တစ်ကြောင်း၊ မိမိ၌ အဖပစ်သွား သဖြင့် ခိုကိုးရာမဲ့ကာ ရှိနေသည်လည်းတစ်ကြောင်းကြောင့် မသန်းမေမှာ ထိုညဉ့် ဝင် မောင်တင်ညွန့်၏နောက်သို့ လိုက်ပါသွား၏။

ငင်းအိမ်မှာမူ အကယ်၍ မသန်းမေ၏ဖခင် ပြန်လာသည်ဖြစ်ခဲ့ပါလျှင် တွေ့ရှိနိုင်စေရန် အလုပ်သင်တပည့်ကလေးအား အိမ်လခနှင့်တကွ သုံးစွဲစား သောက်ရန်အတွက် ငွေများကိုပါ မောင်တင်ညွန့်က လုံလောက်စွာ ပေးကမ်းထား ခဲ့လေ၏။

( ၈ )

မောင်တင်ညွန့်နှင့် မသန်းမေတို့လည်း ကမာရွတ်တွင် အိမ်တစ်လုံးငှား ရမ်း၍ နေထိုင်လျက်ရှိရာ မောင်တင်ညွန့်မှာ နံနက်ခင်းအချိန်၌ ရန်ကုန်သို့သွား၍ ဥပဒေကျောင်းတက်လျက် ရှိလေ၏။ ၁၅ ရက်ခန့်ရှိလေလျှင် တစ်နေ့သော ညနေ ခင်းအချိန်၌ မောင်တင်ညွန့်သည် မသန်းမေနှင့် အညောင်းပြေလမ်းလျှောက်လျက် ရှိကြစဉ် ယောကျ်ားကလေးတစ်စုနှင့် မိန်းကလေးတစ်စုတို့သည်လည်း ကောင်းမွန် စွာ ဝတ်စားပြင်ဆင်လျက် ဘူတာဘက်သို့ လမ်းလျှောက်လာကြသည်နှင့် ရင် ဆိုင်တွေ့ဆုံမိကြလေ၏။ ၎င်းတို့အနက်တွင် မောင်သိန်းတန်လည်း ပါလာသည် ဖြစ်ရာ မောင်တင်ညွန့်မှာ မျက်နှာပျက်လျက်ရှိသည်။

မောင်သိန်းတန်ကစ၍–

"အလို ကိုတင်ညွန့်ပါလား၊ တယ်ငုပ်နေလိုက်ပါကလားဗျ" ဟုပြော၍ သန်းမေကိုလှမ်း၍ ကြည့်ပြီးနောက် "သြော် ဒါကြောင့်ကိုးဗျ" ဟု ပြော ပြောပြီးလျှင် "ခင်ဗျား ဒီရောက်နေသလား၊ ကျုပ်တို့ အင်းလျားကန်က ပြန်လာ ကြတယ်၊ ဒီလိုမှန်းသိရင် ခေါ်ပါသေးရဲ့ဗျာ၊ ခင်ဗျား၊ ဒီမှာနေသလား" ဟုမေး၍

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ညွန့်က "ဟုတ်တယ်" ဟုပြော၍ အခြားသူငယ်မများကို နှုတ်ခွန်းဆက်ကာ ခွဲခွာ၍ သွားကြလေ၏။

ခွဲခွာပြီးနောက် မနီးမဝေးရောက်သည်တွင် သူငယ်တစ်ယောက်က "ကိုတင်ညွန့်တို့များ မတွေ့မတွေ့နဲ့၊ တွေ့မယ့်တွေ့တော့ စုံတွဲတွေ့တယ်" ဟု အချင်းချင်း ရယ်မောပြောဆို၍ သွားကြသည်ကို မောင်တင်ညွန့်ကြားလျှင် မိမိပုန်းအောင်းနေထိုင်ရာ အရပ်ကို သိသွားသည်တစ်ကြောင်း၊ မသန်းမေနှင့် တင့်တင့်တယ်တယ် မနေရမိ သိမြင်၍ သွားသဖြင့် မသန်းမေအား သာမညအပျော်အပါးမျိုးဖြစ်သည်ဟု မိတ်ဆွေများက ထင်၍သွားမည်တစ်ကြောင်းကြောင့် ခပ်ရှက်ရှက်မျက်နှာထားနှင့် ရှိလေသည်။ မသန်းမေမှာ မောင်တင်ညွန့်နှင့် မိမိတွဲ၍လမ်းလျှောက်သည်ကို သူငယ်ချင်း မိတ်ဆွေများမြင်၍ သွားသဖြင့် မိမိနှံသောကြောင့် မောင်တင်ညွန့် ရှက်ရှာတော့သည်ဟု တွေးထင်လျက် စိတ်မချမ်းမသာ ရှိနေရှာလေသည်။

* * *

မင်းကြီးကတော် မလှမေ၏တူမ ရီရီမှာ၊ မင်းကြီးကတော် မလှမေသည် အားထိုးရင်ကျပ်ရောဂါနှင့် ရုတ်တရက်ရောင်တခင် သေဆုံးသွားသည်တွင် အခြားအမွေစားအမွေခံမရှိသဖြင့် မင်းကြီးကတော်၏ နေအိမ်တိုက်တာ ဥစ္စာကြေးငွေနှင့် ၎င်း၍ အလုံးစုံအမွေအနှစ် ရရစ်သည်ဖြစ်သောကြောင့် ရှေးကထက်ပင် ချစ်ကြိုက်သူတို့သည် သာလွန်၍ ပေါများခဲ့လေ၏။

တစ်နေ့သ၌ ရီရီသည် အိမ်ဦးခန်းတွင်ထိုင်လျက် မောင်တင်ညွန့်သည် မိမိအား ချစ်ကြိုက်ကြောင်း ဖွင့်ဟ၍ ပြောမည့်ဆဲဆဲတွင် မောင်သိန်းတန်၏ နှောင့်ယှက်ချက်ကြောင့် မပြောရဘဲ ရှိသည့်အဖြစ်များကို စဉ်းစားစိတ်ကူးလျက်ရှိစဉ် မောင်သိန်းတန်လည်း ရောက်လာလေ၏။ မောင်သိန်းတန်သည် ရီရီအား ပိုးပန်းလျက်ရှိရာ ရီရီမှာမူ မိမိအား ချစ်ကြိုက်၍နေကြောင်းကို ရိပ်မိလေရကား ကုလားထိုင်၌ထိုင်မိ၍ နှုတ်ဆက်စကား အနည်းငယ် ပြောကြားပြီးသည်နှင့် တစ်ပြိုင်နက်—

သိန်း။ ။"သြော် ဒါထက် ကိုတင်ညွန့်တစ်ယောက် ဒီကိုမလာတာ တော်တော်ကြာသွားပြီနော်"

ရီ။ ။"ဟုတ်တယ်ရှင်၊ တယ်ရိုင်းတဲ့ လူတစ်ယောက်ပဲ၊ ဒေါ်ဒေါ့်ကိစ္စတုန်းကတောင် သူပေါ်မလာဘူး။ နေလည်းနေနိုင်ပေတယ်ရှင်"



သိန်း။ ။"နေနိုင်ဆို ရီရီက မသိရှာဘဲကိုး။ သူက ချောင်ကောင်းတွေ့နေတာဗျ။ ချောင်ကောင်းမှာ အနိုပ်ကလေးနဲ့ ပျော်နေတာဗျ။ ကျုပ်တို့ ရီရီတို့ကို ဘာသတိရမလဲ"

ရီ။ ။"မဟုတ်တာရှင်၊ ဒီလူ ဒီလိုအစားထဲက မဟုတ်ပါဘူး"

သိန်း။ ။"သြော် ရီရီက တယ်ခက်တာကိုး။ ဒီက မျက်စိနဲ့ မြင်ခဲ့ရတဲ့လူကပြောရင် ဖွတ်မိုတ်ပြီး ငြင်းမနေနဲ့ဗျ။ ရီရီမယုံရင် ကိုလှတင်တို့၊ မစောဟန်တို့၊ အောင်တင်တို့ကို မေးကြည့်ပေါ့"

ရီ။ ။(မျက်နှာပျက်ပြီး နမ်းနေသော စပယ်ပန်းကို ပွတ်ချေလျက်)"ဘယ်မှာ မြင်ခဲ့သလဲရှင်"

သိန်း။ ။"ကမာရွတ်မှာ မြင်ခဲ့တယ်။ ကျုပ်တို့ လူစုက အင်းလျားက ပြန်လာတော့ သူက သူ့မြာနဲ့တွဲပြီး လမ်းလျှောက်လို့ဗျ။ နေတော့ မီးရထားလမ်းအနောက်ဘက်မှာ အိမ်ငှားပြီးနေဟန်တူပါတယ်"

ရီ။ ။"တကယ်လားရှင်၊ ကျွန်မကို ရှင်မလိမ်ဘူးလား၊ အတည်မယား ဟုတ်မယ်မထင်ပါဘူးရှင်"

သိန်း။ ။"အတည်မှ အတည်ဗျ။ တည်မယ်ဆိုရင်လည်း တည်လောက်ပါပေတယ်ဗျာ။ မိန်းကလေးက ရုပ်ရည်ချောသနဲ့ မင်းသမီးရုပ်ကလေးလိုပဲ"

ရီ။ ။"တကယ်နော်"

သိန်း။ ။"အို ခက်နေပါပြီ။ တကယ်ပါ ရီရီရဲ့။ သြော် ဒါထက် ကော်တဲ့လူများတော့ ကော်ပေတာပဲနော်။ သစ္စာမရှိပေမယ့် ကြိုက်တဲ့လူက မရှားဘူး။ ကျုပ်တို့တော့ တစ်ယောက်ဆိုတစ်ယောက် သေမလောက်ကြိုက်ပေမယ့်"

ရီ။ ။"ကိုသိန်းတန်"

သိန်း။ ။"ရီရီ"

ရီ။ ။"ရှင် ကျွန်မကို တကယ်ပဲမေတ္တာရှိသလား"

သိန်း။ ။"မေးနေဖို့မလိုပါဘူး ရီရီ။ သိတဲ့အတိုင်းပါပဲ"

ရီ။ ။"ကိုင်း ဒါဖြင့် ရှင်ပြောတဲ့ မိန်းမနဲ့ ကိုတင်ညွန့်နဲ့ မကွဲကွဲအောင် ရှင်ကြံပြီး ခွဲနိုင်ပါ့မလား"

သိန်း။ ။"ခွဲနိုင်ရင်"

ရီ။ ။"ခွဲနိုင်ရင် ရှင့်အလို ကျွန်မလိုက်မယ်"

သိန်း။ ။"တကယ်နော်"

ရီ။ ။"တကယ်မကဘူး ဆယ်ကယ်ပါရှင်"ဟု ပြောဆိုပြီးနောက် အကြံအစည်များကိုတိုင်ပင်ကြ၍ နှစ်ယောက်သားခွဲခွာပြီးသော် မောင်သိန်းတန်ပြန်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



( ၉ )

တစ်နေ့သ၌ မောင်တင်ညွန့်သည် ဥပဒေကျောင်းမှပြန်လာ၍ မီးရထားဘူတာရုံသို့အသွား လမ်းခရီးတွင် မကြာမီက မသန်းမေ၏ ဖခင်ကိစ္စအတွက် ငွေ ၁၅ဝ ချေးငှား၍ပေးလိုက်ရသော ဝတ်လုံလင်မယားကို ဒေါက်ကပ်စီးနင်းလာကြသည်နှင့်တွေ့လျှင် ထိုလင်မယားသည် ခေတ္တရပ်တန့်၍--

"ဘယ့်နယ်လဲ မောင်တင်ညွန့်၊ ပျောက်ချက်သား ကောင်းလှချည့်ကလား။ ဟယ်ရောက်နေသလဲ။ အလည်များ မပေါ်လာဘဲကိုး"

ညွန့်။ ။"ဟုတ်တယ်ဦးရေ၊ ကိစ္စကလေးများနေတာနဲ့ မလာဖြစ်နိုင်ဘူး၊ ပြော်ဒါထက် ဦးတို့ ငွေကလေးတောင် မပေးရသေးဘူး"

ဝတ်။ ။"ဒီအတွက် ကိစ္စမရှိပါဘူး မောင်ရယ်။ လွယ်မှပေးပေါ့။ အိမ်များလာလည်ပါဦး၊ ဒီလောက် မကုပ်စမ်းပါနဲ့။ ကိုင်း သွားဦးမယ်"ဟု ပြော၍ ဒေါက်ကပ်ကို မောင်းသွားသည်တွင် ဂေါ်ရင်ဂျီကုလားက ရှေ့မှဖြတ်၍ ရုတ်တရက်ပြေးသဖြင့် မြင်းမှာလန့်ပြီးလျှင် ပတတ်ရပ်လိုက်လေ၏။ ထိုသို့ရပ်လိုက်သည်တွင် ဆွဲကြိုးသားရေပတ်တစ်ခုသည် ထိကပေါက်ပြုတ်၍ သွားလေရာ ဝတ်လုံကြီးက "တယ်ခက်တဲ့မြင်းကိုး၊ ဆိုက်ကုလားလည်း မပါလာဘူး။ တစ်ဆိတ်ကလေး မောင်တင်ညွန့်ရယ်၊ ထိကပေါက်ကလေး တပ်ပေးလိုက်စမ်းပါ"ဟု ပြောသဖြင့် မောင်တင်ညွန့်လည်း မြင်းအနီးသို့ ချဉ်းကပ်၍ ထိကပေါက်ကို တပ်လျက်ရှိစဉ် မြင်းသည် အလန့်မပြေသည်နှင့် ပတတ်ရပ်ပြန်လေ၏။ ယင်းကဲ့သို့ ရပ်လိုက်လေလျှင် မောင်တင်ညွန့်၏ ရှပ်အင်္ကျီလက်ကြယ်သီးသည် ထိကပေါက်နှင့် ငြိ၍သွားသည်ဖြစ်သောကြောင့် လက်လည်းမြောက်၍ပါသွားပြီးလျှင် မောင်တင်ညွန့်မှာ လဲမည်ကဲ့သို့ ဖြစ်သွားလေ၏။ ထိုသို့ဖြစ်လျှင် မြင်းသည် မိမိအား တအားဆွဲသည်ဟု ထင်မှတ်သောကြောင့် ဆတ်သောမြင်းဖြစ်သည့်အတိုင်း အစွမ်းကုန် ပတတ်ရပ်လိုက်ပြန်လေရာ ထိုအခါ၌မူ မောင်တင်ညွန့်၏ ဦးခေါင်းကို ပြင်းထန်စွာ ပေါက်လိုက်ပြီးနောက် မြေသို့ချပြန်လေ၏။ ထိုအခါ မောင်တင်ညွန့်မှာ သတိလစ်လျက် မြောခွေကာ ရှိနေသည်တွင် ဝတ်လုံကြီးလည်း လျင်မြန်စွာ ဒေါက်ကပ်ပေါ်မှ ဆင်း၍တစ်ဖန် ပတတ်ရပ်မည် ပြုနေသောမြင်းကို အတင်းဆွဲသောကြောင့်သာလျှင် မောင်တင်ညွန့်မှာ အသက်ချမ်းသာခွင့် ရရှိလေတော့၏။

သို့ပင် ချမ်းသာခွင့်ရပါသော်လည်း မောင်တင်ညွန့်သည် သတိမနိုင်ဘဲရှိသည်ဖြစ်သည် ဝတ်လုံကတော်လည်း ကြောက်အားလန့်အားနှင့် ဟစ်အော်လျက် ခရီးသည်တို့ကလည်း ဝိုင်းအုံ၍လာကြသည်တွင် ၎င်းတို့အနီးမှဖြတ်၍ မောင်းသွားသော ရထားတစ်စီးသည် ရပ်တန့်လာလေ၏။ မိန်းကလေးတစ်



ယောက်သည် ရထားပေါ်မှ ပျာယီးပျာယာ ဆင်းလာလေ၏။ ၎င်းမိန်းကလေးမှာ အခြားမဟုတ် ရီရီဖြစ်လေသည်။

ရီရီသည် မောင်တင်ညွန့်ဖြစ်ကြောင်းသိလျှင် "အောင်မယ်လေး ဦးရယ်၊ ဒေါ်ဒေါ်တို့လုပ်ကြပါဦးရှင်၊ သေများ သေရှာပြီလားရှင်"ဟု ပြော၍ မောင်တင်ညွန့်၏ ပေါင်ကလေးကိုကိုင်ကာ ကြည့်လေလျှင် မောင်တင်ညွန့်မှာ မျက်စိမှိတ်လျက် သတိမရဘဲ ရှိနေလေသည်။

၎င်းနောက် ဝတ်လုံကြီးတို့ လင်မယား၊ ရီရီတို့သည် သတိမရဘဲ ရှိနေသော မောင်တင်ညွန့်ကို ရီရီ၏ ရထားပေါ်သို့ ပွေ့တင်၍ ဝတ်လုံကြီး၏ အိမ်သို့ မောင်းနှင်ယူဆောင်သွားကြပြီးလျှင် ဆရာဝန်ကြီးကို တယ်လီဖုန်းဖြင့် အမြန်ပင့်ခေါ်လေ၏။

ဆရာဝန်ကြီးလည်း ချက်ချင်းလာရောက်၍ မောင်တင်ညွန့်ကို စမ်းသပ်ကြည့်ရှုပြီးလျှင် ဦးခေါင်းယမ်းလျက်--

"ဦးနှောက်နဲ့ ဦးခွံ ထိသွားတယ်။ ၇ ရက်နဲ့ သတိရရင် ကံကောင်းပဲ၊ ဘယ့်နယ်တော်ကြသလဲ"

ဝတ်လုံ။ ။"ကျွန်တော်တို့က မိတ်ဆွေတွေပါပဲ ဆရာဝန်ကြီး"

ဆန်။ ။"ဆွေမျိုးညာတိများရှိရင် အမြန်အကြောင်းကြားဖို့ ကောင်းတယ်"

ရီ။ ။"အသက်ဘေးအတွက် စိုးရိမ်ရပါသလား ဆရာဝန်ကြီးရှင့်"

ဆန်။ ။"အမှန် မပြောနိုင်ဘူး မိန်းကလေး"

ရီ။ ။"တစ်ဆိတ်ကလေး ဆရာဝန်ကြီးရှင့်၊ မြန်မြန်ပျောက်အောင် ကုသတော်မူပါရှင်၊ ဖြစ်မှဖြစ်ရလေ ကိုတင်ညွန့်ရယ်"စသည်ဖြင့် လက်ချင်းလိမ်ပြီး ညည်းညူနေလေသည်။

နောက်တစ်နေ့၌ မောင်တင်ညွန့်၏ဖခင် ဦးကျောက်လုံးသည် ကြေးနန်းရော ပြည်မြို့မှ ဆိုက်ရောက်လာ၍ သား၏အဖြစ်ကို တွေ့ရှိလျှင် တစ်ယောက်တည်းသောသားဖြစ်သည့်အပြင် အဖေ၏စကားကိုလည်း ဘယ်အခါမှ ပယ်ရှားဖူးသောသား မဟုတ်သဖြင့် လွန်မင်းစွာ ပူဆွေးလျက်ရှိလေ၏။ ရီရီမှာမူ ထိုနေ့မှ စ၍ အိပ်ရုံစားရုံလောက်သာ အိမ်ပြန်ပြီးလျှင် မောင်တင်ညွန့်အနီး၌ အစဉ်မပြတ် ပြုစုစောင့်ရှောက်လျက် ရှိလေ၏။

တစ်နေ့သ၌ ရီရီသည် အိမ်သို့ပြန်သွား၍ ထမင်းစားသောက်ပြီးနောက် မောင်တင်ညွန့်၏ အနာရောဂါအကြောင်းကို စဉ်းစားစိတ်ကူးလျက်ရှိစဉ် မောင်ဘ "မမလုံချည် အပွင့်ထိုးခိုင်းတဲ့ မသန်းမေဆိုတဲ့ မိန်းကလေး [illegible] ဘူး မမရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။(များစွာ ဂရုမပြုဘဲ)"မရှိ ဘာဖြစ်သလဲ။ ဘယ်သွားသလဲ"

တင့်။ ။"ကျွန်မက မမပိုက်ဆံပေးခိုင်းလို့ သွားပေးတော့ ယောကျ်ားနောက် လိုက်ပြေးပြီတဲ့။ ယောကျ်ားက ဘယ်သူမှတ်သလဲ မမ။ တခြားမဟုတ် ဘူး။ ကျွန်မတို့အိမ်မှာ လာနေကျ ကိုတင်ညွန့်တဲ့ မမရဲ့"

ရီ။ ။(မျက်နှာပျက်လျက်)"မဟုတ်တရုတ် နင့် ဘယ်သူပြောသလဲ"

တင့်။ ။"သူ့တပည့်ကောင်မလေးက ပြောတယ်မမရဲ့။ ကိုတင်ညွန့်ဆိုလို့ ကျွန်မ က နာမည်များ တူနေသလားလို့ လူပုံပန်းမေးကြည့်တော့ လုံးတော်လုံး တော်၊ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ မျက်ခုံးတန်းတန်း၊ နှုတ်ခမ်းမွေးရေးရေး အသားလတ်၊ အသက် ၂၅ နှစ်လောက်တဲ့ မမရဲ့။ ကိုင်း ဘယ်သူဖြစ်နိုင်သေး မမရယ်။ ကျွန်မတို့ ကိုတင်ညွန့်ဖြစ်မှာပေါ့"ဟုပြောလျှင် ရီရီလည်း ပြန်မပြောနိုင် ဘဲ နှာရိုဝက်ခန့်မျှ စဉ်းစားစိတ်ကူးပြီးနောက်"ကိုင်း ပြောနေကြာရော့၊ ဒီကနေ ကိစ္စပြီးအောင် လုပ်မှပဲ။ ကိုတင်ညွန့် သတိရလာရင် ဒီအကြံမအောင်ဘဲ နေလိမ့် မယ်"ဟု ပြောပြီးလျှင် အဝတ်အစားများ လဲလှယ်ကာ ရထားနှင့် ထွက်သွားလေ၏။

( ၁၀ )

မသန်းမေမှာ ယမန်နေ့က မောင်တင်ညွန့်၏ သူငယ်ချင်းမိတ်ဆွေများနှင့် တွေ့ဆုံ၍ မောင်တင်ညွန့်မျက်နှာ မသာသည့်အဖြစ်ကို မြင်သည့်အခါကတည်း က မောင်တင်ညွန့်သည် မိမိကဲ့သို့ ဂုဏ်သရေမဲ့သူ မိန်းကလေးတစ်ယောက်နှင့် ချစ်ကြိုက်မိသည်ကို သူငယ်ချင်းမိတ်ဆွေများ သိသွားသောကြောင့် ရှက်ရှာသေး ပြီတကားဟု များစွာစိတ်မချမ်းမသာရှိနေသည်တွင် မောင်တင်ညွန့်မှာ ဥပဒေ ကျောင်းတက်ရန် သွားရာမှ တစ်ရက်သော်လည်း မပေါ်လာ၊ နှစ်ရက်သော်လည်း မပေါ်လာသဖြင့် သုံးရက်မြောက်လေလျှင် မိမိကိုပင် မချစ်ခင်သောကြောင့် ပစ်၍ သွားချေပြီတကားဟု အထင်လွဲမိရှာလေ၏။

လေးရက်မြောက်သော ညနေ၌ မသန်းမေသည် အိမ်ပေါက်ဝမှ စောင့်ဆိုင်း ၍ မောင်တင်ညွန့် လာနေကျလမ်းမှ ကြိုလျက်နေစဉ် မိန်းမတစ်ယောက်သည် မိမိရှိရာသို့ လျှောက်လာရာ အနီးသို့ရောက်သည်တွင် မိမိအား အဝတ်အထည် များ အပ်နှံနေကျဖြစ်သော ရီရီဖြစ်ကြောင်း သိရလေ၏။

ရီရီ။ ။(ခါတိုင်းနှင့်မတူသော မျက်နှာထားချိုချိုဖြင့်)"အလို မသန်းမေ ဒီရောက် နေသလား။ ကမာရွတ်မှာ ကိစ္စလေးတစ်ခုရှိလို့ လာခဲ့တယ်။ ဒီအိမ်မှာ နေသလား၊ တစ်နေ့က မိတင့်ပြောလို့ ကြားရပါရဲ့။ ယောကျ်ားရနေပြီဆို။ ဘယ်



သွားသလဲ၊ မသန်းမေယောကျ်ားရှိရဲ့လား"ဟုပြောလျက် အိမ်ပေါ်သို့လှည့်၍ ကြည့်လေလျှင် မသန်းမေမှာ ရိုင်းရာကျမည်စိုးသဖြင့် "ထိုင်ပါဦးရှင်"ဟု ခေါ်ရှာ သတည်း။

ရီရီလည်း ခေတ္တထိုင်ပြီးနောက်–

"မသန်းမေယောကျ်ားက ဘာများလုပ်သလဲ"

သန်း။ ။"အလုပ်မရှိသေးပါဘူးရှင်"

ရီ။ ။"မိတင့်ပြောတော့ မသန်းမေယောကျ်ားဟာ အင်မတန်ချောတယ်ပြော တယ်။ မသန်းမေနဲ့လိုက်ရင်ဖြင့် ချောမှာပေါ့လေ။ နာမည်က ဘယ်သူတဲ့ လဲ"

သန်း။ ။"ကိုတင်ညွန့်ပါတဲ့ရှင်"

ရီ။ ။"ဩော် ကြည့်စမ်း၊ ထူးဆန်းလိုက်တာ ကျွန်မလည်း ယောကျ်ားယူတော့ မလို့။ ကျွန်မရည်းစား နာမည်ကလည်း ကိုတင်ညွန့်တဲ့။ ယောကျ်ားများ ဟာ တယ်ခက်တာကလား မသန်းမေ။ သူတို့က ရုပ်ကလေးများ ချောမှဖြင့် ဟို နောက်လိုက်ချင်၊ ဒီနောက်လိုက်ချင်နဲ့ ကြိုက်ချင်တဲ့ မိန်းမတွေကလည်း မရှားဘူး။ ကျွန်မရည်းစား ကိုတင်ညွန့်တောင် ဘယ်ကောင်မလေးတစ်ယောက်နဲ့မှန်းမသိ ဘူး ထွက်ပြေးတယ်။ အခုမှ ကျွန်မဆီပြန်လာပြီး မှားပါပြီလေး ဘာလေးနဲ့ ဝန်ချ တာတယ် မသန်းမေရဲ့။ ဘယ့်နှယ်လုပ်မလဲ။ ယောကျ်ားဆိုတာ ကြီးရှည်ရှည် ကျွန်တဲ့အခါလည်း လွန်ထားလိုက်ရသေးတာပဲ။ နောက်ဆုံးအရည်လည်လို့ အဝတ်စုတ်တော့ ဒိုင်ဟောင်းပြန်ကပ်ရတာမျိုးကိုး မသန်းမေရဲ့။ အခုမှ ကျွန်မဆီ ပြန်ကပ်ကာ ဘာကြာသေးသလဲ။ လေးရက်လောက်ပဲ ရှိသေးတယ်"

သန်း။ ။"ကောင်းပါလေရဲ့ရှင်"

ရီ။ ။"ဒါထက် ရှင့်ယောကျ်ားက ရှင့်လိုလှရဲ့လား။ ရှင်နဲ့လိုက်မှာက အင်မ တန်လှမှ လိုက်မှာပဲ။ သူ့ဓာတ်ပုံများ မရှိဘူးလား"

သန်း။ ။"မရှိဘူးရှင့်"

ရီ။ ။"ကိုယ့်ယောကျ်ားတော့ ကိုယ်လှတယ်လို့ ထင်ကြမှာပေါ့လေ။ ဒါတော့ ထုံးစံထင်ပါရဲ့။ ကျွန်မလူကတော့ တကယ့်လူချောပေပဲရှင်။ ဒီလူမျိုး ရန်ကုန်မှာလည်း မရှိ၊ မန္တလေးမှာလည်း မရှိ၊ မြန်မာပြည်မှာတောင် ရှိမယ်မထင် ပါဘူး။ ဩော် နေဦး ကျွန်မမှာ သူ့ကြယ်သီးဓာတ်ပုံကလေးပါတယ်"ဟု ပြော၍ မောင်တင်ညွန့်ထံမှ မိမိရဖူးသော ကြယ်သီးဓာတ်ပုံကလေးကို အိတ်ထဲမှ ထုတ်၍ "ဟောဒီမှာကြည့်စမ်း မသန်းမေ၊ လူနာမည်ချင်းကဖြင့်တူပြီ ရုပ်ချင်းဘယ့်နှယ်နေ ကြသလဲမသိဘူး။ ကြည့်စမ်း သူက ဘာသာသလဲ"ဟုပြော၍ ပြလေလျှင် မသန်း

www.burmeseclassic.com

www.burmeseclassic.com



ခမသည် ဓာတ်ပုံကိုလက်ဖြင့် လှမ်းယူ၍ ကြည့်မိသည်တွင် မိမိ၏ချစ်လှစွာသော ခင်ပွန်းမောင်တင်ညွန့်၏ ဓာတ်ပုံဖြစ်ကြောင်း သိရှိသဖြင့် ကြက်သေသေလျက် ရှိလေ၏။

ရီရီသည် ထိုအခြင်းအရာကို မြင်သော်လည်း မသိယောင်ပြု၍ ထွေရာ လေးပါးကို လေမပြတ်အောင် အနည်းငယ်ဆက်ပြောပြီးနောက် မသန်းမေအား နှုတ်ဆက်၍ အိမ်မှ ထွက်သွားလေ၏။

မသန်းမေမှာ ရီရီပြောစကားများကို ပြန်လှန်၍ စဉ်းစားသည်တွင် မော ဘင်ညွန့်သည် မိမိထံ ယခုတိုင် မပြန်လာသည်တစ်ကြောင်း၊ မိမိထံမှ ထွက်သွား သည်မှာလည်း လေးရက်မျှဖြစ်၍ ရီရီပြောသောရက်နှင့် ကိုက်၍နေသည်တစ် ကြောင်း၊ ယမန်နေ့က သူငယ်ချင်း မိတ်ဆွေများနှင့်တွေ့စဉ် အခြင်းအရာများ တွေးတောမိသည်တစ်ကြောင်းကြောင့် ဧကန်မုချမောင်တင်ညွန့်သည် မိမိအား ခွန့်ပစ်၍ မိမိထက်ဂုဏ်အရည်အချင်းသာလွန်၍ ဂုဏ်ရည်တူချင်းဖြစ်သော ရည်း စားဦးရီရီနှင့် ပြန်လည်ဆက်ချေပြီတကားဟု အောက်မေ့ပြီးလျှင် ထိုညတစ်ညလုံး အိပ်၍မပျော်နိုင်အောင် ရှိပြီးနောက် မိုးလင်းသည်နှင့်တစ်ပြိုင်နက် စိတ်ထက်သော မိန်းကလေးဖြစ်သည့်အတိုင်းပင် ထိုအိမ်ကို စွန့်ပစ်၍ ထွက်သွားလေ၏။

## ( ၁၁ )

မသန်းမေသည် မိမိနေရင်းဖြစ်သော အိမ်သို့ပြန်ရောက်လေလျှင် တပည့် လက်သစ်ဖြစ်သော သူငယ်မကလေးက–

"အလို မမ ပြန်လာပြီလား။ ဘာဖြစ်တာလဲ မမ၊ မျက်ရည်တွေနဲ့ပါလား ကိုကိုညွန့်ရောမမ" စသည်ဖြင့် တွတ်တီးတွတ်တာ ထွေရာလေးပါး စကားတို့ကို ခမေးပြီးလျှင် မသန်းမေလည်း များစွာမပြောလိုသည်ဖြစ်၍–

"ဘာမှ မဖြစ်ပါဘူးအေ၊ ဒါထက် အဖေကော ပြန်မလာဘူးလား"

"မလာဘူးမမရဲ့။ တစ်ခေါက်မှ ပေါ်မလာဘူး။ ဩော် ဒါထက် လူကြီး တစ်ယောက်လာပြီးတော့ မေးတယ်မမရဲ့"

သန်း။ ။(မောင်တင်ညွန့်ထံမှ စေလွှတ်သောလူများဖြစ်လေသလောဟု သိလို သောမျက်နှာထားဖြင့်)"ဘယ်လိုလူကြီးလဲဟေ့၊ ဘာကိစ္စလဲ"

"လူကြီးက အသက်လေးဆယ်လောက်ရှိပြီ။ ဝဝတုတ်တုတ် ခန့်ခန့်ကြီး မမရဲ့၊ ကိစ္စမေးတော့လည်း မပြောဘူး။ မမဘယ်သွားသလဲတဲ့။ ကျွန်မလည်း ဘယ်သွားမှန်းမသိလို့ မသိဘူးလို့ပြောလိုက်ပါတယ်။ တမြန်နေ့က တစ်ခေါက် ခနေ့က တစ်ခေါက်လာတယ်။ နောက်ကိုလည်း သူ လာဦးမယ်လို့ ပြောသွား



တယ်"ဟု ပြော၍ စကားမဆုံးမီ လူကြီးတစ်ယောက်သည် အိမ်ပေါ်သို့ တက် လာ၍–

"မသန်းမေ မှတ်တယ်"

"ဟုတ်ပါတယ်ရှင်"

"ဖြစ်ရလေဗျာ၊ ကျုပ် နှစ်ရက်ရှိပြီ လာမေးတာ၊ ဒီကနေ့မှ တွေ့ပေတော့ တယ်။ ကဲကဲ တစ်ဆိတ်ကလေး အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ ခဏလောက် လိုက်ခဲ့စမ်းပါဦး တူမရယ်"ဟု ပြောသဖြင့် မသန်းမေသည် ထိုလူ၏မျက်နှာကို အကဲခတ်ရာ ထိုလူကြီးမှာ မွန်မွန်ရည်ရည်ရှိသည့်ပြင် တည်တည်ကြည်ကြည်နှင့် ယုံကြည်စိတ်ချဖွယ်သော အမူအရာနှင့်လည်း ပြည့်စုံသည်ဖြစ်သောကြောင့် တစ် ခဏမျှ စဉ်းစားပြီးလျှင် အောက်၌စောင့်နေသော မော်တော်ကားပေါ်သို့တက်၍ ထိုလူကြီးနှင့် လိုက်သွားလေ၏။

ထိုသို့လိုက်ပါသွားခြင်းမှာ ထိုလူကြီးသည် မောင်တင်ညွန့်ထံမှဖြစ်လေသ လော၊ သို့တည်းမဟုတ် မိမိ၏ဖခင်ထံမှ ဖြစ်လေသလောဟု တွေးတောမိခြင်း ကြောင့် ဖြစ်လေသည်။ မော်တော်ကားလည်း ကြည့်မြင်တိုင်သံတဲတားလမ်းရှိ သင့်တင့်လျောက်ပတ်စွာရှိသော အိမ်ကြီးတစ်ဆောင်ရှေ့၌ ရပ်ပြီးနောက် မသန်းမေ သည် ထိုလူကြီးနောက်မှ လိုက်သွား၍ မည်သူနှင့်တွေ့ရန်ဖြစ်ပါသနည်းဟု မေး မြန်းလေရာ ထိုလူကြီးသည် မသန်းမေ၏ ဖခင်နှင့်တွေ့ဆုံရန်ဖြစ်ကြောင်း ပြောဆို လေ၏။ အိမ်ပေါ်သို့ တက်ကြပြီးနောက် အခန်းထဲသို့ရောက်လေလျှင် လူမမာတစ် ယောက်သည် ခုတင်တစ်ခုပေါ်တွင် မောလျက် အနီး၌ ဆရာဝန်နှင့်တူသော ဘိုး တစ်ယောက်လည်း ရှိသည်ဖြစ်ရာ မသန်းမေက "ဘယ်မှာလဲရှင့် ကျွန်မအဖေ ကျွန်မကို မလိမ်ကြပါနဲ့ရှင်၊ ဒီဟာ ကျွန်မအဖေမဟုတ်ဘူး"ဟုပြော၍ သူစိမ်းပြင် ပြင်ဖြစ်သော လူနာအား ကြည့်ရှုလျက် ရှိလေ၏။

ထိုအခါ ဆရာဝန်လည်း ထွက်သွားလေရာ လူနာက "သည်းခံပါဦး မိန်းကလေးရယ်၊ ခဏလောက် ထိုင်ပါဦး၊ မျက်နှာကို သေသေချာချာ ကြည့်စမ်း ပါဦး မိန်းကလေးရဲ့၊ မမှတ်မိဘူးလား"

"မမှတ်မိဘူးရှင့်"

"ဘယ်မှတ်မိမလဲလေ။ သုံးနှစ်သမီးက ကွဲသွားကြတာကလား၊ ကို ဘာလုက မိန်းကလေးအဖေမဟုတ်ဘူး။ ဟောဒီကမှ အဖေအစစ်ပါသမီးရယ်၊ ဩော် ငါမိုက်တယ်။ ငါမိုက်လို့ သမီးကလေး ဆင်းရဲရရှာတယ်။ သို့သော်လည်း နောက်ကို သမီးဆင်းရဲဖို့မရှိပါဘူး။ အဖေလည်း သေတော့မယ်။ အဖေသေရင် အမွေပစ္စည်းတွေအကုန် ငါ့သမီးဖို့ချည်းပဲ ကြားလား၊ ဩော် မယုံရှာဘူးမှတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်စမ်းပါဦး ကိုထွန်းဖဲရယ်" ဟု မသန်းမေကို ခေါ်လာသူလူကြီးအား ပြောလိုက်လေ၏။

ဦးထွန်းဖဲလည်း ယခုလူနာဖြစ်နေသော ဦးဖိုးဝင်းမှာ မသန်းမေ၏ဖခင် အစစ်ဖြစ်ကြောင်း၊ ဦးဖိုးဝင်းနှင့် မသန်းမေ၏မိခင်မှာ မသန်းမေသုံးနှစ်သမီးလောက် က မသင့်မမြတ်ကြသဖြင့် ကွဲကြပြီးနောက် ၎င်း၏မောင်ဖြစ်သူ ဦးသာလှနှင့်အတူ နေထိုင်ကြပြီးလျှင် မကြာမီအတွင်း မိခင်မှာ အသက်ဆုံးရှုံးသွားရာကြောင်း၊ ... ဖြစ်၍ မသန်းမေက အဖေဟု ထင်မှတ်ခဲ့သော ဦးသာလှမှာ စင်စစ်အားဖြင့် အဖေ မဟုတ်၊ ဦးကြီးသာဖြစ်ကြောင်းတို့ကို ပြောဆိုလေ၏။

၎င်းစကားအဆုံး၌ ဦးဖိုးဝင်းက–

"ကိုင်း အဖေကဖြင့် အမေကို စိတ်နာတာနဲ့ သမီးကလေးအပေါ်မှာ ဆိုး မိပေပေါ့ သမီးရယ်။ သို့သော် အရင်က ဆိုးပေမယ့် သေခါနီးမှာ မဆိုးတော့ ဘူး သမီးရယ်။ ခြော် ဒင့်အမေမျက်နှာနဲ့ တစ်ပုံတည်းပဲ။ ချစ်စရာကလေးနော် ဒီအနား တိုးစမ်းပါဦးသမီးရယ်၊ အဖေ့ကို စိတ်နာသလား"ဟုမေးရာ မသန်းမေ 'သွေးကပြောသည်' ဟူသော စကားအရ ယခုမှ တွေ့ရသော အဖေပင်ဖြစ်သော်ငြား လည်း ဝမ်းနည်းလျက် မျက်ရည်စက်လက်ဖြင့် ခုတင်အနီးတွင် ဒူးထောက်ပြီး လျှင် ဖခင်၏လက်ကို–

ဝင်း။ ။"မငိုပါနဲ့ သမီးရယ်၊ မိုက်လှတဲ့အဖေကို ကရုဏာဖြစ်ဖို့တောင် မကောင်း ပါဘူး။ ဒါနဲ့ပြောစရာကလေးတွေ ရှိသေးတယ်။ အဖေသေရင် အဖေ့ ရှိတဲ့ ပစ္စည်းတွေဟာ ငါ့သမီးပစ္စည်းချည်းပဲ။ သမီးတစ်သက်မှာတော့ သုံးချင်တိုင်း သုံးလို့ ကုန်နိုင်စရာမရှိဘူး သမီးရယ်။ သို့သော် အဖေ့မှာ ရန်သူတစ်ယောက်ရှိ တယ်။ ပြည်မြို့က သူဌေးဦးကျောက်လုံးတဲ့။ သူ့ပစ္စည်းတွေ လယ်ယာချောင်း မြောင်းတွေ၊ အိမ်ထောင်ပစ္စည်းတွေပါ တစ်ခုမကျန် အဖေအပေါင်ခံထားတယ် ဟိုတုန်းကတော့ အဖေကိုယ်တိုင် ဝရမ်းဖမ်းပြီး သူ့အိမ်က သူ့ကိုနှင်ထုတ်ဖို့ ကြံ တယ်။ အခုတော့ အဖေဖြင့် မနေရလေတော့ ငါ့သမီးက သူ့ပစ္စည်းတွေကို ဝရမ်း ဖမ်းပြီး သူ့တိုက်မှာ ပျော်ပျော်ကြီးနေရစ်စမ်းပါ သမီးရယ်" ဟု ပြောလေသည်။

မသန်းမေမှာ ဦးကျောက်လုံးဆိုသူသည် မောင်တင်ညွန့်၏ဖခင်ဖြစ် ကြောင်း မသိရှာသဖြင့် သူတစ်ပါးအပေါ်၌ ရန်ငြိုးကြီးစွာလည်း မဖွဲ့တတ်သော ကြောင့် ခပ်ဆိုင်းဆိုင်းရှိနေရာ ဦးဖိုးဝင်းက "ဝရမ်းဖမ်းဖို့တွေဘာတွေ သမီးကိုယ် တိုင် မလုပ်ရဘူး။ ဟိုက ဦးထွန်းဖဲ ရှိပါတယ်။ သူကကြည့်ပြီး စီမံပေးလိမ့်မယ် သမီးက သူ့ကိုနှင်ထုတ်ပြီးတဲ့နောက် သူ့တိုက်မှာပဲ ပျော်ပျော်ကြီးနေရစ်ပါ့မယ်လို့ အာမခံရုံကလေးတစ်ခုပါပဲ သမီးရယ်။ အာမခံမလား"



သန်း။ ။(မည်ကဲ့သို့ ငြင်းဆန်ရမည် မသိသဖြင့်)"အာမခံပါ့မယ် အဖေ"

ဝင်း။ ။"အေး ငါ့သမီးတော်တယ်။ တစ်ခါဖြင့် အဖေ အသက်ဖြောင့်ဖြောင့်ထွက် နိုင်ပြီ။ ဒါထက် ကျုပ်ပစ္စည်းတွေ စုစုရုံးရုံး တန်ဖိုးဘယ်လောက်ရှိပါ့မလဲဗျို့ ဦးထွန်းဖဲ"

ဖဲ။ ။"စုစုရုံးရုံး ၅ သိန်းဖိုးလောက်ရှိမယ် မှတ်တယ်"

ဝင်း။ ။"အေး အဲဒီပစ္စည်းတွေ အကုန် ငါ့သမီးပစ္စည်းချည်းပဲ၊ ကိုင်း အဖေမှာ တာ မမေ့နဲ့နော်" ဟု ပြောပြီးနောက် ကြို့ကြီးဖောက်၍လာလျှင် မသန်းမေ မှာ ငါးသိန်းဟူသောငွေမှာ မည်မျှများစေကာမူ ဝမ်းသာရမှန်းကို မသိဘဲ ယခု ... တွေ့၍ ယခုပင်ခွဲရမည်ဖြစ်သော ဖခင်ကြီးအတွက်သာလျှင် ပူပန်သောကာ ... ပါဒမီးလောင်ကျွမ်းလျက် ရှိုက်ကြီးငင်ကြီးနှင့် ငိုဆဲတွင် ဦးဖိုးဝင်းလည်း တစ် ချက်မျှ ပြင်းစွာတွန့်လိမ်ပြီးနောက် အသက်ပျောက်၍ သွားလေ၏။

( ၁၂ )

တစ်နေ့သ၌ မောင်တင်ညွန့်သည် သတိလစ်၍နေရာမှ သတိရလာသဖြင့် မျက်စိကိုဖွင့်၍ကြည့်လိုက်ရာ ဖခင်နှင့်ရီရီ၏ မျက်နှာကို မြင်သည်နှင့် မိမိသည် ... ည်သည့်အဖြစ်သို့ ရောက်နေသည်ကို ပြန်လှန်စဉ်းစား၍ ဒေါက်ကပ်၏အကြောင်း ကို သတိရသည်နှင့် "ခြော် ဖေဖေ ဘယ်တုန်းက ရောက်လာသလဲ။ ဟိုဟာက ... ပါကလား။ ကျွန်တော် သတိလစ်သွားတာ ဘယ်နှနာရီလောက်ရှိပြီလဲ ဖေဖေ တော်တော်ကြာပြီလား"

"တော်တော်ကြာသွားပြီ လူကလေးရဲ့"

"ဘယ်လောက်ကြာပြီလဲ ဖေဖေ"

"နာရီမကဘူးသားရဲ့။ ရက်တောင် ကူးသွားပြီ"

"အလို ဟုတ်ကဲ့လားဖေဖေ၊ ဘယ်နှရက်ရှိသွားပြီလဲ"

"ဒီကနေ့ပါ ၇ ရက်ရှိသွားပြီ"

မောင်တင်ညွန့်သည် မသန်းမေကို သတိရ၍ အိပ်ရာမှအနိုင်နိုင် လူးလိမ့် ...လျက်–

"အကျိုးနည်းပါပြီဗျာ၊ ခများကလေးအဖို့ စိတ်ပူရှာတော့မှာ၊ အကျိုး နည်းပါပြီဗျာ" ဟု ပြောလေလျှင် ဖခင်ဖြစ်သူမှာ မရိပ်မိသူဖြစ်၍ ယောင်ယမ်းကာ ပြောနေသည်ဟု ထင်မှတ်သော်လည်း ရီရီမှာ မသန်းမေ၏အကြောင်းကို ပြော ... ကြောင်း သိရှိသဖြင့် သက်ပြင်းချလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ညွန့်သည် သူ့အိပ်ရာမှ အတင်းထလျက် ယခုပင်သွား မည်ကဲ့သို့ ပြုလေရာ ဖခင်ဖြစ်သူက တားသည်လည်းတစ်ကြောင်း၊ အလွန် အားနည်းလျက်ရှိသေးသည်လည်း တစ်ကြောင်းကြောင့်သာလျှင် အိပ်ရာ၌ လဲသွားလေ၏။

ငင်းနောက် ၃ ရက်ခန့်ကြာသဖြင့် မောင်တင်ညွန့်မှာ ခွန်အားအတန် ရှိလာ၍ လှုပ်ရှားသွားလာရန် အခွင့်ရသည်နှင့်တစ်ပြိုင်နက် ကမာရွတ်သို့ လာခဲ့ရာ မိမိချစ်ခင်လှသည့်မယား၏ မျက်နှာကို မမြင်ရသည်နှင့် အိမ်နီးပါး တို့အား မေးမြန်းကြည့်ရှုသည်တွင် မသန်းမေမှာ လွန်ခဲ့သည့်သုံးလေးရက်ခန့် အိမ်မှထွက်သွားပြီးနောက် ယခုတိုင်မပေါ်လာသေးကြောင်း ပြောပြကြလေ

ထိုအခါ မောင်တင်ညွန့်မှာ မသန်းမေသည်ကား မိမိမပြန်လာသည် စိတ်ပူလှ ရှာသောကြောင့် မိမိနေအိမ်သို့ ပြန်သွားချေပြီတကားဟု မသန်းမေ နေရာဖြစ်သော ဖို့မြေရပ်သို့ သွားရောက်မေးမြန်းရာ အစောင့်ထားခဲ့သော မသ မေ၏တပည့်မကလေးက မသန်းမေသည် လွန်ခဲ့သည့် လေးငါးရက်ကပင် လူ တစ်ယောက်နှင့် လိုက်သွား၍ ပြန်မလာဘဲ အိမ်ကိုလည်း လူကြီးကိုယ်တိုင် ခေါက်လာ၍ အပ်နှံသွားကြောင်း ပြောဆို၏။

မောင်တင်ညွန့်မှာ နာလန်ထဖြစ်သည့်ပြင် ရက်ပေါင်းများစွာ ကွဲကွာ ခဲ့ရသော မိမိ၏မယားကလေးနှင့် တွေ့ချင်အားကြီးဖြင့် ဒယိမ်းဒယိုင် အနိုင် အားခဲ၍ လာခဲ့သည်တွင် တွေ့လည်းမတွေ့ရှိ၊ ဘယ်သို့သွားလေသည်ကိုမျှ မသိ ဘဲ ရှိလေရကား မည်မျှလောက် ပူပန်သောက ဗျာပါဒမီးကြီးသည် အသည်း လောင်ကျွမ်းလေသည်ကို တွေးတောဆင်ခြင် ထင်မြင်နိုင်ရန် ရှိလေ၏။

ငင်းနောက် နှစ်ရက်ခန့်ကြာလတ်သော် ရီရီသည် မိမိအိမ်အတွင်း၌ တ ယောက်တည်းစဉ်းစားစိတ်ကူးလျက်ရှိစဉ် "ကိုင်း တတ်နိုင်ပါဘူးလေ၊ ငုပ်မိ တိုင် တက်နိုင်ဖျားရောက်တဲ့။ ကြံစည်လက်စနဲ့ ဆက်လက်ပြီး ကြံရတော့မှာ မသန်းမေနဲ့ ကိုတင်ညွန့်နဲ့တော့ စာပေးစာယူလုပ်ကြတဲ့လက္ခဏာ မရှိပါဘူး ထင်တယ်။ ဒီတော့ကာ မသန်းမေလက်ရေးကို ကိုတင်ညွန့် မြင်ဖူးဟန်ရှိ မထင်ပါဘူး။ ကိုင်း လွဲရင်လည်းလွဲရော တည့်ရင်လည်းတည့်ရော၊ ဒီတစ်ချက် ကြံလိုက်ဦးမှပဲ" ဟုပြောပြီးလျှင် ထိုင်ရာမှထ၍ စာတစ်စောင်ကို စီကုံးရေးသား နောက် စာတိုက်မှ ထည့်လိုက်လေ၏။

နောက်တစ်နေ့တွင် မောင်တင်ညွန့်မှာ မသန်းမေကို တွေ့ရနိုးနိုးနှင့် မေးမြန်းထောက်လှမ်းပါသော်လည်း မည်သို့မျှ သတင်းမရသည်ဖြစ်၍ ညစ်



သော စိတ်ဖြင့် တွေဝေငေးမှိုင်လျက်ရှိစဉ် စာတစ်စောင်ကို ရရှိသဖြင့် ဖွင့်၍ ဖတ် လိုက်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

*ကိုတင်ညွန့်*

*ကျွန်မ မသန်းမေ စာရေးလိုက်ပါသည်။ ကျွန်မသည် ရှင်၏အကြောင်း ကို ကြားသိရပါပြီ။ ရှင်နှင့်ကျွန်မမှာ ဤမျှသာလျှင် အကြောင်းရေစက် ဆုံစည်း ကြရသည်ဖြစ်သောကြောင့် တွေးမိလျှင် ဝမ်းနည်းပါ၏။ ရှင်သည် ကျွန်မပေါ်၌ သစ္စာဖောက်ပြားသည် ဖြစ်သဖြင့် ကျွန်မမှာ မှောက်မှားခဲ့ရပါသည်။ ယခုမှာမူ သစ္စာရှိသူ မိတ်ကောင်းဆွေကောင်းများနှင့် တွေ့ရသည်ဖြစ်သောကြောင့် ကံ ကောင်းထောက်မသည်ကို ကျေးဇူးတင်ရပါသေးသည်။*

*သို့ဖြစ်၍ ကျွန်မအား ထောက်လှမ်းမေးမြန်းခြင်း မပြုဘဲ ရှင်၏လမ်း ကိုသာ ရှင်သွားပါလေတော့။ ကျွန်မလည်း ကျွန်မ၏လမ်းကို သွားပါရစေတော့၊ နှုတ်ဆက်ပါနှင့်။*

မသန်းမေ

ငင်းစာကိုဖတ်ပြီးလျှင် မောင်တင်ညွန့်သည် ပထမ၌ မယုံကြည်နိုင်အောင် ရှိလျက် အခေါက်ခေါက်အခါခါ ဖတ်၍ ဖတ်ပြီးနောက် "တော်ပါ ဆုံးဗျာ၊ တော်ပါပေရဲ့။ ရက်စက်ပါပေရဲ့ မသန်းမေ" ဟု ထပ်မံ၍ ညည်းညူနေရှာ လေ၏။

ငင်းနောက် သုံးရက်မျှကြာလတ်သော် မောင်တင်ညွန့်၏ဖခင် ဦး လုံးသည် တစ်နေ့သော ညနေခင်းအချိန်တွင် မိမိသားကို ခေါ်ငင်၍ မိမိမှာ ကုန်အ မြိုးမြိုးရှုံးခဲ့သောကြောင့် ဥစ္စာလယ်ယာမြေပျောင်းမြောင်းတို့မှာကုန်ခန်းပြီဖြစ်ကြောင်း နှင့် ပြောဆိုလေလျှင် မောင်တင်ညွန့်မှာ များစွာအံ့အားသင့်ပြီးနောက် "ဘုရားလေးရ ချဲ့ဆင့်" ဟူ၍ စကားကဲ့သို့ မယားတစ်ယောက်လုံး ဆုံးရာတွင် မိမိမျှော်လင့်ခဲ့ သော အမွေအနှစ်တို့လည်း ဆုံးရှုံးချေတော့ပြီတကားဟု စိတ်နှလုံးမသာမယာ ရှိနေရှာ၏။ ဤတွင် ဖခင်ဖြစ်သူက "ဒါပေမဲ့ အားမငယ်ပါနဲ့သားရယ်။ ငါ့သားမှာ ပစ္စည်းမရှိပေမယ့် အရွယ်လည်းရှိတယ်။ ရုပ်ရည်လည်းရှိတယ်၊ ပညာလည်း ရှိ တယ်။ ဒီတော့ ကိုယ်တိုင်က ပစ္စည်းဥစ္စာမရှိစေကာမူ ဥစ္စာရှိတဲ့ မိန်းကလေးများ ရနိုင်ဖို့ ရှိပါသေးတယ်သားရယ်။ အားမငယ်ပါနဲ့။ ဒါထက် ရီရီကလေး ယောက် တော်ရှာသားပဲသားရယ်။ ငါ့သား မကျန်းမာတုန်းက နေ့ညပါ အနားက မခွာပါဘူး။ ခြေမကိုင်မိလက်မကိုင်မိ ပြုစုရှာပါပေတယ်။ ပစ္စည်း လည်းရှိ၊ ရုပ်ကလေးကလည်း ချော၊ အရွယ်ကလေးကလည်း ကောင်း၊ ငါ့သား ကိုလည်း အင်း မေတ္တာရှိပုံ ပေါ်ပါတယ်။ စိတ်ကူးမလွဲနဲ့သားရယ်၊ တော်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ သနားစရာကလေးပါ"ဟု ပြောလျှင် မောင်တင်ညွန့်မှာ မသန်းမေအပေါ်၌ အလွန်တရာ မခံချင်သည့်စိတ်အတွက်ကြောင့် အဖ၏ပြောဆိုသော စကားများကိုပင်လျှင် နားထောင်တော့မည်ဟု အောက်မေ့မိရှာပြန်လေ၏။

( ၁၃ )

တစ်နေ့သ၌ ရီရီသည် မိမိ၏အကြံအစည် အောင်မြင်ချေတော့ပြီတကားဟု များစွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် အိမ်ဦးခန်းတွင် စဉ်းစားစိတ်ကူးလျက်ရှိနေစဉ် မောင်သိန်းတန်လည်း အိမ်ပေါ်သို့တက်လာလေသည်။

မောင်သိန်းတန်က စ၍–

"ရီရီတို့များ ဆိုးပါလေရဲ့ဗျာ"

"ဘာလဲရှင့်"

"ဘာရမှာလဲဗျ၊ ဟိုတုန်းကတော့ ကိုတင်ညွန့်ကို မုန်းလှချည်ရဲ့လေး၊ လက်စားချေချင်လှချည်ရဲ့လေးနဲ့၊ သူ မကျန်းမာတော့ ခင်ဗျားက နေ့ရောညပါ သွားပြီး ပြုစုရှာတယ်ပေါ့လေ"

"ပြုစုရင်ကော ကျွန်မကိုယ် ကျွန်မပိုင်တယ် မဟုတ်လားရှင်"

"ကောင်းပါပေ့ဗျာ ကောင်းပါပေ့။ ဟိုတုန်းကတော့ မသန်းမေကလေးနဲ့ ကွဲအောင် ခွဲနိုင်ရင် ကျုပ်သဘောရှိသလို ပြောပါတော့တဲ့။ ကျုပ်စကားကို နားထောင်ပါ့မယ်တဲ့။ အခုတော့ ဒီစကားတွေ မေ့ပြီလား"

"ဟိုတုန်းကတော့ ပြောမိတာပေါ့ရှင်၊ ဒါပေမဲ့ ရှင်က ဒီကိစ္စမှာ သူတို့နှစ်ယောက်ကွဲအောင် ဘာများဆောင်ရွက်ခဲ့လို့လဲ"

"အခုတော့ မာရေကျောရေ ပြောနိုင်ပေမှာပေါ့ရီရီ။ ကိုင်း ကိုင်း စကားရှည်ရှည်မပြောပါရစေနဲ့ဗျာ။ ကျုပ်ကို ကြိုက်သလား မကြိုက်ဘူးလား"

"အလို ပြောင်လှချည့်ကလား ဆရာ။ ကိုင်း ရှင်ပြောင်ရင် ကျွန်မကလည်း ပြောင်ရမှာပေါ့၊ ကြိုက်ရင်ဘယ်လို မကြိုက်ရင် ဘယ်လိုလဲရှင်"

"ကြိုက်ရင် လက်ထပ်ပေါ့၊ မကြိုက်ရင် နိုင်တဲ့နည်းနဲ့ ကိုင်ဖို့ပေါ့ဗျာ"

"ရှင်က ကျွန်မကို ခြောက်တယ်ပေါ့လေ"

"ခြောက်တာမဟုတ်ဘူး ရီရီရဲ့။ မှန်တာပြောတာပဲ"

"ကိုင်း ဒါဖြင့် ကျွန်မကလည်း မှန်တာပြောရမှာပေါ့၊ ရှင့်ကိုဖြင့် ကျွန်မ မကြိုက်နိုင်၊ ရှင်ကိုင်ချင်ရာ ကိုင်ချေတော့ရှင်"

"ကောင်းပြီ ဒီကနေ့ကစပြီး ကျုပ်ကို ရန်သူကြီးမှတ်ပေတော့ ရီရီ၊ မနိုင်နိုင်ရာတော့ ကိုင်ရတော့မှာပဲ။ ရှမ်းနဲ့ဆင် လယ်ပြင်မှာ တွေ့ကြရောပေါ့ ရီရီ"



"သိကြရောပေါ့ ကိုသိန်းတန်"

ထို့နောက် မောင်သိန်းတန်သည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

*

ထိုနေ့ညနေခင်းအချိန်တွင် မောင်တင်ညွန့်သည် ကောင်းမွန်သစ်လွင်သော အဝတ်အစားတို့ကို သေသပ်သိုက်မြိုက်စွာ ဝတ်ဆင်လျက် ရီရီတို့၏အိမ်ပေါ်သို့ တက်လာရာ ရီရီလည်း စာအုပ်တစ်အုပ်ကို ဖတ်ရှုလျက်နေရာမှ–

"အလို ကိုတင်ညွန့် လမ်းကောင်းကောင်းလျှောက်နိုင်ပြီလား။ ဝမ်းသာလိုက်တာရှင်။ ဘယ်ဆီက လျှောက်လာတာလဲ"

"ရီရီ့ဆီ လာတာပဲ ရီရီ"

ရီရီသည် မျက်လွှာချလျက်–

"ဩော် ကျွန်မတို့ကိုများ သတိရပေသေးရဲ့ကိုးရှင့်"

"ဘာလို့သတိမရဘဲ ရှိပါမလဲဗျာ၊ သတိရပါတယ် ရီရီရယ်၊ ယုံပါတော့ ဘယ်တော့မှ မမေ့ပါဘူး၊ ဒါထက် ကန်တော်ကြီးတုန်းက စကားကလေး မှတ်မိသေးရဲ့လား"

"အို မှတ်မိပါတယ် ကိုတင်ညွန့်ရယ်"

"မှတ်မိသော်လည်း ထပ်ပြီးပြောရဦးမှာပေါ့။ တကယ်ပါ ရီရီ၊ ဟိုတုန်းက မေတ္တာရှိခဲ့ပေမယ့် တစ်နေ့သော်လည်း ဖွင့်ပြောမယ်၊ တစ်နေ့သော်လည်း ဖွင့်ပြောမယ်နဲ့ နေခဲ့တာ ဒီကနေ့ကျမှပဲ ပြောရတော့တယ်ရီရီ၊ အမှန်ပြောရရင် ရီရီ့ကို ကျုပ်က အပုံကြီးမေတ္တာရှိနေပါတယ်ဗျာ"စသည်ဖြင့် မောင်တင်ညွန့်သည် မသန်းမေအား ပြောစဉ်အခါကဲ့သို့ များစွာစိတ်မပါဘဲ တောင်တစ်ခွန်းမြောက်တစ်ခွန်းနှင့် အမြီးအမောက်မတည့်အောင်ပြောသော်လည်း ရီရီမှာ မောင်တင်ညွန့်အပေါ်၌ မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပြီး ဖြစ်လေရကား တစ်ခဏမျှသာ မာယာဖြင့် ငြင်းငယ်လျက် နောက်ဆုံး၌ ချစ်ကြိုက်ပါကြောင်း ဖွင့်ဟပြောဆိုလေ၏။

မောင်တင်ညွန့်သည် ရီရီ့အား ယင်းကဲ့သို့ ချစ်ကြိုက်ပါကြောင်းနှင့် ပြောဆိုရသည်မှာ မသန်းမေအပေါ်၌ မေတ္တာပျက်ကွက်သောကြောင့် မဟုတ်၊ သူ့အား အောက်တတ်သော သဘောရှိခြင်းကြောင့်လည်းမဟုတ်၊ မသန်းမေသည် မိမိသဘောအလျောက် ထွက်ခွာ၍ သွားခဲ့သည့်အပြင် မျှော်လင့်ရန်လည်း မရှိကြောင်းနှင့် စာဖြင့်ရေးသားပေးပို့သည်ဟူ၍လည်း ထင်မှတ်ခဲ့သည်တစ်ကြောင်း မြို့သည့်အရပ်သို့ ထွက်ခွာသွား၍ မည်သည့်အချိန်အခါမှ တွေ့ကြရတော့မည် မသိ

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း တစ်ကြောင်းကြောင့်သာလျှင် မေတ္တာမပျက်သော်လည်း ဒေါသဖော်လျက် ဖခင်၏စကားကို ငဲ့ကွက်ကာ နားထောင်ရခြင်းမျှသာ ဖြစ်လေသည်။

သို့ရာတွင် ထိုအချိန်အခါကား ဝါတွင်းဖြစ်သဖြင့် မောင်တင်ညွန့်နှင့် ရှိန်တို့မှာ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်းအခါမှ လက်ထပ်ရန် ချိန်းဆို၍ ထားကြလေ၏။

( ၁၄ )

အထက်ပါအခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် တစ်လကျော်ခန့်မျှ ကျော်လွန်ခဲ့သဖြင့် သီတင်းကျွတ်လအတွင်း နေ့တစ်နေ့၌ မောင်တင်ညွန့်သည် ကိစ္စတစ်ခုနှင့် ပြည်မြို့သို့ရောက်ခဲ့ပြီးလျှင် မိတ်ဆွေဖြစ်သူ ရှေ့နေကြီး ကိုဘသန်း၏ နေအိမ်၌ ဘုရားကိုးဆူပူဇော်သည့်အခမ်းအနားမှ ဖိတ်သည်ဖြစ်၍ မိတ်ဆွေဝတ္တာရား ခဲ့လျက် ခေတ္တအညောင်းပြေလျှောက်လာပြီး သီဟောင်းကျွမ်းဟောင်း သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့ကာ စကားပြောဆိုရယ်မောလျက်ရှိနေကြသည်။

ထိုသို့ရှိနေကြစဉ် ရုပ်အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော သူငယ်မတစ်ယောက်သည် ဥစ္စာကြေးငွေ ချမ်းသာကြွယ်ဝသူတို့၏ သမီးများသဖွယ် စိန်ရွှေအဝတ်အစားစသည်တို့ဖြင့် ဝတ်စားဆင်ယင်လျက် နောက်လိုက်မိန်းမကြီးတစ်ဦးနှင့် အိမ်ပေါ်သို့တက်လာကြသည်တွင် သူငယ်ချင်းအပေါင်းတို့က မောင်တင်ညွန့်အား "ဟောဟို သူငယ်မပဲဗျို့၊ ခင်ဗျားတို့တိုက်ကြီးဝယ်ယူလိုက်တယ်ဆိုတာ ရန်ကုန်ကဆိုပဲ။ ရုပ်ကလေးကလည်း ဖြောင့်လေသဗျာ၊ ဒီမိန်းကလေးရတဲ့လူတော့ ကော်ပေါက်တိုးတာပဲ" ဟု ပြောသည်နှင့် မောင်တင်ညွန့်မှာ ထိုခဏ၌ လေကားသို့ကျောခိုင်းလျက်ရှိသည်ဖြစ်သောကြောင့် လှည့်ကြည့်လိုက်သောအခါ တခြားသူမဟုတ်၊ မသန်းမေဖြစ်ကြောင်း တွေ့ရသဖြင့် ကြက်သေသေသကဲ့သို့ ငေးစိုက်ကာ ကြည့်နေလေတော့၏။

ထိုအခါ မောင်တင်ညွန့်၏ သူငယ်ချင်းများကလည်း မောင်တင်ညွန့်သည် သူငယ်မ၏ရုပ်အဆင်းကို မြင်သည်နှင့် စွဲလျက်ရှိချေပြီထင်မှတ်၍ ပြောင်လှောင်ကာ ကျောကိုပုတ်လျက်—

"အို ကိုတင်ညွန့် သတိထားမှပေါ့ဗျာ" ဟု ပြောလေ၏။

မောင်တင်ညွန့်က သတိရလာဟန်ဖြင့်—

"သူ့နာမည်က ဘယ်သူတဲ့လဲဗျို့"

"မသန်းမေတဲ့ဗျ"

"အအိုလား၊ အပျိုလား"



"အပျိုကလေးပေါ့ဗျာ"

"ကျုပ်တို့တိုက်ကို သူက ဝယ်လိုက်တယ် ဟုတ်စ"

"ဟုတ်တယ် ခင်ဗျားမသိဘူးလား" ဟု သူငယ်ချင်းများက ပြောသော်လည်း မောင်တင်ညွန့်သည် မည်သို့မျှပြန်မပြောဘဲ သူငယ်ချင်းများအား နှုတ်ဆက်လျက် တည်းခိုသော အိမ်သို့ပင် ပြန်သွားလေသည်။

နောက်နေ့ညနေ၌ ရန်ကုန်သို့သွားသော စာပို့ရထားထွက်ချိန်တွင် မောင်တင်ညွန့်သည် ဒုတိယတန်းလက်မှတ်တစ်စောင်ကို ယူပြီးနောက် မိမိအားလိုက်၍ပို့သူ သူငယ်ချင်းများနှင့် ဘူတာရုံအတွင်း စကားပြောဆိုနှုတ်ဆက်ကာ ရှိနေဆဲတွင် ရထားထွက်ရန် အလံပြသောကြောင့် ပျာယီးပျာယာ ရထားဆီသို့ ပြေးလာရာ ဒုတိယတန်းတွဲများ၌ လစ်လပ်နေသည့်နေရာ မရှိသည်တွင် ရထားလည်း တဖြည်းဖြည်းထွက်စပြုနေသည်နှင့် တက်မိတက်ရာ ပထမတွဲတစ်ခုသို့ တက်လိုက်လေ၏။

မောင်တင်ညွန့်မှာ ရှေ့ဘူတာရောက်သည့်အခါမှ ဒုတိယတန်းတွဲ၌ နေရာလပ်တွေ့ရလျှင်လည်းတွေ့၊ မတွေ့လျှင်လည်း ပထမတန်းလက်မှတ်ထပ်၍ ယူတော့မည်ဟူသော အကြံဖြင့် အတွင်းသို့ဝင်ခဲ့ရာ မသန်းမေသည် သူငယ်မကလေးနှင့် ထောင့်တစ်ခုတွင် ထိုင်နေသည်ကိုမြင်၍ အံ့အားသင့်သွားလေသည်။

"မသန်းမေ"

"ကိုတင်ညွန့်"

ယင်းကဲ့သို့ တစ်ယောက်နာမည်တစ်ယောက် ခေါ်ပြီးနောက် နှစ်ယောက်သား ငေးစိုက်ကာ ကြည့်နေပြီးလျှင် မောင်တင်ညွန့်သည် အနီးရှိ နေရာလပ်တစ်ခု၌ ဝင်ထိုင်လိုက်လေသည်။ ၎င်းတွဲမှာ မိန်းမများအတွက် သီးသန့်ထားသောတွဲဖြစ်၍ တခြားခရီးသည်များ မရှိကြပေ။

အံ့သြခြင်း အတန်ငယ်ပြေပျောက်လတ်သော် မောင်တင်ညွန့်က—

"မသန်းမေတို့များ ရက်စက်ပါပေတယ်ဗျာ" ဟု ပြောလိုက်လေသည်။

"ရှင်က ရက်စက်တာလား၊ ကျွန်မက ရက်စက်တာလားရှင်။ ရှင်တို့ယောကျ်ားများ တော်ပါပေရဲ့။ သူတို့ကစပြီး သူတို့ကပဲ ဦးအောင်အပြစ်တင်လိုက်ချေသေးတယ်၊ တော်ပါပေ့ရှင်"

"တော် [illegible] ျုပ်ကစပြီးဆိုးတယ်ဟုတ်လား၊ ဘယ်နည်း[illegible]ဆိုးသလဲဗျာ"

"ဘယ်သူက စွန့်ပစ်တာလဲရှင်၊ ကျွန်မက စွန့်ပစ်တာ[illegible]ဟုတ်ပါဘူး။ ရှင်ကစပြီး စွန့်ပစ်တာပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ လူကို မတရားသဖြင့် အပြစ်မဖို့ပါနဲ့ မသန်းမေ"

"ဘယ်က မတရားသဖြင့်လဲရှင့်၊ တကတည်းရှင် ထွက်သွားလိုက်တာ တစ်ရက်လည်းပေါ်မလာ၊ နှစ်ရက်လည်း ပေါ်မလာ၊ လူလည်းမလာ၊ စာလည်း မပေး၊ တော်ပါပေရဲ့ရှင်"

"မဟုတ်ပါဘူး မသန်းမေ၊ ကျုပ် စာမပေးတာက စာကိုမရေးနိုင်လို့ပါဗျာ ၇ ရက်လုံးလုံး သတိမရဘဲနေလို့။ ဒါပေမဲ့ ဒီအကြောင်းတွေပြောနေလို့ အပိုပါ လေ၊ မသန်းမေ အခုဘယ်နည်းနဲ့ ချမ်းသာနေတာလဲ။ သူဌေးမကြီးဖြစ်နေတော့ ကျုပ်တို့လို အနံ့အညတရ မွှားကလေးကို မေ့သွားရောပေါ့ဗျာ"

"တန်ပါရှင်၊ ရှင် ဘာပြုလို့ ဒီတွဲကိုတက်လာသလဲ"

"ကျုပ်တို့ ပထမတွဲ မစီးနိုင်မှန်း သိပါတယ်ဗျာ"

"ဒါကြောင့်မဟုတ်ပါဘူးရှင့်၊ ဒါက မိန်းမတွဲ၊ ရှင့်မျက်နှာကိုလည်း ကျွန်မ မကြည့်ချင်ဘူး။ ရှင့်အသံကိုလည်း ကျွန်မ မကြားချင်ဘူး၊ သွားပါရှင်"

"နေပါဦးဗျာ၊ ကျုပ်စကားဆုံးတော့ သွားပါ့မယ်။ ကျုပ်ကလည်း ဒီတုန်းက တကယ့်ကို ချစ်ပါတယ်မသန်းမေ၊ တကယ့်မေတ္တာပါ။ မသန်းမေတို့လို မေတ္တာ မျိုးမဟုတ်ပါဘူး။ ဟိုတုန်းကလည်း ချစ်ပါတယ်။ အခုလည်း ချစ်ပါသေးတယ် ခင်ဗျာ မသန်းမေ၊ မသန်းမေ"

"ဘယ့်နှယ် ဘယ့်နှယ် ကျွန်မကို ရှင်က အခုလည်းချစ်ပါသေးတယ် တော်ပါပေရဲ့ရှင် ယူတော့ ဒိုပြင်မိန်းမယူပြီး လူကို မညာလာပါနဲ့ရှင်"

"ဒိုပြင်မိန်းမကို ယူဖို့ကြံစည်တာက မသန်းမေ ထွက်ပြေးတဲ့နောက်မှပါ မသန်းမေ"

"မညာပါနဲ့ ကိုတင်ညွန့်၊ တန်ပါ၊ တန်ပါ၊ ဟော ဘူတာရုံလည်း ဆိုက်ပါ ပြီ။ ကျွန်မ နောက်ထပ်လည်း မကြားချင်ပါဘူး၊ ရှင် တစ်တွဲမပြောင်းရင် ကျွန်မက ပြောင်းရပါလိမ့်မယ်ရှင်"

"အခုတော့ မသန်းမေတို့က ပြောနိုင်တဲ့အခြေရှိတော့ ပြောလေမှာပေါ့လေ အခုတော့ မိတ်ကောင်းဆွေကောင်းတွေ တွေ့လို့ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ ဖြစ်လေတော့ ကျုပ်တို့လို အနုပ်စုတ်ကုပ်စုတ်ကောင်မျိုး စကားတွေကို မကြားချင် ပေဘူးပေါ့ဗျာ၊ ကောင်းပါပြီ ကောင်းပါပြီ ကျုပ်ကပဲ တွဲပြောင်းစီးပါတော့မယ်" ဟုပြောပြီးလျှင် မောင်တင်ညွန့်သည် လစ်လပ်သောနေရာမရှိသည်နှင့် တတိယတွဲ မှ လိုက်ပါလာခဲ့လေ၏။



( ၁၅ )

မောင်တင်ညွန့်နှင့် ရီရီတို့ မင်္ဂလာဆောင်နှင်းရန် ချိန်းဆိုထားသည့် ရက် မတိုင်မီ ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ရီရီသည် မိမိဖတ်ရှုလျက်ရှိသော ဝတ္ထု စာအုပ်ကိုချထား၍ မိမိကြိုက်လှသော မောင်တင်ညွန့်နှင့် လက်ထပ်ပြီးသောအခါ ညသို့နေထိုင်မည်၊ မည်သည့်အရပ်များကိုသွားမည် စသည်တို့ကို စဉ်းစားစိတ် ကူးလျက်ရှိနေစဉ် မောင်သိန်းတန်သည်လည်း အိမ်ပေါ်သို့တက်၍လာလေသည်။

"အလို ကိုသိန်းတန်ပါလား၊ ဘာကိစ္စလဲရှင်"

မောင်သိန်းတန်က ပြောင်လှောင်သော မျက်နှာထားဖြင့်–

"ကိစ္စကလေးတစ်ခု ရှိလို့ပေါ့ဗျာ"

"ကိစ္စရှိရင် နောက်များမှ လာပါတော့ရှင်၊ အခု ကျွန်မ မအားသေးပါဘူး"

"မအားရင် ဒိုပြင်ကိစ္စက ရက်လွှဲနိုင်ပါတယ်ဗျာ၊ ကျုပ်ကိစ္စက ရက်လွှဲလို့ ရပေဘူး ရီရီ"

"ဘယ့်နှယ်လူလဲရှင်၊ ဒီဟာက ကျွန်မအိမ်ရှင့် သိရဲ့လား။ ရှင်က မိန်းမ သားချည်းမှတ်လို့ စော်ကားချင်သလား"

"ဒေါသမကြီးစမ်းပါနဲ့ဗျာ၊ ဒီကိစ္စက ကျုပ်ကိစ္စလည်းဟုတ်ရဲ့၊ ကိုတင်ညွန့် ကိစ္စလည်း ဟုတ်တယ်ဗျ။ ကိုတင်ညွန့်နဲ့ ရီရီနဲ့အကြောင်း အများကြီးသက်ဆိုင် နေတယ်လေ" ဟု ပြောသဖြင့် ရီရီကလည်း မိမိတို့နှင့် သက်ဆိုင်သည့်ကိစ္စသည် ညသည့်ကိစ္စဖြစ်နိုင်လေသနည်းဟု အံ့သြလျက်ရှိစဉ် မောင်သိန်းတန်က ဆက် လက်၍–

"ဟိုအရင်တစ်ခေါက် ကျုပ်လာတုန်းကတော့ ရီရီက အနိုင်ရလေတော့ ကျုပ်က အရှုံးပေးပြီး ပြန်ပြေးရတယ်။ ဒီတစ်ခါဖြင့် ကျုပ်အလှည့်ကျပေါ့ရီရီ"

"မရှုပ်စမ်းပါနဲ့ရှင်။ ပြောစရာရှိရင် မြန်မြန်ပြောစမ်းပါ"

"ပြောပါ့မယ်ခင်ဗျာ၊ ခပ်ဖြည်းဖြည်းပေါ့။ ဟိုတုန်းတော့ ရီရီက ပြောလိုက် တယ်မဟုတ်လား။ မသန်းမေနဲ့ကိုတင်ညွန့်ကို ခွဲနိုင်ရင် ကျုပ်ကို ရီရီကယူတော့ မယ်ပြောပြီး၊ အခုတော့ သူတို့လည်းကွဲရော ရီရီက ကိုတင်ညွန့်ကို ယူတော့မယ် ဟုတ်စ။ တော်ပါပေရဲ့ တော်ပါပေရဲ့၊ ရရင်လည်း ယူကြတာပေါ့"

"ရှင့်ကိစ္စကို မြန်မြန်ပြောပါရှင်"

"ပြောပါ့မယ်ဗျာ ပြောပါ့မယ်။ ဒါထက် ဟိုတလောတုန်းက ကျုပ်လာ တော့ ရီရီက တတ်နိုင်ရင်ကိုင်ချေ၊ ကျုပ်ကိုဖြင့် မယူဘူးလို့ ပြောလိုက်တယ်မဟုတ် လား။ ကျုပ်လည်း ဒီတော့ ကျုပ်နိုင်တဲ့နည်းနဲ့ ကိုင်ရတော့တာပေါ့ဗျာ။ ကံအား

www.burmeseclassic.com

www.burmeseclassic.com



လျော်စွာ 'လူကောင်းကို နတ်ကောင်းစောင့်မ' ဆိုသလို ကျုပ်အကြံအစည်ကို နတ်များက စောင်မပေးတာကိုးဗျ"

"တကယ် စကားရှည်တဲ့လူကိုးရှင့်"

ရီရီသည် ဒေါသထွက်လာသည့်အလျောက် ခပ်ဆတ်ဆတ်ပင် ပြောလိုက်မိ၏။

"နတ်များက ဘယ်ပုံစောင့်မ သလဲ၊ ကျုပ်တို့အိမ်မှာ ဟိုတစ်နေ့က ထမင်းချက်တဲ့မိန်းမကြီးတစ်ယောက်လိုတော့ လူလိုက်ပြီးရှာလိုက်တာ ဘယ်သူနဲ့တွေ့တယ်မှတ်သလဲ။ မောင်တင်ညွန့်နဲ့ မသန်းမေ ကမာရွတ်မှာနေစဉ်က သူတို့အိမ်မှာ ထမင်းချက်တဲ့မိန်းမကြီးနဲ့ တွေ့တာပဲ။ တွေ့လို့ တစ်နေ့ကျတော့ ကျုပ်ကလည်း ဖွင်းဖွင်းရှိလို့ မိန်းမကြီးနဲ့ အိမ်ရှေ့မှာရပ်ပြီး စကားပြောနေတုန်း အိမ်ရှေ့မှာ မသန်းမေက မော်တော်ကားနဲ့ လျှောက်ပြီးသွားတော့၊ မိန်းမကြီးက ဒီမိန်းကလေးအိမ်မှာလည်း ကျုပ်နေဖူးတယ်တဲ့။ အဲဒီလို မိန်းမကြီးကပြောလို့ ကျုပ်ကလည်း လျှောက်ပြီးမေးမြန်းစုံစမ်းကြည့်တဲ့အခါမှာ လက်စသတ်တော့ သူဟာ ကိုတင်ညွန့်တို့အိမ်က ဆိုတာသိရော။ သိလို့အကျိုးအကြောင်းလျှောက်မေးတော့ တစ်နေ့မှာ ကိုတင်ညွန့်က ရန်ကုန်ကို ထွက်သွားတယ်တဲ့။ ထွက်သွားပြီး လေးငါးရက်လောက်ရှိတော့ မိန်းမတစ်ယောက်လာပြီး မသန်းမေကို စကားတွေလျှောက်ပြောသွားလိုက်တာ သူကနောက်ဖေးချောင်က ချောင်းပြီးနေတယ်။ ဒီမိန်းမက ကိုတင်ညွန့်နဲ့ တောင်းရမ်းတော့မယ့်အကြောင်း ပြောပါတယ်တဲ့။ ဒီတော့ ကျုပ်က မိန်းမပုံပန်း မေးကြည့်တော့ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ အဝတ်အစား ကောင်းကောင်းမွန်မွန်ဝတ်လို့ စပယ်တင်မှဲ့ကလေးနဲ့ ရုပ်ကချောချောတဲ့။ ကိုင်း ဒီတော့ ဘယ်သူဖြစ်နိုင်သလဲဗျာ၊ ရီရီမှ ရီရီအစစ်ပေါ့"

"မဟုတ်တာရှင် ရှင်ကလည်း"

"မငြင်းပါနဲ့တော့ ရီရီ၊ ကျုပ်က အသေအချာ မေးမြန်းပြီးသားဗျ၊ ဒါနဲ့တောင် စိတ်မကျေနပ်လို့ မနေ့ညနေက မိန်းမကြီးခေါ်လာတယ်။ အိမ်ရှေ့လျှောက်ပြီး ရီရီ့ကို ပြသေးတယ်။ ပြတော့ ဒီမိန်းကလေးပါပဲတဲ့။ ကျမ်းရွှက်ပြီးပြောဆိုရင် ပြောပါ့မယ်တဲ့"

ရီရီသည် ဟန်လုပ်နေရသော်လည်း များစွာမျက်နှာပျက်၍ နေသည်။

"ရှာရှာဖွေဖွေရှင်"

"ရှာဖွေတာ မရှာဖွေတာ ကျုပ်နားမလည်ဘူး။ ဆုံးအောင် နားထောင်ဦး။ မောင်တင်ညွန့်ဟာ မသန်းမေကို မေတ္တာရှိရှိးအမှန်၊ မသန်းမေက သူမရှိတုန်း ထွက်သွားနှင့်လို့သာ ရီရီကို ယူမယ်လို့ ကြံရာတယ်။ ဘာပြုလို့ ထွက်ပြီးသွား



ရှာသလဲတဲ့။ ရီရီက နှောင့်ယှက်လို့ အထင်မှားပြီးသွားရှာတယ်တဲ့။ ဒီတော့ကာ ဒီအကြောင်း မောင်တင်ညွန့်သိရင် ဘယ်နေမလဲ။ ကေန္တ သူတို့နှစ်ယောက် ပြန်ဆေါင်းမိမယ်တဲ့။ ဒီတော့ ဒါကိုပြန်ပြီးသိအောင် ဘယ်သူကလုပ်မလဲ။ ကျုပ်ကလုပ်ရမှာပေါ့။ ဘယ့်နှယ်ရှိစဗျာ။ နိုင်ရာကိုင်တမ်းဆို နိုင်ရာကိုင်တော့လား ရီရီ" ဟုမေးလျှင် ရီရီလည်း မည်သို့မျှပြန်မဖြေဘဲ နှုတ်ခမ်းများကို သွေးထွက်လုမတတ် ကိုက်ကာ စိုက်လျက်ကြည့်နေလေ၏။

ထိုအခါမောင်သိန်းတန်က ဆက်၍–

"ကျုပ်ကိုမစမ်းပါနဲ့ရီရီ၊ ကျုပ်က သူများနဲ့မတူဘူးနော်။ တစ်ခုဆိုရင်တစ်ခုဘည်း စွဲစွဲမြဲမြဲ ကြံတဲ့အကောင်ဗျ။ ဘယ်တော့မှ လက်လျှော့မယ့်ကောင်မဟုတ်ဘူး။ သိပြီလား ကျုပ်အစွမ်းကို။ ကိုင်း ဒီတော့ ရီရီ့မှာလည်း အရှက်တကွဲဖြစ်ရလေအောင် မောင်တင်ညွန့်နဲ့လည်း မရတဲ့အတူတူ ကျုပ်ကိုသာ ယူပါတော့ဗျာ၊ ကျုပ်လည်းပဲ ကိုတင်ညွန့်ကို ဒီအကြောင်းတွေ မပြောပါဘူး။ သူတို့လည်း သူတို့ချင်း ကြိုက်ရာယူပါစေတော့။ တကယ်စုံမက်ပါတယ် ရီရီရယ်။ စုံမက်လွန်းလို့ ချစ်ခင်လွန်းလို့ ကျုပ်လည်းပဲ ဒီလောက်အပင်ပန်းခံပြီး ကြံစည်ရပါတယ် ရီရီရယ်။ ယုံပါတော့။ ကိုင်း ဒီတော့ ကျုပ်ပြောတဲ့အကြံသာ လိုက်ပါတော့" ဟု ပြောလေလျှင် ရီရီမှာ သူ၏လက်တွင်းသို့ ရောက်ချေပြီတကားဟု အောက်မေ့ကာ မည်သို့ကြံရပါမည်နည်းဟု တွေဝေလျက်ရှိစဉ် မောင်သိန်းတန်လည်း ရီရီဆိုင်းငံ့လျက်ရှိသည်ကိုမြင်သဖြင့် အားတက်၍ အနီးသို့ချဉ်းကပ်ပြီးလျှင် "စိတ်ကူးမလွဲပါနဲ့ရီရီ၊ ကျုပ်ပြောတဲ့အကြံအစည်အတိုင်း အကောင်းဆုံးပဲဗျ။ ဘယ့်နှယ်လဲ အကြံကို လိုက်နာမှာလား" ဟု ပြောဆိုလျက် ရီရီ၏ဘယ်လက်ကို ဆွဲကိုင်လိုက်သောအခါ ရီရီသည် လက်ယာဘက်လက်ကို မိမိအနီးတွင်ရှိသော စားပွဲအံဆွဲထဲ၌ လက်နှိုက်ကာ မည်သို့မျှပြန်လည် စကားမပြောဘဲရှိနေလေ၏။

ယင်းသို့ ရီရီက မည်သို့မျှ ပြန်မပြောဘဲ မတုန်မလှုပ်ရှိနေသည့်အခြင်းအရာကိုမြင်လေလျှင် မောင်သိန်းတန်လည်း ဆိတ်ဆိတ်နေခြင်းသည် သဘောတူခြင်းဖြစ်သည်ဟု အမှတ်ယကောက်ယူလျက် အားတက်သည်ထက်တက်ပြီးလျှင် "ကိုင်း ဒီတော့ မောင်တင်ညွန့်နဲ့ တောင်းဖို့ရမ်းဖို့ ဝယ်ခြမ်းထားတဲ့ပစ္စည်းတွေဟာ ကျုပ်တို့မင်္ဂလာဆောင်မှာ နေရာကျရောပဗျာ၊ ဘယ့်နှယ်လဲ ရီရီရယ်"

သို့ပြောဆို၍ ထိုင်ရာမှထပြီးလျှင် ရီရီ၏လက်နှစ်ဖက်ကို ဆွဲကိုင်မည်အပြုတွင် ရီရီသည် အံဆွဲတွင် သွင်းထားသော ဆင်စွယ်ဓားမြှောင်တစ်ချောင်းကို ဆွတ်၍–

www.burmeseclassic.com

www.burmeseclassic.com



"ယုတ်မာဦးဟဲ့အကောင်၊ ညစ်ပတ်ဦးဟဲ့အကောင်၊ သွားရှောဟဲ့ နင့်ဉာဏ်စုတ်၊ သွားရှောဟဲ့ နင့်ဉာဏ်ပဲ့" ဟု ပါးစပ်မှ ဆိုပြီးလျှင် မောင်သိန်းတန်၏ ရင်ဝကို ဆင့်ကာဆင့်ကာ ထိုးလေ၏။ မောင်သိန်းတန်လည်း "အမယ်လေးဗျ" ဟု တစ်ချက်မျှအော်ပြီးလျှင် ကြမ်းပေါ်သို့ လဲကျသွားသည်နှင့်တစ်ပြိုင်နက် ဈေးကားမှတက်လာသော ခြေသံကြားပြီးနောက် မောင်တင်ညွှန့်လည်း အိမ်ပေါ်တက်လာသည်ကို တွေ့ရလေ၏။

( ၁၆ )

မောင်တင်ညွှန့်သည် ကြမ်းပေါ်၌ လဲလျက်ရှိသော လူနာကိုမွေ့ယူ၍ ကြည့်ရှုသည်တွင် မောင်သိန်းတန်လည်း မျက်စိကိုဖွင့်၍ကြည့်ပြီးလျှင် "အလို ကိုတင်ညွှန့်ကြီးပါကလား" ဟု အံ့သြတုန်လှုပ်စွာဖြင့် ပြောလိုက်လေသည်။

"ဟုတ်တယ် ခင်ဗျား ဘာဖြစ်တာလဲ။ ဘယ့်နှယ်ဖြစ်တာလဲ၊ နေဦး ကျုပ်ဆရာဝန် အခေါ်ခိုင်းလိုက်ဦးမယ်" ဟု ပြောလေ၏။ အစေခံတစ်ယောက်အား စေလွှတ်၍ ဆရာဝန်ကိုခေါ်ခိုင်းရာ ဆရာဝန်ရောက်လာပြီး ဒဏ်ရာကို စမ်းသပ်စစ်ဆေးကြည့်ရှုသည်တွင် မောင်သိန်းတန်သည် သတ္တိရှိသော လူတစ်ယောက်ဖြစ်သည့်အတိုင်း

"ဘယ့်နှယ်လဲ ဒေါက်တာ၊ ကျွန်တော် ဘယ်လောက်ခံဦးမှာလဲ"

"၃ နာရီလောက်တော့ ခံလိမ့်ဦးမယ်"

"ဆရာ ဘာမှ မတတ်နိုင်တော့ဘူးလား"

"ရှင်အောင်တော့ မတတ်နိုင်ဘူး။ နာရီကြာခံအောင်လောက်ဖြင့် ကျုပ်တတ်နိုင်ကောင်းပါရဲ့"

"တော်ပြီဆရာ ရှိပါစေတော့၊ သုံးနာရီလောက်တော့ နေရရင် တော်ပါပြီ၊ ကျွန်တော့်မှာလည်း မှာစရာကြားစရာလေးတွေ မှာခဲ့ပါရစေ"

ထိုသို့ပြောသဖြင့် ဆရာဝန်သည် အခန်းပြင်သို့ ထွက်သွားလေသည်။ မောင်သိန်းတန်သည်လည်း မောင်တင်ညွှန့်နှင့် ရီရီတို့အား ခေါ်လိုက်လေသည်။

"ကိုတင်ညွှန့်"

"ဗျာ ကိုသိန်းတန်"

"ကျုပ်ဖြင့်မနေရတော့ဘူးတဲ့ဗျို့၊ တစ်ခါဖြင့် မိုက်စတုံးပြီပေါ့၊ ဒီဟာ ရီရီ့လက်ချက်ပဲဗျ ကိုတင်ညွှန့်ရဲ့။ ဒါပေမဲ့ ကျုပ်မိုက်ပြစ်ပေဗျာ၊ ကိုင်း ကိုင်း ကျုပ်မသေမီ စိတ်ကလေးပေါ့ပေါ့နဲ့သေရအောင် ကျုပ်ကိုယ်တိုင် ယုတ်မာတဲ့အကြောင်းဖွင့်ပြောဦးမှပေါ့။ ဘယ့်နှယ်လဲရီရီ၊ ဘယ်သူပြောမှာလဲ ကျုပ်ပြောရမှာလား"



မောင်သိန်းတန်က မေးသဖြင့် ရီရီလည်း မတုန်မလှုပ် ရှိနေလေလျှင် ဆက်လက်၍–

"ကိုင်းဒါဖြင့် ကျုပ်ကပဲ ပြောရတာပလေ၊ ကျုပ်တို့နှစ်ယောက်၊ ကျုပ်နဲ့ ရီရီက ခင်ဗျားနဲ့ မသန်းမေအပေါ်မှာ ပြစ်မှားမိခဲ့ကြတယ်ဗျ၊ ဘာပြုလို့ပြစ်မှားသလဲဆိုတော့ ကျုပ်က ရီရီ့ကိုလိုချင်တယ်၊ ရီရီက ခင်ဗျားကို လိုချင်တယ်။ ဒါကြောင့်ပဲ"

"ဘယ်ပုံများ ပြစ်မှားကြသလဲဗျာ"

"နေဦးဗျ၊ လူစုံမှကျုပ်ပြောမယ်။ မသန်းမေဆီ လူလွှတ်ပြီး အခေါ်ခိုင်းလိုက်ဦးဗျ၊ လှစ္စလမ်းတိုက်နံပါတ် ၂၃၊ ပွဲစားကြီး ဦးသာအေးတိုက်မှာ တည်းတယ်"

မောင်တင်ညွှန့်လည်း "အလွန်တရာအရေးကြီးလှသော ကိစ္စတစ်ခုရှိသည်ဖြစ်၍ ယခုစေလွှတ်လိုက်သူနှင့်အတူ ချက်ချင်းလိုက်၍လာစေလိုကြောင်း" စာတစ်စောင်ရေးသားကာ စေလွှတ်လိုက်၏။ ၁၅ မိနစ်ခန့်ကြာလျှင် မသန်းမေသည် စေလွှတ်သူနှင့်အတူ အိမ်ပေါ်သို့ရောက်၍ လာလေ၏။

မသန်းမေမှာ စေလွှတ်သူထံမှ ဖြစ်သမျှအချင်းအရာတို့ကို အနည်းငယ်ကြားသိခဲ့ရသည်ဖြစ်၍ တုန်လှုပ်သော အမူအရာဖြင့် အိမ်ပေါ်သို့တက်လာရာ မောင်သိန်းတန်သည်–

"သြော် မသန်းမေ ရောက်လာပြီလား။ ကိုင်း အချိန်မရှိကြဘူးဗျာ အသက်မထွက်မီ ကိစ္စကလေး ပြီးအောင်လုပ်လိုက်ရအောင်၊ ကိုင်း မသန်းမေ ကမာရွတ်အိမ်က ဘယ်အတွက်ကြောင့် ထွက်ပြီးသွားရတယ်ဆိုတာ အကြောင်းနဲ့ ကျုပ်တို့ကို ပြောပြစမ်းပါဗျာ" ဟုပြောလေလျှင် မသန်းမေလည်း ရီရီ၏ မျက်နှာကို ကြည့်ကာ ဆိုင်းငံ့လျက်ရှိသည်တွင် မောင်တင်ညွှန့်နှင့် မောင်သိန်းတန်တို့က–

"ပြောသာပြောပါ မသန်းမေ၊ အားနာဖို့မရှိပါဘူး။ အခုရှုပ်မှနောင်ရှင်းမယ်ဗျ" ပြောလေ၏။

မသန်းမေလည်း ရီရီလာရောက်ပြောဆိုသည့်အကြောင်းကို စုံလင်စွာ ပြန်ပြောလေ၏။

၎င်းစကားကို ကြားရလျှင် မောင်တင်ညွှန့်သည် "မဟုတ်ရပါဘူး မသန်းမေ၊ ဟိုတုန်းက ကျုပ်မှာ သတိမရဖြစ်ပြီးနေတာ ဒီက ကိုသိန်းတန်လည်း သိပါတယ်၊ ရီရီလည်း သိပါတယ်ဗျာ။ သြော် မသန်းမေ မသန်းမေ အထင်လွဲရှာပေါ့"

မောင်သိန်းတန်ကဆက်၍–

"ဟုတ်ပါတယ်မသန်းမေ၊ ကိုတင်ညွှန့်ပြောတာ အမှန်ချည်းပါ၊ ကျုပ်တသေရမယ့်လူပါ မလိမ်ပါဘူး။ ကျုပ်တို့နှစ်ယောက် ယုတ်မာတဲ့အတွက် ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ကွဲရခြင်းဖြစ်ပါတယ်။ ကိုင်း ဒီတော့ ကျုပ်မသေခင် ပြင်ဆင်နိုင်သ လောက် ပြင်ဆင်ခဲ့ပါရစေဗျာ၊ ပေးစမ်းဗျာ ကိုတင်ညွှန့် ခင်ဗျားလက်၊ မသန်းမေ လည်း တဆိတ်ကလေး လက်ပေးစမ်းဗျာ" ဟုပြော၍ လက်နှစ်ခုကို ဆက်၍ပေးပြီး လျှင်–

"ကိုင်း ခင်ဗျားတို့တော့ ရေလည်လို့ ဇာတ်ဆုံမိကြပြီ။ ကျုပ်တော့ပြ မနေရတော့ဘူးဗျာတို့။ သို့သော်လည်း ဘယ်ဘဝပဲရောက်ရောက် ရောက်ရာဘ ကနေပြီး ခင်ဗျားတို့လင်မယားကို ဆုတောင်းမေတ္တာပို့သပါတော့မယ်ဗျာ" ဟု ပြောလေလျှင် မောင်တင်ညွှန့်မှာ မျက်ရည်ကျလျက် မသန်းမေကား ရှိုက်ကြီး ငင်ကြီးနှင့် ရှိနေရာ မောင်သိန်းတန်က "မငိုကြပါနဲ့ဗျာ၊ ကိုင်း ယောကျ်ားဘသား မသေခင် ယုတ်မာခဲ့လို့၊ သူတစ်ပါးမကောင်းကြံစည်ခဲ့သော်လည်း သေခါနီးမှာပြ နောင်တရပါရဲ့ဗျာနော်။ ကန်တော့ခဲ့ပါရစေ ကိုတင်ညွှန့်၊ ကျုပ်ထက်ငယ်ပေမယ့် ကျုပ် ကန်တော့ခဲ့ပါရစေဗျာ၊ လင်နဲ့မယား အိုအောင်မင်းအောင် ပေါင်းရစ်ကြ ပါစေဗျာ။ ဪ သို့သော် ရီရီတစ်ယောက်ရှိသေးတယ်။ ရီရီ"

"ရှင်"

"ဪ ရီရီ ရီရီ၊ သတ္တိကောင်းပါပေရဲ့။ တော်ပါပေရဲ့။ ကျုပ်ကိုသတ်ဆေ မယ့် ဒီသတ္တိမျိုးကိုတော့ ကျုပ်ချီးကျူးပါရဲ့ဗျာ။ ကျုပ်ကဖြင့် ရန်တုံ့လည်း မမူ ပါဘူး။ ဒီအပြစ်အတွက်လည်း ရီရီမှာ အပြစ်မခံပါစေနဲ့တော့။ ကိုတင်ညွှန့်"

"ခင်ဗျာ"

"စာရေးစက္ကူပေးစမ်းပါဗျာ၊ ရပြီလား၊ ကိုင်း ကျုပ်ပြောတဲ့အတိုင်း ရေး ဗျာ"

"ကျွန်တော် မောင်သိန်းတန်သည် ရီရီ့အပေါ်၌ ချစ်ကြိုက်ခဲ့သည်ဖြစ်၍ ၎င်း၏အိမ်ပေါ်သို့ သွားပြီးလျှင် ချစ်ကြိုက်ပါကြောင်းပြောမိရာ မချစ်ကြိုက်နိုင် ကြောင်းနှင့် ငြင်းပယ်သဖြင့် လူ့ပြည်၌နေရန် အလိုမရှိသည်ဖြစ်ရကား ကျွန်ုပ် ကိုယ်ကို ကျွန်ုပ်လက်နက်ဖြင့် သတ်ဖြတ်လိုက်ကြောင်း"

"ကိုင်း ရေးပြီးပြီလားဗျို့။ ပေးစမ်းဗျာ။ ကျုပ် လက်မှတ်ထိုးမယ်" ဟု ပြော၍ စာရွက်ကိုယူပြီးလျှင် လက်မှတ်ရေးထိုးလေ၏။

၎င်းနောက် မောင်သိန်းတန်သည် စာရွက်ကို ရီရီ့အားပေး၍ "ရော့ ရီရီ တကယ်လို့ ပုလိပ်က အနှောင့်အယှက်ပေးရင် ဒီစက္ကူကို သက်သေပြပေတော့ ကိုတင်ညွှန့်ကလည်း ကူညီရစ်ပါဗျာနော်"

"စိတ်သာချပါ ကိုသိန်းတန်ရယ်၊ ဒီအတွက်ကို ဘာမှမစိုးရိမ်ပါနဲ့"



မောင်သိန်းတန်မှာ စိတ်ဆောင်နေသည်ဖြစ်ရကား ကိစ္စပြီးမြောက်သည်နှင့် တစ်ပြိုင်နက် စိတ်ကိုလျှော့လိုက်သည်တွင် တစ်ခဏမျှ အမောဖောက်ပြီးလျှင် မောင်တင်ညွှန့်လက်ကို ဆုပ်ကိုင်လျက် အသက်ထွက်သွားရှာလေ၏။

မောင်တင်ညွှန့်နှင့် မသန်းမေတို့မှာ တစ်လခန့်အတွင်း မင်္ဂလာဆောင်ကြ သည်ဖြစ်ရာ ရီရီမှာမူကား သီလရှင်အဝတ်အစားကို ဝတ်ဆင်ကာဖြင့် စစ်ကိုင်း တောင်ရိုးနိဗ္ဗိန္ဒချောင်တွင် နေထိုင်လျက် ရှိလေတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြီးလို့

ကျွန်တော်သည် မင်းကတော်မလှစိန်ကို မန္တလေးမြို့တာရုတ်ကလပ်တ ခန့်၌ ရှေးဦးစွာတွေ့မြင်ရဖူး၏ ။ မင်းကတော်ဆိုသော စကားကို ဝန်ထောက်အရေး ပိုင်အဆင့်အတန်းတိုင်အောင် ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်ဖြစ်ရာ မလှစိန်မှာ မည် သည့်အတန်းအစား အရာရှိကတော်ဖြစ်သည်ကိုမူ သေချာစွာ ထောက်လှမ်းစုံစမ် ၍မရချေ။ ၎င်းကလပ်၌ စာရေးစာချီ၊ ကုန်သည်၊ ပွဲစားမှစ၍ အချို့အရာရှိများကို တွေ့ရသည်ဖြစ်ရာ မိန်းမများအနက်မှ မင်းကတော် မလှစိန်မှတစ်ပါး အခြားမိန်းမ တစ်ယောက်နှစ်ယောက်ကိုသာလျှင် တွေ့မြင်ရဖူးလေသည်။ မလှစိန်အား ခင်ပွန်း ဖြစ်သူနှင့် အတူတွဲဖက်လာရောက်ခြင်းကိုကား တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးချေ။ မင်းကတော်မလှစိန်သည် အသက် ၄၀ အရွယ်ခန့်ရှိ မျက်နှာထားတင်းမာလှသော အဒေါ်ကြီးတစ်ယောက်ကို အစဉ်မပြတ်အဖော်အဖြစ်နှင့် ခေါ်လာတတ်သည်၊ မလှစိန်ကိုယ်တိုင်မှာမူ အသက် ၂၅ နှစ်နှင့် ၃၀ အတွင်းခန့်မျှသာလျှင် ခန့်မှန်းရ လောက်ပေ၏ ။

မင်းကတော်မလှစိန်သည် မိန်းမချောမိန်းမလှတစ်ယောက်ဖြစ်သည်ဟူ၍ ဆိုခဲ့သော် မှန်ကန်သော အဖြစ်အပျက်၏ ဆယ်ပုံတစ်ပုံမျှကိုသာ ဖော်ပြရာရောက် ပေလိမ့်မည်။ လှပသည်၊ အရုပ်ဆိုးသည်၊ ချောမောသည်ဟူ၍ ဖော်ပြရုံနှင့် မလှ လောက်သောမိန်းမများသည် များစွာရှိကြ၏ ။ မင်းကတော် မလှစိန်၏ လှပချော မောမှုကား ယှဉ်မှားဖွယ်ရာမရှိပါပေ။ ကျွန်တော် တွေ့မြင်ဖူးသမျှသော မိန်းမများ



အနက်တွင် အချောဆုံးဟု မဆိုနိုင်စေကာမူ အချောဆုံးအလှဆုံးများအနက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်မှာကား ဧကန်မုချပေတည်း။ သို့ရာတွင် မင်းကတော်မလှစိန်၏ ရုပ်အဆင်းကိုဖော်ပြရာ၌ ချောမောလှပခြင်းတည်းဟူသော အခြင်းအရာမှာ အရေးမကြီးဆုံးသော အခြင်းအရာတစ်ခုမျှသာ ဖြစ်ချေသေး၏ ။ အဘယ့်ကြောင့်ဆိုသော် မလှစိန်၏ ရုပ်အဆင်းသည် ဘီလူးမကဲ့သို့ အရုပ်ဆိုးစေကာမူ မြင်ရသူယောကျ်ားတို့၏ စိတ်ဓာတ်ကိုဆွဲငင်တတ်ခြင်းတည်းဟူသော သတ္တိမှာကား ထူးခြားယုတ်လျော့ခြင်း ရှိမည်မဟုတ်ချေသောကြောင့်ပေတည်း။ မလှစိန်၏ ကိုယ်လုံးကိုယ်ပေါက်နှင့် အနေအထားအချိုးအစားတို့မှာ အံ့တစ်ပါးအပါအဝင် ဖြစ်သည်ဟူ၍ပင် ဆိုလောက်သည်။ ဝတ်ပုံစားပုံမှာမူ အလွန်ပင်ဆန်းသော်လည်း ဆန်းသည့်အတွက်ကြောင့် ကန့်လန့်မကျသည့်ပြင် လှပချောမောသောမျက်နှာနှင့် ပြေပြစ်သိပ်သည်းခြင်းရှိသော ကိုယ်လုံးကိုယ်ပေါက်ကို ဆတက်ပိုတိုး၍ ကြည့်ရှု ကောင်းစေဖို့ ဖြစ်စေခဲ့လေသည်။ မလှစိန် ဝတ်ဆင်လေ့ရှိသော အဝတ်မျိုးအဆင်မျိုး ကို အခြားသောမိန်းမများ ဝတ်ဆင်ခဲ့ပါမူ မိန်းမတစ်ထောင်အနက်တွင် တစ်ယောက်မျှသာလျှင် ကြည့်၍ကောင်းမည်ဖြစ်သော်လည်း မလှစိန်အတွက်မှာမူ ထိုအဆင်မျိုးသည် မလှစိန်အဖို့ သက်သက်ရည်ရွယ်ရက်လုပ်ထားဘိသကဲ့သို့ အလွန်တရာ ပန်ရလှပေ၏ ။

ထို့ပြင် မင်းကတော်မလှစိန်၏ မျက်နှာထားမှာ အစဉ်မပြတ်ကြည်ရွှင်ပြုံး ချိုလှသည်ဖြစ်၍ မျက်နှာချင်းဆိုင်မိသူ၏ စိတ်ကို ကြည်ရွှင်အေးမြခြင်းဖြစ်စေလျက် အသံခပ်အေးအေးနှင့် ခပ်ရွှန်းရွှန်းစကားပြောတတ်ခြင်း သတ္တိကြောင့်လည်း ယောကျ်ားများသာလျှင်မက မိန်းမများကပင်လျှင် ငေး၍ငေး၍ နားထောင်နေကြ သည်ကို တွေ့မြင်ရလေသည်။ မင်းကတော် မလှစိန်သည် ယောကျ်ားများကိုလည်း ကောင်း၊ မိန်းမများကိုလည်းကောင်း မိမိအားအရေးယူဂရုစိုက်အောင် ကြိုးစားဟန် လက္ခဏာမရှိသည့်ပြင် ၎င်းတို့၏အလေးပြုခြင်းကိုပင် အရေးမကြီး၊ ပဓာနမထား ဟန်လက္ခဏာရှိလေရာ ထိုအတွက်ကြောင့်ပင် မလှစိန်တက်လာတိုင်း လူများများ ဝိုင်းကြဟန်တူလေသည်။ မင်းကမတော်မလှစိန်ကို တာရုတ်ကလပ်တွင် ပထမဦးစွာ တွေ့မြင်ရသောအခါ၌ ကျွန်တော်သည် မန္တလေးသား မောင်ဘကြွယ်နှင့်စကားပြော လျက်ရှိ၏ ။

မောင်ဘကြွယ်မှာ 'လူလည်'တစ်ယောက်ဖြစ်သည့်အတိုင်း ထိုကလပ်သို့ ဝင်ထွက်သွားလာကြသော လူများအကြောင်းကို အတော်ပင်စုံလင်စွာသိရှိ၏ ။ ထိုအချိန်၌ ကလပ်သို့ရောက်နေသော လူများသည် လေးကောင်ရှက်ထိုးလျက်ရှိကြ ရာ မင်းကတော်မလှစိန်ဝင်လာသောအခါတွင် ကစားခြင်း၌ မေ့မောလျက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



လူများပင်လျှင် ဦးခေါင်းထောင်ကြည့်ကြရ၏။ မလှစိန်သည် ဖက်ဖူးရောင်ဥဒေါင်းနှစ်ကောင် ကလျက်ရှိသော ဆေးရောင်စုံအရုပ်ရေးထားသည့် ပိုးတွန့်လုံချည်ကိုဝတ်လျက် ၎င်းနှင့်ဆင်တူသွေးတူဖြစ်သော ပိုးတွန့်မာဖလာကို လည်ပင်းရောင်းပတ်၍ ဝင်လာ၏။ သပ်ရပ်ချောမွေ့စွာ ထုံးထားသော တပြောင်ပြောင်တဖျပ်ဖျပ်ရှိနေရာ လက်ယာဘက်လက်၌မူကား တစ်ဖက်တည်းသော စိန်လက်ကောက်ကိုဝတ်၍ လက်ဝဲဘက်မှာမူ စိန်ကြိုးနှင့်ရွှေလက်ပတ်နာရီကို ဆင်ထား၏။ သို့ရာတွင် ကျွန်တော်၏စိတ်၌ မြင်မြင်ချင်း ထိခိုက်ခြင်းဖြစ်သောအခြင်းအရာမှာ စိန်ထည်များထက် ၎င်း၏ကျော့ရှင်းခံ့ညားသော ကိုယ်ဟန်အမူအရာပင် ဖြစ်လေသည်။ ၎င်းအား မမြင်တွေ့ဖူးသေးသောသူများသည် ၎င်းတို့အနီးရှိသူများအား မည်သူမည်ဝါဖြစ်ကြောင်းကို ကျွန်တော်ကဲ့သို့ပင် တီးတိုးမေးမြန်းလျက်ရှိကြ၏။ မလှစိန်၏ကိုယ်ဟန်အမူအရာမှာ ဟန်လုပ်ခြင်းအလျဉ်းမပါဘဲ နဂိုအားဖြင့် မိဖုရားတစ်ဆူခံ့ညားသိုက်မြိုက်လှသည့်အပြင် မည်သူ့အားမျှ ဂရုမစိုက်၊ ပဓာနမထား၊ ပြောလိုရာပြော၊ ထင်လိုရာထင်ကြရော့ဟူသော လွတ်လပ်သည့် အမူအရာမျိုးဖြစ်လေသည်။ မလှစိန်၏မျက်နှာထားကို ကြည့်ခြင်းအားဖြင့် အကဲခတ်ရမည်ဆိုသော် ထိုအခန်းတွင်း၌ မိမိမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်မျှ မရှိသကဲ့သို့လည်းကောင်း၊ ရှိသော်လည်း အသိအမှတ်မပြုဘိသကဲ့သို့လည်းကောင်း ရှိချေ၏။ သို့ရာတွင် ဟန်ကြီးပန်ကြီးအမူအရာမျိုးကား အလျဉ်းမပါရှိချေ။ ဤသို့သော ကိုယ်ဟန်အမူအရာမျိုးနှင့် မျက်နှာထားမျိုးကိုမူကား ကျွန်တော်သည် မည်သည့်မိန်းမမျိုး၌မျှ မတွေ့မြင်ရဖူးချေ။

မလှစိန်သည် အဖော်မိန်းမကြီးနှင့်အတူ လွတ်နေသော နေရာ၌ထိုင်လျက်ရှိစဉ်...

ကျွန်တော်...

"ဗျို့ ကိုဘကြွယ် ဟိုမိန်းမ ဘယ်သူလဲဗျ၊ တယ်စတိုင်ကျပါလား"

ကိုဘကြွယ်(ခပ်ပြုံးပြုံးအနေအထားနှင့် စီးကရက်ကို မီးညှိရင်း)

"မင်းကတော် မလှစိန်တဲ့ဗျ၊ ဘာမင်းကတော်လဲဆိုတာတော့ ဘယ်သူမှ မပြောနိုင်ဘူး ။ တချို့ကလည်း ဆွေတော်မျိုးတော်ထဲကဆိုသလိုလို၊ တချို့ကလည်း ဝန်ထောက်ကတော်ကျဆိုသလိုလို ပြောကြတယ်။ သူ့အနားက ထိုင်တဲ့ငနဲကလေး မြင်ရဲ့လား။ သံတော်ဆင့်တစ်ယောက်ရဲ့သားပေါ့ဗျာ။ ကစားလည်းမတတ်ရှာဘဲနဲ့။ ဒီမိန်းမနဲ့ နီးနီးကပ်ကပ်ထိုင်ရရင် တော်စေတော့ဆိုတဲ့ သဘောမျိုးနဲ့ ညတိုင်းလာလာကစားလိုက်တာ အမွေကလေးသုံးလေးသောင်းဟာ ပြုတ်လှပြီကော၊ သူ့လောက်ဟာတော့ ဟိုက ဘာဂရုစိုက်မလဲဗျာ၊ မနှစ်တုန်းက လယ်ဝန်



ကလေးတစ်ယောက်ဟာ ကြိုက်ရှာလွန်းလို့ ရှူးတော့မလောက်ပဲ၊ မယ်မင်းကြီးကော ကြိုက်တော့မလိုလိုနဲ့ လိမ့်ပြီးနောက်ဆုံးတော့ ရှက်တာနဲ့ သူ့ကိုယ်သူစိရင်လိုက်ရှာပြီကော"

"ဒီလောက်တောင်မကသေးဘူးဗျ၊ အပုံကြီးရှိသေးတယ်။ သူက နံပါတ် ၁ လား၊ ၄ လားမဆိုနိုင်ဘူး။ မယ်မင်းကြီးမ သတ္တိက ပထမတော့ ကြိုက်တော့လိုလို မြူပြီး တော်တော်ကြာတော့ ဒီလူဖြုတ်ပြီး ဟိုလူနဲ့ဖြစ်ပြန်ရောဗျ၊ ကျွန်တော့်ချက်စိအောက်တင် ဘယ်နှစ်ယောက်ရှိနေပြီလဲဗျ။ ရည်းစားကို ရေလဲနဲ့သုံးနေတဲ့မိန်းမပေါ့၊ ထူးပေတယ်ဗျာ။ တော်တော်ထူးတဲ့ မိန်းမပဲ"

သိချင်စိတ်ကုန်သော်လည်း မေးလက်စရှိသည်နှင့်...

"ခင်ဗျား ဒီမိန်းမနဲ့သိလား"

"သိပါသော်ကောဗျာ၊ တစ်ခါနှစ်ခါ စကားပြောဖူးပါရဲ့။ ဒီမိန်းမနဲ့ အသိအကျွမ်းဖွဲ့ပေးဖို့ ဘယ်နည်းနဲ့မှ စိတ်မကူးဘူး။ ခင်ဗျားတို့လို၊ ကျွန်တော်တို့လို ငါးရှင့်တွေတော့ ကိစ္စမရှိဘူးဗျာ၊ ခပ်နုံနုံသူငယ်တွေဆိုရင်တော့ တစ်ခါလောက် စကားပြောမိရင် ဘိန်းစွဲသလောက် မကဘူး။ တကယ်စွဲလောက်တဲ့ ငနဲမဗျာ"

ထိုမိန်းမကိုယ်တိုင် ထလာသည်ကို မြင်သည်နှင့်...

"တိုးတိုးဆရာကြီး ဟိုမှာ ကျုပ်တို့ဆီလာနေတယ်"

ထိုခဏ၌ မလှစိန်သည် လေးကောင်ဂျင်ဝိုင်းမှ ထလာ၍ အဖော်မိန်းမကြီးနှင့်အတူ ကျွန်တော်တို့အနီးသို့လျှောက်လာသည်တွင် မောင်ဘကြွယ်ကို မြင်သည်နှင့် ခပ်ရွှန်းရွှန်းမျက်နှာနှင့် ဦးခေါင်းကိုငဲ့လျက်...

"ကိုဘကြွယ်လား ဒီကနေ့ ဟန်မရဘူးရှင်၊ ထိုင်ကတည်းက တစ်ခါမှ ပေါက်ဘူး။ ရှုံးလွန်းလို့ထင်ပါရဲ့ အာခြောက်လိုက်တာ၊ လင်မနစ်တစ်ခွက်လောက်မှာပေးပါ ကိုဘကြွယ်၊ ဒေါ်သိုက်ကော သောက်ဦးမလား"

မောင်ဘကြွယ်သည် လင်မနစ်မှာပြီးနောက် ကျွန်တော့်အား မင်းကတော်မလှစိန်နှင့် အသိအကျွမ်းဖွဲ့ပေး၏။ မိန်းမနှစ်ယောက်တို့သည် ကျွန်တော်တို့ထိုင်သောစားပွဲတွင် ထိုင်၍လင်မနစ်သောက်ရင်း၊ ကျွန်တော်တို့နှင့် စကားပြောလျက်ရှိစဉ် ကျွန်တော့်မှာ မလှစိန်၏တည်ကြည်သော ဣန္ဒြေကိုသာ တွေ့ရသဖြင့် မောင်ဘကြွယ်သည် ပိုမိုချဲ့ထွင်၍ပြောခြင်းဖြစ်လေသလောဟူ၍ပင် တွေးတောမိ၏။

"အလို ဦးလည်း ဒီနေရာမျိုးများ ရောက်သကိုး"

ဟု ကျွန်တော်မှတ်မိသော အသံဖြင့် နောက်မှပြောလိုက်သည်နှင့် လှည့်၍ကြည့်လိုက်ရာတွင် မောင်သန်းတင်သည် လှေကားမှ တက်လာသည်ကို တွေ့မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သန်းတင် လာဟေ့၊ မင်းတစ်ယောက်တော့ တောင်ကြီးတို့ ကလောတို့ လျှောက်လည်နေတယ်လို့ထင်မိတယ်။ ဘယ့်နှယ်ဒီရောက်လာသလဲ"

"ဒီကနေ့ပဲ ကျွန်တော်ပြန်ဆင်းလာတယ်။ ပျော်လိုက်တာဦးရယ်"

မောင်သန်းတင်သည် ကျွန်တော်နှင့် စကားပြောလျက်ရှိစဉ် မောင်ဘကြွယ်နှင့် စကားပြောနေသော မလှစိန်ကိုသာ စိုက်၍ကြည့်နေ၏။

"ဦးနဲ့သိတယ်မဟုတ်လား၊ ကျွန်တော်နဲ့ အကျွမ်းဖွဲ့ပေးစမ်းပါဦးရယ်"

ကျွန်တော်သည် မောင်ဘကြွယ်ပြောထားသော စကားအတွက်ကြောင့် ထိုသူငယ်၏ဘေးအန္တရာယ်ကို မျှော်တွေးမိသော်လည်း မလှစိန်သည် ထိုခဏ၌ ကျွန်တော့်အား လှမ်း၍စကားပြောလိုက်သည်နှင့် မောင်သန်းတင်၏တောင်းခံချက်ကို ငြင်းပယ်ရန် မတတ်နိုင် ဖြစ်နေလေ၏။ မလှစိန်သည် ကျွန်တော်က အသိအကျွမ်းဖွဲ့ပေးသော မောင်သန်းတင်အား ပြုံးရွှင်သောမျက်နှာထားနှင့် ကြည့်ပြီးနောက်၊ ၎င်း၏အနီးရှိ အားလပ်သောကုလားထိုင်တစ်လုံးတွင် ထိုင်စေရာ မောင်သန်းတင်လည်း သွက်လက်စွာပြော၍ ဝင်ထိုင်လေ၏။

မောင်သန်းတင်မှာ အသက် ၂၀ ခန့်အရွယ်ရှိ၍ မြန်မာရုပ်ပီပီသသနှင့် ကြည့်ရှု၍မငြီးနိုင်လောက်သော ရုပ်အဆင်းရှိသည့် သူငယ်တစ်ယောက်ဖြစ်သည်။ ထိုညဥ့်၌ကား ရှမ်းပြည်နယ်တောင်ပိုင်းတောတောင်ပေါ်မှ လေညင်းလေသန့်ကို ရှူရှိုက်၍ ပြန်ခါစဖြစ်သဖြင့် နှမ်းမြူးချင်မတတ်ရှိအောင် ကျန်းမာခြင်းလည်းရှိသည် ဖြစ်သောကြောင့် 'တို့မြန်မာလူမျိုးတစ်ယောက် ကြည့်ကြစမ်းပါ'ဟူ၍ လက်ညှိုး ထိုးပြရလျှင် ဂုဏ်ကျက်သရေရှိသည်ဟု မြန်မာတိုင်းက ထင်ရလောက်ပေသော သူငယ်တစ်ယောက်ဖြစ်ပေသည်။ မောင်သန်းတင်၏ဖခင် စက်ပိုင်ရှင်ဦးတိုးအောင်မှာ ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်၍ မောင်သန်းတင်သည် ငယ်ငယ်ကတည်းက ကျွန်တော်၏လက်ပေါ်၌ကြီးလာသည်ဟူ၍ ဆိုရလောက်သည်။ မောင်သန်းတင်မှာ လွန်ခဲ့သော ၆ လခန့်က ဝန်ထောက်တစ်ယောက်၏ သမီးနှင့် လက်ထပ်ခဲ့ရာ ကျွန်တော့်မှာမူ ထိုစဉ်အခါက အဝေးသို့သွားနေခိုက်ဖြစ်သဖြင့် လက်ထပ်ပွဲသို့ မရောက်နိုင်သည်ဖြစ်သောကြောင့် မောင်သန်းတင်၏ ဇနီးကို မမြင်ရဖူးချေ။ သူငယ်ချင်း ဦးတိုးအောင်ထံမှ ကြားရသောသတင်းအရမူ မောင်သန်းတင်၏ဇနီးမှာ ချစ်ခင်ဖွယ်ရာသော မိန်းကလေးတယောက် ဖြစ်ဟန်တူချေသည်။

မောင်သန်းတင်သည် မင်းဧကတော် မလှစိန်၏ မေးမြန်းချက်အရ တောင်ကြီးမြို့၊ ကလောမြို့များအကြောင်းကိုနှုတ်လျှာသွက်သွက်နှင့် အားရပါးရပြောပြလျက်ရှိစဉ် ချစ်ခင်ဖွယ်ကောင်းသော မိမိ၏ဇနီးကို အလျဉ်းသတိရဟန်လက္ခဏာမရှိချေ။ မလှစိန်သည် ပြောရသူ အားရှိအောင် စိတ်ပါသော အမူအရာနှင့်



၁၀ မိနစ်မျှ နားထောင်နေပြီးနောက် ပြုံးရွှင်စွာသော မျက်နှာထားနှင့်မောင်သန်းတင်အားကြည့်လျက်–

"နက်ဖြန်များ တွေ့ကြသေးလို့ရှိရင် တစ်ခါဆက်ပြီး နားထောင်ကြသေးတာပေါ့" ဟု ပြော၍ ထသွားလေရာ၊ ထိုမိန်းမ၏ မျက်နှာမှာ "တစ်ယောက်တော့ ငြိမ့်မိပြန်" ဟူလိုသော အဓိပ္ပာယ်ရှိသည်ဟူ၍ ကျွန်တော်စိတ်၌ တွေးထင်မိ၏။ မလှစိန် ထသွားပြီးနောက်...

မောင်သန်းတင်...

"တယ်ပြီး စတိုင်ကျတဲ့ မိန်းမပါလားဦးရယ်၊ ဘယ်သူတဲ့လဲခင်ဗျာ"

ဦးဘကြွယ်(မျက်နှာထားတည်တည်နှင့်)...

"ရည်းစားကိုရေလဲနဲ့ သုံးတဲ့မိန်းမတစ်ယောက်ပေါ့ဗျာ။ သတိထားနော် ကိုသန်းတင် ရန်ကုန်ရုပ်တာလည်း တစ်မျိုးပေါ့။ ကျုပ်တို့မန္တလေးက ဖွတာလည်း တစ်မျိုးပဲဗျ"

မောင်သန်းတင်သည် တွေ့ခါစ လူတစ်ယောက်က ထိုသို့ သတိပေးခြင်းကို မခံချင်ဟန်နှင့် မျက်နှာပျက်လျက် ရှိသည်နှင့် ကျွန်တော်ကဝင်၍–

"မောင်သန်းတင် မိန်းမကော ဘယ်မှာထားခဲ့သလဲ။ အမေကြီးများနဲ့ပဲလား။ မင်္ဂလာဆောင်တုန်းက ဦးမလာနိုင်တဲ့အတွက် စိတ်တောင်မကောင်းဘူး မောင်ရယ်"

"ကလောက လှည့်ပြီးပြန်သွားတယ်ဦးရဲ့။ သူ့အစ်မတစ်ယောက် လက်ထပ်မလို့ဆိုလား ဘာလားခင်ဗျာ။ ကျွန်တော်တော့ မန္တလေးမရောက်တာကြာတာနဲ့ လှည့်ဝင်လာခဲ့ရတယ်..."

"မောင် ဘယ်တော့လောက် ပြန်မလဲ"

"တစ်ရက်နှစ်ရက်ပေါ့ခင်ဗျာ အသေအချာတော့ မပြောနိုင်သေးပါဘူး။ ထိုင်း မန္တလေးရောက်တဲ့အခါ နဲ့အောင်လည်လိုက်ဦးမယ်၊ ဦးရေ သွားလိုက်ပါဦးမယ်"

မောင်သန်းတင် ဆင်းသွားသည့်နောက် ကျွန်တော်နှင့် မောင်ဘကြွယ်တို့သည် လေးကောင်ဂျင်ထိုးသူများကို ငေးကြည့်ရင်း စကားမပြောဘဲ ဆိတ်ဆိတ်ထိုင်နေကြပေရာ ပြန်ခါနီးတိုင် ရောက်သည်တွင်မှ...

"ခုနင်ကသူငယ်ဟာ ဦးနဲ့အကျွမ်းဝင်တဲ့ လူထဲကဖြစ်ရင် မနက်ဖြန်ဆောကြီးရထားနဲ့ သူ့မြို့သူပြန်ပါစေဦးရယ်။ သူ့အတွက် ဘေးအန္တရာယ်ကျွန်တော်မြင်ပါတယ်။ မလှစိန်အကဲ ကြည့်ရပုံကတော့ ဒီစခန်းကို ဒီဘင်သို့မျှော်လင့်ထားမျိုးဘူး ထင်တယ်ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်မယ်မထင်ပါဘူး မောင်ဘကြွယ်၊ သူ့မှာ မင်္ဂလာဆောင်ပြီးတာ ဘာကြာသေးလို့လဲ"

ကျွန်တော်သည် ထိုကဲ့သို့မစိုးရိမ်ခြင်းဟန်နှင့် ပြန်ပြောမိသော်လည်း စိတ်ထဲ၌မူ မောင်သန်းတင်အတွက် အတော်ပင်ပူပန်မိခဲ့ချေပြီ။ မောင်သန်းတင်သည် မလှစိန်အပေါ်၌ အတော်ပင်စွဲငြိသွားကြောင်း ထင်ရှားသည့်အပြင်၊ ရှောင်ကွင်းရန်ကိုလည်း စိတ်ကူးထည့်ဟန်မရှိချေ။ နောက်နှစ်ညသုံးညအတွင်း၌ ကျွန်တော်သည် မောင်သန်းတင်အတွက် စိတ်မအေးသည်ဖြစ်သောကြောင့် ထိုကလပ်သို့ ညတိုင်းသွားရောက်စောင့်ကြည့်ခဲ့ရာ မောင်သန်းတင်နှင့် မလှစိန်တို့သည် မှန်မှန်ကြီးလာရောက်ကြ၍ မောင်သန်းတင်ခမျာကလေးမှာ သနားဖွယ်ရာကောင်းသည့်တိုင်အောင် စွဲငြိလျက်ရှိသည့်အဖြစ်ကို တွေ့မြင်ရလေ၏။ မောင်သန်းတင်သည် မလှစိန်နှင့်အတူ ထိုင်၍ကစားခြင်း၊ အတူထိုင်၍ လင်မနစ်သောက်ခြင်း၊ အတူထိုင်၍ စကားပြောခြင်းစသည်တို့ကို ညစဉ်နှင့်အမျှ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ သူငယ်ချင်း၏သားတစ်ယောက်ဖြစ်သည့်အတိုင်း သူငယ်အား သတိပေးစကားပြောကြားအံ့ဟု အောက်မေ့မိ၏။ ကျွန်တော်သည် ထိုသို့သောအမှုမျိုးကို ဆောင်ရွက်ရခြင်း၏ မသာယာဖွယ်သောအဖြစ်ကို သိရှိသော်လည်း မလွှဲမရှောင်သာသော ဝတ္တရားအနေမျိုးဖြင့် ဆောင်ရွက်မည် ကြံစည်မိ၏။

စတုတ္ထညနေ၌ မောင်သန်းတင်သည် ကလပ်သို့ရောက်နှင့်၍ မလှစိန်အား စောင့်ဆိုင်းမျှော်လင့်နေသည့် လက္ခဏာနှင့် တစ်ခုသောချောင်၌ ထိုင်လျက်ရှိရာ ထိုသို့သောအချိန်မှာ ကျွန်တော်ပြောလိုသော အချိန်အခါမဟုတ်သော်လည်း အခန့်သင့်တွေ့ရသောအခွင့်အရေးကို လက်မလွှတ်တော့ပြီဟု ကျွန်တော်ဆုံးဖြတ်မိ၏။ သို့ဖြစ်၍ ကျွန်တော်သည် မောင်သန်းတင်၏ ဖိတ်ကြားခြင်းမရှိဘဲလျက်နှင့် အနီးသို့ ကုလားထိုင်သို့ဝင်ထိုင်၍...

"ဘယ့်နှယ်လဲ မောင်သန်းတင်၊ မန္တလေးမှာ ဘယ်လောက်ကြာကြာနေဦးမယ် ကြံစည်သလဲ"

"မပြောတတ်သေးပါဘူး ဦးရယ်၊ ဘယ်လိုမှ မဆုံးဖြတ်သေးပါဘူး"

"မဆုံးဖြတ်ရသေးရင် ဆုံးဖြတ်ဖို့ အချိန်တော်လောက်ပြီထင်တယ် မောင်သန်းတင်။ မောင့်မှာလက်ထပ်ပြီးတာလည်း ဘာမှမကြာသေးဘူး။ အိမ်ကမိန်းကလေးက ဘယ်လောက်မျှော်နေရှာမလဲ။ သူ့ခမျာမှာတော့ လည်ပင်းတစ်တောင်ပြည့်လို့ မောင်ကတော့ ဒီမှာ မင်းကတော်ကျတစ်ယောက်နဲ့ပျော်လို့ မတော်ပါဘူး မောင်ရယ် ဒီမိန်းမက အလကားမိန်းမစားမျိုးပါ"



ထိုအခါ မောင်သန်းတင်သည် ဘယ်အခြေအနေသို့ရောက်၍ စွဲငြိလျက်ရှိကြောင်း ကျွန်တော်သိရှိရ၏။ ကျွန်တော်၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် မောင်သန်းတင်သည် ထိုင်ရာမှငေါက်ခနဲထ၍ ကျွန်တော်၏မျက်နှာကို စေ့စေ့ကြည့်လျက်

"ဦးဟာ ကျွန်တော့်ထက် အသက်ကြီးတာကတစ်ကြောင်း၊ ဖေဖေ့သူငယ်ချင်းဖြစ်တာကတစ်ကြောင်း ဒီနှစ်ကြောင်းကို ထောက်လို့သာဦးရယ်၊ နို့မို့များဖြင့် မျက်နှာကို ကျွန်တော် လက်သီးနှင့် ကော်သတ်မိသေးတယ်။ အခုတော့ လူကြီးဖြစ်တဲ့အတွက် ဘယ်လိုမှတော့ မလုပ်တော့ပါဘူး။ အတူတူထမင်းစားပြီး ကြီးလာတဲ့ လူချင်းပါလို့သာ ကျွန်တော်ပြောလိုပါတော့တယ်"

ဟုပြော၍ ဒေါပွသောအမူအရာနှင့် လက်သီးများကို ဆုပ်ပြီးလျှင်

"မလှစိန်ကိုများ ဒီလိုမထီလေးစားပြောဝံ့တာ အံ့သြလှတယ်ဗျာ"

ဟုပြောလျက် လက်သီးနှင့်စားပွဲကိုထုလေ၏။

ကျွန်တော်သည် ဆက်လက်၍ပြောသော်လည်း အကျိုးမရှိမည့်အဖြစ်ကို မြင်သည်နှင့် တစ်စုံတစ်ရာမျှမပြောတော့ဘဲ မောင်ဘကြွယ်ရောက်လာသောအခါမှ အဖြစ်အပျက်ကို ပြောပြလေ၏။

"သွားနေကျလမ်းအတိုင်း လမ်းဆုံးအောင်သွားပြီးမှ ကိစ္စငြိမ်းမှာပါပဲဦးရယ်၊ မလှစိန်ကို တောင်းပန်ရင်လည်း ဦးကိုအရှုံးတောင် လုပ်လွှတ်လိုက်ဦးမယ်။ ဒါတော့ ဦးလည်း စပ်ကြားက လူမုန်းမခံပါနဲ့တော့ဗျာ။ ငနဲကလေးကို အဆီအပြားကုန်အောင်စုပ်ပြီး ကြံခွံကိုလွှင့်ပစ်သလို တော်တော်ကြာတော့ စွန့်ပစ်လိုက်မှာပါခင်ဗျာ။ ဒီ့ထက်တော့ နက်နက်နဲနဲဖြစ်နိုင်ဖို့ မရှိပါဘူး"

"မျက်စိအောက်မှာ မြင်ရပြန်တော့ ဒီလိုအတိုင်းတော့ ကျုပ် ပစ်မထားနိုင်ဘူး မောင်ဘကြွယ်။ သူ့အဖကြီးဆီကို စာရေးပြီးတိုင်လိုက်ဦးမှပဲ။ တော်တော်ကြာတော့ သူ့ကိုမပြောရကောင်းလားလို့ အပြစ်တင်နေဦးမယ်"

ထိုည၌ပင် ကျွန်တော်သည် စာတစ်စောင်ရေး၍ သူငယ်ချင်းဦးတိုးအောင်ထံ သည့်လိုက်ရာ လေးရက်ခန့်ကြာသောအခါတွင် ဦးတိုးအောင်သည် မန္တလေးသို့ ဆိုက်ရောက်လာလေ၏။ ဦးတိုးအောင်သည် ကျွန်တော်တို့တည်းခိုနေသောအိမ်သို့ တည့်တည့်မတ်မတ် ရောက်လာသဖြင့် ကျွန်တော်က သိရှိသမျှ အဖြစ်အပျက်ကို စုံလင်စွာပြောပြလေ၏။

"တော်တော်တော့ ခွကျတဲ့ကိစ္စပဲ သူငယ်ချင်းရေ။ ကိုယ်တို့လူကတော့ဖြင့် နေမထိထိုင်မထိဖြစ်ပြီး မမြင်ရမနေနိုင်တဲ့အဖြစ်တောင် ရောက်နေပြီ။ ကျုပ်သည်း သတိပေးပါတယ်ဗျာ။ ခင်ဗျားသားက အနုတလောဖြင့် ကျုပ်ကိုတောင်နှုတ်မဆက်တော့ပါဘူး။ ကျုပ်က ဒီမိန်းမအကြောင်းကို ကျုပ်ကြားရဖူးသလောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြတာကို သူကမခံနိုင်ဘူးဗျာ။ အမှန်ပြောရမှာဖြင့် သူငယ်ကလေးကို အပြစ်ဆိုစရာဒီလောက်မရှိပါပေဘူးသူငယ်ချင်းရေ။ မိန်းကလေးကိုက ယောကျ်ားမြင်ရင်မစွဲဘဲ၊ မငြိဘဲမနေနိုင်လောက်တဲ့ မိန်းမမျိုးပါပေသူငယ်ချင်းရယ်"

"ဒီအကောင်ကလေး တည်းတဲ့အိမ်ကို ကျုပ်လိုက်သွားပြီး ဆုံးမဦးမှပဲ သူငယ်ချင်း။ တစ်နည်းနည်းနဲ့ ချော့မော့ပြီး အိမ်ကိုမပါပါအောင် ခေါ်သွားမှတော်မယ်။ မစန်းကြည်ကလေးကတောင် သူ့ကိုမသက်သာတော့ဘူးဗျ၊ မသက်သာဆို ခွေးသားက မန္တလေးရောက်ကတည်းက စာတစ်စောင်မှမထည့်ဘူးဗျ။ ကျုပ်နဲ့တောင် အတူတူလိုက်ခဲ့ပါရစေပြောနေလို့ မနည်းချော့ပြီးထားခဲ့ရတယ်။ တယ်ခက်တဲ့ကောင်လေးဗျာ"

ဟုပြော၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

နှစ်နာရီခန့်ကြာသောအခါတွင် ဦးတိုးအောင်သည် ကျွန်တော်၏တည်းခိုအိမ်သို့ တစ်ခေါက်ရောက်လာပြန်ရာ ထိုသူ၏မျက်နှာမှာ ထိုနှစ်နာရီအတွင်း ဆယ်နှစ်မျှ ကြီးရင့်အိုမင်းသွားဘိသကဲ့သို့ ဖြစ်သွားခဲ့လေပြီ။

"မရတော့ဘူးသူငယ်ချင်းရေ။ ဘယ်နည်းနဲ့မှ ပြောလို့မရတော့ဘူး။ မစန်းကြည်ကို ယူမိတာဟာ သူမှားတယ်တဲ့ဗျ။ ဒီတော့ တစ်လျှောက်ကြီးအမှားမခံဘဲ ဒီစခန်းကို ဒီတင်သိမ်းတော့မယ်တဲ့ဗျာ။ ဟိုမိန်းမကလွဲပြီး ဘယ်သူမှမစုံမက်နိုင်၊ မပေါင်းဖက်နိုင်ဘူးတဲ့ဗျာ။ အခုသူတွေ့တဲ့မိန်းမဟာ ဘယ်လိုတော်ကြောင်း၊ ဘယ်လိုသိပ်သည်းကြောင်း၊ သူ့အပေါ်မှာ ဘယ်လိုမေတ္တာထားကြောင်းတွေပေါ့လေဗျာ၊ ပြောလိုက်တာ ကျုပ်ဖြင့် နှလုံးနာလွန်းလို့ နားလည်း မထောင်တော့ပါဘူးသူငယ်ချင်း"

ဦးတိုးအောင်သည် လက်ဝါးနှစ်ဖက်ပေါ်တွင်မေးတင်၍ တွေဝေငေးစိုက်လျက်ရှိသည်။ ကျွန်တော့်မှာမူ မည်သို့မျှပြောရန်စကားမရှိသည်နှင့် ကိုယ်ချင်းစာသောစိတ်ဖြင့် ငေးစိုက်ကြည့်နေရာ...

"ဒုက္ခပါပဲသူငယ်ချင်း၊ တော်တော်ကြာတော့ ကျုပ်အကောင် ဒုက္ခတွေ့မယ်ဗျ။ ဟိုက သူ့ကို တစ်သက်လုံးပေါင်းမှာမဟုတ်ဘူး။ အဆီအပြားခန်းပြီးရင် စွန့်ပစ်လိုက်မှာဗျ။ ပြီးတော့ ကျုပ်အကောင်က သူများနဲ့တူတာမဟုတ်ဘူး၊ စိတ်ညစ်စရာရှိရင် သိပ်ပြီးစိတ်ညစ်တဲ့အကောင်ဗျ။ ခက်မယ် သင်းတော့ ခက်ဦးမယ်"

"ခင်ဗျားလူက အိမ်ကမယားကို ကွာပြီး ဒီဟာကြီးကို ယူတော့မယ်လို့တဲ့လား"



"သူ့စိတ်ကူးပလေဗျာ။ ဟိုကတော့ ဘယ်လိုစိတ်ကူးမယ် မပြောတတ်ဘူး။ ကျုပ်တော့ သူ့လိုအကောင်လို အတည်တကျယူမယ်မထင်ပါဘူးဗျာ"

ကျွန်တော့်မှာလည်း ထိုနည်းအတူပင် အကဲခတ်မိလေ၏။ သို့ရာတွင် ထုတ်ဖော်၍မူကား မပြောချေ။

နောက်တစ်နေ့၌ မောင်သန်းတင်သည် မင်းကတော်မလှစိန်နှင့် ထွက်ပြေးပြီဟူသော သတင်းကို ကျွန်တော်တို့ကြားကြရ၏။ ဦးတိုးအောင်မှာ အိမ်၌ကျန်ရစ်သော ချွေးမကလေးမစန်းကြည်အတွက် စိတ်မချမ်းသာသည်နှင့် ၎င်းတို့ရှိရာအရပ်သို့ ချက်ချင်းလိုက်သွားလို၏။ ကြားရသောသတင်းများမှာ မောင်သန်းတင်တို့သည် ပြင်ဦးလွင်သို့ထွက်ပြေးကြဟန်တူ၏။ လိုက်လိုသောအကြောင်းနှင့်ပတ်သက်၍ သတင်းပို့လာသူ မောင်ဘကြွယ်နှင့်တိုင်ပင်ရာတွင်...

"မလိုက်လေနဲ့ဦးရယ်၊ လူကြီးတန်မဲ့နဲ့ အလကားဒုက္ခများနေတော့မှာပေါ့။ စိတ်သာချပါဦးရယ်။ တော်တော်ကြာ ဦးသားကို ဒီအရင်ကလူတွေလို စွန့်ပစ်လိုက်ပြီး ဦးသားမှာ တစ်လကိုးသီတင်းမျိုးဆိုသလို စိတ်အနာကြီးနာပြီးတော့ အိမ်ပြန်ရောက်လာမှာပါဦးရယ်။ ဒီတော့မှ ဆီးပြီးသူ့စိတ်ကို ဆေးကုကြဖို့သာပြင်ထားကြပါ"

မောင်ဘကြွယ်၏စကားမှာ လူငယ်၏စကားပင်ဖြစ်သော်လည်း နည်းသမ်းကျသည်ဟု မှတ်ယူသည်နှင့် ဦးတိုးအောင်သည် ပြင်ဦးလွင်သို့မလိုက်ဘဲ ရှိနေခဲ့၏။ ဦးတိုးအောင်သည် ချွေးမ မစန်းကြည်ထံသို့ စာရေးထည့်လိုက်သည်ကို ကျွန်တော် မသိလိုက်ချေ။ မစန်းကြည်သည် လင်ယောကျ်ား မောင်သန်းတင်အပေါ်၌ ယခင်ကပင် သက်သာမကောင်းရှိနေခဲ့ပါမူ ယခုအချိန်၌မူကား ရိပ်မိလောက်ချေပြီ။ တစ်နေ့သ၌ ကျွန်တော်သည် အောက်ပါသတင်းကို သူရိယသတင်းစာတွင် တွေ့မြင်လိုက်ရသဖြင့် ထိုင်ရာမှငေါက်ခနဲထမိ၏။

*ဂုတ်ထိပ်တံတားပေါ်မှ ကျ၍သေဆုံးခြင်း*

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် ဂုတ်ထိပ်တံတားကြီးအနီးရှိ ဘန်ဂလိုကလေးတွင် ခရီးသည်များအဖြစ်နှင့် တည်းခိုလျက်ရှိကြကြောင်း၊ လွန်ခဲ့သောတနင်္လာနေ့ညနေက ခရီးသည်ယောကျ်ားနှင့် မိန်းမသည် ဂုတ်ထိပ်တံတားကြီး၏ နံဘေး၌ ခြေကျင်ခရီးသည်များ လမ်းလျှောက်ရန်အတွက် သီးသန့်ကာရံထားသော လမ်းကလေးတစ်လျှောက် လျှောက်လာခဲ့ရာ ယောကျ်ားခရီးသည်သည် နံဘေး၌ကာရံထားသော လက်ရန်းကို ... အောက်သို့ငုံ့ကြည့်ရာတွင် မူးဝေသဖြင့် ကျသွားဟန်တူကြောင်း ... တံတားကြီးသည် ပေပေါင်း ၃၀၀ ကျော်မျှ မြင့်သည် ... တံတား...

www.burmeseclassic.com

www.burmeseclassic.com



*ကျသွားသူသည် တံတား၏တိုင်တစ်ချောင်းနှင့် ရိုက်မိပြီးနောက် လွင့်စင်ကျသွားရာတွင် အောက်၌ရှိသော ကျောက်ဆောင်များပေါ်သို့ စိစိညက်ညက်ကျေလွင့်ကြောင်း၊ သေဆုံးသူမှာ ညောင်လေးပင်မြို့သား မောင်သန်းတင်ဆိုသူဖြစ်ကြောင်းနှင့် စုံစမ်းသိရှိရကြောင်း။*

အထက်ပါသတင်းကို တွေ့ရှိရသောအခါ၌ ဦးတိုးအောင်မှာ ညောင်လေးပင်သို့မပြန်သေးဘဲ မန္တလေးမြို့၌ပင် ရှိသေးသည်ဖြစ်ရာ ကျွန်တော်နှင့် မောင်ဘကြွယ်တို့က အဆိုပါအဖြစ်အပျက်ကို ပြောပြရာတွင် ရူးမတတ်ပင်ဖြစ်သွားရှာ၏။ ဦးတိုးအောင်၏ စိတ်၌ကား၊ မိမိ၏သားမောင်သန်းတင်သည် စိတ်မြန်သော သူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း မလှစိန်က ခွဲကြရန်အချိန်ကျပြီဟုပြောရာတွင် 'ဘကြီးလည်းမမီ၊ ထီးတင်ပွဲလည်းမတွေ့' ဟူသော စကားပုံအရ အရှက်ကြီးရှက်သည်ဖြစ်၍ မိမိကိုယ်ကို အဆုံးစီရင်လိုက်ခြင်းဖြစ်မည်ဟူ၍ တွေးထင်လျက်ရှိ၏။ ကျွန်တော်နှင့်မောင်ဘကြွယ်တို့ကလည်း ထိုနည်းအတူပင် တွေးတောမိကြသည်မှန်သော်လည်း ဦးတိုးအောင်အားမူ မတော်တဆဖြစ်ဟန်တူကြောင်းနှင့် ပြောဆိုကြရ၏။

ဦးတိုးအောင်မှာ သားသေဆုံးသည့်အတွက်ကြောင့် ဒေါသမီး လောင်ကျွမ်းသည်နှင့် မင်းကတော်မလှစိန်ကိုတွေ့ခဲ့လျှင် ဆံထုံးဆွဲပါးကိုချမည်ဟု ကြုံးဝါးလျက်ရှိ၏။ ကျွန်တော်ကမူ ထိုသို့ပြုလုပ်ခြင်းဖြင့် အရှက်ပိုကွဲရန်သာ ရှိကြောင့် တောင်းပန်တားဆီးကြရလေ၏။ သို့ပါလျက်နှင့် ဦးတိုးအောင်သည် ထိုရက်အတောအတွင်း မလှစိန်နှင့်မတော်တဆ တွေ့ဆုံခဲ့ပါမူ ဒေါသအလျောက် ပြုမိပြုရာ လုပ်ဦးမည့်လက္ခဏာရှိချေ၏။

ကျွန်တော်နှင့် ဦးတိုးအောင်တို့သည် မောင်သန်းတင်၏ အလောင်းကို ယူရန်ကိစ္စအတွက် ပြင်ဦးလွင်ဆေးရုံသို့ လိုက်သွားကြသောအခါ မလှစိန်ကိုမူ မတွေ့ရတော့ချေ။ ဦးတိုးအောင်သည် ကျွန်တော်၏ အကြံပေးချက်အရ အလောင်းကို ပြင်ဦးလွင်၌ပင် သင်္ဂြိုဟ်ခဲ့ကြ၏။ ညောင်လေးပင်ရှိ လူများအားမူ သတင်းအားဖြင့်သာ သိစေတော့ဟု သဘောထား၍ အထူးတလည် အကြောင်းကြား မပြုတော့ချေ။ ကျွန်တော်နှင့်ဦးတိုးအောင်တို့သည် ဆေးရုံကြီးမှ အမှုထမ်းတစ်ယောက်ကိုခေါ်၍ ဂုတ်ထိပ်တံတားသို့ သွားကြပြီးလျှင် အလောင်းကိုတွေ့ရသော နေရာနှင့် တံတားပေါ်မှ ချော်၍ကျသောနေရာများကို ပြသစေ၏။ ကျွန်တော်သည် မှုးဝေ၍ အားလွန်ကျသွားသည်ဆိုသော နေရာကို သေချာစွာကြည့်ရှုရာ မတော်တဆဖြစ်ရသည်ဟူသော အချက်ကို မကျေနပ်နိုင်ချေ။ ဦးတိုးအောင် ထင်သည့်အတိုင်း စိတ်မြန်သည့်အရှက်ကြီးရှက်လှသော သူငယ်တစ်ယောက်



ဖြစ်သည်နှင့် ပြုမိပြုရာ မျက်စိမှိတ်၍ ခုန်ချလိုက်ခြင်းဖြစ်သည် ဟူ၍သာလျှင် တွေးတောမိ၏။

ဦးတိုးအောင်မှာမူ မောင်သန်းတင်လိမ့်ကျသောနေရာ၌ရပ်လျက် ဦးခေါင်းယမ်းကာ အတန်ကြာအောင် ငေးကြည့်နေပြီးနောက် ကျွန်တော့်ဘက်သို့ ရုတ်တရက်လှည့်၍…

"ကြည့်ပါ သူငယ်ချင်းရယ်၊ တစ်နေ့တော့ ကျုပ်သား ဒုက္ခတွေ့သလို ဒီကောင်မ ဒုက္ခတွေ့ရပါလိမ့်မယ်။ နားသာထောင်ပါ"

ဟုပြောလေ၏။ ကျွန်တော်သည် ထိုစကားကို နောင်သောအခါတွင် သတိရ၍ နိမိတ်ဖတ်ခြင်း ဖြစ်လေသလောဟူ၍ပင် တွေးတောမိသေး၏။

အထက်ပါအခြင်းအရာတို့ ဖြစ်ပျက်ပြီးနောက် သုံးနှစ်ခန့်ကြာသောအခါတွင် ကျွန်တော်တို့ မိသားတစ်စုသည် ဂုတ်ထိပ်တံတားကြီးသို့ သွားရောက်ကြည့်ရှုကြသဖြင့် တံတားအနီးရှိဘန်ဂလိုကလေးတွင် တည်းခိုလျက်ရှိကြ၏။ ကျွန်တော်တို့မိသားဖသားတစ်စုသည် နံနက်ခင်းအချိန်မှ ဆိုက်ရောက်ကြ၍ နောက်တစ်နေ့တွင်ပြန်ကြရန် စီမံထားသည်ဖြစ်ရာ ညနေခင်းအချိန်၌ ကျွန်တော်တို့နည်းတူ ဘုံတံတားကြီးကို လာရောက်ကြည့်ရှုသော ခရီးသည်များထပ်မံဆိုက်ရောက်လာကြပြန်၏။ နောက်ထပ် ရောက်လာသော ခရီးသည်များ ၄ ယောက်အနက် ကျွန်တော်သည် တစ်ယောက်သောမိန်းမကို မြင်ဖူးပါသည်ဟု ပြတင်းပေါက်မှ သေချာစွာကြည့်မိရာတွင် မင်းကတော်မလှစိန်ဖြစ်ကြောင်းကို သိရှိရလေ၏။ မလှစိန်နှင့်အတူတွဲလျှောက်လာသော မိန်းမမှာ မလှစိန်ထက် အသက် ၅ နှစ်ခန့်ငယ်၍ မိန်းမချောကလေးတစ်ယောက်ပင် ဖြစ်သော်ငြားလည်း မလှစိန်နှင့် ယှဉ်လိုက်သောအခါ၌မူ လရောင်ကို နေရောင်လွှမ်းသည့်အလားကဲ့သို့ တိမ်မြုပ်မှေးမှိန်ရရှာလေသည်။ မလှစိန်မှာမူ ပထမဦးစွာ ကျွန်တော်တွေ့မြင်ဖူးစဉ်ကထက် မဆိုသလောက်မျှ ဖိုင့်ဖိုင့်ဝဝဖြစ်နေသော်လည်း အလွန်တရာပြေပြစ်ကျစ်လစ်လှသော ကိုယ်လုံးကိုယ်ပေါက်ကို ပျက်စီးလောက်အောင် မရှိသည့်ပြင် တစ်မျိုးအားဖြင့် ခံ့ညားသည်ဟူ၍ပင် ထင်မှတ်ရလောက်ပေ၏။ ၎င်း၏မျက်နှာမူကား သုံးနှစ်မျှလောက်သော နှစ်ပရိစ္ဆေဒသည် အနည်းငယ်ကလေးမျှ ရင့်ရော်အိုမင်းစေခြင်းမှာ မရှိမနိုင်သည့်ပြင် မျက်ခွံနှင့်ပါးပြင်တို့မှာ ရေးကထက် ဖောင်းမို့ပြည့်ဖြိုးဟန်လက္ခဏာရှိချေ၏။

မလှစိန်နှင့် အဖော်မိန်းမသည် လက်ဆွဲသားရေအိတ်ငယ်တစ်လုံးစီနှင့် ဆောင်းသူဟန်ပါပါ တက်လာကြရာ၊ အစေခံနှင့် သဏ္ဌာန်တူသော မိန်းမကြီးတစ်ယောက်နှင့် ယောက်ျားတစ်ယောက်သည် အိပ်ရာလိပ်ဆောင်သော ပစ္စည်းများနှင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်လာကြ၏။ ကျွန်တော်သည် မျက်နှာကို စာအုပ်နှင့်ခပ်ကွယ်ကွယ် ပြုလုပ်၍ စာဖတ်နေစဉ် ကျွန်တော့်စိတ်၌ မလှစိန်သည် ကျွန်တော့်အား မှတ်မိရှာ မည်လော။ မှတ်မိခဲ့လျှင် မောင်သန်းတင်အကြောင်းကို စကားစပ်၍ ပြောသင့် မပြောသင့် ဆင်ခြင်စဉ်းစားလျက်ရှိ၏။ ကျွန်တော်သည် သူငယ်ချင်းတစ်ယောက် ၏ သားကို ဖျက်လိုဖျက်ဆီး ကြံစည်သောမိန်းမတစ်ယောက်ကို မိတ်ဆွေသဘော ထားမျိုးနှင့် ခေါင်ငင်ပြောဆိုရန်မူကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ သို့ရာတွင် ရိုင်းရိုင်းပျပျကြီးဖြစ်အောင် တင်းမာနေရန်မှာလည်း နည်းလမ်းကျမည် မထင်ချေ။ မောင်သန်းတင်သေဆုံးခြင်းမှာ မတော်တဆဖြစ်သည်ဟူ၍ အားလုံးကအသိ အမှတ်ပြုထားပြီး ဖြစ်ပါလျက် အနာဟောင်းကို ခြစ်ကုတ်သည့်သဘောမျိုးနှင့် နှစ်ဦးလုံးအနေခက်အောင်လည်း ပြုဖို့ရန် မသင့်စသည်ဖြင့် ဆင်ခြင်လျက်ရှိ၏။

မလှစိန်သည် ထိုညအိပ်စက်ကြရန် နေရာရရေးအတွက် ရောက်နှင့်ပြီး သော ကျွန်တော်တို့မိသားစုနှင့် တိုင်ပင်ကြသောအခါတွင် ကျွန်တော့်အား မြင်ဖူး ပါသည်ဟူသော အကြည့်မျိုးဖြင့် ကြည့်နေသော်လည်း ကျွန်တော်ကမူ မသိယောင် ပြုလျက်သာလျှင် နေခဲ့၏။ ကျွန်တော်၏စိတ်၌ မလှစိန်ကို မောင်သန်းတင်သေ ဆုံးသောနေရာ၌မှ ထိုကဲ့သို့ မချိန်းမဆို လာရောက်ဆုံစည်းမိခြင်းတည်းဟူသော အဖြစ်ကို များစွာအံ့သြမိ၏။ ထိုမျှမကအောင် အံ့သြဖွယ်ကောင်းသော အခြင်းအ ရာတစ်ခု ဖြစ်ပေါ်ဦးမည်ကိုကား အိပ်မက်မျှပင် မမက်မိခဲ့ချေ။

ထိုည၌အဖို့၌ ကျွန်တော်၏မယားနှင့် သမီးများကို တစ်ခုတည်းသော အိပ်ခန်းအတွင်း၌ ဧည့်သည်မိန်းမနှစ်ယောက်နှင့်အတူအိပ်စေရန် စီမံ၍ ကျွန်တော် တို့ သားအဖနှင့် အစေခံယောကျ်ားများမှု အခန်းမကြီး၌ အိပ်ကြရန် စီစဉ်ထားကြ ၏။

ထိုညမှာ လဆန်း ၁၃ ရက်နေ့ညဖြစ်သောကြောင့် လသာလှသည်နှင့် ကျွန်တော်တို့ သားအဖနှစ်ယောက်သည် ဂုတ်ထိပ်တံတားကြီးကို လရောင်တွင် ကြည့်ရှုရန် အကြံအစည်နှင့် ဘန်ဂလိုမှထွက်လာခဲ့ကြလေ၏။ ကျွန်တော်သည် ဂုတ်ထိပ်တံတားသို့ ဆိုက်ရောက်သည့်အချိန်မှစ၍ တစ်နေ့ပတ်လုံးသေသူမောင် သန်းတင်ကလေးကို မကြာခဏသတိရခဲ့မိရာ သားအဖနှစ်ယောက် လမ်းလျှောက် လာကြ၍ တံတားကြီးအနီးသို့ ရောက်လာသောအခါ၌မူ မောင်သန်းတင်ကလေး ၏ မျက်နှာသည် မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် ထင်မြင်၍လာခဲ့၏။ ထို့ပြင် တစ်ဖန် သူငယ်ချင်းဦးတိုးအောင်သည် မည်ကဲ့သို့ရှိလေသနည်း။ မုဆိုးမကလေး မစန်းကြည်မှာလည်း နောက်အိမ်ထောင်ပင် ပြုရှာလေပြီလော စသည်ဖြင့် တစ် နွယ်ငင် တစ်စင်ပါဟူဘိသကဲ့သို့ ဆက်လက်တွေးတောမိပြန်လေ၏။



ကျွန်တော်တို့ သားအဖနှစ်ယောက်သည် တံတားဦးသို့ ဆိုက်ရောက်ကြ သည်နှင့်တစ်ပြိုင်နက် ပြင်းပြစွာ ထိတ်လန့်ကြောက်ရွံ့သည့် လက္ခဏာနှင့် ငယ်သံ ပါအောင် ဟစ်အော်လိုက်သည့်အသံသည် နားထဲသို့ စူး၍ဝင်လာလေရာ ကျွန် တော်သည် သား၏လက်ကိုဆွဲကိုင်၍ တန့်ရပ်ကာ နားထောင်ဆဲတွင် တံတား အောက်မှ အုန်းခနဲမြည်သံကို ကြားလိုက်ရ၏။ ထိုခဏ၌ "ကြည့်ပါသူငယ်ချင်း . ငယ် တစ်နေ့တော့ ကျုပ်သားဒုက္ခတွေ့သလို ဒီကောင်မ ဒုက္ခတွေ့ရပါလိမ့်မယ် နားသာထောင်နေပါ" ဟူသော ဦးတိုးအောင်၏စကားကို ကျွန်တော်၏နားထဲတွင် ဆတ်ဆတ်ကြားလိုက်ရ၏။

ထို့နောက် သားအဖနှစ်ယောက်တို့သည် တံတားပေါ်တွင် လူရိပ်လိုလို မြင်သည်နှင့် အဖြစ်အပျက်ကို စုံစမ်းရန် ခပ်သုတ်သုတ်လျှောက်လာကြရာတွင် မိန်းမတစ်ယောက်သည် ကျွန်တော်တို့ရှိရာသို့ ခပ်သုတ်သုတ်နှင့် လျှောက်လာ သည်ကို တွေ့မြင်ကြရ၏။ အနီးသို့ရောက်သောအခါ ကျွန်တော်တို့သည် ထိုမိန်းမ ၏ မျက်နှာကို လရောင်တွင် ကြည့်လိုက်မိသဖြင့် မလှစိန်၏အဖော်မိန်းမဖြစ် ကြောင်း တွေ့ရှိရလေ၏။

"ဘာဖြစ်တာလဲ မိန်းကလေး"

"ကြောက်စရာကောင်းလိုက်တာရှင်၊ အမယ်လေး ကြက်သီးထလိုက်တာ မလှစိန်က လကလေးသာသာနဲ့မို့ တံတားပေါ်က မျှော်ပြီးကြည့်နေတုန်းမှာ ဘယ် ကိုကဘယ့်နှယ်ပေါ်လာတယ် မဆိုနိုင်ပါဘူး။ လက်ကြီးတစ်ဖက်ပေါ်လာပြီး မလှစိန်ကို တွန်းချလိုက်တာ တစ်ခါတည်း ချောက်ထိုးမိုးမျှော်ကျသွားပါလေရော သားရှင်"

"ကြားလိုက်တယ်။ လာလာ ပြန်ကြစို့မိန်းကလေး။ မင်းကြည့်ရတာ တုန် တုန်ယင်ယင်နဲ့ သိပ်ကြောက်နေတယ်မှတ်တယ်။ သေပြီဟာတော့ ဘယ့်နှယ်မှ လုပ်နိုင်ဘူးကွယ်။ မနက်ကျမှပဲ တိုင်တန်းကြရတော့မှာပဲ"

ငင်းနောက် ကျွန်တော်တို့ သားအဖနှစ်ယောက်နှင့် မိန်းကလေးသည် အတူပြန်လာကြ၍ အဖြစ်အပျက်ကို သားမယားများအား ပြောကြရာတွင် လူ အားလုံးပင် တစ်ညဥ့်ပတ်လုံး အိပ်မပျော်နိုင်ဘဲရှိကြ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် မီးရထားအရာရှိများအား အဖြစ်အပျက် ကို ပြောပြရာ ၎င်းတို့မှတစ်ဆင့် ပုလိပ်များအား အကြောင်းကြားလိုက်သည်နှင့် မကြာမီအတွင်း ဂုတ်ထိပ်တံတားသည် အတော်ပင် လူစည်ကားလျက်ရှိနေလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



သက်သေခံခြင်းကိုစွပြီးသည့်နောက် ကျွန်တော်သည် မလှစိန်သေဆုံးခြင်းကိုစွနှင့်ပတ်သက်၍ အပြန်ပြန်အလှန်လှန် စဉ်းစားစိတ်ကူးမိရာ ဦးတိုးအောင်၏စကားသည် နိမိတ်ဖတ်သကဲ့သို့ ရှိချေသလော။ တံတားပေါ်၌ ထွက်ပေါ်လာသည်ဆိုသော လက်တစ်ဖက်သည် ထိုမိန်းကလေး၏စိတ်၌ ထင်မိထင်ရာ ထင်ခြင်းမျှ ဖြစ်လေသလော။ သို့တည်းမဟုတ် ကွယ်လွန်သူ မောင်သန်းတင်သည် အစိမ်းသရဲဖြစ်နေသဖြင့် အခွင့်သာသော ထိုညအခါတွင် လက်စားချေသောသဘောနှင့် မလှစိန်အား တွန်း၍ချခြင်းဖြစ်လေသလော။ အကယ်၍ မိန်းကလေး၏စိတ်၌ ထင်မိခြင်းမျှသာဖြစ်ခဲ့ပါလျှင် မလှစိန်သည် အဘယ့်ကြောင့် တံတားပေါ်မှ လိမ့်၍ကျလေသနည်းစသည်ဖြင့် အဖန်တလဲလဲ မေးမြန်းမိ၏။

တစ်လခန့်ကြာရှိသောအခါ ကျွန်တော်သည် ညောင်လေးပင်မြို့သို့ ရောက်သွား၍ ထိုအခြင်းအရာကို သူငယ်ချင်းဦးတိုးအောင်အား ပြောပြရာတွင်

"ကျုပ်မပြောဘူးလားသူငယ်ချင်းရယ် တစ်နေ့တော့ ကျုပ်သားဒုက္ခတွေ့သလို သင်းဒုက္ခတွေ့ရမယ်လို့ ကျုပ်မပြောဘူးလား။ ကျုပ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်းဘူးမဟုတ်လား။ ဒီနေရာမှာ ဒီနည်းနဲ့သေရတယ်လို့ မဟုတ်လား သူငယ်ချင်းရဲ့"

ဦးတိုးအောင်မှာ တစ်ယောက်တည်းသောသား သေဆုံးခဲ့သည်မှစ၍ ဈေးအခါက ဦးတိုးအောင်မဟုတ်တော့ဘဲ သုံးနှစ်မျှသောအချိန်သည် သူ့အားနှစ်ပေါင်းသုံးဆယ်လောက်ကဲ့သို့ပင် ရင့်ရော်အိုမင်းစေခဲ့ပြီးလေပြီ။ ဦးတိုးအောင်လင်မယားနှစ်ယောက်တို့မှာ အခြားသော သားသမီးမရှိသည်ဖြစ်၍ ချွေးမ မစန်းကြည်ကိုပင် သမီးအမှတ်နှင့် ထိန်းသိမ်းမွေးမြူလျက်ရှိကြ၏။

"ဒါထက် ကျုပ်ချွေးမကို မမြင်ဖူးသေးဘူးမှတ်တယ်။ နေဦးဗျာ မပြန်နဲ့ဦး နက်ဖြန်တော့ မစန်းကြည် ပြန်ရောက်လာပါလိမ့်မယ်။ ရောက်တဲ့အခါ နေသေးတာပေါ့သူငယ်ချင်းရယ်"

"မစန်းကြည်က ဟိုကတည်းက ခင်ဗျားတို့နဲ့ မခွဲသေးဘူးလား"

"ဟုတ်ကဲ့ အတူတူနေကြတယ်ဆိုပါတော့။ နို့ပေမယ့် အညာက ဆွေမျိုးများဆီ လည်ချေပတ်ချေဦးမယ်ဆိုပြီး ထွက်သွားတာ သုံးလေးလလောက်ရှိသွားပြီ။ နက်ဖြန်တော့ ပြန်ရောက်မယ်လို့ စာရတယ်။ နေဦးနော် သူငယ်ချင်း"

"ဆောင့်သေးတာပေါ့ သူငယ်ချင်းရယ်။ ဒါထက် နေပါဦးဗျာ၊ အဖြစ်အပျက်အလုံးစုံကို မိန်းကလေး သိသွားသလား"

"မသိရှာဘူးဗျို့။ တော်သေးတယ် ခမျာကတော့ မတော်တဆဖြစ်တယ်လို့ပဲ ထင်နေရှာတယ်။ ပထမတော့ ရိုးတိုးရိပ်တိပ်လို့ တွေးမိရှာတယ်ထင်ပါရဲ့



ပေမယ့် ကျုပ်က မဟုတ်နိုင်ကြောင်း ပြောလေတော့ နောက်ဆုံးမှာ ကျေနပ်သွားရှာတယ်သူငယ်ချင်း"

* * *

နောက်တစ်နေ့၌ ဦးတိုးအောင်၏ ချွေးမ မစန်းကြည်သည် အထက်မြန်မာပြည်မှ ဆိုက်ရောက်လာခဲ့ရာ ကျွန်တော်နှင့်မစန်းကြည်တို့သည် မျက်နှာချင်းဆိုင်ကြသည်နှင့်တစ်ပြိုင်နက် တစ်ယောက်၏မျက်နှာကို တစ်ယောက်ငေးလျက်ကြည့်နေမိ၏။

အကြောင်းမူကား မစန်းကြည်ဆိုသူမှာ မလှစိန်သေဆုံးစဉ်အခါက တံတားပေါ်တွင် တွေ့ခဲ့ရဖူးသော မလှစိန်၏အဖော်မိန်းကလေးဖြစ်နေပေသောကြောင့်တည်း။

"ပင်စင်အငြိမ်းစားဝန်ထောက် ဦးဖိုးသော်ဆိုကတည်းက ဖေဖေခဏခဏပြောဖူးတဲ့ ဦးဖိုးသော်ပဲလို့ မတွေးမိတာ ကျွန်မ ထူလိုက် အလိုက်ပါပေရဲ့ ဦးရယ်"

"ပြောစမ်းပါဦးမိန်းကလေးရယ်။ ဦးဖြင့် နားမလည်နိုင်အောင် ဖြစ်နေပါပြီကွယ်"

"နားမလည်ရင် ကျွန်မ ရှင်းပြမယ်။ ဦးနားထောင်။ ရှင်းပြပြီးတော့ ဦးသဘောအတိုင်း စီမံပေတော့။ ကိုသန်းတင်ဟာ သူ့ကိုယ်သူသတ်ပြီး သေစဉ်ကတည်းက ဖေဖေနဲ့အတူတူရှိနေတယ်မဟုတ်လား"

ကျွန်တော်သည် တစ်စုံတစ်ရာမပြောဘဲ စိုက်၍သာကြည့်နေ၏။

"ဖေဖေတို့ မေမေတို့ကတော့ ကိုသန်းတင်ဟာ မတော်တဆသေတယ်လို့ ကျွန်မ ထင်နေတယ်မှတ်ရှာကြတယ်။ ကိုသန်းတင်ဆီက သူဒီလိုလုပ်မယ့်နေ့မှာ ကျွန်မဆီကို စာတစ်စောင်ထည့်လိုက်တာကို သူတို့မသိရှာဘူး။ ဒီစာကို ကျွန်မ ချပ်လိုက်တယ်။

နို့ပေမယ့် ဒီစာကို ကျွန်မနှုတ်တိုက်ရွတ်လို့တောင် ပြနိုင်သေးတယ်။ သူ့စာထဲမှာ ကိုသန်းတင်ဟာ လူရိုးလူဖြောင့်တစ်ယောက်ဖြစ်တဲ့အတိုင်း ဖြစ်သမျှအဖြစ်အပျက်ကို တစ်ခုမကျန် အကုန်ဖွင့်ပြီးရေးလိုက်တယ်ဦးရဲ့။ သူကတော့ဖြင့် ဒီမိန်းမ ရှိနေရင် သူ့ကိုယ်သူသတ်ပြီးသေတော့မယ်တဲ့။ ကျွန်မကိုလည်း နောက်နောင် အိမ်ထောင်ရက်သားပြုဖို့ ခွင့်ပြုလိုက်တယ်"

ဟုပြောပြီးနောက် မစန်းကြည်သည် ဦးတိုးအောင်၏ အိမ်ကြီးဆီသို့ ကြာအောင် ငေး၍ကြည့်နေမိ၏။ ထို့နောက်မှ...

www.burmeseclassic.com

www.burmeseclassic.com



"စာကိုဖတ်ရခြင်း ပထမတော့ ကိုသန်းတင်ကို စိတ်ဆိုးတာပေါ့၊ စိတ်လည်း နာပါတယ်၊ အပုံကြီးပဲ နာမိတယ်။ နို့ပေမယ့် ကိုသန်းတင်သေလို့ ရက်ကလေး အတော်ရလာတော့ စိတ်ထဲမှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ ယခုဖြစ်ရခြင်းဟာ ကိုသန်းတင်တော့ဖြင့် မှားရှာတာမှန်ပါရဲ့။ သို့သော်ခများတော့ သေရှာပြီ ဟိုမိန်းမတော့ သူတစ်ပါးလင်သားကို ဖျက်လိုဖျက်ဆီးကြံစည်ပြီး သူ့မှာ ဘာတစ်ခုမှ ဒုက္ခမရောက်သေးဘူးဆိုပြီး ဟိုမိန်းမကို ကျွန်မသိပ်မုန်းတာပဲဦးရေ။

နောက်ဆုံးတစ်နေ့တော့ ကျွန်မဘယ်လိုစိတ် ပြဋ္ဌာန်းလိုက်သလဲဆိုတော့ ငါ့လင်ဒုက္ခရောက်ရသလို သင်းကိုလည်း ငါတစ်နေ့ဒုက္ခရောက်အောင် လုပ်မယ်လို့ ပြဋ္ဌာန်းလိုက်တယ်။ ဘယ်ပုံဘယ်နည်းနဲ့ လုပ်ရမယ်ဆိုတာတော့ ဟိုတုန်းက အကြံမပေါ်သေးဘူးပေါ့ဦးရယ်"

ကျွန်တော်သည် မိန်းကလေး၏တင်းမာသောမျက်နှာထားကို စေ့စေ့ကြည့်ကာ နားထောင်လျက်ရှိ၏။

"လွန်ခဲ့တဲ့ လေးလလောက်ကတော့ ဒီမိန်းမအပေါ်မှာ လက်စားချေဖို့ အခွင့်ပေါ်လာတာကိုး ဦးရဲ့။ ဒီမိန်းမဟာ မန္တလေးမြို့ပေါ်မှာ တော်တော်နာမည်ကြီးတယ်လို့ သိရလေတော့ ကျွန်မက မန္တလေးသူရိယသတင်းစာထဲမှာ သူ့သတင်းများ ပါလာလေမလားလို့ တမင်မှာပြီး ဖတ်တယ်ဦးရဲ့။ လွန်ခဲ့တဲ့ လေးလလောက်ကတော့ မန္တလေးသူရိယထဲမှာ ကြော်ငြာတစ်ခုတွေ့တယ်။ ဘာလဲဆိုတော့ မင်းကတော်မလှစိန်က အင်္ဂလိပ်စကားသက်သက် သင်လိုတဲ့အတွက် ဆရာမတစ်ယောက် အလိုရှိတယ်တဲ့။ ကျွန်မထင်တာကတော့ ဒီမိန်းမဟာ မြင်းတွေကို ပိုင်းရတာ နယ်ကျဉ်းလေတော့ ဘိုတွေပိုင်းဖို့ အင်္ဂလိပ်စကားတတ်ချင်တာလို့ တွေးမိတာကိုးရှင့်။

ကျွန်မ တွေးတာလည်း မလွဲပါဘူး။ ဒါနဲ့ကျွန်မက ကြော်ငြာကိုမြင်လျှင်ပဲ ဖေဖေတို့ဆီလည်ဖို့ ခွင့်တောင်းပြီး လူကိုယ်တိုင် သွားပြောတာကိုးဦးရဲ့။ ကျွန်မ အင်္ဂလိပ်လို ၁၀ တန်းအောင်ခဲ့တယ်။ မလှစိန်နဲ့တွေ့တော့ သူချစ်အောင်ခင်အောင် သနားလောက်အောင် ပြောပြရာတွင် ကျွန်မကို သူရွေးတော့တာကိုး ဦးရဲ့။ ကျွန်မ နာမည်က အဲဟိုကျတော့ ဦးသိတဲ့အတိုင်း မမြရင်တဲ့ရှင့်"

ကျွန်တော်သည် သူငယ်မ၏အစွမ်းကို ချီးမွမ်းရင်း ဦးခေါင်းညိတ်ပြီး ဆက်လက်၍...

"တော်လည်းတော်တဲ့ မိန်းမပါပေရှင်။ ဒီအတောအတွင်း ကျွန်မကလည်း တက်နိုင်သမျှ ခယဝယလုပ်ပေါင်းလေတော့ သူ့လခစားဆိုပေမယ့် မိတ်ဆွေ ငယ်ချင်းလို ဖြစ်နေကြရောပေါ့ရှင်။



ဒီလိုအနေမှာ ကျွန်မက ဂုတ်ထိပ်တံတားကြီးကို မရောက်ဖူးလို့ လိုက်ပို့ပါလို့ ပူဆာတာကိုးဦးရဲ့။ ပထမတော့ သူကငြင်းတယ်။ နောက်ဆုံးကျတော့ ပူဆန္ဒ များတာနဲ့ လိုက်ပို့ဖို့ သူသဘောတူပြီး မီးရထားနဲ့သွားကြပါရော ဆိုပါတော့ရှင်"

"နေပါဦး တူမရဲ့။ ဒီမိန်းမရဲ့ အကျင့်စာရိတ္တကို တူမကြီးသိသလောက် ပြောပြစမ်းပါဦး"

"ဒီမိန်းမလား လူရှေ့သူရှေ့မှာ ဟန်တစ်လုံးပန်တစ်လုံးနဲ့နေလေတော့ သူ့ရက်စက်သလောက် ကုန်စင်အောင် ဘယ်သူမှမသိကြဘူး။ သို့သော် ကျွန်မကိုတော့ ဟန်လုပ်ရမယ့်လူရယ်လို့ သူမထင်လေတော့ ကျွန်မနဲ့နှစ်ယောက်တည်းနေတဲ့အခါမှာ သူ့စိတ်သဘောရင်းကို ဘွင်းဘွင်းကြီး၊ ပြောင်ပြောင်ကြီး ဖော်ချတော့ ဘာပဲဦးရေ။

သူ့ဝါသနာက ဘာလဲဆိုတော့ ယောကျ်ားကလေး ဟန်ဟန်ပန်ပန်တွေ့ရင် သူ့ကိုမကြိုက်ကြိုက်အောင်မြှူပြီး ကြိုက်လာပြီဆိုရင် ခြေဖနောင့်နဲ့ပွတ်ချေချင်တဲ့ သဘောမျိုးဦးရဲ့။ ဆန်းပါတယ်ဦးရယ်။ မကြုံဖူးအောင် ဆန်းတဲ့မိန်းမပါပဲ။ တချို့မိန်းမပေါ့များလို လျှပ်ပေါ်လော်လည်ချင်တဲ့ သဘောမျိုးလည်း မဟုတ်ပါဘူးဦးရယ်။ ယောကျ်ားကို တမင်နှိပ်စက်ချင်တဲ့ မိန်းမမျိုးသက်သက်ပါ။ သူ့အကြောင်းကို ကျွန်မသိသလောက် လျှောက်ပြီးပြောပြရင် ဦးတောင်ယုံမယ်မထင်ဘူး။ ဒီလောက်ရက်စက်တဲ့မိန်းမ၊ ကရုဏာနည်းတဲ့မိန်းမ၊ ချစ်ခင်ကြင်နာတတ်တဲ့သဘောနည်းတဲ့မိန်းမမျိုးကို တွေ့ဖူးဖို့မပြောနဲ့၊ ကြားတောင်မှ မကြားဖူးသေးဘူး ဦးရယ်"

"နောက်ဆုံးညက အဖြစ်အပျက်ကို ပြောပါဦး"

"နောက်ဆုံးညကျတော့ ကျွန်မက လသာသာမှာ ဂုတ်ထိပ်တံတားကြီး သွားကြည့်စမ်းချေရအောင် မမလို့ ခေါ်ထားတာကိုးဦးရဲ့။ တော်တော်သတ္တိကောင်းတဲ့မိန်းမပဲ။ ဒီလိုဖြစ်တာတောင် သူလိုက်ဝံ့ပါတယ်၊ သူမလိုက်ရင်လည်း ကျွန်မက သွေးဆောင်ဖို့နည်းတော့ ကျွန်မမှာရှိတယ်ပေါ့လေ။ ဒါနဲ့တံတားကြီးပေါ်ရောက်တော့ သူကဘာပြောသလဲဆိုတော့၊ မမြရင်ရယ်တဲ့ ဒီနေရာရောက်တော့ ဟိုတုန်းက အူတူတူနဲ့ လူချောတစ်ယောက် တံတားပေါ်က ခုန်ချသေတာ သတိရသေးတယ်တဲ့။

ငနဲဟာက အူတူတူလူရိုးမို့ သူ့မယားကြီးကို ကွာရှင်းပြီး အသက်ဆက်ဆုံး ရိုးမြေကျပေါင်းမယ်လေးဘာလေးနဲ့ပြောလေတော့ သူ့အမြင်းဘက်ကတော့နဲ့ မင်းလိုအကောင် ငါဘာလုပ်ဖို့ တစ်သက်လုံးပေါင်းရမှာတုန်းလို့ပြောလိုက်ဘယ်တဲ့။ ဒီတော့ ငနဲက သူ့ကိုမှမပေါင်းရရင် သေပါတော့မယ်လို့ တံတားပေါ်က

www.burmeseclassic.com



ခုန်ဆင်းမယ်လို့ ရွယ်နေတော့ သူကတကယ်လုပ်ဝံ့တာလည်းမဟုတ်ဘဲနဲ့ ... လုပ်ပြီး ပြမနေစမ်းပါနဲ့ ကိုညိုမြရယ်လို့ လုပ်ဖြစ်အောင် တွန်းပြောလိုက်သ... သူလည်းပြောပြီးရော အူတူတူငနဲလည်း တံတားပေါ်က ခုန်ဆင်းချလိုက်က... ဘဲ့ ပြောပြတာကိုးဦးရဲ့။ သူပြောပုံကလည်း ဦးရယ်၊ ကရုဏာသံ နည်းနည်း... လေးမှ မပါလိုက်ဘူး။ လူတစ်ယောက်သေတာကို သူကပျော်စရာကြီးတစ်ခု... အောက်မေ့နေသလားမသိဘူး။ တခစ်ခစ်နဲ့ရယ်ရင်း ပြောသေးတယ်ဦးရဲ့"

"ရက်စက်ပါပေ့ တူမရယ်"

"ပြီးတော့ သူကပြောသေးတယ်။ ငနဲသေတော့ သူ့အိမ်က မြှာအစုတ်... က ဘယ်လိုများနေတယ်မပြောတတ်ဘူးတဲ့..."

ထိုခဏ၌ အိမ်တွင်းမှ ဦးတိုးအောင်၏ အသံဖြင့်...

"သစ်ပင်ရိပ်အောက်မှာ စကားကောင်းနေတဲ့လူတွေ အိမ်ပေါ်လာကြ... ... မခန်းကြည်ရေ မင်းမေမေက မင်းတွေ့ခဲ့ရတာတွေ ပြောပြလှည့်ပါဦးတဲ့ကွယ်"

မစန်းကြည်သည် ကျွန်တော်၏မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် အိမ်ပေါ် သို့တက်သွားလေရာ ဦးတိုးအောင်သည် ၎င်း၏နေရာတွင် ဝင်ထိုင်၍-

"ဘယ့်နယ်လဲသူငယ်ချင်း စကားလက်ဆုံဝင်ကြရဲ့လား။ ဒါထက်... ...မသေတဲ့အကြောင်းကို မစန်းကြည်များ သွားမပြောလိုက်ပါနဲ့ သူငယ်ချင်း ... သူ့လင်သေတာ အသစ်ပြန်ဖြစ်နေဦးမယ်"

"ဟုတ်ပါရဲ့၊ မပြောတာအကောင်းဆုံးပါပဲ"

■

# အချစ်ဗိုခနောက်ဆိုင်

၁၉၄၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက် နှင့်အတူ စစ်ကိုင်းတောင်ရိုး ရွှေမင်းဝံချောင်သို့ ဝိပဿနာတရားအားထုတ်ရန်အ တွက် အလုပ်အားလပ်ခွင့်ယူ၍ သွားရောက်ခဲ့သည်။ တစ်ညနေတွင် အချိန်ကြာ ရှည်စွာ ထိုင်ရသည့်ကမ္မဋ္ဌာန်းအလုပ်ကြောင့် ညောင်းညာသည်နှင့် ခြေညောင်း ... ဆန့်ဆိုသလို တောင်ရိုးတစ်လျှောက် "ချောင်လည်ချောင်ပတ်"ထွက်လာခဲ့ ... အချို့သောချောင်များမှာ ကျောင်းထိုင်ပုဂ္ဂိုလ်လည်းမရှိ၊ သီလရှင်များလည်း မတွေ့ရဘဲ ကျောင်းများငုတ်တုတ်ရှိနေသဖြင့် စစ်အတွင်း၌ ရဟန်းတော်များ လူ ထွက်ခြင်းများလှသည်ဆိုခြင်းမှာ ဟုတ်ပုံရသည်ဟု စဉ်းစားမိတော့သည်။

ကျွန်ုပ်မှာ လမ်းလျှောက်ရင်း ညောင်းပြန်သည်နှင့် ခရေပင်များအုပ်၍ အရိပ်သခ်န်းကောင်းလှသော ချောင်တစ်ချောင်သို့ဝင်ကာ ခရေပင်ကို ဝိုင်းရံဆောက် လုပ်ထားသည့် ထိုင်ခုံပေါ်၌ ထိုင်မိရာတွင် မျက်နှာချင်းဆိုင်ကျောင်းပေါ်၌ ရဟန်း တော်တစ်ပါးနှင့် မျက်လုံးချင်းဆိုင်မိပါတော့သည်။

ထိုပုဂ္ဂိုလ်ကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်မှာ မည်သည့်အ ကြောင်းကြောင့်မသိ၊ စိတ်ဝင်စားခြင်းရှိသည်နှင့် ထိုင်ရာမှထ၍ ကျောင်းပေါ်သို့ တက်သွားပြီးလျှင် ရဟန်းတော်ကိုဝတ်ချ၍ အာလာပသလ္လာပ စကားပြောကြပါ သည်။ ရဟန်းတော်မှာလည်း ကျွန်ုပ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် စကားပြောချင်

www.burmeseclassic.com

www.burmeseclassic.com



သော စိတ်ဆန္ဒဖြစ်ပေါ်မိကြောင်း ဝန်ခံ၍ အလုပ်အကိုင်ကို မေးသဖြင့် ကျွန်ုပ်
ဟုတ်မှန်သည့်အတိုင်း လျှောက်ထားသည်တွင် ကျွန်ုပ်အပေါ်၌သာ၍ပင် စိတ်ဝင်
စားသည့် မျက်နှာထားမျိုး ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

ရဟန်းတော်၏ ဘွဲ့တော်မှာ ဦးဝိမလဖြစ်၍ အသက် ၅၀ ကျော်ခန့်ရှိသည်
ခေတ်မြန်မာများအနက်တွင် နှာခေါင်းချွန်ချွန်နှင့် ကုလားလိုလိုလူများ၊ ဦးခေါင်း
စောက်စောက်နှင့် ဘိုကပြားလိုလိုလူများ၊ အသားဖြူစပ်စပ်နှင့် ရှမ်းလိုလိုလူများ
မျက်လုံးခပ်စောင်းစောင်းနှင့် တရုတ်လိုလိုလူများ ပေါများလှပေရာ ၎င်းရဟန်းတော်
၏ ထူးခြားသော အင်္ဂါရုပ်တစ်ခုမှာ မည်သည့်သွေးမှမရောစပ်သည့် မြန်မာစစ်စစ်
ကြီးတစ်ယောက်ဖြစ်သည်ဟု တစ်ချက်တည်း ကြည့်လိုက်ရုံမျှနှင့် တစ်ခါတည်း
သိနိုင်လောက်ခြင်းပင် ဖြစ်လေသည်။

အချို့ပုဂ္ဂိုလ်များသည် လူ့ဘောင်မှထွက်၍ ရဟန်းပြုလျက်ရှိကြသော်
လည်း လူ့လောကကို အလျဉ်မပြတ်သေးသည့်လက္ခဏာနှင့် လူမှုရေးရာများ
သိချင်တတ်ကြသည်ဖြစ်ရာ ထိုပုဂ္ဂိုလ်မှုကား လူ့လောကအကြောင်း လုံးဝစိတ်ဝင်
စားခြင်းမရှိသည့်အဖြစ်ကို ဣန္ဒြေဖြင့်လည်းကောင်း၊ စကားအပြောအဆိုဖြင့်လည်း
ကောင်း ထင်ရှားစွာ သိသာနိုင်ပေသည်။

ဦးဝိမလသည် ဝတ္ထုရေးဆရာတည်းဟူသော အလုပ်အကြောင်းကို ကြား
သိရသဖြင့် အထူးစိတ်ဝင်စားဟန်တူသည်ဟု ကျွန်ုပ်အကဲခတ်နိုင်သော်လည်း
အဘယ့်ကြောင့် စိတ်ဝင်စားလေသည်ကိုမူ ထိုစဉ်က အကဲမခတ်နိုင်ခဲ့ပေ။ လော
အကြောင်းကို သိလိုဟန်မတူသော်လည်း ကျွန်ုပ်အကြောင်းသက်သက်ကို သိလို
သည့်လက္ခဏာနှင့် မေးမြန်း၏။ လူ့ဘောင်၌ရှိစဉ် ကျွန်ုပ်ရေးသားသည့် ဝတ္ထု
ဝတ္ထုရှည်များကို ဖတ်ဖူးပါသည်ဟု ဝန်ခံ၏။

စာရေးဆရာသည် အသစ်အဆန်းများကို စိတ်ကူးတတ်သည်ဆို
လည်း တစ်ခါတစ်ရံတွင် တကယ်ဖြစ်ပျက်သော အခြင်းအရာများသည် စိတ်
ထက်ပင် ဆန်းကျယ်တတ်သည်ဟု ဦးဝိမလက မိန့်တော်မူသည်ကို ထို
ကျွန်ုပ်နားမလည်၊ သဘောမပေါက်ဘဲ မှန်ပါ့ဘုရားဟူ၍သာ ဝန်ခံခဲ့ရသည်။
ဌာန်းထိုင်သောအလုပ်နှင့် ဝိပဿနာအလုပ်တို့၏ တူညီသောအချက်နှင့် ထူး
သောအချက်များအကြောင်းကို ဆွေးနွေးကြ၍ စကားလက်ဆုံဝင်သည်နှင့်
လုနီးအချိန်တွင်မှ ကျွန်ုပ်မှာ ထိုချောင်မှ ထွက်လာနိုင်တော့သည်။

* * *



ကျွန်ုပ်သည် ရွှေမင်းဝံချောင်မှ ပြန်မည့်နေ့တွင် ဦးဝိမလထံသို့သွား၍ နှုတ်
ဆက် ကန်တော့ခဲ့သေး၏။ ထို့နောက်တွင်မူကား ၎င်းကိုယ်တော်နှင့် တွေ့ရတော့
သည် မရှိချေ။ လွန်ခဲ့သောလကမူ ပါဆယ်ထုပ်တစ်ထုပ်ကို စာတိုက်မှ လက်ခံရရှိ
၍ ဖွင့်ကြည့်ရာအောက်ပါစာတစ်စောင်နှင့် ဖူးစကက်စာရွက်များ တွေ့ရှိရလေ
သည်။ စာတွင်ပါရှိသည်ကား-

*ဒကာကြီးရွှေဥဒေါင်း*

*လွန်ခဲ့သောသုံးနှစ်ခန့်လောက်က စစ်ကိုင်းတောင်ရိုးချောင်တွင် ဘုန်းကြီး
နှင့် တွေ့ဖူးသည့်အဖြစ်ကို ဒကာကြီးမှတ်မိလိမ့်မည်ထင်သည်။ သာသနာ
ဘောင်သို့ဝင်၍ ရဟန်းပြုခဲ့ရသော်လည်း ဘုန်းကြီး၏စိတ်ထဲတွင် လျှို့
ဝှက်သိုသိပ်ထားသော အကြောင်းအရာတစ်ခုရှိသည့်အတွက် စိတ်ဘ
နွေးနွေးရှိခဲ့သည်။ မည်သူ့အားမျှလည်း ဖော်ထုတ်ပြောပြရန် မဖြစ်နိုင်
သောကိစ္စဖြစ်၍ မျိုသိပ်ထားခဲ့ရသည်။ ယခုမှာ ဘုန်းကြီးကို မည်သူမျှ
အရေးယူနိုင်သည်မဟုတ်သဖြင့် ဒကာကြီးထံသို့ ဟုတ်မှန်သည့်အတိုင်း
ရေးသားပေးပို့လိုက်သည်။ ဤစာကို ဒကာကြီးဖတ်ရှုသော အချိန်တွင်
ဘုန်းကြီးမှာ မည်သည့်အစိုးရမျှ လက်လှမ်းမမီနိုင်သည့်နေရာသို့
ရောက်နေပါပြီ။ ဤအကြောင်းကို မည်သူ့အားမျှ ပြောပြမည်မကြံခဲ့သော်
လည်း ဒကာကြီးနှင့်ထိုနေ့က တွေ့ရသည်မှစ၍ ပြောပြချင်စိတ် ပြင်းဆန်
စွာဖြစ်ပေါ်ခဲ့သည်။ ဘုန်းကြီးကား စာချောအောင်မရေးတတ်၊ ဒကာကြီး
က ပြင်ဆင်ရေးသား၍ သဘောရှိအသုံးပြုနိုင်သည်။ သို့သော် အမည်နာမ
များကို ပြောင်းလွှဲရေးသားဖို့ သတိပေးလိုက်ရပါကြောင်း။*

*ဦးဝိမလ*

ကျွန်ုပ်သည် ဖူးစကက်စာရွက်များကို ဖတ်ကြည့်သောအခါ အမှန်ဆန်း
ကြယ်၍ စိတ်ကူးသက်သက်ထက်ပင် ထူးဆန်းပေသည်ဟု သိရှိသည့်အလျောက်
အမည်နာမများကို ပြောင်းလဲကာ အောက်ပါအတိုင်း ဝတ္ထုသွားအနေဖြင့် ပြင်ဆင်
ရေးသားလိုက်ရခြင်း ဖြစ်ပါကြောင်း။

ကျွန်ုပ်မှာ ရွှေဘိုနယ် ဆိပ်ခွန်ရွာသားဖြစ်၍ အမည်မောင်မြတ်ထွန်း ဖြစ်ပါ
သည်။ ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်၍ လယ်မြေဧက ၂၀၀-ကျော်
၃၀၀-ခန့်မျှ အမွေရရှိသည်ကို ဦးရီးတစ်ယောက်က ထိန်းသိမ်း၍ အသက်ဆယ့်
သုံးလေးနှစ်ရှိကာမှ ရွှေဘိုမြို့ အင်္ဂလိပ်ကျောင်း၌ ခေတ်ပညာသင်ရသေးသည်၊ သို့
ဖြစ်၍ ၇-တန်းမအောင်မီ လူပျိုကြီးဖားဖား ဖြစ်နေခဲ့ရာ ကျောင်းပိတ်ရက်များအ
တွင်း တစ်နေ့သ၌ ဆိပ်ခွန်ရွာသို့ မန္တလေးမြို့မှ အငြိမ့်အဖွဲ့တစ်ခု ရောက်သော၌

www.burmeseclassic.com



အလှူပွဲများတွင် သုံးလေးရက်မျှကပြပါသည်။ အငြိမ့်မင်းသမီးမှာ စိန်ကြည်ကြည်ဖြစ်၍ ထိုခေတ်တွင် အချောဆုံးအငြိမ့်သမအဖြစ်နှင့် နာမည်ကြီးသူဖြစ်ပေရာ ကျွန်ုပ်မှာ ကျောင်းသားဘဝ၌ ရှိသေးသော်လည်း မြင်ကတည်းက ဖွဲ့မက်လှသည်နှင့် မရမကပိုးပန်းမိပါသည်။ စိန်ကြည်ကြည်နှင့်အတူ ၎င်း၏မိခင်လည်း လိုက်ပါလာရာ ကျွန်ုပ်သည် အငြိမ့်အဖွဲ့သားအားလုံးကို ငွေနှင့်ပေါင်းသည့်အပြင် မိခင်မိန်းမကြီးအားလည်း ချစ်အောင်သနားအောင်ပြော၍ လက်ဆောင်အမျိုးမျိုးနှင့် ကပ်ရပ်ပါသည်။ ထိုရက်အတွင်း၌ပင် မိခင်နှင့်တကွ အဖွဲ့သားအားလုံးသည် ကျွန်ုပ်၏ဘက်တော်သားဖြစ်လာကြ၍ ကျွန်ုပ်ဘက်မှ တွန်းကြလော်ကြရာတွင် စိန်ကြည်ကြည်နှင့် နီးစပ်လာ၍ မန္တလေးမြို့သို့ ပြန်ကြသောအချိန်တွင် ကျွန်ုပ်လည်း လိုက်ပါသွားတော့သည်။

ထိုအချိန်တွင် ဦးရီးဖြစ်သူလည်း ကွယ်လွန်ပြီဖြစ်၍ လယ်မှရသော စပါးများမှာ ကျွန်ုပ်၏သဘောအတိုင်း သုံးဖြုန်းနိုင်ခဲ့လေပြီ။ ဤအခြင်းအရာများကို သိပြီးဖြစ်သော မိခင်ကြီးသည် သမီးစိန်ကြည်ကြည်နှင့် ကျွန်ုပ်တို့ကို သဘောတူတော့သည်ဖြစ်ရာ မန္တလေးသို့ရောက်၍ တစ်လအတွင်း၌ပင် ကျွန်ုပ်မှာ စိန်ကြည်ကြည်နှင့် လက်ထပ်ပြီးခဲ့လေပြီ။ ထိုအချိန်၌ ကျွန်ုပ်၏အသက်မှာ ၁၉ နှစ်မျှသာရှိသေး၍ စိန်ကြည်ကြည်ကား ကျွန်ုပ်ထက်တစ်နှစ်ကြီးသဖြင့် အသက် ၂၀ ပြည့်လေပြီ။

အမှန်ဆိုရသော် ကျွန်ုပ်ပိုးပန်းပုံမှာ 'လူလည်'တစ်ယောက်၏ ပိုးပန်းနည်းမျိုးမဟုတ်။ ကလေးသူငယ်တစ်ယောက်ကဲ့သို့ ဇွတ်အတင်းကပ်၍ ရှိသမျှကို ပုံပေးသော နည်းဖြစ်ပေရာ ဝမ်းစာအတွက် ကပြရသော အငြိမ့်သမတစ်ယောက်အဖို့တွင် အဘယ်မှာ ငြင်းဆန်လိုလိမ့်မည်နည်း။ ထိုနှစ်အဖို့ လယ်မှရသော စပါးအားလုံးကို ရောင်းချ၍ စိန်ကြည်ကြည်အဖို့ နားကပ်တစ်ရံနှင့် ဆွဲကြိုးတစ်ကုံးတို့ မန္တလေးရောက်သည်နှင့်တစ်ပြိုင်နက် ဝယ်ပေးပြီးဖြစ်နေလေပြီ။ ဆွေမျိုးရင်းချာများက ပြောကြဆိုကြသော်လည်း ကျွန်ုပ်သည် ဘယ်သူ့စကားကိုမျှ နားမထောင်။ လယ်မြေမှတစ်ပါး အလွယ်တကူရှိနေသော ပစ္စည်းဟူသမျှကိုပိုက်၍ မန္တလေးသို့ လိုက်သွားခြင်းဖြစ်လေသည်။

စိန်ကြည်ကြည်နှင့်လက်ထပ်ပြီးနောက် ကျွန်ုပ်တို့လင်မယားမှာ ဆိပ်ခွန်တစ်လှည့်၊ မန္တလေးတစ်လှည့်နေထိုင်ကြ၍ ကျွန်ုပ်အဖို့မှာ တာဝတိံသာနတ်ပြည်က အရှင်လတ်လတ် လိုက်ခဲ့ရန်ခေါ်လျှင်လည်း လိုက်လိမ့်မည်မဟုတ်။ အလွန်ကြည်နူးပျော်ရွှင်လျက်ရှိတော့သည်။ စိန်ကြည်ကြည်လည်း အငြိမ့်မကစေရ။ ကျွန်ုပ်လည်း ဘာမျှမတတ်၊ ဘာမျှလည်းမလုပ်။ အနှစ်နှစ်က တိုးပွားလျက်ရှိသော



လယ်စုငွေဖြင့် ထိုင်စားခဲ့ရာ သုံးနှစ်လောက်အဖို့မှာ အကျေနပ်ကြီးကျေနပ်၍ မိုးမြင်လေမမြင် ပျော်ရွှင်ကြပါပေသည်။ ဒုတိယနှစ်တွင် စိန်ကြည်ကြည်၏မိခင်ကွယ်လွန်၍ ကျွန်ုပ်တို့နှစ်ယောက်တည်း ကျန်ရစ်ရာ သားသမီးလည်းမရခဲ့ချေ။

တစ်နေ့သ၌ စိန်ကြည်ကြည်က ရန်ကုန်သို့ဘုရားဖူးဆင်းလိုသည်ဆိုသဖြင့် ကျွန်ုပ်တို့လင်မယားသည် ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ရွှေတိဂုံစသည့်တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမျှော်၍ နောက်ဆုံးတွင် ကြည့်မြင်တိုင်ကွမ်းရွဲတန်းရှိ မိတ်ဆွေတစ်ဦးအိမ်၌ တည်းခိုကြ၏။ ၎င်းမိတ်ဆွေမှာ စိန်ကြည်ကြည်၏ အငြိမ့်အဖွဲ့တွင် စည်တီးသမားဖြစ်၍ အဖွဲ့ပျက်ကတည်းက အောက်မြန်မာပြည်သို့ရောက်နေသူဖြစ်ရာ ကျိုက်ထီးရိုးဘုရားတွင် အဆင်သင့်ကြုံတွေ့ကြသည်နှင့် ကျွန်ုပ်တို့လင်မယား အလည်လိုက်လာကြခြင်း ဖြစ်လေသည်။

တစ်နေ့သ၌ ကျွန်ုပ်တို့လင်မယားသည် အိမ်ရှင်ကိုသက်တင်၏ 'တစ်'အရမြင်းပွဲတွင် သုံးကောင်စွပ်လက်မှတ်တစ်စောင် ကံစမ်းလိုက်ရာ တိုက်လာသဖြင့် ငွေ ၃၈၇ ကျပ် အလျော်ရလေသည်။ ထိုနေ့မှစ၍ စိန်ကြည်ကြည်ကား မြင်းသမားတစ်ယောက်ဖြစ်သွားခဲ့လေပြီ။ လျော်ငွေကလေးဖြင့် ဝယ်ကြခြမ်းကြ၊ သုံးဖြုန်းကြရင်း မြင်းပွဲကို တစ်ပတ်ပြီးတစ်ပတ် စောင့်မျှော်နေကြရာ ထို့နောက်တွင် သုံးအောင်နှပ်သာမက ပွဲတိုင်းထိုးချင်ကြ၍ လင်မယားနှစ်ယောက်စလုံး မြင်းပွဲသို့ အပတ်တိုင်းရောက်နေကြလေပြီ။ ထိုအချိန်တွင် အလျော်ရသော ငွေသုံးရာကျော်မျှသာမက အိမ်မှပါလာသော ငွေကလေးများလည်း ကုန်ပြီဖြစ်၍ လက်ဝတ်လက်စားများကို ပေါင်နှံရလေသည်။ ၎င်းတို့ ကုန်ပြန်သော် လယ်တစ်တောကို ပေါင်နှံရန် ဆိပ်ခွန်သို့ စာလှမ်းပေး၍ စာတိုက်မှစာချုပ်လက်မှတ်ထိုးပြီး တင်ပို့သောနည်းဖြင့် အပေါင်ဖြစ်အောင် စီမံကြရ၏။ ထိုခေတ်တွင် လယ်ကို လူတိုင်းလိုချင်သောကြောင့် (ခေတ်သိလည်းဖြစ်သည်နှင့်)အဝေးမှ ပေါင်နှံသောနည်းဖြင့် စီမံရာ လယ်တစ်တောပြီးတစ်တော ပြုတ်ခဲ့လေသည်။

ကျွန်ုပ်တို့ တည်းခိုသော အိမ်နှင့်မျက်နှာချင်းဆိုင်တွင်ရှိသော တိုက်ခံအိမ်ကြီးတွင် အထက်မြန်မာပြည်မှ ရောက်လာသော မူစလင်ဆွေ့သည်တစ်ယောက် တည်းခိုလျက်ရှိရာ ထိုသူမှာ ဥပမိရပ်ကောင်းသလောက် အခြေအနေလည်း ခိုင်ခံ့တောင့်တင်းဟန်တူ၏။ ထိုသူသည် ကျွန်ုပ်တို့လင်မယားကို ခြင်ကတည်းက ခင်မင်သည့်လက္ခဏာနှင့် မိတ်ကျွမ်းဖွဲ့လေရာ မိတ်ဆွေနည်းပါးသော ကျွန်ုပ်တို့လင်မယားမှာ သူ၏အိမ်၌ 'စားရအိမ်၊ သောက်ရအိမ် ဖြစ်နေကြလေပြီ။ သူကိုယ်တိုင်လည်း ကျွန်ုပ်တို့အိမ်ဘက်သို့ ရံဖန်ရံခါ ကူးလာတတ်သောကြောင့် ကျွန်ုပ်တို့က သွားရောက်လည်ပတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမွေးကောင်းကောင်း၊ အသားလတ်လတ်၊ နှာခေါင်းပေါ်ကြီးနှင့် အလွန်ခံ့ညားလှသော ထိုလူကြီး၏အမည်မှာ မူလာအီစမန်ဖြစ်၍ အသက်မှာ သုံးဆယ်ခန့်ရှိလေပြီ။ စင်စစ်အားဖြင့် သက်ကြီးရွယ်ကြီးမဟုတ်သော်ငြားလည်း ကျွန်ုပ်တို့ လင်မယားထက် ၄–၅–၆ နှစ်ကြီး၍ စိန်ကြည်ကြည်က အန်ကယ်ဟုခေါ်သည့်အတိုင်း ကျွန်ုပ်ကလည်း ထိုနည်းအတူ ခေါ်ငင်ရာ ဆက်ဆံကြပုံများမှာလည်း အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း တစ်တန်းကွာခြားသည့် အနေမျိုးဖြစ်လေသည်။

ထိုသူသည် ရန်ကုန်မြို့မှ အညာကို ကူးချည်လာလှည့်ပြုလုပ်နေရာ ရောက်လာသည့်အခါတိုင်း ကျွန်ုပ်တို့လင်မယားနှင့် အချိန်ကုန်လွန်စေသည်သာ များတော့သည်။ ကျွန်ုပ်တို့လင်မယားအနက်တွင် မူလာအီစမန်သည် စိန်ကြည်ကြည်ကိုပို၍ လေးစားဟန်တူပေရာ ကျွန်ုပ်ကမူ ကျွန်ုပ်မယားကို မည်သူကလေးစားသည်ဖြစ်စေ သဘောကျပြီးဖြစ်၍ ကျေနပ်လျက်ရှိ၏။ ခေါ်ပုံပြောပုံဆက်ဆံကြပုံများမှာလည်း တူဝရီးသဘောမျိုးဖြစ်သောကြောင့် ကျွန်ုပ်၏စိတ်ထဲတွင် သံသယကင်းရှင်းလှပေသည်။ တစ်ခါတစ်ရံတွင်မူ မူလာအီစမန်က ကျွန်ုပ်၏ မျက်မှောက်၌ စိန်ကြည်ကြည်၏ ပါးကိုဆွဲလိမ်ကာ ကျီစယ်ခြင်း၊ စိန်ကြည်ကြည်က သူ့ကျောကိုထုခြင်းများ မြင်ရသော်လည်း စိတ်ထဲ၌မည်သို့မျှ မရှိပေ။

ထိုအတောအတွင်း ကျွန်ုပ်တို့လင်မယားမှာ အကြီးအကျယ် မြင်းကန်ခံရလေသည်။ ဆိပ်ခွန်၌ရှိသော လယ်တော်အားလုံး ပြုတ်ပြုတ်ပြုန်း၍ စားစရာလည်း မရှိ၊ ရွာသို့ပြန်ရန် စရိတ်မျှပင်မရှိဘဲ အကျပ်ကြီးတွေ့နေကြလေပြီ။ မြင်းပွဲမှာ ၁၀၀ နိုင်သောအပတ်တွင် ပျော်ပျော်ကြီး သုံးဖြုန်းကြ၍ ၂၀၀ ရှုံးသောအပတ်တွင် မျက်နှာမဲ့နှင့် ဝမ်းလျားမှောက်အိပ်ခဲ့ရသော အကြိမ်ပေါင်းများခဲ့သဖြင့် ယခုတွင် ပေါင်နှံစရာလည်းမရှိ၊ ဆိုင်ကလေးမှကြွေးယူစား၍ ဆိုင်ရှင်ကလည်း ဆူပူလှလေပြီ။

မူလာအီစမန်သည် ကျွန်ုပ်တို့ လင်မယားမျက်နှာမသာခြင်းကို သိမြင်၍ စုံစမ်းမေးမြန်းရာ စိန်ကြည်ကြည်က ကျွန်ုပ်တို့၏ ငွေရေးကြေးရေးအခြေအနေမဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြောပြတော့သည်။ ထိုအခါ မူလာအီစမန်က ကူညီသော်လျှင် လက်ခံမည်လောမေးရာ မကြံတတ်အောင် ဖြစ်နေသော ကျွန်ုပ်တို့လင်မယားက လက်ခံပါမည်ဟု ပြောရတော့သည်။ သူ၏အစီအစဉ်မှာ အထက်မြန်မာပြည် ရွှေလီချောင်းဝ၌ တည်ရှိသော အင်းရွာအမည်ရှိ ရွာကလေးတွင် ၎င်းပိုင်ကုန်စုံဆိုင်တစ်ဆိုင်ရှိကြောင်း၊ ရွှေလီချောင်းတစ်လျှောက်လုံးတွင် မူလာအီစမန်ပိုင် ကုန်စုံဆိုင်အမြောက်အမြားရှိ၍ မန်နေဂျာများနှင့်လွှဲထားပြီးလျှင် ၎င်းက ရန်ကုန်သို့ ကုန်စည်ဝယ်ရန် ရုံဖန်ဆင်းလာရခြင်းဖြစ်ကြောင်း၊ အင်းရွာကုန်စုံဆိုင်၌ ခန့်ထားသော



မန်နေဂျာမှာ ရိုးဖြောင့်သည်မထင်သဖြင့် ၎င်းနေရာတွင် ကျွန်ုပ်တို့လင်မယားအား လုပ်လိုပါက ခန့်ထားမည်ဖြစ်ကြောင်း၊ လင်မယားနှစ်ယောက်အနက် တစ်ယောက်ဈေးရောင်း၍ တစ်ယောက်က စာရင်းကိုင်လျှင် မပင်ပန်းဘဲ ဝမ်းဝ၍ခါးလှနိုင်ကြောင်း၊ ကျွန်ုပ်တို့လင်မယားအား လခ ၃၀–စီပေးမည့်အပြင် အမြတ်ငွေထဲမှ ကော်မရှင်ရာခိုင်နှုန်း ၁၀ လည်း ပေးဦးမည်ဖြစ်ကြောင်း ပြောပြလေရာ ကျွန်ုပ်တို့ ဝမ်းမြောက်စွာ လက်ခံလိုက်ကြရလေသည်။

ကျွန်ုပ်တို့လင်မယားသည် မူလာအီစမန်၏စရိတ်ဖြင့် အင်းရွာသို့တက်သွားကြ၍ ကုန်စုံဆိုင်ကို ဦးစီးအုပ်ချုပ်ကြရာ ထိုခေတ်၌ ငါးတစ်ပိဿာခြောက်ပဲ၊ ရှစ်–ပဲ၊ ဝက်သားတစ်ပိဿာတစ်ကျပ်၊ ကြက်တစ်ကောင် ရှစ်ပဲ–ဆယ်ပဲ။ ဆီတစ်ပိဿာဆယ့်နှစ်ပဲ–တစ်ဆယ့်လေးပဲမျှသာ ပေးရ၍ ကုန်စုံဆိုင်တွင် အိမ်အဖြစ်နေရသည်လည်းဖြစ်သောကြောင့် ကော်မရှင်အပထား၍ လခသုံးဆယ်စီနှင့်ပင် အဝိုအမိုသုံးရန်မရှိသော ထိုအရပ်၌ ကောင်းစွာဖူလုံပေတော့သည်။ အင်းရွာသို့ ရောက်ကြ၍ လေးငါးခြောက်လအတွင်း အဖို့မှု ကျွန်ုပ်တို့မှာ လွန်စွာကျေနပ်နှစ်သိမ့်လျက် မူလာအီစမန်အား ကျေးဇူးရှင်ကြီးသဖွယ် သဘောထားမိကြပါတော့သည်။

ကျွန်ုပ်တို့၏ ကုန်စုံဆိုင်မှာ နှစ်ထပ်အိမ်ကြီးဖြစ်၍ အောက်ထပ်အရှေ့ပိုင်းတွင် ဆိုင်တည်ခင်းလျက် နောက်ပိုင်းတွင် ကျွန်ုပ်တို့လင်မယား ချောင်ချိစွာနေထိုင်နိုင်ပေသည်။ အပေါ်ထပ်မှာ မူလာအီစမန်သည် ရွှေလီမြစ်ရိုးတစ်လျှောက်ရှိဆိုင်များကို လှည့်လည်စစ်ဆေးရန် လာရောက်သောအခါများတွင် တည်းခိုရန်ဖြစ်လေသည်။ သို့ဖြစ်၍ အပေါ်ထပ်မှာ အများအားဖြင့် ပိတ်ထား၍၊ လာအီစမန်မူလာ ရောက်လာသော အခါမှ ခန်းဆီးများတပ်ဆင်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ပေးရလေသည်။

ခြောက်လခန့်ကြာလတ်သော် မူလာအီစမန်သည် ခန္တမံ(ထမင်းချက်)တစ်ယောက်၊ တပည့်လေးယောက်နှင့်ရောက်လာ၍ အပေါ်ထပ်၌တည်းခိုနေထိုင်လျက်ရှိ၏။ ၎င်းဒေသတွင် မူလာအီစမန်သည် ထိပ်တန်းအရာရှိများနှင့် ရောနှောဆက်ဆံနိုင်၍ ရွာတီးလုံးပိုင်းများသည် အဆိုအက၊ အတီးအမှုတ်များနှင့် လာရောက်ဖျော်ဖြေကြပေရာ အမြင်အားဖြင့် သူဌေးတစ်ယောက်အနေ ရှိပေတော့သည်။ မူလာ၏ထံတွင် ဘီဘီတီစီကိုယ်စားလှယ်များ၊ မြို့အုပ်၊ နယ်ပိုင်၊ တောအုပ်၊ ဝန်ထောက်စသော အရာရှိများအား ဖိတ်ခေါ်ကျွေးမွေးညှော့ခံသဖြင့် ကျွန်ုပ်တို့ဈေးဆိုင်မှာ ဘဏ္ဍာဖြုန်းဖြုန်းတည်းဖြင့် စည်ကားဆူညံလှပေသည်။

ထိုရက်များအတွင်း၌ စိန်ကြည်ကြည်သည် မူလက သဘောသည်ဖြစ်ခဲ့သည့်အလျောက် မူလာအီစမန်၏ တောင်းပန်တိုက်တွန်းချက်အရ တီးဝိုင်းများ

www.burmeseclassic.com

www.burmeseclassic.com



တွင် တေးသီချင်းများ သီဆိုလေရာ ကျွန်ုပ်မှာ ဓာတ်ပေါ်မည်စိုး၍ ရှက်သော်လည်း ကျေးဇူးရှင်သဖွယ်ဖြစ်နေသူ၏ တိုက်တွန်းချက်ဖြစ်သောကြောင့် အောင့်အီးသည်း ရတော့၏။ မူလာရောက်လာသည့်နေ့မှစ၍ စိန်ကြည်ကြည်မှာ အပေါ်ထပ်တွင် တစ်နေ့ထက်တစ်နေ့ အချိန်ကုန်များလာခဲ့ရာ နောက်ဆုံးတွင် ချက်ပြုတ်ရေး သောက်ရုံနှင့် အိပ်ရုံလောက်သာ ဆင်းလာတော့သဖြင့် ဆိုင်တာဝန်ကို ကျွန်ုပ်တစ် ယောက်တည်း ထမ်းရတော့၏။ သို့သော် မူလာတစ်သက်လုံးနေမည်မဟုတ် ကာ ဖြေဆည်ရ၍ မျက်နှာသုန်မှုန်သော အခါများတွင် စိန်ကြည်ကြည်က ကျွန် ကလျစကားများနှင့် ပွတ်သီးပွတ်သပ်လုပ်လိုက်ခြင်းဖြင့် စိတ်ဖြေရလေတော့သည်။

မူလာအီစမန်ကိုယ်တိုင်ကလည်း ကျွန်ုပ်အား သူ၏ လခစားတစ်ယောက် အနေဖြင့် သဘောမထားဘဲ အတန်းတူလူချင်းကဲ့သို့ ရှေးကအတိုင်း ခေါ်ပြော ဆက်ဆံပေးသဖြင့် ကျေနပ်ရပါတော့သည်။ သို့သော် နယ်အရာရှိများနှင့် သူဌေး ကိုယ်စားလှယ်များအား ညစာတည်ခင်းကျွေးမွေးခြင်းသို့ ကျွန်ုပ်အား ဖိတ်ကြား သော်လည်းမသွား၊ စိန်ကြည်ကြည်သာလျှင် သွားလေ့ရှိ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် သင်္ဘောမှရောက်လာသည့် ကုန်ပစ္စည်းများ ဆိုင်ထဲတွင် နေရာတကျ စီစဉ်တည်ခင်းလျက်ရှိစဉ် ပင်နီအင်္ကျီကို ကွင်းထိုးခုံ နှင့် ကောင်းဘွိုင်ဦးထုပ်မျိုး ဆောင်းထားသည့်လူတစ်ယောက် ဆိုင်ထဲသို့ဝင်လာ ၍ ပခုံး၌ လွယ်ထားသော လွယ်အိတ်ကို ခုံတန်းလျားပေါ်သို့ ပစ်ချလိုက်ပြီးလျှင်–

"အီစမန်ဆိုတဲ့ကောင် ဘယ်မလဲ" ဟု မေးလိုက်၏။

ကျွန်ုပ်သည် အလွန်အံ့ဩ၍ ထိုသူကို မော့ကြည့်လိုက်ရာ အလွန်တင်း ခက်ထန်သော မျက်နှာထားနှင့် လွန်စွာကြီးမားသော မေးရိုးကြီးအပြင် နက်မှောင် တုတ်ခိုင်သော မျက်ခုံးများအောက်၌ နက်လှစွာသော မျက်ကွင်းထဲတွင် မျက်လုံး ကလေးနှစ်လုံး တလက်လက်တောက်ပနေသည်ကို မြင်ရ၏။ အသက်မှာ သုံး ဆယ်ကျော်ရုံမျှ ရှိဦးမည်ဖြစ်သော်လည်း လောကကို ဂရုမစိုက်သောဟန်အမူအရာ ကြောင့် လေးဆယ်ကျော်ရှိပြီဟု ထင်စရာဖြစ်၏။

"ဘယ်က အီစမန်ကိုမေးပါသလဲခင်ဗျာ၊ ကျွန်တော်တို့ဆီမှာ"

"ဘယ်က အီစမန်ရမှာလဲ မူလာအီစမန်ဆိုတဲ့ကောင်ပေါ့။ ဒီဆိုင် သူ့ဆိုင် မဟုတ်လား"

ထိုခဏတွင် သင်္ဘောမှဈေးဝယ်၍ အတူတကွပြန်လာကြသော စိန်ကြည် ကြည်နှင့် မူလာအီစမန်တို့သည် ဆိုင်ရှေ့သို့ရောက်လာကြရာ မူလာအီစမန်သည် ထိုသူကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် တံခါးဝတွင် ရပ်တန့်ကာ မျက်မှောင် ကြုတ်လျက်–



"ဟေ့ကောင် ဘာလာရှုပ်နေတာလဲ"

ဟု မေးလိုက်၏။ ထိုသူသည် တံခါးဘက်သို့ ချာခနဲလှည့်၍ ရင်ဘတ် ကော့ကာ ရပ်လျက်–

"ဘာမှလာမရှုပ်ဘူး။ ငါ့ပိုက်ဆံပြန်တောင်းချင်လို့လာတာ။ ပြန်ပေးမလား မပေးဘူးလား" ဟု ရှူးတင်းတင်းဖြင့်မေးလိုက်၏။

ထိုအခါ မူလာအီစမန်၏ မျက်နှာသည် ပန်းဆီနှင့်ပက်ဖျန်းလိုက်သကဲ့သို့ ရဲခနဲနီတက်လာ၍ လက်သီးဆုပ်ကာ ရှေ့သို့လှမ်းတက်လာရာ ကျွန်ုပ်မှာ ရန်ဖြစ် ကြတော့မည်ဟုသိသော်လည်း မဖျန်ဖွံ့သည်နှင့် ကြည့်နေရ၏။ မူလာအီစမန်မှာ ခြောက်ပေနီးပါးမြင့်၍ အရပ်နှင့်လိုက်အောင် ရင်ပြင်ကျယ်လျက် ဒုကောင်းသူဖြစ် ရကား ခပ်ပျပ်ပျပ်ရှိသော ဧည့်သည်ကို မွှေ့ရမ်းနိုင်လိမ့်မည်ဟု စိတ်ချမိသည်နှင့် ကျွန်ုပ်အဖို့ စိုးရိမ်ပူပန်ခြင်းမရှိဘဲ ကြည့်နေမိ၏။

မူလာအီစမန်သည် ထိုသူအနီးသို့ရောက်၍ လည်ကုပ်ကို ကိုင်ဖမ်းသည့် ဟန်ဖြင့် လက်လှမ်းလိုက်သည်နှင့်တစ်ပြိုင်နက် ထိုသူသည် လက်ကိုဆတ်ခနဲဆန့် လိုက်သည်တွင် ထောက်ခနဲမြည်သံကြား၍ မောင်းဖွင့်ပြီးသောမောင်းချဓားတစ် ချောင်းကိုင်လျက် ဖြစ်နေလေတော့သည်။ ဤတွင် လည်ကုပ်ဆီသို့ လှမ်းမည်ပြု နေသောမူလာ၏လက်သည် တန့်ခနဲရပ်နေစဉ်ထိုသူက–

"ငါ့ကို တစ်ချက်မထိနဲ့နော်။ အူပွေ့နေရစ်စေမယ် မြင်ရဲ့လား"

ဟု ဓားကိုပြလေသည်။

ထို့နောက် လူနှစ်ယောက်တို့သည် တစ်ယောက်၏မျက်နှာကို တစ် ယောက် စေ့စေ့ကြည့်လျက် တစ်မိနစ်ခန့်မျှ ရပ်နေကြရာ ကျွန်ုပ်သည် ၎င်းတို့၏ မျက်နှာကို တစ်ယောက်စီကြည့်လိုက်မိ၏။ ထိုသူ၏မျက်နှာမှာ ပြောင်လှောင်သော အမူအရာနှင့် ပြုံးစိစိရှိနေရာ မူလာမှုကား ပထမ၌ ဒေါသတကြီးရှိနေရာမှ တဖြည်း ဖြည်းပျော့ကျလာတော့သည်။ နောက်ဆုံး၌ မူလာက–

"လာ အိမ်ပေါ်လိုက်ခဲ့" ဆို၍ လှေခါးမှ တက်သွားရာ ထိုသူလည်း လွယ်အိတ်ကိုကောက်ယူ၍ နောက်မှ လိုက်ပါသွားလေသည်။

၎င်းတို့သည် အိမ်ပေါ်မှ ၁၅ မိနစ်ခန့် တီးတိုးစကားပြောနေကြသည်ကို ကျွန်ုပ်တို့လင်မယားလည်း အောက်မှနားထောင်နေကြ၏။ တစ်ချက်တစ်ချက်တွင် မူလာက ဒေါသနှင့်ပြောသောအသံမျိုးပေါ်ထွက်လာရာ ထိုလူက ပမာမခန့်သော အမူအရာနှင့် တခစ်ခစ်ရယ်မောလေတော့သည်။ နောက်ဆုံး၌ ဧည့်သည်သည် ဆိုင်ရာမှထ၍ အောက်သို့ဆင်းမည့်လက္ခဏာနှင့် လှေကားထိပ်သို့ရောက်သည် တွင် မူလာလိုက်လာ၍–

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဒီဟာ နောက်ဆုံးပဲဟေ့ သခင်ဇော်ဟန်၊ နောက်တစ်ခါ လာရှုပ်ရင် ထောင်ကျကျတန်းကျကျ ငါမခံတော့ဘူးမောင်ရေ"

ဟုဆိုကာ တစ်စုံတစ်ရာ ပေးလိုက်ဟန်တူ၏။

သခင်ဇော်ဟန်ဆိုသူလည်း တစ်စုံတစ်ခုကို လွယ်အိတ်ထဲသို့ထည့်ရင်း လှေကားမှဆင်းလာ၍–

"လာမရှုပ်စေချင်ရင် အားလုံးပြန်ပေးပါတော့လားကွ"

ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားလေတော့သည်။

သူ၏ ခြေလှမ်းပုံကိုကြည့်ရခြင်းအားဖြင့် မူလာအီစမန်နှင့် စကားစစ်ထိုးရာတွင် အနိုင်ရသွားဟန်တူလေသည်။ ထို့နောက်တွင် မူလာအီစမန်၏ မျက်နှာမှာ ခပ်သုန်သုန်ရှိနေ၍ အင်းရွာတွင် ဆက်လက်မနေတော့ဘဲ နှစ်ရက်၊ သုံးရက်အတွင်း ပြန်သွား၏။ မသွားမီ သခင်ဇော်ဟန်အကြောင်း အနည်းငယ်ပြောပြသဖြင့် ကြားသိရသည်မှာ ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြ၍ အလုပ်တစ်ခုဖက်စပ်လုပ်ကိုင်ကြရာတွင် ဆုံးရှုံးခြင်းများအတွက် လိမ်ချသည်ဟု စွပ်စွဲဆူပူပြီး အမြဲနှောင့်ယှက်သူ တစ်ယောက်ဟူ၍ ပြောပြလေ၏။

မူလာအီစမန်ပြန်သွားပြီးနောက် သုံးရက်ခန့်ကြာလတ်သော် သခင်ဇော်ဟန်ဆိုသူသည် လှေတစ်စီးနှင့် ဆိုက်ရောက်လာပြန်၍ မူလာအကြောင်း မေးမြန်းရာ ကျွန်ုပ်က ပြန်သွားပြီဖြစ်ကြောင်း ပြောပြ၏။ လှေပေါ်တွင် ရွှေလီရိုးမှ ဝယ်ခဲ့သည့် ငါးခြောက်များပါရှိသည်ဆို၍ ကျွန်ုပ်တို့၏ ဆိုင်၌ တည်ခင်းရောင်းချဖို့ပြောရာ ကျွန်ုပ်မှာ အမြတ်ရဖို့ မျှော်လင့်သည့်အပြင် ထိုသူကို မြင်ကတည်းက စိတ်ထဲ၌ သဘောကျလျက်ရှိသည်နှင့် တည်းခိုရန်သဘောတူလေသည်။ ကုန်များကို ကျွန်ုပ်တို့၏ ဆိုင်၌ တည်ခင်းရောင်းပေးစဉ် သခင်ဇော်ဟန်အား အပေါ်ထပ်၌ တည်းခိုစေရာ ဆိုင်ရှင်မူလာသဘောမတူထားဘိဦး၊ မည်သည့်နည်းနှင့်မျှ ရုတ်တရက် ရောက်လာဖို့မရှိဆို၍ တာဝန်ယူကာ လက်ခံလိုက်ရသည်။

သခင်ဇော်ဟန်ကား လူပေါင်းစုံ၍ အလုပ်ပေါင်းစုံ လုပ်ဖူးသူတစ်ယောက်ဖြစ်သဖြင့် ဗဟုသုတအလွန်စုံလှ၍ သူပြောသမျှ စကားများမှာ ကျွန်ုပ်အဖို့တွင် နားမငြီးနိုင်အောင် ရှိတော့သည်။ လက်ဖွေ့လည်းသတ်ဖူး၏။ လှေထိုးသမားလည်း ဖြစ်ဖူး၏။ ကုန်သည်လည်း လုပ်ဖူး၏။ စာရေးလည်းဖြစ်ဖူး၏။ ဘိန်းလည်းချဖူး၏။ နိုင်ငံရေးသမားလည်း ဖြစ်ဖူး၏။ ရှေ့နေစာမေးပွဲလည်း အောင်ခဲ့လေသည်။ မြန်မာတစ်ပြည်လုံး သူ မရောက်ဖူးသောမြို့၊ မအိပ်ဖူးသောနေရာ မရှိသလောက် နည်းပါးပေသည်။



ကျွန်ုပ်မှာ လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ငါးခြောက်ကို မပြတ်စေရအောင် ချတ်ပြီးလျှင် စကားလက်ဆုံဝင်နေကြသည်မှာ ပြောဖွယ်ရာမရှိတော့ချေ။ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ဘာကိုမျှကြောက်ရွံ့ဟန်လက္ခဏာမရှိ၊ နေရာတကာတွင် လက်ရဲအာရဲရှိလှသော သခင်ဇော်ဟန်မှာ ကျွန်ုပ်၏ မယားစိန်ကြည်ကြည်နှင့် မျက်နှာချင်းဆိုင်မိသည့်အခါတိုင်း ရှိုးတိုးရှန့်တန့်ဖြစ်၍ စကားမပြောတတ်သလို ဆွံ့အလျက်ရှိ၏။ တစ်ချက်တစ်ချက်၌ စိန်ကြည်ကြည်က ဈေးဆိုင်၌ပစ္စည်းများချိန်တွယ်ရောင်းချလျက်ရှိစဉ် သခင်ဇော်ဟန်က အဝေးမှကြည့်နေလိုက်ပုံ မျက်နှာထားမှာ သခင်၏ မျက်နှာကိုမော့ကြည့်သော ခွေးကဲ့သို့သဏ္ဌာန်ရှိသော အခြင်းအရာသည် ထင်လင်းစွာပေါ်ထွက်လျက်ရှိတော့သည်။

ကျွန်ုပ်၏ မယား စိန်ကြည်ကြည်မှာ မူလာအီစမန်တို့ရှိစဉ်က အတီးအမှုတ်ပါသနာကြောင့် ပျော်ရွှင်စွာရှိသော်လည်း ထို့နောက်၌မူ ပျင်းရိငြီးငွေ့သော အမူအရာများ တွေ့မြင်ရ၏။ ဆိုင်၌ထိုင်၍ ဈေးရောင်းသော်လည်း တမှိုင်မှိုင်တတွေတွေ ဖြစ်နေတော့သည်။ ကျွန်ုပ်က မေးသောအခါ ဘာမှမဖြစ်ဟု ပြောသော်လည်း မကြည်ရွှင်ကြောင်းကား ထင်ရှား၏။

ထိုအတောအတွင်း မူလာအီစမန်ထံမှ ကုန်များလည်း ရောက်မလာသည်နှင့် မန္တလေးမြို့သို့ ကုန်ဝယ်ဆင်းရန်ကိစ္စဖြစ်ပေါ်လာရာ စိန်ကြည်ကြည်က သူ သွားပါရစေဟု တောင်းပန်၏။ ကျွန်ုပ်ကလည်း စိတ်ပြေလက်ပျောက်ရှိပါစေတော့ ဆို၍ ဆိုင်မှစုဆောင်းရရှိသော ငွေများနှင့်တကွ မန္တလေးသို့ကုန်ဝယ်ရန် ခေါ်လွှတ်လိုက်၏။

အင်းရွာသို့အစုန်သင်္ဘော ဆိုက်လာသဖြင့် ကျွန်ုပ်သည် စိန်ကြည်ကြည်ကို သင်္ဘောသို့လိုက်ပို့သည်။ သင်္ဘောပေါ်တွင် နေရာထိုင်ခင်းများ ရှာပေးပြီးနောက် သင်္ဘောထွက်ခွာသွားရာတွင် ကမ်းမှထိုင်ကာ မျှော်ကြည့်မိ၏။ သင်္ဘောသည် မြစ်လယ်၌ ပေါ်ထွန်းနေသော သောင်ကြီးကို ကွေ့ပတ်၍ ခုတ်ရသဖြင့် သင်္ဘောတစ်စီးလုံးကို သောင်ကွယ်သွားသည်တွင် သင်္ဘောပေါ်မှ လက်ကိုင်ပုဝါလေး ယမ်းပြနေသော စိန်ကြည်ကြည်သည်လည်း သင်္ဘောနှင့်အတူ ကွယ်သွားလေတော့သည်။

ကျွန်ုပ်သည် ထိုင်ရာမှထလိုက်သောအခါ၌ အလွန်စိတ်လေးလှ၍ စိန်ကြည်ကြည်ကို နောက်ဆုံးမြင်ရခြင်းဖြစ်လေရော့သလားဟု စဉ်းစားမိလေရာ တင်ကြိမ်တစ်ခါမျှ မခွဲဖူးသည့် လင်မယားဖြစ်သောကြောင့် လွမ်းဆွတ်သည့်အတွက် တွေးမိတွေးရာ တွေးခြင်းဖြစ်တန်ရာသည်ဟု ဖြေဆည်လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ကြည်ကြည်မှာလည်း မန္တလေးသို့သွားဖို့ ကျွန်ုပ်ဆုံးဖြတ်ကတည်းက ကျွန်ုပ်အပေါ်၌ ကြင်နာသော အမူအရာအသစ်လောင်း၍ ဖော်ပြခြင်းများသည်လည်း စိတ်ထဲ၌ တရေးရေးပေါ်လာတော့သည်။

စိန်ကြည်ကြည် မန္တလေးသို့သွားသည့်နေ့မှစ၍ သခင်ဇော်ဟန်သည် ချက်မှုပြုတ်မှု၊ ဖွပ်လျှော်မှုစသော အိမ်ထောင်ရှင်မ တာဝန်များကို လိုလိုချင်ချင် ဆောင်ရွက်သည့်ပြင် ကျွန်ုပ်မငြီးငွေ့စေရန် ကိုယ်တွေ့အဖြစ်အပျက်အဆန်းအပြားများ ပြန်ပြောင်းပြောပြခြင်းအားဖြင့် ဖျော်ဖြေလေရကား ကျွန်ုပ်မှာ ထိုသူအပေါ်တွင် အခင်ကြီးခင်မင်၍ အလွန်လည်း အားထားမိတော့သည်။

ကျွန်ုပ်စိတ်ညှိုးငယ်ပုံရလျှင် ရွှင်ပျသောမျက်နှာဖြင့် ရယ်စရာပုံတိုပတ်စများ ပြောခြင်း၊ တိုင်ပင်သည့်အခါများတွင် လေးနက်သော အကြံဉာဏ်များပေးတတ်ခြင်း၊ ကိစ္စရှိ၍ ခိုင်းစေသောအခါ အလွန်ဖင်ပေါ့ခြင်းစသည်ဖြင့် အလိုဖြည့်လျက်ရှိသော်ငြားလည်း မိုခိုကပ်ရပ်စားသောက်ခြင်းမဟုတ်၊ အမဲသားငါးဝယ်ချက်သည့်အခါများတွင် သူ၏အိတ်ထဲမှ ပိုက်ဆံကလေးကို ထုတ်ပေးရန်ဦးမလေးချေ။

ချက်ပြုတ်သည့်တာဝန်နှင့်ပင် သူ့တစ်ဝမ်းစာအတွက် တန်နေပြီဖြစ်သော်လည်း သခင်ဇော်ဟန်သည် ကုန်ကျသမျှ စရိတ်အတွက် အနည်းဆုံးတစ်ဝက်တာဝန်ခံရမှ ကျေနပ်တော့သည်။ စိန်ကြည်ကြည်သွားသောနေ့မှစ၍ ကျွန်ုပ်သည် သခင်ဇော်ဟန်အပေါ်တွင် ညီရင်းအစ်ကိုနှင့် မိတ်ဆွေကောင်းနှစ်ဦး ပေါင်းထားသကဲ့သို့ ခင်မင်အားကိုးလျက်ရှိတော့သည်။

သခင်ဇော်ဟန်နှင့်ပတ်သက်၍ တစ်ခုတည်းသော အချက်သည်သာလျှင် ကျွန်ုပ်၌ နောက်ဆံတင်းမိ၏။ အတွေ့အကြုံများ၍ မဟုတ်လျှင် မခံချင်တတ်သော ဝါသနာရှိသည့်ပြင် တရားရုံးကို အားမကိုးဘဲကိုယ်တိုင်လက်စားချေတတ်သော အလေ့အထလည်းရှိသူတစ်ယောက်လည်း ဖြစ်ပေရကား လူသုံးယောက်ထက်မနည်း ရိုက်ခွဲဖူး၍ နှစ်ယောက်ထက်မနည်း အသေသတ်ဖူးခဲ့သူဖြစ်၏။ ကြံရာရေသဖြင့် လေ့ထိုးသမားလုပ်ခဲ့စဉ်က တစ်ခေါက်အတွက် လေ့ထိုးခမပေးဘဲ ယီးတီးယားတားလုပ်သော လေ့သူကြီးတစ်ယောက်အား ထိုးဝါးဖြင့်ထိုးသတ်ခဲ့ပုံများကို ပြောပြသည်မှာ ကြက်သီးထစရာကောင်းလှတော့သည်။

သခင်ဇော်ဟန်သည် မိမိလုပ်ခဲ့သော ဆိုးရွားမှုများကို ပြောပြသောအခါများတွင် နောင်တရသော အမူအရာမျိုးမဟုတ်။ ယခုကြုံလျှင် ယခုပင်လုပ်ဦးမည့် အနေမျိုးဖြင့် မြိန်ဖွယ်ရှက်ဖွယ်ပြောပြလေသည်။ ကျွန်ုပ်က ထုတ်ဖော်လိုက်လျှင် သူ့၌ဒုက္ခရောက်ချေတော့မည် ဟူ၍မူကား အနည်းငယ်မျှ စိုးရိမ်ပူပန်သည့်လက္ခဏာမရှိချေ။ သစ္စာဖောက်ဝံ့လျှင် ဖောက်ချေတော့ဆိုသော အနေဖြင့်ပြောပြခြင်းဆ



သော သို့တည်းမဟုတ် ကျွန်ုပ်ကို ယုံကြည်စိတ်ချပြီဖြစ်သောကြောင့်ပေလော ဆိုသည်ကိုမူ ကျွန်ုပ်မခွဲခြားနိုင်ပေ။

မူလာအီစမန်နှင့် ဘယ်ကဲ့သို့အနာဂတ်ရှိခဲ့ဖူးသည့်အကြောင်းကိုမူ သခင်ဇော်ဟန်သည် ကျွန်ုပ်အား ပြောမပြချေ။ ကျွန်ုပ်တိုက်ရိုက်မေးသောအခါ၌ပင်

"မသိချင်ပါနဲ့ဗျာ။ တစ်ယောက်အပေါ်မှာဆိုးပေမယ့် တစ်ယောက်အပေါ်ကျတော့ ကောင်းချင်ကောင်းနိုင်တာမျိုးပဲ။ ဟိုတုန်းကဆိုးပေမယ့် အခုကောင်းချင်လည်း ကောင်းနိုင်တာပဲ"

ဟူ၍သာ ပြန်ပြော၏။ လက္ခဏာမှာ မူလာအီစမန်သည် ကျွန်ုပ်၏ကျေးဇူးရှင်ဖြစ်၍ ကျွန်ုပ်က အထင်ကြီးလျက်ရှိသည်ကို မဖျက်ဆီးလိုသော ဆန္ဒပင်ဖြစ်ဟန်တူပေသည်။

ထိုအတောအတွင်း မန္တလေးသို့စိန်ကြည်ကြည်သွားခဲ့သည်မှာ သဆောင်နှစ်ပတ်ရှိခဲ့လေပြီ။ မူလအစီအစဉ်မှာ လိုက်သွားသောသဘော်နှင့်ပင်ပြန်၍ လိုက်ခဲ့ဟန်ဖြစ်၏။ ယခုမှာ နှစ်ပတ်သာတိုင်၍ လူလည်းမပြန်လာ၊ စာလည်းမရှိချေ။

စိန်ကြည်ကြည်မပြန်လာသည့်အတွက် ကျွန်ုပ်မှာ ယောက်ယက်ခတ်နေသော်လည်း သခင်ဇော်ဟန်သည် မသိချင်ပြု၍နေ၏။ သူကိုယ်တိုင်မှာလည်း စိတ်မကောင်းဖြစ်နေသည်ကို ကျွန်ုပ်ရိပ်မိ၏။ သို့သော် စိန်ကြည်ကြည်အကြောင်းကို ကျွန်ုပ်ကလည်း စ၍မပြော၊ သူကလည်း သတိမပေးချေ။

နှစ်ပတ်ကျော်၍ သုံးပတ်ရောက်လာသောအခါမှ ကျွန်ုပ်က ထမင်းစားကြရင်း စိန်ကြည်ကြည်ချက်သော ချဉ်ရည်ဟင်းအကြောင်းပြောရာမှ ယခုတိုင်မပြန်လာသေးကြောင်း ပြောမိသည်တွင် သခင်ဇော်ဟန်–

"မူလာအီစမန်နှင့် ကျုပ်တော့ ဒီတစ်ခါမှ ဓာတ်သိမ်းခန်းကပြကြရလိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်၏။ ကျွန်ုပ်က မည်သည့်အဓိပ္ပာယ်နှင့်ပြောသည်ဟု ထပ်၍မေးသော်လည်း ဘာမျှပြန်မပြောတော့ချေ။

စတုတ္ထအပတ် ရောက်လတ်သော် ကျွန်ုပ်မှာ စိန်ကြည်ကြည်ကြောင့် နေမထိထိုင်မထိဖြစ်လာ၍ မန္တလေးသို့ ကိုယ်တိုင်လိုက်သွားရန် စီမံရလေသည်။ ကျွန်ုပ်၏အကြံကို သခင်ဇော်ဟန်အား ပြောပြသောအခါ ထိုသူက ကုန်စုံဆိုင်နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသမျှကို ကိုယ်ဖိရင်ဖိဆောင်ရွက်၍ ငွေကြေးမဆုံးရှုံးရစေအောင် ကြိုးစားပါမည်ဟု ကတိပေးပြီးလျှင် ဆိုင်၌ရှိသော ကုန်စည်များကို အတွက်စစ်ဆေး၍ စာရင်းအင်းပြုလုပ်ထားခဲ့ဖို့ပြော၏။ ကျွန်ုပ်က သခင်ဇော်ဟန်ကို ယုံကြည်သည်တစ်ကြောင်း၊ မယားစိတ်ကြောင့် ဈေးဆိုင်အရေးမကြီးဘဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတော့သည်တစ်ကြောင်းကြောင့် ဆိုင်တစ်ဆိုင်လုံး လွှဲအပ်ခဲ့ပြီးလျှင် နောက်တစ်ပတ်စာပို့သင်္ဘောနှင့် မန္တလေးသို့ လိုက်ခဲ့လေသည်။

ဂေါ်ဝိန်ဆိပ်ကမ်း၌ သင်္ဘောဆိုက်၍ အိပ်ရာလိပ်နှင့် ထုန်းခေါက်ဖာကလေးကို ကူလီထမ်းစေလျက် ကုန်းပေါ်သို့တက်လာခဲ့သည်တွင် တောအုပ်ကလေးကိုသာလှနှင့်တွေ့၍ အံ့အားသင့်ပုံရသော မျက်နှာထားကိုမြင်လိုက်ရ၏။ ကျွန်ုပ်သည် ကိုသာလှ၏မျက်နှာထားကို မသင်္ကာသည်နှင့်ကပ်၍ မေးမြန်းရာ ကိုသာလှက–

"ကျုပ်တို့မြန်မာအချင်းချင်းမို့လို့ မခံချင်ဘူးဗျာ။ ကျွန်တော်ပြောရရင် ခင်ဗျား စိတ်ဆိုးမှာလား"

"ဟာ ဘယ်ကလာ စိတ်ဆိုးရမှာလဲဗျာ–ပြောသာပြောပါ"

"ခင်ဗျားမိန်းမ အင်းရွာကလာတာ ဘယ်လောက်ကြာပြီလဲ"

"သုံးလေးပတ်ရှိပါပြီ။ ဘာကြောင့်လဲဗျာ"

ရင်ထဲ၌ကား တင်းပုတ်ကြီးများ ထုနက်သကဲ့သို့ တဒိုင်းဒိုင်း တဒိန်းဒိန်းမြည်နေလေပြီ။

"အာဠဝီစီလမ်းက ဟိုတယ်ခင်ဗျားသိသလား"

"သိတယ်ဆိုပါတော့ ကျုပ်ရှာတတ်ပါတယ်"

"အဲဒီဟိုတယ်မှာ ရှိတယ်။ ကျုပ်တို့တစ်ခေါက် ရောက်သွားလို့ မြင်ခဲ့ရတယ်"

"သူတစ်ယောက်တည်းလား"

"ဟုတ်မယ်မထင်ဘူးလေ၊ မိန်းမတစ်ယောက်တည်း ဟိုတယ်မှာ ဘယ်တော့တည်းမှာလဲ"

"ကျေးဇူးတင်တယ်ဗျာ"

ကျွန်ုပ်သည် မြင်းရထားတစ်စီးပေါ်သို့တက်၍ အာဠဝီစီလမ်းဟိုတယ်သို့ မောင်းစေရာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား၍ ဆိုင်းဘုတ်နှင့်တကွ တွေ့မြင်ရ၏။ အမှန်ကိုဆိုရလျှင် ကျွန်ုပ်၌ မည်သို့သည့်ကြံရွယ်ချက်မျှမရှိ။ စိန်ကြည်ကြည်ကိုနမြောသောစိတ်တစ်ခုတည်းသာရှိ၍ တွေ့လိုသော ဇောသည်သာလျှင် ပြင်းထန်နေတော့သည်။

ပစ္စည်းကလေးများကို မြင်းရထားပေါ်တွင် ထားခဲ့၍ မြင်းရထားသမားအားလည်း စောင့်နေဖို့မှာထားခဲ့ပြီးလျှင် ကျွန်ုပ်သည် ဟိုတယ်အပေါ်ထပ်သို့ တည့်တည့်ကြီးတန်း၍ တက်သွားတော့သည်။ ဟိုတယ်အစေခံများလည်း ကျွန်ုပ်ကို ငေးငေးမောင်းထင်၍ မမေးမြန်းဘဲ ကြည့်နေလိုက်ကြသည်။ ၎င်းအထပ်တွင် အခန်း



သုံးခန်းရှိသည့်အနက် လူသံကြားရသောအခန်းသို့သွား၍ တံခါးကိုတွန်းဖွင့်လိုက်ရာ မူလာအီစမန်နှင့် စိန်ကြည်ကြည်တို့သည် စားပွဲကလေးတစ်ခုအနီး ကုလားထိုင်တစ်လုံးစီတွင်ထိုင်လျက်ရှိသည်ကို တွေ့ရ၏။ ၎င်းတို့နှစ်ယောက်သည် ကျွန်ုပ်တို့မြင်သောအခါ အလန့်တကြားဖြစ်၍ စိန်ကြည်ကြည်မှာ ရှက်လှသဖြင့် မျက်နှာနီသွားသော်လည်း မူလာအီစမန်ကမူကား နှုတ်ခမ်းမွေးများ ထောင်လာတော့သည်၊

ကျွန်ုပ်သည် အတွင်းသို့ဝင်၍ အခန်းတံခါးကို ပိတ်လိုက်ပြီးနောက် လက်ပိုက်လျက် ရပ်ကြည့်နေရာ မူလာအီစမန်က စတင်၍–

"ဘာလဲ ဘာပြောချင်သလဲ"ဟု စော်စော်ကားကား မေးလိုက်ချေသေး၏၊

ကျွန်ုပ်ကမူ ကျေးဇူးရှင်ဖြစ်ခြင်းကို သတိရ၍ သူ့အား မည်သို့မျှပြန်မပြောဘဲ စိန်ကြည်ကြည်ဘက်သို့လှည့်၍–

"လာ သွားမယ် မယ်ကြည်"

စိန်ကြည်ကြည်လည်း ထတော့မည်ပြုပြီးမှ ပြန်ထိုင်၍ အီစမန်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အီစမန်လည်း နှုတ်ခမ်းမွေးသပ်လျက် ပြုံးစိစိမျက်နှာနှင့် ကျွန်ုပ်ကို လှမ်းကြည့်၍–

"ရအောင် ခေါ်နိုင် ခေါ်သွားလေ"ဟု ပြော၏။

"လာလေကွယ် မယ်ကြည်၊ သွားကြမယ်"

စိန်ကြည်ကြည်လည်း ရှိုက်ကြီးတငင် ငိုလေတော့သည်။

ကျွန်ုပ်သည် အီစမန်၏လက်ဝယ်သို့ရောက်နေသောစိန်ကြည်ကြည်ကို သနားသောစိတ်သာရှိ၍ ပမာမခန့်လုပ်နေသော အီစမန်အပေါ်၌သာ ထောင်းခနဲဒေါသထွက်လာရကား စားပွဲလေးကို ကွေ့ရှောင်သွား၍ အီစမန်၏မျက်နှာကို လက်သီးနှင့် တအားကျုံးလိုက်တော့သည်။ အီစမန်သည် လက်ယာဘက်နားရွက်ကိုသာ ပွတ်သွား၏။ နောက်တစ်ခဏ၌ အီစမန်သည် ကုလားထိုင်မှ ရုတ်တရက်ထ၍ လက်သီးတစ်လုံး လွှတ်လိုက်ရာ ကျွန်ုပ်မှာ လက်သီးလာနေသည်ကို အထင်းသားမြင်ရသော်လည်း ဒေါသကြောင့် ရှောင်တိမ်းဖို့ သတိမရသည်နှင့် မျက်စိနှစ်လုံးအကြား နှာယောင်သို့တည့်တည့်ထိသွားသဖြင့် ဖင်ထိုင်ကျသွားပါသည်။

ဤအချိန်တွင်မှ ဗလချင်းလည်းမတူ၊ လက်နက်လည်းမပါသည့်အဖြစ်ကို သတိရ၍ အားမတန်မာန်လျှော့ပြီးလျှင် စိန်ကြည်ကြည်ကိုသာ ခေါ်ပါတော့သည်၊ စိန်ကြည်ကြည်သည် ဖူးရောင်လာသော ကျွန်ုပ်၏နှာရင်းကိုမြင်ရ၍ အံ့နားဟန်တူသော်လည်း ထိုင်ရာမှမထဘဲ ငိုင်နေလေရာ ကျွန်ုပ်လည်း ချွန်နေလှည့်ထွက်၍ တိုက်ပေါ်မှဆင်းလာခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးရောင်သောနဖူးကို လက်ကိုင်ပုဝါဖြင့် ဖိုးကွယ်လျက် ကျွန်ုပ်သည် ကျိုတယ်အောက်ထပ်မှဖြတ်၍ မြင်းရထားပေါ်သို့ တက်သွားပြီးလျှင် ညောင်ပင်ဈေးအနီးရှိ မိတ်ဆွေတစ်ယောက်၏အိမ်သို့ မောင်းနှင်စေသည်။

နောက်တစ်နေ့တွင် အင်းရွာရှိ သခင်ဇော်ဟာန်ထံသို့ ကြေးနန်းတစ်စောင် ရိုက်ကြားလိုက်၏။ ၎င်းကြေးနန်းတွင် ကျွန်ုပ်တို့ ပြန်လာတော့မည်မဟုတ်ကြောင်း၊ ဆိုင်ကို အရပ်လူကြီးသို့အပ်ခဲ့ပြီး သဘောရှိရာသို့ သွားနိုင်ကြောင်းများ ပါရှိလေသည်။

ကျွန်ုပ်အဖို့ မည်သို့ပြုရချေမည်နည်း။ အီစမန်ကို မယားခိုးမှုနှင့်တရားစွဲလျှင် ကျွန်ုပ်ကပင် ထပ်၍အရှက်ကွဲဦးမည်ဖြစ်သောကြောင့် စိတ်ကူးမတည့်ချေ။ ဘယ်အရပ်သို့သွား၍ ဘာလုပ်ရမည်ကို စိတ်ကူးနေခိုက်တွင် အိမ်ရှင်မိတ်ဆွေက နမ္မတူဘော်တွင်း၌ အလုပ်လုပ်လိုလျှင် သွင်းပေးနိုင်သည်ဟု ပြောသည်နှင့် လျှောက်ထားကြည့်ရာ အဆင်သင့်ပင် စာရေးအလုပ်ရသည်နှင့် နမ္မတူသို့ ထွက်ခွာသွားပါတော့သည်။

နမ္မတူ၌ တစ်နှစ်ကျော်ခန့် အလုပ်လုပ်၍ အဆွေးပြေလုံမတတ်ရှိစဉ် လွယ်အိတ်ကလေးတစ်လုံးနှင့် ရောက်လာသော သခင်ဇော်ဟာန်ကို တွေ့ရပြန်ပါသည်။ သခင်ဇော်ဟာန်သည် ကျွန်ုပ်၏အဖြစ်အပျက်ကို ကြားသိရသော်လည်း ဘယ်အရပ်သို့ထွက်သွားသည်မသိသဖြင့် တစ်နှစ်နီးပါးစုံစမ်းပြီးမှ ခြေရာကောက်၍ ကျွန်ုပ်နောက်သို့လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် နမ္မတူ၌ အတူနေထိုင်ကြစဉ် စိန်ကြည်ကြည်နှင့် အီစမန်တို့အကြောင်းကို စကားမစပ်ဘဲ ကြိုးစား၍ရှောင်ကွင်းကြ၏။ သူတစ်ယောက်တည်း ရှိနေသည့်အခါ သခင်ဇော်ဟာန်သည် တောက်တခေါက်ခေါက်လုပ်တတ်သော်လည်း ကျွန်ုပ်ကို မြင်သည့်အခါ မျက်နှာတစ်မျိုးပြင်ထားတတ်သည်။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် ဤအကြောင်း၊ ထိုအကြောင်းပြောကြရာမှ ရွှေလီချောင်းအကြောင်းကို စကားစပ်မိကြသည်နှင့် အင်းရွာအကြောင်း ရောက်သွားကြလေသည်။ သခင်ဇော်ဟာန်သည် ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်လျက်—

"ဗျို့ ကိုမြတ်ထွန်း"

"ဗျာ"

"ခင်ဗျားကို ကျုပ်ခင်မင်တာ သိတယ်မဟုတ်လား"

"သိတာပေါ့ဗျာ"

"ဘာကြောင့် ခင်တယ်ထင်သလဲ"

"ကျွန်တော်လည်း စဉ်းစားဖူးတယ် ဖော်လို့မရဘူး။ ဘာကြောင့်လဲဗျာ"



"ကျုပ်က လူဆန်းတစ်ယောက်ဗျ"

"ဆန်းတာတော့ ကျုပ်သိပါတယ်"

"သိပေမယ့် ကျုပ်ဆန်းသလောက် ခင်ဗျားမရိပ်မိဘူး"

"ဆိုပါဦးဗျာ"

"ကျုပ်က ခင်ဗျားကို ခင်မင်တာ စိန်ကြည်ကြည်ကြောင့်ဗျ"

"စိန်ကြည်ကြည်ကို ခင်ဗျားခင်တယ်ဆိုတာတော့ ကျွန်တော် ရိပ်မိပါတယ်။ ဒါနဲ့ ဘာဆိုင်လို့လဲ"

"ဒါကြောင့် ဆန်းတယ်လို့ ကျုပ်ပြောတယ်မဟုတ်လား။ ဘယ်လောက်ဆန်းသလဲဆိုတော့ စိန်ကြည်ကြည်ကို ခင်တာနဲ့ သူ့ယောကျ်ားကိုပါ ကျုပ်က ခင်နေတယ်"

"ဒါဖြင့် အခုတော့ ဟိုအကောင်ကို ခင်ဗျားခင်တော့မှာပေါ့လေ"

"ဟာ... ဒါဘာဆိုင်သလဲ၊ ဟိုကောင်က ဖျက်ဆီးတဲ့ကောင်ပဲ။ ခင်ဗျားချစ်သလို သူချစ်တာမဟုတ်ပါဘူး။ ကျုပ်က စိန်ကြည်ကြည်ကို ဘယ်လောက်များချစ်သလဲဆို၊ စိန်ကြည်ကြည်ကိုချစ်တဲ့လူပါ ကျုပ်ကလိုက်ချစ်နေတော့တာပဲ၊ ဆန်းဘူးလားဗျာ"

"ကြားဖူးပေါင်ဗျာ။ လုပ်ယူချင်တဲ့သူတွေသာ ကြားဖူးပါတယ်။ အချွန်ချင်းဘုလို့ ချစ်တယ်ဆိုတာတော့ ဒီတစ်ခါ ကြားဖူးပါတယ်"

"ခင်ဗျား ယုံရဲ့လား"

"မယုံစရာ ဘာရှိသလဲဗျာ။ ကျွန်တော့်ကို လိမ်ပြောလို့ ဘာလုပ်မှာလဲ"

"ကိုမြတ်ထွန်း"

"ဗျား"

"အင်းရွာ တစ်ခေါက်လောက် သွားလည်ရအောင်ဗျာ"

"ဟာ ပိုက်ဆံမှ မရှိဘဲနဲ့"

"ကျုပ်မှာ ရှိပါတယ်၊ ခွင့်တစ်လလောက်ယူဗျာ။ လည်ချေရအောင်"

ကျွန်ုပ်သည် ဆရာဝန်ကိုငွေထိုး၍ ဆေးလက်မှတ်နှင့်ခွင့်ယူပြီးလျှင် နမ္မတူမှ နှစ်ယောက်သား ဆင်းလာကြလေသည်။

သခင်ဇော်ဟာန်သည် မန္တလေးမှ ကျွန်ုပ်ရိုက်ကြားလိုက်သော ကြေးနန်းကို ရရှိစဉ်က ကြေးနန်းတွင်ပါရှိသည့်အတိုင်း အင်းရွာကုန်စုံဆိုင်ကို အရပ်လူကြီးသို့ စာရင်းနှင့်တကွ အပ်နှံထားခဲ့လေသည်။ ကျွန်ုပ်နှင့် သခင်ဇော်ဟာန်တို့သည် မန္တလေးမှ အဆန်သင်္ဘောနှင့်လိုက်သွား၍ ညနေခင်းအချိန်တွင် အင်းရွာဆိပ်ကမ်းသို့ ဆိုက်ကပ်သဖြင့် ကျွန်ုပ်တို့ဆင်းသွားကြရာတွင် ရွာသားများသည် ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်၍ အံ့သြကြဟန်တူသော်လည်း ကျွန်ုပ်တို့ကို အားနာသောလက္ခဏာနှင့် နှုတ်ဆက်ခြင်းမပြုဘဲ မျက်နှာလွှဲသွားကြလေသည်။ ကျွန်ုပ်တို့ကလည်း စိန်ကြည်ကြည်နှင့် မူလာအီစမန်တို့အဖြစ်အပျက်ကို သဘော်ပေါ်မှာကတည်းက ကြားပြီးကြလေပြီ။ ကြားရပုံမှာကား... မူလာအီစမန်သည် စိန်ကြည်ကြည်ကို အင်းစွာကုန်စုံဆိုင်သို့ခေါ်လာ၍ တစ်လကျော်နှစ်လခန့်မျှ အတူတကွ နေထိုင်ကြပြီးနောက် မူလာအီစမန်ထွက်သွားရာ စိန်ကြည်ကြည်မှာ ပဋိသန္ဓေနှင့်ကျန်ရစ်ခဲ့၍ မူလာအီစမန် မပေါ်လာတော့ဟု ဆိုလေသည်။

ကျွန်ုပ်တို့သည် ဆိုင်ရှေ့သို့ရောက်သောအခါ ဈေးဆိုင်နှင့်မတူတော့ဘဲ ပန်းသည်းကလေး ချောက်ချီးချောက်ချက်နှင့် သူငယ်မကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ အပေါ်ထပ်၌ စိန်ကြည်ကြည်နေမကောင်းဖြစ်နေသည်ဆို၍ ကျွန်ုပ်တို့တက်သွားကြရာတွင် ကျွန်ုပ်၏ရင်ထဲ၌ ဆို့သွားသည့်အခြင်းအရာကို တွေ့မြင်ရလေသည်။ သခင်ဇော်ဟန်မှုကား လှေခါးထိပ်တွင် အံကြိတ်လျက် ငေးကျန်ရစ်ခဲ့သည်။

ခုတင်တစ်လုံးပေါ်တွင် စောင်ကလေးခြုံလျက် ခပ်စောင်းစောင်းအိပ်နေသော မိန်းမကား ကျွန်ုပ်လှမ်းကြည့်လိုက်သော မျက်နှာထားကြောင့် စိန်ကြည်ကြည်ဟူ၍ ကျွန်ုပ်မှတ်မိသော်လည်း ကျွန်ုပ်ချစ်ကြိုက်ခဲ့သော စိန်ကြည်ကြည်နှင့် များစွာကွာခြားနေလေပြီ။ ဖောင်းမို့သောပါးအို့သည် ပိန်ခွက်ခြင်း၊ နားထင်ကျခြင်း တင်ထားကဲ့သို့ရှိဖူးသော မျက်လုံးများသည် ချိုင့်ထဲသို့ဝင်နေခြင်း၊ ဆောင်ပြင်ဘက်သို့ထုတ်ထားသော လက်မောင်းတစ်ဖက်သည် ပြည့်ပြည့်ဖောင်းဖောင်းရှိဖူးရာမှ တုတ်ချောင်းသဖွယ် အရိုးချည်းသာရှိနေခြင်းတည်းဟူသော ခြားနားမှုတို့ကြောင့် ဟုတ်ပါလေ၏လောဟူ၍ပင် သံသယဖြစ်မိတော့သည်။ ခုတင်အနီး၌ အိမ်နီးချင်းတစ်ယောက်နှင့် ရွာဆေးဆရာတို့ရှိနေရာ ဆေးဆရာလည်း ကျွန်ုပ်တို့ကိုမြင်သည်နှင့် လွယ်အိတ်ကလေးကောက်ယူကာ ဆင်းသွားလေတော့သည်။

ဖြစ်ရပုံအခြင်းအရာမှာကား မူလာအီစမန်သည် ပဋိသန္ဓေရှိသည်ဆိုကတည်းက ထွက်သွားရာ တစ်ခေါက်မျှမပေါ်လာဘဲ စိန်ကြည်ကြည်မှာ မကျန်းမာလျက်နှင့်ပင် မျက်နှာမြင်ရသည်တွင် အိပ်ရာ၌ရက်ပေါင်း ၂၀ ကျော်မျှ ဤကဲ့သို့သာ နေရခြင်းဖြစ်သည်ဆို၏။ ထိုခဏ၌ ခုတင်နံဘေးမှ ကလေးငိုသံကြားသည်နှင့် မိန်းမကြီးက နို့ဆီကိုရေနွေးစပ်ပြီး နို့ဘူးတွင်ထည့်လိုက်သည်ကိုလည်း မြင်ရလေသည်။

ကျွန်ုပ်နှင့် သခင်ဇော်ဟန်တို့ စိတ်ဆင်းရဲ ကိုယ်ပင်ပန်းဖြစ်ရခြင်းမျိုးကို အကျယ်မချဲ့တော့ဘဲ တစ်နေ့နှင့်တစ်ည ပြုစုလိုက်ရပြီးနောက် စိန်ကြည်ကြည်ရော



သမီးကလေးပါ သေဆုံးကြ၍ ကျွန်ုပ်တို့ပင် သင်္ဂြိုဟ်ခဲ့ရလေသည်။ စိန်ကြည်ကြည်မှာ ကျွန်ုပ်ကိုမြင်ရ၍ ရှက်ဝမ်းနည်းကြီးဖြစ်သည်နှင့် မြန်မြန်အသက်ထွက်ဟန်တူ၏။ ဆရာ ၎င်းတို့သားအမိ၏ဘဝမှာလည်း ကောင်းနိုင်ဖို့မမြင်သောကြောင့် စောစောချုပ်သိမ်းခြင်းသည်ပင် ကောင်းသည်ဟုထင်မိပါတော့သည်။

သခင်ဇော်ဟန်နှင့် ကျွန်ုပ်တို့၏နောက်စခန်းမှာကား ရန်ကုန်မြို့ ဂျပန်လင်မယားဖွင့်လှစ်ထားသည့် တည်းခိုရာတိုက်ခန်းပင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ဘရုတ်ဆိုင်တွင်ထမင်းစား၍ ဂျပန်အိပ်ခန်းတွင် တစ်ည ၂–ကျပ်နှုန်းနှင့် အိပ်ကြ၏။ နေ့အချိန်တွင် တစ်နေ့လုံး လည်ကြတော့သည်။ ကြည့်မြင်တိုင် ကွမ်းရွံတန်း၌ ယခင်က မူလာအီစမန်တည်းခိုသော တိုက်ခံအိမ်သို့သွားရောက်စုံစမ်းကြရာ ကြာသေးမီကပင် အထက်မြန်မာပြည်သို့ တက်သွားသည်ဟု သိခဲ့ကြရလေသည်။

ဤသို့ဖြင့် တစ်လနီးပါးနေထိုင်ကြ၍ တစ်နေ့သ၌ မူလာအီစမန်ပြန်ရောက်လာသည်ဟု ကြည့်မြင်တိုင်ဘက်မှ ကြားသိခဲ့ရ၏။ သခင်ဇော်ဟန်ကား သော့ပေးထားသဖြင့် လှုပ်ရှားနေသော အရုပ်သည် ငြိမ်တော့မည်လုပ်ရာမှ သံပတ်တင်ပေးလိုက်ခြင်းကဲ့သို့ ဖျတ်လတ်သွက်လက်လာတော့သည်။

တစ်ညသ၌ ကျွန်ုပ်သည် သခင်ဇော်ဟန်နှင့်ခွဲခွာ၍ ကွမ်းရွံတန်းရှိ စည်းတီးဆရာမိတ်ဆွေ၏ နေအိမ်သို့ သွားရောက်လည်ပတ်ရင်း တစ်ည၌တည်းခိုအိပ်စက်ခဲ့သည်။ သခင်ဇော်ဟန်က သူ့မှာ ကိစ္စတစ်ခုရှိသည်ဆို၍ ဂျပန်တိုက်ခန်းမှ ထွက်သွားလေသည်။

ကွမ်းရွံတန်းအိမ်၌ ကျွန်ုပ်သည် ယခင်က စိန်ကြည်ကြည်နှင့်အတူ တည်းခိုဖူးသည့်အခန်း၌ အိပ်ရ၍တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိ၏။ စည်းတီးဆရာမှာ ၎င်းအိမ်ပိုင်ရှင်မိန်းမနှင့် အကြောင်းပါလျက်ရှိခြင်းဖြစ်၍ ကျွန်ုပ်တို့လင်မယားအား ယခင်ကတည်းက အိပ်ခန်းတစ်ခန်းပေးနိုင်ခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့မရှိသည့်နောက်တွင် စက်ပိုင်ရှင်၏သား ကောလိပ်ကျောင်းသားတစ်ယောက်ကို ထမင်းကျွေး၍ ၎င်းအခန်းကိုပေးထားခြင်းဖြစ်၏။ ကောလိပ်ကျောင်းသားလည်း ကျောင်းပိတ်ရက်အတွင်း ပြန်သွားသဖြင့် ကျွန်ုပ်တည်းခိုနိုင်ခြင်း ဖြစ်လေသည်။

ထိုည၌နာရီပြန်နှစ်ချက်လောက်တွင် ကွမ်းရွံတန်းထိပ်မှ ပုလိပ်ဝီစီမှုတ်ဆက်ကာဆက်ကာမှုတ်သည်နှင့် ၎င်းအရပ်သားများသွားကြည့်ရာတွင် ကျွန်ုပ်လည်း ပါသွား၏။ လမ်းထိပ်သို့ရောက်သောအခါ စက်ဘီးပတ္တရောင်များသည် နောက်ဖေးလမ်းမှ ထွက်လာသောလူတစ်ယောက်ကို မသင်္ကာသည်နှင့် ဆွဲထားကြောင်း ထိုသို့အလန့်တကြားအော်ဟစ်ရခြင်းမှာ တိုက်ခံအိမ်ကြီး၌ တည်းခိုလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ဧည့်သည်၏ရင်ဘတ်၌ ဓားဒဏ်ရာနှင့် သေဆုံးနေသည်ကို တွေ့ရသော ကြောင့် ဖြစ်ကြောင်းများနှင့် ကြားသိရလေသည်။

ကျွန်ုပ်လည်း ကတုန်ကယင်နှင့် အိမ်ပေါ်မှဆင်းသွား၍ လမ်းထိပ်သို့ ရောက်သောအခါတွင် စက်ဘီးပတ္တရောင်များ ဖမ်းထားသူမှာ သခင်ဇော်ဟန်ဖြစ် နေသည်ကို တွေ့ရပေသည်။ သခင်ဇော်ဟန်သည် ကျွန်ုပ်ကို လူအုပ်ထဲတွင် ရုတ် တရက်မြင်လိုက်၍ 'တိတ်တိတ်နေ'ဟူသော အဓိပ္ပာယ်မျိုးဖြင့် အချက်ပေးလိုက် လေသည်။

ပုလိပ်များသည် မသင်္ကာ၍ဖမ်းထားခြင်းနှင့် တိုက်ခံအိမ်မှာ လူသေခြင်း တို့ကို ဆက်စပ်သည့်အခါ သခင်ဇော်ဟန်ကို ဌာနသို့ ခေါ်သွားရန်မှတစ်ပါး အခြားနည်းလမ်းမရှိဟု သိမြင်ကြသည့်အတိုင်း သခင်ဇော်ဟန်ကို ခေါ်သွားကြ တော့သည်။ သခင်ဇော်ဟန်မှုကား အလုပ်ကိစ္စတစ်ခု ပြီးစီးသဖြင့် ကျေနပ်နေသော လူတစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် လိုက်သွားလေတော့သည်။

ဌာနသို့ရောက်၍ သခင်ဇော်ဟန်၏ကိုယ်၌ ရှာဖွေကြသောအခါ မောင်းချ ဓားကြီးတစ်ချောင်းလည်း တွေ့ရှိရသည်ဆို၏။ ဓား၌ သွေးစွန်းသွေးစက်မတွေ့ရ သော်လည်း ထိုးပြီးသည့်နောက်တွင် သုတ်ပစ်ထားခြင်းဖြစ်နိုင်သည်ဟု ဆိုကြ လေသည်။

သခင်ဇော်ဟန်မှာ မူလာအီစမန်ကို သတ်မှုနှင့် ရုံးတင်စစ်ဆေးလေရာ မိမိမသတ်ရကြောင်း ငြင်းဆိုသော်လည်း၊ မူလာအီစမန်ကို သိဖူးခြင်းနှင့် ရှုမုန်းခြင်း တည်းဟူသော အခြင်းအရာကိုမူ ဖွင့်ဟဝန်ခံလေသည်။ တရားခွင်တွင် သခင်ဇော် ဟန်က အီစမန်သေခြင်းအတွက် ဝမ်းသာသည်ဟူ၍ပင် ကြေညာလိုက်ချေသေး သည်။ နောက်ဆုံး၌ တရားသူကြီးများသည် သခင်ဇော်ဟန်၌ အပြစ်ထင်ရှားဆို ၍ သေစားသေစေရန် စီရင်ချက်ချမှတ်ကြလေသည်။

သခင်ဇော်ဟန်အား ကြိုးစင်မတင်မီ ရက်သတ္တတစ်ပတ်ခန့်တွင် ကျွန်ုပ် သည် သခင်ဇော်ဟန်အတွက် အစိုးရကငွားပေးသော ဝတ်လုံ၏အကူအညီဖြင့် ထောင်ဝင်ရန် အမိန့်ခံ၍ နောက်ဆုံးတွေ့ခြင်းဖြင့် သွားရောက်တွေ့ဆုံ၏။ သခင် ဇော်ဟန်သည် ကျွန်ုပ်ကိုမြင်သောအခါ ဝမ်းနည်းပုံမရသည့်အပြင် ဝင့်ကြွတ်ပေပြီ ဟူသော မျက်နှာမျိုးဖြင့် ခပ်အေးအေးရှိနေတော့သည်။ ကျွန်ုပ်၏မျက်နှာကို မကြာ မကြာကြည့်လျက် စကားတစ်လုံးကို ပြောသင့်မပြောသင့် အတန်တန်ချင့်ချိန်နေပြီး မှ သူသည်စိန်ကြည်ကြည်ကိုခင်မင်သည့်အတွက် ဝမ်းမြောက်စွာ ကြိုးစင်တက် နိုင်ကြောင်း ပြောပြ၍ ကျွန်ုပ်အားလည်း ကြောက်မက်ဖွယ်ကောင်းသော ကျမ်း သစ္စာ ကျိန်ဆိုစေလျက် ရေတစ်ခွက်ကို တိုက်လေသည်။



သခင်ဇော်ဟန်မှာ မူလာအီစမန်ကို သတ်မှုနှင့် ကြိုးစင်သို့ တက်ခဲ့ရရှာသေ ပြီ။ ၎င်းအမှု၌ တရားသူကြီးများ အယူအဆမှားခြင်းကို အခြားလူများထက် ကျွန်ုပ်အသိဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မူလာအီစမန်ကို သတ်သောသူ မှာ သခင်ဇော်ဟန်မဟုတ်၊ အခြားလူလည်းမဟုတ် ကျွန်ုပ်သာလျှင် တရားခံအစစ် ဖြစ်ပေသောကြောင့်တည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# ဖူးစာရေးလင်းနို့

အချို့သောလူများသည် လူ၏ဒဏ်ကိုခံဖော်ရသည်ဆို၍ ခွေးတိရစ္ဆာန်ကို မွေးမြူတတ်ကြ၏။ ကြောင်တိရစ္ဆာန်မှုကား အိမ်သာယာသော အခိုက်တွင် သခင် ထံ၌ မိုနိုကပ်ရပ်စားသောက်၍ ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ရာ ဆိုက်ရောက် သည်နှင့်တစ်ပြိုင်နက် ရှောင်တိမ်းထွက်ခွာသွားတတ်ကြသည်ဟု မြန်မာလူမျိုးတို့ အယူရှိကြလေသည်။ အချို့ကမူ မျောက်တိရစ္ဆာန်သည် ကျက်သရေယုတ်သည် ဆို၍ အိမ်၌မွေးမြူရန် အလိုမရှိကြပေရာ ဒေါင်းငှက်မှုကား တစ်နေ့လျှင် ကျက် သရေသုံးကြိမ် တိုးတက်သည်ဆို၍ မရမက ရှာဖွေမွေးမြူသူများလည်း ရှိကြ၏။

မြင်း၊ ကျွဲ၊ နွား အစရှိသည့် ခိုင်းစေရသော တိရစ္ဆာန်မျိုးတို့မှအပ ချစ်ခင် သောအားဖြင့် လက်သပ်မွေးကြသော ခွေး၊ ကြောင်၊ ကြက်တူရွေး၊ သာလိကာ အစရှိသည့် တိရစ္ဆာန်များ ရှိကြသော်လည်း လင်းနို့တည်းဟူသော ကြွက်ပျံကို ချစ်ခင်တတ်သော လူဟူ၍ကား ရာခိုင်နှုန်းတစ်မျှပင် ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ် မှာ အဆိုပါတစ်ရာခိုင်နှုန်းတွင် အပါအဝင်ဖြစ်၍ ထိုခေတ်က ပန်းချီကျော် ဦးရွှေဓိ အား လင်းနို့တစ်ကောင်၏ ပုံသဏ္ဌာန်ကို တူအောင်ရေးဆွဲစေပြီးလျှင် အိမ်ဧည့် ခန်းတွင် မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားခဲ့လေသည်။ အကြောင်းမူကား အရှင် လင်းနို့မင်းသည် ကျွန်ုပ်တို့လင်မယား၏ ဖူးစာရေးနတ်ဖြစ်၍ ပေါက်ဖွားသော သားသမီးလေးယောက်တို့ကို ဖန်ဆင်းသော အရှင်သခင် ဖြစ်ပေသောကြောင့် တည်း။

လူ့ပြည်တွင် လင်းနို့တည်းဟူသော တိရစ္ဆာန်မရှိခဲ့လျှင် ကျွန်ုပ်တို့လင် မယား ရေစက်ဆုံစည်းဖို့မရှိသဖြင့် မောင်တင်၊ မောင်ခင်နှင့် မကြည်၊ မမိုတို့လည်း



ဤရုပ်ရည်မျိုးနှင့် လူဖြစ်နိုင်ကြဖို့ မရှိချေ။ သုဂတိဘုံသို့ ရောက်ထိုက်၍ ရောက် ကြစေကာမူ ကျွန်ုပ်နှင့် ခင်မြရင်တို့၏ သားသမီးမဖြစ်ရတော့သည့်အတွက် ကြန် အင်လက္ခဏာတို့မှာလည်း တစ်မျိုးတစ်မည် ရှိနေကြပေတော့မည်။

မိဘများ၏ ချစ်ကြိုက်ရေးရာဇဝင်ကို ကြားသိကြရသော သူတို့သည် အကယ်၍ မိမိ၏ဖခင်နှင့်မိခင်တို့ အကြောင်းမဆုံစည်းသဖြင့် တစ်ယောက်တစ်မျိုး စီ အိမ်ထောင်ကျခဲ့ကြပါမူ မိမိသည် ဖခင်၏သားဖြစ်ချေမည်လော၊ သို့တည်းမ ဟုတ် မိခင်၏သားဖြစ်ချေမည်လောဟူသော ပြဿနာကို တွေးဆမိကြလိမ့်မည် ဖြစ်ရာ မိမိ၏မေတ္တာလွန်သောသူဘက်သို့ ဆွဲငင်တွေးဆကြမည်ဖြစ်သော်လည်း ယခုတည်လျက်ရှိသော ရုပ်လက္ခဏာမျိုးအတိုင်း တိတိကျကျဖြစ်နိုင်ဖို့ မရှိခြင်း ကိုမူကား သဘောပေါက်ကြပေလိမ့်မည်။

ဤတွင် မိမိတို့၏ အခြေအနေကို ကျေနပ်နှစ်သိမ့်ခြင်းရှိသူတို့က မိဘများ ရေစက်ဆုံစည်းသည့်အတွက် မိမိတို့ ကံကောင်းသည်ဟု ယူဆ၍ မကျေနပ်သူ များကလည်း မိမိက မတောင်းပန်ဘဲ သူတို့ဘာသာအလျောက် မွေးမြူကြခြင်း ဖြစ်သောကြောင့် ကျေးဇူးတင်ဖွယ်ရာမဟုတ်ဟူ၍ ပြောတတ်ကြလေသည်။ မောင် တင်၊ မောင်ခင်နှင့် မကြည်၊ မမိုတို့က ဤကဲ့သို့ သဘောမထားကြဟူ၍ မျှော် လင့်ရပေသည်။

ဆာဂျေအေမောင်ကြီး ခေတ္တဘုရင်ခံဖြစ်ခဲ့သော ခေတ်အခါက ရန်ကုန်မြို့ ရှိ အထက်တန်းစားမြန်မာအရာရှိကြီးများသည် အထူးသဖြင့် 'ဘိုတုခိုးခဲ့ကြသည်။ အင်္ဂလိပ်တို့ စတင်အုပ်ချုပ်သည်မှစ၍ ရုပ်အင်္ကျီဝတ်ခြင်း၊ နောက်ပိတ်ဖိနပ်စီးခြင်း၊ ဘိုကေထားခြင်း အစရှိသော အလေ့အကျင့်များသည် တစ်ခေတ်ထက်တစ်ခေတ် ပို၍ပြန့်ပွားခဲ့သည်မှန်သော်လည်း ဆာဂျေအေဘုရင်ခံဖြစ်သောအချိန်၌မူ 'ဘိုတု ခိုးခြင်း'တည်းဟူသော အလုပ်သည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်ဟု ဆိုနိုင် သ၏။

ငင်းခေတ်၌ ဘိုလိုဝတ်သော မြန်မာရာခိုင်နှုန်းအများဆုံးဖြစ်သည့်ပြင် ဒင်း နားပါတီ၊ ဂါးဒင်းပါတီ၊ တီးပါတီ၊ ဘာပါတီ၊ ညာပါတီစသည်ဖြင့် ဆိုရှယ်လစ် သရင်းခေါ် အထက်တန်းစား လူကုံထံများ တွေ့ဆုံပျော်ပါးသောက်စားမူးယစ် ကြသည့် အခမ်းအနား အမြောက်အမြားလည်း ရှိခဲ့ကြ၏။ အထက်တန်းစား အရာရှိများ၏ သားပျိုသမီးပျိုများသည်လည်း အနောက်တိုင်းသူ၊ တိုင်းသားများ နည်းတူ ယောကျ်ားနှင့်မိန်းမ တွဲဖက်၍မကတတ်လျှင် ခေတ်မမီဟု အထင်မှားကြ သည်ဖြစ်၍ ကျွမ်းကျင်သူတို့ထံတွင် ကတတ်အောင် သင်ကြားပြီးလျှင် ဘိုကခွဲ များ၌ ဘိုများနှင့် တွဲ၍ကတတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏အဆင့်အတန်းကိုမီအောင် မလိုက်နိုင်သောသူတို့က မဲ့ကြဲ့ကြဲ ကဲ့ရဲ့ကြသော်လည်း အဆိုပါထိပ်ဆုံးတန်း သတို့သမီး၊ သတို့သားများသည် မြန်မာအချင်းချင်း၏ ထင်မြင်ချက်ကို လုံးဝဂရုမစိုက်ကြဘဲ မိမိတို့ကိုယ်ကို အထင်ကြီး၍ ဘိုကြီးများရှေ့၌ မျက်နှာကောင်း ရမှုလောက်ကိုသာ ပဓာနထားကြလေတော့၏။

ထိုခေတ်အခါတွင် ဘုရင်ခံကလည်း လူပျိုကြီးဆာဟာကုတ်ဘတ္တလာဖြစ်၍ လူပျိုကြီးဝေလမင်းသားကလည်း မြန်မာပြည်သို့ တိုင်းခန်းလှည့်လည်ရန် ဆိုက်ရောက်လာဖူးရကား အထက်တန်းစား မြန်မာအရာရှိလောကမှ အဖိုနှင့်အမ ပျိုကြသော ကိစ္စနှင့်ပတ်သက်၍ (တိုင်းပြည်လူထုက မသိကြသော်လည်း)အတော်ကလေး လှုပ်လှုပ်ရွရွ ဖြစ်ခဲ့ကြဖူးလေသည်။

အလွန်တရာ ဘိုတုစိုးကြသော ထိုခေတ်က အထက်တန်းစား မြန်မာကုန်သည်ကြီးများနှင့် ပွဲစားကြီးများသည် အရာရှိကြီးများနှင့်ပေါင်းသင်းဆက်ဆံခြင်းကို ဂုဏ်ရှိသည်(ဝါ)မျက်နှာရှိသည်ဟု မှတ်ထင်ကြသည်ဖြစ်၍ သေးငယ်သော ကိစ္စတစ်ခုကို ကြီးကျယ်အောင် ချဲ့ထွင်ပြီးလျှင် မင်းစိုးရာဇာပရိသတ်ကို မိမိ၏ နေအိမ်သို့ ညဥ့်အိပ်၊ ညနေ ဖိတ်ခေါ်ဧည့်ခံတတ်ကြ၏။ မြန်မာလူမျိုးသည် မိမိတို့၏ မွေးနေ့ကို ပွဲလမ်းသဘင် အခမ်းအနားပြုလုပ်၍ ဧည့်ခံကျွေးမွေးသော အလေ့အထမရှိသော်လည်း ထိုခေတ်ကမူ တစ်ယောက်ကစ တစ်ရာဟူသော စကားအတိုင်း ဘိုတစ်ယောက်က တစ်လှည့်ကျွေးလျှင် မြန်မာများက ဘိုလောက်မျှကော ချဲ့ထွင်၍ ကခမ်းတနား ပင့်ဖိတ်၍ဧည့်ခံတတ်ကြ၏။

ဟစ်နေ့သည့် ပွဲစားကြီး ဦးဖိုးတာသည် ချာချီလမ်း၌ တိုက်တစ်လုံးတည်ဆောက်ပြီးစီး၍ တိုက်ဟက်ပရိတ်နာအခမ်းအနား ကျင်းပရာတွင် မြို့ပေါ်မှ လူကြီးလူကောင်းများကို နေ့အချိန်တွင် ဧည့်ခံကျွေးမွေး၍ ရင်းနှီးသောမိတ်ဆွေ ဆယ်ယောက်ခန့်တို့ကိုမူ ၎င်း၏တိုက်သစ်ကြီး၌ စနေနေ့မှ တနင်္လာနေ့နံနက်တိုင် တည်းခိုနေထိုင်ကြရန် ပင့်ဖိတ်လေ၏။ ၎င်းစနေနေ့တွင် ဧည့်သည်ဆယ်ယောက်ခန့်တို့သည် ပရိတ်နာသောဧည့်သည်များနှင့်အတူ ရောက်လာ၍ အတူတကွစားသောက်ကာ ပရိတ်နာကြပြီးလျှင် အခြားဧည့်သည်များ ပြန်သွားကြသော်လည်း အဆိုပါ ဆယ်ယောက်သော ဧည့်သည်များမှာ ဦးဖိုးတာ၏တိုက်သစ်ကြီးတွင် နှစ်ညမျှ ဆက်လက်တည်းခိုရန် ကျန်နေရစ်ကြလေသည်။

ကျွန်တော့်မှာ ဘီအေအောင်ပြီးနောက် အလုပ်သင်မြို့အုပ်ကလေးအဖြစ်နှင့် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည့်အပြင် ကျွန်တော်၏ဖခင်မှာ ပွဲစားကြီးဦးဖိုးတာနှင့် ငယ်သူငယ်ချင်းဖြစ်သည့်အတွက် ဦးဖိုးတာသည် ကျွန်တော့်အား ရင်းနှီး



သော မိတ်ဆွေဆယ်ယောက်အနက် တစ်ယောက်အဖြစ်နှင့် ဖိတ်ကြားထားလေသည်။

ပွဲစားကြီးဦးဖိုးတာ၌ ခင်မြရင်အမည်ရှိ တစ်ယောက်တည်းသောသမီးချောကလေးရှိရာ ကောလိပ်ကျောင်း၌ ကျွန်တော်နှင့်အတူ အိုင်အေအောင်ပြီးသည့်နောက် ဆက်လက်၍ ပညာမသင်တော့ဘဲ အလွန်ခေတ်ဆန်၍ အလွန်ဘိုတုစိုးသော မိန်းကလေးတစ်ယောက်ဖြစ်သည့်အားလျော်စွာ စန္ဒရားတီးခြင်း၊ ဘက်တမင်တန်ကစားခြင်း၊ အလုံးအဖန်လှအောင် လေ့ကျင့်ခြင်းအစရှိသော အလုပ်များကို ဘိုမကလေးတစ်ယောက်သဖွယ် စိတ်ဝင်စားလျက်ရှိ၏။

ကျွန်တော်နှင့် ခင်မြရင်တို့မှာ ကျောင်းနေဖက်လည်းဖြစ်ပြန်၊ မိဘချင်းကလည်း အကျွမ်းဝင်ခဲ့ပြန်သည်အလျောက် မကြာခဏတွေ့ဆုံခွင့်ရ၍ ဆယ်ကြိမ်ထက်မနည်း ချစ်ကြိုက်စကား ပြောခဲ့ဖူးသော်လည်း ခင်မြရင်သည် အချို့သော မိန်းမပျိုကလေးများကဲ့သို့ စိတ်ဆိုးသောအမူအရာမပြဘဲ ကျွန်တော်၏ အဘည်စကားကို အရှော်စကားဖြစ်အောင် ရွှတ်တွတ်တွတ် ရွှန်းတမ်းတမ်းလုပ်ကာ ပြက်ရယ်ပြု၍ ဖြေဆိုလေ့ရှိ၏။

နောက်ဆုံးတစ်နေ့၌ ကျွန်တော်က မနေမနား နားပူဖန်များသောအခါတွင် ခင်မြရင်က–

"ကျွန်မပြောမယ် ကိုဘရင်၊ ရှင်နဲ့ကျွန်မနဲ့ဟာ ဒီလိုအချစ်မျိုးနဲ့ ဘယ်တော့မှ ကျွန်မ စိတ်ကူးလို့မရဘူး။ ရှင့်ကို ကျွန်မ မောင်လို၊ အစ်ကိုကြီးလို ချစ်တာအမှန်ပါ။ အစ်ကိုအရင်း ရှိရင်လည်း ဒီ့ထက်ပိုပြီး ချစ်နိုင်လိမ့်မယ်လို့ မထင်ပါ။ ကျောက်တုံးက နို့ထွက်အောင် ညှစ်မရနိုင်ဘူးဆိုတဲ့ အင်္ဂလိပ်စကားပုံလို၊ ရှင့်ကို ဒီလိုအချစ်မျိုးနဲ့ ကျွန်မက ချစ်ဖို့ဟာ ဘယ်နည်းနဲ့မျှ မဖြစ်နိုင်တဲ့အတွက် ကျွန်မကို နောက် ထပ်ပြီးဒီစကားမျိုး ဘယ်တော့မှ မပြောပါနဲ့တော့ ကိုဘရင်၊ ဒါနောက်ဆုံးပိတ် စကားပါပဲ" ဟု ပြောဖူးလေသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် ခင်မြရင်တို့၏ နေအိမ်သို့ ရံဖန်ရံခါမှ သွားရောက်တော့ပေရာ စိတ်ထဲတွင်မူကား ရှက်လည်းရှက်၊ နာလည်းနာလျက်ရှိ၏။ သို့သော် ချစ်ကြိုက်သောစိတ်သည် နာသည့်အတွက်ကြောင့် လျော့ပါးဆုတ်ယုတ်မသွားသည့်ပြင် တိုးပင်ပြင်းထန်လာသေးပေရကား ကျွန်တော့်မှာ တင်းနစ်(စ်) ရိုက်ခြင်း၊ ဘီလီယက်ထိုးခြင်း၊ ဘိုင်စကုပ်ကြည့်ခြင်း အစရှိသော လူငယ်တို့၏ ဖျော်ဖြေမှုများဖြင့် ကြိုးစား၍ အချိန်ဖြုန်းခဲ့လေ၏။

တစ်ခါတစ်ရံ ရိုင်းရာကျမည်စိုးသဖြင့် သွားရောက်လည်ပတ်သောအခါများတွင် ခင်မြရင်၏ မျက်နှာထားကို အကဲခတ်ရာ၌လည်း ကျွန်တော့်အား ပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိသော စကားအတွက် ဝမ်းနည်းသောအမူအရာမျိုး အလျဉ်းမတွေ့ရဘဲ သူ့မျက်နှာကို ကျွန်တော်မြင်ရ၍ ကျွန်တော်ဆင်းရဲလျှင် မလာဘဲနေခြင်းပင် ကောင်းသည်ဟု ဆိုလိုသော မျက်နှာထားမျိုးသာလျှင် တွေ့မြင်ရလေတော့သည်။

သို့ဖြစ်၍ ကျွန်တော်သည် ဦးဖိုးတာထံမှ ၎င်းတို့၏ တိုက်သစ်ကြီး၌ နှစ်ညမျှလာရောက်တည်းခိုနေထိုင်ရန် ဖိတ်စာရရှိသောအခါ ပထမ၌ အကြောင်းတစ်ခုပြ၍ ငြင်းပယ်ဖို့ စိတ်ကူးမိ၏။ သို့ရာတွင် ပိုးဖလံတို့မည်သည် မီးကိုတိုး၍ အတောင်ကျွမ်းတော့မှ ကျွမ်းရစေ၊ မတိုးဘဲမနေနိုင်သည့်နည်းတူ ကျွန်တော့်မှာလည်း ခင်မြရင်၏ တုံ့ပြန်ချစ်ကြိုက်ခြင်း မရှိသောမျက်နှာကို မြင်ရ၍ အတွင်းဆွေးဆွေးတော့မှ ဆွေးရစေ ၄၈ နာရီခန့်မျှ တစ်ဆက်တည်းကဲ့သို့ မျက်နှာချင်းဆိုင်တွေ့ရမည့်အရေးကို လက်လွှတ်ရန် မတတ်နိုင်ရန်ကား ဖိတ်ကြားထားသော စနေနေ့တွင် လက်ဆွဲသားရေအိတ်ကလေးတစ်လုံးနှင့် ကောက်ကောက်ပါအောင် ထွက်လာခဲ့လေ၏။

ဦးဖိုးတာ၏တိုက်သစ်ကြီးသို့ ကျွန်တော် ဆိုက်ရောက်သွားသောအချိန်၌ ဧည့်သည်များမှာ ပြန်စပြုနေကြပြီဖြစ်၍ အိမ်ရှင်ပွဲစားကြီးနှင့် ပွဲစားကတော်ကြီးတို့မှာ ပြန်ကြသော ဧည့်သည်များအား နှုတ်ဆက်ရသော တာဝန်ဖြင့် အလုပ်ရှုပ်လျက်ရှိကြစဉ် ကျွန်တော်သည် ခင်မြရင်ကို တွေ့အောင်ရှာပြီး အချိန်အနည်းငယ် နောက်ကျသွားသည့်အတွက် တောင်းပန်စကားပြောရင်း ခင်မြရင်၏မျက်နှာကို အကဲခတ်မိ၏။ စင်စစ်မှာ မိတ်ဆွေရင်းချာတစ်ယောက်ဖြစ်ပါလျက် စောစောစီးစီး ကြိုတင်၍ လာရမည့်အစား အခြားဧည့်သည်များ ပြန်ကြသောအချိန်တွင်မှ လာရချေသလောဟု ခင်မြရင်က အပြစ်ပြောလိမ့်မည်ဟူ၍ မျှော်လင့်မိသော်လည်း ခင်မြရင်သည် အလွန်တရာ သဘောကောင်းဟန်နှင့်–

"ဟုတ်ပေမှာပေါ့၊ တစ်ပတ်မှာမှ တစ်ရက်ကလေး အားလပ်ခွင့်ရကြတဲ့ အစိုးရအမှုထမ်းတွေဆိုတော့ ဟိုဟိုဒီဒီကိစ္စအသေးအဖွဲကလေးတွေ ဆောင်ရွက်စရာ ရှိကြပေမှာပေါ့" ဟူ၍ ကျွန်တော့်အတွက်ပင် သူက ဆင်ခြေပေးလိုက်သေးသဖြင့် စိတ်ထဲ၌ အတော်ဆွေးမိ၏။

အမိပွာယ်ကား ကျွန်တော်နောက်ကျသည့်အတွက် သူ၏စိတ်ထဲတွင် ထိခိုက်ခြင်းမရှိရုံသာမက လုံးဝမလာဘဲနေလျှင်လည်း အရေးမကြီးလှဆိုဟန်တူပေ၏။ ကျွန်တော်သည် ခင်မြရင်နှင့် မတွေ့ရသည်မှာ တစ်လကျော်နှစ်လနီးပါးမျှ ရှိပြီဖြစ်၍ ထိုအချိန်ကာလအတောအတွင်း၌ ကျွန်တော့်အပေါ်တွင် စိတ်နေသဘောထား ပြောင်းလဲခြင်းရှိကောင်းပါ၏ဟု မျှော်လင့်ချက်တစ်ခု လက်ကိုင်ပြုလျက် ရောက် လာရောက်ခဲ့ခြင်းဖြစ်ရာ ထိုစကားကို ကြားရ၍ ရှုံ့ရှက်ခြင်း အလျဉ်းကင်း



သော ခင်မြရင်၏မျက်နှာကို မြင်ရသောအခါတွင် အဆိုပါမျှော်လင့်ချက်သည် ကျွန်တော်၏ နှလုံးသားထဲတွင် ရေဖြစ်၍လျော့ဆင်း သွားခဲ့လေပြီ။

ထိုနေ့ညနေ၌ ဆယ်ယောက်ခန့်မျှသော ညဉ့်အိပ်ဧည့်သည်များသည် ဦးဖိုးတာ၏ တင်းနစ်(စ်)ကုတ်အသစ်ကြီးပေါ်တွင် အိမ်ရှင်ဦးဖိုးတာက ချီးမြှင့်သော ငွေဖလားကို 'တူးနမင့်'ကစားခြင်းအားဖြင့် လုကြရလေရာ ယောကျ်ားနှင့်မိန်းမ ချ၍ တွဲပေးရာ၌ ခင်မြရင်နှင့် ကျွန်တော်ပင် တွဲမိသဖြင့် အချို့ဧည့်သည်များက 'ဘရင် ခင်မြရင်'အတွဲဟူ၍ ရိတိတိ ခေါ်ဝေါ်ကြသော်လည်း ကျွန်တော်သာလျှင် မျက်နှာထူပူသွား၍ ခင်မြရင်မှုကား အိုက်စ်ကရင်စားရသကဲ့သို့ အေးအေးဆေးဆေး ရှိနေလေ၏။

ကျွန်တော်၏ တင်းနစ်(စ်)အဆင့်အတန်းမှာ သာမန်မျှသာဖြစ်၍ ဘိုတပြားမကလေးတစ်ယောက်ကဲ့သို့ ကျင်လည်သော ခင်မြရင်၏အစွမ်းကြောင့် ကျွန်တော်တို့အတွဲပင် ငွေဖလားတည်းဟူသော အောင်ပန်းကို ဆွတ်ခူးရာတွင်လည်း ခင်မြရင်သည် ကလေးသူငယ်တစ်ယောက်နှင့် တွဲဖက်ကစားရ၍ အောင်မြင်ခြင်းကဲ့သို့ ဧည့်သည်များ၏ ချီးကျူးထောပနာပြုခြင်းများကို အေးအေးဆေးဆေး ခံယူသိမ်းပိုက်လေ၏။ သို့ဖြစ်၍ ခင်မြရင်အပေါ်၌ ကျွန်တော်က လူစွမ်းပြ၍ အောင်မြင်နိုင်ဖို့မှာ ကြာလေစခန်းဝေးလေ ရှိနေခဲ့ပြီ။

ထိုညဉ့်၌ အိမ်ရှင်ဦးဖိုးတာသည် ကပြားဟန်ဖမ်းလျက်ရှိသော သမီးချော တစ်ယောက်၏ ဖခင်ဖြစ်သည့်အတိုင်း ဧည့်သည်များအား ရှမ်ပိန်ဒင်နားကျွေး၍ ဧည့်ခံလေရာ ခင်မြရင်သည် အင်္ဂလိပ်စကားအနည်းငယ်မျှသာ ပြောတတ်သော ဖခင်ဦးဖိုးတာ၏ကိုယ်စား 'အက်ဖတာဒင်နား' စကားပြောခြင်းတည်းဟူသော တာဝန်ကို အလွန်ကျေပွန်စွာ ဆောင်ရွက်သည်ဖြစ်၍ ဧည့်သည်များမှာ လက်ခုပ်တဖျောင်းဖျောင်း၊ သွားတဖြီးဖြီး၊ ရယ်သံတဟဲဟဲ ရှိနေကြလေတော့သည်။

နဂိုကတည်းက ခင်မြရင်အပေါ်၌ အထင်ကြီးခဲ့ပြီးသော ကျွန်တော့်မှာ အင်္ဂလိပ်မတစ်ယောက်မသာအောင် တရှုတ်ရှုတ် တရှိရှိပြောတတ်သော ခင်မြရင်၏ စကားပြောပုံကို မြင်ရကြားရသောအခါ၌ ဤမိန်းကလေးကား အိုင်စီအက်စ်တစ်ယောက်ထက် နိမ့်ကျသော ယောကျ်ားကို ယူမည့်သူမဟုတ်သဖြင့် ကျွန်တော့်အဖို့ မျှော်လင့်ချက် လုံးဝကုန်ဆုံးလေပြီဟု သန္နိဋ္ဌာန်ချမိလေတော့သည်။

ကျွန်တော့်မှာ ဘီအေတစ်ယောက်ဖြစ်သော်လည်း အိုင်အေမျှသာ အောင်ခဲ့သော ခင်မြရင်နှင့် အင်္ဂလိပ်စကား ပြောရမည်ကို ရှိုးတိုးရှန့်တန့် ဖြစ်နေတော့၏။ ခင်စစ်မှာ ခင်မြရင်သည် ကွန်ဗင့်ကျောင်းထွက်ဖြစ်၍ ကပြားကလေးများနှင့် ဆေါင်းသင်းလာခဲ့သည်ဖြစ်သောကြောင့် ဘိုစိတ်ဝင်လျက် ရှိသည့်ပြင် အသံနေ

www.burmeseclassic.com

www.burmeseclassic.com



အသံထားမှာလည်း 'မိန်းမဒေါက်တာဘာမော်'ဟူ၍ ခေါ်လောက်အောင် ဘိုသံပေါက်လှပါပေ၏။

ညစာ စားသောက်ပြီးကြသည့်နောက် ဧည့်ခန်းအတွင်း၌ စန္ဒရားတီးသူကတီး၊ လူတိုင်းတစ်ယောက်တစ်ပုဒ်စီ တေးချင်းဆိုသူကတစ်လှည့်စီ သီဆိုကြလျက် သန်းခေါင်တိုင်အောင် တဝေါဝေါ တသောသောဖြင့် ပျော်ရွှင်ဆူညံစွာ ရှိနေကြပေရာ ၁၂ နာရီထိုးသောအခါတွင်မှ အိမ်ရှင် ဦးဖိုးတာသည် ဧည့်သည်များအား မိမိတို့၏ အိပ်ခန်းကို အသီးသီးလိုက်၍ ပြသလေ၏။ အခြားဧည့်သည်များအား နေရာချထားပြီးနောက် ဦးဖိုးတာသည် ကျွန်တော့်အား ခေါ်၍–

"ကိုင်း ငါ့တူကြီးကတော့ တခြားလူမှမဟုတ်တာပဲ၊ ကိုယ့်သွေးကိုယ့်သားထဲက ဖြစ်နေလေတော့ ခပ်စိမ်းစိမ်းလူတွေလို ဧည့်ခန်းတသီးတခြား မပေးနိုင်တဲ့အတွက် ဒရိုင်ဘာဖိုးငွေ့ရဲ့ အခန်းထဲမှာပဲ အိပ်ပေတော့။ ဖိုးငွေ့တော့ ကားရုံထဲသွားအိပ်လိမ့်မယ်။ အားနာစရာတော့ ကောင်းတာပဲ။ ဖြစ်ရပုံက ဒီလိုငါ့တူရဲ့၊ ငါ့တူအတွက် သီးသန့်အခန်းတစ်ခန်း စီမံထားပါလျက်နဲ့ ပွဲကတော်ကြီးရဲ့အစ်ကို ဦးဘမောင်က မန္တလေးမြို့မှ မမျှော်လင့်ဘဲ ရုတ်တရက် ဆိုက်ရောက်လာလေတော့ သူ့ကို မောင့်အခန်းမှာ နေရာချထားလိုက်ရတယ်။ စိတ်မရှိပါနဲ့နော် မောင်၊ ဦးတို့အပြစ်မဟုတ်ရပါဘူး။ ဧည့်သည်တွေထဲမှာတော့ ငါ့တူက အရင်းဆုံးဖြစ်တဲ့အတွက်..."

"ကိစ္စမရှိပါဘူး ဦးရယ်။ ကျွန်တော်က လူငယ်ကပဲ။ ဘယ်လိုနေရာမှာ အိပ်ရအိပ်ရ ခေါင်းချလိုက်ရင် အိပ်ပျော်နိုင်တဲ့အရွယ်ပါ"

"ကိုင်း ကိုင်း ဟောဒီအခန်းပါပဲမောင်။ အလို သတိထား ကြွက်လျှောက်နဲ့ ခေါင်းနဲ့တိုက်မိမယ်နော်"

ကျွန်တော်၏ အိပ်ခန်းမှာ အတော်ပင်ကျဉ်းမြောင်းသေးငယ်၍ ကြွက်လျှောက်ပေါ်၌လည်း မော်တော်ကားကိရိယာများ ပြည့်ကျပ်လျက်ရှိ၏။ တစ်ခုသော ထောင့်၌ကား သံသေတ္တာကြီးတစ်လုံးရှိရာ ကျွန်တော်က ၎င်းအကြောင်းကို မေးမြန်းသောအခါတွင် ဦးဖိုးတာက အမေရိကန်ပြည်မှ စိတ်တိုင်းကျမှာယူထားသော မီးခံသေတ္တာမရောက်လာသေးမီအတောအတွင်း၌ ၎င်းသံသေတ္တာကြီးထဲတွင် ပွဲကတော်ကြီးသားအမိနှစ်ယောက်၏ စိန်ရွှေလက်ဝတ်လက်စားများ ထည့်ထားသည့်အကြောင်း အဖိုးတန်ပစ္စည်းများကို မထင်မှတ်သော နေရာ၌ထားခြင်းသည် သူခိုးများကို အထင်မှားစေသဖြင့် တစ်နည်းအားဖြင့် ပိုမိုလုံခြုံကြောင်းများနှင့် ရယ်ကာမောကာ ပြောပြလေ၏။ ထို့နောက်–



"အဖိုးတန်ပစ္စည်းတွေ ထားတဲ့အခန်းဆိုလို့ မောင်ကအိပ်ရမှာ ကြောက်သေးသလား။ ကိစ္စမရှိပါဘူး မောင်နဲ့အဖော်ရအောင် ဘာစတတ်ကို လွှတ်လိုက်ပါ့မယ်။ အရေးအကြောင်းရှိရင် ဟောဒီကြိုးကို ဆွဲနိုင်ပါတယ်။ ဒီကြိုးကိုဆွဲလိုက်ရင် တစ်အိမ်လုံး ပွက်ပွက်ရိုက်ပြီး ချာချီလမ်း တစ်လမ်းလုံး လန့်နိုးလာပြီသာမှတ်ပေတော့"

"ဒီလိုဆို မဆွဲဝံ့ပေါင်ဦးရယ်"

"ကိုင်း–ကိုင်း အိပ်ပေတော့ ငါ့တူကြီး၊ မနက်ခြောက်နာရီမှာ လမ်းလျှောက်ဖြိုင်ပွဲရှိတယ်နော်။ ဦးတို့ပေးတဲ့ ငွေဖလားဆုတွေတော့ တူကြီးကချည်း အားလုံးသိမ်းယူသွားပုံ ပေါ်နေပါပြီ"

ကျွန်တော်သည် အိပ်ရာသို့မဝင်မီ တပို့တပါးသွားရန်အတွက် တိုက်အောက်သို့ ဆင်းလာ၍ ကိစ္စပြီးသဖြင့် အိပ်ခန်းသို့ ပြန်တက်သွားသောအခါ အခန်းဝ၌ ခင်းထားသော ခြေသုတ်ဖုံပေါ်၌ ရှေ့လက်နှစ်ဘက်အပေါ်တွင် မေးတင်ကာ ဝပ်လျက်ရှိသော ခွေးကြီးတစ်ကောင်ကို တွေ့ရလေ၏။ ဤသည်ကား ဦးဖိုးတာ လွှတ်လိုက်မည်ဆိုသော ဘာစတတ်ပင် ဖြစ်ဟန်တူပေရာ ခွေးကြီးမှာ ရှည်ညည်နွဲ့နွဲ့နှင့် အမွေးမတိုမရှည်ရှိနေ၍ တရုတ်ပြည်ဘက်မှ လူကုံထံများဝယ်ယူမွေးမြူကြသည့် အယ်လ်ဖေးရှင်းမျိုး ဖြစ်ပေ၏။ ဤခွေးမျိုးသည် အိမ်စောင့်ကောင်းသူ့သည်ဟု ပြောသံကြားဖူး၍ ယခုလည်း ကျွန်တော်၏ အခန်းကိုစောင့်နေဟန်တူ၏။ သို့ရာတွင် ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ရဖူးသဖြင့် ကျွန်တော်အား အခန်းရှင်ဟူ၍ နားလည်ကောင်းမှ နားလည်ပေလိမ့်မည်။ ယင်းသို့ဖြစ်၍ ခွေးကြီးကိုကျော်၍ အခန်းအတွင်းသို့ ဝင်ရန်ဖြစ်နိုင်ပါမည်လော။

ကျွန်တော်သည် သူ့အပေါ်မှ ကျော်ခွင့်ပြုမည်မပြုမည်ကို စုံစမ်းသည့်သဘောနှင့် အနီးသို့ချဉ်းကပ်ကြည့်ရာ ခွေးကြီးသည် နှာခေါင်းကို အနည်းငယ်တွန့်၍ ဖွေးဖွေးဖြူသော သွားများကို ပြလေ၏။ မဟုတ်သေးချေ။ ဤတွင် ခွေးတို့မည်သည် နာမည်ကိုခေါ်လိုက်လျှင် အကျွမ်းတဝင်ဖြစ်တတ်သည်ဟု နားလည်သည်နှင့် 'ဘာစတတ်'ဟု ခေါ်လိုက်ရာ ခွေးကြီးသည် အမြီးကို မသိမသာကလေး မြှောက်၍ အုန်းဆံဖုံပေါ်သို့ ပြန်ချလိုက်၏။ အမြီးနန့်ခြင်းပေလော၊ အနီးအပါးသို့ အကူအညီတောင်းရန် လှမ်းမျှော်ကြည့်ပါသော်လည်း မည်သူမျှမရှိချေ။ ကျွန်တော့်အဖို့မှာ ခွေးကြီးကိုကျော်၍ အခန်းထဲသို့ရောက်အောင် ဝင်လျှင်လည်းဝင်စေ၊ သို့တည်းမဟုတ် တစ်ညဥ့်ပတ်လုံး မအိပ်ဘဲ ဤအခန်းဝတွင် ထိုင်စောင့်ရန်သာ ရှိတော့၏။ ထမင်း၌ အိမ်သားများထံသွား၍ ကျွန်တော်၏အခက်အခဲကို ပြောပြ၍တိုက်ကူးခိုင်းသေး၏။ သို့ရာတွင် ဤသို့ပြုရန်မှာလည်း ရှက်လည်းရှက်၊ အားနည်းနာသည်နှင့် အိပ်ဘဲနေတော့မည်ဟု အောက်မေ့မိ၏။ နောက်ဆုံး၌ တတ်နိုင်ပါဘူးဆို၍ စိတ်

www.burmeseclassic.com

www.burmeseclassic.com



အားတင်းပြီးလျှင် အလွန်တရာချိုသာသောအသံဖြင့် "ဘာစတတ် ငါ့လူရာ မင်းနဲ့ ငါနဲ့သူငယ်ချင်းမဟုတ်လားကွ"ဟူ၍ လက်ဖျောက်တီးကာ ခေါ်လိုက်သည်တွင် ခွေးကြီးသည် ဦးခေါင်းထောင်ကာ ကျွန်တော့်ကို မော့ကြည့်ပြီးနောက် ဝပ်ရာမှ ထ၍ ရှေ့လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ အညောင်းဆန့်ရင်း အမြီးကို မနန့်ချင် နန့်ချင် ဖြည်းညင်းစွာ နန့်လေ၏။ ဤတွင် သူ၏နောက်ပိုင်းနှင့် တံခါးကြားတွင် လူတစ်ကိုယ် ဝင်သာရုံမျှရှိသော ကွက်လပ်မှ စွပ်ခနဲဝင်လိုက်သဖြင့် အခန်းတွင်းသို့ ရောက်သွား၏။

ကြာရှည်စွာ နေခဲ့လျှင် ခုတင်နှင့်ကျွန်တော်၏အကြားသို့ ခွေးကြီးရောက်လာ၍ ခုတင်ပေါ်သို့တက်ရန် အခက်အခဲ တွေ့ဦးမည်စိုးသည်နှင့် ကျွန်တော်သည် အခန်းတံခါးကို တွန်းပိတ်လိုက်၍ သားရေအိတ်ကို လျင်မြန်စွာကောက်ယူပြီးလျှင် အသင့်ခင်းကျင်းထားသော အိပ်ရာပေါ်သို့ ခုန်တက်လိုက်လေ၏။ ခုတင်ပေါ်သို့ ရောက်သောအခါမှ သားရေအိတ်ကိုဖွင့်၍ အဝတ်အစားများ လဲလှယ်ပြီးလျှင် ခေါင်းအုံးပေါ်၌ ခေါင်းချရလေ၏။ နောက်တစ်ခဏတွင် ခွေးကြီးသည် အခန်းပတ်ဝန်းကျင်၌ လှည့်လည်စုံစမ်းနေသည့် လက္ခဏာနှင့် ခြေသံတရှပ်ရှပ် ကြားရလေရာ ခုတင်ခြေရင်းဘက်၌ တရှူးရှူးမြည်သောအသံကို ကြားရသဖြင့် ကျွန်တော်၏ဖိနပ်ကို နမ်းရှုံ့အနံ့ခံနေသည်ဟု သိရ၏။ ထို့နောက် 'ဘရက်–ဘရက်' မြည်သောအသံမျိုး ကြားရသဖြင့် ကျွန်တော့်အဖို့တည်ထားသော ဖန်ချိုင့်မှ ရေသောက်နေကြောင်း သိရ၏။ ၎င်းနောက် ကျွန်တော်၏ခြေရင်းသို့ ရောက်သွားပြန်၍ ဖျုပ်ခနဲအသံကြားလိုက်ရပြီးလျှင် ခြေထောက်ပေါ်၌ နင့်ခနဲငြိမ် သွား၏။ ခွေးကြီးကား ခုတင်ပေါ်သို့ ရောက်လာချေပြီ။ သို့သော် မောင်မင်းကြီး သားမှာ ငြိမ်ဝပ်စွာအိပ်ပါမည်လော သို့တည်းမဟုတ် အချို့ခွေးဆိုးများအကြောင်း ကို ကျွန်တော်ဖတ်ရဖူးသည့်အတိုင်း ကျွန်တော်၏လည်မျိုကို ခဲဖို့ကြိုးစားချေဦး မည်လော။

ကျွန်တော်သည် မှောင်မိုက်ထဲ၌ ခွေးကြီး၏အကဲကို ခတ်လျက်ရှိစဉ် ခွေး ကြီးသည် ခွေးတို့၏ထုံးစံအတိုင်း ခြေရင်း၌ချာလပတ်လှည့်ပြီးလျှင် ကျွန်တော်၏ တံကောက်ကွေးအကြား၌ လှဲအိပ်လိုက်လေ၏။ ထိုညမှာ အလွန်တရာ ပူအိုက် သောညတစ်ညဖြစ်သည်အတွင်း ရေနွေးတစ်ပုလင်းမျှ ပူနွေးလှသော ခွေးကြီး၏ ခန္ဓာကိုယ်သည် ကျွန်တော်၏အောက်ပိုင်းကို ဖိထားသဖြင့် လွန်စွာအခံရခက်လှ ၏။ တစ်ဖက်သတ်အိပ်ရ၍ ညောင်းညာသဖြင့် တစ်ဖက်သို့စောင်းမည်ပြုရာတွင် ခွေးကြီးကအလိုမကျသောအသံမျိုးပေးသည်နှင့် မပြုပြင်ဝံ့ဘဲ ငြိမ်သက်စွာ နေရချေ တော့၏။ လာခဲ့မိခြင်းကား မှားလေစွဟူ၍ ဆယ်ကြိမ်မက နောင်တရမိလေ၏။



မည်မျှညောင်းညာ၍ စိတ်ထဲ၌ မည်မျှလောက် တထိတ်ထိတ်ရှိစေကာမူ ညနေခင်းက တင်းနစ်(စ်)ကစားထားသဖြင့် မောဟိုက်ခဲ့သော သတ္တိကြောင့် ကျွန် တော့်မှာ တစ်ချက်တစ်ချက်တွင် လစ်ခနဲ လစ်ခနဲဖြစ်သွားမိ၏။ အချိန်မှုကား နာရီပြန် ၂ ချက်ထက်နည်းတော့မည် မဟုတ်ချေ။ ယင်းကဲ့သို့ လစ်သွား၍ အပြင်မှ တံခါးခေါက်သံ ကြားရလေ၏။ ဓာတ်မီးခလုတ်မှာ အိပ်ရာထဲမှ လက်လှမ်းမီ အောင် တပ်ထားသည်ဖြစ်၍ ကျွန်တော်သည် ခလုတ်ကိုနှိပ်ကာ မီးဖွင့်လိုက်ပြီး နောက် 'ဘယ်သူလဲ ဝင်ခဲ့လေ' ဟုပြောလိုက်သည်နှင့်တစ်ပြိုင်နက် အခန်းတံခါး ပွင့်လာ၍ ဖယောင်းတိုင်တစ်တိုင်ကို လက်၌ကိုင်ကာ ရပ်နေသော ခင်မြရင်ကို တွေ့မြင်ရလေ၏။ ခင်မြရင်မှာ ကျုံကျုံနန ဘိုဆန်ဆန်မိန်းမတစ်ယောက်ဖြစ်သည့် အတိုင်း ညဝတ်အိပ်ဝတ်လုံရှည်ကြီးကို ဝတ်လျက်ရှိရာ–

"လာစမ်းပါဦး ဖိုးဒွေးရယ်၊ ငါ့မှာ..." ဟုပြောပြီး၍ ဖိုးဒွေးမဟုတ်ဘဲ အခြားလူတစ်ယောက်ဖြစ်နေသည်ကို တွေ့ရသည်တွင်မှ အံ့သြစွာနှင့် ပါးစပ်ဟ လျက် ငေးကြည့်နေလေ၏။

"ဘာဖြစ်လို့လဲ ခင်မြရင်၊ ကိစ္စရှိရင် ခိုင်းပါလေ"

"ဩော် ကိုဘရင်ပါလား၊ ဖိုးဒွေးမှတ်လို့ ခိုင်းစရာရှိလို့ပါ"

"ဖိုးဒွေးက ကားရုံထဲမှာ အိပ်နေလေရဲ့။ သူ့အခန်းမှာ ကျွန်တော့်ကို နေရာ ပေးတယ်။ ဘာခိုင်းချင်လို့လဲ"

"လင်းနို့ ဝင်နေတယ် ကိုဘရင်ရဲ့"

"ဘယ် ဝင်နေလို့လဲ..."

"ကျွန်မ အခန်းထဲဝင်နေတယ်။ တဖျပ်ဖျပ်နဲ့ အိပ်လို့မရလို့ ဖိုးဒွေးကို မောင်းထုတ်ခိုင်းမလို့ပါ။ နေပါစေ ကိုဘရင်"

"ဖိုးဒွေးတော့ မရှိဘူး။ ကျွန်တော် မောင်းထုတ်ပေးမယ်လေ"

"တတ်နိုင်ရင် လုပ်ပေးစမ်းပါရှင်၊ ဟဲ့ ဘာစတတ် ငြိမ်ငြိမ်နေ"

ခွေးကြီးသည် သခင်မကို တွေ့ရ၍ နှုတ်ဆက်ကာ ပလူးလျက်ရှိ၏။ ကျွန် တော်နှင့် ဘာစတတ်တို့သည် ခင်မြရင်နှင့်အတူ လိုက်သွားကြ၍ ၎င်း၏အခန်းသို့ ရောက်သောအခါ ကျွန်တော်တို့သည် ဖြည်းညင်းစွာဝင်ကြ၍ တံခါးကို ပိတ်လိုက် ပြီးလျှင် ဓာတ်မီးရောင်ဖြင့် လင်းနို့ကို ရှာကြ၏။ သို့ရာတွင် လင်းနို့မှာ မည်သည့် နေရာ၌ ပုန်းအောင်းနေသည်မသိ၊ မြင်လည်းမမြင်ရ၊ အသံလည်းမကြားရချေ။ ဘာစတတ်ကိုယ်တိုင် ထိုမှဤမှ လူးလာခတ်လျက် အနံ့ခံကာ ရှာဖွေပါသော် လည်း မတွေ့နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"လင်းနို့က ကျွန်မတို့လာသံကြားလို့ ပုန်းလိုက်ဟန်တူတယ်။ ဟိုဘက်က တိုင်ကြားမှာ ကပ်သလားမဆိုနိုင်ဘူး"

"လင်းနို့ခြောက်ထုတ်နည်းဆိုပြီး စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော်ဖတ်လိုက်ရတယ်"

"ဘယ်လို စာအုပ်မျိုးထဲမှာလဲ"

"စာအုပ်ကတော့ အင်္ဂလိပ်စာအုပ်ပဲ၊ နာမည်တော့မမှတ်မိဘူး။ နည်းကတော့ ဒီလိုတဲ့။ မီးငြိမ်းပြီး အသာလေးငြိမ်ငြိမ်နေလိုက်ရင် လင်းနို့က အရဲစွန့်ပြီး ထွက်လာလိမ့်မယ်။ ဒီအခါမှာ တံခါးကိုဖြုန်းခနဲ ဖွင့်ပေးလိုက်ရင် အပြင်ဘက်ကို ပျံထွက်သွားရောတဲ့"

"ဟုတ်ပါ့မလား၊ စမ်းကြည့်သေးတာပေါ့လေ"

ကျွန်တော်သည် ဓာတ်မီးခလုတ်ကို နှိပ်လိုက်သဖြင့် တစ်ခန်းလုံးမှောင်သွားသည်တွင် တိတ်ဆိတ်စွာ စောင့်နေကြလေ၏။ တစ်မိနစ်ခန့်ကြာ၍ လင်းနို့ရဲ့တင်းလာလောက်သောအခါ ကျွန်တော်သည် အခန်းတံခါးကို ရုတ်တရက်ဆွဲဖွင့်လိုက်သည်တွင် မိန်းမကြီးတစ်ယောက်သည် လက်ဆွဲမှန်အိမ်ကိုကိုင်လျက် ဆောင်ကူးလမ်းကြားမှ လျှောက်လာသည်နှင့် ပက်ပင်းပါ တွေ့ကြရလေ၏။ ကျွန်တော်အံ့ဩသည်နှင့်အမျှ မိန်းမကြီးမှာလည်း မှန်အိမ်ကိုကိုင်ကာ အလွန်အံ့ဩခြင်းနှင့် ကြောင်တောင်တောင်ကြည့်နေလေ၏။

"ထမင်းချက်တဲ့ ဒေါ်ပွင့်ကြီးပါ။ ဒေါ်ပွင့်ဘယ်ကလာတာလဲ"

"အိပ်ရာဝင်မှာ ဝမ်းနုတ်ဆေးစားထားတာနဲ့ ဆေးအသစ်မို့လို့ မီးလင်းအောင်မနေရဘဲ သန်းခေါင်ကျော်ကြီးမှာ ထနေရတယ်"

ယင်းသို့အဖြေပေးသော်လည်း ဒေါ်ပွင့်သည် ကျွန်တော်တို့နှစ်ယောက်ကို မသင်္ကာသော မျက်နှာထားနှင့် တစ်ယောက်တစ်လှည့် ကြည့်နေလေ၏။

"ကျွန်မအခန်းထဲမှာ လင်းနို့တစ်ကောင် ဝင်နေလို့ ကိုဘရင်ကို ခြောက်ထုတ်ခိုင်းနေရတယ် ဒေါ်ပွင့်ရဲ့။ အပြင်ဘက် ပျံထွက်သွားတာ ဒေါ်ပွင့်မတွေ့လိုက်ဘူးလား"

"မတွေ့ပေါင် မမလေး။ ကြက်ကြက်စည်စည်"

"ဘာကြက်ကြက်စည်စည်လဲ"

"ကျွန်မ မတွေ့တာကို ပြောတာပါ"

"ကိုင်း တော်လောက်ပါပြီ။ ကိုဘရင် ကျေးဇူးတင်ပါတယ်။ လင်းနို့ပျံထွက်သွားပြီ ထင်ပါရဲ့။ ရှင်လည်းပြန်ပါတော့၊ ကျေးဇူးတင်ပါတယ်"



"ဟုတ်ကဲ့ ကျွန်တော် သွားပါတော့မယ်။ ဘာစတတ်ကို ခေါ်သွားလိုက်ပါတော့။ ကျွန်တော့်ဖို့ မလိုပါဘူး"

"ဒေါ်ပွင့်က မီးအိမ်နဲ့ လိုက်ပြပေးလိုက်ပါရှင်"

ကျွန်တော်နှင့် ဒေါ်ပွင့်တို့သည် ခင်မြရင်၏အခန်းမှထွက်လာခဲ့ကြရာ မိန်းမကြီးမှာ မသင်္ကာသောမျက်နှာထားနှင့် ကျွန်တော့်အားကြည့်လျက် စကားမပြောဘဲ လိုက်လာသည်နှင့် ဤနေ့ညအဖြစ်အပျက်ကို မည်သူ့အားမျှ မပြောစေနှင့် ၁၀/ တန်တစ်ရွက်လောက် နှုတ်ပိတ်ခပေးလျှင် သင့်တော်ချေမည်လောဟု စိတ်ကူးမိ၏။ သို့ရာတွင် ဤသို့လာဘ်ထိုးချေက အထင်လွဲသည်ထက် လွဲချေသော့မည်ဟု စဉ်းစားမိသည်နှင့် ၎င်း၏အကြံကို ပယ်ဖျက်လိုက်၏။

ဒေါ်ပွင့်သည် ကျွန်တော့်အား အခန်းဝသို့ရောက်အောင် လိုက်ပို့၍ မီးအိမ်နှင့် ပြန်သွားရာတွင် ကျွန်တော်လည်း မိုးမလင်းမီ အိပ်ရေးဝအောင် အိပ်တော့အံ့ဟု အိပ်ရာသို့ ဝင်လေ၏။

ကျွန်တော်မှာ တင်းနစ်(စ်)ကစားသည့်အတွက် မောပန်းထားသည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားသည့်လက္ခဏာရှိ၏။ သို့ဖြစ်၍ အိပ်မက်ထဲ၌ ခင်မြရင်ကို ဆင်ကြိုးတစ်ကောင်လိုက်သဖြင့် ခင်မြရင်က ကယ်ပါကယ်ပါ တစာစာနှင့် ကျွန်တော့်ထံသို့ ပြေးလာ၍ ကျွန်တော်က ဆီးကြိုပွေ့ဖက်တော့မည်ပြုခဲ့ရာ အခန်းတံခါးခေါက်သံကြောင့် ရုတ်တရက်လန့်နိုး၍ စိတ်တိုတိုနှင့်—

"ဘယ်သူလဲ" ဟု ဝေါက်၍ မေးလိုက်၏။

"ကျွန်မပါ ကိုဘရင်၊ နိုးရတာ အားတော့နာပါရဲ့။ ခုနင်က လင်းနို့ ပြန်ရောက်နေပြန်ပြီရှင့်။ ကျွန်မက လင်းနို့ရှိရင် အိပ်လို့မရဘူး။ တဆိတ်လောက် လိုက်လုပ်ပေးပါဦးရှင်"

"တကယ်ပဲလား"

"တကယ်ပါရှင်၊ ဘယ့်နှယ်မေးတာလဲ"

"ကျွန်တော်မေးတာက ခုနင်က လင်းနို့ဟုတ်ကဲ့လားလို့ပါ။ လင်းနို့ဆိုတာ တစ်ကောင်နဲ့တစ်ကောင် သိပ်တူတာဗျ။ ကိုယ်စားလှယ်လွှတ်လိုက်တာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါကတော့ မပြောတတ်ဘူးလေ။ ကျွန်မကတော့ ဘယ်လင်းနို့ဖြစ်ဖြစ် ကြောက်တာပဲ။ တဆိတ် ခြောက်ထုတ်ပေးစမ်းပါဦးရှင့်"

"လိုက်ရတာပေါ့ဗျာ"

ကျွန်တော်သည် ခင်မြရင်၏အခန်းသို့ ဒုတိယအကြိမ်လိုက်သွား၍ အခြေအနေကို ကြည့်ရာတွင် ဘာစတတ်သည် ခင်မြရင်မရှိခိုက်အတွင်း ခင်မြရင်၏

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်သို့တက်၍ အိပ်ချင်ပြုနေလေ၏။

"အောင်မယ် ဟဲ့ ဘာစတတ် ငါ့အိပ်ရာပေါ် နင်မတက်ရဘူးဆိုတာ မသိဘူးလားဟင် မိုက်လှပါလား ဟဲ့ဆင်း"

ဘာစတတ်လည်း မဆင်းချင်ဆင်းချင်နှင့် ခုတင်ပေါ်မှ ဆင်းသွားလေ၏။

"သိပ်ခက်တဲ့ လင်းနို့ပဲ။ ခုနင်တုန်းက တဖျပ်ဖျပ်နဲ့ အခန်းထဲပျံနေပြီးတော့ ခုတော့ ပျောက်နေပြန်ပြီ"

"ဒါဖြင့် ခုနင်ကတုန်းကလို မီးငြိမ်းထားတဲ့နည်း လုပ်ဦးမှထင်တယ်"

"လုပ်စမ်းပါဦးရှင်"

ကျွန်တော်သည် ယခင်ကနည်းအတိုင်း ခလုတ်ကိုနှိပ်၍ တစ်ခန်းလုံးမှောင်လျက်ရှိသည့်အတွင်း တောင်ပံခတ်သံများ ကြားရသည်ဟု ထင်မိသည်နှင့် အခန်းတံခါးကို ဆတ်ခနဲဆွဲဖွင့်လိုက်လေ၏။ သို့ရာတွင် တံခါးမှာ လက်ထဲမပါလာဘဲ ခိုင်မြဲစွာ တည်လျက်ရှိ၏။

"ဘာလုပ်တာလဲ ကိုဘရင်"

"တံခါးဖွင့်လို့ မရဘူးဗျ။ မီးဖွင့်စမ်းပါဦး"

ခင်မြရင်သည် မီးခလုတ်ကိုဖွင့်၍ မီးလင်းလာပြီးနောက် ကျွန်တော်တို့သည် တံခါးကို တစ်ယောက်တစ်လှည့်စီ ဆွဲဖွင့်ကြပါသော်လည်း တစ်လက်မမျှ ပါမလာဘဲ ခိုင်မြဲစွာ ပိတ်လျက်ရှိလေတော့၏။

"ဘယ်လိုဖြစ်တာလဲ ခင်မြရင်"

"အပြင်ဘက်က မင်းတုံးကျသွားပြီထင်တယ်။ ခက်တော့တာပဲ ဘယ့်နှယ်လုပ်ရပါ့"

ကျွန်တော်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ မကြံတတ်အောင် ဖြစ်နေကြလေတော့၏။

"ခက်တော့တာပဲ ကိုဘရင်၊ ဒီအခန်းထဲမှာ ရှင်တစ်ညလုံးနေလို့ ဘယ့်နှယ်ဖြစ်နိုင်ပါမလဲရှင်"

"ကျုပ်ကလည်း မနေချင်ပါဘူးဗျာ၊ ဘယ့်နှယ်လုပ်ကြပါ့"

နောက်ဆုံး၌ ကျွန်တော်တို့သည် နံနက်လင်းသောအခါမှ အခန်းပြင်မှ သူတစ်ပါးဖွင့်ပေးသည်ကို စောင့်နေရန်မှတစ်ပါး အခြားနည်းလမ်းမမြင်သည်နှင့် ခင်မြရင်အား အိပ်ရာသို့ဝင်၍ အိပ်စေပြီးလျှင် ကျွန်တော့်မှာ ကုလားထိုင်တစ်လုံးပေါ်တွင် ဖြစ်တတ်သလို ကွေးနေဖို့ ပြင်ဆင်ကြရလေ၏။ ထိုအချိန်၌ကား သုံးနာရီထိုးပြီးပြီဖြစ်၍ မိုးလင်းဖို့ ၂ နာရီခန့်လိုသေးပေရာ ကျွန်တော်မှာ ခင်မြရင်၏



ရှောတာဘက်လေးကို အထက်ပိုင်း၌ ရစ်ပတ်ကာ မိုးသောက်ချိန်၏ အေးမြခြင်းကို ကာကွယ်ရလေ၏။ ခင်မြရင်မှာ အိပ်ရာထဲ၌ ကွေးနေသော်လည်း ကောင်းစွာအိပ်ပျော်သည့် လက္ခဏာမရှိချေ။ ဘာစတတ်မှာ ကျွန်တော်တို့၏ အနေအထိုင်ကို ထူးဆန်းသည်ဟု အောက်မေ့ဟန်နှင့် နှစ်ယောက်အကြားတွင်ဝပ်၍ ကျွန်တော်၏ မျက်နှာကို မကြာခဏ မော့ကြည့်လျက်ရှိ၏။ တစ်ချက်တစ်ချက် သတိလစ်သွားသော အချိန်များတွင် ကျွန်တော်သည် ခင်မြရင်ကို ဆင်လိုက်သော အိပ်မက်မျိုးဆက်လက်မြင်မက်ဖို့ မျှော်လင့်ပါသော်လည်း ၎င်းအိပ်မက်မျိုးကိုကား မမက်၊ ဘရှိုးရှိုး၊ တရှိုးရှိုးနှင့် လွတိုက်သကဲ့သို့ အသံမျိုးကိုသာ ကြားရ၏။ လွစင်ထဲသို့ ရောက်နေရသလိုလို မှတ်ထင်ရ၏။

ကုလားထိုင်ပေါ်၌ တလိမ်လိမ် တတွန့်တွန့်ရှိနေ၍ တစ်ချက်တစ်ချက် မျက်စိဖွင့်ကြည့်လိုက်မိသည်တွင် ပြတင်းပေါက်မှ အလင်းရောင်ဝင်နေသည်ကို တွေ့ရသည်နှင့် ဆက်လက်မတွေးတော့ဘဲ ခပ်ဆန့်ဆန့်ထိုင်လိုက်ဆဲတွင် တံခါးမင်းတုံးကို အပြင်မှဖွင့်သံကြားရလေ၏။ ကျွန်တော်သည် ကုလားထိုင်မှ ရုတ်တရက်ထ၍ တံခါးဆီသို့ ပြေးကပ်လိုက်သည်နှင့်တစ်ပြိုင်နက် သူငယ်မကလေးတစ်ယောက်သည် ကာဖီလင်ပန်းနှင့်ဝင်လာ၍ စားပွဲကလေးပေါ်၌ လင်ပန်းကို ချထားပြီးလျှင် ပြတင်းပေါက်မှ ခန်းဆီးများကို ဖွင့်ပေးလေ၏။ သူငယ်မသည် ကျွန်တော့်ဘက်ကို ကျောလှည့်နေခိုက်တွင် ကျွန်တော်သည် ခြေသံမကြားအောင် အခန်းထဲမှ ဖျတ်ခနဲထွက်လာ၍ ကျွန်တော်၏အခန်းဆီသို့ သုတ်ခြေတင်ခဲ့လေ၏။

အခန်းဝသို့ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်မှာ ကြက်သေသေလျက် ငေးကြည့်နေမိလေတော့၏။ အကြောင်းမူကား ကျွန်တော်၏ အိပ်ခန်းတစ်ခုလုံးမှာ ဗလပွဖြစ်နေသည့်ပြင် သံသေတ္တာကြီးမှာလည်း ပွင့်လျက်ရှိနေသောကြောင့်ပေတည်း။ ၎င်းသေတ္တာကြီးထဲ၌ ပွဲကတော်ကြီးသားအမိတို့၏ လက်ဝတ်လက်စားများထားသည်ဟု ပွဲစားကြီးဦးဖိုးတာ ပြောဖူးသောစကားကို သတိရမိသောအခါ အလွန်အံ့သြရုံနှင့်မပြီးတော့ဘဲ ထိတ်လန့်တုန်လှုပ်ခြင်းပါ ရောယှက်ပြည့်စွက်ပေးလေတော့၏။ သေတ္တာကြီးထဲ၌ အဖိုးတန်ပစ္စည်း မည်၍မည်မျှ ထားခဲ့သည်ကိုမသိ၊ သေတ္တာကြီးမှုကား ဟောင်းလောင်းကြီးဖြစ်နေခဲ့လေပြီ။ ဤတွင် လွစက်ရုံသို့ရောက်၍ တရှိုးရှိုးနှင့် လွတိုက်သံကြားရသည်ဟု ကျွန်တော်မြင်မက်သော အိပ်မက်မှာ သေတ္တာကြီးကို တံစဉ်းနှင့် တိုက်သောအသံ ဖြစ်ရမည်ဟု၍ သည်း စဉ်းစားမိ၏။

နောက်တစ်ခဏ၌ ကျွန်တော်သည် ကျွန်တော်၏ အခက်အခဲကို ဆင်ခြင်မိ ပြန်သည်နှင့် ဦးခေါင်းကြီးသွား၍ တစ်ကိုယ်လုံး ချွေးများ ပြန်လာလေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။ ဤအခန်းထဲ၌ ကျွန်တော်တစ်ယောက်လုံး အိပ်နေပါလျက် သူခိုးများဝင်၍ လုပ်ချင်တိုင်းလုပ်နေကြသည်ကို ကျွန်တော်မသိရဟုဆိုခဲ့လျှင် မည်သူက ယုံကြည်နိုင်ပါအံ့နည်း။ အကယ်၍ ဟုတ်မှန်သည့်အတိုင်း ဖော်ထုတ်ပြောပြပြန်ပါလျှင်လည်း ယုံချင်မှယုံပေမည်။ ယုံစေကာမူ ခင်မြရင်အဖို့ ကောင်းလှမည်မဟုတ်ချေ။

ကျွန်တော်သည် ဤသို့သောအခက်အခဲတွင် မည်ကဲ့သို့ ပြုရပါမည်နည်းဟု အကြံထုတ်မိလေရာ ပထမ၌ မိမိ၏ဦးခေါင်းကို မော်တော်ကားလှည့်သော သံကောက်ကြီးနှင့် မူးအောင်ရိုက်လှဲ၍ ခြေလက်များကို ကြိုးနှင့်ချည်တုပ်ထားရလျှင် သင့်တော်ချေမည်လောဟု စိတ်ကူးမိ၏။ သံကောက်ကြီးလည်း အခန်းထဲတွင် အဆင်သင့်ရှိ၍ သူခိုးလာသောအခါ ဝမ်နင်ပေးဖို့ထားသော ကြိုးမှာလည်း တန်းလန်းကျလျက်ရှိ၏။ ကျွန်တော်သည် သံကောက်ကြီးကို ကောက်ယူ၍ ဦးခေါင်းနှင့် ဆက်ကြည့်လျက် မည်မျှလောက် ပြင်းထန်စွာရိုက်သင့်ပါသနည်းဟု ဆကြည့်ရာ စမ်းသပ်ရုံနှင့် အလွန်နာကျင်သည်ကို တွေ့ရသဖြင့် တွန့်ဆုတ်မိ၏။ အခြားသောအခက်အခဲတစ်ခုမှာလည်း အကယ်၍ ကျွန်တော်သည် ကျွန်တော်၏ ဦးခေါင်းကို သံကောက်ကြီးနှင့်မူးအောင် ရိုက်နိုင်သည်ထားဘိဦး၊ မူးလဲသည့်နောက် ခြေလက်တို့ကို ကြိုးဖြင့်တုပ်နှောင်ရန် တတ်နိုင်တော့မည်မဟုတ်ချေ။ အကယ်၍ ခြေလက်တို့ကို ရှေးဦးစွာ တုပ်နှောင်ထားပြန်ပါလျှင်လည်း မိမိ၏ဦးခေါင်းကို မိမိသံကောက်ကြီးနှင့် ရိုက်ရန်ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ထို့ပြင် ကျွန်တော်သည် မိမိကိုယ်ကို ၎င်းအကြံအတိုင်း မူးမေ့အောင်ရိုက်၍ ခြေလက်တို့ကို တုပ်နှောင်ထားနိုင်စေကာမူလည်း ထမင်းချက်မိန်းမကြီး ခေါ်ပွင့်က ခင်မြရင်၏အခန်း၌ ကျွန်တော့်ကိုမြင်တွေ့သွားသောကိစ္စလည်း ရှိချေသေး၏။ ကျွန်တော်၏ အခန်း၌ ဘာစတတ်မရှိသည့်အခြင်းအရာကိုလည်း ကျေနပ်အောင် ရှင်းလင်းပြောပြဖို့ လွယ်ကူမည်မဟုတ်ချေ။

နောက်ဆုံး၌ ကျွန်တော်သည် အိမ်ရှင်ဦးဖိုးတာအား ဖြစ်သမျှအကြောင်းခြင်းရာကို ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟပြောရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ဟူ၍ ဆုံးဖြတ်ချက်ချလိုက်လေ၏။ သို့ဖြစ်၍ ကျွန်တော်သည် ၎င်းဆုံးဖြတ်ချက်အရ ချက်ချင်းပင် ဆောင်ရွက်တော့မည်ဟု ဦးဖိုးတာ၏ အခန်းသို့သွားသောအခါ ဒူးများဆတ်ဆတ်တုန်လျက် ရှိသောကြောင့် လှေကား ၁၁ ထစ်ကို တက်ရာ၌ လမ်းတွင် လက်ရမ်းကိုကိုင်ကာ နှစ်ကြိမ်ထက်မနည်း အနားယူရလေတော့သည်။

ဘိုဆန်သော ခင်မြရင်၏ဖခင် ဘိုဆန်သော ဦးဖိုးတာသည် ကျွန်တော်ရောက်သွားသောအတန့်၌ မုတ်ဆိတ်ရိတ်ရန်အတွက် တစ်မျက်နှာလုံး ဆပ်ပြာမှုန်များ သုတ်လိမ်းထားသည်ဖြစ်၍ နားပေါက်နှစ်ဖက်တွင် ဆပ်ပြာမှုန့်များ ခြည်းနေသဖြင့်…



"ဦး ခင်ဗျာ"

ဟု ကျွန်တော် ခေါ်လိုက်သည်ကို မကြားဘဲ မှန်တင်စားပွဲရှေ့၌ရပ်ကာ မေးအောက်၌ရှိသော အမွေးအမျှင်များကို သင်တုန်းဓားဖြင့် ရိတ်ခြစ်လျက်ရှိ၏။ ကျွန်တော်က ရှေ့သို့တိုးသွား၍…

"ဦး ခင်ဗျာ"

ဟု တတိယအကြိမ် ခေါ်လိုက်သည်တွင်မှ ဦးဖိုးတာမှာ ဆတ်ခနဲလှည့်သွား၍ နောက်သို့လှည့်ကြည့်လိုက်ရာတွင် မေးဖျားကို သင်တုန်းဓားထိသွားသဖြင့်

"အလိုလေးဗျ"

ဟု အော်လိုက်၏။ ထိုခဏ၌ ဦးဖိုးတာ၏ မျက်နှာမှာ သွေးလူးထားသော ဆပ်ပြာမှုန့်များဖြင့် ချင်းချင်းနီလျက်ရှိနေလေပြီ။

"ဘာဖြစ်တာလဲ အစ်ကိုကြီး"

ဟု ပွဲကတော်ကြီးက အခြားအခန်းမှ လှမ်း၍မေးလိုက်သောအခါ ဦးဖိုးတာသည် မယားဖြစ်သူကို အဖြေပေးဖို့ သတိမရဘဲ ပြူးတူးပြဲတဲဖြစ်နေသော မျက်လုံးများဖြင့် ကျွန်တော့်အား ကြည့်လျက်…

"တယ်ရိုင်းတဲ့လူပါလား မောင်၊ အသံမပြု ဘာမပြုနဲ့ အခန်းထဲဝင်လာရသလား"

"ဘယ်သူလဲ အစ်ကိုကြီး"

"အသံပြုပါတယ် ခင်ဗျာ၊ ဦးက မကြားလို့ပါ"

ကျွန်တော့်မှာ ပစ္စည်းများကို လူခိုးခြင်းနှင့်ပတ်သက်၍ အလျဉ်းမသိသေးသော ပစ္စည်းရှင်အား ကျွန်တော့်အပေါ်၌ သံသယကင်းရှင်းအောင် ရှင်းလင်းပြောပြဖို့ လာရောက်သည့်ကိစ္စတွင် "ချီကတည်းက ယဉ်သကိုလေ"ဆိုသော စကားအတိုင်း မပြောရသေးမီက စိတ်ဆိုးခံနေရပြီဖြစ်သောကြောင့် အလွန်တရာ ရင်လေးစွာနှင့် ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်မိ၏။

"အောင်မယ် တယ်တော်တဲ့လူပဲ။ သူတစ်ပါးအခန်းထဲ မပြောမဆိုနဲ့ ဝင်လာပြီး ကုလားထိုင်ပေါ်မှာ အခန့်သားထိုင်နေလိုက်တာ စွင့်လို့ပါလား"

"ဒီလိုမဟုတ်ပါဘူး ဦးရယ်။ ကျွန်တော်က…"

"ဟော့ မသန်းခင် တင်ချာပုလင်းဘယ်ထားသလဲကွဲ့။ ငါ့မေးစေ့မှာ ဓားထိသွားပြီ။ သွေးတွေကို ရွှဲလို့"

"သြော် ဖြစ်ရလေအစ်ကိုကြီး၊ နေဦး ကျွန်မ ယူလာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပွဲကတော် ဒေါ်သန်းခင်သည် ဆေးပုလင်းကိုကိုင်ကာ အတွင်းသို့ဝင်လာ၍ ကျွန်တော်ကို မြင်သော်လည်း အဖက်မလုပ်ဘဲ၊ ပွဲစားကြီး၏ မေးစေ့ကို ဆေးထည့်ပေးရာ ပွဲစားကြီးမှာလည်း စပ်လှသောကြောင့် တရှူးရှူးတရှားရှား ဖြစ်နေလေ၏။ ယင်းသို့ရှိနေလေလေ ကျွန်တော်၏ကိစ္စကို ပြောဖို့ ခဲယဉ်းလေလေ ဖြစ်နေလေတော့၏။ သို့သော် မပြောလျှင်မပြီးသော အလုပ်ဖြစ်သောကြောင့် စိတ်ကိုတင်းလျက်—

"ဒီလိုပါ ဦးခင်ဗျား"

"ဘယ်လိုလဲ မောင်ဘရင်"

"ပြောရမှာ ခပ်ခက်ခက်၊ မပြောဘဲနေလို့လည်း မဖြစ်"

"အောင်မယ်၊ ဒီသူငယ် ဘယ်လိုဖြစ်လာပါလိမ့်၊ မောင့်အဖေက ဒီလိုမှ ဟုတ်ပေါင်၊ စကားပြောရင် ဒိုးဒိုးဒေါက်ဒေါက်နဲ့ပါ"

"ခါတိုင်းတော့ ကျွန်တော်လည်း ဒိုးဒိုးဒေါက်ဒေါက်ပါပဲ၊ ဦးလည်း သိပါတယ်၊ ဒီကနေ့တော့..."

"ဒီကနေ့ ဘာဖြစ်လို့လဲ၊ ဝေ့လယ်လယ်ရှိလိုက်လေကွယ်တို့"

"သံသေတ္တာကြီးကို လူဖွင့်ပြီ"

"အလိုလေး ကုန်ပါပြီတော့၊ ကျုပ်တို့သားအမိ လက်ဝတ်လက်စားတွေ ကုန်ပါပြီတော့"

"ဟုတ်ကဲ့လား မောင်ရင်"

"ဟုတ်တယ် ဦးရဲ့"

"ကိုယ်ကျိုးတော့ နည်းပါပြီတော့"

"နေပါဦး မောင်တစ်ယောက်လုံးရှိလျက်နဲ့ လူခိုးသွားတယ်လား"

"ကျွန်တော်ရှိတယ်ဆိုပေမယ့်"

"လာစမ်းပါအစ်ကိုကြီးရယ်၊ သွားကြည့်ရအောင် ရှင့်လူက တစ်ခွန်းချင်း လုပ်နေလိုက်တာ နားထောင်ရတာ အားမရပါဘူး"

ပွဲစားကြီးလင်မယားနှင့် ကျွန်တော်သည် ကျွန်တော်၏ အိပ်ခန်းသို့ ဆင်းလာကြသောအခါ ထမင်းချက်မိန်းမကြီးဒေါ်ပွင့်နှင့် အခြားအစေခံနှစ်ယောက်၊ ထို့ပြင် ညဥ့်အိပ်စည်သည် နှစ်ယောက်သုံးယောက်တို့လည်း ရောက်နှင့်နေကြလေပြီ။ ၎င်းတို့သည် ကျွန်တော့်ကို မတွေ့သည်နှင့် ပွဲစားကြီးထံ တိုင်တန်းရန်သွားရောက်ကြသည်ဟု ရိပ်မိကြသဖြင့် အပြန်ကို စောင့်မျှော်လျက်ရှိကြလေသည်။ ပွဲစားကြီးသည် ဒရိုင်ဘာဖိုးဌေးအား ဌာနသို့ တယ်လီဖုန်းဆက် အကြောင်းကြားရန် စေခိုင်းလိုက်ပြီးနောက် ကျွန်တော်၏ ခုတင်ပေါ်၌ ထိုင်၍စစ်ဆေးလေ၏။



"ဘယ့်နှယ်လဲ မောင်ရင်၊ ဒီအခန်းထဲမှာ မောင်အိပ်ပါလျက်နဲ့ သံသေတ္တာကို တံစဉ်းနဲ့တိုက်ဖွင့်ပြီး ပစ္စည်းတွေ လူခိုးသွားတာ မောင်ဘာမှမသိလိုက်ဘူးလို့ ဆိုလိုသလား"

"ကျွန်တော် ဒီလိုမဆိုလိုပါဘူး ဦးရဲ့"

"နို့ ဘယ်လိုလဲ"

"ကျွန်တော် မအိပ်ဘူးခင်ဗျ"

"အလို မအိပ်ဘဲ ဘာထိုင်လုပ်နေသလဲ၊ ဒါနဲ့တောင် သူခိုး လာတာကို မသိလိုက်ဘူးလား"

"ကျွန်တော်ပြောလိုတာက ဒီအခန်းမှာ ကျွန်တော်မအိပ်ဘူးခင်ဗျ"

"အလို ဟုတ်ကဲ့လား၊ ဒါဖြင့်ဘာစတတ်ကော"

"သူလည်း အခန်းထဲမှာ မအိပ်ဘူးဦးရဲ့"

"တော်ပါတော့ကွယ်၊ ၄၅၀ိ/ ပေးဝယ်ထားတဲ့ခွေးက အိမ်စောင့်ဖော်မှမရဘူး၊ ငဲ့လိမ်ရောင်းသွားကြတာပဲ"

"ဟိုဘက်ဝင်းထဲကခွေးမလေးနောက်လိုက်နေပြီထင်တယ်။ ဒီကောင်ကြီး"

"ဒီအခန်းထဲ မအိပ်ဘဲ ဘယ်ဆီသွားအိပ်တာတဲ့တုံး မောင်က..."

"အမှန်ပြောရမှာဖြင့် ကျွန်တော်က..."

ဤတွင် ပွဲစားကြီးသည် စိတ်ဝင်စားသောမျက်နှာထားမျိုးနှင့် နားစွင့်လျက်ရှိကြသော အစေခံများဘက်သို့လှည့်၍...

"ကိုင်း ကိုင်း ဒေါ်ပွင့်တို့ ချက်စရာပြုတ်စရာရှိတာ သွားချက်ကြ၊ သမ်းလျှောက်ပြိုင်ပွဲတော့ မလုပ်ဖြစ်ဘူး။ ဧည့်သည်တွေကို ထမင်းကျွေးဖို့အလုပ်သာ စီမံကြပေတော့"

အစေခံများ ထွက်သွားကြသောအခါ အခန်းထဲတွင် ပွဲစားကြီးလင်မယားနှင့် ကျွန်တော်တို့သာ ကျန်ရစ်ခဲ့တော့၏။

"ကိုင်း မောင်ဘရင် မနေ့ညတုန်းက ဒီအခန်းမှာမအိပ်ဘဲ ဘယ်နေရာ ဘယ်ဒေသမှာ အချိန်ကုန်ခဲ့တယ်ဆိုတဲ့အကြောင်းကို ကျေးဇူးပြုပြီး ပြောပြစမ်းပါဦး"

"ကျွန်တော်တို့ လင်းနို့ခြောက်နေရတယ် ဦးရဲ့"

"ရွတ်တွတ်တွတ်လုပ်မနေစမ်းပါနဲ့ တည်တည်ပြောစမ်းပါ"

"ဒီအခန်းမှာ မအိပ်လို့ ဘယ်သူ့အခန်းထဲ သွားအိပ်သလဲဆိုစမ်း"

ကျွန်တော့်မှာ အပြောရခက်သည်နှင့် ခပ်ဆိုင်းဆိုင်း လုပ်နေမိသည်တွင် ပွဲစားကြီးသည် ပွဲကတော်ကြီးရှိနေသည့်အတွက်ကြောင့် ကျွန်တော် နှုတ်ဆွံ့နေ

www.burmeseclassic.com

www.burmeseclassic.com



သည် ထင်မှတ်နေသဖြင့် ပွဲကတော်ကြီးဘက်သို့လှည့်လျက်...

"မသန်းခင် မင်းနားထောင်လို့ မတော်ပေဘူးထင်တယ်။ ယောကျ်ားချင်း စစ်ဆေးစမ်းပါရစေ၊ ခဏလောက် ထွက်နေလိုက်စမ်းပါ"

"ထွက်နိုင်ပေါင်ရှင်၊ ကိုယ့်အိမ်ထဲမှာ ဖြစ်ပျက်တာကို ကိုယ်မသိရဘဲ နေနိုင်ပါဘူး။ သူပြောစရာရှိတာ ပြောပါစေ"

"ဒါဖြင့် မင်းသဘောဗျာ။ ကိုင်း မောင်ဘရင် ကျေနပ်အောင် ပြောနိုင်ရင် ပြော၊ မပြောနိုင်ရင်တော့ မြို့အုပ်သောဘီအေသော နားမလည်ဘူး။ အိမ်ထဲက မောင်းတီးပြီး နှင်ထုတ်ရလိမ့်မယ်"

"ပြောရမှာက ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး ဦးရယ်။ သူတစ်ပါး၏ ဂုဏ်သရေကို ထိခိုက်မှာစိုးလို့မို့ ဆိုင်းတိုင်းတိုင်း လုပ်နေမိခြင်းဖြစ်ပါတယ်"

"ပြောစမ်း၊ ဘယ်သူ့အခန်းထဲမှာ အိပ်သလဲ"

"ဆရာမ ခင်မေများလား၊ ဒါမှမဟုတ် ကလေးထိန်းတဲ့ မိညိုဖြစ်လေရော့ သလား"

"မဟုတ်တာ မသန်းခင်၊ ဆရာမက လှဖြွေသမှတ္တိနဲ့ နေတတ်တဲ့မိန်းမပါ"

"ဒါဖြင့် ဒေါ်တင်ကြီးများလား ကရို့"

"ဟုတ်နိုင်ပေါင်ကွယ်၊ သူ့အရွယ် ဝုဒ္ဓိကြီးနဲ့ ဒီလိုနောက်တောက်တောက် အလုပ်မျိုး မလုပ်တန်ကောင်းပါဘူး"

"ဒီလိုဆိုရင် နိုင်းတဲ့ကောင်မလေးတွေထဲက မနေမှာပေါ့"

"အေးလေ ဘယ်သူနဲ့သွားအိပ်အိပ် ကိုယ့်အိမ်ထဲမှာ ဖြစ်တဲ့ကိစ္စတော့ လျစ်လျူရှုမထားနိုင်ဘူး။ ဘယ်သူနဲ့ဖြစ်ဖြစ် ချက်ချင်းလက်ထပ်ပြီး ယူစေရမယ် ဖိုးတာတဲ့ကွ၊ ဘာရမလဲ"

"ဒါကတော့ ဦးအမိန့်ကို ကျွန်တော်မပယ်ပါဘူး ဦးခင်ဗျာ"

"မောင် ပယ်ချင်လို့လည်း ကျုပ်က မခံပါဘူး။ ဆိုစမ်း ဘယ်သူလဲ"

"တခြားလူ မဟုတ်ပါဘူး ဦးခင်ဗျာ"

"အေးလေ၊ ကိုယ့်ဧည့်သည်ထဲကပဲ နေမှာပေါ့ ဘယ်သူလဲကွဲ့"

"ဒက်ဒီ အို ဒက်ဒီ၊ မာမီကော ဒီမှာလား၊ ခင်တို့လက်ဝတ်လက်စားတွေ လူခိုးကုန်ပြီဆို"

ယင်းသို့ပြောပြောဆိုဆိုနှင့် ခင်မြရင်လည်း အခန်းတွင်းသို့ ဝင်လာလေရာ ဘာစတတ်လည်း နောက်မှလိုက်ပါလာလေ၏။

"ဟော့ ခင် အပြင်ထွက်သွားစမ်း၊ ဒက်ဒီ ဒီမှာ စစ်ဆေးနေတယ်"

"ဘာများလဲ ဒက်ဒီ"



"ကျွန်တော်က ဒီအခန်းမှာ ကျွန်တော် မအိပ်ရပါဘူးလို့ပြောတော့ ဦးက ဘယ်မှာအိပ်သလဲ ပြောရမယ်တဲ့ဗျာ၊ အတင်းစစ်ဆေးနေတယ်"

ခင်မြရင်က ပထမ၌ မျက်နှာနီမြန်းသွားသော်လည်း ဟုတ်မှန်သည့်အတိုင်း ဝန်ခံရန်သတ္တိရှိသော မိန်းမတစ်ယောက်ဖြစ်သည့်အလျောက် လွန်ခဲ့သောညက အဖြစ်အပျက်အခြင်းအရာများကို အစမှအဆုံးတိုင် ပြန်ပြောင်းပြောပြလေရာ ဦးဖိုးတာမှာ စာချုပ်မိနေသောကြောင့်ပေလော၊ သို့တည်းမဟုတ် ဤအခြေအနေရောက်မှ မထူးတော့ပြီဟု အောက်မေ့သောကြောင့်ပေလော၊ အမှန်မပြောနိုင်သော်လည်း ကျွန်တော့်မှာ ဦးဖိုးတာ၏သမက်ဖြစ်ရတော့သည်ကား အမှန်ပင် ဖြစ်ပေတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# အောင်သွယ်ကောင်းသော ဆိတ်

ဂျူဗလီဟော၌ ကျင်းပသော မျက်နှာကြီးမင်္ဂလာဆောင် အခမ်းအနား၌ တူမနုနုသည် မင်းကတော်ကြီး ဒေါ်ကြည်ကြည်နှင့် အတူထိုင်လျက်ရှိစဉ် ယောကျ်ားနှင့်မိန်းမ တဲသီးတခြား ခွဲ၍ခံသောပွဲတိုင်း အခမ်းအနားများ၏ ထုံးစံအတိုင်း မိန်းမများသည် ယောကျ်ားပရိသတ်အလာသို့ မျက်နှာပေးလျက် ယောကျ်ားပရိသတ်များအနက် မည်သူသည် မည်သည့်အရာရှိ၊ မည်သည့်စက်ပိုင်၏ သားဖြစ်၍ မည်သည့်နှစ်က ဘီအေအောင်သည်၊ မည်သည့်နှစ်တွင် ဝတ်လုံအတတ်သင်သွားသည်၊ မည်သူက အိုင်စီအက်စ်အောင်သည် စသည်ဖြင့် တစ်ယောက်နှင့်တစ်ယောက် ဖောက်သည်ချလျက် ရှိကြ၏။

ပင်စင်အငြိမ်းစား ရာဇဝတ်ဝန်ဦးလှဘော်၏ သမီးနုနုမှာ အမိဒေါ်အုန်းစိန် အနည်းငယ် နေထိုင်မကောင်းသဖြင့် မင်္ဂလာဆောင်သို့ မလိုက်နိုင်ဘဲ ရှိသည်တွင် လက်ဝတ်လက်စား ပြည့်စုံသော အရာရှိသမီးတစ်ယောက် ဖြစ်သည့်အတိုင်း ပွဲထိုင်အခမ်းအနား တစ်ခု၌ မိမိ၏ လက်ဝတ်လက်စားကို မပြလိုက်ရလျှင် တစ်ပူနာသည်ဟု ထင်မှတ်ဟန်လက္ခဏာနှင့် အဒေါ်ဖြစ်သူ မင်းကတော်ကြီး ဒေါ်ကြည်ကြည်နှင့် မင်္ဂလာဆောင်သို့ လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

တူဝရီးနှစ်ယောက်တို့သည် ယောကျ်ားပရိသတ်များကို တစ်ယောက်စီ သန်းခေါင်စာရင်း ကောက်လျက်ရှိစဉ် နုနုက...

"အိုင်စီအက်စ် ကိုစိုးမင်းက လူချောတစ်ယောက်ပါလား ကြီးကြီး"



ဟု ဆိုရာ အဒေါ်ဖြစ်သူက...

"ချောလည်းချော မြေပိုင်ရှင် စက်ပိုင်ရှင်သားလည်းဖြစ်၊ အိုင်စီအက်စ်လည်းအောင်၊ စိတ်နှလုံးကလည်း ကောင်း၊ ဒီလိုအင်္ဂါစုံတဲ့သူ ရှားလှပေါ့ တူမကြီးရယ်။ ဒါထက် တစ်နေ့တုန်းက ကြီးကြီးတို့အိမ်လာလည်လို့ နုနုကို သူ မွေးဦးဘာကျော် ပွဲတုန်းက မြင်လိုက်ရဖူး ဆိုပါကလား၊ ငါ့တူမကို သိပ်ချီးမွမ်းတာပဲ။ ဘိလပ်မှာ အင်္ဂလိပ်များ ထုံးစံလို ငါ့တူမနဲ့ အသိဖွဲ့ပေးနိုင်ရင် သိပ်ကောင်းမှာပဲတဲ့၊ ပြောသွားရှာသေးတယ်"

"တကယ်လား ကြီးကြီး"

"ကြီးကြီးက ဘယ်တော့များမှ မဟုတ်တာ ပြောဖူးလို့လဲ"

"သူက ကြီးကြီးတို့အိမ်ကို ဘာကိစ္စလာတာလဲ ကြီးကြီးရဲ့"

"တနင်္ဂနွေနေ့တိုင်း လာတာပဲတော်၊ ကိစ္စရယ်လို့တော့ မရှိပါဘူး။ ဒီလိုရယ်လားမောလား စကားစမြည် ပြောကြတာပေါ့"

နောက်တနင်္ဂနွေပတ်မှစ၍ နုနုသည် မင်းကတော်ကြီး ဒေါ်ကြည်ကြည်၏ နေအိမ်သို့ အပတ်တိုင်း မှန်မှန်သွားရောက်လည်ပတ်လေရာ ဒေါ်အုန်းစိန်၏ အမ်လည်း တော်ပြန်၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများသာ သွားလာဝင်ထွက်ကြသော အိမ်လည်းဖြစ်ပြန်သည်နှင့် မိခင်ဖခင်တို့က ကန့်ကွက်ခြင်းမရှိကြဘဲ လွှတ်လပ်စွာ သွားလာနိုင်ပေသည်။ အမိဒေါ်အုန်းစိန်မှာကား ခေတ်ပညာတတ်မိန်းမကြီး မဟုတ်၍ သမီးပြီးလျှင် ပြီးသောမိခင်ဖြစ်လေသည်။

နုနုနှင့် ကိုစိုးမင်းတို့သည် ဒေါ်ကြည်ကြည်၌ အပတ်တိုင်း တွေ့ဆုံခွင့်ရကြ၍ တစ်ဦးနှင့်တစ်ဦး ယဉ်ပါးလျက် ရှိကြရာ အဒေါ်ဖြစ်သူကလည်း တူမကြီး တစ်ယောက် လင်ကောင်းရသည်ကို မြင်လိုသည်ဆို၍ အလွန်အမင်း လွှတ်လပ်ခြင်း မပေးစေကာမူ ပြောချင်သော စကားကို ပြောဆိုခွင့်ရစေလောက်အောင်မူကား မျက်နှာလွှဲပေး ထားပေရကား လူငယ်နှစ်ယောက်တို့ သမီးရည်းစားဘဝသို့ ရောက်ကြခြင်းမှာ အံ့ဖွယ်ရာမဟုတ်ပါပေ။

အစ်မ ဒေါ်ကြည်ကြည်သည် ညီမဒေါ်အုန်းစိန်အား နုနုနှင့် ကိုစိုးမင်းတို့အကြောင်း ပြောပြရင်း–

"ငါ့ညီမတော့ ကော်ဦးမှာတော်။ အိုင်စီအက်စ်တစ်ယောက်လုံး သမက်တော်ရဦးမှာပါ။ ဒီခေတ်က ပညာခေတ်ကြီး ညီမရဲ့။ အိုင်စီအက်စ်ဆိုတာတော့ မပြောနဲ့တော့။ ဘီအေအောင်တဲ့သူတောင် သမီးရှင်က တစ်သောင်းနှစ်သောင်း အကုန်ခံပြီး မျှော်ပေါင်းနေရတဲ့ ခေတ်ကြီးညီမရဲ့။ အချို့မှာ သမီးရှင်က သမက်လောင်းကို အိုင်စီအက်စ်ဝင်ဖို့ရာ ဘိလပ်လွှတ်ရသေးတယ်။ ငါ့ညီမမှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ပြားတစ်ချပ်မှ မကုန်ရဘဲနဲ့ ဆူပြီးနပ်ပြီး အသာကလေး ခူးစားကြရမယ် မဟုတ်ဘူးလား။ ဒီလောက်ကော်တာ ဘယ်မှာ ကြားဖူးသလဲ"

ဟု ပြော၏။ ညီမဖြစ်သူ ဒေါ်အုန်းစိန်က...

"မျိုးရိုးနဲ့ ပညာကတော့ ပြောစရာမရှိပါဘူး မမရယ်။ နို့ စိတ်သဘောကရော ဘယ်လိုလဲမမ၊ သိပ်များ ဆတ်သလား။ အိမ်က အဘိုးကြီးက တစ်သက်လုံး ပုလိပ်လုပ်လာခဲ့တော့ တစ်ဆိတ်ရှိသူက နိုင်ချင်တာပဲ။ ဒါ့ကြောင့် စိတ်ဆတ်တဲ့ သမက်ဆိုရင် ယောက္ခမကို ကြိုဟ်လုပ်မှာ စိုးလို့ပါမမ"

"ဒါလည်း မပူနဲ့ငါ့ညီမ၊ အစ်မကြီးက ကောင်းကောင်းသိတယ်။ အင်မတန်သဘောပြည့်ဝတဲ့ လူတစ်ယောက်ပါ။ သို့သော် တစ်ခုတော့ ရှိတယ်။ သူက ဘိလပ်ပြန်ဆိုတော့ ဘိုဆန်တာကလေးလောက် ရှိပါတယ်"

"ဘယ်လို ဘိုဆန်ပုံလဲ မမရဲ့"

"ဘိုဆန်ပုံက တခြားမဟုတ်ပါဘူး ညီမရယ်။ တိရစ္ဆာန်မွေးဖို့ သိပ်ဝါသနာပါတာပဲ။ သူ့အိမ်မှာ ခွေးရော၊ မျောက်ရော၊ ကြောင်ရော၊ ဝက်ဝံရောစုံလို့ တိရစ္ဆာန်ရုံ ကျနေတော့တာပဲ"

"ဒါလောက်တော့ ကိစ္စမရှိပါဘူး မမရယ်"

"သူ့ဟာက မွေးရုံမကဘူး သိပ်ချစ်တတ်တယ် ဆိုကပဲ"

"ဒါတော့ သားမယားမရှိသေးခင်မို့ထင်ပါရဲ့ မမရဲ့။ မယားရတော့ မယားချစ်တာနဲ့ လောက်နိုင်မယ်မထင်ပါဘူး"

"မတ်တော်မောင်ကိုလည်း နည်းနည်းပါးပါး စကားကြောင်းထားလိုက်နော်..."

"ဘယ်လိုကြောင်းထားရမှာလဲ မမရဲ့"

"ညီမတို့ အိမ်ကို သူလာလည်ဖို့ပေါ့"

"စိတ်ချပါ မမရယ်၊ ကျွန်မ ကြည့်ပြောထားပါ့မယ်"

နုနုနှင့် ကိုစိုးမင်းတို့သည် ဒေါ်ကြည်ကြည်အိမ်၌ သမီးရည်းစားဘဝသို့ ရောက်ခဲ့ကြရာတွင် တစ်ပတ်မှ တစ်ကြိမ်မျှသာ တစ်ယောက်မျက်နှာကို တစ်ယောက်တွေ့မြင်ခွင့်ရသည်ကို မကျေနပ် အားမရနိုင်သည်နှင့် ကိုစိုးမင်းက နုနုအား ၎င်း၏အိမ်သို့ မိမိနေ့တိုင်းလာ၍ လည်ပတ်ခွင့်ရစိမ့်သောငှာ မိဘများကို ပြောထားဖို့ တိုက်တွန်း၏။

နုနုသည် အခြားကိစ္စများတွင် ဖခင်၏နှုတ်ခမ်းမွေးကို ဆွဲနိုင်ကြောင်း သိသော်လည်း ဤကိစ္စ၌မူ ရှန့်တန့်တန့်ဖြစ်နေ၍ မည်ကဲ့သို့ စီမံရမည်မသိသည်နှင့် အချိန်ဆွဲထားခဲ့သည်။ နောက်ဆုံး၌ ကိုစိုးမင်းက ပူဆာဖန်များလတ်သော် နုနု



သည် ကိုစိုးမင်းအား နောက်တနင်္ဂနွေနေ့တွင် မိမိ၏ နေအိမ်သို့ လာခဲ့ရန်ဖိတ်ခေါ်ထားခဲ့၏။ နုနုသည် ရှေးဦးစွာ မိခင်ကို နှုး၍ ဖခင်အား ကိုစိုးမင်းကို လက်ခံဖို့ နှုးရန် တာဝန်ကို မိခင်အား လွှဲလိုက်လေသည်။

ဒေါ်အုန်းစိန်သည် လင်ယောကျ်ားအား အစ်မဒေါ်ကြည်ကြည်ထံမှ ကြားခဲ့သော စကားနှင့်သမီးနုနု၏ တိုက်တွန်းချက်အရ နားသွင်းရာတွင် သူများတကာမှာ ငွေတစ်သောင်းကျော်နှစ်သောင်းမျှ အကုန်အကျခံ၍ အိုင်စီအက်စ်သမက်တစ်ယောက်ရအောင် ဖမ်းကြရသော်လည်း မိမိမှာ ကံကောင်းထောက်မသည်ဖြစ်၍ နပ်ပြီး ခူးပြီးကို အဆင်သင့်စားရသကဲ့သို့ သက်သာစွာနှင့် သမက်ကောင်းရကြတော့မည်ဖြစ်ကြောင်း၊ အမျိုးအနွယ်မှာလည်း မြေပိုင်ရှင်အထက်တန်းစား၊ ပညာမှာလည်း ဘီအေအိုင်စီအက်စ် ရုပ်ရည်မှာလည်း လူချောလူလှ စိတ်နေသဘောထားမှာလည်း အလွန်ပြည့်ဝ ဥစ္စာဓနမှာလည်း ဆန်စက်နှစ်လုံးပိုင်ရှင်ဖြစ်၍ လိုလေသေးမရှိအောင် အင်္ဂါပြည့်စုံပေကြောင်း၊ သူ၏ဝါသနာကလေးတစ်ခုမှာ ခွေး၊ မျောက်စသော တိရစ္ဆာန်များ မွေးမြူ၍ လက်ပွန်းတတီးထားတတ်သည်ဖြစ်သောကြောင့် အကယ်၍ မိမိတို့ အိမ်သို့အလည်လာသောအခါ၌ တိရစ္ဆာန်တစ်ကောင်ကလေး ပါလာခဲ့လျှင် မျက်နှာမပျက်မိစေရန် သတိထားသင့်ကြောင်းနှင့် ပြောပြလေ၏။

ဦးလှဘော်မှာ အင်္ဂလိပ်စာ ၉ တန်းမျှသာ အောင်ခဲ့၍ ကြံရည်ဖန်ရည်ကောင်းသည့်အတွက် ရာဇဝတ်ဝန်ကြီး ဖြစ်ခဲ့သော်လည်း အရေးပိုင်မင်းကြီးနှင့်၍ နောက်ပေါက်အေအက်စ်ပီ ဝန်ထောက်ကလေးများနှင့် ဆုံမိသည့်အခါများတွင် ၎င်းတို့က မိမိတို့ကိုယ်ကို ဒီဂရီဘွဲ့ရဆို၍ အသားယူကြခြင်းအားဖြင့် အနှိမ်ခံရန် များလှပြီဖြစ်ရကား မိမိတို့ကိုယ်တိုင် ဘီအေမအောင်ခဲ့သည့်အတွက် မကြာခဏ ဝမ်းနည်းခဲ့ရဖူးသည်အတွင်း ယခုကဲ့သို့ မြန်မာပြည်အတွင်း၌ ထိတ်ထိတ်ကြဲဘွဲ့ထူးဖြစ်သော အိုင်စီအက်စ်ဘွဲ့ခံတစ်ယောက်ကို သမက်တော်ရမည်ဆိုသဖြင့် ဟဒယရွှင်မြူး အလွန်ကြည်နူးလျက် ရှိလေတော့၏။ သို့ဖြစ်၍ မိမိ၏ဇနီးအား...

"သူချစ်တတ်လို့ သူမွေးတာ ကျုပ်က ဘာကန့်ကွက်စရာရှိပသလဲ မင်းကတော်။ တိရစ္ဆာန်ချစ်တဲ့သူဟာ ကြင်နာတတ်တဲ့ စိတ်နှလုံးရှိတတ်တယ်လို့ ကျုပ်ကြားဖူးတယ်။ သူလာလည်တဲ့အခါမှာ တိရစ္ဆာန်တစ်ကောင်တလေ ခေါ်ခဲ့မှာလို့ဘဲလား။ ခေါ်ခဲ့စမ်းပါစေ မင်းကတော်။ တစ်ကောင်မကလို့ မျောက်အုပ်ကြီးခေါ်ခဲ့ပါစေ၊ ကျုပ်မျက်နှာ မပျက်စေပါဘူး။ ဒီလိုသမက်မျိုးတော့ မျောက်မှ ထင်မကဘူး၊ သူတတ်နိုင်လျှင် တောထဲကကျားကိုခေါ်ခဲ့ဖူး၊ ဆင်ကိုခေါ်ခဲ့ဖူး ကျုပ်က ဘယ်နှယ်မှ မရှိဘူး။ စိတ်သာချပါ မင်းကတော်" ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် လာမည့်တနင်္ဂနွေနေ့၌ ကိုစိုးမင်း အလည်လာလိမ့်မည်ဟု နုနုမှတစ်ဆင့် သတင်းကြားရသည်တွင် ရာဇဝတ်ဝန်ကြီး ဦးလှဘော်သည် အိမ်ရှေ့၌ စောင့်လှေ့ရှိသော လူယုံတော်ဖိုးတီကိုခေါ်၍–

"ဟေ့ ဖိုးတီ"

"ဘုရား"

"ဒီကနေ့နေ့လယ် အိုင်စီအက်စ်ဦးစိုးမင်း လာလိမ့်မယ်ကွဲ့။ ကြားလား"

"မှန်ပါ့ဘုရား"

"ခါတိုင်းတော့ ဧည့်သည်မှာ ခွေးတို့ဘာတို့ ပါလာရင် ကော်ဇောကြီးတွေ မပေစေရအောင် အိမ်ပေါက်က စောင့်ကြိုပြီး ကြိုးနဲ့တားဖို့ ငါက အမိန့်ပေးထား တယ်မဟုတ်လား"

"မှန်လှပါ ဝန်မင်း"

"အေး ဒီကနေ့ ဦးစိုးမင်းလာရင် ခွေးပါပါ၊ မျောက်ပါပါ တတ်နိုင်ဝင် ဆင်ကြီးပါပေစေကွယ်၊ မင်းက ဘာမှမလုပ်နဲ့၊ သူတို့ဟာ သူတို့ ဝင်လာပေ ကြားလား"

"မှန်လှပါ ဝက်ဝံပါရင်ကော ဝန်မင်း"

"ဟဲ့ကောင် ဆင်တောင်ဝင်ပစေဆိုမှဖြင့် ဝက်ဝံလည်း ပါရော့ပေါ့ဟဲ့"

"မှန်လှပါဘုရား"

"ပြီးတော့ လက်ဖက်ရည်တိုက်ရာမှာ လင်ပန်းလွှတ်ကျ ဖန်ခွက်ချခွဲ ဟိုနေ့က ကောင်ကလေးမျိုး မဝင်စေနဲ့နော်"

"မှန်လှပါ၊ ကျွန်တော်မျိုးကိုယ်တိုင် စီမံပါ့မယ်ဘုရား"

* * *

တနင်္ဂနွေနေ့နာရီပြန် တစ်ချက်အချိန်တွင် အိုင်စီအက်စ်ဦးစိုးမင်းသည် ရည်းစားအိမ်သို့ လာရောက်လည်ပတ်ခြင်း ဖြစ်စေကာမူ ဂိုက်ဆိုက်ထုတ်ခြင်း စက်ဆုပ်သူဖြစ်၍ ဒရိုင်ဘာမထားဘဲ ဆောဗီအော်စတင်ကားကလေးကို ကိုယ်တိုင် မောင်းနှင်လာခဲ့ရာ ပထမအကြိမ် လည်ပတ်ခြင်းဖြစ်၍ ဝင်းအတွင်းသို့ ကားနှင့် တိုက်ရိုက်မောင်းနှင် ဝင်သွားခြင်းသည်ပင်လျှင် ပိုင်စိုးပိုင်နင်း ကျူးလွန်ရာရော သည်ဟု ယူဆမည်ဖြစ်သောကြောင့် မိမိ၏အော်စတင်ကားကို တစ်ဝင်းခြား၌ သော မိတ်ဆွေတစ်ယောက်အိမ်၌ ထားခဲ့ပြီးမှ ခြေကျင်လျှောက်၍ ဝင်ခဲ့လေ၏။

ထိုအခိုက်အတန့်၌ မြေနီကုန်းဘက် ကုလားအိမ်ဟာစ်အိမ်မှ လွှတ်ထွက် လာသော အရွယ်မရောက်တရောက် ဆိတ်သိုးကလေးတစ်ကောင်သည် ဦး



ဆောက်တို့ ဝင်းတံခါးအနီး၌ပေါက်သော ဆီးပင်တစ်ပင်၌ ဆီးရွက်နုများကို ဝတက် ရပ်လျက် စားနေရာမှ လက်သပ်မွေးထားသော ဆိတ်ကလေးဖြစ်၍ အလွန်ယဉ် သည်တစ်ကြောင်း၊ တိရစ္ဆာန်ချစ်တတ်သောသူကို တိရစ္ဆာန်များက ချစ်တတ်သည် တစ်ကြောင်းကြောင့် ဝင်းထဲသို့ဝင်သွားသော ကိုစိုးမင်းကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကောက်ကောက်ပါအောင် ဝင်လိုက်သွားလေ၏။

ဆိတ်ကလေးသည် တစ်ကောင်တည်း ကျက်စားနေရခြင်းကို ပျင်းရိငြီးငွေ့ လှ၍ ကိုစိုးမင်းကို မိလာသောအခါတွင် မိမိအဖို့ အဖော်ရချေပြီတကားဟု ရွှင်မြူး ဟန်လက္ခဏာနှင့် ပဲခနဲမြည်လျက် အိမ်ရှေ့တံခါးမှ ကိုစိုးမင်းနှင့်အတူ ရင်ဆောင် တန်းတက်သွားလေ၏။ ထိုခဏ၌ ဦးလှဘော်၏ တပည့်ကျော်လည်း အိမ်ရှေ့သို့ ထွက်လာ၍ ဆိတ်ကလေးနှင့်အတူတွဲလျက် လှေကားမှတက်လာသော ကိုစိုးမင်း ကို မြင်လိုက်ရလျှင်ပင် မည်သူမည်ဝါဟူ၍ ပြောဖို့ပင်မလိုဘဲ အိမ်ရှေ့ဧည့်ခန်းသို့ ဆိတ်ရောလူပါ သွင်း၍ နေရာထိုင်ခင်း ပေးလေ၏။

ဖိုးတီ၏စိတ်၌ တတ်နိုင်ခဲ့လျှင် ဆင်ကောင်ကြီးခေါ်ခဲ့ပါစေဟု မှာထားပြီး ဖြစ်ပါလျက် မိမိက မောင်းခြောက်၍သွင်းရန်ပင် မလိုဘဲ ဘာသာအလျောက် ဝင်၍လိုက်သွားသော ဆိတ်ယဉ်ကလေး တစ်ကောင်မျှသာ ပါလာသည်ကို တွေ့ရ သဖြင့် မိမိအဖို့ အလုပ်ချောင်လှသည်ဟု အောက်မေ့မိ၏။ အကြောင်းမူကား ဖိုးတီသည် နွားရိုင်းတစ်ကောင် ခေါ်လာခဲ့သည်ကို တွေ့ရပါလျှင်လည်း အခန်းထဲ သို့ ရိုက်မောင်း၍သွင်းရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ပေသောကြောင့်တည်း။

ထိုအချိန်၌ စာကြည့်ခန်းမှ အသင့်စောင့်မျှော်လျက်ရှိသော ဦးလှဘော် သည် ဧည့်ခန်းသို့ ထွက်လာလေရာ နုနုတို့သားအမိမူကား (နုနု၏အလှပြင်ဆင်မှု ကြောင့်)မှန်တင်ခုံဆောင်တွင် အချိန်ဖြုန်းလျက် ရှိကြသေး၏။ စင်စစ်မှာ နုနုသည် မိမိ၏ ရည်းစားနှင့်ဖခင်တို့ ပထမအကြိမ် တွေ့ဆုံခြင်းကို မိန်းကလေးတို့ ဆုံးခံ အတိုင်း မျက်နှာပူပူနှင့် အချိန်ဆွဲနေခြင်းဖြစ်လေသည်။

ဦးလှဘော်က…

"ထိုင်ပါမောင်ရင်၊ ထိုင်ပါ၊ နုနုတို့သားအမိ လာကြပါလိမ့်မယ်၊ ကျုပ် ဦးလှဘော်ပါပဲ။ ပင်စင်ယူထားတာ သုံးနှစ်လောက်ရှိလို့ မောင်ရင်တို့နဲ့တော့ တာ နယ်တည်း အလုပ်မလုပ်ခဲ့ကြဖူးပေဘူးပေါ့"

ဦးလှဘော်လည်း ကိုစိုးမင်းနှင့်အတူ လိုက်ပါလာသော ဆိတ်ကလေးဖြစ် ၍ ကိုစိုးမင်း၏ ဆိတ်ကလေးပင် မှတ်ထင်သည်နှင့် သမက်လောင်းကလေးအား လောကဝတ်ပြုသော သဘောနှင့် ဆိတ်ကလေး၏ဦးခေါင်းကို လက်ဖြင့်ပွတ်သပ် ပေးလေရာ ထိုအခြင်းအရာကို ကိုစိုးမင်းမြင်ရသောအခါ မိမိ၏ ယောက္ခမလောင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း တိရစ္ဆာန်ချစ်တတ်သည့်အလျောက် ဆိတ်မွေးထားသဖြင့် မိမိနှင့်သဘာဝခြင်းတူချေပြီဟု ဝမ်းမြောက်လျက် ရှိ၏။ ဆိတ်သိုးကလေးသည် ဦးလုဘော်၏ ပွတ်သပ်ခြင်းကို ခံရသည်နှင့် ဤအိမ်သည်ကား မိမိ၏မိတ်ဆွေများ ဖြစ်ချေသည်ဟု ရဲတင်းလာပြီးလျှင် ဆိတ်သတ္တဝါတို့၏ သဘာဝအတိုင်း အခန်းတွင်း၌ရှိသော ဝတ္ထုများကို စုံစမ်းချင်သော စိတ်ဆန္ဒဖြစ်ပေါ်လာလေ၏။

သို့ဖြစ်၍ ဆိတ်ကလေးသည် ဧည့်ခန်းအတွင်းရှိ ကော်ဇောကြီးပေါ်တွင် ထိုမှ ဤမှ လှည့်လည်၍ အထက်သို့ မော့ချည်တစ်ခါ၊ ငုံ့ချည်တစ်လှည့်နှင့် ကြည့်ရှုအကဲခတ်လျက်ရှိစဉ် အိမ်ရှင်နှင့် ဧည့်သည်တို့သည် တစ်ယောက်ကိုတစ်ယောက် လောကဝတ်စကားပြောသည့်အနေနှင့် ဆိတ်ကလေး၏ဂုဏ်အင်္ဂါအခြင်းအရာများကို တစ်ယောက်တစ်လှည့်စီ ချီးကျူးလျက်ရှိလေ၏။ ၎င်းနောက် ဆိတ်ကလေးသည် အခန်းဆီး၌ စု၍စည်းထားသော ပိုးပန်းပွားကိုလျှာနှင့် လိမ့်ယူရာ ပါးစပ်နှင့်ငုံဝါးလိုက်လေရာ ဦးလုဘော်မှာ ရင်ထဲ၌ဒိတ်ခနဲ ဖြစ်သွားသော်လည်း မျက်နှာမပျက်စေမူ၍ ခပ်ပြုံးပြုံးနေလိုက်ရ၏။

ထိုအခိုက် ကိုစိုးမင်းက...

"တယ်ချောတဲ့ ဆိတ်ကလေးခင်ဗျာလွန်ပါရော"

ဟု ဆိုလေရာ ဦးလုဘော်လည်း...

"ဟုတ် ဟုတ်ပါ့မောင်ရင်၊ တယ်ချောတယ်လု ပြောစရာမရှိအောင် ချောလှတဲ့ ဆိတ်ကလေးပါပေ မောင်ရင်"

၎င်းနောက် ချောလှသော ဆိတ်သည် ခန်းဆီးပန်းပွားကြီးကို ဝါးကြည့်ရာမှ ကောင်းစွာအရသာမတွေ့သည်နှင့် အခန်းအဝတ်သည် သာလွန်ကောင်းမွန်လိမ့်မည်ဟု ထင်မှတ်ဟန်လက္ခဏာနှင့် ခန်းဆီးအဝတ်ကို ဝါးကြည့်ပြန်ရာ ကိုစိုးမင်းသည် ဣန္ဒြေမပျက်ဘဲ ထိုင်၍ကြည့်နေနိုင်သော ဦးလုဘော်၏ သည်းခံခြင်းသဘောတရားနှင့် ပြည့်စုံခြင်းကို စိတ်ထဲ၌ချီးကျူးကာ ကြည့်နေလေ၏။ အကြောင်းမူကား မြန်မာလူမျိုးတို့အနက်တွင် မျက်နှာနီသောလူ အလွန်ရှားပါးလှ၍ ဦးလုဘော်မှာ မျက်နှာနီသော ဂုဏ်အချင်းအရာနှင့် ပြည့်စုံသောသူတစ်ယောက်ဖြစ်သည့်အပြင် နှစ်ပေါင်းများစွာ ပုလိပ်အရာရှိအဖြစ်နှင့် အမှုထမ်းခဲ့ရ၍ ငယ်သားများကို အော်ရငေါက်ရကြိမ်းမောင်းဆဲဆိုရသည့်အတွက် ကြက်သွေးရောင် ရှိလှမတတ် ရဲရဲတောက် နီမြန်းသောမျက်နှာရှိပါလျက်နှင့် သည်းခံခြင်းသဘောတရားနှင့်ပြည့်စုံသည်ကို တွေ့ရသောကြောင့်တည်း။

ဤတွင် ကိုစိုးမင်းက မျက်နှာနီသောသူများ သွေးဆူသည်ဆိုသောစကားမှာ နေရာတကာတိုင်း မမှန်ချေတကားဟု စဉ်းစားမိ၏။ ဤမျှလောက်အထိ



သည်းခံခြင်းကိုထောက်လျှင် ဦးလုဘော်သည် သူ၏ဆိတ်ကို အလွန်ချစ်ခင်ရှာသည်ဖြစ်ရာ နနက ဤအကြောင်းကို မိမိအား ပြောပြမထားသည့်အတွက်လည်း အံ့သြမိ၏။

"မောင်ရင် တိရစ္ဆာန်များကို သူတစ်ပါးနဲ့မတူအောင် အလွန်ချစ်တတ်တယ်လို့ ပြောကြပါတယ်"

"သူတစ်ပါးနဲ့ မတူအောင်ဆိုတဲ့ ဝိသေသနပုဒ် တပ်ရလောက်အောင် ချစ်မိတာတော့ အပြစ်တစ်ခုလိုလို ဖြစ်နေပေတော့တာပေါ့ ဦးရယ်။ ချစ်မိတာကတော့ အမှန်ပါပဲ၊ ဦးအတိုင်းပါပဲ"

"ချစ်တယ်ဆိုရင် အတိုင်းအထွာ မထားဘူးလား မောင်ရင်"

ထိုခဏ၌ ဆိတ်သည် ဆိုဖာပေါ်သို့ ခုန်တက်၍ ၎င်းနေရာမှ ဆေးရောင်ဘဖိတ်ဖိတ်တောက်အောင် ပွတ်တိုက်ထားသော မှန်ဗီရိုကြီးပေါ်သို့ ခုန်တက်ရလျှင် ဖြစ်နိုင်မည်မဖြစ်နိုင်မည်ကို ချင့်ချိန်ဟန်ဖြင့် မော့ကြည့်နေ၏။

"ကျွန်တော်ကဖြင့် အတိုင်းအထွာ မထားတော့ပါဘူး ဦးရယ်။ ချစ်ချင်တိုင်း ချစ်လိုက်တော့တာပါပဲ"

"မောင်ရင့်မှာ ဒီလိုတိရစ္ဆာန်မျိုး တော်တော်များများ မွေးထားတာရှိသလား"

"ရှိပါတယ်ဦးရဲ့။ ခြေလေးချောင်းထဲက သိုးကလေးတစ်ကောင်၊ ဝက်ဝံကလေးတစ်ကောင်၊ မျောက်ကလေးတစ်ကောင် ရှိပါတယ်"

"တော်တော် ဆော့ကြသလား"

"ဆော့တာပေါ့ဦးရယ်။ နို့ပေမယ့် ကျွန်တော်လည်း ဦးလိုပဲ စိတ်ရှည်လို့ သည်းခံနိုင်ပါတယ်။ ကျွန်တော်က တိရစ္ဆာန်ဆိုရင် ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ရှိမှ သဘောကျတယ်ဦးရဲ့"

ထိုခဏ၌ ဖျတ်လတ်သွက်လက်သော ဆိတ်သည် ဆိုဖာပေါ်မှ မှန်ဗီရိုကြီးပေါ်သို့ လွှားခနဲခုန်တက်လိုက်လေရာ အလွန်ပေါ့ပါး၍ ခြေမြဲသော တိရစ္ဆာန်မျိုးဖြစ်သည့်အတိုင်း ဗီရိုပန်းဆွဲကို ခြေထောက်နှင့် တိုက်မိ၍ ပန်းဆွဲမှအတက်ကလေးတစ်ခု ကျိုးပဲ့လွင့်စင်သွားစေကာမူ ဗီရိုထိပ်သို့ ကောင်းမွန်စွာရောက်၍ မိမိကိုယ်ရှိန်ကို ဘရိတ်အုပ်ကာ ရပ်နေလေ၏။

"တယ်ပေါ့တဲ့ တိရစ္ဆာန်မျိုးနော်၊ ခုန်လိုက်ရင် လွှားခနဲနေတာပဲ"

ဟုပြောလိုက်ရသော်လည်း စိတ်ထဲ၌ကား ဆိတ်ဖြိုသား စားရလျှင် ကောင်းလိမ့်မည်ဟု တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပေါ့ပါ့ခင်ဗျာ တယ်ပေါ့"

ဟုပြော၍ စိတ်ထဲ၌ အလိုလိုက်လွန်းအားကြီးသည်ဟု အောက်မေ့သည်နှင့်–

"ပန်းဆွဲကလေးတောင် အတက်ကလေးပဲ့ထွက်သွား ထင်ပါတယ်ဦးရယ်"

"အရေးမကြီးပါဘူးမောင်ရင်၊ ကျုပ်က ဗီရိုမှာ ပန်းဆွဲတပ်ထားတာ အပ်ပဲလို့ အောက်မေ့နေတာ ကြာပါပြီ။ သူ့ဖြုတ်ပစ်ချင်တာ ဒီတစ်ခါမှ အကြံအောင်ပေတော့မယ်"

၎င်းနောက် ဆိတ်သည် ဗီရိုထိပ်မှ စားပွဲခုံပေါ်သို့ ခုန်ချလိုက်ရာ စားပွဲကလေးမှောက်သွား၍ စားပွဲပေါ်တွင် တင်ထားသော ငွေဖလားနှင့် ပန်းအိုးကလေးလည်း ကော်ဇောပေါ်သို့ လွင့်စင်ကျသွားလေ၏။

"တော်ပါသေးခင်ဗျာ၊ စားပွဲကလေးသာ မှောက်သွားတယ်။ သူ့မှာ ဘာနာနယ်မှမရှိဘူး။ သူ့ကိုယ်သူ နိုင်နိုင်နင်းနင်းနဲ့ အချိန်အဆ တယ်ကောင်းပေတာကိုးဦးရဲ့"

"ဟုတ်တာပေါ့ မောင်ရင်၊ ကျုပ်က တိရစ္ဆာန်များကို ဒီလိုနေချင်လို့ လွတ်လပ်ခြင်းပေးထားတာ အကြိုက်ဆုံးပဲ။ လူဆိုတဲ့ သတ္တဝါမျိုးက ကိုယ့်အဖို့တော့ လွတ်လပ်ရေးစကားပြောကြပြီး တိရစ္ဆာန်ကျတော့ တယ်ပြီးချုပ်ချယ်တတ်တဲ့ သဘာဝရှိတယ်။ ကျုပ်က မကြိုက်ဘူး"

ဤတွင် တိရစ္ဆာန်ချစ်ခင်မှုနှင့်ပတ်သက်၍ မိမိကိုယ်ကို အသားယူမိခဲ့သော ကိုစိုးမင်းသည် မိမိ၏ယောက္ခမလောင်းကြီးကို မမီသေးဟူ၍ အောက်မေ့မိ၏။

"ဟုတ်ပါပေ့ခင်ဗျာ။ ဒီလောက်ပေါ့ပါးတဲ့ဆိတ်ကို ကျွန်တော်ဖြင့် မမြင်ဖူးသေးပါဘူး။ ဟော ပန်းအိုးထဲက သစ်ပင်ကလေးကို ဝါးကုန်ပြီဦးရဲ့။ လုပ်ပါဦး"

"နေပါစေ အလကားအပင်ပါ။ ဒီအပင်မျိုး ရိုးလွန်းနေပါပြီ၊ ဒီပြင်တစ်မျိုးစိုက်မလို့ ကြံရွယ်နေတာ ကြာလှပါပြီ"

"တော်ပါပေ့ခင်ဗျာ။ ဦးက ကျွန်တော့်ထက်တောင် ချစ်တတ်နေတာပါကလား။ လူတစ်ယောက်ဟာ စိတ်သဘောဘယ်လောက် မပြည့်ဝတယ်၊ ပြည့်ဝတယ် သိချင်ရင် တိရစ္ဆာန်နဲ့ စမ်းကြည့်လိုက် ပေါ်ရောဦးရဲ့။ လူနဲ့လူချင်းတော့ အားနာတာနဲ့ ကြိုးစားပြီး သည်းခံကြတယ်။ တိရစ္ဆာန်နဲ့ စမ်းကြည့်လိုက်ရင် သဘောရင်းပေါ်လာရော ဦးရဲ့။ ကျွန်တော်ဖြင့် မိတ်ဆွေတွေ့သမျှကို ဒီနည်းနဲ့ချည်း စမ်းကြည့်တာပဲ။ ဒီစာမေးပွဲအောင်တဲ့သူ သိပ်ရှားတယ်ဦးရဲ့။ ဒီဆိတ်ကလေးဟာ ဆိတ်ထူးကလေးပဲဦးရဲ့။ သူ့မှာ စူးစမ်းချင်တဲ့ သဘာဝရှိတယ်"



"ဟုတ်ပုံပေါ်ပါရဲ့ ဟောကြည့်စမ်း စားပွဲပေါ်ခုန်တက်မလို့ထင်တယ်၊ ကြည့်ကြည့် ကြည့် ဟော"

"စားပွဲကြီးက ချောပါဘိနဲ့ ချော်ကျလိမ့်မယ်ထင်ပါလားဦးရဲ့။ ဖြစ်မှဖြစ်ပါမလား"

ဆိတ်သည် ဆိုဖာထိပ်သို့တက်၍ ထိုမှတစ်ဖန် စားပွဲကြီးပေါ်သို့ လှမ်းခုန်လိုက်ရာ စားပွဲပေါ်သို့ ကောင်းစွာရောက်သော်လည်း မှန်ရောင်ထအောင် ပွတ်တိုက်ထားသဖြင့် အလွန်ချောသည်နှင့် စားပွဲပေါ်သို့ ခြေထောက်လေးချောင်းလုံး ဘစ်ပြိုင်နက်တည်း ကျရောက်ပါလျက် အရှိန်မသတ်နိုင်ဘဲ ချော်ထွက်သွားသဖြင့် အစွန်းသို့ ရောက်သောအခါမှ အရှိန်သတ်နိုင်ပေတော့၏။

"ဟော စားပွဲပေါ်မှာ ခြေရာတွေ အစင်းလိုက်ကြီး ထင်ကုန်ပြီကော ဦးရဲ့"

"ထင်ပါစေ၊ ထင်ပါစေ အိမ်ထောင်မှုတွေ ဆေးသုတ်ဖို့စိတ်ကူးနေတာ ကြာလှပြီ။ ဆေးသုတ်တဲ့ ကုလားတွေက အင်မတန်ခိုချင်ကပ်ချင်တယ်၊ ချော ချောမွေ့မွေ့ စားပွဲဆိုရင် တော်အောင်လျော်အောင် ဆေးသုတ်သွားတာပဲ၊ ဒီလို အစင်းကလေးပါတော့ သူတို့ခိုလို့မဖြစ်ဘူးပေါ့။ တကယ်အလုပ်လုပ်ရတယ်၊ ဒါမှ ကောင်းတယ်"

"မင်းကတော်ကြီးကော ဦးရဲ့၊ ဆိတ်ချစ်တတ်သလား"

"ဒေါ်အုန်းစိန်လား၊ ဒေါ်အုန်းစိန်က ဆိတ်များတော့ ဖက်အိပ်ချင်မတတ် ချစ်တယ်ဗျာ။ သူမုန်းတဲ့ ဆိတ်တစ်ကောင်တည်းရှိတယ်"

"ဒီဆိတ်ကလေးမျိုးတော့ မုန်းမထင်ပေါင်ခင်ဗျာ"

"ဒီလိုချောတဲ့လှတဲ့ ဆိတ်၊ ဖျတ်လတ်ပေါ့ပါးတဲ့ ဆိတ်၊ သိချင်တတ်ချင်တဲ့ ဆိတ်မျိုးတော့ ချစ်လှချေပေါ့ မောင်ရင်။ ထုံထုံထိုင်းထိုင်း ဆိတ်ဆိုရင်တော့ မအုန်းစိန် သဘောမကျဘူး။ ချက်ချင်းရောင်းပြီး ဒီလိုဖျတ်လတ်တဲ့ ဆိတ်ကလေးမျိုး ဝယ်ယူမှာပဲ"

ထိုအခါ ဆိတ်သည် မိမိအား ထုံထိုင်းသောဆိတ်ဟူ၍ မတော်တဆ အထင်မှားသွားမည်ကို စိုးရိမ်သည့်လက္ခဏာနှင့် စားပွဲကြီးအစွန်းမှ အမှားတွင်းဇာမိတ်တပ်ထားသည့် အဝတ်ခင်းထားသော စားပွဲပေါ်သို့ ခုန်တက်လိုက်ရာတွင် အဝတ်ရော၊ ပန်းစိုက်ကရားပါ ချောပါသွား၍ ကော်ဇောကြီးပေါ်၌ ထွေးလုံးရစ်ပတ်ကျပြီးလျှင် ပန်းစိုက်ကရားထဲမှ ရေများသည် ကော်ဇောပေါ်တွင် အိုင်ထွန်းလျက်ရှိနေ၏။ ဤဆိတ်သည် တစ်နေရာမှတစ်နေရာသို့ ကြိမ်ဖန်များစွာ ခုန်လွှားကျူးကျော်ရသည့်အတွက် မောပန်းသည့်လက္ခဏာနှင့် လဲနေရာမှထ၍ ကော်ဇောပေါ်မှ ရေအိုင်တွင် သောက်ခြင်းအားဖြင့် အမောအပန်းဖြေလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးမင်း၏ စိတ်၌ နုနုသည် မိမိနှင့်လက်ထပ်ပြီးသည့်နောက် ၎င်း၏ဖော်နည်းတူ ညှော်ခန်းထဲသို့ ဆိတ်သွင်းခဲ့လျှင် ခက်ရချေတော့မည်ဟု အောက်မေ့သည်နှင့်–

"ဦးရဲ့သမီး နုနုတစ်ယောက်ကောခင်ဗျာ၊ ဆိတ်ချစ်တတ်တာပဲလား ခင်ဗျ"

"ချစ်တတ်ပါ့ဗျာ။ သူ့အမေနဲ့ နင်လားငါလားပါပဲ"

ဟု ပြောလိုက်ရသော်လည်း သူ၏စိတ်၌ကား အိုင်စီအက်စ်တစ်ယောက်ကို သမက်ဖမ်းရန်အတွက် ဤမျှလောက် လိုက်လျောနေရခြင်းမှာ အကျိုးနှင့်အကြောင်းမျှတပါ၏လောဟု ယုံမှားခြင်းဖြစ်မိလေ၏။

"နုနုကလည်း ဦးချစ်သလို ချစ်တတ်တာပဲလား ဦးရဲ့"

"ဒီလောက်တော့ ဟုတ်မယ်မထင်ပေါင် မောင်ရယ်။ ဒီဆိတ်အပေါ်မှာ ကျုပ်ထားတဲ့စိတ်သဘောမျိုးကတော့ နုနုက ထားနိုင် မထင်ပါဘူး။ ဒီဆိတ်အပေါ် ကျုပ်က ဘယ်လိုစိတ်ထားတယ်ဆိုတာ ပြောပြဖို့တောင် အများကြီးခဲယဉ်းပါတယ် မောင်ရင်၊ ကျုပ်က ရင်ထဲများ ခွဲပြလိုက်ချင်တယ်"

"အင်မတန်ကြီးကျယ်မြင့်မြတ်ပါပေတယ်ခင်ဗျာ"

ထိုအချိန်၌ ဆိတ်သည် ကိုယ်လုံးပေါ်မှန်ကြီးတပ်ထားသော ဗီရိုကြီးရှေ့တွင်ရပ်လျက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်တွင် ဗီရိုထဲ၌ ရန်သူတော်တစ်ကောင် ပေါ်လာသည်ကို တွေ့မြင်လေရကား တစ်ခုန်နှစ်ခုန် ခုန်ပေါက်လိုက်ပြီးနောက် မိမိအား ရန်မူမည်ဟု ဟန်ပြင်လျက်ရှိသော ရန်သူတော်ကို မိမိက ဦးအောင်နှိမ်နင်းရမည်ဟု ဆုံးဖြတ်သည့်လက္ခဏာနှင့် ဦးချိုဖြင့်တည့်တည့်ကြီးခုန်ဆောင့်လိုက်လေ၏။ ဒိန်းခနဲမြည်သွား၍ ရန်သူတော်လည်း နောက်သို့ပက်လက်လန်သွားသည်တွင် ဆိတ်သည် ဤမျှလောက် အလွယ်တကူ နှိမ်နင်းအောင်မြင်ရသည့်အတွက် ဈေးချောင်သည်ဟု အောက်မေ့၍ ညှော်ခန်းကို ဆက်လက်စူးစမ်းလေ၏။

"မှန်ကြီးကွဲသွားပြီဦးရေ"

"ကွဲပါစေ၊ ကွဲစမ်းပါစေ၊ မင်းကတော်နဲ့ လက်ထပ်တုန်းက သူ့အဖေလက်ဖွဲ့တဲ့ အိမ်ထောင်ဦး ပစ္စည်းကြီးပါ။ အလကားပုံရိုးကြီး၊ နောက်ပေါ်တဲ့ ပုံစံတွေ လေးတွေ ဘုံဘေဘားမားတိုက်မှာ သိပ်ဆန်းတာပဲ။ ကွဲပါစေ ဝယ်ယူမယ်"

ယောက္ခမတစ်ယောက်လုံး လက်ဖွဲ့သော အိမ်ထောင်ဦးပစ္စည်းဖြစ်ခဲ့လျှင် သာ၍မြတ်နိုးဖို့ရှိပါလျက် ပုံစံရိုးသည်ဆို၍ ပစ်စလက်ခတ်ပြောရက်ခြင်းမှာ အတော်ထူးဆန်းသည်ဟု ကိုစိုးမင်းအောက်မေ့မိသော်လည်း ဥစ္စာရှင်က မမြတ်နိုးဟူ၍ ပြောနေသည့်အတွက် မည်သို့မျှ ပြန်မပြောနိုင်ချေ။ ဦးလှဘော်ကမူ နဖော



သောစိတ်နှင့် ဒေါသစိတ်ကို အတင်းအောင့်အည်းချုပ်တီးထားရသည့်အတွက် ဂိုအားဖြင့် နီမြန်းသော မိမိမျက်နှာကို ဆောင်းရာသီတွင် ကလောမြို့၌ ရောင်းသော ခရမ်းချဉ်သီးမှည့်ကြီးကဲ့သို့ ရှိနေလိမ့်မည်ဟု တွေးထင်မိစဉ် ဆိတ်၏ လည်ပင်းကို ချက်ချင်းဖမ်းကိုင် ဆုပ်ညှစ်လိုသော စိတ်ဆန္ဒကြောင့် လက်များ ဆတ်ဆတ်တုန်လျက် ရှိလေ၏။

ဤကဲ့သို့ ကြာရှည်စွာ ဆက်လက်၍နေမိပါမူ မိမိစိတ်ကို မချုပ်တီးနိုင်သဖြင့် တစ်စုံတစ်ခု အရမ်းဗလက္ကာရပြုမိလျှင်လည်း ပြုမိမည်။ သို့တည်းမဟုတ် ချုပ်တီးရလွန်းသည့်အတွက် သွေးပျက်သွားလျှင်လည်း သွားလိမ့်မည်ဟု စဉ်းစားမိသည်နှင့် ဦးလှဘော်သည် နုနုနှင့် ဒေါ်အုန်းစိန်တို့ကို ခေါ်ချေပါရစေဦးဟူသော စကားတစ်ခွန်းကိုပင် ခက်ခဲစွာနှင့်ပြောခဲ့၍ ညှော်ခန်းမှ ထွက်လာခဲ့လေ၏။

ဦးလှဘော်သည် အခန်းပေါက်ဆီသို့ အနိုင်နိုင်လျှောက်သွားစဉ် ဆိတ်သည် ငွေဘောင်ကွပ်ထားသော ဦးလှဘော်၏ဓာတ်ပုံကြီးကို စိန်းစိန်းကြည့်လျက်ရှိရာ ကိုစိုးမင်းကမူ ဤဆိတ်သည် ဤအခန်းတွင် လုပ်ချင်ရာလုပ်နေကျဖြစ်သည်ဟု အောက်မေ့သည်နှင့် အနည်းငယ်မျှ အခြေမပျက်ဘဲ အေးအေးဆေးဆေး ကြည့်နေလေ၏။

ဆိတ်လည်း မိမိပြုချင်သမျှ လွတ်လပ်စွာ ပြုခွင့်ရသည်ဟု နားလည်သည်နှင့် ဓာတ်ပုံကြီးကို အေးအေးဆေးဆေးကြည့်၍ ချိန်ပြီးမှ ဦးချိုနှင့် ခုန်တိုက်သည်တွင် မှန်ကြီးမှာ ညက်ညက်ကြေ၍ ဦးလှဘော်နှာခေါင်းတွင် စုတ်ပြတ်သွားလေ၏။

ဤတွင် ကိုစိုးမင်းက "ကြိတ်လိုက်ကွ" ဟုဆိုကာ တစ်ယောက်တည်း လွတ်လပ်စွာ သြဘာပေးလိုက်သေး၏။ ဆိတ်သည် မိမိအား သြဘာပေးသည်ကို အသိအမှတ်ပြုဟန်နှင့် 'ပဲ'ခနဲ မြည်လိုက်၏။

ဦးလှဘော်သည် အိမ်ပေါ်သို့ တက်ပြေး၍ မှန်တင်ဆောင်မှ ထွက်လာကြသော သားအမိနှစ်ယောက်တို့နှင့် ဆောင်ကူးလမ်းကြား၌ ဆုံမိကြသည်တွင်–

"ဘယ့်နှယ်လဲ ဖေဖေ"

"ဘယ်လို ထင်သလဲ ဦးလှဘော်"

ဦးလှဘော်သည် မယားနှင့်သမီးမေးခွန်းကို ဖြေဆိုရန် မတတ်နိုင်ဘဲ ဦးခေါင်းထဲသို့ အပြင်းအထန်သွေးတိုးနေသည့်အတွက် မျက်လုံးများ ပြူးလျက်ရှိ၏။

"ဘာဖြစ်တာလဲ ဖေဖေ"

"ဦးလှဘော် ဘာဖြစ်တာလဲ"

"အေး ညည်းတို့က ဘာဖြစ်တာလဲ လုပ်နေကြ။ တစ်အိမ်လုံး တက်ဘားခြောင်ပြီဗျ။ ရစရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ပုံလဲ ဖေဖေ၊ ပြောပါဦးတော့"

"ဆိတ်ဗျာ၊ ဆိတ် ဆိတ် ဆိတ်"

သားအမိနှစ်ယောက်တို့လည်း တစ်ယောက်၏မျက်နှာ တစ်ယောက် လှမ်းကြည့်ကြလေ၏။

"ဘယ်ကဆိတ်လဲ ဦးလှဘော်ရဲ့"

"မင့်သမက်လောင်း ခေါ်လာတဲ့ဆိတ်ပေါ့ မအုန်းစိန်၊ သူ့ဆိတ်ကို သူက ဖျတ်လတ်သတဲ့၊ သွက်လက်သတဲ့၊ စုံစမ်းချင်တဲ့ သဘာဝရှိသတဲ့။ ချီးကျူးလိုက် သေးတယ်။ ကျုပ်တို့ဖြင့် တစ်ခန်းလုံးပြောင်ပြီဗျ။ ဆိတ်က မိုက်ရတဲ့အထဲမှာ သူက မြှောက်ပေးလိုက်သေးဗျာ။ ကုန်ပါပြီ ဘာတစ်ခုမှ အကောင်းမရှိပါဘူး ညည်းတို့သာ သွားကြည့်ချေကြပါတော့။ ဟော မကြားကြဘူးလား၊ ဘာများ ဖျက်ဆီးနေပြန်သလဲ မဆိုနိုင်ဘူး"

ဦးလှဘော်တို့ ကြားရသောအသံမှာ ငွေဘောင်ကွပ်ထားသော ဦးလှဘော် ၏ ဓာတ်ပုံကြီးကို ဆိတ်က ဦးချိုနှင့် ဆော်လိုက်သဖြင့် ကြမ်းပေါ်သို့ ပြုတ်ကျ သော အသံပင်ဖြစ်လေသည်။ ၎င်းနောက် ဦးလှဘော်က ဆက်လက်၍-

"တစ်ခန်းလုံးတော့ ပြောင်ပြီ နုနုရေ့၊ မင့်လူရဲ့ပေါ့ပါးလျင်မြန်ဖျတ်လတ် တဲ့ဆိတ်က ဖျက်ဆီးကုန်လို့ ဘာတစ်ခုမှ အကောင်းမရှိတော့ဘူး။ ငါတော့ မခံနိုင် ဘူးဟေ့ နုနုရေ့။ ငါမခံနိုင်ဘူး နားလည်လား"

"တစ်ခုခုမှားလို့ ဖြစ်ပါလိမ့်မယ် ဦးလှဘော်ရယ်"

"အေးလေ သွားကြည့်ချေကြပါ။ မှားတယ် မမှားဘူးဆိုတာ ဟိုရောက် တော့ မြင်လိမ့်မပေါ့။ ငါတော့ စိတ်နောက်ပြီး ရူးသွားမှာ စိုးရတယ်။ ခေါင်းကို ရေစိမ်ချေဦးမယ်"

ဦးလှဘော်သည် ရေချိုးခန်းသို့ ပြေးဝင်သွားလေ၏။

သားအမိနှစ်ယောက်တို့သည် လှေခါးမှဆင်း၍ ဧည့်ခန်းဝသို့ ရောက်သော အခါ ဖြစ်ချင်တိုင်းဖြစ်နေသော ဧည့်ခန်းအခြေအနေကို မြင်ရသဖြင့် ဒေါ်အုန်းစိန်မှာ သာမန်ပုလိပ်သားမယားဖြစ်ပါက ရင်ဘတ်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ထုရိုက် အော်ဟစ်ကောင်း အော်ဟစ်ပေလိမ့်မည်။ ယခုသော် ရာဇဝတ်ဝန်ကတော်ဖြစ်သည့် အပြင် အိုင်စီအက်စ်ကို သမက်ဖမ်းရမည့်ကိစ္စလည်း ရှိသေးသည်ဖြစ်၍ မည်သို့မျှ ၊ထွက်စေဘဲ အံ့ဩစွာနှင့် ရပ်နေလေ၏။

အသံ တဲ့ကိုစိုးမင်းကမူ ဒေါ်အုန်းစိန်နှင့် နုနုတို့ဘက်သို့ ကျောခိုင်းလျက် ထိုင်နေ

ဂ ဆန့်ကို မမြင်သေးသည်နှင့် 'ကြိတ်လိုက်ကွ'ဟုဆိုကာ ဆိတ်ကို အားပေး သဖြင့် ၎င်းတို့ကြည့်ဆိတ်ကလည်း 'ပဲ'ခနဲ မြည်လိုက်၏။ လိုက်သည်တွင် ၄



ဒေါ်အုန်းစိန်၏ စိတ်၌ ပစ္စည်းများ ပျက်စီးသည်မှန်သော်လည်း ပစ္စည်း ကားအဖိုးမတန်၊ လူသာလျှင် အဖိုးတန်၍ လူတကာ့လူထဲတွင် ဘိုဆွဲသော အိုင်စီ အက်စ်ကို သမက်ဖမ်းဖို့အရေးလည်း ရှိနေသေးသဖြင့် အမျိုးသန့်သော ဘိလပ်ပြန် တစ်ယောက်ဖြစ်သည့်အလျောက် မိမိတို့မျက်နှာထားပျက်သည်ကို မြင်ခဲ့လျှင် စိတ်ပျက်သွားမည်ကို စိုးရသေးသည်ဟု စဉ်းစားမိသည်နှင့် ပြုံးချိုသောမျက်နှာ ထားဖြင့် "ရောက်နေတာ တော်တော်ကြာသွားပြီမှတ်တယ်" ဟု ပြောလိုက်သဖြင့် ကိုစိုးမင်း လှည့်ကြည့်လိုက်သည်တွင် သားအမိနှစ်ယောက်တို့ကို တွေ့ရ၍ ၎င်း တို့၏ ပြုံးချိုသောမျက်နှာထားကို မြင်ရသောအခါ ကိုစိုးမင်း၏ စိတ်ထဲ၌ ဤ သားအမိတို့သည် တစ်ခန်းလုံးရှုပ်ယှက်ခတ်ဖြစ်နေပါလျက်နဲ့ ကြည်ရွှင်ချိုပြုံးသော မျက်နှာထားရှိနေနိုင်ခြင်းကို ကျင့်သားရ၍ စိတ်၏ကြံ့ခိုင်တည်တံ့ခြင်းနှင့် ပြည့်စုံ ကြပါပေသည်ဟု အောက်မေ့မိလေ၏။

သားအမိနှစ်ယောက်တို့သည်လည်း ဧည့်ခန်းထဲတွင် ထိုင်ကြ၍ ဆိတ် သတ္တဝါတို့၏ သဘာဝအကြောင်း၊ အထူးသဖြင့် အခန်းထဲ၌ ယခုချက်ချင်း လတ် ငင်းမွှေနှောက်လျက်ရှိသော ဆိတ်ကလေးအကြောင်းကို ဧည့်သည်ကိုစိုးမင်းနှင့် ဆွေးနွေးပြောဆိုကြလေ၏။ ထိုခဏ၌ ဆိတ်သည် သတင်းစာနှင့် မဂ္ဂဇင်းဟောင်း များ စီထားသော စင်ပေါ်၌ သတင်းစာများကို ခွာနှင့်ပေါက်ဆုတ်လျက်ရှိ၏။

"ဆိတ်ကလေး ဒီနေ့ အင်မတန်မြူးနေတယ်ထင်တယ်"

"ဝန်မင်းကလည်း ခုနင်က ဒီလိုပြောတာပဲ။ မိသားဖသားတစ်စုလုံး ဆိတ် ချစ်ပုံတူကြပါပေတယ်ခင်ဗျာ။ တချို့အိမ်သားတွေ ဒီလိုမဟုတ်ဘူး။ တစ်ယောက် က မျောက်ချစ်တတ်လို့ မျောက်မွေးရင် တစ်ယောက်က ရှက်တယ်လို့ အောက်မေ့ ချင် အောက်မေ့တတ်တယ်။ ယခုလို စိတ်တူသဘောတူ ဆိတ်ချစ်တာတွေ့ရလို့ ဝမ်းသာပါတယ်ခင်ဗျာ"

"ကျွန်မကတော့ မပြောနဲ့တော့၊ ဆိတ်ဆိုရင် သိပ်ချစ်တာပဲ။ တစ်ကောင် တည်းမကဘူး အုပ်လိုက်တောင် မွေးချင်သေးပါရဲ့"

"နုနုကလည်း မွေးသဖခင်လိုပဲလား"

"ကျွန်မက သူ့ထက်ကဲတော့မပေါ့"

"ဟုတ်ကဲ့လား ကျွန်တော်တို့ကတော့ တိရစ္ဆာန်ချစ်တတ်တဲ့လူဆိုရင် တတ်နိုင်လို့ ဘယ်လိုအပြစ်အနာအဆာမျိုး ရှိပစေ ဖွဲ့မယူချင်ဘူး။ အပြစ်လွှတ်ဖို့ အသင့်ရှိတာပဲ"

ထိုခဏ၌ဆိတ်သည် သတင်းစာများထားသော စင်ပေါ်တွင် အထက်ဆုံး အဆင့်မှ ဒေါ်အုန်းစိန်၏ ဦးခေါင်းပေါ်သို့ ကျော်ဖြတ်၍ ကြမ်းပေါ်သို့ ခုန်ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာ ကော်ဇောမရှိသောအပိုင်းတွင် ကျရောက်သည်နှင့် ချောမွေ့သောပျဉ်းကတိုး ကြမ်းပေါ်တစ်လျှောက် ဆယ်ပေလောက် လျှောက်ပါသွားပြီးမှ စန္ဒရားကြီးနှင့် တိုက်မိ၍ ရပ်လေတော့၏။ ဒေါ်အုန်းစိန်မှာ ဆိတ်ခွာနှင့် တစ်လက်မခန့်မျှ လွတ်သွား၍ နားထဲ၌ ရှိခနဲမြည်သွားသည်ဟု ထင်လိုက်မိသော်လည်း ဣန္ဒြေမပျက်ဘဲ မျက်နှာထား ပြုံးပြုံးကြီးနှင့် ကြည့်နေလေ၏။ ကိုစိုးမင်းမှာ အလွန်ဆော့သော ဆိတ်သတ္တဝါကို ဤမျှလောက်သည်းခံနိုင်သော မိသားတစ်စုသည်ကား အလွန် စိတ်ရှည်သော သူတော်ကောင်းအိမ်သားစု ဖြစ်ရမည်ဟု ကောက်နုတ်ချက်ချ၍ မည်သည့်နည်းနှင့်မျှ နုနုနှင့် အလွဲမခံနိုင်တော့ပြီဟု ဆုံးဖြတ်ချက်ချလေ၏။

ဆိတ်သည် စန္ဒရားနှင့်တိုက်မိရာမှ ဤအိမ်၌ စန္ဒရားရှိသည့်အဖြစ်ကို သတိပြုမိဟန် လက္ခဏာနှင့် စန္ဒယားကို လှည့်ပတ်ကာ စုံစမ်းပြီးနောက် စန္ဒရား ပေါ်သို့ ခုန်တက်လိုက်၏။ ခလုတ်များကို ခြေထောက်နှင့် နင်းမိ၍ ဝုန်းခနဲ တအား ပြိုင်တည်းထွက်လာသော အသံကြောင့် လန့်သွားဟန်တူသော်လည်း ထိတ်လန့် ခြင်းပြေပျောက်၍ ခလုတ်များပေါ်သို့ ခြေထောက်တစ်ဘက်စီ နင်းချလိုက်တိုင်း 'ဒေါင်' 'ဒင်' 'တုံ' 'ဗို' 'ဒုံး' စသည်ဖြင့် အသံတစ်ချက်စီ ဖြစ်ပေါ်လာသောအခါ၌ ဆိတ်သည် အလွန်နှစ်သိမ့်ကျေနပ်သော အမူအရာနှင့် စန္ဒရားကို ဦးပွဲဆုံးအောင် နှစ်ခေါက်သုံးခေါက် လျှောက်စမ်းလေ၏။ ဒေါ်အုန်းစိန်ကမူ တစ်ချက်တစ်ချက် အင်္ဂလိပ်တေးသံ ပေါ်ထွက်လာသည်ဟု ချီးကျူးသေး၏။

"စန္ဒရားပေါ် ဆိတ်တက်လို့ ခလုတ်တွေ ချောမကုန်ပေဘူးလား"

"နေပါစေ သူ့သဘောရှိ နေရှာပါစေ၊ သူစိတ်ပျော်ရင် ပြီးတာပါပဲ"

"နားထောင်စမ်း နုနုရေ၊ တစ်ချက်တစ်ချက်တော့ အင်္ဂလိပ်ဘင်ခရာသံလို လို ထွက်မလာဘူးလား၊ ညည်းတို့ဖေဖေကြားရင် သဘောကျမယ်ပေ့"

"ဟုတ်သားပဲ မေမေ"

ဤတွင် ဧည့်သည်နှင့်အိမ်ရှင်များမှာ အင်္ဂလိပ်တေးသွားနှင့် မြန်မာတေး သွားတို့ ခြားနားသောအချက်များနှင့် အဆင်တူသောအချက်များ အကြောင်းကို ဆွေးနွေးကြလေရာ မည်သည့်နေရာ၌မျှ အယူအဆကွဲလွဲကြသည် မရှိဘဲ နေရာ တကာတိုင်း ဘောင်ဝင်အံကျလျက်ရှိသည်ကို တွေ့ကြရလေ၏။ အတန်ကြာ၍ စကားစပ်ပြတ်သွားသောအခါ ဒေါ်အုန်းစိန်က—

"နုနုတို့ဖေဖေ ကြာလှချေလား။ ရေချိုးခန်းထဲက ဘုံဘိုင်ကို ခလုတ်ပြင် နေ ထင်ပါရဲ့။ လိုက်ကြည့်ဦးမှ ထင်ပါရဲ့ နုနုရေ"

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်၊ ဘုံဘိုင်ပျက်နေလို့လား"



"မဟုတ်ပါဘူး၊ ဘုံဘိုင်အောက် ခေါင်းထိုးခံပြီး မပိတ်ဘဲမေ့ပစ်ထားခဲ့မှာ စိုးလို့ပါ"

"ခေါင်းရေဆွတ်ရတာ ဘာကြောင့်လဲ ဒေါ်ဒေါ်"

"ဝန်မင်းက သူ့စိတ်မှာ ထိခိုက်ရင် ဒီလိုပဲလုပ်တတ်တယ်"

"သူစိတ်ထိခိုက်အောင် ဘာများဖြစ်လို့လဲ ဒေါ်ဒေါ်"

"ထိခိုက်တာက တခြားကြောင့် မဟုတ်ပါဘူး။ ဝန်မင်းရဲ့ ဝါသနာက တစ်ခုခု ထူးထူးခြားခြား တွေ့ကြုံရရင် ထိခိုက်တတ်ပါတယ်။ ဒီဆိတ်ကလေးရဲ့ သွက်လက်လျှင်မြန်ပေါ့ပါးလှပ်ရှားပုံကို မြင်ရလို့ အံ့သြသွားဟန်တူပါရဲ့"

"ခင်ဗျာ ဒါဖြင့် ဒီလိုမြင်နေကျ၊ တွေ့နေကျ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မောင်ရင်"

"ဒါဖြင့် ဒီအခန်းထဲကို ဆိတ်မဝင်ဖူးခဲ့ဘူးပေါ့"

"မဝင်ပါဘူးမောင်ရင်၊ နို့ပေမယ့် ကိစ္စမရှိပါဘူး။ ဒေါ်ဒေါ်တို့ နုနုတို့က ကျေနပ်ပါတယ်"

ထိုအတောအတွင်း၌ နုနုသည် အိမ်ပေါ်သို့တက်လာ၍ ဦးခေါင်း၌ မျက်နှာ သုတ်ပဝါကြီး ရစ်ပတ်ထားသော ဦးလှဘော်နှင့် တွေ့ဆုံကြလေ၏။

"နင့်လူက အရှုံးပါဟယ် နုနုရယ်။ သွက်သွက်ချာအောင် ရှုးနေတဲ့လူပါပဲ"

"မဟုတ်ပါဘူးဖေဖေ၊ နည်းနည်းဆန်းတာလောက် ရှိတာပေါ့။ ကျွန်မတို့ ကို တမင်တကာ အကဲစမ်းတယ်လို့ မေမေက တွေးမိပါတယ်"

"အကဲစမ်းတာက လွန်ပဲလွန်လွန်းတယ် သမီးရယ်။ တော်ပြီကွယ် နုနု ငါနဲ့တော့ မဖြစ်ဘူး။ သွားပြောချေတော့ ဆိတ်ဆိုရင် ငါကတော့ ဆိတ်သားတော ဘတ်ကြော်ကလွဲလို့ ဘယ်လိုမှမကြိုက်နိုင်ဘူးဟေ့။ သွားပြောချေတော့ အကဲစမ်း တာတဲ့ကွယ်၊ လွန်လွန်းတယ်"

"သည်းခံပါဖေဖေ၊ စိတ်သဘောရင်းကတော့ အင်မတန်ဖြူစင်တဲ့ လူတစ် ယောက်ပါ ဖေဖေရဲ့"

"ဟေ့ ဖြူချင်ဖြူ မည်းချင်မည်း၊ ဒီဆိတ်မျိုး မွေးထားရင်တော့ ငါလက်သင့် မခံနိုင်ဘူး။ နောက်တစ်ခေါက်လာရင် ရိုက်သတ်ပြီး အစိမ်းလိုက်ဝါးစားလိုက်မယ် ကြားရဲ့လား"

"ဆိတ်ကလေးက သဘောကောင်းရှာပါတယ် ဖေဖေရဲ့"

"တန်ပါ နုနုရယ်။ တစ်ခန်းလုံး ဖျက်ဆီးပစ်ပြီး ငါ့ကို ဝါးမစားလို့ သဘော ကောင်းတာလား။ နင့်အမေကော ခုဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ စကားပြောနေတယ်ဖေဖေ။ မေမေကတော့ သိပ်ဣန္ဒြေကောင်းတာပဲ။ သူ့ခေါင်းပေါ်က ကျော်ခုန်လို့ သီသီကလေး လွတ်သွားတာတောင် ဣန္ဒြေမပျက်ဘူးဖေဖေ"

"အောင်မယ် ဒီလိုလား၊ လာစမ်း ငါလိုက်ကြည့်စမ်းမယ်"

ဦးလှဘော်သည် ဦးခေါင်းမှရေများကို မျက်နှာသုတ်ပဝါနှင့် စင်ကြယ်အောင် ပွတ်တိုက်ပြီးနောက် ဧည့်ခန်းထဲသို့ သမီးနှင့်အတူ ဆင်းလာလေ၏။

ဒေါ်အုန်းစိန်သည် ကိုစိုးမင်းအား မကုန်ဆုံးနိုင်သောဓာတ်ထုပ်ဖြစ်သည့် သမီးနနု၏ ဂုဏ်အခြင်းအရာများကို ချီးကျူးပြောဆိုလျက်ရှိစဉ် ဆိတ်သည် ပန်းအိုးထဲမှ ပန်းများကို ပဥ္စငါးပါးမကျန်အောင် ဝါးစားပြီးနောက် သတင်းစာနှင့် မဂ္ဂဇင်းယောင်းများကို မွှေနှောက်ရှာဖွေဟန်နှင့် လှန်လှောစုံစမ်းလျက်ရှိ၏။ ဒေါ်အုန်းစိန်ကလည်း နနုအကြောင်းကိုပြောပြရာမှ နနုငယ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံကိုပြလိုသည်နှင့် ဓာတ်ပုံအယ်လ်ဘန်ကို ယူမည်ဟု မှန်ဗီရိုသို့ ထသွားလိုက်ရာတွင် ဆိတ်သည်လည်း မိမိအမျိုးသားဓာတ်ပုံကို မတွေ့နိုင်သည်နှင့် စိတ်တိုလျက်ရှိခိုက်နှင့် ကြုံကြိုက်လေရကား ဘာမပြောညာမပြော ဝမ်းနင်လည်းမဟေးဘဲ ဝင်ကတော်ဒေါ်အုန်းစိန်၏ နောက်ပိုင်းကို ဦးချိုနှင့် ပြေးဆောင့်လိုက်သဖြင့် ဒေါ်အုန်းစိန်ခမျာမှာ ကြမ်းပေါ်၌ အလျားမှောက်လျက်သား ကျသွားလေ၏။ ဦးလှဘော်လည်း-

"ဣန္ဒြေကောင်းလှသတဲ့ ကြည့်ရဦးမကွယ်"

ဟု ပါးစပ်မှ တတွတ်တွတ်ရေရွတ်ခါ သားအဖနှစ်ယောက် ဆင်းလာကြ၍ ဧည့်ခန်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကြမ်းပေါ်၌ အလျားမှောက်လျက်လဲနေသော ဒေါ်အုန်းစိန်ကို ပက်ပင်းပါတွေ့မြင်ရလေ၏။ ဤတွင် ဦးလှဘော်သည် ဇနီးသည်၏နာကျင်မှုကို သတိရသည်ထက် နနု၏စကားကို ရှေးဦးစွာ သတိရသည်နှင့်-

"ဣန္ဒြေကောင်းလိုက်လေကွယ်"

ဟုဆိုကာ နနုကိုလှည့်၍ ကြည့်မိသေး၏။ ဒေါ်အုန်းစိန်လည်း မိမိအား ကြမ်းပေါ်မှ ထူမ၍ပေးသော ကိုစိုးမင်းအား-

"မနာပါဘူး၊ ကိစ္စမရှိပါဘူး။ ဆိတ်ကလေး ပျော်တတ်ရာလို့ ကစားလွှာတာပါ"

ဟု ပြုံးရယ်ကာ ပြောနိုင်သေး၏။ ထိုအခါ ဦးလှဘော်က-

"ပျော်တတ်လို့ ကစားလိုက်တာ ငါ့ဓာတ်ပုံကြီးလည်း ကွဲကုန်ပါရောလား၊ တစ်ခန်းလုံးလဲ ပွလို့ဟဲ့၊ ဟင် ဟယ် ဣန္ဒြေရလေကွယ်၊ ပဲမှုးငလျင်တုန်းက



တစ်ကြိမ်ကြုံပြီးတဲ့နောက် ဒီလောက်ရှုပ်တဲ့အခန်းမျိုးကို တစ်ခါမှ ငါမမြင်ဖူးသေးပေါင်ကွယ်"ဟု ဆိုလေရာ စိုးမင်းက...

"ပဲမှုးငလျင်တုန်းက ညောင်ပိုင်းရပ်ထဲမှာ ကျွန်တော်ရှိနေလို့ အင်္ဂလိပ်သတင်းစာထဲမှာတောင် သတင်းရေးထည့်လိုက်ပါသေးတယ်"

"မောင်ရင်ကတော့ ဒီတုန်းကလည်း ခပ်အေးအေးပဲမဟုတ်လား။ အနေကော သတင်းရေးဖို့ စက္ကူများပါသေးရဲ့လား"

ဟူ၍ ပြောလိုက်သေး၏။ ထိုခဏ၌ ဆိတ်သည် အခန်းတွင်း၌ မွှေနှောက်ဖျက်ဆီး၍ အားရသဖြင့် ပန်းပင်ကလေးများကို ဖျက်ဆီးလိုသေးသည်နှင့် အိမ်ပြင်သို့ ထွက်မည်ပြုလေ၏။

"ဆိတ်ကလေးက အပြင်ထွက်ချင်တယ်ထင်ပါရဲ့ဦးရယ်"

ဟုဆိုလိုက်ရာ ဦးလှဘော်က...

"အပြင်ထွက်ပြီး ဥယျာဉ်ကလေး ဖျက်ချင်သေးတယ်ထင်ပါရဲ့၊ သွားမလုပ်လေနဲ့မောင်၊ မာလီနဲ့တွေ့သွားရင် မင်းဆိတ်တော့ ကဘတ်ဖြစ်သွားလိမ့်မယ်"

"ဦးကဆိတ်ကို အခါတိုင်း ဥယျာဉ်ထဲ မသွားစေဘဲ အိမ်ထဲမှာ ချည်နှောင်ထားသလားဦးရဲ့"

"ကျုပ်က မနှောင်ရပါဘူးမောင်ရယ်၊ ဧည့်သည်များနဲ့ ပါလာလို့ ဧည့်သည်အဖြစ်နဲ့ လက်ခံရတာပါ"ဟု ဦးလှဘော်က ပြောလေရာ နနုကလည်း—

"ရုံဖန်ရံခါပေါ့ရှင်၊ ဒါထက် ဦးစိုးမင်းကကော ဆိတ်ကို အိမ်ထဲမှာ လွှတ်ထားတာပဲလား"

"ကျွန်တော်လား ဝေးပါရဲ့ဗျာ။ သူများတကာတွေ လွှတ်ထားကြပေမယ့် ကျွန်တော်တော့ ဒီလောက်ထိ အလိုမလိုက်နိုင်ပေါင်ဗျာ"

ဦးလှဘော်လည်း ထိုင်ရာမှ ခုန်၍ထလေ၏။

ထိုစဉ်နနုက...

"ဖေဖေ"

"တန် တန် တန် ကျုပ်မပြောဘဲ မနေနိုင်တော့ဘူး၊ မောင်ရင်ပြောချင်တာက မောင်ရင့်ဆိတ်ကို ကိုယ့်အိမ်မှာ လွှတ်မထားဘူးလား"

"မလွှတ်ပေါင်ဗျာ၊ ကိုယ့်ထက်ပိုပြီး ဝိရိစ္ဆာန်ချစ်တတ်တဲ့ လူများက လွှတ်ချင်လို့ လွှတ်ကြပေမယ့် ကျွန်တော်တို့တော့ မဝံ့ပေါင်ခင်ဗျာ"

"တော်စမ်းပါမောင်ရင်၊ မောင်ရင့်ဆိတ်ကို ကျုပ်က လွှတ်ထားတာလား၊ မောင်ရင့်သဘောနဲ့ မောင်ရင်လွှတ်ထားတာလား ပြောစမ်းပါဦး"

"ဘယ်ကလာ ကျွန်တော့်ဆိတ်လဲ ဦးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ… ဗျာ… ဘာတဲ့ဗျာ၊ ဒါဖြင့် ဘယ်သူ့ဆိတ်လဲ မောင်ရင်ရဲ့"

"ဦးရဲ့ဆိတ် မဟုတ်ဘူးလား"

"တန် တန် တန် ကြာတော့ ကျုပ်ရူးရတော့မယ်။ ဒါဖြင့် မောင်ရင့်ဆိတ် မဟုတ်ဘူးပေါ့"

"ကြုံကြိုစည်စည်ခင်ဗျာ၊ ဒီဆိတ်ကို ကျွန်တော် မြင်လည်းမမြင်ဖူးပါဘူး။ တွေ့လည်းမတွေ့ဖူးပါဘူး"

ဤတွင် ဦးလုဘော်နှင့် ကိုစိုးမင်းတို့သည် ကုလားထိုင်ပေါ်၌ထိုင်ကာ တစ်ယောက်၏မျက်နှာကို တစ်ယောက်က ငေးကြည့်နေကြလေ၏။ နောက်ဆုံး၌

"နေစမ်းပါဦး၊ မောင်ရင်နဲ့ အတူတူဝင်လာတာ မဟုတ်ဘူးလား"

"ဦးရဲ့တပည့်လည်း ကျွန်တော်နဲ့အတူတူ ဝင်လာတာပဲ။ အတူတူဝင်လာတိုင်း ကျွန်တော့်ပစ္စည်း ဖြစ်ရတော့မှာလားဦးရဲ့"

"ဒါဖြင့် ဘယ်သူ့ဆိတ်ပါလိမ့် ကရို့။ ဖိုးတီကို မေးရဦးမယ်။ ပြောနိုင်ရင် ပြော၊ မပြောနိုင်ရင် ဒီကနေ့ အလုပ်ဖြုတ်ပစ်မယ်" ဟုဆိုရာ နုနုကလည်း…

"နေပါဦး ဖေဖေရဲ့။ ကိုစိုးမင်းလာရင် ဘာတိရစ္ဆာန်ပဲ ပါလာလာ ဝင်လာ ပေးစေလို့ ကိုဖိုးတီကို ဖေဖေက မှာထားတယ်မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တောင် ကြားလိုက်သေးတယ်"

ဟု ဒေါ်အုန်းစိန်က ထောက်ခံလေရာ ဦးလုဘော်က…

"အေးလေ မှာတော့မှာတယ်။ ဒါပေမဲ့ ဆိတ်လို့မပါပါကလား"

ဟု ဦးလုဘော်က ပြောသည့်တွင် ဒေါ်အုန်းစိန်က မနေသာတော့ဘဲ

"ဒီလိုမလုပ်ပါနဲ့ ဦးလုဘော်။ ဆင်ဖြစ်စေ၊ ကျားဖြစ်စေဆိုမှဖြင့် ဆိတ်လည်း ပါရောပေါ့ ဦးလုဘော်ရဲ့"

"ကိုင်း အားလုံးက ဝိုင်းပြောလို့မှ ကျုပ်ဝန်ချပါပြီဗျာ၊ ကျုပ်မှားမိပေတယ်"

"တောင်းပန်နေဖို့ မလိုပါဘူးဦးရယ်။ ကျွန်တော်ကသာ တောင်းပန်စရာ ရှိပါတယ်။ ကျွန်တော်တို့ လူမျိုးမှာ ထုံးစံတော့မရှိဘူး။ သို့သော် ကျွန်တော့်မှာ ဘိလပ်မှာ ပညာသင်လာခဲ့တော့ အင်္ဂလိပ်ထုံးစံတွေ အတော်သဘောကျနေမိလို့မို့ သူတို့ထုံးစံကို အတုယူပြီး နုနုနဲ့ကျွန်တော်နဲ့ ချစ်ခင်စုံမက်နေကြတဲ့ ကိစ္စကိုဖွင့်ပြော ရင်း ကျွန်တော်တို့နှစ်ယောက်ကို ဦးကသဘောတူဖို့ တောင်းခံလိုပါတယ် ခင်ဗျာ"

ဦးလုဘော်မှာ မိမိ၏ဇာတ်ပုံကြီးနှင့်တကွ အိမ်ထောင်မှုပစ္စည်းများ ပျက်စီး သွားသည်ကို လုံးဝသတိမရတော့ဘဲ မိမိတို့၏ မျှော်လင့်ချက်လျင်မြန်စွာ ပြည့်စုံ ပေတော့မည်ဆို၍ သမီးနုနု၏လက်ကို ကိုင်ဆွဲပြီးလျှင် ကိုစိုးမင်းအနီးသို့ ချဉ်းကပ် လျက်…



"မောင်ရင်က အင်္ဂလိပ်ထုံးစံအတိုင်း တောင်းလေတော့၊ ကျုပ်ကလည်း အင်္ဂလိပ်ထုံးစံအတိုင်း လိုက်လုပ်ရတော့မှာပေါ့၊ ကိုင်း လာကြလာကြ"

ဟုပြော၍ လူငယ်နှစ်ယောက်တို့ကို လက်ချင်းဆက်ပေးမည်ပြုဆဲတွင် ဆိတ်သည် မြန်မာဖြစ်လျက်နှင့် ဘိုဆန်သော အပြုအမူကို မကြည့်လိုသောကြောင့် ပေလောမသိ။ နုနု၏ နောက်သို့ပြေးသွား၍ ဦးခေါင်းနှင့် တိုးဝှေ့လိုက်သည်တွင် နုနုမှာ ကိုစိုးမင်း၏ ရင်ခွင်ထဲသို့ ရောက်သွားလေတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# လင်မယား သဘာဝ

မင်္ဂလာဆောင်အချိန်ဆိုင်းခဲ့လျှင် အရက်ကွဲမည်စိုးသောကြောင့် ကတိုက်ကရိုက်ဆောင်နှင်းရ၍ နှစ်တစ်ဝက်မပြည့်မီ သားသည်အဖေ၊ အမေဖြစ်ကြသည့် အချို့လင်မယားများကဲ့သို့မဟုတ်ဘဲ ကိုတင်ကြီးနှင့် မခင်ကျော့တို့မှာ လက်ထပ်၍ ၂ နှစ်ကျော်သော်လည်း ဖေဖေ၊ မေမေ၊ ဒက်ဒီ၊ မာမီ ခေါ်မည့်သူမပေါ်လာသေးသဖြင့်တစ်ယောက်နှင့်တစ်ယောက် ချစ်ချင်တိုင်းချစ်၍ နွဲ့ချင်တိုင်းနွဲ့နိုင်ကြပေသေးသည်။

အချို့ယောကျ်ားများသည် မယားနှင့်ရန်ဖြစ်ပြီးနောက် "ပြန်ပေါင်းထုပ်" ရသောအရသာကို သဘောကျသည့်လက္ခဏာနှင့် မယားစိတ်ဆိုးအောင် မဟုတ်က ဟုတ်က ရန်စပြီးမှ တစ်ဖန်ပြန်၍ ချော့မော့သည့်အခါ အချစ်တိုးလာသည်ဟူ၍ပင် မှတ်ထင်ကြပေရာ ကိုတင်ကြီးမူကား မိမိကိုယ်ကို ဒုက္ခရှာဖို့ ဝါသနာပါသူတစ်ယောက် မဟုတ်သည်နှင့် လက်ထပ်သောနေ့မှစ၍ တစ်ကြိမ်တစ်ခါမျှ စိတ်ကောက်ခြင်း၊ ရန်ဖြစ်ခြင်းမရှိခဲ့ဖူးဘဲ လင်နှင့်မယား အရှိန်မပျက် တစ်ဆက်တည်းချင်ခင်လာခဲ့သူများဖြစ်ကြလေသည်။ သို့ရာတွင် "လင်နှင့်မယား လျှာနှင့်သွား" ဟူသော စကားပုံကလည်း ရှိပေသေး၏။



နံနက်အိပ်ရာမှ ထကြသောအခါ ကိုတင်ကြီးက မယားမခင်ကျော့ကို မင်းကတော်တစ်ယောက်ကဲ့သို့ အခြွေအရံအစေခံများနှင့်တကွ ထားလိုသော်လည်း လခနည်းသဖြင့် မတတ်နိုင်ဘဲရှိရာတွင် ချက်မှုပြုတ်မှု၊ တံမြက်လှည်းမှုအစရှိသော အိမ်တွင်းမှုအလုပ်များကို မိမိအလုပ်မသွားမီ တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးလေ့ရှိ၏။ သို့ဖြစ်၍ ထိုနေ့နံနက်၌ မယားက လက်ဖက်ရည်ခရားကို ရေထည့်နေစဉ် လင်ကမီးမွှေး၍ တစ်ယောက်က လက်ဖက်ရည်ဖျော်ခိုက်တွင် တစ်ယောက်က ပေါင်မုန့်ကို မီးကင်၍ ထောပတ်သုတ်ခြင်းစသည်ဖြင့် မတွက်မကာစ်ကြည်ဖြူစွာ လုပ်ကိုင်ပြီးမှ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ အရသာခံ၍ လက်ဖက်ရည်သောက်ကြ၏။ ကိစ္စပြီးသောအခါမှ ကိုတင်ကြီးသည် ဆေးပေါ့လိပ်တစ်လိပ်နှင့် ပက်လက်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်လေရာ စာပို့ကုလား ရောက်လာ၍ စာနှစ်စောင်ပေးသွားသည်တွင် မခင်ကျော့သည် ကိုတင်ကြီးအမည်ပါသောစာကို လင်ယောကျ်ားအား ပေးခဲ့၍ မိမိ၏အမည်ပါသောစာကို နောက်ဖေးဆောင်သို့ ယူသွားလေ၏။ မခင်ကျော့သည် အဝေး၌နေသော မိဘများထံမှ စာရတတ်သည်ဖြစ်၍ အေးအေးဆေးဆေး ဖတ်နေကျထုံးစံအတိုင်း နောက်ဖေးသို့ ယူလာခဲ့ခြင်း ဖြစ်လေ၏။

မခင်ကျော့သည် စာအိတ်ကို ဖွင့်လိုက်သောအခါ အောက်ပါစာကို တွေ့ရှိရ၏။

"စုံတွဲကိုခွဲလျှင် ဝဋ်လည်မည် ကြောက်လှသဖြင့် လျော်ကြေးနှင့်တကွ စာတိုက်မှ တင်ပို့လိုက်ပါသည် မျှော်ပါလေ"

မခင်ကျော့သည် လက်မှတ်မပါသော ၎င်းစာကို ဖတ်ရသောအခါ ရုတ်တရက် နားမလည်သော်လည်း လက်ရေးကို မှတ်မိသလိုလို ရှိသည့်ပြင် လွန်လေပြီးသောအဖြစ်အပျက်ကလေးတစ်ခုကို သတိရသည်နှင့် စာပေးသူကို ရိပ်မိ၍ မျက်နှာအနည်းငယ် နီမြန်းသွား၏။ မိမိကိုယ်ကို မျက်နှာပိုးသတ်ပြီးသောအခါမှ မခင်ကျော့သည် အိမ်ရှေ့သို့ထွက်လာလေရာ ကိုတင်ကြီးက စာအကြောင်းကို မေးသောအခါ မိခင်ထံမှ စာဖြစ်သည်ဟု လိမ်လည်၍ ပြောလိုက်၏။

အပြစ်ကင်းအောင် နေခဲ့၍ လင်ယောကျ်ားအား ဘယ်သောအခါမှ လိမ်လည်ပြောဆိုဖူးခြင်း မရှိသော မခင်ကျော့မှာ ဤတစ်ကြိမ် လိမ်ရသည့်အတွက် အတော်ကလေး ဝန်လေး၏။ အကြောင်းအရာကို ကိုတင်ကြီးက မေးရာတွင် မာကြောင်းသာကြောင်းများသာဖြစ်၍ အထူးသတင်းမပါကြောင်းဖြင့် ဆက်လက်လိမ်လည်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ စားသောက်ပြီးသောအခါ ကိုတင်ကြီးသည် မခင်ကျော့က ယားပေးသော ကွမ်းယာကလေးများကို သံဘူးကလေးတွင်ထည့်၍ အလုပ်တိုက်သို့ ထွက်လာခဲ့ရာ မယားမခင်ကျော့မှာ အခါတိုင်းနှင့်မတူဘဲ နှုတ်ဆိတ်လှသည်ဟု လမ်းခရီး၌ တွေးမိ၏။

ထိုနေ့ နေ့လယ်၌ မခင်ကျော့သည် စာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် လက်ခံရရှိ၍ ဖွင့်ကြည့်ရာ ခြေအိတ်တစ်ဖက်ကို ရှေးဦးစွာ တွေ့ရ၏။ ခြေအိတ်ကို ထုတ်ယူ၍ ထောင့်၌ဖုနေသည်ကို တွေ့ရသဖြင့် ထုတ်ကြည့်ရာတွင် တစ်ဖက်လျှင် ပုလဲတစ်လုံးစီဖြင့် ပြုလုပ်ထားသော နားကပ်ကလေးတစ်ရန် ပေါ်ထွက်လာလေ၏။ မခင်ကျော့သည် မှန်တင်ခုံသို့သွား၍ နားကပ်ကို မိမိ၏နား၌ ပန်ဆင်ကြည့်ရာ အသက် ၂၀ မပြည့်သေးသဖြင့် နဂိုအားဖြင့် နုနယ်လှပသော မျက်နှာကလေးသည် ပုလဲ၏ သတ္တိထူးကြောင့် ပိုမိုနုနယ်၍ ပိုမိုလှပသည်ဟု ထင်ရပေ၏။ မိန်းမလည်း ဖြစ်ပြန်ရာ ငယ်လည်းငယ်ပြန်သေးရကား မခင်ကျော့မှာ မိမိ၏အဆင်းကို ချက်ချင်းတိုး၍ လှအောင်ပြုပြင်ပေးနိုင်သော ပုလဲနားကပ်ကို နှစ်သက်တပ်မက်ခြင်း ဖြစ်လာတော့၏။ သို့ဖြစ်၍ နားကပ်ပို့လိုက်သူနှင့် အဘယ်ကြောင့်ပို့လိုက်သည်ကို ရိပ်မိသော်လည်း ပြန်ပို့ရန် စိတ်ကူးမရနိုင်အောင် ရှိလေတော့သည်။ အိမ်ထောင်ကျပြီးဖြစ်၍ မိမိကိုယ်ကို လှပအောင် ခြယ်လှယ်လေသမျှသည် လင်ယောကျ်ား ကိုတင်ကြီးအဖို့ဖြစ်သည်ဟု နားလည်သော်လည်း လှချင်ပချင်၊ တချင်ပြိုင်ချင်တန်း အရွယ်ဖြစ်သဖြင့် မိမိနှင့် အလွန်လိုက်သည်ဟု ထင်မိသော ထိုနားကပ်ကလေးကို မခွဲရက်၊ မစွန့်ရက်အောင် ဖြစ်ပြီးလျှင် မည်သည့်နည်းနှင့်မဆို သိမ်းပိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။

သို့သော် ကိုတင်ကြီးမသိအောင် ပန်ဆင်ရန်မဖြစ်နိုင်သဖြင့် မည်သည့်နည်းနှင့် ရသည်ဟု အကြောင်းပြရန် လိုသေး၏။ မိဘများသည် လယ်တစ်ကွက်ကို ရောင်းချမည်ဟု သတင်းကြားဖူးရာ ရောင်းရသောငွေထဲမှ မိမိအဖို့ ပုလဲနားကပ်တစ်ရန် ဝယ်ပို့လိုက်သည်ဟု လိမ်ပြောရန် အကြံပြုထားလေ၏။ ဝတ်ရမဲ့ စားရမဲ့ အတန်းအစားတစ်ယောက် မဟုတ်သော်လည်း ခင်ကျော့သည် ထိုနေ့အဖို့၌ မှန်တင်ခုံရှေ့တွင် မိမိကိုယ်ကိုမိမိ အရိပ်တကြည့်ကြည့်နှင့် အချိန်ကုန်တော့သည်ဟု ဆိုခဲ့လျှင် အထူးတလည် အပြစ်တင်ရန်မရှိဘဲ မိမိ၏ချောလှသော ရုပ်အဆင်းကို မိမိကျေနပ်နှစ်သိမ့်ခြင်းရှိသော မိန်းကလေးတို့၏ သဘာဝဟူ၍ ဆိုရပေမည်။ မခင်ကျော့သည် ပုလဲနားကပ်ကလေးကို တစ်နေ့လုံးပန်ဆင်ထား၍ ကိုတင်ကြီး ပြန်ချိန်နီးသောအခါ ချွတ်၍ဝှက်ထားလိုက်လေ၏။



ကိုတင်ကြီးရောက်လာပြီးနောက် ချစ်ခင်ကြင်နာ၍ သားသမီးမရှိသော အကြင်လင်မယားတို့ ထုံးစံအတိုင်း တပွတ်သပ်သပ် နေထိုင်ကြ၍ ကိုတင်ကြီးသည် မခင်ကျော့၏ အနည်းငယ်နှုတ်ဆိတ်သော အမူအရာကို မြင်သည်နှင့် နံနက်ကတည်းက အနည်းငယ်ပြောင်းလဲခြင်းရှိခဲ့သောအဖြစ်ကို သတိရ၍–

"မနက်က စာထဲမှာ ဘာများပါလို့လဲ မခင်ကျော့"

"ဘာကြောင့်လဲ ကိုကို"

ယင်းသို့မေးသော်လည်း မှုမမှန်သော စာဖြစ်သည့်ပြင် လင်ကိုလိမ်ဖူးသော မိန်းကလေးတစ်ယောက်မဟုတ်သဖြင့် အနည်းငယ်မျက်နှာပျက်သွား၏။ ကိုတင်ကြီးမှာလည်း သဘောထားသေးသူတစ်ယောက် မဟုတ်သည့်ပြင် မယားကို လုံးဝ စိတ်ချ ယုံကြည်ထားသည်ဖြစ်၍ အသေးအဖွဲကိစ္စကလေးများတွင် လင်ကို ပရိယာယ်နှင့် လှည့်စားပြောဖို့မလိုဘဲ ဘွင်းဘွင်းနှင့်ပြောင်ပြောင် ပြောနိုင်ခွင့်ရှိခဲ့လေသည်။

ပမာဆိုသော် အချို့မိန်းမများသည် လင်၏နှမြောတတ်သော သဘောကို သိသည်ဆို၍ ၁၅ တန် ဘော်လီတစ်ထည် ဝယ်သည့်အခါ ၅ ပေးရသည်ဟု လှည့်စားပြောဖို့ လိုသည်ဆို၏။ ကိုတင်ကြီးနှင့် မခင်ကျော့တို့မှာ ထိုကဲ့သို့သော လင်မယားမျိုး မဟုတ်ကြပေ။ သို့ပါလျက် မခင်ကျော့မှာ လင်ကိုမလိမ်ဖူး လိမ်ပြောနေရသဖြင့် အတော်ဝန်လေးလျက်ရှိ၏။

"ဘာကြောင့်လဲဆိုတော့ မင်းမျက်နှာ ကြည့်ရတာ ခါတိုင်းနဲ့မတူလို့ပေါ့ကွယ်"

ဤတွင် မခင်ကျော့က ပြောတန်သလောက် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

"ကိုကို"

"ဗျား"

"ကိုကို့ကို ကျော့လိမ်မိပြီ"

ကိုတင်ကြီးသည် အနည်းငယ် မျက်နှာမသာမယာ ဖြစ်သွား၏။

"ဘယ်လို အကြောင်းလဲကွဲ့။ အဆိုးလား အကောင်းလား"

မခင်ကျော့လည်း စဉ်းစားပြီးနောက် ရယ်မောလျက် "ဆိုးတယ်ကောင်းတယ် မပြောလောက်ပါဘူး ကိုကို"

(ကြင်နာသောမျက်နှာထားနှင့်) "ပြောပါဗျာ ဒါဖြင့်"

"မနက်တုန်းက စာရတာ မေမေတို့ဆီက မဟုတ်ဘူးကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ နို့ ဘယ်သူ့ဆီကလဲ"

"လက်မှတ်လည်း မပါဘူးကိုကိုရဲ့"

"ဘယ့်နှယ်ဟာလဲကွဲ့။ လက်မှတ်မပါတဲ့စာမျိုး ဘယ်သူက ရေးထည့်ပေးသလဲ။ ခြိမ်းခြောက်ပြီး မိုက်ကြေးခွဲတဲ့ စာမျိုးလား"

"မဟုတ်ပါဘူးကိုကို၊ အသိတော့ အသိထဲကပါပဲ"

"အသိထဲကဖြင့် မေ့ပြီးလက်မှတ်မထိုးမိတာလား"

"မဟုတ်ဘူးကိုကို၊ တမင်မထိုးတာပဲ"

"ရှုပ်လိုက်တာကွယ်၊ ဘယ်မှာလဲမင့်စာ ပြစမ်းပါဦး"

မခင်ကျော့သည် စာကိုယူ၍ပြသရာတွင် ကိုတင်ကြီးမှာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

"စုံတွဲကိုခွဲလျှင် ဝဋ်လည်မည်ကြောက်လှသဖြင့် လျော်ကြေးနှင့်တကွ စာတိုက်မှ တင်ပို့လိုက်ပါသည် မျှော်ပါလေ"

"နားမလည်ပေါင်ကွယ် မင့်စာက"

မခင်ကျော့လည်း ရယ်မောလိုက်ရာ ခွက်သွားသည့် ပါးကလေးဘက်မှ တတိယအထက်သွားတွင် ကွပ်ထားသော ရွှေကွပ်သည် ဝင်းခနဲလက်သွားသဖြင့် ကိုတင်ကြီး၏ မျက်စိ၌အလွန်ယဉ်သည်ဟု ထင်မိ၏။

"ကိုကို နားမလည်ပေမယ့် ကျော့တော့ နားလည်တယ်"

"အဆက်ရှိတဲ့လူချင်းတော့ နားလည်မှာပေါ့"

ခနဲ့တဲ့တဲ့ ပြောလိုက်၏။

"ကိုကိုကလဲ"

"မဟုတ်ရပါဘူးဗျာ၊ ဒီအရင်က အချိတ်အဆက်ရှိမှ အဓိပ္ပာယ်ကို နားလည်မယ်လို့ ပြောတာပါ"

"ခုက ဒီလိုပြောနေရင် ကျော့က ရှင်းပြတော့လည်း ကိုကိုက စိတ်ဆိုးနေဦးမှာ ထင်ပါရဲ့"

"ပြောသာပြောပါလေ၊ ကိုကို့စိတ်ကို သိသားမဟုတ်လား"

"သိလို့လည်း ပြောဝံ့တာပေါ့။ ကိုမောင်မောင်ကြီးဆီကစာ ကိုကိုရဲ့"

ကိုတင်ကြီးသည် မျက်နှာပျက်သွား၍ မခင်ကျော့ကို ပြုံးကြည့်နေ၏။

"မင်းတို့ စာပေးစာယူလုပ်နေကြလား"

"ကျားသားမိုးကြိုးကိုကို"



"စုံတွဲကိုခွဲရင် ဝဋ်လည်မှာ ကြောက်တယ်ဆိုတာ ဘာလဲ"

"ဟိုတုန်းက ကျွန်မခြေအိတ်တစ်ထည်ကို သူကောက်ရဖူးတယ်၊ အဲဒါကို စာတိုက်က ပြန်ပို့လိုက်တယ်ကိုကိုရဲ့"

"လျော်ကြေးပေးမယ်ဆိုတာက ဘာလဲ"

"အလကားနောက်တာပါကိုကို။ ဘာမှမဟုတ်ပါဘူး"

မခင်ကျော့ကား ခြေအိတ်တစ်ဖက်ပြန်ရခြင်းနှင့် ပတ်သက်သောစာအကြောင်းကို ပြောပြခဲ့လျှင် နောက်မှချပြန်ပို့ခိုင်းလိမ့်မည်ဟု သိရ၍ လိုချင်မှုလောဘကြောင့် ကွယ်ဝှက်ထားခြင်း ဖြစ်လေသည်။ ကိုတင်ကြီးမှုကား မယုံ့တယုံ ဖြစ်နေ၏။ ပို့လိုက်သောခြေအိတ်ကို ပြခိုင်းသောအခါ မခင်ကျော့သည် ၎င်းတစ်ဖက်ကိုသာမက မိမိထံ၌ ကျန်ရစ်သော ခြေအိတ်တစ်ဖက်ကိုပါ ထုတ်၍ အစုံလိုက်ပြနိုင်၏။ မခင်ကျော့မှာ ကိုတင်ကြီးနှင့် မရသေးမီ ဘက်မင်တန်(ကြက်တောင်)ရိုက်ကစားစဉ်က ရှက်ဖျင်ဖိနပ်ဖြူနှင့် ခြေအိတ်စွပ်၍ ကစားဖူးလေသည်။ သို့သော် ဤအကြောင်းကို ဆိုင်ရာနေရာ၌ ဖော်ပြရပေဦးမည်။

ကိုတင်ကြီးမှာ ခြေအိတ်နှစ်ဖက်လုံးကို မြင်ရ၍ မခင်ကျော့၏ ခလိမ်ခလည်တတ်သော သဘောကိုလည်း ရိပ်မိစေကာမူ မောင်မောင်ကြီးနှင့် မခင်ကျော့တို့၏ ရှေးဟောင်းအဖြစ်ကလေးကို အလုံးစုံသိခဲ့သည်ဖြစ်၍ စိတ်ထဲ၌ ယုံမှားသံသယလုံးဝ ကင်းရှင်းလောက်အောင် မရှိသေးချေ။

"မောင်မောင်ကြီးနဲ့များ တွေ့ရဖူးသလား"

(အနည်းငယ်စဉ်းစားနေပြီးမှ)"တစ်ခါတည်း တွေ့ဖူးပါတယ်"

"ဟော... ဘယ်တုန်းကလဲ"

"ဟိုတစ်နေ့က ဗိုလ်ချုပ်ဈေးထဲမှာ လက်ကိုင်ပဝါကလေးလိုတာနဲ့ ဝင်ဝယ်ပြီး ကိုကိုတို့တိုက်ရှေ့ရောက်လာတော့ ကွန်တီနင်တယ်ရှေ့မှာတွေ့လို့ နို့အေးတစ်ခွက် သောက်ပါဦးဆိုတာနဲ့ သောက်ခဲ့ပါတယ်"

"အေးလေ မင်းကတော့ သရေစာနဲ့မှားခေါ်ရင် ဂေါ်ရင်ဂျီကုလားကလေးက ခေါ်ခေါ် လိုက်စားမယ့် မိန်းမပါပဲ ငါသိပါတယ်"

"အကြောင်းကြောင်းကို သိရက်နဲ့ ပြောရက်ပါပေ့ကိုကို"

မခင်ကျော့လည်း မျက်ရည်များလည်လာ၏။

"ဘာအကြောင်းကြောင်း သိတာလဲ။ သူ့ကျေးဇူးများ ဘာရှိလို့လဲ"

"ကျေးဇူးမရှိပေမယ့် သူတို့ဆီမှာ အလုပ်လုပ်ခဲ့လို့ မောင်လိုနှမလို အကျွမ်းဝင်လာခဲ့တဲ့ လူချင်းဖြစ်နေလေတော့ တစ်ခါတလေတွေ့လို့ ကျွေးတာ မစားလို့ ကောင်းပါ့မလားကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ... မောင်လိုနေမလိုလဲ"

"လျှောက်မကဲပါနဲ့တော့ ကိုကို၊ ဒီလိုမလုပ်နဲ့လို့ ကိုကိုက မှာထားရက်သားနဲ့ ကျော့ကနားမထောင်တော့ ကျော့အဆိုးပေါ့၊ ခုတော့ ကိုကိုမကြိုက်မှန်းသိလို့ တစ်ကြိမ်တစ်ခါ"

"ဒီကောင်နဲ့တွေ့တာကို ငါမကြိုက်ပေဘူးဆိုတာ မင်းမသိဘူးလား"

"ဒီလိုပါကိုကို ခဏခဏတွေ့မယ်ဆိုရင် ကိုကိုမကြိုက်ပေဘူးလို့ ကျော့ရိပ်မိပါတယ်။ တစ်ခါတစ်ရံ မတော်တဆတွေ့လို့ သူကျွေးတာ စားမိတာတော့"

"တော်ပါတော့ကွယ် မခင်ကျော့"

ကိုတင်ကြီးသည် မျက်နှာထားသုန်မှုန်လျက် စာတစ်အုပ်ကို ကောက်ဖတ်နေလေရာ မခင်ကျော့လည်း မီးဖိုချောင်သို့ဝင်၍ အလုပ်လုပ်ပါသော်လည်း တစ်ချက်တစ်ချက် ရှိုက်၍မျက်ရည်တစ်စက်တစ်စက် ကျလာလေ၏။

* * *

ကိုတင်ကြီးနှင့် လက်မထပ်မီက မခင်ကျော့သည် မောင်မောင်ကြီး၏ ဖခင်အလုပ်တိုက်တွင် စာရေးမကလေးအဖြစ်နှင့် အလုပ်လုပ်ခဲ့ဖူးလေသည်။ မောင်မောင်ကြီးမှာ ကောလိပ်ကျောင်းထွက်သူဌေးသား လူပျိုကြီးဖြစ်၍ ရုပ်ရည်သနားကမားနှင့် ဆီဒင်ကားတစီစီ၊ ဘန်ကောက်လုံချည်အလဲလဲ ဝတ်နိုင်သူတစ်ယောက်ဖြစ်သည့်အလျောက် ၎င်းကုမ္ပဏီတွင် အလုပ်လုပ်ကြသော မိန်းကလေးများ၏ မျက်စိ၌ မိုးကျရွှေကိုယ်ဆိုလောက်သည့် ဟီးရိုးသဖွယ်ဖြစ်နေပေတော့သည်။ လူပုံချော၍ အဝတ်ပေါသလောက် ဂိုက်ကျအောင် ဆင်တတ်သော သူဌေးသားမောင်မောင်ကြီးမှာ ၎င်းကစတင်၍ ပိုးပန်းရသည်ဟု ခပ်ရှားရှားရှိလျက် မခေါ်မီကထူး၊ မနှူးမီကကြွေချင်ကြသော မိန်းကလေးတို့နှင့်သာ ကြုံနေရတော့သည်။

မဟုတ်လျှင် မခံချင်သော ဝါသနာကလေးနှင့် ခပ်ဆတ်ဆတ်ရှိသော မခင်ကျော့သည် ၎င်းကုမ္ပဏီသို့ ရောက်လာသောအခါ စားနေကျကြောင်ပါးဖြစ်သော မောင်မောင်ကြီးက ဤမိန်းကလေးသည်လည်း 'အညာလွယ်'လိမ့်မည်ဟု မှတ်ထင်မိရာ ကုမ္ပဏီက ကျင်းပသော လက်ဖက်ရည်ပွဲတစ်ခု၌ မောင်မောင်ကြီးကိုယ်တိုင် ဦးခေါင်းသို့လက်ဖြင့် ထိုးစိုက်ပေးသော သဇင်ပန်းကို ဖြုတ်ယူလွှင့်ပစ်လိုက်သည်မှ 'အာဂမိန်းကလေးပေတကား'ဟု မျက်လုံးပြူးသွားကြလေသည်။

အခြားစာရေးမဖြစ်ပါမူ မောင်မောင်ကြီးကဲ့သို့သော အလုပ်ရှင်သူဌေးသားက တမင်တကာ ဝယ်ယူခဲ့၍ စိုက်ထိုးပေးသော ပန်းခိုင်ကို ယုတ်စွအဆုံး အားနာ



ပါးနာနှင့် ခံယူကြမည်ဖြစ်ရာ၊ မခင်ကျော့ကား မိမိအား အခွင့်မတောင်းဘဲ ဦးခေါင်းကို ကိုင်ရလေသလောဆို၍ ချက်ချင်းဖြုတ်ယူလွှင့်ပစ်လိုက်လေသည်။

ပထမ၌ မောင်မောင်ကြီးသည် မာနကြီးသော မိန်းကလေးတစ်ယောက်ဆို၍ မခံချင်မှုနှင့်ပိုးပန်း၏။ ထိုသို့ပိုးပန်း၍ ခဲယဉ်းကြောင်း တွေ့ရသည့်အခါ အခက်အခဲ တွေ့ရလေလေ လိုချင်သောဆန္ဒပြင်းထန်လေလေ ဖြစ်တတ်သော လူတို့၏ သဘာဝအတိုင်း သဲသဲမဲမဲ ပိုးပန်းလေတော့သည်။

မောင်မောင်ကြီး မခင်ကျော့အား ဘိုင်စကုပ်ပြဇာတ်အစရှိသော ပွဲများသို့ ဖိတ်ခေါ်သော်လည်းမလိုက်၊ မိန်းမဖော်များနှင့် ဖိတ်ခေါ်ပါလျက် ငြင်းဆန်ခဲ့၏၊ ကန်တော်ကြီးသို့ ဆီဒင်ကားနှင့် လေညင်းခံထွက်ဖို့မှုကား ဝေးသေး၏။

"ဒီလို ကားသစ်ကြီးစီးလိုက်ရ ဖိမ်ပဲ"ဟု စကားခေါ်တတ်သော မိန်းကလေးမျိုးနှင့်သာ ကြုံခဲ့ရသော မောင်မောင်ကြီးမှာ မခင်ကျော့နှင့်တွေ့၍ "အာဂမိန်းကလေးပါတကား"ဟု ဦးခေါင်းတဆတ်ဆတ် ရှိနေလေတော့သည်။

မောင်မောင်ကြီးသည် မခင်ကျော့နှင့် အကျွမ်းတဝင် ဖြစ်စေနိုင်သော နည်းလမ်းများ စုံစမ်းရာတွင် အချက်တစ်ခု တွေ့သွား၏။ မခင်ကျော့မှာ မြေပိုင်ရှင်အဖြစ်ဖြင့် အတော်အတန် ကြွယ်ဝခဲ့ပြီးမှ စီးပွားပျက်စီးသွားခဲ့သော မိဘများ၏ သမီးတစ်ယောက်ဖြစ်၍ ဘိုခပ်ဆန်ဆန်နေခဲ့ဖူးသည့်အလျောက် ဘက်မင်တန်ကစားခြင်း၊ စန္ဒရားတီးခြင်းတို့၌ ဝါသနာပါခဲ့ရာ ဘက်မင်တန်တွင် ကျောင်းသူချန်ပီယံဖြစ်ဖူး၍ စန္ဒရားတွင်လည်း ဆရာကောင်းများနှင့် လက်ထပ်သင်ခဲ့မှုသဖြင့် တေးကြီးဘွဲ့ကြီး သီချင်းခန့်များကို ကျကျနန တီးတတ်လေသည်။

မောင်မောင်ကြီးမှာ အဆိုကောင်းတစ်ယောက်ဖြစ်၍ ၎င်း၏အိမ်၌ စန္ဒရားလည်းရှိ၏။ တစ်နေ့သ၌ ကုမ္ပဏီညစ်ခံပွဲတစ်ခုတွင် မခင်ကျော့ကို မောင်မောင်ကြီး၏နှမ မမကြီးနှင့် အနည်းငယ်အကျွမ်းဝင်သည်နှင့် အတူစကားပြောနေကြရာမှ 'ဝါသနာအိုး'တို့၏ ထုံးစံအတိုင်း စန္ဒရားသို့ သွား၍ လက်စမ်းလိုက်မိသည်တွင် စန္ဒရားကောင်းစွာ တီးတတ်ကြောင်း သိသွားကြလေတော့သည်။

မောင်မောင်ကြီးသည် ဝမ်းမြောက်ဝမ်းသာနှင့် စည်းကို ကောက်ယူ၍ တေးထပ်တစ်ပုဒ်ကို ဆိုလိုက်ရာတွင် မခင်ကျော့က လိုက်၍တီးရ၏။ မောင်မောင်ကြီးမှာ အသံကောင်း အဆိုနပ်၍ မခင်ကျော့မှာလည်း အလေ့အကျင့် ပျက်နေရာမှ အနည်းငယ် စမ်းသပ်၍ လက်ဟောင်းပေါ်လာသည်တွင် အဆိုနှင့် အတီးများမှာ အလွန်တရာ 'ဘောင်ဝင်အံကျ'ဖြစ်နေတော့ပေရကား တီးသူရော ဆိုသူပါ ဆန်းကြယ်သော အရသာတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂီတသမားတို့ မည်သည်မှာ တီးသောသူနှင့် ဆိုသောသူ နှစ်ဦးလုံး ပညာပြည့်ကြ၍ တစ်ဦးသဘောကို တစ်ဦး နားလည်လျက် အပေးအယူ အဖြစ်အတောက် အရပ်အဆိုင်းတို့၌ ဘောင်ဝင်အံကျ ဖြစ်နေသည်ကို တွေ့ရသည့်အခါ ဂီတသမား မဟုတ်သူတို့ နားမလည်နိုင်သည့် ဆန်းကြယ်သော အရသာတစ်မျိုး ခံစားကြရလေတော့၏။

ထိုကဲ့သို့ ရှိနေသည့်အခါ အဖိုနှင့်အမကို မဆိုထားဘိ ယောကျ်ားအချင်းချင်းပင်လျှင် အလိုအလျောက် ခင်မင်မှု ဖြစ်လာ၍ တီးသောသူကလည်း ဤလူနှင့်တီးနေရလျှင် မထဘဲတီးနေချင်၍ အဆိုသမားကလည်း မောရမှန်းမသိ၊ ဆိုနေမိတတ်ပေသည်။

မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာလည်း ထိုသို့သော အရသာမျိုး တွေ့နေကြသည်ဖြစ်၍ တေးထပ်တစ်ပုဒ်ဆိုရာမှသည် ဘောလယ်ပတ်ပျိုး၊ ယိုးဒယားစသော သီချင်းများသို့ ရောက်သွား၍ မရပ်မနားနိုင်အောင် ဖြစ်နေကြတော့၏။

ဂီတသမားတို့၏ သဘာဝတစ်ခုမှာလည်း အတီးသမားနှင့် အဆိုသမားတို့သည် တစ်ယောက်ကိုတစ်ယောက် ပညာစမ်းချင်၍ ကိုယ့်အစွမ်းကို ကိုယ်ပြချင်တတ်ကြ၏။

မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာ မိမိဆိုင်ရာ၌ အတော်အတန် ပညာရင့်သူချည်း ဖြစ်ခဲ့သည့်အတိုင်း တစ်ယောက်အစွမ်း တစ်ယောက်ချီးကျူးတတ်အောင် နားလည်ကြ၍ အပြန်အလှန် အရသာခံနိုင်ကြလေသည်။ ဤသည်လည်း သုခတစ်မျိုးပေတည်း။

သီချင်းလေးငါးရှစ်ပုဒ်မျှ ပြီးကြသောအခါ စန္ဒရားပညာ၌ သင်ခါစဖြစ်သော မမကြီးက မိမိ ယောကျ်ားထံမှ သင်ရခြင်းထက် မိန်းမချင်းမှ သင်ရခြင်းကို အလွန်သင့်တော်သည်ထင်သဖြင့် မိမိအား နေ့စဉ်သင်ပြပေးဖို့ တောင်းပန်လေရာ ဖခင်ဖြစ်သူ ကုမ္ပဏီပိုင်ရှင်ကလည်း ဖြည့်စွက်တိုက်တွန်းသည်နှင့် မခင်ကျော့မှာ မငြင်းနိုင်ဘဲ သဘောတူရလေ၏။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသော စကားကဲ့သို့ မခင်ကျော့မှာ ပိုက်ဆံလည်းရ၊ လက်လည်းအကျင့်ရ(မောင်မောင်ကြီးနှင့် တွဲ၍ တီးရသည့်အတွက်) အပျင်းလည်းပြေသေးပေရကား ငြင်းဆန်နိုင်ရန် အကြောင်းမရှိဟူ၍ ထင်မှတ်ကြရပေလိမ့်မည်။

သို့သော် အကြောင်းတစ်ခုကား ရှိနေ၏။ မခင်ကျော့မှာ မိမိနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကိုတင်ကြီးနှင့် ချစ်ကြိုက်နေကြသည်ဖြစ်၍ သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် ထိမ်းမြားလက်ထပ်ကြရန် သဘောတူကြံရွယ်ချက် ရှိကြလေသည်။



မခင်ကျော့သည် စန္ဒရားသင်ပြသောအလုပ်ကို လက်ခံစဉ်က ကိုတင်ကြီးကို သတိရ၍ တိုင်ပင်ဦးမည်ဟု အကြံဖြစ်၏။ သို့ရာတွင် သူဌေးလင်မယားကိုယ်တိုင်က ထပ်ဆင့်တိုက်တွန်းကြခြင်း ဖြစ်သည့်အတွက် စဉ်းစားပါရစေဟူ၍ ပြောသည်ကိုပင် အခွင့်မရတော့ချေ။

ကိုတင်ကြီးနှင့်တွေ့၍ အဖြစ်အပျက်ကိုပြောပြသောအခါ ကိုတင်ကြီးကား လုံးဝသဘောမတူသဖြင့် ကန့်ကွက်သေး၏။ သို့ရာတွင် မိမိကိုယ်တိုင်က တိုင်ပင်ဖို့ စိတ်ကူးမိဖူးသော မခင်ကျော့သည် မိမိအား အပြစ်တင်သည့်အခါ စိတ်ဆတ်သောမိန်းကလေးတစ်ယောက်ဖြစ်သည့်အလျောက် တိုင်ပင်ဖို့ စိတ်ကူးမိဖူးပါသည်ဟူ၍ပင် မပြောတော့ဘဲ မပိုင်ဆိုင်သေးမီကတည်းက ဤသို့မလုပ်ရ၊ ထိုသို့မပြောရဟူ၍ ဩဇာပေးခြင်းမျိုးကို မိန်းမတိုင်းခံလိမ့်မည်မဟုတ်ကြောင်းနှင့် ပြန်၍တွယ်လိုက်သဖြင့် ကိုတင်ကြီးမှာ 'ဘူပိတ်'သွားလေတော့သည်။ သို့ရာတွင် ကိုတင်ကြီး မျက်နှာညိုသွားသည်ကို မြင်ရသောအခါ မိမိ၌ ဝင်ငွေများခြင်းသည် မိမိတို့၏ ကိစ္စကိုလှပအောင် စီမံရန်အခွင့်သာသည့်အတွက် ဝမ်းသာဖို့ဖြစ်သည်ဟု ချော့မော့ပြောလိုက်လေသည်။

“ပိုက်ဆံကကိစ္စမရှိပါဘူး။ ဟိုငနဲကိုကြောက်ရတယ် မင်းကတော်လေးရဲ့”

“ခင်ကျော့တဲ့ မျက်နှာကြည့်ထား ကိုတင်ကြီး(ကိုကိုမဟုတ်သေး)၏ ကိုယ့်ကိုယ်ကို ကာကွယ်တတ်ပါတယ်”

“တော်တော်ကြာတော့ ကန့်လန့်ကန့်လန့်နဲ့”

“တော်စမ်းပါရှင်၊ ကျွန်မကို ဘယ်လိုမိန်းမမှတ်လို့လဲ ရှင်က”

“ကောင်းပါပြီဗျာ ကြည့်ရဦးမှာပေါ့”

“ကြည့်လိုက်ပါ မျက်စိဒေါက်ခဲ ကြည့်လိုက်ပါ”

“ကြည့်ရတော့မှာပေါ့လေ။ ဖင်လေဖလန်မင်မှာ လျှောက်ထားတဲ့အလုပ်က မသေချာသေးဘဲဟာကို နို့မို့များတော့ကွာ”

“အဲလေ ရတော့မှ ပြောဖို့စကားချန်ထားပါဦး”

*

မခင်ကျော့သည် မမကြီးတို့တိုက်ကို တစ်ရက်သွား၍ စန္ဒရားအတော်သင်ပြရာတွင် ၎င်းတို့၏ ဝင်းကြီးထဲ၌ ဘက်မင်တန်ကုတ်လည်းရှိ၍ အညောင်းပြေကစားခွင့်ရ၏။ မခင်ကျော့မှာ မိန်းကလေးတစ်ယောက်အဖို့ဆိုလျှင် လက်ကောင်းဘစ်ယောက်ဟု ခေါ်နိုင်၏။ ယောကျ်ားများကဲ့သို့ ဆမက်(ရှ်)ပြင်းအောင် မရိုက်

www.burmeseclassic.com

www.burmeseclassic.com



တတ်စေကာမူ သူတစ်ပါးရိုက်သော ဆမက်(ရှ်)ကို အံ့သြလောက်အောင် ဖမ်းနိုင်၍ မြင်သူများ သြဘာလက်ခုပ်မတီးဘဲ မနေနိုင်အောင် ရှိကြ၏။

မောင်မောင်ကြီးသည် မခင်ကျော့ဘက်မင်တန်ကစားသည်ကို တွေ့ရသည့်အခါ မိန်းမလိုမိန်းမရ ရှိသည်ဆို၍ အလေ့အကျင့်ဖြတ်ထားခဲ့သော ဤကစားနည်းကို တစ်ဖန်ပြန်ကောက်၍ ရက်ကက်(ဘက်တန်)အသစ်များ ဝယ်ယူလေ့ကျင့်လေတော့သည်။ မခင်ကျော့၏ကစားပုံကို အလွန်ကျေနပ်အားရ၍ သူငယ်ချင်းများကို ဖိတ်ခေါ်ပြီးလျှင် 'တူးနမင့်'ပွဲများ ကျင်းပ၏။

ကျားနှင့်မတွဲ၍ ကစားရသော ပွဲများအတွက် မောင်မောင်ကြီးသည် မခင်ကျော့နှင့်တွဲ၍ ညနေတိုင်းလည်း အခွင့်သာတိုင်း တွဲ၏။ ဤကစားနည်းတွင်လည်း အဆိုနှင့်အတီးနည်းတူ မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာ တစ်ယောက်သဘောကို တစ်ယောက်နားလည်သဖြင့် အတော်အတန် ယောကျ်ားကလေးနှစ်ယောက်တွဲကိုပင် နိုင်အောင်ကစားနိုင်၏။ ဤသည်လည်း အရသာတစ်ခု တွေ့ကြရပြန်လေသည်။

မခင်ကျော့သည် ဘက်တမင်တန် ကစားရန်အတွက် အလုပ်တိုက်သို့ မောင်မောင်ကြီးတစ်ယောက်တည်းလာခေါ်၍ မလိုက်သဖြင့် မမကြီးက ညနေတိုင်း ကားနှင့်လာ၍တင်ရ၏။ အလုပ်ဆင်းချိန် မတိုင်သေးသော်လည်း မမကြီးသည် ဖခင်ကိုပြော၍ မခင်ကျော့ကို ကားနှင့်တင်ခေါ်သွားလေ့ရှိရာ ကိုတင်ကြီးမှာ အလုပ်စားပွဲမှ တမော့မော့နှင့် ငေးကျန်ရစ်ခဲ့၏။ တစ်ခါတစ်ရံ မခင်ကျော့ကတာ့တာဆို၍ လက်ကလေးပြသည်ကိုပင် ပြန်၍ပြုံးဖော်မရဘဲ ဣန္ဒြေကြီးနှင့် ငေးကြည့်နေရစ်ရလေတော့သည်။

ဘက်တမင်တန်ကစား၍ စန္ဒရားသင်ပြပြီးချိန်လောက်၌ ကိုတင်ကြီးသည် မခင်ကျော့မှာထားချက်အရ မမကြီးတို့၏တိုက်သို့လာ၍ အဝမှကြိုဆိုမြဲဖြစ်၏။ မခင်ကျော့သည် မောင်မောင်ကြီး၏ ပိုးပန်းခြင်းမှ သက်သာရာ ရစိမ့်သောငှာ ဤကဲ့သို့ တမင်စီစဉ်ထားသည့်ပြင် မမကြီးအားလည်း မိမိတို့လက်ထပ်တော့မည့်အကြောင်းကို အတိအလင်းထုတ်ဖော်ပြောပြထားလေသည်။

သို့ဖြစ်၍ မောင်မောင်ကြီးသည် ကိုတင်ကြီးနှင့် မခင်ကျော့တို့အကြောင်းကို နှမထံမှ ကြားသိရပြီးဖြစ်သော်လည်း ထူးထူးခြားခြားမရှိဘဲ ပိုးပန်းမြဲအတိုင်း ပိုးပန်းလျက်ရှိ၏။ သို့သော် မောင်မောင်ကြီးအတွက် ပြောရမည်ဆိုလျှင် ကိုတင်ကြီးအပေါ်၌ မနာလိုဝန်တိုသော အမူအရာမျိုး အလျဉ်းမဖော်ပြဘဲ လူ့ပြည်၌ ဤလူတစ်ယောက်မရှိသကဲ့သို့ မခင်ကျော့အား လွတ်လပ်စွာ ပိုးပန်းရုံမျှရှိသေးသည်။



တစ်နေ့သ၌ မောင်မောင်ကြီး၏ ဖခင်ကုမ္ပဏီသူဌေးသည် မိမိ၏ခြံဝင်းအတွင်း၌ တစ်နှစ်တစ်ကြိမ် ပြုလုပ်လေ့ရှိသော ညစာကထိန်ပွဲသို့ ကုမ္ပဏီအလုပ်သမားများအားလုံးကို ဖိတ်ခေါ်၍ တစ်နေ့ပတ်လုံး ကျွေးမွေးဧည့်ခံလေ၏။

ထိုနေ့၌ သားမောင်မောင်ကြီးက မြို့ပေါ်ရှိ မိမိ၏သူငယ်ချင်းမိတ်ဆွေများကိုဖိတ်၍ နေ့ချင်းပြီး ဘက်တမင်တန်တူးနမင့် ကျင်းပပြီးလျှင် နိုင်သူတို့ကို ငွေဖလားဆုဖြင့် ချီးမြှင့်လေသည်။

ဘက်တမင်တန်ပွဲ၌ တစ်ယောက်ချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ ယောကျ်ားနှင့်မိန်းမတစ်တွဲပြိုင်ပွဲဟူ၍ အမျိုးမျိုး စီစဉ်ထားရာ တတိယပြိုင်ပွဲတွင် ကောလိပ်ကျောင်းသူများ ပါဝင်ကြ၍ မောင်မောင်ကြီးမှာ မခင်ကျော့နှင့်တွဲလျက် ပါဝင်ထား၏။

ဘက်တမင်တန်ပြိုင်ပွဲ အစပြု၍ ကစားမည့်သူများအားလုံး ရောက်ကြပြီဖြစ်သော်လည်း မခင်ကျော့တစ်ယောက် မပေါ်လာသေးသဖြင့် မောင်မောင်ကြီးမှာ မိမိ၏ပါတနာ(တွဲဖက်)ဖြစ်နေသောကြောင့် ပေလော မဆိုနိုင်။ ဖင်တကြွကြွနှင့် ဂနာမငြိမ်ဖြစ်နေလေ၏။ မခင်ကျော့သည် ခေတ်အလျောက် သပ်ရပ်လှပသော အဝတ်များကို ဝတ်ဆင်လျက် ဆွယ်တာကလေးကို လက်မောင်းတစ်ဖက်တွင်တင်ကာ အခြားလက်တစ်ဘက်တွင် ဘက်တန်ကိုင်လျက် ရောက်လာသောအခါ မောင်မောင်ကြီးသည် ပရိသတ်အလယ်မှ ထပြေးဆီးကြိုပြီးလျှင်–

"တကတည်း ဘာမှဗျာ ဓာတ်လိုက်ချန်ပီယံပီပီ ပွဲထွက်ခါနီးမှ တော့ပြီးရောက်လာတော့တာကိုဗျာ။ တွဲရမယ့် တစ်ဖက်သားကဖြင့် ပေါ်မှပေါ်လာပါတော့မလားလို့ စိတ်ပူလိုက်ရတာဗျာ"

"စိတ်ပူလို့ ကိုယ်ကျွမ်းပြီး လက်တွေဘာတွေများ ပြတ်ကုန်ပါဦးမယ်ရှင့်"

"ဒီအပြောကလေးတွေမျိုး ကျုပ်က သဘောကျတာ"

မခင်ကျော့သည် မိမိအား မျက်လုံးချင်း ဓာတ်ပုံရိုက်လျက်ရှိသော ကိုတင်ကြီးကို ဦးခေါင်းညိတ်ကာ ပြုံးရုံမျှပြုံးခွင့်ရ၍ အတင်းပူးကပ်ကြပ်မတ်ခေါ်ဆောင်လျက်ရှိသော မောင်မောင်ကြီးနှင့်အတူ ဘက်တမင်ကုတ်ဆီသို့ လိုက်သွားရလေ၏။ ကိုတင်ကြီးမှာမူ ဘက်မင်တန် မကစားတတ်သော လူများ၏ ပိုကာဝိုင်းတွင် ထိုင်ကြည့်နေရာမှ မခင်ကျော့ကို မျှော်ကြည့်ရုံမျှ ကြည့်လိုက်ရလေသည်။

မောင်မောင်ကြီးကမူ မခင်ကျော့ကို ကောလိပ်ကျောင်းသူများ၏ ဝိုင်းဆီသို့ခေါ်သွား၍ မိတ်ဆက်ပေးပြီးလျှင် မခင်ကျော့အနီးမှ မခွာတော့ဘဲ တပူးတွဲတွဲလုပ်နေတော့၏။ မခင်ကျော့မှာ စာရေးမတစ်ယောက်မျှသာဖြစ်သော်လည်း ကောလိပ်ကျောင်းတွင် တစ်နှစ်နေခဲ့ဖူးသဖြင့် ကျောင်းသူများရှေ့၌ ရှုန့်တန့်တန့်

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ချောမောစွာ ဆက်ဆံတတ်သည့်ပြင် စိန်တွေဆင်လျက်ရှိသော အချို့ကျောင်းသူများထက် အဆင်ပြေအောင် ဝတ်တတ်သေးသည်ဟု မောင်မောင်ကြီး ယူဆမိ၏။

၎င်းနောက် မောင်မောင်ကြီးနှင့် မခင်ကျော့တို့အတွဲ ကစားကြရာတွင် သူတို့နှစ်ယောက်သည် တစ်ယောက်၏စိတ်ကို တစ်ယောက်သိနေသကဲ့သို့ မိမိတို့ဘက်သို့ရောက်လာသော ကြက်တောင်ကို နှစ်ယောက်လုံး ဆုံ၍လိုက်မိခြင်းလည်း မရှိ၊ တစ်ယောက်တစ်ယောက်လိုက်မည်ထင်နေပြီးမှ မည်သူမျှမလိုက်ဘဲ နေမိခြင်းလည်းမရှိ၊ သူ့တာဝန်ကိုယ့်တာဝန် သူ့နေရာကိုယ့်နေရာ စည်းကမ်းမှန်ကန်စွာ ကစားနိုင်ကြသည်ဖြစ်၍ တစ်ဖက်သားအတွဲမှာ ၇ မှတ်မျှမရမီ ၎င်းတို့က ၁၅ မှတ်ရ၍ အနိုင်ရခဲ့လေပြီ။

၎င်းတို့နှစ်ယောက်တွဲ ကစားသည်ကို မြင်ရသူများက ယခုနှစ်တွင်မှ တွဲဖက်ကစားခြင်းဖြစ်သည်ဟု မထင်ကြသဖြင့် ဘယ်နှစ်နှစ်ရှိပြီလဲဟူ၍ မေးကြမြန်းကြလေတော့သည်။ တစ်တွဲကို နိုင်လိုက်ရသဖြင့် အနားယူသောအချိန်အတွင်း မခင်ကျော့သည် အတင်းတွယ်ကပ်နေသော မောင်မောင်ကြီးအလစ်တွင် ကိုတင်ကြီးရှိသော ပိုကာဝိုင်းသို့ထလာ၍ ကိုယ်တိုင်မကစားဘဲ ကစားသူများနောက်မှ ငိုက်လျက်ကြည့်နေသော ကိုတင်ကြီး၏ပခုံးကို လက်နှင့်တို့လိုက်ရာ ကိုတင်ကြီးလည်း မကြည်မသာနှင့် ထလာ၏။

"ကိုတင်ကြီးကော ဘာကြောင့် ပိုကာမကစားတာလဲ"

"အိမ်ဈေးနေသေးလို့ စောင့်နေရသေးတယ်"

"ရှင်လည်း ဘက်တမင်တန် ကစားတတ်ရင် ကောင်းမှာပဲနော်"

"မတတ်ပေါင်ဗျာ။ တတ်တဲ့လူများကစားလို့ ပျော်ရင်လည်း ကျေနပ်တာပါပဲ"

"ပျော်တော့ပျော်တာပေါ့။ ဒါပေမဲ့ ကိုတင်ကြီးပါနိုင်ရင် သာပျော်မှာပေါ့"

"သူများပျော်ရင် ကိုယ်ပျော်ရသလို အောက်မေ့နိုင်ပါတယ်။ ကစားသာကစားပါ၊ မခင်ကျော့ ကျုပ်က ခုမှတော့ စသင်မနေချင်တော့ပါဘူး"

"သင်ဖို့ကောင်းတယ် ကိုတင်ကြီးရဲ့ မကြာပါဘူး တတ်လွယ်ပါတယ်ရှင်"

ကိုတင်ကြီးလည်း ခေါင်းယမ်းပြရင်း "ကိုယ့်အပြစ်ပါလေ၊ မခင်ကျော့အပြစ် မဟုတ်ပါဘူး။ ပညာမစုံခဲ့တာ ကိုယ့်ညံ့ပေတာပေါ့။ ပျော်သာပျော်ချေပါ၊ ကျေနပ်ပါတယ်"

မခင်ကျော့သည် ဘက်တမင်တန်ကုတ်သို့သွား၍ ကစားရသော်လည်း မောင်မောင်ကြီး ကစားတတ်သကဲ့သို့ ကိုတင်ကြီးတတ်ခဲ့လျှင် ကောင်းလေစွဟု



အောက်မေ့မိ၏။ စင်စစ်မှာ မိမိတစ်ယောက်တည်း ပျော်နေရသည့်အတွက် ကိုတင်ကြီးကို အားနာသလိုလို ရှိနေမိပေတော့သည်။

မခင်ကျော့သည် မောင်မောင်ကြီးနှင့်တွဲကစား၍ ဒုတိယအချီနိုင်လိုက်ကြသည်တွင် ဖိုင်နယ်သို့တက်ကြလေတော့သည်။ ထိုပွဲတွင် မခင်ကျော့တို့အတွဲသည် ပထမပွဲထက်ပင် ကောင်းလာသေးသဖြင့် တစ်ဖက်သားအတွဲမှာ ၅ မှတ်မျှသာ ရလေတော့သည်။ ဤတွင် ပရိသတ်တို့လည်း ၎င်းတို့အတွဲကို ဆူညံစွာ လက်ခုပ်သြဘာပေးကြလေ၏။

၎င်းပွဲပြီးသည်နှင့်တစ်ပြိုင်နက် မခင်ကျော့သည် ပိုကာဝိုင်းသို့ ကူးလာ၍ ကိုယ်တိုင်ပါဝင်ကစားနေပြီဖြစ်သော ကိုတင်ကြီးနောက်မှထိုင်လျက် အားပေးလေ၏။ ကိုတင်ကြီးလည်း မခင်ကျော့တို့အတွဲ နိုင်သည်ဟုကြားရသည့်အတွက် ဝမ်းသာကြောင်းပြော၏။ သို့သော် ဝမ်းသာသင့်သလောက် သာယာမပေါ်ဟူ၍ မခင်ကျော့အကဲခတ်မိ၏။

မခင်ကျော့သည် ကိုတင်ကြီး၏နောက်မှထိုင်လျက် မိမိနားလည်တတ်ကျွမ်းသမျှထောက်ပေး၍ ကိုတင်ကြီးဆွဲရသောအခါများ၌လည်း လိုသောဖဲတို့ရစေခြင်းငှာ အားပေးဆုတောင်းသဖြင့် ဇာတ်သိသောသူများကပြုံးကြနောက်ကြ၏။

မကြာမီ မောင်မောင်ကြီးလိုက်လာ၍–

"ထင်လိုက်သားပဲ မခင်ကျော့ ဒီကိုရောက်နေလိမ့်မယ်လို့"

"ဘာကြောင့် ဒီလိုထင်ရတာလဲရှင်"

ပြုံးစိစိမျက်နှာထားနှင့် မေးလိုက်၏။

"မခင်ကျော့ကို တွေ့ချင်ရင် မိန်းမဝိုင်းမှာရှာလို့ မတွေ့ဘူးဆိုတာ ရိပ်မိလို့ပေါ့ဗျ။ လာဗျာ ဖိုင်နယ်ကစားဖို့ နီးနေပြီ"

မခင်ကျော့လည်း ကိုတင်ကြီးပခုံးကိုပုတ်၍ နှုတ်ဆက်သွားလေရာ ကိုတင်ကြီးကမူ မော့၍မျှမကြည့်လိုက်ချေ။

ဘက်တမင်တန် ဖိုင်နယ်ပွဲကစားကြသောအခါ မောင်မောင်ကြီးတို့အတွဲက တစ်ဖက်သားအတွဲကို အပြတ်အသတ် နိုင်လိုက်ကြသည်ကား မှန်၏။ သို့ရာတွင် ထိုကဲ့သို့နိုင်လိုက်ရခြင်းထက် တစ်ယောက်နှင့်တစ်ယောက် အချိတ်အဆက်တည့်ခြင်းအားဖြင့် ပေါ်ထွက်လာသော အရသာမှုကား ပြော၍မဆုံးနိုင်အောင် ထူးခြားလှသဖြင့် ကစားသူနှစ်ယောက်စလုံး၏ စိတ်ထဲတွင် မမေ့နိုင်အောင် စွဲလျက် ကျန်ရစ်လောက်ပါပေသည်။

မောင်မောင်ကြီးက ဆမက်ရှိုက်ချ၍ တစ်ဖက်မှ ကော်လိုက်သည့်ခြင်းဆောင်မိထောင်ရာ ထောင်တက်လာသော ကြက်တောင်ကို မခင်ကျော့က ကြံ၍

www.burmeseclassic.com

www.burmeseclassic.com



ကြို၍ ရိုက်ချလိုက်ခြင်း၊ တစ်ဖက်အတွဲက ဘက်တမင်တန် ထုံးစံအတိုင်း ခွန်အားနည်းသော မခင်ကျော့ဘက်သို့ ရိုက်ပို့သော ကြက်တောင်ကို တစ်ချက်ပြင်နှစ်ချက်မရောက်စေဘဲ မောင်မောင်ကြီးက ဆီးကြိုကူညီကာဆီးပေးခြင်း၊ မခင်ကျော့လိုက်နိုင်မည်မထင်သော ကြက်တောင်ကို မောင်မောင်ကြီးက မလွဲတမ်း ကြိုတင်သိမြင်သဖြင့် ကူညီကာကွယ်ပေးခိုက်တွင် အလိုက်သိသော မခင်ကျော့က လစ်လပ်သောနေရာတွင် ပြေး၍မဟာရအောင် ဆီးကြိုစောင့်စေခြင်းစသော ကစားကွက်များမှာ အလွန်တရာ အရာရောက်လှသည်ဖြစ်သောကြောင့် တစ်ဖက်အတွဲက ၃ မှတ်သာရ၍ မောင်မောင်ကြီးတို့က ၁၅ မှတ်ရသွားကြလေပြီ။

ယင်းကဲ့သို့ တစ်ယောက်စိတ်ကို တစ်ယောက်မလွဲတမ်း သိနေသည့်အလား အမှားအချော် မရှိအောင် ကစားနိုင်သော အတွဲမှာ ပွဲကိုအောင်မြင်နိုင်နင်းရခြင်းထက် မိမိ၏တွဲဖက်ကို အလွန်ကျေနပ်အားရ၍ မမေ့နိုင်လောက်အောင် ဖြစ်ရတတ်လေသည်။

မောင်မောင်ကြီးဖြစ်စေ၊ မခင်ကျော့ဖြစ်စေ နောက်ကာလများတွင် တစ်ယောက်ယောက်နှင့်တွဲ၍ ဘက်တမင်တန် ကစားသဖြင့် ရှုံးရသည်ဖြစ်စေ၊ နိုင်ရသည်ဖြစ်စေ ထိုနေ့က တွဲဖက်ကစားရသော မိမိ၏ပါတနာကို သတိရ၍ ထိုနေ့ထက် ယုတ်သည်(သို့မဟုတ်)သာသည် စသည်ဖြင့် စိတ်ထဲ၌ နှိုင်းယှဉ်ချက်ထုတ်မိကြလိမ့်မည်သာ ဖြစ်ပေ၏။

ဤသည်ကား ပါတနာနှင့်တွဲ၍ ကစားရသော စပို့ကစားပွဲတို့၏ သဘာဝပေတည်း။

ကျားနှင့်မတွဲ၍ ဖိုင်နယ်ပွဲပြီးသော်လည်း ယောကျ်ားချင်းတွဲ၍ ကစားရသောပွဲ မပြီးသေးသည်နှင့် မခင်ကျော့သည် မောင်မောင်ကြီး၏ အနီးတွင် ရွှင်ရှသောမျက်နှာနှင့် ထိုင်လျက် ယောကျ်ားပွဲကို ကြည့်နေစဉ် ကိုတင်ကြီးလည်း ပိုကာဝိုင်းမှ ထလာ၍ မခင်ကျော့အနီးသို့ ရောက်လာလေ၏။

မခင်ကျော့သည် ကိုတင်ကြီးအား ယောကျ်ားကောင်းတစ်ယောက်ဟု ယုံကြည်စွာနှင့် ချစ်ကြ၍ ကိုတင်ကြီး၏မျက်နှာကို မြင်ရသည့်အတွက် ဝမ်းသာသည်ကားအမှန်ဖြစ်တော့၏။ အပြစ်ဆိုလျှင်လည်း ဆိုကြစေတော့ စပို့သဘာဝနှင့် လူ၏သဘာဝကား ဤသို့ပင်တည်း။

“ဘယ့်နှယ်လဲ ကိုတင်ကြီး ပိုကာဝိုင်း ပြီးသွားပြီလား”

“ကျုပ်တော့ ပြီးပြီ၊ မခင်ကျော့ကော ဘက်တမင်တန် ကြည့်လို့အားမရသေးဘူးလား”

“အားမရသေးပေါင်”



ဤတွင် မောင်မောင်ကြီးက ဝါသနာအိုးတို့ မည်သည်မှာ မိမိကစားချင်ပြီးသော်လည်း သူတစ်ပါး ကစားကြသည်ကို ကြည့်လိုသေးကြောင်းပြော၍ ကိုတင်ကြီးအား မိမိနှင့်အတူ လင်မနစ်သောက်ရန် ဖိတ်ခေါ်သဖြင့် ကိုတင်ကြီးလည်း ဝင်၍ ထိုင်ရ၏။ တစ်ခဏမျှကြာလျှင် မောင်မောင်ကြီးသည် မိမိ၏နှမ မကြီးရှိသော နေရာသို့ မခင်ကျော့ကိုခေါ်သွား၍ ကိုတင်ကြီးအား ‘နေရစ်ဦးနော်’ ဟု ပြောထားခဲ့ရာ မခင်ကျော့လည်း လိုက်ပါသွားရလေ၏။

လမ်းခရီး၌ မခင်ကျော့သည် ချွေးသုတ်ရန်အတွက် လက်ကိုင်ပဝါနှစ်ထည် ယူလာခဲ့သည့်အနက် တစ်ထည်မှာ ရွှဲစိုနေပြီဖြစ်သဖြင့် နောက်တစ်ထည်ကိုထုတ်၍ ဖြန့်ခါလိုက်သည်တွင် လက်မှလွတ်ကျသွားလေ၏။

လက်ကိုင်ပဝါသည် မောင်မောင်ကြီး၏ ခြေထောက်ရှေ့သို့ ပြန့်လျက်ကျနေရာတွင် လက်ကိုင်ပဝါမဟုတ်၊ ခြေအိတ်တစ်ဖက် ဖြစ်နေသည်ကို တွေ့ရလေ၏။ မခင်ကျော့မှာ ဘက်တမင်တန် ကစားသောအခါ၌ ရှူးဖိနပ်နှင့် ခြေအိတ်ကို အသုံးပြုလေ့ရှိရာ ခြေအိတ်နှစ်စုံရှိသည့်အနက် တစ်စုံကို ခြေထောက်၌ ဝတ်ထား၍ ကျန်တစ်စုံမှ တစ်ဖက်ကို လက်ကိုင်ပဝါ အမှတ်နှင့် ကတိုက်ကရိုက် ထည့်ယူလာခဲ့မိခြင်း ဖြစ်လေသည်။

မောင်မောင်ကြီးသည် မခင်ကျော့၏ အမှားကို ရိပ်မိသဖြင့် ခြေအိတ်တစ်ဖက်ကို တောင်းယူ၍ မိမိအိတ်ထဲသို့ ထည့်ထားလိုက်ပြီးလျှင် မိမိ၏လက်ကိုင်ပဝါကိုထုတ်၍ ‘ရော့ ဒါနဲ့ သုတ်ပါ’ ဟုဆိုကာ ပေးလိုက်လေ၏။

မမကြီးတို့ လူစုထံမှ မခင်ကျော့ထွက်လာ၍ ကိုတင်ကြီးနှင့် ဆုံမိကြသောအခါ ကိုတင်ကြီးသည် လက်ကိုင်ပဝါအဖြစ်အပျက်ကို မြင်လိုက်ရသည်နှင့်–

“ခုနက ဘာကျတာလဲ”

“လက်ကိုင်ပဝါမှတ်လို့ ယူလာခဲ့တာ ခြေအိတ်ဖြစ်နေလို့ပါ”

“နို့ အဲဒီခြေအိတ် ဘယ်မှာလဲ”

“သူ့ဆီမှာပေါ့”

“ကျုပ် ပြန်တောင်းပေးရမှာလား”

“မလုပ်ပါနဲ့ ကိုတင်ကြီးရယ်”

ကိုတင်ကြီးလည်း ဒေါပွလာ၏–

“ဒါဖြင့် ဒီလိုပဲ ထားတော့မှာလား”

မခင်ကျော့လည်း အဖြေမပေးဘဲ ဆိတ်ဆိတ်နေ၏။

“မဖြစ်ဘူး ခုချက်ချင်း ပြန်တောင်းချေမယ်”

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ကြီးလည်း ချက်ချင်းသွားမည်ပြုရာ ရှိခိုးဦးတင် တောင်းပန်လိုက်သည်နှင့် လက်လျှော့လိုက်၍–

"ကိုင်း ဒါဖြင့် ပြန်ကြမယ်။ ကြာကြာနေရင် လူသတ်မှု ဖြစ်ကုန်လိမ့်မယ်၊ မိန်းမမြင်တိုင်း သူ့အစာကြီး မှတ်နေတော့တာပဲ"

ဘက်တမင်တန်ပွဲ မပြီးသေးသော်လည်း မခင်ကျော့မှာ ရန်ဖြစ်ကြမည့်အရေးကို မြင်သည်နှင့် ကိုတင်ကြီးခေါ်သည့်အတိုင်း ထွက်လာခဲ့ကြလေ၏။

နောက်တစ်နေ့တွင် နှစ်ဦးသဘောတူဆုံးဖြတ်ချက်အရ မခင်ကျော့သည် မောင်မောင်ကြီး၏ဖခင် အလုပ်တိုက်သို့ တစ်ခါတည်းမသွားတော့ဘဲ နုတ်ထွက်စာ တင်လိုက်လေတော့သည်။

မမကြီးထံသို့လည်း မိမိမကျန်းမာကြောင်း စာတစ်စောင်ရေး၍ စန္ဒရားသင်ပြသော အလုပ်မှ နုတ်ထွက်ခွင့်ပြုပါရန် တောင်းပန်လိုက်လေသည်။

သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် ကိုတင်ကြီးနှင့် မခင်ကျော့တို့ လက်ထပ်ကြလေရာ ကိုတင်ကြီးမှာလည်း ဖင်လေဖလန်မင်ကုမ္ပဏီ၌ လျှောက်ထားသော အလုပ်ကို ရရှိသဖြင့် ကျေကျေနပ်နပ် ရှိနေကြ၏။

မိမိ၏ မယားအပေါ်၌ ကောင်းစွာစိတ်ချယုံကြည်လျက်ရှိသော ကိုတင်ကြီးသည် ခြေအိတ်အကြောင်းကိုပင် မစဉ်းစားတော့ဘဲ မေ့ပျောက်လိုက်၍ မိမိ၏ အလုပ်သစ်တွင် စိတ်ဝင်စားစွာနှင့် ကြိုးစားလုပ်ကိုင်လျက် မယားကိုဆင်ပြင်နိုင်အောင် ကြီးပွားရေးကိုသာ စိတ်ကူးလေတော့သည်။

သို့နှင့် နှစ်နှစ်လွန်သောအခါမှ ခြေအိတ်ကိစ္စသည် အသစ်တစ်ဖန်လော၍ ပေါ်ပေါက်လာပြန်လေတော့သည်။

ထိုနေ့၌–

"ဟိုငနဲဆီက ပြန်ပို့လိုက်တယ်ဆိုတဲ့ ခြေအိတ်ဟာကော ဘယ်မှာလဲ"

"ဗီရိုထဲမှာ ထည့်ထားတယ်။ ဘာကြောင့်လဲ"

"မင်းက ဒီဟာကလေးကို မြတ်နိုးပြီး သိမ်းထားနေရသေးသလား မီးရှို့ပစ်လိုက်ပါတော့လား"

"ရှို့နိုင်ပေါင်ရှင်"

"တစ်ဖက်တည်းမှမဟုတ်ဘဲ၊ ကျန်မဆီမှာ တစ်ဖက်နဲ့တစ်စုံ ပြန်ဖြစ်နေမယ့်ဟာပဲ"

ကိုတင်ကြီးလည်း သုန်မှုန်နေပြန်လေရာ မခင်ကျော့သည် အခန်းထဲသို့ဝင်သွား၍ ခြေအိတ်ကို အစုံလိုက်စွပ်ပြီးမှ ထွက်လာခဲ့လေ၏။

"ဟောဒီမှာ အစုံလိုက်တွေ့ပြီလား"



မခင်ကျော့လည်း လုံချည်ကိုမ၍ပြ၏။

"လုံချည်ကြီး တကြွကြွလုပ်မနေစမ်းပါနဲ့ အမြင်ကတတ်စရာ"

မခင်ကျော့လည်း လုံချည်ကို ပြန်မချသေးဘဲ ရှေ့နောက်လှည့်ကာ ခြေအိတ်ကို ပြလေ၏။

"တော်ပါတော့ကွ။ မီးရှို့ပစ်လိုက်ပါ မကြည့်ချင်ပါဘူး"

"ရှို့နိုင်ပေါင်တော် အကောင်းကြီးရှိသေးတာပဲ။ အဖိုးဘဝက ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်ထားတဲ့ ခြေအိတ်ပါ"

ကိုတင်ကြီးလည်း ဒေါသကြီးသောမျက်နှာနှင့် မျက်လုံးပြူး၍ ကြည့်လေ၏။

"ဟေ့ ငါပြောနေတယ်။ မီးရှို့ပစ်လိုက်ကွ ကြားရဲ့လား"

မခင်ကျော့သည် ကိုတင်ကြီးရှေ့တည့်တည့်သို့ လာရပ်လျက်–

"ကြားတယ်တော်ရေ့ ကြားတယ်။ ရှို့နိုင်ပေါင် ရှို့နိုင်ပေါင် ရှို့နိုင်ပေါင်"

ထိုအခါ၌ကား ကိုတင်ကြီးမှာ လက်ယားလျက်ရှိလေပြီ–

"သူ့ဆီက ပြန်လာတဲ့ ခြေအိတ်မို့လို့ မင်းက မရှို့ရက်တာလား"

"သူ့ထည့်ထည့် ပြောမနေပါနဲ့။ သူ့ကို ရှင်က ဘာကြောက်စရာရှိလို့လဲ"

"ကြောက်တာ မဟုတ်ဘူး။ နင့်အတွက်ကြောင့် ပြောနေရတာ"

မခင်ကျော့လည်း ဒေါသကိုဒေါသချင်း တုံ့ပြန်လျက်ရှိလေပြီ၊

"ဒီလောက် ပေါင်းလာလို့မှ လူအကြောင်းမသိရင်"

"မင်းအကြောင်း သိတာမသိတာ နားမလည်ဘူး။ နောက်တစ်ခါ ဒီအကောင်နဲ့ ခေါ်လား၊ ပြောလားလုပ်ရင် ငါ့အကြောင်းကို မင်းသိစေရမယ်"

"အောင်မယ် ဒီက ရှင့်ကိုကြောက်လိမ့်မယ် မှတ်လို့လား"

စိတ်ထဲ၌ကား လန့်လာခဲ့လေသည်။ သို့သော် ဒေါသနှင့် မာနကြောင့် မလျှော့တမ်း ပြန်ပြောနေခြင်း ဖြစ်၏။

"အေးလေ နောက်တစ်ခါ တွေ့ကြည့်စမ်းပါ။ ကြောက်လောက်အောင် မလုပ်ပေဘူးလို့"

"တွေ့တော့ကော ရှင်သိမှာတဲ့လား။ ကျုပ် ဘာလုပ်ခဲ့ပါတယ်လို့ ရှင့်ကို အစီရင်ခံနေရဦးမှာလား"

"အေးလေ တွေ့ကြည့်စမ်းပါလား။ နင့်လည်ပင်းကို ကိုင်မချိုးဘူးဆိုတော့ ငါပေပေါ့"

"ဟ ဟ ရယ်လိုက်ချင်လိုက်တာ။ လည်ပင်းကို ကိုင်ချိုးမလို့တဲ့၊ သူ့အား ဘာလုပ်တယ်ဆိုတာ သူမသိဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ လုပ်လို့တုံး"

"ပုလဲနားကပ်တစ်ရန် ပို့လိုက်တာ ရှင်သိရဲ့လား"

လင်ကို စိတ်ဆိုးအောင် ပြောပြီးနောက် မခင်ကျော့သည် တကယ်စိတ်ဆိုးလာသော ကိုတင်ကြီးကို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ငေးကြည့်နေရာ ကိုတင်ကြီးလည်း ရှူးခနဲထလိုက်၍ ထမီတာမမ လုပ်နေသော မခင်ကျော့၏ ပါးစပ်ကို လက်ပြန်ပုတ်လိုက်သဖြင့် ထရံအနီးတွင် ခွေလျက်လဲကျသွားလေ၏။ သို့နှင့်ပင် ဒေါသမကြေသေးသော ကိုတင်ကြီးသည် နောက်တစ်ချက် ပုတ်ဦးမည်ဟု ရှေ့သို့ တိုးလာသေးရာ မခင်ကျော့လည်း ကြောက်အားလန့်အားနှင့် ကုန်း၍အော်လေတော့၏။

"ပြောစမ်း၊ ပုလဲနားကပ်က ဘယ်လိုသဘောနဲ့ ပေးတာတဲ့လဲ"

"ဆိုနိုင်ပေါင်"

"ဘယ်တော့ကလဲ"

"ဒီကနေ့"

ကိုတင်ကြီးမှာ မခင်ကျော့ကို သတ်ချင်လောက်အောင် လက်ယားနေခဲ့လေပြီ။

"နင်နဲ့ သူနဲ့ဘယ်လိုများ ဖြစ်နေကြလို့လဲ"

"ဘယ်လိုမှ ဖြစ်ပေါင်"

မခင်ကျော့ပြောသော စကားများမှာ ပြောင်တင်းလှသည်နှင့် ကိုတင်ကြီးမှာ မတွေးတတ်အောင် ရှိနေလေရာ မခင်ကျော့သည် မိမိ၏ပါးစပ်မှ ယိုစီးကျသော သွေးများကို ပဝါဖြူလေးနှင့်သုတ်ရင်း တရှိုက်ရှိုက် ငိုနေလေ၏။ နောက်ဆုံး၌

"ဘယ်မှာလဲ ပုလဲနားကပ်"

"ဗီရိုအံဆွဲထဲမှာ"

ကိုတင်ကြီးသည် ဗီရိုသို့သွား၍ စက္ကူသေတ္တာကလေးနှင့် ထည့်ထားသော ပုလဲနားကပ်ကို ယူလာခဲ့ပြီးလျှင် လက်ဖဝါးပေါ်၌ တင်ကြည့်နေလေရာ မခင်ကျော့မှုကား နားကပ်အပေါ်၌ အာရုံဖြတ်လိုက်ပြီဖြစ်သဖြင့် မော့၍မျှမကြည့်ဘဲ ငိုမြဲတိုင်း ငိုနေလေ၏။

နောက်ဆုံး၌ ကိုတင်ကြီးသည် နားကပ်ကို စက္ကူသေတ္တာကလေးထဲသို့ ထည့်၍ စက္ကူဖြင့် ရစ်ပတ်ပြီးလျှင် လိပ်တပ်လေ၏။ ထို့နောက် စာတိုက်သို့ သွားကာ ပါဆယ်လုပ်၍ တင်ပို့လိုက်၏။

အိမ်သို့ ပြန်ရောက်သောအခါ မခင်ကျော့မှာ ယခင်ကအတိုင်း ကြမ်းပေါ်၌ထိုင်ကာထိုင်ကာ ငိုယိုလျက်ပင် ရှိသေး၏။



"သွား အိပ်ချေတော့"

"အိပ်ချင်ပေါင် ကျုပ်ဟာကျုပ် ဒီမှာ အိပ်မှာပေါ့"

ကိုတင်ကြီးသည် လက်ပိုက်ကာ ဆေးတံဖွာရင်း မခင်ကျော့ကို ငုံ့ကြည့်နေလေရာ မခင်ကျော့လည်း မျက်ရည်ရွှဲရွှဲ၊ နှုတ်ခမ်းကွဲကွဲ၊ သွေးရဲရဲရှိနေသော မျက်နှာကလေးဖြင့် မော့ကြည့်လိုက်သည်တွင် ကိုတင်ကြီး၏ နှလုံးကို ဇော့သွားသည်နှင့် တဖြည်းဖြည်းငုံ့၍ ယုယကြင်နာစွာ ပွေ့ယူချီမလေ၏။ မခင်ကျော့သည် ကိုတင်ကြီး၏ ပခုံးတွင် ဦးခေါင်းမှီကာ ရှိုက်ကြီးတငင်နှင့်–

"ကျော့ ကျော့ ကျော့ကတော့ ဘယ်တော့မှ"

"သိပါတယ် အသက်ရယ်၊ သိပါတယ် အသည်းရယ်"

www.burmeseclassic.com

www.burmeseclassic.com

# သံပရာတစ်ခြမ်း

ဝက်လက်ဘူတာနှင့် ပေါက်ကံဘူတာတို့မှာ စစ်ကိုင်း၊ မြစ်ကြီးနားမီးရထားလမ်းတွင် ခရီးအဝေးကွာဆုံးသော ဘူတာနှစ်ခုဖြစ်လေရကား မီးရထားသည် ရန်ကုန်-မန္တလေးစာပို့ရထားကြီးခန့်မျှ လျင်မြန်လှစွာသောအဟုန်ဖြင့် ခုတ်နှင်လျက်ရှိနေ၏။ ၎င်းမီးရထားတွင် တစ်တွဲတည်းသော ဒုတိယတန်းတွဲ၌ အသက် ၂၅ နှစ်ခန့်ရှိ မိန်းမတစ်ယောက်သည် ပေါက်ကံဘူတာမှ မီးရထားထွက်လာကတည်းက မီးရထားလက်ဝဲဘက်၌ မျက်စိတစ်ဆုံးပေါက်ရောက်လျက်ရှိသော ထန်းတောကြီးကို ငေးမျှော်ရင်း သက်ပြင်းချကာ လိုက်ပါလျက်ရှိသည်။

လွန်ခဲ့သော ခြောက်လခန့်အခါက မသန်းမြင့်သည် ရန်ကုန်သို့အသွား မီးရထားပေါ်မှ ၎င်းထန်းတောကြီးကို မျှော်ကြည့်မိစဉ်က ငါသည် ဤထန်းတောကြီးကို နောက်တစ်ကြိမ်မြင်ရအောင် ရန်ကုန်မြို့မှ ပြန်လာရချေဦးတော့မည်ဟု တွေးတောမိခဲ့ဖူးသည်ဖြစ်ရာ ထိုကဲ့သို့ တွေးတောမိခြင်းကို သတိရသည့်အတွက် သက်ပြင်းချမိခြင်းဖြစ်ပေ၏။ ထိုအခါကမူ မသန်းမြင့်သည် နေအိမ်မှထွက်လာရခြင်းကို ဝမ်းနည်းမိပေ၏။ အကြောင်းမူကား မိမိအား အစစအရာရာ၌ ကြင်နာပိုက်ထွေးကလေးသဖွယ် ပြုစုစောင့်ရှောက်လေ့ရှိသော လင်ဖြစ်သူ မောင်ထွန်းဦးနှင့် ခွဲခွာကွေကွင်းရသောကြောင့်ပေတည်း။

ယခုမှာမူ ရန်ကုန်မြို့၌ မိတ်ဆွေသစ်များနှင့် ပျော်ရွှင်စွာနေထိုင်ခဲ့ရခြင်းကို လွမ်းဆွတ်တမ်းတခြင်းဖြစ်လျက် တောရွာကလေးသို့ပြန်၍ ခြောက်ကပ်ကပ်နေ



ထိုင်ရဦးမည့်အရေးကို မျှော်တွေးပျင်းရိမိခြင်းကြောင့် နေရပ်သို့ပြန်လာရခြင်းအတွက် ကြည်ရွှင်ဝမ်းမြောက်ခြင်းမရှိသည့်ပြင် သက်ပြင်းချမိအောင်ပင် စိတ်၏ လေးလံထိုင်းမှိုင်းခြင်း ဖြစ်ခဲ့မိလေသည်။

မသန်းမြင့်မှာ မြို့အုပ် ဦးသောင်းတင်၏ သမီးဖြစ်၍ အင်္ဂလိပ်ကျောင်းသူတစ်ယောက်ဖြစ်ရာ ဝက်လက်မြို့၌ ဦးသောင်းတင်မြို့အုပ်ဖြစ်စဉ်က ကျောင်းပိတ်ရက်အတွင်း မန္တလေးမြို့နေရှင်နယ်မိန်းကလေးကျောင်းမှ ဖခင်ထံသို့ပြန်လာပြီးလျှင် ဖခင်နှင့်အတူ နယ်လှည့်ရာသို့လိုက်ပါခဲ့ဖူး၏။ မန်ကျည်းတုံရွာသို့ ဆိုက်ရောက်သောအခါ မြေပိုင်ရှင်တစ်ဦး၏ သား မောင်ထွန်းဦးနှင့် မြင်လျှင်မြင်ချင်း ချစ်ကြိုက်စုံမက်မိခဲ့ကြ၏။

မောင်ထွန်းဦးနှင့် မသန်းမြင့်တို့ ချစ်ကြိုက်ကြခြင်းမှာ နမူးစာမှတစ်ပါး အခြားသောအကြောင်းရှိဟန် လက္ခဏာမရှိချေ။ အကြောင်းသော်ကား မသန်းမြင့်မှာ မြို့ကြီးသူဇာတိလည်းဖြစ်၏။ အင်္ဂလိပ်ကျောင်းသူလည်းဖြစ်၏။ ရုပ်ရည်မှာလည်း လူချီးမွမ်းလောက်အောင် လှပပြေပြစ်ခြင်းနှင့်ပြည့်စုံ၏။ မောင်ထွန်းဦးမှာကား တောသားလည်းဖြစ်၏။ ရုပ်ရည်မှာလည်း ပြောပလောက်အောင် ချောချောလှပခြင်းမရှိချေ။ ထွားထွားကျိုင်းကျိုင်း ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသော ကိုယ်ဟန်အမူအရာမှတစ်ပါး အခြားသော ချီးမွမ်းဖွယ်ရာ ရုပ်လက္ခဏာဟူ၍ တစ်စုံတစ်ရာမျှ မရှိချေ။

ပစ္စည်းအင်အားမှာမူ မြေပိုင်ရှင်တစ်ယောက်၏ သားဖြစ်သဖြင့် အေးသအေးလျောက် အသင့်အတင့်ခိုင်လုံသည်မှန်၏။ သို့ရာတွင် မသန်းမြင့်သည် ဤမျှလောက် အခြေအနေကို မက်မောလောက်သည်မမှတ်တန်ပေရာ။ ၎င်းတို့နှင့်ဦးဆုံစည်းကြခြင်းမှာ ဘဝရေစက်သက်သက်မျှသာ ဖြစ်ဟန်တူပေ၏။

မြို့အုပ်ဦးသောင်းတင်မှာ ငယ်မယားဖြစ်သော မသန်းမြင့်၏မိခင် သေဆုံးပြီးနောက် နောက်အိမ်ထောင်နှင့်နေထိုင်ရသူဖြစ်သောကြောင့် သမီး၏လင်သားရွေးချယ်ပုံကို စိတ်တွင်း၌ မကျေနပ်စေကာမူ အတိုက်အခံကန့်ကွက်ခြင်းမပြုဘဲ မိထွေးနှင့်လင်ပါသမီးတို့ တကျက်ကျက်ရှိနေတတ်သော အခြင်းအရာကို မျှော်တွေးမိသဖြင့် မိမိ၏လက်ဝယ်မှလွတ်လျှင် ပြီးစေတော့ဟူသော သဘောမျိုးနှင့် လျော့လျော့လျူလျူပင် သဘောတူညီလိုက်လေ၏။

တောသားမောင်ထွန်းဦးမှာ မြို့အုပ်၏ သမီးမြို့ကြီးသူမိန်းမလှတစ်ယောက်ကို ရခဲ့လေရကား အစစအရာရာ၌ အလွန်တရာ အလိုလိုက်၍ ‘ဖူးဖူးမှုတ်’ မတောက်ယုယပိုက်ထွေး အရေးပေးခဲ့လေ၏။ မောင်ထွန်းဦးမှာ ဖခင်ကြီးသေဆုံးပြီးနောက် မိခင်မုဆိုးမကြီးနှင့် နေထိုင်ရသူဖြစ်လေရာ ၎င်းတို့၏နေအိမ်သို့ မသန်းမြင့် ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် သားအမိနှစ်ယောက်စလုံးတို့သည် မသန်းမြင့်အား မိမိတို့နှင့် အဖက်မတန်မအပ်စပ်သည့် နှုတ်သမီးကလေးသဖွယ် 'ခြေမကိုင်မိလက်မကိုင်မိ' ပြုစုစောင့်ရှောက်လျက် အလွန်တရာ သဒ္ဓါကြည်ဖြူရှိကြ၏။ ဒေါ်သန်းမြင့်ခေါင်းကိုက်ခဲ့သော် သားအမိနှစ်ယောက်စလုံး မအိပ်နိုင်၊ မစားနိုင်ပျာပျာသလဲဖြစ်နေကြ၏။

မသန်းမြင့်အတွက် ချီးမွမ်းရန်တစ်ချက်မှာ မိမိအား သားအမိနှစ်ယောက်စလုံးက ဤမျှလောက် အမြတ်တနိုးရိုကျိုးကြင်နာခြင်းရှိသည့်အတွက် 'ကန်းတက်ခြင်း' မရှိဘဲ လင်သားအားလည်းကောင်း၊ ယောက္ခမကြီးအားလည်းကောင်း မိမိနှင့် အဖက်မတန်ဟူသောအမူအရာမျိုးကို ဘယ်သောအခါမှ ပြသခြင်းမရှိချေ။ မောင်ထွန်းဦးသည် မြို့အုပ်တစ်ယောက်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မသန်းမြင့်သည် သာမညတောသူတစ်ယောက်ဖြစ်ခဲ့လျှင်သော်လည်းကောင်း မယားဖြစ်သူသည် လင်ယောကျ်ားအပေါ်၌ ပိုမို၍ကျိုးနွံရှိသေခြင်း ရှိနိုင်ဖွယ်ရာမရှိတော့ချေ။

မသန်းမြင့်နှင့်မောင်ထွန်းဦးသားအမိတို့ ယင်းကဲ့သို့ သင့်မြတ်ညီညွတ်စွာ အတူတကွ နေထိုင်ကြပြီးနောက် သုံးနှစ်လောက်ကြာရှိသောအခါ တစ်နေ့သ၌ မသန်းမြင့်သည် ဘူးသီးငါးပေါင်းကြော် စားမိပြီးနောက် ချောင်းတဟွတ်ဟွတ် ဆိုးလျက်ရှိ၏။ ပထမနေ့၌ သားအမိနှစ်ယောက်တို့မှာ မထောင်းတာလှသေးသော်လည်း ဒုတိယနေ့၌ မသန်းမြင့်၏ချောင်းဆိုးရောဂါ မသက်သာဘဲရှိနေရာတွင် သားအမိနှစ်ယောက်တို့မှာ 'ယောက်ယက်ခတ်' ဖြစ်နေကြလေ၏။ တတိယနေ့၌ကား နှစ်ယောက်စလုံး မျက်လုံးဝိုင်းလျက်ရှိရာ မန်ကျည်းတဲ့ရွာမှ သမားဟူးရားများသာမက ရွာနီးချုပ်စပ်ရှိ ဆေးဆရာဟူသမျှတို့ထံ လှည်းနှင့်တစ်တန် မြင်းနှင့်တစ်ခေါက် တဒေါက်ဒေါက်ပြေးလွှားလျက်ရှိကြ၏။ သို့ရာတွင် မသန်းမြင့်ကမူ အင်္ဂလိပ်ကျောင်းထွက်ဖြစ်သည့်အလျောက် မြန်မာဆေးဆရာများကို အယုံအကြည်မရှိကြောင်းနှင့် ငြင်းဆန်လျက်ရှိရာ ပဉ္စမနေ့၌ ချောင်းဆိုးရောဂါ မသက်သာဘဲရှိရာတွင် မောင်ထွန်းဦးသည် ရွှေဘိုမြို့ရှိဆရာဝန်ကြီးထံ မီးရထားနှင့် လိုက်ပါသွားလေ၏။

နောက်တစ်နေ့၌ ရွှေဘိုမှ ဆရာဝန်ကြီးသည် မော်တော်ကားနှင့် လိုက်လာ၍ မသန်းမြင့်၏ရောဂါကို စစ်ဆေးကြည့်ရှုလေ၏။ ဆရာဝန်ကြီးသည် နားကြပ်ကိရိယာများနှင့် သေချာစွာစစ်ဆေးကြည့်ရှုပြီးနောက် မသန်းမြင့်၏ရောဂါမှာ သာမညချောင်းဆိုးရောဂါမဟုတ် အဆုတ်နာရောဂါဖြစ်ကြောင်းနှင့် သားအမိနှစ်ယောက်အား တီးတိုးပြောရာတွင် ဒေါ်သိန်းခင်၏ဦးခေါင်းသည် တင်းတောင်းလောက်ကြီးသွားသည်ဟု မှတ်ထင်လိုက်မိ၏။ မောင်ထွန်းဦးမှာမူ အိမ်မြှောင်အမြီးပြတ်သ



ကဲ့သို့ ဆတ်ဆတ်တုန်ဖြစ်သွားပြီးလျှင် မည်မျှပင်ကုန်ကျရသည်ဖြစ်စေ ဤရောဂါကို ကုသပေးပါရန်အကြောင်းနှင့် ဆရာဝန်ကြီးအား ရှိခိုးမတတ်တောင်းပန်လေ၏။

နောက်ဆုံးတွင် ဆရာဝန်ကြီးက မိမိမှာ မြို့သိမ်မြို့ငယ်မှ ဆရာဝန်တစ်ယောက်မျှသာဖြစ်သောကြောင့် ပညာလည်းမစုံ၊ လက်နက်ကိရိယာလည်း စုံလင်စွာမရှိကြောင်း၊ အကောင်းဆုံးသောနည်းလမ်းမှာ မသန်းမြင့်အား ရန်ကုန်ဆေးရုံကြီးတွင် ပထမတန်းအခန်းသို့ ပို့ထားရန်ဖြစ်ကြောင်း၊ ပထမတန်းအခန်းမှာ တစ်နေ့လျှင် ၁၆ ကျပ်ပေးရ၍ အကုန်များသည်ဟု ထင်ဖွယ်ရာရှိသော်လည်း မိမိအား အခေါက်ခေါက်အခါခါ ပင့်ခေါ်ရခြင်းသည်လည်း နောက်ဆုံး၌ အကုန်သက်သာမည်မဟုတ်လှကြောင်း၊ မသန်းမြင့်သွားလိုလျှင် မိမိကပင် ရန်ကုန်ဆရာဝန်ကြီးထံ ထောက်ခံစာရေးသားပေးအပ်မည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။ မောင်ထွန်းဦးက မည်မျှလောက်ကြာအောင် ဆေးရုံတက်ဖို့လိုကြောင်း မေးမြန်းရာ ဆရာဝန်ကြီးက တစ်လခန့်ဆိုလျှင် လုံလောက်မည်ဖြစ်ကြောင်း၊ တစ်လအတွက် ၄၈ဝ ထားဘိဦး၊ စုစုပေါင်းငွေ ၆ဝဝ ခန့်ကို ကုန်ဖွယ်ရာရှိကြောင်းနှင့် တွက်ချက်ပြောပြတိုက်တွန်း၏။

နောက်ဆုံး၌ မောင်ထွန်းဦးသည် မသန်းမြင့်အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ပေးရန် ဆုံးဖြတ်လေရာ ဒေါ်သိန်းခင်ကလည်း ငွေ ၆ဝဝ လောက်မျှကို နှမြောဖွယ်မရှိဟု ဆုံးဖြတ်တိုက်တွန်း၏။ သို့ဖြစ်၍ ဆရာဝန်ကြီး၏ အကြံပေးချက်အတိုင်း မသန်းမြင့်အား ဆရာမတစ်ယောက်နှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ ပို့ခဲ့ခြင်းဖြစ်လေသည်။

မသန်းမြင့်၏ရောဂါမှာ တစ်လကျော်သော်လည်း မပျောက်သေးချေ။ မောင်ထွန်းဦးသားအမိကမူ မပျောက်မချင်း မဆင်းခဲ့ရန် စာအတန်တန်ရေး၍ မိမိတို့ပိုင်မြေများအနက် အချို့ကိုပေါင်နှံ၊ အချို့ကိုရောင်းချပြီးလျှင် စရိတ်ငွေကို မှန်မှန်ကြီးတင်ပို့ခဲ့ကြ၏။ ဤနည်းအားဖြင့် မသန်းမြင့်မှာ ရန်ကုန်မြို့၌ နေထိုင်ခဲ့ရလေ၏။

မသန်းမြင့်သည် ရန်ကုန်ဆေးရုံကြီး၌နေရစဉ် မင်းကတော်များ၊ အင်္ဂလိပ်ကပြားမများ၊ အရာရှိကြီးများ၏ သမီးများနှင့် အပေါင်းအသင်းပြုလုပ်ကာနေထိုင်ရ၏။ ၎င်းရောဂါမှာ အသည်းအသန်ရောဂါမျိုးမဟုတ်ဘဲ တရှောင်ရှောင်ရောဂါမျိုးမျှသာ ဖြစ်လေရကား မြို့တွင်းသို့လည်ပတ်ခြင်း၊ ဘိုင်စကုတ်ကြည့်ခြင်း၊ မော်တော်ကားဖြင့် လေညင်းခံထွက်ခြင်းစသည်တို့ကို ဆရာဝန်၏အမိန့်နှင့်ပြုခွင့်ရ၏။

မသန်းမြင့်မှာ လူမမာပင်ဖြစ်သော်လည်း အထက်တန်းစား မင်းကတော်ကြီး၊ ကပြားမများနှင့် ပေါင်းသင်းဆက်ဆံလျက် ပျော်ရွှင်စွာနေထိုင်ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ဆေးရုံမှမဆင်းဘဲနေလျှင်ပင် နေနိုင်ဖွယ်ရှိ၏။ မသန်းမြင့်၏ လူညို သန့်သော ရုပ်လက္ခဏာ၊ ရွှင်ပျသောအမူအရာနှင့် လက်ဖွာဖွာသုံးတတ်သော အလေ့အကျင့်များသည် အထက်တန်းစား လူမမာများအနက်တွင် မိတ်ဆွေ များစေဖို့ ဖြစ်နေ၏။ ကပြားမများနှင့် ဘိုမများသည် မသန်းမြင့်အား ချစ်ခင်တွယ် ကြ၏။ သို့ဖြစ်၍ မသန်းမြင့်မှာ ဆေးရုံစရိတ်အပြင် တစ်လလျှင် ငွေ ၂၀၀ မျှ ကုန်ကျခဲ့သေး၏။ ရိုးဖြောင့်ဖူးသော မသန်းမြင့်သည် ပရိယာယ်အမျိုးမျိုးနှင့် ငွေများ တတ်လာခဲ့၏။ မှာတိုင်းလည်း မောင်ထွန်းဦးက ငြင်းသည်မရှိ ပို့လိုက်သည်သာ လျှင် ဖြစ်ချေ၏။

ဤနည်းအားဖြင့် ၆ လခန့်မျှ နေထိုင်ခဲ့ပြီးနောက် မသန်းမြင့်သည် နောက် ထပ်ဆက်လက်နေထိုင်ခြင်းငှာအကြောင်း ယုတ္တိမရှိတော့သဖြင့် ဆေးရုံမှဆင်း၍ လင်ယောကျ်ားရှိရာ ဝက်လက်ဘူတာရုံသို့ ပြန်လာခဲ့ရခြင်း ဖြစ်လေသည်။ ဆေးရုံ အတွင်း၌ အစားမှန်အအိပ်မှန် နေထိုင်ခဲ့ရခြင်းအားဖြင့် နုဖတ်ကြည်လင်စွာရှိသော အသားအရေသည် မသန်းမြင့်၏ နဂိုချောလှပြီးဖြစ်သော ရုပ်အဆင်းကို တိုးတက် တင့်တယ်ခြင်းရှိစေသည့်ပြင် ရန်ကုန်သူစတိုင်'ဂိုက်ကျ'အောင် ဝတ်ဆင်ထားသော အဝတ်အစားများသည်လည်း အဆိုပါရုပ်လက္ခဏာကို တိုးမြှင့်ပင့်မြှောက်ခြင်း ပြုပြန်လေရကား ဒုတိယတန်းတွဲရှိ အခြားခရီးသည်များက မသန်းမြင့်အား မြ အုပ်ကတော်လေလော၊ ဝန်ထောက်ကတော်လေလောဟု တွေးတောငေးမောကာ အကဲခတ်လျက်ရှိကြ၏။

သို့ဖြစ်၍ ဝက်လက်ဘူတာသို့ မီးရထားဆိုက်ရောက်လာရာတွင် သဏ္ဌာန် လတ်အင်္ကျီ ခပ်နွမ်းနွမ်း ပဝါဆေးဆိုးဖြင့် မသပ်မရပ်ရစ်ပေါင်းထား၍ လုံချည်တစ် ပတ်ရစ်၊ ဆေးမတိုက်သော ဖိနပ်စသည်တို့ဖြင့် နွားမောင်းသောတုတ်တိုကိုကိုင် ကာ ပြေးလာပြီးလျှင် 'မယ်မြင့်–မယ်မြင့်'နှင့် တစ်မြင့်တည်းမြင့်နေသော မောင် ထွန်းဦးကို မြင်ကြရသောအခါတွင် ခရီးသည်များသည် တစ်ယောက်၏မျက်နှာ ကို တစ်ယောက်လှမ်း၍ကြည့်မိကြ၏။

ထိုအခြင်းအရာကို မသန်းမြင့် တွေ့မြင်ရသောအခါ မျက်နှာ၌ ရှိန်းခနဲဖြစ် သွားပြီးလျှင် လင်ယောကျ်ားအတွက် ပထမအကြိမ် ရွံ့ရှက်သောစိတ်သဘောဖြစ် ပေါ်လာခဲ့မိ၏။

မောင်ထွန်းဦးသည် တန်ဆာခံလာသော ပစ္စည်းများကို ဂတ်ဘိုထံမှ ရွေး ချယ်ယူငင်လျက်ရှိစဉ် မသန်းမြင့်သည် ဘူတာရုံအပြင်ဘက်သို့ ထွက်နှင့်၍ နွား စာဥကွက်တစ်ရှဉ်း တပ်ဆင်ထားသော လှည်းယဉ်ကလေးအနီးမှ စောင့်ဆိုင်းနေ လေ၏။ အကြောင်းကား ၎င်းနွားတစ်ရှဉ်းနှင့် လှည်းယဉ်ကလေးမှာ မောင်ထွန်း



ဦးနှင့်မိမိတို့ လက်ထပ်စဉ်က အဖိုးငွေ ၅၀ဝိ နှင့် ဝယ်ယူထားခဲ့သောပစ္စည်းဖြစ် ကြောင်း သိရှိသောကြောင့်ပေတည်း။

မသန်းမြင့် စောင့်နေပြီးနောက် တစ်မိနစ်ခန့်ကြာသောအခါတွင် လူတစ် ယောက်က မောင်းနှင်သွားသည်ကို မသန်းမြင့်တွေ့မြင်လိုက်ရာတွင် များစွာအံ့ဩ မိ၏။ ၎င်းနောက် မောင်ထွန်းဦးသည် ပစ္စည်းများနှင့် ထွက်လာ၍ နွားအိုနှစ်ကောင် ဘပ်ဆင်ထားသော လှည်းကြီးပေါ်သို့ တက်ရောက်ရန် ခေါ်လေ၏။ မသန်းမြင့် မှာ အံ့ဩစွာနှင့် လှည်းစုတ်ကြီးပေါ်သို့ တက်ရသော်လည်း မည်သို့မျှ မပြောသေး ချေ။

မောင်ထွန်းဦးမှာ ချစ်လှစွာသော ဇနီးနှင့် ၆–လတိုင် ခွဲနေရပြီးနောက် ပြန်လည်တွေ့ဆုံရခြင်းဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာရှိထိုက်သည်မှန်သော် လည်း အူလျားဖားလျား အမူအရာမျိုးမရှိဘဲ နှုတ်ခပ်ဆိတ်ဆိတ်ဖြစ်နေရာ မသန်း မြင့်နှင့်တစ်ယောက်တစ်ပြန် အကဲခတ်လျက်ရှိကြ၏။ လမ်းခရီး၌...

"ကျွန်မတို့ နွားတစ်ရှဉ်း ဘယ်ရောက်လို့ ဒီနွားအိုကြီးတွေ တပ်လာသလဲ ကိုထွန်းဦး"

"မယ်မြင့်မရှိတာနဲ့ နွားချော၊ နွားကောင်းစီးတဲ့လှည်းမရှိတော့လို့ ရောင်း ပစ်လိုက်တယ်"

"ရှင်တို့က ကျွန်မကို ပြန်စိတ်မရှိဘူးလို့များ တွက်ထားကြလို့လား"

"မတော်တာ မယ်မြင့်ရယ်။ ဒီလို ဟုတ်ပါရိုးလား၊ ငွေတစ်ဆိတ်ကျပ်လို့ ပေါ့"

"ငွေကျပ်ရင် လက်ထပ်တုန်းက ကျွန်မအဖေ လက်ဖွဲ့လိုက်တဲ့ လယ်တစ် တောရှိပါကောလား၊ ပေါင်သုံးပါတော့လား"

မောင်ထွန်းဦးသည် ညှိုးငယ်သောမျက်နှာနှင့် မည်သို့မျှမပြောဘဲနေခဲ့ရာ မသန်းမြင့်လည်း လှည်းစုတ်ကြီးစီးရသည့်အတွက်ကြောင့် ဒေါခပ်ပွပွလုပ်၍ လိုက် ပါလာလေ၏။

အတန်ငယ်ခရီးရောက်သော် မောင်ထွန်းဦးက စတင်၍ ရန်ကုန်တွင် နေ ထိုင်ရပုံများကို မေးမြန်းသဖြင့် မသန်းမြင့်က ပြောပြလေရာ မသန်းမြင့်သည် ပြော ရင်းပြောရင်းနှင့် စိတ်အားထက်သန်ခြင်း ဖြစ်လာခဲ့ပြီးလျှင် ရန်ကုန်၌ နေထိုင်ရခြင်း ကို ပျော်ရွှင်ဘိသကဲ့သို့လည်းကောင်း၊ အပေါင်းအဖော် မင်းကတော်များနှင့် ခွဲခွာ ခဲ့ရခြင်းကို လွမ်းဆွတ်တမ်းတဘိသကဲ့သို့လည်းကောင်း အားရပါးရပြန်ပြောင်း ပြောပြလေ၏။ ထိုအခါ ရှိသမျှလယ်ယာချောင်းမြောင်းများ ကုန်စေကာမူ လူမှာ ချာလျှင် ပြီးစေတော့ဟူသော သဘောထားမျိုးဖြင့် ငွေမှာတိုင်းတင်ပို့ခဲ့သော မောင်

www.burmeseclassic.com



ထွန်းဦးမှာ မိမိမယားသည် လူသူပါးရှားလျက် အလွန်တရာ ချောင်ကျသော တောရွာကလေးသို့ ပြန်ရောက်နေထိုင်ရမည်ကိုပင် ပျင်းရိခြောက်သွေ့လှသော အခြင်းအရာတစ်ခုဟူ၍ မှတ်ယူနေခဲ့လေပြီတကားဟု စဉ်းစားမိတိုင်း စိတ်တွင် ထိုင်းမှိုင်းလေးလံခြင်း ဖြစ်မိလေ၏။

မန်ကျည်းတုံရွာနေအိမ်သို့ ဆိုက်ရောက်ကြသောအခါ ဒေါ်သိန်းခင်တ တောရွာနေအိမ်တို့၏ ထုံးစံမဟုတ်ဘဲလျက် မသန်းမြင့်၏ သဘောအရ တပ်ဆင် ထားသော အခန်းဆီးများကို အသစ်လဲလှယ်ထားနှင့်ခြင်းဖြင့်လည်းကောင်း၊ ဝင်း ခြံအတွင်း အထူးရှင်းလင်းအောင် ပြင်ဆင်ထားခြင်းအားဖြင့်လည်းကောင်း၊ မသန်း မြင့် ကြိုက်တတ်သောဟင်းလျာမျိုးကို အထူးတလည် ကောင်းမွန်အောင် ကြိုးစား ချက်ပြုတ်ထားခြင်းဖြင့်လည်းကောင်း အစစအရာရာ အထူးတလည်စီမံထားခြင်း များကို မသန်းမြင့် တွေ့မြင်ရ၏။ သို့သော်လည်း ရန်ကုန်ဆေးရုံကြီးအတွင်း၌ ဥရောပတိုက်သားများ၏ အနေအထိုင်မျိုးဖြင့် နေထိုင်လာခဲ့ရသော မသန်းမြင့်မှာ ကျေနပ်အားရခြင်း မရှိနိုင်အောင် ဖြစ်ပြီးလျှင် မိမိအဖို့ ပြင်ဆင်ထားခြင်းများအတွက် ကျေးဇူးတင်စကားပြောကြားရန်မျှပင် သတိမရခဲ့ချေ။ ထိုအခြင်းအရာကို သားအမိ နှစ်ယောက် တွေ့မြင်ကြရသောအခါ တစ်ယောက်၏မျက်နှာကို တစ်ယောက် လှမ်းကြည့်ရုံမှတစ်ပါး မည်သို့မျှ ဖွင့်ဟပြောဆိုကြခြင်း မပြုကြချေ။

မောင်ထွန်းဦး၏ နေအိမ်၌ သူရင်းငှားအစေခံများ ရေးကကဲ့သို့ မများပြား သည့်အတွက် တိုလီမိုလီဗာဟီရကိစ္စများကို မောင်ထွန်းဦးကိုယ်တိုင်ဖြစ်စေ၊ မိခင် ကြီးဒေါ်သိန်းခင်ကဖြစ်စေ ဆောင်ရွက်လုပ်ကိုင်နေရခြင်းများကို မသန်းမြင့် တွေ့မြင် သောအခါ အဘယ့်ကြောင့် အစေခံနှင့် သူရင်းငှားများကို ဖြုတ်ပစ်နှင့်ကြလေသ နည်းဟု မေးမြန်း၏။ မောင်ထွန်းဦးက စရိတ်အကုန်အကျ နည်းပါးအောင် စီမံ ရခြင်းဖြစ်ကြောင်းနှင့် ပြန်ပြောရာတွင် မသန်းမြင့်က ဤမျှလောက်ချွေတာဖို့ မလို ကြောင်း၊ အရေးအကြောင်းရှိခဲ့လျှင် မိမိအဖေ လက်ဖွဲ့သော လယ်တစ်တောကို ပေါင်နှံရောင်းချ သုံးစွဲနိုင်ကြောင်းဖြင့် ပြော၏။ သို့ပါသော်လည်း မောင်ထွန်းဦးက

"ကိစ္စမရှိပါဘူး မယ်မြင့်ရယ်။ အလိုက်အထိုက် ဒီလိုပဲ ကြည့်နေသွားကြ တာပေါ့။ မယ်မြင့်သာ ငြိမ်ငြိမ်နေပါ။ ကျုပ်တို့သားအမိတော့ နဂိုကတည်းက တောသားပီပီမို့ ဒီလောက်အလုပ်တော့ အရေးမကြီးပါဘူး"

ဟု ပြန်ပြော၏။

ရွာသူရွာသားတို့မည်သည်မှာ အိမ်နီးပါးချင်းတို့အပြုအမူအနေအထိုင် စသည်တို့ကို မြို့သူမြို့သားများထက် ပိုမိုဂရုစိုက်လေ့ရှိ၏။ ရွာသို့ရောက်လာ အခါကမူ မသန်းမြင့်ကို ရွာသူရွာသားများက မသန်းမြင့်သည် မြို့အုပ်၏ သမီးဖြစ်



သော်လည်း စိတ်ကြီးမဝင်ရှာဘူးဟုသဘောရ၍ လိုက်လိုက်လှဲလှဲ လျှောလျှောလျှ လျှအမူအရာမျိုးဖြင့် အရောတဝင် ခေါင်ငင်ပေါင်းသင်းခဲ့ကြလေရာ ရန်ကုန်မှ ပြန် ရောက်လာသောအခါ၌မူ ရွာသူရွာသားများက ခပ်စိမ်းစိမ်းရှိနေကြသည်ဟု မသန်း မြင့် ထင်မိ၏။ ဟုတ်လည်းဟုတ်တန်ရာ၏။ အကြောင်းကား ရွာသူရွာသားများ သည် မသန်းမြင့်၏ စိတ်နေစိတ်ထားပြောင်းလဲလာခြင်းကို တွေ့မြင်ရသဖြင့် အရောမဝင်ဝံ့အောင် ရွံ့တွန့်တွန့်ရှိနေကြသောကြောင့်ပေတည်း။ သို့ပါသော်လည်း မသန်းမြင့်သည် မိမိ၏အပြစ်ကို မမြင်မသိသေးဘဲ အမူမဲ့အမှတ်မဲ့သာလျှင် နေထိုင် ခဲ့မိလေ၏။

စိတ်သဘောထား ကောင်းမွန်ဖြူစင်လှသော ဒေါ်သိန်းခင်သားအမိနှစ် ယောက်တို့မှာမူ မသန်းမြင့်၏ အပြစ်ကို ဘယ်အခါမျှ ရှုရန်ဝါသနာမရှိသည့်အ လျောက် 'မင်းစိုးရာဇာ'တစ်ယောက်၏ သမီးအရင်းအချာဖြစ်ပါလျက် ရွာသိမ်ရွာ ငယ်တစ်ခု၌ မိမိတို့နှင့်အတူ နေထိုင်ရခြင်းမှာ ငြီးငွေ့ဖွယ်ရာကောင်းရှာပေလိမ့်မည်။ မသန်းမြင့်မို့ ဤမျှလောက် သည်းခံအောင့်အည်း၍ နေရှာပေသေးသည်။ အခြားသူ ဖြစ်ခဲ့လျှင် နှစ်နှစ်သုံးနှစ် မဆိုထားဘိ နှစ်လသုံးလမျှပင် နေထိုင်ဖို့ ခဲယဉ်းပေလိမ့် မည်'စသည်ဖြင့် မိမိတို့စိတ်ထဲက အောက်မေ့သည်ဖြစ်စေ၊ သားအမိချင်း နည်း လမ်းညွှန်ပြသည်ဖြစ်စေ ပြုလုပ်ပြောဆိုလေ့ရှိကြလေ၏။ ယင်းသို့ဖြစ်ရကား သား အမိနှစ်ယောက်တို့သည် မသန်းမြင့်အတွက်ကြောင့် အနည်းငယ်မျှ စိတ်ပျက်အား လျှော့ခြင်းမရှိဘဲ ဘုရင်၏သမီးတော်အစစ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရဘိသကဲ့ သို့ ပျူပျူငှာငှာ ကျေကျေနပ်နပ် ပြုစုစောင့်ရှောက်ကြလေ၏။

တစ်နေ့သ၌ မောင်ထွန်းဦးသည် နှစ်မိုင်ခန့်ဝေးသော ဝက်လက်ဘူတာ မှ မန်ကျည်းတုံရွာသို့ ပြန်လာ၍ စပါးကုန်သည်ကြီးတစ်ဦးထံမှ တောပွဲစားအလုပ် ကို လက်ခံခဲ့ကြောင်း(တောပွဲစားဆိုသည်မှာ တောရွာမှ စပါးများကို ပေါက်ဈေး နှင့်ဝယ်ပေး၍ စပါး ၁၀၀ လျှင် ငွေ ဒီ ပွဲခရသော အလုပ်မျိုးဖြစ်လေသည်။) ရွာနီးချုပ်စပ်မှ စပါးများကို မိမိတို့မျက်နှာနှင့် ဝယ်ပေးရလျှင် တစ်နေ့တွက် စပါး လေးငါးရာကို အလွယ်တကူနှင့် ရနိုင်မည်ဖြစ်သောကြောင့် တစ်နေ့လျှင် ငွေလေး ငါးကျပ် ဝင်လမ်းရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မသန်းမြင့်မှာ မျက်နှာမငယ်ရဘဲ ရေးကကဲ့သို့ အစေခံသူရင်းငှားစသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် နေနိုင်ခွင့်ရှိတော့ မည်ဖြစ်ကြောင်းနှင့် အားရဝမ်းသာပြောပြလေသည်။

မောင်ထွန်းဦးမှာ မြေပိုင်ရှင်တစ်ဦးအဖြစ်နှင့် နေထိုင်ရစဉ်အခါက နေအိမ်မှ ထွက်ခွာသွားလာရန် တာဝန်မရှိသဖြင့် မသန်းမြင့်အား နေ့ရှိသမျှ စောင့်ရှောက် အရေးယူရန် အချိန်ရခဲ့လေရာ ထိုကဲ့သို့သော တောပွဲစားအလုပ်နှင့် တစ်ရွာဝင်

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ရှာထွက် လှည့်လည်သွားလာရခြင်းကို မသန်းမြင့်က မနှစ်သက်ချေ။ သို့ဖြစ်၍ သားအမိသုံးယောက် အိမ်ဦးခန်း၌ထိုင်ကာ ထိုအခြင်းအရာကို တိုင်ပင်ဆွေးနွေးကြရာတွင် မသန်းမြင့်က...

"ဘာလုပ်ဖို့လဲ ရှင့်တောပွဲစားအလုပ် နုပ်နုပ်ဖွဲ့ဖွဲ့ မလုပ်ချင်ပါနဲ့ ကိုထွန်းဦးရယ်"

"မယ်မြင့် ဖောဖောသီသီသုံးစွဲရအောင် ကျုပ်အလုပ်လုပ်ဦးမှ နေရာကျမှာပေါ့ မယ်မြင့်ရဲ့"

"မသုံးရချင်နေပါစေ၊ ဒီအလုပ်တော့မလုပ်ပါနဲ့ အေးအေးပဲဆားနဲ့စားမယ်"

"ဒို့ပြင် အကြောင်းကလည်း ကျုပ်တို့မှာ အသုံးအစွဲနည်းနည်းကျပ်တည်းနေတယ် မယ်မြင့်ရဲ့၊ ဒီတော့..."

"အသုံးအစွဲကျပ်ရင် ကျွန်မအဖေ လက်ဖွဲ့တဲ့ လယ်တစ်တောကို ရောင်းချင်လည်းရောင်း၊ ပေါင်ချင်လည်း ပေါင်လို့ ကျွန်မပြောပါပြီကော ကိုထွန်းဦး"

ထိုအခါ ဒေါ်သိန်းခင်က ဆေးလိပ်လိပ်လျက်ရှိရာမှ ရုတ်တရက် ဇွက်ဖက်ပြောမည်အပြုတွင် မောင်ထွန်းဦးက 'အမေ'ဟု ခေါ်ကာ သတိပေးလိုက်သဖြင့် ဒေါ်သိန်းခင်သည် တစ်စုံတစ်ရာမျှ မပြောတော့ဘဲ ဆေးလိပ်လိပ်မြဲတိုင်းလိပ်နေ၏။ ထို့နောက် မောင်ထွန်းဦးက မသန်းမြင့်အား...

"မယ်မြင့်မှာ ရှိသမျှပစ္စည်းကလေးကို အိမ်သုံးစရိတ်ထဲ ထည့်မယ်ဆိုတာ ပြောရုံနဲ့ပဲ ကျေးဇူးကြီးလှပါပြီ မယ်မြင့်။ သို့သော် နေပါစေ ထည့်ဖို့မလိုပါဘူး။ စပါးပေါ်တဲ့ရာသီကလေးမှာ သုံးလေးလအလုပ်လုပ်ရလို့ ကျုပ်ဘာမှဖြစ်မသွားနိုင်ပါဘူး မယ်မြင့်ရဲ့။ အိမ်မှာ တစ်ယောက်တည်းပျင်းလို့ရှိရင် ဝတ္ထုစာအုပ်ကလေး ဘာလေးဖတ်နေတာပေါ့၊ အမေလည်း ရှိသားကပဲ"

ထိုသို့ပြောနေစဉ် ဒေါ်သိန်းခင်က ဝင်၍ပြောလိုလှသဖြင့် ပါးစပ်တပြင်ပြင်ရှိနေသော်လည်း မောင်ထွန်းဦးက မျက်စိတစ်မှိတ်တည်း မှိတ်ပြသောကြောင့် ဒေါ်သိန်းခင် ပြောခွင့်မရတော့ဘဲ နောက်ဆုံး၌ ဆေးလိပ်ကိုသာငုံ၍ လိပ်နေလေ၏။

မောင်ထွန်းဦးသည် ထိုအရပ်သား 'မျက်နှာကြီး' ဖြစ်သောကြောင့် စပါးဝယ်သော အလုပ်ကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်လေရာ အင်္ဂလိပ်လဆန်း ၁၆ ရက်နေ့တိုင်း ဝက်လက်ဘူတာသို့ ကုန်စုံဈေးရထားဆိုက်သော အခါများတွင် မသန်းမြင့်အတွက် စားစရာအမျိုးမျိုးနှင့် အထည်အလိပ်အဆန်းအပြားများကို တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ခြမ်းလေ့ရှိ၏။ သို့ဖြစ်၍ မသန်းမြင့်မှာ တောရွာကလေး၌ပင် နေထိုင်ရသော်ငြားလည်း အကောင်းဆုံးသော နိုင်ငံခြားစားစရာများနှင့် အဝတ်အဆင်ဆန်း အမျိုးမျိုးတို့ကို မပြတ်စားသောက် ဝတ်ဆင်နိုင်ခဲ့လေ၏။



တစ်နေ့သ၌ မသန်းမြင့်၏ မိထွေးဒေါ်လှကြီးသည် ရွှေဘိုမြို့၌ရှိသော သမီးအရင်းထံသွားရင်း၊ မန်ကျည်းတုံ့ရွာ၌ရှိသော မသန်းမြင့်ထံ ဝင်သွားခဲ့လေ၏။ မသန်းမြင့်၏ ဖခင်မြို့အုပ်ဦးသောင်းတင်မှာ လွန်ခဲ့သော နှစ်ကပင် ရောဂါနှင့်ရုတ်တရက်ကွယ်လွန်ခဲ့ပြီဖြစ်၏။ မြို့အုပ်တကာတို့တွင် အရမ်းဆုံးသော လူတစ်ယောက်ဖြစ်၍ လာဘ်စားရာ၌ အလွန်ရဲတင်းလှ၏။ အသုံးအစွဲမှာလည်း အရက်စက်ဆုံး လူတစ်ယောက်ဖြစ်၏။ တစ်ချက်တလေ အကော်တွေ့သဖြင့် လယ်မြေများကိုပင် ဝယ်ဖူးသော်လည်း သေသောအခါ၌ ကြွေးဝိုင်းဝိုင်းလည်လျက် သေသွားရှာ၏။

မသန်းမြင့်၏မိထွေး ဒေါ်လှကြီးမှာ ဝဝတုတ်တုတ်၊ လည်ကုပ်တိုတို၊ ပါးစပ်ပြဲပြဲ အောက်သူကြီးတစ်ယောက်ဖြစ်၍ စကားပြောရာ၌ နှုတ်အာကြမ်းကြမ်းနှင့် ဘွင်းဘွင်းကြီးပြောတတ်သော အလေ့ရှိ၏။ ဒေါ်လှကြီးသည် မသန်းမြင့်၏နေအိမ်သို့ ဆိုက်ရောက်ပြီးနောက် အိမ်ဦးခန်းတွင် မသန်းမြင့်နှင့် နှစ်ယောက်တည်း ထိုင်လျက် စကားပြောနေကြစဉ် ဒေါ်လှကြီးက...

"ဟဲ့ သန်းမြင့်၊ နင့်ယောကျ်ားကို ဘူတာရုံမှာ ငါမြင်ခဲ့တယ်။ ဒီသူဟာ ဘာဖြစ်တာလဲဟယ်။ လူရုပ်တောင် မပီတော့ပါလား။ နင်ဆေးရုံတက်မယ့်အစား နင့်ယောကျ်ား လွှတ်ပါတော့လားဟယ်"

"အခုတလော ငွေရေးကြေးရေးကြောင့် စိတ်မကောင်းလို့ ထင်ပါရဲ့ကြီးကြီးရယ်။ ဒါလဲ သူက အစီအမံမတတ်လို့နဲ့ တူပါရဲ့၊ နို့မို့တော့"

(ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်လျက်)"ညည်းကလားအေ ဒီလိုပြောတာ ထွန်းဦးလိုလူများ ညည်းကဘာမတတ်ဘူး၊ ညာမတတ်ဘူးနဲ့ ပြောဝံ့တာ ငါအံ့ပါရဲ့ သန်းမြင့်ရယ်"

"ကြီးကြီးက အဝေးကနေပြီး ဘာသိလို့လဲ"

"ဟဲ့ ညည်းသာမသိတာ၊ ငါအကုန်သိတယ်။ ညည်းဆေးရုံတက်တာက တစ်နေ့ ၁၆ ကျပ်၊ တစ်လ ဘယ်လောက်ကုန်သလဲ၊ ၆ လဆို ဘယ်လောက်ကျသလဲ။ ပြီးတော့ ညည်းမရှိတုန်း လယ်အရောင်းအဝယ်နဲ့ပတ်သက်လို့ အရှုပ်အရှင်း ဖြစ်ပြီး ရုံးပြင်ကနားရောက်ရတာက ဘယ်လောက်ကုန်သွားသလဲ ညည်းသိသလား။ ပြီးတော့ ညည်းအဖေက ညည်းတို့ညီအစ်မကို လက်ဖွဲ့ခဲ့တယ်ဆိုတဲ့ လယ်တစ်တောစီကလည်း ဘာဖြစ်ကုန်သလဲ ညည်းသိရဲ့လား"

"မသိပေါင် ကြီးကြီး"

"အေး– ညည်းအဖေ လူဆိုးတော့။ သူလက်ဖွဲ့တယ်ဆိုတဲ့ လယ်တွေက လက်စသတ်တော့ အပေါင်တွေနဲ့တော့။ နောက်ဆုံးကျတော့ မြေရှေးကဘာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးတွေ တက်နေတာနဲ့ သူ့ခမျာ တစ်ပြားမှမရတဲ့အပြင် မစိုက်ရတာတောင် ကျေးဇူးတင်ရမလိုလို ဖြစ်နေသေးတော့ ညည်းအဖေ လုပ်ပုံများတော့အေ… ငါတို့တစ်တွေကို ဒုက္ခပေါ့။ မောင်မင်းကြီးသား မောင်ထွန်းဦး ကောင်းရှာပေလို့သာ ညည်းမရှိတုန်းက ညည်းညီမ မသန်းတင် လက်ထပ်တော့ မောင်ထွန်းဦးက ငွေ ၃၀၀ိ လက်ဖွဲ့ရှာပေသတော်။ ဒီငွေကို မသန်းမြင့်ကိုယ်စား သူကလက်ဖွဲ့လိုက်ပါတယ်တဲ့။ သူ့မှာ ရှေးကလို ချောင်ချိရင် ဒီ့ထက်မက ပေးချင်ပါတယ်တဲ့။ ငါ့ကိုလည်း သမီးအိမ်ထောင်ကျပြီးနောက် ဘယ်အခါမဆို သူ့အိမ်မှာလာပြီး စားနေလှည့်ပါတဲ့။ သူ့မိခင်နဲ့အတူတူ ပြုစုစောင့်ရှောက်ပါ့မယ်တဲ့။ ဒီယောက်ျားမျိုး ဘယ်မှာ ရှာလို့ရမလဲ သန်းမြင့်ရယ်။ ညည်းလယ်ကဖြင့် ဘယ်မှာနေမှန်းမသိဘူး၊ ဒါနဲ့များတောင် ညည်းက ထွန်းဦးကို အစီအမံမတတ်ဘူးလေး ဘာလေးနဲ့ အံ့ဩပါရဲ့အစ်မကြီးရယ်"

မသန်းမြင့်မှာမူ မည်သို့မျှ ပြန်မပြောနိုင်ဘဲ ကြောင်တောင်ငေးလျက်သာလျှင် ကြည့်နေမိလေ၏။

ဒေါ်လှကြီးက ဆက်လက်၍–

"ညည်း ဆေးရုံမှာကတည်းက ငါက ညည်းဆီကို အကျိုးအကြောင်းစာရေးပါ၊ ဒီလောက် ငွေကုန်မခံပါစေနဲ့လို့ ပြောပါတယ်။ နို့ပေမယ့် ညည်းယောက်ျားက ရှိသမျှကုန်သွားပေစေတဲ့။ သူကျန်းကျန်းမာမာနဲ့ ပြန်လာရင် ပြီးရောတဲ့။ ပေါင်လိုက်ရတဲ့လယ်တွေ၊ ရောင်းလိုက်ရတဲ့စပါးတွေ၊ အခု သူတို့သားအမိမှာ ဘာရှိတော့သလဲ"

မသန်းမြင့်မှာ ဆေးရုံသို့ ရောက်သည့် နေ့မှစ၍ ထိုနေ့တိုင်အောင် လင်မောင်ထွန်းဦးအတွက်လည်းကောင်း၊ ယောက္ခမကြီး ဒေါ်သိန်းခင် အတွက်လည်းကောင်း အလျဉ်း သတိမရဘဲ မိမိပျော်ရွှင်မှုနှင့်သုံးဖြုန်းမှုအတွက်သာ အာရုံပြုခြင်းများကိုလည်းကောင်း၊ ရှိသမျှပစ္စည်းများကို ပေါင်နှံ ရောင်းချ၍ မိမိအတွက် သဒ္ဓါကြည်ဖြူစွာ အကုန်အကျခံပြီးလျှင် အိမ်မှုလုပ်ငန်းအရပ်ရပ်ကို အစေခံ မငှားနိုင်သော အဖြစ်၌ အကုန်သိမ်းကျုံး၍လုပ်ရှာသော ယောက္ခမကြီးအတွက်လည်းကောင်း၊ ဖခင်သုံးဖြုန်းခဲ့သော လယ်မြေအကြောင်းကို မိမိအား စိတ်မချမ်းမသာမဖြစ်ရစေခြင်းငှာ မပြောဘဲ မျိုသိပ်ထားရှာသော မောင်ထွန်းဦးအတွက်လည်းကောင်း အသည်းနာလှ၍ ယူကျုံးမရ ဖြစ်သည်နှင့် မျက်ရည်တွေတွေ ယိုစီးကာရှိနေလေ၏။

ထိုနေ့ညနေ၌ မောင်ထွန်းဦးသည် စပါးဝယ်ရာမှ မောကြီး ပန်းကြီးနှင့် ပြန်လာရာတွင် မသန်းမြင့်ကိုယ်တိုင် အဆင်သင့်ဖျော်ထားသော သံပရာရည်ရှာ



လဘတ်ကို ဖန်ခွက်ဖြင့်ထည့်ကာ လှမ်းပေးလျက် မောင်ထွန်းဦး၏ နဖူးပြင်မှ ယိုစီးကျနေသော ချွေးများကို မသန်းမြင့်က လက်ဝါးဖြင့် ယုယကြင်နာစွာ သပ်၍ပေးလေရကား မောင်ထွန်းဦးသည် သံပရာရှာလဘတ်ကို သောက်ပြီးနောက်…

"အမေ"

"ဘာလဲ ငါ့သား"

"သံပရာတစ်ခြမ်းနဲ့ ကျေရဆိုတာ ဒီဟာထင်ပါရဲ့ အမေ"

■

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်လူထူး

ရွှေဘိုစီရင်စု၊ ဝက်လက်ဘူတာအနီးရှိ ရွာတစ်ရွာတွင် နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်ကြီးတစ်လုံးပေါ်မှ လုလင်ပျိုတစ်ယောက်သည် မျက်မှောင်ကြုတ်လျက် အံကြိတ်ကာ ဆင်းလာသော အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူသည် အခြားသူတို့ ပြုနိုင်ခဲသော အမှုတစ်ခုကို ပြုတော့အံ့တကားဟု စိတ်ထဲတွင် ဆုံးဖြတ်ထားသည်ဟူ၍ မှတ်ထင်ဖွယ်ရှိ၏။

လုလင်ပျို၏ အင်္ဂါရုပ်မှာ ထူးခြားသော လက္ခဏာများ မပါရှိဘဲ မပုလွန်း၊ မမြင့်လွန်း၊ မကြုံလွန်းရှိနေ၍ အသားမှာလည်း မဖြူမညို၊ ကိုယ်အင်္ဂါမှာလည်း ၎င်းနယ်သားများ၏ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်းနှင့် အရုပ်လည်းမဆိုး၊ လှလည်းမလှ ရှိသည်ဖြစ်သောကြောင့် တစ်ကြိမ်မြင်လျှင် စိတ်ထဲ၌ပေါ်လာအောင် အတော်ကြိုးစား၍ စဉ်းစားယူရမည့် ရုပ်လက္ခဏာမျိုး ဖြစ်ပေ၏။

ထိုသူသည် ရှပ်အင်္ကျီလက်တိုနှင့် ပလေကပ်လုံချည်ကို ဝတ်ဆင်ကာ ဝါးတုတ်တစ်ချောင်းကို ကိုင်ထားသည်ဖြစ်သောကြောင့် ၎င်း၏အဝတ်အစားမှာလည်း ထူးထူးခြားခြားမရှိချေ။ အလုံးစုံခြုံလိုက်သော် ထိုသူငယ်၏အင်္ဂါရုပ်မှာ ၎င်းနယ်တွင် လူတစ်ရာတွင် ၉၉ ယောက်မျှ တွေ့ကြရမည်ဖြစ်သော ရုပ်လက္ခဏာမျိုး ဖြစ်ပေ၏။ ထူးခြားသော အခြင်းအရာတစ်ခုမှာမူကား ခပ်ရှည်ရှည်ထားသော ဘိုကေကို သပ်ယပ်စွာ ဖြီးမထားရုံမျှမက လက်နှင့်ဖွ၍ ထိုးမွှေထားသည့် လက္ခဏာနှင့် ဆံစဥ်ရှိသော ဆံပင်များသည် နဖူးကိုဖုံးအုပ်၍ မျက်ခုံးကို ကျော်လွန်ပြီးနောက် မျက်လုံးကိုပင် အနှောင့်အယှက်ပေးမည်ကဲ့သို့ ရှိနေခြင်းပင်ဖြစ်လေသည်။ ထိုသူကိုင်ထားသော ဝါးတုတ်မှာလည်း ရှမ်းပကားသို့တစ်ခေါက်သွားစဥ်က ဝါးရုံတောမှ ဖြတ်သွားစဥ် လမ်းနံဘေးမှ ခုတ်ယူခဲ့သော ဝါးတုတ်မျှသာ ဖြစ်သောကြောင့် ၎င်းနယ်အဖို့၌ မထူးဆန်းတကား မထူးဆန်းဆုံးသော ဝတ္ထုပစ္စည်းတစ်ခု ဖြစ်ပေ၏။



လမ်း၌တွေ့သော လူများသည် ထိုသူငယ်၏ မျက်နှာထားနှင့် စုတ်ဖွားကြီးဖြစ်နေသော ဆံပင်ကို တွေ့မြင်ကြရသောအခါ "ဒီလူဘာဖြစ်လာပါလိမ့်" ဟူသော မျက်နှာထားမျိုးနှင့် လှည့်၍ကြည့်မိကြ၏။ လူငယ်ကမူ မည်သူ့ကိုမျှ ဂရုစိုက်သည့် လက္ခဏာမရှိဘဲ မြေကြီးကို ခပ်ဆောင့်ဆောင့်နင်းလျက် နှုတ်ခမ်းကိုက်ချည်တစ်ခါ၊ အံကြိတ်ချည်တစ်လှည့်နှင့် ခပ်သုတ်သုတ် လျှောက်သွားလေ၏။

ထိုလူငယ်၏ အမည်မှာ မောင်စံလွန်ဖြစ်၍ တောရွာလေ့အတိုင်း ၎င်းအား လူတိုင်းသိကြသည်ဖြစ်ရာ အသက် ၂၄ နှစ်အရွယ်တိုင် ရောက်ခဲ့သော်လည်း အခြားသောလူငယ်များကဲ့သို့ တောင်သူနှင့်ပတ်သက်သောအလုပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းလည်းမရှိ၊ အရောင်းအဝယ်ဘက်တွင်လည်း မလေ့လာ၊ အခြင်းထန်ဆုံးအလုပ်လုပ်ခြင်းမှာ မဂ္ဂဇင်း(သို့မဟုတ်) ဝတ္ထုစာတစ်အုပ်ကိုယူ၍ ထောင်ရိုးစင်အောက်၌ဖြစ်စေ၊ သစ်ပင်ရိပ်ကောင်းကောင်း၌ဖြစ်စေ ထိုင်၍ဖတ်တတ်ခြင်းသာဖြစ်လေသည်။ စာဖတ်ပြီးသောအခါ၌လည်း မောင်စံလွန်သည် စာအုပ်ကို ပေါင်ပေါ်တွင်ချလျက် စင်တိုင်သို့မဟုတ် သစ်ပင်ကိုမှီကာ ရောက်တတ်ရာရာ စိတ်ကူးသည့်လက္ခဏာနှင့် မြစ်အရှေ့ဘက်၌ရှိသော ညို့ညို့မှိုင်းမှိုင်းမြူဆိုင်းသည့် တောင်တန်းများဆီသို့ ငေးမျှော်ကာ ကြည့်လျက်နေတတ်၏။

မောင်စံလွန်သည် ပျဉ်ထောင်အိမ်ကြီးပေါ်မှ ဆင်းမလာမီ ၎င်းအိမ်ကြီး၏ ရှေ့ဆောင်တွင် တစ်စုံတစ်ယောက်သောသူနှင့် တွေ့လာခဲ့သည်ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မျက်မှောင်ကြုတ်ကြုတ်၊ အံကြိတ်ကြိတ်ရှိနေခြင်းဖြစ်လေသည်။ ရွာပေါက်မှထွက်လာ၍ ဝက်လက်ဘူတာဘက်သို့ သွားသည့်ပေတစ်ရာလမ်းကြီးပေါ်သို့ ရောက်လာသောအခါတွင်မူကား မောင်စံလွန်၏ခက်ထန်သော မျက်နှာထားမှာ ပိုမိုပြင်းထန်လာခဲ့၍ လမ်းဘေး၌ရှိသော မိုးနံ့ချုံများကို၎င်း၏ ဝါးတုတ်ဖြင့် တဝုန်းဝုန်း၊ တဖတ်ဖတ် ရိုက်ခတ်သွားလေတော့၏။ ၎င်း၏ စိတ်ထဲ၌ကား ချုံများကို ရိုက်ရသည်မထင်၊ လောက၌ရှိသော လူသတ္တဝါများ၏ ဦးခေါင်းကို ရိုက်ခွဲနေခြင်းဖြစ်သည်ဟု အောက်မေ့ဟန်ရှိ၏။ ချုံများကို တုတ်နှင့်ရိုက်၍

www.burmeseclassic.com

www.burmeseclassic.com



အားမရသေးသည်နှင့် ချုံမရှိသော နေရာများတွင် တုတ်မကိုင်သော လက်ကို အထက်သို့မြှောက်ကာ လက်သီးဆုပ်လျက် ကောင်းကင်ကို ထိုးသတ်တော့မည့်ဟန်နှင့် တစ်ချက်တစ်ချက် မြှောက်ရမ်းသည်ကိုလည်း ပေတစ်ရာလမ်းမကြီးပေါ်မှ လှည်းသမားများက မြင်လိုက်ကြရ၏။

ပျဉ်ထောင်အိမ်ကြီးပေါ်၌ ဖြစ်ပျက်ခဲ့သော အခြင်းအရာများကို ဖော်ပြရသော် မောင်စံလွန်သည် ဝင်းတံခါးမှ ဝင်ခဲ့၍ အိမ်ကြီးပေါ်သို့ တက်တော့မည်ဖြစ်သည့်အခါတွင် ခြေလှမ်းမရဲတရဲဖြင့် ဆွံ့တွန့်တွန့်ဖြစ်နေသော်လည်း ၎င်း၏မျက်နှာထားမှာမူကား ငါသည် ဤနေ့အဖို့တွင် စကားကို ကေန်မုချပြောတော့မည်ဟူ၍ သိန္နိဋ္ဌာန် ချလာခဲ့သည့်အမူအရာမျိုး ရှိလေ၏။ သို့ရာတွင် ပြောရမည့်စကားမှာ အတော်ပင် ခဲယဉ်းနေသည်ဖြစ်၍ ၎င်း၏ခြေလှမ်းမှာ ခပ်ဆိုင်းဆိုင်းရှိနေခြင်းဖြစ်လေသည်။ အိမ်ပေါ်၌ရောက်၍ ရှေ့ဆောင်၌ ခင်းထားသော နီးချောဖျာပေါ်တွင် ထိုင်လိုက်၍ သူရင်းငှားကျော့မောင်အား 'နှင့်မမ မရှိဘူးလား' ဟု မေးရာတွင် ကျော့မောင်က 'ရှိပါတယ် ကိုစံလွန်' ဟုပြော၍ အတွင်းဆောင်သို့ ဝင်သွားပြီးလျှင် အိမ်ရှင်၏သမီးဖြစ်သော မဇေတင်အား ကိုစံလွန်ရောက်နေကြောင်းကို ပြောလိုက်လေ၏။

ထိုအချိန်တွင်မူကား မဇေတင်၏မိဘမောင်ဘွားများသည် လယ်တောသို့သွားကြပြီဖြစ်ကြောင်းကို မောင်စံလွန်သိသည်ဖြစ်၍ ၎င်းအချိန်ကို ရွေးချယ်ထားခဲ့ခြင်းဖြစ်လေသည်။ မဇေတင် မထွက်လာမီအတွင်း မောင်စံလွန်သည် ရှေ့ဆောင်၌ ထောင်ထားသော မှန်ကြီးတွင် မိမိ၏အရိပ်ကို မြင်သည်နှင့် မိမိ၏မျက်နှာထားမှာ လူပျိုစကားပြောရမည့် လုလင်ပျိုတစ်ယောက်ကဲ့သို့ ပြုံးရွှင်စွာမရှိဘဲ သုန်သုန်မှုန်မှုန် ရှိနေသည့်အဖြစ်ကို မြင်မိသဖြင့် ကြိုးစား၍ ပြုပြင်သေး၏။

သို့ရာတွင် ရင်ထဲ၌ တဒိန်းဒိန်းလှုပ်ခုန်လျက်ရှိသောကြောင့် မောင်စံလွန်၏ မျက်နှာမှာ ပြုံး၍ကြိုးစားသော်လည်း မချိသွားဖြဲမျက်နှာထားမျိုး ဖြစ်နေလေတော့၏။ ထိုအတွက်ကြောင့် မောင်စံလွန်သည် မိမိကိုယ်ကိုမိမိ မကျေနပ်ဘဲ စိတ်ဆိုးသကဲ့သို့ ဖြစ်သွားလေရာ မျက်နှာထားမှာ သာ၍ပင် အိုသွားလေတော့၏။ နဖူး၌ ပေါ်ထွက်စပြုလာသော ချွေးများကို ရုပ်အင်္ကျီလက်မောင်းဖြင့် သုတ်လျက်ရှိစဉ် မဇေတင်သည် အတွင်းဆောင်မှ ထွက်လာ၍ နီးကြောဖျာကြီးအနီးသို့ ရောက်လာလေ၏။ မဇေတင်မှာ တောရွာအလျှုအတန်းများတွင် ကွမ်းတောင်ကိုင်အဖြစ်မှ ဟသ်ာအုပ်ကိုင်ရသော အဆင့်အတန်းသို့ တက်လာခဲ့သည်ဖြစ်ရာ ၎င်း၏အသားမှာ ထိုရွာတွင်သာမက မြင်းနယ်တစ်နယ်လုံးတွင် မီနိုင်သူမရှိအောင် ဖြူစင်နုနယ်လှ၍ မျက်လုံးများမှာ သေးပင်သေးသော်လည်း အလွန်တရာ ကြည်လင်



တောက်ပလှပေ၏။ သေးသေးသွယ်သွယ်နှင့် သိမ်မွေ့ပျော့ပျောင်းသော ကိုယ်ဟန်အမူအရာရှိသည့်အပြင် ထိုနယ်တစ်ဝိုက်တွင် ဘယ်တုန်းအခါကမှ ထုံးစံမရှိခဲ့သော အင်္ဂလိပ်ကျောင်းသူတစ်ယောက်၏ ဖြီးလိမ်းပြင်ဆင်ပုံမျိုး ရှိသည်ဖြစ်၍ တစ်ရွာလုံးရှိ ကာလသားများ၏ ဝိုင်းဝန်းပိုးပန်းခြင်းကို ခံရသူတစ်ယောက် ဖြစ်လေသည်။ ၎င်း၏မိဘများသည် ရွှေဘိုမြို့ရှိ အင်္ဂလိပ်ကျောင်းသို့ ပို့ထား၍ ခုနစ်တန်း အောင်မြင်သည်တွင် ရွာသူတစ်ယောက်အဖို့ တော်လောက်ပြီဆို၍ ကျောင်းမှနုတ်ပြီးလျှင် နေအိမ်တွင် အလှကြည့်ဖို့ထားသကဲ့သို့ နွားကျောင်း၊ ကောက်စိုက်၊ မြက်ရိတ် အစရှိသော မိန်းမအလုပ်များကို မလုပ်စေဘဲ အရိပ်ကြည့်၍ နေကြလေ၏။

မဇေတင်သည် နောက်ဆောင်မှ ထွက်လာ၍ မောင်စံလွန်ကို မြင်သည်နှင့် တစ်ပြိုင်နက် အံ့သြသောမျက်နှာထားနှင့် "အလို... ကိုစံလွန် လာပြန်ပြီလား" ဟု မေးလိုက်ရာ မောင်စံလွန်က "ဟုတ်တယ် လာပြန်ပြီ" ဟု ခပ်တင်းတင်းပင် ပြန်ပြောလိုက်၏။

"ဘာကြောင့် လာပြန်တာလဲရှင်၊ ခုနက ရှင်ပြောသွားတော့ ကျွန်မတို့အိမ်ကိုနောက်ဘယ်တော့မှ မလာတော့ပါဘူးဆို" မဇေတင်က မျက်နှာလွှဲလျက် ပြောလိုက်၏။

မဇေတင်အသံမှာ နဂိုအားဖြင့် ယဉ်ကျေးသိမ်မွေ့သည့်အတွင်း မောင်စံလွန်စိတ်ဆိုးသွားမည်ကို စိုးရိမ်သည့်အတွက် သာ၍ပင် သိမ်မွေ့လျက်ရှိ၏။

"ဟုတ်ပါတယ် ပြောတုန်းကတော့ ဘယ်တော့မှမလာဘဲ နေနိုင်မလားလို့ ပြောလိုက်တာပဲ။ ဒါပေမဲ့ မနေနိုင်လို့ နောက်ဆုံးအကြိမ် လာရပြန်ပြီမဇေတင်၊ စဉ်းစားပါဦး မဇေတင်ရယ်...၊ မဇေတင်နဲ့နေရရင် ကျုပ်ဟာ လောကမှာ လူကြီးတစ်ယောက်ဖြစ်လာနိုင်ဖို့ ရှိပါတယ်။ မဇေတင်က မကယ်ဘူးဆိုရင် ကျုပ်မှာတော့ အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲ ကျသွားသလို ဖြစ်ရပါလိမ့်မယ် မဇေတင်ရယ်"

မဇေတင်သည် ပြုံးတော့မည်ပြုပြီးမှ မလျော်လှသဖြင့် ကြိုးစား၍ မျက်နှာပိုးသတ်လိုက်လေ၏။

"ကိုစံလွန်က သိပ်ပြီးချဲ့ပြောနေတာပါရှင်။ ဒီလောက်တောင်လည်း ဆိုးမှာမဟုတ်ပါဘူး၊ ဟုတ်တယ်မဟုတ်လားရှင်"

"ကျုပ်က ချဲ့ထွင်ပြီးပြောတာ ဟုတ်မဟုတ်ကို မဇေတင် သိရပါတော့မယ် မကြာပါဘူး"

မဇေတင်သည် ဦးခေါင်းကို ယမ်းလေ၏။

"မဖြစ်နိုင်ပါဘူး ကိုစံလွန်၊ ဒီအကြောင်းကို မပြောတာကောင်းပါတယ်၊ မဖြစ်နိုင်လွန်းလို့ ငြင်းတာပါ။ ကျွန်မက လောကွတ်စကားပြောတာ မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကိုစံလွန်ကို မောင်လို့နှမလို အမှန်ခင်ပါတယ်။ ကျောင်းနေဖက်သူငယ်ချင်းဖြစ်ခဲ့လို့လည်း အများကြီးအားကိုးပါတယ်။ ဒါပေမဲ့ ရှင်ပြောတဲ့အချစ်မျိုးနဲ့တော့ ကျွန်မ မချစ်နိုင်လို့ပါ ကိုစံလွန်"

"ကျုပ်သိပါတယ် မတောင်၊ မတောင်က ဟို ရွှေဘိုမြို့ထဲက ဘန်ကောက်လုံချည်တရွှမ်းရွှမ်းနဲ့ ဘိုကေကို ကော့စမက်တစ်နဲ့ ပြောင်နေအောင် ဖြီးပြီးပေါ်ကြွာနေတဲ့ မြို့သားတွေကို မျက်စိကျလာခဲ့လို့ပါ၊ ကျုပ်သိပါတယ်"

မတောင်မှာ အနည်းငယ်မျက်နှာ နီသွား၏။

"မဟုတ်ရပါဘူး ကိုစံလွန် ရှင်မှားနေပါတယ်။ ကျွန်မပြောရင် ယုံပါ။ ကျွန်မက ဘယ်သူ့ကိုမှ ချစ်ကြိုက်နေလို့ မဟုတ်ရပါဘူး။ ဒီလိုတော့ ကျွန်မကို အထင်မလွဲလိုက်ပါနဲ့"

မောင်စံလွန်သည် ပြောရင်းဆိုရင်း စိတ်အားထက်သန်လာ၍...

"မတောင်ကို မရရင် ကျုပ်သေလိမ့်မယ်ဗျ။ အောင်မယ် သူက ခေါင်းယမ်းတယ်။ မယုံဘူး ဟုတ်စ၊ သေမယ်ဆိုတာ တဖြည်းဖြည်းခွေနုံးပြီးတော့ သေမယ်လို့ ပြောတာမဟုတ်ဘူး မတောင်ရဲ့။ ကိုယ့်ကိုယ်ကို သတ်သေမယ်လို့ပြောတာ။ အောင်မယ် မတောင်က မယုံဘူးမဟုတ်လား"

မတောင်သည် ဖြူစင်ညီညာသော သွားကလေးများပေါ်အောင် ပြုံးလေ၏။

"မလုပ်ပါနဲ့ ကိုစံလွန်၊ ကျွန်မ တောင်းပန်ပါရစေရှင်။ ရှင် ဒီလောက် မရက်စက်ပါဘူး။ ကျွန်မသိပါတယ်။ ရှက် ထင်လို့သာပြောနေတာပါ တကယ်လုပ်မှာ မဟုတ်ပါဘူး၊ မဟုတ်လား ကိုစံလွန်"

"အေးလေကွယ်၊ ဒါဖြင့် ဒီစကားဟာ နောက်ဆုံးစကားပဲလား"

"ကျွန်မ ပြောပြီးပြီကော ကိုစံလွန်၊ ရှင့်စိတ်က ထင်နေလို့ပါ။ တော်တော်ကြာလို့ တစ်လနှစ်လလောက်ဆိုရင် ရှင်ကလည်း ကျွန်မကို တကယ်ချစ်ကြိုက်တာ မဟုတ်ဘူးဆိုတာ ရှင့်ဟာရှင် သိမှာပါပဲ။ ကျွန်မက ရှင့်ကို မကြိုက်နိုင်သလို ရှင်ကလည်း ကျွန်မကို ကြိုက်နိုင်မှာမဟုတ်ပါဘူး။ တစ်ယောက်အကြောင်း တစ်ယောက်သိနေတဲ့လူအချင်းချင်း ဘယ်ဖြစ်နိုင်မတုန်း ကိုစံလွန်၊ တော်တော်ကြာတော့ ရှင့်ဟာရှင် အရေလည်ပြီး ကျွန်မငြင်းလိုက်တဲ့အတွက် ကျွန်မကို ရှင် ကျေးဇူးတင်မှာပါ"

"မပြောပါနဲ့တော့ မတောင်၊ ကျုပ် သိပါတယ်။ ဒီပြင်တစ်ယောက်ယောက်နဲ့ ကြိုက်နေလို့ မတောင်က ကျုပ်ကိုငြင်းတာပါ"

"ခက်နေပါပြီ။ ပြောလို့လည်း နားမလည်နိုင်ဘဲကိုး ဒီလူကြီးက"



"နားမလည်ဘူး ဆိုချင်ဆိုတော့၊ ဘာပြောပြော ကျုပ်ကတော့ မတောင်နဲ့ မရရင် လောကမှာ နေလို့ဖြစ်မယ့်လူမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က သူများနဲ့မတူဘူး။ ကြီးကြီးကျယ်ကျယ်၊ မြင့်မြင့်မြတ်မြတ် အဲဒီလိုအလုပ်ကြီးတွေကို လုပ်ပြချင်တဲ့လူ မတောင်ရဲ့။ လူတွေကလည်း သိပ်ခက်တာပဲ မတောင်သာ မဟုတ်ဘူး၊ ကျုပ်အိမ်က မအေတွေ၊ နှမတွေကလည်း ကျုပ်ကို ဘယ်သူမှကောင်းကောင်းနားမလည်ကြဘူး။ ဒါပေမဲ့ တစ်နေ့တော့ မတောင်သိလိမ့်မယ်လေ။ ဒါ ထက် ဒါနောက်ဆုံးစကားနော်။ ကိုင်း ဒါဖြင့် ကျုပ်သွားတော့မယ်"

မောင်စံလွန်သည် အထက်ပါစကားများကို တုန်ယင်သော အသံဖြင့်ပြော၍ ဖျာပေါ်မှ ထသွားတော့မည်အပြုတွင် မတောင်၏မျက်နှာ၌ ခပ်ပြုံးပြုံးရှိနေသော မျက်နှာထားကို မြင်လိုက်ရသဖြင့်...

"ကျုပ်ပြောတဲ့စကားကို မတောင်က ရယ်ချင်သပေါ့လေ"

"အို မဟုတ်ပါဘူး ကိုစံလွန်၊ ကျွန်မက အမေပြောဖူးတဲ့စကားကလေးကို သွားပြီးသတိရလို့ပါ"

"အရီးက ကျုပ်အကြောင်းဘာများပြောဖူးလို့လဲ"

"ကိုစံလွန်ဟာ လူကောင်းကလေးတစ်ယောက်ပါပဲတဲ့။ ဒါပေမဲ့ သူမှာ ချို့ယွင်းချက်ကလေးတစ်ခုရှိတယ်တဲ့။ အဲဒါဘာလဲဆိုတော့ သူ့ကိုယ်သူနည်းနည်း အထင်ကြီးနေတယ်တဲ့"

မောင်စံလွန်သည် စိတ်ဆိုးသောမျက်နှာထားဖြင့်...

"ကောင်းပါပြီဗျာ၊ မင်းအမေရော မင်းရော သိကြပါလိမ့်မယ်။ မကြာပါဘူး ကိုင်း ကျုပ်သွားမယ်"

မောင်စံလွန်သည် ထရံထောင့်တွင် ထောင်ထားသော မိမိ၏ဝါးတုတ်ကို ကောက်ယူ၍ အိမ်ပေါ်မှဆင်းလာခဲ့ပြီးလျှင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပေတစ်ရာလမ်းပေါ်မှလျှောက်၍ ဝက်လက်ဘက်သို့ သွားခဲ့ခြင်းဖြစ်လေသည်။

လမ်းတစ်ဝက်သို့ ရောက်သောအခါ မောင်စံလွန်သည် တစ်စုံတစ်ခုကို သတိရသည်နှင့် မိမိ၏နေအိမ်သို့ လျင်မြန်စွာ ပြန်လျှောက်လာခဲ့လေ၏။

မောင်စံလွန်မှာ မိခင်နှင့် နှမတစ်ယောက်ရှိခဲ့လေရာ ကျောင်းမှထွက်လာခဲ့ပြီးနောက် တစ်နှစ်ကျော်ခန့်အတွင်း၌ပင် ၎င်းတို့၏ အနေအထိုင်ကို မကျေနပ်နိုင်ဆို၍ မိမိတို့၏ စည်းဝိုင်းကြီးအတွင်း ထောင့်တစ်ထောင့်တွင် တဲကလေးတစ်လုံးနှင့် တစ်ကိုယ်တည်း နေထိုင်လာခဲ့ခြင်း ဖြစ်လေသည်။ မိခင်နှင့်နှမတို့၏ နေထိုင်ပုံကို မကျေနပ်နိုင်ဆိုရာ၌ ၎င်းတို့သည် လော်လီဖောက်ပြန်ကြသောကြောင့် မဟုတ်၊ မောင်စံလွန်၏ ပြောစကားအရ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာအဓိပ္ပာယ်ရှိသလဲဗျာ၊ သူတို့ဟာ မနက်အိပ်ရာကထ လက်ဖက်ရည်ကြမ်းကလေးသောက်၊ အချိန်တန် ဆွမ်းလောင်း၊ တစ်ရေးအိပ်၊ နေ့လယ်တိုင် လက်ဖက်ရည်ကြမ်းကလေးသောက်၊ ညနေစောင်းတော့ ထမင်းချက်၊ ကျက်တော့ ခူးစား၊ အချိန်တန်အိပ်ရာဝင်ကြ တစ်နေ့လည်း ဒီလို၊ နောက်တစ်နေ့လည်း ဒီလို ဘာအရသာရှိလို့ ဘာအဓိပ္ပာယ်များ ရှိသလဲဗျာ" စသည်ဖြင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်အား ပြောပြလေ့ရှိ၏။

မိခင်နှင့် နှမကလေးတို့သည် မိမိတို့နှင့် အတူမနေဘဲ ထိုကဲ့သို့ခွဲခြားနေထိုင်ခြင်းအတွက် စိတ်မချမ်းမသာ ရှိကြ၏။ မောင်စံလွန် ကျောင်းမှ နုတ်ထွက်လာသောအခါ၌လည်း မိခင်ကြီးမှာ ထိုနည်းအတူ စိတ်မချမ်းမသာ ဖြစ်ရှာ၏။ ခင်စစ်မှာ မောင်စံလွန်ပြုလုပ်သမျှသည် အိမ်သားများအား အကြီးအကျယ် စိတ်ညစ်စေဖို့မဟုတ်သော်လည်း အခါခပ်သိမ်း ဝမ်းနည်းဖွယ်ရာတို့သာလျှင် များခဲ့၏။

ကျောင်းမှနုတ်ထွက်ခဲ့စဉ်က မိခင်သည် မောင်စံလွန်အား "ငါ့သားလူတလေးရယ် ဘာပြုလို့ ကျောင်းထွက်လာခဲ့ရတာလဲကွယ်" ဟု မေးသောအခါ မောင်စံလွန်က "ဘာလုပ်မှာလဲ အမေရယ်၊ ၇ တန်းအောင်ပြီး ၈ တန်းသင်၊ နောက်ပြီးတော့ ၁၀ တန်းအောင်၊ ကောလိပ်ဆက်နေ အိုင်အေ–ဘီအေအောင်၊ ဒီဟာမျိုးက သူငါက စလုပ်နေကြတဲ့ အလုပ်မျိုးပဲအမေရဲ့" ဟု ပြန်ပြောဖူး၏။ မိခင်ဖြစ်သူက သူငါကစဆိုသော်လည်း မိမိတို့ရွာသားများအနက်မှ တစ်ယောက်တလေမျှ ဘီအေအောင်ဖူးသည်မရှိသေးကြောင်း၊ မွေးသဖခင် ထားခဲ့သောလယ်ယာချောင်းမြောင်းတို့မှ လယ်ထောက်ခနှင့် မောင်စံလွန်အား ကောလိပ်ကျောင်းသို့ပို့မည် အားခဲနေကြကြောင်း ပြောသောအခါ မောင်စံလွန်က "ကျွန်တော်တို့ရွာက မအောင်ပေမယ့် တစ်ပြည်လုံးမှာ ဘီအေအောင်တဲ့လူတွေ ပြည့်လို့အမေရယ်။ ကျွန်တော်က သူလိုငါလို ဘီအေအောင်ပြီး သူလိုငါလိုအလုပ်မျိုးနဲ့ ကျေနပ်နိုင်တဲ့ လူတစ်ယောက် မဟုတ်ဘူးအမေရဲ့" ဟူ၍ ပြန်ပြောသည်တွင် မိခင်ဖြစ်သူမှာ သားတစ်ယောက်ကို နိုင်နင်းအောင် ဆင်ခြေပေးနိုင်သူတစ်ယောက် မဟုတ်သောကြောင့် ပညာမသင်လိုလျှင်လည်း ရှိစေတော့ဆိုကာ ကျောင်းထွက်ခွင့်ပြုလိုက်ရပေ၏။ ထိုမှတစ်ဖန် နေအိမ်တွင် အတူမနေဘဲ ခြံစည်းရိုးထောင့်၌ တဲကလေးတစ်လုံးဆောက်၍ တစ်ကိုယ်တည်းနေပြန်သောအခါတွင်လည်း မိခင်သည် မကျေနပ်ဘဲနှင့် အတင်းအကျပ်တားမြစ်ရန် မတတ်နိုင်သဖြင့် ခွင့်ပြုခဲ့ရခြင်း ဖြစ်လေ၏။

မောင်စံလွန်သည် ခြံထောင့်တွင် တဲကလေးနှင့် တစ်ကိုယ်တည်း နေထိုင်သောအခါတွင်လည်း တဲကလေးအတွင်း၌ ပစ္စည်းများမှာ ဖြစ်ချင်တိုင်းဖြစ်လျက်



ရှိကြ၏။ အိပ်သောခုတင်ကို အရှေ့ဘက်သို့လည်းကောင်း၊ တောင်ဘက်သို့လည်းကောင်း ဦးခေါင်းမလှည့်ဘဲ မြောက်ဘက်သို့လှည့်ထားလေရာ အခြားလူများက ထုံးစံမဟုတ်ကြောင်းပြောပြသောအခါ မောင်စံလွန်က မြတ်စွာဘုရားသည် ဘုရားဖြစ်သောအခါတွင် မြောက်ဘက်သို့မျက်နှာလှည့်၍ ကန်တော့သည်ဟု စာထဲတွင် တွေ့ဖူးသောကြောင့် မြောက်အရပ်၌ ရှိသေထိုက်သော အခြင်းအရာတစ်ခုတစ်ခု ရှိရမည်ဟု အောက်မေ့၍ မြောက်ဘက်သို့ ဦးခေါင်းပြုခြင်း ဖြစ်သည်ဟု ဆင်ခြေပေးလေ၏။

ခုတင်ပေါ်၌ သမင်ရေတစ်ချပ်ကိုခင်း၍ တရုတ်ပြည်မှလာသော ယွမ်းခေါင်းအုံးတစ်ခုကို ခင်းထားလေရာ အဝတ်အစားများမှာ ခြင်ထောင်ပေါ်တွင်အချို့၊ ကုလားထိုင်ပေါ်တွင်တစ်ထည်၊ ထရံတွင် တစ်ထည်နှစ်ထည် ချိတ်၍ ကြမ်းပေါ်တွင်လည်း တချို့တလေကို ကြဲဖြန့်ထားသေး၏။ စာအုပ်များကို အခြားသူတို့ကဲ့သို့ စားပွဲပေါ်တွင်မထားဘဲ ခုတင်အောက်တွင် ဖြန့်ကြဲထား၍ လိုသည့်အခါ လက်ဖြင့်လှမ်းဆွဲပြီးလျှင် ဖယောင်းတိုင်ကလေးနှင့် စာဖတ်လေ့ရှိ၏။ နံနက်လင်းသောအခါတွင် အသည်းအေးသည်ဆို၍ ထမင်းကြမ်းတစ်ခဲနှင့် ရေတစ်မှုတ်တို့နှင့်လောက်အောင် စားတတ်သဖြင့် အိမ်သားများသည် ထမင်းကြမ်းကျန်အောင် ညစာကို တမင်ပို၍ချက်ကြရ၏။ ထမင်းကြမ်းမကျန်သဖြင့် ပူပူနွေးနွေးချက်သေးလျှင် မောင်စံလွန်က ထမင်းကြမ်းကဲ့သို့ အသည်းမအေးဆို၍ စိတ်ကောက်တာဆူပူတတ်၏။ မွန်းတည့်သာသာ နာရီပြန်တစ်ချက်အချိန်လောက်တွင် တစ်ထပ်တည်းသော ထမင်းကို ဗိုက်ကားအောင်စား၍ ညစာကို ရှောင်ကြဉ်လေ့ရှိ၏။ အကျိုးအကြောင်းကို မေးကြသောအခါ မောင်စံလွန်က ညနေစာကို လူတိုင်းစားကြသောကြောင့် လူတိုင်းလုပ်နေသော အလုပ်မျိုးကို မိမိမလုပ်လိုကြောင်းနှင့် ပြန်ပြောလေ့ရှိ၏။

သူတစ်ပါးနည်းတူ ဘိုကေထားသော်လည်း မောင်စံလွန်သည် ဆံမွှေးကော့စမက်တစ်စသည်တို့ဖြင့် လိမ်းကျံခြင်းမရှိဘဲ ခေါင်းစုတ်ဖွားနှင့် နေလေ့ရှိရာ မိခင်နှင့် နှမများက လူပျိုကလေးဖြစ်ပါလျက် သပ်သပ်ရပ်ရပ်နေထိုင်သင့်ကြောင်း ပြောပြသောအခါတွင် မောင်စံလွန်က မိမိမှာ ဖြီးလိမ်းခြင်း၊ ခေါင်းဖြီးခြင်းစသော သေးနုပ်သည့်အလုပ်များကိုလုပ်ရန် အလိုမရှိကြောင်းနှင့် ပြန်ပြောလေ၏။ ကျောင်းမှ ထွက်ကာစအခါ၌ မောင်စံလွန်သည် သူတစ်ပါးနှင့်မတူသော အရေးအကျင့်များကို ဖြတ်ချခဲ့စေကာမူ သူတစ်ပါးနှင့်နှိုင်းစာလျှင် များစွာထူးခြားနေလျက်ပင် ရှိသေး၏။ တစ်ခေတ်က ပင်နီအင်္ကျီနှင့် ယောလုံချည်မှတစ်ပါး မည်သည့်အဝတ်အစားကိုမျှ မဝတ်ဘဲ နွေရောဆောင်းပါ နှစ်ပေါင်းအတန်ကြာဝတ်ခဲ့သေးရာ

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌မူ ၎င်းတို့ကို လက်လျှော့၍ ပလေကပ်လုံချည်နှင့် စပို့ရှပ်တို့ကို ဝတ်ဆင်စ ပြုလာခဲ့လေပြီ။

မောင်စံလွန်သည် လူလားမြောက်သောအရွယ်မှစ၍ မိမိသည် သူတစ်ပါးနှင့်မတူဘဲ ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟူသော အစွဲကပ်လျက်ရှိရာ တစ်နေ့နေ့၌ တစ်စုံတစ်ခု ဖြစ်ရဦးမည်ဟူ၍လည်း အမြဲမျှော်လင့်လျက်ရှိ၏။

တစ်ခါတစ်ရံ မောင်စံလွန်သည် လူသတ္တဝါဟူသမျှအပေါ်တွင် အလွန်ကြီးမားလှသော မေတ္တာစိတ်ကြီးရှိသည်ဆို၍ ၎င်းတို့ကို ကယ်တင်နိုင်စိမ့်သောငှာ အလုပ်တစ်ခုခုကို လုပ်ပြအံ့ဟု ကြုံးဝါးလေ့ရှိ၏။ ဘုရားမဖြစ်သေးမီ ပါရမီဖြည့်သောသဘောနှင့် ကြီးကြီးကျယ်ကျယ် တစ်စုံတစ်ခုကို လုပ်ပြမည်ဟု ကြုံးဝါးခဲ့သော်လည်း မည်သို့သောအလုပ်မျိုးဟူ၍ကား ၎င်းကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် လက္ခဏာ မရှိချေ။ တစ်ခါတစ်ရံတွင်လည်း မောင်စံလွန်သည် လူအားလုံးကို နှိမ့်ချမုန်းတီးသည်ဆို၍ ကြီးကျယ်သော ဒုစရိုက်မှုတစ်ခုခုကို ပြုလုပ်ခြင်းအားဖြင့် ကမ္ဘာလောကကြီးကို တုန်လှုပ်ချောက်ခြားသွားအောင် လုပ်ပြလိုက်မည်ဟု ကြုံးဝါးနေလေ၏။ သို့ဖြစ်သောကြောင့် မောင်စံလွန်သည် ၁၀ ပါးသီလကို ၁၀ ရက်တိတိ စောင့်ထိန်းသောနေ့ရက်များလည်းရှိ၍ ဘာကိုမျှမလုပ်ဘဲ ခုတင်ပေါ်၌ ပက်လက်လှန်ကာ စိတ်ကူးနေသော အချိန်ကာလမျိုးလည်း ရှိခဲ့၏။ မောင်စံလွန်မှာ စိတ်ကူးသမားတစ်ယောက်ဖြစ်သည့်အတိုင်း တစ်လောကလုံး အံ့သြလောက်သည့် အလုပ်ကြီးတစ်ခုကို ပြုလုပ်မည့်ဆဲဆဲ ရှိသည်တွင်မှ တစ်စုံတစ်ခုသော အနှောင့်အယှက်ကြောင့် အကြံပျက်သွားရလေဟန် တစ်ယောက်တည်း လက်ဖျားခါမတတ် ဖြစ်နေသောအချိန်အခါမျိုးလည်း ရှိ၏။

* * *

တစ်နေ့သ၌ ရှိမ်းမကားသို့ရောက်စဉ်က မောင်စံလွန်သည် မြစ်ကမ်းပါးတွင် လမ်းလျှောက်သွားစဉ် သူငယ်ကလေးတစ်ယောက် အဖော်များနှင့်အတူ ရေကစားနေကြရာမှ ရေစီးထဲသို့ မျောပါသွားသဖြင့် ကယ်ပါယူပါနှင့် ဝိုင်းဝန်းအော်ဟစ်သောအသံများကို ကြားရလေ၏။

ထိုအခါ မောင်စံလွန်သည် ရေနစ်အံ့ရှိသော သူငယ်ကို ကယ်ဆယ်လိုသောစိတ် ဖြစ်ပေါ်လာသည်နှင့် ကမ်းစပ်သို့ ပြေးဆင်းလာခဲ့ပြီးလျှင် ဝတ်ထားသော အင်္ကျီနှင့် ခြေထောက်၌ရှိသော ဖိနပ်များကို ချွတ်ပြီးမှ ခါးတောင်းကို မြှောင်အောင်ကျိုက်လေ၏။ ၎င်းနောက် ရေထဲသို့ ဆင်းလာ၍ ဒူးဆစ်ခန့်ရောက်သောအခါတွင် မည်သူ၏သားသမီးမှန်းမသိ၊ လူဆိုးဖြစ်မည်၊ လူကောင်းဖြစ်ချေမည်လည်း မသိဘဲ မိမိ၏အသက်ကို စွန့်စားကယ်လိုက်သည်ရှိသော် ဤအလုပ်ထက် ကြီးကျယ်မြင့်မြတ်သော အလုပ်များကို မလုပ်ဖြစ်ဘဲ ကျန်ရစ်မည့်အရေးကို တွေးတောမှုပန်သည့် လက္ခဏာနှင့် တန့်ရပ်လျက်ရှိလေ၏။



ထိုအတောအတွင်း ဖောင်ကြိုသမားတစ်ယောက်သည် ဖောင်ဦးတွင် အဝတ်ဖွပ်လျက်ရှိရာမှ ရေထဲသို့ခုန်ဆင်းပြီးလျှင် နစ်ကြမ်တိုင်တိုင် ငုတ်ချည်ပေါ်ချည်ဖြစ်နေသော ထိုသူငယ်ကလေး၏ ဦးစွန်းဖုတ်ကို ကိုင်ဆွဲကာ ဖောင်ဘက်ကူးလာ၍ ဖောင်ပေါ်သို့ ဆွဲတင်လိုက်လေ၏။ မောင်စံလွန်သည် ထိုအခြင်းအရာကို တွေ့မြင်လိုက်ရသည်နှင့် ကမ်းပေါ်သို့ပြန်တက်၍ ခါးတောင်းကျိုက်ကို ဖြုတ်ပြီးလျှင် မိမိ၏အဝတ်အစားများကို ပြန်၍ဝတ်ဆင်လေ၏။

မောင်စံလွန်အဖို့မှာ ကြီးကျယ်သောအလုပ်တစ်ခုကို လုပ်ပြမည်ဟု တကဲကဲ ပြင်ဆင်နေခဲ့သော်လည်း ထိုကဲ့သို့ လုပ်၍ပြနိုင်သော အခွင့်အရေးပေါ်ပေါက်သည်မရှိဘဲ မျှော်လင့်လျက်သာလျှင် နေခဲ့ရ၏။ ထိုအတောအတွင်း မောင်စံလွန်သည် သူတစ်ပါးမလုပ်သည့် အလုပ်မျိုးကို လုပ်ခြင်းအားဖြင့် မကြာခဏ ဒုက္ခရောက်လျက်ရှိ၏။

တစ်နေ့သ၌ "ဖြတ်သန်းသွားရန်လမ်းမဟုတ်"ဟူ၍ ဆိုင်းဘုတ်ဆွဲထားသော ဝင်းကြီးကို ဖြတ်ကျော်သဖြင့် ဒရဝမ်က ဆွဲထားရာတွင် မိမိကဲ့သို့သော လူတစ်ယောက်ကို ဆွဲရချေမည်လောဟု ဒေါဖောင်းလျက် ဒရဝမ်ကို လက်သီးနှင့် ထိုးမိသဖြင့် မိဘများက လျော်ကြေးပေး၍ ကျေအေးအောင် အတော်ပင်တောင်းပန်လိုက်ရ၏။ ထို့အပြင် ဘိုင်စကုပ်သို့သွားသောအခါ၌ ငါးမူးတန်းလက်မှတ်နှင့် တစ်ကျပ်တန်းသို့ဝင်ခြင်း၊ တတိယတန်းလက်မှတ်နှင့် ဒုတိယတန်းတွဲကို စီးခြင်းအစရှိသော ဖောက်ပြန်မှုကလေးများသည်လည်း မောင်စံလွန်နှင့် ၎င်း၏ အိမ်သားများအား မကြာခဏ ဒုက္ခပေးလျက်ရှိ၏။ ဘိုင်စကုပ်ကြည့်နေစဉ် မိမိကြိုက်သောကားကို အနီးရှိလူတစ်ယောက်က ပြောင်လှောင်ခဲ့လေလျှင်လည်း မောင်စံလွန်သည် ထိုသူနှင့်ရန်ဖြစ်ရန် အဆင်သင့်ရှိ၏။ စကားပြောသောအခါများ၌ မောင်စံလွန်သည် အသံကျယ်လောင်စွာနှင့် မြေကြီးကို ဖနှောင့်နှင့်ဆောင့်ကာ လက်များကို လှုပ်ယမ်းလျက် အားရပါးရပြောလေ့ရှိ၏။ ထိုသို့သော အပြုအမူများကြောင့် အချို့လူများက မောင်စံလွန်အား လူဆန်းတစ်ယောက်ဟု ပြောကြ၍ အများကမူ လူရူးတစ်ယောက်ဟု ဆိုကြ၏။

စင်စစ်သော်ကား ထိုလူများသည် မောင်စံလွန်ကို အကဲဖြတ်ရာတွင် တစ်ပိုင်းတစ်စမျှသာ မှန်၍ လုံးဝမှန်သည်ဟု မဆိုနိုင်ချေ။ အရင်းအမြစ်ကိုစင်သော်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် လောက၏ချီးမွမ်းခြင်းကို အလိုရှိ၍ မိမိ၌အစွမ်းသတ္တိနည်းပါးလျက် ကြီးကျယ်သော အလုပ်များကိုလုပ်လိုခြင်းမျှသာ ဖြစ်၏။ လူ့လောက၌ အရည်အချင်းရှိပါလျက် ကောင်းကောင်းစား၍ ကောင်းကောင်းဝတ်ပြီးလျှင် စည်းစိမ်နှင့်နေချင်သောသူများထံသို့ အရည်အချင်းရောက်နေ၍ သာမန်အရည်အချင်းရှိသူများ၌ အကြံကြီးအစည်ကြီးများ ရှိနေခြင်းသည်ကား ဤလောကကြီး၏ အလွဲလွဲအချော်ချော် မတော်တရော် ရှိနေခြင်းသူများအနက်တွင် တစ်ခုပေတည်း။

မောင်စံလွှန်ကို သိသူများသည် သူ့အကြောင်းကို စဉ်းစားမိသွားကာ ပြုံးမိကြ၏။ ဤသူငယ်သည် လူကောင်းတစ်ယောက်ဖြစ်၍ ဒုက္ခရောက်သူများကို တွေ့ရသည့်အခါ သနားကြင်နာတတ်သောစိတ်ရှိကြောင်းကို လူတိုင်းသိသဖြင့် ဤသည့်အတွက် သူ့အား မြတ်နိုးကြ၏။

မောင်စံလွှန်မှာ မဇတင်နှင့် ကျောင်းနေဖက်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ချစ်ကျွမ်းတဝင် ရှိခဲ့ကြရာ တစ်နေ့သ၌ မဇတင်ကို မရလျှင်သေရတော့မည်ဟူသောစိတ်အကြံသည် ၎င်း၏ဦးခေါင်းထဲသို့ ရုတ်တရက်ဝင်၍ စိတ်ကို အနှောင့်အယှက်ပြုလေ၏။

မိန်းကလေး၏မိဘများသည် သူငယ်ချင်းချင်းဖြစ်၍ လွတ်လပ်စွာ တွေ့ဆုံခွင့်ရရှိကြလေရာ တစ်နေ့သ၌ မောင်စံလွှန်က မဇတင်နှင့် အဖော်လုပ်ရလျှင် လောကတွင် ကြီးကျယ်သောလူကြီးတစ်ယောက်ဖြစ်လာဖို့ရှိပါသည်ဟု ဖွင့်ဟပြောလျက် တောင်းပန်တိုက်တွန်းပြီးလျှင် ထိုနေ့မှစ၍ အချိန်ကို အလဟဿ မဖြုန်းတီးတော့ဘဲ မိမိ၏တစ်သက်တာလုပ်ငန်းစဉ်ကို ရေးဆွဲပါတော့မည်ဟု အကြံပြုပြု၏။ မည်သည့်အလုပ်မျိုးကို လုပ်ရမည်ဟူ၍ကား မပိုင်းဖြတ်ရသေးချေ။ သို့သော် အချိန်တန်သောအခါ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်မိ၏။ ချစ်ကြိုက်လျက်ရှိသောသူတို့၏ သဘာဝအတိုင်း ရှေ့လမ်းစဉ်ကို မျှော်ကြည့်လိုက်သောအခါတွင် တပြောင်ပြောင် တဝင်းဝင်းအရောင်လင်းလျက် ရှိသည်ကိုသာ မြင်မိလေတော့၏။

မဇတင်ကမူ မောင်စံလွှန်ပြောသောစကားကို နားမဝင်ခဲ့ချေ။ နှစ်ယောက်အတူနေရလျှင် ကြီးပွားလိမ့်မည်ဆိုသော်လည်း မဇတင်မြင်သမျှမှာ မောင်စံလွှန်သည် စိတ်ကူးသမားလူပျင်းတစ်ယောက်သက်သက်ဖြစ်၍ အပြောနှင့်သာ လွှမ်းနေသည်ဟု အောက်မေ့၏။ မိခင်ပြောဖူးသည့်စကားအတိုင်း မောင်စံလွှန်သည် လူကောင်းကလေးတစ်ယောက် ဖြစ်သော်လည်း ဘဝင်မြင့်၍ စိတ်ကူးယဉ်ဝင်နေသည်ဟု ယုံကြည်၏။ မဇတင်သည် မောင်စံလွှန်၏ ကောင်းသောအခြင်းအရာများကို မြင်သော်လည်း ချစ်ကြိုက်သောစိတ် မဖြစ်ပေါ်ခဲ့ချေ။ မောင်စံလွှန်က



မဇတင်အား အကြိမ်ကြိမ်တောင်းပန်တိုက်တွန်းခြင်းများအနက် နောက်ဆုံးတစ်ကြိမ်ကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးလေပြီ။

အိမ်သို့ပြန်ရောက်သောအခါ နှမကလေး၏မျက်နှာကို မြင်လိုက်သော်လည်း အကြောင်းထူးလှသည်မထင်သဖြင့် အမှတ်တမဲ့နေလိုက်မိလေရာ မောင်စံလွှန်သည် အိမ်ကြီးကို ကျော်လွှန်၍ ခြံထောင့်၌ရှိသော ၎င်းတဲကလေးဆီသို့ လျှောက်သွားလေ၏။ တဲကလေးအတွင်းသို့ ရောက်သွားသောအခါ မောင်စံလွှန်သည် ကျဉ်းမြောင်းလှသော တဲကလေးရှေ့ဆောင်၌ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ရင်း ဆက်လက်၍အကြံထုတ်နေပြန်သော်လည်း အိမ်သားများက မိမိတို့အလုပ်နှင့်မိမိတို့ နေကြသဖြင့် ဂရုမစိုက်ကြချေ။

မောင်စံလွှန်၏ အကြံမှာကား လောကကြီးမှ စွန့်ခွာထွက်သွားရန် ဖြစ်လေရာ လူ့ဘောင်ကိုစွန့်လွှတ်၍ ရဟန်းဘောင်သို့ ကူးရလျှင် တော်လောက်ပြီလော၊ သို့တည်းမဟုတ် မိမိ၏အသက်ကို အဆုံးစီရင်၍ လောကမှ တစ်ခါတည်း ထွက်သွားရချေမည်လော၊ မည်သည့်အပြုအမူသည် ပို၍လောကကြီးကို တုန်လှုပ်ချောက်ခြားခြင်းဖြစ်စေနိုင်သနည်းဟူသော အခြင်းအရာကိုသာလျှင် ရွေးချယ်နေခြင်း ဖြစ်လေသည်။

အသက်ရှင်လျက်ရှိစဉ် တုန်လှုပ်ချောက်ခြားအောင် မတတ်နိုင်ခဲ့လျှင် အသက်ပေး၍ တုန်လှုပ်အောင် လုပ်ချေအံ့ဟု ဆုံးဖြတ်လိုက်၏။ မိမိ၏အရည်အချင်းကို မြတ်နိုးခြင်းမရှိသော မဇတင်သည်လည်း သေသောအခါမှ နှမြောတသလျက် ကျန်ရစ်စေမည်ဟု ကြုံးဝါးလိုက်သေး၏။ နောက်ဆုံး၌ မောင်စံလွှန်သည် တဲထောင့်တွင် ကပ်၍ရိုက်ထားသော ဖျဉ်ပြားစားပွဲကလေး၌ထိုင်လျက် အောက်ပါစာကို စီကုံးရေးသားလေ၏။

*   *   *

မှာထားခဲ့သည် နှမတင်တင်

လွှန်လွှန် မရှိတော့ဘူးဟူသော သတင်းကို တင်တင်ကြားသိရသောအခါ ငယ်ပေါင်းကြီးဖော်ဟူ၍ စိတ်ဆင်းရဲခြင်းမဖြစ်ဘဲ ပြုံးပြုံးကလေး နေနိုင်လိမ့်မည်ဟု မျှော်လင့်ပါ၏။ နေလည်း နေလိမ့်မည်ဟု ယုံကြည်ပါ၏။ ဤစာကိုရေးသားလျက်ရှိသေးသော လက်ကလေးသည် ယခုလှုပ်ရှားလျက်ရှိသေးသော်လည်း မကြာမီအတွင်း ရပ်စဲသွားပေတော့မည်။ ဆက်လက်၍အသက်ရှင်စေနိုင်သောသူမှာ တင်တင်တစ်ယောက်သာရှိပါသော်လည်း တင်တင်ကထိုကဲ့သို့ဖြစ်စေဖို့ အလို

www.burmeseclassic.com

www.burmeseclassic.com



မရှိသည့်အတွက်ကြောင့် သွားရပါတော့မည်။ ဤရွာ၌လည်းကောင်း၊ ဤနယ်၌လည်းကောင်း လွန်လွန်၏စိတ်ကူးအကြံအစည်များကို ရိပ်မိနားလည်သူတစ်ဦးတစ်ယောက်မျှ မရှိပါ။ ခင်မင်သူများက ခင်မင်ကြသော်လည်း ၎င်းတို့သည် လွန်လွန်၏အပေါ်ယံ အရည်အချင်းလောက်ကိုသာသိကြ၍ အတွင်းသဘောကို နှိုက်နှိုက်ချွတ်ချွတ် မသိကြပါ။

ပထမ၌ လွန်လွန့်အကြောင်းကို တင်တင် နားလည်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ယခုမှတင်တင်လည်း နားမလည်ကြောင်း သိရပါပြီ။ သူများနည်းတူ အပေါ်ယံမျှလောက်ကိုသာ ကြည့်တတ်သောမိန်းကလေးတစ်ယောက်ဖြစ်သည်ကို သိရပါပြီ။ လူ့လောကကြီးတစ်ခုလုံးသည် အိပ်ကာစားကာ၊ ရယ်ကာမောကာနှင့်သာ အချိန်ဖြုန်းနေကြပေရာ ဘာမျှစိတ်ကူးလည်းမရှိ၊ စိတ်ကူးရှိသူများအကြောင်းကိုလည်း သူတို့နားမလည်ကြပါ။ ဤသို့သော လောကကြီး၌ နေလိုသော်လည်း အချည်းနှီးမျှသာ ရှိတော့သည်။ တင်တင့်အပေါ်ရှိသော လွန်လွန့်မေတ္တာမှာ သာမန်တို့၏ မေတ္တာမျိုးမဟုတ်၊ တစ်လောကမှ တစ်ယောက်၊ တစ်ကမ္ဘာမှတစ်ကြိမ် ဖြစ်ပေါ်ခဲလှသော မေတ္တာစိတ်မျိုးဖြစ်သည်။ သို့သော် တင်တင် ဤအကြောင်းကို သိလည်း မသိ၊ တန်ဖိုးလည်း မထားခဲ့ချေ။ လွန်လွန်ကို တစ်ခါတစ်ရံ သတိရလျှင် ဤစာကလေးနှင့်ပင် အလွမ်းဖြေရစ်ပေတော့။ ဤစာကို တင်တင်ရရှိသောအချိန်တွင် လွန်လွန်မှာ ဤလောက၌ ရှိတော့မည် မဟုတ်ချေ။

"နေရစ်ပေတော့ တင်တင်"

"ရယ်ကာမောကာ နေနိုင်ပါစေသတည်း"

**သွားလေသူ–လွန်လွန်**

တစ်ဖက်ပါစာကို ရေးသားပြီးနောက် မောင်စံလွန်သည်စာကို လေးငါးရစ်ခေါက်မျှ အထပ်ထပ်ဖတ်ရှု၍ လေးနက်သည်ထက်လေးနက်စေရန် စကားလုံးများကို ပြင်ဆင်ပေသေး၏။ ဤစာကို တင်တင်ဖတ်ရှုသည့်အခါ ရင်ကွဲနာကျမတတ် ဝမ်းနည်းသွားလောက်သည်ဟု ကျေနပ်သည်တွင်မှ မောင်စံလွန်သည် မိခင်နှင့် နှမများထံ အောက်ပါစာတစ်စောင်ကို စီကုံးပြန်လေ၏။

**မွေးသမိခင်နှင့် နှမလေးထံ**

မိခင်တို့ကို ဖွင့်ဟတိုင်ပင်သော်လည်း နားလည်နိုင်မည့်ကိစ္စမဟုတ်သောကြောင့် မတိုင်မပင် ထင်ရာလုပ်သည်ဆို၍ အပြစ်မတင်ရစ်ကြပါနှင့်တော့။ ကျွန်တော်က ချစ်ခင်ကြင်နာခြင်းကား အမှန်ဖြစ်ပါသည်။ မိခင်တို့ကလည်း ကျွန်တော့်ကို ချစ်ခင်ကြင်နာကြောင်း ကျွန်တော်သိပါ၍ ကျွန်တော့်အကြောင်းသိရသည့်အခါ ဝမ်းနည်းမိပါသည်။ သို့သော် လောကကြီးမှာ ၅၂၈ သွယ်သောမေတ္တာနှင့် မလုံ



လောက်၊ ၁၅၀၀ ပြည့်မှသာ ကျေနပ်နိုင်မည်ဖြစ်ရာ ကျွန်တော့်မှာ ဖူးစာဖက်မရှိသောကြောင့် နေထိုင်သော်လည်း အချည်းနှီးမျှဖြစ်ရပါတော့မည်။ နှမလေးမှာ မောင်ကြီးမရှိသည့်အတွက် အမွေပို၍ရလိမ့်မည်ဟု ဖြေဆည်ရစ်ပေတော့။

ဤစာကို မိခင်တို့ရရှိသောအချိန်တွင် သားတော်မောင်မှာ လူ့ပြည်၌ ရှိတော့မည် မဟုတ်ပါ။ ကန်တော့ခဲ့ပါသည် မွေးသမိခင်ကြီးခင်ဗျား...။

**စံလွန်**

ထိုစာကိုလည်း သုံးခေါက်ဖတ်ပြီးမှ မောင်စံလွန်သည် သူငယ်ချင်း မိတ်ဆွေများထံ စာများကိုရေးသားလေရာ ၎င်းတို့မှာ အောက်ပါအဓိပ္ပာယ်အတိုင်း ဆင်တူယိုးမှားများသာ ဖြစ်လေသည်။

**သူငယ်ချင်း**

ဤစာကို လက်ခံရရှိသောအချိန်တွင် သူငယ်ချင်းမောင်စံလွန်မှာ လူ့ပြည်၌မရှိတော့ပြီဟု မှတ်ရစ်တော့။ အချည်းနှီးအလုပ်မျိုးနှင့် အချည်းနှီးနေထိုင်ရန် အလိုမရှိသောကြောင့် သွားတော့မည်သူငယ်ချင်း။

**စံလွန်**

မောင်စံလွန်သည် အထက်ပါစာအတိုင်း လေးငါးစောင်ရေးသားပြီးနောက် စာအိတ်များတွင် ထည့်၍ လိပ်တပ်လေရာ ၎င်း၏မျက်နှာမှာ ချွေးများဒီးဒီးဖြန်လျက်ရှိ၏။ သေရေးနေရေးအကြောင်း ရေးသားနေသော လူတစ်ယောက်သည် ချွေးသုတ်ရန်မျှလောက်ကို ဂရုစိုက်မနေနိုင်ချေ။

ထို့နောက် မောင်စံလွန်သည် စာများကို အိတ်တွင်ထည့်လျက် ဝါးတုတ်ကလေးကိုကောက်ယူ၍ ဝက်လက်ဘူတာသို့ လျှောက်သွားပြီးလျှင် စာတိုက်မှခေါင်းများ ဝယ်ယူကပ်ပြီးမှ စာပုံးထဲသို့ ထည့်ခဲ့လေ၏။ စာများမှာ နောက်တစ်နေ့နံနက်တွင် လိပ်တပ်ထားသည့်အတိုင်း အသီးသီးလက်ဝယ်သို့ ရောက်ကြမည်ဖြစ်လေသည်။

ညစာ စားပြီးနောက် မောင်စံလွန်သည် မိမိ၏တဲကလေးသို့ဝင်သွား၍ တံခါးကို လုံခြုံစွာပိတ်ထားပြီးမှ ရွက်ဖျင်ကုလားထိုင်ကလေးပေါ်၌ထိုင်ကာ စဉ်းစားစိတ်ကူးနေပြန်လေ၏။ စဉ်းစားခြင်းကား မိမိ၏အသက်ကို မည်သည့်နည်းနှင့်အဆုံးစီရင်ရမည်နည်းဟူသော အချက်ပင်ဖြစ်လေသည်။ စီရင်ရန်မှာ နှစ်နည်းဖြစ်၍ ဓားမြှောင်လည်း အသင့်ရှိ၏။ ကြိုးတစ်ချောင်းလည်း အသင့်ယူထားလေပြီ။

ကြိုးဆွဲချသေခဲ့သော် လည်ပင်းအစ်၍ အခံရခက်သောဝေဒနာကို ကြောက်ရွံ့၏။ သေရမည်ကို မကြောက်သော်လည်း လည်ပင်းအစ်ရသည့်အရေးကို ကားတွေး၍လန့်နေ၏။ သို့ဖြစ်၍ ညနေကတည်းက အထူးထက်မြက်အောင် သွေး

www.burmeseclassic.com

www.burmeseclassic.com



အားသောခါးမြောင်ကို ထုတ်ယူ၍ မောင်စံလွန်သည် ဓားသွားကို လက်ဖြင့်စမ်းသပ်ကြည့်ရာ ချွန်မြလျက်ရှိသည်ကို တွေ့ရသဖြင့် ရင်ဝသို့ တစ်ချက်တည်း ထိုးပစ်လိုက်လျှင် သေနိုင်လောက်သည်ဟု အောက်မေ့သည်နှင့် ဓားနှင့်ပင်သေပါတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထိုးသောအခါ၌ လက်ကိုမည်မျှလောက်ဆန့်၍ မည်ကဲ့သို့ ထိုးလိုက်လျှင် သေလောက်သည်ဟူ၍ပင် နှစ်ကြိမ်သုံးကြိမ် ချိန်ရွယ်စမ်းသပ်ကြည့်သေး၏။ သို့ဖြစ်၍ သေနိုင်သောအချိန်တွင် သေနိုင်ပြီဟု စိတ်ချလက်ချ နေနိုင်သည့်ပြင် တစ်ညလုံး အချိန်ရှိနေသောကြောင့် ကတိုက်ကရိုက် လုပ်ဖို့မလိုဟု အောက်မေ့လျက် ဓားမြောင်ကို စားပွဲပေါ်၌ လက်တစ်ကမ်းအတွင်း တင်ထားပြီးမှ ပက်လက်ကုလားထိုင်ပေါ်တွင်တင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို စိတ်ကူးနေလေ၏။

စာပို့သောကုလားမှာ နံနက်စောစောအချိန်တွင်မှ လာမည်ဖြစ်သောကြောင့် ထိုအတောအတွင်း လုပ်ချင်သည်ကို လုပ်၍ စိတ်ကူးချင်သည်ကို စိတ်ကူးနိုင်သည့်အချိန်ရှိသေးသည်ဟု အောက်မေ့ကာ ဆေးပေါ့လိပ်ကြီး တဖွားဖွားနှင့် ခဲ့စားနေလေ၏။

မောင်စံလွန်သည် မိမိအသက်ကို ပြန်လည်ဆင်ခြင်သည့်အခါတွင် မိုက်မဲသောအပြုအမူကလေးများကို တွေ့ရသော်လည်း အတွင်းစိတ်ထားမှာ အခါခပ်သိမ်းကြီးရင့်မြင့်မြတ်သည် ဟူ၍သာလျှင် မိမိကိုယ်ကို မိမိမြင်မိလေ၏။

ဤနည်းအားဖြင့် မှတ်မိသောအရွယ်မှစ၍ ကျောင်းသားအရွယ်သို့တိုင်အောင် လည်းကောင်း၊ ကျောင်း၌နေစဉ်က အပေါင်းအသင်း သူငယ်ချင်းများနှင့် ဖြစ်ပျက် ခဲ့သော အခြင်းအရာများကိုလည်းကောင်း အသေးစိတ်၍ တစ်ခုစီတစ်ခုစီ ပေါ်လာသည့်တိုင်အောင် စိတ်ကူးနေလေရာ သန်းခေါင်ကျော်လတ်သော် အိပ်ချိန်တွင် မအိပ်ရဘဲ နိုးနေသောသူတို့ ထုံးစံအတိုင်း အစာကြေပျက်၍ ဆာလောင်မွတ်သိပ်လာလေ၏။

မောင်စံလွန်သည် မကြာမီကာလတွင် သေတော့မည်ဖြစ်၍ ဆာလောင်ခြင်းမျှလောက်ကို အရေးမလုပ်ဟုအောက်မေ့သော်လည်း ကြာလေဆာလေ ဖြစ်နေသောကြောင့် ဝမ်းတောင့်တောင့်ကလေး သေရလျှင် ကောင်းလိမ့်မည်ဆိုကာ ကြွက်လျှောက်ပေါ်၌ တင်ထားသော ပေါင်မုန့်ခြောက်ဘူးကို ထ၍ယူလေ၏။

သံဘူးမှာ မပွင့်တပွင့်ရှိနေရကား ကြွက်တစ်ကောင်သည် သံဘူးထဲသို့ ဝင်၍ မုန့်ခြောက်ကို စားလျက်ရှိရာမှ မောင်စံလွန်ချဉ်းကပ်လာသဖြင့် ရုတ်တရက်လန့်ကာ ခုန်တက်လိုက်သည်တွင် မောင်စံလွန်လည်း "အလိုလေးဗျ" ဆို၍ နောက်သို့ခုန်ရှောင်လိုက်လေ၏။ သေရမည်ကို မကြောက်ဟုဆိုပါလျက် ကြွက်မျှလောက်



ကို ကြောက်ရှာလေသလောဟု မေးဖွယ်ရှိပေရာ စင်စစ်မှာ သေခြင်းအကြောင်းကို စဉ်းစားစိတ်ကူးနေသူတို့၏ ထုံးစံအတိုင်း အလွန်တရာ 'ကြွပ်'လျက်ရှိသောကြောင့် ထစ်ခနဲဆိုလျှင် လန့်ဖျပ်သွားတတ်ခြင်းမျှသာ ဖြစ်လေသည်။

မောင်စံလွန်သည် ထိုကဲ့သို့ လန့်ဖျပ်မိခြင်းအတွက် မိမိကိုယ်ကို မကျေနပ်နိုင်ဘဲ မျက်မှောင်ကြုတ်လျက် မုန့်ဘူးကိုယူပြီးလျှင် စားပွဲပေါ်တွင်တင်၍ ရေတစ်ခွက်ကိုလည်း ယူထားလေ၏။ ၎င်းနောက် ကုလားထိုင်ပေါ်၌ထိုင်ကာ မုန့်ခြောက်ဘူးကို တစ်ခုချင်း လှမ်းယူစားသောက်ရင်း ရေကိုလည်း တစ်ကျိုက်ချင်း သောက်ချလေ၏။

ထိုအတောအတွင်း မောင်စံလွန်၏စိတ်သည် ရပ်နားခြင်းမရှိဘဲ ဆက်လက်စိတ်ကူးလျက်ပင် ရှိလေရာ ရှေးဟောင်းနှောင်းဖြစ်များသည် တစ်ခုပြီးတစ်ခု ဘိုင်စကုပ်ရုပ်ရှင်ကဲ့သို့ ၎င်း၏မျက်စိထဲတွင် ပေါ်ပေါက်လာလျက်ရှိလေ၏။

* * *

ဆွမ်းခံပြန်ချိန်လောက်တွင် မောင်စံလွန်တို့၏ ဝင်းခြံရှေ့၌ လူများသည် ကြွက်စီကြွက်စီနှင့် စုရုံးလျက်ရှိကြလေရာ ၎င်းတို့မှာ မောင်စံလွန်စာကို ရရှိသဖြင့် အလန့်တကြား လာရောက်ကြသည့် မောင်စံလွန်၏ သူငယ်ချင်းများနှင့် ရွာသူကြီးအပြင် မဇေတင်လည်း ပါလာလေ၏။ မောင်စံလွန်တို့၏ နေအိမ်မှာမှု အောင်ကျသောကြောင့် စာပို့ကုလားသည် ၎င်းနေရာသို့ မရောက်သေးဘဲ အခြားစာများကိုသာပေးရသေး၍ ၎င်း၏မိခင်တို့ကား စာကိုမရသေးချေ။ ထိုအချိန်တွင်မှ စာပို့ကုလားရောက်လာ၍ မိခင်အား စာတစ်စောင်ကိုပေးသဖြင့် ဖွင့်ဖတ်ပြီးလျှင် လူအားလုံးအုတ်အုတ်ကျက်ကျက်ဖြစ်သွားကြလေ၏။

နောက်ဆုံး၌ ရွာသူကြီးက ရှေ့ဆုံးမှ ခေါင်းဆောင်လျက် မဇေတင်နှင့်တကွ လူအားလုံးတို့သည် မောင်စံလွန်၏ တဲကလေးဆီသို့ စုရုံးရောက်ကြလေရာ ရွာသူကြီးသည် ပိတ်ထားသောတံခါးကို ပေါက်ဆိန်နှင့်ပေါက်ဖွင့်ရန် အမိန့်ပေးလေ၏။ မဇေတင်မှာမူ မောင်စံလွန်၏နမကလေးနှင့်ဖက်လျက် နောက်ဆုံး၌ ကျန်ရစ်ကြလေရာ မိခင်မူကား တက်သွားသဖြင့် အချို့က ဝိုင်းနှိပ်ပေးနေကြရလေ၏။

ထရံတံခါးကို ပေါက်ဆိန်နှင့်ပေါက်ဖွင့်၍ ပွင့်သွားသည်နှင့်တစ်ပြိုင်နက် လူများသည် တဲအတွင်းသို့ စုပြုံဝင်သွားကြလေရာ အချို့လူများသည် တံထောင့်ကို ရှေးဦးစွာ လှမ်းကြည့်မိကြလေ၏။ ရှေ့ဆုံးမှလူများသည် ပက်လက်ကုလားထိုင်ဆီသွား၍ ချဉ်းကပ်ကြည့်ရှုကြသည်တွင် ထူးဆန်းသောအခြင်းအရာကို ဆွေ့မြင်ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကား ထူးဆန်းလှသည်မဟုတ်၊ ၎င်းတို့ တွေးထင်ချက်နှင့် မကိုက်သောကြောင့်သာလျှင် ထူးဆန်းသည်ဟု ခေါ်ဆိုရခြင်းဖြစ်လေသည်။ စားပွဲပေါ်၌ မုန့်ခြောက်ဘူးနှင့် ရေခွက်အနီးတွင် ဓားမြှောင်တစ်လက် တင်လျက်ရှိလေရာ၊ ၎င်းတို့အနီး၌ မောင်စံလွှန်၏ ခြေထောက်ကြီးသည် မိုးမျှော်ကာ ကုလားထိုင်ပေါ်မှ လှမ်းတက်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ရွာသူကြီးလည်း မရေရာသော မျက်နှာထားနှင့် မောင်စံလွှန်၏မျက်နှာအနီးသို့ ကပ်ကာသေချာစွာ ကြည့်ပြီးမှ–

"ဟေ့ မောင်စံလွှန်"

ဟု ခေါ်လိုက်ရာ မောင်စံလွှန်သည် မျက်လုံးများကို ပွတ်ပြီးမှ ဖွင့်ကြည့်လိုက်သောအခါတွင် လူစုပရိသတ်ကို မြင်သဖြင့် အံ့သြသောမျက်နှာထားနှင့် ကုလားထိုင်မှ ရုတ်တရက်ခုန်ထလိုက်လေ၏။ ထို့နောက်မှ...

"ဘာလုပ်ကြတာလဲဗျ ခင်ဗျားတို့"

"တော်သကွာ သူက ကောက်မေးလိုက်ချေသေး။ နေပါဦး ဖိုးစံလွှန်ရဲ့ မင်းက လူတွေကို အရှုးလုပ်တာလားကွ ဟင်" ဟု သူကြီးက မေးလိုက်လေ၏။

"ကျုပ် ဘာလုပ်လို့တုံးဗျ"

"မင်းက ကိုယ့်ကိုယ်ကို သတ်သေတော့မလို့ လုပ်ပြီး စာတွေဘာတွေ ရေးလို့ ဘာလုပ်တာလဲ၊ ကလေးကစားစရာ အောက်မေ့သလား မင်းက"

ထိုအခါမှ မောင်စံလွှန်သည် မိမိ၏အဖြစ်အပျက်များကို သတိရလာ၍

"သြော် ဟုတ်သားပဲ။ ဒီလိုပါခင်ဗျာ ကျုပ်က ဟိုဟာ ဟိုဒင်း စိတ်ညစ်တာနဲ့"

"အေး ဒီလို မင်းကျုပ်ကျုပ်လုပ်၊ တော်တော်ကြာတော့ ထောင်ထဲရောက်သွားမယ် နားလည်လား"

ထိုကဲ့သို့ ကြိမ်းမောင်းရေရွတ်ပြီးနောက် သူကြီးနှင့် ရွာသားတို့သည် အခန်းတွင်းမှ ထွက်ခွာသွားကြလေရာ မောင်စံလွှန်အပါးတွင် သူ့မိခင်၊ သူ့နှမနှင့် မဓေတင်တို့သာ ကျန်ခဲ့ကြလေ၏။

"ကောင်းသေးရဲ့လား မင်းလုပ်ပုံတွေကြောင့် တို့တစ်တွေ အရှက်ကွဲကြပါပကော"

မောင်စံလွှန်မိခင်သည်မျက်ရည်စက်လက်နှင့် ရှိုက်ကာငင်ကာ ပြောလိုက်လေရာ၊ မောင်စံလွှန်သည် ဇက်ကျိုးနေသူပမာ ခေါင်းမဖော်ဘဲထားရာမှ မိခင်အား တစ်လှည့်၊ နှမဖြစ်သူနှင့် မဓေတင်အား တစ်လှည့် မော်၍ကြည့်လိုက်လေ၏။ မောင်စံလွှန်သည် ဖြုန်းခနဲထလိုက်ရာ စားပွဲပေါ်ရှိဓားမြှောင်ကို ကောက်ယူ



လိုက်ကာ သူ့ရင်ဝကို ချိန်လိုက်လေ၏။ သို့သော် မောင်စံလွှန်သည် သူ့ကိုယ်သူ မထိုးဖြစ်ခဲ့ချေ။ နှမဖြစ်သူနှင့် မဓေတင်တို့၏ လက်မြန်မှုကြောင့်သာ သီသီကလေး လွဲသွားလေ၏။

"ဘာလို့ဆွဲထားရတာလဲ တင်တင်၊ ကျုပ်ကိုမချစ်နိုင်ရင် ကျုပ်သေမှာကိုလည်း မစိုးရိမ်ပါနဲ့တော့ ဖယ်... ဖယ်ကြ"

မောင်စံလွှန်သည် တကယ်ပင် ဝမ်းနည်းကြေကွဲသံကြီးနှင့် ပြောလိုက်ရာ မိန်းမသားမျှသာဖြစ်သော မဓေတင်မှာ ကရုဏာမသက်ဘဲ မနေနိုင်တော့ရကား တားဆီးမရသော စေတသိက်တို့သည် မောင်စံလွှန်အပေါ်တွင် ယိုဖိတ်လာပြီးနောက် များမကြာမီ မောင်စံလွှန်သည် မရွှယ်ဘဲနှင့် စော်ကဲမင်းဖြစ်သွားလေသတည်း။

■

www.burmeseclassic.com

# လူအဝတ် တောင်းအကွပ်

ရွှေဘိုဒိစတြိတ် ဘုူးကြီးကုန်းရွာကလေးမှာ အိမ်ခြေတစ်ရာခန့်ရှိ၍ မီးရထားလမ်းနှင့်လည်းမနီး၊ လမ်းကြီးလမ်းကောင်းများနှင့်လည်း ကွာလှမ်းသည့်အပြင် အရပ်လေးမျက်နှာတို့၌ အနီးဆုံးရွာမှာ ခရီးငါးမိုင်ကျော်ကွာလှမ်းသည်ဖြစ်၍ 'မန်းမနီး ရေဝေး'ဆိုလောက်အောင် အလွန်တရာ ချောင်ကျသောရွာကလေးဖြစ်ပေ၏။ ရွာသူရွာသားများမှာ ၎င်းနယ်ထုံးစံအတိုင်း တောင်သူဘာဝလုပ်ကိုင်စားသောက်ကြ၍ အချို့မှာလည်း ရွာပတ်ဝန်းကျင်၌ရှိသော ထန်းတောကြီးမှ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်ချက်သော အလုပ်ဖြင့်အသက်မွေးကြ၏။ မဆိုးအလုပ်မျိုးကို ဝါသနာပါသော အချို့လူများသည်လည်း မိုးဦးကျစအချိန်တွင် ယုန်လိုက်ခြင်း၊ ချိုးထောင်ခြင်း၊ စာထောင်ခြင်းစသည်ဖြင့် လုပ်တတ်ကြ၍ ရသမျှသော 'အကောင်ပလောင်'များကို ရွှေဘိုဈေးသို့သွား၍ ရောင်းချကာ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ပဲ စသော မီးဖိုချောင်ကိရိယာများကို ဝယ်ယူ၍ 'လင်တစ်ထမ်းမယားတစ်ရွက်' စသည်ဖြင့် ကိုယ်တိုင်ထမ်းရွက်ကာ ပြန်လာကြလေ၏။

တောသူတောင်သားတို့မည်သည်မှာ မဂ္ဂဇင်း၊ သတင်းစာဖတ်ရှုသူနည်းပါးသဖြင့် ဗဟုသုတနည်းပါးသည် ဆိုစေကာမူ အခြားသောရွာသားများမှာ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံခြင်း ရှိသေးသဖြင့် ယုတ်စွအဆုံးအားဖြင့် ဈေးစကား၊ လက်ဖက်ရည်ဆိုင်စကား၊ အကြော်ဆိုင်စကား စသည်ဖြင့် အနည်းအများ ကြားရသေး၏။ ဘုူးကြီးကုန်းရွာသားများမှုကား တစ်ခါတစ်ရံ ရွှေဘိုမြို့သို့ ချိုးခါရောင်း၍ ဆီပဲဝယ်ရန်သွားသူများမှတစ်ပါး အခြားဒေသများနှင့် ဆက်ဆံခြင်းနည်းပါးလှသည်ဖြစ်သောကြောင့် လွန်ခဲ့သော စစ်အတွင်းက မန္တလေး–ကသာ



တို့ကျပြီး၍ မိမိတို့နယ်သို့ ဂျပန်များဝင်လာခြင်းကိုမူ ဂျာမနီလိုလို၊ အီတလီလိုလို မှတ်ထင်နေကြသူများ ရှိနေသေး၏။

ဘုူးကြီးကုန်းရွာမြောက်တံခါးအနီးတွင် တဲကုပ်ကလေးတစ်ခု၌ ဘိုးသာဂေါင်နှင့် မြေးကလေးမနီတွတ်တို့သည် လယ်မြေကိုယ်ပိုင်မရှိသဖြင့် မြေငှားချ၍စားရန်လည်း မတတ်နိုင်၊ သူတစ်ပါး၏ လယ်မြေများကို အငှားလုပ်ရန်လည်း အဘိုးကြီးအိုခါးကုန်းကုန်းနှင့် မြေးကလေးမတောက်တခေါက်မျှသာဖြစ်သောကြောင့် မတတ်နိုင်သဖြင့် ထမင်းဟင်းကို အလျှဉ်မမီအောင် ခဲယဉ်းစွာရှာကြံစားသောက်ကြရ၏။ သို့ရာတွင် မြေးအဘိုးနှစ်ယောက်တည်းမျှသာ ရှိနေကြစေကာမူ ဦးသာဂေါင်သည် သူတစ်ပါးကို မှီခိုကပ်ရပ်ချင်သော ဝါသနာမရှိသည်ဖြစ်၍ အိမ်နီးချင်းများထံမှ တစ်ပြည်တစ်ခွက် ချေးငှားဖူးသည်မရှိ၊ အလှူမင်္ဂလာဆောင်ရှိ၍မျှ တောရွာထုံးစံအတိုင်း တစ်အိမ်လုံးလိုက်၍ စားခြင်းမရှိဘဲ ဦးသာဂေါင်လိုက်လျှင် မနီတွတ်သည် တလမယ်ဝင်အိုးကလေးနှင့် တစ်ယောက်တည်းချက်စားတတ်လေသည်။

ကျွန်ုပ်တို့ရေးသားဖော်ပြမည့်အချိန်အခါမှာ ဂျပန်လက်ထက်ကဖြစ်၍ မနီတွတ်မှာ အမှန်အားဖြင့် အသက် ၂၀ နီးပြီဖြစ်သော်လည်း အခြားသောမိန်းမလေးများကဲ့သို့ အလှအပပြင်ဆင်လိုသော စိတ်လည်းမရှိ၊ လုံချည်တစ်ထည်အပြင်နှစ်ထည် လဲလှယ်စရာလည်းမရှိ၊ လယ်ရက်ရှုံလုံချည်နှင့် တလိုင်းပေါက်ဖျင်ကြမ်းလက်တိုကလေးဖြင့် ဒေါင်းတည်မောင်းတည်နေလေ့ရှိရကား မိန်းကလေးများကသော်လည်းကောင်း၊ ကာလသားလူပျိုကလေးများကသော်လည်းကောင်း မနီတွတ်အား အပျိုစာရင်းပင် မသွင်းကြချေ။ မနီတွတ်သည် သနပ်ခါးမတင်ဖူးသော မျက်နှာဖြင့် ဆီမတွေ့ဖူးသော ဆံပင်ကို ရှုံစည်းကြိုးဖြင့် စည်းကာ၊ လေထဲ၌တလူလူရှိနေသဖြင့် ဓာတ်မသိသူများက အရူးမလေးပေလောဟု မှတ်ထင်လောက်သော်လည်း စေ့စေ့ကြည့်ခဲ့လျှင် မျက်ခုံးမျက်လုံးနှင့် သွားတို့၏ကောင်းခြင်းကို မြင်နိုင်သည်ဖြစ်၍ လူအများက မထိမဲ့မြင်ပြုကြသလောက် အရုပ်ဆိုးသူတစ်ယောက်မဟုတ်သည့်ပြင် ပြုတတ်ပြင်တတ်သူဖြစ်ပါက ထိုရွာ၌ ၎င်းကိုမီသည့်မိန်းကလေးပင် ရှိမည်မဟုတ်ချေ။ သို့ရာတွင် မနီတွတ်၏ ရုပ်အဆင်းမှာ နီတွတ်သောဆံပင်နှင့် ယောက်ျားကြီးသဖွယ် ကြမ်းတမ်းသောအမူအရာတို့ဖြင့် ဖုံးလွှမ်းထားသည်ဖြစ်သောကြောင့် မနီတွတ်အား တစ်ကြိမ်အပြင် နှစ်ကြိမ်လှည့်ကြည့်သူဟူ၍ပင် မရှိချေ။ မနီတွတ်ဆိုသောအမည်မှာလည်း ၎င်း၏ဆံပင်ရောင်မှ မှည့်ခေါ်ထားခြင်းဖြစ်ပေရာ ရွာသူရွာသားများသည် မျက်နှာငယ်သောသားသမီးဖြစ်သည့်အလျောက် မနီတွတ်ဟူ၍ပင်မခေါ်ကြဘဲ တစ်ရွာလုံးက 'နီတွတ်'နှင့်ပင် ပြီးကြလေတော့သည်။ သို့ရာတွင် နီတွတ်သည် မာနရှိသူတစ်ယောက်ဖြစ်၍ နီတွတ်ဟုခေါ်

www.burmeseclassic.com

www.burmeseclassic.com



သောလူငယ်မျိုးကို အဖက်လုပ်၍ ထူးခြင်း၊ စကားပြောခြင်းမပြုချေ။ အချို့လည်း ပြင်၍ခေါ်ကြ၏။ အချို့ကမူ မပြင်လိုဘဲ လူကြီးများနည်းတူ လိုက်၍ခေါ်ကြလေရကား နီတွတ်ကပြန်မထူးသဖြင့် မိတ်ဆွေနည်းသောအဖြစ်သို့ရောက်ရလေတော့၏။ သို့ရာတွင် နီတွတ်ကမူကား တစ်ရွေးသားခန့်မျှ ဂရုမစိုက်ချေ။

"သူတို့သားသမီးတော့ မောင်ရယ်၊ ခင်ရယ်၊ သားရယ်နဲ့ လူများကိုတော့ နီတွတ်တဲ့။ ခေါ်လာကြနဲ့"

ဟု အချို့လူကြီးများကိုပင် နီတွတ်က ပြန်ပြောလေ့ရှိ၏။ အချို့ကလည်း 'မရှိစိတ်ကြီးဝင်ကလေးပဲ'ဟု ပြန်ပြောကြ၍ အချို့ကလည်း "သူ့ကိုယ်သူ မြို့အုပ်သမီးများမှတ်နေထင်ပါရဲ့" ဟု မဲ့ရွဲ့ကာ ပြောတတ်ကြလေရာ နောက်ဆုံးတွင် နီတွတ်မှာ မိတ်နည်းသောအဖြစ်သို့ ရောက်ရလေ၏။ နီတွတ်ကမူ "မခေါ်ချင်သာတောင်ကောင်းသေး။ အထူးရသက်သာတယ်" ဟုဆိုကာ ဂရုမစိုက်လှချေ။

ဘိုးသာဂေါင်မှာ တောင်းပလုံးများစုတ်လျှင် ဖာထေးတတ်ခြင်း၊ ဓားရိုးကျွတ်လျှင် မြိုင်အောင်တပ်ပေးခြင်း၊ ထရံပေါက်လျှင် ကပ်ရပ်ပေးခြင်း စသည်ဖြင့် တိုလီမိုလီအလုပ်ကလေးများတွင် 'လက်မြောက်'သူတစ်ယောက်ဖြစ်၍ ဤအိမ်ထိုအိမ်တို့မှ အကူအညီတောင်းကြသည့်အတွက် ဆန်၊ ဆီမျှလောက်ကို ဝယ်ရသည်မရှိဘဲ လက်ခနှင့်ပင် လုံလောက်လေ၏။ တောသူတောင်သားအဖို့၌ ဆီ၊ ဆန်သည် အရေးအကြီးဆုံးသော အသုံးစရိတ်ဖြစ်သဖြင့် ဆီ၊ ဆန်ဖူလုံသည်ဆိုလျှင် လူဖြစ်နိုင်လေတော့သည်။

ဘုရားကြီးကုန်းရွာနှင့် မိုင်တစ်ဝက်ခန့်ကွာလှမ်းသောနေရာ၌ ရှေးဟောင်းကျောင်းဝိုင်းပျက်ကြီးရှိလေရာ ပတ်ဝန်းကျင်မှာ ဆွေးမြေ့လျက်ရှိသော အုတ်တံတိုင်းကြီးရှိ၍ ကျောင်းဝိုင်းဧရိယာမှာ သုံးဧကခန့် ကျယ်ဝန်း၏။ ထိုဝင်းကြီးအတွင်း၌ ကျောင်းအဆောက်အအုံဆို၍ မရှိတော့ဘဲ ချုံပင်၊ ပေါက်ပင်များဖြင့် အနှံ့အပြား ပေါက်ရောက်လျက်ရှိရာ ယခင်ကမူ ဘုရားကြီးကုန်းတစ်ရွာလုံးသည် ၎င်းကျောင်းဝင်းကြီးအတွင်း၌ ကင်ပွန်းရွက်၊ ဆူးပုတ်ရွက်၊ ဆီးသီးစသော အသီးအရွက်များကို အလိုရှိတိုင်း ဝင်ရောက်ရှာဖွေ ခူးဆွတ်လေ့ရှိ၏။

နောက်နှစ်များတွင်မူ ဘိုးသာဂေါင်နှင့် နီတွတ်တို့သည် လဲပြိုနေသော အုတ်တံတိုင်းမှ နွားများမဝင်နိုင်စေရန် ဆူးဖြင့် လုံခြုံစွာပိတ်ဆို့၍ ပေါက်ချင်တိုင်းပေါက်နေသော ချုံများကို သုတ်သင်ပြီးလျှင် အချို့သောနေရာတွင် ကင်ပွန်းပင်၊ ဆူးပုတ်ပင် စသည်ဖြင့် အသေအချာစိုက်ပျိုးထားလေ၏။ မိုးခေါင်သဖြင့် အပင်ငယ်များသေမည်ပြုစဉ်က နီတွတ်သည် ကန်ရေကို ဦးခေါင်းဖြင့်ရွက်၍ ရေလောင်းပေးလေရာ ဘိုးသာဂေါင်ကလည်း မြေတောင်မြှောက်ခြင်း၊ ပေါင်းသင်ခြင်းစသည်ဖြင့်



ပြုစုပေးလေ၏။ နောက်ဆုံး၌ ကျောင်းဝင်းကြီးအတွင်း အပင်များသည် ကြီးမားသန်စွမ်းလျက်ရှိရာ ဆောင်းရာသီတွင် ဆီးသီးများလည်းကောင်း၊ မိုးရာသီတွင် ဆူးပုတ်ရွက်စသည်တို့လည်းကောင်း၊ နွေရာသီတွင် ကင်ပွန်းရွက်၊ ကင်ပွန်းသီးများလည်းကောင်း တစ်လှည့်စီပေါက်လျက်သာ ရှိတော့၏။ အချို့ရွာသားများကမူ ဘိုးသာဂေါင်မြေးအဘိုး စိုက်ပျိုးထားသော အပင်များဆို၍ ၎င်းတို့ထံမှ ဝယ်ယူစားသောက်ကြ၏။ အချို့ကမူ မိမိတို့အစဉ်အလာ ခူးဆွတ်လာခဲ့ကြသော ကျောင်းဝင်းကြီးဖြစ်သည့်အပြင် ဘိုးသာဂေါင်မြေးအဘိုးတို့၏ ဘိုးဘွားပိုင်ပစ္စည်းလည်း မဟုတ်သောကြောင့် မိမိတို့လည်း ဆိုင်သည်ဆို၍ ဝင်ရောက်ဆွတ်ခူးကြ၏။ သို့ဖြစ်၍ နီတွတ်သည် ထိုလူများကို ရန်ထောင်လေ့ရှိရာတွင် မိတ်နည်းသောအဖြစ်မှ ရန်သူပေါများသောအဖြစ်သို့ ရောက်သွားရလေ၏။ ဘုရားကြီးကုန်းရွာ၌ လယ်မြေဧကအပေါများဆုံးဖြစ်၍ 'လူရည်တတ်'ဟုခေါ်ဝေါ်သမုတ်ကြသော ဦးကျိုးနှင့် ဒေါ်နန်းပေါလင်မယားတို့တွင် တစ်ယောက်တည်းသောသား မောင်သာလွန်ဟူ၍ ရှိ၍ ထိုသူငယ်သည် ရွှေဘိုမြို့ အင်္ဂလိပ်ကျောင်း၌ ပညာသင်လျက်ရှိစဉ် ဂျပန်ဝင်လာသဖြင့် ကျောင်းပျက်သွားသောကြောင့် ရွာတွင် မိဘများနှင့်အတူ နေထိုင်လျက်ရှိ၏။ အင်္ဂလိပ်ကျောင်းသားဆို၍ အခြားအလုပ်ကြမ်းများ၌ မခိုင်းစေသော်လည်း ဒေါ်နန်းပေါသည် သမီးမိန်းကလေးလည်းမရှိ၊ ရွာသူတို့ထုံးစံအတိုင်း လက်ဖြင့်ဆွတ်ခူး၍ ရနိုင်လောက်သော ဟင်းသီးဟင်းရွက်ကို ပိုက်ဆံပေးဝယ်ရန်လည်း အလွန်နှမြောလှသောကြောင့် ချက်ပြုတ်ချိန်နီးသောအခါတွင် သားကလေးမောင်သာလွန်အား ဆူးပုတ်ရွက်၊ ကင်ပွန်းရွက်စသည်တို့ကို ဆွတ်ခူးရန် ခိုင်းစေလေ့ရှိ၏။ မောင်သာလွန်မှာ တခြားရွာသူရွာသားများကဲ့သို့ မည်သည့်နေရာ၌ 'အလေ့ပေါက်'ဟင်းရွက်များရှိသည်ဟု မသိသည်နှင့် နီတွတ်တို့၏ ကျောင်းဝင်းသို့ဝင်၍ အလွယ်တကူခူးဆွတ်ရာတွင် နီတွတ်နှင့်တွေ့သဖြင့် ရန်ထောင်ခြင်းခံရ၏။

ပထမ၌ မောင်သာလွန်သည် စပ်ဖြဲဖြဲမျက်နှာနှင့် နီတွတ်ပြောဆိုသမျှကို ခံနေရသော်လည်း နီတွတ်က လူရည်တတ်သားတန်ပဲလျက် သူတစ်ပါးစိုက်ပျိုးပြုစုထားသော ဟင်းသီးဟင်းရွက်ကို အလွယ်တကူ ဆွတ်ခူးရချေသလောဟု ပြောလျက် မိန်းမသားနှင့် အဘိုးကြီးပစ္စည်းဖြစ်သောကြောင့် အနိုင်ကျင့်ဝံ့သည်၊ ဘာသည်ညာသည်နှင့် ရန်ထောင်ရာတွင် ဥပဒေစည်းကမ်းကို နားလည်လောက်ကားရှိသော အင်္ဂလိပ်ကျောင်းသားဖြစ်သည့်အလျောက် နီတွတ်တို့၏ အဘိုးပိုင်မြေမဟုတ်ကြောင်းနှင့် ပြန်လည်ချေပလေ၏။ ထိုအခါ နီတွတ်သည် ဒေါသထွက်လာ၍ အမျိုးကိုထိခိုက်ကာနာလောက်အောင် ဆိုလေ၏။ မောင်သာလွန်၏ ဦးလေးတစ်ယောက်မှာ မန္တလေးသို့သွားစဉ် ဂျပန်ဗုံးမိသဖြင့် သေဆုံးခဲ့ဖူးရာ နီ

www.burmeseclassic.com

www.burmeseclassic.com



တွတ်က မတရားပြုကျင့်သော အမျိုးဖြစ်သောကြောင့် သေချင်းဆိုးနှင့်သေရသည် ဟုပြော၏။ သို့ရာတွင် မောင်သာလွန်က စိတ်မဆိုးဘဲ...

"မဟုတ်ပါဘူး မနီတွတ်ရယ်၊ ဒီမြေကြီးဟာ မနီတွတ်တို့ချည်း ပိုင်တာ မဟုတ်၊ တစ်ရွာလုံး ဆွတ်ခူးပြီးစားလာခဲ့ကြတဲ့ ဘုံဆိုင်မြေကြီးပါပဲ မနီတွတ်ရဲ့"

ပြောသောအခါ နီတွတ်က...

"လေဟာ ဘုံဆိုင်ပစ္စည်းမဟုတ်လား။ ဘယ်သူမဆို အသက်ရှူနိုင်တယ် မဟုတ်လား။ ဒါပေမဲ့ မောင်သာလွန်တို့ အိမ်ခေါင်မိုးပေါ်တက်ပြီး ကျုပ်က အသက်ရှူမယ်ဆိုရင် ခံနိုင်ပါ့မလား။ ရိုက်မချပေဘူးလား"

ဟု ပြန်မေးလေ၏။ စာမတတ်သော တောသူကလေးတစ်ယောက်ဖြစ် သည့်ပြင် အူတူတူပေါ်တောတောဟူ၍ တစ်ရွာလုံးက ယူဆနေကြသော နီတွတ် က ဤစကားကိုပြောသောအခါတွင် မောင်သာလွန်မှာ ရွှေဘိုမြို့ကြီးသို့သွား၍ ပညာသင်ခဲ့သော အင်္ဂလိပ်ကျောင်းသားဖြစ်ပါလျက် အချက်ကျအောင် ပြန်လည် ချေပရန်မတတ်နိုင်သည်နှင့် ရှက်ရမ်းရမ်းအနေဖြင့် နီတွတ်မခံချင်လောက်အောင်

"ခွေးက လူစကားပြောထွက်သည်"

ဘာသည်ညာသည် စသည်ဖြင့် အနိုင်ပြောချင်သော တောသားတို့ထုံးစံ အတိုင်း စည်းမဲ့ကမ်းမဲ့ ပြောလေ၏။ နောက်ဆုံး၌... မောင်သာလွန်နှင့် နီတွတ်တို့ သည် ရန်ဖြစ်ကြ၍ နီတွတ်က ဆုးခုတ်သော ဓားရှည်နှင့်ပေါက်လိုက်ရာ ခြေ ထောက်အနီးတွင် ပွတ်၍ကျသွား၏။ ထိုအခါ မောင်သာလွန်က နီတွတ်၏ ဦး ခေါင်းကို ပုတ်လိုက်ရာ နီတွတ်လည်း ရှိုက်ကြီးတငင်ငိုယိုကာ အိမ်သို့ပြန်ပြေး၍ မောင်သာလွန်၏ မိဘများကို တိုင်တန်းလေ၏။ ဒေါ်နန်းပေါ်လည်း မိန်းကလေး အမျက်ပြေစေခြင်းငှာ ဆူးပုတ်ရွက်ဖိုးဆို၍ ပိုက်ဆံတစ်မတ်ပေးသော်လည်း နီတွတ် သည် ဆင့် ၂၅ တန် စက္ကူကလေးကို လွှင့်ပစ်ခဲ့၍ ၎င်းတို့မိသားတစ်စုကိုကား ကမ္ဘာမကြေဆိုကာ ရေရွတ်ကျိန်ဆဲလျက် အိမ်သို့ပြန်ပြေးလာခဲ့လေ၏။

* * *

ထိုနေ့မှစ၍ ဒေါ်နန်းပေါ်သည် မောင်သာလွန်အား ဟင်းရွက်မခူးခိုင်းတော့ ဘဲ ဖြစ်တတ်သလို ဝယ်ယူစားသောက်လေတော့၏။ နီတွတ်ကမူ ဒေါ်နန်းပေါ်တို့ အိမ်သားများကို ခေါ်ပြောခြင်းလည်းမပြု၊ ဟင်းရွက်လည်းမရောင်းချေ။

"ဟင်းရွက်လက်တစ်ဆုပ်စာကို ရွှေတစ်ကျပ်သားပေးတောင် မရောင်း ဘူး။ ကျုပ်ဟင်းရွက် မစားရလို့ တော်တို့ငတ်သေကုန်မယ်ဆိုရင် တော်သေတာ ကြည့်နေမယ်၊ ဟင်းရွက်တော့မရောင်းဘူး" ဟု နီတွတ်က ပြောလေ့ရှိ၏။ တစ်နေ့



သ၌ ဒေါ်နန်းပေါ်တို့နေအိမ်သို့ ဧည့်သည်များဆိုက်ရောက်လာရာတွင် ဒေါ်နန်းပေါ် သည် ဧည့်သည်များအား 'ဟင်းရည်သောက်'မပါဘဲ ထမင်းမကျွေးလိုသည်နှင့် ဟင်းချိုအိုးကို မီးဖိုပေါ်တွင် တည်ထားပြီးမှ မောင်သာလွန်အား ဟင်းရွက်ခူးခိုင်း လိုက်လေ၏။ မောင်သာလွန်သည် ဘိုင်စကယ်ကိုဆွဲထွက်လာ၍ ရွာအပြင်ရှိ ချုံတန်းများတွင် ဟင်းချိုရွက် ရှာသော်လည်း ကျင်လည်သူတစ်ယောက်မဟုတ် သဖြင့် ဟင်းအိုးတစ်ခပ်စာမျှ ဟင်းရွက်ရှာမရနိုင်ဘဲ တဝဲလည်လည်ဖြစ်နေပြီးမှ နီတွတ်တို့၏ ကျောင်းဝင်းသို့ ရောက်သွား၍ နီတွတ်မရှိသေးအထင်နှင့် စက်ဘီးကို ထောင်ကာ ပြည်ပန်းညိုစသော ဟင်းရွက်များကို ခူးလေ၏။

ဂျပန်ခေတ်က ရာဇဝတ်ဝန်ဦးထွန်းလှအောင် ရွှေဘိုနယ်တစ်ဝိုက်၌ နာ မည်ကျော်လူဆိုးများကို ကွပ်မျက်သုတ်သင်လိုက်ပြီးသည့်နောက်၌ ဓားပြတိုက်မှု အကြီးအကျယ်ဟူ၍ အလွန်နည်းသွားသော်လည်း အသေးအဖွဲ လုယက်မှုက လေးများမှုကား တဖြောက်ဖြောက် ရှိနေသေး၏။

အလစ်သမားတစ်ယောက်သည် ကျောင်းဝင်းအုတ်တံတိုင်းတွင် မှီထောင် ထားသော မောင်သာလွန်၏ စက်ဘီးကိုမြင်သဖြင့် အလစ်သုတ်ပြေးမည်ပြုစဉ်တွင် မောင်သာလွန်ကမြင်သဖြင့် ဟင်းရွက်ခူးရာမှ ပြေးထွက်လာ၍ သူခိုးနှင့်နပန်းလုံး ကြလေ၏။ ထိုခဏ၌ နီတွတ်သည် ဆူးခုတ်သောဓားရှည်ကြီးကိုကိုင်လျက် ဟင်း ရွက်ထည့်ထားသောလွယ်အိတ်ကို ပခုံး၌လွယ်ကာ လျှောက်လာလေရာ နီတွတ် သည် လူနှစ်ယောက် လုံးထွေးသတ်ပုတ်နေကြသည်ကို ချုံအနည်းငယ်ကွယ် လျက်ရှိသည့်ပြင် မိမိတို့အလုပ်၌ စိတ်ဝင်စားလျက်ရှိကြသော မောင်သာလွန်နှင့် လူဆိုးတို့ကမူကား နီတွတ်ကို မမြင်ကြချေ။

ပထမ၌ နီတွတ်သည် မည်သူမည်ဝါတို့ဖြစ်ကြသည်ဟု မသိသေးသော် လည်း အတော်အတန် သတ္တိကောင်းသောမိန်းကလေးတစ်ယောက်ဖြစ်၍ ထွက် ပြေးဖို့ စိတ်မကူးဘဲ ချုံအကွယ်မှချောင်းကြည့်လိုက်ရာတွင် မိမိနှင့်ရန်ဖြစ်ဖူးသော သာလွန်နှင့် သူစိမ်းတစ်ယောက်သတ်ပုတ်နေကြခြင်းဖြစ်သည်ကို တွေ့မြင်ရလေ ၏။ ထိုကဲ့သို့ သိခါစအခါတွင် နီတွတ်သည် မိမိ၏ဦးခေါင်းကို ပုတ်ခတ်ဖူးသော ရွာသားတစ်ယောက်ဖြစ်သည့်အတွက် မည်သည့်ဘက်ကိုမျှ မေတ္တာမထားဘဲ အမှတ်မဲ့သာလျှင် ချောင်းကြည့်နေလေ၏။ လူဆိုးနှင့်သာလွန်တို့သည် တစ် ယောက်၏မျက်နှာကို တစ်ယောက် လက်သီးများနှင့် ထိုးကြိတ်သတ်ပုတ်နေကြ ရာမှာ အတန်ငယ်လက်ပန်းကျလာကြသည့်လက္ခဏာနှင့် တစ်ယောက်၏လည် ပင်းကို တစ်ယောက်က ဖျစ်ညှစ်ကာ ရှေ့တိုးနောက်ငင် ဘယ်သိမ်းညာနွှဲဖြစ်နေ ကြစဉ် နီတွတ်လည်း မည်သူ့ဘက်ကမျှ ကူညီရန်ဆန္ဒမရှိဘဲ ကြည့်မြဲတိုင်း ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။ လူနှစ်ယောက်တို့မှာ ဗလတူညီနေသည့် လက္ခဏာနှင့် တစ်ယောက်ကိုတစ်ယောက် လဲလျောင်းလည်း မလှဲနိုင်၊ နာအောင်လည်း မတတ်နိုင်ဘဲ မြေပေါ်တွင် ယိမ်းထိုးလျက်ရှိကြရာ မျက်လုံးများမှုကား ဒေါသကြောင့်တစ်ကြောင်း၊ လည်ပင်းကို ဖျစ်ညှစ်ခြင်းခံရသဖြင့် အသက်အောင့်နေရသည့်အတွက်ကြောင့် တစ်ကြောင်း ပေါက်ကွဲထွက်တော့မတတ် ပြူးပြဲလျက်ရှိကြ၍ ပါးစပ်များမှာလည်း ကုန်းပေါ်၌တင်ထားသော ငါးထွေကြီးများသဖွယ် ဟပ်ပဲ့ဟပ်ပဲ့ဖြစ်နေကြလေ၏။ တစ်ခါတွင် သာလွန်သည် ရှိသမျှသောခွန်အားကို အကုန်ညှစ်ထုတ်ကာ တွန်းလိုက်သဖြင့် လူဆိုးမှာ နောက်သို့ယိုင်ထွက်သွားလေ၏။ သို့ရာတွင် အုတ်တံတိုင်းသို့ရောက်သောအခါ တံတိုင်းကိုခြေကန်ရသဖြင့် လူဆိုးကား အားတက်လာပြန်သည်နှင့် ယိုင်မလဲသည့်ပြင် တွန်းတက်လာနိုင်ပြန်လေ၏။

လူဆိုး၏ခါး၌ ဓားမြှောင်တစ်လက်ထိုးထားသည်ကို နီတွတ်တွေ့မြင်ရသော်လည်း လူဆိုးသည် ပထမ၌ လူသတ်မှုမဖြစ်စေဘဲ စက်ဘီးကိုယူ၍ အလစ်သုတ်ဖို့သာ လုံ့လပြုခဲ့၏။ ၎င်းနောက် ထိုအကြံမအောင်သဖြင့် သာလွန်နှင့် လုံးသတ်နေရပြန်ရာတွင်လည်း လက်နှစ်ဖက်လုံးမှာ အားလပ်တော့သည်မရှိဘဲ မိမိ၏လည်ပင်း၌ သာလွန်ညှစ်ထားသောလက်ကို တစ်ဖက်နှင့်ဖြည်ဖို့ကြိုးစား၍ တခြားတစ်ဖက်ဖြင့် သာလွန်၏လည်ပင်းကို အပြန်အလှန်ညှစ်ထားရလေ၏။

လူဆိုးက အုတ်တံတိုင်းကို ခြေကန်ရသဖြင့် တစ်လှည့်အားတက်၍တွန်းလိုက်ပြန်ရာတွင် သာလွန်မှာ နောက်သို့ယိမ်းယိုင်သွားလေရာ လူဆိုးသည် သာလွန်အား ခြေကုပ်မရစေဘဲ တောက်လျှောက်ဖိ၍ တွန်းလိုက်သွားလေ၏။ ထိုအခါ သာလွန်မှာ အရှိန်နှင့်ဖိတွန်းနေသော လူဆိုး၏အားဒဏ်ကို မခံမရပ်နိုင်သဖြင့် နောက်ဆုတ်နောက်ဆုတ်နှင့် တံတိုင်းကို တဖြည်းဖြည်း ကွာထွက်လာခဲ့ကြရာတွင် သာလွန်၏ခြေထောက်ကို သစ်မြစ်တစ်ခုနှင့် ငြိသွားလေရကား နောက်သို့ပက်လက်လန်၍ လဲကျသွားလေ၏။ ထိုခဏ၌ လူဆိုးသည် အထက်မှမှောက်လျက် သာလွန်ကအောက်မှ ပက်လက်လန်နေလေရာ သာလွန်သည် မြေမှလူးလွန့်၍ ထရန်အတွက် လူဆိုး၏လည်ပင်း၌ ဖျစ်ညှစ်ထားသောလက်ကို လွှတ်လိုက်လေရာ လူဆိုးသည် သာလွန်၏ မျက်နှာကို လက်သီးနှင့် တစ်ချက်ပိတ်ထိုးလိုက်ပြီးနောက် စက်ဘီးရှိရာသို့ ပြေးမည်ပြုလေ၏။ သို့ရာတွင် မောဟိုက်နေသူတစ်ယောက်၏ လက်သီးချက်မျှသာဖြစ်၍ မူးမေ့လောက်အောင် ဖြစ်မသွားသော သာလွန်သည် လူဆိုး၏လုံကွင်းကို ဆွဲထားလိုက်လေ၏။ လူဆိုးသည် လွတ်အောင်မရုန်းနိုင်ဘဲရှိရာတွင် မြေမှလူးထဖို့ ကြိုးစားလျက်ရှိသော သာလွန်၏ ရင်ဘတ်ဆီသို့ ဓားမြှောင်နှင့်ချွတ်၍ တစ်ချက်ထိုးစိုက်လိုက်လေ၏။



ဓားမြှောင်ဦးသည် ပခုံးစွန်းနှင့် ရင်ဘတ်အကြားသို့ ဝင်သွားသဖြင့် လုံချည်စကို ဆွဲထားသော သာလွန်၏လက်သည် လွတ်ကျသွားရာတွင် လူဆိုးသည် စက်ဘီးရှိရာသို့ ပြေးမည်ဟုလှည့်လိုက်လေ၏။ ထိုခဏ၌ ခပ်တုံးတုံးရှိသော မြက်ခုတ်ဓားရှည်သွားသည် လူဆိုး၏နဖူးကို ဆံစမှစ၍ လွှာချလိုက်လေရာ နဖူးမှ အရေသည် ဖတ်လပ်ကြီးကျ၍ မျက်လုံးများကို ဖုံးအုပ်သွားလေတော့၏။ ထိုအခါ လူဆိုးက မိမိအား မည်သူခုတ်လိုက်သည်ဟူ၍ပင် သိဟန်လက္ခဏာမရှိဘဲ နဖူးမှအရေဖတ်ကြီးကို လက်ဖြင့်ဖိနှိပ်ကာ မ တင်လျက် ခြေဦးတည့်ရာသို့ သွေးရူးသွေးတန်းနှင့် လျှောက်ပြေးလေတော့၏။ ဘိုင်စကယ်ကိုမူလည်း ယူပြေးရန် မတတ်နိုင်တော့ချေ။

နီတွတ်သည် မြေပေါ်၌ လဲကျနေသော သာလွန်ကိုထူမပေးလျက် သွေးများယိုစီးကျနေသော ဒဏ်ရာကို လက်တစ်ဖက်ဖြင့် ဖိနှိပ်ပေးစဉ် သာလွန်သည် ကျေးဇူးတင်သော မျက်နှာထားဖြင့် နီတွတ်ကို တစ်ချက်မျှ မော့ကြည့်လိုက်ပြီးနောက် သတိလစ်သွားတော့သည်။ နီတွတ်သည် ဒဏ်ရာကို လက်ဖြင့်ဖိနှိပ်ရင်း မိမိ၏ ရင်ခွင်၌ မျက်စိမှိတ်လျက်ရှိနေသော သာလွန်၏ မျက်နှာကို ငုံ့ကြည့်မိရာတွင် ဤသူကားလူချောကလေးတစ်ယောက်ပေတကားဟု ပထမအကြိမ် စဉ်းစားမိလေသည်။ စင်စစ်မှာ သာလွန်သည် ဘူးကြီးကုန်းရွာတွင် ထိပ်တန်းကျသော မိဘများ၏ တစ်ယောက်တည်းသောသားဖြစ်သည့်အပြင် အင်္ဂလိပ်လို ရွတ်ရွတ်ရှက်ရှက် ပြောတတ်၍ လူပုံသနားကမားရှိသော လူငယ်တစ်ယောက်ဖြစ်သောကြောင့် နန်းစွန့်သွားသော ဝေလမင်းသားသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သတို့သမီးများကို ခေါင်းခေါက်၍ ယူနိုင်သည်ဆိုသကဲ့သို့ သာလွန်မှာလည်း ဘူးကြီးကုန်းရွာ၌သာမက ရွာနီးချုပ်စပ်ဟူသမျှတွင် ကြိုက်ရာမိန်းကလေးကို ခေါင်းခေါက်၍ ယူနိုင်လောက်ပေသည်။ ဘူးကြီးကုန်းရွာ၌မူ ဒေါ်နန်းပေါ်၏ချွေးမဖြစ်ဖို့ မိန်းကလေးတိုင်းက မျှော်လင့်လျက် ရှိကြပေသည်။

နီတွတ်သည် သာလွန်၏ရုပ်ဆင်းအင်္ဂါကို ချီးမွမ်းမိသောစိတ်ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ၎င်း၏အသက်ဘေးအတွက် စိုးရိမ်ပူပန်မိသော သောကစိတ်မှာလည်း ပိုလျှံလာခဲ့လေရာ သာလွန်ကား စကားမေးမရတော့ဘဲ ညည်းတွားခြင်းပြုလာလေပြီ။ ပတ်ဝန်းကျင်၌လည်း လူစလူနမမြင်၊ ဟစ်ခေါ်သော်လည်း ရွာနှင့်အတော်လှမ်းသောကြောင့် ကြားနိုင်ကြမည် မဟုတ်ချေ။

အတန်ကြာစဉ်းစားစိတ်ကူးပြီးနောက် နီတွတ်သည် ကြံရာမရသည်နှင့် သာလွန်၏ဦးခေါင်းကို မိမိ၏လွယ်အိတ်ကလေးဖြင့် ခုပေးထားခဲ့၍ ရွာဘက်သို့ ပြေးထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုံးကြီးကုန်းရွာသို့ရောက်၍ သာလွန်တို့အိမ်ဝင်းအတွင်းသို့ ဝင်သွားသောအခါ သားပြန်မလာသည်နှင့် အိမ်ရှေ့မှထွက်မျှော်လျက်ရှိသော ဒေါ်နန်းပေါသည် နီတွတ်၏အမူအရာကိုမြင်သည်နှင့် ဦးခေါင်းသို့သွေးရောက်၍ ခေါင်းနပန်းကြီးသွားလေ၏။

"ဘာဖြစ်သလဲ နီတွတ်ရဲ့"

"မြန်မြန်လာကြ၊ ဒေါ်နန်းပေါ၊ ဦးကျီစိုးကော"

"ဟဲ့ ဘာဖြစ်တာလဲ ပြောပါဦး။ ငါ့သားကို နင် ဘယ့်နှယ့်လုပ်ပစ်ခဲ့သလဲ"

"ကျုပ်လုပ်ရတာ မဟုတ်ပါတော်"

"နင်မလုပ်လို့ ဘယ်သူလုပ်သလဲ။ ဘာဖြစ်တာလဲဟဲ့ နီတွတ်ရဲ့။ ကိုကျီစိုး ဟောဒီမယ် လာစမ်းပါဦးတော်"

ဦးကျီစိုးသည် ဧည့်သည်များနှင့် စကားပြောလျက်ရှိရာမှထ၍

"ဘာဖြစ်တာလဲဟေ့ ရှင်မ"

"ဟောဒီမှာ နီတွတ်က မေးလို့လည်း မရဘူး။ သူ့အသားတွေလည်း ဆတ်ဆတ်တုန်လို့"

"ဟဲ့နီတွတ် ဘာဖြစ်တာလဲ"

"မောင်သာလွန် လဲနေရစ်တယ်တော့"

"ဘာနဲ့တိုက်မိလို့ လဲတာလဲ။ သူ့ဘိုင်စကယ်ကြီး စီးပါနဲ့လို့ပြောတာ မရဘူး။ ခွေးမသား မိုက်တဲ့အကောင်"

"ဒီလိုလဲတာ မဟုတ်ဘူးတော်ရေ့။ ဓားနဲ့ထိုးသွားလို့ လဲနေတာ"

"အမယ်လေး လူကလေးရဲ့"

ဒေါ်နန်းပေါလည်း တက်သွားလေရာ ဧည့်သည်များပါဆင်းသွားကြ၍ ဝိုင်းဝန်းနှိပ်နယ်ပေးနေကြရလေ၏။ ထိုအတောအတွင်း ဦးကျီစိုးသည် လှည်းတစ်စီးပြင်စေ၍ လူသုံးလေးယောက်နှင့်တကွ နီတွတ်ပါထွက်ကြမည်ပြုစဉ် ဒေါ်နန်းပေါ(လယ်)လာ၍ မလိုက်ရဘဲမနေနိုင်ဆိုသဖြင့် လှည်းပေါ်တွင်တင်ခေါ်ခဲ့ရလေ၏။

လမ်းခရီး၌ နီတွတ်က မိမိမြင်ရသည့်အဖြစ်ကို ပြောပြသော်လည်း ဒေါ်နန်းပေါတို့က သူ့စကားကို မယုံတယုံဖြစ်နေကြ၏။ ၎င်းတို့က နီတွတ်ကို ယခင်က ရန်စရှိဖူးသည့်အတွက် မိမိ၏သားကို ချောင်း၍သတ်ပစ်ခဲ့သည်ဟု ယူဆလျက်ပင် ရှိကြသေး၏။

"ဖြစ်မှဖြစ်ရပလေ၊ လုပ်မှလုပ်ရက်ပလေ အေရယ်။ တကယ်ဆိုတော့"

"ကျုပ်က တော်တို့သားကို ဘယ့်နှယ်မှ လုပ်ရပေါင်တော်"

"တော်တို့သားကို မေးကြည့်ပါတော်"



"ဒါဖြင့် တို့သား မသေဘူးပေါ့"

"ကျုပ်ထားခဲ့တုန်းကတော့ အသက်ရှူနေရစ်တာပဲ"

"အောင်မယ်လေး လူကလေးရဲ့"

တက်မည်ပြုပြန်သဖြင့် ဝိုင်းနှိပ်ကြပြန်၏။ ဒေါ်နန်းပေါ သတိရလာသောအခါ မိမိ၏ သားကို နီတွတ်သတ်ခဲ့သည်ထင်ကြောင်းနှင့်ညည်းတွားရေရွတ်လေရာ ဦးကျီစိုးကလည်း ဤအတိုင်းမှန်ပါက အစိုးရအရေးမယူလျှင် မိမိတို့က သတ်ပစ်မည်ဟု ကြုံးဝါးလေ၏။ နီတွတ်မှာမူ မျက်လုံးကလယ်ကလယ်နှင့် ကြည့်နေလေတော့သည်။

ကျောင်းဝင်းဟောင်းကြီးသို့ ရောက်သောအခါ နီတွတ်က ပြသဖြင့် သာလွန်လဲနေသောနေရာသို့ ချဉ်းကပ်ကြရာတွင် သာလွန်မှာ နီတွတ်ထားခဲ့သည့်အတိုင်း လွယ်အိတ်ကလေးကို ခေါင်းအုံးလျက် လဲနေသည်ကိုတွေ့ရလေ၏။ ဒေါ်နန်းပေါလည်း တက်လုမတတ်ဖြစ်သွားသဖြင့် နှိပ်ပေးသူကပေးစဉ်က ဦးကျီစိုးတို့သည် သာလွန်ကိုကြည့်ကြရာ သတိမရသော်လည်း အသက်ရှူလျက်ရှိသည်ကို တွေ့ကြလေ၏။ ပခုံးရင်းရှိဒဏ်ရာမှ ယိုစီးကျသောသွေးများကား တစ်ကိုယ်လုံး ရဲရဲနီလျက်ရှိနေ၏။ ဘိုင်စကယ်မှာမူ အုတ်တံတိုင်းတွင် မှီလျက်ပင်ရှိလေ၏။

ဦးကျီစိုးတို့သည် သာလွန်ကိုပွေ့ချီ၍ လှည်းပေါ်သို့တင်ပြီးလျှင် လူတစ်ယောက်က စက်ဘီးကိုတွန်းလျက် လှည်းကိုတဖြည်းဖြည်းမောင်းလာကြရာ အိမ်သို့ရောက်သောအခါ ကျွမ်းကျင်သောဆရာကို ပင့်ခေါ်၍ ကုသကြ၏။ နီတွတ်မှာမူ ဒေါ်နန်းပေါ၏ ပြစ်တင်ခြင်းကို မခံနိုင်သဖြင့် လူနာအနီးတွင်မနေဝံ့တော့ဘဲ နေအိမ်သို့ပြန်လာလေ၏။ နီတွတ်သည် ဘိုးသာဂေါင်အားအဖြစ်အပျက်ကို ပြန်ပြော၍ မိမိအား အထင်လွဲခံရသည့်အတွက် ငိုယိုရာတွင် အဘိုးကြီးက သာလွန်သတိရလာသောအချိန်၌ ဟုတ်မှန်သည့်အတိုင်း သိကြလိမ့်မည်ဟုပြော၍ ချော့မော့လေ၏။

"မတော်လို့သေများသွားရင် ဘယ့်နှယ်လုပ်မလဲ အဘိုးရဲ့"

နီတွတ်က မေးသောအခါ...

"သတ္တဝါတစ်ခု ကံတစ်ခုပမြေးရယ်။ ဒီလိုနဲ့သေနိုင်ရိုးလား"

ဟု အားပေးလေ၏။

ထိုညဉ့်၌မူ နီတွတ်သည် ဂုန်အိတ်ခင်းသောအိပ်ရာကလေးပေါ်တွင် အိပ်မပျော်နိုင်ဘဲ တလိမ့်လိမ့်ရှိနေစဉ် အိမ်ရှေ့မှ လက်ဆွဲမှန်အိမ်အလင်းရောင် လတ်ခနဲမြင်ရ၍ ခြေသံကြားသဖြင့် ခေါင်းထောင်ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက်—

"နီတွတ်ရေ အိပ်ပလားဟေ့၊ ဘိုးသာဂေါင် အိပ်ပလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးကျိုးစိုး၏အသံဖြင့် မေးလိုက်သည်ကို ကြားရလေ၏။ မြေအုတ်နှစ်ယောက်သည် အိပ်ရာမှထ၍ တံခါးကိုဖွင့်ပေးကြရာတွင် ဦးကျိုးစိုးသည် ဘာမျှမပြောဘဲ နီတွတ်၏လက်ကို ဆွဲခေါ်သွားလေတော့၏။

အိမ်သို့ရောက်ကြ၍ လေှကားမှတက်ကြသည်နှင့်တစ်ပြိုင်နက်...

"မနီတွတ်မလာသေးဘူးလား အမေ"

ဟု အသံသဲ့သဲ့နှင့်မေးလိုက်သဖြင့်...

"မင့်အဖေ သွားခေါ်နေပါတယ် လူကလေးရယ်။ လာပါလိမ့်မယ်"

ဟု ဒေါ်နန်းပေါကပြန်ပြောသည်ကို ကြားလိုက်ရသည်နှင့် နီတွတ်လည်း အပြေးအလွှား တက်လာခဲ့လေ၏။ ဒေါ်နန်းပေါလည်း နီတွတ်ကိုမြင်လျှင်မြင်ချင်း သားအနီးမှထလာ၍ နီတွတ်လက်ကိုဆွဲပြီးလျှင် သာလွန်အနီးသို့ ခေါ်သွားလေ၏။

"မနီတွတ်လား"

"ဟုတ်တယ် မောင်သာလွန်"

"အမေတို့ အဖေတို့က မနီတွတ်ကို အထင်လွဲနေလို့ ကျုပ်ကပြောပြရတယ်။ ဟိုအကောင် ဘယ်ရောက်သွားသလဲ မနီတွတ်"

"သူ့နဖူးကို ဓားရှည်ကြီးနဲ့ ခုတ်လိုက်တော့ သွေးရှူးသွေးတန်းနဲ့ ထွက်ပြေးလေရဲ့..."

"ဘိုင်စကယ်တောင် ယူမသွားဘူးလား"

"ဟင့်အင်း"

"နီတွတ်ကြောင့် အမေ၊ နို့မို့ဖြင့် သားလည်းသေ၊ ဘိုင်စကယ်လည်း ဆုံးပြီ။ နီတွတ်ကို ဘိုင်စကယ်ဖိုးပေးလိုက်ပါဘိ·အဖေ၊ သူ့ကြောင့် ပြန်ရတာ"

"ပေးပါ့မယ်သားရယ်"

"ကျုပ်တို့ လိုချင်ပေါင်တော်"

"မလိုချင်လို့ မနေရဘူး ယူရမယ်"

"ဘာလုပ်စရာလဲတော်၊ ကျုပ်တို့ စီးတတ်ပေါင်"

ထိုနေ့မှစ၍ နီတွတ်သည် ဒေါ်နန်းပေါ၏နေအိမ်သို့ နေ့တိုင်းလာ၍ လူနာကို ပြုစုလေရာ သာလွန်၏ဒဏ်ရာမှာ အတွင်းသို့မပေါက်ဘဲ အသားပုံကိုသာ ခိုက်မိ၍ အလွန်မောဟိုက်ခြင်း၊ သွေးလွန်ခြင်းတို့အတွက်ကြောင့် ကြာရှည်စွာ သတိလစ်သွားခဲ့ခြင်းဖြစ်လေရကား မကြာမီ သက်သာရာရလေ၏။ ဒေါ်နန်းပေါကမူ နီတွတ်၏အကူအညီကြောင့် မိမိ၏တစ်ယောက်တည်းသောသားကလေး အသက်ဘေးမှ ချမ်းသာရာရသည်ဟု သိရသောနေ့ကတည်းက 'နီတွတ်'ဟူ၍ပင် မခေါ်တော့ဘဲ 'သမီး သမီး သမီး' ဟူ၍ပင် တစ်ခေါ်တည်းခေါ်နေလေတော့၏။ နီတွတ်ကမူ သမီးခေါ်တိုင်း မျက်နှာနီမြန်းသွားသော်လည်း မခံချင်သောအမူအရာမျိုး မရှိချေ။



နီတွတ်မှာ သာလွန်၏အသက်သခင် ကျေးဇူးရှင်ဟူ၍ တစ်အိမ်လုံးက အသိအမှတ်ပြုသောကြောင့် နှုတ်ဖြင့် 'သမီး' ခေါ်ရာမှ တကယ်သမီးအဖြစ်သို့ ရောက်ဖို့မှာ များစွာအလှမ်းမဝေးတော့ချေ။ သာလွန်ရောဂါပျောက်ကင်းသော တစ်နေ့၌ ဒေါ်နန်းပေါသည် နီတွတ်ကိုပွေ့ဖက်လျက်...

"ညည်း ငါ့သမီးမတော်ချင်ဘူးလားအေ မနီတွတ်"

ဟု မေးလိုက်ရာ နီတွတ်သည် မျက်နှာကိုအောက်ချလျက်

"ဒေါ်နန်းပေါကလည်း မကျီစားပါနဲ့"

ဟု ပြန်ပြောလေ၏။ သို့ရာတွင် နီတွတ်၏ရင်ဘတ်မှုကား တဒိန်းဒိန်းလှုပ်ခုန်လျက်ရှိ၏။ ဒေါ်နန်းပေါမှာ တစ်အိမ်လုံးအပေါ်တွင် ဩဇာလွှမ်းမိုးလျက်ရှိသော အိမ်ရှင်မဖြစ်လေရကား သားနှင့်ခင်ပွန်းတို့သည် ဒေါ်နန်းပေါစီမံတိုင်း နာယူသူများဖြစ်ကြ၏။ ဒေါ်နန်းပေါသည် နီတွတ်၏ဆံပင်ကို ဆီလိမ်းပေး၍ တောရွာထုံးခံအတိုင်း ထုံးပေးပြီးနောက် ရှန်နီလုံချည်နှင့် တလိုင်းပေါက်ဖျင်လက်တိုကို ချုပ်စေ၍ (အထည်ရှားသော ဂျပန်ခေတ်ဖြစ်စေကာမူ) မန္တလေးလုံချည်နှင့် (တစ်ထည်တည်းချန်ထားသော)မိမိ၏ ပဒုမ္မာအင်္ကျီကို ဝတ်ဆင်ကြည့်လိုက်ရာတွင် နီတွတ်၏ မျက်ခုံး၊ မျက်လုံးကောင်းခြင်းနှင့် နှာတံပေါ်ခြင်းတို့သည် ပေါ်လွင်ထင်ရှားလာလေတော့၏။ ၎င်းနောက် သနပ်ခါး၊ ပေါင်ဒါနှင့် ပန်းမန်တို့ဖြင့် ခြယ်လှယ်ပေး၍ သတို့သမီးအသွင် ပြင်ဆင်လိုက်သောအခါ အခြားသောရွာသူကလေးများက–

"ဟယ် ကြည့်ကြစမ်းပါဦး၊ တို့နီတွတ်ကြီးက ဒီလိုများဆိုတော့ မှတ်တောင်မမှတ်မိဘူး အေတို့ရယ်" ဟု အချင်းချင်းပြောပြရလေသတည်း။

■